http://www.dhammadownload.com

ဗုဒ္ဓအလိုတော်ကျကြီးပွားချမ်းသာရေး

ကိုယ်ကျင့်မင်္ဂလာ



မြောင်းမြတိုက်သစ်ပဇ္ဇောတာရုံနှင့်မှော်ဘီသာသနာ့ဝန်ဆောင်ဆရာတော်

အရှင်ကုမာရ

သာသနာ့ဝန်ဆောင်အဖွဲ့မှထုတ်ဝေသည်

ဝယ်ယူနိုင်ရန်ထုတ်ပြန်ရေးဝိုးဘိုးမြို့ပြုယာဉ်လုပ်ငန်ရုံ

http://www.dhammadownload.com

ကိုယ်ကျင့်မင်္ဂလာ

ပထမမြန်မာနိုင်ငံတော်ကို ရှင်အရဟံနှင့် အနော်ရထာ ဘုရင်တို့ ဘယ်လို အုတ်မြစ်ချခဲ့သနည်း။ ထေရဝါဒ ပိဋကတ်တော်များကို အခြေခံ၍ တစ်ပြည်ထောင်လုံး အားကိုးမမှားရအောင် ၃၈ ပါး မင်္ဂလာ ကိုယ်ကျင့်တရား ဖြင့် တည်ဆောက်ထားခဲ့သည်ကို သတိရ၍ ပြန်လည် တည်ဆောက်ကြပါစို့။

သာသနာ့ဝန်ဆောင်အဖွဲ့
အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့မုခ်၊ ရန်ကုန်မြို့။

လပ္ပဇာံ ပြယဏဝိ – ၆၈ လေးချမ်းဝိုးပြုပြယဏဝိ

http://www.dhammadownload.com

2008/-

http://www.dhammadownload.com

ဗုဒ္ဓအလိုတော်ကျကြီးပွားစျမ်းသာရေး – တိုယ်ကျင့်မင်္ဂလာ

ပထမအကြိမ်၊ ၁၉၉၇ ဇွန်လ၊ အုပ်ရေ ၂၀၀၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၀/၉၇(၆) နှင့် စာမူခွင့်ပြုချက်အမှတ် ၅၇/၉၇(၅) တို့အရ
ဦးရဲမြင့်(၀၁၀၄၉)၊ တက်လမ်းစာပေ၊ ၉၆၇၊ ပဒေသာရပ်၊ စော်ဘွားကြီးကုန်း က
ထုတ်ဝေ၍ မျက်နှာဖုံးနှင့်အတွင်းစာသားကို ဒေါ်ရှုခင်(၀၅၄၄၉)၊
ဝင်းလိုက်မိတ်အော့ဖ်ဆက်၊ ၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

ရှင်သာမဏေမွေစိမာန်

အာစာနည်လမ်း၊ ရွှေတိဂုံစေတိတော်အရှေ့မုခ်၊ ရန်ကုန်

ပါရမီစာပေ

၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်
၂ /၄၊ ကမ္ဘာအေးစေတိတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

http://www.dhammadownload.com



ဗုဒ္ဓအလိုတော်ကျ-ကြီးပွားချမ်းသာရေး

အခြေခံ ဗုဒ္ဓအဘိမ္ဘာ

နှင့်

ကိုယ်ကျင့်မဂ်လာ

အရှင်ကုမာရပြိုစုသည်

သာသနာနှစ်	ကောဓာနှစ်	ခရစ်နှစ်
၂၅၄၀	၁၃၅၈	၁၉၉၆

http://www.dhammadownload.com

ကိုယ်ကျင့်မင်္ဂလာအခြေမပြတ်ရန်
ကျေးဇူးပြုကြသူများ

၁ ။ မြောင်းမြမြို့ တိုက်သစ်ပဒေါတာရုံကျောင်းတိုက်နှင့် မော်ဘီ–သာသနာ့ဝန်ဆောင်ဆရာတော်ဘုရားထံမှ ဤ "ဗုဒ္ဓအလိုတော်ကျ ကြီးပွားချမ်းသာရေး ကိုယ်ကျင့် မင်္ဂလာစာရိတ္တပညာ" ကျမ်းစာကို ရေးသား,ချီးမြှောက်တော်မူပါသည်။

၂ ။ ထိုကျမ်းစာဖြစ်မြောက်ရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းတင်နှင့် ဓနီးဒေါ်နီနီတင်မိသားစုက ကျမ်းစာရိုက်နှိပ်ရန် စက္ကူများ ပြည့်စုံအောင် လှူဒါန်းကြပါသည်။

၃ ။ ကျမ်းစာကို နွေရာသီသင်တန်းများတွင် လမ်းညွှန်အဖြစ် အသုံးပြုနိုင်ရန်, အချိန်မီ စာအုပ်ဖြစ်မြောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ဒုဝန်ကြီး ဦးသိန်းစိန်က ကူညီ, စောင့်ရောက်ပါသည်။

၄ ။ ဂျပန်ပြည်တွင်ခေတ္တရှိနေကြသော ဒေါ်သန်းသန်းဝေနှင့် မိတ်ဆွေများက ကျမ်းစာ ဖြစ်မြောက်ရန်, သင်တန်းများဆက်လက်ပို့ချနိုင်ရန်နှင့်ဒွိဒီယိုရိုက်နိုင်ဖို့ စင်ကြယ်သော အလှူငွေများကို လုံလောက်အောင်စုပေါင်းလှူဒါန်းကြပါသည်။ ဒွိဒီယိုတစ်စုံ, အသံဖမ်းစက်နှင့် တိတ်ခွေများလည်း လှူဒါန်းကြပါသည်။

၅ ။ ၁၉၉၇ ခု–ဧန်နဝါရီ ၄ ရက်(၁၃၅၈ ခု–နတ်တော်လပြည့်ကျော် ၁၀ ရက်)စနေနေ့ ၄၉ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် "ရှင်အရဟံမင်္ဂလာဖောင်ဒေးရှင်း(ရန်ပုံငွေ)"အမည်ဖြင့် သာသနာ့ဝန်ဆောင်အဖွဲ့မှ မြန်မာပြည်သားများအတွက် မင်္ဂလာတရားတော်နှင့် ရှင်အရဟံ မထေရ်မြတ်နှင့် ဒကာတော်အနော်ရထာတို့ အုတ်မြစ်ချခဲ့သော ထေရဝါဒ သာသနာကို အမြဲမပြတ် ရှင်သန်စေရန် စ,တင် ဖွင့်လှစ်ခဲ့ကြပါသည်။

စိတ်ပါဝင်စားကြသောကုသိုလ်ရှင်များ စုပေါင်းလှူဒါန်းကြပါသည်။ ထေရဝါဒ သာသနာ၏အကျိုးထူးကိုသိ၍ မိမိအကျိုး, အများအကျိုးစိတ်ပါဝင်စားကြသူများ မည်သူမဆို လာရောက်ဆွေးနွေး အားပေးနိုင်ကြပါသည်။

ပထမမြန်မာနိုင်ငံတော်ကြီးကိုစ,တင်တည်ထောင်သွားတော်မူသောအနော်ရထာဘုရင်နှင့် အနော်ရထာဘုရင်အား ဦးဆောင်ညွှန်ကြားသူ ရဟန္တာရှင်အရဟံမထေရ်တို့ မြန်မာပြည်ကို မည်ကဲ့သို့အုတ်မြစ်ချသွားတော်မူခဲ့ကြသည်ကို အလေးအနက်သိနိုင်ရန် ဆရာတော်သံဃာတော်အရှင်မြတ်များနှင့် ဒါယကာ, ဒါယိကာမများ ပုဂံသို့ သွားရောက် လေ့လာကြပါမည်။

လိုအပ်မှုများရှိခဲ့သော် အကြံဉာဏ်ပေးကြရန် အထူး ဖိတ်ကြားပါသည်။

ကုသိုလ်ပြုကြသူ, ကူညီကြသူအားလုံး အမျှရ၍ ချမ်းသာကြပါစေ။ ဗုဒ္ဓ သာသနာတော် သူတော်ကောင်းတရားလောကအတွင်းမှ မပျောက်ရအောင် စွမ်းနိုင်သမျှ ကြိုးစား, အားထုတ်နိုင်ကြပါစေ။ ကြိုးစား,အားထုတ်သလောက် ပြီးမြောက်ကြပါစေ။

ထိန်ဝင်း

သာသနာ ၂၅၄၀၊ ကောဇာ ၁၃၅၈ ခု၊ တပေါင်းလဆန်း ၅ ရက်၊
ကြာသပတေးနေ့(၁၃.၃.၉၇)

http://www.dhammadownload.com

ပထမ မြန်မာနိုင်ငံတော်၏
အုတ်မြစ်

ပထမမြန်မာနိုင်ငံတော်ကို ပုဂံပြည်တွင် ကောဓာသက္ကရာဇ် ၄၀၆ ခု၊ သာသနာတော် ၁၅၈၈ ခုနှစ်၊ ခရာဇ်နှစ် ၁၀၄၄ ခုတွင် ပုဂံပြည်၌ မင်းအဖြစ်သို့ရောက်သော အနော်ရထာဘုရင်က စ,တင် တည်ထောင်ခဲ့သည်ဟု သမိုင်းပညာရှင်များ လက်ခံခဲ့ကြပါသည်။

ထိုအနော်ရထာဘုရင် နန်းတက်စအချိန်တွင် သက်ဦးဆံဝိုင်ဘုရင်စနစ်ပင်ဖြစ်သော်လည်း အရည်းကြီးရဟန်းများ၏ အရှိန်အဝါမှာ တစ်ပြည်လုံးပျံ့နှံ့လွှမ်းမိုးလျက် ဩဇာသက်ရောက်နေချိန်ဖြစ်နေ၍ ပါရမီရှင်ဖြစ်သော အနော်ရထာဘုရင်သည် မနှစ်သက်သော်လည်း ပြုပြင်ရန် အချိန်ကို စောင့်နေခဲ့ရပါသည်။

မင်းအဖြစ်ရောက်၍ ၉ နှစ်ခန့်ရှိသောအခါ သထုံသုဝဏ္ဏဘုမ္မိမှ ရဟန္တာ ရှင်အရဟံ မထေရ်မြတ်သည် သံဃာတော် ၄ ပါးနှင့်အတူ ပုဂံသို့ သာသနာပြုကြွ ရောက်တော်မူလာကြရာ ဘုရင်အနော်ရထာနှင့်တွေ့ဆုံကြ၍ ပထမတွေ့လျှင်တွေ့ခြင်းပင် "အရှင် ဘုရားမှ တစ်ပါး အခြားကိုးကွယ်ရာ မရှိပြီ။ ယနေ့မှစ,၍ ငါ၏ကိုယ်, အသက်နှစ်ပါးကို အရှင်ဘုရားအား ဆောင်နှင်းတော့သည်။ အရှင်ဘုရားအဆုံးအမကို ငါခံတော့သည်" ဟု မိန့်တော်မူ၍ "အရှင်ဘုရားနှင့် အဖော်တပည့် မပါလော" ဟုမေးတော်မူသောအခါ "ဒါယကာမင်းကြီး၊ ငါ့ပြင် လေးပါးမထေရ်ကြီးများပါသေးသည်" ဟု မိန့်တော်မူလျှင် "အရှင်ဘုရားတို့ ငါးပါး အကျွန်ုပ်နှင့်သို့ ဆွမ်းစားကြတော်မူပါ။ အလိုရှိသမျှပစ္စည်းကို တောင်းတော်မူပါ" ဟု လျှောက်ထား၏။

ထိုအချိန်မှစ,တင်၍ ရှင်အရဟံမထေရ်မြတ်၏ လမ်းညွှန်မှုကို ခံယူ၍ သံဃာတော်များအား ထေရဝါဒပိဋကတ်တော်တို့ကို သင်ကြားပြီး ပရိယတ္တိကို ထိပ်တန်း ရောက်အောင် ဦးဆောင်စေပြီးလျှင် တိုင်းသားပြည်သူများအား ကိုယ်ကျင့်တရား မြင့်မား၍ အဖက်ဖက်ကျရာတာဝန်ကို သိကွာရှိရှိထမ်းဆောင်နိုင်ရန် ပထမသင်္ဂါယနာတင်စဉ် ရှင်မဟာကဿပမထေရ်အမှူးပြုသော သံဃာတော်အရှင်မြတ်ကြီးများ၏ အဆုံးအမ လမ်းညွှန်မှုနှင့် အညီ ခုဒ္ဒကပါဋ ပါဠိတော်အတိုင်း

၁ – တိုင်းသူပြည်သားများအားသရဏဂုံတည်စေခဲ့ပါသည်။

၂ – ငါးပါးသီလမှစ,၍ ရှစ်ပါးသီလ, ဆယ်ပါးသောသီလတော်မြတ် တို့ကို သီစေ, ကျင့်စေခဲ့ပါသည်။

ထိုသို့ကျင့်စေရံသာမက ၄င်းပါဠိတော်တွင် ညွှန်ကြားတော်မူထားသည့် ၉ ဖျိုးသော အခြေခံတရားတို့ကို တတ်,သိ,လိမ္မာစွာ ကျင့်သုံးတတ်အောင် သင်ကြား၍ ကိုယ်ကျင့် ဖြစ်အောင် အခြေချပေးတော်မူခဲ့ကြပါသည်။

မင်္ဂလသုတ်

အထက်ပါပါဠိတော်တွင်ညွှန်ပြသောမင်္ဂလသုတ်တော်မြတ်ကို မြန်မာပြည်သားလူအများအတွက် အခြေခံအုတ်မြစ်ခိုင်ခံ့အောင် အထူးသင်ကြားပို့ချ၍ ကိုယ်ကျင့်တရား ဖြစ်အောင် အုတ်မြစ်

http://www.dhammadownload.com

ချပေးတော်မူခဲ့ကြပါသည်။ ထိုအုတ်မြစ်သည် ဒုစရိုက်မှုများ ကင်းဝေးပါမှလည်း ခိုင်မာသောထေရဝါဒအုတ်မြစ်ပေါ်၌တည်ဆောက်ထားသောဗုဒ္ဓဘာသာစစ်စစ် ဖြစ်ပေလိမ့်မည်။

လူဘဝဒုလ္လဘနှင့် မင်္ဂလာတရားတော်(ထေရဝါဒအုတ်မြစ်မှကောက်နုတ်ဖော်ပြသည်)

လူဘဝသည် အလွန်ရခဲ၏။ ထိုကြောင့် မြတ်စွာဘုရားက "ဒုလ္လဘ"ဟု ဟောတော်မူခြင်းဖြစ်၏။ သို့ရာတွင် ယနေ့မျက်မှောက်ကမ္ဘာ၌ လူတို့သည်မိမိတို့အချင်းချင်း"ဒုလ္လဘ" ဟုသဘောမထား၊ ဘာမျှတန်ဖိုးမရှိသော အရာဝတ္ထုအနေဖြင့်သာ သဘောထား၏။ မိမိ၏"အတ္တ"ကိုထိခိုက်သည်ဟုယူဆပြီး စိတ်မထင်က ခဏချင်းသတ်လိုက်၏။ ဖျက်ဆီးလိုက်၏။ အကယ်၍ သတ်ဖြတ်, ဖျက်ဆီးသည့်အဆင့်သို့မရောက်သည့်တိုင်အောင် မထိမဲ့မြင်ပြု၏။ အနိုင်ကျင့်၏။ ထိုနောက် မိမိကပင် မှန်သယောင် အကြောင်းပြ၏။ ရှင်းလင်း၏။ သို့ဖြစ်လျှင် "ဒုလ္လဘ" ဟူသည် မည်သို့ အဓိပ္ပာယ်ရှိပါတော့မည်နည်း။

"တစ်ခုတည်းကိုသာမြင်သူသည် ပညာရှိဖြစ်၏။ အများကိုမြင်သူကား ပညာရှိမဟုတ်" ဤသို့ ပညာရှင်များက မိန့်ကြားကြ၏။ လူတစ်ဦးတည်းကိုပင် တရုတ်, ကုလား ခွဲ၏။ ဆွေမျိုး, သူစိမ်း ခွဲ၏။ သူဌေး,သူဆင်းရဲ ခွဲ၏။ ဂုဏ်ရှိ,ဂုဏ်မဲ့ ခွဲ၏။ ဤသို့လျှင် တစ်ခုတည်းက အမျိုးမျိုးဖြစ်သွားခြင်းကို "ဥပါဓိ" ဟု ဒဿနပညာရှင်များ က ဆိုကြ၏။ တရားကိုယ်အားဖြင့် "ဥပါဓိ" ဟူသည်မှာ အဝိဇ္ဇာ၏မာယာပင်တည်း။ ထိုကြောင့် အဝိဇ္ဇာ၏ "မာယာအလှ" ၌ နစ်မွန်းနေကြသူများသည် သမ္မုတိသစ္စာအရ အရာရှိကြီး ဖြစ်ချင်ဖြစ်နေမည်။ သူဌေးကြီး ဖြစ်ချင်ဖြစ်နေမည်။ သို့ရာတွင် မည်သူပင် ဖြစ်ဖြစ် အမှန်အားဖြင့် ကိုယ်ကျင့်သိက္ခာရှုထောင့်မှ ကြည့်လျှင် သာမန်လူအဆင့်၌သာဝင်၏။ ထိုထက်ပို၍ မမြင့်မား။ ထို့ကြောင့်သာလျှင် သူသည်"ဒုလ္လဘ"ဖြစ်သော လူဘဝတည်းဟူသော "အနှစ်"ကို မမြင်နိုင်ဘဲ "အကာ"တည်းဟူသော ဂုဏ်ပကာသန"သမ္မတ္တိ"များကိုသာ မြင်ခြင်းဖြစ်၏။ ဂုဏ်ပကာသန"သမ္မတ္တိ"များကိုမြင်လျှင် "နိမိတ္တဂ္ဂါဟီ"ဟုဆို၏။ ထိုအခါ သူ၏သန္တာန်၌ ချစ်ခြင်း(အဘိဇ္ဈာ)နှင့် မုန်းခြင်း(ဒေါမနဿ)တို့နှစ်ခုအနက် တစ်ခုခုသည် ဖြစ်ပေါ်လာတတ်ပါ၏။ မြတ်စွာဘုရားကလည်း အာရုံတစ်ခုခုကို တွေ့မြင်တိုင်း ချစ်ခြင်းဖြစ်စေ, မုန်းခြင်းဖြစ်စေ ဖြစ်ပေါ်မလာရလေအောင် သတိထားရမည်၊ အာရုံကို အသေးစိတ် အထိ မကြည့်မိအောင် သတိထားရမည်။ အာရုံကို အသေးစိတ်အထိ ကြည့်မိပါက "ချစ်ခြင်း"ဖြစ်စေ, "မုန်းခြင်း"ဖြစ်စေ ဖြစ်ပေါ်လာတတ်၏။ အာရုံကို အသေးစိတ်အထိ ကြည့်ခြင်းကို "အနုဗ္ယဉ္ဇနဂ္ဂါဟီ" ဟုဆိုပါ၏။ အာရုံတစ်ခုခုကို မြင်လျှင် "မြင်ကာမျှ၊" ကြားလျှင် "ကြားကာမျှ"အဆင့်၌သာ ထားနိုင်အောင် ကြိုးပမ်းရမည်။ ထိုသို့ ထားနိုင်အောင် လေ့ကျင့်ရမည်။ ထိုသို့ ကြိုးပမ်းခြင်းအားဖြင့် သက်ရှိ,သက်မဲ့ မည်သည့် အာရုံပင်ဖြစ်စေ၊ ယင်းတို့၌ ခန္ဓာငါးပါး၊ ရုပ်,နာမ်နှစ်ပါးတို့၏ ဖြစ်,ပျက်မှုမှ တစ်ဆင့် "သုညတ" သဘောတစ်မျိုးတည်းသာရှိကြောင်း သိစေလို၍ဖြစ်၏။

သို့ရာတွင် ဤလောက၌ လူတို့သည် အရာရာတိုင်းကို "အရိယသစ္စာအမြင်"ဖြင့်သာ ကြည့်တတ်ကြသူများချည်း မဟုတ်ကြ။ "သမ္မုတိသစ္စာ အမြင်"ဖြင့်ကြည့်တတ်သူက များပါ၏။ ထို့ကြောင့်"အရိယသစ္စာအမြင်"ဖြင့် မကြည့်တတ်သေးမီ"သမ္မုတိသစ္စာအမြင်"ဖြင့်

http://www.dhammadownload.com

ကြည့်တတ်သည့်ကာလ၌ပင် "အရိယသစ္စာအမြင်"သို့ဦးတည်သော "သမ္မုတိသစ္စာအမြင်" ဖြင့်ကြည့်သည့်ကြည့်နည်းကိုမြတ်စွာဘုရားသည်မင်္ဂလသုတ်တော်၌ဟောတော်မူထား၏။

မင်္ဂလသုတ်တော်အရ "လူ" ဟူသည် မိမိတစ်ဦးတည်း တစ်ယောက်တည်း နေနိုင်စွမ်းရှိသူမဟုတ်။ သက်ရှိ,သက်မဲ့ နှင့် တန်ခိုးရှိ, တန်ခိုးမဲ့ တို့ကို အမှီပြု၍နေရသူဖြစ်၏။ ထိုကြောင့် လူသည် မိမိပတ်ဝန်းကျင်ရှိ သက်ရှိ,သက်မဲ့တို့နှင့်လည်းကောင်း၊ တန်ခိုးရှိ, တန်ခိုးမဲ့တို့နှင့်လည်းကောင်း မလွဲမသွေ ဆက်ဆံရလေ၏။ မဆက်ဆံဘဲနေ၍မရနိုင်ချေ။

ထိုသို့ ဆက်ဆံရာတွင် ကိုယ်ဖြင့်ဆက်ဆံပါက "ကာယကံ" ဟုခေါ်၏။ နှုတ်ဖြင့် ဆက်ဆံပါက "ဝစီကံ" ဟုခေါ်ရ၏။ စိတ်ဖြင့်ဆက်ဆံပါက "မနောကံ" ဟုခေါ်ရ၏။ ထိုကံသုံးပါးတို့တွင် တစ်ပါးပါးဖြင့် ပတ်ဝန်းကျင်ကို ဆက်ဆံရမြဲဖြစ်၏။ ကောင်းသော ကာယကံဖြင့် ဆက်ဆံပါက "သုစရိုက်ကံ" မည်၏။ မကောင်းသော ကာယကံဖြင့် ဆက်ဆံပါက "ဒုစရိုက်ကံ" မည်၏။ ထိုနည်းအတူ "ဝစီကံ" ဖြင့် ဆက်ဆံရာ၌လည်းကောင်း၊ "မနောကံ" ဖြင့် ဆက်ဆံရာ၌လည်းကောင်း ကောင်းမွန်သောစေတနာပါလျှင် "သုစရိုက်ကံ" မည်၍ မကောင်းသောစေတနာပါလျှင် "ဒုစရိုက်ကံ" မည်၏။ အမှန်အားဖြင့် "ဒုစရိုက်" နှင့် "သုစရိုက်"သည် သာမန်လူနှင့် မြင့်မြတ်သောလူတို့၏ "နယ်ခြားမျဉ်း" ဖြစ်၏။

မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း "လူဘဝ"သည် ဒုလ္လဘဖြစ်၏။ ဒုလ္လဘဖြစ်သော "လူဘဝ"ကို မြင့်မြတ်သော လူတို့၏ နယ်နိမိတ်ဘတွင်း၌သာရှိစေရန် မြတ်စွာဘုရားက မင်္ဂလသုတ်ကို ဟောတော်မူခြင်းဖြစ်၏။

မင်္ဂလသုတ်အတိုင်းလိုက်နာ,ကျင့်သုံးပါက "လူ"သည် ဒုလ္လဘဖြစ်သော "လူဘဝ"ကို ထိုက်ထိုက်တန်တန် ရသည် မည်၏။ သို့ဖြစ်၍ မင်္ဂလသုတ်အတိုင်း လိုက်နာ,ကျင့်သုံးနိုင်အောင် ရှေးဦးစွာအလေးထားရမည့်အချက်ကား "ပတ်ဝန်းကျင်"ဖြစ်၏။ ထိုနောက် "ဓမ္မ" ဖြစ်၏။ ထိုနောက် "မိမိကိုယ်" ဖြစ်၏။ ပတ်ဝန်းကျင်၌ အလေးထားမှုကို "လောကာဓိပတိ"ဟုဆိုရ၏။ ဓမ္မ၌အလေးထားမှုကို "ဓမ္မာဓိပတိ"ဟုဆိုရ၏။ မိမိကိုယ်၌ အလေးထားမှုကို "အတ္တာဓိပတိ"ဟုဆိုရ၏။မင်္ဂလသုတ်သည်ဤအလေးထားမှုသုံးမျိုးလုံးကိုညွှန်ပြ၏။

မိမိကိုယ်ကို အလေးထားတတ်သူ ဖြစ်ရလေအောင် ရှေးဦးစွာ မိမိကိုယ်ကို ယဉ်ကျေးသိမ်မွေ့သူ ဖြစ်ဖို့လို၏။ ယဉ်ကျေးသိမ်မွေ့သူ ဖြစ်လာစေရန် မိမိစိတ်ကို နိုင်နင်းစွာ ဆုံးမနိုင်စွမ်းရှိသူ ဖြစ်ရ၏။ ယဉ်ကျေးသိမ်မွေ့သောစိတ်သည် ချမ်းသာကို ဆောင်တတ်၏။ ထို့အပြင် ဗဟုသုတ ရှာမှီးရ၏။ အတတ်ပညာ သင်ယူရ၏။ ဗဟုသုတ ရှာမှီးခြင်း၊ အတတ်ပညာ သင်ယူခြင်းတို့သည် မိမိ၏ ဘဝ၌ ကြိုတင် ပြုလုပ်ထားရသော "ရှေးဦးလုပ်ငန်း" များဖြစ်ကြ၏။ အမှန်အားဖြင့် ကျောင်းသားဘဝ, ပညာရှာမှီးရသော အရွယ်ကပင် ပြည့်စုံအောင် ဆောင်ရွက်ထားရသော လုပ်ငန်းများဖြစ်၏။ နိုတိကျမ်းအဆိုအရ အတတ်ပညာ၊ စီးပွားဥစ္စာ၊ အဆွေခင်ပွန်း၊ ချမ်းသာသုခ၊ ကုသိုလ်ကောင်းမှု၊ တရားဘာဝနာတို့သည် ဘဝ၏အဆင့်ဆင့်သော "ကွန်းခိုစခန်း" များဖြစ်ကြ၏။ ဘဝ၏ အဆင့်အလိုက် သတ်မှတ်ထားသော "ကွန်းခိုစခန်း"များသို့ မရောက်, ရောက်အောင် သွားကြရ၏။ ထိုသို့ သွားကြရာတွင် ပထမအဆင့်၌ မိမိ၏ ကိုယ်,စိတ်ကို ထိန်းသိမ်းနိုင်သော

http://www.dhammadownload.com

အရည်အချင်းပြည့်ပုဂ္ဂိုလ်ဖြစ်ရလေအောင် ဆိုင်ရာ,ဆိုင်ရာ ပညာရပ်များနှင့် ဗဟုသုတများကို ပြည့်ဝသည်ထက် ပြည့်ဝအောင်ကြိုးပမ်းထားရ၏။

ထိုနောက် အိမ်ထောင်သည်ဘဝသို့ရောက်လာသောအခါ စီးပွားဥစ္စာကိုရှာမှီးရ၏။ မိမိနှင့် သင့်တော်,လျောက်ပတ်သော ပတ်ဝန်းကျင်ဖြစ်အောင် ကြိုးစားရ၏။ အကြောင်းအားလျော်စွာ ရောက်ရာ ပတ်ဝန်းကျင်၌ အားလုံးနှင့် အဆင်ပြေအောင် အားထုတ်ရ၏။ လူဆိုးနှင့် လူကောင်းကို ခွဲခြားတတ်ရ၏။ လူဆိုးနှင့်တွေ့လျှင်လည်း လူဆိုးအလျောက်၊ လူကောင်းနှင့်တွေ့လျှင်လည်း လူကောင်းအလျောက် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆို, ဆက်ဆံတတ်ရ၏။ လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ပြစ်မှုကင်းသော လုပ်ငန်းမျိုးကို သာ လုပ်ဆောင်ရ၏။ ထိုအပြင် ဆိုင်ရာ ပုဂ္ဂိုလ်တို့၏ ယုံကြည်ကိုးစားမှုကို ခံရလေအောင် လုပ်ငန်းကို ရှုပ်ရှုပ်ထွေးထွေး မလုပ်ဘဲ ရှင်းရှင်းပြတ်ပြတ် လုပ်ကိုင်ရ၏။

ထိုနောက် မိဘတို့အားလည်းကောင်း၊ ဆွေမျိုးတို့အားလည်းကောင်း၊ မိသားစုတို့အား လည်းကောင်း ဝတ္တရားနှင့်အညီ ထောက်ပံ့ရ၏။ ဒေသနာတော်အရဆိုလျှင် မိမိဆည်းပူးခဲ့သော အတတ်ပညာများနှင့် ဗဟုသုတများ၊ မိမိရှာဖွေခဲ့သော ပစ္စည်းဥစ္စာများ၊ မိမိပြုခဲ့သောကုသိုလ်ကောင်းမှုများသည်မိမိတစ်ဦးတည်းအတွက်ခံစားဖို့မဟုတ်။ လောကအတွက်ပါ ခံစားဖို့ဖြစ်၏။ ထိုကြောင့် လောကအတွက်ကိုပါ ထိုက်သင့်သလိုမျှဝေ၍ ပေးအပ်ရ၏။ အမှန်အားဖြင့် လောကငြိမ်းချမ်းမှ မိမိငြိမ်းချမ်းမည်ဖြစ်၏။ လောကချမ်းသာမှ မိမိချမ်းသာမည်ဖြစ်၏။ အကယ်၍ မိမိပတ်ဝန်းကျင်က ဆူပွက်နေပါလျှင် မိမိသည် အဘယ်သို့လျှင် ငြိမ်းချမ်းနိုင်ပါမည်နည်း။ အဘယ်သို့လျှင် ချမ်းသာနိုင်ပါမည်နည်း။

အိမ်ထောင်သည်ဘဝ ဒုတိယအရွယ်၌ လူသည် အပေါင်းအသင်း အစုံဆုံးအရွယ်ဖြစ်၏။ စီးပွားဥစ္စာရှာမှီးရသော အရွယ်ဖြစ်သဖြင့် ကိုယ်ကျင့်သိက္ခာ အယိုယွင်းနိုင်ဆုံးသော အချိန်ကာလလည်း ဖြစ်၏။ ထိုကြောင့် "အတ္တသမ္မာပဏိဓိ" အရ မိမိကိုယ်နှင့် မိမိစိတ်ကို ထိန်းနိုင်ဖို့ အလိုအပ်ဆုံးဖြစ်၏။ ထိုကာလတွင် ပုထုဇဉ်တို့၏ ဓမ္မတာအရ စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်သည့် သဘာဝအရ ပျော်ချင်၏၊ ပါးချင်၏။ အရက်သေရည် သောက်ချင်၏။ အသုံးအစွဲ ဖွာချင်၏။ ထိုကာလမျိုးတွင် မိမိကိုယ်ကို မိမိ ထိန်းသိမ်းနိုင်မှ တော်ကာကျ၏။ မကောင်းမှုဟူသမျှမှ ဝေးစွာရှောင်နိုင်အောင် ကြိုးစားရ၏။ မိမိ၌ ပစ္စည်းဥစ္စာပြည့်စုံနေပါက သူတစ်ပါး၏ပစ္စည်းဥစ္စာကို မတော်မတရား ယူချင်စိတ်မရှိ၊ ဤသည်မှာ မကောင်းမှုမှ ဝေးစွာရှောင်ကြဉ်ခြင်းသဘောဖြစ်၏။ ဤသဘောသည် လိုက်နာရန် လွယ်ကူ၏။ အကယ်၍ ကိုယ်တိုင် "ငတ်"နေမည်၊ သူတစ်ပါး ဥစ္စာကို အလွယ်တကူ ရနိုင်သော အခြေအနေမျိုး၌လည်း ကြံတွေ့နေမည်ဆိုလျှင် မတော် မတရား ယူချင်တတ်၏။ ထိုကဲ့သို့ မယူအောင်ရှောင်ကြဉ်နိုင်ခြင်းကို အထူးသဖြင့် ရှောင်ကြဉ်ခြင်းဟူ၍ ဆို၏။ ဤသဘောသည် လိုက်နာရန် ခဲယဉ်း၏။ ခဲယဉ်းသော်လည်း လိုက်နာဖြစ်အောင် ကြိုးပမ်းရ၏။ သေရည်,သေရက် သောက်စားခြင်း၊ ဂုဏ်တု,ဂုဏ်ပြိုင် ပြလို၍ဖြစ်စေ၊ ဝါကြွားလို၍ဖြစ်စေ၊ အခြား မသင့်လျော်သောအကြောင်း တစ်မျိုးမျိုးကြောင့်ဖြစ်စေ အသုံးအစွဲကြီးခြင်းသည် ဘဝပျက်ခြင်း၏ အကြောင်း ဖြစ်၏။ ထိုကြောင့် သေရည်,သေရက်

http://www.dhammadownload.com

သောက်စားခြင်းနှင့် အသုံးအစွဲကြီးခြင်းမှလည်း ရှောင်အပ်၏။ အထူးအားဖြင့် ဤ အရွယ်တွင် သူ့ကျေးဇူးကို သိမှုနှင့် ဆိုဆုံးမရလွယ်မှုသည် များစွာအရေးကြီးပါ၏။

တတိယအရွယ်သို့ရောက်ချိန်တွင်မူ စီးပွားဥစ္စာထက် တရားဓမ္မကို ပို၍ အလေးထား ရ၏။ ဒါနကိုပြုရ၏။ သီလကို စောင့်ရ၏။ ဒါနကိုပြုရာတွင် မိမိထက်မြင့်မြတ်သူအား ပြုပါက "ပူဇော်"သည်မည်၏။ မိမိနှင့်တန်းတူအား ပြုပါက "ကူညီ"သည် မည်၏။ မိမိ ထက် နိမ့်ကျသူအား ပြုပါက "ချီးမြှောက်"သည်မည်၏။ ကောင်းမှုရှင်အချို့သည် ကျောင်း, ကန်,ဘုရား တည်ထားရာ၌ သိန်းချီ၍အကုန်အကျခံရန် စေတနာရောက်သော်လည်း နွမ်း ပါးသူများအား ငွေကျပ်တစ်ရာချီးမြှောက်ရန် တာဝန်လေးတတ်၏။ လယ်တီ ဆရာတော် ကြီးက ဒါနနှင့် ပတ်သက်၍ ဥတ္တမပုရိသဒီပနီ၌ "အကျိုးကိုလိုလားသော စိတ်ဖြင့် အလှူ ခံပုဂ္ဂိုလ်ကို အယုတ်,အမြတ်ရွေးချယ်မှု၊ အကျိုးကြီးရာသော နည်းလမ်းကို ရွေးချယ်မှုတို့ နှင့်ပြုသော ကုသိုလ်သည် ပါရမီကုသိုလ်မျိုးမဟုတ်။ လှူဒါန်းမှုကိုသာ အလေးဂရု အထူး ပြုသည်၊ အကျိုးကို အမှု မစိုက်၊ ဤသို့ နှလုံးထား၍ လှူဒါန်းသော ကုသိုလ်သည်သာ ပါရမီကုသိုလ်မျိုးဖြစ်၏"ဟုမိန့်တော်မူထား၏။ ထို့ကြောင့် ရတနာသုံးပါး၌သာမက ဆင်း ရဲနွမ်းပါးသူများ၌လည်း ပေးလှူတတ်ပါက အမြင့်မြတ်ဆုံး ကုသိုလ်ပင်ဖြစ်ပါ၏။

မိမိ၏ပတ်ဝန်းကျင်ရှိ လူများသည် မိမိလိုပင် အတိတ်"ကံ"ကြီးမားမှုကြောင့် လူဖြစ် လာသူများဖြစ်ကြ၏။ "ဒုလ္လဘ"ဖြစ်သော"လူဘဝ"ကို ရကြသူများ ဖြစ်ကြ၏။ ထိုကြောင့် မိမိနှင့်အမြဲတစေဆက်ဆံနေရသောလူများသည်လေးစားထိုက်သူများဖြစ်ကြ၏။ လေးစား ထိုက်သူများအဖြစ်ခံယူ၍ လေးစားသည်နှင့်တစ်ပြိုင်နက် မိမိကိုယ်ကို နှိမ့်ချပြီးသားလည်း ဖြစ်၏။ အရာရာကို ခွင့်လွှတ်ပြီးသားလည်း ဖြစ်၏။ ဗြဟ္မစိုရ်တရား ပွားများ ပြီးသား လည်း ဖြစ်၏။ အမှန်အားဖြင့် တတိယအရွယ်သည် တရားဓမ္မ လေ့လာမှုနှင့် ပတ်သက်၍ အပြည့်စုံဆုံး လေ့လာလိုက်စားရမည့်အရွယ်ဖြစ်၏။ ထိုကြောင့် ရဟန်းတော်များကို ဖူး မြင်၍ ရဟန်းတော်များထံမှသစ္စာလေးပါးနှင့်စပ်သောတရားတော်များကိုနာကြားရမည် ဖြစ်၏။ ရဟန်းတော်များက ဟောကြားတော်မူလိုက်သည့် အတိုင်း ကျင့်ကြံ အားထုတ်ရ မည်ဖြစ်၏။ ထိုနောက် မိမိ ကျင့်ကြံ,အားထုတ်မှု၌ တွေ့ရှိချက်များကို တရားပြ ဆရာတော် နှင့်ဆွေးနွေးရမည်ဖြစ်၏။ ထိုအခါမှ မိမိ၏ ဘာဝနာအဆင့်ကို နားလည်မည် ဖြစ်၏။

မင်္ဂလသုတ်သည် လူ့လောကတွင် လူအဖြစ် နေထိုင်သူများအတွက် အယဉ်ကျေးဆုံး သော လူအဖြစ်နေထိုင်တတ်ရန် ဟောကြားတော်မူသော ဒေသနာဖြစ်၏။ တရုတ်, ကုလား မခွဲခြားဘဲ "လူ"ကို "လူ" အဖြစ်မြင်တတ်ရန်နှင့် လေးစားစွာဆက်ဆံတတ်ရန် ထိုသို့ဆက်ဆံရာမှ အတိုင်းမသိ အာနုဘော်ကြီးမားသော ပါရမီကုသိုလ်ကို ရယူပြီး သစ္စာ လေးပါးမြတ်တရားကို ကိုယ်တိုင်မျက်မှောက်ပြုနိုင်သည်အထိ လူချမ်းသာနှင့် နိဗ္ဗာန် ချမ်းသာကို လက်တွေ့ခံစားနိုင်ရန်ဖြစ်၏။ ထိုအခါ ပတ်ဝန်းကျင်ရှိ လူအပေါင်းကို လေး လေးစားစား "လောကာဓိပတိ" အရ ဆက်ဆံရာတွင် ကျင့်ဝတ် "ဓမ္မာဓိပတိ" နှင့်အညီ မိမိ၏ ကိုယ်ကျင့်သိက္ခာကို အလေးအနက်ထားတတ်သော "အတ္တာဓိပတိ" အရ ဆက်ဆံ နိုင်မည် ဖြစ်၏။ ထိုအခါ ဤလောကတွင် ကာယကံဖြစ်စေ, ဝစီကံဖြစ်စေ, မနောကံ ဖြစ်

http://www.dhammadownload.com

စေ ဒုစရိုက်ကံများမှ ကင်းဝေးပြီး သုစရိုက်ကံများနှင့် ပုညကိရိယာများသာ ထွန်းကားပြီး မွေ့လျော်ဖွယ်ရာကောင်းလှသော လောကဖြစ်လာပေလိမ့်မည်။

အမှန်အားဖြင့် သစ္စာလေးပါးကို မသိမြင်နိုင်သေးမီ "လူ" သည် ပုထုဇဉ်ဖြစ်သည့် အလျောက် လောဘဖြစ်သည့်အခါလည်း ရှိမည်။ ဒေါသဖြစ်သည့်အခါလည်း ရှိမည်။ မောဟဖြစ်သည့်အခါလည်းရှိမည်။

အားငယ်စရာမရှိ

သို့ရာတွင် မည်သည့်အကုသိုလ်ဖြစ်ဖြစ် "ဂရုက်"မဟုတ်လျှင် စိတ်အားငယ်စရာမရှိ၊ ဗုဒ္ဓဒေသနာတော်၌ "ကုစားနည်း" ရှိ၏။ စိတ္တာနုပဿနာသတိပဋ္ဌာန်အရ ယင်းတို့ကို သင်္ခါရတရားများအနေဖြင့် "ဖြစ်,ပျက်"မြင်အောင်ရှုလိုက်လျှင် နောက်ဆုံး"သုညတ"ဆိုက်ပြီး သစ္စာလေးပါးကို ကိုယ်တိုင်သိမြင်လာမည်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လာမည်။

ဤသို့လျှင် စတုတ္ထအရှယ်၌ မဖြစ်မနေ ကိုယ်တိုင် တွေ့ကြုံမျက်မှောက် ပြုနိုင်ရေးအတွက် တတိယအရှယ်မှစ၍ လေ့လာပွားများအားထုတ်ရန် မြတ်စွာဘုရားက မင်္ဂလသုတ်ကို ဟောတော်မူခြင်းဖြစ်၏။ ထိုကြောင့် မင်္ဂလသုတ်သည် လူဘဝတစ်လျှောက်လုံး မြင့်မြတ်သော လူတစ်ယောက်အနေဖြင့် နေထိုင်,ကျင့်ကြံသွားနိုင်ရေးအတွက် "ဘဝ နေနည်း" လမ်းညွှန်ဒေသနာဖြစ်ပါသဖြင့် ယင်းဒေသနာ၌ လမ်းညွှန်ထားသည့်အတိုင်း လိုက်နာ,ကျင့်သုံးနိုင်အောင် ကြိုးပမ်းအပ်ပါ၏။

မင်္ဂလာတရားတော်ကို ကိုယ်ကျင့်တရားဖြစ်အောင် ကြိုးစားနိုင်ကြပါစေ။

မန်လည်ဆရာတော်ဘုရားကြီး၏အဆုံးအမ

ဆယ်ပါးပုည၊ ကုသလမှ၊ မုချကျိုးရှိ၊ သုဂတိနှင့်၊ ဗောဓိသုံးတန်၊ မြတ်ဆုံးဉာဏ်ကို၊ ဆုပန်ပတ္ထနာ၊ ပြီးကြစွာ၏။ (၉၁)

ပဋ္ဌာနန္တရိုက်၊ မထိုက်တုံထ၊ ကံပါပကို၊ နောက်မှအကျယ်၊ ရှင်းရှင်းပယ်၍၊ ပြုဖွယ်ပုည၊ ကုသလကို၊ လုံ့လကြိုးစား၊ ကျင့်နိုင်ငြားမူ၊ လေးပါးပါယ်ရပ်၊ လားမကပ်ရှင့်၊ ခြောက်ထပ်နတ်ရွာ၊ ဗြဟ္မာဘူမိ၊ သုဂတိနှင့်၊ မင်္ဂထိဖိုလ်တိုင်၊ ပေါက်ရောက်နိုင်ခဲ့၊ မြဲခိုင်သမွာ၊ အားထုတ်ရာ၏။(၉၃)

မဃဒေဝ

ထိန်ဝင်း
သာသနာ ၂၅၄၀၊ ကောဇာ ၁၃၅၈ ခု၊ တပေါင်းလပြည့်၊
တနင်္ဂနွေနေ့(၂၃.၃.၉၇)
၁၀၇၊ မင်းရဲကျော်စွာလမ်း၊ ရန်ကုန်မြို့.

http://www.dhammadownload.com



မြောင်းမြ တိုက်သစ်ပဒေသာတာရုံ နှင့် မော်ဘီ သာသနာ့ဝန်ဆောင်ကျောင်းတိုက်များ၏
ပဓာနနာယကဆရာတော်အရှင်ကုမာရ

http://www.dhammadownload.com

http://www.dhammadownload.com



မြောင်းမြ တိုက်သစ်ပဇ္ဈောတာရုံ နှင့် မှော်ဘီ သာသနာ့ဝန်ဆောင်ကျောင်းတိုက်များ၏
ပဓာနနာယကဆရာတော်အရှင်ကုမာရ

http://www.dhammadownload.com

http://www.dhammadownload.com

ဗုဒ္ဓဘလိုတော်ကျ ကြီးပွားချမ်းသာရေး

မာတိကာ

နိဒါန်း .... ရ

သင်တန်းပေးရန် လျှောက်တောင်းပန် ၁

အခြေခံ ဗုဒ္ဓဘာဝိဓမ္မာ

စိတ်

အဝေးကိုလဲသွားနိုင် ၄

တစ်ပါးတည်းသာလှည့်လည် ၅

အထည်ကိုယ်ခြံပ်မရှိ ၆

ဟဒယလိုဏ်ဂူမှာဖြစ် ၆

စိတ်ကိုစောင့်စည်းရန် ၆

ရှင်းလင်းချက် ၇

အဗျာကတ ၈

စေတသိက်

အညသမာန်းစေတသိက်-၁၃ .... ၁၂

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး: ၁၂

ပကိဏ်းစေတသိက် ၆-ပါး: ၁၂

၁။ ဖဿ ၁၂

၂။ ဝေဒနာ ၁၃

၃။ သညာ ၁၅

၄။ စေတနာ ၁၇

၅။ ကေဂ္ဂတာ ၁၈

၆။ ဇီဝိတိန္ဒြေ ၁၉

၇။ မနသိကာရ ၂၁

http://www.dhammadownload.com

၁။ ဝိတက် ၂၂
ဝိတက်မယှဉ်တဲ့စေတသိက်များက အာရုံယူနိုင်ပုံ ၂၂
စေတနာ, မနသိကာရ, ဝိတက်အထူး ၂၃
မကောင်းဝိတက် ၃-ပါး ၂၄
အကောင်းဝိတက် ၃-ပါး ၂၄
၂။ ဝိစာရ ၂၄
ဝိတက်နှင့်ဝိစာရအထူး ၂၅
၃။ အဓိမောက္ခ ၂၆
၄။ ဝီရိယ ၂၆
၅။ ပီတိ ၃၁
ပီတိ ၅-မျိုး ၃၂
၆။ ဆန္ဒ ၃၂
အကုသိုလ်စေတသိက်-၁၄ .... ၃၄
၁။ မောဟ(အဝိဇ္ဇာ) ၃၄
မောဟ ၃-မျိုး ၃၅
ဟရိတစရသေ့ ၃၆
စိစစ်ချက် ၃၈
ပြန်လည်သုံးသပ်ချက် ၄၁
၂။ အဟိရိက ၄၁
အကုသိုလ်မှန်က ရွက်ဖွယ်ချည်းသာ ၄၂
၃။ အနောတ္တပ္ပ ၄၃
၄။ ဥဒ္ဓစ္စ ၄၄
၅။ လောဘ ၄၅
ပေမသံယောဇဉ် ၄၆
တဏှာ ၄၆
ရာဂ ၄၆
သမုဒယ ၄၆
မာယာ ၄၇
မိန်းမမာယာ ကြောက်စရာ ၄၇
ရသေ့မာယာ အံ့စရာ ၄၈
မာယာမျိုးစုံ ၅၀

http://www.dhammadownload.com

သာဒ္ဓေယျ ၁၀
ရဟန်းတော်များနှင့် သာဒ္ဓေယျ ၁၀
လူတွေရဲ့ သာဒ္ဓေယျ ၁၁
မာယာသာဒ္ဓေယျ၏ဆိုးကျိုး ၁၁
၆။ ဒိဋ္ဌိ ၁၁
အယူမှား-မှန် ဖြစ်ဖို့ရန် ၁၂
၇။ မာန ၁၃
ဇာတိမာန် ၁၃
ဓနမာန် ၁၄
ပညာမာန် ၁၄
အဆင်းမာန် ၁၅
၈။ ဒေါသ ၁၆
ပဋိဃ ၁၆
မက္ခ ၁၇
ပဠာသ ၁၈
သောက ၁၈
ဒေါမနဿ ၁၉
၉။ ဣဿာ ၁၉
၁၀။ မစ္ဆရိယ ၆၀
၁။ အာဝါသမစ္ဆရိယ ၆၁
၂။ ကုလမစ္ဆရိယ ၆၁
၃။ လာဘမစ္ဆရိယ ၆၁
၄။ ဝဏ္ဏမစ္ဆရိယ ၆၂
၅။ ဓမ္မမစ္ဆရိယ ၆၂
၁၁။ ကုက္ကုစ္စ ၆၃
၁၂+၁၃။ ထိနမိဒ္ဓ ၆၃
၁၄။ ဝိစိကိစ္ဆာ ၆၄
သောဘနစေတသိက်-၂၅ .... ၆၆
သောဘနသာဓာရဏစေတသိက် ၁၉-ပါး: ၆၆
ဝိရတိစေတသိက် ၃-ပါး: ၆၆
အပ္ပမညာစေတသိက် ၂-ပါး: ၆၆
ပညိန္ဒြိယစေတသိက် ၁-ပါး: ၆၆

http://www.dhammadownload.com

၁။ သဒ္ဓါ ၆၆
ယုံ-သဒ္ဓါ ၆၇
ကြည်-သဒ္ဓါ ၆၇
၂။ သတိ ၆၈
သတိအတု ၆၈
သတိအစစ် ၆၉
၃+၄။ ဟိရိဩတ္တပ္ပ ၇၀
ဟိရိဩတ္တပ္ပအတု ၇၁
လောကစောင့်တရား ၇၁
၅။ အလောဘ ၇၂
၆။ အဒေါသ ၇၂
မေတ္တာ ၇၃
မေတ္တာအတု ၇၃
၇။ တတြမဇ္ဈတ္တတာ ၇၅
ဥပေက္ခာဗြဟ္မဝိဟာရ ၇၅

ဝိရတိစေတသိက် ၃-ပါး: ၇၅
ကာယက် ၃-ပါး: ၇၅
ဝစီက် ၄-ပါး: ၇၅
မနောက် ၃-ပါး: ၇၆
၁။ သမ္မာဝါစာ ၇၆
၂။ သမ္မာကမ္မန္တ ၇၇
၃။ သမ္မာအာဇီဝ ၇၇

အပ္ပမညာ-၂ .... ၇၈
သတ္တဝါပညတ် ၇၈
၁။ ကရုဏာ ၇၈
ကရုဏာတု ၇၉
၂။ မုဒိတာ ၇၉
ဗြဟ္မစိုရ်တရား ၄-ပါး: ၈၀

ပညိန္ဒြေ ၈၀
ပညာတု ၈၁

http://www.dhammadownload.com

စိတ် ၈၉၊ ၁၂၁

စိတ်ဆိုး, စိတ်ကောင်း ၅၂
မူလ-ဟေတု ၅၂
ဝေဒနာဘေဒ ၅၃
အသင်္ခါရိက, သသင်္ခါရိက ၅၃

အကုသိုလ်စိတ် ၁၂-ပါး: ၅၃
အကုသိုလ်စေတသိက် ၁၂-ပါး: သရုပ်ခွဲဖေယျာ: ၅၄
ဖေယျာ:အတွက် ညွှန်ကြားချက် ၅၅
လောဘမူစိတ် ၈-ပါး: ၅၆
ဒေါသမူစိတ် ၂-ပါး: ၅၆
မောဟမူစိတ် ၂-ပါး: ၅၆
အကုသိုလ်စိတ် သရုပ်ခွဲ ၅၆
လောဘမူစိတ် ၈-ပါး:ဖြစ်ပုံ ၅၇
အဟိတ်စိတ် ၁၈-ပါး: ၅၈
စိတ်အပြား: ၅၉
ဝေဒနာယှဉ်ပုံ ၅၉

အဟိတ်စိတ် ၁၈-ပါး: သရုပ်ခွဲဖေယျာ: ၆၀
ဖေယျာ:အတွက် ညွှန်ကြားချက် ၆၁
အကုသလဝိပါက်စိတ် ၇-ပါး: ၆၁
အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး: ၆၁
အဟိတ်ကြိယာစိတ် ၃-ပါး: ၆၂
အဟိတ်, သဟိတ်ဝိသေသန ၆၂
အဟိတ်စိတ်သရုပ်ခွဲ ၆၃
အသောဘနစိတ် ၆၃
ဇာတိဘေဒ ၆၃
ဝေဒနာဘေဒ ၆၃

သောဘနစိတ်-၅၉၊ ၉၁ .... ၆၄
ကာမာဝစရသောဘနစိတ်-၂၄ .... ၆၄
ကာမာဝစရသောဘနစိတ်သရုပ်ခွဲဖေယျာ: ၆၄

http://www.dhammadownload.com

ကာမာဝစရကုသိုလ်စိတ် ၈-ပါး ၉၄
သဟိတ်ကာမာဝစရဝိပါက်စိတ် ၈-ပါး ၉၅
သဟိတ်ကာမာဝစရကြိယာစိတ် ၈-ပါး ၉၅
မဟာကုသိုလ်စိတ် ၈-ပါးဖြစ်ပုံ ၉၅
ကာမာဝစရသောဘနစိတ်သရုပ်ခွဲ ၉၅
ကာမစိတ် ၅၄-ပါး ၉၆
ဇာတိဘေဒ ၉၆
ဝေဒနာဘေဒ ၉၇
ရူပါဝစရစိတ် ၁၅-ပါး ၉၇
ဈာန်အင်္ဂါ ၉၇
ဈာန်နှင့်ဈာန်စိတ် ၉၇
ဈာန်အင်္ဂါယှဉ်ပုံအပြား ၉၈
မဟဂ္ဂုတ်စိတ်သရုပ်ခွဲဇယား ၉၈
ရူပါဝစရကုသိုလ်စိတ် ၅-ပါး ၉၉
ရူပါဝစရဝိပါက်စိတ် ၅-ပါး ၉၉
ရူပါဝစရကြိယာစိတ် ၅-ပါး ၉၉
အရူပါဝစရစိတ် ၁၂-ပါး ၁၀၀
အာရုံ ၄-ပါး ကွဲပြားခြားနား ၁၀၀
အရူပါဝစရစိတ် အာရုံ ၄-ပါးစီ ကွဲပြားပုံ ၁၀၁
ဇယားအတွက် ညွှန်ကြားချက် ၁၀၁
အရူပါဝစရကုသိုလ်စိတ် ၄-ပါး ၁၀၁
အရူပါဝစရဝိပါက်စိတ် ၄-ပါး ၁၀၂
အရူပါဝစရကြိယာစိတ် ၄-ပါး ၁၀၂
မဟဂ္ဂုတ်စိတ် ၂၇-ပါး ၁၀၂
ဇာတိဘေဒ ၁၀၂
ဝေဒနာဘေဒ ၁၀၂
လောကီစိတ် ၈၁-ပါး ၁၀၂
ဘူမိဘေဒ ၁၀၂
ဇာတိဘေဒ ၁၀၂
ဝေဒနာဘေဒ ၁၀၃

http://www.dhammadownload.com

လောကုတ္တရာစိတ်အကျဉ်း ၈-ပါး ၁၀၃
လောကုတ္တရာကုသိုလ်စိတ် ၄-ပါး ၁၀၄
လောကုတ္တရာဝိပါက်စိတ် ၄-ပါး.... ....၁၀၄

စိတ်-၈၉ ....၁၀၅
ဧကတိဘေဒ ၁၀၅
ဘူမိဘေဒ ၁၀၅
သောဘန-၅၉ ....၁၀၅

လောကုတ္တရာစိတ်အကျယ်-၄၀ သရုပ်ခွဲဖေား ၁၀၅
လောကုတ္တရာကုသိုလ်စိတ်-၂၀ ....၁၀၆
လောကုတ္တရာဝိပါက်စိတ်-၂၀ ....၁၀၇
သောဘန-၉၁ ....၁၀၇

လောကီလောကုတ္တရာစျာန်စိတ် ၁၀၇
စိတ်အကျယ် ၁၂၁-ပါး: ၁၀၈
ဧကတိဘေဒ ၁၀၈
ဘူမိဘေဒ ၁၀၈
ဝေဒနာဘေဒ ၁၀၈

စေတသိက်များ စိတ်မှာယှဉ်ပုံ

စေတသိက်လက္ခဏာ ၁၀၉
စေတသိက် ၅၂-ပါး: ၁၀၉
အညသမာန်းစေတသိက် ၁၃-ပါး: ၁၀၉
သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး: ၁၀၉
ပကိဏ်းစေတသိက် ၆-ပါး:... ....၁၁၀
အကုသိုလ်စေတသိက် ၁၄-ပါး: ၁၁၀
သောဘနစေတသိက် ၂၅-ပါး: ၁၁၀
ဝိရတိစေတသိက် ၃-ပါး: ၁၁၂
အပ္ပမညာစေတသိက် ၂-ပါး: ၁၁၂
အခြေခံမှတ်ဖွယ် ၁၁၃

http://www.dhammadownload.com

နိယတယောဂီ, အနိယတယောဂီ ၁၁၃
နာနာကဒါစိစေတသိက် ၁၁၃
ကဒါစိစေတသိက် ၁၁၄
သဟကဒါစိစေတသိက် ၁၁၄

အညသမာန်းစေတသိက်တို့ စိတ်မှာယှဉ်ပုံ ၁၁၅
အဟိတ်စိတ်မှာ စေတသိက်ယှဉ်ပုံ ၁၁၇
အဟိတ်စိတ်, သဟိတ်စိတ် ၁၁၉
အကုသိုလ်စေတသိက်များ စိတ်မှာယှဉ်ပုံ ၁၁၉
အကုသိုလ်စိတ်မှာ စေတသိက်ယှဉ်ပုံ ၁၂၀
လောဘမူစိတ် ၈-ပါးက ဒွိဟိတ်မည်ပုံ ၁၂၂
ဒေါသမူစိတ်မှာ စေတသိက်ယှဉ်ပုံ ၁၂၂
ဒေါသမူစိတ်က ဒွိဟိတ်မည်ပုံ ၁၂၃
မောဟမူစိတ်မှာ စေတသိက်ယှဉ်ပုံ ၁၂၃
မောဟမူစိတ်က ဧကဟိတ်မည်ပုံ ၁၂၄
သောဘနစေတသိက်တို့ စိတ်မှာယှဉ်ပုံ ၁၂၄
သောဘနစိတ်မှာ စေတသိက်ယှဉ်ပုံ ၁၂၆
ကာမာဝစရသောဘနစိတ်မှာ စေတသိက်ယှဉ်ပုံ ၁၂၆
ကာမာဝစရကုသိုလ်စိတ်မှာ စေတသိက်ယှဉ်ပုံ ၁၂၇
ပထမအစုံ ၁၂၇
ဒုတိယအစုံ ၁၂၇
တတိယအစုံ ၁၂၇
စတုတ္ထအစုံ ၁၂၇
သဟိတ်ကာမာဝစရဝိပါက်စိတ်မှာ စေတသိက်ယှဉ်ပုံ ၁၂၈
သဟိတ်ကာမာဝစရကြိယာစိတ်မှာ စေတသိက်ယှဉ်ပုံ ၁၂၈
ကာမာဝစရသောဘနစိတ်နှင့် ဒွိဟိတ်, တိဟိတ် ၁၂၈
မဟဂ္ဂုတ်စိတ်မှာ စေတသိက်ယှဉ်ပုံ ၁၂၉
လောကုတ္တရာစိတ်မှာ စေတသိက်ယှဉ်ပုံ ၁၃၀
မဟဂ္ဂုတ်လောကုတ္တရာကို တိဟိတ်ခေါ်ပုံ ၁၃၁

ဟိတ်ဖြင့် စိတ်တို့ကို ဝေဖန်ပုံ ၁၃၁
ကိစ္စဖြင့် စိတ်တို့ကို ဝေဖန်ပုံ ၁၃၂

http://www.dhammadownload.com

ကိစ္စဖြင့် စိတ်များကို ဝေဖန်ခြင်း.... ....၁၃၃
ဆိုင်ရာစိတ်တို့ တပ်နိုင်သော ကိစ္စများ ၁၃၃
ဒွါရဖြင့် စိတ်တို့ကို ဝေဖန်ပုံ ၁၃၄
ထိုထိုဒွါရမှာဖြစ်သော စိတ်များ ၁၃၅
ဆိုင်ရာစိတ်တို့ ဖြစ်ရာဒွါရများ ၁၃၅
အာရုံဖြင့် စိတ်တို့ကို ဝေဖန်ပုံ ၁၃၅
အာရုံ ၆-ပါး ၁၃၅
ဘူမိဘေဒအုပ်စု-၄ ....၁၃၆
ကာလဘေဒအုပ်စု-၄ ....၁၃၆
သန္တာနဘေဒအုပ်စု-၃ ....၁၃၆
ရုပ်နာမ်ပညတ်အုပ်စု-၃ ....၁၃၆
ပရမတ်ပညတ်အုပ်စု-၂ ....၁၃၇
အာရမဏိကနှင့် အာရုံ ၁၃၇
အဓိပ္ပာယ်ဖွင့်ပြချက် ၁၃၇
အုပ်စုအလိုက် အာရုံများ ၁၃၈
ရူ ၁၃၈
ကာ ၁၃၉
ပန္နေ ၁၃၉
အဇ္ဈတ္တ ၁၃၉
ရူပ ၁၃၉
ပရမတ် ၁၃၉
အာရုံပြုပုံအကျဉ်းဇယား ၁၃၉
မူလအခြေခံ ရူအုပ်စု အာရုံနှင့်အာရမဏိကစိတ် ၁၄၀
ကာလဘေဒအုပ်စု အာရုံနှင့်အာရမဏိကစိတ် ၁၄၁
သန္တာနဘေဒအုပ်စု အာရုံနှင့်အာရမဏိကစိတ် ၁၄၁
အာကိဉ္စညာယတနစိတ်-၃ ....၁၄၂
ရုပ်နာမ်ပညတ်အုပ်စု ၁၄၂
ပရမတ်ပညတ်အုပ်စု ၁၄၂
ဝတ္ထုဖြင့် စိတ်တို့ကို ဝေဖန်ပုံ ၁၄၃
ပေါင်းစုပြဆိုချက် ၁၄၄

http://www.dhammadownload.com

ဝိထိ

စိတ်သက်နှင့်ရုပ်သက် ၁၄၅
ဝိထိဖေယား ၁၄၆
ဝိထိပုံစံပါသင်္ကေတ ၁၄၇
ကာမဓောဝါရ ၁၄၇
ပဋ္ဌဒ္ဓါရဝိထိ ၁၄၇
အတိမဟန္တာရုံဝိထိ ၁၄၇
မဟန္တာရုံဝိထိများ ၁၄၇
ပရိတ္တာရုံဝိထိများ ၁၄၈
အတိပရိတ္တာရုံဝိထိများ ၁၄၈
ပဋ္ဌဒ္ဓါရဝိထိပေါင်း ၁၄၉

မနောဒ္ဓါရဝိထိ ၁၄၉
အတီတဘဝင်ကျသောဝိထိများ ၁၄၉
အတီတဘဝင်မကျသောဝိထိများ ၁၄၉

မရဏာသန္နဝိထိ ၁၄၉
ပဋ္ဌဒ္ဓါရဝိထိ ၁၄၉
မနောဒ္ဓါရဝိထိ ၁၅၀
ပရိနိဗ္ဗာနဝိထိ ၁၅၀

အပုနာဓောဝါရ ၁၅၁
ဗျာနဝိထိ ၁၅၁
မဂ္ဂဝိထိ ၁၅၁
ဖလသမာပတ္တိဝိထိ ၁၅၂
အဘိညာဝိထိ ၁၅၂
နိရောဓသမာပတ္တိဝိထိ ၁၅၂

http://www.dhammadownload.com

ရှေ့သွားမင်္ဂလာ ၁၅၃
ကိုယ်ကျင့်မင်္ဂလာ ၁၅၉
မင်္ဂလာနိဒါန်း ၁၅၉
မင်္ဂလာပြဿနာ ပေါ်ပေါက်လာ ၁၆၀
ကောလာဟလ ၅-ပါး ၁၆၁
မင်္ဂလာဟောရန် လျှောက်တောင်းပန် ၁၆၂
မင်္ဂလာ ၁၆၂

အခန်း-၁

မင်္ဂလာ ၂-ပါး ရှေးဦးထား ၁၆၃
၁။ အသေဝနာစ ဗာလာနံ ၁၆၄
၂။ ပဏ္ဍိတာနဉ္စ သေဝနာ ၁၆၄
ဗာလ ၁၆၄
ကာယက် ၃-ပါး: ၁၆၅
ဝစီက် ၄-ပါး: ၁၆၅
မနောက် ၃-ပါး: ၁၆၆
လူမိုက် ၁၆၆
ပဏ္ဍိတ ၁၆၇
ကာယသုစရိုက် ၃-ပါး: ၁၆၈
ဝစီသုစရိုက် ၄-ပါး: ၁၆၈
မနောသုစရိုက် ၃-ပါး: ၁၆၉
လူလိမ္မာ-ပညာရှိ ၁၆၉
ပုဂ္ဂိုလ်အတန်းအစား ၄-ပါး: ၁၆၉
မပေါင်းသင့်သူ, ပေါင်းသင့်သူ ၁၇၀
မြွန်အနှေးသာ ကူးစက်ပါ ၁၇၂
ကိုယ်ပေါင်းစိတ်ခွာ ပေါင်းသင်းပါ ၁၇၃
လူမိုက်ပေါင်းဖက် မိုက်ကူးစက် ၁၇၄
မိတ်ကောင်းရှိလျက် လိုဆိုးဖျက် ၁၇၈

http://www.dhammadownload.com

ငရဲကြီး ၈-ထပ် ၁၈၁
အဘသတ်သား ဆင်းရဲပွား ၁၈၄
အမိသတ်သူ ဆင်းရဲထူ ၁၈၅
ကိုယ်ဝန်ဖျက်ငြား ငရဲသွား ၁၈၆
ကာမဖောက်ပြန် ခံရဟန် ၁၈၈
ဆိုးယုတ်မိန်းမ တာပန ၁၈၉
ရက်စက်သူပေါင်း ကြိမ်ပိုက်ချောင်း ၁၈၉
စဉ်းလဲသူများ အန်ဖတ်စား ၁၈၉
ငှက်တယ်သမား ငရဲသွား ၁၉၀
မသူတော်ပေါင်းဖက် ကိုယ်ကျိုးပျက် ၁၉၁
လူမိုက်နောက်မှ နောင်တရ ၁၉၃
ဆိုးညံ့ပေါင်းဖက် ဆိုးကူးစက် ၁၉၇
မပေါင်းသင့်သူများ ၁၄-ပါး ၁၉၉
မပေါင်းသင့်သူ, ပေါင်းသင့်သူ ၂၀၁
သူတော်ခိုကိုး ပေါင်းရကျိုး ၂၀၄
အုပ်ထိန်းသူပမာ ကျင့်တတ်ပါ ၂၀၅
အခြေခံမင်္ဂလာ ၂-ပါးသာ ၂၀၇
ရှေးဆရာများရဲ့ အဆိုအမိန့် ၂၀၈
အဓိပ္ပာယ် ၂၀၈
အဓိပ္ပာယ် ၂၀၉

၃။ ပူဇာစ ပူဇနေယျာနံ ၂၁၁
ပူဇနေယျ ၂၁၁
သုမနပန်းသည် ၂၁၂
ပဋိပတ္တိပူဇာ မြတ်လှပါ ၂၁၃
ဘုရားရှိးမွမ်း ရှင်ရဟန်း ၂၁၅
ဘုရားရှင်အား အကျင့်ဖြင့် ပူဇော်ပုံ ၂၁၆
ပစ္စေကဗုဒ္ဓါအား ပူဇော်ရကျိုး ၂၁၇
အရိယာသာဝကများအား ပူဇော်ရကျိုး ၂၂၃
လူတွေအတွက် ပူဇော်ထိုက်သူများ ၂၂၅
အဖေအား အကျင့်ဖြင့် ပူဇော်သူ ၂၂၆

http://www.dhammadownload.com

အစ်ကိုအား လုပ်ကျွေးသူများနှင့် အဖေ့စကား လိုက်နာသူ ... ၂၃၀
အမိကိုပြစ်မှား ဒုက္ခများ ၂၃၂
စံပြမယား ၂၃၅
မပူဇော်ထိုက်သူကို မပူဇော်ရ ၂၃၈
ရှေးဆရာများရဲ့ အဆိုအမိန့် ၂၃၉
အဓိပ္ပာယ် ၂၃၉

အခန်း-၂

၄။ ပတိရူပဒေသ ၂၄၁
ဝက္ကလိထေရ် ၂၄၂
အနုတ္တရိယ ၆-ပါး ၂၄၄
ခေတ်နှင့်ညီညွတ်သင့်တော်တဲ့အရပ် ၂၄၄
ပတိရူပဒေသဖြစ်အောင် ပြုပြင်နည်း ၂၄၅
ပုဂ္ဂိုလ်အလိုက် သင့်တော်သောအရပ် ၂၄၆
မနေသင့်သော အရပ်များ ၂၄၇
ရှေးဆရာများရဲ့ အဆိုအမိန့် ၂၄၇
အဓိပ္ပာယ် ၂၄၈

၅။ ပုဗ္ဗေ စ ကတပုညတာ ၂၄၉
ကမ္မဝါဒ ၂၄၉
နိဓိကဏ္ဍသုတ် ၂၅၁
မင်္ဂလာမည်ပုံ ၂၅၂
ကပ္ပိနနှင့် အနောဇာ ၂၅၂
မြန်မာနိုင်ငံနှင့် ပတိရူပဒေသ ၂၅၆
ကံရှိနေပေမယ့် ဥဏ်ဝီရိယအကူအညီလို ... ၂၅၆
ကံကသာ ကိုယ်ပိုင်ဥစ္စာဖြစ်တယ်.... ....၂၅၇
ပုဂ္ဂိုလ် ၄-မျိုး ၂၅၈
လူဘုံက ကံဘုံ မဟုတ် ၂၅၈
ရှေးဆရာများရဲ့ အဆိုအမိန့် ၂၅၉
အဓိပ္ပာယ် ၂၅၉

http://www.dhammadownload.com

၆။ အတ္တသမ္မာ ပဏိဓိ ၂၆၀
စိတ်ကောင်းအောင် ပြုပြင်ပုံ ၂၆၀
ကိုယ်ကို ကောင်းစွာထားခြင်း ၂၆၀
အတ္တဝါဒ ၂၆၀
အနတ္တဝါဒ ၂၆၁
စိတ်သာ အဓိက ၂၆၂
စိတ်ကိုပြုပြင်ရန် အခြေခံ ၂၆၂
ကုသိုလ်ဖြစ်ရန် အကြောင်းမှန် ၂၆၃
အသင့်အတင့် နှလုံးသွင်းခြင်းရဲ့အကျိုး ၂၆၃
ဗောဇ္ဈင်ဖြစ်ရန် အကြောင်းမှန် ၂၆၄
နှလုံးသား လိမ္မာပါစေ ၂၆၄
ကိုယ်စိတ် ၂-ပါး ရောဂါများ ၂၆၄
စိတ်ရောဂါအတွက် ဆေးတစ်ခွက် ၂၆၅
အတ္တသမ္မာပဏိဓိက မင်္ဂလာမည်ပုံ ၂၆၆
စိတ်ထားတင့်မှ လူမြင့်ရ ၂၆၆
သမ္မတ္တိစက် ၄-ပါး ၂၆၈
သမ္မတ္တိစက် မပျက်စေသင့် ၂၆၈
စိတ်ထားကောင်းပါစေ ၂၆၉
ဝိပတ္တိစက် ၄-ပါး ၂၇၀
သုဂတိဘဝနှင့် ဒုဂ္ဂတိဘဝ ၂၇၀
ကိုယ့်ကိုကိုယ်သာ ပြုပြင်ပါ ၂၇၂
ရှေးဆရာများရဲ့ အဆိုအမိန့် ၂၇၃
အဓိပ္ပာယ် ၂၇၃

အခန်း-၃

၇။ ဗာဟုသစ္စဥ္ ၂၇၅
ပညာမျက်စိ ၂၇၆
မျက်ကန်းနှင့် တစ်ဖက်မြင် ၂-ဖက်မြင် ၂၇၇
တတ်ထားရုံမျှနှင့် အကျိုးမရှိ ၂၇၇
အသိထက် အကျင့်ကမြတ် ၂၇၈

http://www.dhammadownload.com

ဟန်ဆောင်ဝါကြွား ရသေ့များ ၂၇၈
အသက်ကယ်တတ် ကဗျာမြတ် ၂၈၀
ဗာဟုသစ္စမင်္ဂလာ အရေးပါ ၂၈၃
ရှေးဆရာများရဲ့ အဆိုအမိန့် ၂၈၄
အဓိပ္ပာယ် ၂၈၄

၈။ သိပ္ပဿ ၂၈၅
အတတ်ပညာက ဘဝကို ဖန်တီးပုံ ၂၈၆
လက်မှုပညာကြောင့် သေဘေးမှ လွတ်ရသူ ၂၈၇
အတတ်တစ်မျိုးတည်းကပဲ မင်္ဂလာ, အမင်္ဂလာဖြစ်ပုံ ၂၈၉
ပညာသင်ရာမှာ ရည်ရွယ်ချက် မှန်ပါစေ ၂၉၂
ဥစ္စာဟူသည် မျက်လှည့်မျိုး ၂၉၃
ပညာဟူသည် မြတ်ရွှေအိုး.... ....၂၉၄
ဥစ္စာမျိုးစုံ ရနိုင်ပုံ ၂၉၄
ရှေးဆရာများရဲ့ အဆိုအမိန့် ၂၉၅
အဓိပ္ပာယ် ၂၉၅

၉။ ဝိနယော စ သုသိက္ခိတော ၂၉၇
အရိယာလိုလား သီလငါး ၂၉၈
ကိုယ်တိုင်, တိုက်တွန်း, ချီးမွမ်း, စိတ်တူ ၂၉၈
ပြုမူခြားနား လူလေးစား ၃၀၀
ကိုယ်ချင်းစာတရား လက်ကိုင်ထား ၃၀၁
သီလဆင်က လူတိုင်းလှ ၃၀၃
နတ်ပြည်တက်ရအောင် လေ့ကားထောင် ၃၀၄
သီလစောင့်ရှောက် နိဗ္ဗာန်ရောက်.... ....၃၀၄
လူ့ဝိနယ ဖော်ညွှန်းပြ ၃၀၆
စည်းကမ်းဆိုတာ လူ့တန်ဖိုး ၃၀၇
ဂန္ဓာရရသေ့နှင့် ဝေဒေဟရသေ့ ၃၀၇
ရှေးဆရာများရဲ့ အဆိုအမိန့် ၃၁၁
အဓိပ္ပာယ် ၃၁၁
၁၀။ သုဘာသိတာ စ ယာ ဝါစာ ၃၁၃
စကားအရာ အင်္ဂါ ၄-တန် ၃၁၃

http://www.dhammadownload.com

စကားကောင်းတစ်မျိုး ၃၁၃
ဘာသာ, လူတန်းစား မခွဲခြား ၃၁၄
စကားများ အမှားပါ ၃၁၅
စကားနည်းလတ် ပြစ်ကင်းလွတ် ၃၁၅
နှိုင်းချိန်တိုင်းတာ ပြောဆိုပါ ၃၁၆
ကောကိလဇာတ် ၃၁၆
နာကြားသူအားလျော်စွာ ဖြစ်ရပါ ၃၁၇
စကား ၆-မျိုး ပြောကြရိုး ၃၁၉
အကြံပိုင်တဲ့ အဖိုးအို ၃၂၀
အင်္ဂါ ၅-တန် စကားမွန် ၃၂၃
စကားလျော်စွာ အကျိုးလာ ၃၂၃
ရှေးဆရာများရဲ့ အဆိုအမိန့် ၃၂၅
အဓိပ္ပာယ် ၃၂၅

အခန်း-၄

၁၁။ မာတာပိတုဥပဋ္ဌာနံ ၃၂၇
ဗြဟ္မာခေါ်ဆို မိဘကို ၃၂၈
ရှေးဦးဆရာ မည်ကြပါ ၃၂၉
စောင်မမပြတ် အိမ်ဦးနတ် ၃၃၀
အပူဇော်ခံ မည်ရပြန် ၃၃၀
ရှိခိုးပြုစု လုပ်ကျွေးမှု ၃၃၀
တရားကျင့်စေ ကျေးဇူးကျေ ၃၃၁
သောဏ, နန္ဒဇာတ် ၃၃၂
မိဘမေတ္တာ သားသမီးမှာ ၃၄၀
မိဘကိုလုပ်ကျွေးသူထက် မလုပ်ကျွေးသူကများ ၃၄၂
မိဘပြစ်မှားသူတွေများ ၃၄၃
အမိကို ရိုက်သူ ၃၄၄
မိဘကျေးဇူးကို ကျေအောင်ဆပ်သူ ၃၄၄
မိဘဂုဏ်တွေ သိပါစေ ၃၄၈
ရှေးဆရာများရဲ့ အဆိုအမိန့် ၃၅၀
အဓိပ္ပာယ် ၃၅၀

http://www.dhammadownload.com

၁၂။ ပုတ္တသင်္ဂဟော ၃၅၂
သားသမီးများ ချီးမြှောက်ထား ၃၅၂
သားသမီး ၃-မျိုး ၃၅၄
ပညာအမွေသာ ပေးသင့်ပါ ၃၅၅
ဥစ္စာအမွေက စိတ်မချရ ၃၅၆
ဘာသာရေးနှင့်လဲ ချီးမြှောက်သင့် ၃၅၈
သားသမီးကို မထောက်ပံ့ခြင်းအပြစ် ၃၅၉
၁၃။ ဒါရဿ သင်္ဂဟော ၃၆၀
ဒါရဿ သင်္ဂဟ ၃၆၀
ဘဝကြောင်ဖော် ရွေးလိုသော် ၃၆၃
မယားကိုချီးမြှောက်ပုံတစ်နည်း ၃၆၄
တာဝန်ကျေက နတ်ကောင်းမ ၃၆၄
မင်္ဂလာယူဆ ကွဲပြားကြ ၃၆၇
ရွေးဆရာများရဲ့ အဆိုအမိန့် ၃၆၇
အဓိပ္ပာယ် ၃၆၇
၁၄။ အနာကုလာ စ ကမ္မန္တာ ၃၆၉
အလုပ်မရှုပ်ထွေးကြောင်း ၃၆၉
အချိန်ကို သိနားလည်ခြင်း ၃၇၀
သင့်တော်အောင် ပြုလုပ်ခြင်း ၃၇၀
မပျင်းရိခြင်း ၃၇၁
လုံ့လရှိခြင်း ၃၇၂
ပျက်စီးအောင် မလုပ်ခြင်း ၃၇၂
အလိုကြီးက ပျက်စီးရ ၃၇၃
၄-လတွင်းဝယ် ၂-သိန်းကြွယ် ၃၇၅
သမ္မဒါတရား ၃၇၆
လောကကြီးပွားရေး ၃၇၆
ဘဝသံသရာကြီးပွားရေး ၃၇၇
ရွေးဆရာများရဲ့ အဆိုအမိန့် ၃၇၇
အဓိပ္ပာယ် ၃၇၇

http://www.dhammadownload.com

အခန်း-၅

၁၅။ ဒါနဒ္ဌ ၃၇၉
အလှူရဲ့အကျိုး ၅-ပါး ၃၈၀
စေတနာဒါနနှင့် ဝတ္ထုဒါန ၃၈၀
စေတနာကသာ ကျိုးပေးပါ ၃၈၀
ကုသိုလ်ရဲ့အဆင့်အတန်း ၃-မျိုး.... ....၃၈၁
စေတနာ ၃-တန် ၃၈၂
အထက်တန်းစားနှင့် အောက်တန်းစားကုသိုလ် ၃၈၃
ကုသိုလ် ၄-မျိုးနှင့် ပဋိသန္ဓေ ၃-မျိုး ၃၈၄
ယုတ်လတ်မြတ်ပြား ဒါနများ ၃၈၅
ဝတ္ထုဒါနအပြား ၃၈၆
အကျဉ်းအားဖြင့် ဒါန ၂-မျိုး ၃၈၇
သံဃိကဒါန ၃၈၈
သံဃာကို စိတ်ညွတ်မှ သံဃိကဒါနမြောက် ၃၈၈
တစ်ပါးတည်းဖြစ်ပေမယ့် ပင့်တတ်က သံဃိက ၃၈၉
ပုဂ္ဂလိကဒါန ၃၉၀
ဒါန ၂-မျိုး အကျိုးပေးကွာ ၃၉၀
ပစ္စေကဗုဒ္ဓါများရဲ့ ဒါနတရား ၃၉၀
ရှေးဆရာများရဲ့ အဆိုအမိန့် ၃၉၁
အဓိပ္ပာယ် ၃၉၁

၁၆။ မဓုစရိယာ ၈ ....၃၉၆
ကိုယ်နဲ့ တရားမျှတမှုကို ပြုကျင့်ခြင်း ၃-ပါး: ၃၉၇
နှုတ်နဲ့ တရားမျှတမှုကို ပြောဆိုခြင်း ၄-ပါး: ၃၉၇
စိတ်နဲ့ တရားမျှတမှုကို ကြံစည်ခြင်း ၃-ပါး: ၃၉၈
တရားစောင့်သူကို တရားကပြန်စောင့် ၃၉၉
တရားကျင့်ခြင်းအကျိုး ၃၉၉
သုစရိုက်အကျိုး ၄၀၂
ရှေးဆရာများရဲ့ အဆိုအမိန့် ၄၀၂
အဓိပ္ပာယ် ၄၀၃

http://www.dhammadownload.com

၁၇။ ဥတကာနဋ္ဌ သင်္ဃော ၄၀၄
ဆွေမျိုးတို့ကို ချီးမြှောက်ခြင်း ၄၀၄
ဗန္ဓု ၄-မျိုး ၄၀၅
အကောင်းဆုံးဥတိသင်္ဃ ၄၀၆
ရှေးဆရာများရဲ့ အဆိုအမိန့် ၄၀၉
အဓိပ္ပာယ် ၄၀၉

၁၈။ အနဝဇ္ဇာနိ ကမ္မာနိ ၄၁၀
အပြစ်ရှိတဲ့အလုပ် ၄၁၁
အပြစ်မရှိတဲ့အလုပ် ၄၁၁
ဥပေါသထသုတ် ၄၁၂
နွားကျောင်းသားဥပုသ် ၄၁၃
နိဂဏ္ဌဥပုသ် ၄၁၃
အရိယဥပုသ် ၄၁၅
အရိယဥပုသ်အကျိုးမေးကြီးကျယ်ပုံ ၄၁၉
ဥပေါသထသုတ်နိဒါန်း ၄၂၀
ဥပုသ်နှင့်စပ် သိမှတ်စရာ ၄၂၁
ဝေယျာဝစ္စအမှု ၄၂၂
ဥတ္တရလုလင်ရဲ့ ဝေယျာဝစ္စကုသိုလ် ၄၂၃
လူထုအကျိုးပြုလုပ်ငန်းများ ၄၂၄
မဃလုလင် ၄၂၅
ရှေးဆရာများရဲ့ အဆိုအမိန့် ၄၂၇
အဓိပ္ပာယ် ၄၂၇

အခန်း-၆

၁၉။ အာရတိ ဝိရတိ ပါပါ ၄၂၉
ပါပ အာရတိ ၄၃၀
ပါပ ဝိရတိ ၄၃၁
သမ္မတ္တဝိရတိ ၄၃၁
သမာဒါနဝိရတိ ၄၃၂
သမုစ္ဆေဒဝိရတိ ၄၃၃

http://www.dhammadownload.com

ကုက္ကုဋ္ဌမိတ္တမုဆိုး ၄၃၃
သမဂ္ဂီတာ ၅-ပါး ၄၃၆
နိမိတ်ပြောင်းရွေ့ပုံ ၄၃၈
သောဏထေရ်ရဲ့ အဖေဦးပဋ္ဌင်းကြီး ၄၃၈
ဘဝခရီး ဖြောင့်ဖြူးရန် ၄၃၉
ရှေးဆရာများရဲ့ အဆိုအမိန့် ၄၄၀
အဓိပ္ပာယ် ၄၄၀

၂၀။ မဇ္ဈပါနှာ စ သံယမော ၄၄၁
မူးယစ်ဆေးဝါးသုံးစွဲခြင်းအပြစ် ၆-ပါး ၄၄၂
စီးပွားဥစ္စာပျက်စီးခြင်း ၄၄၂
ခိုက်ရန်ဖြစ်ပွားခြင်း ၄၄၂
ရောဂါဖြစ်ပွားခြင်း ၄၄၃
မကောင်းသတင်းထွက်ပေါ်ခြင်း ၄၄၅
ဖုံးထားရမယ့်အင်္ဂါကို ဖော်ပြခြင်း ၄၄၅
ပညာအားနည်းမှုကို ပြခြင်း ၄၄၅
သာဂတထေရ် ၄၄၆
ဘဝပျက်မခံပါနှင့် ၄၄၈
မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရန် ၄၄၈
ရှေးဆရာများရဲ့ အဆိုအမိန့် ၄၄၉
အဓိပ္ပာယ် ၄၄၉

၂၁။ အပ္ပမာဒေါ စ ဓမ္မေသု ၄၅၁
ပမာဒနှင့် အပ္ပမာဒ ၄၅၁
ပမာဒရဲ့အပြစ် ၄၅၂
ကိုယ်ကျိုးကိုသာကြည့်သူ ၄၅၂
အပ္ပမာဒရဲ့အကျိုး ၄၅၄
သာသနာ့ကိစ္စနှင့် အပ္ပမာဒ ၄၅၅
သေရမှာ ကြောက်စရာလား ? ၄၅၈
သတိမှာ လွန်တယ်-လို့ မရှိ ၄၅၉
ရှေးဆရာများရဲ့ အဆိုအမိန့် ၄၅၉
အဓိပ္ပာယ် ၄၆၀

http://www.dhammadownload.com

အခန်း-၇

၂၂။ ဂါရဝေါ စ ၄၆၁
အဂါရဝ၏အပြစ်နှင့် ဂါရဝ၏အကျိုး ၄၆၁
အလေးပြုရမှာ ရှက်စရာ မဟုတ်ပါ ၄၆၂
ယဉ်ကျေးမှုကောင်းတစ်ခု ၄၆၃
၁၀-ပါး ဂါရဝ အကျဉ်းမျှ ၄၆၃
ဝိဇ္ဇာဓရဇာတ် ၄၆၅
ပညာကြီးလေ လေးစားလေ ၄၆၈
ရှင်သာရိပုတ္တရာက ဆရာအား ရိုသေလေးစားပုံ ၄၆၈
ရှေးဆရာများရဲ့ အဆိုအမိန့် ၄၆၉
အဓိပ္ပာယ် ၄၆၉

၂၃။ နိဝါတော စ ၄၇၀
နိဝါတကင်းလွတ် မြင်ပြင်းကပ် ၄၇၀
နိဝါတရှိသူ အလေးမူ ၄၇၁
နိဝါတရှိမှ ဂါရဝဖြစ် ၄၇၂
သာကီဝင်မင်းသားတို့၏နိဝါတ ၄၇၂
ရှင်ရာဟုလာ၏နိဝါတဂုဏ် ၄၇၃
သိက္ခာကိုလိုလားရာမှာ အမြတ်ဆုံး ၄၇၄
ရှင်သာရိပုတ္တရာ၏နိဝါတဂုဏ် ၄၇၄
မဏ္ဍရ ၂-ပါးရဲ့ နိဝါတ ၄၇၅
ရှေးဆရာများရဲ့ အဆိုအမိန့် ၄၇၆
အဓိပ္ပာယ် ၄၇၆

၂၄။ သန္ထုဋ္ဌိ စ ၄၇၈
လောဘကြီးက ဆင်းရဲရ ၄၇၈
ရောင့်ရဲတတ်မှ ချမ်းသာရ ၄၇၉
တင်းတိမ်ရောင့်ရဲမှုဟာ အမြတ်ဆုံးဥစ္စာ ၄၈၀
မရောင့်ရဲသင့်သော အရာများ ၄၈၁
လောဘအရှိန်ကို ထိန်းသင့်က ထိန်းပါ ၄၈၃
ဇရုဒပါနဇာတ် ၄၈၃
သာသနာ့ဝန်ထမ်းတွေရဲ့ ရောင့်ရဲမှု ၄၈၄
အလိုကြီးက အရှုနည်း ၄၈၅

http://www.dhammadownload.com

ရှေးဆရာများရဲ့ အဆိုအမိန့် ၄၈၆
အဓိပ္ပာယ် ၄၈၆

၂၅။ ကတညုတာ ၄၈၆
သူ့ကျေးဇူးကို သိသူ ၄၈၇
ကျေးဇူးတင် ကျေးဇူးဆပ် ၄၈၇
ကျေးဇူးရှင်ကို ကျေးဇူးပြုသူ ၄၉၀
သိကြားမင်း ကျေးဇူးဆပ်ပုံ ၄၉၂
ရှေးဆရာများရဲ့ အဆိုအမိန့် ၄၉၃
အဓိပ္ပာယ် ၄၉၃

၂၆။ ကာလေန ဓမ္မသဝနံ ၄၉၅
သင့်တော်တဲ့အခါမှာ တရားနာခြင်း ၄၉၅
တရားနာခြင်း၏အာနိသင် ၄-ပါး ၄၉၆
သင့်လျော်သောအခါ တရားနာရခြင်းအကျိုး ၄၉၇
တရားနာခြင်း၏အကျိုး ၅-ပါး ၄၉၈
ကာတိယာနီ ၄၉၈
တိဿမဟာရာဇာ ၅၀၀
ပိဏ္ဍပါတိကတိဿထေရ် ၅၀၁
ရဟန်းငယ်တစ်ပါး ၅၀၂
ကလေးအမေ ၅၀၃
ရှေးဆရာများ၏ အဆိုအမိန့် ၅၀၃
အဓိပ္ပာယ် ၅၀၃

အခန်း-၈

၂၇။ ခန္တီ စ ၅၀၅
အဓိဝါသနခန္တီ ၅၀၅
မြင့်မြတ်သောသည်းခံခြင်း ၅၀၆
ခန္တီဝဏ္ဏဇာတ် ၅၀၈
ခန္တီဝါဒီဇာတ် ၅၀၈
ရှေးဆရာများရဲ့ အဆိုအမိန့် ၅၁၂
အဓိပ္ပာယ် ၅၁၂

၂၈။ သောဝစဿတာ ၅၁၃
အပြောအဆိုရလွယ်ကူမှု ၅၀၄

http://www.dhammadownload.com

သုဝစ ၁၁၄
သောဝစဿတာ ၁၁၅
ဒုဗ္ဘစ ၁၁၅
ဒေါဝစဿတာ ၁၁၅
နာခံသူကသာ ဩဝါဒကိုရ ၁၁၅
ဒုဗ္ဘစသား ၁၁၆
ဆရာ့စကား နားထောင်သူ ၁၁၆
တပည့်စကားကို နားမထောင်သောဆရာ ၁၁၇
ရှင်မဟာကဿပ၏ တပည့်မိုက် ၁၁၉
သင့်တော်သူကိုသာ ဩဝါဒပေးသင့် ၁၂၁
လူတော်လူကောင်းနှင့် လူရော်လူညံ့ ၁၂၃
ကေသီသုတ် ၁၂၄
ရှေးဆရာများ၏ အဆိုအမိန့် ၁၂၆
အဓိပ္ပာယ် ၁၂၆

၂၉။ သမဏာနဥ္စ ဒဿနံ ၁၂၇
ရဟန်းတွေကို မြင်ပုံ ၁၂၇
သီလသမ္ပန္နသုတ် ၁၃၀
ရဟန်းတို့ကို တွေ့မြင်ရကျိုး ၁၃၁
ဘုရားနှင့်ဘိက္ခုသံဃာကို ကြည်ညိုသော ခင်ပုပ်ဥက် ၁၃၁
မဟာနာဂထေရ်၏ ဂုဏ်သတင်း ၁၃၂
ရဟန်းကို ဖူးမြင်ရခြင်းအကျိုးများ ၁၃၃
သမဏဒဿနမင်္ဂလာ နိဂုံး ၁၃၃
ရှေးဆရာများရဲ့ အဆိုအမိန့် ၁၃၄
အဓိပ္ပာယ် ၁၃၄

၃၀။ ကာလေန ဓမ္မသာကစ္ဆာ ၁၃၅
ဆွေးနွေးသင့်ရာ ချိန်အခါ ၁၃၆
ဓမ္မအရ ဆွေးနွေးရမယ့်အကြောင်း ၁၃၆
ပုဂ္ဂိုလ်နှင့် အကြောင်းအရာ ၁၃၆
တရားဆွေးနွေးခြင်းအကျိုး ၁၃၉
ရှေးဆရာများရဲ့ အဆိုအမိန့် ၁၄၀
အဓိပ္ပာယ် ၁၄၀

http://www.dhammadownload.com

အခန်း-၉

၃၁။ တပေါ စ ၅၄၁

ဣန္ဒြိယသံဝရ ၅၄၁

မဟာတိဿထေရ် ၅၄၂

စက္ခုနွေ့ကို ဘယ်လိုစောင့်စည်းပါသလဲ? ၅၄၃

ဣန္ဒြိယသံဝရသီလ ပြည့်စုံစေပုံ ၅၄၅

ဝင်္ဂီသထေရ် ၅၄၇

စိတ္တဂုတ္တထေရ် ၅၄၈

မဟာမိတ္တထေရ် ၅၅၀

ဝီရပုဂ္ဂိုလ်နှင့် ဝီရိယ ၅၅၀

သမ္မပွဓာန်လုံ့လ ဝီရိယ ၅၅၁

အကုသိုလ်မဖြစ်စေရေး ၅၅၂

ဖြစ်ပြီးအကုသိုလ်ကိုပယ် ၅၅၃

ကုသိုလ်ဖြစ်ပွားရေး ၅၅၅

ဖြစ်ပြီးကုသိုလ် ပြန့်ပွားစည်ပင်ရေး ၅၅၆

ဝီရိယသမ္မောဇ္ဈင်ဖြစ်ကြောင်း ၅၅၈

အပါယ်ဘေးကို ဆင်ခြင်ခြင်း ၅၅၉

အကျိုးကို ရှုခြင်း ၅၅၉

လမ်းစဉ်ကို ဆင်ခြင်ခြင်း ၅၆၀

ဆွမ်းတုံ့ပူဇော်ခြင်း ၅၆၀

မဟာမိတ္တထေရ် ၅၆၀

အမွေရဲ့ မြင့်မြတ်မှု ၅၆၂

ဘုရားရဲ့ မြင့်မြတ်မှု ၅၆၃

အမျိုးဇာတ် မြင့်မြတ်မှု ၅၆၃

သီတင်းသုံးဖော်တို့ မြင့်မြတ်မှု ၅၆၃

ပျင်းရိသူကို ရှောင်ခြင်း ၅၆၃

လုံ့လရှိသူကို ပေါင်းခြင်း ၅၆၄

ဝီရိယသမ္မောဇ္ဈင်မှာ စိတ်ဝင်စားခြင်း ၅၆၄

ပျင်းရိကြောင်းနှင့် အားထုတ်ကြောင်း ၅၆၄

ဝီရိယ၏ အဆင်တန်ဆာ ၅၆၆

http://www.dhammadownload.com

လောက,သံသရာ မဆုံးရှုံးရေး ၁၆၇
ပျင်းရိသူနှင့် လုံ့လရှိသူ ကွာခြားချက် ၁၆၈
ဝိရိယအကုန်လုံးကို ချီးမွမ်းသင့်သလား ? ၁၆၉
ပစ္စန္တရာဇ်မင်း ၁၇၂
ရှေးဆရာများရဲ့ အဆိုအမိန့် ၁၇၄
အဓိပ္ပာယ် ၁၇၅

၃၂။ ဗြဟ္မစရိယဌ ၁၇၈
မေထုန်မှုမှ ရှောင်ကြဉ်ခြင်း ၁၇၉
ပိပ္ပလိနှင့် မယ်ဘဒ္ဒါ ၁၈၀
ရှေးဆရာများရဲ့ အဆိုအမိန့် ၁၈၃
အဓိပ္ပာယ် ၁၈၃

၃၃။ အရိယသစ္စာနဒဿနံ ၁၈၄
အရိယ ၁၈၄
အရိယသစ္စာ ၁၈၅
အရိယသစ္စဒဿန ၁၈၆
ရှေးဆရာများရဲ့ အဆိုအမိန့် ၁၈၇
အဓိပ္ပာယ် ၁၈၇

၃၄။ နိဗ္ဗာနသစ္ဆိကိရိယာ ၁၈၈
ကိမတ္ထိယသုတ် ၁၈၉
အမွှခါဒကမဟာတိဿထေရ် ၁၉၂
ရှေးဆရာများရဲ့ အဆိုအမိန့် ၁၉၄
အဓိပ္ပာယ် ၁၉၅

အခန်း-၁၀

၃၅။ စိတ္တအကမ္မန ၁၉၅
လောကခံတရား ၁၉၅
ရဟန္တာစိတ်နှင့် အခြားပုဂ္ဂိုလ်စိတ် ၁၉၆
လောကခံဖြေပုံ နည်းမျိုးစုံ ၁၉၇
ကဲ့ရဲ့ချီးမွမ်း ၁၉၈

http://www.dhammadownload.com

အတုလဥပါသကာ ၁၉၈
ရှေးဆရာများရဲ့ အဆိုအမိန့် ၁၉၉
အဓိပ္ပာယ် ၁၉၉

၃၆။ အသောကံ ၆၀၁
စစ်သူကြီးကတော် မလ္လိကာ ၆၀၂
ရှေးဆရာများရဲ့ အဆိုအမိန့် ၆၀၂
အဓိပ္ပာယ် ၆၀၂

၃၇။ ဝိရဇံ ၆၀၃
ရှေးဆရာများရဲ့ အဆိုအမိန့် ၆၀၃
အဓိပ္ပာယ် ၆၀၃

၃၈။ ခေမံ ၆၀၄
ရှေးဆရာများရဲ့ အဆိုအမိန့် ၆၀၄
အဓိပ္ပာယ် ၆၀၄

မင်္ဂလသုတ်နိဝုံး

မင်္ဂလသုတ် ဆိုနှစ်ထုတ် ၆၀၅
ရှေးဆရာများရဲ့ အဆိုအမိန့် ၆၀၇
အဓိပ္ပာယ် ၆၀၈

●●●●●●●●●●●●●

http://www.dhammadownload.com

နိဒါန်း

တစ်နေ့တွင် မင်္ဂလာဗျူဟာအသင်းအတွင်းရေးမှူး, ဥက္ကဋ္ဌနှင့် နာယက လူကြီးများ မော်ဘီ–သာသနာ့ဝန်ဆောင်ကျောင်းတိုက်သို့ ရောက်လာကြပါသည်၊ မင်္ဂလာတရားကို ဗုဒ္ဓအဘိဓမ္မာနှင့်တွဲဖက်၍ အထက်တန်းကျောင်းသူ, ကျောင်းသားများနှင့် လူလတ်ပိုင်းများပါ ကြည့်ရှု–အသုံးပြုနိုင်အောင် ရေးသားပေးပါရန် လျှောက်ထားကြပါသည်။

သူတို့လျှောက်ထားချက်အရ ဗုဒ္ဓအဘိဓမ္မာနှင့်တွဲဖက်၍ မင်္ဂလာတရားတော်ကို ဖွင့်ဆိုရေးသားပါက ကြည့်ရှုလေ့လာရလွယ်ကူမည်မထင်ပါ၊ ထို့ပြင် ဗုဒ္ဓအဘိဓမ္မာမှာ အခြေခံအကူအညီဘာသာရပ်မျှသာဖြစ်၍ လိုရင်းအဓိကဘာသာရပ် မဟုတ်ပါ၊ မင်္ဂလာတရားတော်ကသာ လိုရင်းအဓိကဘာသာရပ် ဖြစ်ပါသည်၊ သို့ဖြစ်၍ အခြေခံ ဗုဒ္ဓအဘိဓမ္မာ, ကိုယ်ကျင့်မင်္ဂလာ–ဟု ၂–ပိုင်းခွဲကာ ရေးသားရပါသည်။

ထိုတွင် "မင်္ဂလာ"ဟူသည်မှာ ကြီးပွားချမ်းသာရေးပင် ဖြစ်ပါသည်၊ "မင်္ဂလံ" ဟူသော ပါဠိစကားကို "မင်္ဂလာ"ဟုလည်းကောင်း, "ကြီးပွားချမ်းသာရေး"ဟုလည်းကောင်း မြန်မာမှုပြုကြပါသည်၊ မင်္ဂလာ–မှာ ပါဠိသက်ဝေါဟာရ ဖြစ်၍ ကြီးပွားချမ်းသာရေး–မှာ မြန်မာဝေါဟာရစစ်စစ် ဖြစ်ပါသည်၊ သို့ဖြစ်၍ မင်္ဂလာတရားတော်ကို အဓိကထား၍ ဖွင့်ဆိုရေးသားရသော ဤကျမ်းကိုလည်း "ဗုဒ္ဓအလိုတော်ကျ ကြီးပွားချမ်းသာရေး"ဟုပင် အမည်ပေးထားရပါသည်။

ဆိုခဲ့ပြီးသည့်အတိုင်း ဤကျမ်းကို အခြေခံ ဗုဒ္ဓအဘိဓမ္မာ, ကိုယ်ကျင့်မင်္ဂလာ–ဟု ၂–ပိုင်းခွဲကာ ရေးသားတင်ပြထားရာ အခြေခံ ဗုဒ္ဓအဘိဓမ္မာပိုင်းမှာ–

"စိတ်၌မှီတွယ်, စိတ်ကိုချယ်, ငါးဆယ်နှင့်ဒွိတ်–စေတသိက်"။

[စေတသိက် ၅၂–ပါးတို့က စိတ်ကိုမှီပြီး စိတ်အမျိုးမျိုး ဖြစ်အောင် ချယ်လှယ်နေကြသည်။]–

ဟူသော လယ်တီဆရာတော်ဘုရား၏ အဆိုအမိန့်အားလျော်စွာ စိတ်အမျိုးမျိုး အဆိုးအကောင်းဖြစ်လာပုံကို နားလည်ကြစေရန် စေတသိက်များ၏ သဘောကို

http://www.dhammadownload.com

ဦးစွာပြထားပါသည်၊ ပြီးမှ ဖေးကို အခြေခံထား၍ စိတ်, စိတ်မှာစေတသိက်ယှဉ်ပုံ, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထုနှင့် ဝိထိတို့ကို ရှင်းလင်းလွယ်ကူစွာ ပြဆိုထားပါသည်။

ကိုယ်ကျင့်မင်္ဂလာကိုမူ မင်္ဂလသုတ်အဖွင့် အဋ္ဌကထာကို အခြေခံထားလျက် အခြားသက်ဆိုင်ရာ ပါဠိ, အဋ္ဌကထာတို့ကိုပါ မှီငြမ်းပြုကာ ဂါထာတစ်ပုဒ်ကို တစ်ခန်းပြုလုပ်၍ ဖွင့်ပြထားပါသည်၊ မင်္ဂလာတစ်ခုတစ်ခု၏ အဆုံးမှာ သင်တန်းပြဆရာများအတွက် ရည်ရွယ်ချက်ဖြင့် မင်္ဂလသုတ်ပျို့နှင့် ရှေးဆရာများ၏အဆိုအမိန့်ကို ထည့်သွင်းပြဆိုထားပါသည်၊ ယင်းသို့ ပြဆိုထားသည်များကို ချဲ့ထွင်ပြောပြပါက ပြောရသူကလည်း အာသွက်၍, နားထောင်သူကလည်း နှစ်သက်စရာ ဖြစ်လာပါလိမ့်မည်။

မြန်မာနိုင်ငံသူနိုင်ငံသားများ၏ လူမှုဆက်ဆံရေးနှင့် ယဉ်ကျေးမှု–စသည်တို့မှာ အများအားဖြင့် ဗုဒ္ဓစာပေတွင် အခြေခံနေပါသည်၊ ယင်းဗုဒ္ဓစာပေများအနက် မင်္ဂလသုတ်မှာ လက်ရှိဘဝကြီးပွားချမ်းသာရေး, နောင်ဘဝသံသရာကြီးပွားချမ်းသာရေး–ဟူသော လောကီကြီးပွားချမ်းသာရေးကိုလည်း ဖော်ညွှန်းနေပါသည်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း–ဟူသော လောကုတ္တရာကြီးပွားချမ်းသာရေးကိုလည်း ဖော်ညွှန်းနေပါသည်။

ယင်းသို့ လူမှုရေးအတွက် အပြည့်စုံဆုံးသုတ်တစ်သုတ် ဖြစ်နေသည့်အတွက် မြန်မာပြည်သူပြည်သားများက ယင်းမင်္ဂလသုတ်ကို အနော်ရထာမင်းစောလင်းထက် မြန်မာနိုင်ငံသို့ ထေရဝါဒသာသနာတော် သက်ရောက်လာသည့် အချိန်မှစ၍ အဆက်မပြတ် သင်ယူလာခဲ့ကြပါသည်၊ လိုက်နာကျင့်သုံးလာခဲ့ကြပါသည်၊ သို့ဖြင့် ပုဂံခေတ် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှမှာ ထိပ်တန်းနိုင်ငံတစ်ခု ဖြစ်လာခဲ့ပါသည်။

ယခုလည်း အချိန်မနှောင်းသေးပါ၊ မင်္ဂလသုတ်ကို လူတိုင်းက လေ့လာသင်ကြား၍ စနစ်တကျ လိုက်နာကျင့်သုံးကြပါလျှင် အရှေ့တောင်အာရှမှာသာမက ကမ္ဘာ့အလယ်မှာပင် ထိပ်တန်းနိုင်ငံတစ်ခု ဖြစ်လာနိုင်စရာ ရှိပါသည်၊ သို့ဖြစ်၍ မိမိလူမျိုးနှင့် နိုင်ငံတော်၏ တိုးတက်ကြီးပွားရေးအတွက် လူတိုင်းလူတိုင်းက မင်္ဂလာတရားတော်ကို သင်ကြားလေ့လာ၍ ရိုသေလေးစားစွာ လိုက်နာကျင့်သုံးနိုင်ကြပါစေသောဝ်။

အရှင်ကုမာရ

၁၃၅၈–ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇–ရက်။
(၃–၁၁–၉၆)

http://www.dhammadownload.com



ဗုဒ္ဓအလိုတော်ကျ
ကြီးပွားချမ်းသာရေး

သင်တန်းပေးရန် လျှောက်တောင်းပန်

ဆရာ-မောင်သောင်းညွန့်+ဆရာမ-မကြည်သင်းတို့ ဦးဆောင်သော ယဉ်ကျေးမှု သင်တန်းသား, သင်တန်းသူများက ဆရာတော်ဦးဓမ္မိကထံမှ သင်ယူလာခဲ့ကြသော ယဉ်ကျေးမှုဘာသာရပ်များကို ဆရာတော်ထံမှာ ဝန်ခံလာခဲ့ကြသည့်အတိုင်း ကျောင်းအား လပ်ချိန်များမှာ ပြန်လည်လေ့လာနေကြသည်၊ တပည့်/များအား ထပ်ဆင့်ရှင်းလင်း သင်ပြမှုကိုလည်း ပြုလုပ်ကြသည်၊ သို့ဖြင့် ဆရာရော, တပည့်ပါ ယဉ်ကျေးမှုဘာသာ ရပ်များကို နားလည်သဘောပေါက်လာကြသည်၊ ကျည်ကျလာကြသည်၊ နောက်ထပ် သင်တန်းတက်ရန် စိတ်အားထက်သန်နေကြသည်။

သို့ဖြစ်သည်အားလျော်စွာ ကျောင်းပိတ်ရက် တစ်ရက်မှာ ယဉ်ကျေးမှု သင်တန်း သားဟောင်းများ စုရုံးတိုင်ပင်ပြီး ကွယ်လွယ်ဘက်ကို ကူးလာခဲ့ကြသည်၊ မောင်မျိုး သန့်နှင့် မကြည်ဝင်းတို့ကိုပါ ဝင်ခေါ်ပြီး ဓမ္မိကာရုံကျောင်းတိုက်ကို သွားကြသည်၊ အသီးအသီး ယူလာခဲ့ကြသော လှူဖွယ်ဝတ္ထုများကို ဆရာတော်ဦးဓမ္မိကအား ဆက်ကပ် လှူဒါန်းကြသည်၊ ဆရာတော်ဦးဓမ္မိကက အနုမောဒနာတရားကိုလည်း ဟောပြော တော်မူသည်၊ လာရခြင်း၏ အကြောင်းကိုလည်း မေးတော်မူသည်၊ မောင်သောင်း ညွန့်က ဦးဆောင်လျှောက်ထားသည်။

"ဘုရားတပည့်တော်တို့က ဆရာတော်ဘုရားထံမှ ဝါတွင်းက သင်ယူခဲ့ကြတဲ့ ယဉ်ကျေးမှု သင်ခန်းစာများကို ကျောင်းအားလပ်ချိန်တိုင်းမှာ ပြန်လည်လေ့လာ နေခဲ့ကြပါတယ်၊ အခု ဆရာရော တပည့်ပါ ကျည်ကျနေကြပါပြီ၊ ကျက်သင့်တာတွေ ကိုလဲ ကျက်ထားကြပါတယ်၊ လက်တွေ့လဲ လိုက်နာကျင့်သုံးနေကြပါတယ်၊ နောက်ထပ် သင်တန်းတက်လိုတဲ့ဆန္ဒ ပြင်းပြနေကြပါတယ်၊ ဆရာတော်ဘုရားက တပည့်တော်တို့အား သနားငဲ့ညှာတဲ့အနေနဲ့ နောက်ထပ် ချီးမြှင့်နိုင်ပါက အခုနေ ရာသီ ကျောင်းပိတ်ရက်အတွင်းမှာ တပည့်တော်တို့ သင်ယူလိုပါသေးတယ်"။

http://www.dhammadownload.com

"မင်းတို့က ဘာတွေကို သင်ယူလိုတယ်ဆိုတာကိုလဲ ပြောကြဦးမှပေါ့၊ အဲဒီလို ပြောပြမှ တို့က သင်ပေးနိုင်ပါလိမ့်မယ်"။

"ဒါကတော့ ဆရာတော်ဘုရားရဲ့သဘော ဖြစ်ပါတယ်၊ ဆရာတော်ဘုရားက တပည့်တော်တို့နှင့် သင့်တော်လိမ့်မယ်လို့ ထင်မြင်ယူဆတာတွေကိုပဲ သင်ကြားပေးသနားတော်မူပါ"။

"မင်းတို့က ဆရာတွေရော တပည့်တွေပါ အဆင့်အတန်းရှိနေသူတွေ ဖြစ်ကြတဲ့ အတွက် မင်္ဂလသုတ်ကို အဆင့်အတန်းမီရုံ သင်ပေးပါ့မယ်၊ အဲဒီလို သင်ပေးတဲ့ အခါမှာလဲ မင်္ဂလသုတ်မှာတွေ့ရမယ့် လူမိုက်–လူလိမ္မာ, ကုသိုလ်–အကုသိုလ်–စတဲ့ သဘောတွေကို နားလည်အောင် အခြေခံဘာသာအနေနဲ့ ဗုဒ္ဓအဘိဓမ္မာကို သင့်တော်ရုံ သင်ပေးသွားပါ့မယ်၊ မင်းတို့က သဘောကျကြရဲ့လား ?, သင်ယူနိုင်ကြပါ့မလား ?"။

"သဘောကျပါတယ်၊ သင်ယူနိုင်ပါတယ် အရှင်ဘုရား"။

အကုန်လုံး ဝမ်းမြောက်ဝမ်းသာ တစ်သံတည်း ထွက်လာကြပါသည်၊ ထို့နောက် ဆရာတော်ဦးဓမ္မိကက ဆက်လက်မိန့်ကြားတော်မူပြန်သည်။

"ဒါဖြင့်ရင် နေ့တိုင်း နံနက် ၈–နာရီအချိန်မှာ စတင်သင်ကြားပေးမယ်၊ မင်းတို့ အတွက် အသွားအလာ အစားအသောက်မှ စပြီး အစစ အရာရာ အဆင်ပြေနိုင်ပါ့မလား ?"။

"အဆင်ပြေပါလိမ့်မယ်၊ ဒါမေမယ့် မင်္ဂလသုတ်သင်တန်းအတွက် ပရိတ်ကြီးပါဠိ စာအုပ်နှင့် အဘိဓမ္မာသင်တန်းအတွက် သင်္ဂြိဟ်ပါဠိစာအုပ် လိုပါသေးသလား ?၊ လိုလို့ရှိရင် ကြိုတင်ရှာထားရအောင်လို့ပါဘုရား"။

"မှတ်စုစာအုပ်နှင့် စာရေးကြိယာ မေတန်မျှသာ လိုပါတယ်၊ ဒါ့အပြင် ဘာစာအုပ်မျှ မလိုပါဘူး၊ မောင်မျိုးသန့်က မင်းတို့ရွာမှာ နေထိုင်ကြတဲ့ လူလတ်ပိုင်းနှင့် လူကြီးများကိုလဲ ပြောထားဦး၊ တို့ကိုတော့ ပြောဖော်မရဘူးလို့ အပြစ်တင် မခံရစေနဲ့၊ အသံဖမ်းတာကိုတော့ မင်းတို့ရွာအတွက်ရော, မြို့အတွက်ရော ပြည့်ပြည့်စုံစုံသာ ဖမ်းထားကြပါ၊ တို့က အရေးကြီးတာလောက်ကို ဘာမှာ ရေးပြပြီး ခပ်သွက်သွက်ပဲ ပြောပြသွားပါ့မယ်၊ မင်းတို့ဆရာ–ဆရာမတွေ, ကျောင်းသား–ကျောင်းသူတွေက ကျောင်းပိတ်လို့ ၇–ရက်တစ်ပတ်လောက် အနားယူပြီးမှ လာကြပါ၊ တို့က အသင့် လုပ်ထားပါ့မယ်၊ တနင်္ဂနွေနေ့နှင့် ဥပုသ်နေ့တွေတော့ နားကြပေါ့၊ အကုန်လုံးက သဘောကျကြရဲ့လား ?၊ ကျနပ်ကြရဲ့လား ?"။

"သဘောကျပါတယ်, ကျနပ်ကြပါတယ် အရှင်ဘုရား"။

"ကိုင်း–ဒါဖြင့် ပြန်နိုင်ကြပြီ၊ သင်တန်းစမယ့်နေ့ကျမှ အစုံအညီလာကြတာပေါ့"။

http://www.dhammadownload.com

အခြေခံ ဗုဒ္ဓအဘိဓမ္မာ

နေ့ရက်တွေက တစ်နေ့ပြီးတစ်နေ့ ကျော်လွန်လာခဲ့ပါတယ်၊ အတန်းကျောင်းတွေမှာလဲ စာမေးပွဲများ စစ်ပြီးသွားကြပါပြီ၊ ကျောင်းများကိုလဲ ပိတ်ထားပါပြီ၊ ယဉ်ကျေးမှုသင်တန်းသားဟောင်းများ ဖြစ်ကြသော ဆရာ-ဆရာမများ, ကျောင်းသား-ကျောင်းသူများနှင့် လူကြီးများပါ လိုက်လာကြပါသည်၊ ကွယ်လွယ် ဘက်မှလည်း အလားတူပင် လိုက်လာကြပါသည်၊ သို့ဖြင့် သင်တန်းပြမည့် ဓမ္မာရုံကြီး တစ်ခုလုံး ပြည့်လုနီးပါး ဖြစ်သွားသည်၊ မောင်မျိုးသန့်က ကြိုတင်၍ အသံချဲ့စက် တပ်ဆင်ထားသောကြောင့်သာ အဆင်ပြေသွားရပါသည်။

၈-နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် ဆရာတော်ဦးဓမ္မိကက ဓမ္မာရုံပေါ်ကို ကြွရောက်လာပါသည်၊ နေသားတကျ ထိုင်ပြီးသည့်နောက် သင်တန်းအစီအစဉ်များကို မိန့်ကြားတော်မူပါသည်။

စိတ်

အခု သင်တန်းအစမှာ ဗုဒ္ဓအဘိဓမ္မာကို အခြေခံဘာသာအနေနဲ့ သင်ပေးသွားပါ့မယ်၊ အဲဒီလို သင်ပေးတဲ့အခါမှာလဲ စိတ်အကြောင်းကိုပဲ ဦးစွာ ပြောပြပါမယ်။

ဒူရင်္ဂမံ ဧကစရံ , အသရီရံ ဂုဟာသယံ၊
ယေ စိတ္တံ သံယမေဿန္တိ , မောက္ခန္တိ မာရဗန္ဓနာ။[၁]

ဒူရင်္ဂမံ-ဝေးကွာလှငြား, အာရုံများသို့, ကျက်စားလှည့်ပတ်, အာရုံပြုသောအားဖြင့် သွားရောက်တတ်သော၊ ဧကစရံ-တစ်ပါးအပျက်, တစ်ပါးဆက်ကာ, ဖြစ်ပေါ်လာ၍, တစ်ပါးတည်းသာ လှည့်ပတ်တတ်သော၊ အသရီရံ-ဒြပ်အဆင်း, ယိုယွင်းကင်းပ, မရှိပေထသော၊ ဂုဟာသယံ-မဟာဘုတ်ဟူ, လိုဏ်ဂူတွင်းခေါင်း, ကိန်းအောင်းနေရပေထသော၊ စိတ္တံ-အာရုံရအောင်, ယူဆောင်မချုတ်, သိမြင်တတ်တဲ့စိတ်ကို၊ ယေ-ကျား-မ မဟူ, အကြင်သူတို့သည်၊ သံယမေဿန္တိ-ရန့်သူကိလေသာ, ဝင်မလာအောင်, ကောင်းစွာလုံခြုံ, စောင့်စည်းနိုင်ကြကုန်လတ္တံ့၊ တေ-ကျား-မ မဟူ, ထိုရှင်လူတို့သည်၊ မာရဗန္ဓနာ-တေဘုမက, ဒုက္ခများမြောင်, မာရ်မင်း၏အဖွဲ့အနှောင်မှ၊ မောက္ခန္တိ-ချမ်းသာအေးမြ, လွတ်မြောက်ကြရကုန်လတ္တံ့။

၁။ ခ-၁၈။

http://www.dhammadownload.com

စိတ်ဟာ အဝေးကိုလဲ သွားနိုင်တယ်၊ တစ်ပါးတည်းသာ လှည့်လည်နေတတ်ပါတယ်၊ အထည်ကိုယ်ခြုပ်လဲ မရှိပါဘူး၊ (အများအားဖြင့်) ဟဒယလိုဏ်ဂူမှာ ဖြစ်နေတတ်ပါတယ်၊ ဒီစိတ်ကို စောင့်ရှောက်နိုင်သူတွေဟာ မာရ်မင်းရဲ့အနှောင်အဖွဲ့ဆိုတဲ့ ဝဋ်ဆင်းရဲက လွတ်မြောက်ကြရပါတယ်။

ဒီပါဠိတော်ထဲမှာပါလာတဲ့ စိတ်ရဲ့သဘောကို ဦးစွာပြောပြပါ့မယ်၊ လောကမှာ ပုဂ္ဂိုလ် ရှိသမျှ သတ္တဝါတွေဟာ ဟိုဟာကို သိလိုက်, ဒီဟာကို သိလိုက်နဲ့ အချိန်ရှိသမျှ အာရုံတွေကို သိနေကြတာပဲ မဟုတ်လား ?၊ အဲဒီလို အာရုံတွေကို သိတတ်တဲ့ သဘောကိုပဲ "စိတ်"လို့ ခေါ်ရပါတယ်၊ အာရုံကို သိတယ်ဆိုတာဟာလဲ အာရုံကို ရအောင် ယူနိုင်တာမျိုးပဲ ဖြစ်ပါတယ်၊ ဉာဏ်နဲ့သိတဲ့ အသိမျိုး မဟုတ်ပါဘူး၊ ဒီတော့ အာရုံကိုရအောင် ယူနိုင်တဲ့ သဘောကိုပဲ "စိတ်"ခေါ်တယ်လို့ သိမှတ်သင့်ပါတယ်။

အဝေးကိုလဲ သွားနိုင်

စိတ်က အဝေးကို သွားနိုင်တယ်ဆိုတာဟာ လူတွေလို မော်တော်ကားတွေ, မီးရထားတွေ, လေယာဉ်ပျံတွေနဲ့ သွားနေတာမျိုး မဟုတ်ပါဘူး၊ ခြေကျင်သွားတာမျိုးလဲ မဟုတ်ပါဘူး၊ အမှန်ကတော့ အလွန်ဝေးကွာတဲ့ အရပ်မှာ ရှိနေတဲ့ အာရုံတွေကို ဒီကလှမ်းပြီး အာရုံပြုနိုင်တာပဲ ဖြစ်ပါတယ်၊ အဲဒီလို အဝေးကို လှမ်းပြီးအာရုံပြုနိုင်တာကိုပဲ စိတ်က အဝေးကို ရောက်အောင်သွားသလို ထင်ကြရပါတယ်။

"ဘုန်းကြီးက ဒီနေရာမှာ နမူနာ–ပုံစံ အနေနဲ့ ပြောပြပါဦးမယ်၊ အခု ဒီမှာ ရှိနေတဲ့ သင်တန်းသား, သင်တန်းသူတွေက ရန်ကုန်နှင့်မန္တလေးကို ရောက်ဖူးကြရဲ့လား ?"။

"ရောက်ဖူးကြပါတယ်ဘုရား"။

"ဒီတော့ ဒီကနေပြီး ရွှေတိဂုံနှင့်မဟာမြတ်မုနိဘုရားကို အာရုံပြုကြည့်လိုက်စမ်း၊ တွေ့တယ်မဟုတ်လား ?၊ ရွှေရောင် တဝင်းဝင်းနဲ့"။

"တွေ့ပါတယ် အရှင်ဘုရား"။

အဲဒီလို တွေ့ရတော့ သင်တန်းသား–သင်တန်းသူတွေရဲ့ စိတ်က ရန်ကုန်ကို ရောက်သွားတာလဲ မဟုတ်ပါဘူး၊ မန္တလေးကို ရောက်သွားတာလဲ မဟုတ်ပါဘူး၊ ဒီမှာ ဖြစ်နေရင်းနဲ့ပဲ ရန်ကုန်ကိုလဲ လှမ်းပြီးအာရုံပြုနိုင်တယ်၊ မန္တလေးကိုလဲ လှမ်းပြီး အာရုံပြုနိုင်တယ်၊ အဲဒီလို အဝေးကို လှမ်းပြီးယူနိုင်, အာရုံပြုနိုင်တဲ့အတွက် ဗုဒ္ဓမြတ်စွာက အဝေးကိုလဲ သွားနိုင်တယ်လို့ ဟောထားပါတယ်။

http://www.dhammadownload.com

တစ်ပါးတည်းသာ လှည့်လည်

စိတ်ဟာ အဖြစ်အပျက်လဲ အလွန်မြန်ပါတယ်၊ လက်ဖျောက်တစ်ချက်တီးအချိန် အတွင်းမှာပဲ စိတ်ကုဋေသိန်းပေါင်းများစွာ ရှေ့နောက်ဆက်ကာ ဖြစ်ပျက်နိုင်ပါတယ်။[၁] ဒီလောက် အဖြစ်အပျက် မြန်နေတဲ့အတွက် စိတ် ၂-မျိုး, ၃-မျိုး(အများအပြား) တစ်ပြိုင်နက်ဖြစ်ပြီး အာရုံ ၂-ခု, ၃-ခု(အများအပြား)ကို တစ်ခါတည်း ယူနိုင်တယ်၊ အာရုံပြုနိုင်တယ်လို့ ထင်နေရပါတယ်၊ အမှန်မှာ စိတ် ၂-ခု, ၃-ခု(အများအပြား) ပြိုင်တူဖြစ်ရိုး မရှိပါ၊ စိတ်တစ်ခုဖြစ်လို့ ချုပ်သွားမှ နောက်စိတ်တစ်ခု ဆက်ဖြစ်ပါတယ်၊ အာရုံတစ်ခုကို ယူမှုကိစ္စပြီးသွားမှ အခြားအာရုံတစ်ခုကို ဆက်ပြီးယူရပါတယ်။

အိမ်တစ်အိမ်ရဲ့ ဧည့်ခန်းအတွင်းမှာ ဆိုဖာကြီးတွေကို ချထားမယ်၊ စားပွဲပေါ်မှာ အနုံ့ကောင်းတဲ့ ပန်းတွေနှင့် စားစရာ သောက်စရာတွေကို တင်ထားမယ်၊ ရုပ်မြင်သံကြားစက်ကိုလဲ ဖွင့်ထားမယ် ဆိုကြစို့ရဲ့။

လူတွေက ဆိုဖာကြီးတွေပေါ်မှာ ထိုင်ပြီး စားစရာတစ်ခုခုကို စားရင်း ချောမောလှပတဲ့ အဆိုကျော်ရဲ့ ဟန်ပါပါနဲ့ ဆိုနေတာကို ကြည့်ရှုနားထောင်နေချိန်မှာ အာရုံ ၅-ပါးလုံးပဲ အနီးအနားမှာ ရှိနေပါတယ်။

အဆိုကျော်ရဲ့ အဆင်းကိုတော့ ရူပါရုံလို့ ခေါ်ပါတယ်၊ အသံကိုတော့ သဒ္ဒါရုံလို့ ခေါ်ပါတယ်၊ ပန်းတွေရဲ့အနုံ့နှင့် စားစရာတွေရဲ့ အနုံ့ကိုတော့ ဂန္ဓာရုံလို့ ခေါ်ပါတယ်၊ စားနေတဲ့အစာရဲ့ အရသာကိုတော့ ရသာရုံလို့ ခေါ်ပါတယ်၊ ဆိုဖာကြီးရဲ့ အိစက်ညက်ညောတဲ့ အတွေ့အထိကိုတော့ ဖောဋ္ဌဗ္ဗာရုံလို့ ခေါ်ပါတယ်၊ အာရုံ ၅-ပါးဆိုတာဟာ ဒါတွေပဲ ဖြစ်ပါတယ်။

ဒီတော့ ကြည့်ရှုနားထောင်နေတဲ့ လူတွေရဲ့စိတ်က အဲဒီ အာရုံ ၅-ပါးကို တစ်ပြိုင်နက် သိသလားဆိုတော့ မသိနိုင်ပါဘူး၊ မိမိအနှစ်သက်ဆုံးဖြစ်တဲ့ အာရုံတစ်ခုခုကို စိတ်တစ်မျိုးမျိုးနဲ့ ဦးစွာသိပြီးမှ အခြားအခြား အာရုံတွေကို တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ အခြားစိတ်တွေနဲ့ သိပါတယ်၊ ဒီလို စိတ် ၂-ခု, ၃-ခု (အများအပြား) ပြိုင်တူဖြစ်ရိုး မရှိတဲ့အတွက် တစ်ပါးတည်းသာ လှည့်လည်နေတတ်ပါတယ်လို့ ဗုဒ္ဓမြတ်စွာက ဟောတော်မူထားပါတယ်။

လှည့်လည်နေတတ်တယ်-ဆိုပေမယ့် စိတ်က အပြင်ကိုထွက်ပြီး လှည့်လည်သွားလာနေတာ မဟုတ်ပါဘူး၊ အဝေးအာရုံ, အနီးအာရုံတွေကို လှမ်းယူနိုင်တဲ့အတွက် လှည့်လည်နေတယ်လို့ ဆိုရတာပါ၊ စိတ်က အာရုံတစ်ခုကို ယူတဲ့အခါမှာလဲ

၁။ သံ-၅-၂၊ ၉၂။

http://www.dhammadownload.com

အဲဒီ အာရုံကို စိတ်တစ်မျိုးတည်းက အပြီးအစီးသိအောင် ယူနိုင်တာ မဟုတ်ပါဘူး၊ အာရုံတစ်ခုကို သိထိုက်သမျှသိအောင် စိတ်ပေါင်းအတော်များများ ဆက်ကာဆက်ကာ ဖြစ်ရပါတယ်၊ အဲဒီလို ဆက်ကာဆက်ကာ စိတ်ပေါင်း အတော်များများ ဖြစ်ရပေမယ့် လက်ဖျောက်တစ်တီးအချိန်မှာ စိတ်ကုဋေသိန်းပေါင်းများစွာ ဖြစ်ပျက်နိုင်တဲ့ အတွက် လူတွေက မြင်ရင်မြင်ချင်း, ကြားရင်ကြားချင်း, နံရင်နံချင်း, လျက်ရင် လျက်ချင်း, ထိရင်ထိချင်း သိတယ်လို့ မှတ်နေကြရပါတယ်။

အထည်ကိုယ်ဒြပ်လဲ မရှိ

အပိန်–အဝ, အရှည်–အတို, အလုံး–အပြား, အဝိုင်း–ဒ–ထောင့်, အသေး–အကြီး, အဖြူ–အမဲ, အနီ–အညို, အပြာ–အဝါ စတဲ့ အထည်ကိုယ်ဒြပ်သဘောမျိုးဟာ ရုပ်ဝတ္ထုများမှာသာ ရှိသင့်ပါတယ်၊ နာမ်တရားဖြစ်တဲ့ စိတ်မှာ အစစ်အမှန်ဖြစ်တဲ့ အဲဒီ အထည်ကိုယ်ဒြပ်သဘောမျိုး မရှိနိုင်ပါ၊ အာရုံကို သိနိုင်တဲ့(အာရုံပြုနိုင်တဲ့) သဘောသတ္တိမျှသာ ထင်ရှားရှိနေပါတယ်။

ဟဒယလိုဏ်ဂူမှာ ဖြစ်

စိတ်အကုန်လုံးက ဟဒယလိုဏ်ဂူဆိုတဲ့ နှလုံးအိမ်မှာချည်း ဖြစ်နေကြရတာ မဟုတ်ပါ၊ အခြားနေရာဌာနမှာ ဖြစ်တဲ့ စိတ်တွေလဲ ရှိနေကြပါသေးတယ်၊ ဒါပေမယ့် ဟဒယလိုဏ်ဂူဆိုတဲ့ နှလုံးအိမ်မှာ ဖြစ်တဲ့စိတ်တွေက အများဆုံး ဖြစ်နေကြပါတယ်၊ ဒါ့ကြောင့် (ယေဘုယျအားဖြင့်) ဟဒယလိုဏ်ဂူမှာ ဖြစ်နေတတ်ပါတယ်၊ (ဟဒယလိုဏ်ဂူမှာ အောင်းတယ်)လို့ မိန့်ဆိုထားရပါတယ်။

မြင်သိစိတ် ၂–ခုက မျက်လုံးအတွင်းမှာ ဖြစ်ပါတယ်၊ ကြားသိစိတ် ၂–ခုက နားအတွင်းမှာ ဖြစ်ပါတယ်၊ နံသိစိတ် ၂–ခုက နှာခေါင်းအတွင်းမှာ ဖြစ်ပါတယ်၊ လျက်သိစိတ် ၂–ခုက လျှာအလယ်မှာ ဖြစ်ပါတယ်၊ ထိသိစိတ် ၂–ခုက ကိုယ်ခန္ဓာဝယ် ထိမိရာအရပ်တိုင်းမှာ ဖြစ်ပါတယ်၊ ကျန်တဲ့စိတ် အများအပြားက ဟဒယလိုဏ်ဂူဆိုတဲ့ နှလုံးအိမ်မှာ ဖြစ်ကြပါတယ်လို့ ဆိုလိုပါတယ်။

စိတ်ကို ဆောင့်စည်းရန်

သတ္တဝါ အပေါင်းဟာ စိတ်ရဲ့ ဆောင်ကြဉ်းမှုကို ခံနေရပါတယ်၊ စိတ်ရဲ့ ဆွဲငင်မှုကို ခံနေရပါတယ်၊ သတ္တဝါအကုန်လုံးကပဲ စိတ်ဆိုတဲ့ တရားတစ်ခုရဲ့ အလိုကို လိုက်ပါနေကြရပါတယ်။ [၁]

ရုပ်ညစ်နွမ်းလို့ရှိရင် သတ္တဝါတွေ ညစ်နွမ်းကြရတယ်၊ ရုပ်စင်ကြယ်လို့ရှိရင် သတ္တဝါတွေ စင်ကြယ်ကြရတယ်လို့ ဘုရားရှင် မဟောကြားခဲ့ပါဘူး။

၁။ သံ–၁၊ ၃၆။

http://www.dhammadownload.com

စိတ်ညစ်နွမ်းလို့ရှိရင် သတ္တဝါတွေ ညစ်နွမ်းကြရပါတယ်၊ စိတ်စင်ကြယ်လို့ရှိရင် သတ္တဝါတွေ စင်ကြယ်ရပါတယ်လို့ ဘုရားရှင် ဟောကြားခဲ့ပါတယ်။ [၁]

စိတ်ကပဲ သတ္တဝါတွေကို ဗြာဟ္မဏဖြစ်အောင်, မင်း-စသည်ဖြစ်အောင် စီမံပြုလုပ်ပါတယ်၊ စိတ်ရဲ့အစွမ်းကြောင့် သတ္တဝါတွေက ရဲခါ ကုန်သည်, သူဆင်းရဲဖြစ်ကြရပြီး ရဲခါ နတ်, အသူရာ, ငရဲသူငရဲသား, တိရစ္ဆာန်, ပြိတ္တာတို့ ဖြစ်ကြရပါတယ်။ [၂]

ဘဝင်စိတ်ဆိုတာဟာ အရောင်တလက်လက် ထွက်နေပါတယ်၊ ဖြူစင်သန့်ရှင်းပါတယ်၊ အဲဒီဖြူစင်တဲ့စိတ်ဟာ အာဂန္တုကဖြစ်တဲ့ ညစ်နွမ်းစေတတ်သော ကိလေသာတွေကြောင့် ညစ်နွမ်းရပါတယ်။ [၃]

ဖြူစင်တဲ့ ဘဝင်စိတ်က ထွက်လာရတဲ့အတွက် အကုသိုလ်ရော, ကုသိုလ်ရော (ကြောင်းဆိုကျိုးရ သဘောနဲ့) ဖြူစင်တယ်လို့ပဲ ဆိုသင့်ပါတယ်။ [၄]

ဝိထိစဉ်အနေနဲ့ ဘဝင်, မနောဒွါရာဝဇ္ဇန်း, ဇော-လို့ ရှိနေတဲ့အတွက် အကုသိုလ်ဇော, ကုသိုလ်ဇောတွေကို ဘဝင်စိတ်က ထွက်လာရတယ်လို့ ဆိုထားပါတယ်။

ရှင်းလင်းချက် [သက်ရှိသတ္တဝါတွေရဲ့ သန္တာန်မှာ ပဋိသန္ဓေ တည်နေသည်က စပြီး စိတ်အစဉ်ဟာ ပြတ်သွားတယ်လို့ မရှိပါဘူး၊ စိတ်တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ ဖြစ်နေရပါတယ်၊ အဲဒီလို ဖြစ်နေတဲ့ စိတ်တွေထဲမှာ ပဋိသန္ဓေစိတ်နှင့် အလားတူ မူလအခြေခံစိတ်တစ်ခု ပါရှိနေပါတယ်၊ အဲဒီစိတ်က နိုးကြားတဲ့ စိတ်အစဉ်တွေရဲ့(ဝိထိစိတ်တွေရဲ့) အကြားအကြားမှာ ဆက်ဖြစ်ပေးရပါတယ်၊ အိပ်ပျော်နေတဲ့အခါ မေ့မြော်နေတဲ့ အခါမျိုးမှာတော့ အဲဒီစိတ်တွေချည်းပဲ ဖြစ်နေရပါတယ်။

နိုးကြားစိတ်အစဉ်တွေရဲ့ အကြားအကြားမှာ ဒီစိတ်ကသာ ဆက်ဖြစ်မပေးလို့ရှိရင် စိတ်အစဉ်ပြတ်စဲလို့ ရထားတဲ့ဘဝဟာ ပျက်စီးသွားစရာ ရှိပါတယ်၊ ဒါ့ကြောင့် ဒီ(ပဋိသန္ဓေစိတ်နှင့် အလားတူ မူလအခြေခံ)စိတ်ကိုပဲ ဘဝင်စိတ်လို့ ခေါ်ပါတယ်၊ (ဘဝ-ရထားတဲ့ဘဝရဲ့+အင်္ဂ-အကြောင်းဖြစ်တဲ့စိတ်၊) ဒီ(ပဋိသန္ဓေစိတ်နှင့် အလားတူ မူလအခြေခံ)စိတ်က အဆုံးသတ်ချုပ်သွားတာကိုတော့ စုတေတယ်၊ သေတယ်လို့ ခေါ်ပါတယ်၊ အဲဒီလို စုတေပြီးတဲ့နောက် ဘဝသစ်မှာ တစ်ဆက်တည်း တစ်စပ်တည်း ပဋိသန္ဓေက စပြီးတော့ အလားတူစိတ်အစဉ်တွေ ဖြစ်နေပါလိမ့်မယ်။

၁။ သံ-၅-၂၊ ၂၉၉။ ၂။ ထေရ-၃၁၉။ ၅-၂၊ ၄၇၄။
၃။ အံ-၁၊ ၉။ ၄။ အဘိ-၅-၁၊ ၁၈၅။

http://www.dhammadownload.com

နိုးနေတဲ့ အခါမှာ ကုသိုလ်, အကုသိုလ် တစ်ခုခု ဖြစ်တတ်ပါတယ်၊ အခု သင်တန်းမှာ ဒီက ပြောပြနေတာကို စူးစူးစိုက်စိုက် နားထောင်နေတဲ့ အချိန်မှာ ကုသိုလ်စိတ်တွေ ဖြစ်နေပါတယ်၊ မကောင်းတဲ့အကြံကိုကြံ, မကောင်းတဲ့စကားကို ပြော, မကောင်းတဲ့အလုပ်ကို လုပ်နေတဲ့အချိန်မှာတော့ အကုသိုလ်စိတ်တွေ ဖြစ်နေပါတယ်၊ အဲဒီလိုဖြစ်လာတဲ့ ကုသိုလ်,အကုသိုလ်တွေက အများအားဖြင့် အရှိန်အဟုန်နဲ့ ၇-ကြိမ်ဖြစ်စေ, ၆-ကြိမ်ဖြစ်စေ ထပ်ကာထပ်ကာ ဖြစ်တတ်ပါတယ်။

ဒီလို အရှိန်အဟုန်နဲ့ ထပ်ကာထပ်ကာဖြစ်တတ်လို့ အဲဒီ ကုသိုလ်, အကုသိုလ် စိတ်တွေကို ကုသိုလ်ဇော, အကုသိုလ်ဇောလို့ ခေါ်ရပါတယ်၊ ဒီကုသိုလ်, အကုသိုလ် ဇောတွေဟာ သူတို့ချည်းသက်သက်ဖြစ်ကြတာ မဟုတ်ပါဘူး၊ ရှေ့ရော, နောက်ပါ အခြံအရံစိတ် တွေနှင့်အတူ စီကာစဉ်ကာ ဖြစ်ကြရပါတယ်၊ အဲဒီလို သတ္တဝါတွေရဲ့ သန္တာန်မှာ နိယာမအတိုင်း စီကာစဉ်ကာဖြစ်နေတဲ့ စိတ်အစဉ်ဟာ သွားရာလမ်း ခရီးနှင့် တူတဲ့အတွက် ဝီထိမည်ပါတယ်။

ဘယ်လို လမ်းခရီးနှင့်တူသလဲဆိုတော့ လမ်းအစဉ်ဟာ တစ်လမ်းပြီးတစ်လမ်း ဆက်ကာဆက်ကာဖြစ်နေသလို စိတ်အစဉ်ကလဲ တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ ဖြစ်နေတတ်ပါတယ်၊ ဒီလိုဖြစ်နေတာကိုပဲ လမ်းခရီးနှင့် တူတယ်လို့ ဆိုရပါတယ်။

စိတ်အကုန်လုံးဟာ ပင်ကိုယ်သဘာဝအနေနဲ့ ဖြူစင်တာချည်းပါပဲ၊ ဒါပေမယ့် အာဂန္တုက(ဧည့်သည်သဖွယ်)ဖြစ်တဲ့ ဥပက္ကိလေသ(ညစ်နွမ်းစေတတ်တဲ့) စေတသိက်တွေကြောင့် သာဝဇ္ဇဖြစ်တဲ့(အပြစ်ရှိတဲ့) အကုသိုလ်စိတ်တွေရဲ့ ညစ်နွမ်းမှု ဖြစ်ရပါတယ်၊ ဝေါဒါနဖြစ်တဲ့(ဖြူစင်တဲ့) စေတသိက်တွေကြောင့် အနဝဇ္ဇဖြစ်တဲ့ (အပြစ်မရှိတဲ့) ကုသိုလ်အဗျာကတစိတ်တွေရဲ့ ပိုပြီးစင်ကြယ်မှုတွေ ဖြစ်ကြရပါတယ်။ [၁]

ကုသိုလ်အဗျာကတတွေက သဘာဝအနေနဲ့ စင်ကြယ်တဲ့အပြင် ဝေါဒါန ဖြစ်တဲ့ စေတသိက်တွေကြောင့် ပိုပြီးစင်ကြယ်လာရတယ်လို့ ဆိုလိုပါတယ်။

အဗျာကတ [အ+ဗျာကတ= ဗျာကတ-ဟောကြားထားတဲ့ ကုသိုလ်, အကုသိုလ်မှ+အ-တစ်ပါးသော] ကုသိုလ်, အကုသိုလ်လို့ ဟောကြားထားတာမှတစ်ပါးသော ဝိပါက်, ကြိယာ, ရုပ်, နိဗ္ဗာန်ကို အဗျာကတလို့ ခေါ်ပါတယ်။

၁။ မူ-ဋီ-၁၊ ၉၅။

http://www.dhammadownload.com

စေတသိက်

စိတ်မှာယှဉ်မှီပြီး အမျိုးမျိုး အထွေထွေဖြစ်အောင် စိတ်ကိုခြယ်လှယ်တတ်တဲ့ ၅၂-ပါးသော သဘောတရားတွေကို "စေတသိက်"လို့ ခေါ်ပါတယ်။

စိတ်ကို ညစ်နွမ်းစေတတ်သော မောဟ-စတဲ့ သဘောတရားတွေ, စိတ်ကို ဖြူစင်စေတတ်သော သဒ္ဓါ-စတဲ့ သဘောတရားတွေဟာ စိတ်မှာ မှီကြရပါတယ်၊ စိတ်မှာ ယှဉ်ကြရပါတယ်၊ စိတ်နှင့် ရောနှောကြရပါတယ်၊ ဒါ့ကြောင့် "စေတသိက်" ဆိုတဲ့ အမည်ကို ရကြပါတယ်။

ဒီသဘောတရားတွေဟာ စိတ်နှင့်အညီအမျှ အဖြစ်တူ, အပျက်တူ, အာရုံတူ (မှီရာတူ)အနေနဲ့ ယှဉ်တွဲဖြစ်ပေါ်လာကြရပါတယ်၊ ဒါ့ကြောင့် စိတ်မှာဖြစ်တယ်၊ စိတ်မှာယှဉ်တယ်လို့ ဆိုရပါတယ်။

ဒီသဘောတရားတွေက စိတ်နှင့်အတူတကွ ဖြစ်ကြရာမှာ ဒါကမောဟ, ဒါက သဒ္ဓါ, ဒါကစိတ်လို့ သဘောအထူးကို မသိနိုင်တဲ့အတွက် ဖြစ်သည်မှ ပျက်သည်တိုင်အောင် စိတ်နှင့်တစ်ခုတည်းလို ဖြစ်နေသောကြောင့် စိတ်နှင့်ရောနှောတယ်လို့ ဆိုရပါတယ်။

ဒီတော့ စိတ်ဆိုတာဟာ သူချည်းသက်သက် ဖြစ်လေ့ မရှိဘူး၊ စိတ်ဆိုး ဖြစ်အောင် ပြုလုပ်တတ်တဲ့ စေတသိက်တွေ, စိတ်ကောင်းဖြစ်အောင် ပြုလုပ်တတ်တဲ့ စေတသိက်တွေနှင့် အတူယှဉ်တွဲ ဖြစ်နေရတယ်ဆိုတာ မထင်ရှားဘူးလား၊ ထင်ရှားပါတယ်။

စိတ်တစ်ခုတစ်ခုမှာ အနည်းဆုံး စေတသိက် ၇-ခုကစပြီး ၃၈-ခုထိ ထိုက်သည်အားလျော်စွာ ပါဝင်နေကြပါတယ်၊ အဲဒီ စေတသိက်တွေဟာ-

၁။ ကေ့ပွာဒ= စိတ်နှင့်အတူဖြစ်ခြင်း,
၂။ ကေနိရောဓ= စိတ်နှင့်အတူချုပ်ခြင်း,
၃။ ကောလမွဏ= စိတ်နှင့်အာရုံတူခြင်း,
၄။ ကေဝတ္ထုက= စိတ်နှင့်မှီရာတူခြင်း-

http://www.dhammadownload.com

ဆိုတဲ့ လက္ခဏာ ၄-ပါးနှင့်အညီ အတူယှဉ်တွဲ ဖြစ်နေကြရပါတယ်၊ ပြီးတော့ လက်ဖျောက်တစ်တီး အချိန်အတွင်းမှာ စိတ်ကုဋေသိန်းပေါင်းများစွာ ဖြစ်နိုင်တယ်၊ စိတ်ဟာ အင်မတန်မြန်တယ်ဆိုထားတော့ စေတသိက်တွေကလဲ မမြန်လို့ မဖြစ်တော့ဘူး၊ စိတ်လိုပဲ မြန်ကြပါတယ်။

စိတ်တစ်ခုတစ်ခု ဖြစ်ပေါ်လာတဲ့အခါ ယှဉ်ဘက်စေတသိက်တွေလဲ တစ်ပြိုင်နက် ဖြစ်ပေါ်လာကြရပါတယ်၊ အဲဒီလို ဖြစ်ပေါ်လာပေမယ့် စိတ်ကသာ ရှေ့သွား ခေါင်းဆောင် ဖြစ်တဲ့အတွက် စိတ်ဖြစ်တယ်, စိတ်နဲ့ ပြုလုပ်တယ်-စသည်ဖြင့် ဘုရားရှင်ကလဲ ဟောတော်မူထားပါတယ်၊ လောကမှာလဲ ပြောရိုးဆိုစဉ် ရှိနေပါတယ်။ [၁]

စိတ်ဟာ ယှဉ်ဘက်စေတသိက်တွေကို ဖြစ်ပေါ်စေတတ်တဲ့ အကြောင်းတရား ဖြစ်ပါတယ်၊ စိတ်မဖြစ်ရင် စေတသိက်တွေက သူတို့ချည်းသက်သက် မဖြစ်နိုင်ကြပါ၊ စိတ်ကတော့ အချို့အချို့သော စေတသိက်တွေ မဖြစ်ပေမယ့် ဖြစ်နေတာပါပဲ၊ ဒါ့ကြောင့် စိတ်ကသာ စေတသိက်တွေရဲ့ ရှေ့သွားခေါင်းဆောင်တရား ဖြစ်ပါတယ်။

ခွက်တစ်ခွက်ထဲမှာ ထည့်ထားပြီး တစ်နေ့လုံး မွှေထားတဲ့ ရေအမျိုးမျိုးတို့ရဲ့ ထူးခြားမှု, ဆီအမျိုးမျိုးတို့ရဲ့ ထူးခြားမှုကို အဆင်း အနံ့ အရသာတွေက ထူးခြားတဲ့အတွက် မြင်လို့ပဲဖြစ်ဖြစ်, နမ်းကြည့်လို့ပဲဖြစ်ဖြစ် သိမယ်-ဆိုရင် သိနိုင်စရာ ရှိပါသေးတယ်၊ အဲဒီလို သိနိုင်ကောင်းပေမယ့် အဲဒီလို သိတာဟာ အင်မတန် ခဲယဉ်းလှပါတယ်။

အာရုံတစ်ခုတည်းကို အာရုံပြုလို့ဖြစ်နေကြတဲ့ စိတ်စေတသိက်ဆိုတဲ့ နာမ်တရားတွေရဲ့ အထူးကို အသီးအသီး ခွဲခြားပြီး (ဒါက စိတ်, ဒါက ဖဿ, ဒါက ဝေဒနာ-စသည်ဖြင့်) နာမပညတ်ကို ထုတ်ဆောင်ဟောတော်မူတဲ့ မြတ်စွာဘုရားက အတိုင်းထက်အလွန် ခဲယဉ်းတဲ့အလုပ်ကို ပြုလုပ်ခဲ့ပါပေတယ်။ [၂]

ဂင်္ဂါ, ယမုနာ, အစိရဝတီ, မဟီ, သရဘူဆိုတဲ့ မြစ်ကြီး ၅-သွယ်တို့ရဲ့ စီးဝင်ရာ မဟာသမုဒ္ဒရာရေကို လျှာနဲ့လျက်ကြည့်လို့ "ဒီရေကား ဂင်္ဂါမြစ်ရေ, ဒီရေကား

၁။ အဘိ-၄-၁၊ ၁၀၉၊ ၁၁၀။ ၂။ အဘိ-၄-၁၊ ၁၈၆။

http://www.dhammadownload.com

ယမုနာမြစ်ရေ, ဒီရေကား အစိရဝတီမြစ်ရေ, ဒီရေကား မဟီမြစ်ရေ, ဒီရေကား သရဘူမြစ်ရေ"လို့ ပိုင်းခြားသိနိုင်ရန် ခဲယဉ်းလှသလို အာရုံတစ်ခုတည်းကို အာရုံပြုလို့ အတူတကွ ဖြစ်နေကြတဲ့ စိတ်စေတသိက်တရားတွေကို "ဒါက တွေ့ထိမှု ဖဿ, ဒါက ခံစားမှုဝေဒနာ, ဒါက မှတ်သားမှုသညာ, ဒါက စေ့ဆော်မှုစေတနာ, ဒါက အာရုံကိုသိမှုစိတ်ဖြစ်တယ်"လို့ ပိုင်းခြားသိမြင်နိုင်မှုဟာ အတိုင်းထက်အလွန် ခဲယဉ်းတဲ့အရာ ဖြစ်ပါတယ်၊ အဲဒီလို ခဲယဉ်းတဲ့အရာကို ဗုဒ္ဓမြတ်စွာက ပိုင်းခြားဝေဖန်လို့ ပြတော်မူခဲ့ပါပေတယ်။ [၁]

ဒီလိုဖြစ်နေကြတဲ့ စိတ်စေတသိက်တွေကို သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်လို့သာ ဒီလို ခွဲခြမ်းဝေဖန်သိမြင်နိုင်တာ ဖြစ်ပါတယ်၊ သဗ္ဗညုတဉာဏ်မရှိတဲ့ သိပ္ပံပညာရှင်တွေက ဘယ်လိုလောကဓာတ်နည်းနဲ့ ဘယ်လိုဓာတ်ခွဲကြည့်လို့မှ "ဒီသဘောကား ဖဿ, ဒီသဘောကား ဝေဒနာ, ဒီသဘောကား သညာ–စသည်ဖြင့်" ခွဲခြမ်းဝေဖန်လို့ ရှေးကလဲ မသိမြင်နိုင်ခဲ့ကြပါ၊ အခုလဲ မသိမြင်နိုင်ကြ၊ နောင်ကမ္ဘာအဆက်ဆက်မှာလဲ သိမြင်နိုင်ကြမယ်မဟုတ်ပါ။

ဒါ့ကြောင့် အရှင်နာဂသိန်က မိလိန္ဒမဟာရာဇာအား ဒီသဘောအဓိပ္ပာယ် ထင်ရှားအောင် သမုဒ္ဒရာဝယ် မြစ်ကြီး ၅–သွယ်က စီးဝင်တဲ့ ရေကို ဥပမာပြကာ မိန့်တော်မူပါတယ်။

ဗုဒ္ဓမြတ်စွာရဲ့ တရားတော်ကို နှစ်နှစ်ကာကာ ယုံကြည်ပြီး အခုဒီမှာ သင်တန်းလာတက်နေကြတဲ့ သင်တန်းသား, သင်တန်းသူ–တွေက မည်သည့် သိပ္ပံရှင်ကမှ မခွဲခြမ်း မဝေဖန်နိုင်ဘဲ ဗုဒ္ဓမြတ်စွာကသာ ခွဲခြမ်းဝေဖန်နိုင်တဲ့ သဘောတရားတွေကို အခုလို လေ့လာကြရတာဟာ အင်မတန်ဝမ်းသာစရာ ကောင်းလှပါတယ်၊ ကံကောင်းထောက်မလို့ ဘုရားသာသနာနှင့် တွေ့ကြုံရတဲ့အပြင်–ဆရာကောင်း သမားကောင်း မိကောင်းဖကောင်းတွေကို အမှီရပြီး မိမိတို့ကိုယ်တိုင်ကလဲ ပါရမီဓာတ်ခံ ပါလာသူတွေ ဖြစ်ကြတဲ့အတွက်သာ ဒီတရားမျိုးကို လေ့လာနိုင်ကြတာ ဖြစ်ပါတယ်။

၁။ မိလိန္ဒ၊ ၉၄။

http://www.dhammadownload.com

အညသမာန်းစေတသိက်-၁၃

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး

ဖဿ, ဝေဒနာ, သညာ, စေတနာ, ဇီဝိတိန္ဒြေ, မနသိကာရ-ဒီစေတသိက် ၇-ပါးကို "သဗ္ဗစိတ္တသာဓာရဏစေတသိက်"လို့ ခေါ်ပါတယ်။

ပကိဏ်းစေတသိက် ၆-ပါး

ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒ- ဒီစေတသိက် ၆-ပါးကို "ပကိဏ်းစေတသိက်"လို့ ခေါ်ပါတယ်။

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး, ပကိဏ်းစေတသိက် ၆-ပါး= ပေါင်း ၁၃-ပါးကို "အညသမာန်းစေတသိက်"လို့ ခေါ်ပါတယ်။

၁။ ဖဿ

အာရုံကို တွေ့ထိခြင်းသဘောကို "ဖဿ"လို့ ခေါ်ပါတယ်၊ ဒီဖဿဟာ အာရုံကို တွေ့ထိခြင်းသဘော ရှိပါတယ်၊ တွေ့ထိတယ်ဆိုတာလဲပဲ ရုပ်ဝတ္ထုချင်း ထိသလို ထိမိ, စပ်မိ, တပ်မိတဲ့အထိမျိုး မဟုတ်ပါဘူး၊ စိတ်နှင့်အာရုံ တွေ့ကြုံတဲ့ အခါ ဓာတ်သဘောအလိုက် ထိခိုက်သလို ဖြစ်လောက်အောင် ဓာတ်ခိုက်ခြင်းမျိုးသာ ဖြစ်ပါတယ်၊ အဲဒီဓာတ်ခိုက်ခြင်းမျိုးဟာ အချို့အရာမှာ ကိုယ်ထိလက်ရောက် တွေ့ရသိရသလောက် ထင်ရှားလှပါတယ်။

ချဉ်လှတဲ့ သံပုရာသီးစားနေသူကို တွေ့ရသူမှာ ဖဿရဲ့ ဓာတ်ခိုက်မှုကြောင့် သွားရည်ကျတတ်ပါတယ်၊ ရွယ်တူတန်းတူ ယောကျ်ားကလေးအုပ်စုရဲ့ ရှေ့မှာ ဖြတ်သွားရတဲ့ မိန်းကလေးရဲ့ အမူအရာဟာ ပျက်တတ်ပါတယ်၊ မိန်းကလေးအုပ်စုရဲ့ရှေ့မှာ ဖြတ်သွားရတဲ့ ယောကျ်ားကလေးရဲ့ အမူအရာလဲ အလားတူပဲ ပျက်တတ်ပါတယ်၊ ခြင်္သေ့သစ်ကျား-စတဲ့ သားကောင်ကြီးများကို မြင်ရတဲ့အခါ ခွေး-စတဲ့ သတ္တဝါတွေက ခြေထောက် ကွတကွတဖြစ်ကာ မပြေးနိုင်ဘဲ ဖြစ်တတ်ပါတယ်၊ ဒါတွေအကုန်လုံးဟာ ကိုယ်ထိလက်ရောက် ထိရတာ မဟုတ်ပါဘဲ ဖဿရဲ့ ဓာတ်ခိုက်မှု ကြောင့် အခြေပျက်အောင် ဖြစ်ရတာပဲ ဖြစ်ပါတယ်၊ ဒီထင်ရှားတဲ့ အရာများကို ထောက်ထားကာ အခြားအာရုံကို သိမှုတွေမှာလဲ ဒီဖဿရဲ့ ဓာတ်ခိုက်မှု ပါဝင်နေတယ်ဆိုတာကို သိမြင်နိုင်လောက်ပါတယ်။

http://www.dhammadownload.com

အာရုံနှင့်စိတ်ဓာတ်ကို စပ်ဟပ်ပေးခြင်းဟာ ဖဿရဲ့အလုပ်ပဲ ဖြစ်ပါတယ်၊ စိတ်က အာရုံကို ယူနိုင်တယ်ဆိုပေမယ့် ဖဿရဲ့ ဆက်သွယ်မှုကြောင့်သာ ယူနိုင်ပါတယ်၊ ဖဿမပါလို့ရှိရင် မည်သည့်စိတ်ကမျှ အာရုံကိုထိအောင် ယူနိုင်မယ် မဟုတ်ပါ၊ ဒါကြောင့် လက်ခုပ်တီးရာမှာ လက် ၂-ဖက်ရဲ့ ထိခိုက်မှုလို စိတ်နှင့် အာရုံတို့ အချင်းချင်း ဓာတ်ခိုက်ခြင်းဟာ ဖဿပဲ ဖြစ်ပါတယ်။

ဆားဟာ မကောင်းတဲ့ ဟင်းလျာမှာလဲ ပါဝင်ရ, ကောင်းတဲ့ ဟင်းလျာမှာလဲ ပါဝင်ရသလို ဒီဖဿလဲပဲ အကုသိုလ်အာရုံကိုလဲ ထိရ, ကုသိုလ်အာရုံကိုလဲ ထိရတဲ့ အတွက် စိတ်ဆိုး,စိတ်ကောင်း ၂-မျိုးလုံးမှာပဲ အမြဲပါဝင်နေရပါတယ်၊ ဝေဒနာ-စတဲ့ စေတသိက်တွေလဲ အလားတူပဲ စိတ်ဆိုး,စိတ်ကောင်း ၂-မျိုးလုံးမှာ ပါဝင်နေကြပါတယ်။

၂။ ဝေဒနာ

အာရုံရဲ့ အရသာကို ခံစားခြင်းသဘောကို "ဝေဒနာ"လို့ ခေါ်ပါတယ်၊ ဒီဝေဒနာဟာ အာရုံရဲ့အရသာကို ခံစားခြင်းသဘော ရှိပါတယ်၊ အာရုံရဲ့အရသာကို ခံစားတာဟာ သူ့အလုပ်, သူ့ကိစ္စပဲ ဖြစ်ပါတယ်။

ဒီအာရုံရဲ့ အရသာကို ခံစားမှုဟာလဲပဲ–

၁။ သုခဝေဒနာ= ချမ်းသာသောခံစားမှု,

၂။ သောမနဿဝေဒနာ= ဝမ်းမြောက်ဝမ်းသာခံစားမှု,

၃။ ဒုက္ခဝေဒနာ= ဆင်းရဲသောခံစားမှု,

၄။ ဒေါမနဿဝေဒနာ= စိတ်မချမ်းမသာခံစားမှု,

၅။ ဥပေက္ခာဝေဒနာ= (သာယာသည်လည်းမဟုတ်, မသာယာသည်လည်း မဟုတ်) လျစ်လျူရှုသောအားဖြင့် ခံစားမှု–

ဒီလို ၅-မျိုး ရှိနေပါတယ်၊ ဒါကိုပဲ ဝေဒနာ ၅-မျိုးလို့လဲ ခေါ်ပါတယ်၊ ပြီးတော့ကာ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဆိုတဲ့ အာရုံတိုင်း အာရုံတိုင်းမှာ–

၁။ ဣဋ္ဌာရုံ= အလိုရှိအပ် ကောင်းမြတ်တဲ့အာရုံမျိုး,

၂။ အနိဋ္ဌာရုံ= အလိုမရှိအပ် မကောင်းမြတ်တဲ့အာရုံမျိုး,

၃။ ဣဋ္ဌမဇ္ဈတ္တာရုံ= ဣဋ္ဌာရုံလောက်လဲ မကောင်း, အနိဋ္ဌာရုံလောက်လဲ မဆိုးဝါးဘဲ အလယ်အလတ်မျှ အလိုရှိအပ်တဲ့အာရုံမျိုး–

ဒီလို အဆင့်အတန်း ၃-မျိုး ၃-မျိုးစီ ရှိနေပါတယ်။

http://www.dhammadownload.com

ဒါ့ကြောင့် လှပတဲ့အဆင်း, ကောင်းတဲ့အသံ, အနံ့, အရသာ, အတွေ့အထိ များနှင့် ကောင်းတဲ့နာမည်, ကောင်းတဲ့အဆောက်အအုံ-စသည်တို့ဟာ ဣဋ္ဌာရုံ မည်ပါတယ်။

မလှတဲ့ အဆင်း, မကောင်းတဲ့ အသံ, အနံ့, အရသာ, အတွေ့အထိနှင့် မကောင်းတဲ့နာမည်, အိမ်အိုအိမ်ပျက်-စသည်တို့ကတော့ အနိဋ္ဌာရုံမည်ပါတယ်။

ဆိုးလဲမဆိုး ကောင်းလဲမကောင်းတဲ့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ အထိများနှင့် အဆောက်အအုံတွေကတော့ ဣဋ္ဌမဇ္ဈတ္တာရုံ မည်ပါတယ်။

ဒီဣဋ္ဌ-စတဲ့ အဆင့်အတန်းတွေကိုပဲ အာရုံရဲ့ အရသာလို့ ခေါ်ပါတယ်၊ ဝေဒနာက ဒီအရသာကို ခံစားခြင်းသဘောလဲ ရှိပါတယ်၊ ခံစားခြင်းဆိုတဲ့ အလုပ် ကိုလဲ ဆောင်ရွက်ပါတယ်။

ဒီအရာမှာ အာရုံနှင့် အာရုံရဲ့အရသာ ၂-မျိုးကွဲတာတော့ မဟုတ်ပါဘူး၊ အာရုံ ကပဲ အရသာဖြစ်ပါတယ်၊ ဒီလိုယူမှသာ ဖဿ-စသည်တို့က အာရုံကို ယူတဲ့အခါ ဝေဒနာကလဲ ဒီအာရုံဆိုတဲ့ အရသာကို ခံစားသဖြင့် ဖဿ-စသည်နှင့် ဝေဒနာတို့ ဧကာရမဏ(တူသောအာရုံ) ရှိကြပါလိမ့်မယ်။

အာရုံနှင့်အရသာ ၂-မျိုးမပြားရင် ဖဿ-စတဲ့တရားတွေကလဲ မိမိတို့သဘော အနေနဲ့ အာရုံကို ယူကြရာမှာ အဲဒီဣဋ္ဌ-စတဲ့ အရသာကို ထိမိကြ သိရှိရသဖြင့် ခံစားကြတယ်လို့ပဲ ဆိုထိုက်ပါတယ်၊ ဒါပေမယ့် ဝေဒနာလို အားရပါးရ ပိုင်စိုး ပိုင်နင်း ခံစားကြရတာ မဟုတ်ပါဘူး၊ အာရုံကို တွေ့ထိခြင်း-စတဲ့ သဘောအနေနဲ့ တစ်စိတ်တစ်ဒေသလောက်သာ ခံစားလိုက်ရသလို ရှိပါတယ်။

ဥပမာအနေနဲ့ ပြောရမယ်ဆိုရင်- ရှင်ဘုရင် ပွဲတော်တည်ရအောင် ဆက်သ လာတဲ့ စားတော်ကဲက အဆိပ်အတောက် ပါ,မပါကို ရှင်ဘုရင် သိရအောင် ပွဲတော်ပါ ထမင်းဟင်းလျာတွေထဲက နည်းနည်း နည်းနည်းစီ ယူလို့ စားပြရပါသတဲ့၊ အဲဒီနောက် အဆိပ်အတောက် မပါကြောင်း သေချာမှ ရှင်ဘုရင်က အလိုရှိတိုင်း ပွဲတော်တည် ပါသတဲ့။

ဖဿ-စတဲ့ တရားတွေက ဒီဥပမာမှာပါတဲ့ စားတော်ကဲနှင့် တူကြပါတယ်၊ ဖဿ-စတဲ့ တရားတွေရဲ့အာရုံကို ခံစားမှုက စားတော်ကဲရဲ့ ပွဲတော်စာကို နည်းနည်း နည်းနည်းစီယူပြီး မြိုးရခြင်းနှင့် တူပါတယ်၊ ဝေဒနာက ရှင်ဘုရင်နှင့် တူပါတယ်၊ ဝေဒနာရဲ့အာရုံအရသာကို ခံစားမှုက ရှင်ဘုရင်ရဲ့ပွဲတော်တည်တာနှင့် တူပါတယ်။ [ဖဿရဲ့ဖုသနသဘော, သညာရဲ့သဉ္ဇာနနသဘော-စသည်ကိုပဲ တစ်စိတ်တစ်ဒေသ အားဖြင့် ခံစားတယ်လို့ ဆိုလိုပါတယ်။]

http://www.dhammadownload.com

အလိုရှိအပ် ကောင်းမြတ်တဲ့ ဣဋ္ဌာရုံ(ရဲ့အရသာ)ကို ခံစားတဲ့ ဝေဒနာကို သုခဝေဒနာလို့ ခေါ်ပါတယ်၊ အဲဒီဣဋ္ဌာရုံကို ခံစားတဲ့အခါ ဝမ်းပန်းတသာ ခံစားရတဲ့အတွက် သောမနဿဝေဒနာလို့ ခေါ်ရပါတယ်။

ဒီသုခသောမနဿလို့ ခေါ်ရတဲ့ ဝေဒနာများရဲ့ ဖြစ်ပုံဟာ ရှုပါရုံ၊ သဒ္ဒါရုံ-စတဲ့ ကာမဂုဏ် အာရုံတွေကို ခံစားနေတဲ့အခါ ဘုရားအာရုံ၊ တရားအာရုံ-စသည်တို့နှင့် တွေ့ကြုံရလို့ ချမ်းသာရွှင်ပျနေတဲ့အခါတွေမှာ ထင်ရှားလှပါတယ်။

အလိုမရှိအပ် မကောင်းမြတ်တဲ့ အနိဋ္ဌာရုံ(ရဲ့အရသာ)ကို ခံစားတဲ့ ဝေဒနာကိုတော့ ဒုက္ခဝေဒနာလို့ ခေါ်ပါတယ်၊ ဒေါမနဿဝေဒနာလို့လဲ ခေါ်ပါတယ်။

[ကိုယ်ခန္ဓာ အတွေ့အထိနှင့် ဆိုင်တဲ့ စိတ်ရဲ့ချမ်းသာမှု,ဆင်းရဲမှုကို သုခ,ဒုက္ခလို့ ခေါ်ပါတယ်၊ မျက်စိ, နား, နှာ, လျှာ, စိတ်တို့နှင့်သာဆိုင်တဲ့ ချမ်းသာ,ဆင်းရဲကိုတော့ သောမနဿ,ဒေါမနဿလို့ ခေါ်ပါတယ်။]

အကောင်းလဲမထင်ရှား, မကောင်းလဲမထင်ရှားတဲ့ ဣဋ္ဌမဇ္ဈတ္တာရုံ(ရဲ့အရသာ)ကို ခံစားတဲ့ ဝေဒနာကို ဥပေက္ခာဝေဒနာလို့ ခေါ်ပါတယ်၊ ဒီဥပေက္ခာဝေဒနာရဲ့ အာရုံ(ရဲ့အရသာ)ခံစားပုံမှာ မထင်ရှား မသိသာလှပါ။

ဒါ့ကြောင့် မိမိကိုယ်တိုင် အာရုံရဲ့ အရသာကို ခံစားရမှန်း သိရန်ပင် မလွယ်လှပါ၊ ဒါပေမဲ့ နေရင်းထိုင်ရင်း သွားရင်းလာရင်း အာရုံအများအပြားကို တွေ့ရာမှာ ဒီအာရုံ(ရဲ့အရသာ)ကို ခံစားရမှန်း မသိသာတဲ့ ဥပေက္ခာဝေဒနာတွေကသာ အများအပြား ဖြစ်ပေါ်နေတတ်ပါတယ်။

ဒီဝေဒနာဟာ ကုသိုလ်,အကုသိုလ် အကောင်း,အဆိုး ၂-မျိုးလုံးမှာပဲ ပါဝင်နိုင်ပါတယ်၊ ဒါ့ကြောင့် တရားအရသာကို ခံစားတယ်၊ ကာမဂုဏ်စည်းစိမ်ကို ခံစားတယ်လို့ ပြောဆိုရာမှာ ဒီဝေဒနာချည်းသာ ဖြစ်ပါတယ်။

၃။ သညာ

မှတ်သားခြင်းသဘောကို "သညာ"လို့ ခေါ်ပါတယ်၊ ဒီသညာဟာ မှတ်သိခြင်းသဘောလက္ခဏာ ရှိပါတယ်၊ အညို, အဝါ-စတဲ့ အဆင်းကို အညိုပဲ, အဝါပဲ-စသည်ဖြင့် မှတ်သိတတ်ပါတယ်၊ အချို, အချဉ်-စတဲ့ အရသာကို အချိုပဲ, အချဉ်ပဲ-စသည်ဖြင့် မှတ်သိတတ်ပါတယ်၊ အရှည်, အတို-စတဲ့ သဏ္ဌာန်ကို အရှည်ပဲ, အတိုပဲ-စသည်ဖြင့် မှတ်သိတတ်ပါတယ်၊ ကလေးသူငယ်များ မှတ်သားသလို မှတ်သားမိရုံ သိခြင်းမျိုးသာ ဖြစ်ပါတယ်၊ ဘယ်ပုံညိုတယ်၊ ဘာ့ကြောင့်ညိုတယ်-စသည်ဖြင့် နှိုက်နှိုက်ချွတ်ချွတ်တော့ မသိနိုင်ပါ။

http://www.dhammadownload.com

ရွေးက မှတ်သားဖူးတဲ့ အမှတ်အသားနဲ့ နောက်မှာထပ်ပြီး သိခြင်းဟာ သညာရဲ့ လုပ်ငန်းကိစ္စပဲ ဖြစ်ပါတယ်၊ လက်သမားက တံခါးပေါင်ကို ပြုလုပ်တဲ့အခါ ဆက်စပ်ရမယ့် စရွေးပေါက်နှင့် စရွေးတန်တွေမှာ က+က–စသည်ဖြင့် အက္ခရာတူ အမှတ်အသား လုပ်ပြီး သိမ်းထားတတ်ပါတယ်၊ အချိန်ရောက်လို့ တံခါးခွေလိုတဲ့ အခါကျမှ ရွေးအမှတ်အသားအတိုင်း ဒီစရွေးပေါက်မှာ ဒီစရွေးတန်ကို သွင်းရမယ်လို့ မှတ်မိပါတယ်၊ ဒီလို-စသောအားဖြင့် ရွေးအမှတ်အသားအတိုင်း နောက်ထပ်သိမှုဟာ သညာရဲ့ လုပ်ငန်းကိစ္စ ဖြစ်ပါတယ်။

ဒီစကားတွေကို ပေါင်းစပ်ဆင်ခြင်လိုက်တဲ့အခါ သညာက နောင်အခါသိဖို့လဲ မှတ်သားတတ်ပါတယ်၊ အဲဒီအမှတ်အသားအတိုင်း ထပ်လို့လဲ သိတတ်တယ်၊ အဲဒီလို ထပ်သိရာမှာလဲ နောင်အခါသိဖို့ မှတ်မိအောင် မှတ်ထားလိုက်ပြန်တယ်၊ ဒီအဓိပ္ပာယ်များဟာ ထင်ရှားလာပါတယ်၊ ဒီလို အဆက်ဆက်မှတ်သားလို့ သိမှုကြောင့် အလွဲအမှားကို စွဲမြဲမှတ်သားမိရင် ဘုရားရှင်ကတောင်မှ အဲဒီ အမှတ်ကင်းပျောက်အောင် မဖျောက်ဖျက်သာဘဲ ရှိရပါတော့တယ်၊ လိုရင်းမှာတော့ ရှေ့သိပဲ ဖြစ်ဖြစ်, နောက်သိပဲဖြစ်ဖြစ် မှတ်မိရုံသိခြင်းဟာ သညာရဲ့သဘော ဖြစ်ပါတယ်။

ပညာက အမှန်တစ်ခုတည်းကိုသာ သိပါတယ်၊ သညာကတော့ အဲဒီလို မဟုတ်ပါ၊ အမှားကိုလဲ မှတ်တာပဲ၊ အမှန်ကိုလဲ မှတ်တာပဲ၊ တစ္ဆေကြောက်တတ်သူက ညအချိန်မှာ မီးလောင်သစ်ငုတ်တိုကို တစ္ဆေလို့ မှတ်ထင်တာက အမှားမှတ်ထင်တာပဲ ဖြစ်ပါတယ်၊ ပြောလာခဲ့တဲ့အတိုင်း အညိုကို အညိုပဲလို့ မှတ်ထင်တာကတော့ အမှန်မှတ်ထင်တာပဲ ဖြစ်ပါတယ်၊ မှားတဲ့တရားတွေကို တရားမှန်လို့ မှတ်ထင်ကြရာမှာ ဒိဋ္ဌိသာမက ဒီအမှတ်မှားသညာလဲ ပါဝင်နေပါတယ်။

ဒီအမှားကို အမှန်ထင်နေတဲ့ သညာဟာ အရာကျယ်လှပါတယ်၊ သံသရာမှာ ကြာရှည်စွာ ကျင်လည်နေရခြင်းရဲ့ လက်သည်ဟာ အဝိဇ္ဇာနှင့်တဏှာမျှသာ မဟုတ်ပါ၊ ဒီသညာရဲ့ အမှတ်လွဲမှုလဲ တစ်ဝက်တစ်ပျက် ပါဝင်နေပါတယ်၊ မစင်ကို လူတွေက စက်ဆုပ်ဖွယ်လို့ အမှန်အတိုင်း မှတ်သားထားကြပါတယ်၊ ခွေး, ဝက်တွေက အင်မတန်ကောင်းတဲ့ အစာအာဟာရလို့ မှတ်ထင်ကြပါတယ်၊ အလားတူစွာပဲ ဘုရား, ရဟန္တာတို့က ကာမဂုဏ်အာရုံကို အလွန်စက်ဆုပ်ဖွယ်–လို့ အမှန်အတိုင်း မှတ်ထင်တော်မူကြပါတယ်၊ လူအများကတော့ အလွန်ကောင်းတဲ့အရသာလို့ မှတ်ထင်နေကြပါတယ်၊ ဒါကြောင့်လဲ မရမနေ ရှာဖွေနေကြတာပဲ ဖြစ်ပါတယ်၊ ဒီလို သညာရဲ့ အမှတ်မှားမှုကြောင့် သံသရာမှာ ကြာရှည်စွာ ကျင်လည်နေကြရပါတယ်။

http://www.dhammadownload.com

လူများက လှူခဲ့တန်းခဲ့တာကိုလဲ အမှတ်ရတတ်ပါတယ်၊ သီလဆောက်တည်ခဲ့တာကိုလဲ အမှတ်ရတတ်ပါတယ်၊ တရားထိုင်ခဲ့တာကိုလဲ အမှတ်ရတတ်ပါတယ်၊ ဒီလို ကုသိုလ်ဆိုင်ရာကို ပြန်လို့အမှတ်ရနေရာမှာ သတိသောလဲ ပါဝင်ပါတယ်၊ ကောင်းတဲ့သညာသောလဲ ပါဝင်ပါတယ်။

အချို့ကတော့ ငယ်စဉ်က ယုံထောင်, ငါးဖမ်းလုပ်ခဲ့တာကိုလဲ အမှတ်ရတတ်ပါတယ်၊ ချစ်သူနှင့် ချိန်းတွေ့ခဲ့တာကိုလဲ အမှတ်ရတတ်ပါတယ်၊ ရုပ်ရှင်ကြည့်ခဲ့တာကိုလဲ အမှတ်ရတတ်ပါတယ်၊ ပွဲသွားကြည့်တာကိုလဲ အမှတ်ရတတ်ပါတယ်၊ ဒီလို အကုသိုလ်ဆိုင်ရာကို ပြန်လည် အမှတ်ရနေတာမှာတော့ သတိမပါဝင်နိုင်တော့ပါ၊ သတိလို အမှတ်အသား ကောင်းတဲ့ ဒီသညာ သဘောမျှသာ ဖြစ်ပါတော့တယ်။

၄။ စေတနာ

ယှဉ်ဘက်တရားများကို စေ့ဆော်ခြင်း(နှိုးဆော်တိုက်တွန်းခြင်း)သဘောကို "စေတနာ"လို့ ခေါ်ပါတယ်၊ ဒီစေတနာဟာ စေ့ဆော်ခြင်း သဘော(လက္ခဏာ) ရှိပါတယ်၊ ထိုထိုအာရုံနှင့် တွေ့နေအောင် ယှဉ်ဘက်တရားအပေါင်းကို နှိုးဆော်မှု, ဆော်သြမှု, တိုက်တွန်းမှုကိုပဲ စေ့ဆော်ခြင်းလို့ မြန်မာမှု ပြုလာခဲ့ကြပါတယ်။

စိတ်က အာရုံကိုယူရာမှာ အဲဒီအာရုံကို ဖဿက ထိပါတယ်၊ ဝေဒနာက ခံစားပါတယ်၊ ဒီလိုအစရှိတဲ့နည်းနဲ့ စေတသိက်တွေက ဆိုင်ရာတာဝန်ကို ရွက်ဆောင်ကာ စိတ်နှင့်တစ်ပြိုင်နက် ဖြစ်ကြရပါတယ်။

ဒီလို ဆိုင်ရာယှဉ်ဘက် စေတသိက်တွေနှင့်အတူ စိတ်က အာရုံကိုယူရာမှာ မည်သည့်စေတသိက်ကမျှ နောက်ချန်လို့ မနေရစ်ရပါ၊ မည်သည့်စေတသိက်ကမျှလဲ မိမိတာဝန်ကို မလစ်လပ်စေရပါ၊ စေတသိက်အားလုံးက စိတ်နှင့်အတူ အာရုံကို စေ့စပ် ကပ်နေသလိုဖြစ်အောင် ယူကြရပါတယ်၊ အဲဒီလို အာရုံနှင့် စိတ်စေတသိက်တို့ စေ့စပ်မိအောင် နှိုးဆော်တိုက်တွန်းပေးတဲ့ တရားကတော့ စေတနာပဲ ဖြစ်ပါတယ်။

ဆိုင်ရာယှဉ်ဘက် စေတသိက်များနှင့်အတူ စိတ်က အာရုံကိုယူရာမှာ စေတနာက မိမိကိုယ်တိုင်လဲ အာရုံမှာ စပ်မိဖို့ရာ လွန်စွာ ဗျာပါရများပါတယ်၊ မိမိနှင့်အတူ ယှဉ်ဘက်တရားတို့ကိုလဲ စပ်မိဖို့ရာ လွန်စွာ ဗျာပါရများပါတယ်၊ ကိုယ်တိုင်ထွက်ပြီး ငယ်သားတွေနှင့်အတူ ကောက်ရိတ်တဲ့ လယ်ပိုင်ရှင်က ကိုယ်တိုင်လဲ မနေမနားရိတ်ပြီး ငယ်သားတွေကိုလဲ ရိတ်ဖို့တိုက်တွန်းကာ လွန်စွာ ဗျာပါရများသလိုပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com

စစ်ဗိုလ်လုပ်သူက မိမိကိုယ်တိုင်လဲ တိုက်ခိုက်တဲ့အပြင် လက်အောက်ငယ်သား တွေကို အသီးအသီး တိုက်ခိုက်ဖို့ရန် စီမံပေးရသလို အလားတူပဲ စေတနာဆိုတဲ့ တရားကလဲ ဖဿ–စတဲ့ တရားတွေကို ဖုသန–စတဲ့ ဆိုင်ရာကိစ္စမှာ ရွက်ဆောင်ဖို့ရန် စီမံသလိုပဲ ဖြစ်တတ်ပါတယ်။

ဒါ့ကြောင့် ကိစ္စတစ်ခုပြုလုပ်ရာမှာ စေတနာက ညှဉ်နေရင် စိတ်လဲ မပါတပါ ဖြစ်လာပါတယ်၊ အခြားစေတသိက်များလဲ ညှဉ်ကြပါတယ်၊ စေတနာက ထက်သန်နေရင် စိတ်စေတသိက်များလဲ ထက်သန်လာကြပါတယ်၊ စိတ်ရော စေတသိက်ပါ ထက်သန်ကြတာနဲ့ပဲ ကိုယ်ခန္ဓာလဲ အဲဒီကိစ္စအတွက် သွက်လက်လာတတ်ပါတယ်။

ရှေ့က ပြောလာခဲ့တာတွေကို ဆင်ခြင်လိုက်ရင် အာရုံကို ယူရာမှာ စေတနာဟာ အခြားယှဉ်ဘက် တရားတွေထက် ဗျာပါရ လွန်ကဲကြောင်း ထင်ရှားပါတယ်၊ ဒါ့ကြောင့် ကောင်းကောင်း–ဆိုးဆိုး အမျိုးမျိုးသော ကိုယ်မှု, နှုတ်မှု, စိတ်မှုများ ဖြစ်ပေါ်လာတဲ့အခါ အဲဒီ (အမှုရှင်)လက်သည်ကို ရှာရင် စေတနာအပေါ်မှာပဲ သတ္တုကျပါတယ်၊ ဒါ့ကြောင့် စေတနာကိုပဲ ကံတရား(အမှုရှင်) လက်သည်–လို့ အမည်တပ်ကာ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ–[၁] (စေတနာကိုပဲ ကံ–လို့ ငါ ဘုရား ဟောတော်မူတယ်)" လို့ ဗုဒ္ဓမြတ်စွာက ဟောတော်မူထားပါတယ်။ [စေတနာ ထက်သန်ရင် ကံလဲ ထက်သန်ကြီးမားတယ်၊ စေတနာညှဉ်ရင် ကံလဲ ညှဉ်ဖျင်းသေးငယ်ပါတယ်။]

ကံဆိုတဲ့ အမည်ဟာ ကိုယ်မှု, နှုတ်မှု, စိတ်မှုရဲ့အမည်ရင်း ဖြစ်ပါတယ်၊ ဒါပေမယ့် အဲဒီအမှုများဟာ စေတနာကြောင့် အထမြောက်ကြရပါတယ်၊ ဒါကြောင့် ကျိုးဆိုကြောင်းရ(ဖလူပစာ)အနေနဲ့ (အမှုရှင်)လက်သည်ဖြစ်တဲ့ အရင်းခံစေတနာကိုပဲ ကံလို့ ဟောတော်မူရပါတယ်။

၅။ ကေဂ္ဂတာ

တည်ကြည်ခြင်း, ငြိမ်သက်ခြင်းသဘောကို "ဧကဂ္ဂတာ"လို့ ခေါ်ပါတယ်၊ ဒီဧကဂ္ဂတာကို သမာဓိလို့လဲ ခေါ်ပါတယ်၊ ဒီဧကဂ္ဂတာခေါ်တဲ့ သမာဓိဟာ မရွေ့မလည် တည်ကြည်ခြင်း သဘောလက္ခဏာ ရှိပါတယ်။

ဝိစိကိစ္ဆာက တစ်ခုသောအာရုံမှာ အဖုံဖုံယုံမှားကာ ငြိမ်သက်စွာ မတည်နိုင်ပါ၊ ဥဒ္ဓစ္စကလဲ အာရုံတစ်ခုမှာ တုန်လှုပ်ကာ ငြိမ်သက်စွာ မတည်နိုင်ပါ၊ ဒါ့ကြောင့် ဒီတရား

၁။ အံ–၂၊ ၃၆၃။

http://www.dhammadownload.com

၂-ပါးကို ဝိသာရ(အမြဲမတည်, ထိုဤရွှေ့ရှား, လွင့်ပါးတတ်တဲ့) တရားလို့ ခေါ်ပါတယ်၊ ဒီသမာဓိကတော့ အဲဒီဝိစိကိစ္ဆာနှင့် ဥဒ္ဓစ္စတို့ကို ဆန့်ကျင်ဘက်ပြုကာ တည်ကြည် ငြိမ်သက်ခြင်း(လက္ခဏာ) ရှိပါတယ်။

ရေက မုန့်မှုန့်, ဆပ်ပြာမှုန့်-စသည်တို့ကို ဖရိုဖရဲ မကြဲရအောင် တွေခဲပေါင်း စုစေသလို, စစ် ၂-ဖက် တိုက်ခိုက်ရာမှာ စစ်အားနိမ့်လို့ ဖရိုဖရဲ ကွဲပျက်လုမတတ် ဖြစ်နေတဲ့စစ်တပ်ကို ရှင်ဘုရင်ကိုယ်တိုင်ထွက်လို့ အစည်းအရုံး မပျက်အောင် စည်းကြပ်သလို ယှဉ်ဘက်တရားတွေကို စည်းစည်းရုံးရုံးရှိအောင် ပေါင်းစုပေးခြင်းဟာ ဒီသမာဓိရဲ့ အလုပ်ကိစ္စပဲ ဖြစ်ပါတယ်။

ဒီဧကဂ္ဂတာခေါ်တဲ့ သမာဓိရဲ့ အစွမ်းကြောင့် စိတ်ဟာ အာရုံကိုယူတဲ့အခါ အာရုံတစ်ခုမှာ အတော်ကြာအောင် ထပ်ကာထပ်ကာ ယူနိုင်ပါတယ်၊ ဒါ့ကြောင့် ဒီသမာဓိကို လေငြိမ်ရာမှာ ထွန်းထားတဲ့ မီးတောက် ငြိမ်သက်နေသလို အာရုံမှာ တည်တံ့တဲ့(တည်ကြည်တဲ့) ငြိမ်သက်တဲ့တရားလို့ ဆိုရပါတယ်။

ကမ္မဋ္ဌာန်းအာရုံတစ်ခုကို ယူနေရာမှာ အဲဒီအာရုံအပေါ်မှာ ကြာရှည်စွာ ထပ်ကာ ထပ်ကာ အာရုံပြုနိုင်ရင်ပဲ "သမာဓိရလာပြီ၊ သမာဓိအားကောင်းလာပြီ"လို့ ပြောဆို တတ်ကြပါတယ်၊ အဲဒီသမာဓိဓာတ်ခံကောင်းသူဟာ အနေအထိုင် တည်ကြည်လာ ပါတယ်၊ အပြောအဆိုလဲ တည်ကြည်လာပါတယ်၊ သွားလာတဲ့ အခါမှာလဲ ဣန္ဒြေ ရပါတယ်၊ ပေါင်းသင်းဆက်ဆံရာမှာလဲ တည်ကြည်တည့်မတ်တတ်ပါတယ်၊ ဒါပေမယ့် စွဲမိစွဲရာ အာရုံကိုတော့ စွဲလမ်းတတ်ပါတယ်။

၆။ ဇီဝိတိန္ဒြေ

ယှဉ်ဘက်တရားတွေရဲ့ အသက်ရှင်ကြောင်းကို "ဇီဝိတ"လို့ ခေါ်ပါတယ်၊ အဲဒီ ဇီဝိတကပဲ ယှဉ်ဘက်တရားတွေကို အသက်ရှည်အောင် စောင့်ရှောက်မှုမှာ အစိုးတရ ဖြစ်တတ်တဲ့အတွက် ဣန္ဒြေလဲ မည်ပါတယ်၊ ဇီဝိတနှင့်+ဣန္ဒြေ ၂-ခုကို ပေါင်းစပ်လို့ ဇီဝိတိန္ဒြေ-လို့ ခေါ်ပါတယ်၊ ယှဉ်ဘက်တရားတွေရဲ့ အသက်ရှည်ကြောင်း ဖြစ်တဲ့ အပြင် အသက်ရှည်အောင် စောင့်ရှောက်မှုမှာ အစိုးတရဖြစ်တတ်တဲ့ တရား-လို့ ဆိုလို ပါတယ်။

ဒီဇီဝိတိန္ဒြေဟာ ရုပ်ဇီဝိတ, နာမ်ဇီဝိတလို့ ၂-မျိုး ရှိပါတယ်၊ ရုပ်ဇီဝိတိန္ဒြေက တကွဖြစ်ဘက် ကမ္မဇရုပ်ကို အသက်ရှည်အောင် စောင့်ရှောက်ပါတယ်၊ နာမ်ဇီဝိ

http://www.dhammadownload.com

တိရွေ့ကတော့ ယှဉ်ဘက်သမ္မယုတ် တရားတွေကို အသက်ရှည်အောင် စောင့်ရှောက်ပါတယ်။

တကွဖြစ်ဘက် ရုပ်နာမ်တရားတွေကို စောင့်ရှောက်ခြင်းဟာ ဇီဝတိရွေ့ရဲ့ သဘောလက္ခဏာ ဖြစ်ပါတယ်၊ ဒီဇီဝိတရဲ့ စောင့်ရှောက်မှုကြောင့်သာ ခန္ဓာကိုယ်ကြီးက အသေကောင်မှ ထူးခြားကာ တည်ရှိနေပါတယ်၊ အာရုံကိုလဲ သိနိုင်ပါတယ်၊ သက်ဆိုင်ရာကိစ္စတွေကိုလဲ ရွက်ဆောင်နိုင်ပါတယ်၊ သက်ရှိသတ္တဝါတွေရဲ့ အသက်ဆိုတာဟာလဲ ဒီရုပ်ဇီဝိတိရွေ့, နာမ်ဇီဝိတိရွေ့ပဲ ဖြစ်ပါတယ်၊ ဒီရုပ်ဇီဝိတ, နာမ်ဇီဝိတ အပြင် သတ္တဝါတွေရဲ့ ကိုယ်တွင်းမှာ အသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ်ကောင်, အတ္တကောင်ဆိုတာ မရှိပါဘူး။

ဇီဝိတိရွေ့က စောင့်ရှောက်တယ်ဆိုပေမယ့် ကြာပင်ကို စိမ်းရွှင်လန်းဆန်းအောင် စောင့်တဲ့ရေက ကြာပင်ရှိခိုက်မှာသာ စောင့်ရှောက်နိုင်ပြီး ကြာပင်မရှိရင် မစောင့်ရှောက်နိုင်သလို တကွဖြစ်ဘက်တရားတွေ မချုပ်မီ ထင်ရှားရှိခိုက်မှာသာ စောင့်ရှောက်နိုင်ပါတယ်၊ ချုပ်မသွားအောင်ကား စောင့်ရှောက်လို့ မထားနိုင်ပါ။

အထိန်းက သူတစ်ပါးကြောင့် ဖြစ်ပေါ်လာတဲ့ သားသမီးကို စောင့်ရှောက်သလို အာရုံ, ကံအစရှိတဲ့ အကြောင်းတွေကြောင့် ဖြစ်ပေါ်လာတဲ့ရုပ်နာမ်ကိုသာ စောင့်ရှောက်နိုင်ပါတယ်၊ မိမိတို့က အတူဖြစ်ဖော်ဖြစ်ဘက် သဟဇာတ် (တကွဖြစ်ဘက်) တရားတွေ ဖြစ်ပေါ်လာအောင် တာဝန်မယူနိုင်ပါ။

ဇီဝိတိရွေ့က သဟဇာတ်တရားတွေကို အသက်ရှည်အောင်(အရှင်ဖြစ်အောင်) စောင့်ရှောက်ပေးရင်း မိမိကိုလဲ မိမိပြန်လို့စောင့်ရှောက်ပြီးသား ဖြစ်နေပါတယ်။

လှေကို တစ်ဖက်ကမ်းသို့ရောက်အောင် ပို့ဆောင်ပေးတဲ့ လှေသမားက ပို့ရင်းက လှေကိုသာ ပို့ပါတယ်၊ ဒါပေမယ့် လှေနဲ့အတူ ပါသွားတဲ့အတွက် မိမိကိုလဲ မိမိပို့ရာရောက်သလို ဇီဝိတကလဲ စောင့်ရင်းက သဟဇာတ်(အတူဖြစ်ဘက်) တရားတွေကိုသာ စောင့်ပါတယ်၊ ဒါပေမယ့် သဟဇာတ်တရားတွေနှင့် စပ်လို့ဖြစ်နေရတဲ့အတွက် မိမိကိုလဲ မိမိပြန်လို့စောင့်ပြီးသား ဖြစ်နေပါတော့တယ်။

ရုပ်တရား နာမ်တရားတွေမှာ ဥပါဒ်, ဌိ, ဘင်=(ဖြစ်, တည်, ပျက်)လို့ ခဏ ၃-မျိုး ရှိနေပါတယ်၊ အဲဒီ ၃-ပါးအနက် ဘင်မတိုင်မီ သဟဇာတ်တရားတို့ကို

http://www.dhammadownload.com

ဖြစ်တည်အောင် ဇီဝိတိန္ဒြေက စောင့်ထားတတ်ပါတယ်၊ ဘင်ခဏမှာတော့ မိမိကပါ ပျက်ဆဲဖြစ်လို့ သူတစ်ပါးကို မတည်တဲ့စေနိုင်တော့ပါ။

ဇီဝိတိန္ဒြေက မိမိနှင့်တကွဖြစ်ဘက်(သဟဇာတ်) တရားတို့ကို စောင့်ရှောက်ရုံသာ မကသေးပါ၊ မိမိတို့ချုပ်ပြီးနောက် ဇီဝိတနှင့်တကွ အလားတူ ရုပ်နာမ်များ အစဉ်မပျက် ဆက်လက်ဖြစ်ဖို့ရန်လဲ ကျေးဇူးပြုခဲ့ကြပါတယ်၊ ဒီလို အဆက်ဆက် ကျေးဇူးပြုခဲ့ကြတဲ့ အတွက်သာ ကံအရှိန်ရှိသမျှ စုတိကျအောင် အစဉ်မပျက် ဆက်ကာ ဆက်ကာ ဖြစ်နိုင်ကြပါတယ်၊ ဒါ့ကြောင့် ဒီဇီဝိတိန္ဒြေ ၂-ပါးကို ရုပ်နာမ် ခန္ဓာ အစဉ်မှာ အကြီးအချုပ်တရားလို့ အဋ္ဌကထာဆရာများက မိန့်ဆိုထားကြပါတယ်။

၇။ မနသိကာရ

နှလုံးသွင်းခြင်းသဘောကို "မနသိကာရ"လို့ ခေါ်ပါတယ်။

[မနသိ-စိတ်မှာ+ကာရ-ထားမှု] စိတ်မှာ အာရုံကို ထားပေးခြင်း, စိတ်ကို အာရုံသို့ရောက်အောင် လုပ်ပေးခြင်းလို့ ဆိုလိုပါတယ်၊ ဒါကိုပဲ ထပ်ဆင့်ပြီး နှလုံးသွင်းခြင်း(အာရုံစူးစိုက်ခြင်း)လို့ မြန်မာမှု ပြုကြပြန်တယ်။

သမ္မယုတ်တရားတွေကို အာရုံသို့ ဖြောင့်တန်းအောင် သွားစေခြင်းဟာ မနသိကာရရဲ့ သဘောလက္ခဏာ ဖြစ်ပါတယ်၊ မြင်းလှည်းမောင်းသမားက မြင်းတွေကို လိုရာစခန်းသို့ ဖြောင့်တန်းစွာ သွားစေသလို ဒီမနသိကာရကလဲ ယှဉ်ဘက်တရားတွေကို အာရုံသို့ ဖြောင့်ဖြောင့်မတ်မတ် ရောက်ဖို့ရာ အာရုံဘက်သို့ လှည့်ပြီး(ယှဉ်ဘက်တရားတွေကို အတင်းမောင်းနှင်သလို ဖြစ်ပါတယ်၊ မနသိကာရရဲ့ အစွမ်းသတ္တိကြောင့်ပဲ စိတ်စေတသိက်တွေမှာ ဘယ်အခါမှ အာရုံမကင်းဆိတ်ဘဲ အာရုံတစ်ခုခုကို အမြဲရလျက် ရှိကြပါတယ်၊ မြင်းလှည်းမောင်းသမားနှင့်မနသိကာရ, မြင်းများနှင့်သမ္မယုတ်တရား, မြင်းလှည်းဆိုက်ရာအရပ်နှင့်အာရုံ တူကြပါတယ်၊ သမ္မယုတ်တရားတွေကို အာရုံမှာ ယှဉ်စေခြင်းဟာ မနသိကာရရဲ့ လုပ်ငန်းကိစ္စ ဖြစ်ပါတယ်။

စိတ်တစ်ခုခု ဖြစ်လာတဲ့အခါ ဒီစေတသိက် ၇-ပါးတို့ အမြဲပါကြရပါတယ်၊ လောဘ, ဒေါသ, သဒ္ဓါ, သတိ-စသည်တို့ကတော့ သူတို့ဆိုင်ရာ အာရုံကို ယူတဲ့အခါမှာသာ အပိုပါဝင်လာကြပါတယ်၊ ဒီ ၇-ပါးထဲက တစ်စုံတစ်ခုကို ခံစားနေတဲ့အခါ ဝေဒနာသတ္တိ ထင်ရှားပါတယ်၊ တစ်စုံတစ်ခုကို မှတ်နေတဲ့အခါ သညာ

http://www.dhammadownload.com

သတ္တိ ထင်ရှားပါတယ်၊ ကံတစ်ခုခုကို လုပ်နေတဲ့အခါ စေတနာသတ္တိ ထင်ရှားပါတယ်၊ အာရုံတစ်ခုခုကို စူးစိုက်နေတဲ့အခါ ဧကဂ္ဂတာ(သမာဓိ)သတ္တိ ထင်ရှားပါတယ်၊ ကျန်နေတဲ့ ဖဿ, ဇီဝိတိန္ဒြေ, မနသိကာရ ၃-ပါးတို့ကတော့ ဘယ်အခါမှ သတ္တိ မထင်ရှားလှပါ။

၁။ ဝိတက်

ကြံစည်ခြင်းသဘောကို "ဝိတက်"လို့ ခေါ်ပါတယ်၊ စိတ်ကို အာရုံသို့ ရောက်လို့ ရောက်လို့သွားအောင် ကြံစည်ခြင်းလို့ ဆိုလိုပါတယ်၊ စိတ်ကူးခြင်း, စဉ်းစားခြင်းပဲ ဖြစ်ပါတယ်။

သမ္မယုတ်တရားတွေကို အာရုံသို့တင်ပေးခြင်းဟာ ဝိတက်ရဲ့သဘောလက္ခဏာပဲ ဖြစ်ပါတယ်၊ အကြံအစည်များကာ ဝိတက်အားကြီးနေတဲ့အခါ အိပ်မပျော်ခြင်းမှာလဲ ဝိတက်က စိတ်ကို အာရုံသစ်သို့ ရောက်လျက်ရောက်လျက်သွားအောင် တင်ပေးနေတဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

ဝိတက်ရဲ့ အာရုံသစ်သို့ တင်ပေးပုံကို မင်းကျွမ်းဝင်သူနှင့် နှိုင်းယှဉ်ပြကြပါတယ်၊ ဇနပုဒ်ကျေးတောသား တစ်ယောက်က မင်းကို ဝင်ရောက်ခစားလိုပေမယ့် မိမိ တစ်ဦးတည်း မဝင်ရောက်နိုင်တဲ့အတွက် မြို့ခံမင်းကျွမ်းဝင်သူကို အမှီပြုကာ ဝင်ရောက် ရပါတယ်၊ မင်းကျွမ်းဝင်သူက ပို့ဆောင်ပေးတာနဲ့ မင်းကို ခစားခွင့် ရပါတယ်။ [မင်းနှင့်အာရုံ, ဇနပုဒ်သားနှင့်သမ္မယုတ်တရား, မင်းကျွမ်းဝင်သူနှင့် ဝိတက်တို့ တူကြပါတယ်။]

အစစ္စာတီးခေါက်ခြင်း, အဖန်ဖန်တီးခေါက်ခြင်းဟာ ဝိတက်ရဲ့ လုပ်ငန်းကိစ္စ ဖြစ်ပါတယ်၊ အာရုံတစ်ခုကို ထပ်တလဲလဲ ကြံစည်နေတာကိုပဲ ခေါက်တယ်လို့ ဆိုပါတယ်၊ ကမ္မဋ္ဌာန်းအားထုတ်ရာမှာ ပထဝီ, ပထဝီလို့ အာရုံပြုနေတာဟာ အဲဒီ အာရုံကို ဒေါက်ဒေါက်လို့ ထပ်တလဲလဲ ခေါက်သလို ဖြစ်ပါတယ်၊ ကာမဂုဏ်ကို ထပ်တလဲလဲ ကြံစည်နေတဲ့ အခါမှာလဲ အလားတူပဲ ဖြစ်ပါတယ်၊ အာရုံသို့ ရောက်အောင် စိတ်ကို ဆောင်တတ်တဲ့တရားလို့ ဉာဏ်ထဲမှာ ထင်လာအောင် ရှုဆင်ခြင်ပါ။

ဝိတက်မယှဉ်တဲ့စိတ်များက အာရုံယူနိုင်ပုံ

ဝိတက်မယှဉ်တဲ့ ဒွေးပဉ္စဝိညာဉ်နှင့် ဒုတိယစျာန်-စတဲ့ စိတ်တွေက အာရုံသို့ တင်ပေးမယ့်ဝိတက် မပါရှိပေမယ့် ပဉ္စဝတ္ထုမှာ ပဉ္စာရုံတွေရဲ့ ထိခိုက်မှုအစွမ်းနှင့် ဥပစာရ ဘာဝနာရဲ့အစွမ်းကြောင့် အာရုံသို့ တက်ရောက်နိုင်ကြပါတယ်။

http://www.dhammadownload.com

နည်းနည်းလေးအကျယ်ခဲ့ကာ ပြောပြပါဦးမယ်၊ ဒွေးပဉ္စဝိညာဉ်က တင်ပေးမယ့် ဝိတက်နှင့်မယှဉ်ပေမယ့် စက္ခု-စတဲ့ ပဉ္စဝတ္ထုမှာ ရှုပါရုံ-စတဲ့ ပဉ္စာရုံတွေရဲ့ ထိခိုက်မှုက ထင်ရှားလှတဲ့အတွက် အာရုံသို့ တက်ရောက်နိုင်ကြပါတယ်၊ အင်မတန် ထင်ရှားနေတဲ့ အာရုံပေါ်မှာ ဝိတက်က တင်ပေးစရာ မလိုပါ။

ဒုတိယစျာန်-စသည်တို့ မဥပါဒ်ခင် ရှေ့အဖို့မှာဖြစ်တဲ့ ကာမာဝစရဘာဝနာ စိတ်ကို ဥပစာရဘာဝနာလို့ ခေါ်ပါတယ်၊ အဲဒီ ဥပစာရဘာဝနာက ပထဝီကသိုဏ်း-စတဲ့ အာရုံကို မိမိရရ အသားကျအောင် ယူပြီးမှ စျာန်တရားတို့ ဥပါဒ်နိုင်ကြပါတယ်၊ ဥပစာရဘာဝနာက ဝိတက်နှင့် တွဲဖက်လို့ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ တိုင်အောင်သော ကိစ္စနဲ့ ကျကျနနယူပြီးတဲ့ အာရုံကို ခွဲပြီးသားထမင်း စားရသူလို အလွယ်တကူ ဆက်လက်ယူရတဲ့ ဒုတိယစျာန်-စသည်တို့မှာလဲ ဝိတက်မပါတဲ့အတွက် မယူနိုင်ရန်အချက် မရှိတော့ပါ။

စေတနာ, မနသိကာရ, ဝိတက် အတူး

အာရုံမှာ သမ္မယုတ်တရားတွေကို ဖွဲ့စပ်ပေးခြင်းဟာ စေတနာရဲ့သဘော ဖြစ်ပါတယ်၊ သမ္မယုတ်တရားတွေကို အာရုံနှင့် ယှဉ်စပ်ပေးခြင်းဟာ မနသိကာရရဲ့ လုပ်ငန်းကိစ္စ ဖြစ်တယ်-လို့ ဆိုထားခဲ့ပါတယ်၊ တစ်ဖန် သမ္မယုတ်တရားတွေကို အာရုံသို့ တင်ပေးခြင်းဟာ ဝိတက်ရဲ့ သဘောလက္ခဏာ ဖြစ်တယ်လို့ ဆိုထားပါတယ်၊ ဒီတော့ ဒီ ၃-ပါးလုံးက သဘောတူသလို ဖြစ်နေပါတယ်၊ ဒါ့ကြောင့် ဘယ်လို ထူးကြသလဲလို့ မေးစရာ ရှိနေပါတယ်။

ပြိုင်လှေတစ်စင်းကို လှော်ကြရာမှာ—လှေဦးက ပန်းဆွတ်သူ, ဝမ်းက လှော်သူ, ပဲ့က ပဲ့ကိုင်သူ၊ ဒီလူ ၃-ယောက်တို့က လှေကို ပြိုင်တူ လှော်ကြပေမယ့် ဝမ်းက လှော်သူမှာ ပန်းတိုင်သို့ အတွင်ရောက်အောင် လှော်ပေးရန်သာ အရေးကြီးပါတယ်၊ ပဲ့ကိုင်သူမှာ ပန်းတိုင်သို့ ဖြောင့်ဖြောင့်သွားစေဖို့သာ အရေးကြီးပါတယ်၊ ဦးက လှော်သူမှာ ပန်းတိုင်သို့ ရောက်တဲ့အခါ ပန်းဆွတ်ဖို့သာ အရေးကြီးပါတယ်။

ဒီဥပမာအတိုင်းပါပဲ၊ ဝိတက်မှာ သမ္မယုတ်တရားတွေကို အာရုံသို့ ရောက်သွားအောင် အတင်းနှင်ကာ တင်ပေးဖို့တာဝန် ရှိပါတယ်၊ လေ့ဝမ်းက လှော်သူနှင့် တူပါတယ်၊ မနသိကာရမှာ အာရုံသို့ ဖြောင့်ဖြောင့်ရောက်အောင် သမ္မယုတ်တရားတွေကို ဖြောင့်ပေးဖို့တာဝန် ရှိပါတယ်၊ ပဲ့ကိုင်သူနှင့် တူပါတယ်၊ စေတနာမှာ အာရုံ၌ သမ္မယုတ်တရားတွေကို စပ်ဖွဲ့ပေးဖို့ လုပ်ငန်းကိစ္စ ရှိနေပါတယ်၊ ပန်းဆွတ်

http://www.dhammadownload.com

သူနှင့် တူပါတယ်။ [အာရုံက ပန်းတိုင်နှင့် တူပါတယ်၊ သမ္မယုတ်တရားတွေက လှေနှင့် တူပါတယ်။]

မကောင်းဝိတက် ၃-ပါး ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်လို့ မကောင်းတဲ့ဝိတက် ၃-မျိုးရှိနေပါတယ်၊ အဲဒီ ၃-မျိုး အနက် ရှေပါရုံ, သဒ္ဒါရုံ-စတဲ့ ကာမအကြောင်းအရာ, ကာမဂုဏ်မှု ကိစ္စစုတွေကို ကြံစည်စိတ်ကူးခြင်း, ပစ္စည်းဥစ္စာရှာဖွေမှုကို ကြံစည်စိတ်ကူးခြင်း-စတဲ့ လောဘမကင်းသော ကြံစည်စိတ်ကူးမှု ဟူသမျှကို ကာမဝိတက်လို့ ခေါ်ပါတယ်။

သူတစ်ပါးကို ပျက်စီးစေလို, သေစေလိုတဲ့ ဒေါသကို ဗျာပါဒလို့ ခေါ်ပါတယ်၊ အဲဒီဒေါသနှင့်ယှဉ်တဲ့ အကြံကို ဗျာပါဒဝိတက်လို့ ခေါ်ပါတယ်။

သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်လိုတဲ့ ဒေါသကိုပဲ ဝိဟိံသာလို့ ခေါ်ပါတယ်၊ အဲဒီဒေါသနှင့်ယှဉ်ပြီး ရိုက်ပုတ်သတ်ဖြတ်ဖို့ရန် ကြံစည်ခြင်း, တစ်နည်းနည်းနဲ့ ဆင်းရဲဒုက္ခရောက်သွားအောင် ကြံစည်ခြင်းများကို ဝိဟိံသာဝိတက်လို့ ခေါ်ပါတယ်။

အကောင်းဝိတက် ၃-ပါး နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသာဝိတက်လို့ အကောင်းဝိတက် ၃-မျိုး ရှိပါတယ်၊ အဲဒီ ၃-မျိုးအနက် တောထွက်ဖို့, ရသေ့ ရဟန်းပြုဖို့, လှူဒါန်းဖို့, ဥပုသ်သီလဆောက်တည်နေဖို့, တရားအားထုတ်ဖို့-စတဲ့ လောဘတဏှာလွတ်ကင်းတဲ့ ကြံစည်စိတ်ကူးမှုကို နေက္ခမ္မဝိတက်လို့ ခေါ်ပါတယ်။

ဒေါသနှင့် ဆန့်ကျင်ဘက်ဖြစ်တဲ့ မေတ္တာကိုပဲ အဗျာပါဒလို့ ခေါ်ပါတယ်၊ အဲဒီ မေတ္တာနှင့် စပ်ယှဉ်တဲ့အကြံ(သတ္တဝါများကို ချမ်းသာစေလို, ချမ်းသာအောင် ပြုလုပ်ပေးလိုတဲ့အကြံ)များကို အဗျာပါဒဝိတက်လို့ ခေါ်ပါတယ်။

ဝိဟိံသာဆိုတဲ့ ဒေါသရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ ကရုဏာကိုပဲ အဝိဟိံသာ-လို့ ခေါ်ပါတယ်၊ အဲဒီကရုဏာနှင့်ယှဉ်ပြီး ဒုက္ခိတသတ္တဝါများကို ဒုက္ခက ကယ်ဆယ်ဖို့ရန် ကြံစည်စိတ်ကူးခြင်း, တစ်နည်းနည်းနဲ့ ဒုက္ခကလွတ်ကင်းအောင် ကြံစည်ခြင်းကို အဝိဟိံသာဝိတက်လို့ ခေါ်ပါတယ်။

မကောင်းတဲ့ဝိတက်တွေကို ရှောင်ကြဉ်ပြီး ကောင်းတဲ့ဝိတက်တွေသာ ကိုယ့်သန္တာန်မှာ ဖြစ်ပွားလာအောင် ကြိုးစားထူထောင်နိုင်ကြပါစေ။

၂။ ဝိစာရ

အာရုံမှာ အဖန်ဖန်လှည့်လည်ခြင်းသဘော (အာရုံတစ်ခုကို အထပ်ထပ် အလီလီသုံးသပ်ခြင်းသဘော)ကို "ဝိစာရ"လို့ ခေါ်ပါတယ်၊ ဝိတက်က အာရုံတစ်ခုသို့

http://www.dhammadownload.com

စိတ်ရောက်လို့ ရောက်လို့နေအောင် ကြဲစည်ပါတယ်၊ ဒါပေမယ့် အဲဒီအာရုံပေါ်မှာ ကြာရှည်စွာ မတည်ပါ၊ အခြားအာရုံကိုလဲ ဆက်လက်ကြဲစည်တတ်ပါတယ်၊ ဝိစာရကတော့ ဝိတက်အစွမ်းကြောင့် ရောက်ရှိနေတဲ့ အာရုံကို တော်တော်နဲ့မလွတ်ဘဲ အကြိမ်ကြိမ်အထပ်ထပ် ပွတ်တိုက်သလို အဲဒီအာရုံကို ထပ်ကာထပ်ကာ အာရုံပြုပါတယ်၊ အဲဒီလို အထပ်ထပ်အာရုံပြုခြင်းကိုပဲ အဲဒီအာရုံကို သုံးသပ်ပွတ်တိုက်သလို ဖြစ်နေတဲ့အတွက် အာရုံတစ်ခုကို အထပ်ထပ် အလီလီ သုံးသပ်ခြင်းသဘောလို့ ဆိုခဲ့ရပါတယ်။

အာရုံကို အထပ်ထပ် ပွတ်တိုက်သုံးသပ်ခြင်းဟာ ဝိစာရရဲ့ သဘောလက္ခဏာပဲ ဖြစ်ပါတယ်၊ ဝိတက်ရဲ့တင်ပေးမှုကြောင့် အာရုံတစ်ခုသို့ရောက်နေရာ အဲဒီအာရုံက မခွာဘဲ ရစ်ဝဲလှည့်လည်နေခြင်းဟာ ဝိစာရရဲ့သဘောပဲ ဖြစ်ပါတယ်၊ ရစ်ဝဲလှည့်လည်ခြင်း–ဆိုပေမယ့် အာရုံသို့ ထိထိရောက်ရောက်မဟုတ်ဘဲ ရစ်သီရစ်သီနဲ့ ဝဲနေရုံမဟုတ်ပါ၊ အဲဒီအာရုံကို မလွတ်ဘဲ ထပ်ကာထပ်ကာ အာရုံပြုတဲ့အနေနဲ့ ပွတ်တိုက်သုံးသပ်နေသလို ဖြစ်ခြင်းမျိုးပါပဲ။

တကွဖြစ်ဘက် တရားတွေကို အာရုံမှာ ထပ်ကာထပ်ကာ ယှဉ်စေခြင်းဟာ ဝိစာရရဲ့ အလုပ်ကိစ္စ ဖြစ်ပါတယ်၊ ယူအပ်ပြီးတဲ့ အာရုံမှာ စိတ်ကို အစဉ်မပြတ်အောင် ဖွဲ့ထားတတ်တဲ့ တရားမျိုး ဖြစ်ပါတယ်၊ သမွယုတ်တရားတွေကို မိမိနှင့်အတူ အာရုံမှာ ထပ်လို့ထပ်လို့ ယှဉ်စေခြင်းအလုပ်ကို လုပ်နေတဲ့အတွက် အာရုံကို ယူမိရင် မလွတ်ဘဲ အစဉ်မပြတ် ဖွဲ့ထားတတ်တယ်လို့ ဆိုလိုပါတယ်။

ဝိတက်နှင့်ဝိစာရ အထူး

ဝိတက်နှင့်ဝိစာရတို့က အချို့စိတ်မှာ အတူယှဉ်နေကြပေမယ့် အာရုံကို ပထမအကြိမ် ယူတဲ့အခါ ဝိတက်ရဲ့သဘော ထင်ရှားပါတယ်၊ ဝိစာရရဲ့သဘော မထင်ရှားပါ၊ ပထမအကြိမ်ယူပြီးတဲ့ အာရုံကို ထပ်ကာထပ်ကာ ယူတဲ့အခါ ဝိစာရရဲ့သဘော ထင်ရှားလာပါတယ်၊ ဝိတက်ရဲ့သဘော မထင်ရှားတော့ပါ။

ဝိတက်ရဲ့ အာရုံကိုယူပုံက ကြမ်းပါတယ်၊ ခေါင်းလောင်းကြေးစည်ကို တီးခတ်လိုက်တဲ့အခါ ရှေးဦးစွာ ထွက်လာတဲ့အသံနှင့် တူပါတယ်၊ ဝိစာရရဲ့ အာရုံကိုယူပုံက သိမ်မွေ့ပါတယ်၊ ပထမတီးခေါက်လိုက်ပြီးတဲ့နောက် တဟိဟိမြည်နေတဲ့ ကြေးညည်းသံနှင့် တူပါတယ်။

ဝိတက်ရဲ့အာရုံကိုယူပုံက တုန်တုန်လှုပ်လှုပ်ရှိပါတယ်၊ ငှက်ကြီးက ကောင်းကင်ကို ပျံတက်လိုတဲ့အခါ အတောင်ကို အားကုန်ခတ်ရတာနှင့် တူပါတယ်၊ ပန်းနံ့ရတဲ့

http://www.dhammadownload.com

ပိတုန်းရဲ့ ပဒုမာကြာတောသို့(ရောက်အောင်) တရှိန်ထိုးပျံသွားတာနှင့်လဲ တူပါတယ်၊ ဝိစာရရဲ့အာရုံကိုယူပုံက ငြိမ်သက်လှပါတယ်၊ ကောင်းကင်သို့ပျံတက်ပြီးတဲ့ ငှက်ကြီးရဲ့ အတောင်ကို ဆန့်တန်းကာ လေဟုန်စီးပြီး ပျံဝဲနေတာနှင့် တူပါတယ်၊ ပဒုမာကြာတောကို ရောက်သွားတဲ့ ပိတုန်းရဲ့ ပဒုမာကြာတောအပေါ်မှာ ရစ်ဝဲနေတာနှင့်လဲ တူပါတယ်။

ဝိတက်ရဲ့ အာရုံကိုယူပုံက အဂ္ဂိရတ်သမားရဲ့ ဓာတ်လုံးကို အိပ်ထဲက နှိုက်ယူလိုက်တာနှင့် တူပါတယ်၊ ကြမ်းသယောင် ရှိပါတယ်၊ ဝိစာရရဲ့ အာရုံယူပုံက လက်ထဲကို ရောက်လာတဲ့ ဓာတ်လုံးကို ပြောင်လက်လာအောင် ပွတ်တိုက်နေတာနှင့် တူပါတယ်၊ သိမ်မွေ့သယောင် ရှိပါတယ်။

၃။ အဓိမောက္ခ

ဆုံးဖြတ်ခြင်း သဘောကို "အဓိမောက္ခ"လို့ ခေါ်ပါတယ်၊ မှားသည်ဖြစ်စေ, မှန်သည်ဖြစ်စေ မတွန့်မဆုတ်ဘဲ သက်ဝင်ဆုံးဖြတ်နိုင်ခြင်းဟာ အဓိမောက္ခရဲ့သဘောလက္ခဏာ ဖြစ်ပါတယ်၊ ဒီအဓိမောက္ခရဲ့ ဆုံးဖြတ်ချက်ကြောင့် ပါဏာတိပါတ–စတဲ့ ဒုစရိုက်, ပါဏာတိပါတဝိရတိ–စတဲ့ သုစရိုက်များ ထမြောက်ရပါတယ်။

ဝိစိကိစ္ဆာက ယုံမှားခြင်းသဘော ဖြစ်တဲ့အတွက် ဝိစိကိစ္ဆာကို ဆန့်ကျင်ဘက် ပြုခြင်းဟာ အဓိမောက္ခရဲ့ အလုပ်ကိစ္စပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်မှာ အဓိမောက္ခမယှဉ်ဘဲ ရှိရပါတယ်။

ဒီအဓိမောက္ခဟာ မယိမ်းမယိုင် တံခါးတိုင်လို မလှုပ်မရှား ခိုင်မြဲတဲ့တရား ဖြစ်ပါတယ်၊ ယူရမယ့်အာရုံမှာ မြဲခိုင်တည်တဲ့တဲ့အတွက် မြို့တံခါးအနီးမှာ စိုက်ထူထားတဲ့ တံခါးတိုင်ကြီးနှင့်တူတဲ့တရား ဖြစ်ပါတယ်။

၄။ ဝီရိယ

အားထုတ်ခြင်းသဘော, ဆိုင်ရာကိစ္စကို ပြုလုပ်ဆောင်ရွက်ဖို့ရာ မကြောက်မရွံ့ရဲဝံ့ခြင်း နောက်မတွန့်ခြင်းသဘောကို "ဝီရိယ"လို့ ခေါ်ပါတယ်၊ ရတဲ့ဆင်းရဲအံကြိတ်ခဲလို့ အမြဲသည်းခံခြင်းဟာ ဝီရိယရဲ့သဘော ဖြစ်ပါတယ်။

ထကြွလုံ့လ ဝီရိယရှိသူကသာ ဆိုင်ရာကိစ္စမှာ ရဲရင့်ပါတယ်၊ ဒါ့ကြောင့် ရဲရင့်သူရဲ့ဖြစ်ကြောင်း(ရဲရင့်ခြင်း, နောက်မတွန့်ခြင်း)ဆိုတာဟာ ဝီရိယပဲ ဖြစ်ပါတယ်၊

http://www.dhammadownload.com

ဝီရိယရှိသူကသာ တစ်စုံတစ်ခုကို ပြုလုပ်ရတဲ့အတွက် ရရှိလာမယ့် ဆင်းရဲဒုက္ခကို မကြောက်မရွံ့ နောက်မတွန့်ဘဲ သည်းခံနိုင်ပါတယ်။

ယှဉ်ဘက်တရားတွေကို ထောက်ပံ့ခြင်းဟာ ဝီရိယရဲ့ အလုပ်ကိစ္စ ဖြစ်ပါတယ်၊ လဲပြိုခါနီး အိမ်အိုကြီးကို ထောက်ကျားတိုင်က မလဲမပြိုရအောင် ထောက်ကန်ထားသလို ယှဉ်ဘက်တရားတွေကို ဆိုင်ရာကိစ္စမှာ ရော့ရဲရဲ မရှိရအောင် ဝီရိယက ထောက်ပံ့ထားပါတယ်၊ ဒါ့ကြောင့် ဝီရိယနှင့်ယှဉ်တဲ့ တရားတွေက တက်တက်ကြွကြွ ရှိနေကြပါတယ်။

ဝီရိယဟာ ဆုတ်နစ်ခြင်းကင်း ရဲတင်းပါတယ်၊ ထိန်မိုဒ္ဓပြဋ္ဌာန်းတဲ့ အကုသိုလ်စိတ္တုပ္ပာဒ်ကို ကောသဇ္ဇ(ပျင်းရိခြင်း)လို့ ခေါ်ပါတယ်၊ ဝီရိယက အဲဒီ ကောသဇ္ဇတရား အပျင်းထူမှုများကို လွှမ်းမိုးကာ အရေးကြုံလာက နောက်မဆုတ်တတ်တဲ့တရား ဖြစ်ပါတယ်။

၁။ တစ်စုံတစ်ခုကို လုပ်ရခါနီးနေခြင်း,
၂။ လုပ်ပြီးခါစဖြစ်ခြင်း,
၃။ ခရီးသွားရခါနီးဖြစ်ခြင်း,
၄။ ခရီးက ရောက်ခါစဖြစ်ခြင်း,
၅။ မစားရသေးခြင်း,
၆။ စားပြီးခါစဖြစ်ခြင်း,
၇။ မကျန်းမမာဖြစ်စပြုနေခြင်း,
၈။ နာလန်ထစဖြစ်ခြင်း-

ဒီ၈-ပါးကို ပျင်းရိခြင်းရဲ့အကြောင်း(ကောသဇ္ဇဝတ္ထု)လို့လဲ ခေါ်ပါတယ်၊ အားထုတ်ခြင်းရဲ့အကြောင်း(ဝီရိယာရမ္ဘဝတ္ထု)လို့လဲ ခေါ်ပါတယ်၊ ဒီဝတ္ထု ၈-ခုကပဲ ပုဂ္ဂိုလ်တွေရဲ့ ဓာတ်ခံအလိုအဇ္ဈာသယကို လိုက်ပြီး ပျင်းရိခြင်းရဲ့အကြောင်းလဲ ဖြစ်လာရပါတယ်၊ အားထုတ်ခြင်းရဲ့အကြောင်းလဲ ဖြစ်လာရပါတယ်၊ ဒီ ၈-ပါးကို အကြောင်းပြုပြီး အပျင်းဓာတ်ခံ ရှိနေသူက—

၁။ ငါ့မှာ လုပ်စရာကိစ္စ ရှိနေတယ်၊ အလုပ်လုပ်တော့ ပင်ပန်းရတော့မယ်၊ ကြိုတင်လို့ အိပ်ထားလိုက်ဦးမှပဲ-လို့ လုပ်ရမယ့်အလုပ်ကို ဆင်ခြင်ကာ တစ်ဝကြီး အိပ်ပစ်လိုက်ပါတော့တယ်။

၂။ ငါ့က အလုပ်လုပ်နေခဲ့ရတယ်၊ ဒါနဲ့ ကိုယ်ခန္ဓာ ပင်ပန်းလာတယ်၊ အနား ယူပြီး အိပ်ပစ်လိုက်ဦးမှပဲ-လို့ လုပ်ပြီးအလုပ်ကို ယိုးမယ်ဖွဲ့ကာ တစ်ဝကြီး အိပ်ပစ်လိုက်ပါတော့တယ်။

http://www.dhammadownload.com

၃။ ငါ့မှာ ခရီးသွားစရာ ရှိနေတယ်၊ ခရီးသွားတော့ ပင်ပန်းဦးမှာပဲ၊ အခု နေက ကြိုတင်အိပ်ထားရတော့မယ်လို့ ခရီးသွားရမယ့်ကိစ္စကို ဆင်ခြင်ကာ တစ်ဝကြီး အိပ်ပစ်လိုက်ပါတော့တယ်။

၄။ ငါဟာ ခရီးက ပြန်ရောက်ခါစ ဖြစ်နေတယ်၊ ခရီးသွားနေတုန်းက ပင်ပန်း လာခဲ့တယ်၊ အိပ်စက်လိုက်ဦးမှပဲလို့ ခရီးသွားနေခဲ့ရတာကို ဆင်ခြင်ကာ အိပ်နေပါတော့တယ်။

၅။ ငါဟာ မစားရသေးဘူး၊ ဆာနေသေးတယ်၊ အလုပ်လုပ်ဖို့ မတော်သေးဘူး၊ အိပ်ဦးမှပဲလို့ မစားရသေးတာကို ယိုးမယ်ဖွဲ့ကာ အိပ်နေပါတော့တယ်။

၆။ ငါဟာ စားပြီးခါစဖြစ်နေတယ်၊ ဗိုက်လေးနေတယ်၊ အလုပ်လုပ်ဖို့ မတော် သေးဘူး၊ အိပ်ဦးမှပဲလို့ အစာစားပြီးတာကို ယိုးမယ်ဖွဲ့ကာ အိပ်နေပါ တော့တယ်။

၇။ ယခု ငါ မကျန်းမမာ ဖြစ်စပြုနေတယ်၊ မအီမသာ ဖြစ်နေတယ်၊ အိပ်မှ တော်မယ်၊ အိပ်ဦးမှပဲလို့ မအီမသာဖြစ်နေတာကို ယိုးမယ်ဖွဲ့ကာ အိပ်နေ ပါတော့တယ်။

၈။ ငါဟာ နာလန်ထစ ဖြစ်တယ်၊ အနာရောဂါ ပျောက်ခါစ ရှိသေးတယ်၊ အားမရှိသေးဘူး၊ အလုပ်လုပ်လို့ မကောင်းသေးဘူး၊ အနားယူဦးမှပဲလို့ ဖြစ်ခဲ့တဲ့ အနာရောဂါကို ယိုးမယ်ဖွဲ့ကာ အိပ်နေပါတော့တယ်။

အပျင်းဓာတ်ခံရှိနေလို့ အယောနိသော မနသိကာရရှိသူက ဒီလိုပဲ အချိန်ကို ကုန်လွန်စေပါတော့တယ်၊ မရရှိသေးတဲ့ ပစ္စည်းဥစ္စာ အတတ်ပညာကိုလဲ ရရှိအောင်, ရပြီးတဲ့ ပစ္စည်းဥစ္စာ အတတ်ပညာကိုလဲ တိုးပွားအောင် အားမထုတ်တော့ပါ၊ ဒါနဲ့ သူများအောက်ကို ရောက်မှန်းမသိဘဲ တဖြည်းဖြည်း ရောက်နေရပါတော့တယ်။

ဝီရိယဓာတ်ခံ ရှိနေသူက ဒီ ၈-ပါးကိုပဲ အကြောင်းပြုပြီး-

၁။ ငါ့မှာ လုပ်စရာကိစ္စတစ်စုံတစ်ခု ဖြစ်ပေါ်လာစရာ ရှိနေတယ်၊ အဲဒီအချိန် ကျတော့ အားထုတ်နေကျ ဒီအလုပ်ကိစ္စကို အားမထုတ်ရဘဲ နေတော့မယ်၊ ယခုနယ်က ကြိုတင်အားထုတ်ထားမှ တော်မယ်လို့ ဖြစ်ပေါ်လာမယ့်ကိစ္စကို ဆင်ခြင်ကာ လွန်စွာ အားထုတ်တတ်ပါတယ်။

၂။ ငါက အလုပ်လုပ်နေခဲ့ရတယ်၊ အဲဒီအလုပ်ကို လုပ်နေတုန်းက လုပ်နေကျ ဖြစ်တဲ့ အလုပ်များ လစ်ဟင်းခဲ့တယ်၊ အခု အဲဒီ လုပ်နေကျအလုပ်ကို ကြိုးစားလိုက်ဦးမှတော်မယ်လို့ ပြီးခဲ့တဲ့အလုပ်ကိစ္စကိုဆင်ခြင်ကာ လွန်စွာအားထုတ် ပါတယ်။

http://www.dhammadownload.com

၃။ ငါ့မှာ ခရီးသွားစရာ ရှိနေတယ်၊ အချိန်ကျလို့ သွားရတဲ့အခါ လုပ်နေကျ အလုပ်တွေကို မလုပ်ဘဲ နေရတော့မယ်၊ ယခုနယ်က ကြိုတင်အားထုတ်ထားမှ တော်မယ်လို့ ခရီးသွားရမယ့် ကိစ္စကို ဆင်ခြင်ကာ လွန်ဖွာအားထုတ်ပါတော့တယ်။

၄။ ငါဟာ ခရီးသွားနေခဲ့ရတယ်၊ ခရီးသွားနေတုန်းမှာ လုပ်နေကျ အလုပ်တွေ လစ်ဟင်းနေခဲ့တယ်၊ အခုပဲ ဒီလုပ်နေကျ အလုပ်တွေကို ကြိုးစားလုပ်ကိုင်မှ တော်မယ်လို့ ခရီးသွားနေခဲ့ရတဲ့ ကိစ္စကို ဆင်ခြင်ကာ လွန်စွာကြိုးစားအားထုတ်ပါတော့တယ်။

၅။ အစာမရှိတော့ ငါ့ရဲ့ခန္ဓာကိုယ်ဟာ ပေါ့ပါးတယ်၊ အလုပ်လုပ်ရန် သင့်တော်တယ်၊ အားထုတ်ကြိုးစားမှ တော်မယ်လို့ အစာမစားရသေးတာကို ဆင်ခြင်ကာ လွန်စွာအားထုတ်ပါတယ်။

၆။ အခု အစာကို စားလိုက်ရတော့ ငါ့ရဲ့ကိုယ်က အားရှိလာတယ်၊ အလုပ်လုပ်ရန် သင့်တော်နေတယ်၊ အခုကြိုးစားအားထုတ်လိုက်ဦးမှပဲ–လို့ အစာစားပြီးတာကို ဆင်ခြင်ကာ လွန်စွာအားထုတ်ပါတယ်။

၇။ ယခု ငါမကျန်းမမာ ဖြစ်စပြုနေတယ်၊ မအီမသာ ဖြစ်နေတယ်၊ ဒီရောဂါတိုးပွားလာစရာ ရှိတယ်၊ ယခုနယ်က ကြိုတင်ပြီး ကြိုးစားအားထုတ်ထားလိုက်ဦးမှပဲ–လို့ စွဲကပ်လာစပြုတဲ့ အနာကို ဆင်ခြင်ကာ လွန်စွာအားထုတ်ပါတော့တယ်။

၈။ ငါဟာ နာလန်ထစ ဖြစ်တယ်၊ ဒီရောဂါဟာ ပြန်ဖြစ်နိုင်စရာအကြောင်းရှိနေတယ်၊ ရောဂါဖြစ်နေတုန်းမှာလဲ ငါ့ရဲ့ လုပ်နေကျအလုပ်တွေဟာ လစ်ဟင်းနေခဲ့တယ်၊ နောင်လဲ လစ်ဟင်းစရာ ရှိနေပြန်တယ်၊ အခုနယ်က ကြိုတင်ပြီး ကြိုးစားအားထုတ်လိုက်ဦးမှပဲလို့ ဖြစ်ခဲ့တဲ့ ရောဂါကို ဆင်ခြင်ကာ လွန်စွာအားထုတ်ပါတယ်။

ဝိရိယဓာတ်ခံရှိတဲ့အပြင် အများအားဖြင့် ယောနိသော မနသိကာရ ရှိသူက အချိန်ကို အချိုးတကျ အသုံးချတတ်ပါတယ်၊ မရသေးတဲ့ ပစ္စည်းဥစ္စာ အတတ်ပညာကို ရရှိအောင်, ရရှိပြီးတဲ့ ပစ္စည်းဥစ္စာ အတတ်ပညာကို တိုးပွားအောင် ကြိုးစားအားထုတ်နေပါတော့တယ်၊ ဒါနဲ့ သူများတွေရဲ့ အထက်ကို ရောက်နေရပါတော့တယ်။

ဒါ့ကြောင့်- - - -ဘုရားရှင်နှင့် ရွေးမထေရ်များ, အဋ္ဌကထာဆရာများကလဲ–

ပေါ့တန်ပျင်းရိ လုံ့လမရှိသူရဲ့ နှစ်ပေါင်းတစ်ရာ အသက်ရှင်နေရတာထက် ခိုင်မြဲဖွဲထူ အားထုတ်နေသူရဲ့ တစ်နေ့တစ်ရက် တစ်နံနက်မျှ အသက်ရှင်ရခြင်းက မြတ်ပါတယ်။ [၁]

၁။ ဓ၊ ၂၉။

http://www.dhammadownload.com

အေးလွန်းတယ်, ပူလွန်းတယ်, သိပ်မိုးချုပ်သွားပြီ, သိပ်စောသေးတယ်–လို့ ဝိရိယလျော့ကာ လုပ်ငန်းကိစ္စကို စွန့်လွှတ်ထားတဲ့ သတ္တဝါတွေကို အခွင့်အခါကောင်းတွေက ကျော်လွန်သွားကြပါတယ်။

အအေးကိုပဲဖြစ်ဖြစ်, အပူကိုပဲဖြစ်ဖြစ် ခြေဖဝါးအောက်က မြက်မှိုက်ကိုလို အောက်မေ့မှတ်ထင်ပြီး လုံ့လရှိတဲ့ယောကျ်ား(မိန်း)တွေက ပြုလုပ်ရမယ့် ကိုယ်ကျိုးစီးပွား, သူကျိုးစီးပွားတွေကို ပြုလုပ်လို့ရှိရင် ချမ်းသာသုခက မယုတ် လျော့နိုင်ပါ။ [၁]

ကိုယ်တွေ့မျက်မြင်ဖြစ်တဲ့ လောကီလုပ်ငန်းများကိုသော်မှ ယုတ်ညံ့တဲ့ ဝိရိယရှိတဲ့ ပုဂ္ဂိုလ်က လိုက်မီဖို့ရန် မစွမ်းဆောင်နိုင်ပါ၊ မနှိုင်းယှဉ် မရေတွက်နိုင်အောင် အပင်ပန်းခံကာ အားထုတ်လုံ့လ ဝိရိယရှိတဲ့ပုဂ္ဂိုလ်က ရခဲတဲ့အရာ ဆိုတာ မရှိနိုင်ပါဘူး။ [၂]

ဒီလို ဟောတော်မူ, မိန့်တော်မူကြပါတယ်။

ဆိုခဲ့ပြီးသည်အားလျော်စွာ တို့တစ်တွေကလဲ တကယ်လုပ်စရာကိစ္စနှင့် ရင်ဆိုင်တွေ့ကြုံလာတဲ့အခါ "အခြားလုပ်စရာ အလုပ်ရှိနေသေးတယ်, အခုမှ လုပ်ပြီးခါစ ရှိသေးတယ်, ခရီးသွားစရာ ရှိသေးတယ်, ခရီးသွားနေတာက အခုမှပြန်ရောက်လာတယ်, မစားရသေးလို့ ဗိုက်ဆာနေတယ်, စားပြီးခါစမို့ ဗိုက်လေးနေတယ်, နှာစေးနေတယ်, နေကောင်းခါစ ရှိသေးတယ်, အေးလွန်းသေးတယ်, ပူလွန်းလှတယ်, စောသေးတယ်, နေမြင့်လှပြီ" စသည်ဖြင့် ယိုးမယ်ဖွဲ့ကာ လုပ်ရမယ့်အလုပ်ကို ရှောင်တိမ်းမနေသင့်ပါ၊ တကယ့်ကိစ္စ ကြုံလာရင် အအေး–အပူမျှကိုသာမက အသက်ကိုပင် ထိမထင်ဘဲ ရင်ဆိုင်တွေ့ရသမျှကို ရဲရဲတင်းတင်း အားရပါးရ လုပ်ကိုင်သင့်ကြပါတယ်၊ ဒီလို လုပ်ကိုင်ကြမှသာ အဖက်ဖက်က တိုးတက်လာမှာ ဖြစ်ပါတယ်။

သက်သေသာဓက အနေနဲ့ ပြောရမယ်ဆိုရင် တိုင်းပြည်တစ်ပြည် အနေနဲ့ပဲ ကြည့်ကြည့်, လူမျိုးတစ်စုအနေနဲ့ပဲ ကြည့်ကြည့်, ပုဂ္ဂိုလ်တစ်ဦးချင်း အနေနဲ့ပဲ ကြည့်ကြည့်, မိမိတို့ တတ်သိထားတဲ့ အတတ်ပညာ အသိပညာတွေကို အသုံးချကာ တွေ့သမျှအလုပ်ကို ရဲရဲတင်းတင်း အားရပါးရ အစွမ်းကုန် ကြိုးစားအားထုတ်လာကြတဲ့ တိုင်းပြည်တွေ, လူမျိုးစုတွေနှင့် ပုဂ္ဂိုလ်တွေကသာ အထက်တန်းသို့ ရောက်နေကြတာကို တွေ့ကြရမှာ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံနှင့် ဘဝတူ ဖြစ်ခဲ့

၁။ ထေရ-၅-၁၊ ၄၄၈။ ၂။ စရိ-၅၊ ၂၈၉။

http://www.dhammadownload.com

ကြတဲ့ အရှေ့ဘက် အိမ်နီးချင်း နိုင်ငံတွေကို လှမ်းမျှော် ကြည့်ရှုရုံနဲ့ပဲ သိသာလှပါတယ်၊ ထင်ရှားလှပါတယ်။

တို့နိုင်ငံသူ နိုင်ငံသားတွေအတွက် ယခုအချိန်ဟာ မိမိတို့ရဲ့ အသိပညာ အတတ်ပညာတွေကို ဘက်စုံအသုံးချကာ တွေ့သမျှအလုပ်ကို ရဲရဲတင်းတင်း အားရပါးရ အစွမ်းကုန် ကြိုးစားအားထုတ်ကြရမယ့်အချိန် ဖြစ်ပါတယ်၊ အချိန်မနှောင်းလှသေးပါ၊ တကယ်သာ ကြိုးစားအားထုတ်ကြပါရင် သူတို့ကို မိနိုင်ရုံမျှမက ကျော်လွန်လို့ပင် သွားနိုင်စရာ ရှိပါတယ်။

ဒါ့ကြောင့် သက်ဆိုင်ရာ အလုပ်မှန်သမျှကို ကျားမ-မဟူ ရှင်လူမကြွင်း ရဲရဲတင်းတင်း အားရပါးရ အစွမ်းကုန် ကြိုးစားအားထုတ်ကြပါစို့။

၅။ ပီတိ

အာရုံ တစ်ခုခုကို နှစ်သက်အားရ သဘောကျနေခြင်းကို "ပီတိ" လို့ ခေါ်ပါတယ်၊ အာရုံကို နှစ်သက်အားရ သဘောကျခြင်းဟာ ပီတိရဲ့ သဘော(လက္ခဏာ) ဖြစ်ပါတယ်၊ ဒီပီတိဟာ သုခဝေဒနာကဲ့သို့ ခံစားခြင်း မဟုတ်ပါ၊ နှစ်သက်အားရ သဘောကျခြင်းသာ ဖြစ်ပါတယ်။

ကိုယ်စိတ် ၂-ပါးကို နှစ်သက်ပြည့်ဖြိုး ပွားတိုးစေခြင်းဟာ ပီတိရဲ့ အလုပ်(ကိစ္စ) ဖြစ်ပါတယ်၊ ပီတိဖြစ်တဲ့အခါ ပွင့်လန်းနေတဲ့ ပဒုမာကြာပန်းလို စိတ်ဓာတ်လဲ ပွင့်လန်းတိုးပွားလာပါတယ်၊ ရွှင်လန်းတဲ့စိတ်ကြောင့် စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ကောင်းတွေက တစ်ကိုယ်လုံး ပျံ့နှံ့တာနဲ့ ခန္ဓာကိုယ်လဲ စည်ပင်တိုးပွားပါတယ်။

တောစခန်းမှာ မောပန်းလာတဲ့ ခရီးသွားယောကျ်ား တစ်ယောက်က ခရီးရင်ဆိုင် လာသူအား ရေရှိမယ့်နေရာကို မေးကြည့်တဲ့အခါ ဒီနေရာက အတော်လေးသွားမိလို့ရှိရင် စိမ်းစိုညိုမှိုင်းတဲ့ တောအုပ်ကြီးကို တွေ့ရလိမ့်မယ်၊ အဲဒီ တောအုပ်ကြီးထဲမှာ ရေအိုင်ကြီးတစ်အိုင် ရှိနေတယ်-ဆိုတဲ့စကားကို ကြားရတဲ့ အခါမှာလဲ နှစ်သက်အားရမှုပီတိ ဖြစ်ပါတယ်၊ ဆက်လက်သွားလို့ ရေချိုးပြီး အဝတ်စိုတွေ, ဆံပင်စိုတွေနဲ့ လာနေတဲ့ လူကို တွေ့ရတဲ့ အခါမှာလဲ နှစ်သက်အားရမှု ပီတိ ဖြစ်ပါတယ်၊ ရေအိုင်ကြီးရဲ့ အနီးက တောမြိုင်ကြီးနှင့်အတူ ကြည်လင်တဲ့ ရေကို တွေ့တဲ့အခါမှာလဲ နှစ်သက်အားရပီတိ ဖြစ်ပါတယ်၊ ဒီလို ဘယ်အာရုံမှာပဲဖြစ်ဖြစ် နှစ်သက်ရွှင်လန်းတဲ့ အမူအရာဟာ ပီတိရဲ့သဘော(လက္ခဏာ)ပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com

ရေကန်ထဲက ရေကို သောက်ရတဲ့အခါ, ချိုးရတဲ့အခါ, ရေချိုးပြီးတဲ့နောက် ပါလာတဲ့အဝတ်ကိုခင်းလို့ လေညင်းခံကာ သစ်မြစ်ကို ခေါင်းအုံးအိပ်နေတဲ့အခါ တွေမှာတော့ သုခဝေဒနာ ဖြစ်နေပါတယ်။

ဒီပီတိဟာ တက်ကြွတဲ့ တရားတစ်မျိုး ဖြစ်ပါတယ်၊ ရေပေါ်မှာ ဘူးတောင်းပေါ်သလို ပေါ်လွင်တက်ကြွတဲ့ တရားမျိုး ဖြစ်ပါတယ်၊ နှစ်သက်ရွှင်ပျို့ ပီတိဆိုနေတဲ့အခါ တပြုံးပြုံးတရွှင်ရွှင်နဲ့ အလွန်ပေါ်လွင်နေတာကို မြင်ရရုံနဲ့ပဲ ပီတိရဲ့ တက်ကြွတဲ့သဘောမှာ ထင်ရှားလှပါတယ်။

ပီတိ ၅-မျိုး

၁။ ခုဒ္ဒိကာ= ကြက်သီးမွေးညင်းထရုံမျှ အသေးစားပီတိ၊
၂။ ခဏိကာ= လျှပ်စစ်ပြက်သလို ခဏခဏဖြစ်လို့ ခဏခဏပျက်တဲ့ပီတိ၊
၃။ ဩက္ကန္တိကာ= လှိုင်းလုံးကြီး လွှမ်းဖုံးလာသလို တစ်ကိုယ်လုံးမှာ လွှမ်းဖုံးသက်ရောက်တဲ့ပီတိ၊
၄။ ဥဗ္ဗေဂါ= ပီတိအဟုန်နဲ့ ကိုယ်ကို အထက်သို့ မြှောက်နိုင်တဲ့ပီတိ၊
၅။ ဖရဏာ= ဥဗ္ဗေဂါပီတိထက် ကြာရှည်စွာ တစ်ကိုယ်လုံးမှာ ပျံ့နှံ့တဲ့ပီတိ။

၆။ ဆန္ဒ

အာရုံတစ်ခုခုကို ပြုလိုခြင်း(ရယူလိုခြင်း)ကို "ဆန္ဒ"လို့ ခေါ်ပါတယ်၊ အာရုံပြုလိုခြင်းဟာ ဆန္ဒရဲ့သဘော(လက္ခဏာ) ဖြစ်ပါတယ်၊ မြင်လိုမှု, ကြားလိုမှု, နမ်းလိုမှု, အရသာခံစားလိုမှု, ထိလိုမှု, သိလိုမှုဆိုတဲ့ အာရုံ ၆-ပါးကို အာရုံပြုလိုမှုဟာ ဆန္ဒရဲ့သဘော(လက္ခဏာ) ဖြစ်တယ်လို့ ဆိုလိုပါတယ်။

အလိုရှိရင် ရှာမှီးရမြဲ ဖြစ်တဲ့အတွက် လိုလားအပ်တဲ့ အာရုံကို ရှာမှီးခြင်းဟာ ဆန္ဒရဲ့အလုပ်ကိစ္စ ဖြစ်ပါတယ်၊ လောကမှာ လိုချင်မက်မောစရာကောင်းတဲ့ (လောဘနေယျ)အာရုံ ကာမဂုဏ်ကို ရှာမှီးမှုမှတစ်ပါး တရားရှာမှု, ပညာရှာမှု, နိဗ္ဗာန်ကို လိုလားတောင့်တမှုတွေဟာ ဆန္ဒရဲ့ သဘောကိစ္စတွေချည်း ဖြစ်ပါတယ်၊ လိုချင်မက်မောစရာကောင်းတဲ့ (လောဘနေယျ)အာရုံ ကာမဂုဏ်ကို အလိုရှိရာမှာတော့ လောဘပြဋ္ဌာန်းတဲ့အတွက် လောဘသဘောသို့ ဆန္ဒက လိုက်ပါရပါတယ်။

လောဘနေယျအာရုံပင် ဖြစ်စေဦးတော့–သူတစ်ပါးအား လှူဒါန်းလို, ချီးမြှောက်ပေးကမ်းလိုလို့ ပစ္စည်းဥစ္စာကို ရှာဖွေသိမ်းဆည်းရာမှာ ငြိကပ်တွယ်တာ တဏှာသဘော မပါသူတို့အတွက်မှာ လောဘသဘော မဟုတ်၊ ဆန္ဒသဘော ဖြစ်ပါတယ်၊ မြားပုံကြီးကို အနားမှာထားလို့ ပစ်လိုက်တဲ့ လေးသမားက မြားတွေကို ကောက်ကာကောက်ကာ ယူပေမယ့် အဲဒီမြားတွေအပေါ်မှာ ငြိကပ်တွယ်တာမှုသဘော မပါသလိုဘဲ ဖြစ်ပါတယ်။

http://www.dhammadownload.com

ဒီဆန္ဒသဘောဟာ သတ္တဝါတွေရဲ့ သန္တာန်မှာ အလွန်ထင်ရှားပါတယ်၊ ဘုရားကို သွားချင်တာ, ကျောင်းကိုသွားချင်တာ, ဥပုသ်စောင့်ချင်တာ, တရားနာချင်တာ, တရားထိုင်ချင်တာ, သူတစ်ပါးအကျိုး ဆောင်ရွက်လိုတာကအစ နိဗ္ဗာန်လိုချင်တာ အထိ အကုန်လုံးဟာ ဆန္ဒချည်း ဖြစ်ပါတယ်၊ တော်ရုံတန်ရုံ လိုချင်ရာမှာ ဆန္ဒက အားသေးပါတယ်၊ မဖြစ်မနေလိုချင်ရာ, မရမကလိုချင်ရာတွေမှာတော့ ဆန္ဒက အားကြီးပါတယ်၊ ဒါပေမယ့် ဆန္ဒရှိရုံ, တောင့်တရုံနဲ့တော့ လိုချင်တာကို ရနိုင်မှာ မဟုတ်ပါ၊ လိုချင်တောင့်တသည်အားလျော်စွာ ကြိုးစားအားထုတ်မှု ဝီရိယပါမှသာ ရနိုင်မှာ ဖြစ်ပါတယ်။

ကမ္ဘာမြေကြီးတစ်ခုလုံးဟာ အင်မတန် ပူပြင်းနေတဲ့ မီးကျီးခဲတွေနဲ့ ပြည့်နှက်နေတယ် ဆိုကြပါစို့၊ အဲဒီလိုမီးကျီးခဲတွေနဲ့ ပြည့်နှက်နေတဲ့ ကမ္ဘာမြေပြင်ရဲ့ အရှေ့ဘက်အစက အနောက်ဘက်အဆုံးထိ ခြေကျင်ရောက်အောင် သွားနိုင်က ဘုရားဖြစ်မယ် ဆိုရင် မကြောက်မရွံ့ နောက်မတွန့်ဘဲ လျှောက်သွားနိုင်လောက်အောင် အလောင်းတော်တို့ရဲ့ ဘုရားဖြစ်လိုတဲ့ ဆန္ဒက ထက်သန်လှပါတယ်၊ အားကြီးလှပါတယ်၊ အဲဒီလို ထက်သန်အားကြီးတဲ့ဆန္ဒ အရင်းခံလို့ အားထုတ်လို့လ ဝီရိယသန်သန်နဲ့ ပါရမီတော်တွေကို ဖြည့်လာခဲ့တဲ့အတွက် အဆုံးမှာ ဆန္ဒတော်အတိုင်း ဘုရားဖြစ်တော်မူလာရပါတယ်။

အထက်တန်းကို ရောက်ရန် အခြေခံမျှော်မှန်းချက်(ဆန္ဒ)မျှ မရှိပါရင် မည်သူမျှ ထက်ထက်သန်သန် ကြိုးစားအားထုတ်ကြမယ် မဟုတ်ပါ၊ မျှော်မှန်းချက် ရှိသူတွေကသာ ထက်ထက်သန်သန် ကြိုးကြိုးစားစား အားထုတ်ကြပါတယ်၊ သို့ဖြစ်သည်အားလျော်စွာ လူသားတိုင်း လူသားတိုင်းက မျှော်မှန်းချက်(ဆန္ဒ) တစ်ခုခုကို ထားသင့်ပါတယ်၊ အဲဒီဆန္ဒကို အာသာ-(လိုလားတောင့်တမှု)လို့လဲ ခေါ်ပါတယ်၊ ဒါပေမယ့် အဲဒီလို အာသာဆန္ဒ ရှိရုံမျှနဲ့-(ဆုတောင်းနေရုံမျှနဲ့)တော့ မိမိတို့ရဲ့မျှော်မှန်းချက် မပြည့်စုံနိုင်ပါ၊ မျှော်မှန်းထားသည့်အတိုင်း စိတ်ပါလက်ပါ ကြိုးစားအားထုတ်မှသာ ပြည့်စုံနိုင်ပါတယ်။

အခုခေတ်မှာ အထက်တန်းရောက်နေသူတွေက အများအားဖြင့် အာသာဆန္ဒအားလျော်စွာ ကြိုးစားအားထုတ်လာကြသူတွေသာ ဖြစ်ကြပါတယ်၊ သို့ဖြစ်၍ ခဲခဲယဉ်းယဉ်း ရရှိလာတဲ့ မိမိတို့ရဲ့လူဘဝကို ခုရောနောင်ပါ အထက်တန်းရောက်အောင် ထက်သန်တဲ့အာသာဆန္ဒကို အရင်းခံပြီး သမ္မာဒိဋ္ဌ ဝီရိယဖြင့် ကိုယ်စိကိုယ်င မြှင့်တင်နိုင်ကြပါစေ။

http://www.dhammadownload.com

အကုသိုလ်စေတသိက်-၁၄

မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ– ဒီသဘောတရားတွေကို "အကုသိုလ်စေတသိက်"လို့ ခေါ်ပါတယ်။

၁။ မောဟ(အဝိဇ္ဇာ)

အာရုံမှာ တွေဝေစေတတ်တဲ့အတွက် "မောဟ"လို့ ခေါ်ပါတယ်၊ ဒီမောဟဟာ ဉာဏ်ရဲ့ဆန့်ကျင်ဘက်ဖြစ်ပါတယ်၊ အာရုံမှာ တွေဝေစေတယ်ဆိုပေမဲ့ ဝိစိကိစ္ဆာသဘောလို မဆုံးဖြတ်နိုင်ဘဲ ဝေတေတေဖြစ်နေတာမျိုး မဟုတ်ပါဘူး၊ အာရုံရဲ့အမှန်သဘောကို မသိတာဘဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် အာရုံရဲ့ အမှန်သဘောကို မသိခြင်းသဘောလို့ ဆိုထားခဲ့ပါတယ်။

ဘဝင်ကျလို့ အိပ်ပျော်နေသလို မသိရုံသက်သက်လဲ မဟုတ်ပါဘူး၊ ဉာဏ်က အမှန်ကိုသိပြီး မောဟက အမှားကို သိပါတယ်၊ ဒါ့ကြောင့် ဉာဏ်ရဲ့ဆန့်ကျင်ဘက်ဖြစ်တယ်လို့လဲ ဆိုရပါတယ်။

ဒီမောဟဟာ သိသင့်တဲ့ အရာဌာနကို မိမိကိုယ်တိုင်လဲ မသိတတ်၊ မိမိနှင့်ဖြစ်ဖော်ဖြစ်ဖက်(ယှဉ်ဘက်) အကုသိုလ်စေတသိက်များနှင့် မိမိဖြစ်နေတဲ့ ပုဂ္ဂိုလ်ကိုလဲ မသိစေတတ်၊ ဒါ့ကြောင့် ဒီမောဟကို "အဝိဇ္ဇာ"လို့လဲ ခေါ်ပါသေးတယ်။

အဘိဓမ္မာသဘောအရ ပြောရမယ်ဆိုရင် သစ္စာ ၄-ပါး, ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပဒ်– ဒီ ၈-ဌာနဟာ သိသင့်တဲ့ ဌာနတွေ ဖြစ်ပါတယ်။

အဲဒီ ၈-ဌာနအနက် ဘုံ ၃-ပါးမှာ ရှိရှိသမျှ ရုပ်နာမ်တွေဟာ ဒုက္ခသစ္စာတွေချည်း ဖြစ်ကြပါတယ်၊ အဲဒီဒုက္ခတွေကို ဒုက္ခလို့ မသိနိုင်ခြင်းဟာ ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်တဲ့ အဝိဇ္ဇာရဲ့သတ္တိပဲ ဖြစ်ပါတယ်၊ အလားတူပဲ တဏှာလောဘကို ဒုက္ခဖြစ်ကြောင်းမှန်း မသိခြင်းဟာ သမုဒယသစ္စာကို ဖုံးလွှမ်းတတ်တဲ့ အဝိဇ္ဇာရဲ့သတ္တိပဲ ဖြစ်ပါတယ်၊ နိဗ္ဗာန်ကို ဒုက္ခချုပ်ရာမှန်း မသိခြင်းဟာ နိရောဓသစ္စာကို ဖုံးလွှမ်းတတ်တဲ့ အဝိဇ္ဇာရဲ့သတ္တိပဲ ဖြစ်ပါတယ်၊ မဂ္ဂင် ၈-ပါးကို နိဗ္ဗာန်ရောက်ကြောင်းလမ်းကောင်းလမ်းမှန်မှန်း မသိခြင်းဟာ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်တဲ့ အဝိဇ္ဇာရဲ့သတ္တိပဲ ဖြစ်ပါတယ်။

အချို့ပုဂ္ဂိုလ်များက ရှေးအတိတ်ဘဝမှာ ဖြစ်ခဲ့ကြတာကို မယုံကြည်ကြဘူး၊ ယခုဘဝမှ ထာဝရဘုရား-စသူတို့က ဖန်ဆင်းလို့ ဖြစ်လာရတယ်လို့ မှတ်ထင်

http://www.dhammadownload.com

တတ်ကြပါတယ်၊ ဒါပေမယ့် နောက်ဘဝမှာ ဆက်ကာဆက်ကာ ဖြစ်ရဦးမယ်–ဆိုတာကိုတော့ ယုံကြည်ပါတယ်၊ ဒီပုဂ္ဂိုလ်ရဲ့ အဝိဇ္ဇာက အတိတ်ဘဝမှာဖြစ်တဲ့ ခန္ဓာ, အာယတန, ဓာတ်အစုမှာ ဖုံးလွှမ်းတတ်တဲ့အဝိဇ္ဇာ ဖြစ်ပါတယ်။ [ပုဗ္ဗန္တ–ရှေးအတိတ်+အန္တ–အဖို့အစု။]

အချို့ကတော့ ရှေးအတိတ်က ဖြစ်ခဲ့တာကို ယုံကြည်ပါတယ်၊ ဒါပေမယ့် ရဟန္တာမဖြစ်သေးသမျှ နောက်ဘဝတွေမှာ ဆက်ကာဆက်ကာ ဖြစ်ရဦးမယ်ဆိုတာကိုတော့ မယုံကြည်ဘူး၊ သေရင်ပြတ်တာပဲဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိဘက်ကို သက်ဝင်နေပါတယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့အဝိဇ္ဇာကတော့ နောက်နောက်ဘဝမှာဖြစ်တဲ့ ခန္ဓာ, အာယတန, ဓာတ်အစုကို ဖုံးလွှမ်းတဲ့ အဝိဇ္ဇာမည်ပါတယ်။ [အပရ–နောက်အနာဂတ်+အန္တ–အဖို့အစု။]

အချို့ပုဂ္ဂိုလ်ကတော့ ရှေ့ဘဝကိုရော, နောက်ဘဝကိုရော မယုံကြည်ဘူး၊ အဲဒီပုဂ္ဂိုလ်ရဲ့ အဝိဇ္ဇာက ရှေ့နောက်ဖြစ်တဲ့ ခန္ဓာ, အာယတန, ဓာတ်အစုကို ဖုံးလွှမ်းတတ်တဲ့အဝိဇ္ဇာ ဖြစ်ပါတယ်။

ဒါ့အပြင် အဝိဇ္ဇာက ပဋိစ္စသမုပ္ပာဒ်တရားကိုလဲ ဖုံးလွှမ်းတတ်ပါသေးတယ်၊ အဝိဇ္ဇာ–စသည်က အကြောင်း သခ်ါရ–စသည်က အကျိုး၊ အဝိဇ္ဇာ–စတဲ့ အကြောင်းတွေကြောင့်သာ သခ်ါရ–စတဲ့ အကျိုးတရားများ ဖြစ်ကြရတယ်လို့ နားမလည်အောင် အဝိဇ္ဇာက ဖုံးလွှမ်းကာကွယ်ထားပါတယ်။

ဒီအဝိဇ္ဇာက အဆင့်ဆင့်ကို ထောက်ဆလို့ အထူအပါးလဲ ကွဲပြားပါသေးတယ်၊ ကုသိုလ်မှန်း, အကုသိုလ်မှန်းမသိအောင် ဖုံးလွှမ်းထားတဲ့ အဝိဇ္ဇာက အလွန်ထူပိန်းတဲ့အဝိဇ္ဇာ ဖြစ်ပါတယ်၊ ကုသိုလ်မှန်း, အကုသိုလ်မှန်းသိတဲ့အပြင် အကုလိုလ်ပြုခွင့်ကြုံရင် ရှောင်ကြဉ်ပြီး ကုသိုလ်ကောင်းမှုကို မတွန့်မဆုတ် လုပ်တတ်ရင် အဝိဇ္ဇာ အတော်ပါးပြီလို့ ဆိုသင့်ပါတယ်၊ သို့သော် အဝိဇ္ဇာကင်းရန်မှာကား ဝေးကွာလှပါသေးတယ်၊ သစ္စာ ၄-ပါးကိုသိလို့ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်တောင်မှ အဆင့်ဆင့်ပါးသည်ထက်ပါးရုံသာ ရှိပါသေးတယ်၊ ရဟန္တာဖြစ်မှသာ အဝိဇ္ဇာကင်းသွားပါတယ်၊ အကြွင်းမဲ့ ပျက်စီးသွားပါတယ်။

မောဟ ၃-မျိုး ဒီအဝိဇ္ဇာခေါ်တဲ့ မောဟဟာ ကိလေသာထဲမှာ ပါဝင်တဲ့တရားတစ်မျိုး ဖြစ်ပါတယ်၊ ကိလေသာတွေမှာ အနုသယအခိုက်, ပရိယုဋ္ဌာနအခိုက်, ဝီတိက္ကမအခိုက်ရယ်–လို့ အခိုက်အတန့် ၃-မျိုး ရှိပါတယ်။

http://www.dhammadownload.com

၁။ သတ္တဝါတွေရဲ့ သန္တာန်မှာ အစဉ်ကိန်းဝပ် လိုက်ပါနေတတ်တဲ့ ကိလေသာကို အနုသယလို့ ခေါ်ပါတယ်၊ ငတ်ဓာတ်, ဝပ်ဓာတ်, မျိုးစေ့ဓာတ် သဘောမျိုး ဖြစ်ပါတယ်၊ အဲဒီအနုသယ ကိလေသာကို မင်္ဂနဲ့သာ ပယ်သတ်နိုင်ပါတယ်။

၂။ သင့်တော်တဲ့အကြောင်းနှင့် တွေ့ဆုံတိုက်ဆိုင်လာလို့ရှိရင် ငတ်ဓာတ်, ဝပ်ဓာတ်သဘောက ထကြွလာတဲ့ ကိလေသာကိုတော့ ပရိယုဋ္ဌာနလို့ ခေါ်ပါတယ်၊ ကိုယ်မှု, နှုတ်မှုမပါဘဲ ဓောစိတ်နှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာတဲ့ ကိလေသာသဘောမျိုး ဖြစ်ပါတယ်၊ ဒီကိလေသာမျိုး မဖြစ်အောင် စျာန်သမာဓိနဲ့ အတော်ကြာကြာ ထိန်းထားနိုင်ပါတယ်။

၃။ ထကြွရုံမျှသာ မဟုတ်တော့ဘဲ ကိုယ်ဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ ကျူးလွန်စော်ကားတဲ့အခိုက်မှာဖြစ်တဲ့ ကိလေသာကိုတော့ ဝီတိက္ကမကိလေသာလို့ ခေါ်ပါတယ်၊ ဒီကိလေသာမျိုးကို သီလနဲ့ ထိန်းထားနိုင်ပါတယ်။

ဒါကြောင့် မောဟလဲပဲ ၁။ ငတ်ဓာတ်, ဝပ်ဓာတ်, မျိုးစေ့ဓာတ်အခိုက်မှာဖြစ်တဲ့ အနုသယမောဟ, ၂။ ဓောစိတ်နှင့်ယှဉ်တွဲလို့ ထကြွခိုက်မှာဖြစ်တဲ့ ပရိယုဋ္ဌာနမောဟ, ၃။ ထကြွရုံမျှသာမဟုတ်ပါဘဲ ကိုယ်ထိလက်ရောက် ကျူးလွန်တဲ့အခိုက်အတန့်မှာဖြစ်တဲ့ မောဟ–လို့ မောဟ ၃–မျိုး ရှိနိုင်ပါတယ်။

ဟရိတစ–ရသော် ဗာရာဏသီမြို့မှာ ရှင်အာနန္ဒာအလောင်း ဗြဟ္မဒတ်မင်းက မင်းပြုနေပါတယ်၊ အဲဒီအချိန်မှာ ဘုရားလောင်းက တောမြို့ကလေးတစ်မြို့မှာ ဟရိတစ–ဆိုတဲ့ ပုဏ္ဏားအမျိုးသားလုလင် ဖြစ်နေပါတယ်၊ သူ့အမေအဖေတွေက ကုဋေ–၈၀ ပစ္စည်းဥစ္စာ ကြွယ်ဝသူတွေ ဖြစ်ကြပါတယ်။

ဟရိတစအမျိုးသားက တက္ကသိုလ်မြို့ကို သွားပြီး ပညာသင်ပါတယ်၊ ပညာပြည့်စုံတဲ့အခါ ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်လာခဲ့ပါတယ်၊ အမိအဖတွေ ကွယ်လွန်သွားလို့ ကျန်နေတဲ့ ပစ္စည်းဥစ္စာတွေကို တွေ့ရတဲ့အခါ–

> "ပစ္စည်းဥစ္စာတွေကိုသာ တွေ့နေရတော့တယ်၊ ပစ္စည်းဥစ္စာကို စုဆောင်းထားခဲ့တဲ့ လူတွေကိုတော့ မတွေ့ရတော့ဘူး၊ သေမင်းခေါ်ဆောင်ရာ ပါသွားကြရပြီ"။

ဒီလို သံဝေဂရတာနဲ့ ပစ္စည်းဥစ္စာ အကုန်လုံးကို လူဒါန်းစွန့်ကြဲထားခဲ့ပြီး ဟိမဝန္တာတောကို သွားလို့ ရသေ့လုပ်နေပါတယ်၊ ၇–ရက်မြောက်နေ့မှာပဲ စျာန်အဘိညာဉ်တွေကို

၁။ ဇာတ်–၄–၃၊ ၄၇၃

http://www.dhammadownload.com

ရလာပါတယ်၊ သစ္စဉသစ်သီးတွေကို ရှာဖွေစားသောက်ရင်း ဟိမဝန္တာမှာ ကြာရှည်လေးမြင့် နေလာခဲ့ပါတယ်။

တစ်ချိန်မှာ ဟိမဝန္တာက ဗာရာဏသီမြို့ကို ကြွလာပြီး မင်းဥယျာဉ်မှာ နေပါတယ်၊ နောက်တစ်နေ့ ဗာရာဏသီမြို့မှာ ဆွမ်းခံလှည့်လည်ရင်း မင်းနန်းတော်တံခါးနားကို ရောက်သွားပါတယ်၊ ရှင်ဘုရင်က ဟရိတစရှင်ရသေ့ကို တွေ့ရတယ် ဆိုရင်ပဲ ပါရမီဖြည့်ဘက် မိတ်ဟောင်းဆွေဟောင်း ဖြစ်နေတဲ့အတွက် အလွန်ကြည်ညိုလာပါတယ်၊ အခေါ်ခိုင်းပြီး ရာဇပလ္လင်ပေါ်မှာ ပင့်တင်ထားပါတယ်၊ ဆွမ်းကျွေးပြီးလို့ အနုမောဒနာတရားကို ကြားနာရတဲ့အခါ ပိုပြီးကြည်ညိုလာပါတယ်၊ ဒါနဲ့ ဥယျာဉ်အတွင်းမှာ ကျောင်းဆောက်ကိုးကွယ်ထားပါတယ်၊ အဲဒီအချိန်ကစပြီး ဟရိတစရှင်ရသေ့က နေ့စဉ်နေ့တိုင်း ဘုရင့်နန်းတော်မှာပဲ ဆွမ်းစားနေပါတယ်၊ အဲဒီလို နေထိုင်ရင်း ၁၂-နှစ် ကြာလာပါတယ်။

တစ်နေ့ကျတော့ နယ်စပ်မှာ ဆူပူသောင်းကျန်းနေတာကို နှိမ်နင်းရအောင်လို့ သွားခါနီးမှာ ရှင်ဘုရင်က ဆရာရသေ့ကို မမေ့ရန် မိဖုရားအား အပ်နှံမှာကြားထားခဲ့ပြီး ထွက်ခွာသွားပါတယ်၊ အဲဒီအချိန်ကစပြီး မိဖုရားက ရှင်ရသေ့ကို ကိုယ်တိုင် ဆွမ်းလုပ်ကျွေးနေပါတယ်။

တစ်နေ့မှာ မိဖုရားက ဆွမ်းတွေကို အဆင်သင့် စီမံပြင်ဆင်ထားပါတယ်၊ ရှင်ရသေ့က အလာနောက်ကျနေတာနဲ့ နံ့သာရေတွေနဲ့ ရေချိုးကာ နူးညံ့ချောမွေ့တဲ့ အဝတ်ကို ဝတ်ထားပါတယ်၊ ပြတင်းပေါက်ကို အဖွင့်ခိုင်းပြီး ခုတင်ကလေးပေါ်မှာ လေညင်းခံကာ လဲလျောင်းနေပါတယ်။

ဟရိတစရှင်ရသေ့ကလဲ အဘိညာဉ်အစွမ်းနဲ့ ကောင်းကင်ခရီးက ကြွလာရင်း တံခါးပေါက်နားကို ရောက်လာပါတယ်၊ မိဖုရားက ရှင်ရသေ့ရဲ့ လျော်တေသက််နဲ့ သံကို ကြားရတာနဲ့ ဖြိုးကနဲ့ ထလိုက်တဲ့အခါ နူးညံ့ချောမွေ့တဲ့ အဝတ်က မိဖုရားရဲ့ ခါးမှ လျှောကျသွားပါတယ်။

ဒီတော့ မမြင်အပ်ရာကို မြင်တွေ့ရတဲ့ ရှင်ရသေ့မှာ နှစ်ကုဋေသိန်းပေါင်းများစွာက ကိုယ်တွင်းမှာ ကိန်းဝပ်လိုက်ပါလာတဲ့ ကိလေသာတွေက ပခြုပ်ထဲမှာ ကိန်းဝပ်နေတဲ့ မြွေဟောက်ကို တုတ်နဲ့ ထိလိုက်သလို ထကြွလာပြီး ဈာန်အဘိညာဉ်ကို ကွယ်ပျောက်စေပါတယ်၊ စိတ်ကို မထိန်းနိုင်တော့ဘဲ (သတိမထားနိုင်တော့ဘဲ) မိဖုရားရဲ့လက်ကို ကိုင်ဆွဲလိုက်ပါတယ်။

http://www.dhammadownload.com

အဲဒီအခိုက်မှာပဲ နန်းတွင်းသူတွေက ကန့်လန့်ကာကို ကာပေးလိုက်ကြပါတယ်၊ ရသေ့ကြီးက မိဖုရားနှင့် ကျူးလွန်ဖောက်ပြားပါတော့တယ်၊ ဆွမ်းစားပြီးတဲ့အခါ ဥယျာဉ်ကို ပြန်သွားပါတယ်၊ အဲဒီနေ့ကစပြီး နေ့တိုင်း အလားတူပဲ ပြုကျင့်နေပါတော့တယ်၊ ဒီအကြောင်းဟာ တစ်မြို့လုံးမှာ ထင်ရှားနေပါတော့တယ်။

စီစစ်ချက် တက္ကသိုလ်ပညာကို ထိတ်တန်းရောက်အောင် သင်လာခဲ့တဲ့ ဟရိတစရှင်ရသေ့ရဲ့ သန္တာန်မှာ ဈာန်အဘိညာဉ်တွေကို ရထားပေမဲ့ မောဟ–စတဲ့ ကိလေသာတွေက အငုတ်ဓာတ်, အကိန်းဓာတ်အနေနဲ့ ရှိနေရက်ပဲ ဖြစ်ပါတယ်၊ ဒါက အနုသယအခိုက် ဖြစ်ပါတယ်။

မိဖုရားရဲ့ ခါးဝတ် လျှော်ပြေကျတာကို တွေ့မြင်ရခြင်းဆိုတဲ့ သင့်တော်တဲ့ အကြောင်းနှင့် တိုက်ဆိုင်လာတဲ့အခါ အဲဒီအနုသယ ကိလေသာတွေက အကုသိုလ်ဖောစိတ်နှင့် ယှဉ်တွဲပြီး ထကြွလာကြပါတယ်၊ အဲဒီလိုထကြွလာတာနှင့် တစ်ပြိုင်နက် ရထားတဲ့ ဈာန်အဘိညာဉ်တွေကလဲ ပျောက်ကွယ်သွားပါတော့တယ်၊ ဒါကတော့ ပရိယုဋ္ဌာနအခိုက် ဖြစ်ပါတယ်။

အဲဒီလို ထကြွလာတဲ့ အချိန်မှာ စိတ်ကို မထိန်းနိုင်တော့ဘဲ (သတိမထားနိုင်တော့ဘဲ) မိဖုရားရဲ့လက်ကို ကိုင်ဆွဲမှု–စတဲ့ ကျူးလွန်စော်ကားမှုကို ပြုမှားမိပါတော့တယ်၊ ဒါကတော့ ဝီတိက္ကမအခိုက် ဖြစ်ပါတယ်။

ဒီလို စိတ်ကို မထိန်းနိုင်ဘဲ ဝီတိက္ကမအခိုက်ကို ရောက်လာရတာဟာ မောဟက ဖုံးကွယ်ထားလို့ ဉာဏ်အလင်းရောင် ကွယ်ပျောက်သွားတဲ့အတွက်သာ ဖြစ်ရပါတယ်၊ မောဟကသာ ဖုံးကွယ်လို့ မထားခဲ့ပါရင် ဒီလိုကာမမှုတွေကို အလိုမရှိလို့ ကုဋေ ၈၀–မျှသော ပစ္စည်းဥစ္စာကို စွန့်လွှတ်ကာ တောထွက်လာခဲ့တဲ့ အလောင်းတော်ရှင်ရသေ့က ဒီလိုအလုပ်မျိုးကို ဘုရင်ကိုယ်တိုင်က ကျေကျေနပ်နပ် ခွင့်ပြုတောင်မှ ပြုလုပ်နိုင်မယ် မဟုတ်ပါ။

ယခုအချိန်မှာတော့ မောဟမှောင်ကြီးက ဖုံးကွယ်ထားလိုက်တဲ့အတွက် ယခုလက်ငင်း တွေ့ကြုံရမယ့်အပြစ်, နောင်သံသရာအပြစ်တွေကို မမြင်နိုင်တော့ဘဲ မသင့်တော်တဲ့ အလုပ်မျိုးကို ပြုလုပ်မိပါတော့တယ်၊ ကြိုးစားအားထုတ်လာခဲ့တဲ့ ဈာန်အဘိညာဉ်တွေကလဲ ယခုကိစ္စမှာ မောဟအမှောင်ထုကို မဖျက်ဆီးနိုင်ခဲ့ပါ၊ အဲဒီဈာန်အဘိညာဉ်တွေကသာ မောဟရဲ့ လွှမ်းမိုးဖိစီး ဖျက်ဆီးမှုကြောင့် ကွယ်ပျောက်သွားရပါတော့တယ်။

http://www.dhammadownload.com

အမတ်တွေက ဟရိတစရှင်ရသေ့ရဲ့ မိဖုရားနှင့် မှားမှားယွင်းယွင်း ပြုကျင့်နေကြောင်း ဘုရင်ထံ လျှောက်စာ ဆက်သကြပါတယ်၊ ရှင်ဘုရင်က မယုံကြည်ပါ၊ နယ်စပ်ကို ငြိမ်သက်စေပြီး ပြန်လာတဲ့အခါ ရှင်ဘုရင်က မိဖုရားထံကို ဦးစွာ သွားပါတယ်၊ မိဖုရားကို မေးမြန်းစုံစမ်းပါတယ်၊ မိဖုရားကလဲ ဟုတ်မှန်ကြောင်း ဝန်ခံပါတယ်၊ ဒါပေမယ့် ရှင်ဘုရင်က မိဖုရားရဲ့စကားကိုလဲ မယုံကြည်ပါ၊ ဒါနဲ့ ဟရိတစရှင်ရသေ့ကို သွားရောက်မေးပြန်ပါတယ်၊ ဟရိတစရှင်ရသေ့ကလဲ ဟုတ်မှန်ကြောင်း ဝန်ခံပါတယ်။

ယခုကိစ္စမှာ ရှင်ဘုရင်က ပါရမီဓာတ်ခံ ရင့်သန်ပြီးသူ ဖြစ်လို့ သည်းခံနိုင်ပါတယ်၊ ရှင်ရသေ့ကို အကျိုးသင့် အကြောင်းသင့် ဆက်လက်လျှောက်ထားနိုင်ပါတယ်၊ ရှင်ရသေ့ကလဲ ဘုရင်လျှောက်ထားသမျှ အကြောင်းကိစ္စရဲ့ သဘောမှန်ကို ပြန်လည်ဖြေရှင်း ပြောပြနေပါတယ်။

"အရှင်ရသေ့ ! မကျန်းမမာဖြစ်နေသူအတွက် ဆေးဝါးဓာတ်စာဆိုတာဟာ ကိုးကွယ်အားထားရာ ဖြစ်ပါတယ်၊ ရေဆာနေသူအတွက် သောက်ရေဟာ ကိုးကွယ်အားထားရာဖြစ်ပါတယ်၊ အရှင်ရသေ့အတွက်တော့ သိမ့်မွေ့တဲ့အပြင် ကောင်းတဲ့ အကျိုးစီးပွားကို ကြံစည်နိုင်တဲ့ ပညာဟာ ကိုးကွယ်အားထားရာ ဖြစ်ပါတယ်၊ ဖြစ်ပေါ်လာတဲ့ ရာဂကိုမျှ မပယ်ဖျောက် နိုင်ရင် အဲဒီပညာဟာ ဘာအကျိုးရှိတော့မလဲ ?"။

"မဟာရာဇာ ! ဒီလောကမှာ တပ်နှစ်သက်ခြင်း(ရာဂ), ခက်ထန်ကြမ်းတမ်းခြင်း ပြစ်မှားခြင်း(ဒေါသ), မာန်ယစ်ခြင်း(မဒ), အမှန်သဘောကို မသိခြင်း(မောဟ)–ဆိုတဲ့ တရား ၄–ပါးဟာ အလွန်အားကြီးကြပါတယ်၊ အဲဒီတရားတွေက ထကြွသောင်းကျန်းလာလို့ရှိရင် ပြင်းထန်တဲ့ ရေအယဉ်ထဲကို ကျရောက်ရသလို ပညာက ထောက်တည်ရာကို မရနိုင်တော့ပါဘူး"။

"အရှင်ရသေ့ ! အရှင်ရသေ့ဟာ အလှူကို ခံယူထိုက်သူ ဖြစ်တယ်၊ သီလနှင့်ပြည့်စုံတယ်၊ စင်ကြယ်စွာ ကျင့်နေတယ်၊ ကိလေသာတို့ကို ဖျက်ဆီးတတ်တဲ့ ပညာလဲ ရှိပါတယ်၊ အကျိုးအကြောင်းကို သိတတ်တဲ့ ပညာလဲ ရှိပါတယ်၊ ဒီလိုပဲ အကျွန်ုပ်တို့က အရှင်ရသေ့ကို အသိအမှတ် ပြုထားကြပါတယ်"။

"မဟာရာဇာ ! ရာဂနှင့်စပ်ယှဉ်နေတဲ့ ဝိတက်တွေဟာ ယုတ်မာကြပါတယ်၊ အာရုံကို တင့်တယ်တယ်လို့ ယူတတ်ကြပါတယ်၊ ရသေ့တွေရဲ့ တရားဂုဏ်မှာ မွေ့လျော်နေတဲ့ ပညာရှိတွေကိုတောင်မှ ညှဉ်းဆဲတတ်ကြပါတယ်"။

http://www.dhammadownload.com

"အရှင်ရသေ့ ! ဒီရာဂဆိုတာဟာ အရှင်ရသေ့တို့ရဲ့ကိုယ်ကပဲ ဖြစ်ပေါ်လာပါတယ်၊ ကိုယ်အဆင်းကိုရော, ဂုဏ်တွေကိုရော ဖျက်ဆီးတတ်ပါတယ်၊ အဲဒီရာဂကို အရှင်ရသေ့က ပယ်လိုက်ပါတော့၊ အရှင်ရသေ့မှာ ကောင်းခြင်းမင်္ဂလာတွေ ဖြစ်ပါစေ၊ လူအပေါင်းကလဲ အရှင်ရသေ့ကို ပညာရှိလို့ အသိအမှတ် ပြုထားကြပါတယ်"။

"ကာမတွေဆိုတာဟာ ပညာမျက်စိကန်းအောင်လဲ ပြုတတ်ကြပါတယ်၊ ဆင်းရဲအများအပြားကိုလဲ ဖြစ်စေတတ်ကြပါတယ်၊ ကိလေသာအဆိပ်တွေနှင့်လဲ ပြည့်နှက်နေကြပါတယ်၊ အဲဒီကာမတွေကို အကျွန်ုပ်က ပယ်ပါတော့မယ်၊ ဒီကာမတွေရဲ့ အယောနိသော မနသိကာရ(မသင့်မတင့် နှလုံးသွင်းခြင်း) ဆိုတဲ့ အခြေအမြစ်ကို ရှာပါတော့မယ်၊ သုဘနိမိတ်ဆိုတဲ့ အနှောင်အဖွဲ့နှင့် တကွဖြစ်တဲ့ ရာဂကို ဖြတ်ပါတော့မယ်"။

ရှင်ရသေ့က စကားအဆုံးမှာပဲ ရှင်ဘုရင်ထံ ခွင့်တောင်းပြီး ကျောင်းခန်းတွင်းကို ဝင်သွားပါတယ်၊ ကသိဏ်းဝန်းကို ရှုပြီး ဈာန်အတွင်းမှာပဲ ပျက်သွားတဲ့စျာန်ကို နောက်ထပ် ဖြစ်စေပါတယ်၊ ထို့နောက် ကျောင်းခန်းတွင်းက ထွက်လာပြီး ကောင်းကင်မှာ တင်ပလ္လင်ခွေ ထိုင်နေပါတယ်၊ ရှင်ဘုရင်အား တရားဟောထားခဲ့ပြီး လူ့အနားမှာနေလို့ ဒီလိုအမှုမျိုး ဖြစ်ရတယ်လို့ နောင်တရကာ လူသူကင်းကွာ ဟိမဝန္တာသို့ ပြန်သွားပါတော့တယ်။

ပြန်လည်သုံးသပ်ချက် ရာဂ, ဒေါသ, မဒ, မောဟ–ဒီတရား ၄–ပါး ထကြွလာလို့ရှိရင် ပညာက ထောက်တည်ရာ မရနိုင်ပါဘူးလို့ ဆိုထားခဲ့ပါတယ်၊ ဒီအထဲမှာ ပါလာတဲ့ မောဟရဲ့ မိုက်မဲပုံကို အထူးသတိပြုသင့်ပါတယ်၊ အနုသယကိလေသာတွေ ထကြွသောင်းကျန်းသမျှ မောဟမပါတဲ့ အခါရယ်လို့ မရှိပါဘူး၊ မောဟပါတာချည်းသာ ဖြစ်ပါတယ်။

ဒီ၄–ပါးထဲမှာပဲ ရာဂထကြွသောင်းကျန်းလာတဲ့အခါ ဒေါသက မပါနိုင်ပါဘူး၊ မဒက ရံခါပါလို့ ရံခါမပါဘဲ နေတတ်ပါတယ်၊ မောဟကတော့ မပါမရှိပါဘူး။

ဒေါသ ထကြွသောင်းကျန်းတဲ့အခါမှာ လောဘရော, မဒရော မပါနိုင်ပါဘူး၊ မောဟကတော့ ပါလျက်ပဲ ဖြစ်ပါတယ်။

မဒ ထကြွသောင်းကျန်းလာတဲ့အခါမှာ လောဘက ပါနိုင်ပါတယ်၊ ဒေါသက မပါနိုင်ပါဘူး၊ မောဟကတော့ ခပ်တိုင်းငန်တဲ့ ပဲခူးဆားလို ပါရက်ပါပဲ။

http://www.dhammadownload.com

ဒီတော့ သုဘနိမိတ်–တင့်တယ်တဲ့ အာရုံနှင့် တွေ့ကြုံလို့ မသင့်မတင့် နှလုံးသွင်းမိရင် ရာဂဟာ အနုသယအခိုက်မှ ပရိယုဋ္ဌာနအခိုက်သို့ ပြောင်းရွေ့ ထကြွသောင်းကျန်းလာရပါတယ်၊ ဇောစိတ်နှင့်အတူ ယှဉ်တွဲဖြစ်လာရပါတယ်၊ အဲဒီလို ရာဂ ထကြွသောင်းကျန်းလာတော့ အဝိဇ္ဇာနုသယဆိုတဲ့ မောဟလဲ အတူယှဉ်တွဲပါလာပါတယ်၊ မောဟဆိုတဲ့ အမှောင်မာတ်က အမှန်သဘောကို မသိနိုင်အောင် ဖုံးအုပ်ထားလိုက်တော့ ပညာက ထောက်တည်ရာ မရနိုင်တော့ပါ၊ ကွယ်ပျောက်သွားရပါတော့တယ်၊ ဒါ့ကြောင့် ကိုယ်ထိလက်ရောက် ကျူးလွန်မှု ဝီတိက္ကမ ဖြစ်လာရပါတယ်။

အသုဘနိမိတ်ဆိုတဲ့ မတင့်တယ်တဲ့ အာရုံနှင့် တွေ့ကြုံလို့ မသင့်မတင့် နှလုံးသွင်းမိရင် ပဋိဃာနုသယခေါ်တဲ့ ဒေါသက ထကြွလာပါတော့တယ်၊ အဲဒီလို ထကြွလာတဲ့အချိန်မှာ ဒေါသစိတ်နှင့်အတူ အဝိဇ္ဇာနုသယဆိုတဲ့ မောဟလဲ ယှဉ်တွဲပါလာရပါတယ်၊ အဲဒီ အချိန်မှာ မောဟဆိုတဲ့ အမှောင်မာတ်က ဖုံးအုပ်ထားလိုက်တော့ ပညာပါ ကွယ်ပျောက်သွားတဲ့အတွက် ပညာနဲ့ မထိန်းနိုင်တော့ဘဲ ကိုယ်ထိလက်ရောက် ကျူးလွန်မှု ဖြစ်လာရပါတယ်။

မာန်ယစ်စရာအကြောင်း အာရုံနှင့် တွေ့ဆုံလို့ မသင့်မတင့် နှလုံးသွင်းမိရင် မာနာနုသယဆိုတဲ့ မဒဟာ ဇောစိတ်နှင့်အတူ လောဘ, မောဟပါ ယှဉ်တွဲလို့ ထကြွလာတတ်ပါတယ်၊ မောဟက အမှန်သဘောကို ဖုံးထားလိုက်တော့ ပညာနဲ့ မထိန်းနိုင်တော့ဘဲ ဝီတိက္ကမထိအောင် ဖြစ်လာရပါတော့တယ်။

မသိတိုင်း မောဟမဟုတ် မသိခြင်းသဘောကို မောဟလို့ ဆိုခဲ့စေကာမူ မသင်ဘူးတဲ့ အတတ်ပညာ, မရောက်ဘူးတဲ့ အရပ်, မမှတ်ဘူးတဲ့ နာမည်–စသည်တို့ကို မသိခြင်းက အကုသိုလ်ဖြစ်တဲ့ မောဟအစစ် မဟုတ်ပါ၊ မှတ်သားဖူးသော အမှတ်သညာ မရှိမှုမျှသာ ဖြစ်ပါတယ်။

၂။ အဟိရိက

အဟိရိကကတော့ မကောင်းမှု ပြုရမှာကို မရွံရှာ မစက်ဆုပ်ခြင်း, မရှက်ခြင်းသဘော ရှိပါတယ်။

မကောင်းမှုဒုစရိုက်ဆိုတာဟာ သူတော်ကောင်းတို့သဘောနှင့် စဉ်းစားကြည့်မယ်ဆိုရင် စက်ဆုပ်ရွံရှာဖွယ်ရာသာ ဖြစ်ပါတယ်၊ ဒုစရိုက်ကို ပြုမိပြန်ရင် ပညာရှိ သူတော်ကောင်းတို့ အလယ်မှာ ရှက်စရာကောင်းလှပါတယ်။

http://www.dhammadownload.com

ဒါပေမယ့် ရွာဝက်ဟာ မစင်ဗွက်ကို မစက်ဆုပ် မရွံရှာနိုင်ဘဲ မစင်ဗွက်ထဲမှာ လူးကာ,လိမ့်ကာ စားကာ,အိပ်ကာ လွန်စွာ ပျော်မွေ့သလို အဟိရိက ကိန်းနေသူကလဲ စက်ဆုပ်ရွံရှာစရာ, ရွက်စရာ ဒုစရိုက်တွေကို မောဟရဲ့ ကွယ်ဝှက်မှုကြောင့် မရွက်သာ မရွံသာ လွန်စွာ နှစ်သက်ပါတော့တယ်။

အဟိရိက ကိန်းနေသူတွေ အရွက်မရှိသူတွေရဲ့ အလယ်မှာတော့ မကောင်းမှု ဒုစရိုက် များများပြုနိုင်တာကိုပဲ ဂုဏ်ကြီးတစ်ခုအနေနဲ့ မှတ်ထင်နေကြပါတယ်၊ အဲဒီလို ဂုဏ်မဟုတ်တာကို ဂုဏ်လို့ထင်နေတာက မောဟဆိုတဲ့ အမှောင်ထုရဲ့ ဖုံးအုပ်ထားမှုကြောင့် ဖြစ်ပါတယ်၊ ဒုစရိုက်မှုမှန်သမျှမှာ မောဟက ပါဝင်နေသလို အဟိရိကလဲ ပါဝင်နေတာချည်းသာ ဖြစ်ပါတယ်။

ဒီတော့ကာ– ဒီနေရာမှာ မောဟအခန်းက ပြောလာခဲ့တဲ့ ဟရိတစရှင်ရသေ့ရဲ့ အကြောင်းကို ပြန်လည်သုံးသပ်ကြည့်ကြစို့ရဲ့။

ဟရိတစရှင်ရသေ့က ခုတင်ပေါ်က ရုတ်တရက်အထမှာ ခါးဝတ်လျှောကျသွားတဲ့ မိဖုရားကို တွေ့ရတဲ့အခါ မသင့်မတင့် နှလုံးသွင်းမိပါတယ်၊ ဒါ့ကြောင့် ရှင်ရသေ့ရဲ့သန္တာန်မှာ ဒုတ်ဓာတ်, ကိန်းဓာတ်အနေနဲ့ ရှိနေတဲ့ ကာမရာဂ–(၅)–ပါး အာရုံ ကာမဂုဏ်ကို တပ်နှစ်သက်မှု သဘော)က လောဘစိတ်နှင့်အတူ ယှဉ်တွဲထကြွလာပါတော့တယ်၊ အဲဒီလောဘစိတ်နှင့်အတူ မောဟနှင့်အဟိရိကတို့လဲ ယှဉ်တွဲပါလာကြပါတယ်၊ ဒီတော့ မောဟကဖုံးလွှမ်း အဟိရိကကမရှက်တမ်း လုပ်ထားလိုက်တော့ ရသေ့ကြီးက နန်းတွင်းသူတွေရဲ့ ရှေ့မှာ သူရဲသဘက်ပူးသည့်ပမာ ရွက်ရမှာကို မသိတော့ဘဲ မိဖုရားကြီးရဲ့လက်ကို ဖမ်းဆွဲလိုက်ပါတော့တယ်၊ ဒီတော့ "ယိုသူမရွက် မြင်သူရွက်" ဆိုသလို နန်းတွင်းသူတွေက ကန့်လန့်ကာကို ယူပြီး ကာရံပေးလိုက်ကြရပါတယ်၊ ယခုကိစ္စဝယ် ဟရိတစရှင်ရသေ့ရဲ့ ပြုမူပုံမှာ အဟိရိက သဘောဟာ ပေါ်လွင်ထင်ရှားလှပါတယ်။

အကုသိုလ်မှန်က ရွက်ဖွယ်ချည်းသာ

ယခုပြောလာခဲ့တဲ့ ကာမမူမျှသာ မဟုတ်သေးပါ၊ အကုသိုလ်မှန်က ရွက်စရာချည်းသာ ဖြစ်ပါတယ်၊ အပြင်းအထန် စိတ်ဆိုးတာနဲ့ အော်ဟစ်ငေါက်ငန်း ကြမ်းတမ်းစွာ ပြောဆိုတဲ့ ဒေါသ, နှလုံးလေပင့် ဘဝင်မြင့်ကာ ထောင်လွှားတက်ကြွ သူတစ်ပါးကို အဖက်မထင် စိတ်ကြီးဝင်တဲ့ မာန, ငြူစူစောင်းမြောင်း မကောင်းပြစ်တင် ကဲ့ရဲ့ချင်တဲ့ ဣဿာ–စသည်တို့လဲ စက်ဆုပ်ရွံရှာ ရွက်စရာကောင်းလှပါတယ်၊ ဒါ့ကြောင့် ဒုစရိုက်မကောင်းမှုမှန်ရင် အကုန်လုံး ရွက်စရာချည်းသာ မှတ်ပါ။

http://www.dhammadownload.com

၃။ အနောတ္တပ္ပ

မကြောက်လန့်ခြင်းသဘောကိုဘဲ "အနောတ္တပ္ပ"လို့ ခေါ်ပါတယ်၊ အနောတ္တပ္ပ ဟာ မကောင်းမှုကို မကြောက်ရွံ့ခြင်း, မထိတ်လန့်ခြင်းသဘော ရှိပါတယ်၊ မကောင်းမှုကို ပြုလုပ်သူတို့ မလွဲသာ မရှောင်သာ တွေ့ရတတ်တဲ့ ဘေးကြီး ၄-ပါးကို ပြောပြပါဦးမယ်။

၁။ အတ္တာနုဝါဒဘေး= [အတ္တ-ကိုယ့်ကိုကိုယ်+အနုဝါဒ-စွပ်စွဲခြင်း၊] မကောင်းမှုကို ပြုလုပ်မိလို့ရှိရင် "သူများတကာက ငါ့ကို လူကြီးလူကောင်း, သူတော်ကောင်းလို့ အသိအမှတ်ပြုနေကြတယ်၊ ဒါပေမဲ့ ငါ့အကြောင်းကိုတော့ ငါကသာ အသိဆုံးဖြစ်ပါတယ်၊ ငါက သူတို့ထင်သလို တကယ့်သူတော်ကောင်းအစစ် မဟုတ်ပါဘူး၊ မကောင်းမှု ဒုစရိုက်တွေကို ခိုးကြောင်ခိုးဝှက် ပြုလုပ်နေတဲ့ အယောင်ဆောင် ကြောင်သူတော်တစ်ယောက်မျှသာ ဖြစ်ပါတော့တယ်" လို့ ကိုယ့်ကိုကိုယ် ပြန်လို့ စွပ်စွဲခြင်း, ကိုယ့်ကိုကိုယ် မကြည်ညိုနိုင်ခြင်းဘေး။

၂။ ပရာနုဝါဒဘေး= [ပရ-သူတစ်ပါးတို့က+အနုဝါဒ-စွပ်စွဲခြင်း၊] ဒီလူဟာ အကုသိုလ် ဒုစရိုက်တွေကို ပြုလုပ်နေတဲ့ လူယုတ်မာ တစ်ယောက်ပဲလို့ သူတစ်ပါးတို့ရဲ့ စွပ်စွဲကဲ့ရဲ့ခံရခြင်း, အထင်သေး အမြင်သေးခံရခြင်းဘေး။

၃။ ဒဏ္ဍဘေး= အကုသိုလ် ဒုစရိုက်တွေကို ပြုလုပ်မိခဲ့ပါရင် ယခုဘဝမှာပဲ သူ့ကိုသတ်မိလို့ ကိုယ်လဲသေစားသေရခြင်း, သူဥစ္စာကို ခိုးမိလို့ အရိုက်အနှက် ခံရခြင်း, ထောင်ဒဏ်အပြစ်ပေးခံရခြင်း, သူတစ်ပါးရဲ့ဇနီးတွေ သမီးပျိုတွေကို ပြစ်မှားကျူးလွန်မိလို့ အရိုက်အနှက်ခံရခြင်း, ငွေဒဏ်တပ်မှု ထောင်ဒဏ်ပေးမှုကိုခံရခြင်း-စတဲ့ ဒုက္ခဘေးရန်အပြစ်ဒဏ် အမျိုးမျိုးကို ခံရခြင်းဘေး။

၄။ ဒုဂ္ဂတိဘေး= မကောင်းမှု အကုသိုလ်ဒုစရိုက်ကို ပြုမိတဲ့အတွက် သေခါနီး ကျမှ အကြီးအကျယ် နောင်တရလို့ နောင်ဘဝမှာ ကြုံတွေ့ရမယ့် အပါယ် ၄-ပါးဆိုတဲ့ မကောင်းသောဂတိသို့ ရောက်ရမယ့်ဘေး။ [၁]

အကုသိုလ် ဒုစရိုက်ကို ပြုထားမိရင် လူပါးလူနပ်ဖြစ်လို့ ရှေ့ဘေးကြီး ၃-ပါးက လွတ်နိုင်မေမယ့် နောင်ဘဝသံသရာအရေး ဒုဂ္ဂတိဘေးက လွတ်ကင်းအောင် ရှောင်တိမ်းရန်တော့ ခဲယဉ်းလှပါတယ်၊ ဒါ့ကြောင့် မကောင်းမှု အကုသိုလ် ဒုစရိုက်မှန်က

၁။ အံ-၁၊ ၄၃၆

http://www.dhammadownload.com

တကယ်ပဲ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းလှပါတယ်၊ ဒါပေမယ့် မီးတောက်မီးလျှံကို ပိုးဖလံကောင်လေးတွေက (ရွှေတောင်ကြီးထင်လေရော့သလားမသိ) အတင်းတိုးဝှေ့ကြသလို အနောတ္တပွဂ်လ်သူတွေကလဲ ကြောက်ရွံ့စရာ မကောင်းမှု အကုသိုလ်ဒုစရိုက်တွေကို မကြောက်ရွံ့ဘဲ ရဲရဲကြီး ပြုနေကြပါတော့တယ်။

ဒီနေရာမှာလဲ ဟရိတစရသေ့ရဲ့ အကြောင်းကိုပဲ ပြန်လည်သုံးသပ်ကြည့်စေလိုပါတယ်၊ ဟရိတစရှင်ရသေ့မှာ–ကိုယ့်ကိုကိုယ် မကြည်ညိုနိုင်စရာ အတ္တာနုဝါဒဘေး, ရှင်ဘုရင်ရဲ့ဆရာဖြစ်တဲ့ ရှင်ရသေ့က မိဖုရားနှင့် ဖောက်ပြားယွင်းမှားနေသတဲ့လို့ တစ်မြို့လုံး ပျံ့နှံ့ပြောဆိုနေကြတဲ့ ပရာနုဝါဒဘေး–ဒီဘေး ၂–ခုက လက်ငင်းဒိဋ္ဌ ထွေ့ကြုံနေရတဲ့ဘေးတွေ ဖြစ်ကြပါတယ်၊ ဒါပေမယ့် မရှောင်နိုင်တော့တဲ့ နေ့စဉ်ရက်ဆက် ပြုလုပ်နေပါတော့တယ်၊ ဒါ့အပြင် ရှင်ဘုရင်က ပါရမီဖြည့်ဘက် သူတော်ကောင်းကြီးဖြစ်လို့သာ တော်ပါသေးတယ်၊ သာမန်ရှင်ဘုရင်မျိုးသာ ဖြစ်ခဲ့ပါရင် မိမိရဲ့ ကြင်ရာတော်မိဖုရားကို ပြစ်မှားလွန်ကျူးတဲ့အတွက် ရှင်ရသေ့ရဲ့ အသက်ဘေးမှာ တွေးဝံ့စရာပင် မရှိတော့ပါ၊ ဒီမျှလောက် သေဘေးနှင့်နီးကပ်နေတဲ့ အမှုကြီးကို အနောတ္တပွဂ်လာတဲ့အတွက် ဘာကိုမှ ထိမထင်တော့ဘဲ ရဲရဲကြီး ပြုဝံ့ပါတော့တယ်၊ ဒီအနောတ္တပွဂ်လ်နှင့် အတူဖြစ်တဲ့စိတ်ကို အနောတ္တပွဂ်လစိတ်–လို့ ခေါ်ပါတယ်။

၄။ ဥဒ္ဓစ္စ

စိတ်ရဲ့ ပျံ့လွင့်ခြင်း, စိတ်ရဲ့ အထက်သို့လွင့်တက်ခြင်း, စိတ်ရဲ့ မငြိမ်သက်ခြင်း သဘောကို ဥဒ္ဓစ္စလို့ ခေါ်ပါတယ်၊ ဥဒ္ဓစ္စနှင့် ယှဉ်တဲ့စိတ်က အာရုံတစ်ခုပေါ်မှာ ငြိမ်သက်စွာ တည်မနေနိုင်ပါဘူး၊ အထက်အထက်သို့ လွင့်ကာလွင့်ကာ တက်နေသလို ဖြစ်နေပါတယ်၊ လေအဟုန် တိုက်ခတ်တဲ့အတွက် ရေပြင်က မငြိမ်မသက် ဖြစ်ရသလို အာရုံကို ငြိမ်သက်စွာ မယူနိုင်ခြင်းဟာ ဥဒ္ဓစ္စရဲ့ သဘောဖြစ်ပါတယ်။

အလံတိုင်ရဲ့ အပေါ်မှာ ဆွဲထားတဲ့ အလံဟာ ကောင်းစွာ တည်တံ့မနေဘဲ လေတိုက်တိုင်း လွင့်ကာလွင့်ကာ နေသလို အာရုံတစ်ခုပေါ်မှာ ကောင်းစွာ မတည်နိုင်ခြင်းဟာလဲ ဥဒ္ဓစ္စရဲ့ကိစ္စပဲ ဖြစ်ပါတယ်။

ဒီလို အာရုံတစ်ခုပေါ်မှာ ကောင်းစွာမတည်ခြင်းကိစ္စနှင့် ဥဒ္ဓစ္စရဲ့ ယူပေးမှုကြောင့် ယှဉ်ဘက်တရားတွေကလဲ အာရုံကို တည်တံ့စွာ မယူနိုင်ကြပါဘူး၊ ဧကဂ္ဂတာလို့ ခေါ်တဲ့ သမာဓိကတောင်မှ ဥဒ္ဓစ္စနှင့် ယှဉ်ခိုက်မှာ အာရုံကို ယူမိရုံမျှသာ တည်နိုင်ပါတယ်၊ အခြားယှဉ်ဘက်စိတ်များမှာ ယှဉ်ရသလို ကျကျနန စိတ်အစဉ်တည်တံ့အောင် မယူနိုင်ပါ။

http://www.dhammadownload.com

ဒါကြောင့် ဥဒ္ဓစ္စဟာ ပြာပုံတစ်ခုပေါ်သို့ ကျောက်ခဲကို ပစ်ထည့်လိုက်တဲ့အခါ ထောင်းကနဲ လွင့်တက်လာတဲ့ပြာတွေလို အာရုံတစ်ခုပေါ်မှာ ငြိမ်သက်စွာ မတည်နိုင်ဘဲ ဟိုအာရုံရောက်လိုက်, ဒီအာရုံရောက်လိုက် ဖြစ်နေတတ်ပါတယ်၊ ဒီဥဒ္ဓစ္စနှင့် အတူဖြစ်တဲ့ စိတ်ကလဲပဲ စိတ်လေစိတ်လွင့် ဖြစ်လာပါတော့တယ်၊ ဥဒ္ဓစ္စအားကြီးနေတဲ့အခါ လူတစ်ကိုယ်လုံးလဲ မငြိမ်မသက် ဖြစ်နေရတဲ့အတွက် လူလေလူလွင့် လူဘော်ကျော့ ဖြစ်လာတတ်ပါတယ်။

ဥဒ္ဓစ္စက သူ့ပင်ကိုယ်သဘောအနေနဲ့ ဘယ်အာရုံမှာမျှ တည်တည်တံ့တံ့ မရှိ၊ ဟိုအာရုံရောက်လိုက်, ဒီအာရုံရောက်လိုက်နဲ့ ပျံ့လွင့်နေတဲ့အတွက် မကောင်းဆိုးဝါး အကုသိုလ်တရား ဖြစ်နေပေမယ့် ဘယ်ဒုစရိုက်ကိုမျှ ထိထိမိမိ မပြုတဲ့အတွက် လောဘ, ဒေါသ-စသည်တို့လို အပါယ်ကျရောက်အောင် သတ္တိအင်အား မကြီးမားလှပါ။

ဒီမောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စဆိုတဲ့ တရား ၄-ခုဟာ အကုသိုလ်ဖြစ်တိုင်းမှာ ပါဝင်နေပါတယ်၊ ဒါကြောင့် ဒီစေတသိက် ၄-ပါးကို "သဗ္ဗာကုသလသာဓာရဏစေတသိက်" လို့လဲ ခေါ်ကြပါတယ်။

၅။ လောဘ

တပ်မက်ခင်မင် လိုချင်မက်မောခြင်း သဘောကို "လောဘ"လို့ ခေါ်ပါတယ်၊ လိုချင်ခြင်းသဘောကို လောဘဆိုပေမယ့် လိုချင်တိုင်းကို လောဘမခေါ်ရပါ၊ ကာမဂုဏ်ဆိုင်ရာ လိုချင်မှုမျိုးကိုသာ လောဘခေါ်ရပါတယ်။

နိဗ္ဗာန်ကို လိုချင်မှု, စာပေအတတ်ပညာ တတ်ချင်မှု, အလှူဒါနပြုလုပ်ရန် ပစ္စည်းဥစ္စာကို လိုချင်မှု-စတဲ့ ကောင်းတဲ့ဘက်မှာ လိုချင်မှုများကိုတော့ လောဘလို့ မဆိုသင့်ပါ၊ ရှေ့ကပြောပြလာခဲ့တဲ့ ဆန္ဒလို့သာ ဆိုသင့်ပါတယ်။

ဒီလောဘဟာ အာရုံကို တပ်စွဲခြင်းသဘော ရှိပါတယ်၊ တပ်စွဲခြင်းသဘောဆိုတာက အာရုံကို ယူကာမတ္တ မဟုတ်ပါဘူး၊ လောဘရဲ့ အကြီးအသေးအလိုက် ထိုက်သည့်အားလျော်စွာ တမ်းတမ်းစွဲ ငမ်းငမ်းတက် တပ်မက်ခင်မင် လိုချင်တာမျိုးပဲ ဖြစ်ပါတယ်။

လောဘရဲ့ အာရုံယူပုံကို မျောက်နဲ့စေးက မျောက်ကိုဖမ်းထားပုံနှင့် ဥပမာပြကြပါတယ်၊ သစ်ပင်က ထွက်ကျနေတဲ့ မျောက်နဲ့စေးလို့ခေါ်တဲ့ သစ်စေးပုံအနားကို အထူးအဆန်းမြင်ရင် ဆော့ချင်တတ်တဲ့ မျောက်တစ်ကောင် ရောက်လာပါတယ်၊ ဒီတော့ မျောက်က သစ်စေးပုံကို လက်တစ်ဖက်နဲ့ နှိပ်စမ်းကြည့်ပါတယ်၊ သစ်စေးပုံက အဲဒီလက်ကို စေးကပ်ဖမ်းယူထားပါတယ်၊ ပထမလက်ကွာအောင် အခြားလက်တစ်ဖက်နဲ့ ခွာပြန်တယ်၊ အဲဒီလက်ကိုလဲ စေးကပ်ဖမ်းယူထားပြန်တယ်၊ လက်

http://www.dhammadownload.com

၂-ဖက်လုံးကွာအောင် ပါးစပ်နဲ့ကိုက်လို့ ခွာပြန်တယ်၊ ပါးစပ်ကိုလဲ စေးကပ်ဖမ်းယူထားပြန်တယ်၊ လက်ရောပါးစပ်ပါ တစ်ခါတည်းကွာအောင် ခြေ ၂-ဖက်နှင့် ဘယ်ပြန်ညာပြန် တွန်းကန်ပြန်တယ်၊ ခြေ ၂-ဖက်ကိုလဲ စေးကပ်ဖမ်းယူထားလိုက်ပြန်ပါတယ်၊ ဒီတော့ ကွာလိုကွာငြား သဘောထားပြီး ကိုယ်နဲ့ဖိလို့ ခွာလိုက်တဲ့အခါ အိကနဲ့ နေကာ ခွာလို့မရအောင် ဖွဲ့နှောင်ထားလိုက်ပါတယ်၊ ဒီလိုပဲ လောဘတရားကလဲ ၆-ပါးသော အာရုံတို့ ထိခိုက်လာရင် တမ်းတမ်းစွဲ ငမ်းငမ်းတက် မခွာရက်အောင် ဖမ်းယူထားတတ်ပါတယ်။ [မျောက်နဲ့စေးနှင့်လောဘ, မျောက်ရဲ့လက်ခြေပါးစပ် ကိုယ် ၆-မျိုးနှင့် အာရုံ ၆-ပါးတို့ တူကြပါတယ်။]

ပေမ-သံယောဇဉ်

ဒီလောဘကို သားသမီး မောင်နှမ ညီအစ်ကို သမီးခင်ပွန်း-စတဲ့ အိမ်သူအိမ်သားချင်းချစ်ခင်မှု, ဆွေမျိုးချစ်ခင်မှု, ဆွေလိုမျိုးလိုချစ်ခင်မှုတွေမှာ ပေမဆိုတဲ့ အမည်နှင့် သုံးစွဲပါတယ်၊ ပေမဆိုတဲ့ ပါဠိစကားက ချစ်ခင်ခြင်းလို့ အဓိပ္ပာယ် ရပါတယ်၊ ဒီချစ်ခင်ခြင်းမျိုးကို သံယောဇဉ်တွယ်တယ်လို့လဲ ခေါ်ကြပါသေးတယ်၊ သံယောဇဉ်ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကတော့ နှောင်ကြိုးပဲ ဖြစ်ပါတယ်၊ ကြိုးနဲ့ ချည်နှောင်ထားသလို တစ်ယောက်ကိုတစ်ယောက် မခွဲနိုင် မခွာရက်အောင် ချည်နှောင်ခြင်းလို့ ဆိုလိုပါတယ်။

တဏှာ

အဆင်း, အသံ, အနံ့, အရသာ, အတွေ့-ဒီ ၅-မျိုးကို လူတွေက လိုလားအပ်တဲ့ အနှောင်အဖွဲ့မျိုး ဖြစ်လို့ ကာမဂုဏ် ၅-ပါးလို့ ခေါ်ကြပါတယ်။ [ကာမ-လိုလားတောင့်တအပ်တဲ့+ဂုဏ-အနှောင်အဖွဲ့။]

ဒီကာမဂုဏ် ၅-ပါး အာရုံများကို သာမန်လိုချင်ရုံမျှမကဘဲ တပ်မက်ငတ်ပြတ်မှုမှာ တဏှာဆိုတဲ့အမည်နဲ့ သုံးစွဲပါတယ်၊ တဏှာဆိုတဲ့ စကားက တပ်မက်ခြင်း, ငတ်ပြတ်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။

ရာဂ

အဆိုပါ ကာမဂုဏ် ၅-ပါး အာရုံတရားတွေထဲက အတွေ့အာရုံ(မေထုန်မှု)ကို အလွန်လိုလားရာမှာ- ရာဂဆိုတဲ့အမည်နဲ့ သုံးစွဲကြပြန်တယ်၊ ရာဂဆိုတဲ့ စကားက ငြိကပ်စွဲလမ်းခြင်းလို့ အဓိပ္ပာယ်ရပါတယ်။

သမုဒယ

သစ္စာ ၄-ပါး ခွဲစိတ်ဓေဖန်ခန်းမှာတော့ ဒီလောဘကို သမုဒယ သစ္စာဆိုတဲ့ အမည်နဲ့ ခေါ်ဆော်သုံးစွဲထားပါတယ်၊ သမုဒယဆိုတဲ့ စကားက ဒုက္ခဖြစ်ကြောင်းလို့ အဓိပ္ပာယ်ရပါတယ်။

http://www.dhammadownload.com

ရှေ့က ပြောလာခဲ့တဲ့ ပေမ, တဏှာ, ရာဂလို့ခေါ်ဆိုရတဲ့ လောဘ ရှိနေလို့ ဆင်းရဲဒုက္ခနှင့် ယှဉ်တွဲလို့ တဝဲလယ်လယ် နေကြရပါတယ်၊ ယခုနေအခါမှာ သူရော, ငါပါ တွေ့နေကြရတဲ့ ဒုက္ခကြီးငယ် အသွယ်သွယ်ဟာ ဒီတဏှာလောဘ သမုဒယ ကြောင့်သာ ဖြစ်ရပါတယ်၊ ဒါ့ကြောင့် လောဘကြီးရင် ဒုက္ခကြီးတယ်၊ လောဘ ငယ်ရင် ဒုက္ခငယ်တယ်၊ လောဘမရှိရင် ဒုက္ခလဲ မရှိတော့ဘူးလို့ ဆိုလိုပါတယ်။

ဒီလောဘနှင့် အတူတကွ ဖြစ်တဲ့စိတ်ကို လောဘစိတ်, တဏှာစိတ်, ရာဂစိတ်, သံယောဇဉ်စိတ်လို့ ခေါ်ပါတယ်၊ လူကိုတော့ လောဘကြီးသူ, တဏှာကြီးသူ, ရာဂကြီးသူ, သံယောဇဉ်ကြီးသူလို့ ခေါ်ရပါတယ်။

မာယာ

ဒီလောဘကိုပဲ မိမိမှာ အပြစ်ရှိနေပါလျက် မရှိသလို ဟန်ဆောင်ရာမှာ မာယာ လို့လဲ ခေါ်ကြပါသေးတယ်၊ မာယာဆိုတာဟာ မျက်လှည့် သည်နှင့် တူပါတယ်၊ မျက်လှည့်သည် မျက်လှည့်သမားက ကျောက်ခဲကို ရွှေတုံးဖြစ်အောင် လှည့်စားနိုင် သလို မာယာကလဲ လူတစ်ဖက်သား အထင်မှားအောင် ကိုယ့်မှာရှိနေတဲ့ အပြစ်ကို ဖုံးကွယ်တတ်ပါတယ်။

မကောင်းမှု အကုသိုလ်များကို ပြုပြီးနောက် အဲဒီအမှုများ မပေါ်အောင် ဝိုဝိ ရိရိ ဖုံးကွယ်ခြင်းဟာ မာယာရဲ့သဘော ဖြစ်ပါတယ်။

ပြုပြီးတဲ့ မကောင်းမှုကို လျှို့ဝှက်ခြင်းဟာ မာယာရဲ့ကိစ္စ ဖြစ်ပါတယ်။

မာယာနှင့်ပြည့်စုံသူဟာ ပြာနဲ့ဖုံးထားတဲ့ မီးကျီးခဲ, ရေထဲမှာရှိတဲ့ သစ်ငုတ်, အဝတ်ဖြင့်ဖုံးအုပ်ထားတဲ့ လက်နက်နှင့် တူပါတယ်။ [၁]

မိန်းမမာယာ ကြောက်စရာ

ပဒုမမင်းသားက ကန္တာရအလယ်မှာ ညီတော် ၆-ယောက် တို့နှင့် အတူနေရာက ညဥ့်အခါ ညီတော်များ အိပ်ပျော်နေ ချိန်မှာ မိမိရဲ့မယားကို ခေါ်ပြီး တိတ်တဆိတ် ထွက်လာခဲ့ ပါတယ်၊ ကန္တာရကထွက်လို့ မြစ်ကြီးတစ်ခုနားကို ရောက်တဲ့အခါ မယားနှင့်အတူ တဲအုံဆောက်လုပ် နေထိုင်ပါတယ်။ [၂]

တစ်နေ့မှာ မင်းပြစ်မင်းဒဏ်သင့်တဲ့ ခိုးသူတစ်ယောက်ကို လက်ခြေများနှင့် နား, နှာခေါင်းတို့ကို ဖြတ်ပြီး လှေငယ်တစ်ခုပေါ်မှာတင်ကာ မြစ်ညာက မျှောလိုက်ကြ ပါတယ်၊ အနားကို ရောက်လာလို့ ငိုသံကို ကြားရတဲ့အခါ ပဒုမမင်းသားက သနား

၁။ မ-ဋီ-၁၊ ၂၀၀။ ၂။ ဇာတ်-၆-၂၊ ၁၀၅။

http://www.dhammadownload.com

တာနဲ့ ဆယ်ယူပြီး ဆေးဝါးကုသထားပါတယ်၊ အသားနုတက်လို့ အနာကောင်းလာတဲ့အခါ မယားနှင့်အတူ တဲထဲမှာ ထားပါတယ်၊ သူကိုယ်တိုင်က တောထဲကို သွားပြီး သစ်သီးကြီးငယ်ကို ရှာဖွေနေပါတယ်၊ ရလာသမျှကို ဇနခြမ်းစားသောက်နေပါတယ်။

ပဒုမမင်းသားက သစ်သီးရှာသွားခိုက်မှာ မယားဖြစ်သူက ငတုံးနှင့် ဖောက်ပြန်နေပါတယ်၊ တစ်နေ့မှာ ပဒုမမင်းသားကို သတ်လိုတဲ့အတွက် တောင်စောင့်နတ်ကို ပူဇော်ရအောင်လို့ မိန်းမမာယာနဲ့ တောင်ပေါ်ကို သွေးဆောင်ခေါ်သွားပါတယ်၊ တောင်ထိပ်ကို ရောက်တဲ့အခါ "မောင်ရေ ! မောင်ကပဲ မြင့်မြတ်တဲ့ နတ်ဖြစ်ပါတယ်၊ မောင့်ကိုပဲ လက်ဦး ပန်းတွေနဲ့ ပူဇော်လို့ လက်ယာရစ် လှည့်လည်လိုပါတယ်၊ နောက်မှ တောင်စောင့်နတ်ကို ပူဇော်ပါ့မယ်"လို့ ပြောပြီး လင်ကို တောင်ကမ်းပါးပြတ်နားမှာ ရပ်နေစေပါတယ်၊ လက်ယာရစ်လှည့်ကာ ရှိခိုးသလိုလုပ်ရင်း ကျောဘက်က နေပြီး ကမ်းပါးပြတ်ထဲကို တွန်းချလိုက်ပါတယ်။

ဒီဝတ္ထုမှာ လင်ကို သတ်လိုတဲ့အတွက် တောင်စောင့်နတ်ကို ပူဇော်လိုဟန် ဉာဏ်ဆင်ပြီး တောင်ပေါ်ရောက်အောင် ခေါ်သွားတာလဲ မာယာပဲ ဖြစ်ပါတယ်၊ တောင်ပေါ်ကို ရောက်တဲ့အခါ တောင်စောင့်နတ်ကိုထက် လင်ကိုပဲ ချစ်ခင်ကြည်ညိုမြတ်နိုးဟန်ဆောင်ပြီး ပူဇော်သလိုလုပ်ကာ တောင်ပေါ်က တွန်းချလိုက်တာလဲ မာယာပဲ ဖြစ်ပါတယ်။

ရသေ့မာယာအံ့စရာ[1] ရှေးအခါ ရွာကလေးတစ်ရွာမှာ သူကြွယ်တစ်ယောက်က ရသေ့တစ်ဦးကို တောထဲမှာ ကျောင်းဆောက်ကိုးကွယ်ထားပါတယ်၊ ခိုးသားဓားပြဘေးကို စိတ်မချရတာနဲ့ ရွှေစင်နိကွတစ်ရာကို ရသေ့ကျောင်းနားမှာ မြှုပ်ထားပါတယ်၊ "အရှင်ဘုရား ! ဒါကို ခဏကြည့်ရှုစောင့်ရှောက်ထားပါ"လို့လဲ မှာထားပါတယ်၊ ဒီတော့ ရသေ့က "ဟဲ့ဒကာ ! ရသေ့ရဟန်းတွေကို ဒီလို မပြောကောင်းဘူး၊ တို့မှာ သူများပစ္စည်းဥစ္စာကို လိုချင်မက်မောမှုဆိုတာ မရှိပါဘူး"လို့ ပြောလိုက်ပါတယ်၊ ဒကာက ရသေ့ကို ယုံကြည်စိတ်ချစွာနဲ့ ပြန်လာခဲ့ပါတယ်။

ရွှေစင်နိကွတစ်ရာဆိုရင် ငါ ချောင်ချောင်လည်လည် အသက်မွေးနိုင်လောက်တယ်လို့ ရသေ့က စဉ်းစားပြီးတဲ့နောက် ရက်အနည်းငယ် ကြာတဲ့အခါ အဲဒီရွှေကို ဖော်ယူပြီး မိမိသွားမဲ့ လမ်းနားတစ်နေရာမှာ မြှုပ်ထားလိုက်ပါတယ်၊ နောက်တစ်နေ့ ဒကာ့အိမ်မှာ ဆွမ်းစားပြီးတဲ့အခါ သွားတော့မယ်ဆိုတဲ့ အကြောင်းကို ပြောပါတယ်၊

၁။ ဇာတ်-၄-၁၊ ၃၉၈။

http://www.dhammadownload.com

ဒကာက ဆက်လက်နေထိုင်ရန် တောင်းပန်ပေမဲ့ မရတော့ပါ၊ ဒါနဲ့ ဒကာက ခွင့်ပြုလိုက်ရပြီး ရွာတံခါးထိအောင် လိုက်ပို့လိုက်ပါတယ်။

ရသေ့က အတော်လေးသွားပြီးမှ ဆံကျစ်ကြားမှာ သက်ကယ်မြက်ကို ထားပြီး ပြန်လာခဲ့ပါတယ်၊ သူကြွယ်က ဘာ့ကြောင့် ပြန်လာပါသလဲ ?–လို့ မေးတဲ့အခါ ဒါယကာ သင့်အိမ်မိုးက သက်ကယ်မြက်တစ်ပင် ငါ့ဆံကျစ်မှာ ငြိကပ်ပါလာတယ်၊ ပိုင်ရှင်မပေးတဲ့ ဥစ္စာဟာ ရသေ့ရဟန်းတို့အား မအပ်ပါဘူး၊ ဒါ့ကြောင့် ဒီမြက်ကို ယူပြီး ပြန်လာရတာပဲ–ဆိုတဲ့ ရသေ့ရဲ့ စကားကို ကြားရတဲ့အခါ ရိုးလှတဲ့ သူကြွယ်က အဲဒီနားမှာ စွန့်ထားခဲ့ပြီး ကြွတာပေါ့ဘုရားလို့လဲ ပြောဆိုပါတယ်၊ သိပ်သံသယ ကုက္ကုစ္စရှိတာပဲလို့ တွေးပြီး အတိုင်းထက်အလွန်လဲ ကြည်ညိုသွားပါတယ်။

အဲဒီအချိန်မှာ ဘုရားလောင်းက သူကြွယ်အိမ်မှာ တည်းခိုနေထိုင်ပါတယ်၊ ရသေ့ရဲ့စကားကို ကြားရတယ်ဆိုရင်ပဲ ဒီရသေ့က သူကြွယ်ရဲ့ ပစ္စည်းဥစ္စာ တစ်စုံတစ်ရာကို ယူထားတာ ဖြစ်ပေလိမ့်မယ်လို့ ရိပ်မိသွားပါတယ်၊ ဒါနဲ့ မိတ်ဆွေရဲ့ ဆရာ့ထံမှာ ဘာများအပ်နှံထားတာ ရှိပါသလဲ ?၊ အပ်နှံထားရင် သွားကြည့်စမ်းပါဦးလို့ သတိပေးမှ သွားကြည့်တဲ့အခါ ရွှေများကို မတွေ့ရတော့တဲ့အတွက် ဧည့်သည်နှင့်အတူ ရသေ့နောက်ကို အပြေးအလွှား လိုက်သွားကြပါတယ်၊ ရသေ့ကို ဖမ်းပြီး ထုထောင်းရိုက်နှက်လို့ ရွှေကို ယူလာခဲ့ကြပါတယ်။

တို့မှာ သူများပစ္စည်းဥစ္စာကို လိုချင်မက်မောမှုဆိုတာ မရှိပါဘူးလို့ ပြောတာ, ရွှေခိုးပေါ်မှာကို စိုးလို့ သက်ကယ်မြက်ပင် တစ်ပင်ကို ပြန်ပေးတာတွေဟာ မာယာပဲ ဖြစ်ပါတယ်။

ဒီလိုပဲ ဒီပရိယာယ်မာယာဟာ အကြီး, အငယ်, အရွယ်အလတ်, မိန်းမ, ယောကျ်ား, ဂုဏ်ရှိ, ဂုဏ်မဲ့, ရသေ့, ရဟန်း အတန်းအစား မခွဲခြားဘဲ လူပေါင်းစုံတို့ရဲ့ သန္တာန်မှာ တည်ရှိနေပါတယ်။

ဒီမာယာကိုပဲ ပရိယာယ်–(ဟန်ဆောင်လှည့်စား မှု), ပလိ–(လိမ်လည်လှည့်ပတ်မှု), အပလိန်း–(ပရိယာယ် မာယာဖြင့် လှည့်ပတ်ပြောဆို– ပြုမူမှု), ပလိစိ ချောက်ချက်–(အမျိုးမျိုးညာဖြန်းပြောဆိုမှု) လှည့်စားခြင်း, ဟန်ဆောင်ခြင်းလို့ အမျိုးမျိုး အဖုံဖုံ ပြောဆိုနေကြပါတယ်။

> "ပရိယာယ်တစ်ထောင်, မာယာကောင်တစ်သိန်း, အပလိန်းအနန္တ, သဲကိုးဖျာမလောက်လို့ ရှားပင်က ရှားရွက်တွေကိုပင် ရောနှော၍ ရေတွက်ရသည်"။

ဒီလိုလဲ ရှေးလူကြီးသူမတို့ ပြောစမှတ် ပြုခဲ့ကြပါတယ်။

http://www.dhammadownload.com

မာယာမျိုးစုံ တစ်ဖက်သားကို မျက်နှာချိုသွေးကာ ဖုံးကွယ်ခြင်း, မျက်နှာပြောင်တိုက် အရေးမစိုက်သလိုလုပ်ကာ ဖုံးကွယ်ခြင်း, ကိုယ်မလုပ်သလို ဟန်ဆောင်ကာကွယ်ခြင်း, အပြစ်ကင်းဟန် ခပ်ထန်ထန်နဲ့ ဆောင့်ကြွားအောင့်ကြွားလုပ်ကာ ဖုံးကွယ်ခြင်း, အပြစ်တင်မယ့်သူ ကြောက်လောက်အောင် ခြောက်လို့ဖုံးကွယ်ခြင်း, အပြစ်တင်မယ့်သူကို မြှောက်လို့ဖုံးကွယ်ခြင်း–စသည်ဖြင့် မာယာရဲ့ အပြစ်ကာကွယ်ပုံ နည်းများက စုံလင်လှပေတယ်။

သာဒ္ဓေယျ

ကောက်ကျစ်စဉ်းလဲမှုကို "သာဒ္ဓေယျ"လို့ ခေါ်ပါတယ်၊ အခြားသူများ အထင်ကြီးအောင် ကိုယ့်မှာ မရှိတဲ့ဂုဏ်ကို ရှိဟန်ဆောင်တတ်တဲ့ လောဘတစ်မျိုးပဲ ဖြစ်ပါတယ်၊ မာယာက ကိုယ့်မှာရှိတဲ့ အပြစ်ကို ဖုံးကွယ်ပြီး အပြစ်ကင်းသယောင် ဟန်ဆောင် တတ်ပါတယ်၊ သာဒ္ဓေယျက ကိုယ့်မှာဂုဏ်မရှိဘဲ ရှိနေသယောင် ဟန်ဆောင်တတ်ပါတယ်၊ ၂–မျိုးလုံးပဲ အလိမ်ဉာဏ်, အကောက်ဉာဏ်, အပလီဉာဏ်မျိုး ဖြစ်ပါတယ်၊ ရာဂကြီးသူမှာ မာယာသာဒ္ဓေယျ–စတဲ့ အကုသိုလ်တရား အများအပြား ဖြစ်တတ်ပါတယ်လို့ ဝိသုဒ္ဓိမဂ်(၁၊ ၁၀၃)မှာ မိန့်ဆိုချက်လဲ ရှိပါတယ်၊ ဒီသာဒ္ဓေယျကို "တယ်မာယာသာဒ္ဓေယျ များတဲ့အကောင်ပဲ"လို့ အများအားဖြင့် မာယာနှင့် တွဲဖက်လို့ အသုံးပြုတတ်ကြပါတယ်။

ရဟန်းတော်များနှင့် သာဒ္ဓေယျ ရဟန်းတော်တွေရဲ့ အထဲမှာ အချို့က စာပေမတတ်ပေမဲ့ စာပေတတ်သယောင် ဟန်ဆောင်တတ်ပါတယ်၊ စာပေမပို့ချဘဲ ပို့ချနေသယောင်လဲ ဟန်ဆောင်တတ်ပါတယ်၊ ကိုယ်ကျင့်သီလ မစင်ကြယ်ဘဲ စင်ကြယ်သယောင်လဲ ဟန်ဆောင်တတ်ပါတယ်၊ သမာဓိမရှိဘဲ ရှိသယောင်လဲ ဟန်ဆောင်တတ်ပါတယ်၊ ကမ္မဋ္ဌာန်းတရား အားမထုတ်ဘဲ အားထုတ်သယောင်လဲ ဟန်ဆောင်တတ်ပါတယ်။

ဒီပုဂ္ဂိုလ်မျိုးဟာ သူ့ကို အခြားသူတွေက အဟုတ်ထင်လာအောင် စာတော်ပေတော် ဆရာတော်ကြီးများကိုလဲ မိမိနှင့်တန်းတူထားကာ ပြောဆိုရပါတော့တယ်၊ ကိုယ်ကျင့်သီလ စင်ကြယ်နေတဲ့ ဆရာတော်တွေ, ကမ္မဋ္ဌာန်းအလုပ် အပတ်တကုတ် ကြိုးစားအားထုတ်နေတဲ့ ဆရာတော်တွေကိုလဲ မိမိနှင့်တန်းတူထားကာ ပြောဆိုရပါတော့တယ်။

အဲဒီလို ပြောဆိုတဲ့အတွက် သူ့မှာလဲ သံသရာအပြစ် ကြီးလေးလှပါတယ်၊ သူ့ကို အဟုတ်ကြီးထင်လို့ ကိုးကွယ်ကြတဲ့ ဒကာ,ဒကာမတွေမှာလဲ ဘာသာရေး

http://www.dhammadownload.com

အသိဉာဏ် တိုးမလာတဲ့အပြင် ဒွေကုန်ကြေးကျ များသလောက် အကျိုးရလဲ နည်းတတ်ပါတယ်။

လူတွေရဲ့ သာဒ္ဓေယျ

လူတွေမှာလဲ ခေါင်းဆောင်လုပ်လိုသူအချို့က အကျင့်သီလ မရှိဘဲ ရှိသယောင်, အရည်အချင်းမရှိဘဲ ရှိသယောင်, စွမ်းရည်သတ္တိ မရှိဘဲ ရှိသယောင်, ပစ္စည်းဥစ္စာ မရှိဘဲ ရှိသယောင် အာဘောင်အာရင်း သန်သန်နဲ့ ပရိသတ်အလယ်မှာ ဟန်ဆောင်ပြောဆိုတတ်ပါတယ်၊ ပရိသတ်က အဟုတ်ကြီးထင်လို့ သူ့ကို ခေါင်းဆောင်တင်လိုက်တဲ့အခါ ဘယ်ကိစ္စကိုမျှ ပြီးပြတ်အောင် မဆောင်ရွက်နိုင်ဘဲ အစစ အရာရာ ယိုယွင်းပျက်စီးလာတတ်ပါတယ်၊ တိုင်းပြည်အုပ်ချုပ်တဲ့ အထဲမှာသာ ဒီလိုပုဂ္ဂိုလ်မျိုးတွေ များများပါနေပါက တိုင်းပြည်ကလဲ မငြိမ်မသက်, စီးပွားရေးပါပျက်လို့ တိုင်းပြည်ကိုပါ သူများလက်သို့ ထိုးအပ်လိုက်ရုံပဲ ရှိပါတော့တယ်။

မာယာသာဒ္ဓေယျ၏ ဆိုးကျိုး

ယခုခေတ်မှာတော့ မာယာသာဒ္ဓေယျသမားတွေက ပေါများနေတဲ့အတွက် စေ့စပ်ကြောင်းလမဲပြီးမှ သတို့သားမှာ မိန်းမ-ရှိနေကြောင်း သတို့သမီးဘက်က သိရလို့ ဖျက်သိမ်းရတာ, သတို့သမီးက အကျင့်ပျက်နေကြောင်းကို သတို့သားဘက်က သိရလို့ ဖျက်သိမ်းရတာ, လက်ထပ်ပြီးမှ အဆိုပါကိစ္စမျိုးတွေ ပေါ်လာလို့ စလယ်ဝင် ဖင်မမဲခင်က ကွဲရတာ– ဒီလိုအစရှိတဲ့ ကိစ္စတွေဟာ မကြာခဏ သတင်းစာထဲမှာ ပါလာတတ်ပါတယ်၊ သတင်းစာထဲမှာ မပါတာက ဘယ်လောက်ရှိမယ်ဆိုတာကိုတော့ ခန့်မှန်းရန်ပင် မလွယ်လှပါ။

ဒီလိုပဲ မာယာသာဒ္ဓေယျ(သမား)က လူတစ်ဦးတစ်ယောက်ကိုလဲ လှည့်ပတ်တတ်ပါတယ်၊ လူအများကိုလဲ လှည့်ပတ်တတ်ပါတယ်၊ တစ်တိုင်းပြည်လုံးကိုလဲ လှည့်ပတ်တတ်ပါတယ်၊ ဘုရားတုဘုရားယောင်သာ ဖြစ်ခဲ့ပါက ကမ္ဘာအနှံ့ လှည့်ပတ်တတ်ပါတယ်၊ ဒါ့ကြောင့် ဒီမာယာ,သာဒ္ဓေယျဟာ အလွန်ဆိုးဝါးလှပါတယ်၊ ဒီလိုဆိုးဝါးလှတဲ့ တရားမျိုးရဲ့ လွမ်းမိုးနှိပ်စက်မှုကို ကိုယ်တိုင်လဲ မခံရ, ကိုယ်နှင့်ဆက်သွယ်နေသူတွေလဲ မခံရအောင် အထူးသတိထားကာ ရှောင်ကြဉ်သင့်ပါတယ်။

၆။ ဒိဋ္ဌိ

မှားမှားယွင်းယွင်း သိမြင်ခြင်းသဘောကို "ဒိဋ္ဌိ"လို့ ခေါ်ပါတယ်၊ အဲဒီလို အသိအမြင်မှားနေတာကိုပဲ ယခုကာလမှာ အယူမှားနေတယ်လို့ ပြောဆိုနေကြပါတယ်၊ ဒီဒိဋ္ဌိဟာ မရှိတာကို ရှိတယ်လို့လဲ ယူတတ်ပါတယ်၊ ရှိတာကို မရှိ

http://www.dhammadownload.com

လို့လဲ ယူတတ်ပါတယ်၊ မဟုတ်တာကို ဟုတ်တယ်လို့လဲ ယူတတ်ပါတယ်၊ ဟုတ်တာကို မဟုတ်လို့လဲ ယူတတ်ပါတယ်၊ ဒီလို ယူတတ်ရုံသာ မကသေးပါ၊ သူ့အယူကသာ မှန်တယ်၊ သူများအယူတွေက အမှားတွေချည်းပဲလို့လဲ စွပ်စွဲတတ်ပါသေးတယ်။

ကမ္ဘာလောကနှင့် သတ္တဝါတွေကို ဖန်ဆင်းသူမရှိဘဲ ရှိတယ်လို့ယူတာ, သတ္တဝါတွေရဲ့ ကိုယ်ခန္ဓာအတွင်းမှာ အတ္တခေါ်တဲ့ အသက်ကောင် လိပ်ပြာကောင် မရှိဘဲ ရှိတယ်လို့ ယူတာဟာ မရှိတာကို ရှိတယ်လို့ ယူဆတတ်တဲ့ ဒိဋ္ဌိပဲ ဖြစ်ပါတယ်။

သတ္တဝါတွေရဲ့ သန္တာန်မှာ ပြုလုပ်ထားသမျှ ကုသိုလ်ကံ အကုသိုလ်ကံတွေက နောင်အခါ အကျိုးပေးဖို့ သတ္တိကျန်ရှိနေပေမယ့် အဲဒီကုသိုလ်ကံ အကုသိုလ်ကံ မရှိလို့ သိမြင်တာ, ကုသိုလ်ကံရဲ့ကောင်းကျိုး အကုသိုလ်ကံရဲ့မကောင်းကျိုးကို သတ္တဝါတိုင်း ခံစားနေရပေမယ့် ကံရဲ့အကျိုး မရှိလို့ သိမြင်တာ, သခ်ါရတရားတွေရဲ့ ချုပ်ဆုံးရာ နိဗ္ဗာနဓာတ် ရှိနေပေမယ့် မရှိဘူးလို့ သိမြင်တာ, အရဟတ္တမဂ်ကို မရသေးသမျှ ရောက်ရမယ့် နောက်ဘဝတွေ ရှိနေပေမယ့် နောက်နောက်ဘဝ မရှိ(တမလွန်ဘဝ မရှိ)လို့ သိမြင်တာတွေဟာ ရှိတာကို မရှိလို့ ယူဆတတ်တဲ့ ဒိဋ္ဌိပဲ ဖြစ်ပါတယ်။

သတ္တဝါတွေကိုသတ်လို့ ယဇ်ပူဇော်တာဟာ အင်မတန်ကြီးကျယ်တဲ့ကောင်းမှုကုသိုလ်ကြီး ဖြစ်တယ်၊ အလွန်အေးတဲ့အချိန်မှာ မြစ်ထဲကိုဆင်းလို့ ရေစိမ်ခြင်းဟာ ကိလေသာ စင်ကြယ်ရန် မှန်ကန်တဲ့အကျင့် ဖြစ်တယ်၊ အလွန်ပူအိုက်ချိန်မှာ ၄-ဖက် ၄-တန်က မီးဖိုကြီး ၄-ဖိုရဲ့ အလယ်မှာနေပြီး နေပူခံတဲ့ ပဉ္စာတပအကျင့်ဟာ ကိလေသာစင်ကြယ်ရန် မှန်ကန်တဲ့အကျင့် ဖြစ်တယ်၊ နွားလိုနေမှု, ခွေးလိုနေမှု-စတဲ့ အကျင့်တွေဟာ ကိလေသာစင်ကြယ်ရန် လမ်းမှန်ဖြစ်တယ်-စသည်ဖြင့် သိမြင်တာတွေဟာ မဟုတ်တာကို ဟုတ်တယ်လို့ ယူဆတတ်တဲ့ ဒိဋ္ဌိ ဖြစ်ပါတယ်။

ဒါန, သီလ, ဘာဝနာကို ပြုလုပ်တာဟာ သုဂတိဘဝသို့ ရောက်စေတတ်တဲ့အပြင် နိဗ္ဗာန်ကိုလဲ သိမြင်စေတတ်တဲ့ ကောင်းသောအကျင့် မဟုတ်လို့ သိမြင်တာဟာ ဟုတ်တာကို မဟုတ်လို့ ယူဆတတ်တဲ့ ဒိဋ္ဌိဖြစ်ပါတယ်၊ ဒီလိုအစရှိတဲ့ နည်းတွေနဲ့ ဒိဋ္ဌိရဲ့ အမှားကို သိပုံမှာ အရာကျယ်လှပါတယ်။

အယူမှား-မှန် ဖြစ်ဖို့ရန်

အရိယာသူတော်ကောင်းတွေနှင့် သူတော်ကောင်းတရားတွေမှာ အကြားအမြင်များတဲ့ ပုထုဇဉ်သူတော်ကောင်းတွေကို မဖူးတွေ့လိုဘဲ မျက်နှာလွဲ နေလို့ရှိရင် အယူမှားကို ယူဖို့ရာ နီးကပ်သော အကြောင်း ဖြစ်ပါတယ်၊ မိစ္ဆာအယူရှိသူတွေနှင့် နေထိုင်လို့ရှိရင်တော့ ပြောစရာပင် လိုမယ်မထင်တော့ပါ။

http://www.dhammadownload.com

မှန်ကန်သောတရားကို ကိုယ်တိုင်သိမြင်ပြီးဖြစ်တဲ့ အရိယာပုဂ္ဂိုလ်တွေကိုဖြစ်စေ, သူတော်ကောင်းတရားတွေမှာ အကြားအမြင်များတဲ့ ပုထုဇဉ်သူတော်ကောင်းတွေကို ဖြစ်စေ မပြတ်မလပ် ဖူးတွေ့နေရပါရင် သူတော်ကောင်းတရားမှန်ကို မကြာမကြာ နာရတာနဲ့ပဲ ဒုစရိုက် သုစရိုက်ဆိုတဲ့ကံ, အဲဒီကံတွေရဲ့ အပြစ်အကျိုး-ဆိုတဲ့ အကျိုးဖလကို ကျကျနန နားလည်နိုင်တဲ့ ကမ္မဿကတာဉာဏ် သမ္မာအယူတွေ ဖြစ်ပေါ်လာတတ်ပါတယ်။

၇။ မာန

ထောင်လွှားတက်ကြွခြင်းသဘောကို "မာန"လို့ ခေါ်ပါတယ်၊ ဒီမာနဟာ ထောင်လွှားတက်ကြွခြင်းသဘော ရှိပါတယ်၊ လောကမှာ ပုဂ္ဂိုလ်အတန်းအစား ခွဲရင်-

၁။ သေယျပုဂ္ဂိုလ်= အထက်တန်းစားလူမျိုး,
၂။ သဒိသပုဂ္ဂိုလ်= အများနှင့်တန်းတူလူမျိုး,
၃။ ဟီနပုဂ္ဂိုလ်= အောက်တန်းစားလူမျိုး-

ဒီလို ၃-မျိုးကို တွေ့နိုင်ပါတယ်၊ တစ်မျိုးတစ်မျိုးမှာ-

က။ သေယျမာန်= အမျိုးဥစ္စာ ပညာအဆင်း အစရှိတာနဲ့ အဖက်ဖက်က သူများထက် သာတယ်-လို့ မှတ်ထင်မှု၊
ခ။ သဒိသမာန်= အမျိုးဥစ္စာ ပညာအဆင်း အစရှိတာနဲ့ သင်းတို့နှင့် ဘာထူးသလဲ-လို့ မှတ်ထင်မှု၊
ဂ။ ဟီနမာန်= သူတို့အောက်ကျတော့ ငါက ဘာအရေးစိုက်ရမှာလဲ-လို့ မှတ်ထင်မှု။

ဒီလို ၃-မျိုးစီ ကွဲပြားနိုင်ပါတယ်။

ဒီ ၉-မျိုးထဲက သေယျပုဂ္ဂိုလ်ရဲ့ သေယျမာန်, သဒိသပုဂ္ဂိုလ်ရဲ့ သဒိသမာန်, ဟီနပုဂ္ဂိုလ်ရဲ့ ဟီနမာန်ဟာ ဟုတ်မှန်တဲ့အတိုင်း မာန်မူခြင်း(ယာထာဝမာန်) မည်ပါတယ်၊ ဒီယာထာဝမာန်မျိုးကို အရဟတ္တမဂ်ကသာ ပယ်နိုင်ပါတယ်။

ကိုယ်နှင့်မတန်တဲ့ အခြားမာန် ၂-မျိုးစီကိုတော့ မဟုတ်မမှန်တဲ့မာန်(အယာထာဝမာန်)လို့ ခေါ်ပါတယ်၊ ဒီအယာထာဝမာန်ကိုတော့ သောတာပတ္တိမဂ်အခိုက်ကပင် ပယ်နိုင်ပါတယ်။

ဇာတိမာန် မျိုးရိုးကောင်းတဲ့အတွက် မာန်တက်တာမျိုးကို ဇာတိမာန်လို့ ခေါ်ပါတယ်၊ ယခုခေတ်မှာလဲ အသင့်အတင့် မျိုးရိုးကောင်းသူတွေ ရှိနေတတ်ပါတယ်၊ ဒါပေမယ့် ဟန့်ကြီးပန့်ကြီးလုပ်ကာ မာန်မာနတက်လောက်အောင်,

http://www.dhammadownload.com

တစ်ဖက်သားကို ကိုယ့်ခြေဖဝါးအောက်ကလို မှတ်ထင်ရလောက်အောင် မျိုးရိုးကောင်းကြတာမျိုးတော့ မဟုတ်ပါ။

ရှေးဘဝက မထောင်လွှားမတက်ကြွ မာန်မာနမကြီးခဲ့လို့ မြင့်မြတ်တဲ့အမျိုးဖြစ်ရတာကို အကြောင်းပြုပြီး ယခုဘဝမှာ ထောင်လွှားတက်ကြွ မာန်မာနကြီးနေခဲ့ပါရင် နောင်ဘဝသံသရာမှာ ယုတ်ညံ့အောက်ကျ သူတစ်ပါးရဲ့ ခြေဖဝါးအောက်သို့ ရောက်ရမယ့်အရေးကို အဖန်ဖန်ထွေးလို့ မိမိရဲ့စိတ်ဓာတ်ကို ဖြူဖွေးသန့်စင် မာန်မာနမဝင်အောင် ပြုပြင်သင့်ပါတယ်။

ဓနမာန် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတာကို အကြောင်းပြုလို့ ဖြစ်ပေါ်လာတဲ့ မာန်မာနမျိုးကို ဓနမာန်(ဥစ္စာမာန်)လို့ ခေါ်ပါတယ်၊ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူတွေက ပစ္စည်းဥစ္စာ မရှိသူတွေနှင့် အတူမသွားနိုင်, အတူမစားနိုင်, အတူစကားမပြောနိုင်ဘဲ မာန်မာနတက်ကာ အဖက်မတန်သလို ဟန်ကြီးပန်ကြီး လုပ်မနေသင့်ပါ၊ ရှေးက အလှူဒါနနည်းခဲ့လို့ ယခုဘဝမှာ ဆင်းရဲနေကြရတာပဲလို့ သနားကြင်နာ ကရုဏာသက်ပြီး သူတို့ကို နှုတ်နဲ့လဲ ကူညီသင့်ပါတယ်၊ ကိုယ်နဲ့လဲ ကူညီသင့်ပါတယ်၊ အခြေအနေအားလျော်စွာ ပစ္စည်းဥစ္စာနဲ့လဲ ကူညီသင့်ပါတယ်၊ အဲဒီလို ကူညီလိုက်တဲ့အတွက် မိမိမှာ ဂုဏ်တက်လာစရာသာ ရှိပါတယ်၊ ဂုဏ်ယုတ်စရာ မရှိပါ၊ မိမိမှာ အကြောင်းကိစ္စရှိတဲ့အခါမှာလဲ သူတို့ရဲ့အကူအညီကို ရနိုင်ပါသေးတယ်၊ ဒါပေမယ့် သူ့ကျေးဇူးကို မသိတတ်ဘဲ အင်မတန် မိုက်တွင်းနက်နေသူတွေကိုတော့ သတိထားသင့်ပါတယ်။

ဒီပစ္စည်းဥစ္စာဆိုတာဟာ တစ်သက်စာမျှသာ ဖြစ်ပါတယ်၊ ဘေးအန္တရာယ်လဲ အလွန်များလှပါတယ်၊ ခိုင်မြဲမှုသဘောလဲ မရှိပါ၊ ပစ္စည်းသခ်ါရ လူသခ်ါရသာ ဖြစ်ပါတယ်၊ တစ်နေ့မှာ ပစ္စည်းဥစ္စာကဖြစ်စေ, ပစ္စည်းဥစ္စာရဲ့ ပိုင်ရှင်ကဖြစ်စေ စွန့်ခွာသွားတတ်ပါတယ်၊ ဒါ့ကြောင့် ဒီဘဝမှာ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသလို နောင်ဘဝမှာလဲ ချမ်းသာကြွယ်ဝအောင် ဥစ္စာမာန် တက်နေမယ့်အစား အလှူဒါနကို စွမ်းအားအလျောက် ပြုလုပ်ကာ ကိုယ့်နောက်ကိုသာ အပါယူသွားသင့်ပါတယ်။

ပညာမာန် စာပေတတ်ကျွမ်းသူတွေရဲ့ မာန်ကို စာပေမာန်လို့ ခေါ်ပါတယ်၊ စာပေပညာဆိုတာဟာ မသင့်တော်တာကို မသင့်တော်မှန်းသိအောင် အသိအလိမ္မာကိုလဲ ပေးတတ်ပါတယ်၊ သင့်တော်တာကို သင့်တော်မှန်းသိအောင် အသိအလိမ္မာကိုလဲ ပေးတတ်ပါတယ်၊ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံရာမှာ ယဉ်ကျေးသိမ်မွေ့အောင်, အဆင်ပြေအောင် အသိအလိမ္မာကိုလဲ ပေးတတ်ပါတယ်၊

http://www.dhammadownload.com

ဒါပေမဲ့ ဒီပညာကို အကြောင်းပြုပြီး မာန်မာနကြီးနေမယ်ဆိုရင် အင်မတန်ရွံစရာ ကောင်းလှပါတယ်။

ရှေးဘဝက သူတော်သူမြတ်တွေကို ချဉ်းကပ်လျှောက်ထား ဆွေးနွေးလာခဲ့တဲ့အတွက် ဒီဘဝမှာ မိမိကိုယ်တိုင်က ပညာကြီးသူ ဖြစ်လာရပါတယ်၊ ဆရာကောင်း သမားကောင်းနှင့်လဲ တွေ့ရပါတယ်၊ ပညာသင်ခွင့်လဲ ရခဲ့ပါတယ်၊ ဒီလို အခွင့်သာလို့ ပညာတတ်လာတဲ့ ပုဂ္ဂိုလ်က အကြောင်းမညီညွတ်လို့ ပညာမသင်ရသူတွေ, ပညာသင်ရစေကာမူ ဉာဏ်ထိုင်းလှတဲ့အတွက် ပညာမတတ်သူတွေကို တွေ့ရတဲ့အခါမှာ မောက်မော်ဝါကြွား မာနထားနေမယ့်အစား သနားကြင်နာ ကရုဏာထားသင့်ပါတယ်၊ သို့မဟုတ် အခွင့်အခါသင့်ပါက တစ်ဆင့်သင်ကြားပေးသင့်ပါတယ်၊ ပညာမာန်တက်ကာ ကိုယ့်ဘဝကို မနစ်နာစေသင့်ပါ။

အဆင်းမာန် အလှဂုဏ်အတွက် မာန်တက်ခြင်းကို အဆင်းမာန်လို့ ခေါ်ပါတယ်၊ ရှေးဘဝက အစစ အရာရာမှာ သည်းခံကာ အမျက်ဒေါသ နည်းလာခဲ့တဲ့အတွက်လဲ အဆင်းလှတတ်ပါတယ်၊ ဘုရားဝင်း ကျောင်းဝင်း-စသည်တို့ကို သုတ်သင်ရှင်းလင်းခဲ့တဲ့ အတွက်လဲ အဆင်းလှတတ်ပါတယ်၊ ပန်း-စသည်တို့ကို လှူဒါန်းခဲ့တဲ့အတွက်လဲ အဆင်းလှတတ်ပါတယ်၊ ဒီလို ကုသိုလ်ကောင်းမှုတွေကြောင့် ရလာတဲ့ ကိုယ့်အဆင်းကို အကြောင်းပြုပြီး ဟန်ကြီးပန်ကြီး မလုပ်သင့်ပါ၊ အလှမာန်တက်ကာ ဘဝင်မမြင့်သင့်ပါ၊ အလှဂုဏ်ကိုးကာ မဆိုးသင့်ပါ၊ ရှေးကုသိုလ်ကံကြောင့် ရလာတဲ့အဆင်းကို အကြောင်းပြုပြီး အကုသိုလ်မာန် တက်နေတာဟာ အင်မတန်မှားတဲ့ ကိစ္စဖြစ်ပါတယ်၊ အပြင်အဆင်းလှသလို အတွင်းစိတ်ကို အစွမ်းကုန် ပြုပြင်လို့ ကုန်ဖြေရှင် သူတော်စင်တွေ ဖြစ်အောင်သာ ကြိုးစားသင့်ပါတယ်။

လိုရင်းမှာ- ရှေးဘဝက မထောင်လွှား မတက်ကြွ မာန်မာနမကြီးခဲ့လို့ ယခုမြင့်မြတ်တဲ့အမျိုးမှာ ဖြစ်လာရပါတယ်၊ ရှေးဘဝက အလှူဒါနပြုလုပ်ခဲ့လို့ ဒီဘဝမှာ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝလာရပါတယ်၊ ရှေးဘဝက သူတော်သူမြတ်တွေကို ချဉ်းကပ်လျှောက်ထား ဆွေးနွေးမေးမြန်းလာခဲ့တဲ့အတွက် ဒီဘဝမှာ ပညာကြီးလာရပါတယ်၊ ရှေးဘဝက အမျက်ဒေါသနည်းခဲ့, ဘုရားဝင်း ကျောင်းဝင်း-စသည်ကို သုတ်သင်ခဲ့, ပန်း-စသည်ကို လှူဒါန်းခဲ့လို့ ယခုဘဝမှာ အဆင်းလှခဲ့ရပါတယ်၊ ဒီလို မိမိမှာ ကုသိုလ်ကောင်းမှုကြောင့် ရရှိလာတဲ့ အမျိုး, ဥစ္စာ, ပညာ, အဆင်းကို အကြောင်းပြုပြီး မာန်မာနတက်ကြွနေတာဟာ နောင်ယုတ်နိမ့်တဲ့ ဘဝမှာ ဖြစ်စရာ အကြောင်းပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com

ဒါ့ကြောင့် နောက်နောက် ဘဝတွေမှာ အဆင့်ဆင့် မြင့်တက်မဲ့ အရေးကို မျှော်တွေးပြီး ထောင်လွှားတက်ကြွ မိမိတို့ရဲ့ မာန်မာနကို အစွမ်းကုန် နှိမ်ချိုးနိုင်ကြပါစေ။

၈။ ဒေါသ

ကိုယ်စိတ်ရဲ့ ကြမ်းတမ်းခြင်းသဘောကို "ဒေါသ"လို့ ခေါ်ပါတယ်၊ မြွေပွေး မြွေဟောက်ကို တုတ်နဲ့ ထိလိုက်တဲ့အခါ ရှူးကနဲ ထလာတတ်သလို မနှစ်သက်စရာ အာရုံနှင့် တွေ့ကြုံလာရတဲ့အခါ ရှူးရှူးရဲရဲဖြစ်ပြီး ကိုယ်ရောစိတ်ပါ ကြမ်းတမ်းလျက် အမျက်ထွက်တာဟာ ဒေါသရဲ့သဘောပဲ ဖြစ်ပါတယ်။

ဒေါသထွက်လာတဲ့အခါ ယုဉ်ဘက် စိတ်စေတသိက်တွေလဲ ပူလောင်လာကြပါတယ်၊ အဲဒီ စိတ်စေတသိက်တွေကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်များလဲ ဒေါသအရှိန်ကြောင့်ပဲ ပူလောင်လာကြပါတယ်၊ အဲဒီ စိတ္တဇရုပ်နှင့် ပူးကပ်ကာ ဖြစ်လာကြတဲ့ ကမ္မဇ, ဥတုဇ, အာဟာရဇရုပ်တွေလဲ (အိမ်တစ်အိမ်ကို မီးလောင်ရင် အနီးအပါးရှိ အိမ်တွေပါ ကူးစက်လောင်ကျွမ်းခံရသလို) အပူဓာတ်ကူးစက်ပြီး တစ်ကိုယ်လုံး လောင်မြိုက်နေပါတော့တယ်၊ ဒါ့ကြောင့် ဒေါသထွက်တဲ့အခါ အသားအရေ နီမြန်းလာကာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေတတ်ပါတယ်။

ဒီဒေါသဟာ ကိုယ်စိတ် ၂-ပါးကို ဖျက်ဆီးတတ်တဲ့ တရားပဲလို့ အသိဉာဏ်ဝင်လာအောင် ရှုဆင်ခြင်ပြီး ဒေါသမထွက်အောင် ရှောင်ကြဉ်နိုင်ကြပါစေ။

ကြမ်းတမ်းခြင်းဆိုပေမယ့် ရှူးရှူးရဲရဲ ခက်ထန်ခြင်းမျှသာ မဟုတ်သေးပါ၊ စိတ်ညစ်နွမ်းမှု, စိတ်အားငယ်မှု, ကြောက်လန့်မှုများလဲ ဒေါသသဘောပဲ ဖြစ်ပါတယ်။

လိုရင်းကတော့ စိတ်ညစ်မှု, စိတ်မချမ်းသာမှု, ကြောက်ရွံ့မှု, စိတ်ပျက်မှု, စိတ်ကောက်မှု, စိတ်ဆိုးမှု, ရန်ငြိုးဖွဲ့မှု, ဆဲဆိုဝေါက်ငန်းမှု, ခြောက်လှန့်မှု, တိုက်ခိုက်မှု, သေကျေပျက်စီးအောင် ကြံစည်မှု-စတဲ့ အကုန်လုံးဟာ ဒေါသပဲ ဖြစ်ပါတယ်၊ ကြမ်းတမ်းမှု, ကြောက်လန့်မှု ၂-ခုလုံးမှာပင် ဒေါသပါဝင်နေတဲ့အတွက် ဒေါသကြီးသူဟာ ကြောက်စရာရှိရင်လဲ ကြောက်လွယ်တတ်ပါတယ်။

ပဋိဃ

ဒီဒေါသစေတသိက်ကိုပဲ ယုဉ်ဘက်တရားတွေကို ဖျက်ဆီးတတ်တဲ့အတွက် "ပဋိဃ"လို့လဲ ခေါ်ပါတယ်၊ လူမိုက်နှင့် ပေါင်းမိသူများဟာ မိုက်ကြရသလို ဒေါသနှင့် ယုဉ်တဲ့ တရားတွေလဲ ဒေါသအလိုကို လိုက်လို့ ကြမ်းတမ်းပျက်စီးတတ်ကြပါတယ်၊ ဒါ့ကြောင့် ဒေါသဟာ ယုဉ်ဘက်တရားတွေကို ဖျက်ဆီးရာရောက်ပါတယ်။

http://www.dhammadownload.com

ဒါ့အပြင် မိမိဖြစ်ရာ သတ္တဝါကို နှိပ်စက်ဖျက်ဆီးတတ်လို့ ဒေါသစေတသိက်ကိုပဲ "ပဋိဃ"လို့ ခေါ်ပါတယ်၊ ဒေါသဖြစ်လာတဲ့အခါ ဒေါသရဲ့မှီရာ ဟဒယဝတ္ထုရုပ်ပူလောင်လာပါတယ်၊ အဲဒီနောက်မှာ ဒေါသအရှိန်ကြီးရင်ကြီးသလောက်, နည်းရင်နည်းသလောက် ရုပ်အဆက်ဆက် ထိခိုက်လောင်ကျွမ်းကာ မျက်စိမျက်နှာ နီမြန်းလာအောင် ဖျက်ဆီးတတ်ပါတယ်၊ ဒေါသအလွန်ပြင်းရင် မနောပဒေါသိကနတ်များလို သေကြေအောင် နှိပ်စက်ခံရတတ်ပါတယ်။

ဒါ့အပြင် အာရုံကိုထိခိုက်သလို ဖြစ်တတ်သောကြောင့် ဒေါသကိုပဲ"ပဋိဃ"လို့ ခေါ်ပါတယ်၊ ဒေါသဟာ အာရုံကို ရိုက်နှက်ပုတ်ခတ်မှု မပြုတတ်ပေမယ့် အာရုံယူရာမှာ အခြားစိတ်များလို ညင်ညင်သာသာ မရှိပါ၊ ဒေါသကြီးတဲ့အခါ တစ်ဖက်သားကို စားမလို ဝါးမလို ကြည့်ရှုတတ်သည်ကို သတိပြုပါ။

မက္ခ

ဒေါသရဲ့မျိုးနွယ်ဝင်ဖြစ်တဲ့ မက္ခ,ပဠာသနှင့် သောကတို့ကိုလဲ ထည့်သွင်း ပြောပြပါဦးမယ်၊ သူတစ်ပါးရဲ့ ဂုဏ်ကျေးဇူးကို ချေဖျက်တတ်, ကျေးဇူးကန်းတတ်တဲ့သဘောကို "မက္ခ"လို့ ခေါ်ပါတယ်၊ ဒီမက္ခဟာ အခြားသူတွေရဲ့ အကျင့်သီလ, အတတ်ပညာ-စတဲ့ ဂုဏ်ထူးဝိသေသကိုလဲ ဖျက်ဆီးတတ်ပါတယ်၊ ကိုယ့်အပေါ်မှာ ပြုဖူးတဲ့သူများရဲ့ ဂုဏ်ကျေးဇူးကိုလဲ ဖျက်ဆီးတတ်ပါတယ်၊ ကျေးဇူး ကန်းတတ်ပါတယ်။

မစင်ကို လက်နဲ့ကိုင်လို့ အခြားလူတစ်ဦးကို ပေါက်လိုက်တဲ့အခါ ကိုယ့်လက်မှာသာ ရွံးဦးစွာ မစင်ပေကျံသလို သူတစ်ပါးရဲ့ဂုဏ်ကို ချေဖျက်တဲ့အနေနဲ့ဖြစ်တဲ့ မက္ခကလဲ မိမိကိန်းရာ(ဖြစ်ရာ) ပုဂ္ဂိုလ်ကို ဦးစွာဖျက်ဆီးတတ်ပါတယ်။

မိမိလူလားမမြောက်သေးတဲ့ အရွယ်ကစပြီး မိမိအပေါ်မှာ ပြုလုပ်လာခဲ့တဲ့ မိဘတွေရဲ့ကျေးဇူး, ဆရာသမားတွေရဲ့ကျေးဇူး, အစ်ကိုအစ်မ မိတ်ဆွေ-စသူတွေရဲ့ကျေးဇူး-စသည်ဖြင့် သူတစ်ပါးတွေက ပြုထားတဲ့ကျေးဇူးတွေ ရှိတတ်ပါတယ်၊ အဲဒီကျေးဇူးတွေကို ကျေးဇူးလို့မထင်, ကျေးဇူးလဲ မတင်နိုင်ဘဲ "ငါ့အပေါ်မှာ သူ့ကျေးဇူးဘာရှိသလဲ"လို့ ချေဖျက်ပစ်တာကိုပဲ ကျေးဇူးကန်းတယ်လို့လဲ ဆိုရပါတယ်။

ကိုယ်သုတ်ပုဝါက ရေချိုးပြီးတဲ့သူရဲ့ကိုယ်ပေါ်မှာ ရှိနေတဲ့ရေကို ပြောင်စင်အောင် ပွတ်သုတ်ဖျက်ဆီးပစ်လိုက်သလို မက္ခကလဲ ကိုယ့်အပေါ်မှာပြုထားတဲ့ သူတစ်ပါးရဲ့ ဂုဏ်ကျေးဇူးတွေကို ပြောင်စင်အောင် ဖျက်ဆီးပစ်တတ်ပါတယ်။

ဒီမက္ခဆိုတာဟာ အခြားသူတွေရဲ့ ဂုဏ်ကျေးဇူးများ ပေါ်လွင်ထင်ရှားမလာအောင် ဖုံးကွယ်ထားတတ်တဲ့ အကုသိုလ်တရား တစ်မျိုးပဲလို့ ဉာဏ်နဲ့ရှုဆင်ခြင်ပြီး မိမိရဲ့သန္တာန်မှာ မက္ခဝင်မလာအောင် အထူးထိန်းသိမ်း စောင့်ရှောက်သင့်ပါတယ်။

http://www.dhammadownload.com

အတ္ထတော ပန ပရေသံ ဂုဏမက္ခနာကာရေန ပဝတ္တော ဒေါမနဿသဟဂတ-စိတ္တုပ္ပာဒေါတိ ဒဋ္ဌဗ္ဗံ၊ တရားကိုယ်အနေနဲ့တော့ သူတစ်ပါးတွေရဲ့ဂုဏ်ကို ချေဖျက်သောအခြင်းအရာအားဖြင့် ဖြစ်ပေါ်တဲ့ ဒေါမနဿသဟဂုတ်စိတ်အုပ်စုလို့ မှတ်ရမယ်။ [ဣတိ-၄၊ ၄၇။]

ပဠာသ

ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်တာကိုပဲ "ပဠာသ"လို့ ခေါ်ပါတယ်၊ သူတစ်ပါးရဲ့ဂုဏ်က မြင့်နေတဲ့အတွက် သူတစ်ပါးရဲ့ ပိုလွန်နေတဲ့ဂုဏ်ကို ပိုင်းဖြတ်လို့ ကိုယ့်ဂုဏ်နှင့် တူအောင် လုပ်တယ်လို့ ဆိုလိုပါတယ်၊ အဲဒီလို ဂုဏ်တုဂုဏ်ပြိုင် လုပ်တာကိုပဲ အဖျင်းမူအင်တူပြုတယ်လို့လဲ ဆိုကြပါတယ်၊ အင်တူပြုတယ်ဆိုတာက ဂုဏ်အင်္ဂါအနေနဲ့ တူအောင်လုပ်တာပဲ ဖြစ်ပါတယ်။

ကိုယ့်ထက် သီလရှိသူ, သမာဓိရှိသူ, ပညာရှိသူ, ဥစ္စာပေါသူ, ရုပ်ချောသူ, လိမ္မာသူများကို အသာမပေးနိုင်ဘဲ သူနှင့်ငါ ဘာထူးသေးသလဲ-လို့ ဂုဏ်တုဂုဏ်ပြိုင် လုပ်ကာ ပြောဆိုတာမျိုးပဲ ဖြစ်ပါတယ်။

နွား ၂-ကောင်က ညီညီမျှမျှ ထမ်းပိုးကို ထမ်းဆောင်ကြသလို အင်တူအားတူ ပြုခြင်း, ဂုဏ်တုဂုဏ်ပြိုင် ပြုခြင်းဟာ ပဠာသရဲ့သဘောလက္ခဏာ ဖြစ်ပါတယ်၊ သူတစ်ပါးရဲ့ဂုဏ်နှင့် ကိုယ့်ဂုဏ်ကို အတူထားတာပဲ ပဠာသရဲ့ကိစ္စ ဖြစ်ပါတယ်။

ဂုဏ်တုဂုဏ်ပြိုင် လုပ်တတ်သူက အခြားသူကို ဘယ်လောက်တော်နေနေ ကိုယ့်ထက်အသာမပေးတတ်ပါ၊ သူတစ်ပါးက သဘာဝကျကျ ဟောပြောနေတာကို ကြားရတော့ ခင်ဗျားရဲ့အယူအဆ အပြောအဆို လေယူလေသိမ်းနှင့် ကျုပ်ရဲ့အယူအဆ အပြောအဆို လေယူလေသိမ်းဟာ မထူးလှပါဘူး၊ အလယ်ကဖြတ်ထားတဲ့ ရွှေချောင်းလို ထပ်တူထပ်မျှပဲ ဖြစ်ပါတယ်လို့ ပြောဆိုတတ်ပါတယ်။

သူတစ်ပါးက စနစ်တကျ ဆောက်လုပ်နေတဲ့ အဆောက်အအုံကို တွေ့ရတဲ့အခါ ခင်ဗျားလက်ရာက ကျုပ်လက်ရာနှင့် မထူးလှပါဘူး၊ ထပ်တူထပ်မျှပဲ ဖြစ်နေပါတယ်လို့လဲ ပြောဆိုတတ်ပါတယ်။

မိမိမှာ အဲဒီဂုဏ်မျိုး ရှိနေပါက, မရှိပေမဲ့ တကယ်ရှိနေတယ်ထင်လို့ ပြောဆိုပါက "ပဠာသ"လို့ မပြောဆိုထိုက်ပါ။

သောက

ဝမ်းနည်းခြင်းကိုပဲ "သောက"လို့ ခေါ်ပါတယ်၊ တရားသဘော အနေနဲ့တော့ ဝမ်းနည်းစရာနှင့် ကြုံတွေ့ရလို့ ဒေါသနှင့် ယှဉ်တွဲ ဖြစ်လာရတဲ့ ဒေါမနဿဝေဒနာ စေတသိက်ပဲ ဖြစ်ပါတယ်၊ ဒီသောကဆိုတဲ့ ဝမ်းနည်းမှုဟာ ယခုကာလ လူတွေမှာ အဖြစ်များလှပါတယ်၊ ချစ်ခင်နေတဲ့ ဆွေမျိုး-စသည်တို့ ပျက်စီးတဲ့အတွက်လဲ

http://www.dhammadownload.com

ဝမ်းနည်းရတတ်ပါတယ်၊ စည်းစိမ်ဥစ္စာတို့ ပျက်စီးဆုံးရှုံးတဲ့ အတွက်လဲ ဝမ်းနည်းရတတ်ပါတယ်၊ မိမိရဲ့ ဂုဏ်ကျက်သရေ ပျက်စီးတဲ့ အတွက်လဲ ဝမ်းနည်းရတတ်ပါတယ်၊ မိမိရဲ့အကျိုးကို လိုလားတဲ့ မိတ်ဆွေများမှာ စည်းစိမ်ဥစ္စာတွေ ပျက်စီးတဲ့ အတွက်လဲ ဝမ်းနည်းရတတ်ပါတယ်၊ ဒီလို ဝမ်းနည်းမှု အကုန်လုံးဟာ သောကချည်း ဖြစ်ပါတယ်။

ဒေါမနဿ

သောကနှင့် ဆင်တူယိုးမှားဖြစ်တဲ့ ဒေါမနဿဆိုတာလဲ ရှိပါသေးတယ်၊ စိုးရိမ်မှု, စိတ်ဆင်းရဲမှုကို "ဒေါမနဿ"လို့ ခေါ်ပါတယ်၊ တရားသဘောအနေနှင့်တော့ သောကနှင့် မထူးပါ၊ ဒေါသစိတ်နှင့် ယှဉ်တွဲပါလာတဲ့ ဝေဒနာစေတသိက်ပဲ ဖြစ်ပါတယ်။

ဒိစိုးရိမ်စရာ, စိတ်ဆင်းရဲစရာ အကြောင်းတွေကလဲ များလှပါတယ်၊ ချစ်သူနှင့် ကွဲရတဲ့အတွက်လဲ စိတ်ဆင်းရဲရတတ်ပါတယ်၊ မချစ်သူနှင့် တွဲနေရတဲ့အတွက်လဲ စိတ်ဆင်းရဲရတတ်ပါတယ်၊ အလိုရှိတာကို မရတဲ့အတွက်လဲ စိတ်ဆင်းရဲရတတ်ပါတယ်၊ ဆွေမျိုး, စည်းစိမ် ပျက်စီးရတဲ့အတွက်လဲ စိတ်ဆင်းရဲရတတ်ပါတယ်။

ချစ်ခင်သူများရဲ့ ကျန်းမာရေးအတွက်လဲ စိုးရိမ်ရတတ်ပါတယ်၊ အရပ်တစ်ပါးကို သွားနေတဲ့အခါ ပြန်ချိန်တန်လို့ ပြန်မလာတဲ့အတွက်လဲ စိုးရိမ်ရတတ်ပါတယ်၊ ကလေးသူငယ် လူမမယ်တွေအတွက်လဲ စိုးရိမ်ရတတ်ပါတယ်၊ ဒီစိတ်ဆင်းရဲမှု, စိုးရိမ်မှုတွေဟာ ဒေါမနဿချည်း ဖြစ်ပါတယ်၊ ငါမရှိရင်တော့ တစ်ပြုံလုံး သေကုန်တော့မှာပဲလို့ နောင်ရေးအတွက် စိုးရိမ်ပူပန်မှုလဲ ဒေါမနဿပဲ ဖြစ်ပါတယ်။

၉။ ဣဿာ

ငြူစူခြင်း, မနာလိုခြင်း သဘောကို "ဣဿာ"လို့ ခေါ်ပါတယ်၊ ဒီဣဿာဟာ သူတစ်ပါးရဲ့ဂုဏ်သိရှိ, စည်းစိမ်ဥစ္စာကို ငြူစူခြင်းသဘော ရှိပါတယ်၊ သူများတွေက အဝတ်ကောင်းဝတ်နေတာ, ကားကြီးစီးနေတာ, အိမ်ကြီးအိမ်ကောင်းနှင့် နေတာကိုတွေ့ရတော့ ဒီလူမှာ ဒီအဝတ်နဲ့ ဘာအကျိုးရှိမလဲ၊ ဒီကားနဲ့ ဘာအကျိုးရှိမလဲ၊ ဒီအိမ်နဲ့ ဘာအကျိုးရှိမလဲ–လို့ သူတစ်ပါးရဲ့စည်းစိမ်ကို ရှုတ်ချငြူစူခြင်းသဘော ရှိတယ်လို့ ဆိုလိုပါတယ်။

ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝမှု, ဂုဏ်ကျက်သရေရှိမှုကို လူတိုင်းက မရနိုင်ကြပါ၊ ရွေးကံကလဲထောက်မ, ယခုဘဝမှာလဲ ဉာဏ်ဝိရိယရှိသူတွေကသာ ရနိုင်ကြပါတယ်၊ အဲဒီလို ကံစွမ်း, ဉာဏ်းစွမ်း, ဝိရိယစွမ်းကြောင့် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝနေသူ, ဂုဏ်သရေရှိနေသူကို မြင်ရ,ကြားရလို့ရှိရင် စိတ်ကောင်းရှိသူတွေက ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်ကြပါတယ်၊ ဣဿာပြောထူ, စိတ်ကောင်းမရှိသူ

http://www.dhammadownload.com

တွေက "ကိုယ့်ထက်သာ မနာလို"ဆိုတဲ့အတိုင်း ကဲ့ရဲ့ရွှတ်ချ ငြူစူလာကြပါတော့တယ်၊ မျက်နှာရှုံ့မဲ့ ပါးစပ်ရွဲ့ကာ စောင်းချိတ်ပြောဆိုလာပါတော့သည်၊ အဲဒီလို စောင်းချိတ်ပြောဆိုမှု, ကဲ့ရဲ့ရွှတ်ချ ငြူစူမှုတွေဟာ ဣဿာရဲ့ သဘော လက္ခဏာပဲ ဖြစ်ပါတယ်။

ငါးစိမ်းသည်က ကိုယ့်ထက်သာတဲ့ ငါးစိမ်းသည်အပေါ်မှာ အတင်းပြောကာ ဣဿာဖြစ်တတ်ပါတယ်၊ အထည်သည်ကလဲ ကိုယ့်ထက်သာတဲ့ အထည်သည် အပေါ်မှာ အတင်းပြောကာ ဣဿာ–ဖြစ်တတ်ပါတယ်၊ ဆရာ–ဆရာမကလဲ ကိုယ့်ထက် သာတဲ့ ဆရာ–ဆရာမအပေါ်မှာ အတင်းပြောကာ ဣဿာ–ဖြစ်တတ်ပါတယ်၊ ဒီလိုအစရှိသည်ဖြင့် အလုပ်တူသူချင်း ဣဿာဖြစ်နေတာကိုပဲ "ကိုယ့်ထက်သာ မနာလို"လို့လဲ ဆိုကြပါတယ်၊ "အကြိတူ ရန်သူ"လို့လဲ ဆိုကြပါတယ်၊ "အလုပ်တူ ငြူစူ, ကိုယ့်ထက်သာမူ ကိုယ်ငြူစူ"လို့လဲ ဆိုကြပါတယ်။

ပြောလာခဲ့တဲ့အတိုင်း သူတစ်ပါးရဲ့ ကံစွမ်း, ဉာဏ်စွမ်း, ဝိရိယစွမ်းကြောင့် ကိုယ့်ထက်သာလွန်တိုးတက်နေသူကို အတင်းအဖျင်းပြောကာ ဣဿာဖြစ်နေတဲ့ အတွက် အပြောခံရသူမှာ အကျိုးယုတ်စရာ မရှိပါ၊ ပြောတဲ့သူမှာသာ အကျိုးယုတ်စရာ ရှိပါတယ်၊ အဲဒီလို သူများအတင်းအဖျင်းကို ပြောကာ ဣဿာဖြစ်နေသူကို ပညာရှိတွေက အထင်အမြင်သေးတတ်ကြပါတယ်၊ အဲဒီ ဣဿာဖြစ်နေသူဟာ ဘဝသံသရာမှာလဲ ယခုအခြေအနေထက် အောက်ကျစရာသာ ရှိပါတယ်။

ဒါ့ကြောင့် ဒီဣဿာကို သူတစ်ပါးရဲ့ဂုဏ်သိရ် စည်းစိမ်ဥစ္စာမှာ မရှုစိမ့်နိုင်ဘဲ မျက်နှာလွဲတတ်တဲ့ သဘောအနေနဲ့ ဉာဏ်မှာထင်လာအောင် ရှုဆင်ခြင်ပြီး မိမိ သန္တာန်မှာ လက်ခံမထားဘဲ ပယ်သင့်ပါတယ်။

၁၀။ မစ္ဆရိယ

ဝန်တိုခြင်း သဘောကို "မစ္ဆရိယ"လို့ ခေါ်ပါတယ်၊ ဒီမစ္ဆရိယဟာ မိမိ စည်းစိမ်ကို လျှို့ဝှက်ခြင်းသဘော ရှိပါတယ်။

ရမယ့် ရပြီး ငါ့ပစ္စည်းနှယ် အံ့သြဖွယ်ဟာ ငါ့မှာသာဖြစ်လို့ သူတစ်ပါးမှာ မဖြစ်ပါစေနှင့်၊ ဒီလိုဖြစ်တတ်တဲ့ အတွက်လဲ "မစ္ဆရိယ"လို့ ခေါ်ပါတယ်။

ရစရာရှိတဲ့ ငါ့ပစ္စည်း, ရထားပြီးတဲ့ ငါပစ္စည်းနှင့် အလားတူတဲ့ ပစ္စည်းမျိုးတွေဟာ သူတစ်ပါးမှာ မဖြစ်ပါစေနှင့်လို့ ဖြစ်တတ်တဲ့သဘောတရားလဲပဲ မစ္ဆရိယ မည်ပါတယ်။

http://www.dhammadownload.com

ဣဿာသဘောက သူတစ်ပါး ရပြီးဥစ္စာစည်းစိမ် ဂုဏ်သိရှိကို ကဲ့ရဲ့ရွှတ်ချလိုပါတယ်၊ မစ္ဆရိယသဘောကတော့ ကိုယ့်ဥစ္စာကိုလဲ မပေးလို, ကိုယ့်ဥစ္စာစည်းစိမ် ဂုဏ်သိရှိနှင့်တူတဲ့ ဥစ္စာစည်းစိမ် ဂုဏ်သိရှိကို သူတစ်ပါးတို့ ရသွားမှာကိုလဲ ဝန်တိုတတ်ပါတယ်။

စွန့်ကြဲပေးကမ်း လှူဒါန်းမှုနှင့် ကိုယ့်စည်းစိမ်ကို သူတကာနှင့် ဆက်ဆံစေမှုမှာ တွန့်တိုဆုတ်နစ်တတ်တဲ့ တရားလို့ပဲဖြစ်ဖြစ်, ခါးစပ်တဲ့ အရသာက စားသူကို နောက်တွန့်သွားစေသလို တောင်းရမ်းသူကို မြင်ရင် စိတ်ရောကိုယ်ပါ တွန့်သွားတတ်တဲ့တရားလို့ပဲဖြစ်ဖြစ် ဉာဏ်မှာထင်လာအောင် ရှုဆင်ခြင်ပြီး မိမိသန္တာန်မှာ မဖြစ်ရအောင် ကြဉ်ရှောင်သင့်ပါတယ်။

ဒီမစ္ဆရိယကို ဓမ္မသင်္ဂဏီ နိက္ခေပကဏ္ဍ ပါဠိတော်မှာ ၅-မျိုး ခွဲခြားပြထားပါတယ်။

၁။ အာဝါသမစ္ဆရိယ မိမိနေရာ ကျောင်းအိပ်ရာ နေရာမှာ ဝန်တိုမှုမျိုးကို "အာဝါသမစ္ဆရိယ"လို့ ခေါ်ပါတယ်၊ သံဃာအများနှင့် သက်ဆိုင်တဲ့ (သံဃိက)ကျောင်းအိပ်ရာနေရာကို မိမိရထားတဲ့အခါ အဲဒီကျောင်းသို့ အခြားသံဃာများကို မလာစေလိုတာမျိုးဘဲ ဖြစ်ပါတယ်၊ ဒါပေမဲ့ မကောင်းတဲ့ ရဟန်းတွေကို မလာစေလိုတာကတော့ မစ္ဆရိယမဟုတ်ပါ။

ဒီအာဝါသမစ္ဆရိယရှိတဲ့ ပုဂ္ဂိုလ် သေသွားတဲ့အခါ ဘီးလူးနှင့်ပြိတ္တာ ၂-မျိုးအနက် တစ်ခုခုမှာဖြစ်ပြီး အဲဒီကျောင်းမှာ ရှိတဲ့အမှိုက်ကို ခေါင်းနဲ့ရွက်ကာ လှည့်လည်နေရတတ်ပါတယ်၊ ဒါမှမဟုတ်ရင် သံအိမ်ဇရဲမှာ ကျက်ရတတ်ပါတယ်။

၂။ ကုလမစ္ဆရိယ ကိုယ့်ဆွေမျိုးနှင့် ဒကာ-ဒကာမတွေကို ဝန်တိုမှုမျိုးကိုပဲ "ကုလမစ္ဆရိယ"လို့ ခေါ်ပါတယ်၊ မိမိရဲ့ဆွေမျိုးကိုပဲဖြစ်ဖြစ်, ဒကာ-ဒကာမကိုပဲဖြစ်ဖြစ် အခြားသံဃာများ မလာစေလို, မဆက်ဆံစေလိုတာမျိုးဘဲ ဖြစ်ပါတယ်၊ သဒ္ဓါတရားကို ဖျက်ဆီးမဲ့ ယုတ်မာတဲ့ ရဟန်းများနှင့် မဆက်ဆံစေလိုတာကတော့ မစ္ဆရိယမဟုတ်ပါ၊ ဒီကုလမစ္ဆရိယရှိသူက မိမိဒကာ-ဒကာမတွေနှင့် သူများဆက်ဆံနေတာကို တွေ့ရတဲ့အခါ ဝမ်းထဲမှာ ပူပူလောင်လောင်ဖြစ်လာပြီး သွေးအန်တတ်ပါတယ်၊ ဝမ်းလျှောတတ်သက်တတ်ပါတယ်၊ အူတွေလဲ အပိုင်းအပိုင်းပြတ်ပြီး ထွက်တတ်ပါတယ်၊ နောက်ဘဝမှာ လာဘ်လာဘ ပါးရှားတတ်ပါတယ်။

၃။ လာဘမစ္ဆရိယ ပစ္စည်းလာဘ်လာဘကို ဝန်တိုမှုမျိုးကိုပဲ "လာဘမစ္ဆရိယ"လို့ ခေါ်ပါတယ်၊ အခြားသူများကို ပစ္စည်းလာဘ်လာဘ မရစေလိုခြင်းဘဲ ဖြစ်ပါတယ်၊ ရရှိတဲ့လာဘ်လာဘကို မတရားသုံးစွဲမယ့် ရဟန်းတို့ကို

http://www.dhammadownload.com

မရစေလိုခြင်းနှင့် တရားသဖြင့် သုံးစွဲတဲ့ရဟန်းတို့ကို ရစေလိုခြင်းကတော့ လာဘမစ္ဆရိယ မဟုတ်ပါ။

ဒီလာဘမစ္ဆရိယကြောင့် ဘီလူး, ပြိတ္တာ, စပါးကြီးမြွေ တစ်ခုခုဖြစ်ရတတ်ပါတယ်၊ ဒါမှမဟုတ်ရင် ဘင်ပုပ်ငရဲမှာဖြစ်လို့ ဘင်ပုပ်ကို စားနေရတတ်ပါတယ်။

၄။ ဝဏ္ဏမစ္ဆရိယ ကိုယ်အဆင်း, ဂုဏ်သတင်း ၂-မျိုးလုံးမှာ ဝန်တိုမှုမျိုးကို "ဝဏ္ဏမစ္ဆရိယ"လို့ ခေါ်ပါတယ်၊ မိမိထက် အဆင်းလှမှာကို ဝန်တိုမှု, မိမိထက်ဂုဏ်ဒြပ်ကြီးမှာကို ဝန်တိုမှုမျိုးတွေပဲ ဖြစ်ပါတယ်၊ ဒီဝဏ္ဏမစ္ဆရိယ ရှိသူဟာ ဘဝသံသရာ တစ်လျှောက်လုံးမှာ ရုပ်အဆင်း ဆိုးဝါးတတ်ပါတယ်၊ ဂုဏ်သတင်းလဲ ညံ့ဖျင်းတတ်ပါတယ်။

၅။ ဓမ္မမစ္ဆရိယ မိမိတတ်သိသောတရား(အတတ်ပညာ)ကို ဝန်တိုမှုမျိုးကိုပဲ "ဓမ္မမစ္ဆရိယ"လို့ ခေါ်ပါတယ်၊ ဒီဓမ္မမစ္ဆရိယ ရှိသူဟာ မိမိတတ်သိတဲ့ အတတ်ပညာ စာပေပညာ, လက်မှုပညာ, နှုတ်မှုပညာတွေကို သူတစ်ပါးတတ်သိမှာကို စိုးတဲ့အတွက် မေးလာရင် ကောင်းစွာမပြောပြတတ်ပါ၊ ရေးမှတ်ထားတဲ့ ပညာကိုလဲ မပြလိုပါ၊ စာချတဲ့အခါမှာလဲ မိမိလို တတ်သွားမှာကိုစိုးလို့ ကိုယ်တတ်သိသမျှကို မပြောပြတတ်ပါ၊ ဆရာစား ချန်ထားတတ်ပါတယ်၊ စာပေတတ်ပြီးတဲ့နောက် အဲဒီစာကို အလွဲသုံးစား ပြုမယ့်သူနှင့် သာသနာကို ဖျက်ဆီးမယ့်သူတို့အား ပြောမပြတာကတော့ မစ္ဆရိယမဟုတ်ပါ၊ ဒီဓမ္မမစ္ဆရိယရှိသူဟာ ဖြစ်လေရာဘဝမှာ အဖျင်းအအ ဖြစ်တတ်ရပါတယ်၊ ဒါမှမဟုတ်ရင် ပြာပူငရဲမှာ ကျက်ရတတ်ပါတယ်။

ဒီမစ္ဆရိယတရားတွေဟာ ရဟန်းတော်များနှင့် သီလရှင်များကိုလဲ လွှမ်းမိုးဖျက်ဆီးနေပါတယ်၊ လူများကိုလဲ လွှမ်းမိုးဖျက်ဆီးနေပါတယ်၊ ဒီနေရာမှာ ရဟန်းတော်များနှင့် သီလရှင်တွေအတွက်တော့ အထူးမပြောလိုတော့ပါ၊ လူများအတွက်ကိုသာ အနည်းငယ်ပြောပါတော့မယ်။

လူလောကမှာရှိနေကြတဲ့ လူအများစုဟာ အခြားသူတွေက မိမိထက် ရုပ်အဆင်းလှမှာကိုလဲ စိုးရိမ်တတ်ကြပါတယ်၊ ဆွေမျိုးမိတ်ဆွေပေါများမှာကိုလဲ စိုးရိမ်တတ်ကြပါတယ်၊ ဂုဏ်ကြီးသွားမှာကိုလဲ စိုးရိမ်တတ်ကြပါတယ်၊ ပညာတတ်သွားမှာကိုလဲ စိုးရိမ်တတ်ကြပါတယ်၊ ပစ္စည်းဥစ္စာချမ်းသာသွားမှာကိုလဲ စိုးရိမ်တတ်ကြပါတယ်၊ အရောင်းအဝယ်ကောင်းမှာကိုလဲ စိုးရိမ်တတ်ကြပါတယ်၊ အိမ်ကောင်းယာကောင်းရရှိမှာကိုလဲ စိုးရိမ်တတ်ကြပါတယ်၊ ကားကောင်းစီးရမှာကိုလဲ စိုးရိမ်တတ်ကြ

http://www.dhammadownload.com

ပါတယ်၊ ဒီလို-စတဲ့နည်းတွေနဲ့ ဖြစ်လာသမျှ သဘောတရားတွေဟာ မစ္ဆရိယချည်း ဖြစ်ပါတယ်။

ဒီလို မစ္ဆရိယဖြစ်နေတဲ့အတွက် အခြားသူတွေမှာ အကျိုးယုတ်စရာ မရှိပါ၊ စိတ်ယုတ်မာတွေ ဝင်လာတဲ့အတွက် မိမိမှာသာ အကျိုးယုတ်စရာ ရှိပါတယ်၊ ဒါ့ကြောင့် ဒီမစ္ဆရိယကို ရွေးကပြောလာခဲ့တဲ့အတိုင်း အမြစ်ပါပြုတ်အောင် ဖြုတ်သင့်ပါတယ်။

၁၁။ ကုက္ကုစ္စ

နောင်တတစ်ဖန် ပူပန်မှုကို "ကုက္ကုစ္စ"လို့ ခေါ်ပါတယ်၊ အကုသိုလ်ကို ပြုမိတဲ့သူမှာ "ငါ အကုသိုလ်ကိုပြုမိတာ မှားလေစွ"လို့ စိတ်အမှုအရာ ဖြစ်ပေါ်လာတတ်ပါတယ်၊ ကုသိုလ်ကောင်းမှုကို မပြုခဲ့သူမှာ "ငါ ကုသိုလ်ကောင်းမှုကို မပြုမိခဲ့တာ မှားလေစွ"လို့ စိတ်အမှုအရာ ဖြစ်ပေါ်လာတတ်ပါတယ်၊ အဲဒီစိတ်အမှုအရာမျိုး ဖြစ်လာတဲ့အခါ စိတ်ထဲမှာ ပူပူပန်ပန် ဖြစ်လာတတ်ပါတယ်၊ ဒါ့ကြောင့် ဒီအမှုအရာမျိုးကိုပဲ "နောင်တပူပန်မှု"လို့ ခေါ်ကြပါတယ်။

အကုသိုလ်ကို ပြုပြီးမှ နောင်တတစ်ဖန် ပူပန်နေတဲ့အတွက် ပြုပြီးအကုသိုလ်များကောင်းပျောက်သွားမှာ မဟုတ်ပါ၊ "မြွေပူရာကောင်းမှောင့်"ဆိုဘလို ကုက္ကုစ္စအကုသိုလ်ပင် နောက်ထပ်ဝင်လာတတ်ပါတယ်၊ ဒါ့ကြောင့် နောင်တတစ်ဖန် ပူပန်မနေသင့်ပါ၊ အကုသိုလ်ကို နောက်ထပ်မပြုမိအောင်သာ သတိထားလို့ ရှောင်ကြဉ်သင့်ပါတယ်။

"ငါ ကုသိုလ်ကောင်းမှုကို မပြုခဲ့မိတာ မှားလေစွ"ဆိုတဲ့ နောင်တပူပန်မှုမျိုး မဖြစ်ရအောင် ငယ်ရွယ်ချိန်က စပြီး "ပညာ, ဥစ္စာ, ကုသိုလ်"ဆိုတဲ့ ၃-မျိုးကို မိမိတို့စွမ်းအားရှိသလောက် ပြုလုပ်ဆည်းပူးလာသင့်ပါတယ်၊ "နေဝင်မှ စပါးလှမ်း" ဆိုတာမျိုး မဖြစ်စေသင့်ပါ။

ဒီကုက္ကုစ္စဆိုတာဟာ "စိတ်နှလုံးမသာယာမှု ရှိသူရဲ့ သဘောတရားပဲ"လို့ ဥဏ္ဏာထဲမှာ ထင်မြင်လာအောင် ရှုဆင်ခြင်ပြီး အကုသိုလ်ကိုရှောင်ကြဉ်ပြီး ကုသိုလ်ကို စွမ်းအားအလျောက် ပြုလုပ်ကာ ကုက္ကုစ္စပါးသည်ထက်ပါးအောင် ကြိုးစားနိုင်ကြပါစေ။

၁၂+၁၃။ ထိနမိဒ္ဓ

စိတ်မလန်းဘဲ ခပ်ထိုင်းထိုင်းဖြစ်နေခြင်း သဘောကို "ထိန"လို့ ခေါ်ပါတယ်၊ ဒီထိနဟာ အားမထုတ်ခြင်းသဘော ရှိပါတယ်၊ ဝီရိယက အားတက်သရော ရှိသလောက် ထိနကတော့ ဆုတ်နစ်တတ်ပါတယ်၊ ဒါ့ကြောင့် ဒီထိနဟာ ယှဉ်ဘက်စိတ်ဓာတ်ကိုလဲ အားတက်သရော မရှိစေဘဲ ညှဉ်ဖျင်းနေအောင် ဖိနှိပ်ဟန့်တားသလို ဖြစ်တတ်ပါတယ်။

http://www.dhammadownload.com

ထိနက စိတ်ကို ဖိနှိပ်ဟန့်တားထားသလို ဖြစ်တတ်ပါတယ်၊ မိဒ္ဓကတော့ ယှဉ်ဘက်စေတသိက်တွေကို ဆိုင်ရာလုပ်ငန်းကိစ္စမှာ တက်တက်ကြွကြွ မရှိရအောင် ဖိနှိပ်ဟန့်တားထားသလို ဖြစ်တတ်ပါတယ်၊ ဒါ့ကြောင့် အဲဒီစေတသိက် ၂-ပါးဟာ အတူဖြစ်နေကြရပါတယ်။

ထိနမိဒ္ဓတို့က အသီးအသီး ဖိနှိပ်ဟန့်တားထားတဲ့အတွက် ယှဉ်ဘက်စိတ်စေတသိက်တို့က ဆိုင်ရာကိစ္စမှာ ခုံခုံညားညားမရှိကြပါ၊ ထိနမိဒ္ဓဖြစ်နေတဲ့ သတ္တဝါတွေလဲ ပျင်းရိထိုင်းမှိုင်းနေကြပါတယ်၊ ဒါ့ကြောင့် ထိနမိဒ္ဓ ၂-ပါးဟာ ထက်ထက်သန်သန် မရှိတဲ့ သသခ်ါရိကစိတ်မှာသာ ယှဉ်ကြရပါတယ်။

ဒီထိနမိဒ္ဓဟာ ရဟန္တာမှတစ်ပါးသော (ပုထုဇဉ်, သေက္ခ)ပုဂ္ဂိုလ်တွေရဲ့ အိပ်ပျော်ခါနီး, နိုးခါနီးတို့မှာ အများအားဖြင့် ဖြစ်တတ်ပါတယ်၊ တရားနာရင်း အိပ်ငိုက်တဲ့အခါ, စာဖတ်ရင်း အိပ်ငိုက်တဲ့အခါများမှာ ထင်ရှားလှပါတယ်၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတဲ့ အခါမှာတော့ ထိနမိဒ္ဓမဖြစ်တော့ပါ၊ ဘဝင်အစဉ်သာ ဖြစ်နေပါတော့တယ်။

ရဟန္တာပုဂ္ဂိုလ်များမှာတော့ အိပ်ချိန်တန်တဲ့အခါ ခန္ဓာကိုယ်မရှင်လန်း ညှိုးနွမ်းအားနည်းတာနဲ့ ဆိုင်ရာအာရုံတွေက ဆုတ်နစ်ကာ ဘဝင်အစဉ် ဖြစ်ရုံမျှသာ ဖြစ်ပါတယ်၊ ရှေ့နောက်မှာ ထိနမိဒ္ဓမပါပါ။

အချိန်ကျလို့ ညှိုးနွမ်းမှုဆိုတာဟာ သက်ရှိသတ္တဝါတွေရဲ့ ကိုယ်ခန္ဓာမှာသာ မဟုတ်ပါ၊ ဗဟိဒ္ဓသက်မဲ့ သစ်ပင်များမှာလဲ ညနေချမ်းအချိန်ကျက ညှိုးနွမ်း တွန့်ရှဲ့ကာ အိပ်သလို ဖြစ်လာရပါတယ်။

ဒါ့ကြောင့် လောကမှာ အိပ်ချင်ခြင်းဆိုတာဟာ အသွားအလာ အလုပ်အကိုင် အနေအထိုင်ပင်ပန်းလို့ ကိုယ်ခန္ဓာညှိုးနွမ်းခြင်းကြောင့်လဲ ဖြစ်တတ်ပါတယ်၊ ထိနမိဒ္ဓကြောင့်လဲ ဖြစ်တတ်ပါတယ်။

ဒီ ၂-မျိုးအနက် ရဟန္တာပုဂ္ဂိုလ်များမှာ ကိုယ်ခန္ဓာညှိုးနွမ်းခြင်းကြောင့်သာ ဖြစ်ရပါတယ်၊ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တွေမှာတော့(အခြားပုဂ္ဂိုလ်တွေမှာတော့) ၂-မျိုးလုံးကြောင့်ပဲ ထိုက်သလို ဖြစ်နိုင်ပါတယ်။

ထိနက စိတ်ကိုဖိနှိပ်, မိဒ္ဓက စေတသိက်ကို ဖိနှိပ်တဲ့အတွက် ဒီစေတသိက် ၂-ပါးဟာ ခွဲလို့မရပါ၊ သသခ်ါရိကစိတ်မှာသာ ပူးတွဲယှဉ်ကြရပါတယ်။

ဒီတရား ၂-မျိုးဟာ "ဆုတ်နစ်တဲ့ သဘောတရားတွေပဲ"လို့ ဥဏ္ဍာထဲမှာထင်လာအောင်ရှုပြီး ထိနမိဒ္ဓဝင်မလာအောင် စောင့်ထိန်းနိုင်ကြပါစေ။

http://www.dhammadownload.com

၁၄။ ဝိစိကိစ္ဆာ

ဘုရားတရား-စသည်များမှာ ယုံမှားခြင်းသဘောကို "ဝိစိကိစ္ဆာ"လို့ ခေါ်ပါတယ်၊ ယုံမှားတယ်ဆိုတာက လုံးဝမယုံတာမျိုးလဲ မဟုတ်၊ စိတ်ချလက်ချယုံကြည်တာမျိုးလဲ မဟုတ်ပါ၊ မယုံတယုံ(မယုံတစ်ဝက် ယုံတစ်ဝက်) ဖြစ်နေတာမျိုးပဲ ဖြစ်ပါတယ်။

တစ်စုံတစ်ရာ အမှုကိစ္စကိုပဲဖြစ်ဖြစ်, စာရဲ့သဘောကိုပဲဖြစ်ဖြစ်, သွားနေတဲ့ လမ်းခရီးကိုပဲဖြစ်ဖြစ် လုပ်လို့တော်မှတော်ပါ့မလား, ဟုတ်မှဟုတ်ရဲ့လား-အစရှိတဲ့ ယုံမှားသံသယများ ဖြစ်တတ်ပါတယ်၊ ဒီယုံမှားသံသယမျိုးက ဝိစိကိစ္ဆာအစစ် မဟုတ်ပါ၊ အချို့အရာမှာ စဉ်းစားကြဲစည်တတ်တဲ့ဉာဏ်, အချို့အရာမှာ အကြံသက်သက် ဝိတက်သဘောသာ ဖြစ်ပါတယ်။

အထွေထွေကိစ္စနှင့် စာပေကြဲစည်မှု-စတဲ့ ကိစ္စတွေမှာ ပိုင်ပိုင်နိုင်နိုင် မဆုံးဖြတ်နိုင်မှု, ယုံမှားမှုမှာ ဝိစိကိစ္ဆာအတုမျှသာ ဖြစ်ပါတယ်၊ တရားသဘောအနေနဲ့တော့ ပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ ကုသိုလ်, အကုသိုလ်, ကြိယာစိတ္တုပ္ပာဒ် တစ်မျိုးမျိုးသာ ဖြစ်စရာ ရှိပါတယ်။

ဝိစိကိစ္ဆာဟာ ကုသိုလ်တရားတွေကို ပိတ်ဆို့တားမြစ်တတ်တဲ့ နိဝရဏတရား ဖြစ်နေတဲ့အတွက် ဘုရား, တရား, သံဃာ, သိက္ခာပဒ, ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပာဒ်တွေမှာ ယုံမှားခြင်းကသာ ဝိစိကိစ္ဆာဖြစ်ပါတယ်။

အခုပြောလာခဲ့တဲ့ စိတ်ကို ညစ်နွမ်းစေတတ်တဲ့ သဘောတရားများ(အကုသိုလ်စေတသိက်များ)ဟာ လူသားတိုင်းရဲ့ သန္တာန်မှာ ဖြစ်နေတဲ့တရားတွေပဲ ဖြစ်ကြပါတယ်၊ အနည်းအများလောက်သာ ကွာခြားစရာ ရှိပါတယ်၊ လူသားတွေရဲ့ သန္တာန်မှာ ဒီတရားတွေ သောင်းကျန်းနေတဲ့အတွက် တစ်ကမ္ဘာလုံးမှာ ဒုက္ခမျိုးစုံကြုံတွေ့နေကြရတာကို နေ့စဉ်နှင့်အမျှ ကြားသိနေကြရပါတယ်။

ဒါ့ကြောင့် ဒီတရားဆိုးတွေရဲ့ သဘောကို သိနားလည်အောင် ဖတ်ရှုလေ့လာပြီး လူတိုင်းလူတိုင်းက မိမိရဲ့စိတ်ကို အစွမ်းအထင်း မခံဘဲ ပြုပြင်သွားကြပါရင် အေးချမ်းသာယာ နေချင်စရာကောင်းတဲ့ ကမ္ဘာလောကကြီး ဖြစ်လာပါလိမ့်မယ်၊ လူအခွင့်အရေးချိုးဖောက်မှုဆိုတာမျိုးလဲ ရှိနိုင်မယ် မဟုတ်တော့ပါ၊ ကြီးနိုင်ငယ်ညှဉ်းဆိုတာတွေလဲ ပပျောက်သွားပါလိမ့်မည်။

လက်နက်ကိုင်ကာ ငြိမ်းချမ်းရေး အဖြေရှာလို့တော့ ရနိုင်မယ် မထင်ပါ၊ ဒါ့ကြောင့် လူသားတိုင်း လူသားတိုင်းက ကိုယ့်စိတ်ဓာတ်ကို အစွမ်းကုန်ပြုပြင်ပြီး ငြိမ်းချမ်းရေးအစစ်ရအောင် ကြိုးစားပြီးလုပ်ဆောင်နိုင်ကြပါစေ။

http://www.dhammadownload.com

သောဘနစေတသိက်-၂၅

သောဘနသာဓာရဏစေတသိက် ၁၉-ပါး

သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, အလောဘ, အဒေါသ, တတ္ရမဇ္ဈတ္တတာ, ကာယပ္ပသဒ္ဓိ, စိတ္တပ္ပသဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တ-ပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ။

ဒီသဘောတရားတွေကို "**သောဘနသာဓာရဏစေတသိက်**"လို့ ခေါ်ပါတယ်။

ဝိရတိစေတသိက် ၃-ပါး

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ။

ဒီသဘောတရားတွေကို "ဝိရတိစေတသိက်"လို့ ခေါ်ပါတယ်။

အပ္ပမညာစေတသိက် ၂-ပါး

ကရုဏာ, မုဒိတာ။

ဒီ သဘောတရားတွေကို "အပ္ပမညာစေတသိက်"လို့ ခေါ်ပါတယ်။

ပညိန္ဒြိစေတသိက် ၁-ပါး

ပညိန္ဒြိ။

ဒီစေတသိက်ကိုပဲ "အမောဟ"လို့လဲ ခေါ်ပါတယ်၊ "ဉာဏ်"လို့လဲ ခေါ်ပါတယ်၊ "ပညာ"လို့လဲ ခေါ်ပါတယ်။

သောဘနသာဓာရဏစေတသိက် ၁၉-ပါး, ဝိရတိ ၃-ပါး, အပ္ပမညာ ၂-ပါး, ပညိန္ဒြိ ၁-ပါး= ပေါင်း ၂၅-ပါးသော စေတသိက်တို့ကို "သောဘနစေတသိက်"လို့ ခေါ်ပါတယ်။

၁။ သဒ္ဓါ

ယုံကြည်ခြင်းသဘောကို "သဒ္ဓါ"လို့ ခေါ်ပါတယ်၊ ဒီသဒ္ဓါဟာ ယုံကြည်ခြင်း သဘောလက္ခဏာရှိပါတယ်၊ ဘုရား, တရား, သံဃာ, ကံ, ကံရဲ့အကျိုး, ပစ္စုပ္ပန်လောက, တမလွန်လောကတွေမှာ "ဟုတ်လေသလား, မဟုတ်ဘဲများ ရှိလေရော့သလား"လို့ ယုံမှားသံသယမရှိ၊ တကယ်ရှိတယ်လို့ စိတ်ချလက်ချရှိမှုကိုပဲ

http://www.dhammadownload.com

"ယုံတယ်"လို့ ဆိုရပါတယ်၊ ဒါ့ကြောင့် ဒီသဒ္ဓါကို "သဒ္ဓါဓိမောက္ခ-(ယုံတဲ့အနေနဲ့ ဆုံးဖြတ်မှု)"လို့ အချို့နေရာမှာ အသုံးပြုကြပါတယ်။

ဒီသဒ္ဓါဟာ ကြည်လင်စေခြင်းကိစ္စ ရှိပါတယ်၊ နောက်ကျနေတဲ့ ရေအတွင်းမှာ စကြာမင်းရဲ့ ပတ္တမြားရတနာကို ထည့်လိုက်တဲ့အခါ အနည်ထိုင်ပြီး ကြည်လာရသလို စိတ်အစဉ်မှာ သဒ္ဓါယှဉ်လာတဲ့အခါ ကိလေသာနီဝရဏတွေ အနည်ထိုင်သလို ကွယ်ပျောက်ပြီး ကြည်လင်တဲ့ စိတ်အစဉ်သာ ဖြစ်လာရပါတယ်၊ ဒီလိုကြည်လင်မှုကိုပဲ ကြည်တယ်လို့ ခေါ်ရပါတယ်။

ဒီလက္ခဏာနှင့် ကိစ္စရသ ၂-ခုကိုပင် ပေါင်းစပ်ပြီး ယုံကြည်ခြင်းသဘောကို "သဒ္ဓါ"လို့ ခေါ်စမှတ် ပြုနေကြပါတယ်၊ ဒီအဓိပ္ပာယ်ကိုပဲ ကောက်ချက်ချပြီး ယုံ-သဒ္ဓါ, ကြည်-သဒ္ဓါလို့ ၂-မျိုးခွဲသင့်ပါတယ်။

ယုံ-သဒ္ဓါ တရားအကုန်လုံးကို သိမြင်တတ်တဲ့ လူသားဘုရားဆိုတာ မရှိ၊ တရား မရှိ၊ သံဃာမရှိ၊ ကံဆိုတာမရှိ၊ ကံရဲ့အကျိုးလဲ မရှိ၊ ရှေးကမိမိတို့ဖြစ်လာခဲ့တဲ့ ဘဝဟောင်းဆိုတာ မရှိ၊ ယခုဘဝကသေသွားရင် နောင်ဖြစ်စရာဘဝဆိုတာလဲ မရှိ၊ ဒီလို-စသောအားဖြင့် ဒိဋ္ဌိက မှားမှားယွင်းယွင်း သိမြင်ယူဆထားပါတယ်၊ ဘုရား, တရား-စသည်တို့ကို လုံးဝမယုံပါ၊ ဝိစိကိစ္ဆာက မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ယုံမှားသံသယ ဖြစ်နေပါတယ်၊ ဒီသဒ္ဓါကတော့ ဘုရား တရား သံဃာ ရတနာ ၃-ပါး, ကံကံရဲ့အကျိုး, ယခုဘဝ နောက်ဘဝ တကယ်ရှိတယ်လို့ ယုံပါတယ်။

ကြည်-သဒ္ဓါ စွန့်ကြဲပေးကမ်း လှူဒါန်းနေတဲ့အခါမှာ ကိလေသာအနောက်အကျူတွေ ကင်းကွာလို့ စိတ်ကြည်လင်နေတတ်ပါတယ်၊ သီလဆောက်တည်လို့ တရားထိုင်နေတဲ့အခါမှာလဲ စိတ်ဓာတ်ကြည်လင်နေတတ်ပါတယ်၊ အဲဒီလို စိတ်ကို ကြည်လင်အောင် ပြုနိုင်တဲ့သဘောကတော့ ဒီကြည်သဒ္ဓါပဲ ဖြစ်ပါတယ်။

ကံ, ကံရဲ့အကျိုး-စသည်ကို ယုံကြည်မှု မရှိသေးတဲ့အတွက် ကလေးသူငယ်-စသူတို့မှာ ယုံသဒ္ဓါဖြစ်ဖို့ ခဲယဉ်းလှပါတယ်၊ ဒါပေမယ့် လူကြီးများ ပြုလုပ်တာကို အတုလိုက်လို့ ဘုရားကို ရိုးခိုးတဲ့အခါ, ရဟန်းသံဃာကို ရှိခိုးတဲ့အခါ, သူတစ်ပါးတို့ကို ပေးကမ်းနေတဲ့အခါ, သူများရဲ့အကျိုးကို ဆောင်နေတဲ့အခါများမှာ စိတ်ကို ကြည်လင်စေနိုင်တဲ့ ကြည်သဒ္ဓါတော့ ဖြစ်နိုင်ပါတယ်။

http://www.dhammadownload.com

အခြားဘာသာဝင် ပုဂ္ဂိုလ်တွေက လူသားချင်း ငဲ့ညှာထောက်ထားတဲ့ အနေနဲ့ ဆေးရုံအတွက်လဲ လှူတတ်ကြပါတယ်၊ လူဆိုးရုံအတွက်လဲ လှူတတ်ကြပါတယ်၊ မိဘမဲ့ကလေးတွေအတွက်လဲ လှူတတ်ကြပါတယ်၊ မျက်မမြင် နားမကြားဆွံ့အသူတွေအတွက်လဲ လှူတတ်ကြပါတယ်၊ ပညာရေးအတွက်လဲ လှူတတ်ကြပါတယ်၊ အဲဒီလို လှူဒါန်းစွန့်ကြဲတဲ့အခါ သူတို့ရဲ့သန္တာန်မှာ ယုံသဒ္ဓါက မသေချာလှပေမယ့် ကြည်သဒ္ဓါ အစစ် ကုသိုလ်ကတော့ ဖြစ်နိုင်ကြပါတယ်၊ ယခုခေတ်မှာ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေက ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ကူညီထောက်ပံ့ရာမှာလဲ အလားတူပဲ ဖြစ်နိုင်စရာ ရှိပါတယ်။

ယခုခေတ်မှာတော့ ဘယ်ရုပ်ပွားတော်ကို ကိုးကွယ်လို့ရှိရင် အန္တရာယ်ကင်းတယ်၊ စီးပွားတိုးတက်တယ်ဆိုလို့ မဟာယာနရုပ်ပွားတော်ကို အင်္ဂါးပင့်ယူကိုးကွယ်မှု, တရုတ်နတ်ဘုရား ဗိုက်ပူကြီးကို ကိုးကွယ်မှု, ဗုဒ္ဓဘာသာတွင်းကို ထိုးဖောက်ဝင်ရောက်လာတဲ့ အခြားအယူဝါဒတွေကို လက်ခံယုံကြည်မှု–စတဲ့ ကိစ္စတွေဟာ အတော်ပြန့်ပွားနေပါတယ်၊ ဒီလိုကိစ္စမျိုးတွေမှာ သဒ္ဓါအစစ် ဖြစ်နိုင်စရာ မရှိပါ၊ မိစ္ဆာဓိမောက္ခခေါ်တဲ့ သဒ္ဓါတုမ္မာသာ ဖြစ်နိုင်စရာ ရှိပါတယ်၊ တရားသဘောအနေနဲ့တော့ မောဟ, ဒိဋ္ဌိ တစ်ပါးပါးပြဋ္ဌာန်းတဲ့ အကုသိုလ်စိတ္တုပ္ပာဒ်သာ ဖြစ်စရာရှိပါတယ်။

၂။ သတိ

အောက်မေ့ခြင်း, အမှတ်ရခြင်းသဘောကို "သတိ"လို့ ခေါ်ပါတယ်၊ [သတိ·စ ဆွာဟံ ဘိက္ခဝေ သမ္မတ္တိကံ ဝဒါမိ–[၁] (သတိကို အရာရာမှာ လိုလားသင့်တယ်)လို့ ဗုဒ္ဓမြတ်စွာကလဲ ဟောထားပါတယ်၊ သဒ္ဓါ–စတဲ့ တရားတွေကသာ လွန်တယ်လို့ ရှိတတ်ပါတယ်၊ သတိကတော့ လွန်တယ်လို့ မရှိပါဘူး၊ ဟင်းလျာတိုင်းမှာ ဆားပါရသလို နေရာတိုင်းမှာ သတိပါစေရမယ်လို့ အဋ္ဌကထာဆရာတွေကလဲ မိန့်ဆိုထားကြပါတယ်။]

သတိအတု လောကမှာ အောက်မေ့အမှတ်ရစရာတွေက များလှပါတယ်၊ ဒါပေမယ့် အောက်မေ့အမှတ်ရသမျှကိုတော့ "သတိ"လို့ မခေါ်ပါ၊ ရံခါ ဇနီး ဖြစ်သူက လင်ယောကျ်ားရဲ့ ဆင်းရဲပင်ပန်းစွာ ရှာဖွေကျွေးမွေးခဲ့တာကို အမှတ်ရတတ်ပါတယ်၊ လင်ယောကျ်ားကလဲ ဇနီးသည်ရဲ့ အနှံအတာခံလို့

၁။ သံ–၃၊ ၁၀၈။

http://www.dhammadownload.com

ပြုစုခဲ့တာကို အမှတ်ရတတ်ပါတယ်၊ သမီးရည်းစားဘဝက ချိန်းတွေ့ခဲ့တာကိုလဲ အမှတ်ရတတ်ပါတယ်၊ ဒီလို အစရှိတဲ့ တဏှာပေမဆိုင်ရာ အမှတ်ရမှုတွေ ရှိတတ်ကြပါတယ်။

သူငယ်ချင်းတွေနှင့် ပျော်ပျော်ပါးပါး ယုံထောင်, ငါးဖမ်းသွားခဲ့တာကိုလဲ အမှတ်ရတတ်ပါတယ်၊ မိမိအား နှိပ်စက်ခဲ့သူကို လက်စားချေရန်လဲ အမှတ်ရနေတတ်ပါတယ်၊ ခရီးသွားတုန်းက သောင်းကျန်းသူတွေရဲ့ ချုံခိုတိုက်ခိုက်ခံရတာကိုလဲ အမှတ်ရနေတတ်ပါတယ်၊ ဒီလို အစရှိတဲ့ ဒေါသ, ဒေါမနဿဆိုင်ရာ အမှတ်ရမှုတွေလဲ ရှိနေတတ်ကြပါတယ်။

ဒီလို အမှတ်ရမှုတွေဟာ အကုသိုလ်ချည်းသာ ဖြစ်နေပါတယ်၊ သတိဆိုတာ အကုသိုလ်မှာ ယှဉ်ရိုးမရှိပါဘူး၊ ဒါ့ကြောင့် သတိအစစ် မဟုတ်ပါ၊ အမှတ်အသားကောင်းတဲ့ သညာနှင့် ကြိုစည်တတ်တဲ့ ဝိတက်သဘောမျှသာ ဖြစ်ပါတယ်။

သတိအစစ် ရုံခါ ရတနာ ၃-ပါး၏ဂုဏ်တော်တွေကို အောက်မေ့နေတတ်ပါတယ်၊ ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့တာကို အမှတ်ရနေတတ်ပါတယ်၊ ဆွမ်းကျွေးမယ့်ကိစ္စကို အမှတ်ရနေတတ်ပါတယ်၊ ဆရာသမား လူကြီးမိဘတွေရဲ့ ဆုံးမသြဝါဒကိုလဲ အမှတ်ရနေတတ်ပါတယ်၊ မှတ်မိအောင်သတိထားပြီး တရားနာနေတတ်ပါတယ်၊ ကမ္မဋ္ဌာန်းထိုင်ရင်း တရားအာရုံ ပျောက်မသွားအောင် စူးစူးစိုက်စိုက် ရှုမှတ်နေပါတယ်၊ နောင်လုပ်မယ့် ကုသိုလ်ကို ကြိုတင်အမှတ်ရနေပါတယ်၊ သီလသိက္ခာ မကျိုးမပျက်ရအောင် သတိထားနေပါတယ်၊ အကုသိုလ်တရားဆိုးတွေ မဝင်လာအောင် သတိထားနေပါတယ်၊ ဒီလို အစရှိတဲ့ ကုသိုလ်ကောင်းမှုဆိုင်ရာ ကိစ္စကို အောက်မေ့ခြင်း, အမှတ်ရနေခြင်းကသာ သတိအစစ် ဖြစ်ပါတယ်။

ဒီသတိကို "အပွမာဒ-မမေ့လျော့ခြင်း"လို့လဲ ခေါ်ပါတယ်၊ အဲဒီအပွမာဒခေါ်တဲ့ သတိတရားဟာ ကုသိုလ်တရားတွေထဲမှာ အလွန်အရာရောက်တဲ့တရားဖြစ်ပါတယ်၊ ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာက ကုန်းနေသတ္တဝါတွေရဲ့ ခြေရာအကုန်လုံးဟာ ဆင့်ခြေရာအတွင်းမှာ ဝင်သလို ကုသိုလ်တရားအကုန်လုံးလဲ အပွမာဒမှာပဲ အတွင်းဝင်တယ်၊ ကုသိုလ်တရားအကုန်လုံးထက် အပွမာဒတရားကသာ မြတ်တယ်လို့လဲ ဟောတော်မူပါတယ်၊[၁] အပွမာဒခေါ်တဲ့ သတိဟာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တယ်လို့လဲ ဟောတော်မူပါတယ်၊[၂] ဒါ့အပြင် သင်တို့တစ်တွေဟာ မမေ့မလျော့တဲ့ သတိတရားနဲ့ သိက္ခာ ၃-ပါးကို ပြည့်စုံစေကြရမယ်လို့လဲ ပရိနိဗ္ဗာန်စံလွန်ခါနီးအထိ နှေ့စဉ်နှေ့တိုင်း သြဝါဒပေးတော်မူသွားပါတယ်။

၁။ အံ-၃၊ ၂၇၃။ ၂။ ဓံ၊ ၁၆။

http://www.dhammadownload.com

၃+၄။ ဟိရီ ဩတ္တပ္ပ

မကောင်းမှုဒုစရိုက်ကို ပြုရမည်မှ ရှက်ခြင်းသဘောကို "ဟိရီ"ခေါ်ပါတယ်။

မကောင်းမှုဒုစရိုက်ကို ပြုရမည်မှ ကြောက်လန့်ခြင်းသဘောကို "ဩတ္တပ္ပ"လို့ ခေါ်ပါတယ်။

ဒီ ၂-ပါးအနက် ဟိရီက မိမိရဲ့ဂုဏ်သိက္ခာအပေါ်မှာ ရှိသေလေးစားမှုကိုပဲ အကြောင်းပြုပြီး ဖြစ်ရပါတယ်၊ ဩတ္တပ္ပက သူတစ်ပါး(အောပတ်ဝန်းကျင်)အပေါ်မှာ ရှိသေလေးစားမှုကိုပဲ အကြောင်းပြုလို့ ဖြစ်လာရပါတယ်၊ ဒါ့ကြောင့် ဟိရီက အမျိုးကောင်းသမီးနှင့် တူပါတယ်၊ ဩတ္တပ္ပက ပြည့်တန်ဆာမနှင့် တူပါတယ်။

အမျိုးကောင်းသမီးက မိမိရဲ့ မြင့်မြတ်တဲ့မျိုးရိုးဇာတိကို လေးစားတဲ့အနေနဲ့ လင်မှတစ်ပါး အခြားယောကျ်ားတွေနှင့် ဖောက်ပြားရမှာကို စက်ဆုပ်ပါတယ်၊ အလားတူပဲ ဟိရီရှိသူကလဲ မိမိရဲ့မျိုးရိုးကို ထောက်ထားပြီး ဒီမကောင်းမှုကို ပြုလုပ်တယ်ဆိုတာဟာ အမျိုးကောင်းသားတွေရဲ့အလုပ် မဟုတ်ဘူး၊ အမျိုးညံ့တဲ့ မုဆိုးတံငါတွေရဲ့အလုပ်သာ ဖြစ်ပါတယ်၊ ငါလို အမျိုးကောင်းသားတစ်ယောက်က ဒီအလုပ်ကို မလုပ်သင့်ဘူး၊ ဒီလို မိမိကိုယ်ကို အလေးပြုကာ ဒုစရိုက်မှ စက်ဆုပ်ရွံရှာ ရှောင်ခွာပါတယ်။

မိမိရဲ့အရွယ်ကို အကြောင်းပြုပြီး ဒီမကောင်းမှုကို ပြုလုပ်ခြင်းဆိုတာဟာ ကလေးသူငယ်တွေရဲ့ အလုပ်ဖြစ်တယ်၊ ငါလို အရွယ်ရောက်ပြီး ပုဂ္ဂိုလ်ကြီးက ဒီအလုပ်ကို မလုပ်သင့်ဘူး၊ ဒီလိုလဲ မိမိကို အလေးပြုကာ ဒုစရိုက်မှ စက်ဆုပ်ရွံရှာ ရှောင်ခွာပါတယ်။

မိမိရဲ့ ရဲစွမ်းသတ္တိကို အကြောင်းပြုပြီး ဒီမကောင်းမှုကို ပြုလုပ်ခြင်းဆိုတာဟာ အားနည်းတဲ့လူတွေရဲ့ အလုပ်ဖြစ်တယ်၊ ငါလို ရဲစွမ်းသတ္တိရှိသူက ဒီအလုပ်မျိုးကို မလုပ်သင့်ဘူး၊ ဒီလိုလဲ မိမိကိုယ်ကို အလေးပြုကာ ဒုစရိုက်မှ စက်ဆုပ်ရွံရှာ ရှောင်ခွာပါတယ်။

မိမိရဲ့ အကြားအမြင်ဗဟုသုတကို အကြောင်းပြုပြီး ဒီမကောင်းတဲ့ အလုပ်ဆိုတာဟာ လူမိုက်တွေရဲ့ အလုပ်ပဲ ဖြစ်တယ်၊ ပညာရှိတွေရဲ့အလုပ် မဟုတ်ဘူး၊ ငါလို ပညာတတ်ပုဂ္ဂိုလ်က ဒီအလုပ်မျိုးကို မလုပ်သင့်ဘူး၊ ဒီလိုလဲ မိမိကို အလေးပြုကာ ဒုစရိုက်မှ စက်ဆုပ်ရွံရှာ ရှောင်ခွာပါတယ်။

ပြည့်တန်ဆာမက မိမိမှာရှိရမယ့် ဂုဏ်အင်္ဂါ ပျက်စီးယိုယွင်းလာရင် ဧည့်ယောကျ်ားတွေက ရှောင်ခွာသွားတတ်ပါတယ်၊ ဒါ့ကြောင့် ဧည့်ယောကျ်ားတွေကို လေးစားတဲ့

http://www.dhammadownload.com

အနေနဲ့ ကိုယ့်ဂုဏ်အင်္ဂါ ပျက်စီးသွားမှာကို ကြောက်ရွံ့ပါတယ်၊ အလားတူပဲ သြတ္တပ္ပ (ရှိသူ)ကလဲ လောကမှာ ကိုယ်စောင့်နတ်-စတဲ့ နတ်များနှင့် အဘိညာဉ်ရထားတဲ့ တန်ခိုးရှင်တွေက တိတ်တဆိတ် မကောင်းမှုပြုနေသူတွေကို သိမြင်ကြပါတယ်၊ ငါက လုံလှုပြီလို့ သဘောထားပြီး မကောင်းမှုကို ပြုမိပါရင် အဲဒီ ပညာရှင်တွေရဲ့ အလယ်မှာ ကဲ့ရဲ့စရာ ဖြစ်လာတော့မှာပဲ၊ ဒီလို သူတစ်ပါးတို့ (ဘေးပတ် ဝန်းကျင်)ကို လေးစားတဲ့အနေနဲ့ ဒုစရိုက်မှ ကြောက်ရွံ့ထိတ်လန့်ပါတယ်။

ငါက မကောင်းမှုကို ပြုလုပ်လိုက်ပါရင် မိဘ, ဆွေမျိုး, ဆရာသမားတွေပါ သူတစ်ပါးရဲ့ အကဲ့ရဲ့ကို ခံရတော့မှာပဲ၊ သူများတံတွေးခွက်မှာ ပက်လက်မျောရတော့မှာပဲ၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လေလုံး ပုပ်ရတော့မှာပဲ၊ ဒီလို စပ်ဆိုင်သူများကို ငဲ့ညှာတဲ့အနေနဲ့လဲ ဒုစရိုက်မှ ကြောက်ရွံ့ထိတ်လန့်တတ်ပါတယ်။

ဟိရီ သြတ္တပ္ပအတု အချို့က ဒုစရိုက်အရာ မဟုတ်တဲ့ ဘုရားရှိခိုးရမှာကိုလဲ ရှက်တတ်တယ်၊ လူကြားထဲမှာ စာဖတ်ရမှာကိုလဲ ရှက်တတ်တယ်၊ ဥပုသ်စောင့်ရမှာကိုလဲ ရှက်တတ်တယ်၊ တရားနာရမှာကိုလဲ ရှက်တတ်တယ်၊ ဒီလို ကုသိုလ်ကောင်းမှုနှင့်ဆိုင်ရာတွေမှာ ရှက်သလိုလုပ်ကာ တွန့်ဆုတ်တတ်တာတွေကတော့ ဟိရီမဟုတ်ပါဘူး၊ ရှုးက ပြောလာခဲ့တဲ့ ပရိယာယ်မာယာ- တဏှာသဘောတွေသာ ဖြစ်ပါတယ်။

အချို့က တစ္ဆေခြောက်မှာကို ကြောက်တတ်တယ်၊ ခွေး, ဝက်တိရစ္ဆာန်တွေကို ကြောက်တတ်တယ်၊ မြွေကိုလဲ ကြောက်တတ်တယ်၊ အစိုးရအရာရှိတွေကိုလဲ ကြောက်တတ်တယ်၊ ဒီလိုအစရှိတဲ့ အကြောက်များကလဲ သြတ္တပ္ပမဟုတ်ပါ၊ ဒေါမနဿ ပြဋ္ဌာန်းတဲ့ အကုသိုလ်စိတ်အုပ်စုသာ ဖြစ်ပါတယ်။

လောကစောင့်တရား ဒီတရား ၂-ပါးတို့က စောင့်ကြပ်နေတဲ့အတွက်သာ လူသတ္တဝါတွေရဲ့ သန္တာန်မှာ အတော်အတန် စင်ကြယ်နေကြပါတယ်၊ ဒီတရားများသာ စောင့်ကြပ်လို့ မထားခဲ့ပါရင် အမိနှင့်သား, အဘနှင့်သမီးတို့ ဖောက်ပြားလို့ တိရစ္ဆာန်တွေနှင့် မခြားဘဲ ရောယှက်ရှုပ်ထွေးကာ မကြားကောင်းမနာသာတွေ ဖြစ်ကုန်စရာ ရှိပါတယ်၊ ဒါ့ကြောင့် ဒီတရား ၂-ပါး ကို ကမ္ဘာစောင့်(လောကပါလ)တရားလို့လဲ ဟောတော်မူထားပါတယ်။ [၃] ဖြူစင်သန့်ရှင်းကြောင်းတရား(သုက္ကဓမ္မ)လို့ ဟောတော်မူထားပါတယ်။ [၄]

၁။ ဣတိ၊၂၁၉။ ၂။ ဇာ-၁၊ ၂။

http://www.dhammadownload.com

၅။ အလောဘ

မလိုချင်(မစုံမက်)ခြင်းသဘောကို "အလောဘ"လို့ ခေါ်ပါတယ်။

လောဘက ၅-ပါးအာရုံ ကာမဂုဏ်ကို သာယာစုံမက် နှစ်သက်ငြိကပ်တဲ့ သဘော ရှိပါတယ်၊ အလောဘကတော့ အဲဒီ ကာမဂုဏ်၀ါး အာရုံတရားတွေကို မလိုချင်မငြိကပ်တဲ့သဘော ရှိပါတယ်။

ဒါ့ကြောင့် အလောဘဟာ လောဘနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်ပါတယ်၊ ကျောချင်းကပ်လို့ ဦးတည့်ရာဘက်ကို ပြေးထွက်နေကြတဲ့ လူနှစ်ယောက်နှင့်သာ တူကြပါတော့တယ်၊ ဒါပေမဲ့ တွေ့ရာမြင်ရာ မလိုချင်မှုဟူသမျှတော့ အလောဘ မဟုတ်ပါ၊ ကုသိုလ်နှင့်စပ်လို့ ကောင်းမြတ်တဲ့အရာကို မလိုချင်မှုမှာ ကောင်းတဲ့ အလိုဆန္ဒနှင့် ကြိုးစားမှု၀ီရိယနည်းပါးလို့ အပျင်းဖက်လာတဲ့ စိတ်ညံ့စိတ်ဖျင်း များတဲ့ အတွက်သာ ဖြစ်ရပါတယ်။

ရဟန္တာပုဂ္ဂိုလ်က မည်သည့်၀တ္ထုကိုမျှ ငါ့ဥစ္စာလို့ သိမ်းဆည်းမှု မပြုတော့သလို အလောဘကလဲ လောဘရဲ့ မည်သည့်အာရုံ ကာမဂုဏ်ကိုမျှ မသိမ်းပိုက်တော့ပါ၊ ဒါပေမဲ့ အရမ်းမဲ့ ဖြူန်းတီးပစ်ခြင်းကိုတော့ အလောဘရဲ့ကိစ္စ-ကုသိုလ်ရတယ်လို့ မမှတ်သင့်ပါ၊ ရှေ့နောက်တိုင်းထွာတတ်တဲ့ အလိမ္မာအဆင်ခြင် သမ္မဇ္ဇဉ် မရှိတာနဲ့ မောဟအတွက် မိုက်မှားချက်တစ်မျိုးလို့သာ မှတ်သင့်ပါတယ်၊ ရှေ့နောက်တိုင်းထွာ အရာရာကို သိမ်းဆည်းတာက သတိသမ္မဇ္ဇဉ်ရဲ့ကိစ္စ ဖြစ်ပါတယ်၊ မလျှဒါန်းမပေးကမ်း မသုံးစွဲဘဲ သိမ်းဆည်းထားတာကသာ လောဘရဲ့ကိစ္စ ဖြစ်ပါတယ်။

မစင်တွင်းကို ကျရောက်နေသူက ကိုယ်မှာ မစင်တွေ ငြိကပ်ပေကျံနေပေမယ့် စိတ်အနေနဲ့ မငြိကပ်လိုသလို အလောဘဓာတ်ခံ ရှိနေတဲ့သူက လောဘရဲ့အာရုံ ကာမဂုဏ်တွေနှင့် မလွဲသာလို့ ထွေးရောယှက်တင် နေရပေမယ့် စိတ်ဆန္ဒအနေနဲ့ အဲဒီ အာရုံမှာ မငြိမကပ် ပြတ်ပြတ်ကင်းကင်း ရှင်းရှင်းနေလိုတဲ့ဆန္ဒ ရှိပါတယ်။

၆။ အဒေါသ

မခက်ထန် မကြမ်းတမ်းခြင်းသဘောကို "အဒေါသ"လို့ ခေါ်ပါတယ်။

ဒီအဒေါသဟာ ရှူးရှူးရဲရဲ ကြမ်းကြမ်းတမ်းတမ်း လုပ်တတ်တဲ့ ဒေါသရဲ့ ဆန့်ကျင်ဘက် ဖြစ်ပါတယ်၊ ဒေါသသမားက ဆဲလိုက်ဆိုလိုက် အော်လိုက်ငေါက်လိုက်နဲ့ ကြမ်းတမ်းသလောက် အဒေါသသမားက ချိုချိုသာသာနဲ့ သိမ်မွေ့ငြိမ်သက်

http://www.dhammadownload.com

လုပါတယ်၊ စိတ်နေသဘောထားက အေးမြလုတဲ့အတွက် သူတစ်ပါးတို့ရဲ့ ဒေါသမီးကိုပင် သည်းခံခြင်းအအေးဓာတ်နဲ့ ငြိမ်းသတ်နိုင်ပါတယ်။

အဒေါသသမားရဲ့စိတ်က အေးမြကြည်လင်သလောက် စိတ်နှင့်ဆက်သွယ်လို့ ဖြစ်နေရတဲ့ ရုပ်ခန္ဓာတစ်ခုလုံးကလဲ အေးမြကြည်လင် ဖြူစင်ဝင်းလက်နေပါတယ်၊ ဒါ့ကြောင့် အဒေါသသမားရဲ့မျက်နှာဟာ ဒေါသသမားရဲ့မျက်နှာလို မတင်းမာဘဲ ကြည်သာရွှင်ပျ တိမ်တိုက်ကထွက်လာတဲ့ စန်းလအသွင် ကြည်လင်ဝင်းပနေပါတယ်၊ မြင်ရသူရဲ့ စိတ်နှလုံးကို ယူကြုံးဆွဲဆောင်နိုင်ပါတယ်၊ အဒေါသသမားရဲ့ ငြင်သာတဲ့ အပြုံးဟာ မြင်ရသူတိုင်း မမုန်းနိုင်အောင် ကျက်သရေကို ဆောင်နေပါတယ်၊ အဒေါသဓာတ်ခံဟာ ဒီထိအောင် အကျိုးဆောင်နိုင်ပါတယ်၊ ဒါ့ကြောင့် လူတိုင်းလူတိုင်းက မိမိတို့သန္တာန်မှာ အဒေါသဓာတ်ခံ ရှိလာအောင် ကြိုးစားသင့်ပါတယ်။

မေတ္တာ ချစ်ခင်စိုစွတ် စေးကပ်တတ်တဲ့အတွက် ဒီအဒေါသစေတသိက်ကိုပဲ "မေတ္တာ"လို့ ခေါ်ပါတယ်၊ ဒီမေတ္တာဟာ အပွမညာဗြဟ္မဝိဟာရမှာ ပါတဲ့တရားတစ်မျိုး ဖြစ်ပါတယ်၊ ချစ်ခင်မြတ်နိုးအပ်တဲ့ သတ္တဝါ(ပညတ်)ကို အာရုံပြုလို့ ဖြစ်ပါတယ်၊ သတ္တဝါတစ်ယောက်ကို အာရုံပြုလို့ ဒေါသဖြစ်တဲ့အခါ အဲဒီဒေါသနှင့်ယှဉ်နေတဲ့ စိတ်ဓာတ်ဟာ စိုစိုဖတ်ဖတ်မရှိဘဲ ခြောက်ကပ်ကပ်ဖြစ်ကာ အာရုံပြုပါတယ်၊ မေတ္တာကတော့ သတ္တဝါတွေရဲ့အပေါ်မှာ စိုစိုဖတ်ဖတ် စေးကပ်တဲ့ သဘောနဲ့ အာရုံပြုပါတယ်။

အဒေါသကို မေတ္တာလို့ ခေါ်ရပေမဲ့ အဒေါသအကုန်လုံးကို မေတ္တာလို့ မယူသင့်ပါ၊ ဘုရားဖူး တရားနာ-စတဲ့ အခါမျိုးမှာဖြစ်တဲ့ အဒေါသက မေတ္တာမဟုတ်ပါ၊ သတ္တဝါတွေရဲ့အကျိုးစီးပွားကို လိုလားချစ်ခင်ရာမှာဖြစ်တဲ့ အဒေါသကသာ မေတ္တာဖြစ်ပါတယ်။

မေတ္တာတု ဆွေချစ်မျိုးချစ်, ဇနီးမောင်နှံချစ်-စတဲ့ တဏှာပေမ အချစ်မျိုးလဲ ချစ်အပ်သူအပေါ်မှာ စိုစွတ်စေးကပ်ကာ အာရုံပြုတတ်ပါတယ်၊ ဒါနဲ့ပဲ အဲဒီအချစ်မျိုးကိုလဲ မေတ္တာလို့ ခေါ်နေကြပါတယ်။

မေတ္တာအစစ်မှာ ကုသိုလ်သဘော ရှိပါတယ်၊ တဏှာပေမကတော့ လောဘဆိုတဲ့ အကုသိုလ်ပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒီဆွေချစ်မျိုးချစ်, ဇနီးမောနှံချစ်-စတဲ့ သံယောဇဉ်မကင်းတဲ့ အချစ်မျိုးဟာ မေတ္တာစစ် မဟုတ်ပါ၊ တဏှာပေမ-မေတ္တာတုမျှသာ ဖြစ်ပါတယ်။

ဒီအချစ်မျိုးကို "ဂေဟသိတပေမ"လို့လဲ ခေါ်ပါတယ်၊ အိမ်မှာမှီတဲ့အချစ်လို့ အဓိပ္ပာယ်ရပါတယ်။

http://www.dhammadownload.com

ဒီလို ဆွေချစ်မျိုးချစ်, ဇနီးမောင်နှံချစ်–စသည်ဖြင့် ချစ်အပ်သူ့အပေါ်မှာ ဘယ်တော့မှ မေတ္တာစစ် မဖြစ်နိုင်လို့တော့ မမှတ်သင့်ပါ၊ အခါပေါင်းများစွာ မေတ္တာစစ်လဲ ဖြစ်နိုင်စရာ ရှိပါတယ်၊ ဒါကြောင့် မေတ္တာရဲ့အကျိုးကို ပြရာမှာ သားငယ်ကို နို့တိုက်နေတဲ့ နွားမရဲ့အစွမ်းသတ္တိကို ပြကြပါတယ်။

မေတ္တာစစ်နဲ့ သားငယ်ကို နို့တိုက်နေတဲ့ နွားမကို မုဆိုးက လှံနဲ့ထိုးသတ်ရာ မေတ္တာတန်ခိုးကြောင့် လှံမစူးဘဲ ထန်းရွက်လို ခွေလိပ်သွားတယ်လို့ အဆိုရှိပါတယ်။

လိုရင်းကတော့ မခွဲနိုင်မခွာရက်အောင် သံယောဇဉ်တွယ်နေတဲ့ အချစ်က တဏှာမေမ, ဧဟာသိတမေမ မေတ္တာတု ဖြစ်ပါတယ်၊ ခွဲသာခွာသာ အကျိုးစီးပွားကို လိုလားတဲ့ချစ်ခင်မှုမျိုးကတော့ မေတ္တာစစ် ဖြစ်ပါတယ်။

ဒါ့ကြောင့် မေတ္တာဘာဝနာကို ပွားများရာမှာ ဒေါသဆိုတဲ့ အဝေးရန်သူ, မေတ္တာတု ဆိုတဲ့ အနီးရန်သူ ဒီ ၂–မျိုးကို ရှောင်ရှားပြီး ပွားများရပါမယ်။

ဒက္ခိဏာဝိဟာရမှာနေတဲ့ မထေရ်တစ်ပါးကို အလုပ်အကျွေးဖြစ်တဲ့ အမတ်သား တစ်ဦးက "ရှေးဦးစွာ ဘယ်လိုပုဂ္ဂိုလ်မျိုးကို မေတ္တာပို့ရပါ့မလဲဘုရား ?"လို့ လျှောက်ထားပါသတဲ့၊ ဒီတော့ မထေရ်က ပုဂ္ဂိုလ်ခွဲခြားမှု မပြုဘဲ ချစ်ခင်မြတ်နိုးတဲ့ ပိယပုဂ္ဂိုလ်ကို ရှေးဦးစွာ မေတ္တာပို့ရမယ်လို့ အမိန့်ရှိလိုက်တယ်ဆိုပဲ။

အဲဒီအမတ်သားကလဲ မယားကို ချစ်ခင်မြတ်နိုးသူ ဖြစ်နေလေတော့ မယားကို အာရုံပြုလို့ မေတ္တာပို့ရင်း ရူးသွပ်ခြင်းသို့ ရောက်ရပါသတဲ့။[1]

ယခု တစ်ကမ္ဘာလုံးမှာ ဒေါသမီး တောက်လောင်နေပါတယ်၊ ဒေါသအတွက် လက်နက်စွဲကိုင်ပြီး အုပ်စုဖွဲ့ကာ အချင်းချင်း သတ်ဖြတ်နေကြပါတယ်၊ ဒီဒေါသမီးကို အကြောင်းပြုလို့ တစ်နေ့တစ်နေ့မှာ သေကြရတဲ့လူတွေဟာ ထောင်ဂဏန်းအထက်မှာသာ ရှိလိမ့်မယ်ထင်ပါတယ်၊ မီးများမီးနိုင်ဆိုတဲ့ သဘောနဲ့ ဒီလို လက်နက်ကိုင်ကာ အချင်းချင်း သတ်ဖြတ်နေလို့ ငြိမ်းအေးမှုအစစ်အမှန်ကို ရနိုင်စရာ မရှိပါ၊ လူတွေကသာ တဖြည်းဖြည်း ကုန်သွားစရာ ရှိပါတယ်၊ ဒေါသမီးကို ငြိမ်းသတ်ရန် အကောင်းဆုံးသော လက်နက်မှာ မေတ္တာဆိုတဲ့ ရေစင်ရေအေးသာ ဖြစ်ပါတယ်၊ ဒါကြောင့် လူသားတိုင်းရဲ့အပေါ်မှာ အကျိုးလိုလား အသီးအသီး မေတ္တာထားမှသာ ဒေါသမီးတွေ ငြိမ်းအေးလို့ ကမ္ဘာကြီးလဲ အေးချမ်းသာယာလာစရာ ရှိပါတယ်။

၁။ အံ–၆–၂၊ ၇၃။

http://www.dhammadownload.com

၇။ တတြမဇ္ဈတ္တတာ

ယုဉ်ဘက်တရားတွေမှာ လျစ်လျူရှုခြင်းသဘောကို "တတြမဇ္ဈတ္တတာ"လို့ ခေါ်ပါတယ်။

လျစ်လျူရှုတယ်ဆိုတာက မေတ္တာလို ချစ်လဲမချစ်, ဒေါသလို မုန်းလဲမမုန်းဘဲ အလယ်အလတ် သဘောထားကာ ရှုတတ်တဲ့သဘောပဲ ဖြစ်ပါတယ်။

အခုခေတ်မှာ ပြောဆိုဆုံးမလို့မရတဲ့ သားသမီးတွေ, တပည့်တွေကို လျစ်လျူရှုထားတယ်လို့ ပြောနေကြပါတယ်၊ ဒီလျစ်လျူရှုခြင်းမျိုးကတော့ အဲဒီသားဆိုးသမီးဆိုး, တပည့်ဆိုးတွေကို ဂရုမစိုက်တော့ဘဲ ပစ်ထားတာမျိုးပဲ ဖြစ်ပါတယ်၊ ဒီလို ဂရုမစိုက်(အရေးမစိုက်)ဘဲ ပစ်ထားလိုက်တာကတော့ တတြမဇ္ဈတ္တတာရဲ့ လျစ်လျူရှုခြင်းမျိုး မဟုတ်ပါ၊ ဒေါသပြဋ္ဌာန်းတဲ့ အကုသိုလ်စိတ်စုသာ ဖြစ်စရာ ရှိပါတယ်။

ဥပေက္ခာဗြဟ္မဝိဟာရ

အပွမညာဗြဟ္မဝိဟာရထဲမှာ ပါတဲ့ ဥပေက္ခာဆိုတာ ဟာလဲပဲ ဒီတတြမဇ္ဈတ္တတာစေတသိက်ပဲ ဖြစ်ပါတယ်၊ တတြမဇ္ဈတ္တတာကို ဥပေက္ခာ-ခေါ်တယ် ဆိုပေမယ့် တတြမဇ္ဈတ္တတာအကုန်လုံးကို ဥပေက္ခာလို့ မယူသင့်ပါ၊ ဘုရားဖူး တရားနာ-စတဲ့ ကိစ္စတွေမှာဖြစ်တဲ့ တတြမဇ္ဈတ္တတာက ဥပေက္ခာဗြဟ္မဝိဟာရ မဟုတ်ပါ၊ ထိုထိုသတ္တဝါတွေမှာ လျစ်လျူရှုတတ်တဲ့ တတြမဇ္ဈတ္တတာကသာ ဥပေက္ခာဗြဟ္မဝိဟာရ ဖြစ်ပါတယ်။

ကာယပွဿဒ္ဓိ-စတဲ့ ၁၂-ပါးတို့ကိုတော့ အကျယ်ချဲ့ကာ ဒီနေရာမှာ မပြောလိုတော့ပါ။

ဝိရတိစေတသိက် ၃-ပါး

ဝိရတိစေတသိက်တွေကို မလေ့လာခင် ဒုစရိုက်တွေကို ကြိုတင်လေ့လာထားသင့်ပါတယ်။

ကာယက် ၃-ပါး

၁။ ပါဏာတိပါတ= သူ့အသက်ကိုသတ်မှု၊

၂။ အဒိန္နာဒါန= သူ့ဥစ္စာကို တိုက်ခိုက်လှည့်ပတ်ခိုးယူမှု၊

၃။ ကာမေသုမိစ္ဆာစာရ= ကာမဂုဏ်မှာ မှားယွင်းဖောက်ပြန်စွာကျင့်မှု။

ဝစီက် ၄-ပါး

၁။ မုသာဝါဒ= မုသားပြောမှု, လိမ်ညာပြောမှု၊

၂။ ပိသုဏဝါစာ= ချောပစ်ကုန်းတိုက်မှု၊

http://www.dhammadownload.com

၃။ ဖရုသဝါစာ= ကြမ်းတမ်းတဲ့စကားကို ပြောဆိုမှု၊ ဆဲရေးတိုင်းထွာမှု၊
၄။ သမ္ဖပ္ပလာပ= ပိန်ဖျင်းတဲ့စကားကို ပြောဆိုမှု။

မနောက် ၃-ပါး

၁။ အဘိဇ္ဈာ= သူတစ်ပါးစည်းစိမ်ကို မတရားရယူလိုမှု၊
၂။ ဗျာပါဒ= သူတစ်ပါး သေကျေပျက်စီးရန် ကြံစည်မှု၊
၃။ မိစ္ဆာဒိဋ္ဌိ= မှားမှားယွင်းယွင်းယူမှု၊ အယူမှားမှု။

ဒီကာယက် ၃-ပါး, ဝစီက် ၄-ပါး, မနောက် ၃-ပါး= ပေါင်း ၁၀-ပါးတို့ကို မကောင်းတဲ့အကျင့်စရိုက် ဖြစ်တဲ့အတွက် ဒုစရိုက် ၁၀-ပါးလို့လဲ ခေါ်ကြပါတယ်၊ အပါယ်ရောက်စရာ လမ်းခရီးသဖွယ် ဖြစ်တဲ့အတွက် အကုသလကမ္မပထတရား ၁၀-ပါးလို့လဲ ခေါ်ကြပါတယ်။

ဒုစရိုက် ၁၀-ပါး အပြည့်အစုံ ပြထားပေမဲ့ ဒီဝိရတိဆိုတာက မနောက် ၃-ပါးနှင့် မသက်ဆိုင်ပါဘူး၊ ကာယက် ၃-ပါး, ဝစီက် ၄-ပါးနှင့်သာ သက်ဆိုင်ပါတယ်၊ ဒီကာယက် ဝစီက်တွေကိုလဲ ဝိရတိအရာမှာ အသက်မွေးမှုနှင့်ဆိုင်တာ, အသက်မွေးမှုနှင့်မဆိုင်တာလို့ ၂-မျိုး ထပ်ခွဲထားရပါ့မယ်၊ အသက်မွေးမှုနှင့်မဆိုင်တဲ့ ကာယက် ဝစီက်ကိုတော့ ဒုစရိုက်လို့(သာ ရိုးရိုး) ခေါ်ပါတယ်၊ အသက်မွေးမှုနှင့်ဆိုင်တဲ့ ကာယက် ဝစီက်ကိုတော့ ဒုရာဇီဝ-(မကောင်းတဲ့ အသက်မွေးမှု)လို့ ခေါ်ပါတယ်၊ ဒီ ဒုစရိုက် ဒုရာဇီဝက ရှောင်ကြဉ်တာကိုပဲ ဝိရတိလို့ ခေါ်ပါတယ်၊ ဒုစရိုက် ဒုရာဇီဝတွေကို ပြုခွင့်ကြုံပေမယ့် မပြုတာကိုပဲ ရှောင်ကြဉ်တယ်လို့ ဆိုပါတယ်၊ အဲဒီ ဝိရတိရဲ့အပြားကို နောက်မှပြောပြပါ့မယ်။

၁။ သမ္မာဝါစာ

[အသက်မွေးမှုနှင့် မသက်ဆိုင်တဲ့] ဝစီဒုစရိုက် ၄-ပါးက ရှောင်ကြဉ်ခြင်း သဘောကို သမ္မာဝါစာလို့ ခေါ်ပါတယ်။

ပစ္စည်းဥစ္စာတစ်စုံတစ်ရာကို မမျှော်လင့် မတောင့်တဘဲ ဝါသနာအလျောက် ဝါကြွားပြောဆိုခြင်း, နဂိုက ချစ်ခင်နေသူတွေကို ရန်တိုက်ပေးခြင်း, ကြမ်းကြမ်းတမ်းတမ်းပြောဆိုခြင်း, ဒဏ္ဍာရီဇာတ်ဝတ္ထုကို ပြောပြခြင်းတွေဟာ အသက်မွေးမှုနှင့် မသက်ဆိုင်တဲ့ ဝစီဒုစရိုက်တွေပဲ ဖြစ်ပါတယ်၊ ဒီ ဝစီဒုစရိုက်တွေကို ပြောခွင့်ကြုံပေမဲ့ မပြောဘဲ နေလိုက်ရင် ဝိရတိသမ္မာဝါစာ ဖြစ်ပါတယ်၊ အကြောင်းအကျိုးနှင့် စပ်လို့ ကောင်းမြတ်တဲ့စကားကို ပြောဆိုတာကတော့ ဝိရတိသမ္မာဝါစာ မဟုတ်ပါဘူး၊ ကထာသမ္မာဝါစာမျှသာ ဖြစ်ပါတယ်။

http://www.dhammadownload.com

၂။ သမ္မာကမ္မန္တ

[အသက်မွေးမှုနှင့် မသက်ဆိုင်တဲ့] ကာယဒုစရိုက် ၃-ပါးက ရှောင်ကြဉ်ခြင်း သဘောကို "သမ္မာကမ္မန္တ"လို့ ခေါ်ပါတယ်။

ပစ္စည်းဥစ္စာကို မမျှော်လင့်မတောင့်တဘဲ မုန်းလို့သတ်ခြင်း, လက်စားချေလိုတဲ့အတွက် ခိုးယူဖျက်ဆီးခြင်း, ရာဂစိတ်ကို မချိုးနှိမ်နိုင်လို့ လွန်ကျူးပြုကျင့်မိခြင်း -စတဲ့ အလုပ်တွေကတော့ အသက်မွေးမှုနှင့်မဆိုင်တဲ့ ကာယဒုစရိုက်တွေ ဖြစ်ပါတယ်၊ ဒီလို ကာယဒုစရိုက် တစ်စုံတစ်ရာကို ပြုလုပ်ဖို့အချက် ပေါ်လာတဲ့အခါ မပြုလုပ်ဘဲ ရှောင်ကြဉ်လိုက်ရင် ဝိရတိသမ္မာကမ္မန္တ ဖြစ်ပါတယ်၊ အပြစ်မရှိတဲ့ လုပ်ငန်းကိစ္စကို ပြုလုပ်နေသူရဲ့ ကိုယ်အမူအရာကတော့ ဝိရတိသမ္မာကမ္မန္တ မဟုတ်ပါဘူး၊ ကိရိယာ သမ္မာကမ္မန္တ မျှသာ ဖြစ်ပါတယ်။

၃။ သမ္မာအာဇီဝ

အသက်မွေးမှုနှင့်စပ်ဆိုင်တဲ့ ကာယက် ၃-ပါး, ဝစီက် ၄-ပါးဆိုတဲ့ ဒုစရိုဝက ရှောင်ကြဉ်ခြင်းသဘောကို "သမ္မာအာဇီဝ"လို့ ခေါ်ပါတယ်။

လူတစ်ဦးတစ်ယောက်က မုဆိုးတံငါလုပ်လို့ အသက်မွေးနေမယ်၊ ခိုးယူတိုက်ခိုက် ခါးပိုက်နှိုက်လို့ အသက်မွေးနေမယ်၊ ပြည့်တန်ဆာခေါင်းလုပ်လို့ အသက်မွေးနေမယ်၊ မုသားသက်သေလိုက်လို့ အသက်မွေးနေမယ်၊ ဒဏ္ဍာရီဇာတ်ဝတ္ထုကို ပြောလို့ အသက်မွေးနေမယ်-ဆိုကြပါစို့၊ ဒီတော့ အဲဒီပုဂ္ဂိုလ်က နောင်အခါ သတိသံဃဂ ရလာတာနဲ့ ဒီအလုပ်မျိုးကို ငါမလုပ်တော့ပါဘူး-လို့ ရှောင်ကြဉ်လိုက်ရင် ဝိရတိသမ္မာအာဇီဝ ဖြစ်ပါတယ်။

မိရိုးဖလာအတိုင်း လယ်ထွန်မှု, ကုန်သွယ်မှု-စသည်တို့ကို ပြုလုပ်လို့ဖြစ်စေ, ရဟန်းသာမဏေဖြစ်ရင် ကုလဒူသန အနေသန မိစ္ဆာဇီဝတို့နှင့် မရောယှက်ဘဲ တရားတဲ့နည်းနဲ့သာ ပစ္စည်း ၄-ပါးကို ရှာဖွေလို့ဖြစ်စေ အသက်မွေးသူတို့ရဲ့ လယ်ထွန်ခိုက် ကုန်သွယ်ခိုက် ဆွမ်းခံခိုက်-စသည်မှာဖြစ်တဲ့ သမ္မာဝါယာမဟာ ဝိရိယသမ္မာအာဇီဝ မည်ပါတယ်၊ ဝိရတိသမ္မာအာဇီဝတော့ မမည်ပါ။

အများအားဖြင့် သဒ္ဒါ, ဟိရီ, ဩတပ္ပ, အပ္ပိစ္ဆတာအစရှိတဲ့ဂုဏ်တွေနဲ့ ပြည့်စုံသူကသာ ဒုစရိုက်ဒုရာဇီဝတွေက ရှောင်ကြဉ်နိုင်စရာ ရှိပါတယ်။

ဝိရတိအပြားကိုတော့ အာရတိ ဝိရတိ ပါပါ-မင်္ဂလာရဲ့အဖွင့်(၄၃၁)မှာ ပြောပြပါ့မယ်။

A)

http://www.dhammadownload.com

အပွမညာ-၂

အတိုင်းအရှည်ပမာဏ မရှိတဲ့ သတ္တဝါအပေါင်းကို "အပွမာဏ"လို့ ခေါ်ပါတယ်၊ အဲဒီအတိုင်းအရှည်ပမာဏ မရှိတဲ့ သတ္တဝါအပေါင်း(သတ္တဝါပညတ်)မှာ အာရုံပြုတဲ့ အနေနဲ့ ဖြစ်တတ်တဲ့တရားဟာ အပွမညာ-မည်ပါတယ်။

သတ္တဝါပညတ် လူရယ်, နတ်ရယ်, ခွေးရယ်, ဝက်ရယ်ဆိုတဲ့ သတ္တဝါတွေဟာ ရှေးလူကြီးသူမများ ခေါ်ဝေါ်လာခဲ့တဲ့ ပညတ်သဘောမျှသာ ဖြစ်ပါတယ်၊ ပြောလာခဲ့တဲ့ လောဘ, ဒေါသ-စသည်တို့မှာလို သဘောတရား အထင်အရှား ရှိတာမျိုး မဟုတ်ပါ၊ ဒါ့ကြောင့် ပညတ်ထားရုံသက်သက်မျှသာ ဖြစ်ပါတယ်၊ သဘောတရားရယ်လို့ သီးခြားမရှိဘူးဆိုတာကို သိစေလိုတဲ့အတွက် သတ္တဝါပညတ်လို့ တွဲသုံးထားပါတယ်။

ဒီအပွမညာဆိုတဲ့အမည်ကိုရနေတဲ့ ကရုဏာ-စသည်တို့က ဒီမျှလောက်သော သတ္တဝါတွေကိုသာ အာရုံပြုတယ်၊ ဒီမျှလောက်သော သတ္တဝါတွေကိုတော့ အာရုံမပြု၊ ဒီလို သတ္တဝါကိုလဲ ပိုင်းခြားကန့်သတ်လို့ မထားပါ၊ သတ္တဝါတစ်ယောက်ယောက်ကို အာရုံပြုခိုက်မှာလဲ အထက်ပိုင်းကိုသာ အာရုံပြုတယ်၊ အောက်ပိုင်းကိုတော့ အာရုံမပြု၊ ဒီလိုအစရှိတဲ့ သဘောနဲ့ ကိုယ်အင်္ဂါကိုလဲ ပိုင်းခြားကန့်သတ်လို့ မထားပါ၊ ဒီလို ပိုင်းခြားကန့်သတ်မှုပမာဏ မရှိတဲ့ သတ္တဝါအပေါင်းကိုပဲ အပွမာဏလို့ ခေါ်ရပါတယ်၊ အဲဒီလို ပိုင်းခြားကန့်သတ်မှုပမာဏမရှိတဲ့ သတ္တဝါအပေါင်း(သတ္တဝါပညတ်)မှာ အာရုံပြုတဲ့အနေနဲ့ ဖြစ်တဲ့တရားကိုတော့ အပွမညာလို့ ခေါ်တယ်-လို့ ဆိုလိုပါတယ်။

၁။ ကရုဏာ

ဆင်းရဲဒုက္ခရောက်နေတဲ့ (ဒုက္ခိတ)သတ္တဝါတွေကို မြင်ရကြားရတဲ့အခါ ဖြစ်ပေါ်လာတဲ့ သနားကြင်နာမှုကို "ကရုဏာ"လို့ ခေါ်ပါတယ်။

ဆင်းရဲဒုက္ခရောက်နေသူကို တွေ့ရတဲ့အခါ ဆင်းရဲဒုက္ခရောက်နေတဲ့ သတ္တဝါတွေကို ကယ်ဆယ်လိုပါတယ်၊ တတ်နိုင်သလောက် စောင့်ရှောက်ထားလိုပါတယ်၊ သက်သာနိုင်သမျှ သက်သာအောင် ကူညီလိုပါတယ်၊ ထောက်ပံ့လိုပါတယ်၊ ဒီလို သနားကြင်နာတဲ့ သဘောကိုသာ "ကရုဏာ"လို့ ခေါ်ပါတယ်။

ဆင်းရဲဒုက္ခ ရောက်နေတဲ့ သတ္တဝါတွေကို မကယ်ဆယ် မစောင့်ရှောက်, မကူညီ မထောက်ပံ့နိုင်လို့ရှိရင် သူတော်ကောင်းတွေမှာ များစွာ စိတ်ထိခိုက်လာတတ်ပါတယ်၊ ရင်ထဲမှာ ပူပူလောင်လောင် ဖြစ်လာတတ်ပါတယ်၊ ဒီလို စိတ်ထိခိုက်

http://www.dhammadownload.com

တာကတော့ ကရဏာမဟုတ်တော့ပါ၊ ကရဏာရဲ့နယ်ကို လွန်သွားပါပြီ၊ ဒေါမနဿ အဆင့်ကို ရောက်လာပါပြီ၊ ဒါပေမဲ့ ဒီဒေါမနဿအကုသိုလ်ကတော့ ယုတ်မာဆိုး ဝါးလှတာ မဟုတ်ပါ၊ ဒုက္ခရောက်သူကို တွေ့ရတဲ့အခါ သူတော်ကောင်းတွေရဲ့ သန္တာန်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောမျှသာ ဖြစ်ပါတယ်။

ကရဏာတု တစ်ခါတစ်ရံ မိမိနှင့်သက်ဆိုင်သူများ ဆင်းရဲဒုက္ခရောက်နေတာကို မြင်ရကြားရတတ်ပါတယ်၊ အဲဒီအခါမျိုးမှာ သနားကြင်နာ ကရဏာသဖွယ် ဝမ်းနည်းတဲ့အနေနဲ့ သောကဖြစ်တတ်ပါတယ်၊ ကရဏာက သနားကြင်နာ သော်လဲ ကုသိုလ်သဘော ရှိတဲ့အတွက် စိတ်ကို မပူပန်စေတတ်ပါ၊ ကရဏာယောင် ဆောင်နေတဲ့ သောကက အကုသိုလ်သဘောရှိလို့ ပူပူပန်ပန် ရှိတတ်ပါတယ်။

ယခုခေတ်မှာ တွေ့နေရတဲ့ ကြက်ခြေနီမောင်မယ်များ, လူ့အခွင့်အရေး သမားများ, ဘိုးဘွားရိပ်သာများ, မိဘမဲ့ကလေးဂေဟာများ, မျက်မမြင် နားမကြား ဆွံ့အသူတွေရဲ့ဂေဟာများ, အနာကြီးရောဂါရုံများ-စသည်တို့ကို ကရဏာရဲ့ သရုပ် ဆောင်ပုဂ္ဂိုလ်များ, ကရဏာရဲ့သရုပ်ဆောင် အရာဝတ္ထုများ-ဟု ဆိုက လွဲမှားစရာ ရှိမယ် မထင်ပါ။

၂။ မုဒိတာ

ပြည့်စုံကြွယ်ဝ ချမ်းသာသူများကို မြင်ရကြားရတဲ့အခါ ဝမ်းမြောက်ခြင်း သဘောကို "မုဒိတာ"လို့ ခေါ်ပါတယ်။

အချို့ပုဂ္ဂိုလ်က ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝပါတယ်၊ အဖိုးတန်ကားကောင်း တွေကို စီးနိုင်ပါတယ်၊ တိုက်ကြီးတာကြီးနှင့် နေနိုင်ပါတယ်၊ အချို့ပုဂ္ဂိုလ်က ဆွေမျိုးအသိုင်းအဝိုင်းတွေနဲ့ ပြည့်စုံပါတယ်၊ အဆင်းလှပါတယ်၊ ကျန်းမာရေးကောင်း ပါတယ်၊ ပညာတတ်ပါတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးကို တွေ့ရကြားရတဲ့အခါ ရှေးကုသိုလ် ကောင်းမှုကံကြောင့် အခုလိုချမ်းသာကြတာပဲ၊ ပြည့်စုံကြတာပဲ၊ တော်ပါပေတယ်, တော်ပါပေတယ်-လို့ ဝမ်းမြောက်တာကို မုဒိတာလို့ ခေါ်ပါတယ်။

အဲဒီလို ချမ်းသာကြွယ်ဝတဲ့ ပုဂ္ဂိုလ်မျိုးကို တွေ့ရ, မြင်ရ, ကြားရတဲ့အခါ မတရားလိုချင်လို့ရှိရင် အဘိဇ္ဈာဖြစ်တတ်ပါတယ်၊ မစားရတဲ့အမဲကို သဲနဲ့ပက် ဆိုသလို မနာလိုရင် ဣဿာဖြစ်တတ်ပါတယ်။

ဒါ့ကြောင့် သူတစ်ပါးရဲ့ ဥစ္စာစည်းစိမ် ဂုဏ်သိရှိပြည့်ဝမှုကို အကြောင်းပြုပြီး မိမိသန္တာန်မှာ အဘိဇ္ဈာနှင့်ဣဿာဆိုတဲ့ အကုသိုလ်တရားဆိုးတွေ မဖြစ်စေဘဲ မုဒိတာ-ဆိုတဲ့ ဗြဟ္မဝိဟာရတရား ဖြစ်ပွားအောင်သာ ကြိုးစားသင့်ပါတယ်။

A)

http://www.dhammadownload.com

ဖြဟ္မစိုရ်တရား ၄-ပါး

ပြောပြလာခဲ့တဲ့ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ- ဒီတရား ၄-ပါးကို "အပ္ပမညာ"လို့လဲ ခေါ်ပါတယ်။

ဒီအပ္ပမညာ ၄-ပါးကို ပွားများနေထိုင်ခြင်းဟာ မြင့်မြတ်အထက်တန်းကျတဲ့ နေထိုင်ခြင်းမျိုး ဖြစ်ပါတယ်၊ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် မြင့်မြတ်အထက်တန်းကျသူတို့ရဲ့ နေထိုင်ခြင်းဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒီအပ္ပမညာ ၄-ပါးကို ဖြဟ္မဝိဟာရလို့လဲ ခေါ်ကြပါတယ်။ [ဖြဟ္မ-မြတ်တဲ့+ဝိဟာရ-နေခြင်း။]

ဒီအပ္ပမညာတရား ၄-ပါးကို ပွားများနေထိုင်ခြင်းဟာ မြင့်မြတ်အထက်တန်းကျတဲ့ အကျင့်ဖြစ်ပါတယ်၊ တစ်နည်းအားဖြင့် မြင့်မြတ်အထက်တန်းကျသူတွေရဲ့ အကျင့်ဖြစ်တယ်၊ ဒါ့ကြောင့် ဒီအပ္ပမညာ ၄-ပါးကိုပဲ ဖြဟ္မစိုရ်(ဖြဟ္မစရိယ)တရား ၄-ပါးလို့ ခေါ်ကြပါသေးတယ်။ [ဖြဟ္မ-မြတ်တဲ့+စရိယ-အကျင့်။]

ဒီမေတ္တာ-စတဲ့ ဖြဟ္မစိုရ်တရား ၄-ပါးက တစ်ပါးနှင့်တစ်ပါး အာရုံပြုပုံချင်း မတူကြပါ၊ မေတ္တာက သတ္တဝါတွေကို ချစ်စရာအနေနဲ့ အာရုံပြုပါတယ်၊ ကရုဏာက သနားစရာအနေနဲ့ အာရုံပြုပါတယ်၊ မုဒိတာက ဝမ်းမြောက်စရာအနေနဲ့ အာရုံပြုပါတယ်၊ ဥပေက္ခာက လျစ်လျူရှုစရာအနေနဲ့ အာရုံပြုပါတယ်၊ ဒါ့ကြောင့် ဒီဖြဟ္မစိုရ်တရား ၄-ပါးဟာ ပြိုင်တူ မဖြစ်နိုင်ကြပါ၊ အသီးအသီးသာ ဖြစ်နိုင်ကြပါတယ်။

ပညိန္ဒြေ

သိမှုကိစ္စမှာ အစိုးတရဖြစ်တဲ့သဘောကို "ပညိန္ဒြေ"လို့ ခေါ်ပါတယ်။

အမျိုးမျိုး အစားစား သိမြင်တတ်တဲ့ သဘောတရားကို "ပညာ"လို့ ခေါ်ပါတယ်၊ အဝိဇ္ဇာက အာရုံကို သဘောအတိုင်း အမှန်မပေါ်အောင် မှောင်ချထားသလို ဖြစ်ပါတယ်၊ ပညာက အမှောင်ကို ပယ်ခွာပြီး အာရုံရဲ့သဘောမှန်ကို ထင်ရှားစေအောင် အလင်းရောင်ပြသလို ဖြစ်ပါတယ်၊ ဒီလို အဝိဇ္ဇာကို လွှမ်းမိုးလို့ အစိုးရတဲ့တရား ဖြစ်တဲ့အတွက် ပညာကိုပဲ "ပညိန္ဒြေ"လို့ ခေါ်ရပါတယ်။

ဒီပညိန္ဒြေဆိုတဲ့ ပညာကို မောဟနှင့် ဆန့်ကျင်ဘက်ဖြစ်တဲ့အတွက် အမောဟလို့လဲ ခေါ်တယ်၊ မောဟက ဖုံးလွှမ်းထားသမျှကို အမောဟဆိုတဲ့ပညာက မဖုံးကွယ်နိုင်အောင် စွမ်းဆောင်နိုင်သမျှ ထုတ်ဖော်ပြသတဲ့အတွက် အမှန်ကို သိကြရပါတယ်၊ ဒါ့ကြောင့် မောဟနှင့်အမောဟဟာ ရေမြွေနှင့်ဖား, တိနှင့်ဆားလို ဆန့်ကျင်ဘက်သဘောတရားတွေ ဖြစ်ကြပါတယ်။

http://www.dhammadownload.com

ဒီပညာကို သိတတ်တဲ့အတွက် ဉာဏ်လို့လဲ ခေါ်ပါတယ်၊ ဝိဇ္ဇာလို့လဲ ခေါ်ပါတယ်၊ သို့ဖြစ်သည်အား‌လျော်စွာ ပညာက သတ္တဝါတွေရဲ့ အထင်လွဲ, အမြင်လွဲ, အမှတ်လွဲမှုမှန်သမျှကို အကုန်ဖျက်ဆီးပြီး အထင်မှန်, အမြင်မှန်, အမှတ်မှန်ဖြစ်အောင် ပြုလုပ်ပေးနိုင်ပါတယ်၊ လမ်းမှားနေသည်ကို လမ်းမှန်ရောက်အောင် ပို့ဆောင်နိုင်ပါတယ်၊ အဝိဇ္ဇာအတွက်နဲ့ မျက်စိကန်းနေသည်ကို ထင်လင်းစွာမြင်အောင် ကုမတတ်ပါတယ်၊ တဏှာ–ဆိုတဲ့ အရှုပ်အထွေးကို ဖြေရှင်းသုတ်သင်တတ်ပါတယ်၊ ကိလေသာအညစ်အကြေးကို လျှော်ဆေးသုတ်သင်တတ်ပါတယ်၊ ဒီလို–စသော အားဖြင့် ပညာရဲ့သတ္တိမှာ များပြားလှပါတယ်။

ပညာတု လူနပ်လူပါး အခေါ်ခံရသူတို့ရဲ့သန္တာန်မှာ တစ်ဖက်သား ကျလောက်အောင် ဟန်ဆောင်တတ်, ပြောဟောတတ်တဲ့ ဉာဏ်မျိုး ရှိတတ်ပါတယ်၊ လှည့်စားတတ်တဲ့ဉာဏ်, အလိမ်ဉာဏ်မျိုးလဲ ရှိတတ်ပါတယ်၊ ခိုးတတ်ဝှက်တတ်တဲ့ဉာဏ်မျိုးလဲ ရှိတတ်ပါတယ်၊ ပရိယာယ်မာယာဉာဏ်မျိုးလဲ ရှိတတ်ပါတယ်၊ ဒီဉာဏ်မျိုးဟာ ပညာမဟုတ်ပါ၊ လိမ်လည်လှည့်ပတ်တတ်တဲ့ ဝဉ္ဇနာပညာတုသာ ဖြစ်ပါတယ်။ [ဝဉ္ဇနာ–သူတစ်ပါး‌ကိုလှည့်စား‌နိုင်တဲ့+ပညာ–အသိ။]

ဒီအကြောင်း(ဝိတက်)ကောင်းတဲ့ ဝဉ္ဇနာပညာကို မာယာလို့လဲ ခေါ်ပါတယ်၊ တရားသဘောအနေနဲ့တော့ တဏှာလောဘပြဋ္ဌာန်းတဲ့ အကုသိုလ်စိတ်စုသာ ဖြစ်စရာရှိပါတယ်။

ဒါ့အပြင် တိုက်နည်းခိုက်နည်း သတ်ဖြတ်နည်းနှင့် လက်နက်ဆန်းလုပ်နည်းတွေကို တတ်ကျွမ်းနားလည်တဲ့ အသိဉာဏ်များလဲ ရှိပါသေးတယ်၊ အဲဒီအသိဉာဏ်များလဲ ပညာမဟုတ်ပါ၊ အကြောင်းကောင်းခေါ်ရတဲ့ အကုသိုလ်ဝိတက်သာ ဖြစ်ပါတယ်။

သို့ဖြစ်စေကာမူ ပြောလာခဲ့တဲ့ ဒီပညာတုတွေဟာ ထုံထိုင်းဖျင်းအသူတို့မှာ မရှိနိုင်ပါ၊ ပင်ကိုယ်က ပညာအစစ်အမှန် ဓာတ်ခံပါရှိသူ, အတွေ့အကြုံ အကြားအမြင် ဗဟုသုတများသူတွေမှာသာ ဖြစ်နိုင်ပါတယ်။

အစစ်အမှန် ပညာဉာဏ်က ပညာတုအား ပကတူပနိဿယ–ခေါ်တဲ့ ပဋ္ဌာန်းပစ္စည်းနဲ့ ကျေးဇူးပြုတယ်လို့ ဆိုလိုပါတယ်။

ဒါ့ကြောင့် ပင်ကိုယ်ဉာဏ် ထက်မြက်သူတို့သာ ကောင်းတဲ့လုပ်ငန်း ကုသိုလ်လမ်းမှာ အမြင့်ဆုံးအတန်းသို့ရောက်အောင် စွမ်းဆောင်နိုင်ကြသလို မကောင်းတဲ့လုပ်ငန်း အကုသိုလ်လမ်းမှာလဲ မီးကုန်ယမ်းကုန် အစွမ်းကုန် ဆိုးသွမ်းနိုင်ကြပါတယ်။

http://www.dhammadownload.com

စိတ် ၈၉၊ ၁၂၁

စိတ်ဆိုး, စိတ်ကောင်း

သောဘနစေတသိက်များနှင့် ယှဉ်တဲ့စိတ်ကို "သောဘနစိတ်"လို့ ခေါ်ရသလို အကုသိုလ်စေတသိက်တွေနှင့် ယှဉ်တဲ့စိတ်ကိုလဲ "အကုသိုလ်စိတ်"လို့ပဲ ခေါ်ရပါတယ်။

စိတ်ကို ညစ်နွမ်းစေတတ်တဲ့ သဘောတရားတွေ (အကုသိုလ်စေတသိက်တွေ)ကြောင့် ညစ်နွမ်းတဲ့ အကုသိုလ်စိတ်များ ဖြစ်လာကြရပါတယ်၊ စိတ်ကို ဖြူစင်စေတတ်တဲ့ သဘောတရားတွေ(သောဘနစေတသိက်တွေ)ကြောင့် ဖြူစင်တဲ့ (ကုသိုလ်,အဗျာကတ) သောဘနစိတ်တွေ ဖြစ်လာကြရပါတယ်။

ဒီလောက်နဲ့ပဲ စိတ်ဆိုး, စိတ်ကောင်းဖြစ်အောင် စေတသိက်တွေက ခြယ်လှယ်နေတယ်–ဆိုတာကို သိနားလည်လောက်ပါပြီ။

ဒါ့အပြင် အကုသိုလ်စိတ်မှာသာယှဉ်တဲ့ အကုသိုလ်စေတသိက်, သောဘနစိတ်မှာသာယှဉ်တဲ့ သောဘနစေတသိက်–လို့ အကုသိုလ်စိတ်နှင့် သောဘနစိတ်တို့မှာ သီးသန့်စေတသိက်များ ရှိကြသလို အဟိတ်စိတ်မှာသာ ယှဉ်တဲ့ အဟိတ်စေတသိက်-လို့ အဟိတ်စိတ်မှာ သီးသန့်စေတသိက်များ မရှိကြပါ၊ သင့်တော်တဲ့အကြောင်းများကြောင့် အဟိတ်စိတ်တွေ ဖြစ်လာရတယ်–လို့သာ မှတ်သားထားပါဦး။

မူလ–ဟေတု

မူလ–ဆိုတာက ရေသောက်မြစ်သဘောမျိုး ဖြစ်ပါတယ်၊ သစ်ပင်ရဲ့ ရေသောက်မြစ်ဟာ သစ်ပင်ရဲ့ တည်တံ့ကြောင်း, စည်ပင်ကြောင်း ဖြစ်သလို တကွဖြစ်ဖက် (သဟဇာတ်တရားတွေရဲ့ တည်တံ့ကြောင်း, စည်ပင်ကြောင်း ဖြစ်တဲ့အတွက် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ(ပညာ)၊ ဒီစေတသိက် ၆–ခုတို့ကို မူလ–လို့လဲ ခေါ်ပါတယ်၊ တကွဖြစ်ဖက်(သဟဇာတ်)တရားတွေရဲ့ ဖြစ်ကြောင်းဖြစ်တဲ့အတွက် ဟေတု–လို့လဲ ခေါ်ပါတယ်။

ဒီ ၆–ခုထဲက လောဘ, ဒေါသ, မောဟတို့က အကုသလမူလ အကုသိုလ်ဟိတ်တို့ ဖြစ်ကြပြီး အလောဘ, အဒေါသ, အမောဟတို့က ကုသိုလ်အဗျာကတမူလ, ကုသိုလ်အဗျာကတဟိတ်များ ဖြစ်ကြပါတယ်။

http://www.dhammadownload.com

ဝေဒနာဘေဒ

ဝေဒနာစေတသိက်က- သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာ-လို့ ၅-မျိုး ရှိနေကြောင်းကို ရှေ့(၁၃)က ပြောပြခဲ့ပါပြီ၊ သုခ, ဒုက္ခ-စသည် ဖြစ်လာသမျှဟာ ဝေဒနာချည်းသာ ဖြစ်တယ် -ဆိုတာကို သတိပြုစေလိုပါတယ်။

အသင်္ခါရိက, သသင်္ခါရိက

တိုက်တွန်းမှုကိုပဲ သင်္ခါရ-လို့ ခေါ်ပါတယ်၊ အဲဒီတိုက်တွန်းမှုဆိုတာဟာ မိမိရဲ့ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာနှင့် သူတစ်ပါးတို့ရဲ့ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတွေပဲ ဖြစ်ပါတယ်။

အဲဒီတိုက်တွန်းမှုမပါတဲ့ သင့်လျော်တဲ့ အကြောင်းကြောင့် ဖြစ်တဲ့စိတ်ကို အသင်္ခါရိက-လို့ ခေါ်ပါတယ်။ [အသင်္ခါရ-သင်္ခါရမရှိသော အကြောင်းကြောင့်+ကုက-ဖြစ်သောစိတ်။]

တိုက်တွန်းမှုနှင့် တကွဖြစ်သော အကြောင်းကြောင့်ဖြစ်တဲ့ စိတ်ကိုတော့ သသင်္ခါရိက-လို့ ခေါ်ပါတယ်။ [သသင်္ခါရ-သင်္ခါရနှင့်တကွဖြစ်သော အကြောင်းကြောင့်+ကုက-ဖြစ်သောစိတ်။]

အကုသိုလ်စိတ် ၁၂-ပါး

အကုသိုလ်စိတ်က မူလဘေဒ(မူလအပြား)အားဖြင့် လောဘမူစိတ်, ဒေါသမူစိတ်, မောဟမူစိတ်-လို့ ၃-မျိုး ကွဲပြားလာပါတယ်၊ လက်ဝဲဘက်အစဆုံး ဇယားကွက်ကို ထက်အောက်ရှုပါ။ [လောဘမူလစိတ်-စသည် ဆိုလိုလျက် လ-ကို ချေထားပါတယ်။]

ဒါ့အပြင် ဇယားရဲ့ အပေါင်းခေါင်းစီးတွေကို ရှုပြီး လောဘမူစိတ်က-

ဝေဒနာဘေဒအားဖြင့် သောမနဿ, ဥပေက္ခာလို့ ၂-ပါး၊
သမ္မယောဂဘေဒအားဖြင့် သမ္မယုတ်, ဝိပ္ပယုတ်လို့ ၂-ပါး၊
သင်္ခါရဘေဒအားဖြင့် အသင်္ခါရိက, သသင်္ခါရိကလို့ ၂-ပါး၊

ဒီလို အသီးအသီး ကွဲပြားလာကြတဲ့အတွက် (၁x၂x၂x၂=) ၈-ပါး ဖြစ်လာရပါတယ်၊ ဒါ့ကြောင့် လောဘမူစိတ်ကို ဝေဒနာဘေဒ, သမ္မယောဂဘေဒ, သင်္ခါရဘေဒ အကုသိုလ်စိတ်-လို့ ခေါ်သင့်ပါတယ်။

http://www.dhammadownload.com

ဒေါသမူစိတ်ကတော့ ဝေဒနာဘေဒ, သမ္မယောဂဘေဒအားဖြင့် ကွဲပြားမှု မရှိပါ၊ သင်္ခါရဘေဒအားဖြင့်သာ အသင်္ခါရိက, သသင်္ခါရိက–လို့ ၂–မျိုး ကွဲပြားလာရပါတယ်၊ ဒါ့ကြောင့် ဒေါသမူစိတ်ကို သင်္ခါရဘေဒအကုသိုလ်–လို့ ခေါ်သင့်ပါတယ်။

မောဟမူစိတ်က ဝေဒနာဘေဒ, သင်္ခါရဘေဒအားဖြင့် ကွဲပြားမှု မရှိပါ၊ သမ္မယောဂဘေဒအားဖြင့်သာ ဝိစိကိစ္ဆာသမ္မယုတ်, ဥဒ္ဓစ္စသမ္မယုတ်–လို့ ၂–မျိုး ကွဲပြားလာရပါတယ်၊ ဒါ့ကြောင့် မောဟမူစိတ်ကို သမ္မယောဂဘေဒအကုသိုလ်စိတ်–လို့ ခေါ်သင့်ပါတယ်။

မောဟမူစိတ်မှာ သင်္ခါရအားဖြင့် ကွဲပြားမှု မရှိရုံမျှသာ မဟုတ်ပါ၊ သင်္ခါရ လုံးဝပင် မပါရှိပါ၊ ဒါ့ကြောင့် မောဟမူစိတ်ကို သင်္ခါရဝိမုတ်(သင်္ခါရမှလွတ်နေသော) စိတ်လို့သာ မှတ်သင့်ပါတယ်။

အကုသိုလ်စိတ် ၁၂–ပါး သရုပ်ခွဲဇယား

စိတ်အမျိုးအစား	ဝေဒနာ			သမ္မယောဂ		သင်္ခါရ		မူလ[စိတ်]		
	သော	ဒေါ	ဥ	သမ္မ	ဝိပ္ပ	အ	သ	လော	ဒေါ	မော
လောဘမူစိတ် ၈–ပါး	။			ဒိဋ္ဌ		။		၁		
	။			ဒိဋ္ဌ			။	၁		
	။				ဒိဋ္ဌ	။		၁		
	။				ဒိဋ္ဌ		။	၁		
			။	ဒိဋ္ဌ		။		၁		
			။	ဒိဋ္ဌ			။	၁		
			။		ဒိဋ္ဌ	။		၁		
			။		ဒိဋ္ဌ		။	၁		
ဒေါ–၂		။		ပဋိဃ		။			၁	
		။		ပဋိဃ			။		၁	
မော–၂			။	ဝိစိ						၁
			။	ဥဒ္ဓစ္စ						၁
၁၂	၄	၂	၆	၈	၄	၅	၅	၈	၂	၂

http://www.dhammadownload.com

ယေားအတွက် ညွှန်ကြားချက် ယေားမှာ အပေါ်ခေါင်းကြီးနှင့် ထပ်ဆင့် ခွဲခေါင်းကလေးတွေကို ကြည့်ရှုလေ့လာပါ၊ ဝေဒနာရဲ့အောက်မှာ ရှိနေတဲ့ သော-ကို သောမနဿသဟဂုတ်, ဒေါ-ကို ဒေါမနဿသဟဂုတ်, ဥ-ကို ဥပေက္ခာသဟဂုတ်-လို့ ဆိုပါ။

သမ္မ-အောက်မှာ ရှိနေတဲ့ ဒိဋ္ဌ-စသည်တို့ကို ရှုကာ ဒိဋ္ဌဂတသမ္မယုတ်, ဝိစိကိစ္ဆာသမ္မယုတ်, ဥဒ္ဓစ္စသမ္မယုတ်လို့ ဖြစ်သင့်သလို ဆိုပါ၊ ဝိပ္ပ-ကိုလဲ အောက်မှာ ရှိနေတဲ့ ဒိဋ္ဌ-စသည်တို့ကို ရှုပြီး ဒိဋ္ဌဂတဝိပ္ပယုတ်-စသည်ဖြင့် ဖြစ်သင့်သလို ဆိုပါ။

သခ်ါရအောက်မှာ ရှိနေတဲ့ အ-ကို အောက်မှာပြထားတဲ့ (။)ပုဒ်မအမှတ် ရှိရာကိုရှုကာ အသခ်ါရိကစိတ်-လို့ ဆိုပါ၊ သ-ကို သသခ်ါရိကစိတ်-လို့ ဆိုပါ။

ဒီလောက် အခြေခံရသွားရင် ယေားကို ကြည့်ရှုလေ့လာနိုင်ပါပြီ၊ စာဖတ်သလိုပဲ လက်ဝဲ,လက်ျာ တစ်တန်းပြီးတစ်တန်း အမှတ်ရှိရာ ကြည့်ရှု ဆိုသွားရုံမျှသာ ဖြစ်ပါတယ်။

ပထမအတန်း (။)ပုဒ်မ-အမှတ်ရဲ့အပေါ်မှာ သော-ရှိနေတယ်၊ အဲဒီသော-နဲ့ ဘာကို ပြသလဲ ?။

သောမနဿသဟဂုတ်-ဆိုတာကို ပြပါတယ်။

ရှေ့ကို သွားလိုက်တော့ ဒိဋ္ဌရဲ့ အပေါ်မှာ သမ္မ-ရှိနေတယ်၊ အဲဒါတွေနဲ့ ဘာကို ပြသလဲ ?။

ဒိဋ္ဌဂတသမ္မယုတ်-ဆိုတာကို ပြပါတယ်။

ရှေ့ကို သွားလိုက်တော့ (။)အမှတ်ရဲ့ အပေါ်မှာ အ-ရှိနေတယ်၊ အဲဒါတွေနဲ့ ဘာကို ပြသလဲ ?။

အသခ်ါရိကစိတ်-ဆိုတာကို ပြပါတယ်။

ရှေ့ကို သွားလိုက်တော့ ၁-ဂဏန်းကို တွေ့ရမယ်၊ တစ်ခု-လို့ ဆိုပါ၊ အောက်အတန်းတွေကိုလဲ ဒီအတိုင်းပဲ အမှတ်ရှိရာကို ကြည့်ဆိုသွားရမှာ ဖြစ်ပါတယ်၊ အကုန်လုံးကို ပေါင်းလိုက်တော့-

သောမနဿသဟဂုတ်, ဒိဋ္ဌဂတသမ္မယုတ်, အသခ်ါရိကစိတ်တစ်ခု၊ ဒီလို ဖြစ်လာပါတယ်၊ ဒါကိုပဲ နှုတ်တက်သွားအောင် ၅-ခေါက်လောက် ထပ်ဆိုကြပါ၊

http://www.dhammadownload.com

ပြီးလို့ရှိရင် ဇယားကွက်ကုန်အောင် ဒီက တစ်ခေါက်ဆိုပြပါ့မယ်၊ ဇယားကို သေချာစွာ ကြည့်ထားကြပါ၊ ပြီးမှ မှတ်မိသွားအောင် ၅-ခေါက်လောက် ဆိုကြပါ။

လောဘမူစိတ် ၈-ပါး

သောမနဿသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
သောမနဿသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် သသင်္ခါရိကစိတ်တစ်ပါး၊
သောမနဿသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
သောမနဿသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်တစ်ပါး၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် သသင်္ခါရိကစိတ်တစ်ပါး၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်တစ်ပါး၊
ဒီလို လောဘမူစိတ် ၈-ပါး ဖြစ်ပါတယ်။

ဒေါသမူစိတ် ၂-ပါး

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ်တစ်ပါး၊
ဒီလို ဒေါသမူစိတ် ၂-ပါး ဖြစ်ပါတယ်။

မောဟမူစိတ် ၂-ပါး

ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်တစ်ပါး၊
ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်တစ်ပါး၊
ဒီလို မောဟမူစိတ် ၂-ပါး ဖြစ်ပါတယ်။

လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ မောဟမူစိတ် ၂-ပါး= ပေါင်း အကုသိုလ်စိတ် ၁၂-ပါး ဖြစ်ပါတယ်။

အကုသိုလ်စိတ် သရုပ်ခွဲ

ဇယားမှာ ဝေဒနာ, သမ္ပယောဂ, သင်္ခါရ-ခေါင်းတပ်ထားတဲ့ ဇယားကွက်တွေကို ရှုပါ၊ သော-အောက်မှာ-၄, ဒေါ-အောက်မှာ-၂, ဥ-အောက်မှာ-၆ ရှိနေတာကို တွေ့ရပါလိမ့်မယ်၊ အဲဒါတွေကို ကြည့်ပြီး-

သောမနဿသဟဂုတ် ၄-ပါး၊ ဒေါမနဿသဟဂုတ် ၂-ပါး၊ ဥပေက္ခာသဟဂုတ် ၆-ပါး= ပေါင်း အကုသိုလ်စိတ် ၁၂-ပါး ဖြစ်ပါတယ်။ ဒီလို ဝေဒနာ ဘေဒအားဖြင့် သရုပ်ခွဲပါ။

http://www.dhammadownload.com

သမ္မယုတ် ၈-ပါး, ဝိပ္ပယုတ် ၄-ပါး= ပေါင်း အကုသိုလ်စိတ် ၁၂-ပါး ဖြစ်ပါတယ်၊ ဒီလို သမ္မယောဂဘေဒအားဖြင့်လဲ သရုပ်ခွဲပါ။

အသန်္ခါရိက ၅-ပါး, သသန်္ခါရိက ၅-ပါး, အသန်္ခါရိက သသန်္ခါရိက မဟုတ်တဲ့ သန်္ခါရဝိမုတ်စိတ် ၂-ပါး= ပေါင်း အကုသိုလ်စိတ် ၁၂-ပါး ဖြစ်ပါတယ်၊ ဒီလို သန်္ခါရဘေဒအားဖြင့်လဲ သရုပ်ခွဲပါ၊ မောဟမူစိတ်ဟာ အသန်္ခါရိက သသန်္ခါရိက ၂-ပါးက လွတ်နေတဲ့ သန်္ခါရဝိမုတ်စိတ်ဖြစ်ကြောင်းကို ရှေ့က ပြောခဲ့ ပြီးပါပြီ။

သောမနဿ ၄-ပါး-စသည်တို့ရဲ့ သရုပ်ကိုလဲ ဓေယျကိုကြည့်ပြီး တစ်ခုချင်း ရေတွက်ပါ။

လောဘမူစိတ် ၈-ပါးဖြစ်ပုံ

၁။ ဒါဟာ အပြစ်မရှိပါဘူး-လို့ မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြုပြီး ရွှင်လန်းဝမ်း မြောက်စွာ တိုက်တွန်းမှုမပါတဲ့အတွက် ထက်မြက်တဲ့ စိတ်နဲ့ ကာမဂုဏ်တွေကို မှီဝဲမယ်၊ ဒါမှမဟုတ်ရင် ဒိဋ္ဌမင်္ဂလာ-စသည်တို့ကို အနှစ်သာရအနေနဲ့ ယုံကြည်မယ်-ဆိုပါရင် အဲဒီအခါမျိုးမှာ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္မယုတ် အသန်္ခါရိကစိတ် ဖြစ်ပါတယ်။

၂။ မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြုပြီး ရွှင်လန်းဝမ်းမြောက်စွာ တိုက်တွန်းအပ်တဲ့အတွက် မထက်မြက်တဲ့စိတ်နဲ့ ကာမဂုဏ်တွေကို မှီဝဲမယ်၊ ဒါမှမဟုတ်ရင် ဒိဋ္ဌမင်္ဂလာ-စသည်တို့ကို အနှစ်သာရအနေနဲ့ ယုံကြည်မယ်ဆိုပါရင် အဲဒီအခါမျိုးမှာ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္မယုတ် သသန်္ခါရိကစိတ် ဖြစ်ပါတယ်။

၃။ မိစ္ဆာဒိဋ္ဌိကို ရှေ့သွားမပြုဘဲ ရွှင်လန်းဝမ်းမြောက်စွာ တိုက်တွန်းမှု မပါတဲ့ အတွက် ထက်မြက်တဲ့စိတ်နဲ့ မေထုန်မှီဝဲမယ်၊ ဒါမှမဟုတ်ရင် သူ့စည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်အောင် ကြံစည်မယ်၊ ဒါမှမဟုတ်ရင် သူဥစ္စာကို ခိုးယူမယ် ဆိုပါရင် အဲဒီအခါမျိုးမှာ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသန်္ခါရိကစိတ် ဖြစ်ပါတယ်။

၄။ မိစ္ဆာဒိဋ္ဌိကို ရှေ့သွားမပြုဘဲ ရွှင်လန်းဝမ်းမြောက်စွာ တိုက်တွန်းအပ်တဲ့ အတွက် မထက်မြက်တဲ့စိတ်နဲ့ မေထုန်မှီဝဲမှု-စသည်တို့ကို ပြုပါရင် အဲဒီ အခါမျိုးမှာ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသန်္ခါရိကစိတ် ဖြစ်ပါတယ်။

ကာမဂုဏ်တွေရဲ့ ပြည့်စုံမှုနှင့် အခြားသောမနဿဖြစ်စရာ အကြောင်းရှိတဲ့ အတွက် သောမနဿသဟဂုတ်စိတ် ၄-ပါး ဖြစ်ရသလို ကာမဂုဏ်တွေရဲ့ မပြည့်စုံ

http://www.dhammadownload.com

မှုနှင့် အခြားသောမနသဖြစ်စရာ အကြောင်းမရှိတဲ့အတွက် ဥပေက္ခာသဟဂုတ်စိတ် ၄-ပါး ဖြစ်ရပါတယ်။

အပြစ်ရှိနေတဲ့ ကာမဂုဏ်တွေကို အပြစ်မရှိယူက ဒိဋ္ဌိ(အမြင်မှား) ဖြစ်ပါတယ်၊ အနှစ်သာရမဟုတ်တဲ့ ဒိဋ္ဌမင်္ဂလာ-စသည်တို့ကို အနှစ်သာရ-လို့ ယူကလဲ ဒိဋ္ဌိ (အမြင်မှား)ပဲ ဖြစ်ပါတယ်၊ အမှန်အတိုင်းယူက ဒိဋ္ဌိမဖြစ်ပါ။

အဟိတ်စိတ် ၁၈-ပါး

"အကုသလဝိပါက်, ကုသလဝိပါက်, ကြိယာ"လို့ အဟိတ်စိတ် ၃-မျိုး ကွဲပြားလာပါတယ်၊ ဇယားရဲ့ လက်ဝဲဘက်အစဆုံးအကွက်ကို ရှုပါ။

အဲဒီ ၃-မျိုးအနက် အကုသိုလ်ရဲ့အကျိုးဖြစ်တဲ့ စိတ်ကို အကုသလဝိပါက်စိတ်-လို့ ခေါ်ပါတယ်။ [အကုသလ-အကုသိုလ်၏+ဝိပါက-အကျိုးဖြစ်သောစိတ်။]

(ကာမာဝစရ)ကုသိုလ်ရဲ့ အကျိုးဖြစ်တဲ့ စိတ်ကို ကုသလဝိပါက်စိတ်-လို့ ခေါ်ပါတယ်။ [ကုသလ-ကုသိုလ်၏+ဝိပါက-အကျိုးဖြစ်သောစိတ်။]

ကုသိုလ်, အကုသိုလ်များလို အကျိုးကိုဖြစ်စေတတ်တဲ့ အကြောင်းလဲ မဟုတ်၊ ဝိပါက်စိတ်များလို အကြောင်းကြောင့်ဖြစ်ရတဲ့ အကျိုးလဲ မဟုတ်ဘဲ ပြုကာမျှ ဖြစ်ကာမျှဖြစ်တဲ့ စိတ်ကို ကြိယာ-လို့ ခေါ်ပါတယ်။

အဲဒီအကုသလဝိပါက်, ကုသလဝိပါက်, ကြိယာစိတ်တွေက စက္ခုအစရှိတဲ့ မှီရာသမ္ပဋ္ဌိစ္ဆိုင်းအစရှိတဲ့ ကိစ္စတွေရဲ့ အပြားအားဖြင့် ၁၈-ပါး ကွဲပြားလာရပါတယ်၊ ဒါကိုပဲ သိသာရုံမျှ ပြောပြပါဦးမယ်။

မြင်သိစိတ်က စက္ခုပသာဒကို မှီရတယ်၊ ဒါ့ကြောင့် စက္ခုဝိညာဉ်မည်ပါတယ်။

ကြားသိစိတ်က သောတပသာဒကို မှီပါတယ်၊ ဒါ့ကြောင့် သောတဝိညာဉ်မည်ပါတယ်။

နံသိစိတ်က ဃာနပသာဒကို မှီပါတယ်၊ ဒါ့ကြောင့် ဃာနဝိညာဉ်မည်ပါတယ်။

လျက်သိစိတ်က ဇိဝှါပသာဒကို မှီပါတယ်၊ ဒါ့ကြောင့် ဇိဝှါဝိညာဉ်မည်ပါတယ်။

ထိသိစိတ်က ကာယပသာဒကို မှီပါတယ်၊ ဒါ့ကြောင့် ကာယဝိညာဉ်မည်ပါတယ်။

ဒါက မှီရာရဲ့အပြားအားဖြင့် ကွဲပြားလာရတဲ့ စိတ်တွေ ဖြစ်ပါတယ်၊ ဇယားမှာ နိဿယ-ဆိုတဲ့ ခေါင်းစီးအောက်ကို ရှုပါ။

http://www.dhammadownload.com

စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ် ဆိုတဲ့ ပဥ္စဝိညာဉ်က ယူပေးတဲ့အာရုံကို လွတ်မပစ်ဘဲ လက်ခံထားသလိုဖြစ်ခြင်းဟာ သမ္မဋိဆိုင်းစိတ်ရဲ့ အလုပ်ကိစ္စဖြစ်ပါတယ်။

သမ္မဋိဆိုင်းက လက်ခံထားတဲ့ အာရုံကို စုံစမ်းနှိုင်းချိန်သလိုဖြစ်မှုဟာ သန္တီရဏရဲ့ အလုပ်ကိစ္စဖြစ်ပါတယ်။

ထင်လာတဲ့ အာရုံကို ဆင်ခြင်မှုဟာ ပဉ္စဒ္ဒါရာဝဇ္ဇန်းနှင့် မနောဒ္ဒါရာဝဇ္ဇန်းတို့ရဲ့ အလုပ်ကိစ္စဖြစ်ပါတယ်။

အရှိန်အဟုန်ပြင်းပြင်းထန်ထန်နဲ့ အာရုံရဲ့ အရသာကို ခံစားမှုဟာ ဇောကိစ္စဖြစ်ပါတယ်၊ ဟသိတုပ္ပာဒ်က အဲဒီဇောကိစ္စကို ဆောင်ရွက်ပါတယ်။

ဒါက ကိစ္စရဲ့အပြားအားဖြင့် ကွဲပြားလာရတဲ့စိတ်တွေ ဖြစ်ပါတယ်၊ ဇယားမှာ ကိစ္စ-ဆိုတဲ့ခေါင်းစီးရဲ့အောက်ကို ရှုပါ။

စိတ်အပြား စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်, သမ္မဋိဆိုင်း, သန္တီရဏတို့မှာ ဝိပါက်စိတ်များသာ ဖြစ်ကြပြီး အာဝဇ္ဇန်းနှင့် ဟသိတုပ္ပာဒ်တို့မှာ ကြိယာစိတ်များသာ ဖြစ်ကြပါတယ်၊ ဇယားခေါင်းစီးကို ကြည့်ရှု-လို့ မှတ်မိအောင် လေ့လာထားပါ။

ဝေဒနာယှဉ်ပုံ အာရုံဝတ္ထု ထိခိုက်မှုက အားနည်းလှတဲ့အတွက် စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်တို့မှာ ဥပေက္ခာဝေဒနာ ယှဉ်ရပါတယ်။

အာရုံဝတ္ထု ထိခိုက်မှုက အားကြီးတဲ့အတွက် အနိဋ္ဌာရုံ(မကောင်းဆိုးဝါးတဲ့အာရုံ)ကို အာရုံပြုတဲ့ အကုသလဝိပါက်ကာယဝိညာဉ်မှာ ဒုက္ခဝေဒနာယှဉ်ရပါတယ်၊ ဣဋ္ဌာရုံ(ကောင်းတဲ့အာရုံ)ကို အာရုံပြုရတဲ့ ကုသလဝိပါက်ကာယဝိညာဉ်မှာတော့ သုခဝေဒနာ ယှဉ်ရပါတယ်။

အားမရှိတဲ့အတွက် သမ္မဋိဆိုင်းမှာ ဥပေက္ခာဝေဒနာသာ ယှဉ်ရပါတယ်၊ သန္တီရဏမှာ အားရှိပေမယ့် အကုသလဝိပါက်အရာမှာ ထင်လာတဲ့အာရုံက အနိဋ္ဌာရုံဖြစ်တဲ့အတွက် ဥပေက္ခာဝေဒနာသာ ယှဉ်ရပါတယ်၊ ကုသလဝိပါက်အရာမှာတော့ ဣဋ္ဌမဇ္ဈတ္တာရုံ(အသင့်အတင့်ကောင်းတဲ့အာရုံ)နှင့် တွေ့ကြုံရာမှာ ဥပေက္ခာဝေဒနာနှင့် ယှဉ်ပြီး အတိဣဋ္ဌာရုံ(အလွန်ကောင်းတဲ့အာရုံ)နှင့် တွေ့ကြုံရာမှာ သောမနဿဝေဒနာနှင့် ယှဉ်ပါတယ်။

http://www.dhammadownload.com

အကုသလဝိပါက်မှာ ဥပေက္ခာသဟဂုတ်သန္တီရဏ တစ်ပါးသာ ရှိ၍ ကုသလ ဝိပါက်မှာ သောမနဿသန္တီရဏ, ဥပေက္ခာသန္တီရဏ ၂-ပါးရှိကြောင်းကို သတိ ပြုပါ။

အာရုံရဲ့ အရသာကို ကျနစွာ မခံစားရတဲ့အတွက် အာဝဇ္ဇန်းမှာ ဥပေက္ခာဝေဒနာ ယှဉ်ရပါတယ်၊ ပြီးရယ်ခြင်းကို ဖြစ်စေတတ်တဲ့အတွက် ဟသိတုပ္ပာဒ်စိတ်မှာတော့ သောမနဿဝေဒနာ ယှဉ်ရပါတယ်။

အဟိတ်စိတ် ၁၈-ပါး သရုပ်ခွဲဇယား

စိတ်အပေါင်း	ဝေဒနာ				နိဿယ					ကိစ္စ					အဟိတ်စိတ်			သောင်္ခေါင်
	သုခ	ဒုက္ခ	သောမနဿ	ဥပေက္ခာ	စက္ခုဝိညာဏ =	သောတ =	ဃာန =	ဇိဝှါ =	ကာယ =	သန္ဓိဇနကဉာဏ်ပြယ်	ဘဝင်ဇနကဉာဏ်ပြယ်	အာဇဝဉာဏ်ပြယ်		တဒါရမ္မဏဉာဏ်ပြယ်	အဟိတ်ဖြစ်	အဟိတ်ထိုက်	အဟိတ်ပြုတတ်	
												ဆွဲငင်ခြင်း	စေခိုင်းခြင်း					
ကုသလဝိပါက်-၈ + အကုသလဝိပါက်-၇				။	။										၁	၁		၂
				။		။									၁	၁		၂
				။			။								၁	၁		၂
				။				။							၁	၁		၂
		။							။						၁			၂
	။								။							၁		၂
				။						။					၁	၁		၂
			။								။					၁		၂
				။							။				၁	၁		၂
ဣဿရ-၃				။									။				၁	၂
				။										။			၁	၂
			။												။		၁	၂
၁၈	၁	၁	၂	၁၄	၂	၂	၂	၂	၂	၂	၂	၂		၁	၇	၈	၃	၁၈

http://www.dhammadownload.com

ဈာန်အတွက် ညွှန်ကြားချက်

ဒီလောက်အခြေခံရသွားရင် ဈာန်ကိုကြည့်လို့ စိတ်သရုပ်ကို ရေတွက်နိုင်ပါပြီ၊ အကုသလဝိပါက်နှင့် ကုသလဝိပါက်ကို ထပ်ပြထားပါတယ်၊ အကုသလဝိပါက်မှာ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ဖြစ်ပြီး ကုသလဝိပါက်မှာ သုခသဟဂုတ်ကာယဝိညာဉ် ဖြစ်ပါတယ်၊ အကုသလဝိပါက်မှာ ဥပေက္ခာသဟဂုတ်သန္တီရဏ တစ်ခုသာရှိပြီး ကုသလဝိပါက်မှာ သောမနဿသန္တီရဏ, ဥပေက္ခာသန္တီရဏ-လို့ သန္တီရဏ ၂-ခု ရှိနေပါတယ်၊ ဒီမျှ လောက်သာ ထူးပါတယ်။

အကုသလဝိပါက်စိတ်သရုပ်ကို ရေတွက်လိုရင် အဟိတ်စိတ်-ဆိုတဲ့ ခေါင်းစီး အောက်က အကုဝိ-ဈာန်းကွက်မှာ ရှိနေတဲ့ တစ်ဂဏန်းရဲ့ လက်ဝဲဘက်အမှတ် ရှိရာကို ကြည့်ရှုကာ တစ်ခုပြီးတစ်ခု ဂဏန်းကုန်သည်အထိ ရေတွက်သွားရုံမျှသာ ဖြစ်ပါတယ်။

ကုသလဝိပါက်သရုပ်ကို ရေတွက်လိုရင်လဲ အဟိတ်ကုဝိ-ဈာန်းကွက်မှာ ရှိနေတဲ့ တစ်ဂဏန်းရဲ့ လက်ဝဲဘက် ပုဒ်မအမှတ်ရှိရာကို ကြည့်ရှုပြီး တစ်ခုပြီးတစ်ခု ဂဏန်း ကုန်သည်အထိ ရေတွက်သွားရုံမျှသာ ဖြစ်ပါတယ်၊ အဟိတ်ကြိယာကိုလဲ အလားတူပဲ ရေတွက်ပါ။

ဈာန်းကို စူးစိုက်ကြည့်ထားပါ၊ ဒီကပဲ တစ်ခေါက် ရေတွက်ပြပါမယ်၊ ပြီးတော့ မှတ်မိအောင် ၅-ခေါက် ထပ်ဆိုကြပါ။

အကုသလဝိပါက်စိတ် ၇-ပါး

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ်တစ်ပါး၊
၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဉ်စိတ်တစ်ပါး၊
၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဉ်စိတ်တစ်ပါး၊
၄။ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဉ်စိတ်တစ်ပါး၊
၅။ ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်တစ်ပါး၊
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်တစ်ပါး၊
၇။ ဥပေက္ခာသကဟဂုတ် သန္တီရဏစိတ်တစ်ပါး၊
ဒီလို အကုသလဝိပါက်စိတ် ၇-ပါး ဖြစ်ပါတယ်။

အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ်တစ်ပါး၊
၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဉ်စိတ်တစ်ပါး၊

http://www.dhammadownload.com

၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဉ်စိတ်တစ်ပါး,
၄။ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဉ်စိတ်တစ်ပါး,
၅။ သုခသဟဂုတ် ကာယဝိညာဉ်စိတ်တစ်ပါး,
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်တစ်ပါး,
၇။ သောမနဿသဟဂုတ် သန္တီရဏစိတ်တစ်ပါး,
၈။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တစ်ပါး-
ဒီလို အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး ဖြစ်ပါတယ်။

အဟိတ်ကြိယာစိတ် ၃-ပါး

၁။ ဥပေက္ခာသဟဂုတ် ပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ်တစ်ပါး,
၂။ ဥပေက္ခာသဟဂုတ် မနောဒ္ဝါရာဝဇ္ဇန်းစိတ်တစ်ပါး,
၃။ သောမနဿသဟဂုတ် ဟသိတုပ္ပာဒ်စိတ်တစ်ပါး-
ဒီလို အဟိတ်ကြိယာစိတ် ၃-ပါး ဖြစ်ပါတယ်။

အကုသလဝိပါက်စိတ် ၇-ပါး, အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး, အဟိတ်ကြိယာစိတ် ၃-ပါး= ပေါင်း အဟိတ်စိတ် ၁၈-ပါး ဖြစ်ပါတယ်။

အဟိတ်, သဟိတ် ဝိဿဇ္ဇနာ

အကုသလဝိပါက်စိတ်က အဟိတ်တစ်မျိုးသာ ရှိပါတယ်၊ သဟိတ် မရှိပါ၊ ဒီလိုယုံမှားစရာ သဟိတ်ဝိပါက် မရှိတဲ့အတွက် အဟိတ်သဒ္ဒါမထည့်ဘဲ အကုသလဝိပါက်စိတ်-လို့သာ ဆိုရပါတယ်။

ကုသလဝိပါက်မှာတော့ ကာမာဝစရအရာမှာ အဟိတ်လဲ ရှိနေပါတယ်၊ သဟိတ်လဲ ရှိနေပါတယ်၊ သို့ဖြစ်၍ အဟိတ်ဝိပါက်မျှကိုသာ အလိုရှိပါက အဟိတ်ကုသလ ဝိပါက်စိတ်-လို့ အဟိတ်သဒ္ဒါကို ထည့်ဆိုရပါတယ်၊ သဟိတ်ဝိပါက်မျှကိုသာ အလိုရှိပါက သဟိတ်ကာမာဝစရဝိပါက်စိတ်-လို့ သဟိတ်သဒ္ဒါကို ထည့်စွက်ဆိုရပါတယ်၊ အဟိတ်ဝိပါက်, သဟိတ်ဝိပါက် ၂-ပါးလုံးကို အလိုရှိပါက ကာမာဝစရဝိပါက်စိတ်-လို့သာ ဆိုရပါတယ်။

ကြိယာစိတ်ကလဲ ကာမာဝစရအရာမှာ အဟိတ်ကြိယာ, သဟိတ်ကြိယာ-လို့ ၂-မျိုး ရှိနေပါတယ်၊ သို့ဖြစ်၍ ၂-မျိုးလုံးကို အလိုရှိပါက ကာမာဝစရကြိယာ-လို့ သာမန်မျှသာ ဆိုရပါတယ်၊ အဟိတ်ကြိယာမျှကိုသာ အလိုရှိပါက အဟိတ်ကြိယာစိတ်-လို့ ဆိုရပါတယ်၊ သဟိတ်ကြိယာမျှကိုသာ အလိုရှိပါက သဟိတ်ကာမာဝစရကြိယာစိတ်-လို့ ဆိုရပါတယ်။

http://www.dhammadownload.com

အဟိတ်စိတ် သရုပ်ခွဲ

သုခသဟဂုတ်စိတ် တစ်ပါး, ဒုက္ခသဟဂုတ်စိတ် တစ်ပါး, သောမနဿ သဟဂုတ်စိတ် ၂-ပါး, ဥပေက္ခာသဟဂုတ်စိတ် ၁၄-ပါး= ပေါင်း အဟိတ်စိတ် ၁၈-ပါး ဖြစ်ပါတယ်။ (ဝေဒနာဖယားကွက်ကို ရှုပါ။)

စက္ခုဝိညာဉ်ဒွေး, သောတဝိညာဉ်ဒွေး, ဃာနဝိညာဉ်ဒွေး, ဇိဝှါဝိညာဉ်ဒွေး, ကာယဝိညာဉ်ဒွေး၊ [ဒီ ၅-စုံကို ဒွေးပဉ္စဝိညာဉ် ၁၀-လို့ ခေါ်ပါတယ်။] သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏ ၃-ခု, အာဝဇ္ဇန်းဒွေး, ဟသိတုပ္ပာဒ်တစ်= ပေါင်း အဟိတ်စိတ် ၁၈-ပါး ဖြစ်ပါတယ်။ (ဖယား လက်ယာဘက်အဆုံး ဒေသနာစဉ်-ဖယားကွက်ကို ရှုပါ။)

ပဉ္စဒ္ဝါရာဝဇ္ဇန်းတစ်, ဒွေးပဉ္စဝိညာဉ်-၁၀, သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏ ၃-ခု, ဝုဋ္ဌော(မနောဒ္ဝါရာဝဇ္ဇန်း), ဟသိတုပ္ပာဒ်တစ်= ပေါင်း အဟိတ်စိတ် ၁၈-ပါး ဖြစ်ပါတယ်။ (ဝိထိစဉ်အားဖြင့် ရေတွက်ပုံ။)

အသောဘနစိတ်-၃၀

အကုသိုလ်စိတ် ၁၂-ပါး, အဟိတ်စိတ် ၁၈-ပါး=ပေါင်း ၃၀-ကို သောဘန စေတသိက်တွေနှင့် မယှဉ်တဲ့အတွက် အသောဘနစိတ်-လို့ ခေါ်ပါတယ်။

ဇာတိဘေဒ အကုသိုလ်စိတ် ၁၂-ပါး, ဝိပါက်စိတ် ၁၅-ပါး, ကြိယာစိတ် ၃-ပါး= ပေါင်း အသောဘနစိတ် ၃၀-ဖြစ်ပါတယ်။

ဝေဒနာဘေဒ သုခသဟဂုတ်စိတ်တစ်ပါး, ဒုက္ခသဟဂုတ်စိတ်တစ်ပါး, သောမနဿ သဟဂုတ်စိတ် ၆-ပါး, ဥပေက္ခာသဟဂုတ်စိတ် ၂-ပါး, ဥပေက္ခာ သဟဂုတ်စိတ်-၂၀= ပေါင်း အသောဘနစိတ် ၃၀-ဖြစ်ပါတယ်။

သုခသဟဂုတ်တစ်ပါးဟူသော်ကား- သုခသဟဂုတ်ကာယဝိညာဉ်တည်း၊ ဒုက္ခသဟဂုတ်တစ်ပါးဟူသော်ကား ဒုက္ခသဟဂုတ်ကာယဝိညာဉ်တည်း၊ သောမနဿ သဟဂုတ် ၆-ပါးဟူသော်ကား အကုသိုလ်သောမနဿသဟဂုတ် ၄-ပါး, အဟိတ် သောမနဿသဟဂုတ် ၂-ပါးတို့တည်း၊ ဥပေက္ခာသဟဂုတ် ၂-ပါးဟူသော်ကား ဥပေါသမူဒွေးတည်း၊ ဥပေက္ခာသဟဂုတ် ၂၀-ဟူသော်ကား အကုသိုလ်ဥပေက္ခာ သဟဂုတ် ၆-ပါး, အဟိတ်ဥပေက္ခာသဟဂုတ် ၁၄-ပါးတို့တည်း။

ဒီလိုအစရှိတဲ့ နည်းတွေနဲ့ ရသင့်သမျှကို ခွဲစိတ်ဝေဖန်ပါ၊ တစ်ဆင့်ပြီးတစ်ဆင့် အထပ်ထပ်လေ့လာပါ၊ အဲဒီလို လေ့လာမှသာ သရုပ်ကျေညက်မှာ ဖြစ်ပါတယ်။

http://www.dhammadownload.com

သောဘနစိတ်-၅၉၊ ၉၁

ကာမာဝစရသောဘနစိတ်-၂၄

ရာဂ, ဒေါသ, မောဟ-စသည်တို့ကြောင့် ဖြစ်ရတဲ့ ဇောစိတ်က အကုသိုလ်စိတ် မည်ပါတယ်၊ သဒ္ဓါ, ပညာ-စသည်တို့ကြောင့် ဖြစ်ရတဲ့ ဇောစိတ်က ကုသိုလ်စိတ် မည်ပါတယ်၊ အဲဒီကုသိုလ်စိတ်မျိုးပဲ ရဟန္တာတို့သန္တာန်မှာဖြစ်ရင် အဝိဇ္ဇာ,တဏှာ-ဆိုတဲ့ ဝဋ်မြစ် ကုန်ခန်းပြီးဖြစ်သဖြင့် အကျိုးမပေးနိုင်တော့တဲ့အတွက် ပြုကာမတ္တ ဖြစ်လို့ ကြိယာစိတ် မည်ပါတယ်။

ကာမာဝစရသောဘနစိတ် သရုပ်ခွဲဇယား

စိတ်အမျိုးအမည်	ဝေဒနာ		ဉာဏ		သင်္ခါရ		စိတ်			အမျိုး
	သော	ဥ	ဿ	ဝိပ္ပ	အ	သ	ကု	ဝိ	ကြိ	
ကုသိုလ်-၈၊ ဝိပါက်-၈၊ ကြိယာ-၈	။		။		။		၁	၁	၁	၃
	။		။			။	၁	၁	၁	၃
	။			။	။		၁	၁	၁	၃
	။			။		။	၁	၁	၁	၃
		။	။		။		၁	၁	၁	၃
		။	။			။	၁	၁	၁	၃
		။		။	။		၁	၁	၁	၃
		။		။		။	၁	၁	၁	၃
၂၄	၁၂	၁၂	၁၂	၁၂	၁၂	၁၂	၈	၈	၈	၂၄

ဒီကာမာဝစရသောဘနစိတ်သရုပ်က လွယ်ပါတယ်၊ ကုသိုလ်, ဝိပါက်, ကြိယာ ၃-မျိုးလုံးကို ထပ်ပြထားပါတယ်၊ ဇယားကို ကြည့်ကြပါ၊ ဒီကပဲ တစ်ခေါက် ဆိုပြသွားပါ့မယ်၊ ပြီးမှ မှတ်မိအောင် ၅-ခေါက်လောက် ထပ်ဆိုကြပါ။

ကာမာဝစရကုသိုလ်စိတ် ၈-ပါး

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊

(ပ)

၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်တစ်ပါး၊

http://www.dhammadownload.com

ဒီ ၈-ပါးကို ကာမာဝစရကုသိုလ်စိတ်လို့ ခေါ်ပါတယ်၊ မဟာကုသိုလ်စိတ်-လို့လဲ ခေါ်ပါတယ်။

သဟိတ်ကာမာဝစရဝိပါက်စိတ် ၈-ပါး

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊

(ပ)

၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်တစ်ပါး၊

ဒီ ၈-ပါးကို သဟိတ်ကာမာဝစရဝိပါက်စိတ်-လို့ ခေါ်ပါတယ်၊ မဟာဝိပါက်စိတ်-လို့လဲ ခေါ်ပါတယ်။

သဟိတ်ကာမာဝစရကြိယာစိတ် ၈-ပါး

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊

(ပ)

၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်တစ်ပါး၊

ဒီ ၈-ပါးကို သဟိတ်ကာမာဝစရကြိယာစိတ်-လို့ ခေါ်ပါတယ်၊ မဟာကြိယာစိတ်-လို့လဲ ခေါ်ပါတယ်။

ကာမာဝစရကုသိုလ်စိတ် ၈-ပါး, သဟိတ်ကာမာဝစရဝိပါက်စိတ် ၈-ပါး, သဟိတ်ကာမာဝစရကြိယာစိတ် ၈-ပါး= ပေါင်း ကာမာဝစရသောဘနစိတ် ၂၄-ပါး ဖြစ်ပါတယ်။

ဒီစိတ်များဟာ ကာမာဝစရစိတ်မှာ ပါဝင်လို့ ကာမာဝစရလဲ မည်ပါတယ်၊ သောဘနစိတ်မှာပါဝင်လို့ သောဘနလဲ မည်ပါတယ်၊ အဲဒီအမည် ၂-ရပ်ကို ပေါင်းစပ်လိုက်တော့ ကာမာဝစရသောဘန-ဆိုတဲ့အမည် ဖြစ်လာပါတယ်။

မဟာကုသိုလ်စိတ် ၈-ပါး ဖြစ်ပုံ

၁။ ဝမ်းမြောက်ဝမ်းသာ ကံနှင့်ကံရဲ့အကျိုးကို သိရှိနားလည်ပြီး မတိုက်တွန်း မနှိုးဆော်ရဘဲ ထက်မြက်တဲ့ စိတ်နဲ့ ဒါန-စတဲ့ ကုသိုလ်ကောင်းမှုကို ပြုလုပ်သူမှာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါတယ်။

၂။ ဝမ်းမြောက်ဝမ်းသာ ကံနှင့်ကံ၏အကျိုးကို သိရှိနားလည်ပြီး တိုက်တွန်း နှိုးဆော်ရသော မထက်မြက်တဲ့ စိတ်နဲ့ ဒါန-စတဲ့ ကုသိုလ်ကောင်းမှုကို ပြုလုပ်သူမှာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ဖြစ်ပါတယ်။

http://www.dhammadownload.com

၃။ ဝမ်းမြောက်ဝမ်းသာ ကံနှင့်ကံ၏အကျိုးကို သိမြင်နားလည်မှု မရှိဘဲ မိရိုးဖလာအနေနဲ့ မတိုက်တွန်းမနှိုးဆော်ရဘဲ ထက်မြက်တဲ့စိတ်နဲ့ ဒါန-စတဲ့ ကုသိုလ်ကောင်းမှုကို ပြုလုပ်သူမှာ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါတယ်။

၄။ ဝမ်းမြောက်ဝမ်းသာ ကံနှင့်ကံ၏အကျိုးကို သိမြင်နားလည်မှု မရှိဘဲ မိရိုးဖလာသဘောဖြင့် တိုက်တွန်းနှိုးဆော်ရသော မထက်မြက်တဲ့ စိတ်နဲ့ ဒါန-စတဲ့ ကုသိုလ်ကောင်းမှုကို ပြုလုပ်သူမှာ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ဖြစ်ပါတယ်။

လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တို့ရဲ့ ပြည့်စုံမှုနှင့် အခြားသောမနဿဖြစ်စရာ အကြောင်းတွေကြောင့် သောမနဿသဟဂုတ်စိတ် ၄-ပါး ဖြစ်ရသလို လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တို့ မပြည့်စုံမှုနှင့် အခြားသောမနဿဖြစ်စရာ အကြောင်းတွေရဲ့ မရှိမှုကြောင့် ဥပေက္ခာသဟဂုတ်စိတ် ၄-ပါး ဖြစ်ရပါတယ်။

ကာမာဝစရသောဘနစိတ် သရုပ်ခွဲ

သောမနဿသဟဂုတ် ၁၂-ပါး, ဥပေက္ခာသဟဂုတ် ၁၂-ပါး= ပေါင်း ကာမာဝစရသောဘနစိတ် ၂၄-ပါး ဖြစ်ပါတယ်။

ဉာဏသမ္ပယုတ် ၁၂-ပါး, ဉာဏဝိပ္ပယုတ် ၁၂-ပါး= ပေါင်း ကာမာဝစရသောဘနစိတ် ၂၄-ပါး ဖြစ်ပါတယ်။

အသင်္ခါရိက ၁၂-ပါး, သသင်္ခါရိက ၁၂-ပါး= ပေါင်း ကာမာဝစရသောဘနစိတ် ၂၄-ပါး ဖြစ်ပါတယ်။

သောမနဿသမ္ပယုတ်-ဝိပ္ပယုတ်, ဥပေက္ခာသမ္ပယုတ်-ဝိပ္ပယုတ်, သောမနဿအသင်္ခါရိက-သသင်္ခါရိက, ဥပေက္ခာအသင်္ခါရိက-သသင်္ခါရိက စသည်တို့ကိုလည်း ရေတွက်ကြည့်ပါ။

ကာမစိတ် ၅၄-ပါး

အသောဘနစိတ်-၁၀, ကာမာဝစရသောဘနစိတ် ၂၄-ပါး= ပေါင်း ၅၄-ပါး သော စိတ်တို့ကို ကာမာဝစရစိတ်-လို့ ခေါ်ပါတယ်။

စာတိဘေဒ အကုသိုလ်စိတ် ၁၂-ပါး, ကုသိုလ်စိတ် ၈-ပါး, ဝိပါက်စိတ် ၂၃-ပါး, ကြိယာစိတ် ၁၁-ပါး= ပေါင်း ကာမာဝစရစိတ် ၅၄-ပါး ဖြစ်ပါတယ်။

ဝိပါက်စိတ် ၂၃-ပါး ဆိုတာက- အကုသလဝိပါက် ၇-ပါး, အဟိတ်ကုသလဝိပါက် ၈-ပါး, သဟိတ်ကာမာဝစရဝိပါက် ၈-ပါးတို့ပဲ ဖြစ်ပါတယ်၊ ဒီ ၂၃-ပါးကို ကာမဝိပါက်တေဝီသ-လို့လဲ အဆိုပြုကြပါတယ်။

http://www.dhammadownload.com

ကြိယာစိတ် ၁၁–ပါး ဆိုတာက– အဟိတ်ကြိယာ ၃–ပါး, သဟိတ်ကာမာဝစရကြိယာစိတ် ၈–ပါးတို့ပဲ ဖြစ်ပါတယ်၊ ဒီ ၁၁–ပါးကို ကာမကြိယာစကာဒသ–လို့ အဆိုပြုကြပါတယ်။

ဧဒနာဘေဒ သုခသဟဂုတ်စိတ်တစ်ပါး, ဒုက္ခသဟဂုတ်စိတ်တစ်ပါး, သောမနဿသဟဂုတ်စိတ် ၁၈–ပါး, ဥပေက္ခာသဟဂုတ်စိတ် ၃၂–ပါး= ပေါင်း ကာမာဝစရစိတ် ၅၄–ပါး ဖြစ်ပါတယ်။

သောမနဿသဟဂုတ် ၁၈–ပါးဆိုတာက– အသောဘနသောမနဿသဟဂုတ်စိတ် ၆–ပါး, ကာမာဝစရသောဘန သောမနဿသဟဂုတ် ၁၂–ပါးတို့ပဲ ဖြစ်ပါတယ်။

ဥပေက္ခာသဟဂုတ် ၃၂–ပါး ဆိုတာက– အသောဘနဥပေက္ခာသဟဂုတ်စိတ်–၂၀, ကာမာဝစရသောဘနဥပေက္ခာသဟဂုတ်စိတ် ၁၂–ပါးတို့ပဲ ဖြစ်ပါတယ်။

ရူပါဝစရစိတ် ၁၅–ပါး

ယောဂီပုဂ္ဂိုလ်တို့က သမထကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအားထုတ်လို့ ဈာန်ရလာတဲ့အခါ အားထုတ်တဲ့ ပုဂ္ဂိုလ်က ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်ခဲ့ပါရင် ရူပါဝစရကုသိုလ်စိတ် ဖြစ်ပါတယ်၊ ရဟန္တာဖြစ်ပါရင် ရူပါဝစရကြိယာ ဖြစ်ပါတယ်၊ အဲဒီကုသိုလ်, ကြိယာစိတ်တွေက ဈာန်အင်္ဂါတို့ရဲ့ ယှဉ်ပုံက ၅–မျိုးစီ ပြားတဲ့အတွက် ၅–ပါးစီ ဖြစ်လာရပါတယ်၊ ဧယားမှာ ဈာန်–ဆိုတဲ့ ခေါင်းစီးရဲ့အောက်ကို ရူပါ၊ အကြောင်းဖြစ်တဲ့ ကုသိုလ်နှင့်အတူ အကျိုးဖြစ်တဲ့ ဝိပါက်စိတ်လဲ ၅–ပါးပဲ ဖြစ်လာရပါတယ်။

ဈာန်အင်္ဂါ ဈာန်ရဲ့အစိတ်အပိုင်းဖြစ်တဲ့ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ–ဆိုတဲ့ စေတသိက် တစ်ခုစီ တစ်ခုစီကို ဈာန်အင်္ဂါ–လို့ ခေါ်ပါတယ်၊ လက်, ခြေ, နား, နှာ–စတဲ့ ကိုယ်ခန္ဓာရဲ့ အစိတ်အပိုင်းကို ကိုယ်အင်္ဂါ–လို့ ခေါ်ရသလိုပဲ ဖြစ်ပါတယ်။

ဈာန်နှင့် ဈာန်စိတ် ဝိတက်, ဝိစာရ-စတဲ့ ဈာန်အင်္ဂါတို့ရဲ့အပေါင်းကို ဈာန်–လို့ ခေါ်ပါတယ်၊ လက်, ခြေ, နား, နှာ–စတဲ့ ကိုယ်အင်္ဂါတို့ရဲ့ အပေါင်းကို ကိုယ်–လို့ ခေါ်ရသလိုပဲ ဖြစ်ပါတယ်၊ အဲဒီဈာန်နှင့်ယှဉ်တဲ့ စိတ်များကိုတော့ ဈာန်စိတ်–လို့ ခေါ်ပါတယ်၊ ဒါ့ကြောင့် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ–ဆိုတဲ့ တစ်ခု တစ်ခုသော စေတသိက်ကို ဈာန်အင်္ဂါ၊ ထိုစေတသိက် ၅–ပါးအပေါင်းကို ပထမဈာန်၊ အဲဒီပထမဈာန်နှင့် ယှဉ်တဲ့စိတ်ကို ပထမဈာန်စိတ်–လို့ ခေါ်ပါတယ်၊ ဒုတိယဈာန်စိတ်–စသည်တို့ကိုလဲ ထိုက်သည်အားလျော်စွာ အသီးအသီး ဝေဖန်ပါ။

http://www.dhammadownload.com

ဗျာန်အင်္ဂါယှဉ်ပုံအပြား ဗျာန်အင်္ဂါ ၅-ပါးနှင့်ယှဉ်တဲ့ ဗျာန်အင်္ဂါ ၅-ပါးရှိသော ဗျာန်စိတ်၊ ဗျာန်အင်္ဂါ ၄-ပါးနှင့်ယှဉ်တဲ့ ဗျာန်အင်္ဂါ ၄-ပါးရှိသောဗျာန်စိတ်၊ ဗျာန်အင်္ဂါ ၃-ပါးနှင့်ယှဉ်တဲ့ ဗျာန်အင်္ဂါ ၃-ပါးရှိသော ဗျာန်စိတ်၊ ဗျာန်အင်္ဂါ ၂-ပါးနှင့်ယှဉ်တဲ့ ဗျာန်အင်္ဂါ ၂-ပါးရှိသောဗျာန်စိတ်၊ တစ်ဖန် ဗျာန်အင်္ဂါ ၂-ပါးနှင့်ယှဉ်တဲ့ ဗျာန်အင်္ဂါ ၂-ပါးရှိသောဗျာန်စိတ်။

ဒီလို ဗျာန်အင်္ဂါတိုရဲ့ယှဉ်ပုံ ၅-မျိုးပြားတဲ့အတွက် ဗျာန်စိတ်လဲ ၅-ပါး ပြားလာရပါတယ်။

မဟဂ္ဂုတ်စိတ် သရုပ်ခွဲဇယား

မဟဂ္ဂုတ်	ဗျာန်						စိတ်အမည်	စိတ်			ပေါင်း	ဇယားနံပါတ်
	ဝိတက်	ဝိစာရ	ပီတိ	ဒေနာ ၃	ဒေနာ ၂	ဒေနာ ၁		ကုသိုလ်	အဗျာကတ်	ဝိပါက်		
ပဌမဈာန်-၄	။	။	။	။		။	ပ	၁	၁	၁	၃	၁-ကြီးကောင်းကင်
		။	။	။		။	ဒု	၁	၁	၁	၃	
			။	။		။	တ	၁	၁	၁	၃	
				။		။	စ	၁	၁	၁	၃	
					။	။	ပဉ္စ	၁	၁	၁	၃	၁-ကြီးကောင်းကင်
အဗျာပါဒရှိသော-၄					။	။	အာ	၁	၁	၁	၃	
					။	။	ဝီ	၁	၁	၁	၃	
					။	။	ကီ	၁	၁	၁	၃	
					။	။	နေ	၁	၁	၁	၃	
ပေါင်း								၉	၉	၉	၂၇	၂၇

စိတ်အမည်-ဆိုတဲ့ ခေါင်စီးရဲ့အောက်မှာ ပ-က ပထမဈာန်ရဲ့ အတိုကောက် ဖြစ်ပါတယ်၊ ဒု-က ဒုတိယဈာန်ရဲ့ အတိုကောက် ဖြစ်ပါတယ်၊ တ-က တတိယ ဈာန်ရဲ့ အတိုကောက် ဖြစ်ပါတယ်၊ စ-က စတုတ္ထဈာန်ရဲ့ အတိုကောက် ဖြစ်ပါတယ်၊ ပဉ်-က ပဉ္စမဈာန်ရဲ့ အတိုကောက် ဖြစ်ပါတယ်။

http://www.dhammadownload.com

ယေားသဘောကိုတော့ နားလည်လောက်ပါပြီ၊ ဒီကပဲ ခပ်ဖြည်းဖြည်း တစ်ခေါက် ဆိုပြပါ့မယ်၊ ယေားကို စူးစိုက်ကြည့်ရှုပြီး သတိထားနားထောင်ပါ၊ ဒီကပြီးသွားတဲ့ အခါ ၅-ခေါက်လောက် ထပ်ဆိုကြပါ။

ရူပါဝစရကုသိုလ်စိတ် ၅-ပါး

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမစျာန်ကုသိုလ်စိတ်တစ်ခု၊

၂။ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန်ကုသိုလ်စိတ်တစ်ခု၊

၃။ ပီတိ, သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယ စျာန်ကုသိုလ်စိတ်တစ်ခု၊

၄။ သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် ကုသိုလ်စိတ်တစ်ခု၊

၅။ ဥပေက္ခာ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် ကုသိုလ်စိတ်တစ်ခု၊

ဒီ ၅-ပါးကို ရူပါဝစရကုသိုလ်စိတ်-လို့ ခေါ်ပါတယ်။

ရူပါဝစရဝိပါက်စိတ် ၅-ပါး

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမစျာန်ဝိပါက်စိတ်တစ်ခု၊

(ပ)

၂။ ဥပေက္ခာ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် ဝိပါက်စိတ်တစ်ခု၊

ဒီ ၅-ပါးကို ရူပါဝစရဝိပါက်စိတ်-လို့ ခေါ်ပါတယ်။

ရူပါဝစရကြိယာစိတ် ၅-ပါး

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမစျာန်ကြိယာစိတ်တစ်ခု၊

(ပ)

၂။ ဥပေက္ခာ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် ကြိယာစိတ်တစ်ခု၊

ဒီ ၅-ပါးကို ရူပါဝစရကြိယာစိတ်-လို့ ခေါ်ပါတယ်။

http://www.dhammadownload.com

ရူပါဝစရကုသိုလ်စိတ် ၅-ပါး, ဝိပါက်စိတ် ၅-ပါး, ကြိယာစိတ် ၅-ပါး= ပေါင်း ရူပါဝစရစိတ် ၁၅-ပါး ဖြစ်ပါတယ်။

ပထမစျာန်စိတ် ၃-ပါး, ဒုတိယစျာန်စိတ် ၃-ပါး, တတိယစျာန်စိတ် ၃-ပါး, စတုတ္ထစျာန်စိတ် ၃-ပါး, ပဉ္စမစျာန်စိတ် ၃-ပါး= ပေါင်း ရူပါဝစရစိတ် ၁၅-ပါး ဖြစ်ပါတယ်။

သောမနဿ ၁၂-ပါး, ဥပေက္ခာ ၃-ပါး= ပေါင်း ရူပါဝစရစိတ် ၁၅-ပါး ဖြစ်ပါတယ်။

အရူပါဝစရစိတ် ၁၂-ပါး

ရူပါဝစရစျာန် ၅-ပါးကို ရပြီးတဲ့နောက် ဆက်လက်ကြိုးစားအားထုတ်လို့ နောက်ထပ် စျာန်ရလာတဲ့ အခါမှာလဲ ပုဂ္ဂိုလ်အားလျော်စွာ အရူပါဝစရကုသိုလ်စိတ်, အရူပါဝစရကြိယာစိတ် ဖြစ်လာပါတယ်၊ အဲဒီကုသိုလ်, ကြိယာစိတ်တွေက အာရုံ ၄-ပါးစီ ကွဲပြားလို့ ၄-ပါးစီပဲ ဖြစ်လာရပါတယ်။

ဝိပါက်စိတ်ကလဲ အကြောင်းဖြစ်တဲ့ ကုသိုလ်စိတ်နှင့် အလားတူ ၄-ပါးပဲ ဖြစ်လာရပါတယ်။

အာရုံ ၄-ပါး ကွဲခြားနား

အောက်အောက်စျာန်ရဲ့ အင်္ဂါကို ပယ်ခွာနိုင်မှ အထက်အထက် ရူပစျာန်များ ဖြစ်နိုင်ကြပါတယ်၊ ဒါ့ကြောင့် ရူပါဝစရစျာန်ကို အင်္ဂါတိက္ကမစျာန်-လို့ ခေါ်ရပါတယ်၊ အထက်အထက် ရူပစျာန်များက အောက်အောက်စျာန်တွေရဲ့ အာရုံကိုလဲ အာရုံပြုနိုင်ကြပါတယ်။ [အင်္ဂ-စျာန်အင်္ဂါကို+အတိက္ကမ-လွန်မြောက်သောစျာန်။]

အရူပါဝစရစျာန်များကတော့ အဲဒီလို မဖြစ်နိုင်ကြပါ၊ အောက်အောက်စျာန်ရဲ့ အာရုံကို လွန်မြောက်ခြင်းကြောင့်သာ ဖြစ်ကြရပါတယ်၊ ဒါ့ကြောင့် အရူပါဝစရစျာန်ကို အာရမဏာတိက္ကမစျာန်-လို့ ခေါ်ပါတယ်။ [အာရမဏ-အာရုံကို+အတိက္ကမ-လွန်မြောက်သောစျာန်။]

ဒါ့ကြောင့် အရူပါဝစရစျာန်နှင့် ပတ်သက်လို့ လွန်မြောက်အပ်တဲ့ (အတိက္ကမိတဗ္ဗ)အာရုံ၊ အာရုံပြုအပ်တဲ့(အာလမ္ဗိတဗ္ဗ)အာရုံ-လို့ ၂-မျိုး ကွဲပြားလာရပါတယ်။

အဲဒီ ၂-ပါးအနက် ကသိဏ်းပညတ်အာရုံ, ကောင်းကင်ပညတ်အာရုံ, ပဌမာရုပ္ပဝိညာဉ်အာရုံ, နတ္ထိဘောပညတ်အာရုံ-လို့ အတိက္ကမိတဗ္ဗအာရုံ ၄-ပါး။

http://www.dhammadownload.com

ကောင်းကင်ပညတ်အာရုံ၊ ပဌမာရုပ္ပဝိညာဉ်အာရုံ၊ နတ္ထိဘောပညတ်အာရုံ၊ တတိယာရုပ္ပဝိညာဉ်အာရုံ-လို့ အာလမ္ဗိတဗ္ဗအာရုံ ၄-ပါး အစဉ်အတိုင်းပြားတဲ့အတွက် အဲဒီအာရုံတွေနှင့်စပ်လို့ ဖြစ်ရတဲ့ အရူပါဝစရစိတ်လဲ ၄-မျိုးစီ ပြားရပါတယ်၊ အောက်မှာ တွဲစပ်ပြထားတာကို ရှုပါ။

အရူပါဝစရစိတ် အာရုံ ၄-ပါးစီ ကွဲပြားပုံ

အတိက္ကမိတဗ္ဗအာရုံ	အာလမ္ဗိတဗ္ဗအာရုံ	စိတ်
ကသိဏ်းပညတ်	ကောင်းကင်ပညတ်	အာကာသာဏဉ္စာယတန
ကောင်းကင်ပညတ်	ပဌမာရုပ္ပဝိညာဉ်	ဝိညာနဉ္စာယတန
ပဌမာရုပ္ပဝိညာဉ်	နတ္ထိဘောပညတ်	အာကိဉ္စညာယတန
နတ္ထိဘောပညတ်	တတိယာရုပ္ပဝိညာဉ်	နေဝသညာနာသညာယတန

ဧယားအတွက် ညွှန်ကြားချက်

အရူပဧယားကွက်မှာ အာ-ကို အာကာသာနဉ္စာယတန, ဝိ-ကို ဝိညာနဉ္စာယတန, ကိ-ကို အာကိဉ္စညာယတန, နေ-ကို နေဝသညာနာသညာယတန-လို့ အကျယ်ဖော်ဆိုပါ။

ဒါ့အပြင် အရူပါဝစရစိတ်များဟာ ဥပေက္ခာဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့် ယှဉ်တဲ့ ပဋ္ဌမဈာန်စိတ်များ ဖြစ်ကြတယ်-လို့ သိစေလိုတဲ့အတွက် ဥ-နှင့် ဧ-အောက်မှာ ပုဒ်မအမှတ်အသား ပြထားပါတယ်၊ စိတ်သရုပ် ရေတွက်တဲ့အခါ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော-လို့ ထည့်မဆိုပါနှင့်၊ အာကာသာနဉ္စာယတန ကုသိလ်စိတ်တစ်ခု-စသည်မျှသာ ဆိုပါ။

ဒီကပဲ တစ်ခေါက်ဆိုပြပါ့မယ်၊ ပြီးတော့မှ မှတ်မိသွားအောင် ၅-ခေါက်လောက် ထပ်ဆိုကြပါ။

အရူပါဝစရကုသိုလ်စိတ် ၄-ပါး

၁။ အာကာသာနဉ္စာယတနကုသိုလ်စိတ်တစ်ပါး၊
၂။ ဝိညာဏဉ္စာယတနကုသိုလ်စိတ်တစ်ပါး၊
၃။ အာကိဉ္စညာယတနကုသိုလ်စိတ်တစ်ပါး၊
၄။ နေဝသညာနာသညာယတနကုသိုလ်စိတ်တစ်ပါး၊
ဒီစိတ် ၄-ပါးကို အရူပါဝစရကုသိုလ်စိတ်-လို့ ခေါ်ပါတယ်။

http://www.dhammadownload.com

အရှုပါဝစရဝိပါက်စိတ် ၄-ပါး

၁။ အာကာသာနဉ္စာယတနဝိပါက်စိတ်တစ်ပါး၊ (ပ)

၄။ နေဝသညာနာသညာယတနဝိပါက်စိတ်တစ်ပါး။

ဒီစိတ် ၄-ပါးကို အရှုပါဝစရဝိပါက်စိတ်-လို့ ခေါ်ပါတယ်။

အရှုပါဝစရကြိယာစိတ် ၄-ပါး

၁။ အာသာနဉ္စာယတနကြိယာစိတ်တစ်ပါး၊ (ပ)

၄။ နေဝသညာနာသညာယတနကြိယာစိတ်တစ်ပါး။

ဒီစိတ် ၄-ပါးကို အရှုပါဝစရကြိယာစိတ်-လို့ ခေါ်ပါတယ်။

အရှုပါဝစရကုသိုလ်စိတ် ၄-ပါး, ဝိပါက်စိတ် ၄-ပါး, ကြိယာစိတ် ၄-ပါး= ပေါင်း အရှုပါဝစရစိတ် ၁၂-ပါး ဖြစ်ပါတယ်။

ဒီအရှုပါဝစရစိတ် ၁၂-ပါးလုံးဟာ ပဉ္စစျာန်ဥပေက္ခာသဟဂုတ်ချည်းသာ ဖြစ်ပါတယ်။

မဟဂ္ဂုတ်စိတ် ၂၇-ပါး

ရှုပါဝစရစိတ် ၁၅-ပါး, အရှုပါဝစရစိတ် ၁၂-ပါး= ပေါင်း ၂၇-ပါးသော စိတ်တို့ကို မဟဂ္ဂုတ်စိတ်-လို့ ခေါ်ပါတယ်။ [မဟာ-မြင့်မြတ်ခြင်းသို့+ဂတ-ရောက်သောစိတ်။ တစ်နည်း= မဟာ-မြင့်မြတ်သော စျာန်ရပ္ဂုလ်တို့က+ဂတ-ရအပ်သောစိတ်။]

ဇာတိဘေဒ ကုသိုလ် ၉-ပါး, ဝိပါက် ၉-ပါး, ကြိယာ ၉-ပါး= ပေါင်း မဟဂ္ဂုတ်စိတ် ၂၇-ပါး ဖြစ်ပါတယ်။

ဝေဒနာဘေဒ သောမနဿသဟဂုတ်စိတ် ၁၂-ပါး, ဥပေက္ခာသဟဂုတ်စိတ် ၁၅-ပါး= ပေါင်း မဟဂ္ဂုတ်စိတ် ၂၇-ပါး ဖြစ်ပါတယ်။

လောကီစိတ် ၈၁-ပါး

ကာမစိတ် ၅၄-ပါး, မဟဂ္ဂုတ်စိတ် ၂၇-ပါး= ပေါင်း ၈၁-ပါးသောစိတ်တို့ကို လောကီစိတ်ဇောသီတိလို့ ခေါ်ပါတယ်။ [လောက-လောကဒ္ဓံ+ဣ-ထင်ရှားတဲ့စိတ်၊ ဇော-တစ်ခု+အသီတိ-၈၀= ဇောသီတိ- ၈၁-ခု။]

ဘူမိဘေဒ ကာမာဝစရစိတ် ၅၄-ပါး, ရှုပါဝစရစိတ် ၁၅-ပါး, အရှုပါဝစရစိတ် ၁၂-ပါး= ပေါင်း လောကီစိတ်ဇောသီတိ ဖြစ်ပါတယ်။

ဇာတိဘေဒ အကုသိုလ်စိတ် ၁၂-ပါး, ကုသိုလ်စိတ် ၁၇-ပါး, ဝိပါက်စိတ် ၃၂-ပါး, ကြိယာစိတ်-၂၀= ပေါင်း လောကီစိတ် ဇောသီတိ ဖြစ်ပါတယ်။

http://www.dhammadownload.com

ကုသိုလ်စိတ် ၁၇–ပါးဟူသည်မှာ မဟာကုသိုလ်စိတ် ၈–ပါး, မဟဂ္ဂုတ်ကုသိုလ် ၉–ပါးတို့ပဲ ဖြစ်ပါတယ်၊ ဒါကိုပဲ လောကီကုသိုလ်သတ္တရသ–လို့ ခေါ်ပါတယ်။

ဝိပါက်စိတ် ၃၂–ပါးဆိုတာက ကာမဝိပါက် ၂၃–ပါး, မဟဂ္ဂုတ်ဝိပါက် ၉–ပါးတို့ပဲ ဖြစ်ပါတယ်၊ ဒီ ၃၂–ပါးကို လော်ကီဝိပါက်ဗာတ္တိ်သ–လို့ ခေါ်ပါတယ်။

ကြိယာစိတ် ၂၀–ဆိုတာက ကာမကြိယာ ၁၁–ပါး, မဟဂ္ဂုတ်ကြိယာ ၉–ပါးတို့ပဲ ဖြစ်ပါတယ်၊ ဒီ ၂၀–ကို ကြိယာစိတ်ဝီသ–လို့ ခေါ်ကြပါတယ်။

ဝေဒနာဘေဒ သုခသဟဂုတ်စိတ် ၁–ပါး, ဒုက္ခသဟဂုတ်စိတ် ၁–ပါး, သောမနဿသဟဂုတ်စိတ်–၃၀, ဥပေက္ခာသဟဂုတ်စိတ် ၂–ပါး, ဥပေက္ခာသဟဂုတ်စိတ် ၄၇–ပါး= ပေါင်း လောကီစိတ်ကောသီတိ ဖြစ်ပါတယ်။

သောမနဿသဟဂုတ် ၃၀–ဆိုတာက ကာမာဝစရသောမနဿသဟဂုတ် ၁၈–ပါး, မဟဂ္ဂုတ်သောမနဿသဟဂုတ် ၁၂–ပါးတို့ပဲ ဖြစ်ပါတယ်။

ဥပေက္ခာသဟဂုတ် ၄၇–ပါးဆိုတာက ကာမာဝစရဥပေက္ခာသဟဂုတ် ၃၂–ပါး, မဟဂ္ဂုတ်ဥပေက္ခာသဟဂုတ် ၁၅–ပါးတို့ပဲ ဖြစ်ပါတယ်။

လောကုတ္တရာစိတ်အကျဉ်း ၈–ပါး

ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ လက္ခဏာတွေကို စူးစူးစိုက်စိုက် ရှုရင်း မဂ်ဖြစ်ပေါ်လာပါတယ်၊ အဲဒီမဂ်က ယောဂီပုဂ္ဂိုလ်ရဲ့ ဣန္ဒြေမထက်မြက်မှု, ထက်မြက်မှု, အထူးထက်မြက်မှု, အစွမ်းကုန် ထက်မြက်မှုများနှင့်စပ်လို့ ၄–ပါး ကွဲပြားလာရပါတယ်၊ ဒါ့ကြောင့် မဂ်နှင့်ယှဉ်တဲ့ ကုသိုလ်စိတ်လဲ ၄–ပါးပဲ ပြားလာရပါတယ်။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ–ဆိုတဲ့ တစ်ပါးစီ တစ်ပါးစီတို့ကို မဂ်ရဲ့အစိတ်အပိုင်း ဖြစ်တဲ့အတွက် မဂ္ဂင်–လို့ ခေါ်ပါတယ်၊ အဲဒီမဂ္ဂင် ၈–ပါး အပေါင်းအစုကိုတော့ မဂ်–လို့ ခေါ်ပါတယ်၊ အဲဒီမဂ်နှင့်ယှဉ်တဲ့စိတ်ကိုတော့ မဂ်စိတ်–လို့ ခေါ်ပါတယ်။

မဂ်စိတ် ၄–ပါးမှာ မဂ္ဂင် ၈–ပါးတို့ အညီအမျှ ယှဉ်ကြပါတယ်၊ အဲဒီအထဲမှာ ပါတဲ့ သမ္မာဒိဋ္ဌိက ပညိန္ဒြေမည်ပါတယ်၊ သမ္မာဝါယာမက ဝီရိယိန္ဒြေ မည်ပါတယ်၊ သမ္မာသတိက သတိန္ဒြေမည်ပါတယ်၊ သမ္မာသမာဓိက သမာဓိန္ဒြေမည်ပါတယ်။

အဲဒီ ပညိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ–တို့ မထက်မြက်သေးရင် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသသံယောဇဉ်တို့ကိုသာ ပယ်နိုင်လို့ အစဆုံး သောတာပတ္တိမဂ် ဖြစ်ပါတယ်။

http://www.dhammadownload.com

အဲဒီဣန္ဒြေတွေက အတော်အတန် ထက်မြက်ရင် ကာမရာဂ, ဗျာပါဒသံယောဇဉ်တို့ကို နည်းပါးသွားအောင် ပယ်နိုင်တဲ့အတွက် သကဒါဂါမိမဂ် ဖြစ်ပါတယ်။

အဲဒီဣန္ဒြေတွေက အထူးထက်မြက်ရင် အဲဒီကာမရာဂ, ဗျာပါဒသံယောဇဉ်တို့ကို အကြွင်းမရှိအောင် ပယ်နိုင်တဲ့အတွက် အနာဂါမိမဂ် ဖြစ်ပါတယ်။

အဲဒီဣန္ဒြေတွေက အစွမ်းကုန်ထက်မြက်ရင် ကြွင်းကျန်သမျှ ရူပရာဂ, အရူပရာဂ -စတဲ့ သံယောဇဉ်တို့ကို အကြွင်းမရှိအောင် ပယ်နိုင်တဲ့အတွက် အရဟတ္တမဂ် ဖြစ်ပါတယ်။

ဒီလို ဣန္ဒြေမထက်မြက်မှု, ထက်မြက်မှု, အထူးထက်မြက်မှု, အစွမ်းကုန် ထက်မြက်မှုသို့လိုက်လို့ မဂ် ၄-ပါး ပြားလာရတဲ့အတွက် မဂ်နှင့် ယှဉ်တဲ့ ကုသိုလ်စိတ်(မဂ်စိတ်)လဲ ၄-ပါး ပြားလာရပါတယ်-လို့ ဆိုလိုပါတယ်။

ကုသိုလ်ဖြစ်တဲ့ မဂ်စိတ်က ၄-ပါးပြားတဲ့အတွက် အကျိုးဖြစ်တဲ့ ဝိပါက်စိတ် (ဖိုလ်စိတ်)လဲ မဂ်စိတ်နှင့်အလားတူစွာပင် ၄-မျိုး ပြားလာရပါတယ်။

မဂ်တွေ-ဆိုတာဟာ တစ်ကြိမ်ဖြစ်ရုံမျှနဲ့ ဆိုင်ရာကိလေသာပယ်ခြင်း ကိစ္စကို ပြီးစေနိုင်ကြပါတယ်၊ ၂-ကြိမ်ထပ်ဖြစ်ရိုး မရှိကြပါ၊ သို့ဖြစ်၍ ရဟန္တာတို့သန္တာန်မှာ ထပ်ဖြစ်စရာ မရှိတော့တဲ့အတွက် လောကုတ္တရာကြိယာ-လို့ မရှိနိုင်တော့ပါ။

လောကုတ္တရာကုသိုလ်စိတ် ၄-ပါး

၁။ သောတာပတ္တိမဂ်စိတ်တစ်ပါး၊
၂။ သကဒါဂါမိမဂ်စိတ်တစ်ပါး၊
၃။ အနာဂါမိမဂ်စိတ်တစ်ပါး၊
၄။ အရဟတ္တမဂ်စိတ်တစ်ပါး။

ဒီ ၄-ပါးကို လောကုတ္တရာကုသိုလ်စိတ်-လို့ ခေါ်ပါတယ်။

လောကုတ္တရာဝိပါက်စိတ် ၄-ပါး

၁။ သောတာပတ္တိဖိုလ်စိတ်တစ်ပါး၊
၂။ သကဒါဂါမိဖိုလ်စိတ်တစ်ပါး၊
၃။ အနာဂါမိဖိုလ်စိတ်တစ်ပါး၊
၄။ အရဟတ္တဖိုလ်စိတ်တစ်ပါး။

ဒီ ၄-ပါးကို လောကုတ္တရာဝိပါက်စိတ်-လို့ ခေါ်ပါတယ်။

ကုသိုလ်စိတ် ၄-ပါး, ဝိပါက်စိတ် ၄-ပါး= ပေါင်း လောကုတ္တရာစိတ် ၈-ပါး ဖြစ်ပါတယ်။

http://www.dhammadownload.com

စိတ်-၈၉

လောကီစိတ် ၈၁-ပါး, လောကုတ္တရာစိတ် ၈-ပါး= ပေါင်း စိတ် ၈၉-ပါး ဖြစ်ပါတယ်၊ ဒါကိုပဲ စိတ်တစ်ခုယုတ်ကိုးဆယ်-လို့ ခေါ်ပါတယ်၊ ၉၀-ပြည့်ရန် တစ်ခုလိုနေတဲ့စိတ်-လို့ ဆိုလိုပါတယ်။

ဈာနိဘေဒ အကုသိုလ်စိတ် ၁၂-ပါး, ကုသိုလ်စိတ် ၂၁-ပါး, ဝိပါက်စိတ် ၃၆-ပါး, ကြိယာစိတ်-၂၀= ပေါင်း ၈၉-ပါး ဖြစ်ပါတယ်။

ကုသိုလ်စိတ် ၂၁-ပါးဆိုတာက လောကီကုသိုလ်-၁၇, လောကုတ္တရာကုသိုလ် ၄-ပါးတို့ပဲ ဖြစ်ပါတယ်၊ ဒါကို ကုသိုလ်စိတ်ဧကဝိသ-လို့ ခေါ်ကြပါတယ်။

ဝိပါက်စိတ် ၃၆-ပါးဆိုတာက လောကီဝိပါက် ၃၂-ပါး, လောကုတ္တရာဝိပါက် ၄-ပါးတို့ပဲ ဖြစ်ပါတယ်၊ ဒီ ၃၆-ပါးကိုပဲ ဝိပါက်စိတ်ဆတ္တိံသ-လို့ ခေါ်ကြပါတယ်။

ဘူမိဘေဒ ကာမာဝစရစိတ် ၅၄-ပါး, ရူပါဝစရစိတ် ၁၅-ပါး, အရူပါဝစရစိတ် ၁၂-ပါး, လောကုတ္တရာစိတ် ၈-ပါး= ပေါင်း ၈၉-ပါး ဖြစ်ပါတယ်။

ဝေဒနာဘေဒနဲ့တော့ ခွဲလို့မဖြစ်သေးပါ။

သောဘန-၅၉ ကာမာဝစရသောဘနစိတ် ၂၄-ပါး, မဟဂ္ဂုတ်စိတ် ၂၇-ပါး, လောကုတ္တရာစိတ် ၈-ပါး= ပေါင်း သောဘနစိတ်အကျဉ်း ၅၉-ပါး ဖြစ်ပါတယ်။

လောကုတ္တရာစိတ်အကျယ်-၄၀ သရုပ်ခွဲဇယား

ဓမ္မသင်္ဂဟ	ချာန်						ဘူမိ	လောကုတ္တရာစိတ်-၈								စိတ်အရေအတွက်	ဈာနင်းအရေအတွက်	ဈာန်စိတ်-၂၀ ၊ ဈာန်မဲ့စိတ်-၂၀
				ဝေဒနာ				မဂ်စိတ်-၄				ဖိုလ်စိတ်-၄						
	ဆိတက်	ဒိဒက	ဒိဝိ	ဒုက္ခ	သုခ	ဥပက္ခာ		သောတာပတ္တိ	သကဒါဂါ	အနာဂါမိ	အရဟတ်	သောတာပန်	သကဒါဂါ	အနာဂါမိ	အရဟတ်			
	။	။	။	။		။	ပ	၁	၁	၁	၁	၁	၁	၁	၁	၁	၁	၁-ခု
		။	။	။		။	ဒု	၁	၁	၁	၁	၁	၁	၁	၁	၁	၁	
			။	။		။	တ	၁	၁	၁	၁	၁	၁	၁	၁	၁	၁	
				။		။	စ	၁	၁	၁	၁	၁	၁	၁	၁	၁	၁	
					။	။	ပဉ္စ	၁	၁	၁	၁	၁	၁	၁	၁	၁	၁	၅-ခု
စိတ်ပေါင်း								၅	၅	၅	၅	၅	၅	၅	၅	၄၀	၄၀	

http://www.dhammadownload.com

မဂ်စိတ်တွေ, ဖိုလ်စိတ်တွေ ဖြစ်လာတဲ့အခါမှာ ဈာန်တရားတွေကလဲ ထိုက်သည်အားလျော်စွာ ယှဉ်ပါလာကြပါတယ်၊ အဲဒီဈာန်အင်္ဂါတို့ယှဉ်ပုံက ၅-မျိုး ၅-မျိုးစီ ကွဲပြားတဲ့အတွက် လောကုတ္တရာစိတ် တစ်ပါးတစ်ပါးက ၅-ပါး ၅-ပါးစီ ကွဲပြားလာရပါတယ်၊ ဒါ့ကြောင့် လောကုတ္တရာစိတ်အကျယ် (၈၁၅=)၄၀-ဖြစ်လာရပါတယ်။

ဇယားကို ကြည့်ကြပါ၊ ဒီကပဲ တစ်ခေါက် ဆိုပြပါ့မယ်၊ ပြီးမှ ၂-ခေါက် လောက် ထပ်ဆိုကြပါ။

လောကုတ္တရာကုသိုလ်စိတ်-၂၀

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမဈာန်သောတာပတ္တိမဂ်စိတ်တစ်ပါး၊

(ပ)

၅။ ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန်သောတာပတ္တိမဂ်စိတ်တစ်ပါး။

ဒီ ၅-ပါးကို သောတာပတ္တိမဂ်စိတ်-လို့ ခေါ်ပါတယ်။

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမဈာန်သကဒါဂါမိမဂ်စိတ်တစ်ပါး၊

(ပ)

၅။ ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန်သကဒါဂါမိမဂ်စိတ်တစ်ပါး။

ဒီ ၅-ပါးကို သကဒါဂါမိမဂ်စိတ်-လို့ ခေါ်ပါတယ်။

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမဈာန်အနာဂါမိမဂ်စိတ်တစ်ပါး၊

(ပ)

၅။ ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန်အနာဂါမိမဂ်စိတ်တစ်ပါး။

ဒီ ၅-ပါးကို အနာဂါမိမဂ်စိတ်-လို့ ခေါ်ပါတယ်။

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမဈာန်အရဟတ္တမဂ်စိတ်တစ်ပါး၊

(ပ)

http://www.dhammadownload.com

၅။ ဥပေက္ခာ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် အရဟတ္တမဂ်စိတ်တစ်ပါး။

ဒီ ၅-ပါးကို အရဟတ္တမဂ်စိတ်-လို့ ခေါ်ပါတယ်။

သောတာပတ္တိမဂ်စိတ် ၅-ပါး, သကဒါဂါမိမဂ်စိတ် ၅-ပါး, အနာဂါမိမဂ်စိတ် ၅-ပါး, အရဟတ္တမဂ်စိတ် ၅-ပါး= ပေါင်း မဂ်စိတ် ၂၀-ဖြစ်ပါတယ်။

လောကုတ္တရာဝိပါက်စိတ်-၂၀

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမစျာန် သောတာပတ္တိဖိုလ်စိတ်တစ်ပါး-စသည်ဖြင့် မဂ်စိတ်မှာ ပြခဲ့သည့်အတိုင်း ဖိုလ်စိတ် ၂၀-ပြည့်အောင် ဆိုပါ။

မဂ်စိတ်-၂၀, ဖိုလ်စိတ်-၂၀= ပေါင်း လောကုတ္တရာစိတ်အကျယ်-၄၀ ဖြစ်ပါတယ်။

သောမနဿသဟဂုတ် ၃၂-ပါး, ဥပေက္ခာသဟဂုတ် ၈-ပါး= ပေါင်း လောကုတ္တရာစိတ်အကျယ် ၄၀-ဖြစ်ပါတယ်။

ပထမစျာန် ၈-ပါး, ဒုတိယစျာန် ၈-ပါး, တတိယစျာန် ၈-ပါး, စတုတ္ထစျာန် ၈-ပါး, ပဉ္စမစျာန် ၈-ပါး= ပေါင်း လောကုတ္တရာစိတ်အကျယ် ၄၀-ဖြစ်ပါတယ်။

သောဘန-၉၁ ကာမာဝစရသောဘနစိတ် ၂၄-ပါး, မဟဂ္ဂုတ်စိတ် ၂၇-ပါး, လောကုတ္တရာစိတ်-၄၀= ပေါင်း သောဘနစိတ် ၉၁-ပါး ဖြစ်ပါတယ်။

လောကီလောကုတ္တရာစျာန်စိတ်

မဟဂ္ဂုတ်စိတ် ၂၇-ပါး, လောကုတ္တရာစိတ်-၄၀= ပေါင်း ၆၇-ပါးကို လောကီလောကုတ္တရာစျာန်စိတ်-လို့ ခေါ်ပါတယ်။

ပထမစျာန် ၁၁-ပါး, ဒုတိယစျာန် ၁၁-ပါး, တတိယစျာန် ၁၁-ပါး, စတုတ္ထစျာန် ၁၁-ပါး, ပဉ္စမစျာန် ၂၃-ပါး= ပေါင်း ၆၇-ပါး ဖြစ်ပါတယ်။

ပထမစျာန် ၁၁-ပါးဆိုတာက မဟဂ္ဂုတ်ပထမစျာန် ၃-ပါး, လောကုတ္တရာပထမစျာန် ၈-ပါးတို့ပဲ ဖြစ်ပါတယ်၊ ဒီ ၁၁-ပါးကို ပထမစျာန်ကောဒသ-လို့ ခေါ်ပါတယ်။

http://www.dhammadownload.com

အလားတူပဲ ဒုတိယစျာန်ကောဒသ၊ တတိယစျာန်ကောဒသ၊ စတုတ္ထစျာန်ကောဒသဖြစ်ပါတယ်။

ပဉ္စမစျာန် ၂၃-ပါးဆိုတာက မဟဂ္ဂုတ်ပဉ္စမစျာန် ၁၅-ပါး, လောကုတ္တရာပဉ္စမစျာန် ၈-ပါးတို့ပဲ ဖြစ်ပါတယ်၊ ဒီ ၂၃-ပါးကိုတော့ ပဉ္စမစျာန်တဝိသ-လို့ ခေါ်ပါတယ်။

စိတ်အကျယ် ၁၂၁-ပါး

လောကီစိတ် ၈၁-ပါး, လောကုတ္တရာစိတ်-၄၀= ပေါင်း စိတ်အကျယ် ၁၂၁-ပါး ဖြစ်ပါတယ်။

ဧကတိဘေဒ အကုသိုလ်စိတ် ၁၂-ပါး, ကုသိုလ်စိတ် ၃၇-ပါး, ဝိပါက်စိတ် ၅၂-ပါး, ကြိယာစိတ်-၂၀= ပေါင်း ၁၂၁-ပါး ဖြစ်ပါတယ်။

ကုသိုလ်စိတ် ၃၇-ပါးဆိုတာက လောကီကုသိုလ်-၁၇, လောကုတ္တရာကုသိုလ် ၂၀-တို့ပဲ ဖြစ်ပါတယ်။

ဝိပါက်စိတ် ၅၂-ပါးဆိုတာက လောကီဝိပါက်-၃၂, လောကုတ္တရာဝိပါက် ၂၀-တို့ပဲ ဖြစ်ပါတယ်။

ဘူမိဘေဒ ကာမာဝစရစိတ်-၅၄, ရူပါဝစရစိတ်-၁၅, အရူပါဝစရစိတ်-၁၂, လောကုတ္တရာစိတ်-၄၀= ပေါင်း ၁၂၁-ပါး ဖြစ်ပါတယ်။

ဝေဒနာဘေဒ သုခသဟဂုတ်စိတ် ၁-ပါး, ဒုက္ခသဟဂုတ်စိတ် ၁-ပါး, သောမနဿသဟဂုတ်စိတ် ၆၂-ပါး, ဒေါမနဿသဟဂုတ်စိတ် ၂-ပါး, ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး= ပေါင်း ၁၂၁-ပါး ဖြစ်ပါတယ်။

သောမနဿသဟဂုတ် ၆၂-ပါးဆိုတာက လောကီသောမနဿသဟဂုတ် -၃၀, လောကုတ္တရာသောမနဿသဟဂုတ် ၃၂-ပါးတို့ပဲ ဖြစ်ပါတယ်။

တစ်နည်း= ကာမာဝစရသောမနဿ ၁၈-ပါး, ပထမစျာန် ၁၁-ပါး, ဒုတိယစျာန် ၁၁-ပါး, တတိယစျာန် ၁၁-ပါး, စတုတ္ထစျာန် ၁၁-ပါတို့ပဲ ဖြစ်ပါတယ်၊ ဒီလိုလဲ ရေတွက်နိုင်ပါတယ်။

ဥပေက္ခာသဟဂုတ် ၅၅-ပါး ဆိုတာကတော့ လောကီဥပေက္ခာသဟဂုတ် ၄၅-ပါး, လောကုတ္တရာဥပေက္ခာသဟဂုတ် ၈-ပါးတို့ပဲ ဖြစ်ပါတယ်။

တစ်နည်း= ကာမာဝစရဥပေက္ခာသဟဂုတ် ၃၂-ပါး, ပဉ္စမစျာန် ၂၃-ပါး တို့ပဲ ဖြစ်ပါတယ်၊ ဒီလိုလဲ ရေတွက်နိုင်ပါတယ်။

http://www.dhammadownload.com

စေတသိက်များ စိတ်မှာယှဉ်ပုံ

စေတသိက်လက္ခဏာ

၁။ ဧကုပ္ပာဒ= စိတ်နှင့်တစ်ပြိုင်နက်ဖြစ်ရခြင်း၊
၂။ ဧကနိရောဓ= စိတ်နှင့်တစ်ပြိုင်နက်ချုပ်ရခြင်း၊
၃။ ကောလမ္ဗဏ= စိတ်ယူအပ်သောအာရုံကိုယူခြင်း၊
၄။ ကေဝတ္ထုက= စိတ်မှီရာဝတ္ထုကိုသာ မှီခြင်း။

ဒီ ၄-ပါးကို စိတ်မှာယှဉ်ခြင်းရဲ့ အမှတ်အသားဖြစ်တဲ့အတွက် စေတောယုတ္တလက္ခဏာ-လို့လဲ ခေါ်ပါတယ်၊ သမ္ပယောဂလက္ခဏာ-လို့လဲ ခေါ်ပါတယ်၊ စေတသိက်အမည်ရခြင်းရဲ့အမှတ်အသားဖြစ်တဲ့အတွက် စေတသိကလက္ခဏာ-လို့လဲ ခေါ်ပါတယ်။

ဘယ်စေတသိက်ပဲဖြစ်ဖြစ် ကာမသတ္တဝါ, ရူပသတ္တဝါတို့ရဲ့စိတ်မှာ ယှဉ်ရတဲ့အခါ ဒီအင်္ဂါ ၄-ပါးနှင့် ညီညွတ်ကြရပါတယ်။

စေတသိက် ၅၂-ပါး

စေတသိက်များရဲ့သဘောကို ရှေ့က အကျယ်ပြောပြပြီး ဖြစ်ပါတယ်၊ ဒါပေမဲ့ ဒီနေရာမှာ အမှတ်ရလွယ်ကူစေရန် အကျဉ်းသရုပ်မျှကို ထပ်ပြောပြပါဦးမယ်။

အညသမာန်းစေတသိက် ၁၃-ပါး, အကုသိုလ်စေတသိက် ၁၄-ပါး, သောဘန စေတသိက် ၂၅-ပါး= ပေါင်း စေတသိက် ၅၂-ပါး ဖြစ်ပါတယ်။

အညသမာန်းစေတသိက် ၁၃-ပါး

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး, ပကိဏ်းစေတသိက် ၆-ပါး= ပေါင်း ၁၃-ပါးသော စေတသိက်တို့ကို အညသမာန်းစေတသိက်-လို့ ခေါ်ပါတယ်၊ အဆိုး, အကောင်း ၂-ဖက်လုံးမှာ ဝင်ဆံ့တဲ့ စေတသိက်များ-လို့ ဆိုလိုပါတယ်။

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး

၁။ ဖဿ= အာရုံကို တွေ့ထိခြင်းသဘော၊
၂။ ဝေဒနာ= အာရုံရဲ့ အရသာကို ခံစားခြင်းသဘော၊
၃။ သညာ= မှတ်သားခြင်းသဘော၊
၄။ စေတနာ= ယှဉ်ဘက်တရားတို့ကို စေ့ဆော်ခြင်းသဘော၊
၅။ ဧကဂ္ဂတာ= တည်ကြည်ငြိမ်သက်ခြင်းသဘော၊
၆။ ဇီဝိတိန္ဒြေ= ယှဉ်ဘက်တရားများရဲ့အသက်သဘော၊
၇။ မနသိကာရ= နှလုံးသွင်းခြင်းသဘော။

http://www.dhammadownload.com

ဒီစေတသိက် ၇-ပါးတို့ကို သဗ္ဗစိတ္တသာဓာရဏစေတသိက်-လို့ ခေါ်ပါတယ်၊ စိတ်အကုန်လုံးနှင့် ဆက်ဆံတဲ့ စေတသိက်, စိတ်အကုန်လုံးမှာ ယှဉ်တဲ့စေတသိက်, စိတ်ဖြစ်တိုင်းပါတဲ့ စေတသိက်-လို့ ဆိုလိုပါတယ်။ [သဗ္ဗ-အလုံးစုံသော+စိတ္တ-စိတ်နှင့်+သာဓာရဏ-ဆက်ဆံသော(ယှဉ်သော)စေတသိက်။]

ပကိဏ်းစေတသိက် ၆-ပါး

၁။ ဝိတက္က= ကြဲစည်ခြင်းသဘော၊
၂။ ဝိစာရ= အာရုံတစ်ခုကို အထပ်ထပ် အလီလီ သုံးသပ်ခြင်းသဘော၊
၃။ အဓိမောက္ခ= ဆုံးဖြတ်ခြင်းသဘော၊
၄။ ဝီရိယ= အားထုတ်ခြင်းသဘော၊
၅။ ပီတိ= အာရုံတစ်ခုခုကို နှစ်သက်အားရ သဘောကျခြင်းသဘော၊
၆။ ဆန္ဒ= အာရုံတစ်ခုခုကို တောင့်တခြင်း(ရယူလိုခြင်း)သဘော။

ဒီစေတသိက် ၆-ပါးကို ပကိဏ်းစေတသိက်-လို့ ခေါ်ပါတယ်၊ ကောင်း,ဆိုး ၂-ဖက် စိတ်အားလုံးမှာ ထိုက်သည်အားလျော်စွာ ဟိုမှာတစ်ချို့, ဒီမှာတစ်ချို့ ကွက်ကျား ယှဉ်တဲ့ စေတသိက်များ-လို့ ဆိုလိုပါတယ်။

အကုသိုလ်စေတသိက် ၁၄-ပါး

၁။ မောဟ= အာရုံရဲ့အမှန်သဘောကို မသိခြင်းသဘော၊
၂။ အဟိရိက= ဒုစရိုက်တို့မှ မရှက်ခြင်းသဘော၊
၃။ အနောတ္တပ္ပ= ဒုစရိုက်တို့မှ မကြောက်ခြင်းသဘော၊
၄။ ဥဒ္ဓစ္စ= ပျံ့လွင့်ခြင်းသဘော၊
၅။ လောဘ= လိုချင်တပ်မက်ခြင်းသဘော၊
၆။ ဒိဋ္ဌိ= မှားမှားယွင်းယွင်းသိမြင်ခြင်းသဘော၊
၇။ မာန= ထောင်လွှားတက်ကြွခြင်းသဘော၊
၈။ ဒေါသ= ခက်ထန်ကြမ်းတမ်းခြင်းသဘော၊
၉။ ဣဿာ= သူတစ်ပါးဂုဏ်သိရိစည်းစိမ်ကို ငြူစူခြင်းသဘော၊
၁၀။ မစ္ဆရိယ= ကိုယ့်စည်းစိမ်ကို ဝန်တိုခြင်းသဘော၊
၁၁။ ကုက္ကုစ္စ= နောင်တပူပန်ခြင်းသဘော၊
၁၂။ ထိန= စိတ်မလန်းဘဲ ခပ်ထိုင်းထိုင်းဖြစ်နေခြင်းသဘော၊
၁၃။ မိဒ္ဓ= စေတသိက်များမလန်းဘဲ မှိုင်းတိုင်းတိုင်းဖြစ်နေခြင်းသဘော၊
၁၄။ ဝိစိကိစ္ဆာ= ဘုရား, တရား-စသည်များမှာ ယုံမှားခြင်းသဘော။

ဒီသဘောတရားတွေဟာ စိတ်ကို ညစ်နွမ်းစေကြပါတယ်၊ အကုသိုလ်စိတ်မှာသာ ထိုက်သလို ယှဉ်ကြပါတယ်၊ ဒါ့ကြောင့် ဒီသဘောတရားတွေကို အကုသိုလ်

http://www.dhammadownload.com

စေတသိက်–လို့ ခေါ်ကြပါတယ်၊ စိတ်ဆိုးစိတ်ညစ်ကို ဖြစ်စေတတ်တဲ့ သဘော တရားများ–ဆိုတာလဲ သူတို့ပဲ ဖြစ်ကြပါတယ်။

သောဘနစေတသိက် ၂၅–ပါး

သောဘနသာဓာရဏစေတသိက် ၁၉–ပါး, ဝိရတိစေတသိက် ၃–ပါး, အပ္ပမညာစေတသိက် ၂–ပါး, ပညိန္ဒြေစေတသိက်တစ်ပါး= ပေါင်း ၂၅–ပါးသော စေတသိက်တို့ကို သောဘနစေတသိက်–လို့ ခေါ်ပါတယ်၊ စိတ်ကောင်းစိတ်မြတ်ကို ဖြစ်စေတတ်တဲ့ စေတသိက်တွေ–ဆိုတာဟာလဲ ဒီစေတသိက် ၂၅–ပါးပဲ ဖြစ်ပါတယ်။

ဒီ ၂၅–ပါးသော သဘောတရားတွေဟာ ကိလေသာအညစ်အကြေးက စင်ကြယ်တဲ့အတွက် တင့်တယ်ကြပါတယ်၊ ဒါ့ကြောင့် သောဘန–ဆိုတဲ့ အမည်ကို ရကြပါတယ်၊ ကိလေသာတွေက စင်ကြယ်ပြီး တင့်တယ်တဲ့ ဒီသဘောတရားတွေနှင့် ယှဉ်တဲ့ ကုသိုလ်, ဝိပါက်, ကြိုယာစိတ်တွေကိုလဲ စိန်နားတောင်းရောင်ကြောင့် ပါးပြောင်ရသလို သောဘနစိတ်–လို့ပဲ ခေါ်ရပါတယ်· ဒီသဘောတရားတွေနှင့် မယှဉ်တဲ့ အကုသိုလ်စိတ်, အဟိတ်စိတ်တွေကိုတော့ အသောဘနစိတ်–လို့ ခေါ်ရ ပါတယ်။

သောဘနသာဓာရဏစေတသိက် ၁၉–ပါး

၁။ သဒ္ဓါ= ယုံကြည်ခြင်းသဘော၊
၂။ သတိ= အောက်မေ့အမှတ်ရခြင်းသဘော၊
၃။ ဟိရီ= မကောင်းမှုကို ပြုလုပ်ရမည်မှ ရှက်ခြင်းသဘော၊
၄။ ဩတ္တပ္ပ= ဒုစရိုက်ကိုပြုရမည်မှ ကြောက်လန့်ခြင်းသဘော၊
၅။ အလောဘ= မလိုချင်(မစုံမက်)ခြင်းသဘော၊
၆။ အဒေါသ= မခက်ထန် မကြမ်းတမ်းခြင်းသဘော၊
၇။ တတြမဇ္ဈတ္တတာ= ယှဉ်ဘက်တရားများမှာ လျစ်လျူရှုခြင်းသဘော၊
၈။ ကာယပ္ပဿဒ္ဓိ= စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်းသဘော၊
၉။ စိတ္တပ္ပဿဒ္ဓိ= စိတ်၏ ငြိမ်းအေးခြင်းသဘော၊
၁၀။ ကာယလဟုတာ= စေတသိက်အပေါင်း၏ လျင်မြန်ပေါ့ပါးခြင်းသဘော၊
၁၁။ စိတ္တလဟုတာ= စိတ်၏ လျင်မြန်ပေါ့ပါးခြင်းသဘော၊
၁၂။ ကာယမုဒုတာ= စေတသိက်အပေါင်း၏ နူးညံ့ခြင်းသဘော၊
၁၃။ စိတ္တမုဒုတာ= စိတ်၏ နူးညံ့ခြင်းသဘော၊
၁၄။ ကာယကမ္မညတာ= စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှုမှာ ခံ့ကျန်းခြင်းသဘော၊

http://www.dhammadownload.com

၁၅။ စိတ္တကမ္မညတာ= စိတ်၏ ကုသိုလ်ကောင်းမှုမှာ ခံ့ကျန်းခြင်းသဘော၊
၁၆။ ကာယပါဂုညတာ= စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှုမှာ ပြွမ်းတီး လေ့လာခြင်းသဘော၊
၁၇။ စိတ္တပါဂုညတာ= စိတ်၏ ကုသိုလ်ကောင်းမှုမှာ ပြွမ်းတီးလေ့လာခြင်း သဘော၊
၁၈။ ကာယုဇုကတာ= စေတသိက်အပေါင်း၏ ဖြောင့်မတ်ခြင်းသဘော၊
၁၉။ စိတ္တုဇုကတာ= စိတ်၏ ဖြောင့်မတ်ခြင်းသဘော။

ဒီသဘောတရားတွေဟာ သောဘနစိတ်အားလုံးမှာ ယှဉ်နိုင်ကြပါတယ်၊ ဒါ့ကြောင့် သောဘနသာဓာရဏ–ဆိုတဲ့ အမည်ကို ရကြပါတယ်။ [သောဘန–သော်ဘန စိတ်နှင့်+သာဓာရဏ–ဆက်ဆံသော(ယှဉ်သော) စေတသိက်။]

ဝိရတိစေတသိက် ၃–ပါး

၁။ သမ္မာဝါစာ= အသက်မွေးမှုနှင့်မစပ်ဆိုင်တဲ့ ဝစီဒုရိုက် ၄–ပါးမှ ရှောင်ကြဉ်ခြင်းသဘော၊
၂။ သမ္မာကမ္မန္တ = အသက်မွေးမှုနှင့် မစပ်ဆိုင်တဲ့ ကာယဒုစရိုက် ၃–ပါးမှ ရှောင်ကြဉ်ခြင်းသဘော၊
၃။ သမ္မာအာဇီဝ= အသက်မွေးမှုနှင့် စပ်ဆိုင်တဲ့ ကာယဒုစရိုက် ၃–ပါး, ဝစီဒုစရိုက် ၄–ပါးမှ ရှောင်ကြဉ်ခြင်းသဘော၊

ဒီသဘောတရား ၃–ပါးကိုတော့ မကောင်းမှု ဒုစရိုက် ဒုရာဇီဝတွေက ရှောင်ကြဉ်ခြင်း သဘောရှိတဲ့အတွက် ဝိရတိစေတသိက်–လို့ ခေါ်ပါတယ်။

အပ္ပမညာစေတသိက် ၂–ပါး

၁။ ကရုဏာ= ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု–လို့ သနားခြင်းသဘော၊
၂။ မုဒိတာ= သုခိတသတ္တဝါပညတ်ကို အာရုံပြု–လို့ ဝမ်းမြောက်ခြင်းသဘော၊

ဒီသဘောတရား ၂–ပါးကိုတော့ အတိုင်းမသိတဲ့ သတ္တဝါပညတ်ကို အာရုံပြု–လို့ ဖြစ်တတ်တဲ့အတွက် အပ္ပမညာ–လို့ ခေါ်ပါတယ်။

ပညိန္ဒြေစေတသိက်တစ်ပါး

ပညိန္ဒြေ–ဆိုတာက ပညာစေတသိက်ပဲ ဖြစ်ပါတယ်၊ အဲဒီပညာစေတသိက်ကို သိမှုကိစ္စမှာ အစိုးတရဖြစ်တတ်တဲ့အတွက် ပညိန္ဒြေ–လို့ ဆိုထားပါတယ်၊ ဒီပညိန္ဒြေ စေတသိက်ကိုပဲ အမောဟလို့လဲ ခေါ်ပါတယ်၊ ဉာဏ–လို့လဲ ခေါ်ပါတယ်၊ ဝိဇ္ဇာ–လို့လဲ ခေါ်ပါတယ်။

http://www.dhammadownload.com

အဖြေခံမှတ်ဖွယ်

စိတ်ကို အကုသိုလ်စိတ်, အဟိတ်စိတ်, သောဘနစိတ်–လို့ ၃–မျိုး စဉ်ထားပါ။

အညသမာန်း, အကုသိုလ်, သောဘန–လို့ စေတသိက်အုပ်စု ၃–ခုအနက် အညသမာန်းစေတသိက်များတာ အကုသိုလ်စိတ်မှာရော, အဟိတ်စိတ်မှာရော, သောဘနစိတ်မှာရော ယှဉ်ကြပါတယ်။

အကုသိုလ်စေတသိက်တွေက အကုသိုလ်စိတ်မှာသာ ယှဉ်ကြပါတယ်။

သောဘနစေတသိက်တွေက သောဘနစိတ်မှာသာ ယှဉ်ကြပါတယ်။

ဒါ့ကြောင့်–

အကုသိုလ်စိတ်မှာ အညသမာန်းစေတသိက် ၁၃–ပါး, အကုသိုလ်စေတသိက် ၁၄–ပါး= ပေါင်း ၂၇–ပါးတို့ ထိုက်သင့်သလို ယှဉ်ကြပါတယ်။

အဟိတ်စိတ်မှာ အညသမာန်းစေတသိက်တို့ ထိုက်သင့်သလို ယှဉ်ကြပါတယ်။

သောဘနစိတ်မှာ အညသမာန်းစေတသိက် ၁၃–ပါး, သောဘနစေတသိက် ၂၅–ပါး= ပေါင်း စေတသိက် ၃၈–ပါးတို့ ထိုက်သင့်သလို ယှဉ်ကြပါတယ်။

နိယတယောဂီ, အနိယတယောဂီ

မိမိတို့ရဲ့ ယှဉ်ဘက်စိတ် ဖြစ်တိုင်းဖြစ်တိုင်း အမြဲယှဉ်ကာ–လိုက်ပါနေတဲ့ စေတသိက်များကို နိယတယောဂီ–လို့ ခေါ်ပါတယ်။ [နိယတ–အမြဲ+ယောဂီ–ယှဉ်လေ့ရှိသော စေတသိက်။]

မိမိတို့ရဲ့ ယှဉ်ဘက်စိတ် ဖြစ်တိုင်းဖြစ်တိုင်း အမြဲယှဉ်ကာ ပါမလာဘဲ တစ်ရံတစ်ခါမှာသာ ယှဉ်တဲ့စေတသိက်တို့ကို အနိယတယောဂီ–လို့ ခေါ်ပါတယ်။ [အ+နိယတယောဂီ–အမြဲယှဉ်လေ့ရှိသည်မဟုတ်သော စေတသိက်။]

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတိ–၃, အပ္ပမညာ–၂, မာန, ထိန, မိဒ္ဓ၊ ဒီ စေတသိက် ၁၁–ပါးက အနိယတယောဂီ မည်ပါတယ်, ကျန်စေတသိက် ၂၈–ပါးက နိယတယောဂီ မည်ပါတယ်။

အနိယတယောဂီစေတသိက် ၁၁–ပါးကို နာနာကဒါစိကစေတသိက်, ကဒါစိစေတသိက်, သဟကဒါစိကစေတသိက်–လို့ ၃–မျိုး ခွဲပြပါ့မယ်။

နာနာကဒါစိကစေတသိက် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတိ ၃–ပါး, အပ္ပမညာ ၂–ပါး၊ ဒီစေတသိက် ၅–ပါးတို့က နာနာကဒါစိကစေတသိက်တို့ မည်ကြပါတယ်။ [နာနာ–အသီးအသီး+ ကဒါစိ–တစ်ရံတစ်ခါမှာသာ ယှဉ်တဲ့စေတသိက်။]

http://www.dhammadownload.com

ဣသာ, မစ္ဆရိယ, ကုက္ကုစ္စစေတသိက်တို့က ဒေါသမူစိတ်မှာ ယှဉ်ကြပါတယ်၊ ဒါပေမယ့် ဒေါသမူစိတ်ဖြစ်တိုင်းတော့ မပါကြပါ၊ ငြူစူမှု, ဝန်တိုမှု, နောင်တပူပန်မှု ဖြစ်တဲ့အခါမျိုးမှာ တစ်ရံတစ်ခါသာ ပါဝင်နိုင်ကြပါတယ်။

အဲဒီလိုပါဝင်တဲ့ အခါမှာလဲ ဣသာက သူများစည်းစိမ်ကို အာရုံပြုပါတယ်၊ မစ္ဆရိယက ကိုယ့်စည်းစိမ်ကို အာရုံပြုပါတယ်၊ ကုက္ကုစ္စက ပြုပြီးဒုစရိုက်, မပြုမိတဲ့ သုစရိုက်ကို အာရုံပြုပါတယ်၊ တစ်ပါးနှင့်တစ်ပါး အာရုံမတူကြပါ၊ (ဧကာလမ္ဗဏ မဖြစ်နိုင်ကြပါ၊) ဒါ့ကြောင့် အတူတကွ မပါဝင်နိုင်ပါ၊ မိမိတို့ဆိုင်ရာအာရုံကို အာရုံပြုခိုက် တစ်ပါးစီသာ ပါဝင်နိုင်ပါတယ်။

ဒါ့အပြင်– ဝိရတီနှင့်အပ္ပမညာတို့က မဟာကုသိုလ်စိတ်မှာ ယှဉ်ကြပေမယ့် မဟာကုသိုလ်စိတ်ဖြစ်တိုင်း မယှဉ်နိုင်ကြပါ၊ ဒုစရိုက် ဒုရာဇိဝတို့က ရောင်ကြဉ်တဲ့ အခါမျိုး, သတ္တဝါပညတ်ကို အာရုံပြုတဲ့အခါမျိုးမှာသာ ယှဉ်နိုင်ကြပါတယ်၊ ဘုရားဖူး, တရားနာ–စတဲ့ အခါမျိုးမှာ မယှဉ်နိုင်ကြပါ။

အဲဒီလိုယှဉ်တဲ့အခါမှာလဲ ဝိရတိက ဝိတိက္ကမိတပ္ပဝတ္ထုကို အာရုံပြုပါတယ်၊ အပ္ပမညာက သတ္တဝါပညတ်ကို အာရုံပြုပါတယ်၊ အချင်းချင်း အာရုံမတူကြပါ၊ ဧကာလမ္ဗဏ မဖြစ်ကြပါ၊ ဒါ့ကြောင့် အတူတကွ မယှဉ်နိုင်ကြပါ၊ ဆိုင်ရာအာရုံကို အာရုံပြုခိုက် တစ်ပါးစီသာ ယှဉ်ကြရပါတယ်။

ဝိရတိချင်း အတူမယှဉ်နိုင်ပုံနှင့် အပ္ပမညာချင်း အတူမယှဉ်နိုင်ပုံကို သောဘန စေတသိက်တို့ စိတ်မှာယှဉ်ပုံအခန်း(၁၂၅)ကို ရောက်မှ ပြောပြပါတော့မယ်။

ကဒါစိစေတသိက် မာနက ကဒါစိစေတသိက် မည်ပါတယ်၊ မာနက ဒိဋ္ဌဂတ ဝိပ္ပယုတ်စိတ်မှာ ယှဉ်ပေမယ့် ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်ဖြစ်တိုင်း မယှဉ်နိုင်ပါ၊ ငါအမြတ်ဆုံး ငါအတော်ဆုံး–စသည်ဖြင့် ထောင်လွှားတက်ကြွတဲ့ အခါမျိုးမှာသာ ယှဉ်နိုင်ပါတယ်။

ဩဟကဒါစိစေတသိက် ထိန, မိဒ္ဓက ဩဟကဒါစိစေတသိက် ဖြစ်ပါတယ်၊ ထိန, မိဒ္ဓက အကုသိုလ်သဿခံရိကစိတ် ၅–ပါးမှာ ယှဉ်ပေမယ့် အမြဲယှဉ်နေတာ မဟုတ်ပါ၊ ထိုထိုအမှုမှာ မကောင်းတဲ့အနေနဲ့ဖြစ်ရာ တစ်ရံတစ်ခါမှာသာ ယှဉ်နိုင်ပါတယ်၊ အဲဒီလို ယှဉ်တဲ့အခါမှာလဲ ၂–ပါးမခွဲ တစ်တွဲတည်းပဲ ယှဉ်နိုင်ကြပါတယ်။

http://www.dhammadownload.com

စိတ်မလန်းဘဲ ခပ်ထိုင်းထိုင်းဖြစ်နေမှုက ထိန-မည်ပါတယ်၊ ယှဉ်ဘက် စေတသိက်တွေ မလန်းဘဲ ခပ်ထိုင်းထိုင်းဖြစ်နေမှုက မိဒ္ဓ-မည်ပါတယ်၊ ဒါ့ကြောင့် စိတ်နှင့် စေတသိက်များကို ခွဲခြားလို့ မရသလို ထိနနှင့်မိဒ္ဓကိုလဲ ခွဲခြားလို့ မရစကောင်းပါ၊ ဒါ့ကြောင့် အတူတကွ ယှဉ်ရပါတယ်။

အညသမာန်းစေတသိက်တို့ စိတ်မှာယှဉ်ပုံ

	ကြဉ်	ယှဉ်	ပေါင်း
၁။ သဗ္ဗစိတ္တ၊ သာမာရ၊ ယှဉ်ကြလုံးစုံမှာ။	မရှိ	၁၉	၁၉
၂။ ဝိတက် ပဉ်ဝိ၊ ဈာန်ဒုတိ၊ စရှိကြဉ်လေပါ။	၆၆	၅၅	၁၂၁
၃။ ဝိစာ ပဉ်ဝိ၊ ဈာန်တတိ၊ စရှိကြဉ်လေပါ။	၅၅	၆၆	၁၂၁
၄။ အဓိ ဝိစိ၊ ပဥ္စဝိ၊ ကြဉ်ဘိဆယ့်တစ်သာ။	၁၁	၇၈	၁၉
၅။ ဝိရိ အဟိတ်၊ ဝိပါက်စိတ်၊ ပဉ်စိတ်ကြဉ်လေပါ။	၁၆	၇၃	၁၉
၆။ ဝိ စတုတ္ထ၊ ဈာန်ကြဉ်ရ၊ သောမနသ်မှာ-ယှဉ်ရပါ။	၇၀	၅၁	၁၂၁
၇။ ဆန် မောဟမူ၊ အဟိတ်ဟူ၊ မှတ်ယူကြဉ်စရာ။	၂၀	၆၉	၁၉

၁။ သဗ္ဗစိတ္တ၊ သာမာရ၊ ယှဉ်ကြလုံးစုံမှာ။

သဗ္ဗစိတ္တသာမာရဏာစေတသိက် ၇-ပါးတို့က စိတ်အားလုံးမှာ ယှဉ်ကြတယ်၊ မယှဉ်တဲ့စိတ်-လို့ မရှိ။

၂။ ဝိတက် ပဉ်ဝိ၊ ဈာန်ဒုတိ၊ စရှိကြဉ်လေပါ။

ဝိတက်က ဒွေးပဉ္စဝိညာဉ်-၁၀, ဒုတိယဈာန်စိတ် ၁၁-ပါး, တတိယဈာန်စိတ် ၁၁-ပါး, စတုတ္ထဈာန်စိတ် ၁၁-ပါး, ပဉ္စမဈာန်စိတ် ၂၃-ပါး= ပေါင်း ၆၆-ပါးသောစိတ်တို့မှာ မယှဉ်ပါ။

ဒွေးပဉ္စဝိညာဉ် ၁၀-ကြဉ်သော ကာမစိတ် ၄၄-ပါး, ပထမဈာန်စိတ် ၁၁-ပါး= ပေါင်း ၅၅-ပါးသော စိတ်တို့မှာ ယှဉ်ပါတယ်။

၃။ ဝိစာ ပဉ်ဝိ၊ ဈာန်တတိ၊ စရှိကြဉ်လေပါ။

ဝိစာရက ဒွေးပဉ္စဝိညာဉ်-၁၀, တတိယဈာန်စိတ် ၁၁-ပါး, စတုတ္ထဈာန်စိတ် ၁၁-ပါး, ပဉ္စမဈာန်စိတ် ၂၃-ပါး= ပေါင်း ၅၅-ပါးသောစိတ်တို့မှာ မယှဉ်ပါ။

http://www.dhammadownload.com

ဒွေးပဋ္ဌဝိညာဉ် ၁၀-ကြဉ်သော ကာမစိတ် ၄၄-ပါး, ပထမစျာန်စိတ် ၁၁-ပါး, ဒုတိယစျာန်စိတ် ၁၁-ပါး= ပေါင်း ၆၆-ပါသော စိတ်တို့မှာ ယှဉ်ပါတယ်။

၄။ အဓိ ဝိစိ၊ ပဋ္ဌဝိ၊ ကြဉ်ဘိဆယ့်တစ်သာ။

အဓိမောက္ခက ဝိစိကိစ္စာသဟဂုတ်စိတ် ၁-ပါး, ဒွေးပဋ္ဌဝိညာဉ်-၁၀= ပေါင်း ၁၁-ပါးသော စိတ်တို့မှာ မယှဉ်ပါ။

ဝိစိကိစ္စာသဟဂုတ်စိတ်မှတစ်ပါး အကုသိုလ်စိတ် ၁၁-ပါး, ဒွေးပဋ္ဌဝိညာဉ် ၁၀-ကြဉ်သော အဟိတ်စိတ် ၈-ပါး, သောဘနစိတ် ၅၉-ပါး= ပေါင်း ၇၈-ပါးသော စိတ်တို့မှာ ယှဉ်ပါတယ်။

၅။ ဝိရိ အဟိတ်၊ ဝိပါက်စိတ်၊ ပဉ်စိတ်ကြဉ်လေပါ။

ဝိရိယက အဟိတ်ဝိပါက်စိတ် ၁၅-ပါး, ပဋ္ဌဒွါရာဝဇ္ဇန်းစိတ်တစ်ပါး= ပေါင်း ၁၆-ပါးသော စိတ်တို့မှာ မယှဉ်ပါ။

အကုသိုလ်စိတ် ၁၂-ပါး, မနောဒွါရာဝဇ္ဇန်းစိတ်တစ်ပါး, ဟသိတုပ္ပာဒ်စိတ်တစ်ပါး, သောဘနစိတ် ၅၉-ပါး= ပေါင်း ၇၃-ပါးသော စိတ်တို့မှာ ယှဉ်ပါတယ်။

၆။ ပီ စတုတ္ထ၊ စျာန်ကြဉ်ရ၊ သောမနသ်မှာ-ယှဉ်ရပါ။

ပီတိက စတုတ္ထစျာန်စိတ် ၁၁-ပါး, ဒုက္ခသဟဂုတ်စိတ်တစ်ပါး, သုခသဟဂုတ်စိတ်တစ်ပါး, ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး= ပေါင်း ၇၀-သော စိတ်တို့မှာ မယှဉ်ပါ။

စတုတ္ထစျာန် ၁၁-ပါးကြဉ်သောမနဿသဟဂုတ်စိတ် ၅၁-ပါးမှာ ယှဉ်ပါတယ်၊ ကာမာဝစရသောမနဿသဟဂုတ်စိတ် ၁၈-ပါး, ပထမစျာန်စိတ် ၁၁-ပါး, ဒုတိယစျာန်စိတ် ၁၁-ပါး, တတိယစျာန်စိတ် ၁၁-ပါး= ပေါင်း ၅၁-ပါးသော စိတ်တို့မှာ ယှဉ်တယ်-လို့ ဆိုလိုပါတယ်။

၇။ ဆန် မောဟမူ၊ အဟိတ်ဟူ၊ မှတ်ယူကြဉ်စရာ။

ဆန္နက မောဟမူစိတ် ၂-ပါး, အဟိတ်စိတ် ၁၈-ပါး= ပေါင်း ၂၀-သော စိတ်တို့မှာ မယှဉ်ပါ။

လောဘမူစိတ် ၈-ပါး, ဒေါသမူစိတ် ၂-ပါး, သောဘနစိတ် ၅၉-ပါး= ပေါင်း ၆၉-ပါးသော စိတ်တို့မှာ ယှဉ်ပါတယ်။

http://www.dhammadownload.com

အဟိတ်စိတ်မှာ စေတသိက်ယှဉ်ပုံ

အညသမာန်းစေတသိက်	အကုသိုလ်ဖြစ်ခြင်း	ဒေါသမူလစိတ်နှစ်ပါး	လောဘမူလစိတ်ရှစ်ပါး	မောဟမူလစိတ်နှစ်ပါး	ဟသိတုကစိတ်ဆယ်ပါး	စိတ်ပေါင်း
၁။ သဗ္ဗစိတ္တသာဓာရဏာ	၇	။	။	။	။	။	၁၈
၂။ ဝိတက်, ဝိစာရ, အဓိမောက္ခ	၃		။	။	။	။	၈
၃။ ဝီရိယ	၁				။	။	၂
၄။ ပီတိ	၁			။		။	၂
စေတသိက်ပေါင်း	၁၂	၇	၁၀	၁၁	၁၁	၁၂	✪

အဟိတ်စိတ်မှာ အညသမာန်းစေတသိက်တို့ ထိုက်သည်အားလျော်စွာ ယှဉ်ကြတယ်–လို့ ပြောလာခဲ့ပါတယ်၊ ပြီးတော့ကာ အညသမာန်းစေတသိက်တွေက အသီးအသီး စိတ်မှာယှဉ်ပုံကိုလဲ ပြောပြလာခဲ့ပါတယ်၊ ဒီလောက်နဲ့ပဲ အဟိတ်စိတ်တစ်ခုတစ်ခုမှာ စေတသိက်ယှဉ်ပုံကို ဝေဖန်သိမြင်နိုင်လောက်ပါတယ်။

ကိုင်း ဒီတော့ ဝေဖန်ကြည့်ကြစို့ရဲ့၊ အဟိတ်စိတ်မှာ ဆန္ဒကြဉ်တဲ့ အညသမာန်းစေတသိက် ၁၂–ပါး‌တို့ ယှဉ်နေပါတယ်၊ အဲဒီ ၁၂–ပါး‌ထဲက–

၁။ သဗ္ဗစိတ္တသာဓာရဏာစေတသိက်တို့ အဟိတ်စိတ် အကုန်လုံးမှာ ယှဉ်နိုင်ပါတယ်၊ ဒါ‌ကြောင့် အဲဒီ သဗ္ဗစိတ္တသာဓာရဏာစေတသိက် ၇–ပါး‌ကို ပါဠိလို သဗ္ဗာဟေတုကယောဂီ–လို့ ခေါ်ပါတယ်၊ မြန်မာလိုတော့ အဟိတ်စိတ်အကုန်လုံးမှာ ယှဉ်နေတဲ့စေတသိက်–လို့ ဆိုလိုပါတယ်။ [သဗ္ဗာဟေတုက–အဟိတ်စိတ်အကုန်လုံးမှာ+ယောဂီ–ယှဉ်နေတဲ့ စေတသိက်။]

ဓေယျပထမအက္ခက်ကို လက်ဝဲ–လက်ယာ ရှုပါ၊ သဗ္ဗစိတ္တသာဓာရဏာစေတသိက် ၇–ပါး‌တို့က အဟိတ်စိတ် ၁၈–ပါး‌မှာ ယှဉ်တယ်–ဆိုတာကို တွေ့ရပါလိမ့်မယ်။

၂။ ဝိတက်, ဝိစာရ, အဓိမောက္ခ၊ ဒီစေတသိက် ၃–ပါး‌ကတော့ ဒွေးပဉ္စဝိညာဉ် ၁၀–မှတစ်ပါး အဟိတ်စိတ် ၈–ပါး‌မှာ ယှဉ်ပါတယ်၊ ဒုတိယဓေယျကွက်ကို လက်ဝဲ–လက်ယာ ရှုပါ။

http://www.dhammadownload.com

၃။ ဝိရိယကတော့ မနောဒွါရာဝဇ္ဇန်းနှင့် ဟသိတုပ္ပာဒ်စိတ် ၂-ပါးမှာသာ ယှဉ်ပါတယ်၊ တတိယဈာန်ကွက်ကို ရှုပါ။

၄။ ပီတိက သောမနဿသန္ဓိ ရဏနှင့် ဟသိတုပ္ပာဒ်စိတ် ၂-ပါးမှာသာ ယှဉ်ပါတယ်၊ စတုတ္ထဈာန်ကွက်ကို ရှုပါ။

ဒီလောက်နဲ့ပဲ အညသမာန်း စေတသိက်တို့ အဟိတ်စိတ်မှာ ထိုက်သည့် အားလျော်စွာ ယှဉ်ပုံကို ပြပြီးဖြစ်ပါတော့တယ်။

ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝိရိယ, ပီတိ-ဆိုတဲ့ ဒီစေတသိက် ၅-ပါးကတော့ အဟိတ်စိတ် အချို့အဝက်မှာသာ ယှဉ်ကြပါတယ်၊ ဒါ့ကြောင့် ဒီစေတသိက် ၅-ပါးကို ပါဠိလို အဟေတုကဝိသေသကစေတသိက်များလို့ ခေါ်ကြပါတယ်၊ မြန်မာလိုကတော့ အဟိတ်စိတ်ချင်း ထူးခြားကွဲပြားအောင် လုပ်ပေးတတ်တဲ့ စေတသိက်တွေ-လို့ ဆိုလိုပါတယ်။ [အကုသိုလ်နှင့် သောဘနစိတ်တွေမှာလဲ ဒီလိုပဲ ရထိုက်သလို ၂-မျိုးခွဲရမှာ ဖြစ်ပါတယ်။]

ဒီစေတသိက်တွေက ထူးခြားအောင် လုပ်ပေးလိုက်တဲ့အတွက်– (ဈာန်မှာ အပေါ်ခေါင်းစီးနှင့် အောက်အမှတ်ရှိရာကို ကြည့်သွားပါ။)

၁။ ဒွေးပဥ္စဝိညာဉ် ၁၀-မှာ သမ္မစိတ္တသာဓာရဏ စေတသိက် ၇-ပါးသာ ယှဉ်ပါတယ်။

၂။ သမ္မဋ္ဌိဿိုင်း-၂ ဥပေက္ခာသန္ဓိ ရဏ-၂ ပဉ္စဒွါရာဝဇ္ဇန်း-၁၊ ဒီစိတ် ၅-ပါးမှာ သမ္မစိတ္တသာဓာရဏစေတသိက် ၇-ပါး, ဝိတက်, ဝိစာရ, အဓိမောက္ခ အားဖြင့် စေတသိက် ၁၀-ပါး ယှဉ်ပါတယ်။

၃။ သောမနဿသန္ဓိ ရဏမှာ သမ္မစိတ္တသာဓာရဏစေတသိက် ၇-ပါး, ဝိတက်, ဝိစာရ, အဓိမောက္ခ, ပီတိအားဖြင့် ၁၁-ပါး ယှဉ်ပါတယ်။

၄။ မနောဒွါရာဝဇ္ဇန်းမှာ သမ္မစိတ္တသာဓာရဏစေတသိက် ၇-ပါး, ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝိရိယအားဖြင့် ၁၁-ပါး ယှဉ်ပါတယ်။

၅။ ဟသိတုပ္ပာဒ်မှာ ဆန္ဒကြဉ်တဲ့ အညသမာန်းစေတသိက် ၁၂-ပါး ယှဉ်ပါတယ်။

ဒီသဘောတရား ၅-ချက် ပေါ်ထွက်လာရပါတော့တယ်။

ထို့ပြင် ဈာန်ကိုရှုလျက် အဟိတ်စိတ် ၁၈-ပါးမှာ ယှဉ်သောစေတသိက်, အဟိတ်စိတ် ၈-ပါးမှာသာ ယှဉ်သောစေတသိက်, အဟိတ်စိတ် ၂-ပါးမှာသာ ယှဉ်သော စေတသိက်ကို ယှဉ်ရာစိတ်နှင့် တွဲစပ်၍ ရေတွက်ကြည့်ပါ။

http://www.dhammadownload.com

အဟိတ်စိတ်, သဟိတ်စိတ်

ဒီစိတ်မှာ ဟိတ်အမည်ရတဲ့ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟတို့ မယှဉ်ကြပါ၊ ဒီလိုယှဉ်ဘက်ဟိတ် မရှိတဲ့အတွက် ဒီစိတ်ကို အဟိတ်စိတ်လို့ ခေါ်ရပါတယ်၊ ကျန်တဲ့စိတ် ၇၁-ပါးကိုတော့ ထိုက်သည်အားလျော်စွာ ဟိတ်တစ်ပါး, ၂-ပါး, ၃-ပါးတို့နှင့် ယှဉ်ကြတဲ့အတွက် သဟိတ်စိတ်-လို့ ခေါ်ရပါတယ်။

အကုသိုလ်စေတသိက်များ စိတ်မှာယှဉ်ပုံ

၁။ မော အ အ ဥ၊ ဤလေးခု၊ အကုလုံးစုံမှာ။
၂။ လောဘကမူ၊ လောဘမူ၊ မုတ်ယူရှစ်တွင်သာ။
၃။ ဒိ-က သမွ၊ မာ ဝိပွ၊ ယှဉ်ရလေးစီသာ။
၄။ ဒေါ ဣသ် မစ် ကုက်၊ ဒေါစတုက်၊ မယုတ်ဒေါမှာသာ။
၅။ ထိနမိဒ္ဓ၊ သသန်၊ ယှဉ်ရငါးမှာသာ။
၆။ ဟောက်လာဝိစိ၊ စိတ်ဝိစိ၊ ယှဉ်ဘိတစ်မှာသာ။

၁။ မော အ အ ဥ၊ ဤလေးခု၊ အကုလုံးစုံမှာ။

မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ၊ ဒီစေတသိက် ၄-ပါးတို့ကို ပါဠိလို သမ္မာကုသလသာဓာရဏစေတသိက်-လို့ ခေါ်ကြပါတယ်၊ မြန်မာလိုတော့ အကုသိုလ်စိတ် ၁၂-ပါးလုံးမှာ ယှဉ်နိုင်တဲ့ စေတသိက်များ-လို့ ဆိုလိုပါတယ်။

၂။ လောဘကမူ၊ လောဘမူ၊ မုတ်ယူရှစ်တွင်သာ။

လောဘစေတသိက်ကတော့ လောဘမူစိတ် ၈-ပါးမှာသာ ယှဉ်ပါတယ်။

၃။ ဒိ-က သမွ၊ မာ ဝိပွ၊ ယှဉ်ရလေးစီသာ။

ဒိဋ္ဌိက ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄-ပါးမှာသာ ယှဉ်ပါတယ်၊ မာနက ဒိဋ္ဌိဂတဝိပွယုတ်စိတ် ၄-ပါးမှာသာ ယှဉ်ပါတယ်။

၄။ ဒေါ ဣသ် မစ် ကုက်၊ ဒေါစတုက်၊ မယုတ်ဒေါမှာသာ။

ဒေါသ, ဣသာ, မစ္ဆရိယ, ကုက္ကုစ္စ၊ ဒီစေတသိက် ၄-ပါးတို့ကို ဒေါစတုက်-လို့ ခေါ်ပါတယ်၊ ဒေါသမူစိတ် ၂-ပါးမှာသာ ယှဉ်ကြပါတယ်။

http://www.dhammadownload.com

၅။ ထိနမိဒ္ဓ၊ သသန်၊ ယှဉ်ရင်းမှာသာ။

ထိနမိဒ္ဓစေတသိက် ၂-ပါးက အကုသိုလ်သသန်ဂါရိကစိတ် ၅-ပါး မှာသာ ယှဉ်ပါတယ်။

၆။ နောက်လာဝိစိ၊ စိတ်ဝိစိ၊ ယှဉ်ဘိတစ်မှာသာ။

ဝိစိကိစ္ဆာစေတသိက်က ဝိစိကိစ္ဆာစိတ်တစ်ခုမှာသာ ယှဉ်ပါတယ်။

အကုသိုလ်စိတ်မှာ စေတသိက်ယှဉ်ပုံ

အကုသိုလ်စိတ်မှာ အညသမာန်းစေတသိက် ၁၃-ပါး, အကုသိုလ်စေတသိက် ၁၄-ပါး= ပေါင်း စေတသိက် ၂၇-ပါးတို့ ထိုက်သည်အားလျော်စွာ ယှဉ်ကြတယ်လို့ ပြောလာခဲ့ပါတယ်။

အညသမာန်းစေတသိက်တွေ, အကုသိုလ်စေတသိက်တွေက အသီးအသီး စိတ်မှာယှဉ်ပုံကိုလဲ ပြောပြလာခဲ့ပါတယ်။

ဒီတော့ အခုပဲ ဝေဖန်ကြည့်ကြပါစို့၊ အကုသိုလ်စိတ်မှာ ထိုက်သည်အား လျော်စွာ ယှဉ်နေတဲ့ စေတသိက် ၂၇-ပါးထဲက–

၁။ အဓိမောက္ခ, ပီတိ, ဆန္ဒကြောင့် အညသမာန်းစေတသိက်-၁၀, သဗ္ဗာကုသလ သာဓာရဏစေတသိက် ၄-ခု၊ ဒီစေတသိက် ၁၄-ခုတို့ကို ပါဠိလို သဗ္ဗာကုသလယောဂီစေတသိက်-လို့ ခေါ်ပါတယ်၊ မြန်မာလိုတော့ အကုသိုလ်စိတ် အကုန်လုံးမှာ ယှဉ်နေတဲ့ စေတသိက်များ-လို့ ဆိုလိုပါတယ်။

၂။ ကျန်နေတဲ့ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ကုက္ကုစ္စ, အဓိမောက္ခ, ဆန္ဒ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ၊ ဒီစေတသိက် ၁၃-ပါးကို ပါဠိလို အကုသလဝိသေသကစေတသိက်-လို့ ခေါ်ပါတယ်၊ မြန်မာလိုကတော့ အကုသိုလ်စိတ်တွေကို ကွဲပြားထူးခြားအောင် ပြုလုပ်ပေးတတ်တဲ့ စေတသိက်များ-လို့ ဆိုလိုပါတယ်။

အနည်းငယ် ရှင်းပြပါဦးမယ်၊ ---ပီတိ, လောဘ, ဒိဋ္ဌိ, မာနတို့က လောဘမူစိတ်မှာသာယှဉ်ပြီး ဒေါသမူ, မောဟမူစိတ်များမှာ မယှဉ်ပါ၊ အဲဒီလို ပီတိ, လောဘ, ဒိဋ္ဌိ, မာနတို့ရဲ့ ယှဉ်မှု-မယှဉ်မှုကြောင့်ပဲ လောဘမူစိတ်က ဒေါသမူ မောဟမူစိတ်တို့မှ ကွဲပြားထူးခြားလာရပါတယ်။

ဒေါသ, ကုက္ကုစ္စတို့က ဒေါသမူစိတ်မှာသာ ယှဉ်ပြီး လောဘမူ မောဟမူစိတ်တွေမှာ မယှဉ်ပါ၊ အဲဒီလို ဒေါသ, ကုက္ကုစ္စတို့ရဲ့ ယှဉ်မှု-မယှဉ်မှုကြောင့်ပဲ ဒေါသမူစိတ်က လောဘမူ မောဟမူစိတ်တို့မှ ကွဲပြားထူးခြားလာရပါတယ်။

http://www.dhammadownload.com

အဓိမောက္ခ, ဆန္ဒ, ထိန, မိဒ္ဓတို့က လောဘမူနှင့် ဒေါသမူစိတ်မှာသာ ယှဉ်ပြီး မောဟမူစိတ်မှာ မယှဉ်ပါ၊ အဲဒီလို အဓိမောက္ခ, ဆန္ဒ, ထိန, မိဒ္ဓ-တို့ရဲ့ ယှဉ်မှု-မယှဉ်မှုကြောင့် လောဘမူ ဒေါသမူစိတ်များက မောဟမူစိတ်မှ ကွဲပြားထူးခြားလာရပါတယ်။

ဝိစိကိစ္ဆာကတော့ မောဟမူသာမှာသာ ယှဉ်ပြီး လောဘမူ ဒေါသမူတို့မှာ မယှဉ်ပါ၊ အဲဒီလို ဝိစိကိစ္ဆာရဲ့ ယှဉ်မှု-မယှဉ်မှုကြောင့် မောဟမူစိတ်က လောဘမူ ဒေါသမူစိတ်များမှ ကွဲပြားထူးခြားလာရပါတယ်။

ဒီအခြေခံသဘောကို ပိုင်နိုင်လို့ရှိရင် လောဘမူစိတ်မှာ စေတသိက်ယှဉ်ပုံ, ဒေါသမူစိတ်မှာ စေတသိက်ယှဉ်ပုံ, မောဟမူစိတ်မှာ စေတသိက်ယှဉ်ပုံတွေကို တစ်ခုပြီးတစ်ခု ဆက်လက်လေ့လာနိုင်ပါပြီ။

လောဘမူစိတ်မှာ စေတသိက်ယှဉ်ပုံ

အညသမာန်းစေတသိက် ၁၃-ပါး, သဗ္ဗာကုသလသာဓာရဏစေတသိက် ၄-ပါး, လောဘ, ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓ၊ ဒီစေတသိက် ၂၂-ပါးတို့က လောဘမူစိတ်မှာ ထိုက်သည့်အားလျော်စွာ ယှဉ်ကြပါတယ်။

စေတသိက်-၂၂	လောဘမူစိတ်	လောဘမူစိတ်	လောဘမူစိတ်	လောဘမူစိတ်	ဥပေက္ခာမူစိတ်	ဥပေက္ခာမူစိတ်	ဥပေက္ခာမူစိတ်	ဥပေက္ခာမူစိတ်	စိတ်ပေါင်း
သဗ္ဗလောဘမူလယောဂီ ၁၇	။	။	။	။	။	။	။	။	၈
ပီတိ ၁	။	။	။	။					၄
ဒိဋ္ဌိ ၁	။	။			။	။			၄
မာန ၁			။	။			။	။	၄
ထိနမိဒ္ဓ ၂		။		။		။		။	၄
စေတသိက်ပေါင်း ၂၂	၁၉	၂၁	၁၉	၂၁	၁၈	၂၀	၁၈	၂၀	✪

အဲဒီ ၂၂-ပါးထဲက ပီတိကြွင်အညသမာန်းစေတသိက် ၁၂-ပါး, သဗ္ဗာကုသလသာဓာရဏစေတသိက် ၄-ပါး, လောဘ၊ ဒီစေတသိက် ၁၇-ပါးတို့က သဗ္ဗလောဘ

http://www.dhammadownload.com

မူလယောဂီစေတသိက်တို့ မည်ကြပါတယ်၊ လောဘမူစိတ် ၈-ပါးလုံးမှာ ယှဉ်နေကြပါတယ်၊ ဇယားကိုလဲ ရှုပါ။

ပီတိ, ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓ-စေတသိက် ၅-ပါးတို့က လောဘမူလဝိသေသက စေတသိက်တို့ မည်ကြပါတယ်၊ လောဘမူစိတ်ချင်း ကွဲပြားထူးခြားအောင် ပြုလုပ်ပေးတတ်ကြပါတယ်။

ပီတိက သောမနဿသဟဂုတ်စိတ်မှာသာ ယှဉ်ပါတယ်၊ ဥပေက္ခာသဟဂုတ်စိတ်မှာ မယှဉ်ပါ၊ ဇယားကိုလဲ ရှုပါ။

ဒိဋ္ဌိက သမ္ပယုတ်မှာသာ ယှဉ်ပါတယ်၊ ဝိပ္ပယုတ်မှာ မယှဉ်ပါ၊ ဇယားကိုလဲ ရှုပါ။

မာနက ဝိပ္ပယုတ်မှာသာ ယှဉ်ပါတယ်၊ သမ္ပယုတ်မှာ မယှဉ်ပါ၊ မာနက ကဒါစိစေတသိက်ဖြစ်ကြောင်းကိုလဲ သတိပြုပါ။

ထိန, မိဒ္ဓက သသင်္ခါရိကစိတ်မှာသာ ယှဉ်ပါတယ်၊ အသင်္ခါရိကစိတ်မှာ မယှဉ်ပါ၊ ထိန, မိဒ္ဓက သဟကဒါစိစေတသိက်ဖြစ်ကြောင်းကိုလဲ သတိပြုပါ။

ဒါ့ကြောင့် သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်မှာ သဗ္ဗလောဘမူလယောဂီစေတသိက် ၁၇-ပါး, ပီတိ, ဒိဋ္ဌိ၊ ဒီစေတသိက် ၁၉-ပါး ယှဉ်ပါတယ်၊ သသင်္ခါရိကစိတ်မှာ ထိနမိဒ္ဓထည့် ၂၁-ပါးယှဉ်ပါတယ်၊ ဇယားမှာ အပေါ်ခေါင်းစီးရဲ့အောက် ပုဒ်မအမှတ်က ညွှန်ပြရာကို ကြည့်သွားပါ၊ အောက်မှာ အပေါင်းသချာကို ပြထားပါတယ်၊ နောက်စိတ်များနှင့် စပ်လျဉ်းလို့လဲ ဒီသဘော အတိုင်းပဲ ဖြစ်ပါတယ်။

လောဘမူစိတ် ၈-ပါးက ဒွိဟိတ်မည်ပုံ

ဒီစိတ်မှာ လောဘ, မောဟဆိုတဲ့ ဟိတ် ၂-ပါး ယှဉ်ပါတယ်၊ ဒါ့ကြောင့် လောဘမူစိတ် ၈-ပါးကို ဒွိဟိတ်စိတ်-လို့ ခေါ်ရပါတယ်။

ဒေါသမူစိတ်မှာ စေတသိက်ယှဉ်ပုံ

စေတသိက် - ၂၂-ပါး		ဒေါသမူလဝိသေသ	ဒေါသမူလဝိသေသ	စိတ်ပေါင်း
သဗ္ဗဒေါသမူလယောဂီစေတသိက်	၂၀	။	။	၂
ထိန မိဒ္ဓ	၂		။	၁
စေတသိက်ပေါင်း	၂၂	၂၀	၂၂	✪

http://www.dhammadownload.com

ဒေါသမူစိတ်မှာ ပီတိကြဉ် အညသမာန်း စေတသိက် ၁၂-ပါး, သဗ္ဗာကုသလယောဂီစေတသိက် ၄-ပါး, ဒေါစတုက် ၄-ပါး, ထိန,မိဒ္ဓ၊ ဒီစေတသိက် ၂၂-ပါးတို့ ထိုက်သည်အားလျော်စွာ ယှဉ်ကြပါတယ်။

အဲဒီ ၂၂-ပါးထဲက ထိနမိဒ္ဓမှတစ်ပါး ကျန်စေတသိက် ၂၀-တို့သည် သဗ္ဗဒေါသမူလယောဂီစေတသိက်တို့ မည်ကြပါတယ်၊ ဒေါသမူစိတ် ၂-ပါးလုံးမှာ ယှဉ်နေကြပါတယ်။

ထိနမိဒ္ဓကတော့ ဒေါသမူလဝိသေသကစေတသိက် မည်ပါတယ်၊ သသန်္ခါရိကစိတ်မှာသာ ယှဉ်ပါတယ်၊ အသန်္ခါရိကစိတ်မှာ မယှဉ်ပါ။

ဒါ့ကြောင့် ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသန်္ခါရိကစိတ်မှာ သဗ္ဗဒေါသမူလယောဂီစေတသိက် ၂၀-ယှဉ်ပါတယ်၊ သသန်္ခါရိကစိတ်မှာ ထိန,မိဒ္ဓတို့ကိုထည့် ၂၂-ပါး ယှဉ်ပါတယ်၊ ထိန,မိဒ္ဓက သဟကဒါစိ ဖြစ်ပါတယ်၊ အမြဲမယှဉ်ပါ။

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့က ဒေါသမူဒွေးမှာ ယှဉ်ကြပေမယ့် ဒေါသမူစိတ်ဖြစ်တိုင်း ပါနိုင်ကြသည်ကား မဟုတ်ပါ၊ သူတစ်ပါးစည်းစိမ်ကို အာရုံပြုလို့ ငြူစူမှု-စသည် ဖြစ်တဲ့အခါမျိုးမှာသာ ပါနိုင်ကြပါတယ်။

အဲဒီလို ပါဝင်နိုင်တဲ့အခါမှာလဲ ဣဿာက သူများစည်းစိမ်ကို အာရုံပြုပါတယ်၊ မစ္ဆရိယက ကိုယ့်စည်းစိမ်ကို အာရုံပြုပါတယ်၊ ကုက္ကုစ္စက ပြုပြီးဒုစရိုက်, မပြုမိတဲ့သုစရိုက်ကို အာရုံပြုပါတယ်၊ ဒီလို အာရုံမတူကြတဲ့အတွက် ဧကာလမ္ဗဏချို့တဲ့နေကြပါတယ်၊ ဒါ့ကြောင့် မိမိတို့ဆိုင်ရာအာရုံကို အာရုံပြုခိုက် တစ်ပါးစီ တစ်ပါးစီသာ ပါဝင်နိုင်ကြပါတယ်၊ အတူတကွ မပါဝင်နိုင်ကြပါ။

ဒေါသမူစိတ်က ဒွိဟိတ်မည်ပုံ

ဒီဒေါသမူဒွေးမှာ ဒေါသ, မောဟ-ဆိုတဲ့ဟိတ် ၂-ပါး ယှဉ်နေပါတယ်၊ ဒါ့ကြောင့် ဒီဒေါသမူဒွေးကိုလဲ ဒွိဟိတ်စိတ်-လို့ပဲ ခေါ်ရပါတယ်။

မောဟမူစိတ်မှာ စေတသိက်ယှဉ်ပုံ

မောဟမူစိတ်မှာ ပီတိ, ဆန္ဒကြဉ် အညသမာန်းစေတသိက် ၁၁-ပါး, သဗ္ဗာကုသလသာမာရဏာစေတသိက် ၄-ပါး, ဝိစိကိစ္ဆာ၊ ဒီစေတသိက် ၁၆-ပါးတို့ ထိုက်သည်အားလျော်စွာ ယှဉ်ကြပါတယ်၊ အဲဒီ ၁၆-ပါးထဲက အဓိမောက္ခနှင့် ဝိစိကိစ္ဆာမှတစ်ပါး စေတသိက် ၁၄-ပါးကို သဗ္ဗာကုသလယောဂီ ခေါ်ကြောင်း

http://www.dhammadownload.com

ပြောပြခဲ့ပြီးပါပြီ၊ အဲဒီ ၁၄-ပါးကိုပဲ သဗ္ဗမောမူဟယောဂီ-လို့လဲ အရာဌာနအား လျော်စွာ ခေါ်ထိုက်ပါတယ်၊ မောဟမူစိတ်အကုန်လုံးမှာ ယှဉ်တဲ့စေတသိက်-လို့လဲ ဆိုထိုက်ပါတယ်။

အဓိမောက္ခကတော့ ဥဒ္ဓစ္စသဟဂုတ်မှာသာ ယှဉ်ပါတယ်၊ ဝိစိကိစ္ဆာသဟဂုတ်မှာ မယှဉ်ပါ၊ ဝိစိကိစ္ဆာကတော့ ဝိစိကိစ္ဆာသဟဂုတ်စိတ်မှာသာ ယှဉ်ပါတယ်၊ ဥဒ္ဓစ္စ သဟဂုတ်စိတ်မှာ မယှဉ်ပါ၊ ဒါ့ကြောင့် မောဟမူဝိသေသကစေတသိက်များ မည်ကြ ပါတယ်။

စေတသိက်ပေါင်း		ဥပ္ပါဒ်သမ္မှု	ဥပ္ပဇ္ဇမာနသမ္မှု	စိတ်ပေါင်း
သဗ္ဗာကုသလယောဂီစေတသိက်	၁၄	။	။	၂
အဓိမောက္ခ	၁		။	၁
ဝိစိကိစ္ဆာ	၁	။		၁
စေတသိက်	၁၆	၁၅	၁၅	✪

ဒါ့ကြောင့် ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္မယုတ်စိတ်မှာ သဗ္ဗာကုသလယောဂီ စေတသိက် ၁၄-ပါး, ဝိစိကိစ္ဆာ၊ ဒီစေတသိက် ၁၅-ပါး ယှဉ်ပါတယ်။

ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္မယုတ်စိတ်မှာ သဗ္ဗာကုသလယောဂီစေတသိက် ၁၄-ပါး, အဓိမောက္ခ၊ ဒီစေတသိက် ၁၅-ပါး ယှဉ်ပါတယ်။

မောဟမူဒွေးက ဧကဟိတ်မည်ပုံ

ဒီမောဟမူဒွေးမှာ မောဟ-ဆိုတဲ့ဟိတ် တစ်ပါးသာ ယှဉ်ပါတယ်၊ ဒါ့ကြောင့် ဒီမောဟမူဒွေးကို ဧကဟိတ်စိတ်-လို့ ခေါ်ရပါတယ်။

သောဘနစေတသိက်တို့ စိတ်မှာယှဉ်ပုံ

၁။ သာဓာရဏ၊ ဆယ့်ကိုးက၊ ယှဉ်ရသောဘနာ-လုံးစုံမှာ။
၂။ ဝိရတိသုံးခု၊ မဟာကု၊ ရှစ်ခုလောကုတ်မှာ။
ကုမှာရံခါ၊ သီးသီးသာ၊ လောမှာမြဲစွာ-ပြိုင်တူပါ။
၃။ ပမဉ်နှစ်ခု၊ ကာကုကြိုက်၊ မဟဂ္ဂတ၊ သောမနှ၊
ယှဉ်ကြရံခါ-သီးသီးသာ။
၄။ ပညာ ကာမ၊ ဉာသမွှ၊ မဟာလောကုတ်မှာ။

http://www.dhammadownload.com

၁။ သာဓာရဏ၊ ဆယ့်ကိုးက၊ ယှဉ်ရသောဘနှာ-လုံးစုံမှာ။

သောဘနသာဓာရဏစေတသိက် ၁၉-ပါးက သောဘနစိတ် ၅၉-(၉၁)-ပါးတို့မှာ ယှဉ်ပါတယ်။

၂။ ဝိရတိသုံးခု၊ မဟာကု၊ ရှစ်ခုလောကုတ်မှာ။
ကုမှာရံခါ၊ သီးသီးသာ၊ လောမှာမြဲစွာ-ပြိုင်တူပါ။

ဝိရတိစေတသိက် ၃-ပါးက မဟာကုသိုလ်စိတ် ၈-ခု, လောကုတ္တရာစိတ် ၈-ခု= ပေါင်း ၁၆-ပါးမှာ ယှဉ်ပါတယ်၊ ဒီ ၁၆-ပါးထဲက-

မဟာကုသိုလ်စိတ်မှာ ဒုစရိုက်ဒုရာဇိဝတို့က ရှောင်ကြဉ်ကြရာ တစ်ရံတစ်ခါမှာသာ ယှဉ်ပါတယ်၊ အဲဒီလို ရံခါသာ ယှဉ်ပေမယ့် ပြိုင်တူတော့ မယှဉ်နိုင်ပါ၊ အသီးအသီး တစ်ပါးချင်း တစ်ပါးချင်းသာ ယှဉ်နိုင်ကြပါတယ်၊ ဝစီဒုစရိုက်ကရှောင်ကြဉ်လို့ သမ္မာဝါစာယှဉ်ခိုက် သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ မယှဉ်နိုင်ပါ၊ ကာယဒုစရိုက်ကရှောင်ကြဉ်လို့ သမ္မာကမ္မန္တ ယှဉ်ခိုက် သမ္မာဝါစာ, သမ္မာအာဇီဝတို့ မယှဉ်နိုင်ပါ၊ ဒုရာဇိဝမှရှောင်ကြဉ်လို့ သမ္မာအာဇီဝယှဉ်ခိုက် သမ္မာဝါစာ, သမ္မာကမ္မန္တ တို့ မယှဉ်နိုင်ပါ-လို့ ဆိုလိုပါတယ်။

လောကုတ္တရာစိတ်မှာတော့ ဒုစရိုက်ဒုရာဇိဝကို ဆိုင်ရာမဂ်နဲ့ အကြွင်းမဲ့ပယ်ဖြတ်နိုင်တဲ့အတွက် အမြဲပြိုင်တူယှဉ်နိုင်ပါတယ်။

၃။ ပမဉ္ဉန်စ၊ ကာကုကြိစ္စက်၊ မဟဂ္ဂတ၊ သောမန၊ ယှဉ်ကြရံခါ-သီးသီးသာ။

အပွမညာစေတသိက် ၂-ပါးက မဟာကုသိုလ်စိတ် ၈-ခု, မဟာကြိယာစိတ် ၈-ခု, မဟဂ္ဂုတ် ပထမစျာန် ၃-ခု, ဒုတိယစျာန် ၃-ခု, တတိယစျာန် ၃-ခု, စတုတ္ထစျာန် ၃-ခု= ပေါင်း ၂၈-ပါးသောစိတ်တို့မှာ ယှဉ်ပါတယ်။

အဲဒီလို ယှဉ်တဲ့အခါမှာလဲ သတ္တဝါပညတ်ကို အာရုံပြုလို့ သနားမှု, ဝမ်းမြောက်မှုဖြစ်ရာ တစ်ရံတစ်ခါမှာသာ ယှဉ်ပါတယ်၊ တစ်ရံတစ်ခါမှာသာ ယှဉ်ကြပေမယ့် ၂-ပါး ပြိုင်တူယှဉ်နိုင်ကြတာ မဟုတ်ပါ၊ တသီးတခြားစီသာ ယှဉ်နိုင်ကြပါတယ်။

ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြုလို့ သနားတဲ့အခါ ကရုဏာသာ ယှဉ်ပါတယ်၊ မုဒိတာ မယှဉ်နိုင်ပါ။

သုခိတသတ္တဝါပညတ်ကို အာရုံပြုလို့ ဝမ်းမြောက်တဲ့အခါ မုဒိတာသာ ယှဉ်ပါတယ်၊ ကရုဏာမယှဉ်နိုင်ပါ-လို့ ဆိုလိုပါတယ်။

http://www.dhammadownload.com

၄။ ပညာ ကာမ၊ ဉာသမ္ပ၊ မဟာလောကုတ်မှာ။

ပညာစေတသိက်ကတော့ ဉာဏသမ္ပယုတ် ကာမာဝစရစိတ် ၁၂-ပါး, မဟဂ္ဂုတ်လောကုတ္တရာစိတ် ၃၅-ပါး= ပေါင်း ၄၇-ပါးသော စိတ်တွေမှာ ယှဉ်ပါတယ်။

သောဘနစိတ်မှာ စေတသိက်ယှဉ်ပုံ

သောဘနစိတ်မှာ အညသမာန်းစေတသိက် ၁၃-ပါး, သောဘနစေတသိက် ၂၅-ပါး= ပေါင်း ၃၈-ပါးသော စေတသိက်တို့ ထိုက်သည်အားလျော်စွာ ယှဉ်ကြတယ်-လို့ ပြောပြလာခဲ့ပါတယ်၊ အညသမာန်းစေတသိက်တွေ, သောဘနစေတသိက်တွေက အသီးအသီး စိတ်မှာယှဉ်ပုံကိုလဲ ပြောပြလာခဲ့ပါတယ်။

ဒီလောက်နဲ့ပဲ သောဘနစိတ်တွေမှာ စေတသိက်ယှဉ်ပုံကို သိမြင်နားလည်နိုင်လောက်ပါတယ်၊ ဒီတော့ ကာမာဝစရသောဘနစိတ်မှာ စေတသိက်ယှဉ်ပုံ မဟဂ္ဂုတ်စိတ်မှာ စေတသိက်ယှဉ်ပုံ, လောကုတ္တရာစိတ်မှာ စေတသိက်ယှဉ်ပုံတွေကို တစ်ခုပြီးတစ်ခု တစ်ကန့်စီ တစ်ကန့်စီ ပြောပြသွားပါ့မယ်။

ကာမာဝစရသောဘနစိတ်မှာ စေတသိက်ယှဉ်ပုံ

ကာမာဝစရသောဘနစိတ် ၂၄-ပါးမှာ သောဘနစိတ်မှာယှဉ်တဲ့ စေတသိက် ၃၈-ပါးလုံး ထိုက်သည်အားလျော်စွာ ယှဉ်ကြပါတယ်။

အဲဒီအထဲမှာ ပါလာတဲ့ ဝိရတိက ကုသိုလ်မှာသာ ယှဉ်ပါတယ်၊ ဝိပါက်, ကြိယာမှာ မယှဉ်ပါ၊ အဲဒီလို ဝိရတိယှဉ်မှု-မယှဉ်မှုကြောင့် ကုသိုလ်စိတ်က ဝိပါက်, ကြိယာတို့မှ ကွဲပြားထူးခြားရပါတယ်။

အပ္ပမညာက ကုသိုလ်နှင့် ကြိယာမှာသာ ယှဉ်ပါတယ်၊ ဝိပါက်စိတ်မှာ မယှဉ်ပါ၊ အဲဒီလို အပ္ပမညာယှဉ်မှု-မယှဉ်မှုကြောင့် ကုသိုလ်နှင့် ကြိယာတို့က ဝိပါက်စိတ်မှ ကွဲပြားထူးခြားရပါတယ်။

ဒါ့ကြောင့် ဝိရတိနှင့် အပ္ပမညာကို ကာမာဝစရသောဘနဝိသေသကစေတသိက်-လို့ ခေါ်သင့်ပါတယ်။

ကာမာဝစရကုသိုလ်စိတ်မှာ စေတသိက် ၃၈-ပါး၊ သဟိတ်ကာမာဝစရဝိပါက်စိတ်မှာ စေတသိက် ၃၃-ပါး၊ သဟိတ်ကာမာဝစရကြိယာစိတ်မှာ စေတသိက် ၃၅-ပါး၊- ထိုက်သည်အားလျော်စွာ ယှဉ်ကြပါတယ်၊ ဒီလို ပထမဆင့်အနေနှင့် ရှေးဦးစွာ ခွဲစိတ်ဝေဖန်ထားပါ။

http://www.dhammadownload.com

ကာမာဝစရကုသိုလ်စိတ်မှာ စေတသိက်ယှဉ်ပုံ

ကာမာဝစရကုသိုလ်စိတ်မှာယှဉ်တဲ့ စေတသိက် ၃၈-ပါးအနက် ပီတိက သောမနဿသဟဂုတ်စိတ်မှာသာ ယှဉ်ပါတယ်၊ ဥပေက္ခာသဟဂုတ်စိတ်မှာ မယှဉ်ပါ၊ ပညာက ဉာဏသမ္ပယုတ်စိတ်မှာသာ ယှဉ်ပါတယ်၊ ဝိပ္ပယုတ်စိတ်မှာ မယှဉ်ပါ၊ ဒါ့ကြောင့် ပီတိနှင့် ပညာကို ဝိသေသကစေတသိက်-လို့ ခေါ်ပါတယ်၊ ကျန်တဲ့ စေတသိက် ၃၆-ပါးကိုတော့ သဗ္ဗကာမာဝစရကုသလယောဂိစေတသိက်-လို့ ခေါ်သင့်ပါတယ်၊ အကုသိုလ်မှာလို အသန်ါရိုက,သသန်ါရိုက ကွဲပြားအောင်ပြုတဲ့ စေတသိက်တွေက ပါမလာပါ၊ ဒါ့ကြောင့် အသန်ါရိုက,သသန်ါရိုက စေတသိက်ယှဉ်မှု မထူးခြားပါ၊ အစုံလိုက်ပင် ခွဲနိုင်ပါတယ်။

အညသမာနံ: - ၁၃ သောဘန - ၂၅ ၃၈	ပထမအစုံ	ဒုတိယအစုံ	တတိယအစုံ	စတုတ္ထအစုံ	ပဉ္စမပေါင်း
ပီတိကြွင်အည-၁၂, ပညာကြွင်သောဘန-၂၄= ၃၆	။	။	။	။	၅
ပီတိ ၁	။	။			၄
ပညာ ၁	။		။		၄
စေတသိက်ပေါင်း ၃၈	၃၈	၃၇	၃၇	၃၆	✪

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသန်ါရိုကစိတ်နှင့် သသန်ါရိုက စိတ်ကို ပထမအစုံ-လို့ ခေါ်ပါတယ်။

ပထမအစုံ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသန်ါရိုကစိတ်နှင့် သသန်ါရိုကစိတ်မှာ အညသမာန်းစေတသိက် ၁၃-ပါး, သောဘနစေတသိက် ၂၅-ပါး= ပေါင်း ၃၈-ပါး ယှဉ်ပါတယ်။

ဒုတိယအစုံ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသန်ါရိုကစိတ်နှင့် သသန်ါရိုကစိတ်မှာ ပညာမှတစ်ပါး စေတသိက် ၃၇-ပါး ယှဉ်ပါတယ်။

တတိယအစုံ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသန်ါရိုကစိတ် သသန်ါရိုကစိတ်မှာ ပီတိမှတစ်ပါး စေတသိက် ၃၇-ပါး ယှဉ်ပါတယ်။

စတုတ္ထအစုံ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသန်ါရိုကစိတ်, သသန်ါရိုကစိတ်မှာ ပီတိနှင့်ပညာမှတစ်ပါး စေတသိက် ၃၆-ပါး ယှဉ်ပါတယ်။

ဒီလို ၈ယောက်ကိုကြည့်ပြီး အပြည့်အစုံ ဆိုတတ်ကြရမယ်။

http://www.dhammadownload.com

ဒီကာမာဝစရကုသိုလ်စိတ်မှာယှဉ်တဲ့ စေတသိက် ၃၈-ပါးအနက် ဝိရတိနှင့် အပွမညာတို့က ကုသိုလ်စိတ်ဖြစ်တိုင်း မယှဉ်နိုင်ကြပါ၊ ဒုစရိုက်ဒုဏ္ဍာဇီဝက ရှောင်ကြဉ်တဲ့အခါမျိုး, သတ္တဝါပညတ်ကို အာရုံပြုတဲ့အခါမျိုး-လို့ ဆိုရတဲ့ တစ်ရံတစ်ခါမှာသာ ယှဉ်ကြပါတယ်။

အဲဒီလို တစ်ရံတစ်ခါမှာသာ ယှဉ်ပြန်တော့လဲ ဝိရတိက ဝိတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြုပြီး အပွမညာက သတ္တဝါပညတ်ကို အာရုံပြုတဲ့အတွက် အာရုံမတူသောကြောင့် (ဧကာလမ္ဗဏမဖြစ်ကြသောကြောင့်) အတူမယှဉ်နိုင်ကြပါ၊ မိမိ မိမိတို့ရဲ့ ဆိုင်ရာ အာရုံကို အာရုံပြုခိုက်မှာသာ တစ်ပါး၏ တစ်ပါး၏ ယှဉ်ကြပါတယ်။

သဟိတ်ကာမာဝစရဝိပါက်စိတ်မှာ စေတသိက်ယှဉ်ပုံ

သဟိတ်ကာမာဝစရဝိပါက်စိတ်မှာ စေတသိက် ၃၃-ပါး ယှဉ်ကြောင်းကို ပြောပြပြီး ဖြစ်ပါတယ်။

သဟိတ်ကာမာဝစရဝိပါက်စိတ်ကိုလဲ အစုံ ၄-စုံ ခွဲထားပါ၊ ပထမအစုံမှာ-၃၃၊ ဒုတိယအစုံမှာ-၃၂၊ တတိယအစုံမှာ-၃၂၊ စတုတ္ထအစုံမှာ ၃၁-ပါး ယှဉ်ပါတယ်။

ကုသိုလ်မှာ ပြထားခဲ့သည်ကို နည်းယူပြီး ပြည့်စုံအောင် သရုပ်ခွဲပါ၊ လွယ်ပါပြီ။

သဗ္ဗသဟေတုကကာမာဝစရဝိပါကယောဂီ စေတသိက် ၃၁-ပါး၊ ဝိသေသက စေတသိက် ၂-ပါးတို့ကိုလဲ သတိပြုပါ။

သဟိတ်ကာမာဝစရကြိယာစိတ်မှာ စေတသိက်ယှဉ်ပုံ

ရှေးက ပြောလာခဲ့တဲ့အတိုင်း သဟိတ်ကာမာဝစရကြိယာစိတ်မှာ စေတသိက် ၃၅-ပါး ယှဉ်ပါတယ်။

သဟိတ်ကာမာဝစရ ကြိယာစိတ်ကိုလဲ အစုံ ၄-စုံ ခွဲထားပါ၊ ပထမ အစုံမှာ-၃၅၊ ဒုတိယအစုံမှာ-၃၄၊ တတိယအစုံမှာ-၃၄၊ စတုတ္ထအစုံမှာ ၃၃-ပါး ယှဉ်ပါတယ်။

ကုသိုလ်မှာ ပြောလာခဲ့တဲ့အတိုင်း သရုပ်ခွဲပါ၊ လွယ်ပါပြီ။

သဗ္ဗသဟေတုကကာမာဝစရကြိယယောဂီ စေတသိက်-၃၃၊ ဝိသေသက စေတသိက် ၂-ပါးကိုလဲ သတိပြုပါ။

ကာမာဝစရသောဘနစိတ်နှင့် ဒွိဟိတ်, တိဟိတ်

ကာမာဝစရသောဘန ဉာဏဝိပ္ပယုတ်စိတ် ၁၂-ခုမှာ အလောဘ, အဒေါသ ဟိတ် ၂-ပါးသာ ယှဉ်ပါတယ်၊ ဒါ့ကြောင့် ကာမာဝစရသောဘနဉာဏဝိပ္ပယုတ်စိတ် ၁၂-ခုကို ဒွိဟိတ်စိတ်-လို့ ခေါ်ပါတယ်။

http://www.dhammadownload.com

ကာမာဝစရဉာဏသမ္ပယုတ်စိတ် ၁၂-ခုမှာတော့ အလောဘ, အဒေါသ, အမောဟ ဟိတ် ၃-ပါး ယှဉ်ပါတယ်၊ ဒါ့ကြောင့် ကာမာဝစရသောဘန ဉာဏ သမ္ပယုတ်စိတ် ၁၂-ခုကို တိဟိတ်စိတ်-လို့ ခေါ်ပါတယ်။

မဟဂ္ဂုတ်စိတ်မှာ စေတသိက်ယှဉ်ပုံ

မဟဂ္ဂုတ်စိတ်မှာ အညသမာန်းစေတသိက်-၁၃၊ ဝိရတိကြဉ် သောဘနစေတသိက် ၂၂-ပါး= ပေါင်း စေတသိက် ၃၅-ပါး ထိုက်သည်အားလျော်စွာ ယှဉ်ပါတယ်။

အဲဒီ ၃၅-ပါးထဲက ဝိတက်, ဝိစာရ, ပီတိ-ဆိုတဲ့ ဈာန်တရား ၃-ပါးနှင့် အပွမညာ ၂-ပါးတို့က မဟဂ္ဂတဝိသေသကစေတသိက်များ ဖြစ်ပြီး ကြွင်းကျန်နေတဲ့ စေတသိက် ၃၀-တို့က သဗ္ဗမဟဂ္ဂတယောဂီစေတသိက်များ ဖြစ်ကြပါတယ်။

အညနှင့် သောဘနစေတသိက် - ၃၅		ပ-ဈာန်-၃	ဒု-ဈာန်-၃	တ-ဈာန်-၃	စ-ဈာန်-၃	ဟ်-ဈာန်-၃၅	စိတ်ပေါင်း
အည-၁၀, သော-၁၉, ပညာ=	၃၀	။	။	။	။	။	၂၇
ဝိတက်	၁	။					၃
ဝိစာရ	၁	။	။				၆
ပီတိ	၁	။	။	။			၉
အပွမညာ	၂	။	။	။	။		၁၂
စေတသိက်ပေါင်း	၃၅	၃၅	၃၄	၃၃	၃၂	၃၀	✪

မဟဂ္ဂုတ်စိတ်ကို ပထမဈာန်စိတ် ၃-ပါး, ဒုတိယဈာန်စိတ် ၃-ပါး, တတိယဈာန်စိတ် ၃-ပါး, စတုတ္ထဈာန်စိတ် ၃-ပါး, ပဉ္စမဈာန်စိတ် ၁၅-ပါး၊ ဒီလို ၅-မျိုးခွဲထာပါ၊ ဇယားကို ရှုပြီး ပထမဈာန်စိတ် ၃-ပါးမှာ အညသမာန်းစေတသိက် ၁၃-ပါး, ဝိရတိကြဉ်သော သောဘနစေတသိက် ၂၂-ပါး= ပေါင်း စေတသိက် ၃၅-ပါး ယှဉ်ပါတယ်။

ဒီလို ၃၅-ပါးထဲမှာပါတဲ့ ကရုဏာနှင့် မုဒိတာတို့က အာရုံမတူကြတဲ့အတွက် တသီးတခြား တစ်ပါးစီသာ ယှဉ်ကြပါတယ်၊ ပြိုင်တူမယှဉ်နိုင်ကြပါ၊ အမြဲလဲ မယှဉ်နိုင်ကြပါ၊ ရံခါသာ ယှဉ်ကြပါတယ်။

ဒုတိယဈာန်စိတ် ၃-ပါးမှာ ဝိတက်ကြဉ်တဲ့ စေတသိက် ၃၄-ပါး ယှဉ်ပါတယ်။

http://www.dhammadownload.com

တတိယချာန်စိတ် ၃-ပါးမှာ ဝိတက်, ဝိစာရကြဉ်တဲ့ စေတသိက် ၃၃-ပါး ယှဉ်ပါတယ်။

စတုတ္ထချာန်စိတ် ၃-ပါးမှာ ဝိတက်, ဝိစာရ, ပီတိကြဉ်တဲ့ စေတသိက် ၃၂-ပါး ယှဉ်ပါတယ်။

ပဉ္စမချာန်စိတ် ၁၅-ပါးမှာ ဝိတက်, ဝိစာရ, ပီတိ, အပွမညာကြဉ်တဲ့ စေတသိက်-၃၀ ယှဉ်ပါတယ်။

ဒီလို အသီးအသီး သရုပ်ခွဲပါ။

တစ်နည်း= ပထမချာန်စိတ် ၃-ပါးမှာ အညသမာန်းစေတသိက် ၁၃-ပါး, ဝိရတိကြဉ်သောဘနစေတသိက် ၂၂-ပါး= ပေါင်း စေတသိက် ၃၅-ပါး ယှဉ်ပါတယ်။

ဒုတိယချာန်စိတ် ၃-ပါးမှာ ဝိတက်ကြဉ် အညသမာန်းစေတသိက် ၁၂-ပါး, ဝိရတိကြဉ် သောဘနစေတသိက် ၂၂-ပါး= ပေါင်း စေတသိက် ၃၄-ပါး ယှဉ်ပါတယ်။

တတိယချာန်စိတ် ၃-ပါးမှာ ဝိတက်, ဝိစာရကြဉ်အညသမာန်းစေတသိက် ၁၁-ပါး, ဝိရတိကြဉ်သောဘနစေတသိက် ၂၂-ပါး= ပေါင်း ၃၃-ပါး ယှဉ်ပါတယ်။

တတိယချာန်စိတ် ၃-ပါးမှာ ဝိတက်, ဝိစာရကြဉ် အညသမာန်းစေတသိက် ၁၁-ပါး, ဝိရတိကြဉ်သောဘနစေတသိက် ၂၂-ပါး= ပေါင်း ၃၃-ပါး ယှဉ်ပါတယ်။ အကြွင်းသိလွယ်ပြီ။

လောကုတ္တရာစိတ်မှာ စေတသိက်ယှဉ်ပုံ

လောကုတ္တရာစိတ်မှာ အညသမာန်းစေတသိက် ၁၃-ပါး, အပွမညာကြဉ် သောဘနစေတသိက် ၂၃-ပါး= ပေါင်း စေတသိက် ၃၆-ပါး ထိုက်သည်အားလျော်စွာ ယှဉ်ပါတယ်။

အညသမာန်းနှင့်သောဘနစေတသိက် - ၃၆		၁-ချာန်-၆	၃-ချာန်-၆	၅-ချာန်-၆	၈-ချာန်-၆	၁၀-ချာန်-၆	စိတ်ပေါင်း
အညသမာန်း-၁၀, သောဘန-၂၃=	၃၃	။	။	။	။	။	၄၀
ဝိတက်	၁	။					၈
ဝိစာရ	၁	။	။				၁၆
ပီတိ	၁	။	။	။			၂၄
စေတသိက်ပေါင်း	၃၆	၃၆	၃၅	၃၄	၃၃	၃၃	✪

http://www.dhammadownload.com

အဲဒီ ၃၆-ပါးထဲက ဝိတက်, ဝိစာရ, ပီတိ-ဆိုတဲ့ ဈာန်တရား ၃-ပါးတို့က လောကုတ္တရာဝိသေသကစေတသိက်များ ဖြစ်ကြပါတယ်၊ ကျန်စေတသိက် ၃၃-ပါး ကတော့ သဗ္ဗလောကုတ္တရယောဂီစေတသိက်များ ဖြစ်ကြပါတယ်။

လောကုတ္တရာပထမဈာန်စိတ် ၈-ပါးမှာ အညသမာန်းစေတသိက် ၁၃-ပါး, အပွမညာကြဉ်သောဘနစေတသိက် ၂၃-ပါး= ပေါင်း စေတသိက် ၃၆-ပါး ယှဉ်ပါတယ်။

ဒုတိယဈာန်စိတ် ၈-ပါးမှာ ဝိတက်ကြဉ်အညသမာန်းစေတသိက် ၁၂-ပါး, အပွမညာကြဉ်သောဘနစေတသိက် ၂၃-ပါး= ပေါင်း စေတသိက် ၃၅-ပါး ယှဉ်ပါတယ်။

တတိယဈာန်စိတ် ၈-ပါးမှာ ဝိတက်, ဝိစာရကြဉ် အညသမာန်းစေတသိက် ၁၁-ပါး, အပွမညာကြဉ်သောဘနစေတသိက် ၂၃-ပါး= ပေါင်း စေတသိက် ၃၄-ပါး ယှဉ်ပါတယ်။

စတုတ္ထဈာန်စိတ် ၈-ပါးမှာ ဝိတက်, ဝိစာရ, ပီတိကြဉ် အညသမာန်းစေတသိက် ၁၀-ပါး, အပွမညာကြဉ်သောဘနစေတသိက် ၂၃-ပါး= ပေါင်း ၃၃-ပါး ယှဉ်ပါတယ်။

ပဉ္စမဈာန်စိတ် ၈-ပါးမှာလဲ စတုတ္ထဈာန်မှာယှဉ်တဲ့ စေတသိက် ၃၃-ပါးပဲ ယှဉ်ပါတယ်၊ ဒါပေမယ့် ဝေဒနာကတော့ ဥပေက္ခာဝေဒနာသာ ဖြစ်ပါတယ်။

မဟဂ္ဂုတ်လောကုတ္တရာကို တိဟိတ်ခေါ်ပုံ

မဟဂ္ဂုတ်လောကုတ္တရာစိတ် ၃၅-ပါးမှာ အလောဘ, အဒေါသ, အမောဟ ဟိတ် ၃-ပါး ယှဉ်ပါတယ်၊ ဒါ့ကြောင့် မဟဂ္ဂုတ်လောကုတ္တရာစိတ်ကိုလဲ တိဟိတ်စိတ်-လို့ ခေါ်ပါတယ်။

ဟိတ်ဖြင့် စိတ်တို့ကို ဝေဖန်ပုံ

အဟိတ်စိတ် ၁၈-ပါး, ဧကဟိတ်စိတ် ၂-ပါး, ဒွိဟိတ်စိတ် ၂၃-ပါး, တိဟိတ်စိတ် ၄၇-ပါး= ပေါင်း ၈၉-ပါး။

ဒွိဟိတ်စိတ် ၂၃-ပါးဆိုတာက လောဘမူစိတ် ၈-ပါး, ဒေါသမူစိတ် ၂-ပါး, ဉာဏဝိပ္ပယုတ် ကာမာဝစရသောဘနစိတ် ၁၃-ပါးတို့ ဖြစ်ပါတယ်။

တိဟိတ်စိတ် ၄၇-ပါးဆိုတာက ဉာဏသမ္ပယုတ် ကာမာဝစရသောဘနစိတ် ၁၃-ပါး, မဟဂ္ဂုတ်လောကုတ္တရာစိတ် ၃၅-ပါးတို့ပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com

ကိစ္စဖြင့် စိတ်တို့ကို ဝေဖန်ပုံ

စိတ် ၈၉-ပါး	ပဋိ, ဘဝင်, စုတိ*	အာဝဇ္ဇန်း	ပဋ္ဌဝိညာဏဌာန					သမ္ပဋိစ္ဆန	သန္တီရဏ	ဝုဋ္ဌော	ဇော	တဒါရုံ	ကိစ္စပေါင်း
			ဒဿန	သဝန	ဃာယန	သာယန	ဖုသန						
စက္ခုဝိညာဉ် ၂			။										၁
သောတဝိညာဉ် ၂				။									၁
ဃာနဝိညာဉ် ၂					။								၁
ဇိဝှါဝိညာဉ် ၂						။							၁
ကာယဝိညာဉ် ၂							။						၁
သမ္ပဋိစ္ဆိုင်း ၂								။					၁
သော-သန္တီရဏ ၁									။			။	၂
ဥ-သန္တီရဏ ၂	။								။			။	၅
ပဋ္ဌဒ္ဓါရာဝဇ္ဇန်း ၁		။											၁
မနောဒ္ဓါရာဝဇ္ဇန်း ၁		။								။			၂
ဇော ၅၅											။		၁
မဟာဝိပါက် ၈	။											။	၄
မဟဂ္ဂုတ်ဝိပါက် ၉	။												၃
ကိစ္စတပ်သောစိတ်	၁၉	၂	၂	၂	၂	၂	၂	၂	၃	၁	၅၅	၁၁	✪

ဝိထိတွေရဲ့အခြေခံအနေနဲ့ ဝေဒနာ, ဟေတု, ကိစ္စ, ဒ္ဓါရ, အာရုံ, ဝတ္ထု-တို့ကို ပြောပြသင့်ပါတယ်၊ ဒါပေမယ့် ဝေဒနာနှင့် ဟေတု-တို့ကို ရှေးသက်ဆိုင်ရာ အပိုင်းက ပြောပြလာခဲ့တဲ့အတွက် အခုကိစ္စကစပြီး ပြောပြပါ့မယ်၊ ဇယားအပေါ် ခေါင်းစီးကို ကြည့်ပါ။

ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, အာဝဇ္ဇန်းကိစ္စ, ဒဿနကိစ္စ, သဝနကိစ္စ, ဃာယန ကိစ္စ, သာယနကိစ္စ, ဖုသနကိစ္စ, သမ္ပဋိစ္ဆိုင်းကိစ္စ, သန္တီရဏကိစ္စ, ဝုဋ္ဌောကိစ္စ, ဇောကိစ္စ, တဒါရုံကိစ္စ, စုတိကိစ္စ-လို့ စိတ်တွေမှာ အလုပ်ကိစ္စ ၁၄-ပါး ရှိနေပါတယ်။

http://www.dhammadownload.com

စုတိကို သဘောတူရာပေါင်းလို့ ဖေးအစကွက်မှာ ပြထားပေမယ့် ကိစ္စ,ဌာန သရုပ်ကို ရေတွက်တဲ့အခါမှာ နောက်ဆုံးထားလို့ ရေတွက်ပါ။

ပဋိသန္ဓေဌာန, ဘဝင်ဌာန, အာဝဇ္ဇန်းဌာန, ပဥ္စဝိညာဉ်ဌာန, သမ္ပဋိစ္ဆိုင်းဌာန, သန္တီရဏဌာန, ဝုဋ္ဌောဌာန, ဇောဌာန, တဒါရုံဌာန, စုတိဌာန-လို့ စိတ်တွေရဲ့ ထိုထိုကိစ္စကို ဆောင်ရွက်စရာဌာန ၁၀-ဌာန ရှိနေပါတယ်။

ကိစ္စဖြင့် စိတ်များကို ဝေဖန်ခြင်း

ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်သော စိတ်များမှာ ဥပေက္ခာသန္တီရဏ ၂-ပါး, မဟာဝိပါက် ၈-ပါး, မဟဂ္ဂုတ်ဝိပါက် ၉-ပါး= ပေါင်း ၁၉-ပါး ဖြစ်ပါတယ်။ [ဖေးကို အပေါ်အောက် ရှုပါ။]

အာဝဇ္ဇန်းကိစ္စတပ်သော စိတ်များမှာ ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်းတို့ ဖြစ်ကြပါတယ်။

ဒဿနကိစ္စတပ်သောစိတ်မှာ စက္ခုဝိညာဉ်-၂၊ သဝနကိစ္စတပ်သောစိတ်မှာ သောတဝိညာဉ်-၂၊ ဃာယနကိစ္စတပ်သောစိတ်မှာ ဃာနဝိညာဉ်-၂၊ သာယနကိစ္စတပ်သောစိတ်မှာ ဇိဝှါဝိညာဉ်-၂၊ ဖုသနကိစ္စတပ်သောစိတ်မှာ ကာယဝိညာဉ်-၂-တို့ ဖြစ်ကြပါတယ်။

သမ္ပဋိစ္ဆနကိစ္စတပ်သောစိတ်မှာ သမ္ပဋိစ္ဆိုင်း-၂ ဖြစ်ပါတယ်။

သန္တီရဏကိစ္စတပ်သောစိတ်များမှာ သန္တီရဏ ၃-တို့ ဖြစ်ကြပါတယ်။

ဝုဋ္ဌောကိစ္စတပ်သောစိတ်မှာ မနောဒွါရာဝဇ္ဇန်း ဖြစ်ပါတယ်။

ဇောကိစ္စတပ်သော စိတ်များမှာ အကုသိုလ်-၁၂, ကုသိုလ်-၂၁, အာဝဇ္ဇန်းဒွေး မှတစ်ပါး ကြိယာ-၁၈, ဖိုလ်-၄= ပေါင်း ၅၅-ပါး ဖြစ်ပါတယ်။

တဒါရုံကိစ္စတပ်သောစိတ်များမှာ သန္တီရဏ-၃, မဟာဝိပါက်-၈= ပေါင်း ၁၁-ပါး ဖြစ်ပါတယ်။

ဆိုင်ရာစိတ်တို့ တပ်နိုင်သော ကိစ္စများ

ဒွေးပဉ္စဝိညာဉ်-၁၀, သမ္ပဋိစ္ဆိုင်း-၂, ပဉ္စဒွါရာဝဇ္ဇန်း-၁, ဇော-၅၅= ပေါင်း ၆၈-ပါးသော စိတ်များက ဖြစ်ထိုက်သလို တစ်ကိစ္စစီသာ တပ်ကြပါတယ်။ ၆၈

သောမနဿသန္တီရဏက သန္တီရဏကိစ္စ, တဒါရုံကိစ္စ= ၂-ကိစ္စတပ်ပါတယ်၊ မနောဒွါရာဝဇ္ဇန်းကလဲ အာဝဇ္ဇန်းကိစ္စ, ဝုဋ္ဌောကိစ္စ ၂-ကိစ္စတပ်ပါတယ်။ ၂

မဟဂ္ဂုတ်ဝိပါက် ၉-ပါးက ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ= ၃-ကိစ္စ တပ်ပါတယ်။ ၉

http://www.dhammadownload.com

မဟာဝိပါက် ၈–ပါးက ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, တဒါရုံကိစ္စ= ၄–ကိစ္စတပ်ပါတယ်။ ၈

ဥပေက္ခာသန္တီရဏ ၂–ပါးက ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, သန္တီရဏ ကိစ္စ, တဒါရုံကိစ္စ= ၅–ကိစ္စတပ်ပါတယ်။ ၂

ဒွါရနဲ့ စိတ်တို့ကို ဝေဖန်ပုံ

စိတ် ၈၉–ပါး				ရုပ်ဒွါရ ၅–ပါး					မနောဒွါရ	ဒွါရဝိမုတ်	ဒွါရပေါင်း
				စက္ခုဒွါရ	သောတ	ဃာန	ဇိဝှါ	ကာယ			
		ပဉ္စဒွါရာဝဇ္ဇန်း	၁	။	။	။	။	။			၅
ဒွေးဟွဝိညာဉ်–၁၀		စက္ခုဝိညာဉ်	၂	။							၁
		သောတဝိညာဉ်	၂		။						၁
		ဃာနဝိညာဉ်	၂			။					၁
		ဇိဝှါဝိညာဉ်	၂				။				၁
		ကာယဝိညာဉ်	၂					။			၁
		သမ္ပဋိစ္ဆိုင်း	၂	။	။	။	။	။			၅
တဒါရုံ–၁၁	သန္တီ–၃	သော–သန္တီ	၁	။	။	။	။	။	။		၆
		ဥ–သန္တီ	၂	။	။	။	။	။	။	x	၆*
		မဟာဝိပါက်	၈	။	။	။	။	။	။	x	၆*
		ဝုဋ္ဌော [မနောဒွါရာဝဇ္ဇန်း]	၁	။	။	။	။	။	။		၆
ဇော–၅၅		ကာမဇော	၂၉	။	။	။	။	။	။		၆
		မဟဂ်+လော [အပွနာဇော]	၂၆						။		၁
		မဟဂ္ဂုတ်ဝိပါက်	၉							x	
		ဆိုင်ရာဒွါရ၌ဖြစ်သောစိတ်ပေါင်း		၄၆	၄၆	၄၆	၄၆	၄၆	၆၇	၁၉	*

စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မနောဒွါရ–လို့ စိတ်,စေတသိက်တွေရဲ့ ဝင်ရောက်ဖြစ်ပေါ်လာရာဖြစ်တဲ့ ဒွါရ ၆–ပါး ရှိပါတယ်။

http://www.dhammadownload.com

အဲဒီ ဖ-ပါးထဲက စက္ခုပသာဒကို စက္ခုဒွါရ-လို့ ခေါ်ပါတယ်၊ သောတပသာဒကို သောတဒွါရ-လို့ ခေါ်ပါတယ်၊ ဃာနပသာဒကို ဃာနဒွါရ-လို့ ခေါ်ပါတယ်၊ ဇိဝှါပသာဒကို ဇိဝှါဒွါရ-လို့ ခေါ်ပါတယ်၊ ကာယပသာဒကို ကာယဒွါရ-လို့ ခေါ်ပါတယ်။

ဘဝင်စိတ်ကိုတော့ မနောဒွါရ-လို့ ခေါ်ပါတယ်။

ထိုထိုဒွါရမှာဖြစ်သော စိတ်များ

ဇယားမှာ အပေါ်နှင့်အောက် အမှတ်ရှိရာကို ရှုပါ။

စက္ခုဒွါရမှာ ပဉ္စဒွါရာဝဇ္ဇန်း-၁, စက္ခုဝိညာဉ်-၂, သမ္ပဋိစ္ဆိုင်း-၂, သန္တီရဏ-၃, မဟာဝိပါက်-၈, ဝုဋ္ဌော-၁, ကာမဇော-၂၉= ပေါင်း စိတ် ၄၆-ပါး ဖြစ်ပါတယ်၊ သောတဒွါရမှာဖြစ်သော စိတ် ၄၆-ပါး၊ ဃာနဒွါရမှာဖြစ်သော စိတ် ၄၆-ပါး၊ ဇိဝှါဒွါရမှာ ဖြစ်သော စိတ် ၄၆-ပါး၊ ကာယဒွါရမှာဖြစ်သော စိတ် ၄၆-ပါးတို့ကိုလည်း ဖြစ်သင့်သလို ရေတွက်ပါ။

မနောဒွါရမှာ သန္တီရဏ-၃, မဟာဝိပါက်-၈ (တဒါရုံ-၁၁), မနောဒွါရာဝဇ္ဇန်း-၁, ဇော-၂၅= ပေါင်း စိတ် ၆၇-ပါး ဖြစ်ပါတယ်။

ဆိုင်ရာစိတ်တို့ ဖြစ်ရာဒွါရများ

ဒွေးပဉ္စဝိညာဉ်-၁၀, အပွနာဇော-၂၆= ပေါင်း ၃၆-ပါးသောစိတ်များက မိမိတို့သက်ဆိုင်ရာ ဒွါရတစ်ခုစီမှာသာ ဖြစ်ကြပါတယ်။

ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေး(မနောဓာတ် ၃-ပါး)က ၅-ဒွါရာမှာ ဖြစ်ပါတယ်။

သောမနဿသန္တီရဏ, ဝုဋ္ဌော, ကာမဇော-၂၉= ပေါင်း ၃၁-ပါးတို့က ၆-ဒွါရမှာ ဖြစ်ကြပါတယ်။

ဥပေက္ခာသန္တီရဏ-၂, မဟာဝိပါက်-၈= ပေါင်း ၁၀-တို့က သန္တီရဏကိစ္စ, တဒါရုံကိစ္စတပ်ခိုက် ၆-ဒွါရမှာဖြစ်ပြီး ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်ခိုက် ၆-ဒွါရမှ လွတ်ပါတယ်။

မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါးတို့က အမြဲ ဒွါရမှ လွတ်ကြပါတယ်။

အာရုံဖြင့် စိတ်တို့ကို ဝေဖန်ပုံ

အာရုံ ၆-ပါး

အဆင်းရူပ, သဒ္ဒ, နံ့ကဂန္ဓသာ၊
လျက်ရရသ, တွေ့ထိက, မည်ရဖောဋ္ဌဗ္ဗာ၊
ငါးပသာဒ, သုခုမနှင့်, စိတ္တဇေတသိ, ပညတ္တိနိဗ္ဗာန်, ဤခြောက်တန်, မှတ်ရန်
ဓမ္မာရမဏာ။

http://www.dhammadownload.com

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ-လို့ အာရုံ ၆-ပါး ရှိပါတယ်၊ အဲဒီ ၆-ပါးထဲက မြင်ရတဲ့အဆင်းတွေက ရူပါရုံမည်ပါတယ်၊ ကြားရတဲ့ အသံတွေက သဒ္ဒါရုံမည်ပါတယ်၊ နမ်းရှုရတဲ့အနံ့တွေက ဂန္ဓာရုံမည်ပါတယ်၊ လျက်ရတဲ့အရသာတွေက ရသာရုံမည်ပါတယ်၊ တွေ့ထိရတဲ့အတွေ့အထိတွေက (ပထဝီ, တေဇော, ဝါယော-ဆိုတဲ့ ဘုတ် ၃-ခုက) ဖောဋ္ဌဗ္ဗာရုံမည်ပါတယ်။

ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, ပညတ်, နိဗ္ဗာန်- ဒီ ၆-မျိုးကတော့ ဓမ္မာရုံမည်ပါတယ်။

ဒီအာရုံ ၆-ပါး တရားတွေကို စုပေါင်းကြည့်ပါက စိတ်-၈၉, စေတသိက်-၅၂, ရုပ်-၂၈, နိဗ္ဗာန်, ပညတ်-လို့ ပရမတ္ထတရား ၄-ပါးနှင့် ပညတ်တို့ကိုပဲ တွေ့ရပါလိမ့်မယ်၊ ဒါ့ကြောင့် ဘယ်အုပ်စုနဲ့ပဲခွဲခွဲ အာရုံဘက်မှာ ဒီတရားတွေ ကုန်စင်အောင် ခွဲယူရမယ်။

ဘူမိဘေဒအုပ်စု-၄

၁။ ကာမစိတ်-၅၄, စေတသိက်-၅၂, ရုပ်-၂၈= ဆိုတဲ့ ကာမအာရုံ၊
၂။ မဟဂ္ဂုတ်စိတ်-၂၇၊ စေတသိက်-၃၅= ဆိုတဲ့ မဟဂ္ဂုတ်အာရုံ၊
၃။ လောကုတ္တရာစိတ်-၈, စေတသိက်-၃၆, နိဗ္ဗာန်= ဆိုတဲ့ အပွမာဏအာရုံ၊
၄။ ကသိဏ်းပညတ်, နာမပညတ်-စတဲ့ ပညတ်အာရုံ။

ကာလဘေဒအုပ်စု-၄

၁။ ဖြစ်ဆဲစိတ်-၈၉, စေတသိက်-၅၂, ရုပ်-၂၈= ဆိုတဲ့ ပစ္စုပ္ပန်အာရုံ၊
၂။ ဖြစ်ပြီးစိတ်-၈၉, စေတသိက်-၅၂, ရုပ်-၂၈= ဆိုတဲ့ အတီတ်အာရုံ၊
၃။ ဖြစ်လတ္တံ့စိတ်-၈၉, စေတသိက်-၅၂, ရုပ်-၂၈= ဆိုတဲ့ အနာဂတ်အာရုံ၊
၄။ နိဗ္ဗာန်, ပညတ်= ဆိုတဲ့ ကာလဝိမုတ်အာရုံ။

သန္တာနဘေဒအုပ်စု-၃

၁။ မိမိသန္တာန်မှာဖြစ်သော စိတ်, စေတသိက်, ရုပ်= ဆိုတဲ့ အဇ္ဈတ္တအာရုံ၊
၂။ အပမှာဖြစ်သော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, နတ္ထိဘောပညတ်မှ တစ်ပါး ပညတ်အမျိုးမျိုး= ဆိုတဲ့ ဗဟိဒ္ဓအာရုံ၊
၃။ နတ္ထိဘောပညတ်-ဆိုတဲ့ အဇ္ဈတ္တဗဟိဒ္ဓဝိမုတ်အာရုံ။

ရုပ်နာမ်ပညတ်အုပ်စု-၃

၁။ ရုပ်၂၈-ဆိုတဲ့ ရုပ်အာရုံ၊
၂။ စိတ်, စေတသိက်, နိဗ္ဗာန်= ဆိုတဲ့ နာမ်အာရုံ၊
၃။ ပညတ်အမျိုးမျိုး-ဆိုတဲ့ ပညတ်အာရုံ။

http://www.dhammadownload.com

ပရမတ်ပညတ်အုပ်စု-၂

၁။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်-ဆိုတဲ့ ပရမတ်အာရုံ၊

၂။ ပညတ်အမျိုးမျိုး-ဆိုတဲ့ ပညတ်အာရုံ။

ဒီလို ၆-ပါးတွဲတစ်စု, ၄-ပါးတွဲ ၂-စု, ၃-ပါးတွဲ ၂-စု, ၂-ပါးတွဲ တစ်စု= အုပ်စုတိုင်း အုပ်စုတိုင်းမှာ အာရုံတရားများ အကြွင်းအကျန်မရှိ ပါဝင်သွားကြပါတယ်၊ ထိုတွင် မိမိတို့ဆိုင်ရာအုပ်စုထဲမှာ ပါဝင်နေတဲ့ အာရုံတစ်မျိုးတည်းကိုသာ အာရုံ ပြုပါက ဇကန်၊ ၂-မျိုး, ၃-မျိုး-စသည်ကို အာရုံပြုပါက အနေကန်-ခေါ်ပါတယ်။

အာရမဏိကနှင့် အာရုံ

၁။ ဝိညာဉ်ပဋ္ဌ, စဉ်တိုင်းမျှ, ပြုကြပဋ္ဌာရုံကိုသာ၊	[၁၀]
၂။ မနောဓာတုံ, ပဋ္ဌာရုံ, ပြုတုံပန်ကိုသာ၊	[၃]
၃။ တဒါဟသိ, ဆယ့်နှစ်ရှိ, ပြုဘိကာမသာ၊	[၁၂]
၄။ အကုသလ, ဉာဝိပ္ပ, ကာမဓောမှာ လောကြဉ်ပါ၊	[၂၀]
၅။ ကာ-ကု-ဉာသမ်, ကုဘိညာဏ်, ကြဉ်ရန်ထိပ်ဆုံးမဂ်ဖိုလ်သာ၊	[၅]
၆။ ဝုဋ္ဌောကြိသမ်, ကြိဘိညာဏ်, ပြုပြန်လုံးစုံပါ၊	[၆]
၇။ ဝိညာနေဝ, ခြောက်ပါးက, ပြုရမဟဂ်သာ၊	[၆]
၈။ ကြွင်းကျန်သမျှ, မဟဂ္ဂ, ပြုကြပညတ်သာ၊	[၂၁]
၉။ လောကုတ္တရ, ရှစ်ပါးက, ပြုရနိဗ္ဗာန်သာ။	[၈]

အဓိပ္ပာယ်ဖွင့်ပြချက်

၁။ စက္ခုဝိညာဉ်ဒွေးက ရူပါရုံကို အာရုံပြုပါတယ်။ [ရူပကာယနှင့်အဇ္ဈတ္တရုပ်အတွက်]

သောတဝိညာဉ်ဒွေးက သဒ္ဒါရုံကို အာရုံပြုပါတယ်။ [သဒ်+အကြွင်းတူ]

ဃာနဝိညာဉ်ဒွေးက ဂန္ဓာရုံကို အာရုံပြုပါတယ်။ [ဂန်+အကြွင်းတူ]

ဇိဝှါဝိညာဉ်ဒွေးက ရသာရုံကို အာရုံပြုပါတယ်။ [ရသ+အကြွင်းတူ]

ကာယဝိညာဉ်ဒွေးက ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုပါတယ်။ [ဖော+အကြွင်းတူ]

ဒီစိတ်စုကို ၁၀-လို့ မှတ်ထားခဲ့ပါ။

၂။ မနောဓာတ် ၃-ခုက ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ-ဆိုတဲ့ အာရုံ ၅-ပါးကို အာရုံပြုပါတယ်။ [၅+အကြွင်းတူ]

ဒီစိတ်စုကို ၃-လို့ မှတ်ထားခဲ့ပါ။

၃။ တဒါရုံ-၁၁, ဟသိတုပ္ပာဒ်-၁= ပေါင်း ၁၂-ပါးသော စိတ်များက ကာမ တရားကိုသာ အာရုံပြုပါတယ်။ [၆xကာယxဥxအဇ္ဈတ္တxနာမ်,ရုပ်xမတ်]

ဒီစိတ်စုကို ၁၂-လို့ မှတ်ထားခဲ့ပါ။

http://www.dhammadownload.com

၄။ အကုသိုလ်စိတ်-၁၂, မဟာကုသိုလ်ဉာဏဝိပ္ပယုတ်-၄, မဟာကြိယာ ဉာဏဝိပ္ပယုတ်-၄= ပေါင်း ၂၀-သော စိတ်များက လောကီစိတ်-၈၁, စေတသိက်-၅၂, ရုပ်-၂၈, ပညတ်-ဆိုတဲ့ အာရုံ ၆-ပါး၊ကို အာရုံပြုပါတယ်။ [၆x၈၁x၅၂x၂၈x၂]

ဒီစိတ်စုကို ၂၀-လို့ မှတ်ထားခဲ့ပါ။

၅။ ကာမာဝစရကုသိုလ်ဉာဏသမ္မယုတ်-၄, ကုသိုလ်အဘိညာဉ်-၁= ပေါင်း ၅-ပါး၊သောစိတ်တို့က အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်တဲ့စိတ်-၈၇, စေတသိက်-၅၂, ရုပ်-၂၈, နိဗ္ဗာန်, ပညတ်-ဆိုတဲ့ အာရုံ ၆-ပါး၊ကို အာရုံပြုပါတယ်။ [၆x၄x၄x၃x၃x၂]

ဒီစိတ်စုကို ၅-လို့ မှတ်ထားခဲ့ပါ။

၆။ မနောဒွါရာဝဇ္ဇန်း-၁, မဟာကြိယာဉာဏသမ္မယုတ်-၄, ကြိယာအဘိညာဉ်-၁= ပေါင်း ၆-ပါး၊သော စိတ်များက အာရုံအကုန်လုံးကို အာရုံပြုပါတယ်။ [၆x၄x၄x၃x၃x၂] ဒီစိတ်စုကို ၆-လို့ မှတ်ထားခဲ့ပါ။

၇။ ဝိညာနဉ္စာယတနစိတ် ၃-ပါး, နေဝသညာနာသညာယတနစိတ် ၃-ပါး= ပေါင်း ၆-ပါး၊သောစိတ်တို့က မဟဂ္ဂုတ်(ဓမ္မာရုံ)ကို အာရုံပြုပါတယ်။ [၈xမဟဂ်xတိxအဇ်xနာမ်xမတ်] ဒီစိတ်စုကို ၆-လို့ မှတ်ထားခဲ့ပါ။

၈။ အဘိညာဉ်ဒွေးမှတစ်ပါး ရူပစိတ် ၁၅-ပါး, အာကာသာနဉ္စာယတနစိတ် ၃-ပါး, အာကိဉ္စညာယတနစိတ် ၃-ပါး= ပေါင်း ၂၁-ပါး၊သောစိတ်များက ပညတ်(ဓမ္မာရုံ)ကို အာရုံပြုပါတယ်။ [၈xညတ်xမုတ်xဗ * xညတ်xညတ်]

ဒီစိတ်စုကို ၂၁-လို့ မှတ်ထားခဲ့ပါ။

၉။ လောကုတ္တရာစိတ် ၈-ခုက နိဗ္ဗာန်(အပွမာဏ)ကို အာရုံပြုပါတယ်။ [၈xနိxမုတ်xဗxနာမ်xမတ်]

ဒီစိတ်စုကို ၈-လို့ မှတ်ထားခဲ့ပါ။

အုပ်စုအလိုက် အာရုံများ

ရူကာပန္နာ, အဇ္ဈတ္တာ, ရူပရူပမတ်၊
အုပ်စုခြောက်ဖြာ, ရသင့်ရာ, သေချာခွဲဝေမှတ်။

သရုပ်ခွဲရာမှာ လွယ်ကူသက်သာအောင် အုပ်စုဖွဲ့ပြခဲ့တဲ့ အာရုံများကိုပဲ အကျဉ်းထပ်ပြပါဦးမယ်။

ရူ= ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ-လို့ မူလအခြေခံ အနေနဲ့ အာရုံ ၆-မျိုးတစ်စု။

http://www.dhammadownload.com

ကာ= ကာမအာရုံ, မဟဂ္ဂုတ်အာရုံ, အပွမာဏအာရုံ, ပညတ်အာရုံ–လို့ ဘူမိဘေဒအနေနဲ့ အာရုံ ၄–မျိုးတစ်စု။

ပန္နေ= ပစ္စုပ္ပန်အာရုံ, အတိတ်အာရုံ, အနာဂတ်အာရုံ, ကာလဝိမုတ်အာရုံ–လို့ ကာလဘေဒအနေနဲ့ အာရုံ ၄–မျိုးတစ်စု။

အစ္ဈတ္တေ= အစ္ဈတ္တအာရုံ, ဗဟိဒ္ဓအာရုံ, အစ္ဈတ္တဗဟိဒ္ဓဝိမုတ်အာရုံ–လို့ သန္တာန ဘေဒအနေနဲ့ အာရုံ ၃–မျိုးတစ်စု။

ရူပေ= ရုပ်အာရုံ, နာမ်အာရုံ, ပညတ်အာရုံ–လို့ ရုပ်နာမ်ပညတ်အုပ်စုအနေနဲ့ အာရုံ ၃–မျိုးတစ်စု။

ပရမတ်= ပရမတ်အာရုံ, ပညတ်အာရုံ–လို့ ပရမတ်ပညတ်အုပ်စုအနေနဲ့ အာရုံ ၂–မျိုးတစ်စု။

ဒီလို အုပ်စု ၆–ပါးတို့ကို ရသင့်သလို ခွဲဝေမှတ်သားထားရမယ်၊ အဲဒီ အာရုံတွေရဲ့ အရကောက်ကို ရှေ့က ပြောပြခဲ့ပြီးပါပြီ။

ဒီအာရုံအုပ်စုတွေကို ၁၀, ၃, ၁၂, ၂၀, ၅, ၆, ၆, ၂၁, ၈–လို့ မှတ်ထားခဲ့တဲ့ အာရုမဏိကစိတ်များနဲ့ ရသင့်သလို ခွဲဝေပြပါ့မယ်။

အာရုံပြုပုံ အကျဉ်းဇယား

အာရုမဏိက	အစု ၆–ပါး အာရုံများ					
	ရူ–၆	ကာ–၄	ပန္နေ–၄	အစ်–၃	ရူပ–၃	မတ်–၂
၁၀	၅*	ကာ	ပန်	အဇ် ဗ	ရုပ်	မတ်
၃	၅	ကာ	ပန်	အဇ် ဗ	ရုပ်	မတ်
၁၂	၆	ကာ	၃	အဇ် ဗ	ရုပ် နာမ်	မတ်
၂၀	၆	ကာ, ဂ္ဂုတ်, ညတ်	၄	၃	၃	၂
၅	၆	၄	၄	၃	၃	၂
၆	၆	၄	၄	၃	၃	၂
၆	၈	ဂ္ဂုတ်	တီ	အဇ်	နာမ်	မတ်
၂၁	၈	ညတ်	မုတ်	ဗ*	ညတ်	ညတ်
၈	၈	နိ [အပွမာဏ]	မုတ်	ဗ	နာမ်	မတ်

http://www.dhammadownload.com

မူလအခြေခံရူအုပ်စု အာရုံနှင့်အာရမ္မဏိကစိတ်

ရူပါရုံကို ဧကန်အာရုံပြုတဲ့စိတ်ကား စက္ခုဝိညာဉ်ဒွေး ဖြစ်ပါတယ်၊ အနေကန် အာရုံပြုတဲ့ စိတ်ကတော့ (၃+၁၂+၂၀+၅+၆) မနောဓာတ် ၃-ခု, မနောဒွါရာဝဇ္ဇန်း, ကာမဇောတစ်ခုယုတ်သုံးဆယ်, တဒါရုံကောဒဿ, အဘိညာဉ်ဒွေး= ပေါင်း ၄၆-ပါး ဖြစ်ပါတယ်၊ ဧကန်, အနေကန် ၂-ရပ်ပေါင်း ရူပါရုံကို အာရုံပြုနိုင်တဲ့ စိတ်ပေါင်း ၄၈-ပါး ဖြစ်ပါတယ်၊ နောက်က အာရမ္မဏိကစိတ်များကိုလဲ ပေါင်းကြည့်ပါ။

သဒ္ဒါရုံကို ဧကန်အာရုံပြုတဲ့စိတ်မှာ သောတဝိညာဉ်ဒွေး ဖြစ်ပါတယ်၊ အနေကန် အာရုံပြုတဲ့စိတ်ကတော့ ရူပါရုံအနေကန်နှင့် တူပါတယ်၊ ၄၆-ပါး ဖြစ်ပါတယ်။

ဂန္ဓာရုံကို ဧကန်အာရုံပြုတဲ့စိတ်မှာ ဃာနဝိညာဉ်ဒွေး ဖြစ်ပါတယ်၊ အနေကန် အာရုံပြုတဲ့ စိတ်ကတော့ ၄၆-ပါး ဖြစ်ပါတယ်။

ရသာရုံကို ဧကန်အာရုံပြုတဲ့စိတ်မှာ ဇိဝှါဝိညာဉ်ဒွေး ဖြစ်ပါတယ်၊ အနေကန် အာရုံပြုတဲ့ စိတ်ကတော့ ၄၆-ပါး ဖြစ်ပါတယ်။

ဖောဋ္ဌဗ္ဗာရုံကို ဧကန်အာရုံပြုတဲ့စိတ်မှာ ကာယဝိညာဉ်ဒွေး ဖြစ်ပါတယ်၊ အနေကန် အာရုံပြုတဲ့ စိတ်ကတော့ ၄၆-ပါး ဖြစ်ပါတယ်။

ဓမ္မာရုံကို ဧကန်အာရုံပြုတဲ့စိတ်မှာ (၆+၂၁+၈) အဘိညာဉ်ဒွေးမှတစ်ပါး မဟဂ္ဂုတ်လောကုတ္တရာစိတ် ၃၅-ပါး ဖြစ်ပါတယ်၊ အနေကန် အာရုံပြုတဲ့စိတ်ကတော့ [၁၂+၂၀+၅+၆] မနောဒွါရာဝဇ္ဇန်း, ကာမဇောတစ်ခုယုတ်သုံးဆယ်, တဒါရုံ ဧကောဒဿ, အဘိညာဉ်ဒွေး= ပေါင်း ၄၃-ပါး ဖြစ်ပါတယ်၊ ဓမ္မာရုံကို အာရုံပြုနိုင် သမျှ စိတ်ကတော့ ၅၆-ပါး ဖြစ်ပါတယ်။ (ရူပပဋ္ဌမစျာန်ဓော ၂-ထပ်ပါနေသည်ကို သတိပြုပါ။)

ဘူမိဘေဒအုပ်စု အာရုံနှင့်အာရမ္မဏိကစိတ်

ကာမကို ဧကန်အာရုံပြုသောစိတ်မှာ (၁၀+၃+၁၂) ကာမဝိပါက်-၂၃, ပဉ္စဒွါရာဝဇ္ဇန်း, ဟသိတုပ္ပာဒ်-၁= ပေါင်း ၂၅-ပါး ဖြစ်ပါတယ်၊ အနေကန်အာရုံပြုတဲ့စိတ်ကတော့ (၂၀+၅+၆) အကုသိုလ်စိတ်-၁၂, မနောဒွါရာဝဇ္ဇန်း-၁, မဟာကုသိုလ်-၈, မဟာကြိယာ-၈, အဘိညာဉ်ဒွေး= ပေါင်း ၃၁-ပါး ဖြစ်ပါတယ်။

မဟဂ္ဂုတ်ကို ဧကန်အာရုံပြုတဲ့စိတ်များမှာ (၆)ဝိညာဏဉ္စာယတနစိတ် ၃-ပါး, နေဝသညာနာသညာယတနစိတ် ၃-ပါး= ပေါင်း ၆-ပါး ဖြစ်ပါတယ်၊ အနေကန် အာရုံပြုတဲ့စိတ်တွေကတော့ (၂၀+၅+၆) ၃၁-ပါး ဖြစ်ပါတယ်။

http://www.dhammadownload.com

အပွမာဏာကို ဇကန်အာရုံပြုတဲ့စိတ်များမှာ (၈) လောကုတ္တရာစိတ် ၈-ပါးတို့ ဖြစ်ကြပါတယ်၊ အနေကန် အာရုံပြုတဲ့ စိတ်တွေကတော့ (၅+၆) မနောဒွါရာဝဇ္ဇန်း, ကာမာဝစရဉာဏသမ္မယုတ်ဇော-၈, အဘိညာဉ်ဒွေး= ပေါင်း ၁၁-ပါး ဖြစ်ပါတယ်။

ပညတ်ကို ဇကန်အာရုံပြုတဲ့ စိတ်များမှာ (၂၁) အဘိညာဉ်ဒွေးမှတစ်ပါး ရူပစိတ်-၁၅, အာကာသာနဉ္စာယတနစိတ်-၃, အာကိဉ္စညာယတနစိတ်-၃= ပေါင်း ၂၁-ပါး ဖြစ်ပါတယ်၊ အနေကန်အာရုံပြုတဲ့စိတ်တွေကတော့ (၂၀+၅+၆) ၃၁-ပါး ဖြစ်ပါတယ်။

ကာလဘေဒအုပ်စု အာရုံနှင့်အာရုမဏိကစိတ်

ပစ္စုပ္ပန်ကို ဇကန်အာရုံပြုသောစိတ်များမှာ (၁၀+၃) ဒွေးပဉ္စဝိညာဉ် ၁၀-နှင့် မနောဓာတ်-၃= ပေါင်း ၁၃-ပါး ဖြစ်ပါတယ်၊ အနေကန်အာရုံပြုတဲ့ စိတ်တွေကတော့ (၁၂+၂၀+၅+၆) မနောဒွါရာဝဇ္ဇန်း, ကာမဇောတစ်ခုယုတ်သုံးဆယ်, တဒါရုံဇကာဒဿ, အဘိညာဉ်ဒွေး= ပေါင်း ၄၃-ပါး ဖြစ်ပါတယ်။

အတိတ်ကို ဇကန်အာရုံပြုသောစိတ်များမှာ (၆) ဝိညာဏဉ္စာယတနစိတ်-၃, နေဝသညာနာသညာယတနစိတ်-၃= ပေါင်း ၆-ပါး ဖြစ်ပါတယ်၊ အနေကန်အာရုံပြုသောစိတ်များမှာ (၁၂+၂၀+၅+၆) မနောဒွါရာဝဇ္ဇန်း, ကာမဇောတစ်ခုယုတ်သုံးဆယ်, တဒါရုံဇကာဒဿ, အဘိညာဉ်ဒွေး= ပေါင်း ၄၃-ပါး ဖြစ်ပါတယ်။

အနာဂတ်ကို ဇကန်အာရုံပြုသောစိတ် မရှိပါ၊ အနေကန်အာရုံပြုသောစိတ်များမှာ (၁၂+၂၀+၅+၆) မနောဒွါရာဝဇ္ဇန်း, ကာမဇောတစ်ခုယုတ်သုံးဆယ်, တဒါရုံဇကာဒဿ, အဘိညာဉ်ဒွေး= ပေါင်း ၄၃-ပါးပဲ ဖြစ်ပါတယ်။

ကာလဝိမုတ်ကို ဇကန်အာရုံပြုသောစိတ်များမှာ (၂၁+၈) အဘိညာဉ်ဒွေးမှတစ်ပါး ရူပစိတ်-၁၅, အာကာသာနဉ္စာယတနစိတ်-၃, အာကိဉ္စညာယတနစိတ်-၃, လောကုတ္တရာစိတ်-၈= ပေါင်း ၂၉-ပါး ဖြစ်ပါတယ်၊ အနေကန်အာရုံပြုသောစိတ်များမှာ (၂၀+၅+၆) အကုသိုလ်-၁၂, မနောဒွါရာဝဇ္ဇန်း-၁, မဟာကုသိုလ်-၈, မဟာကြိယာ-၈, အဘိညာဉ်-၂= ပေါင်း ၃၁-ပါး ဖြစ်ပါတယ်။

သန္တာနဘေဒအုပ်စု အာရုံနှင့်အာရုမဏိကစိတ်

အဇ္ဈတ္တကို ဇကန်အာရုံပြုသော စိတ်များမှာ (၆)ဝိညာဏဉ္စာယတနစိတ်-၃, နေဝသညာနာသညာယတနစိတ်-၃= ပေါင်း ၆-ပါး ဖြစ်ပါတယ်၊ အနေကန်အာရုံ

http://www.dhammadownload.com

ပြုသော စိတ်များမှာ (၁၀+၃+၁၂+၂၀+၅+၆)ကာမစိတ်-၅၄, အဘိညာဉ်-၂= ပေါင်း ၅၆-ပါး ဖြစ်ပါတယ်။

ဗဟိဒ္ဓကို ဧကန်အာရုံပြုသောစိတ်များမှာ (၂၁-၃=၁၈+၈)ရူပစိတ်-၁၅, အာကာသာနဉ္စာယတနစိတ်-၃, လောကုတ္တရာစိတ်-၈= ပေါင်း ၂၆-ပါး ဖြစ်ပါတယ်၊ အနေကန်အာရုံပြုသော စိတ်များမှာ (၁၀+၃+၁၂+၂၀+၅+၆) ကာမစိတ်-၅၄, အဘိညာဉ်-၂= ပေါင်း ၅၆-ပါး ဖြစ်ပါတယ်။

အဒ္ဓတ္တဗဟိဒ္ဓဝိမုတ်ကို ဧကန်အာရုံပြုသော စိတ်များမှာ (၂၁-၁၈) အာကိဉ္စညာယတနစိတ် ၃-ပါး ဖြစ်ပါတယ်၊ အနေကန်အာရုံပြုတဲ့ စိတ်များမှာ (၂၀+၅+၆) အကုသိုလ်စိတ်-၁၂, မနောဒွါရာဝဇ္ဇန်း-၁, မဟာကုသိုလ်-၈, မဟာကြိယာ-၈, အဘိညာဉ်-၂= ပေါင်း ၃၁-ပါး ဖြစ်ပါတယ်။

အာကိဉ္စညာယတနစိတ်-၃။ ။အာကိဉ္စညာယတနစိတ်ရဲ့အာရုံဖြစ်တဲ့ နတ္ထိဘော ပညတ်က ပဌမာရုပ္ပဝိညာဉ်-ဆိုတဲ့ အဒ္ဓတ္တတရားရဲ့မရှိခြင်း အဘာဝပညတ်မျှသာ ဖြစ်ပါတယ်၊ ဒါကြောင့် အဒ္ဓတ္တသက်သက်လဲ မဟုတ်၊ ဗဟိဒ္ဓစစ်စစ်လဲ မဟုတ်တဲ့ အတွက် နတ္ထိဘောပညတ်အာရုံဟာ အဒ္ဓတ္တဗဟိဒ္ဓဝိမုတ်သာ ဖြစ်ရပါတော့တယ်။

ရုပ်နာမ်ပညတ်အုပ်စု

ရုပ်ကို ဧကန်အာရုံပြုသောစိတ်များမှာ (၁၀+၃)ဒွေးပဉ္စဝိညာဉ်-၁၀, မနောဓာတ်-၃= ပေါင်း ၁၃-ပါး ဖြစ်ပါတယ်၊ အနေကန်အာရုံပြုသောစိတ်များမှာ (၁၂+၂၀+၅+၆) မနောဒွါရာဝဇ္ဇန်း-၁, ကာမဇော-၂၉, တဒါရုံ-၁၁, အဘိညာဉ်-၂=ပေါင်း ၄၃-ပါး ဖြစ်ပါတယ်။

နာမ်ကို ဧကန်အာရုံပြုသော စိတ်များမှာ (၆+၈)ဝိညာဏဉ္စာယတနစိတ်-၃, နေဝသညာနာသညာယတနစိတ်-၃, လောကုတ္တရာစိတ်-၈= ပေါင်း ၁၄-ပါး ဖြစ်ပါတယ်၊ အနေကန်အာရုံပြုသော စိတ်များမှာ (၁၂+၂၀+၅+၆)မနောဒွါရာဝဇ္ဇန်း, ကာမဇောတစ်ခုယုတ်သုံးဆယ်, တဒါရုံကောဒသ, အဘိညာဉ်ဒွေး= ပေါင်း ၄၃-ပါး ဖြစ်ပါတယ်။

ပညတ်ဧကန်-၂၁, အနေကန်-၃၁ ဖြစ်ပါတယ်။

ပရမတ်ပညတ်အုပ်စု

ပရမတ်ကို ဧကန်အာရုံပြုသော စိတ်များမှာ (၁၀+၃+၁၂+၆+၈)ကာမဝိပါက်-၂၃, ပဉ္စဒွါရာဝဇ္ဇန်း-၁, ဟသိတုပွာဒ်, ဝိညာ,နေဝ-၆, လောကုတ္တရာစိတ်-၈= ပေါင်း ၃၉-ပါး ဖြစ်ပါတယ်၊ အနေကန်အာရုံပြုတဲ့စိတ်များကတော့ (၂၀+၅+၆) အကုသိုလ်စိတ်-၁၂, မနောဒွါရာဝဇ္ဇန်း-၁, မဟာကုသိုလ်-၈, မဟာကြိယာ-၈, အဘိညာဉ်-၂= ပေါင်း ၃၁-ပါး ဖြစ်ပါတယ်။

ပညတ်ဧကန်,အနေကန်ကို ဘူမိဘေဒအုပ်စုက ပြခဲ့ပြီးပါပြီ။

http://www.dhammadownload.com

ဝတ္ထုဖြင့် စိတ်တို့ကို ဝေဖန်ပုံ

စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထု–လို့ စိတ်စေတသိက်တွေရဲ့ မှီရာဖြစ်တဲ့ ဝတ္ထုရုပ် ၆–ပါး ရှိပါတယ်။

ကာမဘုံမှာ ဝတ္ထုရုပ် ၆–ပါးလုံးရှိတယ်၊ အသညသတ်ကြဉ်တဲ့ ရူပ ၁၅–ဘုံမှာ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဟဒယဝတ္ထု ၃–ပါးသာ ရှိတယ်၊ အရူပဘုံမှာ ဝတ္ထုရုပ် တစ်ခုမျှ မရှိပါ။

စာတ် ၇–ပါး		စက္ခုဝတ္ထု	သောတဝတ္ထု	ကာမဌသာ ဃာနဝတ္ထု	ဇိဝှါဝတ္ထု	ကာယဝတ္ထု	ဟဒယဝတ္ထု အမြဲမို့	ဟဒယဝတ္ထု ဖဲ့ခါမို့	ဟဒယဝတ္ထု လုံးဝမဟုတ်မို့	ဝတ္ထုပေါင်း
ဒွဝိဉ္ဉာဏစိတ်	စက္ခုဝိညာဏဓာတ် ၂	။								၁
	သောတဝိညာဏဓာတ် ၂		။							၁
	ဃာနဝိညာဏဓာတ် ၂			။						၁
	ဇိဝှါဝိညာဏဓာတ် ၂				။					၁
	ကာယဝိညာဏဓာတ် ၂					။				၁
မနောဓာတ်	၃						။			၁
မနောဝိညာဏဓာတ်	ပဉ္စဝေါကာရဘုံဒွိသာဖြစ် ၃၀						။			၁
	စတုဝေါ + ပဉ္စဝေါဒွိဖြစ် ၄၂							။		
	စတုဝေါကာရဘုံဒွိသာဖြစ် ၄								။	
စိတ်ပေါင်း		၂	၂	၂	၂	၂	၃၃	၄၂	၄	✪

စက္ခုဝိညာဏဓာတ်(စက္ခုဝိညာဉ်) ၂–က စက္ခုဝတ္ထုကို အမြဲမှီပါတယ်၊ သောတဝိညာဏဓာတ် ၂–က သောတဝတ္ထုကို, ဃာနဝိညာဏဓာတ် ၂–က ဃာနဝတ္ထုကို, ဇိဝှါဝိညာဏဓာတ် ၂–က ဇိဝှါဝတ္ထုကို, ကာယဝိညာဏဓာတ် ၂–က ကာယဝတ္ထုကို အမြဲမှီပါတယ်။

မနောဓာတ် ၃–ခုက ဟဒယဝတ္ထုကို အမြဲမှီပါတယ်။

ဒေါသမူ–၂, ဟသိတုပ္ပာဒ်–၁, တဒါရုံ–၁၁, ရူပါဝစရစိတ်–၁၅, သောတာပတ္တိမဂ်–၁= ပေါင်း ပဉ္စဝေါကာရဘုံမှာသာဖြစ်တဲ့ မနောဝိညာဏဓာတ် ၃၀–တို့က ဟဒယဝတ္ထုကို အမြဲမှီပါတယ်။

(A)

http://www.dhammadownload.com

လောဘမူ-၈, မောဟမူ-၂, မနောဒွါရာဝဇ္ဇန်း-၁, မဟာကုသိုလ်-၈, မဟာကြိယာ-၈, အရူပါဝစရကုသိုလ်-၄, အရူပါဝစရကြိယာ-၄, အထက်မဂ်-၃, ဖိုလ် ၄-ခု= ပေါင်း ၄၂-ပါးသော (စတုဝေါကာရ, ပဉ္စဝေါကာရဘုံမှာ ဖြစ်နိုင်တဲ့) မနောဝိညာဏဓာတ်ကတော့ ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် ဟဒယဝတ္ထုကိုမှီပြီး အရူပဘုံ၌ဖြစ်ခိုက် မမှီပါ။

အရူပဝိပါက် ၄-ခုဟု ဆိုအပ်သော စတုဝေါကာရဘုံမှာသာဖြစ်တဲ့ မနောဝိညာဏဓာတ်ကတော့ အမြဲမမှီဘဲ ဖြစ်ရပါတယ်။

ပေါင်းစုပြဆိုချက်

[၂+၂+၂+၂+၂+၃၃] ဩဠာပဉ္စဝိညာဉ်-၁၀, မနောဓာတ်-၃, ဒေါသမူ-၂, ဟသိတုပ္ပာဒ်-၁, တဒါရုံ-၁၁, ရူပါဝစရစိတ်-၁၅, သောတာပတ္တိမဂ်-၁= ပေါင်း ၄၃-ပါးသောစိတ်တို့က (ကာမ ၁၁-ဘုံ, အသညသတ်ကြဉ်တဲ့ရူပ ၁၅-ဘုံဆိုတဲ့) ပဉ္စဝေါကာရ ၂၆-ဘုံမှာသာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် သက်ဆိုင်ရာ ဝတ္ထုရုပ်ကို အမြဲမှီကြရပါတယ်။

အဲဒီ ၄၃-ပါးသောစိတ်ထဲက ဒေါသမူ-၂, ဃာနဝိညာဉ်-၂, ဇိဝှါဝိညာဉ်-၂, ကာယဝိညာဉ်-၂, မဟာဝိပါက်-၈= ပေါင်း ၁၆-ပါးသောစိတ်များက ကာမဘုံမှာသာ ဖြစ်ကြပါတယ်။

စက္ခုဝိညာဉ်-၂, သောဝိညာဉ်-၂, မနောဓာတ်-၃, သန္တီရဏ-၃, ဟသိတုပ္ပာဒ်-၁, ရူပါဝစရကုသိုလ်-၅, ရူပါဝစရကြိယာ-၅, သောတာပတ္တိမဂ်-၁= ပေါင်း ၂၂-ပါး သောစိတ်များက ကာမ, ရူပ ၂-ပါးလုံးမှာ ဖြစ်နိုင်ကြပါတယ်။

ရူပဝိပါက် ၅-ခုက ရူပဘုံမှာသာ ဖြစ်နိုင်ပါတယ်။

လောဘမူ-စတဲ့ ၄၂-ပါးသော စိတ်များကတော့ ပဉ္စဝေါကာရဘုံမှာလဲ ဖြစ်ပါတယ်၊ စတုဝေါကာရ(အရူပ-၄)ဘုံမှာလဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဟဒယဝတ္ထုရုပ်ကို ရံခါမှီလို့ ဖြစ်ကြပြီး ရံခါမမှီဘဲ ဖြစ်ကြပါတယ်။

အရူပဝိပါက် ၄-ခုတို့ကတော့ စတုဝေါကာရဘုံမှာသာ ဖြစ်ကြပါတယ်၊ ဒါကြောင့် ဟဒယဝတ္ထုရုပ်ကို လုံးဝမမှီဘဲ ဖြစ်ကြရပါတယ်။

[ကာမဘုံမှာသာဖြစ်သောစိတ်-၁၆, ကာမဘုံ, ရူပဘုံမှာဖြစ်သော စိတ်-၂၂, ရူပဘုံမှာသာဖြစ်တဲ့စိတ်-၅= ပေါင်း] ပဉ္စဝေါကာရဘုံမှာဖြစ်သောစိတ်-၄၃, စတုဝေါကာရ, ပဉ္စဝေါကာရဘုံမှာဖြစ်တဲ့စိတ်-၄၂, စတုဝေါကာရဘုံမှာသာဖြစ်တဲ့ စိတ်-၄= စိတ် ၈၉-ပါး ဖြစ်ပါတယ်။

http://www.dhammadownload.com

ဝိထိ

စိတ်သက်နှင့်ရုပ်သက်

ဝိထိတွေကို မပြောခင် အခြေခံအနေနဲ့ စိတ်သက်, ရုပ်သက်တို့ကို ကြိုတင်ပြောပြထားပါ့မယ်၊ စိတ်တစ်ခုတစ်ခုမှာ–

၁။ ဥပါဒ်= ဖြစ်ပေါ်လာမှု,

၂။ ဌိ= ဖြစ်ပြီးနောက် တည်နေမှု,

၃။ ဘင်= ပျက်စီးချုပ်ပျောက်မှု–

ဒီလို အခိုက်အတန့် ၃–ခု(ခဏငယ် ၃–ခု) ရှိပါတယ်၊ အတိုဆုံးအချိန်ကာလကိုပဲ ခဏငယ်–လို့ ဆိုရပါတယ်၊ အဲဒီ ဥပါဒ်, ဌိ, ဘင်–ဆိုတဲ့ ခဏငယ် ၃–ခုအပေါင်းဟာ စိတ္တက္ခဏတစ်ခု(စိတ်ရဲ့အသက်) ဖြစ်ပါတယ်။ အဲဒီစိတ္တက္ခဏတစ်ခုကိုပဲ ခဏကြိုး တစ်ခု–လို့လဲ ခေါ်ကြပါတယ်။

ရုပ်တရားတွေကတော့ စိတ္တက္ခဏ ၁၇–ချက်ကြာအောင် အသက်ရှည်ကြပါတယ်၊ ရုပ်ရဲ့အသက်က စိတ်ရဲ့အသက် ၁၇–ချက်နှင့် ညီမျှပါတယ်၊ ရုပ်တရားတွေမှာလဲ ဥပါဒ်, ဌိ, ဘင်–လို့ခဏ ၃–မျိုးပဲ ရှိပါတယ်၊ ရုပ်ရဲ့ဥပါဒ်ခဏနှင့် စိတ်ရဲ့ဥပါဒ်ခဏ တူမျှပါတယ်၊ ရုပ်ရဲ့ဘင်ခဏနှင့် စိတ်ရဲ့ဘင်ခဏတို့လဲ တူမျှကြပါတယ်၊ ဖြစ်ပြီးနောက် မချုပ်သေးဘဲ တည်နေတဲ့ ရုပ်ရဲ့ဌိခဏကသာ အသက်ရှည်ကြာပါတယ်၊ စိတ္တက္ခဏ ၁၆–ချက်နှင့် ခဏငယ်တစ်ချက်ခန့် ကြာပါတယ်၊ ခဏငယ်သက်သက်နဲ့ ရေတွက်ပါရင် ခဏငယ် ၄၉–ချက်ခန့် ကြာပါတယ်။

သတ္တဝါတွေရဲ့ သန္တာန်မှာ အများအားဖြင့် စိတ်တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ ဖြစ်နေတတ်ပါတယ်၊ အဲဒီစိတ်တွေက ဝိထိစိတ်သော်လဲ ဖြစ်တတ်ပါတယ်၊ ဘဝင်စိတ်သော်လဲ ဖြစ်တတ်ပါတယ်၊ အိပ်ပျော်နေသောအခါ–စသည်မှာ ဘဝင်စိတ်ချည်း ဖြစ်နေတတ်ပါတယ်။

အဲဒီဘဝင်စိတ်တွေရဲ့ အကြားအကြားမှာ ထင်လာတဲ့ အာရုံသစ်ကို အကြောင်းပြုလို့ စိတ်အစဉ်တစ်မျိုးမျိုး ဖြစ်ပေါ်လာတတ်ပါတယ်၊ အဲဒီလိုဖြစ်ပေါ်လာမှုကိုပဲ ဝိထိကျတယ်–လို့ ခေါ်ပါတယ်၊ ဝိထိစိတ်အစဉ် ကုန်တဲ့အခါ ဘဝင်ကျမြဲကျပြန်ပါတယ်၊ အဲဒီလို ဘဝင်တို့ရဲ့အကြားအကြားမှာ ထင်လာတဲ့အာရုံဟာ ရူပါရုံ–စတဲ့ ရုပ်အာရုံမျိုး ဖြစ်ခဲ့ပါရင် ဥပါဒ်ရာအခါ, ထင်ရာအခါ, ချုပ်ရာအခါ–တို့ကို စိတ္တက္ခဏနဲ့ ရေတွက်သတ်မှတ်ပြရပါတယ်၊ ဒါ့ကြောင့် စိတ်သက်, ရုပ်သက်တွေကို ကြိုတင်ပြဆိုထားရပါတယ်။

http://www.dhammadownload.com

ဝိထိဇယား

ဝါရ	ဝိထိ		အာရုံ	စိတ်ဖြစ်ပုံအစဉ်	ဝါရ
ကာမဇော	ပဉ္စဒ္ဒါရ		အတိဟေန္တ	ဘ"တ္ထိ,နှ,ဒ,ပဉ်,စက်,သံ,တီ,ဝု,ဇဇဇဇဇဇ,ရုံရုံ"ဘ,ဘ	တဒါ-၁
			ဟေန္တ	ဘ တီ[၂+၃]နှ,ဒ,ပဉ်,စက်,သံ,တီ,ဇဇဇဇဇဇ,ဘ"ဘဘ	ဇဝန-၂
			ပရိတ္တ	ဘ တီ[၄+၉]နှ,ဒ,ပဉ်,စက်,သံ,တီ,ဝု,ဝု,ဘ ဘ ဘ ဘ	ဝေါ-၆
			အတိဝရိတ္တ	ဘ တီ[၁၀+၁၅] နှ,နှ,ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ	မော-၆
	မနောဒ္ဒါရ	အတိကျ	ဝိဘူတ	ဘ တီ [၁-မှ ၅-ထိ] နှ,ဒ,မ,ဇဇဇဇဇဇ,ရုံရုံ,ဘဘဘဘ	တဒါ-၅
			အဝိဘူတ	ဘ တီ [၆+၇] နှ,ဒ,မ,ဇဇဇဇဇဇ,ဘဘ	ဇဝန-၂
		အတိမကျ	ဝိဘူတ	ဘ နှ,ဒ,မ,ဇဇဇဇဇဇ,ရုံရုံ,ဘဘ	တဒါ-၁
			အဝိဘူတ	ဘ နှ, ဒ, မ, ဇဇဇဇဇဇ, ဘဘ	ဇဝန-၁
	မနောဒ္ဒါရ			အကု+မဟာကု+ကြိပဉ်-ဇော- - - - ရုံ / ဘဝင် } စု { ၁၀-ကာမစုတိ / ၁၀+၁၉+၁၃ / ၁၉	
အဝိတ္တရာဇော	ဇုဝန	အာဒိ	ပ,ဥ,နု,ဂေါ	ဈာန်, ဘ, ဘ, ဘ	
		သမာ	ပ,ဥ,နု,ဂေါ	ဈာန်, ဈာန်, ဈာန်, ဈာန်, ဘ, ဘ	
	မဂ္ဂ		ပ, ဥ, နု, ဂေါ/ဝေါ	မဂ်, ဖ, ဖ, ဖ, ဘ ဘ ဘ ဘ ဘ	
	ဖလသမာ		နု, နု, နု, နု	ဖ, ဖ, ဖ, ဖ, ဖ, ဖ, ဘ, ဘ, ဘ	
	အဘိညာ		ပ,ဥ,နု,ဂေါ	ဘိ, ဘ, ဘ, ဘ, ဘ, ဘ, ဘ	
	နိရောဓ		ပ,ဥ,နု,ဂေါ	နေဝ-ကု / နေဝ-ကြိ နိရောဓ အနာ-ဖ / အရဟ-ဖ ဘ, ဘ, ဘ	

http://www.dhammadownload.com

ဝိထိပုစ္ဆပါ-သင်္ကေတ

ဏ- ဥပါဒ်,ဋ္ဌိ,ဘင်ခဏ	တိ- သန္တီရဏ	ဂေါ- ဂေါတြဘူ
ဘ- ဘဝင်	ဝု- ဝုဋ္ဌော	ဃေါ- ဃေါဒါန်
တိ- အတီတဘဝင်	ဇ- ဇော	ဈာန်- ဈာန်ဇော
န- ဘဝင်္ဂစလန	ရုံ- တဒါရုံ	ဘိ- အဘိညာဉ်ဇော
ဒ- ဘဝင်္ဂုပစ္ဆေဒ	မ- မနောဒွါရာဝဇ္ဇန်း	မဂ်- မဂ်ဇော
ပဉ်- ပဉ္စဒွါရာဝဇ္ဇန်း	ပ- ပရိကံ	ဖ- ဖိုလ်ဇော
စက်- စက္ခုဝိညာဉ်	ဥ- ဥပစာ	စု- စုတိ
သံ-သမ္မဋိစ္ဆိုင်း	နု- အနုလုံ	ပဋိ- ပဋိသန္ဓေ

ကာမဇောဝါရ

သတ္တဝါတွေရဲ့ သန္တာန်မှာ စိတ္တနိယာမအတိုင်းဖြစ်နေတဲ့ စိတ်အစဉ်ကို သွားရာလမ်းခရီးနှင့်တူလို့ ဝိထိ-လို့ ခေါ်ပါတယ်၊ အဲဒီ ဝိထိဟာ ကာမဇောဝါရဝိထိ, အပွနာဇောဝါရဝိထိ-လို့ ၂-မျိုး ရှိနေပါတယ်၊ အဲဒီ ၂-မျိုးတဲ့က ကာမဇောဝါရဝိထိလဲ ပဉ္စဒွါရဝိထိ, မနောဒွါရဝိထိ-လို့ ၂-ပါး ရှိပြန်တယ်။

ပဉ္စဒွါရဝိထိ

အဲဒီ ၂-ပါးထဲက ပဉ္စဒွါရဝိထိဟာ စက္ခုဒွါရဝိထိ, သောတဒွါရဝိထိ, ဃာနဒွါရဝိထိ, ဇိဝှါဒွါရဝိထိ, ကာယဒွါရဝိထိ-လို့ ၅-မျိုး ကွဲပြားနေပါတယ်၊ အဲဒီ ၅-မျိုးထဲက စက္ခုဒွါရဝိထိဟာ အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံ-လို့ အာရုံအနေနဲ့ ၄-မျိုး ကွဲပြားနေပါတယ်။

အတိမဟန္တာရုံ

အဲဒီ ၄-မျိုးထဲက တဒါရမဏဝါရ အတိမဟန္တာရုံဝိထိဖြစ်ပုံကတော့ ရူပါရုံနှင့်စက္ခုပသာဒတို့ ရှေးရှုအတူဥပါဒ်ကြသည်က စပြီး အတိတဘဝင်တစ်ကြိမ်အလွန်တွင် စက္ခုပသာဒမှာ ရူပါရုံ ထင်လာပါတယ်၊ ဒါနဲ့ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္မဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်ဖြစ်ပြီးတဲ့အခါ ရူပါရုံနှင့် စက္ခုပသာဒတို့ ၁၇-ချက် ရုပ်သက်စေ့တဲ့အတွက် ဒုတိယတဒါရုံရဲ့ဘင်နှင့်ပြိုင်လို့ ချုပ်သွားတဲ့ ဝိထိဟာ တဒါရမဏဝါရ အတိမဟန္တာရုံ စက္ခုဒွါရဝိထိ မည်ပါတယ်။

မဟန္တာရုံဝိထိများ

ဇဝနဝါမဟန္တာရုံဝိထိကတော့ အတိတဘဝင် ၂-ကြိမ်လွန်တဲ့ ပထမမဟန္တာရုံဝိထိ, ၃-ကြိမ်လွန်တဲ့ ဒုတိယမဟန္တာရုံဝိထို-လို့ ၂-ပါးရှိနေပါတယ်၊ အဲဒီ ၂-ပါးထဲက ပထမမဟန္တာရုံဝိထိဖြစ်ပုံကတော့ ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူဥပါဒ်ကြသည်ကစပြီး အတိတဘဝင် ၂-ကြိမ်

http://www.dhammadownload.com

အလွန်တွင် စက္ခုပသာဒမှာ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ် ဖြစ်ပြီးနောက် ဘဝင်္ဂတစ်ကြိမ်ကျပြီးတဲ့အခါ ရူပါရုံနှင့် စက္ခုပသာဒတို့ ၁၇-ချက် ရုပ်သက်စေ့ရကား ပထမဘဝင်္ဂရဲ့ဘင်နှင့် ပြိုင်လို့ချုပ်သွားတဲ့ ဝီထိဟာ ဇဝနဝါရ မဟန္တာရုံဝီထိမည်ပါတယ်။

ဒုတိယမဟန္တာရုံဝီထိ ဖြစ်ပုံကတော့ အတိတဘဝင် ၃-ကြိမ် အလွန်တွင် ----ဇော ၇-ကြိမ်ဖြစ်ပြီးတဲ့အခါ ရူပါရုံနှင့် စက္ခုပသာဒတို့ ၁၇-ချက် ရုပ်သက်စေ့တာနဲ့ သတ္တမဇောရဲ့ဘင်နှင့်ပြိုင်လို့ ချုပ်သွားရတဲ့ ဝီထိကတော့ ဇဝနဝါရ ဒုတိယမဟန္တာရုံဝီထိမည်ပါတယ်။

ပရိတ္တာရုံဝီထိများ ဝေါဋ္ဌဗ္ဗနဝါရ ပရိတ္တာရုံဝီထိကတော့ အတိတဘဝင် ၄-ကြိမ် လွန်တဲ့ ပထမပရိတ္တာရုံဝီထိ, ၅-ကြိမ်, ၆-ကြိမ်, ၇-ကြိမ်, ၈-ကြိမ်, ၉-ကြိမ်လွန်တဲ့ ဆဋ္ဌပရိတ္တာရုံဝီထိ-လို့ ၆-ပါး ရှိနေပါတယ်၊ အဲဒီထဲက ပထမပရိတ္တာရုံဝီထိဖြစ်ပုံကတော့ ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူဥပါဒ်ကြသည်ကစပြီး အတိတဘဝင်္ဂ-ကြိမ်အလွန်တွင် စက္ခုပသာဒမှာ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန,----သန္တီရဏ, ဝုဋ္ဌော ၂-ကြိမ်ဖြစ်ပြီးလျှင် ဘဝင် ၅-ကြိမ်ကျပြီးတဲ့အခါ ရူပါရုံနှင့် စက္ခုပသာဒယို့ ၁၇-ချက် ရုပ်သက်စေ့တာနဲ့ ပဌမဘဝင်္ဂရဲ့ဘင်နှင့်ပြိုင်လို့ ချုပ်သွားရတဲ့ ဝီထိဟာ ပထမပရိတ္တာရုံဝီထိမည်ပါတယ်၊ [ရှေ့ဘဝင်္ဂလွန်သလောက် နောက်ဘဝင်္ဂကို လျှော့ပေးပါ၊] အတိတဘဝင် ၉-ကြိမ် အလွန်တွင် ဝုဋ္ဌော ၂-ကြိမ်ဖြစ်ပြီးလျှင် ဒုတိယဝုဋ္ဌောရဲ့ဘင်နှင့်ပြိုင်လို့ ချုပ်သွားတဲ့ ဝီထိဟာ ဆဋ္ဌပရိတ္တာရုံဝီထိမည်ပါတယ်။

အတိပရိတ္တာရုံဝီထိများ မောဃဝါရအတိပရိတ္တာရုံဝီထိကတော့ အတိတဘဝင် ၁၀-ကြိမ်လွန်တဲ့ ပထမအတိပရိတ္တာရုံဝီထိ, ၁၁-ကြိမ်, ၁၂-ကြိမ်, ၁၃-ကြိမ်, ၁၄-ကြိမ်, ၁၅-ကြိမ်လွန်တဲ့ ဆဋ္ဌအတိပရိတ္တာရုံဝီထိ-လို့ ၆-မျိုး ရှိနေပါတယ်၊ အဲဒီထဲက ပထမအတိပရိတ္တာရုံဝီထိဖြစ်ပုံကတော့--

ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူဥပါဒ်ကြသည်ကစပြီး အတိတဘဝင် ၁၀-ကြိမ်အလွန်တွင် စက္ခုပသာဒမှာ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန ၂-ကြိမ်ဖြစ်ပြီးတဲ့နောက် ဝီထိစိတ်မဖြစ်ဘဲ ဘဝင်ဆက်ဖြစ်ပြီးလျှင် ဘဝင် ၅-ကြိမ် ကျပြီးတဲ့အခါ ရူပါရုံနှင့်စက္ခုပသာဒတို့ ၁၇-ချက် ရုပ်သက်စေ့တာနဲ့ပဲ ဘဝင်္ဂစလန နောက် ပဌမဘဝင်္ဂရဲ့ဘင်နှင့်ပြိုင်လို့ ချုပ်သွားရတဲ့ ဝီထိဟာ ပထမအတိပရိတ္တာရုံဝီထိမည်ပါတယ်။ (ပ) အတိတဘဝင် ၁၅-ကြိမ်အလွန်တွင် (ပ) ဒုတိယဘဝင်္ဂစလနရဲ့ဘင်နှင့်ပြိုင်လို့ ချုပ်သွားရတဲ့ ဝီထိဟာ ဆဋ္ဌအတိပရိတ္တာရုံဝီထိမည်ပါတယ်။

http://www.dhammadownload.com

ပဋ္ဌဒ္ဓါရုဝိထိပေါင်း ဒီလိုပဲ အတိမဟန္တာရုံတစ်ဝိထိ, မဟန္တာရုံ ၂-ဝိထိ, ပရိတ္တာရုံ ၆-ဝိထိ, အတိပရိတ္တာရုံ ၆-ဝိထိအားဖြင့် စက္ခုဒ္ဓါရ ၁၅-ဝိထိ၊ အလားတူ သောတဒ္ဓါရ ၁၅-ဝိထိ, ဃာနဒ္ဓါရ ၁၅-ဝိထိ, ဇိဝှါဒ္ဓါရ ၁၅-ဝိထိ, ကာယဒ္ဓါရ ၁၅-ဝိထိစီ ဖြစ်လာတဲ့အတွက် ပဋ္ဌဒ္ဓါရဝိထိပေါင်း ၇၅-ဝိထိဖြစ်ပါတယ်။

မနောဒ္ဓါရဝိထိ

ကာမဓောဝါရ မနောဒ္ဓါရဝိထိကတော့ ပစ္စုပ္ပန်နိပ္ပန္နရုပ်ထင်လာလို့ အတိတဘဝင်ကျတဲ့ဝိထိ, အတိတ်အနာဂတ်နိပ္ပန္နရုပ်နှင့် တေကာလိကကာမစိတ်စေတသိက် အာရုံထင်လာလို့ အတိတဘဝင်မကျတဲ့ဝိထိ-လို့ ၂-မျိုးရှိနေပါတယ်။

အတိတဘဝင်ကျသော ဝိထိများ အဲဒီ ၂-မျိုးအနက် အတိတဘဝင်ကျတဲ့ ဝိထိဟာ ဝိဘူတာရုံဝိထိ, အဝိဘူတာရုံဝိထိ-လို့ ၂-ပါး ရှိနေပါတယ်၊ အဲဒီ ၂-ပါးထဲက တဒါရမဏဝါရ ဝိဘူတာရုံဝိထိဟာ အတိတဘဝင်တစ်ကြိမ်အလွန်မှာ ထင်လာတဲ့အာရုံ, ၂-ကြိမ်, ၃-ကြိမ်, ၅-ကြိမ် အလွန်မှာ ထင်လာတဲ့အာရုံ-လို့ ၅-ပါး ရှိနေပါတယ်။

အဲဒီ ၅-ပါးအနက် ပစ္စုပ္ပန်နိပ္ပန္နရုပ်တို့ ဥပါဒ်ပြိုးနောက် အတိတဘဝင်တစ်ကြိမ်အလွန်တွင် မနောဒ္ဓါရမှာ ထင်ထင်ရှားရှား ထင်လာလို့ရှိရင် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒ္ဓါရာဝဇ္ဇန်း, ဓော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်ဖြစ်ပြီးတဲ့နောက် ဘဝင် ၄-ကြိမ်မြောက်တွင် နိပ္ပန္နရုပ်အဋ္ဌာရသတို့ ၁၇-ချက်ရုပ်သက်စေ့လို့ စုတုဇ္ဈာဘဝင်ရဲ့ ဘင်နှင့်ပြိုင်လို့ချုပ်သွားတဲ့ဝိထိဟာ တဒါရမဏဝါရ ပထမဝိဘူရုံဝိထိမည်ပါတယ်။

တဒါရမဏဝါရ ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမဝိဘူတာရုံဝိထိတို့ကိုလဲ နားလည်နိုင်လောက်ပါပြီ၊ ဒါ့အပြင် ဓဝနဝါရ အဝိဘူတာရုံဝိထိများကိုလဲ ဓယောအကူအညီနဲ့ပဲ နားလည်အောင်ကြိုပါ။

အတိတဘဝင်မကျသော ဝိထိများ အတိတဘဝင်မကျတဲ့ ဝိထိလဲ ဝိဘူတာရုံဝိထိ, အဝိဘူတာရုံဝိထိ-လို့ ၂-မျိုးပဲ ရှိနေပါတယ်၊ အဲဒီဝိထိများကိုလဲ နားလည်အောင်ကြိုပါ၊ လွယ်ပါပြီ။

မရဏာသန္နဝိထိ

မရဏာသန္နဝိထိလဲ ပဋ္ဌဒ္ဓါရဝိထိ, မနောဒ္ဓါရဝိထိ-လို့ ၂-ပါး ရှိပါတယ်။

ပဋ္ဌဒ္ဓါရဝိထိ အဲဒီ ၂-ပါးအနက် ပဋ္ဌဒ္ဓါရဝိထိလဲ စက္ခုဒ္ဓါရဝိထိ, သောတဒ္ဓါရဝိထိ, ဃာနဒ္ဓါရဝိထိ, ဇိဝှါဒ္ဓါရဝိထိ, ကာယဒ္ဓါရဝိထိ-လို့ ၅-မျိုး ရှိနေပါတယ်၊ အဲဒီ ၅-ပါးထဲက စက္ခုဒ္ဓါရဝိထိကလဲ ဓောနောင်စုတိ, ဓောဘဝင်နောင်စုတိ, တဒါရုံနောင်စုတိ, တဒါရုံဘဝင်နောင်စုတိ-လို့ ၄-ပါး ရှိနေပါတယ်။

http://www.dhammadownload.com

အဲဒီ ၄-ပါးအနက် ဓောနောင်စုတိကျတဲ့ဝီထိဖြစ်ပုံကတော့-- ဆွေမျိုး-စသည်တို့က ယူဆောင်ပြလို့ပဲဖြစ်ဖြစ်, အလိုအလျောက်ပဲဖြစ်ဖြစ် ရှုပါရုံဥပါဒ်သည်ကစပြီး အတိတဘဝင်တစ်ချက်အလွန်တွင်စက္ခုပသာဒမှာ ရှုပါရုံထင်လာလို့ရှိရင် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, မရဏာသန္နဇော ၅-ကြိမ်, စုတိ, ပဋိသန္ဓေ, ဘဝင် ၁၆-ချက် မနောဒ္ဒါရာဝဇ္ဇန်း, ဘဝနိကန္တိကလောဘဇော ၇-ကြိမ်၊ ထို့နောင်ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏၊ အကြွင်းသိလွယ်ပါပြီ။

မနောဒ္ဒါရဝီထိ မနောဒ္ဒါရဝီထိကတော့ ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့ရဲ့ မရဏာသန္နဝီထိ, ရဟန္တာတို့ရဲ့ မရဏာသန္နဝီထိ(ပရိနိဗ္ဗာနဝီထိ)လို့ ၂-ပါး ရှိပါတယ်၊ အဲဒီ ၂-ပါးထဲက ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တွေရဲ့ မရဏာသန္နဝီထိက ကာမဘုံမှာပဲဖြစ်မယ့်ပုဂ္ဂိုလ်မှာ ဓောနောင်စုတိ, ဓောဘဝင်နောင်စုတိ, တဒါရုံနောင်စုတိ, တဒါရုံဘဝင်နောင်စုတိ-လို့ ပဉ္စဒ္ဒါရဝီထိလို ၄-ဝီထိပဲ ဖြစ်ပါတယ်။

ကာမဘုံကစုတ်လို့ အခြားဘုံမှာဖြစ်မယ့်ပုဂ္ဂိုလ်, အခြားဘုံကစုတ်လို့ ကာမဘုံမှာဖြစ်မယ့် ပုဂ္ဂိုလ်များမှာတော့ ဓောနောင်စုတိ, ဓောဘဝင်နောင်စုတိ-ဆိုတဲ့ ၂-ဝီထိသာ ဖြစ်ပါတယ်။

ပရိနိဗ္ဗာနဝီထိ ရဟန္တာပုဂ္ဂိုလ်တွေရဲ့ မရဏာသန္နဝီထိကလဲ ကာမဓောမနောဒ္ဒါရဝီထိဖြစ်ရင် ပြောလာခဲ့တဲ့အတိုင်း ဓောနောင်စုတိ-စတဲ့ ၄-ဝီထိပဲ ဖြစ်နိုင်ပါတယ်၊ ဈာန်မရတဲ့ သုက္ခဝိပဿကပုဂ္ဂိုလ်ဖြစ်လို့ပဲဖြစ်ဖြစ်, ဈာန်ရပေမယ့် ဈာန်ကိုမဝင်စားလို့ပဲဖြစ်ဖြစ် မနောဒ္ဒါရ ကာမဓောဝီထိအဆုံးမှာ ပရိနိဗ္ဗာနစုတိကျပါတယ်၊ ဝီထိဖြစ်ပုံမှာ မနောဒ္ဒါရ မရဏာသန္နဝီထိအတိုင်းပဲ ဖြစ်ပါတယ်၊ စုတိနောက်မှာ ပဋိသန္ဓေ, ဘဝင်-စသည်တို့ မပါရှိရုံမျှသာ ထူးပါတယ်။

အပ္ပနာဓောများစောပြီးတဲ့နောက် ပရိနိဗ္ဗာန်စံရာမှာတော့ ဈာနသမန္နန္တရဝီထိ, ပစ္စဝေက္ခဏာသမန္နန္တရဝီထိ, အဘိညာသမန္နန္တရဝီထိ, ဇဝိတသမသီသီဝီထိရယ်လို့ ၄-ဝီထိ ရှိနိုင်ပါတယ်။

အဲဒီ ၄-ပါးထဲက ဈာန်ကိုဝင်စားတဲ့အဆုံးမှာ စုတိကျတဲ့ဝီထိဟာ ဈာနသမန္နန္တရဝီထိမည်ပါတယ်၊ ဈာန်ဝင်စားပြီးနောက် ပစ္စဝေက္ခဏာဝီထိဖြစ်ပြီးမှ စုတိကျတဲ့ဝီထိကတော့ ပစ္စဝေက္ခဏာသမန္နန္တရဝီထိမည်ပါတယ်၊ အဘိညာဉ်ကိုဝင်စားပြီးမှ စုတိကျတဲ့ဝီထိကတော့ အဘိညာသမန္နန္တရဝီထိမည်ပါတယ်၊ ဇဝိတိန္ဒြေချုပ်ခါနီးမှ အရဟတ္တဖိုလ်ကိုရတာနဲ့ အရဟတ္တမဂ္ဂဝီထိဖြစ်ပြီးနောက် ဘဝင်ခြားပြီး မဂ်,ဖိုလ်-

http://www.dhammadownload.com

စသည်ကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဝိထိရဲ့အဆုံးမှာ ပရိနိဗ္ဗာန်စံတဲ့ ပုဂ္ဂိုလ်ရဲ့ဝိထိကတော့ ဇီဝိတသမသီသီဝိထိမည်ပါတယ်။

အပွနာဇောဝါရ

ဈာနဝိထိ အပွနာဇောဝါရကတော့ ဈာနဝိထိ, မဂ္ဂဝိထိ, ဖလသမာပတ္တိဝိထိ, အဘိညာဝိထိ, နိရောဓသမာပတ္တိဝိထိ–လို့ ၅–ပါး ရှိပါတယ်။

အဲဒီအထဲမှာပါလာတဲ့ ဈာနဝိထိကလဲ အာဒိကမ္မိကဝိထိ, သမာပဇ္ဇနဝိထိ–လို့ ၂–ပါး ရှိပြန်တယ်၊ အဲဒီ ၂–ပါးအနက် အာဒိကမ္မိကဝိထိဖြစ်ပုံကတော့–

ပထဝီကသိုဏ်း–စတဲ့ ကမ္မဋ္ဌာန်းတွေကို စီးဖြန်းဖန်များတာနဲ့ ဈာန်ရခါနီးမှာ ပထဝီကသိုဏ်းပညတ်–စတဲ့ ဆိုင်ရာအာရုံတစ်ခုခု မနောဒ္ဝါရမှာ ထင်လာသဖြင့် - - - -ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒ္ဝါရာဝဇ္ဇန်း, မန္ဒပညဒန္ဓာဘိညပုဂ္ဂိုလ်မှာ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ–လို့ ဥပစာရသမာဓိဇော ၄–ကြိမ်, တိက္ခပညခိပ္ပာဘိညပုဂ္ဂိုလ်မှာ ဥပစာ, အနုလုံ, ဂေါတြဘူ–လို့ ၃–ကြိမ်, အပွနာသမာဓိဇော–လို့ဆိုတဲ့ ဈာန်ဇောတစ်ကြိမ်ဖြစ်ပါတယ်၊ အဲဒီနောက် ထိုက်သင့်သလောက်ဘဝင်ခြားပြီး ဝိတက်–စတဲ့ ဈာန်အင်္ဂါတွေကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဝိထိများ ထိုက်သည်အား လျော်စွာ ဖြစ်ကြပါတယ်။

သမာပဇ္ဇနဝိထိဖြစ်ပုံကတော့– မိမိရပြီးတဲ့ဈာန်တစ်ပါး၊ပါးကို ဝင်စားလိုလို့ရှိရင် ပထဝီကသိုဏ်းပညတ်–စတဲ့ ဆိုင်ရာအာရုံတစ်ခုခု မနောဒ္ဝါရမှာထင်လာသဖြင့် န, ဒ, မ, ပ, ဥ, အနု,ဂေါတြဘူ, ဈာန် ၂–ကြိမ် ၃–ကြိမ်မှစ၍ ထိုက်သည်အား လျော်စွာ ဖြစ်ပါတယ်၊ ဈာန်မှထပြီးနောက် ထိုက်သင့်သလောက် ဘဝင်ခြားပြီး ပစ္စဝေက္ခဏာဝိထိများလဲ ဖြစ်ကြရပါတယ်။

မဂ္ဂဝိထိ မဂ္ဂဝိထိကလဲ သောတာပတ္တိမဂ္ဂဝိထိ, သကဒါဂါမိမဂ္ဂဝိထိ, အနာဂါမိမဂ္ဂဝိထိ, အရဟတ္တမဂ္ဂဝိထိ–လို့ ၄–ပါး ရှိပါတယ်၊ အဲဒီထဲမှာပါလာတဲ့ သောတာပတ္တိမဂ္ဂဝိထိကလဲ ပဌမဈာနသောတာပတ္တိမဂ္ဂဝိထိ ။ပ။ ပဥ္စမဈာနသောတာပတ္တိမဂ္ဂဝိထိ–လို့ ၅–ပါး ရှိပါတယ်၊ အဲဒီ ၅–ပါးအနက် ပဌမဈာနသောတာပတ္တိမဂ္ဂဝိထိဖြစ်ပုံကတော့–

တောဘူမကသင်္ခါရတွေမှာ အနိစ္စ–စတဲ့အခြင်းအရာ လွန်စွာထင်လာသဖြင့် မဂ်ရခါနီးမှာ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒ္ဝါရာဝဇ္ဇန်း, မန္ဒပညဒန္ဓာဘိညပုဂ္ဂိုလ်မှာ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ–လို့ ဥပစာရသမာဓိဇော ၄–ကြိမ်, ထို့နောင် မဂ်ဇောတစ်ကြိမ်, ဖိုလ်ဇော ၂–ကြိမ်၊ တိက္ခပညခိပ္ပာဘိညပုဂ္ဂိုလ်မှာ ဥပစာ, အနုလုံ, ဂေါတြဘူ–လို့ ဥပစာရသမာဓိဇော ၃–ကြိမ်, မဂ်ဇောတစ်ကြိမ်,

http://www.dhammadownload.com

ဖိုလ်ဇော ၃-ကြိမ် ဖြစ်ပါတယ်၊ အဲဒီနောက် ထိုက်သင့်သလို ဘဝင်ခြားပြီး မဂ်, ဖိုလ်, နိဗ္ဗာန်, ပယ်ပြီးကိလေသာ, ကြွင်းကျန်နေတဲ့ကိလေသာတွေကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဝီထိများ ဖြစ်ကြပါတယ်။

ဖလသမာပတ္တိဝီထိ ဖလသမာပတ္တိဝီထိကလဲ မဂ္ဂဝီထိလို သောတာပတ္တိဖလဝီထိ-စသောအားဖြင့် ကွဲပြားပါတယ်၊ အဲဒီလို ကွဲပြားတဲ့အထဲက ပဌမဇျှာနသောတာပတ္တိဖလဝီထိဖြစ်ပုံကတော့-

သောတာပတ္တိဖိုလ်ကိုရပြီးတဲ့နောက် သောတာပန်ပုဂ္ဂိုလ်က နိဗ္ဗာန်ကို အာရုံပြုလို့ ယခုဘဝမှာပဲ ဖလသမာပတ်ချမ်းသာကို ဝင်စားနေထိုင်လိုလို့ရှိရင် တေဘူမက သခ်ါရတွေရဲ့ အနိစ္စ-စတဲ့အခြင်းအရာ လွန်စွာထင်လာသဖြင့် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မန္ဒပညဒန္ဒာဘိညပုဂ္ဂိုလ်မှာ ဥပစာရသမာဓိ ၄-ကြိမ်, တိက္ခပညခိပ္ပာဘိညပုဂ္ဂိုလ်မှာ ဥပစာရသမာဓိ ၃-ကြိမ်, အဲဒီနောက်မှာ အလိုရှိတိုင်း ဖိုလ်အကြိမ်များစွာ ဖြစ်ပါတယ်၊ ဖလသမာပတ်မှထတဲ့အခါ ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်ပါတယ်။

အဘိညာဝီထိ အဘိညာဝီထိ အကျယ်ကိုတော့ နောင်အခွင့်သင့်တဲ့အခါမှ ပြောပြပါတော့မယ်၊ ဇယားမှာပါတဲ့အတိုင်း အဘိညာဝီထိပုံ အကျဉ်းမျှကိုသာ မှတ်ထားပါဦး။

နိရောဓသမာပတ္တိဝီထိ နိရောဓသမာပတ္တိဝီထိဖြစ်ပုံကတော့- သမာပတ် ၈-ပါးနှင့် ပြည့်စုံတဲ့ ကာမရူပီအနာဂါမ်, ရဟန္တာပုဂ္ဂိုလ်က လေးလံလှတဲ့ ခန္ဓာဝန်ကို ရွက်ဆောင်ရတာနဲ့ လွန်စွာငြီးငွေ့လို့ ဒိဋ္ဌဓမ္မနိဗ္ဗာန် ချမ်းသာကို ခံစားလိုလို့ရှိရင် လောကီပထမချာန်ကို ဝင်စားပြီး အဲဒီချာန်မှာရှိတဲ့ စိတ်စေတသိက်-ဆိုတဲ့ သခ်ါရကို အနိစ္စ, ဒုက္ခ, အနတ္တ-လို့ ဝိပဿနာရှုပါတယ်၊ အလားတူပဲ ဒုတိယ, တတိယ, စတုတ္ထ, အာကာသာနဉ္ဇာယတန, ဝိညာဏဉ္ဇာယတန ချာန်တိုင်အောင်ဝင်စားပြီး ချာန်မှထတိုင်းထတိုင်း ချာန်မှာရှိတဲ့ သခ်ါရကို ဝိပဿနာ ရှုပြီးနောက်အာကိဉ္ဇညာယတနချာန်ကို ဝင်စားပြီး ချာန်ကအထမှာ ဝိပဿနာမရှု တော့ဘဲ နာနာဗဒ္ဓအဝိကောပန, သံဃပဋိမာနန, သတ္တုပကွောသန, အဒ္ဓါနပရိစ္ဆေဒ-ဒီပုဗ္ဗကိစ္စကိုပြုတဲ့ ကာမဇော မနောဒ္ဓါရဝီထိတို့ ဖြစ်ကြပါတယ်။

အဲဒီနောက်မှာ နေဝသညာနာသညာယတနချာန်ကို ဝင်စားတဲ့အခါ ချာန် ၂-ကြိမ်အဆုံးမှာ စိတ်, စေတသိက်, စိတ္တဇရုပ်တွေရဲ့ ချုပ်ငြိမ်းခြင်း-ဆိုတဲ့ နိရောဓ သမာပတ် ဖြစ်ပါတယ်၊ သမာပတ်ကထတဲ့အခါ အနာဂါမ်ပုဂ္ဂိုလ်မှာ အနာဂါမိဖိုလ် တစ်ကြိမ်, ရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ်တစ်ကြိမ်ဖြစ်ပြီးတဲ့နောက် ဘဝင်ဖြစ်ထိုက် သမျှ ဖြစ်ပါတယ်။

http://www.dhammadownload.com



ရှေ့သွားမင်္ဂလာ [၁]

အခြေခံဗုဒ္ဓအဘိဓမ္မာ ပြီးသွားတော့ ရှေ့သွားမင်္ဂလာနှင့် မင်္ဂလသုတ်ကို အစဉ်အတိုင်း သင်ပြသွားပါ့မယ်၊ အခု **"ရှေ့သွားမင်္ဂလာ"**ကို စကြစို့ရဲ့။

မင်္ဂလာပြဿနာဟာ ရာဇဂြိုဟ်မြို့မှာ စတင်ဖြစ်ပေါ်လာခဲ့ပါတယ်၊ တစ်စတစ်စနှင့် လူလောကမှတစ်ဆင့် နတ်လောက, ဗြဟ္မာလောကထိအောင် ကျယ်ပြန့်သွားပါတယ်၊ မည်သူတစ်ဦးတစ်ယောက်ကမျှ အမှန်အကန် မဆုံးဖြတ်နိုင်ကြပါ၊ တစ်ချိန်မှာ နတ်တွေက အချင်းချင်း ငြင်းခုန်ကြရင်း အဆုံးအဖြတ်ခံရန် သိကြားမင်းထံ ရောက်လာကြပါတယ်၊ သိကြားမင်းက မှန်ကန်တဲ့အဆုံးအဖြတ်ကို မပေးနိုင်ပါ၊ ဒါနဲ့ နတ်တမန်တစ်ယောက်ကို မိမိကိုယ်စား ဘုရားရှင်အား လျှောက်ထားရန် စေလွှတ်လိုက်ပါတယ်။

နတ်တမန်က ညဉ့်သန်းခေါင်ယာမ်အချိန်မှာ မြတ်စွာဘုရားထံ ချဉ်းကပ်ရောက်လာပါတယ်၊ လက်အုပ်ချီမိုး ရှိခိုးပြီး မင်္ဂလာပြဿနာကို လျှောက်ထားပါတယ်၊ မြတ်စွာဘုရားက ဂါထာ ၁၂-ပုဒ်နဲ့ **"၃၈-ဖြာ, မင်္ဂလာ"**ကို ဟောတော်မူပါတယ်။

အဲဒီ ၃၈-ဖြာ မင်္ဂလာကို နတ်ဗြဟ္မာတွေက သဘောကျကြပါတယ်၊ လက်ခံကြပါတယ်၊ နတ်ဗြဟ္မာပေါင်း ကုဋေတစ်သိန်းခန့် အရဟတ္တဖိုလ်ကို ရောက်ကြပါတယ်၊ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်ကိုရောက်ကြတဲ့ နတ်ဗြဟ္မာတွေကတော့ ရေတွက်လို့မရနိုင်လောက်အောင် များလှပါတယ်။

၁။ ဇာတ်-၄-၄၊ ၇၃။ မင်္ဂလသုတ်ကို ဟောပြီးမှ ပြန်လည်ဟောထားပေမယ့် ဒီမင်္ဂလာ ၈-ပါးဟာ ဘုရားမဖြစ်ခင် အလောင်းတော်ဘဝက ဟောကြားလာတဲ့အတွက်လဲ ရှေးကျပါတယ်၊ မင်္ဂလသုတ်ကို မသင်ခင် ကြိုတင်သင်ယူထားသင့်တဲ့အတွက်လဲ ရှေးကျပါတယ်၊ ဒါ့ကြောင့် ရှေ့သွားမင်္ဂလာ-ဆိုတဲ့ အမည်ကို ခံယူထိုက်ပါတယ်။

http://www.dhammadownload.com

နောက်နေ့မှာ ဗုဒ္ဓမြတ်စွာက အာနန္ဒာကိုခေါ်ပြီး မင်္ဂလသုတ်ကို သင်ယူစေပါတယ်၊ ရဟန်းတော်များအားလဲ ပို့ချခိုင်းပါတယ်၊ အကြောင်းစုံကိုသိရတော့ ရဟန်းတော်တွေက တရားဟောခမ္မာရုံမှာ စုဝေးနေထိုင်ကြရင်း မြတ်စွာဘုရားရဲ့ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုနေကြပါတယ်။

"ငါ့ရှင်တို့ ! မင်္ဂလာပြဿနာကို ဖြေဆိုမှုဟာ အခြားသူတွေရဲ့အရာမဟုတ်ပါဘူး၊ ဘုရားရှင်ရဲ့အရာသာ ဖြစ်ပါတယ်၊ ဘုရားရှင်က ဒီမင်္ဂလာပြဿနာကို ကောင်းကင်အပြင်မှာ လကိုတက်စေသလို ထင်ထင်ရှားရှားပဲ ဟောကြားဖြေဆိုတော်မူခဲ့ပါတယ်၊ ဒါနဲ့ လူတွေရဲ့ယုံမှားမှုလဲ ကင်းပျောက်သွားရပါတယ်၊ နတ်တွေရဲ့ယုံမှားမှုလဲ ကင်းပျောက်သွားရပါတယ်၊ ဗြဟ္မာတွေရဲ့ယုံမှားမှုလဲ ကင်းပျောက်သွားရပါတယ်၊ အဲဒီ ဘုရားရှင်ဟောကြားဖြေဆိုတော်မူတဲ့ မင်္ဂလာတရားတော်ကို လူတွေကလဲ နှစ်သက်ကြပါတယ်၊ နတ်တွေကလဲ နှစ်သက်ကြပါတယ်၊ ဗြဟ္မာတွေကလဲ နှစ်သက်ကြပါတယ်၊ ရှင်တော်မြတ်ဘုရားရဲ့ပညာဟာ သိပ်ကြီးကျယ်မြင့်မြတ်တာပဲ"။

ရဟန်းတော်တွေက ဒီလို ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုနေချိန်မှာပဲ ဘုရားရှင် ကြွလာတော်မူပါတယ်၊ ရဟန်းတော်တို့အား မေးမြန်းလို့ အကြောင်းစုံကို လျှောက်ထားတဲ့အခါ ဘုရားရှင်က—

"ရဟန်းတို့ ! အခုလို ဘုရားဖြစ်တော်မူပြီးမှ ငါဘုရားရဲ့ မင်္ဂလာတရားတော်ကိုဖြေဆိုဟောကြားမှုဟာ အံ့သြစရာမကောင်းလှပါ၊ ငါဘုရားဟာ ဘုရားဖြစ်ရန် ပါရမီဖြည့်စဉ် အလောင်းတော်ဘဝက နတ်လူတွေရဲ့ယုံမှား ကင်းအောင် မင်္ဂလာပြဿနာကို ဖြေဆိုဟောကြားဖူးသေးပါတယ်"။

ဒီလို မိန့်တော်မူပြီး နောက်ကြောင်းကို ပြန်လည်ဟောကြားတော်မူပါတယ်။

ရှေးအခါက ဗာရာဏသီမြို့နှင့်နီးကပ်နေတဲ့ ရွာတစ်ရွာမှာ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတဲ့ အိမ်ထောင်စုတစ်ခု ရှိနေပါတယ်၊ ဘုရားအလောင်းတော်က အဲဒီ အိမ်ထောင်စုမှာ ပဋိသန္ဓေတည်နေ မွေးဖွားလာခဲ့ပါတယ်၊ သူ့အား ရက္ခိတ–ဆိုတဲ့ အမည်ကို ပေးထားကြပါတယ်။

အမိအဘတွေ ကွယ်လွန်သွားတဲ့အခါ ရက္ခိတအမျိုးသားက သတိသံဝေဂရတာနဲ့ ရှိသမျှပစ္စည်းတွေကို လှူဒါန်းထားခဲ့ပါတယ်၊ ဟိမဝန္တာကို ထွက်လာပြီး တစ်နေရာမှာ ရသေ့လုပ်နေပါတယ်၊ ဈာန်ရအောင်လဲ ကြိုးစားအားထုတ်ထားပါတယ်၊ တစ်စတစ်စနဲ့ တပည့်ပရိသတ် ၅၀၀–ထိအောင် တိုးပွားလာခဲ့ပါတယ်။

http://www.dhammadownload.com

တစ်နေ့မှာ တပည့်တွေက ဆရာထံမှာ ခွင့်ပန်ပြီး ဟိမဝန္တာက ဆင်းလာခဲ့ကြပါတယ်၊ ဗာရာဏသီမြို့ကို ရောက်တဲ့အခါ မင်းဥယျာဉ်မှာ နေကြပါတယ်။

အဲဒီအချိန်မှာပဲ ဗာရာဏသီမြို့လယ်မှာ ရှိနေတဲ့ မြို့တော်ခန်းမမှာ လူတွေက ကိစ္စတစ်ခုနဲ့ စည်းဝေးနေကြပါတယ်၊ အဲဒီလူအုပ်ထဲမှာပါလာတဲ့ လူတစ်ယောက်က ကျူပ်မှာ မင်္ဂလာပြုစရာ ရှိသေးတယ်–ဆိုပြီး ထွက်သွားပါတယ်။

သူ့စကားကို ကြားရတော့ နောက်တစ်ယောက်က "ဒီလူဟာ မင်္ဂလာ–လို့ပြောပြီး ထွက်သွားတယ်၊ အဲဒီ မင်္ဂလာ–ဆိုတာဟာ ဘာလဲ?"လို့ မေးပါတယ်၊ ဒီတော့ သူ့ကို နောက်တစ်ယောက်က ပြောပြပါတယ်။–

> အလွန်မင်္ဂလာရှိတယ်လို့–ဆိုထိုက်တဲ့ အဆင်းအာရုံကို မြင်ရတာဟာ မင်္ဂလာ မည်ပါတယ်၊ ဒါဟာ အမှန်ပဲပေါ့၊ အချို့ပုဂ္ဂိုလ်က နံနက်စောစော အိပ်ရာက ထတယ်ဆိုရင်ပဲ တစ်ကိုယ်လုံးဖြူတဲ့ နွားလားဥသဘကိုသော်လဲ မြင်ရတတ်ပါတယ်၊ ကိုယ်ဝန်ဆောင်မိန်းမကိုသော်လဲ မြင်ရတတ်ပါတယ်၊ ငါးကြင်းကိုသော်လဲ မြင်ရတတ်ပါတယ်၊ ရေပြည့်အိုးကိုသော်လဲ မြင်ရတတ်ပါတယ်၊ ဆီဦးကိုသော်လဲ မြင်ရတတ်ပါတယ်၊ နွားထောပတ်ကိုသော်လဲ မြင်ရတတ်ပါတယ်၊ အစာမချေရသေးတဲ့အဝတ်ကိုသော်လဲ မြင်ရတတ်ပါတယ်၊ နို့ဃနာထမင်းကိုသော်လဲ မြင်ရတတ်ပါတယ်၊ ဒီထက်ကောင်းတဲ့ မင်္ဂလာဆိုတာ မရှိနိုင်တော့ပါဘူး။

သူ့စကားကို အချို့က လက်ခံကြပါတယ်၊ သဘောကျကြပါတယ်၊ သဘောမကျသူ တစ်ယောက်က ထပြောပါတယ်။–

> အဲဒီအမြင်အာရုံဟာ မင်္ဂလာမဟုတ်ပါဘူး၊ အကြားအာရုံကသာ မင်္ဂလာ မည်ပါတယ်၊ ဒါကသာ အစစ်အမှန်ဖြစ်ပါတယ်၊ အချို့ပုဂ္ဂိုလ်က ပြည့်ဝတယ်လို့ ပြောသံကို ကြားရတယ်၊ တိုးပွားပြီ–ဆိုတဲ့အသံကို ကြားရပါတယ်၊ တိုးပွားနေတယ်လို့ ပြောသံကို ကြားရပါတယ်၊ စားပါဆိုတဲ့အသံကို ကြားရတယ်၊ ဝါးပါဆိုတဲ့အသံကို ကြားရတယ်၊ ဒီထက်ကောင်းတဲ့ မင်္ဂလာရယ်လို့တော့ မရှိတော့ပါဘူး။

သူ့စကားကိုလဲ အချို့က လက်ခံကြပါတယ်၊ နှစ်သက်ကြပါတယ်၊ ဒါပေမယ့် မနှစ်သက်သူတစ်ယောက်က ထပြောပြန်တယ်။–

> ဒီအကြားအာရုံဟာ မင်္ဂလာ မဟုတ်ပါဘူး၊ အတွေ့အာရုံကသာ မင်္ဂလာ မည်ပါတယ်၊ ဒါကသာ အစစ်အမှန် ဖြစ်ပါတယ်၊ အချို့သောပုဂ္ဂိုလ်က နံနက်စောစော အိပ်ရာက ထတယ်ဆိုရင်ပဲ မြေကိုသုံးသပ်ကိုင်တွယ်ပါတယ်၊ မြက်စိုကို

http://www.dhammadownload.com

သုံးသပ်ပါတယ်၊ နွားချေးကို သုံးသပ်ပါတယ်၊ စင်ကြယ်တဲ့အဝတ်ကို သုံးသပ်ပါတယ်၊ ငါးကြင်းကို သုံးသပ်ပါတယ်၊ ရွှေခွက်ငွေခွက်ကို သုံးသပ်ပါတယ်၊ ဒါ့ထက်ကောင်းတဲ့ မင်္ဂလာရယ်လို့တော့ မရှိတော့ပါဘူး။

သူ့စကားကိုလဲ အချို့က လက်ခံကြပါတယ်၊ နှစ်သက်ကြပါတယ်။

အမြင်အာရုံကို မင်္ဂလာလို့ အယူရှိတဲ့ ဒိဋ္ဌမင်္ဂလာအုပ်စု, အကြားအာရုံကို မင်္ဂလာလို့ အယူရှိတဲ့ သုတမင်္ဂလာအုပ်စု, အတွေ့အာရုံကို မင်္ဂလာလို့ အယူရှိတဲ့ မုတမင်္ဂလာအုပ်စု၊ ဒီလို အုပ်စု ၃-မျိုး ကွဲပြားလာပါတယ်။

တစ်အုပ်စု တစ်အုပ်စုရဲ့ အယူအဆကို အခြားအုပ်စုတွေက လက်မခံဘဲ ဖြစ်နေကြပါတယ်၊ လက်ခံအောင်လဲ မည်သူကမှ ပြောမပြနိုင်ကြပါ၊ ဒါနဲ့ဥယျာဉ်ကိုသွားပြီး ရသေ့တို့အား မင်္ဂလာပြဿနာကို မေးကြပါတယ်။

ရသေ့တွေကလဲ မဖြေနိုင်ကြတဲ့အတွက် ဆရာဖြစ်သူ ရက္ခိတရသေ့ကို မေးရအောင် ဟိမဝန္တာကို ထွက်သွားကြပါတယ်၊ ရောက်တဲ့အခါ ဆရာအား အဖြစ်အပျက်ကို ပြောပြပြီး တပည့်ကြီးဖြစ်သူက လျှောက်ထားပါတယ်။-

ပစ္စူပ္ပန်အကျိုးစီးပွား, တမလွန်အကျိုးစီးပွား ၂-ပါးကို ဆောင်ရွက်နိုင်တဲ့ မင်္ဂလာကို အကျွန်ုပ်တို့အား မိန့်ကြားတော်မူပါ။

ဒီစကားကို ကြားရတော့ ဘုရားလောင်းက မင်္ဂလာကို ဟောတော်မူပါတယ်။

နတ်အကုန်လုံး, ဗြဟ္မာအကုန်လုံး, တွားသွားသတ္တဝါအကုန်လုံး, ကြွင်းကျန်သမျှသတ္တဝါအကုန်လုံးတို့ကို အမြဲမေတ္တာပို့နေတဲ့ ပုဂ္ဂိုလ်ရဲ့ သတ္တဝါအကုန်လုံးမှာ မေတ္တာကို ပွားများခြင်းဟာ ချမ်းသာကို ရွှက်ဆောင်တတ်တဲ့ မင်္ဂလာပဲလို့ ပညာရှိတွေက မိန့်ဆိုကြပါတယ်။

မေတ္တာနဲ့နေတဲ့ ပုဂ္ဂိုလ်ဟာ လူခပ်သိမ်းတို့ရဲ့ ချစ်ခင်မှုကို ခံရပါတယ်၊ သူတစ်ပါးတို့ရဲ့လုံလွန်လကြောင့် မပျက်စီးနိုင်ပါ၊ ဒီလိုပဲ မေတ္တာပွားနေသူက မေတ္တာရဲ့အစောင့်အရှောက်ကို ခံရပါတယ်။

၁။ သတ္တဝါများ၊ မေတ္တာပွား၊ ရှေ့သွားမင်္ဂလာ။

မိမိကိုယ်ကို နှိမ့်ချတတ်တဲ့အပြင် ကလေးသူငယ်နှင့် မိန်းမ-ယောကျ်ားတွေရဲ့ မကောင်းဆိုးဝါး ပြောစကားကို သည်းခံလေ့ရှိသူ, သူတော်ကောင်းတို့အား လျော်သောစကားကို ပြောလေ့ရှိသူရဲ့ သည်းခံခြင်းဟာ ချမ်းသာကို ရွှက်ဆောင်တတ်တဲ့ မင်္ဂလာပါပဲ-လို့ ပညာရှိတွေက မိန့်ဆိုကြပါတယ်။

၂။ သည်းခံတရား၊ လက်ကိုင်ထား၊ ရှေ့သွားမင်္ဂလာ။

http://www.dhammadownload.com

ငယ်ရွယ်စဉ်က ကစားဘော်ကစားဘက်ကို သူငယ်ချင်း ခေါ်ပါတယ်၊ ၁၀-နှစ်, ၁၂-နှစ် အတူပေါင်းသင်းနေထိုင်ဖူးသူကို မိတ်ဆွေခေါ်ပါတယ်၊ အဲဒီ သူငယ်ချင်း, မိတ်ဆွေတွေကို ငါက အတတ်ပညာတတ်တယ်၊ သူတို့က မတတ်ဘူး-လို့ အတတ်ပညာနဲ့လဲ အထင်အမြင်မသေးသူ, ငါက အမျိုးမြတ်တယ်၊ သူတို့က အမျိုးမမြတ်ဘူး-လို့ အမျိုးနဲ့လဲ အထင်အမြင်မသေးသူ, ငါက ချမ်းသာကြွယ်ဝတယ်၊ သူတို့က ဆင်းရဲနွမ်းပါးတယ်-လို့ ဥစ္စာနဲ့လဲ အထင်အမြင်မသေးသူ, ငါက ဇာတ်နှင့်ပြည့်စုံတယ်၊ သူတို့က မပြည့်စုံဘူး-လို့ ဇာတ်နဲ့လဲ အထင်အမြင်မသေးသူ, အကြောင်းကိစ္စဖြစ်ပေါ်လာတဲ့ အခါမှာ ပညာအဆင်အခြင်ကို ဦးစားပေးပြီး သူငယ်ချင်းမိတ်ဆွေတွေရဲ့ အပေါ်မှာ အထင်အမြင်သေးမှု မပြုသူ၊ ဒီလူမျိုးတွေရဲ့ သူငယ်ချင်း, မိတ်ဆွေတို့အပေါ်မှာ အထင်အမြင်မသေးခြင်းဟာ ချမ်းသာကို ရွက်ဆောင်တတ်တဲ့ မင်္ဂလာမည် တယ်-လို့ ပညာရှိတွေက မိန့်ဆိုကြပါတယ်။

၃။ မိတ်ဆွေ သူငယ်ချင်း၊ ထင်သေးကင်း၊ မယွင်းမင်္ဂလာ။

မှန်ကန်တိမတ်တဲ့အပြင် အကျွမ်းဝင်တဲ့ သူတော်ကောင်းမိတ်ဆွေရှိနေတဲ့ ပုဂ္ဂိုလ်, မိတ်ဆွေရဲ့ အကျိုးစီးပွားကို မဖျက်ဆီးတတ်တဲ့အပြင် ကိုယ့်ပစ္စည်းကို မိတ်ဆွေတို့အား ဝေဖန်ပေးကမ်းလေ့ရှိတဲ့ ပုဂ္ဂိုလ်၊ ဒီပုဂ္ဂိုလ်မျိုးရဲ့ မိတ်ကောင်းရှိခြင်း, မိတ်ဆွေတို့အား ဝေဖန်ပေးကမ်းခြင်းဟာ ချမ်းသာကို ရွက်ဆောင်တတ်တဲ့ မင်္ဂလာမည်တယ်-လို့ ပညာရှိတွေက မိန့်ဆိုကြပါတယ်။

၄။ မိတ်ကောင်းရှိခြင်း၊ ပေးစွန့်ခြင်း၊ မယွင်းမင်္ဂလာ။

အရွယ်တူခြင်း, ညီညွတ်ဝမ်းသာစွာ နေထိုင်ခြင်း, လင့်အလိုကို လိုက်တတ်ခြင်း, သုစရိုက်တရားကို နှစ်သက်ခြင်း, သားသမီးမွေးဖွားခြင်း, အမျိုးမြတ်ခြင်း, သီလရှိခြင်း, လင်ကိုရိုသေတတ်တဲ့အကျင့် ရှိခြင်း၊ ဒီဂုဏ်တွေနှင့် ပြည့်စုံတဲ့မယား ရှိခြင်းဟာ ချမ်းသာကို ရွက်ဆောင်တတ်တဲ့ မင်္ဂလာမည်တယ်-လို့ ပညာရှိတွေက မိန့်ဆိုကြပါတယ်။

၅။ မယားကောင်း မယားမြတ်၊ ရှိတုံလတ်၊ သိမှတ်မင်္ဂလာ။

မင်းမှုထမ်းယောကျ်ားရဲ့စင်ကြယ်ခြင်း, ကြိုးစားအားထုတ်ခြင်း, သဘောထားမကွဲပြားခြင်း, စိတ်ကောင်းနှလုံးကောင်း ရှိခြင်းဟာ ချမ်းသာကို ရွက်ဆောင်တတ်တဲ့ မင်္ဂလာမည်တယ်-လို့ ပညာရှိတွေက မိန့်ဆိုကြပါတယ်။

၆။ စင်ကြယ် ကြိုးစား၊ လခစား၊ ကြီးပွားချမ်းသာ မင်္ဂလာ။

http://www.dhammadownload.com

ကံနှင့်ကံရဲ့အကျိုးကိုယုံကြည်တဲ့အပြင် ကြည်လင်တဲ့စိတ်ထားနဲ့ ဝမ်းမြောက်ဝမ်းသာ ထမင်းအဖျော်, ပန်း, နံ့သာ, နံ့သာပျောင်းတို့ကို ပေးလှူတဲ့ အလှူရှင်ရဲ့ အလှူဒါနဟာ နတ်ပြည်များမှာ ချမ်းသာကို ဆောင်ရွက်တတ်တဲ့ မင်္ဂလာမည်တယ်–လို့ ပညာရှိတွေက မိန့်ဆိုကြပါတယ်။

၇။ ကြည်ဖြူဒါန၊ ပေးလှူက၊ မှတ်ကြမင်္ဂလာ။

အရိယာပုဂ္ဂိုလ်တွေဆိုတာဟာ ဉာဏ်နဲ့ကြီးပွားပြီးသူတွေ ဖြစ်ကြပါတယ်၊ ငြိမ်သက်ယဉ်ကျေးတဲ့စိတ် ရှိကြပါတယ်၊ ပဋိဆေဓဟုသုတလဲ ရှိကြပါတယ်၊ သီလ–စတဲ့ ဂုဏ်တွေကိုလဲ ရှာဖွေပြီးဖြစ်ကြပါတယ်၊ မဂ်သီလ, ဖိုလ်သီလနှင့်လဲ ပြည့်စုံကြပါတယ်၊ အဲဒီအရိယာပုဂ္ဂိုလ်တွေက ကောင်းတဲ့အကျင့်ကို နှစ်သက်ကျေနပ်ကြတဲ့အတွက် မြတ်တဲ့အကျင့်နဲ့ သုတ်သင်ပေးမှုကို ခံရတဲ့ပုဂ္ဂိုလ်ရဲ့ ရဟန္တာတို့အလယ်မှာရအပ်တဲ့ အရဟတ္တဖိုလ်တရားဟာ ချမ်းသာကို ဆောင်ရွက်တတ်တဲ့ မင်္ဂလာမည်တယ်–လို့ ပညာရှိတွေက မိန့်ဆိုကြပါတယ်။

၈။ အရိယာများ၊ ဝိုင်းမြောက်စား၊ ထက်ဖျားဖိုလ်ဟာ–မင်္ဂလာ။

သတ္တလောကမှာ ဒီ ၈–ပါးတို့ကသာ စီးပွားချမ်းသာကို ဆောင်ရွက်တတ်တဲ့ မင်္ဂလာမည်ပါတယ်၊ ပညာရှိတွေရဲ့ ချီးမွမ်းမှုကိုလဲ ခံယူကြရပါတယ်၊ နိဗ္ဗာန်တိုင်အောင် ချမ်းသာကို တိုးပွားစေကြပါတယ်၊ ဒီလောကမှာ ပညာရှိသူ လူအပေါင်းက ဒီမင်္ဂလာ ၈–ပါးတို့ကိုသာ မှီဝဲသင့်ကြပါတယ်၊ လူအများကြီစည်နေကြတဲ့ ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာမှာတော့ မှန်ကန်တယ်–ဆိုတာ ဘာတစ်ခုမှမပါတဲ့အတွက် ကြောင့်ပါပဲ။

ရသေ့တွေက ဒီမင်္ဂလာတွေကို ကြားနာပြီး ၇–ရက် ၈–ရက် လွန်တဲ့အခါ ဆရာကို ပန်ပြောပြီး ဗာရာဏသီမြို့ကို ပြန်လာကြပါတယ်၊ ရှင်ဘုရင်က ရသေ့များထံ လာရောက်မေးမြန်းပါတယ်၊ ရသေ့တွေက ရှင်ဘုရင်အား ဆရာက ဟောပြောလိုက်တဲ့နည်းအတိုင်း မင်္ဂလာပြဿနာကို ဟောပြောဖြေရှင်းကြပြီး ဟိမဝန္တာကိုပဲ ပြန်သွားကြပါတယ်။

အဲဒီအချိန်ကစပြီး လောကမှာ မင်္ဂလာဟာ ထင်ရှားနေခဲ့ပါတယ်၊ မင်္ဂလာတွေကို လိုက်နာကျင့်သုံးကြတဲ့အတွက် သေတိုင်းသေတိုင်းသောသူများက နတ်ပြည်ကို ရောက်ကြရပါတယ်။

နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မင်္ဂလာ။

http://www.dhammadownload.com



ကိုယ်ကျင့်မင်္ဂလာ

မင်္ဂလာ–နိဒါန်း

ရှေ့သွားမင်္ဂလာကို ပြောပြပြီးတဲ့နောက် မင်္ဂလသုတ်ကို စတင်သင်ကြားပေးပါတော့မယ်၊ ဒီတော့ မင်္ဂလသုတ်–ဆိုတာဟာ ကလေးသူငယ်တွေ သင်ကြားရတဲ့ စာမျိုးပဲ–ဆိုပြီး အထင်မသေးသင့်ပါဘူး၊ ဒီမင်္ဂလသုတ်မှာ ပေါင်းသင်းဆက်ဆံရေး ကအစ မင်္ဂဖိုလ်နိဗ္ဗာန်ရသည်အထိ ကျင့်စဉ်များ အပြည့်အစုံ ပါရှိနေပါတယ်။

ဒါကိုရည်ရွယ်ပြီး ရှေးဆရာများကလည်း–

> မင်္ဂလသုတ်, ရွှေနှုတ်မှတ်ဖွယ်, အသွယ်သွယ်နှင့်, လေးဆယ်ဘာဝနာ, မေတ္တာကမ္မဋ္ဌာန်း, စီးဖြန်းမပြု, အသုဘတရား, ဆယ်ပါးနုဿတိ, မရှိဝမ်းမှာ, စားအိပ်ကာနှင့်, လက္ခဏာရေး, သုံးပါးဝေး၍, ချပေးမလှူ, ထိုသည့်သူကို, လူဟုသွင်းရာသို့ မရောက်ရာ–[၁]

ဒီလို မိန့်ဆိုထားကြပါတယ်။

ဒီမင်္ဂလသုတ်က ညွှန်ကြားထားတဲ့အတိုင်း အပြည့်အဝ လိုက်နာကျင့်သုံးသူများဟာ ယခုဘဝမှာလဲ ကြီးပွား ချမ်းသာနိုင်ပါတယ်၊ နောင်ဘဝအဆက်ဆက်မှာလဲ ကြီးပွားချမ်းသာနိုင်ပါတယ်၊ အဆုံးမှာ လောကုတ္တရာချမ်းသာကိုလဲ ရနိုင်ပါတယ်၊ အချို့နေရာမှာ ဗုဒ္ဓအဘိဓမ္မာကို လေ့လာထားမှ ပိုလို့သဘောပေါက်စရာရှိတဲ့အတွက် ဗုဒ္ဓအဘိဓမ္မာကို အကူအညီဘာသာအနေနဲ့ သင့်တော်ရုံ သင်ပြလာခဲ့ပါတယ်၊ အခုတော့ မင်္ဂလသုတ်ဖြစ်ပေါ်လာပုံကစပြီး သင်ကြားပေးပါတော့မယ်။

၁။ ကုလပုတ္တအာစရိယလက်စွာ။

http://www.dhammadownload.com

မင်္ဂလာပြဿနာ ပေါ်ပေါက်လာ

ဗုဒ္ဓမြတ်စွာက မင်္ဂလာတရားတော်ကို မဟောကြားခင် ၁၂-နှစ်လောက်ကပင် မင်္ဂလာပြဿနာ စတင်ပေါ်ပေါက်နေခဲ့ပါတယ်၊ အချို့က မျက်စိနဲ့မြင်ရတဲ့ နှစ်သက်စရာ အဆင်းအာရုံတွေကို "မင်္ဂလာ"လို့ ပြောဆိုနေကြပါတယ်၊ ဒါကို "ဒိဋ္ဌမင်္ဂလာ" လို့ ခေါ်ပါတယ်၊ ဒီအယူအဆကို အချို့က လက်ခံကြပါတယ်၊ အချို့က လက်မခံကြပါ၊ လက်မခံကြတဲ့လူတွေနှင့် လက်ခံကြတဲ့လူတွေက ငြင်းခုံကြရပါတယ်။

အချို့က နားနဲ့ကြားရတဲ့ နှစ်သက်စရာ အသံအာရုံတွေကို "မင်္ဂလာ"လို့ ဆိုကြပါတယ်၊ ဒါကိုတော့ "သုတမင်္ဂလာ"လို့ ခေါ်ပါတယ်၊ ဒီအဆိုပြုချက်ကိုလဲ လက်ခံသူရှိသလို လက်မခံသူတွေလဲ အများအပြားပဲ ရှိကြပါတယ်၊ လက်မခံကြတဲ့သူတွေနှင့် လက်ခံကြတဲ့သူတွေက ငြင်းခုံကြရပါတယ်။

အချို့က နှာခေါင်းနဲ့တွေ့ထိရတဲ့ နှစ်သက်စရာ အနံ့အာရုံ, လျှာနဲ့တွေ့ထိရတဲ့ နှစ်သက်စရာ အရသာအာရုံ, ကိုယ်နဲ့တွေ့ထိရတဲ့ နှစ်သက်စရာ အတွေ့အထိအာရုံ၊ ဒီအာရုံမျိုးတွေကို "မင်္ဂလာ"လို့ ဆိုကြပါတယ်၊ ဒါကိုတော့ "မုတမင်္ဂလာ"လို့ ခေါ်ပါတယ်၊ ဒီအဆိုပြုချက်ကိုလဲ အချို့က နှစ်သက်ကြပါတယ်၊ အချို့က မနှစ်သက်ကြပါ၊ မနှစ်သက်တဲ့သူတွေနှင့် နှစ်သက်တဲ့သူတွေက ငြင်းခုံကြရပါတယ်။

ဒီလို လူလောကမှာ အုပ်စု ၃-ခု ကွဲပြားနေကြပါတယ်၊ တစ်အုပ်စု တစ်အုပ်စုက မိမိတို့ရဲ့ အယူအဆကို အခြားအုပ်စုတွေ လက်ခံလာအောင် ရှင်းလင်းပြောပြမှု မပြုနိုင်ကြပါ၊ ဒါနဲ့ပဲ တစ်အုပ်စု တစ်အုပ်စုရဲ့ အယူအဆကို အခြားအုပ်စုတွေက ဝေဖန်လာကြပါတယ်၊ အပြစ်ကို တင်ပြလာကြပါတယ်၊ ဒီလိုနဲ့ တဖြည်းဖြည်း ပြဿနာဟာ ရှုပ်ထွေးလို့သာ လာပါတော့တယ်၊ ပြေလည်မှုမရရှိဘဲ ငြင်းခုံမစဲဖြစ်နေခဲ့ရပါတယ်။

ဒီလို တစ်စတစ်စနဲ့ မင်္ဂလာပြဿနာဟာ ဇမ္ဗူဒီပ်တစ်ကျွန်းလုံးမှာ ပျံ့နှံ့နေပါတော့တယ်၊ အုပ်စုလိုက် အုပ်စုလိုက် မင်္ဂလာကို ကြံစည်နေကြပါတယ်၊ လူတွေရဲ့ စကားကို ကြားရတာနဲ့ လူတွေရဲ့ ကိုယ်စောင့်နတ်များကလဲ အလားတူပဲ မင်္ဂလာကို ကြံစည်လာကြပါတယ်၊ အဲဒီ နတ်တွေက အဆင့်ဆင့် ကူးစက်ပြီး အကနိဋ္ဌဘုံတိုင်အောင် နတ်ဗြဟ္မာတွေကလဲ အုပ်စုလိုက် အုပ်စုလိုက် မင်္ဂလာကို ကြံစည်နေကြပါတယ်။

ဒီလို စကြဝဠာတိုက်တစ်သောင်းအတွင်း နေရာတိုင်းမှာ လူနတ်ဗြဟ္မာတွေက မင်္ဂလာကို ဆွေးနွေးကြံစည်နေခဲ့ကြပါတယ်၊ ၁၂-နှစ်သာ ပြည့်လာခဲ့ပါတယ်၊

http://www.dhammadownload.com

မင်္ဂလာဆိုတာဟာ ဒါပါပဲ-လို့ မည်သူတစ်ဦးတစ်ယောက်ကမျှ အမှန်အကန် မဆုံးဖြတ်နိုင်ခဲ့ပါ၊ လောကမှာ မင်္ဂလာကောလာဟာလ(မင်္ဂလာနှင့်စပ်လို့ အုတ်အုတ်ကျက်ကျက်) ဖြစ်နေပါတယ်။

ကောလာဟာလ ငါးပါး

အဲဒီကောလာဟာလ(အုတ်အုတ်ကျက်ကျက်)ဆိုတာဟာလဲ-

"ကပ္ပကောလာဟာလ, စက္ကဝတ္တိကောလာဟာလ, ဗုဒ္ဓကောလာဟာလ, မင်္ဂလကောလာဟာလ, မောနေယျကောလာဟာလ"လို့ ၅-မျိုး ရှိနေပါတယ်၊ အဲဒီ ၅-မျိုးကိုပဲ သိသာရုံ တစ်ခုချင်း ပြောပြပါဦးမယ်။

၁။ အနှစ်တစ်သိန်းကျော်လွန်တဲ့အခါ ဒီကမ္ဘာကြီး ပျက်စီးတော့မယ်၊ မဟာသမုဒ္ဒရာ ခန်းခြောက်လာလိမ့်မယ်၊ ဒီမြေကြီးနှင့် မြင်းမိုရ်တောင်ဟာ မီးလောင်ပျက်စီးလာလိမ့်မယ်၊ ဗြဟ္မာပြည်တိုင်အောင် လောကကြီး ပျက်စီးသွားလိမ့်မယ်၊ မေတ္တာကို ပွားများကြပါ၊ ကရုဏာကို ပွားများကြပါ၊ မုဒိတာကို ပွားများကြပါ၊ ဥပေက္ခာကို ပွားများကြပါ၊ အမေကို လုပ်ကျွေးကြပါ၊ အဖေကို လုပ်ကျွေးကြပါ၊ အမျိုးမှာကြီးသူတွေကို ရိုသေလေးစားကြပါ၊ နိုးနိုးကြားကြားနေကြပါ၊ မမေ့မလျော့ မပေါ့မဆကြပါနှင့်-လို့ ကာမာဝစရနတ်တွေက လူအပေါင်းကို ကြိုတင်သတိပေး ကြွေးကြော်တာကိုပဲ ကပ္ပကောလာဟာလ-လို့ ခေါ်ပါတယ်။

၂။ နောက်နှစ်ပေါင်းတစ်ရာ ကျော်လွန်လာတဲ့အခါ လောကမှာ စကြာမင်းဖြစ်ပေါ်လာလိမ့်မယ်-လို့ ကာမာဝစရနတ်တွေက လူများကို တင်ကြိုသတိပေး ကြွေးကြော်တာကိုတော့ စက္ကဝတ္တိကောလာဟာလ-လို့ ခေါ်ပါတယ်။

၃။ နောက်နှစ်ပေါင်းတစ်ထောင်ကျော်လွန်လာတဲ့အခါ လောကမှာ သုံးလူထွတ်ထား သမ္မဉ္ဇဉ္ဇာဂုရား ပွင့်တော်မူလာလိမ့်မယ်-လို့ သုဒ္ဓါဝါသဗြဟ္မာတွေက လူများအား တင်ကြိုသတိပေး ကြွေးကြော်တာကိုတော့ ဗုဒ္ဓကောလာဟာလ-လို့ ခေါ်ပါတယ်။

၄။ နောက် ၁၂-နှစ်ကျော်လွန်လာတဲ့အခါ ဗုဒ္ဓမြတ်စွာက မင်္ဂလာတရားတော်ကို ဟောကြားတော်မူပါလိမ့်မယ်-လို့ သုဒ္ဓါဝါသဗြဟ္မာတွေက လူများအား တင်ကြိုသတိပေး ကြွေးကြော်တာကိုတော့ မင်္ဂလကောလာဟာလ-လို့ ခေါ်ပါတယ်။

၅။ နောက် ၇-နှစ်ကျော်လွန်လာတဲ့အခါ ရဟန်းတစ်ပါးက မြတ်စွာဘုရားအား မောနေယျအကျင့်ကို မေးလာလိမ့်မယ်-လို့ သုဒ္ဓါဝါသဗြဟ္မာတွေက လူအများအား တင်ကြိုသတိပေး ကြွေးကြော်တာကိုတော့ မောနေယျကောလာဟာလ-လို့ ခေါ်ပါတယ်။

http://www.dhammadownload.com

စကြာမှာ နှစ်တစ်ရာ, ကမ္ဘာမှာသိန်းထား, ဘုရားမှာ ထောင်တစ်, [၁] မောနေယျ ခုနစ်နှစ်, ဆယ့်နှစ်နှစ် မင်္ဂလာ, ရွှေဦးစွာ ကြော်ငြာခြင်းတရား, ယင်း ငါးပါးတွင်— [၂]

ဒီလိုလဲ ရွေးဆရာများ မိန့်ဆိုထားကြပါသေးတယ်။

ဒီကောလာဟလ ၅-မျိုးထဲက လူ့လောက, နတ်လောကမှာ ဒီမင်္ဂလကောလာဟလ ဖြစ်ပေါ်နေပါတယ်။

မင်္ဂလာဟောရုန် လျှောက်တောင်းပန်

၁၂-နှစ် ကျော်လွန်လာတဲ့အခါ တာဝတိံသာနတ်တွေက ဒီပြဿနာကို သိကြားမင်းထံ တင်ပြလာကြပါတယ်၊ အမှန်အကန်ဖြေဆိုပေးရန်လဲ တောင်းပန်ကြပါတယ်၊ ဒါနဲ့ သိကြားမင်းက ဘုရားရှင်ကို လျှောက်ထားရန် နတ်သားတစ်ယောက်အား တာဝန်ပေးအပ်လိုက်ပါတယ်။

အဲဒီ အချိန်မှာ ဗုဒ္ဓမြတ်စွာက သာဝတ္ထိမြို့တော်ဝယ် အနာထပိဏ်သူဌေးဆောက်လုပ်လှူဒါန်းထားတဲ့ ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူပါတယ်၊ သိကြားမင်းရဲ့ တာဝန်ပေးခံရတဲ့ နတ်သားက ညဉ့်သန်းခေါင်ယာမ် အချိန်မှာ အလွန်နှစ်လိုဖွယ်ကောင်းတဲ့ အဆင်းနဲ့ ဇေတဝန်ကျောင်းတိုက်ကြီးတစ်ခုလုံးကို ထွန်းလင်းတောက်ပြောင်စေပြီး ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်ရောက်လာခဲ့ပါတယ်၊ ဗုဒ္ဓမြတ်စွာကို လက်အုပ်ချီမိုး ရှိခိုးပြီး သင့်တော်ရာက ရပ်ရင်းပဲ လျှောက်ထားပါတယ်။

"ရှင်တော်မြတ်ဘုရား ! ခုရောနောင်ပါ ချမ်းသာရေးကို လိုလားတောင့်တနေကြတဲ့ ဗြဟ္မာနတ်လူ အများသူတို့က မင်္ဂလာတွေကို ကြံစည်စဉ်းစားလာခဲ့ကြပါတယ်၊ ရှင်တော်မြတ်ဘုရားက ကောင်းမြတ်တဲ့ မင်္ဂလာတရားကို ဟောကြားတော်မူပါ"။

ဒီလို နတ်သားရဲ့ လျှောက်ထားတောင်းပန်ချက်ကို လက်ခံတဲ့အနေနဲ့ ဗုဒ္ဓမြတ်စွာက ၃၈-ဖြာ မင်္ဂလာတရားတော်ကို ဟောကြားတော်မူပါတယ်။

မင်္ဂလာ

ဒီနေရာမှာ ဘာကို မင်္ဂလာခေါ်တယ်ဆိုတာကို သိသာရုံ ပြောပြပါဦးမယ်။ [မင်္ဂန္တိ မဟန္တိ ဇေတေဟိတိ-မင်္ဂလာနိ။] တိုးတက်ကြီးပွားချမ်းသာခြင်းရဲ့ အကြောင်းကို "မင်္ဂလာ"လို့ ခေါ်ပါတယ်၊ လူမိုက်များကို မပေါင်းသင်းခြင်း, လူလိမ္မာပညာရှိတွေကို ပေါင်းသင်းဆည်းကပ်ခြင်း အစရှိတဲ့ သဘောတရားတွေဟာ လိုက်နာပြုကျင့်သူတွေကို တိုးတက်စေတတ်ပါတယ်၊ ကြီးပွားစေတတ်ပါတယ်၊ ချမ်းသာစေတတ်ပါတယ်၊ ဒါကြောင့် ကြီးပွားချမ်းသာရေးမင်္ဂလာများ ဖြစ်ကြပါတယ်။

၁။ မူဠ္ဍ ဘုရားမှာသောင်းရှစ်-ဟု ရှိနေပါတယ်၊ ၂။ ကျည်းကန်ရှင်ကြီး

http://www.dhammadownload.com



အစန်း-၁

အသေဝနာစ ဗာလာနံ = လူမိုက်များကို မပေါင်းသင်း မဆည်းကပ်ခြင်း၊
ပဏ္ဍိတာနဉ္စ သေဝနာ = လူလိမ္မာ-ပညာရှိတို့ကို ပေါင်းသင်းဆည်းကပ်ခြင်း၊
ပူဇာစ ပူဇနေယျာနံ = ပူဇော်ထိုက်သူများကို ပူဇော်ခြင်း၊
ဧတံ မင်္ဂလ-မုတ္တမံ = ဒီတရား ၃-ပါးဟာ ကောင်းမြတ်တဲ့မင်္ဂလာ (ကြီးပွား ချမ်းသာရေး) ဖြစ်ပါတယ်။

မင်္ဂလာ ၂-ပါး ရှေးဦးထား

လူနတ်ဗြဟ္မာ သတ္တဝါတွေက ပညာမဲ့-လူမိုက်များကိုသာ ပေါင်းသင်းဆည်းကပ်ရတဲ့အတွက် အမြင်အာရုံ, အကြားအာရုံ, အတွေ့အာရုံတွေကို အုပ်စုလိုက် အုပ်စုလိုက် မိမိတို့ ကြိုက်သလို "မင်္ဂလာ"လို့ ယူဆလာခဲ့ကြပါတယ်၊ သူတို့တစ်တွေ "မင်္ဂလာ"လို့ အသိအမှတ်ပြုလာခဲ့ကြတဲ့ အဲဒီအမြင်အာရုံ, အကြားအာရုံ, အတွေ့အာရုံတွေဟာ အမှန်အားဖြင့် မင်္ဂလာမဟုတ်တဲ့အပြင် အမင်္ဂလာတွေသာ ဖြစ်နေကြပါတယ်။

ဒီသဘောအတိုင်းပဲ မကောင်းတဲ့ မိတ်ဆွေကို ပေါင်းသင်းဆည်းကပ်ရင် ပေါင်းသင်းဆည်းကပ်တဲ့ ပုဂ္ဂိုလ်မှာ လက်ရှိဘဝအကျိုးစီးပွားလဲ ပျက်စီးနိုင်တယ်၊ နောင်ဘဝအကျိုးစီးပွားလဲ ပျက်စီးနိုင်တယ်၊ လောကုတ္တရာချမ်းသာကလဲ ဝေးကွာနိုင်တယ်-ဆိုတဲ့ သဘောကိုလဲ ပြတော်မူလိုပါတယ်။

ပညာရှိ-လူလိမ္မာတွေကို ပေါင်းသင်းဆည်းကပ်ရင် ယခုလက်ရှိဘဝ အကျိုးစီးပွားလဲ ဖြစ်ထွန်းနိုင်ပါတယ်၊ နောင်ဘဝအကျိုးစီးပွားလဲ ဖြစ်ထွန်းနိုင်ပါတယ်၊ လောကုတ္တရာချမ်းသာကိုလဲ ရနိုင်တယ်-ဆိုတဲ့ သဘောကိုလဲ သိစေတော်မူလိုပါတယ်။

ဒါကြောင့် ဗုဒ္ဓမြတ်စွာက လူမိုက်ကို မပေါင်းသင်း မဆည်းကပ်ခြင်းနှင့် လူလိမ္မာ-ပညာရှိတို့ကို ပေါင်းသင်းဆည်းကပ်ခြင်း-ဆိုတဲ့ မင်္ဂလာ ၂-ပါးကို ရှေးဦးစွာ ဟောကြားတော်မူပါတယ်။ [၄]

http://www.dhammadownload.com

ဒီမင်္ဂလာ ၂-ပါးဟာ အခြားမင်္ဂလာတွေရဲ့ အခြေခံမင်္ဂလာများ ဖြစ်ကြပါတယ်၊ ဒီမင်္ဂလာ ၂-ပါးမှ မရှိရင် အခြားမင်္ဂလာတွေဖြစ်ရန် မလွယ်လှပါ၊ ဒါ့ကြောင့်လဲ ဒီမင်္ဂလာ ၂-ပါးကို ရှေးဦးစွာ ဟောကြားတော်မူရပါတယ်၊ ဒါ့အပြင် ဒီမင်္ဂလာ ၂-ပါးဟာ အပြန်အလှန်သဘောရှိနေတဲ့အတွက် တစ်ပေါင်းတည်း ပြဆိုသွားပါ့မယ်။

၁။ အသေဝနာစ ဗာလာနံ

၂။ ပဏ္ဍိတာနဉ္စ သေဝနာ

ဗာလ [အဿာသိတပဿာသိတမတ္တေန ဗလန္တိ ဇီဝန္တီတိ-ဗာလာ။] အသိအလိမ္မာ ဉာဏ်ပညာမဖက် ထွက်သက်ဝင်သက်ရှူရှိုက်ရုံမျှနဲ့ အသက်ရှင်နေတတ်တဲ့ လူမိုက်, လူအ, လူနှ, လူယုတ်များကို "ဗာလ"လို့ ခေါ်ပါတယ်။

[ဒွေ အနတ္ထေ လာန္တီ ဂဏှန္တီတိ-ဗာလာ။] ယခုလက်ရှိဘဝအကျိုးမဲ့, နောင်ဘဝသံသရာအကျိုးမဲ့-ဆိုတဲ့ အကျိုးမဲ့ ၂-ပါးကို ရယူတတ် လက်ရသိမ်းပိုက်တတ်တဲ့ လူများကို "ဗာလ"လို့ ခေါ်ပါတယ်။

ဒီလူမိုက်စာရင်းဝင် ပုဂ္ဂိုလ်တွေဟာ ယခုလက်ရှိဘဝမှာပဲ မင်းပြစ်မင်းဒဏ် ခံရခြင်း, ဘေးရန်များခြင်း, မကောင်းသတင်းထွက်ပေါ်ခြင်း, ဂုဏ်ကျက်သရေ မရှိခြင်း, ကဲ့ရဲ့ခံရခြင်း, စီးပွားဥစ္စာပျက်စီးခြင်း အစရှိတဲ့ အကျိုးမဲ့တွေကိုသာ ရတတ်ပါတယ်။

နောင်ဘဝသံသရာမှာလဲ "ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်"ဆိုတဲ့ အပါယ်ဆင်းရဲနှင့် ရှေးကုသိုလ်ထောက်မလို့ လူ့ဘဝကို ရလာပြန်ရင်လဲ အသက်တိုခြင်း, အနာရောဂါများခြင်း, ဆင်းရဲမွဲပြာခြင်း, လူမုန်းများခြင်း အစရှိတဲ့ အကျိုးမဲ့တွေကိုသာ ရတတ်ပါတယ်။

[ဒွေ အတ္ထေ လုနန္တီတိ-ဗာလာ။] "ယခုလက်ရှိဘဝအကျိုးစီးပွား, နောင်ဘဝသံသရာအကျိုးစီးပွား"ဆိုတဲ့ အကျိုးစီးပွား ၂-ပါးတို့ကို ဖြတ်တောက်ပစ်တတ်တဲ့ လူဆိုးလူမိုက်ကို "ဗာလ"လို့ ခေါ်ပါတယ်။

ဒီလူဆိုးလူမိုက်ဖြစ်သူဟာ လူချစ်လူခင်များခြင်း, ဂုဏ်သတင်းကျော်စောခြင်း, ဘေးရန်မသန်း အေးချမ်းခြင်း, ပရိသတ်ထဲမှာရဲတင်းခြင်း, ဩဇာအာဏာ အရှိန်အဝါကြီးမားခြင်း အစရှိတဲ့ ယခုလက်ရှိဘဝအကျိုးစီးပွားတွေကိုလဲ ပျက်စီးစေတတ်ပါတယ်၊ နောင်ဘဝသံသရာဝယ် သုဂတိဘုံဘဝမှာ သုခရိပ်ငြိမ် စည်းစိမ်ချမ်းသာကို ခံစားရခြင်း-ဆိုတဲ့ အကျိုးကိုလဲ မရနိုင်တော့ပါ၊ အကျိုး ၂-ပါးလုံးကိုပဲ ဖြတ်တောက်ပြီး ဖြစ်နေပါတော့တယ်။

http://www.dhammadownload.com

ဒါ့အပြင် အိမ်သူအိမ်သား‌များနှင့် ဆွေမျိုးသားချင်းတို့အား‌ဖြစ်ဖြစ်, ရွာသူရွာသား‌ မြို့သူမြို့သား‌တို့အား‌ဖြစ်ဖြစ်, အတူတကွ ကူးသန်းရောင်းဝယ်ဘက် လုပ်ဖော်ကိုင်ဘက် သွား‌ဘော်သွား‌ဘက်တို့အား‌ဖြစ်ဖြစ်, တိုင်းသူပြည်သား‌ လူအများတို့အား‌ ဖြစ်ဖြစ် ဘေးဥပါဒ်အန္တရာယ် တစ်စုံတစ်ခုဖြစ်အောင် ပြုမူရွက်ဆောင်တတ်တဲ့ သူမျိုးကိုလဲ "ဗာလ–လူမိုက်"လို့ပဲ ခေါ်သင့်ပါတယ်။

ဒါ့ကြောင့် ပါဏာတိပါတ–သူ့အသက်သတ်မှု အစရှိတဲ့ အကုသလကမ္မပထ တရား ၁၀–ပါး‌နှင့်ပြည့်စုံသူ အကုန်လုံး‌ကိုပဲ "ဗာလ–လူမိုက်"ခေါ်တယ်–လို့လဲ အဋ္ဌကထာဆရာက မိန့်ဆိုထား‌ပါတယ်။

မကောင်း‌တဲ့အကြံကို ကြံခြင်း, မကောင်း‌တဲ့စကား‌ကို ပြောဆိုခြင်း, မကောင်း‌တဲ့ အလုပ်ကို လုပ်ခြင်း၊ ဒီ ၃–ပါး‌ဟာ လူမိုက်လို့သိသာစရာ အမှတ်လက္ခဏာဖြစ်ပါတယ်[၁] ဆိုတဲ့ ဘုရား‌ဟောစကား‌တော်ကိုလဲ ထပ်ဆင့်ညွှန်ကြား‌ထား‌ပါသေး‌တယ်၊ ပုရာဏကဿပ, အဝဒတ်, ကောကာလိက အစရှိတဲ့ ပုဂ္ဂိုလ်တွေကိုလဲ သက်သေသာဓကအနေနဲ့ ထုတ်ဖော်ပြသထား‌ပါတယ်။

အဋ္ဌကထာဆရာရဲ့ အဆိုအမိန့်နှင့် သုတ္တန်ပါဠိတော် စကား‌ရပ်များ‌ကို ကောက်ချက်ချလိုက်တော့–

ကာယက် ၃–ပါး

၁။ ပါဏာတိပါတ= သူ့အသက်ကိုသတ်မှု,
၂။ အဒိန္နာဒါန= သူ့ဥစ္စာကို တိုက်ခိုက်လှည့်ပတ်ခိုး‌ယူမှု,
၃။ ကာမေသုမိစ္ဆာစာရ= ကာမဂုဏ်မေထုန်မှုတွေမှာ မှား‌မှား‌ယွင်း‌ယွင်း ပြုကျင့်မှု–

ဒီ ၃–မျိုး‌ကို ကာယဝိညတ်ဆိုတဲ့ ကာယဒွါရမှာ အဖြစ်များလို့ "ကာယက်"လို့ ခေါ်ပါတယ်။

ဝစီက် ၄–ပါး

၁။ မုသာဝါဒ= လိမ်ညာဝါဖြန်းပြောဆိုမှု,
၂။ ပိသုဏာဝါစာ= ချောပစ်ကုန်းတိုက်မှု, ရန်တိုက်မှု,
၃။ ဖရုသဝါစာ= ကြမ်းကြမ်းတမ်းတမ်းပြောဆိုမှု,
၄။ သမ္ဖပ္ပလာပ= ပိန်ဖျင်းတဲ့စကား‌ကိုပြောဆိုမှု–

ဒီ ၄–ပါး‌ကိုတော့ ဝစီဝိညတ်–ခေါ်တဲ့ ဝစီဒွါရမှာ အဖြစ်များလို့ "ဝစီက်"လို့ ခေါ်ပါတယ်။

၁။ အံ–၁၊ ၁၀၀။

http://www.dhammadownload.com

မနောက် ၃-ပါး

၁။ အဘိဇ္ဈာ= သူတစ်ပါးစည်းစိမ်ကို မတရားရယူလိုမှု,
၂။ ဗျာပါဒ= သူတစ်ပါးသေကျေပျက်စီးရန် ကြံစည်မှု,
၃။ မိစ္ဆာဒိဋ္ဌိ= မှားမှားယွင်းယွင်းယူမှု, အယူမှားမှု

ဒီ ၃-ပါးကိုတော့ ကိုယ်လဲမလှုပ်, နှုတ်လဲမပါ (အတူတကွဖြစ်ရာဓောစိတ်-လို့ ဆိုရတဲ့) မနောဒွါရမှာ အဖြစ်များလို့ "မနောက်"လို့ ခေါ်ရပါတယ်။

ဒီ အကုသလကမ္မပထတရား ၁၀-ပါး ဒုစရိုက်တရားတွေကို ပြုကျင့်နေတဲ့ ပုဂ္ဂိုလ်များ, မိမိသူတစ်ပါး ဆင်းရဲဒုက္ခရောက်အောင် ပြုကျင့်နေတဲ့ ပုဂ္ဂိုလ်များကို "ဗာလ-လူမိုက်"လို့ ခေါ်တယ်-ဆိုတဲ့ သဘောဟာ ထင်ရှားလာပါတယ်။

ဒီအဆိုပြုချက်နှင့်ပတ်သက်လို့ မိမိကိုယ်တိုင်ရော, လူသားတွေကိုရော, တိရစ္ဆာန်တွေကိုရော ဆင်းရဲဒုက္ခရောက်အောင်ပြုမှု, ပြောဆို, ကြံစည်တတ်သူများကို "ဗာလ-လူမိုက်" ခေါ်တယ်-လို့ ကောက်ချက်ချကာ အကျဉ်းမှတ်သားသင့်ပါတယ်။

လူမိုက် "မိုက်"ဆိုတဲ့ စကားကို "မိုက်မဲ"လို့ မဲနှင့် တွဲသုံးတတ်ကြပါတယ်၊ "မဲ"ဆိုတဲ့ စကားကိုလဲ "မဲမှောင်နေတာပဲ"လို့ မှောင်နှင့် တွဲသုံးတတ်ကြပါတယ်၊ မှောင်-ဆိုတဲ့ စကားလုံးကိုလဲ "မှောင်မိုက်နေတာပဲ-လို့ "မိုက်"ဆိုတဲ့ စကားလုံးနှင့် တွဲသုံးတတ်ကြပါတယ်၊ ဒါ့ကြောင့် ဒီ "မိုက်, မဲ, မှောင်"ဆိုတဲ့ စကား ၃-လုံးဟာ အနက်သဘောအနေနဲ့ တူမျှနေပါတယ်။

"မိုက်တယ်"ဆိုတာဟာ မဲမှောင်တာပါပဲ၊ မဲမှောင်နေတယ်ဆိုရင် ဘာမှမသိရ, ဘာမှမမြင်ရသလို လူမိုက်ဆိုတာဟာလဲပဲ ဘာမှမသိသူ, ဘာမှမမြင်သူ, လူအန္ဓဖြစ်ပါတယ်၊ ဒါ့ကြောင့် အကောင်းအဆိုး, အကြောင်းအကျိုးကို မသိတတ်သူကို "လူမိုက်"လို့ ခေါ်ပါတယ်။

အဲဒီ လူမိုက်-ဆိုတာဟာ မောဟ-ဆိုတဲ့ အမှောင်ထုက ဖုံးအုပ်ကာကွယ်ထားတဲ့အတွက် ဉာဏ်အလင်းရောင် ကွယ်ပျောက်လို့ အလုပ်တစ်ခုကို လုပ်မယ်ကြံရင် "ဒီအလုပ်ဟာ အကျိုးရှိမှာလား ?, အကျိုးမရှိဘူးလား ? အများချမ်းသာမယ့် အလုပ်လား ? အများဆင်းရဲမဲ့အလုပ်လား"ဆိုတာကို ကွဲကွဲပြားပြား ခြားနားလို့ မသိနိုင်လောက်အောင် ဆင်ခြင်တုံတရား(ဆင်ခြင်ဉာဏ်) ကင်းမဲ့လို့ ထင်ရာကို ပြုမူလုပ်ကိုင်တတ်တဲ့ လူမျိုးပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com

ဒါတွေကို ခြိုင်ခိုင်ပြီး အဘိဓမ္မာသဘော စိတ်ဖြစ်ပုံအနေနဲ့ စဉ်းစားကြည့်ပါရင် အကုသိုလ်စိတ် ၁၂-ပါး, စေတသိက် ၂၇-ပါးဆိုတဲ့ အကုသိုလ်တရားစုနဲ့ ပြည့်စုံနေတဲ့ လူမျိုးကို "ဗာလ-လူမိုက်"ခေါ်တယ်-ဆိုတာဟာ ထင်ရှားလာပါတယ်။

ဒါ့ကြောင့် ပညာတွေ ဘယ်လောက်ပဲတတ်နေနေ အကုသိုလ်လုပ်ငန်းတွေကို လုပ်နေပါက လူမိုက်သာ ဖြစ်ပါတယ်၊ ပညာရှိ-လူလိမ္မာ မဟုတ်ပါ၊ ပထမကျော့, ဓမ္မာစရိယအောင်ထားတဲ့ လူပြန်တော်ပင် ဖြစ်စေကာမူ ကိုယ်ကျင့်သိလျက်စီးပြီး အကုသိုလ်အလုပ်တွေကို လုပ်နေပါရင် လူမိုက်သာ ဖြစ်ပါတယ်၊ ဒီလိုလူမျိုးကို "ပညာတတ်လူမိုက်"လို့ ခေါ်ပါတယ်၊ ပညာတတ်လူမိုက်ဟာ ပညာမဲ့လူမိုက်ထက် ကြောက်စရာကောင်းပါတယ်။

ဝိဇ္ဇာဘွဲ့, မဟာဝိဇ္ဇာဘွဲ့, ဒေါက်တာဘွဲ့တွေ ရထားပေမယ့် ကိုယ်ကျင့်တရား ပျက်စီးနေမယ်, ဒုစရိုက်မှုတွေကို ပြုလုပ်နေမယ်, အသောက်အစားဖက်နေမယ်, မူယစ်ဆေးဝါးကို မှီဝဲနေမယ်, လောင်းကစားမှု ပြုလုပ်နေမယ်, မိန်းမလိုက်စား နေမယ်, ဥပဒေဘောင်အပြင်ဘက်က စီးပွားရှာနေမယ်-ဆိုပါရင် အဲဒီပုဂ္ဂိုလ်လဲ ပညာတတ်လူမိုက်ပဲ ဖြစ်ပါတယ်။

ပဏ္ဍိတ [ဉဿသု အတ္ထေသု ဉာဏဂတိယာ ပဏ္ဍာတိ ဂစ္ဆတီတိ-ပဏ္ဍိတော။] လက်ရှိဘဝအကျိုးစီးပွား, နောင်ဘဝသံသရာအကျိုးစီးပွား ၂-ပါး လုံးမှာ ဉာဏ်-ဆိုတဲ့ ဖြစ်ခြင်းနဲ့ ဖြစ်တတ်တဲ့ ပုဂ္ဂိုလ်မျိုးကို "ပဏ္ဍိတ"လို့ ခေါ်ပါတယ်။

[ဂမ္ဘီရဋ္ဌာနေသု ပဏ္ဍာတိ ဂစ္ဆတီတိ-ပဏ္ဍာ၊ သဗ္ဗာတာ ပဏ္ဍာ ဧတေသန္တိ-ပဏ္ဍိတာ။] နက်နဲတဲ့အရာဌာနတွေမှာ သိမြင်တတ်တဲ့ဉာဏ်ရှိသူမျိုးကို "ပဏ္ဍိတ"လို့ ခေါ်ပါတယ်။

ဒီပုဂ္ဂိုလ်မျိုးတွေဟာ လူချစ်လူခင်များခြင်း, ဂုဏ်သတင်းကျော်စောခြင်း, ဘေးရန် မသန်း အေးချမ်းခြင်း, ပရိသတ်အလယ်မှာ ရဲတင်းခြင်း, သြဇာအာဏာ အရှိန်အဝါ ကြီးမားခြင်းအစရှိတဲ့ ယခုလက်ရှိဘဝအကျိုးစီးပွားကိုလဲ ရယူတတ်, သိမြင်တတ် ပါတယ်၊ နောင်ဘဝသံသရာဝယ် သုဂတိဘုံဘဝမှာ သုခရိပ်ငြိမ် စည်းစိမ်ချမ်းသာကို ခံစားရခြင်း အစရှိတဲ့ အကျိုးစီးပွားကိုလဲ ရယူတတ်, သိမြင်တတ်ပါတယ်။

ဒါ့ကြောင့် ပါဏာတိပါတ= သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု အစရှိတဲ့ ကုသလကမ္မပထတရား ၁၀-ပါးနှင့် ပြည့်စုံသူတွေကို "ပဏ္ဍိတ"ခေါ်တယ်-လို့ အဋ္ဌကထာဆရာက မိန့်ဆိုထားပါတယ်။

http://www.dhammadownload.com

ဒါ့အပြင် ကောင်းတဲ့အကြံကို ကြံခြင်း, ကောင်းတဲ့စကားကို ပြောဆိုခြင်း, ကောင်းတဲ့အလုပ်ကို လုပ်ခြင်း၊ ဒီ ၃-ပါးဟာ လူလိမ္မာပညာရှိလို့ သိစရာ အမှတ်လက္ခဏာပဲ ဖြစ်တယ်"[၁] ဆိုတဲ့ ဗုဒ္ဓမြတ်စွာရဲ့ စကားတော်ကိုလဲ ထပ်ဆင့်ညွှန်ကြားထားပါတယ်။

ဘုရား, ပစ္စေကဗုဒ္ဓါ, အသီတိမဟာသာဝက, အခြားဘုရားရှင်ရဲ့ တပည့်သာဝကတွေ, သုနေတ္တ, မဟာဂေါဝိန္ဒ, ဝိဓုရ, သရဘင်္ဂ, မဟောသဓ, သုတသောမ, နိမိမင်း, အယောဃရကုမာရ, အကိတ္တိပဏ္ဍိတ အစရှိတဲ့ ပုဂ္ဂိုလ်တွေကိုလဲ ထုတ်ဖော်ပြသထားပါတယ်။

ဒီပုဂ္ဂိုလ်တွေဟာ ဘေးရန်ဖြစ်တဲ့အခါမှာ အစောင့်အရှောက်တွေနဲ့ တူပါတယ်၊ အမိုက်မှောင်ထဲမှာ ဆီမီးတန်ဆောင် အလင်းရောင်နဲ့လဲ တူပါတယ်၊ ဆာလောင်မွတ်သိပ်ခြင်း-စတဲ့ ဆင်းရဲ နှိပ်စက်ခံရတဲ့ အခါမှာ ထမင်းအဖျော်-စသည်တို့ကို ရတာနဲ့လဲ တူပါတယ်၊ မိမိစကားကို လိုက်နာတဲ့ လူတွေရဲ့ ဘေးရန်ဥပဒ္ဒဝေါ အကုန်လုံးကို ဖျက်ဆီးနိုင်ကြပါတယ်၊ -အစရှိတဲ့ စကားကိုလဲ မိန့်ဆိုထားပြန်ပါတယ်။

ဒီတော့ အဋ္ဌကထာဆရာရဲ့ အဆိုအမိန့်နှင့် ဗုဒ္ဓမြတ်စွာရဲ့ စကားတော်ကို ကောက်ချက်ချလိုက်တော့-

ကာယသုစရိုက် ၃-ပါး

၁။ ပါဏာတိပါတာဝိရတိ= သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း,
၂။ အဒိန္နာဒါနာဝိရတိ= သူ့ဥစ္စာကို ခိုးယူမှုမှ ရှောင်ကြဉ်ခြင်း,
၃။ ကာမေသုမိစ္ဆာစာရာဝိရတိ= မေထုန်ကာမတို့မှာ မှားမှားယွင်းယွင်း ပြုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း-

ဒါတွေကို ကာယသုစရိုက် ၃-ပါး, ကာယက် ၃-ပါး-လို့ ခေါ်ပါတယ်။

ဝစီသုစရိုက် ၄-ပါး

၁။ မုသာဝါဒဝိရတိ= လိမ်ညာပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း,
၂။ ပိသုဏဝါစာဝိရတိ= ရန်တိုက်ပေးမှုမှ ရှောင်ကြဉ်ခြင်း,
၃။ ဖရုသဝါစာဝိရတိ= ကြမ်းတမ်းတဲ့စကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း,
၄။ သမ္ဖပ္ပလာပဝိရတိ= ပိန်ဖျင်းတဲ့စကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း-

ဒါတွေကိုတော့ ဝစီသုစရိုက် ၄-ပါး, ဝစီက် ၄-ပါး-လို့ ခေါ်ပါတယ်။

၁။ အံ-၁၊ ၁၀၁။

http://www.dhammadownload.com

မနောသုစရိုက် ၃-ပါး

၁။ အနဘိဇ္ဈာ= အဘိဇ္ဈာမဖြစ်အောင် စောင့်စည်းခြင်း,
၂။ အဗျာပါဒ= ဗျာပါဒမဖြစ်အောင် စောင့်စည်းခြင်း,
၃။ သမ္မာဒိဋ္ဌိ= မှန်မှန်ကန်ကန်ယူခြင်း, အယူမှန်ခြင်း-

ဒါတွေကိုတော့ မနောသုစရိုက် ၃-ပါး, မနောက် ၃-ပါး-လို့ ခေါ်ပါတယ်။

ဒီ ၁၀-ပါးကို သုဂတိဘဝသို့ရောက်ကြောင်း လမ်းကောင်းသဖွယ် ဖြစ်တဲ့အတွက် "ကုသလကမ္မပထတရား" လို့ ခေါ်ပါတယ်၊ ကောင်းသောအမူအကျင့်များဖြစ်တဲ့အတွက် "သုစရိုက်တရား" လို့လဲ ခေါ်ပါတယ်။

ဒီကုသလကမ္မပထတရား ၁၀-ပါး(သုစရိုက်တရား ၁၀-ပါး)နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်မျိုးကို "ပဏ္ဍိတ" ခေါ်တယ်-ဆိုတဲ့ သဘောဟာ ထင်ရှားလာပါတယ်။

လူလိမ္မာ-ပညာရှိ နှုတ်မှုပညာ, လက်မှုပညာ ဘယ်ပညာမျိုးကိုမျှ မတတ်ပေမယ့် မကောင်းမှုအကုသိုလ် ဒုစရိုက်တွေကို ရှောင်ကြဉ်ပြီး ကောင်းမှုကုသိုလ် သုစရိုက်တွေကို ပြုလုပ်နေတဲ့ ပုဂ္ဂိုလ်မျိုးကို "လူလိမ္မာ-ပညာရှိ" လို့ ခေါ်ပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့- ကုသိုလ်စိတ်ဖြစ်တိုင်းဖြစ်တိုင်း သူ့ရဲ့အတွင်းသန္တာန်မှာ အများအားဖြင့် ပညာ(ဉာဏ်)တွဲယှဉ်ပါလာတတ်တဲ့အတွက်ပဲ ဖြစ်ပါတယ်။

ဒါတွေကို ခြုံငုံပြီး အဘိဓမ္မာသဘော စိတ်ဖြစ်ပုံအနေနဲ့ စဉ်းစားကြည့်ပါရင် မဟာကုသိုလ်စိတ် ၈-ပါး, ဈာတသိက် ၃၈-ပါး၊ (ကုသိုလ်စိတ် ၂၁-ပါး, ဈာတသိက် ၃၈-ပါး)ဆိုတဲ့ ကုသိုလ်တရားစုနှင့် ပြည့်စုံသူမျိုးကို "လူလိမ္မာ-ပညာရှိ" ခေါ်တယ်ဆိုတဲ့ သဘောဟာ ထင်ရှားလာပါတယ်၊ ဒါ့ကြောင့် ဘယ်ပညာမျိုးကိုမျှ မတတ်ပေမယ့် မကောင်းမှုအကုသိုလ်ကို ရှောင်ကြဉ်ပြီး ကောင်းမှုကုသိုလ် ပြုလုပ်နေတဲ့ ပုဂ္ဂိုလ်မျိုးကို "လူလိမ္မာ-ပညာရှိ" လို့ ခေါ်တယ်-လို့ ဆိုထားခဲ့ပါတယ်။

ဒီတော့ တတ်မှုထက် ကျင့်မှုကသာ လိုရင်းပဓာန အဓိကဖြစ်တယ်၊ ပညာတတ်တာကတခြား, ပညာရှိတာကတခြား ဖြစ်တယ်-ဆိုတဲ့ သဘောဟာ ထင်ရှားလာပါတယ်။

ပုဂ္ဂိုလ်အတန်းအစား ၄-ပါး ပြောပြလာခဲ့သမျှ စကားရပ်တွေကို နှိုင်းညှိပြန်လှန် စဉ်းစားဝေဖန်ပါက ပုဂ္ဂိုလ် ၄-မျိုးဖြစ်ပေါ်လာတာကို တွေ့ရပါလိမ့်မယ်။

http://www.dhammadownload.com

၁။ ပညာလဲမတတ်, မကောင်းမှုကိုလဲပြုသူ= ပညာမဲ့လူမိုက်,
၂။ ပညာတတ်ပေမယ့် မကောင်းမှုကို ပြုနေသူ= ပညာတတ်လူမိုက်,
၃။ ပညာမတတ်ပေမယ့် ကောင်းမှုကို ပြုနေသူ= ပညာမဲ့လူလိမ္မာပညာရှိ,
၄။ ပညာလဲတတ်, ကောင်းမှုကိုလဲ ပြုနေသူ= ပညာတတ်လူလိမ္မာပညာရှိ–

ဒီလို ပုဂ္ဂိုလ်အတန်းအစား ၄–ပါး ဖြစ်လာပါတယ်၊ အဲဒီအထဲက နောက်ဆုံးဖြစ်တဲ့ ပညာတတ်လူလိမ္မာ–ပညာရှိဟာ အကောင်းဆုံး, အထက်တန်းအကျဆုံး ဖြစ်ပါတယ်။

မပေါင်းသင့်သူ ပေါင်းသင့်သူ

အနားမှာရှိနေတဲ့ မြက်မိုးတဲကလေး, ဓနိမိုးအိမ်ကလေးတွေကို မီးလောင်လို့ရှိရင် အိမ်ကြီးအိမ်ကောင်းတွေ, အုတ်တိုက်တွေပါ ကူးစက်လောင်ကျွမ်းခံရသလို ဘေးရန်အကုန်လုံးဟာ လူမိုက်တွေကြောင့်သာ ဖြစ်လာရပါတယ်၊ လူလိမ္မာ–ပညာရှိကြောင့် ဖြစ်လာရတာ မဟုတ်ပါ၊ မငြိမ်မသက်မသက်မှု(ဥပဒ္ဒဝ)အကုန်လုံးဟာလဲ လူမိုက်ကြောင့်သာ ဖြစ်လာရပါတယ်၊ လူလိမ္မာ–ပညာရှိကြောင့် ဖြစ်လာရတာ မဟုတ်ပါ၊ စိတ်ဆင်းရဲမှု(ဥပသဂ္ဂ)အကုန်လုံးဟာလဲ လူမိုက်ကြောင့်သာ ဖြစ်လာရပါတယ်၊ လူလိမ္မာ–ပညာရှိကြောင့် ဖြစ်လာရတာ မဟုတ်ပါ။

ဒီလိုပဲ လူမိုက်က ဘေးရန်ကို ဖြစ်ပေါ်စေတတ်ပါတယ်၊ လူလိမ္မာ–ပညာရှိက မဖြစ်ပေါ်စေတတ်ပါ၊ လူမိုက်က မငြိမ်မသက်ဖြစ်စေတတ်ပါတယ်၊ ပညာရှိက မဖြစ်စေတတ်ပါ။ [၁]

ဒါ့အပြင် အကုသိုလ်တွေဆိုတာဟာလဲ လူမိုက်ကို အမှီပြုလို့ ဖြစ်လာရပါတယ်၊ လူလိမ္မာ–ပညာရှိကို အမှီပြုလို့ ဖြစ်လာရတာ မဟုတ်ပါ၊ အပါယ် ၄–ဘုံဆိုတာက လူမိုက်အတွက်သာ ဖြစ်ပါတယ်၊ လူလိမ္မာ–ပညာရှိအတွက် မဟုတ်ပါဘူး၊ ကုသိုလ်တွေဆိုတာကတော့ လူလိမ္မာ–ပညာရှိကိုမှီလို့ ဖြစ်လာရတာပါ၊ လူမိုက်ကိုမှီလို့ ဖြစ်လာရတာ မဟုတ်ပါဘူး၊ လူပြည်, နတ်ပြည်ဆိုတာကလဲ လူလိမ္မာ–ပညာရှိအတွက်သာ ဖြစ်ပါတယ်၊ လူမိုက်အတွက် မဟုတ်ပါဘူး။

ဒီတော့ ဘေးရန်မကင်း ဆင်းရဲခြင်းကို ဖြစ်စေတတ်တဲ့ လူမိုက်တွေဆိုတာဟာ ကြောက်စရာ, လန့်စရာ ပုဂ္ဂိုလ်မျိုးတွေသာ ဖြစ်ကြပါတယ်၊ ဘေးရန်မသန်း အေးချမ်းခြင်းကို ဖြစ်စေတတ်တဲ့ လူလိမ္မာ–ပညာရှိတွေကတော့ ခင်မင်တွယ်တာ မြတ်နိုးစရာ ပုဂ္ဂိုလ်မျိုးတွေသာ ဖြစ်ကြပါတယ်။

၁။ အံ–၁၊ ၉၉။

http://www.dhammadownload.com

ဒါ့အပြင် သိကြားမင်းက အကိတ္တိရှင်ရသေ့ကို ကြည်ညိုလှတဲ့အတွက် ဆုပေးတဲ့ အခါ အကိတ္တိရှင်ရသေ့က[၁]–

"လူမိုက်ကို မမြင်ရပါလို၊ မကြားရပါလို၊ လူမိုက်နှင့် မပေါင်းသင်းရပါလို လူမိုက်နှင့် စကားမပြောဆိုရပါလို၊ လူမိုက်ကို မနှစ်သက်ရပါလို။
လူမိုက်ဆိုလျှင်, မပေါင်းချင်, မမြင်မကြားရပါလို"။

ဒီလို ဆုတောင်းမှုကို ပြုပါတယ်၊ ဒီတော့ သိကြားမင်းက အကိတ္တိရှင်ရသေ့ကို မေးပါတယ်။

"လူမိုက်က အရှင်ရသေ့ကို ဘာလုပ်ပါသလဲ ?၊ ဘာ့ကြောင့် လူမိုက်ကို မတွေ့လိုပါသလဲ ?"။

"လူမိုက်တွေဆိုတာဟာ နည်းမမှန် လမ်းမကျတဲ့ အကျင့်တွေကို နည်းမှန် လမ်းမှန်လို့ ယူဆတတ်ပါတယ်၊ ကျင့်လဲကျင့်တတ်ပါတယ်၊ မလုပ်သင့်တဲ့ အလုပ်တွေမှာ တိုက်တွန်းတတ်ပါတယ်၊ မကောင်းတဲ့ နည်းလမ်းတွေဟာ လူမိုက်အတွက် အကောင်းဖြစ်နေပါတယ်၊ အကျိုးသင့်,အကြောင်းသင့် ပြောလို့ ရှိရင် စိတ်ဆိုးတတ်ပါတယ်၊ ယဉ်ကျေးမှုကျင့်ဝတ်တွေကို နားလဲမလည်ပါ၊ ကျင့်လဲမကျင့်ပါ၊ ဒါ့ကြောင့် လူမိုက်ကို မတွေ့လိုပါ၊ မမြင်လိုပါ"။

ဒါ့အပြင် သိကြားမင်းက ဆုပေးတဲ့အတွက် အကိတ္တိရှင်ရသေ့က ဆုတောင်းပြန်တယ်။

"ပညာရှိကို မြင်လိုပါတယ်၊ တွေ့လိုပါတယ်၊ ကြားလိုပါတယ်၊ ပညာ ရှိနှင့် ပေါင်းသင်းရလိုပါတယ်၊ ပညာရှိနှင့် စကားပြောလိုပါတယ်၊ ပညာရှိကို နှစ်သက်ရလိုပါတယ်။
ပညာရှိဆိုလျှင်, ပေါင်းသင်းချင်, တွေ့မြင်ကြားရပါစေလို"။

ဒီစကားကို ကြားရတော့ သိကြားမင်းက အကိတ္တိရှင်ရသေ့ကို မေးပြန်တယ်။

"ပညာရှိက အရှင်ရသေ့ကို ဘာလုပ်ပါသလဲ ?၊ ဘာ့ကြောင့် ပညာရှိကို တွေ့လိုပါသလဲ ?။

"ပညာရှိဆိုတာဟာ နည်းမှန်လမ်းမှန် အကျင့်ကို နည်းမှန်လမ်းမှန်လို့ပဲ ယူဆတတ်ပါတယ်၊ မလုပ်သင့်တဲ့ တာဝန်တွေမှာ မတိုက်တွန်းတတ်ပါ၊ ကောင်းတဲ့နည်းလမ်းတွေကသာ သူ့အတွက် အကောင်းဖြစ်ပါတယ်၊ အကျိုးသင့် အကြောင်းသင့်ပြောရင် စိတ်မဆိုးတတ်ပါ၊ ယဉ်ကျေးမှုကျင့်ဝတ်ကို နားလည်

၁။ ဇာတ်-၄-၄၊ ၂၄၀။

http://www.dhammadownload.com

လယ်ပါတယ်၊ ကျင့်လဲကျင့်ပါတယ်၊ ဒါ့ကြောင့် ပညာရှိနှင့် ပေါင်းသင်းရတာဟာ ကောင်းလှပါတယ်"။

ဒီအကိုတို့ရှင်ရသေ့ရဲ့စကားကပဲ လူမိုက်ရဲ့သဘောနဲ့ လူမိုက်ကိုရှောင်ကြဉ်ရခြင်းရဲ့ အကြောင်း, ပညာရှိရဲ့သဘောနဲ့ ပညာရှိကို ပေါင်းသင်းရခြင်းရဲ့ အကြောင်းတွေကို ဖော်ညွှန်းပြီး ဖြစ်နေပါတော့တယ်။

လူမိုက်တွေကို ပေါင်းသင်းဆည်းကပ်လို့ရှိရင် သူတို့ရဲ့အမူအရာ–စသည်ကို နှစ်သက်မှု, မသိနားမလည်မှုကြောင့်သာ ဆည်းကပ်ကြတဲ့အတွက် အဲဒီပေါင်းသင်းဆည်းကပ်သူမှာ လောဘမူစိတ် ၈–ပါး, မောဟမူစိတ် ၂–ပါးနှင့် စေတသိက် ၂၃–ပါးဆိုတဲ့ အကုသိုလ်တရားစုတွေ ဖြစ်ပေါ်လာတတ်ပါတယ်။

လူလိမ္မာ–ပညာရှိကို ပေါင်းသင်းဆည်းကပ်တယ်ဆိုရင်ပဲ အဲဒီပေါင်းသင်းဆည်းကပ်သူမှာ မဟာကုသိုလ်စိတ် ၈–ပါး, ဝိရတိ အပွမညာကြဉ်သော စေတသိက် ၃၃–ပါးဆိုတဲ့ ကုသိုလ်တရားစုတွေ ဖြစ်ပေါ်လာရပါတော့တယ်။

မြန်အနှေးသာ ကူးစက်ပါ

လူမိုက်တွေရဲ့ လမ်းစဉ်က အဆင်းလမ်းစဉ် ဖြစ်ပါတယ်၊ ကျောက်တုံးကြီးတစ်တုံးကို အမြင့်ကနေပြီး အနိမ့်ကို လိမ့်ချလိုက်တာနဲ့ တူပါတယ်၊ ဒါ့ကြောင့် လူမိုက်ရဲ့အမူအကျင့်က အလွန်အကူးအစက် မြန်ပါတယ်။

လူလိမ္မာ–ပညာရှိတွေရဲ့ လမ်းစဉ်က အတက်လမ်းစဉ် ဖြစ်ပါတယ်၊ ကျောက်တုံးကြီးတစ်တုံးကို အနိမ့်ကနေပြီး အမြင့်ကို လှိမ့်တင်ရတာနဲ့ တူပါတယ်၊ ဒါ့ကြောင့် ပညာရှိတွေနှင့် ပေါင်းသင်းရပေမယ့် ပညာရှိတွေရဲ့ အမူအကျင့်က အကူးအစက် နှေးတတ်ပါတယ်။

ပြောလာခဲ့တဲ့အတိုင်း အဆင်းလမ်းစဉ်ဖြစ်တဲ့ လူဆိုးလူမိုက်တွေနှင့် ပူးပေါင်းသွေးစည်းရန်, လူမိုက်ရဲ့အမူအကျင့် ကူးစက်ရန် လွယ်ကူလှပေမယ့် အတက်လမ်းစဉ်ဖြစ်တဲ့ လူလိမ္မာ–ပညာရှိတွေနှင့် ပူးပေါင်းသွေးစည်းရန်, လူလိမ္မာ–ပညာရှိရဲ့အမူအကျင့် ကူးစက်ရန်ကား ခဲယဉ်းလှပါတယ်။

လူဆိုးလူမိုက်တွေကို ပေါင်းသင်းဆည်းကပ်သူများဟာ ရာနှုန်းပြည့် လူဆိုးလူမိုက်ရဲ့အမူအကျင့် ကူးစက်ပြီး လူဆိုးလူမိုက်ဖြစ်ရန်မှာ သေချာလှသလို လူလိမ္မာ–ပညာရှိတွေကို ပေါင်းသင်းဆည်းကပ်ရသူတွေက ၅၀–ရာခိုင်နှုန်းမျှ လူလိမ္မာ–ပညာရှိဖြစ်ရန်မှာ မလွယ်လှပါ။

http://www.dhammadownload.com

လူမိုက်နှင့် ပေါင်းသင်းသူများမှာ လူမိုက်ထံက မကောင်းတဲ့ အကြံအစည်များကို ရလာတတ်ပါတယ်၊ အဲဒီ မကောင်းတဲ့ အကြံအစည်တွေကြောင့်ပဲ မကောင်းတဲ့ အပြောအဆိုတွေ, မကောင်းတဲ့ အပြုအမူတွေလဲ ဖြစ်ပေါ်လာတတ်ပါတယ်၊ သို့ဖြစ်သည်အား‌လျော်စွာ အရာရာမှာ အမှားမှား အယွင်းယွင်းတွေ ဖြစ်လာပြီး အပါယ်လမ်းကြောင်း မကောင်းတဲ့ အကုသလကမ္မပထတရားတွေသာ တိုးပွားလာရပါတယ်။

လူလိမ္မာ–ပညာရှိနှင့် ပေါင်းသင်းဆက်ဆံသူများမှာတော့ လူလိမ္မာ–ပညာရှိထံက ကောင်းတဲ့အကြံအစည်များ ရလာတတ်ပါတယ်၊ အဲဒီကောင်းတဲ့အကြံအစည်တွေကြောင့်ပဲ ကောင်းတဲ့အပြောအဆိုတွေ, ကောင်းတဲ့အမူအရာတွေလဲ ဖြစ်ပေါ်လာရပါတယ်၊ သို့ဖြစ်၍ အရာရာမှာ ယဉ်ကျေးသိမ်မွေ့လာပြီး သုဂတိလမ်းကြောင်း ကောင်းတဲ့ ကုသလကမ္မပထတရားတွေကသာ တိုးပွားလာရပါတော့တယ်။

ပေါင်းပင်, မြက်ပင်တွေဆိုတာဟာ မည်သူမျှ မစိုက်ပျိုး မပြုပြင်ဘဲ နိုးစပ်ရာမှာ အမြစ်တွယ်ကာ အပင်ပေါက်လာရသလို အမိုက်မှိုးစေ့, အမိုက်ဓာတ်ဆိုတာဟာလဲပဲ နိုးစပ်ရာ ပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ လျင်မြန်စွာ ကူးစက် အမြစ်တွယ်ပြီး ကြီးပွားစည်ပင်နိုင်တဲ့အတွက် ကြောက်စရာ, လန့်စရာ ဝေးစွာရှောင်ကြဉ်သင့်တဲ့ ဓာတ်တစ်မျိုးဖြစ်ပါတယ်။

မျိုးကောင်းမျိုးသန့် အဖိုးတန်အပင်တွေကတော့ ဂရုတစိုက် ပြုပြင်စိုက်ပျိုးမှသာ မျိုးပွားနိုင်သလို လူလိမ္မာ–ပညာရှိတွေရဲ့အလိမ္မာမျိုးစေ့, အလိမ္မာဓာတ်ဆိုတာကတော့ ဂရုတစိုက် လေးလေးစားစား လိုလိုချင်ချင် ပေါင်းသင်းဆက်ဆံ မှီခိုဆည်းကပ်သူတွေရဲ့ သန္တာန်မှာသာ ရှင်သန်ပေါက်ပွား ကြီးထွားစည်ပင်နိုင်တဲ့ နှစ်သက်စရာ ဓာတ်တစ်မျိုးဖြစ်ပါတယ်။

ကိုယ်ပေါင်းစိတ်စွာ ပေါင်းသင်းပါ

လူမိုက်နှင့် အပေါင်းအသင်း မလုပ်ရ၊ လူမိုက်ကိုရှောင်ကြဉ်ရမယ်–ဆိုစေကာမူ လူမိုက်တွေဆိုတာဟာ အကျိုးကို မရှုဘဲ အပြစ်ကိုသာ ရှုတတ်တဲ့လူမျိုး ဖြစ်နေတဲ့အတွက် အပေါင်းအသင်း မလုပ်ဘဲ ကြဉ်ဖယ်ထားလို့ရှိရင် သူကို အဖက်မလုပ်ရကောင်းလားဆိုပြီး ရန်လုပ်လာတတ်ပါတယ်၊ သို့ဖြစ်သည်အား‌လျော်စွာ မိမိကျေးဇူးရှိမယ့် အရာမျိုးမှာပဲဖြစ်ဖြစ်, မလွဲမရှောင်သာတဲ့ ကိစ္စမျိုးမှာပဲဖြစ်ဖြစ် ပေါင်းသင်းဆက်ဆံရပါရင် "သူ့သဘောကို လိုက်လျောညီထွေ ကျင့်တတ်စေ"ဆိုတဲ့ ရှေးလူကြီးသူမတွေရဲ့ ဩဝါဒနှင့် လျော်ညီစွာ အရာရာမှာ သူ့သဘောကို ချင့်ချိန်တိုင်းထွာပြီး ကိုယ်ပေါင်းစိတ်ခွာ သဘောမျိုးနဲ့သာ ပေါင်းသင့်ပါတယ်၊ လိုက်လိုက်လျောလျော အရောတဝင် ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ ဘယ်အခါမှ မပေါင်းသင့်ပါ။

http://www.dhammadownload.com

ဒါ့အပြင် မိမိကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပြီး လူမိုက်တွေရဲ့ အမူအကျင့် မကူးစက်အောင် ရှောင်တိမ်းနိုင်တဲ့ ပညာရှင်တွေကတော့ မကောင်းတဲ့သူတွေကို လမ်းမှားက ကယ်ဆယ်မယ်–ဆိုတဲ့ သဘောနဲ့ ရောနှောပေါင်းသင်းသင့်ပါတယ်၊ ဒါပေမယ့် လူမိုက်တွေကို ပြုပြင်လိုသူက လူမိုက်ရဲ့ မကောင်းတဲ့ အရိုန်အဝါ ဩဇာသက် ရောက်မှုမှ ကင်းလွတ်အောင် သတိကြီးစွာထားပြီး အမြဲရှောင်ကြဉ်သင့်ပါတယ်။

လူမိုက်ရဲ့အရိုန်အဝါ ဩဇာအာဏာက မိမိအပေါ်မှာ မသက်ရောက်မလွှမ်းမိုးနိုင်ဘဲ မိမိရဲ့ အရိုန်အဝါ ဩဇာအာဏာက လူမိုက်အပေါ်မှာ သက်ရောက်နိုင်, လွှမ်းမိုးနိုင်မှသာ လူမိုက်နှင့် ပေါင်းဖော်သင့်ပါတယ်၊ မိမိကိုယ်ကို စိတ်မချရတဲ့ သူများကတော့ လူမိုက်ကို ဝေးစွာရှောင်ကြဉ်သင့်ပါတယ်။

လူမိုက်ပေါင်းဖက် မိုက်ကူးစက် ၁

လူမိုက်ပေါင်းက, မကြာလှ, ဖြစ်ရလူမိုက်သာ၊
ငါးပိထုပ်ဖက်, နံ့အသက်, ကူးစက်ပုံပမာ။

မိုး ၄–လအဆုံး တစ်ခုသော တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်ပါတယ်၊ ဖိုးလမင်းက တပြောင်ပြောင် တဝင်းဝင်း ထွန်းလင်းတောက်ပနေပါတယ်၊ မြို့ထဲမှာလဲ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပနေကြပါတယ်။

မိထိလာပြည်ရှင် ဘုရင်အင်္ဂတိမင်းက ဒီနေ့ ဘာလုပ်ရရင်ကောင်းမလဲ–ဆိုတာကို အမတ်တွေနှင့်တိုင်ပင်နေပါတယ်၊ သူတစ်မျိုး ငါတစ်ဖုံ–ဆိုသလို အမျိုးမျိုးပြောဆိုကြပြီးတဲ့အဆုံးမှာ ပညာဗဟုသုတပြည့်ဝတဲ့ ရဟန်းပညာရှိကို ဆည်းကပ်ရန်အဆိုကို အင်္ဂတိမင်းက သဘောတူလက်ခံပါတယ်၊ အလာတစစ်သူကြီးက ဂုဏ–ဆိုတဲ့ တက္ကတွန်းကို ဆည်းကပ်ရန် အကြံပေးပါတယ်။

အင်္ဂတိမင်းက အလာတစစ်သူကြီးရဲ့ အကြံပေးချက်ကို လိုက်နာပြီး ဂုဏ–ဆိုတဲ့ တက္ကတွန်းကို ဆည်းကပ်ပါတယ်၊ ပြဿနာလဲ မေးပါတယ်၊ ဒါပေမယ့် ဂုဏ–တက္ကတွန်းက အင်္ဂတိမင်းရဲ့ပြဿနာကို မဖြေဘဲ မိမိရဲ့ သံသာရသုဒ္ဓိမိစ္ဆာအယူကိုသာ ဟောပြောပြသပါတယ်။

"မဟာရာဇာ ! ကုသိုလ်အကုသိုလ်ရဲ့အကျိုး–ဆိုတာ မရှိပါဘူး၊ အမေလဲ မရှိ၊ အဖေလဲ မရှိ၊ ဆရာသမား–ဆိုတာကလဲ မရှိ၊ လူတွေ–ဆိုတာဟာ အကုန်လုံး တန်းတူညီမျှသာ ဖြစ်ကြပါတယ်၊ ကမ္ဘာကြီး ၈၄–ကမ္ဘာပြည့်တဲ့နေ့မှာ

၁။ ဇာတ်–၄–၇၊ ၁၀၅။

http://www.dhammadownload.com

အကုန်လုံး စင်ကြယ်ကြရမှာပါ၊ အလူပေးတယ်ဆိုတာဟာ လူမိုက်ရဲ့အလုပ်သာ ဖြစ်ပါတယ်၊ လူမိုက်တွေက ပေးလူတာကို လူလိမ္မာတွေက ခံယူစားသောက် နေကြပါတယ်"။

ဂုဏ-တက္ကတွန်းရဲ့ စကားအဆုံးမှာ အလာတစစ်သူကြီးက ထောက်ခံပြောဆို ပါတယ်။

"အကျွန်ုပ်ဟာ ရှေးဘဝက ဗာရာဏသီမြို့မှာ ပိဂ်လ-ဆိုတဲ့ နွားသတ် သမား ဖြစ်ခဲ့ပါတယ်၊ နွားတွေ, ကျွဲတွေ, ဝက်တွေ, ဆိတ်တွေကို အများကြီးပဲ သတ်လာခဲ့ပါတယ်၊ အဲဒီနွားသတ်သမားဘဝက စုတ်လို့ အခုချမ်းသာကြွယ် ဝတဲ့ စစ်သူကြီးမျိုးမှာ ဖြစ်လာရပါတယ်၊ ဒါကိုထောက်တော့ အကုသိုလ်ကံရဲ့ အကျိုး မရှိဘူး-ဆိုတာဟာ မှန်ပါတယ်"။

အလာတစစ်သူကြီးရဲ့ စကားအဆုံးမှာ ဗိဇက-ဆိုတဲ့ ကျွန်က ငိုယိုပြီး ပြောဆို ပြန်တယ်။

"ကျုပ်ဟာ ရှေးဘဝက သာကေတမြို့မှာ ဘာဝ-ဆိုတဲ့ သူဌေးကြီး ဖြစ်ခဲ့ပါတယ်၊ ဒါန, သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေကိုသာ ပြုလုပ် လာခဲ့ပါတယ်၊ မကောင်းမှုအကုသိုလ်ကို မပြုလုပ်ခဲ့ပါ၊ အဲဒီသူဌေးဘဝက စုတ်တဲ့အခါ ဒီမိထိလာမြို့မှာ အင်မတန်ဆင်းရဲတဲ့ အိုးထိန်းကျွန်မရဲ့သား ဗိဇက-ဖြစ်လာရပါတယ်၊ ဒါကိုထောက်တော့ ကုသိုလ်ကံရဲ့အကျိုး မရှိဘူး-ဆိုတာဟာ မှန်ပါတယ်"။

မီးလောင်ရာလေပင့်-ဆိုသလို ဇာတိဿရအသိဉာဏ်(ရှေးဘဝကို အမှတ်ရနိုင်တဲ့ အသိဉာဏ်မျိုး)ကို ရထားကြတဲ့ လူဝင်စားဖြစ်သူ အလာတနှင့် ဗိဇကတို့ရဲ့ စကားကို ကြားရတဲ့အခါ အင်္ဂတိမင်းက ဂုဏ-တက္ကတွန်းရဲ့ အယူကို သိပ်သဘောကျသွား ပါတယ်။

"ဘုန်းဘုန်းဘုရား ! တကယ်ပဲ အလာတစစ်သူကြီးက နွားသတ်တဲ့ အကုသိုလ်ကံကြောင့် ချမ်းသာကြွယ်ဝတဲ့ စစ်သူကြီးမျိုးမှာ ဖြစ်လာရတယ်-ဆိုတာဟာ မှန်ပါသလား ?၊ ဗိဇကကျွန်ကလဲ ဒါန, သီလကုသိုလ်ကံကြောင့် ဆင်းရဲမွဲပြာတဲ့ အိုးထိန်းကျွန်မရဲ့သား ဖြစ်လာရတယ်-ဆိုတာ ဟုတ်နိုင်ပါ့ မလား ?"။

ဆရာတော် ဦးဓမ္မိကက ရေသောက်ရင်း အနည်းငယ် ရပ်နားနေချိန်မှာ မနီနီစိုးက လျှောက်ထားပါတယ်။

http://www.dhammadownload.com

"ဒါကတော့ ဘယ်ဟုတ်နိုင်ပါ့မလဲ၊ ကဿပဘုရားရှင်ရဲ့ စေတီတော်မှာ ပန်းပူဇော်ဖူးတဲ့ ကုသိုလ်ကံက အခွင့်ရလို့ အကျိုးပေးတဲ့အတွက် ချမ်းသာကြွယ်ဝတဲ့ စစ်သူကြီးမျိုးမှာ ဖြစ်လာရတယ်၊ နွားသတ်သမားရဲ့ အကုသိုလ်ကံတွေက နောင်အခါ အကျိုးပေးရန် မီးခဲပြာဖုံး သဘောနဲ့ ရှိနေတယ်ဆိုတာကိုတော့ အလာတာ ဘယ်သိနိုင်ပါ့မလဲ။

ဒါ့အပြင်= ကဿပဘုရားရှင်ရဲ့တပည့် ရဟန်းတစ်ပါးကို 'ကျွန်မသားလား ?'လို့ ပြောဆိုပြစ်မှားဖူးတဲ့ အကုသိုလ်ဝစီကံက အခွင့်ရလို့ အကျိုးပေးလာတဲ့အတွက် ဆင်းရဲမွဲပြာတဲ့ အိုးထိန်းကျွန်မရဲ့သား ဖြစ်လာရတယ်၊ ဘာဝသူဌေးရဲ့ ကုသိုလ်ကံတွေက မြေမှာမြှုပ်ထား ရွှေအိုးလားသို့ နောင်အကျိုးပေးခွင့်ကို စောင့်နေတယ်–ဆိုတာကို ဗီဇကက မသိဘူးပေါ့။

ဒီလို မရှင်းမလင်း ဖြစ်နေတာမျိုးကို မည်သူမဆို လျှောက်ထားနိုင်ပါတယ်၊ အခုလျှောက်ထားတာ သိပ်ကောင်းပါတယ်၊ ကျေနပ်ကြပြီးလား ?၊ ကျေနပ်ရင် ဝတ္ထုကြောင်းကို ဆက်ကြစို့ရဲ့"။

"ဆက်တော်မူပါဘုရား"။

ဂုဏ–တက္ကတွန်းရဲ့အယူကို သဘောကျလှတဲ့အတွက် အင်္ဂတိမင်းက ဂုဏ–တက္ကတွန်းကိုပင် ဝပ်မချတော့ဘဲ နန်းတော်ကို ခပ်မြန်မြန် ပြန်လာခဲ့ပါတယ်၊ နန်းတော်ကို ရောက်တဲ့အခါ တရားစီရင်ရေးကို အမတ်တွေအား လွှဲအပ်ထားလိုက်ပါတယ်၊ မြို့တံခါး ၄–မျက်နှာမှာရှိနေတဲ့ အလှူဇရပ် ၄–ဆောင်ကိုလဲ အဖျက်ခိုင်းလိုက်ပါတယ်၊ သူကိုယ်တိုင်ကတော့ ကာမဂုဏ်တွေကို ခံစားလို့သာ နေပါတော့တယ်။

အလိုရှိပါက လင်ရှိမိန်းမကိုရော, အုပ်ထိန်းသူရှိနေတဲ့ သမီးပျိုတွေကိုရော ရှောင်ကြဉ်မှု မပြုတော့ပါ၊ အနိုင်အထက် သိမ်းယူနေပါတယ်၊ ဒါနဲ့ တစ်မြို့လုံး အုပ်အုပ်ကျက်ကျက် ဖြစ်နေပါတော့တယ်။

အင်္ဂတိမင်းရဲ့သမီးတော် ရုစာမင်းသမီးက ဒီအကြောင်းကို အထိန်းတော်ထံမှ တစ်ဆင့်ကြားသိရပါတယ်၊ ဒါပေမယ့် ကြိုတင်သွားက အကြောင်းထူးမှာကို မမြင်တဲ့အတွက် အချိန်ရောက်အောင် စောင့်ဆိုင်းနေလိုက်ပါတယ်၊ ယခင်လခွဲတစ်ကြိမ် သွားနေကျအတိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၁၄–ရက် အဖိတ်နေ့ရောက်မှ အခစားဝင်ပါတယ်။

http://www.dhammadownload.com

ခမည်းတော်မင်းကြီးနှင့် စကားအစ့အစပ် ပြောဆိုပြီးတဲ့အချိန်မှာ "နက်ဖန်ခါ ဥပုသ်နေ့ဖြစ်ပါတယ်၊ သမီးတော်အား ပေးနေကျဥစ္စာတစ်ထောင်ကို ပေးသနားတော်မူပါ၊ ဥပုသ်စောင့်ရင်း ပေးလှူစွန့်ကြဲပါရစေ"လို့ ပြောလိုက်ပါတယ်။

သမီးတော်ရဲ့ စကားကို ကြားရတဲ့အခါ အင်္ဂတိမင်းက မိမိရဲ့အယူအဆကို ပြောပြပါတယ်။

"သမီးတော်က ကာမဂုဏ်တွေကို ခံစားလို့သာ ပျော်ပျော်ပါးပါး နေစမ်းပါ၊ ထမင်းအငတ်ခံပြီး ဥပုသ်စောင့်မနေပါနဲ့၊ လူမိုက်ရဲ့အလုပ်ဖြစ်တဲ့ အလှူကိုလဲ မပေးလှူပါနဲ့၊ ဒါတွေဟာ ကိုယ်ပင်ပန်းရုံ, ဥစ္စာကုန်ရုံမျှသာ ဖြစ်တယ်၊ ဘာမှ အကျိုးမရှိဘူး–ဆိုတာကို ငါက အရှင်ဂုဏထံမှ ကြားနာလာခဲ့ရပါတယ်"။

အဖေဖြစ်သူရဲ့စကားကို ကြားရတဲ့အခါ ရုစာမင်းသမီးက အမျိုးမျိုးအဖုံဖုံ ကြောင်းကျိုးပြကာ ပြောပြပါတယ်၊ ဒါပေမယ့် မရတော့ပါ၊ မိစ္ဆာအယူက ခိုင်မြဲနေကြောင်းကို သိရတဲ့အခါ လူမိုက်ကို ပေါင်းသင်းခြင်းရဲ့ အပြစ်နှင့် ပညာရှိကို ပေါင်းသင်းရခြင်းရဲ့ အကျိုးကို ဆက်လက်ပြောပြပြန်တယ်။

"သူတော်ကောင်းကိုပဲဖြစ်ဖြစ်, လူမိုက်ကိုပဲဖြစ်ဖြစ်, သီလရှိသူကိုပဲဖြစ်ဖြစ်, သီလမရှိသူကိုပဲဖြစ်ဖြစ် ပေါင်းသင်းဆည်းကပ်သူဟာ အဲဒီလူတွေရဲ့ အလိုသို့သာ လိုက်ပါရတတ်ပါတယ်။

လူတွေဟာ မိမိပေါင်းသင်းတဲ့ မိတ်ဆွေရဲ့ အမူအကျင့်နှင့် မိုခိုဆည်းကပ်တဲ့ ပုဂ္ဂိုလ်ရဲ့ အမူအကျင့်အတိုင်းပဲ ဖြစ်တတ်ပါတယ်၊ တကယ်ပဲ အတူပေါင်းသင်း နေထိုင်ခြင်းဟာ ပေါင်းသင်းရတဲ့သူရဲ့အကျင့်အတိုင်းပဲ ဖြစ်တတ်ပါတယ်၊ ဓာတ်ကူးစက်တတ်ပါတယ်။

မကောင်းသောအကျင့်ရှိတဲ့ လူယုတ်နှင့် ပေါင်းသင်းခဲ့ပါရင် လူယုတ်ရဲ့အကျင့်က ပေါင်းဖော်သူကို ကူးစက်တတ်ပါတယ်၊ မြားကျည်တောက်ကို ဆိပ်လူးမြားရဲ့ အဆိပ်က ကူးစက်သလိုပဲပေါ့၊ ပညာရှိဟာ မကောင်းမှု ကူးစက်မှာကို ကြောက်တဲ့အတွက် မကောင်းတဲ့ အဆွေခင်ပွန်းမျိုးကို မပေါင်းသင့်ပါ။

ငါး–ငါးပိကောင်ကို သမန်းမြက်နဲ့ ရစ်ပတ်ဖွဲ့ထုပ်ရင် သမန်းမြက်တွေလဲ အပုပ်နံ့နံလာပါတယ်၊ အလားတူပဲ လူမိုက်နှင့်ပေါင်းသူလဲ လူမိုက်သာ ဖြစ်လာတတ်ပါတယ်။

တောင်ဇလပ်ပန်းကို ပေါက်ဖက်နဲ့ထုပ်ရင် ပေါက်ဖက်လဲ သင်းပျံ့မွှေးကြိုင်လာပါတယ်၊ အလားတူပဲ ပညာရှိနှင့်ပေါင်းသူလဲ ပညာရှိသာ ဖြစ်လာတတ်ပါတယ်။

http://www.dhammadownload.com

ဒါ့ကြောင့် ပေါက်ဖက်အလား မိမိရဲ့ ပညာရှိဖြစ်နိုင်ပုံကို သိနားလည်ပြီး လူမိုက်ကို ရှောင်ခွာလို့ ပညာရှိကိုသာ ပေါင်းသင်းမှီဝဲရမယ်၊ သူတော်မဟုတ် သူယုတ်မာတွေက ငရဲကို ပို့ဆောင်တတ်ကြပါတယ်၊ သူတော်ကောင်းတွေက သုဂတိဘုံဘဝကို ပို့ဆောင်တတ်ကြပါတယ်"။

သမီးတော်က ဘယ်လိုပင်ပြောပြော အကြောင်းမထူးလှတော့ပါ၊ ဂုဏ–တက္ကတွန်းရဲ့ အောက်လမ်းသွားတရားက လိုက်နာပြုကျင့်ရ သိပ်လွယ်ကူနေတယ်မဟုတ်ပါလား ?။

ရုစာမင်းသမီးက ရလိုရငြား မိမိရဲ့ အတိတ် ၇–ဘဝ, အနာဂတ် ၇–ဘဝ တို့ကိုလဲ ဖော်ပြပြောဆိုပါတယ်၊ မရတဲ့အဆုံးမှာ သူ့အဖေရဲ့မိစ္ဆာအယူကို ဖြေရှင်းပေးပါရန် သစ္စာဓိဋ္ဌာန်ပြုလိုက်ပါတယ်။

သစ္စာဓိဋ္ဌာန်ပြုလုပ်တဲ့ အဆုံးမှာပဲ နာရဒဗြဟ္မာက သက်ဆင်းလာပြီး ကူညီဆုံးမမှ အင်္ဂတိမင်းရဲ့ မိစ္ဆာအယူ ကင်းပျောက်သွားရပါတယ်။

ဒီဝတ္ထုမှာပါတဲ့ ဥရဗေလကဿပအလောင်းဖြစ်တဲ့ အင်္ဂတိမင်းဟာ ရှေးအရင်က အလှူဒါနမှာ မွေ့လျော်ပြီး တရားနှင့်အညီ မင်းပြုနေသူ ဖြစ်ပါတယ်၊ အစေလက ကဿပအလောင်းဖြစ်တဲ့ ဂုဏ–တက္ကတွန်းကို ခေတ္တခဏ ဆည်းကပ်ရုံမျှနဲ့ မိစ္ဆာအယူ ကူးစက်ပြီး လုံးလုံးလျားလျား လူမိုက်ဖြစ်သွားရပါတယ်၊ ရှင်အာနန္ဒာအလောင်း သူတော်ကောင်းမ–ဖြစ်တဲ့ သမီးတော်ရုစာမင်းသမီးက ကြောင်းကျိုးပြကာ ပြောပြပေမယ့် မရတော့ပါ၊ ဘုရားအလောင်းတော် နာရဒဗြဟ္မာ သက်ဆင်းဆုံးမမှသာ ရလာပါတော့တယ်၊ အဆင်းလမ်းစဉ်နှင့် အတက်လမ်းစဉ်တို့ရဲ့ အကူးအစက် မြန်ပုံ, နှေးပုံကိုလဲ ဒီဝတ္ထုကပဲ ဖော်ညွှန်းပြီး ဖြစ်နေပါတယ်။

ဒါ့ကြောင့် မိမိရဲ့ ကြီးပွားချမ်းသာရေးအောင်ပန်းကို ဆွတ်လှမ်းပန်ဆင်လိုသူတွေက အဆိပ်ပြင်းထန်တဲ့ မြွေပွေးမြွေဟောက်အလား လူမိုက်များကို အဝေးက ရှောင်ကြဉ်ကြရမယ်၊ လူတိုင်းလူတိုင်းက ရှောင်ကြဉ်နိုင်ကြပါစေသောဝ်။

မိတ်ကောင်းရှိလျက် လိုဆိုးဖျက် ၁

မကောင်းသည့်သူ, ပေါင်းဖက်မူ, ပူလို့မဆုံးပါ၊
မိတ်ကောင်းခဏ, ပေါင်းသင်းရ, စိတ်ကချမ်းသာ ရရှိပါ။

အဆင်းလမ်းစဉ်က အလုပ်ရ–လွယ်ကူပုံကိုပဲ ဆက်လက်ပြောပြပါဦးမယ်၊ အချို့ပုဂ္ဂိုလ်က မိတ်ဆွေကောင်းနှင့် ပေါင်းရပေမယ့် မိတ်ဆွေကောင်းရဲ့ စကားကို

၁။ ဇာတ်–၄–၅၊ ၂၇၈။

http://www.dhammadownload.com

မနာခံဘဲ ထင်ရာကို ပြုလုပ်တတ်ပါတယ်၊ ဒါနဲ့ နောင်ဒုက္ခရောက်လာမှ မိတ်ဆွေကောင်းကို ပြန်လည်သတိရလာတတ်ပါတယ်။

နောင်အစောတသတ်မင်း ဖြစ်လာမယ့် ပုဂ္ဂိုလ်က ဗာရာဏသီမြို့မှာ ဗြဟ္မဒတ်မင်းသား ဖြစ်နေပါတယ်၊ ဘုရားလောင်းက ပုရောဟိတ်ပုဏ္ဏားရဲ့သား သံကိစ္စလုလင် ဖြစ်နေပါတယ်၊ သူတို့ ၂-ယောက်ဟာ အင်မတန် ခင်မင်တဲ့ သူငယ်ချင်းမိတ်ဆွေ ဖြစ်နေကြပါတယ်၊ နန်းတော်တွင်းမှာပဲ ကြီးပြင်းလာကြပါတယ်၊ အရွယ်ရောက်တဲ့အခါ ၂-ဦးစလုံး တက္ကသိုလ်ကို သွားပြီး ပညာသင်ကြပါတယ်၊ ပညာတတ်လို့ ပြန်လာတဲ့အခါ ဗြဟ္မဒတ်မင်းကြီးက သားတော်အား အိမ်ရှေ့မင်းရာထူးကို ပေးပါတယ်၊ ဘုရားလောင်းကလဲ အိမ်ရှေ့မင်းနှင့်ပဲ အတူနေပါတယ်။

တစ်နေ့မှာ အိမ်ရှေ့မင်းက ဥယျာဉ်ကစားထွက်နေတဲ့ အဖေရဲ့ မင်းစည်းစိမ်ကို တွေ့ရတော့ လိုချင်မက်မောလာပါတယ်၊ ဒီတော့ "ငါ့အဖေက ငါ့အစ်ကိုအရွယ်လောက်ပဲ ရှိသေးတယ်၊ အဖေသေသွားလို့ အိုမင်းမစွမ်းတဲ့ အရွယ်ကိုရောက်မှ မင်းဖြစ်ရလို့ ဘာအကျိုးရှိတော့မလဲ၊ အဖေကိုသတ်ပြီး မင်းအဖြစ်ကို ယူရတော့မယ်" ဆိုတဲ့ အကြောင်းကို ဘုရားလောင်းအား ပြောဆိုတိုင်ပင်ပါတယ်။

ဘုရားအလောင်းက "အဖေကိုသတ်တဲ့ကံဟာ အင်မတန် ကြီးလေးလှပါတယ်၊ အပါယ်ကိုသွားရမယ့်အကြောင်း ဖြစ်တယ်၊ ဒါ့ကြောင့် အဖေကိုသတ်လို့ မင်းမလုပ်ချင်စမ်းပါနဲ့" လို့ ပြောဆိုတားမြစ်ပါတယ်၊ အိမ်ရှေ့မင်းက အဖန်ဖန်ပြောပါတယ်၊ ဘုရားလောင်းက ၃-ကြိမ်တိုင်အောင် တားမြစ်ပါတယ်။

ဘုရားလောင်းရဲ့ ဆန္ဒကို မရတဲ့အခါ အိမ်ရှေ့မင်းက အနားမှာ ခစားနေသူတွေနှင့် တိုင်ပင်ပြီး ဗြဟ္မဒတ်မင်းရဲ့ သေကြောင်းကို ကြံစည်ပါတယ်၊ ဒီအကြောင်းကို သိရတော့ ဘုရားလောင်းက မိမိရဲ့ အဖေအမေတွေကိုပင် မပန်ပြောတော့ဘဲ ဟိမဝန္တာကို ထွက်လာခဲ့ပါတယ်၊ ရသေ့လုပ်ပြီး ဈာန်အဘိညာဉ်တွေကိုရအောင် အားထုတ်ထားပါတယ်၊ ဘုရားလောင်းထွက်သွားတယ်ဆိုရင်ပဲ အိမ်ရှေ့မင်းက လူမိုက်တွေနှင့်ပေါင်းပြီး အဖေကိုသတ်လို့ မင်းလုပ်နေပါတော့တယ်။

သံကိစ္စအမျိုးသား ရသေ့လုပ်နေကြောင်းကို ကြားသိရတဲ့အခါ အမျိုးသားအများအပြားတို့က သံကိစ္စရသေ့နောက် လိုက်ပါကြပြီး ရသေ့လုပ်နေကြပါတယ်၊ သံကိစ္စရသေ့က ရသေ့အများအပြား ခြံရံကာ ဟိမဝန္တာမှာပဲ နေပါတယ်၊ ရသေ့အကုန်လုံးပဲ ဈာန်အဘိညာဉ်ကို ရသူတွေချည်းသာ ဖြစ်ကြပါတယ်။

http://www.dhammadownload.com

ဗြဟ္မဒတ်မင်းက အဖေကိုသတ်ပြီး ရက်အနည်းငယ်မျှသာ မင်းစည်းစိမ်ကို ခံစားနိုင်ပါတယ်၊ နောက်ပိုင်းမှာ ကြောက်ကြောက်လန့်လန့်နဲ့ စိတ်ချမ်းသာမှုကို မရဘဲ ငရဲမှာ ညှဉ်းဆဲခံနေရသလို ဖြစ်နေပါတော့တယ်၊ ဘုရားလောင်းကို သတိရပြီး နန်းတော်တွင်းမှာရော, မင်းပွဲသဘင်မှာရော ဘုရားလောင်းရဲ့ ဂုဏ်ကျေးဇူးကိုသာ ပြောဆိုနေပါတော့တယ်။

ဒီအကြောင်းကို သိရတော့ ဘုရားလောင်းသံကိစ္စရသေ့က နှစ်ပေါင်း–၅၀ ဟိမဝန္တာမှာ နေပြီးမှ ရသေ့ ၅၀၀–နှင့်အတူ ကောင်းကင်ခရီးနဲ့ ကြွလာခဲ့ပါတယ်၊ ဒါယပဿ–ဆိုတဲ့ မင်းဥယျာဉ်မှာ သက်ဆင်းပြီး မင်္ဂလာကျောက်ဖျာပေါ်မှာ ထိုင်နေပါတယ်။

ဥယျာဉ်စောင့်က သံကိစ္စရှင်ရသေ့ ဥယျာဉ်မှာရောက်နေကြောင်းကို ဗြဟ္မဒတ်မင်းအား သွားရောက်လျှောက်ထားပါတယ်၊ ဗြဟ္မဒတ်မင်းက လိုက်ပါလာပြီး ဥယျာဉ်တံခါးဝကို ရောက်တယ်–ဆိုရင်ပဲ "ရသေ့ရဟန်းတွေ–ဆိုတာဟာ အလေးဂရပြုထိုက်တဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်၊ သံကိစ္စရှင်ရသေ့ထံသို့ မြင့်မောက်တက်ကြွတဲ့ အသွင်နဲ့ မသွားသင့်ဘူး"လို့ စဉ်းစားပြီး ပတ္တမြားစီ ရွှေရိုးတပ်ထားတဲ့ စမရီသားမြီးယပ်, ရွှေနဲ့လုပ်ထားတဲ့ သင်းကျစ်ပြား, လှပသောအိမ်ရှိတဲ့ မင်္ဂလာသံလျက်, ထီးဖြူ, ရွှေခြေနင်း–ဆိုတဲ့ မင်းမြောက်တန်ဆာ ၅–ပါးတို့ကို ဘဏ္ဍာစိုးလက်မှာ အပ်ထားခဲ့ပြီးမှ သံကိစ္စရှင်ရသေ့ထံကို သွားပါတယ်၊ လုပ်သင့်လုပ်ထိုက်တဲ့ ပူဇော်မှုကို ပြုလုပ်ပြီး ပြဿနာမေးပါတယ်။

"အရှင်ရသေ့ ! ကုသလကမ္မပထတရား ၁၀–ပါးကို ကျော်လွန်လို့ ကျင့်တဲ့ သူတွေဟာ တမလွန်ဘဝမှာ ဘယ်ဂတိကို ရောက်ကြရပါသလဲ ?၊ အကျွန်ုပ်က ကုသလကမ္မပထတရား ၁၀–ပါးကို ကျော်လွန်လို့ ကျင့်မိခဲ့ပါတယ်၊ အရှင်ရသေ့က အကျွန်ုပ်အား မိန့်ကြားတော်မူပါ"။

[အကျွန်ုပ်ဟာ ပိတုဃာတက(အဘကိုသတ်တဲ့)ကံကို လုပ်မိခဲ့ပါတယ်၊ အဘကိုသတ်တဲ့ ပုဂ္ဂိုလ်တွေ အဘယ်ငရဲမှာ ဖြစ်ကြရပါသလဲ ?–လို့ ဆိုလိုပါတယ်။]

"မဟာရာဇာ ! ခိုးသူရှိတဲ့လမ်းကို သွားနေသူက ခိုးသူမရှိတဲ့လမ်းကို ပြောကြားသူရဲ့ စကားကိုသာ လိုက်နာခဲ့ပါရင် အဲဒီလိုက်နာသူရဲ့ မျက်နှာကို ခိုးသူက မြင်ရစရာပင် မရှိပါ။

ဒုစရိုက်တရားကို ပြုကျင့်နေတဲ့ ပုဂ္ဂိုလ်က သုစရိုက်တရားနဲ့ ဆုံးမသူရဲ့ စကားကို လိုက်နာပါရင် အဲဒီလိုက်နာတဲ့ ပုဂ္ဂိုလ်က ဒုဂ္ဂတိဘဝကို ရောက်ရစရာ မရှိပါ"။

http://www.dhammadownload.com

ဘုရားလောင်းက ဒီသြဝါဒစကားကို ပြောကြားပြီးမှ တရားဆက်လက်ဟောတော်မူပါတယ်။

"မဟာရာဇာ ! ကုသလကမ္မပထတရား ၁၀-ပါးဟာ အားမရှိတဲ့ သုဂတိလမ်းဖြစ်ပါတယ်၊ အကုသလကမ္မပထတရား ၁၀-ပါးကတော့ အားရန်ရှိနေတဲ့ ဒုဂ္ဂတိသွားလမ်း ဖြစ်ပါတယ်၊ အကုသိုလ်တရားက ငရဲကို ပို့ဆောင်တတ်ပါတယ်၊ ကုသိုလ်တရားက သုဂတိဘုံဘဝကို ပို့ဆောင်တတ်ပါတယ်။

အကုသိုလ်တရားကို ပြုကျင့်လေ့ရှိသူတွေ, မကောင်းသောအသက်မွေးမှုရှိသူတွေရဲ့ တမလွန်ဘဝမှာ ရောက်ရမယ့် ငရဲတွေကို အခုပဲ ပြောပြပါတော့မယ်၊ စူးစိုက်လို့သာ နာကြားပါတော့"။

ဗြဟ္မဒတ်မင်းက ပိတုဃာတကကံကို ပြုသူတွေရဲ့ ကျက်ရာငရဲကို မေးပါတယ်၊ ဒါပေမဲ့ ဘုရားလောင်းက လက်ဦးဆုံး အဲဒီငရဲကို မပြသေးဘဲ ငရဲကြီး ၈-ထပ်နှင့် အရံငရဲငယ် ၁၆-ထပ်တို့ကိုသာ ပြပါတယ်၊ ဘာ့ကြောင့် အဲဒီငရဲတွေကို ဦးစွာပြရသလဲဆိုတော့– ဒီငရဲတွေကို မပြဘဲ ဦးစွာ ပိတုဃာတကကံကို ပြုကျင့်သူတို့ ကျက်ရတဲ့ငရဲကို ပြလိုက်လို့ရှိရင် ဗြဟ္မဒတ်မင်းက နှလုံးကွဲပြီး အဲဒီနေရာမှာပဲ သေပွဲဝင်သွားစရာ ရှိပါတယ်၊ အဲဒီငရဲကြီး ငရဲငယ်တွေမှာ ကျက်နေရတဲ့ သတ္တဝါတွေကို တွေ့ရလို့ရှိရင် မြင်ရတာကို အတုလိုက်ပြီး ငါ့လိုပဲ မကောင်းမှုကို ပြုလုပ်တဲ့အခြားသတ္တဝါတွေ အများကြီးရှိနေတာပဲ၊ ငါက သူတို့ရဲ့အကြားမှာ ကျက်ရတော့မှာပဲလို့ အထောက်အကူရပြီး သက်သာရာရလိမ့်မယ်-လို့ စဉ်းစားဆင်ခြင်မိတဲ့အတွက် ငရဲကြီး ၈-ထပ်နှင့် အရံငရဲငယ် ၁၆-ထပ်တို့ကို ဦးစွာပြရပါတယ်။

ငရဲကြီး ၈-ထပ် ပြတဲ့အခါမှာလဲ ဘုရားလောင်းက တန်ခိုးနဲ့ မြေကိုခွဲပြီး ပြပါတယ်၊ လက်ဦးဆုံး သိရွိုင်းငရဲကို ပြပါတယ်၊ အဲဒီသိရွိုင်းငရဲမှာ ကျက်နေတဲ့ သတ္တဝါတွေကို တွေ့ရလို့ လူတွေက ကြောက်လာတဲ့အခါ အဲဒီငရဲကို ကွယ်ပျောက်စေပါတယ်။

နောက်ထပ် မြေကြီးကို ၂-ဖြာခွဲပြီး ကာဠသုတ်ငရဲကို ပြပါတယ်၊ အဲဒီကာဠသုတ်ငရဲမှာ ကျက်နေတဲ့ သတ္တဝါတွေကို တွေ့ရလို့ လူများက အကြီးအကျယ်ကြောက်လာတဲ့အခါ အဲဒီငရဲကို ကွယ်ပျောက်စေပြန်ပါတယ်၊ ဒီလို တစ်ခုပြီးတစ်ခု အစဉ်အတိုင်း ပြပါတယ်၊ ပါးစပ်ကလဲ ပြောပါတယ်။

"မဟာရာဇာ ! သိရွိုင်းငရဲ, ကာဠသုတ်ငရဲ, သံဃာတငရဲ, ဓာလရောရုဝငရဲ, ဓူမရောရုဝငရဲ, မဟာအဝီစိငရဲ, တာပနငရဲ, မဟာတာပနငရဲ။

http://www.dhammadownload.com

ဒီ ၈-ပါးကို ငရဲကြီးတွေ-လို့ ခေါ်ပါတယ်၊ လွတ်မြောက်ရန် ခဲယဉ်းလှပါတယ်၊ ကြမ်းကြုတ်ရက်စက်တဲ့အလုပ်ကို လုပ်တတ်တဲ့ ငရဲထိန်းတွေနှင့် ပြည့်နှက်နေပါတယ်၊ ငရဲကြီးတစ်ခုတစ်ခုမှာ ဥဿဒငရဲငယ် ၁၆-ခုစီ ရှိကြပါတယ်။

ဝန်တိုစဉ်းလဲသူတွေရဲ့ ကျခံရာဖြစ်ပါတယ်၊ ကြမ်းကြုတ်လှပါတယ်၊ မီးလျှံတွေ ရှိနေကြပါတယ်၊ ကြီးမားတဲ့ဘေးတွေ ရှိနေကြပါတယ်၊ ကြက်သီးမွေးညင်းထစရာ ကောင်းလှပါတယ်၊ အလွန်ကြောက်မက်ဖွယ်ကောင်းလှပါတယ်၊ ဘေးကို ဖြစ်စေတတ်ကြပါတယ်၊ အလွန်ဆင်းရဲကြရပါတယ်။

၄-ထောင့် ရှိကြပါတယ်၊ တံခါး ၄-မျက်နှာ ရှိကြပါတယ်၊ တံခါး ၄-ပေါက်စီ ဆေဖန်ထားကြပါတယ်၊ တံခါးတွေ, လမ်းတွေနဲ့ တိုင်းတာအကွက် ချထားကြပါတယ်၊ သံတံတိုင်းတွေနဲ့ ကာရံထားကြပါတယ်၊ ၉-ယူဇနာရှိတဲ့ သံအိုးနဲ့ ဖုံးအုပ်ထားပါတယ်။

အဲဒီ ငရဲတွေရဲ့မြေဟာ သံပဲဖြစ်ပါတယ်၊ အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ မီးရှိနေပါတယ်၊ ထက်ဝန်းကျင် ယူဇနာတရာတိုင်အောင် ပျံ့နှံ့ပြီး အမြဲတည်ရှိနေပါတယ်။

ကြိုးကြိုးစားစား ကိုယ်နှုတ်စိတ်ကို စောင့်ရှောက်နေကြတဲ့ ရသေ့ရဟန်းတို့အား ကြမ်းကြုတ်တဲ့စကားနဲ့ လွန်ကြူးပြောဆိုတတ်သူတွေက တပြောင်းပြန်ပြန် ဦးခေါင်းစောက်ထိုး ခြေထောက်မိုးမျှော် ကျရောက်ကြရပါတယ်။

[ငရဲကြီးတွေမှာ အများအားဖြင့် တရားစောင့်တဲ့ ရဟန်းတွေ, သူတော်ကောင်းတွေကို ပြစ်မှားသူများသာ ခံကြရတယ်လို့ အဆိုရှိပါတယ်။]

အဲဒီ ကိုယ်ကျိုးစီးပွားကို ဖျက်ဆီးတတ်သူတွေဟာ အပိုင်းအပိုင်းခုတ်ဖြတ်လို့ ချက်ပြုတ်ထားတဲ့ ငါးတွေလို ကျက်နေကြရပါတယ်၊ ကြမ်းကြုတ်တဲ့အမူကို ပြုလုပ်လေ့ရှိသူတွေဟာ မရေတွက်နိုင်တဲ့ နှစ်တို့ပတ်လုံး အမြဲတမ်းအတွင်းရော အပြင်ပါ ပူလောင်နေတဲ့ကိုယ်နဲ့ ငရဲမှထွက်ဖို့ရန် ရှာကြံပေမယ့် ထွက်ပေါက်ကို မရနိုင်ကြပါ။

အရှေ့ဘက်တံခါး ပွင့်နေတယ်-ဆိုပြီး သူတို့ကပြေးလိုက်သွားလို့ အနားကို ရောက်တယ်-ဆိုရင်ပဲ တံခါးက ပိတ်သွားပါတယ်၊ အနောက်ဘက်တံခါး ပွင့်နေတယ်-ဆိုပြီး သူတို့က ပြေးလိုက်သွားလို့ အနားကို ရောက်တယ်-ဆိုရင်ပဲ တံခါးပိတ်သွားပါတော့တယ်၊ မြောက်ဘက်တံခါး ပွင့်နေတယ်-

http://www.dhammadownload.com

ဆိုပြီး သူတို့က ပြေးလိုက်သွားလို့ အနားကို ရောက်တယ်–ဆိုရင်ပဲ တံခါးက ပိတ်သွား ပါတယ်၊ တောင်ဘက်တံခါး ပွင့်နေတယ်–ဆိုပြီး သူတို့က ပြေးလိုက်သွားလို့ အနားကို ရောက်တယ်–ဆိုရင်ပဲ တံခါးက ပိတ်သွားပါတယ်၊ သူတို့ ပြေးလိုက်သွားသမျှ တံခါးအကုန်လုံးဟာ ပိတ်သွားတာချည်းပါပဲ။

ငရဲကို ရောက်နေကြရတဲ့ ငရဲသူ သတ္တဝါတွေဟာ နှစ်သိန်းပေါင်းများစွာသော ကာလပတ်လုံး အတိုင်းအရှည်မရှိတဲ့ ဆင်းရဲကို ရောက်ကြရတဲ့အတွက်လက် ၂–ဖက်ကို မြှောက်ပြီး ငိုကြွေးနေကြရပါတယ်။

မဟာရာဇာ ! လွန်မြောက်ဖို့ရန် ခဲယဉ်းလှတဲ့ စိတ်ဆိုးနေတဲ့ မြွေဟောက်ကိုလို ကိုယ်နှုတ်စိတ်ကို စောင့်စည်းပြီး ကြိုးကြိုးစားစား ကျင့်နေကြတဲ့ ရသေ့ရဟန်းတွေကို တန်ခိုးရှိတဲ့အတွက် မထိပါးမပြစ်မှားသင့်ပါဘူး။

ကြီးမားသော ကိုယ်ရှိတဲ့ လေးသမားကြီးဖြစ်သော ကေတကတိုင်းကို အစိုးရတဲ့ အဇ္ဇုနမင်းနှင့် သဟဿဗာဟုမင်းတို့က ဂေါတမရှင်ရသေ့ကို သတ်လို့ ပျက်စီးခြင်းသို့ ရောက်ကြရပါတယ်။ [သရဘင်္ဂဇာတ်ကို ရှုပါ။]

ကိလေသာမြူမရှိတဲ့ ကိသဝစ္ဆရသေ့ကို ထန်းပင်ကို အမြစ်ပါဖြတ်တောက်ပစ်သလို လွန်ကြူးဖြတ်တောက်တဲ့ ဒဏ္ဍကီမင်းက ပျက်စီးခြင်းသို့ ရောက်ရပါတယ်။

မဇ္ဈမင်းက များသောအခြံအရံရှိတဲ့ မာတင်္ဂသုခမိန်အပေါ်မှာ စိတ်ပြစ်မှားမိတဲ့အတွက် ပရိသတ်နှင့်တကွ ပျက်စီးရပါတယ်၊ အဲဒီအချိန်က မဇ္ဈတိုင်းဟာ ပျက်စီးခဲ့ပါတယ်။ [မာတင်္ဂဇာတ်ကို ရှုပါ။]

အန္ဓကဝိန္ဒတိုင်းသားတွေက ကဏ္ဍဒီပါယနရသေ့ကို သတ်ကြတဲ့အတွက် အချင်းချင်း ကျည်မွှေ့နဲ့ သတ်ဖြတ်ကြပြီး ငရဲကို ရောက်ကြရပါတယ်။ [ဃဋ္ဋ ပဏ္ဍိတဇာတ်ကို ရှုပါ။]

ကပိလရှင်ရသေ့က ဆုံးမပေမယ့် (မနာယူတဲ့အတွက်) ရှေးအခါက ကောင်းကင်မှာ သွားနိုင်တဲ့ စေတိယမင်းဟာ သေခါနီးမှာ တန်ခိုးကွယ်ပြီး မြေမျိုခံရပါတယ်။

မဟာရာဇာ ! ဒါ့ကြောင့် အဂတိတရား လိုက်စားခြင်းကို ပညာရှိတွေက မချီးမွမ်းကြပါ၊ မပြစ်မှားတဲ့စိတ်နဲ့ မှန်ကန်တဲ့ စကားကိုသာ ပြောသင့်ပါတယ်။

အသိဉာဏ်–ဝိဇ္ဇာ အကျင့်–စရဏနှင့် ပြည့်စုံတဲ့ ရသေ့ရဟန်းကို ပြစ်မှားတဲ့စိတ်နဲ့ ကြည့်တဲ့သူဟာ အောက်ငရဲကို ရောက်ရပါတယ်။

http://www.dhammadownload.com

ဂုဏာဝမိ, ဝယဝုမိ(ဂုဏ်အားဖြင့်ကြီးသူ, အရွယ်အားဖြင့်ကြီးသူ) ပုဂ္ဂိုလ်တွေကို ကြမ်းကြမ်းတမ်းတမ်း ဆဲရေးစွပ်စွဲသူတို့က အမွေစားအမွေခံ သားသမီးမရှိဘဲ ထန်းပင်ငုတ်တိုလို ဖြစ်ကြရပါတယ်။

သီလ-စတဲ့ ဂုဏ်ကျေးဇူးကို ရှာဖွေလေ့ရှိတဲ့အပြင် အဟုတ်အမှန် ကြီးစားအားထုတ်နေတဲ့ ရဟန်းကိုသတ်တဲ့ လူမိုက်ဟာ ကာဠသုတ်ငရဲမှာ ကြာမြင့်စွာသော ညဉ့်နေ့ပတ်လုံး ကျက်ရခံရပါတယ်။

မင်းကျင့်တရားမှာ မတည်တဲ့ အဂတိတရားလိုက်စားပြီး တိုင်းပြည်ကို ဖျက်ဆီးတတ်တဲ့မင်းဟာ တိုင်းသားပြည်သူ ရှင်လူအပေါင်းကို ပူပန်စေတတ်တဲ့ အတွက် တမလွန်ဘဝရောက်တော့ တာပနငရဲမှာ ကျက်ရခံရပါတယ်။

မဟာရာဇာ ! နတ်တွေရဲ့ အရေအတွက်နဲ့ နှစ်ပေါင်းတစ်သိန်းလုံးလုံး ငရဲမှာ ခံနေရတဲ့, ရဟန်းရှင်လူ ပြည်သူအပေါင်းကို ပူပန်စေတတ်တဲ့ မင်းဟာ မီးလျှံတွေ ခြဲရံကာ ကြီးမားတဲ့ ဆင်းရဲဝေဒနာကို ခံစားနေရပါတယ်။

အဲဒီ ငရဲသားသတ္တဝါရဲ့ကိုယ်မှ မီးလျှံတွေက ပြိုးပြိုးပြက်ပြက် ထွက်နေကြပါတယ်၊ မီးကိုစားနေရတဲ့ ငရဲသူရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေဟာ အမွေးတွေ, ခြေသည်းလက်သည်းတွေနှင့်အတူ တစ်ခုတည်းသောမီးလျှံ ရှိနေကြပါတယ်။

အဲဒီ ငရဲသားသတ္တဝါဟာ အမြဲတမ်း အတွင်းရော အပြင်ပါ ပူလောင်နေတဲ့ကိုယ်နဲ့ အတိုင်းထက်အလွန် ဆင်းရဲဒုက္ခရောက်နေရတဲ့အတွက် ချွန်းနဲ့နှိပ်စက်ခံနေရတဲ့ ဆင်ပြောင်ကြီးလို ဟစ်အော်ငိုကြွေးနေရပါတော့တယ်။

အဘာသတ်သား ဆင်းရဲပွား မဟာရာဇာ ! စည်းစိမ်ဥစ္စာကို လိုချင်လို့ပဲဖြစ်ဖြစ်, ပြစ်မှားလိုလို့ပဲဖြစ်ဖြစ် အဘကိုသတ်တဲ့ သားယုတ်ဟာ ကာဠသုတ်ငရဲမှာ ကြာမြင့်စွာသော ညဉ့်နေ့ပတ်လုံး ကျက်ရပါတယ်၊ ခံရပါတယ်။

အဲဒီ အဘကိုသတ်တဲ့သူဟာ ကြေးနီအိုးမှာလဲ ခံရပါတယ်၊ ကြေးနီအိုးမှာ နှစ်ထောင်ပေါင်းများစွာ ကျက်နေတဲ့ ငရဲသားကို ထုတ်ဆယ်ပြီး ၃-ဂါဝုတ် ရှိတဲ့ သူရဲ့ကိုယ်ကို အရေမရှိအောင် လုပ်ကြပါတယ်၊ အလျှံပြောင်ပြောင် တောက်လောင်နေတဲ့ သံမြေပြင်မှာ လှဲထားကြပါတယ်၊ ထက်လှတဲ့ သံတံကျင်တွေနဲ့ ရိုက်နှက်ထားပြီး မှုန့်မှုန့်ညက်ညက်ကြေအောင် လုပ်ကြပါတယ်။

အဘကိုသတ်လာတဲ့ ငရဲသားကို အလျှံပြောင်ပြောင် တောက်လောင်နေတဲ့ သံမြေမှာ ပက်လက်အိပ်စေပြီး ရဲရဲပြောင်ပြောင် တောက်လောင်နေတဲ့

http://www.dhammadownload.com

သံဆွန်တွေနဲ့ မျက်လုံးကို ဖောက်ခွဲပြီး ကန်းအောင်လုပ်ကြပါတယ်၊ ပါးစပ်မှာ အတိုင်းထက်အလွန်ပူနေတဲ့ ကျင်ငယ်ကျင်ကြီးကို ထည့်ကြပါတယ်၊ ကောက်ရိုး အင်းပျဉ်ကိုလို သူ့ကို ပြန်လှန်ပြီး ကမ္ဘာပတ်လုံး တည်နေတဲ့ ခါးစပ်လှတဲ့ ကြေးနီရေမှာ ငုပ်စေကြပါတယ်။

တစ်ဖန် ကျိုက်ကျိုက်ဆူ ပူနေတဲ့ မစင်ညွန်ပျောင်းနှင့် အလှိမ့်ပြောင်ပြောင် တောက်လောင်နေတဲ့ သံလုံးကို စားစေကြပါတယ်၊ ငရဲသားကတော့ အဲဒါကို ဆောင်ယူလာတာကို တွေ့ရတာနဲ့တစ်ပြိုင်နက် ပါးစပ်ကို စေ့ထားပါတယ်၊ ဒီတော့ ကြာမြင့်စွာ မီးဖုတ်ထားလို့ တောက်လောင်နေတဲ့ သံထွန်သွားတွေကို ယူပြီး သူ့ပါးစပ်ကို ဖွင့်ကြပါတယ်၊ ကြိုးနဲ့ ဖွဲ့ချည်ထားတဲ့ သံ(ငါးမျှား)ချိတ်ကို ပါးစပ်ထဲ ထည့်လိုက်ပြီး လျှာကို ဆွဲထုတ်ထားလို့ ဟလာတဲ့ ပါးစပ်ထဲမှာ အဲဒီသံလုံးကို ပစ်ထည့်လိုက်ကြပါတယ်။

သံချိတ်နဲ့ ဆွဲထုတ်လို့ သံမြေမှာ သံငုတ်နဲ့ ရိုက်နှက်ထားတဲ့ အဘသတ် ငရဲသားရဲ့ လျှာကို ခွေးဝါတွေ, ခွေးကျားတွေနှင့် သံနှုတ်သီးရှိနေကြတဲ့ လင်းတတွေ, ကျီးငှက်တွေက ဝိုင်းအုံပြီး ခွဲစိတ်ဖြတ်တောက်လျက် ကတုန် ကယင် ပင်ပန်းနေတဲ့ ကျွဲနွား–စသည်ကို သွေးနှင့်တကွ စားသောက်ကြသလို စားသောက်ကြပါတယ်။

မီးလောင်ထားတဲ့ ထန်းပင်ငုတ်နှင့်တူတဲ့ကိုယ်, ပြိုကွဲပျက်စီးနေတဲ့ကိုယ် ရှိနေတဲ့ ငရဲသားကို ငရဲထိန်းတွေက အလှိမ့်ပြောင်ပြောင် တောက်လောင်နေတဲ့ သံတင်းပုတ်တွေနဲ့ ရိုက်နှက်လှည့်လည်နေကြပါတယ်၊ အဲဒီ ငရဲထိန်းတွေမှာ ဒီလိုမွေ့လျော်ကစားခြင်းမျိုး ရှိကြပါတယ်၊ ငရဲသား သတ္တဝါတွေကတော့ ဆင်းရဲကြရပါတယ်၊ ဒီလောကမှာ အဘသတ်သူ အကုန်လုံးတို့က ဒီလို သဘောရှိတဲ့ ငရဲမှာ ခံနေကြရပါတယ်။

အမိသတ်သူ ဆင်းရဲထူ

သားက အမိကိုသတ်တဲ့အတွက် ဒီလူ့ဘဝက ငရဲသို့ မိမိလုပ်ထားတဲ့ ကံရဲ့အကျိုးအနေနဲ့ ရောက်ရပါတယ်၊ ဆင်းရဲဒုက္ခလဲ အလွန်ရောက်ရပါတယ်၊ အမိကို သတ်လာသူကို အလွန်အားကောင်းတဲ့ ငရဲထိန်းတွေက သံလျော်ကြိုးတွေနဲ့ အထပ်ထပ် ရစ်ပတ်ပြီး သံယန္တရားစက်မှာ ကြွကိုကြွတ်သလို ကြိတ်ကြပါတယ်။

အဲဒီလို ယန္တရားစက်မှာ အကြိတ်ခံရတဲ့ အမိကိုသတ်တဲ့ ငရဲသားရဲ့ ကိုယ်က ယိုစီးထွက်ကျလာတဲ့ သွေးဟာ သံဇလားမှာ ပြည့်နေပါတယ်၊ အဲဒီ အချိန်မှာ သူ့ကို ယန္တရားစက်က ထုတ်ဆောင်ကြပါတယ်၊ အဲဒီ ခဏမှာပဲ

http://www.dhammadownload.com

သူကိုယ်ဟာ နဂိုအတိုင်း ပြန်ဖြစ်လာပါတယ်၊ သူ့ကို သံမြေမှာ အအိပ်ခိုင်းပြီး ကြေးနီရေလို ကျိုက်ကျိုက်ဆူနေတဲ့ သွေးကို သောက်စေကြပါတယ်။

အဲဒီအမိသတ်ငရဲသားကို နှစ်ထောင်ပေါင်းများစွာ ယန္တရားစက်နဲ့ နှိပ်စက်ပြီးတဲ့နောက် အလွန်ရွံရှာစက်ဆုပ်စရာကောင်းပြီး အလွန်နံစော်တဲ့ သွေးပြည် အလား မစင်ရှင်းညစ်ပတ်များနဲ့ ပြည့်နေတဲ့ အိုင်ကြီးထဲကို ပစ်ချကြပါတယ်၊ အဲဒီ အမိသတ်တဲ့ငရဲသားက အဲဒီအိုင်ကြီးထဲမှာ နစ်မြုပ်နေရပါတော့တယ်။

အဲဒီမစင်ငရဲမှာ အမိကိုသတ်တဲ့ ငရဲသားကို ပိန်းကောလေလောက်ရှိပြီး သံနှတ်သီးရှိနေတဲ့ ပိုးလောက်တွေက အရေကိုဖြတ်ပြီး အသားအသွေးတွေကို ထိုးဖောက်စားသောက်ကြပါတယ်။

အမှန်ကတော့ ထိုးဖောက်စားသောက်ရုံသာ မဟုတ်ပါ၊ အောက်ဒွါရ –စသည်တို့က ဝင်ပြီး ပါးစပ်–စသည်တို့က ထွက်ကြပါတယ်၊ လက်ဝဲဘက် ဘေးက ဝင်ပြီး လက်ယာဘက်ဘေးက ထွက်ကြပါတယ်၊ တစ်ကိုယ်လုံးကို ဇာပေါက်သဖွယ်ဖြစ်အောင် ထိုးဖောက်ကြပါတယ်၊ အဲဒီငရဲသားဟာ အဝိုင်း ထက်အလွန် ဆင်းရဲဒုက္ခရောက်ရတဲ့အတွက် ငိုမြည်တမ်းကာ ကျက်နေရပါတယ်။

အဲဒီအမိကိုသတ်တဲ့ ငရဲသားဟာ အသူတစ်ရာနက်တဲ့ ငရဲကို ရောက်ပြီး နှစ်မြုပ်နေရပါတယ်၊ မစင်ဘင်ပုပ်အနံ့ဟာ ထက်ဝန်းကျင်ယူဇနာတစ်ရာ တိုင်အောင် အပုပ်အတိ ပျံ့လွှင်နေပါတယ်။

ဒါဟာ ယုံမှားသံသယဖြစ်စရာ မရှိပါ၊ မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်ရဲ့ မျက်စိ တွေကတောင်မှ အဲဒီအပုပ်နံ့ကြောင့် ကြေမွသွားကြရပါတယ်၊ အမိကိုသတ်တဲ့ ငရဲသားဟာ ဒီလိုသဘောရှိတဲ့ ဆင်းရဲကို ခံစားရပါတယ်။

ကိုယ်ဝန်ဖျက်ခြင်း ငရဲသွား

သင်တုန်းဓားသွားငရဲမှာ ငရဲထိန်းတွေက သင်တုန်းဓား ကြီးတွေကို အသွားထောင်ပြီး ဖြန့်ခင်းထားကြပါတယ်၊ ကိုယ်ဝန်ဖျက်ချတဲ့ မိန်းမ(ငရဲသူ)တွေကို အလျှံတပြောင် ပြောင် တောက်လောင်နေတဲ့ လက်နက်တွေနဲ့ ရိုက်ပုတ်ကာ နောက်ကလိုက်နေ ကြပါတယ်၊ အဲဒီမိန်းမတွေက အလွန်ထက်လှတဲ့ သင်တုန်းဓားသွားတွေမှာ အပိုင်းအပိုင်းပြတ်ပြီး လဲသွားလိုက် ထလာလိုက်နဲ့ အလွန်ကြောက်စရာ လန့်စ ရာကောင်းတဲ့ သင်တုန်းဓားသွားကို နင်းကြရင်း လွန်မြောက်လာကြပြီးတဲ့

http://www.dhammadownload.com

နောက် လွန်မြောက်ရန် အလွန်ခဲယဉ်းလှတဲ့ ဝေတရဏီ ခေါ်တဲ့ ကြိမ်ပိုက် ချောင်းငရဲကို ကျရောက်လာကြရပါတယ်။

အဲဒီ ကြိမ်ပိုက်ချောင်းငရဲဟာ ခါးစပ်ပြီး သံရေလိုပူနေတဲ့ ရေတွေနဲ့ ပြည့်နေပါတယ်၊ ရေအပြင်မှာ အသွားထက်လှတဲ့ သံကြာရွက်တွေက အလျှံတပြောင်ပြောင် တောက်လောင်နေကြပါတယ်၊ ချောင်းရေတစ်ပြင်လုံးကို သင်တုန်းဓားသွားတွေနှင့် အုပ်ဖုံးထားပါတယ်၊ ထွန်တုံးပမာဏ ချွန်ထက်လှတဲ့ သံဆူးတွေကလဲ အလျှံတပြောင်ပြောင် တောက်လောင်တည်ရှိနေကြပါတယ်၊ အဲဒီသံဆူးတွေရဲ့အထက်မှာ ခက်ရင်းပမာဏ အဖျားချွန်ထက်လှတဲ့ သံဆူးတွေ ရှိနေတဲ့ ကြိမ်နွယ်တွေက ချောင်းတစ်ခုလုံးကို အုပ်ဖုံးလွှမ်းခြုံကာ အလျှံ တပြောင်ပြောင် တောက်လောင်တည်ရှိနေကြပါတယ်။

ချောင်းကမ်းဘေးမှာ ငရဲထိန်းတွေက ကိုယ်စီကိုယ်င လက်နက်စွဲကိုင်ကာ တည်ရှိနေကြပါတယ်၊ ရောက်လာသမျှ ငရဲသူတွေကို မိမိတို့ကိုင်ဆောင်ထားတဲ့ သံလျက်, လှံ, မှိန်း, ခက်ရင်း, တင်းပုတ် အစရှိတဲ့ လက်နက်တွေနဲ့ ခုတ်ထစ် ရိုက်နှက် ထိုးဆွ ညှဉ်းပန်း နှိပ်စက်ကြပါတယ်၊ အဲဒီလို ညှဉ်းပန်းနှိပ်စက်တာကို မခံနိုင်ကြတဲ့အတွက်ပဲ ကြိမ်ပိုက်ချောင်းငရဲထဲကို လိမ့်ကျလာကြရပါတယ်။

အဲဒီကြိမ်ပိုက်ချောင်းငရဲမှာ နှစ်ထောင်ပေါင်းများစွာ အင်မတန်ထက်လှတဲ့ သံကြိမ်ဆူးတွေနဲ့ အပိုင်းပိုင်း အပေါက်ပေါက် ဖြတ်တောက်ကာ ကြီးမားလှတဲ့ ဆင်းရဲဝေဒနာကို ခံစားနေကြရပါတယ်၊ အဲဒီက လျှောကျတဲ့ အခါမှာ အလျှံ တပြောင်ပြောင် တောက်လောင်နေတဲ့ သံဆူးပေါ်ကို ကျပြီး တံစို့ထိုးကင်ထားတဲ့ ငါးလို တံကျင်လျှိုကာ ခံနေကြရပါတယ်၊ အဲဒီသံဆူးက လွတ်ပြန်ရင် သံကြာ ရွက်ပေါ်မှာ နှစ်ထောင်ပေါင်းများစွာ အလှီးအဖြတ်ခံကာ ဆင်းရဲဝေဒနာကို ခံစားနေရပါတယ်၊ အဲဒီကမှတစ်ဆင့် အလွန်ခါးစပ်ပူလောင်လှတဲ့ ရေအပြင်မှာ ကြာရှည်လေးမြင့် ကြီးမားတဲ့ ဆင်းရဲဝေဒနာကို ခံစားနေရပါတယ်၊ သက်သာခွင့် ရလိုရငြား ရေထဲကို ငုပ်ပြန်ရင်လဲ သင်တုန်းဓားသွားအပြင်မှာ ကျပြီး အပိုင်း အပိုင်းပြတ်ကာ ကြီးမားသော ဆင်းရဲဝေဒနာကို ခံစားကြရတဲ့အတွက် အော်မြည် တမ်းကာ အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ ရေထဲမှာ စုန်ဆန်လူးလာ ကြီးမားတဲ့ ဆင်းရဲဝေဒနာကို ခံစားနေကြရပါတယ်၊ ရေထဲက ကမ်းကို တက်လာ ပြန်ရင်လဲ အသင့်စောင့်နေတဲ့ ငရဲထိန်းတွေရဲ့ ခုတ်ထစ်ရိုက်နှက် ထိုးဆွ ညှဉ်းပန်း နှိပ်စက်မှုကို ခံကြရပါတယ်။

http://www.dhammadownload.com

ကြီးနိုင်ငယ်ညှဉ်းသောနဲ့ ညှဉ်းပန်းနှိပ်စက်တတ်သူတွေလဲ ဒီကြွေမ်ပိုက်ချောင်းဂရဲမှာ ခံကြရပါတယ်။

ကာမဟောက်ပြန်ခံရဟန်

တစ်ပေပမာဏ သံဆူးရှိနေကြတဲ့ လက်ပံပင်များရဲ့ အခက်တွေက ဝေတရဏီခေါ်တဲ့ ကြွေမ်ပိုက်ချောင်းရဲ့ ကမ်း ၂-ဖက်မှာ တွဲလျားကျနေကြပါတယ်၊ မီးတောက်မီးလျှံ ရှိနေကြတဲ့ ငရဲသားသတ္တဝါတွေဟာ အဝေးကမီးပုံကြီးလို တည်နေကြပါတယ်၊ မီးတောက်မီးလျှံ တောက်လောင်နေတဲ့အတွက် တစ်ယူဇနာမြင့်တက်နေကြပါတယ်။ (သူတို့ရဲ့ကိုယ်က ၃-ဂါဝုတ်သာမြင့်ပါတယ်၊ အပေါ်ကို တက်နေတဲ့ မီးလျှံနှင့်အတူ တစ်ယူဇနာမြင့်တယ်လို့ ဆိုလိုပါတယ်။)

လင်ငယ်ထားတဲ့ မိန်းမများနှင့် သူ့မယားကို ကျူးလွန်တဲ့ ယောကျ်ားများက လက်နက်အမျိုးမျိုးနဲ့ နှိပ်စက်ခံကြရတဲ့အတွက် ပူလောင်ထက်မြက်သောဆူးရှိနေတဲ့ လက်ပံတောငရဲမှာ တက်နေကြရပါတယ်။

သူတို့က နှစ်ထောင်ပေါင်းများစွာကြာအောင် သစ်ခွတွေမှာ ဆွဲချိတ်လောင်ကျွမ်းနေကြရပါတယ်၊ ဒီနောက်မှာ လက်နက်အမျိုးမျိုးနဲ့ ငရဲထိန်းတွေရဲ့ ရိုက်နှက်မှုကို ခံကြရတဲ့အတွက် ပြန်လည်ပြီး ဦးခေါင်းစောက်ထိုး ကျလာကြပါတယ်။

အဲဒီလို ကျလာတဲ့အခါ အောက်သံမြေပြင်က သံချွန်တွေ ပေါ်ထွက်လာပြီး ခံနေနှင့်ကြပါတယ်၊ အဲဒီသံချွန်တွေက ခေါင်းမှဝင်ပြီး အောက်ဒူါရမှ ထွက်နေကြပါတယ်၊ အဲဒီ သံချွန်တွေမှာ စူးဝင်နေတဲ့ သူတို့က ညှဉ်းနေ့ကြာမြင့်စွာ နေကြရပါတယ်၊ အိပ်မက်မှာတောင်မှ အိပ်စက်မှုကို မရရှိဘဲ အချိန်ကာလကြာမြင့်စွာ နိုးနေကြရပါတယ်။

အဲဒီနောက် အချိန်ကာလ ကြာမြင့်လာတဲ့အခါ တောင်လောက်ကြီးမားပြီး တောက်လောင်နေတဲ့ ကြေးနီရေတွေနဲ့ ပြည့်နေတဲ့ ယူဇနာ ၆၀-ရှိတဲ့ ကြေးနီအိုးသို့ ငရဲထိန်းတွေက ပစ်ထည့်လိုက်တဲ့အတွက် ကြေးနီအိုးထဲမှာ ကျက်နေကြရပါတယ်။

ဒီလိုပဲ နေ့ရောညှဉ်ပါ မောဟရဲ့ ဖုံးလွှမ်းမှုကို ခံကြရတဲ့အတွက် လင်ငယ်ထားတဲ့ မိန်းမများနှင့် သူတစ်ပါးရဲ့မယားကို ကျူးလွန်ပြစ်မှားလာသူတွေဟာ မိမိတို့ ရှုးကလုပ်လာခဲ့တဲ့ အကုသိုလ်ကံရဲ့အကျိုးကို ခံစားနေကြရပါတယ်။

http://www.dhammadownload.com

ဆိုးယုတ်မိန်းမ တာပန

လင်ယောကျ်ား, ယောကျ်မယောကျ်ားသူ, မိန်းမသူ, ခဲအိုနှင့် ယောကျ်မတွေရဲ့အပေါ်မှာ ပြုလုပ်ရမယ့် ဝတ်အကျင့်ကို မပြုလုပ်တဲ့အပြင် အဲဒီလင်အစရှိတဲ့ အလေးပြုရမယ့်သူတွေကို ဆဲရေးကြိမ်းမောင်းလာတဲ့အတွက် ငရဲမှာ ဖြစ်ရတဲ့ ငရဲသူမကို ငရဲထိန်းတွေက သံမြေပြင်မှာ အအိပ်ခိုင်းပြီး သံချွန်းနဲ့ ပါးစပ်ကို ဖွင့်ကြပါတယ်၊ သံငါးမျှားချိတ်နဲ့ လျှာဖျားကို ဆွဲထုတ်ကြပါတယ်၊ ကြိုးနဲ့လဲ ဖွဲ့ချည်ဆွဲထုတ်ကြပြန်တယ်။

ငရဲသူမက အဲဒီလို ဆွဲထုတ်ထားတဲ့ ကိုယ့်အလံနဲ့ တစ်လံလောက်ရှိတဲ့ လျှာကို လက်နက်တွေနဲ့ ထုရိုက်ထားသမျှ နေရာတိုင်းမှာ ပိန်းကောလေလောက်ရှိတဲ့ ပိုးလောက်တွေနဲ့ ပြည့်နေတာကို တွေ့ရပါတယ်၊ ငရဲထိန်းတွေကို တောင်းပန် အသနားခံလိုပေမယ့် ဘာကိုမျှ မပြောနိုင်တော့ပါ၊ အဲဒီဌာနမှာ ဒီနည်းအတိုင်း နှစ်ထောင်ပေါင်းများစွာ ခံနေရပါတယ်၊ အဲဒီဌာနကမှတစ်ဆင့် တာပနငရဲကြီးကို ပြောင်းရွေ့ခံရပြန်တယ်။

ရက်စက်သူပေါင်း ကြိမ်ပိုက်ချောင်း

မဟာရာဇာ ! ဆိတ်သတ်သမား, ဝက်သတ်သမား, တံငါ, မုဆိုး, ခိုးသား, ဓားပြ, နွားသတ်သမား, ကြမ်းကြုတ်ရက်စက်တတ်သူ, ကုန်းတိုက်တတ်သူတွေဟာ လုံ့တွေ, သံတူကြီးတွေ, သံလျက်တွေ, မြားတွေနဲ့ ငရဲထိန်းတွေရဲ့ ညှဉ်းဆဲသတ်ပုတ်မှုကို ခံကြရတဲ့အတွက် ကြိမ်ပိုက်ချောင်းငရဲသို့ ဦးခေါင်းစောက်ထိုး ကျရောက်ကြရပါတယ်။

စဉ်းလဲသူများ အန်ဖတ်စား

မမှန်မကန် တရားဆုံးဖြတ်သူ, ချိန်စဉ်းလဲ တောင်းစဉ်းလဲ ပြုသူတွေဟာ ညနံနက် အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ သံတူတွေနဲ့ အရိုက်အနှက် ခံနေကြရပါတယ်၊ မကောင်းဆိုးဝါးသောကိုယ်ရှိနေကြတဲ့ အဲဒီသတ္တဝါတွေဟာ သံတူတွေနဲ့ အရိုက်အနှက် ခံနေကြရတဲ့အခါမှာ အန်ကြပါတယ်၊ ဒီတော့ အဲဒီအန်ဖတ်ကို အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ သံအိုးတွေနဲ့ သူတို့ထဲက အချို့သူတွေရဲ့ ပါးစပ်ထဲကို ထည့်ကြပါတယ်၊ အဲဒီလိုပဲ သူတို့က သူတစ်ပါးရဲ့ အန်ဖတ်ကို အမြဲစားနေကြရပါတယ်။

ဝမ်းလျှားမှောက် အအိပ်ခိုင်းထားပြီး လျှာကို ဆွဲထုတ်ထားတဲ့အတွက် တုန်လှုပ်နေတဲ့, ကြမ်းကြုတ်ရက်စက်သော အလုပ်ကို ပြုလုပ်လာခဲ့တဲ့ သတ္တဝါကို သံနှုတ်သီးရှိနေတဲ့ စွန်ရဲတွေ, မြေခွေးတွေ, လင်းတတွေ, တောကျီးကန်းတွေက စားနေကြပါတယ်။

http://www.dhammadownload.com

ငှက်တယ်သမား ငရဲသွား

ကိလေသာမြူ မြေးယှက်ထားတဲ့အတွက်, သူတော်မဟုတ် သူယုတ်မာဖြစ်ကြတဲ့ အချို့သူတွေဟာ သမင်တိန်ညင်နဲ့ သမင်ကို ဖမ်းယူသတ်ဖြတ်ကြပါတယ်၊ ငှက်တိန်ညင်နဲ့ ငှက်ကို ဖမ်းယူသတ်ဖြတ်ကြပါတယ်၊ ကြက်တိန်ညင်နဲ့ ကြက်ကို ဖမ်းယူသတ်ဖြတ်ကြပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေ ကတော့ ဥဿဒငရဲကို သွားရောက်ကြရပါတယ်"။

"ဒါ့အပြင် နိမိဇာတ်မှာပြထားသော ငရဲများကိုလဲ ကဗျာစီပြီး ဘောမှာ ရေးပြထားပါတယ်၊ပြီးမှ ကူးယူသွားကြတာပေါ့"။

ဝန်တိုဆဲရေး, လှုမပေး, ချွေးစားခံရပါ၊
ပြစ်ကင်းသူများ, ညှဉ်းဆဲငြား, သံပြားမြေမှာ ကျက်ရပါ၊
ဘုရားငွေများ, လွဲသုံးစား, ရောက်သွားမီးကျီးတွင်းကိုသာ၊
သီလရှိသူ, ဆဲရေးမှု, ကြေးပူအိုးမှာ ကျက်ရပါ၊
ကြက်ငှက်ဖမ်းလတ်, လည်လိမ်သတ်, ခံလတ်နည်းတူသာ၊
ဖွဲရောစပါး, ရောင်းသူများ, သောက်စားရပါ ဖွဲမီးသာ၊
ဥစ္စာခိုးယူ, သက်မွေးသူ, နောင်မူလုံထိုးခံရပါ၊
မိတ်ဆွေပြစ်မှား, လူအများ, ခဲစားဘင်ပုပ်သာ၊
မာတာပိတ, အရဟန္တ, သတ်ကသွေးပြည် သောက်ရပါ၊
ကောက်ကျစ်မှုများ, ပြုခဲ့ငြား, ငါးမျှားချိတ်သာ မျိုရပါ၊
လင်ငယ်ယူထား, မိန်းမများ, ခါးထိမြှုပ်ကာ တောင်ကြိတ်ပါ၊
သူကြင်ယာမျိုး, မယားခိုး, စောက်ထိုးနရက် ကျလေပါ၊
အယူချွတ်လွဲ, လူခပဲ, လွန်ကဲပြင်းစွာ ခံရပါ၊
နေမိသက်ကား, ကုန်လွန်သွား, ကုန်သွားမရာ ငရဲရွာ။

ဘုရားလောင်း သံကိစ္စရသော့က ဒီမျှလောက် အတိုင်းအရှည်ရှိတဲ့ ငရဲတွေကို ပြပြီး တဲ့နောက် ဗြဟ္မဒတ်မင်းအား နတ်ပြည်ကို ဖွင့်လှစ်ပြတော်မူပြန်တယ်။

"မဟာရာဇာ ! ကိုယ်နှုတ်စိတ် ငြိမ်သက်ကြတဲ့ သိကြားဗြဟ္မာ နတ်တကာတွေဟာ ဒီလူပြည်က ကောင်းစွာပြုကျင့်ခဲ့တဲ့ကံကြောင့် အထက်နတ်ပြည်, ဗြဟ္မာ့ပြည်မှာ ဖြစ်ကြရပါတယ်၊ ကောင်းစွာပြုကျင့်လာခဲ့တဲ့ ကံရဲ့အကျိုးကို ကြည့်စမ်းပါဦး။

ဒါ့ကြောင့် သင်မင်းကြီးကို ပြောလိုပါတယ်၊ တိုင်းရှင်ပြည်ရှင် သင်မင်းကြီးက ၅-ပါးသီလကို စောင့်ထိန်းပြီး ဒါနအစရှိတဲ့ ကုသိုလ်ကောင်းမှုတွေကို

http://www.dhammadownload.com

ပြုပါတော့၊ နောင်တတစ်ဖန် ပူပန်မှုကင်းအောင် တရားတွေကိုသာ ကောင်းစွာ လိုက်နာပြုကျင့်ပါတော့"။

ဘုရားလောင်းရဲ့ စကားကို ကြားနာရတဲ့ အချိန်ကစပြီး ဗြဟ္မဒတ်မင်းက စိတ်သက်သာရာ ရသွားပါတယ်။

"ဝတ္ထုကတော့ ပြီးဆုံးသွားပါပြီ၊ ဒီဝတ္ထုထဲက ဘာသင်ခန်းစာရတယ် ဆိုတာကို မနီနီစိုးက မတ်တပ်ရပ်ပြီး ပြောပြပါဦး"။

"ဗြဟ္မဒတ်မင်းသားဟာ ပင်ကိုယ်ဓာတ်ခံ မကောင်းသူ ဖြစ်တဲ့အတွက် ဘုရားအလောင်း သူတော်ကောင်းနှင့် ကြာရှည်လေးမြင့် ပေါင်းသင်းခွင့်ရပေမယ့် အလိမ္မာမျိုးစေ့, အလိမ္မာဓာတ် မကူးစက်ဘဲ ခဏခေတ္တ ပေါင်းသင်းရတဲ့ မင်းလိုလိုက် မင်းကြိုက်တင်သမားတွေရဲ့ အမိုက်မျိုးစေ့, အမိုက်ဓာတ်သာ ကူးစက်လာရပါတယ်၊ ဒါ့ကြောင့် အင်မတန် အပြစ်ကြီးလေးတဲ့ ပိတုဃာတကကံကြီးကို ကျူးလွန်မိပါတော့တယ်၊ ဒါနဲ့ 'လူမိုက်နောက်မှ နောင်တရ'ဆိုသလို ကိုယ့်အပြစ်ကို တွေးပြီး ပူဆွေးနေရပါတယ်၊ ဘုရားလောင်းနှင့် ပြန်လည် တွေ့ဆုံခွင့်ရလို့ ဘုရားလောင်းက ဟောပြောပြသမှ စိတ်သက်သာခွင့်လဲ ရလာပါတယ်၊ ဒါနသီလအစရှိတဲ့ ကုသိုလ်ကောင်းမှုကို ပြုရကောင်းမှန်းလဲ သိလာပါတယ်။

ဒါကိုထောက်တော့ လူမိုက်ကို ရှောင်ခွာလို့ လူလိမ္မာကိုသာ ပေါင်းသင့်တယ်၊ လူမိုက်ပေါင်းမိလို့ အမိုက်မျိုးစေ့, အမိုက်ဓာတ် ကူးစက်လာပါက ဒီကိုယ်ခန္ဓာကို စွန့်လွှတ်ရတာနဲ့တစ်ပြိုင်နက် သံကိစ္စရှင်ရသေ့က ဖွင့်ဖော်ပြသထားတဲ့ ငရဲတွေမှာ ဒုက္ခခံလို့ ဆုံးမှာမဟုတ်တော့ပါ၊ သူတော်ကောင်းကို ပေါင်းမိလို့ အလိမ္မာမျိုးစေ့, အလိမ္မာဓာတ် ကူးစက်လာပါက နောင်အခါ နတ်ပြည်မှာ ချမ်းသာသုခခံစားရမှာ ဖြစ်ပါတယ်။

ဒါတွေဟာ ဒီဝတ္ထုကရတဲ့ သင်ခန်းစာ ဖြစ်ပါတယ် အရှင်ဘုရား"။

"အေးအေး– ဟုတ်တယ်၊ ဒီလောက်ပြောတတ်ရင်တော်ပါပြီ၊ သင်တန်းသူသင်တန်းသား အကုန်လုံးပဲ စူးစူးစိုက်စိုက် မှတ်မှတ်သားသား နားထောင်ထားပါ၊ နောင်လဲ သင့်တော်သလို အလှည့်ကျမေးသွားမှာ ဖြစ်တယ်"။

မသူတော်ပေါင်းဖက် ကိုယ်ကျိုးပျက်

မသူတော်အား, ချီးမြှောက်ထား, ကြီးမားဒုက္ခ တွေ့ရပါ၊
အဇာတသတ်, ဖကိုသတ်, လွဲလတ်မင်္ဂဖိုလ်သာ၊

၁။ ဇာတ်–၄–၁၊ ၅၃၄။

http://www.dhammadownload.com

ဒေဝဒတ်ဟာ ဘုရားရှင်ရဲ့ ဆန့်ကျင်ဘက်ရန်သူ ဖြစ်ပါတယ်၊ သီလရှိသူလဲ မဟုတ်ပါ၊ ယုတ်မာသောကိုယ်ကျင့်ရှိသူသာ ဖြစ်ပါတယ်၊ အဇာတသတ်မင်းက သူတော်မဟုတ် သူယုတ်ဖြစ်တဲ့ အဲဒီဒေဝဒတ်ကို ကြည်ညိုနေပါတယ်၊ ငွေကြေး အမြောက်အမြား အကုန်အကျခံပြီး ဂယာသီသမှာ ကျောင်းဆောက် ကိုးကွယ်ထား ပါတယ်။

အဇာတသတ်မင်းရဲ့ အဖေဖြစ်တဲ့ ဗိမ္ဗိသာရမင်းဟာ တရားနှင့်အညီ ထီးဖြူ အုပ်ချုပ် မင်းလုပ်နေသူ ဖြစ်ပါတယ်၊ ဘုရားရှင်ကို အစပထမ ဖူးတွေ့ရတုန်းကပင် သောတာပန်ဖြစ်လာခဲ့သူလဲ ဖြစ်ပါတယ်။

အဇာတသတ်က ဒေဝဒတ်ရဲ့စကားကို လိုက်နာပြီး သောတာပန်အရိယာဖြစ်တဲ့ အဖေကို အသတ်ခိုင်းခဲ့ပါတယ်၊ ဒါနဲ့ မိမိရဲ့ သောတာပတ္တိမဂ်ဖိုလ်ကို ရနိုင်လောက်တဲ့ အကြောင်းကို ဖျက်ဆီးပစ်လိုက်ပါတယ်၊ ဒါ့ကြောင့် လက်ရှိဘဝမှာရော, နောင်ဘဝ မှာရော အကြီးအကျယ် ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်လာခဲ့ရပါတယ်။

နောက်ပိုင်းမှာ သူ့ဆရာဖြစ်တဲ့ ဒေဝဒတ်ကို မြေမျိုသွားတယ်–ဆိုတဲ့ သတင်းဆိုး ကြီးကို ကြားရတဲ့အခါ ငါ့ကိုလဲ မြေမျိုဦးမှာလား–လို့တွေးပြီး မင်းစည်းစိမ်ချမ်းသာကို မခံစားနိုင်တော့ပါ၊ ချမ်းချမ်းသာသာလဲ အိပ်စက်လို့မရတော့ပါ၊ တုန်တုန်လှုပ်လှုပ်သာ လှည့်ပတ်သွားလာနေရပါတော့တယ်၊ အခုပဲ မြေကြီးအက်ကွဲလာသလို, အဝီစိက မီးလျှံတွေ ထွက်လာသလို, မြေအမျိုခံရသလို, အလျှံတပြောင်ပြောင် တောက်လောင် နေတဲ့ သံမြေပြင်မှာ ပက်လက်အအိပ်ခိုင်းထားပြီး သံတံကျင်တွေနဲ့ အထိုးခံနေရသလို ထင်မြင်နေပါတော့တယ်။

အဇာတသတ်မင်းက ကိုယ့်အပြစ်ကို သတိရတာနဲ့ ဘုရားရှင်ကို ဖူးမျှော်လို ပါတယ်၊ ကန်တော့လိုပါတယ်၊ ပြဿနာမေးလိုပါတယ်၊ ဒါပေမယ့် ကိုယ့်အပြစ်က ကြီးလေးလှတဲ့အတွက် ဘုရားရှင်ထံ ချဉ်းကပ်ဖို့ရန် မဝံ့မရဲ ဖြစ်နေပါတယ်။

ဒီတော့ကာ ပြစ်မျိုးကွာကင်း ထွန်းလင်းတောက်ပြောင် လရောင်တွေနဲ့ အင်မတန် သာယာနေတဲ့ တန်ဆောင်မုန်း လပြည့်နေ့ရဲ့ ညဉ့်အချိန်မှာ သမားတော်ဇီဝကကို ရှေ့ဆောင်ပြုလုပ်ပြီး ဘုရားရှင်ထံ ရောက်သွားပါတယ်၊ အဇာတသတ်မင်းက မေးမြန်း လျှောက်ထားတဲ့ ပြဿနာကို ဖြေကြားတဲ့အနေနဲ့ ဘုရားရှင်က သာမညဖလသုတ်ကို ဟောပြတော်မူပါတယ်၊ သုတ်အဆုံးမှာ ဝမ်းမြောက်ဝမ်းသာ ဘုရားရှင်ကို ရှိခိုးပြီး ပြန်ထွက်လာခဲ့ပါတယ်။

"ရဟန်းတို့ ! ဒီအဇာတသတ်မင်းဟာ တရားသဖြင့် မင်းပြုနေတဲ့ အဖေကို မသတ်ခဲ့ရင် ဒီနေရာမှာပဲ သောတာပတ္တိမဂ်ဉာဏ်ကို ရမှာပဲ၊ သူတော်မဟုတ်

http://www.dhammadownload.com

သူယုတ်မာဖြစ်တဲ့ ဒေဝဒတ်ကို ချီးမွှော်ကိုးကွယ်မိတဲ့အတွက် သောတာပတ္တိမဂ်ဖိုလ်က လွဲရပါတော့တယ်"။

ဒါကတော့ အဇာတသတ်မင်း ထွက်သွားလို့ မကြာမီမှာပဲ ဘုရားရှင်က ရဟန်းတို့အား မိန့်ကြားလိုက်တဲ့ စကားတော် ဖြစ်ပါတယ်။

"မောင်ဝေထွန်းက ပြောစမ်းပါဦး၊ ဒီဝတ္ထုက ဘာသင်ခန်းစာရတယ် ဆိုတာကို"။

"ဘာသာရေးမှာပဲဖြစ်ဖြစ်, စီးပွားရေးမှာပဲဖြစ်ဖြစ်, ရပ်ရေးရွာရေးမှာပဲ ဖြစ်ဖြစ်, နိုင်ငံရေးမှာပဲဖြစ်ဖြစ် လူမိုက်ကို ခေါင်းဆောင်မတင်သင့်၊ လူမိုက်ရဲ့ တပည့်, လူမိုက်ရဲ့နောက်လိုက် မဖြစ်သင့်ဆိုတာဟာ ဒီဝတ္ထုကရတဲ့ သင်ခန်းစာ ဖြစ်ပါတယ် အရှင်ဘုရား"။

လူမိုက်နောက်မှ နောင်တရ

ဆိုးသူရောယှက်, ပေါင်းသည်ထက်, တိုးတက်ဆိုးတာ မရှိပါ၊
ကောင်းသူနှစ်သက်, ပေါင်းသည်ထက်, တိုးတက်ကောင်းတာ မရှိပါ။

ဗာရာဏသီမြို့မှာ ထီးဖြူအုပ်ချုပ် မင်းလုပ်နေတဲ့ ပြဟ္မဒတ်မင်းဟာ အသားအလွန်ကြိုက်ပါတယ်၊ အသားဟင်းမပါဘဲ ပွဲတော်တည်လေ့ မရှိဘူးတဲ့၊ တစ်နေ့မှာ စားတော်ချက်(ရသက)က ပေါ့ဆတဲ့အတွက် အသားတွေကို နန်းတော်တွင်းမှာ မွေးထားတဲ့ ခွေးတွေက စားသွားကြပါတယ်၊ စားတော်ချက်က ကြံရာမရတဲ့အဆုံးမှာ လူသေကောင်ကို ပစ်ထားတဲ့ သုသာန်ကို ထွက်သွားပါတယ်၊ သေပြီးခါစ သုသာန်မှာ ပစ်ထားတဲ့ လူတစ်ယောက်ရဲ့ ပေါင်သားကို လှီးဖြတ်ယူလာပါတယ်၊ အဲဒီလူသားကို ကောင်းစွာချက်ပြုတ်ပြီး စားတော်ပွဲကို ဆက်ပါတယ်။

ပြဟ္မဒတ်မင်းက အလွန်ခံတွင်းတွေ့သွားတဲ့အတွက် စားတော်ချက်ကို အတင်းအကြပ်စစ်မေးလို့ လူသားဖြစ်ကြောင်းကို သိရတဲ့အခါ အကျဉ်းသားတွေကို တစ်နေ့တစ်ယောက် အချက်ခိုင်းပြီး စားနေပါတယ်၊ အကျဉ်းထောင်မှာ လူကုန်သွားတဲ့အခါ လမ်းကြိုလမ်းကြားမှာ တွေ့ရတဲ့ လူတွေကို နည်းမျိုးစုံနဲ့ ဖမ်းယူခိုင်းပြီး ချက်ပြုတ်စားသောက်နေပါတယ်။

ဒီအကြောင်းကို သိရတော့ တိုင်းသူပြည်သားတွေက ကာဠဟတ်စစ်သူကြီးနှင့် တိုင်ပင်ပြီး ပြဟ္မဒတ်မင်းကို တိုင်းပြည်က နှင်ထုတ်လိုက်ကြပါတယ်၊ သူရဲ့သားကြီးကို မင်းမြှောက်ထားကြပါတယ်။

၁။ ဇာတ်-၄-၅၊ ၄၉၅။

http://www.dhammadownload.com

ဗြဟ္မဒတ်မင်းက သံလျက်တစ်ချောင်း, ဒယ်အိုးတစ်လုံးနှင့် ရသကကို ခေါ်ယူပြီး မြို့က ထွက်လာခဲ့ပါတယ်၊ တောအုပ်တစ်ခုကို ရောက်တဲ့အခါ အရိပ်အာဝါသ ကောင်းတဲ့ ညောင်ပင်တစ်ပင်အောက်မှာ ၂-ယောက်သား နေထိုင်ကြပါတယ်၊ လူသားကိုစားတဲ့အတွက် ဗြဟ္မဒတ်မင်းကို "ပေါရိသာဒ"လို့ ခေါ်ကြပါတယ်။

ပေါရိသာဒက ခရီးသွားတွေကို ဖမ်းယူသတ်ဖြတ်ပေးပါတယ်၊ အဲဒါကို ရသကက ချက်ပေးပါတယ်၊ ဒီလိုပဲ သူတို့ ၂-ယောက်က တောတွင်းမှာ အသက်မွေး နေထိုင်ကြပါတယ်၊ အဲဒီလို နေထိုင်ကြရင်း လူသားရှာမရတဲ့ တစ်နေ့မှာ ပေါရိသာဒက ရသကကို သတ်ဖြတ်ချက်ပြုတ်စားသောက်ပစ်လိုက်ပါတယ်၊ အဲဒီအချိန်က စပြီး ပေါရိသာဒတစ်ဦးတည်းသာ ရှိနေပါတော့တယ်။

တစ်နေ့မှာ ပေါရိသာဒက ပုဏ္ဏားကုန်သည်တစ်ယောက်ကို ဖမ်းယူလာပါတယ်၊ ပုဏ္ဏားရဲ့လူတွေက ဝိုင်းအုံလိုက်လာကြတဲ့အတွက် ခြံစည်းရိုးတစ်ခုကို ခုန်လိုက်တဲ့ အခါမှာ ခြေဖဝါးကို ရှားငုတ်စူးသွားပါတယ်၊ ရှားငုတ်က ခြေဖမိုးထိအောင် ဖောက်ထွင်းသွားပါတယ်၊ ဒါနဲ့ပဲ ပုဏ္ဏားကို စွန့်လွှတ်ထားခဲ့ရပါတယ်၊ ကိုယ့်နေရာကို ပြန်လာပြီး ညောင်မြစ်ပျဉ်းကြားမှာ ဝင်ရောက်အိပ်နေပါတယ်။

၇-ရက်လောက်ရှိတဲ့အခါ အနာက အလိုအလျောက် ပျောက်ကင်းသွားပါတယ်၊ ဒါကိုပဲ ပေါရိသာဒက ညောင်စောင့်နတ် မ-စလို့ ပျောက်တာပဲ-ဆိုတဲ့ အထင်နဲ့ နတ်ပူဇော်ပသရအောင်လို့ ၇-ရက်အတွင်းမှာ မင်းပေါင်းတစ်ရာကို ဖမ်းယူလာခဲ့ ပါတယ်၊ လက်ဝါးတွေကိုဖောက်လို့ ကြိုးနဲ့သီပြီး ညောင်ကိုင်းမှာ တစ်ဦးစီ တစ်ဦးစီ ဆွဲထားပါတယ်။

ညောင်စောင့်နတ်က မင်းတွေကိုသနားတဲ့အတွက် သိကြားမင်းကို လျှောက်ထား တဲ့အခါ သိကြားမင်းက အကြံပေးလိုက်တဲ့အတိုင်း ပရိယာယ်ဉာဏ်ဆင်ပြီး ကုရုတိုင်း ဣန္ဒပတ္ထနဂိုမြို့မှာ ကောရဗျမင်းရဲ့သား သုတသောမမင်းကို ဖမ်းယူပူဇော်ပသမှ လက်ခံမယ်လို့ ကိုယ်ထင်ပြပြီး ပြောဆိုနေပါတယ်၊ ဒါ့ကြောင့် ပေါရိသာဒက သုတ သောမမင်းကိုလဲ သွားရောက်ဖမ်းယူလာပါတယ်။

အဲဒီ အချိန်မှာ သုတသောမမင်းက ပေါရိသာဒအား ဆုံးမပြောဆိုမှုကိုလဲ ပြုပါတယ်၊ လူသားစားခြင်းက ရောင်ကြဉ်အောင်လဲ ဖျောင်းဖျပြောဆိုပါတယ်၊ မင်းတွေကိုလဲ အလွတ်ခိုင်းပါတယ်၊ ဗာရာဏသီမြို့မှာ ပြန်လည်မင်းပြုရန်လဲ ပြောဆို ပါတယ်။

ဒီတော့ ပေါရိသာဒက 'လူမိုက်နောက်မှ နောင်တရ'ဆိုသလို မိတ်ဆွေကောင်းနှင့် ပေါင်းသင်းရတာထက် ကောင်းတာလို့ မရှိတော့ဘူးမိတ်ဆွေယုတ်နှင့် ပေါင်းဖော်ရ

http://www.dhammadownload.com

တာထက် ယုတ်မာတာလို့ မရှိတော့ဘူး–ဆိုတဲ့ သဘောနဲ့ သုတသောမမင်းအား ချီးကျူးပြောဆိုနေပါတယ်။

"အရှင်မင်းမြတ် ! လဆုတ်ပက္ခလဟာ တစ်နေ့ပြီးတစ်နေ့ ဆုတ်ယုတ်နေသလို သူတော်မဟုတ် သူယုတ်မာတို့နှင့် ပေါင်းဖော်နေထိုင်ရခြင်းဟာ လဆုတ်ပက္ခလနှင့် တူလှပါတယ်။

ရသက–ဆိုတဲ့ အလွန်ယုတ်မာတဲ့ စားတော်ချက်ကို အကြောင်းပြုပြီး အကျွန်ုပ်ဟာ ဒုဂ္ဂတိဘုံဘဝသို့ ရောက်ရမယ့် မကောင်းမှုအကုသိုလ်ကံကို ပြုလုပ်လာခဲ့မိပါတယ်။

လဆန်းပက္ခလဟာ တစ်နေ့ပြီးတစ်နေ့ တိုးလို့တိုးလို့သာ လာသလို သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်းဟာ လဆန်းပက္ခလနှင့် တူလှပါတယ်။

အရှင်သုတသောမမင်း ! ရွှေနားဆင်တော်မူပါဦး၊ အကျွန်ုပ်ဟာ အရှင်မင်းမြတ်ကို အကြောင်းပြုလို့ ကောင်းသောဘုံဘဝကို လားရောက်ရအောင် အပြစ်မရှိတဲ့ ကောင်းသောအကျိုးကိုပေးတတ်တဲ့ ကုသိုလ်ကောင်းမှုကို ပြုလုပ်ရပါလိမ့်မယ်။

အရှင်မင်းမြတ် ! ကြည်းကုန်းမှာ ရှာတဲ့ မိုးရေဟာ ကြာရှည်လေးမြင့် တည်မနေသလို သူတော်မဟုတ် သူယုတ်မာတို့နှင့် ပေါင်းခြင်းဟာ ကြည်းကုန်းမှာ ရှာတဲ့ မိုးရေလို မရှည်ကြာတဲ့ကာလ ရှိပါတယ်။

အရှင်မင်းမြတ် ! သမုဒ္ဒရာမှာ ရှာတဲ့မိုးရေဟာ ကြာရှည်လေးမြင့် တည်တဲ့နေသလို သူတော်ကောင်းတို့နှင့် ပေါင်းဖော်ရခြင်းဟာ သမုဒ္ဒရာမှာ ရှာတဲ့မိုးရေလို ကြာရှည်လေးမြင့် တည်နေခြင်း ရှိပါတယ်။

အရှင်မင်းမြတ် ! သူတော်ကောင်းတို့နှင့် ပေါင်းဖော်ရခြင်းဟာ မပျက်စီးခြင်းသဘော ရှိပါတယ်၊ အသက်ရှည်သမျှကာလပတ်လုံး အလားတူပဲဖြစ်ပါတယ်၊ (မိတ်ဆွေရဲ့အဖြစ် မပျက်စီးပါ၊) သူတော်မဟုတ် သူယုတ်မာတို့နှင့် ပေါင်းဖော်ခြင်းဟာ လျင်မြန်စွာ ပျက်စီးတတ်ပါတယ်၊ ဒါ့ကြောင့် သူတော်ကောင်းတွေရဲ့တရားဟာ မသူတော်တို့မှ ဝေးကွာလှပါတယ်"။

ပေါရိသာဒရဲ့ စကားအဆုံးမှာပဲ သုတသောမမင်းက ပေါရိသာဒနှင့် တစ်ရာမျှသောမင်းတို့ကို ခေါ်ယူပြီး ထွက်လာခဲ့ပါတယ်၊ ဗာရာဏသီမြို့နားကို ရောက်တဲ့အခါ ပေါရိသာဒအား ထားပစ်ခဲ့မှာကို စိုးတဲ့အတွက် မြို့သူမြို့သားတွေက မြို့တံခါးကို ပိတ်ပြီး လက်နက်စွဲကိုင်နေကြပါတယ်။

http://www.dhammadownload.com

သုတသောမမင်းက အဖော် ၂-ယောက် ၃-ယောက်မျှနဲ့ လာပြီး မြို့တံခါးကို အဖွင့်ခိုင်းပါတယ်၊ နန်းတော်ပေါ်ကိုတက်ပြီး ဗြဟ္မဒတ်မင်းရဲ့သားတော်, စစ်သူကြီးနှင့် မိဖုရားတို့အား အကျိုးသင့် အကြောင်းသင့် ပြောပြပါတယ်။

"မအောင်သင့်တဲ့ မိဘကို အောင်သူဟာ သားမပီသဘူး၊ မိတ်ဆွေဖြစ်သူကို မတရားတဲ့နည်းနဲ့ အနိုင်ယူသူလဲ မိတ်ဆွေမပီသဘူး၊ လင်ကိုမလေးစားတဲ့ မိန်းမလဲ မယားမပီသဘူး၊ သက်ကြီးရွယ်အိုမိဘကို မလုပ်ကျွေးသူလဲ သားသမီး မပီသဘူး။

ပညာရှိမပါတဲ့ အစည်းအရုံးဟာ အစည်းအရုံးမစစ်ဘူး၊ ဟုတ်မှန်တဲ့ တရားကို မပြောဆိုတတ်သူတွေဟာ သူတော်ကောင်းမပီသဘူး၊ တပ်မက်မှု (ရာဂ), အမျက်ထွက်မှု(ဒေါသ), မိုက်မဲတွေဝေမှု(မောဟ)တို့ကို စွန့်ပယ်ပြီး ဟုတ်မှန်တဲ့သဘောကို ပြောဆိုတတ်တဲ့ သူတွေကသာ သူတော်ကောင်းများ ဖြစ်ကြပါတယ်။

လူမိုက်တွေနှင့် ရောနှောနေတဲ့ ပညာရှိကို စကားမပြောရင် ပညာရှိ ဖြစ်တယ်ဆိုတာကို မသိနိုင်ကြပါဘူး၊ သေခြင်းကင်းတဲ့ နိဗ္ဗာန်ကို ပြောဟော တတ်သူကို ပြောကြားမှသာ ပညာရှိဖြစ်တယ်ဆိုတာကို သိကြရပါတယ်။

(ဒါ့ကြောင့်) တရားသဘောကို ပြောကြားရမယ်၊ ထွန်းပစေရမယ်၊ သူတော် ကောင်းတွေရဲ့ တရားဆိုတဲ့အလံကို ချီမြှောက်ကြရမယ်၊ သူတော်ကောင်းတွေ ဆိုတာဟာ ကောင်းစွာဟောကြားထားတဲ့ တရားဆိုတဲ့အလံ ရှိနေကြပါတယ်၊ တကယ်ပဲ တရားတော်ဟာ သူတော်ကောင်းတွေရဲ့အလံ ဖြစ်ပါတယ်။

ငါက ဆုံးမထားလို့ ပေါရိသာဒဟာ ၅-ပါးသီလမှာ တည်နေပါပြီ၊ သူ့အသက် ကိုလဲ မသတ်တော့ပါဘူး၊ လူ့အသားကိုလဲ မစားတော့ပါဘူး"။

သုတသောမမင်းကြီးရဲ့ စကားကို ကြားရတဲ့အခါ အကုန်လုံးက တိုင်ပင်ညှိညွှတ်ကြပြီး ပေါရိသာဒကို ပြန်ခေါ်ကြပါတယ်၊ ဆဲမုတ်ဆိတ်တွေကို ပြုပြင်ပေးကြပါတယ်၊ ရေမိုးချိုးပြီး တန်ဆာဆင်လို့လဲ ပေးကြပါတယ်၊ ရတနာပုံပေါ်မှာ တင်လျက် အဘိသိက်သွန်းကြပြီးတဲ့နောက် မြို့ထဲကို ပင့်ခေါ်သွားကြပါတယ်။

ပေါရိသာဒမင်းက မင်းပေါင်းတစ်ရာနှင့် သုတသောမမင်းတို့အား ကြီးကျယ်တဲ့ ပူဇော်မှုကို ပြုလုပ်ပါတယ်။

"ကိုင်း- ဝတ္ထုဆုံးသွားတော့ ဒီဝတ္ထုက ဘာသင်ခန်းစာရလိုက်တယ်- ဆိုတာကို မတင့်တင့်ဝေက ပြောပြစမ်းပါဦး"။

http://www.dhammadownload.com

"လူမိုက်နှင့် ပေါင်းသင်းတာဟာ အလွန်ဆိုးဝါးပြီး ပညာရှိသူတော်ကောင်းနှင့် ပေါင်းသင်းတာက အလွန်အကျိုးရှိတယ်–ဆိုတာကို ဒီဝတ္ထုက သေချာတိကျ ဖော်ပြထားပါတယ်၊ ဒါ့အပြင် လူမိုက်နှင့် ပေါင်းသင်းမိလို့ ပျက်စီးချင်တိုင်း ပျက်စီးနေသူက ပညာရှိနှင့်တွေ့ရလို့ ပညာရှိရဲ့ဆုံးမသြဝါဒကို လိုက်နာရင် လူကောင်းပြန်ဖြစ်လာတတ်ပါတယ်၊ ဒါတွေဟာ ဒီဝတ္ထုက ရလိုက်တဲ့ သင်ခန်းစာဖြစ်ပါတယ် အရှင်ဘုရား"။

ဆိုးညံ့ပေါင်းဖက် ဆိုးကျူးစက် ၁

တမာ သရက်, မြစ်ရောယှက်, ခါးသက်ကူးလာ သရက်မှာ၊
ဆိုးဝါးလူပျက်, တူပေါင်းဖက်, ဆိုးပျက်ကူးလာ ပေါင်းသူမှာ။

သူတော်မဟုတ် သူယုတ်မာတို့နှင့် ပေါင်းသင်းခြင်းဟာ ဆိုးဝါးလှပါတယ်၊ ယုတ်ညံ့လှပါတယ်၊ အကျိုးမဲ့ကိုသာ ပြုတတ်ပါတယ်၊ လူသားတွေက လူမိုက်နှင့် ပေါင်းသင်းနေထိုင်ခြင်းရဲ့ အကျိုးမဲ့ကို ရရှိခြင်းနှင့်စပ်လို့ ပြောဆိုဖွယ်ပင် မလိုတော့ပါ၊ သာယာဖွယ်ကင်းကွာ ခါးသောအရသာရှိတဲ့ တမာပင်နှင့် ရောနှော ယှက်တင် တွဲယှဉ်ပေါင်းဖော်မှုကို အကြောင်းပြုလို့ နတ်တို့ရဲ့အရသာလို ချိုမြိန်သော အရသာရှိတဲ့ စေတနာမရှိသော သရက်ပင်ကတောင်မှ အချိုကင်းကွာ ခါးတဲ့အသီးကို သီးလာရပါတယ်။

ဗာရာဏသီမြို့မှာ ဒဓိဝါဟနမင်းက မင်းပြုနေပါတယ်၊ တစ်နေ့မှာ ဒဓိဝါဟနမင်းက ပိုက်တွေနဲ့ ကာရံထားပြီး မြစ်ထဲမှာ ရေကစားနေပါတယ်၊ ကဏ္ဍမုဏ္ဍရေအိုင်က နတ်တို့ရဲ့ အသုံးအဆောင်ဖြစ်တဲ့ သရက်သီးတစ်လုံး မျောပါလာပြီး ပိုက်မှာ ငြိနေပါတယ်။

အဲဒီ သရက်သီးရဲ့အသားကို စားပြီး အစေ့ကို မင်းဥယျာဉ်မှာ အစိုက်ခိုင်းထားပါတယ်၊ အပင်ရင်းကို ရေအစား နို့ရည်နဲ့ သွန်းလောင်းခိုင်းထားပါတယ်၊ သရက်ပင်က ရွှေအဆင်းနှင့်တူတဲ့ အသီးတွေ သီးလာပါတယ်၊ ချိုမြိန်ကောင်းမြတ်တဲ့ အရသာရှိပါတယ်။

ဒဓိဝါဟနမင်းက အခြားမင်းများထဲ သရက်သီးလက်ဆောင် ပို့တဲ့အခါမှာ အပင်မပေါက်နိုင်အောင် မျိုးစေ့ကိုဖျက်ပြီးမှ ပို့ပါတယ်၊ ဒီအကြောင်းကို သိရတော့ မင်းတစ်ပါးက ဥယျာဉ်မှူးတစ်ယောက်ကို ဗာရာဏသီမြို့သို့ စေလွှတ်လိုက်ပါတယ်၊ ဥယျာဉ်မှူးက မိမိရဲ့ အစွမ်းသတ္တိကို ဒဓိဝါဟနမင်းအား ပြသပါတယ်၊ ဒဓိဝါဟန

http://www.dhammadownload.com

မင်းက သဘောကျတာနဲ့ ရှေးဥယျာဉ်မှူးနှင့် ဝင်္ဂဖက်ခိုင်းထားပါတယ်၊ နောက်ပိုင်းမှာ ဥယျာဉ်မှူးဟောင်းကို ပယ်ရှားပြီး သူတစ်ယောက်တည်းအား ဥယျာဉ်ကို အပ်ထားလိုက်ပါတယ်။

ဥယျာဉ်တစ်ခုလုံး သူ့လက်ထဲကို ရောက်လာတဲ့အခါ နောက်မှရောက်လာတဲ့ ဥယျာဉ်မှူးက သရက်ပင်ရဲ့ ဘေးပတ်လည်မှာ တမာပင်နှင့် ခွေးတောက်နွယ်တို့ကို စိုက်ပျိုးထားလိုက်ပါတယ်၊ တမာပင်တွေကြီးလာတဲ့အခါ သရက်ပင်နှင့် အမြစ်ချင်း, အကိုင်းချင်း ရောယှက်နေကြပါတော့တယ်။

ဒီလို သာယာဖွယ်ကင်းကွာ ခါးသောအရသာရှိတဲ့ တမာပင်နှင့် ရောယှက်နေတဲ့ အတွက် ထိုမျှလောက် ချိုမြိန်ကောင်းမြတ်သော အရသာရှိတဲ့ သရက်သီးတွေက ခါးလာခဲ့ရပါတော့တယ်၊ ဒီအကြောင်းကို သိရတော့ ဒဓိဝါဟနမင်းက ဘုရားလောင်း ပညာရှိကို ပေးပါတယ်။–

"ဒီသရက်ပင်ဟာ ရှေးတုန်းကတော့ အင်မတန် အဆင်းအနံ့အရသာနှင့် ပြည့်စုံပါတယ်၊ ရှေးတုန်းကလိုပဲ ပြုပြင်ပေးနေပါတယ်၊ အခု ဘာ့ကြောင့် ခါးတဲ့အသီးကို သီးလာရပါသလဲ ?"။

"အရှင်မင်းမြတ်ရဲ့ သရက်ပင်ကို တမာပင်တွေက ခြံရံနေပါတယ်၊ အမြစ်ချင်း ရောယှက်နေပါတယ်၊ အကိုင်းချင်းလဲ ရောယှက်နေပါတယ်၊ သာယာဖွယ်မရှိတဲ့ တမာပင်နှင့် ရောယှက်နေတဲ့အတွက် သရက်ပင်က ခါးတဲ့အသီးတွေ သီးလာရပါတယ်"။

ဒီစကားကို ကြားရတယ်–ဆိုရင်ပဲ ဒဓိဝါဟနမင်းက တမာပင်, ခွေးတောက်ပင်တွေကို အမြစ်ပါမကျန် နုတ်ပစ်စေပါတယ်၊ တမာခွေးတောက်မောက်ဝင်နေတဲ့ မြေမှုန့်တွေကို ပယ်ပြီး ကောင်းတဲ့မြေတွေကို ထည့်စေပါတယ်၊ အပင်ရင်းကိုလဲ နို့ရည်, နံ့သာရည်တွေနဲ့ လောင်းစေပါတယ်၊ ဥယျာဉ်မှူးဟောင်းအား ဥယျာဉ်ကို ပြန်အပ်ထားပါတယ်၊ သရက်ပင်လဲ မကြာမီမှာပင် ချိုတဲ့အသီးကို သီးလာပါတယ်။

"ဒီဝတ္ထုက ဘာတွေကို ဖော်ပြနေတယ်ဆိုတာကို မောင်လှသန်းက ပြောပြပါဦး"။

"တမာသရက်မြစ်ရောယှက်ရင် သရက်ရဲ့ ချိုတဲ့အရသာက တမာကို မကူးဘဲ တမာရဲ့ ခါးတဲ့အရသာကသာ သရက်ကို ကူးစက်လာပါတယ်၊ ဒါကို ထောက်ဆပါက အဆိုးနှင့်အကောင်း ရောနှောထားရင် အဆိုးက အကောင်း ဖြစ်မလာဘဲ အကောင်းကသာ အဆိုးဖြစ်သွားတတ်တယ်၊ လူမိုက်နှင့်လူကောင်း

http://www.dhammadownload.com

ရောနှောပေါင်းသင်းရင်လဲ လူဆိုးက လူကောင်းဖြစ်မလာဘဲ လူကောင်းကသာ လူဆိုးဖြစ်သွားတတ်ပါတယ်–ဆိုတဲ့ နိယာမနှင့် ပြန်ကောင်းလိုက အဆိုးတွေကို ပယ်ရှားပစ်ရမယ်–ဆိုတဲ့ သဘောကို ဒီဝတ္ထုက ဖော်ပြနေပါတယ်။

ဒါ့အပြင် သရက်ပင်က ရောယှက်နေတဲ့ တမာပင်နှင့် ခွေးတောက်ပင်တွေကို ပယ်ရှားပစ်ရုံနဲ့ ပြန်ကောင်းလာရတာ မဟုတ်ပါ၊ မြေဟောင်းတွေကို ပယ်ရှားလို့ မြေကောင်းတွေကို ထပ်ထည့်ပေးမှ ကောင်းလာရတာ ဖြစ်ပါတယ်၊ ဒီတော့ကာ အဆိုးဖြစ်သွားတဲ့ အရာဝတ္ထုတွေကို သုတ်သင်ရှင်းလင်းပြီး အကောင်းနှင့် အတူထားရန်, လူဆိုးဖြစ်သွားသူတွေက **လူ**ကောင်းနှင့် ပြန်ပေါင်းရန်လဲ လိုပါသေးတယ်၊ ဒါကတော့ တပည့်တော်ရဲ့ **ထင်**မြင်ယူဆချက်မျှသာ ဖြစ်ပါတယ် အရှင်ဘုရား"။

မပေါင်းသင့်သူများ ၁၄–ပါး [၃]

ဖြစ်မယ့်စီးပွား, မသိငြား, ရောက်သွား ရန်သူလက်သို့သာ၊
ဖြစ်မယ့်စီးပွား, သိသူကား, လွတ်သွား ရန်သူလက်ကပါ။

ရှေးအခါ ဘုရားလောင်းက ကြက်မျိုးမှာ ဖြစ်နေပါတယ်၊ ကြက်ရာပေါင်းများစွာ ခြံရံပြီး ဝါးရုံတောတစ်ခုမှာ နေပါတယ်၊ သိန်းတစ်ကောင်က ကြက်တွေကို ဖမ်းယူစားသောက်ပစ်ပါတယ်၊ ဘုရားလောင်းတစ်ကောင်တည်း ကျန်တဲ့အခါမှာ မိတ်ဆွေဖွဲ့ရအောင် ဘုရားလောင်းကို နည်းအမျိုးမျိုးနဲ့ ဖြားယောင်းသွေးဆောင်ပါတယ်။

ဘုရားလောင်းက ဒီအကြောင်းအင်္ဂါတွေ ရှိနေတဲ့ ပုဂ္ဂိုလ်မျိုးနှင့် ကျွမ်းဝင်ပေါင်းဖော်မှုကို မပြုသင့်ဘူး–လို့ တစ်တောလုံး ပဲ့တင်ထပ်သွားအောင် ပြောကြားနေပါတယ်၊ နတ်တွေကလဲ သာဓုခေါ်နေကြပါတယ်။

"မကောင်းမှုကို ပြုလုပ်သူနှင့် အကျွမ်းမဝင်သင့်၊ မပေါင်းဖော်သင့်၊ မုသားပြောတတ်သူနှင့်လဲ အကျွမ်းမဝင်သင့်၊ ကိုယ်ကျိုးကိုသာ အလိုရှိလို့ ဆည်းကပ်လာသူနှင့်လဲ အကျွမ်းမဝင်သင့်၊ အယောင်ဆောင်သူတော်ကောင်းမျိုးနှင့်လဲ မပေါင်းသင့်။ (၄)

ရေငတ်နွားနှင့် အလားတူတဲ့ နှုတ်နဲ့သာ အဆွေခင်ပွန်းဖွဲ့တတ်ပြီး ကိုယ်မပါတဲ့သူနှင့်လဲ အကျွမ်းမဝင်သင့်။ (၁)

၁။ ဇာတ်–၄–၄၊ ၅၅။

http://www.dhammadownload.com

[ရေဆာတဲ့ နွားတွေက ရေဆိပ်ကိုဆင်းပြီး ပါးစပ်ပြည့်အောင် ရေကို သောက်ကြပါတယ်၊ ရေနှင့်သက်ဆိုင်တဲ့ အလုပ်တွေကိုတော့ မလုပ်ကြသလို အချို့ပုဂ္ဂိုလ်တွေက ဒါတွေ ဒါတွေကို လုပ်ပေးပါ့မယ်လို့ ချိုသာတဲ့စကားနဲ့ မိတ်ဖွဲ့တတ်ကြပါတယ်၊ ပြောတဲ့အတိုင်းတော့ မလုပ်ကြပါဘူး၊ အဲဒီပုဂ္ဂိုလ်မျိုးတွေနှင့် ပေါင်းသင်းသူဟာ အကျိုးစီးပွား အကြီးအကျယ် ပျက်စီးတတ်ပါတယ်။]

လက်ချည်းသာ လာပြီး နှုတ်နဲ့ ဘာတွေ ဘာတွေကို ပေးပါ့မယ်–လို့ ပြောဆိုတတ်သူနှင့်လဲ အကျွမ်းမဝင်သင့်၊ အရှက်အကြောက် မရှိတဲ့သူနှင့်လဲ အကျွမ်းမဝင်သင့်၊ ကျေးဇူးကို မသိတတ်သူနှင့်လဲ အကျွမ်းမဝင်သင့်။ (၃)

မုန်းလွယ် ချစ်လွယ်သောစိတ်ရှိသူမျိုးနှင့်လဲ အကျွမ်းမဝင်သင့်၊ အန္တရာယ် ပြုရအောင် ပေါင်းဖော်လာသူမျိုးနှင့်လဲ အကျွမ်းမဝင်သင့်။ (၄)

ဒုစရိုက်အလုပ်တွေကို ပြုလုပ်ပြီး စကားမတည်တဲ့ ထက်အောင်သွေးပြီး အဝတ်နဲ့ ဖုံးလွှမ်းထားတဲ့ သဲလျက်နှင့်တူတဲ့ တွေ့သမျှသတ္တဝါတွေကို ညှဉ်းဆဲတတ်သူမျိုးနှင့်လဲ အကျွမ်းမဝင်သင့်။ (၁)

စကားသာ ပြေပြစ်ပြီး စိတ်မပါတဲ့ အဆွေခင်ပွန်းယောင်ပြုကာ အခွင့်အရေးရှာတတ်တဲ့ ပုဂ္ဂိုလ်မျိုးကိုလဲ အကျွမ်းမဝင်သင့်။ (၁)

အဆွေခင်ပွန်းအိမ်မှာ တွေ့ရသမျှ ထမင်းခဲဖွယ်နှင့် ဥစ္စာကို မက်မောတတ်တဲ့အပြင် မိတ်ဆွေကိုပါ ဖျက်ဆီးသွားတတ်တဲ့ ပုဂ္ဂိုလ်(မြင်မြင်သမျှကို လိုချင်မက်မောတတ်တဲ့ ပုဂ္ဂိုလ်)မျိုးကိုလဲ အကျွမ်းမဝင်သင့်။ (၁)

နှုတ်ကသာချိုပြီး စိတ်ကောက်တဲ့ အဆွေခင်ပွန်းမျိုးကိုလဲ မပေါင်းဖော်သင့်။ (၁)

ဖြစ်ပေါ်လာမယ့် အကျိုးစီးပွားကို လျင်မြန်စွာ မသိသူလဲ ရန်သူလက်သို့ ရောက်ရတတ်ပါတယ်၊ နောင်အခါမှာလဲ ပူပန်ရတတ်ပါတယ်။

ဖြစ်ပေါ်လာမယ့် အကျိုးစီးပွားကို လျင်မြန်စွာ သိသူက ရန်သူလက်မှ လွတ်မြောက်ရတတ်ပါတယ်၊ နောင်အခါမှာလဲ မပူပန်ရတော့ပါ။

တောထဲမှာ မုဆိုးကထောင်ထားတဲ့ ကျော့ကွင်းကို သားသမင်တွေက ရှောင်ကြဉ်သလို တရားမကျင့်ဘဲ အမြဲတမ်း အကျိုးစီးပွားကို ဖျက်ဆီးတတ်တဲ့ ပုဂ္ဂိုလ်မျိုးကို ပညာအမြော်အမြင်ရှိသူက အဝေးကြီးက ရှောင်ကြဉ်ရမယ်”။

http://www.dhammadownload.com

ဘုရားလောင်းက သိန်းကို နည်းပရိယာယ်နဲ့ပဲ မောင်းထုတ်ပစ်လိုက်ပါတယ်။

ဒီမပေါင်းသင့်သူများ ၁၄-ပါးတို့ကို ကဗျာစီပြီး ဘောမှာ ရေးပေးထားပါတယ်၊ ပြီးမှ ကူးယူသွားကြတာပေါ့။

၁။ မကောင်းမှုများ, ပြုသူအား, ရှောင်ရှားလေပါ မပေါင်းရာ၊
၂။ လိမ်ညာပြောကြား, ပြုသူအား, ရှောင်ရှားဝေးကွာ၊
၃။ ကိုယ်ကျိုးသာပင်, လိုလားလျှင်, ကျွမ်းဝင်မပေါင်းရာ၊
၄။ ဂုဏ်မရှိငြား, ဂုဏ်ရှိလား, ပြုထားမပေါင်းရာ၊
၅။ နှုတ်ပြောတစ်ခြား, လုပ်တစ်ခြား, ရှောင်ရှားမပေါင်းရာ၊
၆။ လက်ချည်းလာလျက်, နှုတ်သာမြွက်, ပေါင်းဖက်မပြုရာ၊
၇။ ရုက်ကြောက်ကင်းငြား, ထိုသူအား, ရှောင်ရှားဝေးကွာ၊
၈။ ပြုထားကျေးဇူး, ထိန်ချန်မြုံး, အထူးရှောင်ကွာ မပေါင်းရာ၊
၉။ မုန်းလွယ် ချစ်လွယ်, စိတ်အားငယ်, ရှောင်ဖယ်ကြလေပါ၊
၁၀။ အန္တရာယ်ပြုရန်, ပေါင်းလိုပြန်, ဇကန်ရှောင်လေပါ၊
၁၁။ မတည်စကား, ညှဉ်းဆဲများ, ရှောင်ရှားမပေါင်းရာ၊
၁၂။ ပြေပြစ်စကား, ခွင့်ရှာငြား, ရှောင်ရှားကြလေပါ၊
၁၃။ ဥစ္စာစီးပွား, ဖျက်ဆီးသွား, ရှောင်ရှားကြပါ မပေါင်းရာ၊
၁၄။ စိတ်ကောက်နှုတ်ချို, ဆည်းကပ်ခို, အလိုလိုက်ကာ မပေါင်းရာ။

"ဒီဝတ္ထုက ဘာသင်ခန်းစာ ရတယ်-ဆိုတာကို မအုန်းမြင့်က ပြောပြစမ်းပါဦး"။

"မိတ်ဆွေယောင်ဆောင်လာတဲ့ ရန်သူဟာ အင်မတန် ကြောက်စရာကောင်းပါတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးကို အထူးသတိပြုကာ ရှောင်ကြဉ်သင့်ပါတယ်၊ နောင်အခါ ဖြစ်ပေါ်လာမယ့် အကျိုးကို အမှန်အကန်မြင်အောင် ရှုနိုင်မှသာ အဲဒီပုဂ္ဂိုလ်မျိုးရဲ့ ဘေးရန်က လွတ်နိုင်ပါတယ်-ဆိုတာဟာ ဒီဝတ္ထုကရရှိတဲ့ သင်ခန်းစာ ဖြစ်ပါတယ် အရှင်ဘုရား"။

မပေါင်းသင့်သူ, ပေါင်းသင့်သူ

နန္ဒင်းဆိုးနှယ်, ချစ်မုန်းလွယ်, ခင်တွယ်မပေါင်းရာ၊
နှစ်သက်ကျွမ်းဝင်, သည်းခံလျှင်, ချစ်ခင်ပေါင်းသင်းရာ။

http://www.dhammadownload.com

ရှေးအခါက ဘုရားလောင်းဟာ ကာသိတိုင်းဝယ် ချမ်းသာကြွယ်ဝတဲ့ ပုဏ္ဏား မျိုးမှာ ဖြစ်လာခဲ့ပါတယ်၊ အရွယ်ရောက်လာတဲ့အခါ ပညာသင်သွားပါတယ်၊ ပညာ သင်ရာက ပြန်လာတဲ့အချိန်မှာ အိမ်ရာတည်ထောင်ပြီး ကိုယ့်ရပ်ကိုယ့်ရွာမှာပဲ နေထိုင် ပါတယ်၊ သားကလေးတစ်ယောက် ရလာတဲ့အခါ ဇနီးဖြစ်သူက ကွယ်လွန်သွား ပါတယ်၊ ဘုရားလောင်းက သတိသံဝေဂရတာနဲ့ သားကလေးကို ခေါ်ပြီး တောထွက် လာခဲ့ပါတယ်၊ ဟိမဝန္တာမှာ **ရသ္မေလု**ပ်ပြီး သားနှင့်အတူ နေထိုင်ပါတယ်။

တစ်နေ့မှာ ဓားပြတွေက ကျေးလက်တောရွာတစ်ရွာကို လုယူကြပါတယ်၊ လူတွေကိုဖမ်းပြီး ဥစ္စာထုပ်တွေကို အရွက်ခိုင်းကြပါတယ်၊ အဲဒီအထဲမှာ ပါလာတဲ့ အမျိုးသမီးတစ်ယောက်က ဓားပြတွေကို လှည့်ပတ်ထွက်ပြေးလာခဲ့ပါတယ်။

ဘုရားလောင်း ရသ္မေကြီးက သစ်သီးရှာသွားနေချိန်မှာ သားရသ္မေကလေး ရှိနေတဲ့ သခ်ိမ်းကျောင်းကို ရောက်လာပါတယ်၊ မိန်းမမာယာနဲ့ ဖြားယောင်းသွေး ဆောင်ပြီး ရသ္မေကလေးကို သီလပျက်စီးအောင် လုပ်ပါတယ်၊ အဲဒီလို လုပ်ပြီး တဲ့နောက် ရသ္မေကလေးကို ရွာသို့လိုက်ပါရန် ခေါ်ဆောင်ပါတယ်။

ရသ္မေကလေးက အဖေကိုပန်ပြောပါရစေဦး–လို့ ပြောတဲ့အခါ ကျမက လမ်းကို အမှတ်**အသား**ပြုလို့ သွားနှင့်ပါ့မယ်၊ ရှင်က နောက်မှလိုက်ခဲ့တာပေါ့လို့ ပြောဆို မှာထားခဲ့ပြီး **တစ်နေ့**ရာက ထိုင်စောင့်နေပါတယ်၊ သစ်သီးရှာရာက ပြန်ရောက်လာတဲ့ အဖေကို ရသ္မေကလေးက မေးပါတယ်။–

"အဖေရေ ! ကျွန်တော်က ဒီတောအရပ်မှ ရွာကိုရောက်သွားလို့ရှိရင် ဘယ်လိုသီလရှိတဲ့ပုဂ္ဂိုလ်, ဘယ်လိုအကျင့်ရှိတဲ့ပုဂ္ဂိုလ်မျိုးကို မှီဝဲဆည်းကပ် ရပါ့မလဲ ?၊ ပေါင်းသင်းရပါ့မလဲ ?"။

"သားရေ ! သားနှင့်လဲ အကျွမ်းဝင်မယ်၊ အကျွမ်းဝင်တာကိုလဲ နှစ်သက် မယ်၊ သားပြောတာကိုလဲ နားထောင်ချင်မယ်၊ သားအပေါ်မှာလဲ သည်းခံမယ် ဆိုပါရင် တောက ရွာကိုရောက်သွားတဲ့အခါ အဲဒီ ပုဂ္ဂိုလ်မျိုးကို ဆည်းကပ် ပါတော့၊ ပေါင်းသင်းပါတော့။

ကိုယ်နှုတ်စိတ်နဲ့ မကောင်းမှုကို မပြုတဲ့ပုဂ္ဂိုလ်မျိုးကို သားကလေးက အမှေရင်ခွင်မှာ တည်နေသလို တည်နေဆည်းကပ် ပေါင်းသင်းပါတော့။

သုစရိုက်တရားကို ကျင့်နေပေမယ့် ငါကသာ တရားကျင့်တယ်–လို့ မာန်မာန မထားဘဲ စင်ကြယ်စွာ ကုသလကမ္မပထတရားကို ကျင့်နေတဲ့ လူလိမ္မာ–ပညာ ရှိကို ပေါင်းသင်းဆည်းကပ်ပါတော့။

http://www.dhammadownload.com

နန္ဒင်းဆိုးရေလို, မျောက်စိတ်လို ချစ်လွယ် မုန်းလွယ်သော သဘောရှိတဲ့ ပုဂ္ဂိုလ်မျိုးကိုတော့ ဒီမြေအပြင်မှာ အခြားလူတစ်ဦးတစ်ယောက်မျှ မရှိပေမယ့် မမှီဝဲ မပေါင်းသင်းပါနှင့်။

အသိဉာဏ်ရှိသူက အမျက်ထွက်တတ်တဲ့ မြွေပွေးမြွေဟောက်တို့ကို ရှောင်ကြဉ်သလို, မစင်တွေ ပေကျံနေတဲ့ လမ်းမကြီးကို ရှောင်ကြဉ်သလို, ယာဉ်နဲ့သွားသူက မညီညွတ်တဲ့ လမ်းခရီးကို ရှောင်ကြဉ်သလို အဲဒီ ပုဂ္ဂိုလ်မျိုးကို အဝေးကြီးက ရှောင်ကြဉ်ရမယ်။

သားရေ ! လူမိုက်ကို အလွန်အကျွံ မှီဝဲပေါင်းသင်းသူမှာ အကျိုးမဲ့တွေတိုးပွားလာကြပါတယ်၊ (ဒါ့ကြောင့်) သားက လူမိုက်နှင့် မပေါင်းသင်းလေနှင့်၊ လူမိုက်နှင့် ပေါင်းသင်းရတာဟာ အမြဲတမ်း ရန်သူနှင့် ပေါင်းသင်းရသလို ဖြစ်ပါတယ်။

အဖေက တောင်းပန်ပါရစေ၊ အဖေ့စကားကို လိုက်နာစမ်းပါ၊ လူမိုက်နှင့်တော့ ပေါင်းသင်းမှုကို မပြုပါနှင့်၊ လူမိုက်နှင့် ပေါင်းသင်းခြင်းဟာ ဆင်းရဲခြင်းရဲ့အကြောင်း ဖြစ်ပါတယ်”။

အဖေရသေ့ကြီးရဲ့ အဆုံးအမစကားကို ကြားရတဲ့အခါ အဖေနှင့်တူတဲ့ ပညာရှိကို ရနိုင်စရာ မရှိပါဘူး၊ ဒါ့ကြောင့် ဘယ်ကိုမှ မသွားတော့ပါ–လို့ ပြောဆိုပြီး ရသေ့ကလေးက အဖေနှင့်ပဲ အတူနေထိုင်ပါတော့တယ်။

“မောင်ထွန်းရွှေက ဒီဝတ္ထုက ဘာသင်ခန်းစာ ရလိုက်တယ်ဆိုတာကို ပြောပြစမ်းပါဦး”။

“အဖေရသေ့ကြီးရဲ့ ဆုံးမစကားကို ကြားနာရတာနဲ့ပဲ ‘တွေ့ရင်တွေ့ချင်း ဆောက်နဲ့ထွင်း’ဆိုသလို တွေ့တာနဲ့တစ်ပြိုင်နက် သီလပျက်အောင်လုပ်သွားသော စိတ်မတည်ငြိမ်တဲ့ မိန်းမယုတ်နှင့် အကျင့်သီလပြည့်စုံလှတဲ့ အဖေရသေ့ကြီးတို့ကို ချိန်ထိုးကြည့်လိုက်တဲ့အခါ သွေးဆောင်ဖျားယောင်းပြီး ရွာကိုခေါ်နေတဲ့ မိန်းမယုတ်က လူမိုက်ဖြစ်ကြောင်း, အဖေရသေ့ကြီးက သူတော်ကောင်းဖြစ်ကြောင်းကို ကောင်းကောင်းနားလည်သဘောပေါက်ပြီး ရသေ့ကလေးက အဖေရသေ့ကြီးနှင့်သာ ပေါင်းသင်းနေထိုင်သလို တပည့်တော်တို့ လူငယ်တွေကလည်း အကျိုးလိုလို့ ပြောဆိုဆုံးမတဲ့ မိဘဆရာသမားတွေရဲ့ စကားကိုသာ လိုက်နာနေထိုင်ရမယ်၊ မကောင်းတဲ့ အပေါင်းအသင်းတွေရဲ့နောက်ကို မလိုက်ပါသင့်ပါ၊ ဒါဟာ ဒီဝတ္ထုက ရလိုက်တဲ့သင်ခန်းစာ ဖြစ်ပါတယ် အရှင်ဘုရား”။

http://www.dhammadownload.com

သူတော်ဓိုကိုး ပေါင်းရကျိုး [၁]

ပတ္တာနုမောဒ, ကျိုးဖလ, ဒိဋ္ဌရရှိလာ၊
သူတော်ရောယှက်, ပေါင်းသည့်တွက်, အသက်ချမ်းသာ ရရှိပါ။

ကဿပဘုရားရှင်ရဲ့ လက်ထက်တော်က သောတာပန်အရိယာတစ်ယောက်နှင့် ဆတ္တာသည်(ဆံပင်ညှပ်သမား)တစ်ယောက်တို့က သင်္ဃာအတူစီးလာကြပါတယ်၊ အဲဒီသင်္ဃာက ၇-ရက်မြောက်နေ့ သမုဒ္ဒရာအလယ်မှာ ပျက်စီးသွားပါတယ်၊ သူတို့ ၂-ယောက်က ပျဉ်ချပ်တစ်ခုပေါ်မှာ မှီတွယ်ရင်း ကျွန်းကလေးတစ်ခုကို ရောက်သွားကြပါတယ်။

ကျွန်းကလေးကို ရောက်တဲ့အခါ ဆတ္တာသည်က ငှက်ကလေးတွေကို သတ်ဖြတ်ပြီး ဖုတ်ကင်စားသောက်ပါတယ်၊ ဥပါသကာကိုလဲ ပေးပါတယ်၊ ဥပါသကာက မစားပါ၊ ရတနာ ၃-ပါး၊ ဂုဏ်တော်တွေကိုသာ အောက်မေ့နေပါတယ်၊ အဲဒီအချိန်မှာပဲ အဲဒီကျွန်းကလေးမှာနေတဲ့ နဂါးမင်းက မိမိရဲ့ကိုယ်ခန္ဓာကို သင်္ဃာအသွင်ဖန်ဆင်းလိုက်ပါတယ်၊ သမုဒ္ဒရာစောင့်နတ်က သင်္ဃာသူကြီးလုပ်ပါတယ်၊ သင်္ဃာမှာလဲ ရတနာ ၇-ပါး၊ ကို အပြည့်တင်ထားပါတယ်။

ဇမ္ဗူဒိပ်ကျွန်းကို သွားလိုသူများ ရှိပါသလား ?-လို့ သမုဒ္ဒရာစောင့်နတ်က သင်္ဃာပေါ်ရပ်ပြီး ကြွေးကြော်လိုက်ပါတယ်၊ ဥပါသကာက "ကျုပ်လိုက်လိုပါတယ်" ဆိုပြီး သင်္ဃာပေါ်ကို တက်သွားပါတယ်၊ အပေါ်ကိုရောက်သွားလို့ ဆတ္တာသည်ကို ခေါ်တဲ့အခါ သမုဒ္ဒရာစောင့်နတ်က လက်မခံပါ၊ "သူ့မှာ သီလအကျင့်မရှိဘူး၊ ဒါနဲ့ ကျုပ်က ခင်ဗျားအတွက်သာ သင်္ဃာကို ယူလာတာ ဖြစ်ပါတယ်၊ သူ့အတွက် ယူလာတာ မဟုတ်ပါဘူး" လို့လဲ ပြောပါတယ်။

"ဒါဖြင့်ရင်- ရှိပါစေတော့၊ ကျွန်တော်က ကိုယ်တိုင်လှူထားခဲ့တဲ့ အလှူဒါန, စောင့်ရှောက်ခဲ့တဲ့ သီလ, ပွားများခဲ့တဲ့ ဘာဝနာရဲ့ အဖို့ကို သူ့အား ပေးပါတယ်" လို့ ပြောလိုက်ပါတယ်၊ ဆတ္တာသည်ကလဲ "ဝမ်းမြောက်ပါတယ်အရှင်၊ သာဓု, သာဓု" လို့ ပြောဆိုလိုက်ပါတယ်၊ သမုဒ္ဒရာစောင့်နတ်က "အခုတော့ သူ့ကို ခေါ်နိုင်ပြီ" လို့ ပြောဆိုပြီး သင်္ဃာပေါ်တင်ခေါ်လာခဲ့ပါတယ်၊ ဗာရာဏသီမြို့ကို ရောက်တဲ့အခါ မိမိရဲ့တန်ခိုးနဲ့ ဥစ္စာတွေကို သူတို့ရဲ့အိမ်မှာ ထားခဲ့ပါတယ်။

"သူတော်ကောင်းတို့နှင့်သာ ပေါင်းသင့်ပါတယ်၊ ဒီဆတ္တာသည်က ဒီဥပါသကာနှင့်သာ မပေါင်းရလို့ရှိရင် သမုဒ္ဒရာအလယ်မှာ ပျက်စီးရမှာပါပဲ"။

ဒီလိုလဲ ပြောဆိုပါတယ်၊ အဲဒီနောက် ဆက်လက်ပြီး-

၁။ ဇာတ်-၄-၂၊ ၁၀၁။

http://www.dhammadownload.com

"သဒ္ဓါ, သီလ, စွန့်ကြဲခြင်း-ရဲ့အကျိုးကို ရွှစမ်းပါဦး၊ နဂါးက လေ့အသွင်နဲ့ သဒ္ဓါတရားရှိတဲ့ ဥပါသကာကို ဆောင်ပို့ပါတယ်။

သူတော်ကောင်းတို့နှင့်သာ ပေါင်းသင့်ပါတယ်၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်းမှုကို ပြုသင့်ပါတယ်၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်းတဲ့အတွက် ဆတ္တာသည်က ချမ်းသာမှုကို ရရှိပါတယ်"။

ဒီလိုလဲ ပညာရှိတို့နှင့် ပေါင်းသင်းရခြင်းရဲ့ ဂုဏ်ကျေးဇူးကို ပြောဆိုထားခဲ့ပါတယ်။

"ဒီဝတ္ထုက ဘာသင်ခန်းစာရတယ်-ဆိုတာကို မအုန်းပွင့်က ပြောစမ်းပါဦး"။

"သဘော်ပျက်လို့ ဒုက္ခရောက်နေတဲ့ အချိန်မှာ သူ့အသက်ကို သတ်ဖြတ်စားသောက်နေတဲ့ ဆတ္တာသည်ဟာ လူမိုက်အစစ်ဖြစ်ပါတယ်၊ ဥပါသကာက သူ့အသက်ကိုသတ်မှာ အသာထား၊ ဆတ္တာသည်က ပေးတာကိုပင် မစားပါ၊ ရတနာ ၃-ပါး၊ ဂုဏ်တော်ကိုသာ ဆင်ခြင်နေပါတယ်၊ သူတော်ကောင်းအစစ် ဖြစ်ပါတယ်။

ဒါ့ကြောင့် သူတော်ကောင်းကို နတ်ကောင်း မ-လာရပါတယ်၊ ဥပါသကာက သူလုပ်ထားသမျှ ကုသိုလ်ကောင်းမှုကို အမျှဝေလို့ သာဓုခေါ်လိုက်တယ်-ဆိုရင်ပဲ သူတော်ကောင်းဓာတ်, သူတော်ကောင်းမျိုးစေ့ ကူးစက်လာတဲ့အတွက် ဆတ္တာသည်လဲ နတ်ကောင်း အမ-ခံလာရပါတယ်။

ဒါကိုထောက်တော့ လူလိမ္မာ-ပညာရှိတွေရဲ့ ကောင်းတဲ့အလုပ်ကို နှစ်သက်သဘောကျရင် အလိမ္မာဓာတ်, အလိမ္မာမျိုးစေ့ အလွယ်တကူ ကူးစက်နိုင်သလို လူမိုက်ရဲ့ မကောင်းတဲ့အလုပ်ကို နှစ်သက်သဘောကျရင်လဲ အမိုက်ဓာတ်, အမိုက်မျိုးစေ့ အလွယ်တကူပဲ ကူးစက်နိုင်ပါတယ်၊ ဒါဟာ ဒီဝတ္ထုကရတဲ့ သင်ခန်းစာဖြစ်ပါတယ် အရှင်ဘုရား"။

အုပ်ထိန်းသူပမာ ကျင့်တတ်ပါ ၁

လူမိုက်ရှောင်ရှား, လူကောင်းများ, ခစားမြဲစွာ ဆည်းကပ်ပါ၊
မှီခိုသူလား, အောက်ငယ်သား, အများလိုက်ကာ ကျင့်တတ်ပါ။

တောင်ဂွမ်းတစ်ခုရဲ့ တောအုပ်ကြီးအတွင်း လက်ပံတောမှာ အတောင်ပေါက်ခါစ ကျေးသားညီနောင် ရှိနေကြပါတယ်၊ တစ်နေ့မှာ လေပြင်းတိုက်တဲ့အတွက်

၁။ ဇာတ်-၅-၄၊ ၄၃၂။

http://www.dhammadownload.com

လွင့်ပါပြီး တစ်ကောင်က ခိုးသား ၅၀၀–တို့ရဲ့ လက်နက်ကြားမှာ ကျပါတယ်၊ သူ့ကို သတ္တိဂုမ္ဗ–လို့ အမည်ပေးပြီး ခိုးသားတွေက မွေးထားကြပါတယ်၊ တစ်ကောင်ကတော့ ရသေ့တွေနေတဲ့ကျောင်း သဲပြင်ဝယ် ပန်းတွေရဲ့ အလယ်မှာ ကျပါတယ်၊ သူ့ကို ပုပ္ပက–လို့ အမည်ပေးပြီး ရသေ့တွေက မွေးထားကြပါတယ်။

တစ်နေ့မှာ ပဉ္စာလမင်းက သားကောင်ကိုလိုက်ရင်း ခရီးလွန်ပြီး ရထားမောင်းသမား တစ်ယောက်နှင့်အတူ ခိုးသူတို့နေတဲ့ ရွာနားကို ရောက်သွားပါတယ်၊ ခိုးသူတွေက မင်းရဲ့အရိပ်အရောင်ကို တွေ့ရတဲ့အတွက် တောထဲကို ဝင်နေကြပါတယ်၊ သတ္တိဂုမ္ဗကျေးသားနှင့် ထမင်းချက်တစ်ယောက်မျှသာ ရွာထဲမှာ ကျန်နေပါတယ်၊ သတ္တိဂုမ္ဗကျေးသားက မင်းကို တွေ့ရတယ်–ဆိုရင်ပဲ "လာကြစမ်းပါ၊ ဖမ်းကြပါ၊ မင်းကိုရော, ရထားမောင်းသမားကိုရော သတ်ပြီး ဝတ်ထားတဲ့အဝတ်နဲ့ ပတ္တမြားနားတောင်းကို ယူကြစို့ရဲ့"လို့ အော်ပြီး ရွာပြင်ဘက်ကို ပျံသွားလိုက်, ရွာထဲကို ပျံလာလိုက်နဲ့ ဗျာများနေပါတော့တယ်။

ပဉ္စာလမင်းက ဘေးရန်ရှိနေကြောင်းကို သိတာယ်–ဆိုရင်ပဲ ရထားကို အမြန်အမောင်းခိုင်းပြီး ထွက်လာခဲ့ပါတယ်၊ သတ္တိဂုမ္ဗကျေးသားက "လေးတွေကို ယူလာကြစမ်းပါ၊ ခက်ရင်းတွေကို ယူလာကြစမ်းပါ၊ ဒီမင်းကို ဖမ်းကြပါ"လို့ နောက်ကလိုက်ပါပြီးအော်လိုက်, ရွာနားကိုသွားအော်လိုက် လုပ်နေတုန်းမှာပဲ ပဉ္စာလမင်းက ရသေ့ကျောင်းကို ရောက်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ ရသေ့တွေက သစ်သီးရှာရအောင် သွားနေကြပါတယ်၊ ကျောင်းမှာ ပုပ္ပကကျေးသားတစ်ကောင်တည်းသာ ရှိနေပါတယ်၊ ပုပ္ပကကျေးသားက ပဉ္စာလမင်းကို တွေ့ရတယ်–ဆိုရင်ပဲ ပျူငှာချိုသာစွာ ပြောဆိုပြီး ဧည့်ခံမှုကို ပြုနေပါတယ်။

ပုပ္ပကရဲ့အမူအရာကို တွေ့ရတော့ ပဉ္စာလမင်းက "ဟိုအနားမှာ တွေ့လာခဲ့ရတဲ့ ကျေးသားနှင့် ဘာ့ကြောင့် ဒီလိုအမူအကျင့် ကွဲပြားခြားနားရပါသလဲ ?"လို့ မေးပါတယ်၊ ဒီတော့ ပုပ္ပကကျေးသားက အမေတစ်ဦးတည်းက မွေးလာခဲ့ကြတဲ့ ညီအစ်ကိုအရင်း ဖြစ်ကြတယ်–ဆိုတာကိုလဲ ပြောပြပါတယ်၊ တွေ့လာခဲ့ရတဲ့ ကျေးသားက လူဆိုးလူမိုက်တွေကို မှီခိုနေထိုင်ရတဲ့အတွက် ကြမ်းတမ်းပြီး မိမိကိုယ်တိုင်က သူတော်ကောင်းတွေကို မှီခိုနေထိုင်ရတဲ့အတွက် သိမ့်မွေ့ရတယ်–ဆိုတာကိုလဲ ပြောပြပါတယ်၊ ဝတ္ထုကိုတော့ ဒီမှာပဲ ရပ်ထားကြစို့ရဲ့။

"ဒီဝတ္ထုက ဘာကိုညွှန်ပြနေတယ်ဆိုတာကို မောင်သိန်းလွင်က ပြောပြစမ်းပါဦး"။

http://www.dhammadownload.com

"သတ္တဝါတွေရဲ့ ဘဝကို မှီခိုနေထိုင်ရတဲ့ ပုဂ္ဂိုလ်တွေက အကောင်းအဆိုး ဖြစ်အောင် ပြုပြင်ပေးတတ်ပါတယ်၊ ဒါ့ကြောင့် လူမိုက်ကို မှီခိုနေထိုင်မှု, ခေါင်းဆောင်တင်မြှောက်မှုကို မပြုဘဲ လူလိမ္မာ-ပညာရှိကို မှီခိုနေထိုင်မှု, ခေါင်းဆောင်တင်မြှောက်မှုကသာ သတ္တဝါတွေရဲ့ ဘဝပေးတာဝန်ဖြစ်တယ်-ဆိုတာကို ဒီဝတ္ထုက ညွှန်ပြနေပါတယ်"။

အခြေခံမင်္ဂလာ ၂-ပါးသာ

လူမိုက်တွေ-ဆိုတာဟာ ကိုယ်တိုင်လဲ မကောင်းမှုအကုသိုလ်တွေကို ပြုလုပ်တတ်ကြပါတယ်၊ မိမိရဲ့အပေါင်းအသင်းများကိုလဲ မကောင်းမှုအကုသိုလ်တွေကို ပြုလုပ်အောင် သွေးဆောင်တတ်ကြပါတယ်၊ အားပေးကူညီတတ်ကြပါတယ်။

ဒါ့ကြောင့် လူမိုက်ကိုပေါင်းသင်းသူဟာ လူမိုက်ကို အတုလိုက်လို့လဲ မကောင်းမှုအကုသိုလ် အများအပြားကို ပြုလုပ်တတ်ပါတယ်၊ မိမိပေါင်းနေတဲ့ လူမိုက်က ဖြားယောင်းသွေးဆောင်တဲ့အတွက်, တိုက်တွန်းနှိုးဆော်တဲ့အတွက်လဲ မကောင်းမှုအကုသိုလ်အများအပြားကို ပြုလုပ်တတ်ကြပါတယ်။

အဲဒီလို မကောင်းမှုအများအပြား ပြုလုပ်ထားသူဟာ ဒီဘဝမှာလဲ မင်းပြစ်မင်းဒဏ်သင့်ခြင်း, ပစ္စည်းဥစ္စာပျက်စီးခြင်း, မကောင်းသဘင်းထွက်ပေါ်ခြင်း, လူစုလူဝေးသို့ ရဲတင်းစွာ မဝင်နိုင်ခြင်း, တွေတွေဝေဝေသေရခြင်း-ဆိုတဲ့ အကျိုးမဲ့တွေကို ရရှိတတ်ပါတယ်။

လူမိုက်နှင့် ပေါင်းသင်းသူဟာ မိမိလုပ်ထားတဲ့ အကုသိုလ်ကံကြောင့် ဒီဘဝက သေသွားတယ်-ဆိုရင်ပဲ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေပြီး ငရဲသူ ငရဲသားသော်လဲ ဖြစ်ရတတ်ပါတယ်၊ တိရစ္ဆာန်သော်လဲ ဖြစ်ရတတ်ပါတယ်၊ ပြိတ္တာသော်လဲ ဖြစ်ရတတ်ပါတယ်၊ အသူရကာယ်သော်လဲ ဖြစ်ရတတ်ပါတယ်၊ အဲဒီလို အပါယ် ၄-ဘုံမှာဖြစ်ပြီး ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားရတတ်ပါတယ်။

ဒီလိုပဲ လူမိုက်နှင့် ပေါင်းသင်းသူများမှာ ယခုလက်ရှိဘဝ အကျိုးမဲ့တွေလဲ ဖြစ်လာတတ်ပါတယ်၊ နောင်ဘဝသံသရာ အကျိုးမဲ့တွေလဲ ဖြစ်လာတတ်ပါတယ်၊ ဒါ့ကြောင့် လူမိုက်နှင့် ပေါင်းသင်းခြင်းဟာ ဆင်းရဲဒုက္ခရောက်ရေးအစစ် အမင်္ဂလာသာ ဖြစ်နေပါတော့တယ်။

လူမိုက်တွေနဲ့ မပေါင်းပါဘူး-လို့ ရှောင်ကြဉ်ရုံနဲ့ပဲ မဟာကုသိုလ်စိတ်နှင့် စေတသိက် ၃၃-ပါး-ဆိုတဲ့ ကုသိုလ်အစု ကောင်းမှုတွေဟာ ဖြစ်ပေါ်လာရပါတယ်၊

http://www.dhammadownload.com

နောက်ပိုင်းမှာ ပညာရှိ–သူတော်ကောင်းတွေကို ရှာဖွေပေါင်းသင်းနေခဲ့ပါရင် ကုသိုလ်ကောင်းမှုတွေက ထပ်ကာထပ်ကာ တိုးပွားလာပြီး ယခုလက်ရှိဘဝမှာရော နောင်ဘဝသံသရာမှာပါ ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာတွေ ဖြစ်နေရပါတော့တယ်။

ဒါနဲ့ ဒီမင်္ဂလာ ၂–ပါးဟာ နောက်မှာ ဟောတော်မူထားတဲ့ မင်္ဂလာအကုန်လုံးရဲ့ အခြေခံဖြစ်နေပါတယ်၊ ဘာ့ကြောင့်လဲ ?–ဆိုတော့ လူမိုက်ကို ပေါင်းသင်းနေထိုင်သူ, လူလိမ္မာ–ပညာရှိကို မပေါင်းသင်းသူတို့မှာ မည်သည့်မင်္ဂလာမျှ ဖြစ်နိုင်စရာမရှိတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

ရွေးဆရာများရဲ့ အဆိုအမိန့်

တရားမသိ, ဒိဋ္ဌိအယူ, အမူယွင်းချို့, သူဖို့ကိုယ်အား, စိုးပွားမရှ, ခုဝတ္တမာန်, ပစ္စုပ္ပန်နှင့်, နောင်ဖန်ကောင်းကျိုး, မြတ်နိုးမပြု, မကောင်းမှုကို, ပြုမည်သာပ, အားထုတ်ကြသည်၊ ဗာလခေါ်ထိုက်, လူသူမိုက်ကို, ယဉ်ပိုက် [၁] ယှဉ်တွဲ, မမှီဝဲသင့်။

ဒီလို မုဏ္ဍေးဆရာတော်ဘုရားက ဗာလအသေဝနမင်္ဂလာရဲ့သဘောကို မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် အမှန်တရားကို မသိဘဲ မှားယွင်းသောအယူရှိလျက် မိမိရဲ့အကျိုးစီးပွားနှင့် သူတစ်ပါးတို့ရဲ့အကျိုးစီးပွားတို့ကို မထောက်ထား မကြည့်ရှုတဲ့အပြင် ယခုလက်ရှိဘဝရဲ့ ကောင်းကျိုးနှင့် နောင်ဘဝရဲ့ကောင်းကျိုးကို မြတ်နိုးခြင်းမရှိဘဲ မကောင်းမှုကို ပြုလုပ်ရန်သာ အားထုတ်နေတဲ့ လူမိုက်ကို လိမ္မာပါးနပ်စွာ ယှဉ်တွဲလျက် အကျွမ်းတဝင် မမှီဝဲ မပေါင်းသင်းခြင်းဟာ ဗာလအသေဝနမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

လူမိုက်ကိုပင်, ချစ်ကျွမ်းဝင်, ကိုယ်လျှင်မိုက်မည်သာ၊
အမဲသားပုပ်, ပုဝါထုပ်, ထုပ်သည့်ပုဝါ–ပုပ်လိမ့်ဧကန်ပါ၊
ထို့ကြောင့်မှတ်ပိုက်, လူအမိုက်, မကြိုက်ရှောင်ကြဉ်ခွာ၊
ချိုရှိုကျွဲနွား, စွယ်ရှိများ, ရှောင်ရှားတောင်တစ်ရာ၊
လူမိုက်ကိုလျှင်, မမြင်ရာက, ရှောင်ကြဉ်ကြ, ကျမ်းပြမိန့်ခဲ့မှာ။
မိတ်ဆွေမကောင်း, ပေါင်းမိရှောင်း, ဖြားယောင်းလွတ်အောင်ခွာရမည်၊
အမိုဝမ်းခေါင်း, အတူအောင်းလည်း, မပေါင်းတန်သော်ဖဲရမည်၊

၁။ ယဉ်ပိုက်= ယဉ်ကျေးလိမ္မာသည်။

http://www.dhammadownload.com

အမျိုးကွဲပြား, မတူငြားလည်း, တရားမှန်သော်တွဲရမည်၊
ငယ်ပေါင်းငယ်ဖော်, ဖြစ်တုံသော်လည်း, မတော်ကျင့်ကခွာရမည်၊
မကြာခဏ, ပေါင်းတွေ့ရလည်း, ဆုံးမတတ်သော်မြဲရမည်။ ၁

ဒီလိုလဲ ရှေးဆရာတော်တွေက ဗာလအသေဝနမင်္ဂလာရဲ့သဘောကို မိန့်ဆိုကြပါသေးတယ်။

ငရဲရှောင်ခွာ, ပြိတ္တာကင်းဖွယ်, အပါယ်ကင်းလွတ်, လူနတ်နိဗ္ဗာန်, သုံးတန်ချမ်းသာ, ရရာမှတ်သိ, မြတ်ဉာဏ်ရှိသား, ပဏ္ဍိတို့ကို, မှီဝဲခိုလော့။

ဒီလို မုံရွေးဆရာတော်က ပဏ္ဍိတသေဝနမင်္ဂလာနှင့် ပတ်သက်လို့ မိန့်ဆိုထားပါသေးတယ်။

အဓိပ္ပာယ် ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ် ၄-ပါးမှ ရှောင်ဖယ်ကင်းလွတ်ပြီး လူနတ်နိဗ္ဗာန် ၃-တန်သော ချမ်းသာကိုရရန် သိမြင်နားလည်တဲ့ မြတ်သောပညာရှိကိုသာ ယှဉ်တွဲမှီခို ပေါင်းသင်းဆည်းကပ်ခြင်းဟာ ပဏ္ဍိတသေဝနမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်-

ဖြောင့်မှန်ကောင်းမွန်, ပညဝန်, အလွန်မြတ်နိုးကြ၊
မြတ်နိုးအပ်စွာ, ပညဝါ, ရှာ၍ပေါင်းဖက်မှ၊
သူတော်ပဏ္ဍိ, ပေါင်းဖက်မိ, အသိဉာဏ်ပြည့်ဝ၊
အသိပညာ, ရှိသောခါ, သဒ္ဓါကြည်ဆွဆွ၊
ရွှင်ကြည်သဒ္ဓါ, ရှိသူမှာ, ကင်းကွာ မစ္ဆေရ၊
မစ္ဆေရပျောက်, စိတ်မနောက်, ရောက်လွယ်အသခ််တ၊
သူမြတ်သူတော်, ပေါင်းမိသော်, အဟော်ဝတ ကောင်းလေစွ၊
ပန်းပေါင်းနံ့သာ, ထုပ်ပုဝါ, လိုင်စွာ မွှေးပျံ့လှ၊
ပုံပြနည်းလောင်း, သူတော်ကောင်း, ပေါင်းမိပါယ်မကျ။ ၂

တရားမစောင်း, သူတော်ကောင်း, ပေါင်းဖော်မိုဆည်းကပ်၊
သူတော်တရား, မတိမ်းပါးအောင်, အားထုတ်မြဲမြံရပ်၊
တရားလမ်းကြောင်း, မတိမ်းစောင်းအောင်, ကောင်းကောင်းကိုယ်ကိုကြပ်၊
ကိုယ်နှုတ်နှလုံး, ဆုံးမတတ်ရှောင်း, သူတော်ကောင်း, ပေါင်းသင်းမိတ်ဆွေစပ်။ ၃

ပညာရှိမှာ, လက္ခဏာ, အင်္ဂါကြောင်းသုံးပါး၊
ကိုယ်နှုတ်နှလုံး, စောင့်စည်းသုံး, ကျင့်ထုံးမတိမ်းပါး။ ၄

၁။ သုတရတနာ။

http://www.dhammadownload.com

သံသရာဘေး, လာမည့်ရေးကို, မျှော်တွေးထောက်၍ ကြောက်တတ်သူလည်း တစ်ဌာန၊ အကုသိုလ်ဓမ္မကို နေ့ညကုန်စင်အောင် ရှောင်ကြဉ်ရှက်ကြောက် တတ်သူလည်း နှစ်ရပ်၊ မြတ်သောအလှူကို ခံထိုက်သူလည်း တစ်ဝ, သီလကို လေးမြတ်၍ ကျင့်တတ်သူလည်း တခြား= ဤ ၅-ပါးသော သူအပေါင်းကို မပေါင်းမိဘဲ မရှိစေရာ။ [၁]

ဒီလိုလဲ ပဏ္ဏိတသေဝနမင်္ဂလာရဲ့သဘောကို မိန့်ဆိုထားကြပါသေးတယ်။

လူဖြောင့်စိတ်တို့, လူချိုစိတ်ကောက်, သည်နှစ်ယောက်တွင်, ချိုကောက်ကို မပေါင်းနှင့်၊ တိုဖြောင့်ကို ပေါင်းရမည်၊ ချိုကောက်တို့သဘောမှာ, ပျားရည်ဆိပ်ခပ်, ထောပတ်စိန်ပါ, မစားရာသည် ပမာအတူတူ၊ လူရည်ချော၍မလိမ္မာ, လူလိမ္မာ၍အရုပ်ဆိုး, သည်နှစ်မျိုးတွင် ရုပ်ဆိုးကျင့်ကောင်းကိုပေါင်းမှ သိုက်မြိုက်သည်၊ မိုက်သောသူမှာ လူရည်ပင်ချောသော်လည်း ထောပတ်ချက်ဝက်သားကြော်တွင် မစင်တစ်ပဲသား ကျ၍ ပစ်ရသကဲ့သို့ ဖြစ်ချေသည်။ [၂]

မျိုးဆွေနီးရင်း, သားချင်းစပ်သောဟု, သဘောလိုရင်းမဟုတ်ပါ၊ မေတ္တာသာပဓာနဖြစ်ချေသည်၊ သက်သေထားလျှင်, ရှင်ဒေဝဒတ်, လောင်းသိဒ္ဓတ်နှင့်, ဆွေစပ်မျိုးရင်း, သားချင်းကို ထောက်သော်, ယောက်လည်းယောက်ဖ, နှမလည်းနှမလင်, ရှင်လည်းရှင်ဘုရင်, ဘုရားလည်း ဘုရားရှင်, သို့ပါစင်ကို, ရှင်ဒေဝဒတ်, လောင်းသိဒ္ဓတ်ကို, သတ်၍ပစ်မည် ကြံချေသည်။ [၂]

ပေါင်းဖော်ပြုတန်, မပြုတန်မှာ, ရန်သူပညာရှင် အဆွေခင်ပွန်းလူမိုက်, သည်နှစ်တိုက်တွင် ကြံကြိုက်၍တွေ့မူ ရန်သူပညာရှင်ကို ထွက်ဝင်တိုးလျှိုးလျှင် ကောင်းကျိုးဆိုက်တန်ရာ၏၊ မိုက်သူအဆွေခင်ပွန်းမှာ အကျွမ်းမှမဖွဲ့သာ, ထုံးစဉ်လာမူ သဟာယခင်ပွန်းလူမိုက် သည်နှစ်တိုက်ကိုရှာသော် အနာထပိဏ် သူဌေးအိမ်တွင် ဂုဏ်ရှိန်ခံကျွန်မ မှက်ကိုက်လှသောကြောင့် လက်ကလည်းမအား ဆန်ပြာခိုက်ငြားသနှင့် သမီးအား ခြောက်ပါဆိုလေရာတွင် ထိပ်မှာ နားလျက်ကိုက်သည့်မှက်ကို စိတ်စက်အလိုက် ကျည်ပွေ့နှင့်ရိုက်သောကြောင့် ဖိုက်ဖိုက်ကြီးလည်းဘိ၍ အမိသေဘူးသည်ထုံးကို ထောက်လိုက်သော် "လူမိုက်ကိုရှောင်ခွာ, ပညာရှိကို ပေါင်းရာသည်" ဟု ကောင်းကောင်းကြီး ကိုယ့်ကိုစောင့်ရမည်။ [၂]

ဒီလိုလဲ ပေါင်းသင်းသင့်သူ, မပေါင်းသင်းသင့်သူတို့၏ သဘောကို မိန့်ဆိုထားကြပါသေးတယ်။

၁။ လုံးတော်ဆရာတော်။ ၂။ကျည်းကန်ရှင်ကြီး။

http://www.dhammadownload.com

၃။ ပူဇာစ ပူဇနေယျာနံ

ပူဇနေယျ [ပူဇနံ အရဟန္တီတိ–ပူဇနေယျာ။] ပူဇော်ထိုက်သူများကို ပူဇနေယျ–လို့ ခေါ်ပါတယ်၊ မြတ်တဲ့အလှူကို ခံထိုက်သူ–လို့ဆိုရင် လှူသူမှာ အကျိုးကြီးတယ်၊ လှူသူတွေမှာ အကျိုးကြီးလောက်အောင် အလှူခံပုဂ္ဂိုလ်မှာ ဂုဏ်တွေ ရှိနေတယ်–ဆိုတဲ့ သဘောကို ဆောင်နေသလို ပူဇော်ထိုက်သူ–လို့ဆိုရင် ပူဇော်သူမှာ အကျိုးကြီးမြတ်တယ်၊ ပူဇော်သူတွေမှာ အကျိုးကြီးမြတ်အောင် ဂုဏ်တွေရှိနေတယ် ဆိုတဲ့ သဘောကို ဆောင်နေပါတယ်။

အဲဒီပူဇော်ထိုက်သူတွေကို ပူဇော်သူမှာ မဟာကုသိုလ်စိတ် ၈–ခု, ဝိရတိ အပွ မညာကြဉ်တဲ့ စေတသိက် ၃၃–ခုဆိုတဲ့ ကုသိုလ်အစု ကောင်းမှုတရားတွေ ဖြစ်ပွား နေတတ်ကြပါတယ်။

အဲဒီကောင်းမှုတရားတွေရဲ့ အကျိုးကတော့ အဟိတ်ကုသလဝိပါက် ၈–ပါး, မဟာဝိပါက်စိတ် ၈–ပါး, စေတသိက် ၃၃–ပါးဆိုတဲ့သဘောတရားတွေပဲ ဖြစ်ပါတယ်။

အဲဒီပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်တွေကတော့ အပြစ်ဒေါသအကုန်လုံးတို့မှ ကင်းစင်ပြီး အလုံးစုံသောဂုဏ်နှင့် ပြည့်စုံတဲ့ ဘုရား, ဒါ့အပြင် ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ ဖြစ်ကြပါတယ်၊ ဒီအရိယာပုဂ္ဂိုလ်တို့အား အနည်းငယ်မျှသော ပူဇော်မှုကပင် ရှည်ကြာ လှစွာသော ညဉ့်နေ့တို့ပတ်လုံး စီးပွားချမ်းသာအလို့ငှာ ဖြစ်နိုင်ပါတယ်။

သက်တော်ထင်ရှားဘုရားကို ပူဇော်ခြင်းနှင့် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော ဘုရားရှင်တို့ရဲ့ဂုဏ်ကို ရည်မှန်းလျက် ရုပ်ပွားဆင်းထုတော် စေတီတော်တို့ကို ပူဇော်ခြင်း–ဆိုတဲ့ ပူဇော်ခြင်း ၂–မျိုးတို့ဟာ ပူဇော်သူရဲ့ စိတ်စေတနာချင်း တူမျှပါရင် တူမျှတဲ့ အကျိုးကို ရနိုင်ပါတယ်။

အလားတူပဲ အရိယာဖြစ်ရန် ရည်မှန်းကာ ကျင့်သုံးနေသူများဖြစ်ကြတဲ့အတွက် ယခုထင်ရှား ရှိနေကြသော သမ္မုတိသံဃာများလဲ သောတာပန်ထဲမှာ ပါဝင်ကြ ပါတယ်၊ သို့ဖြစ်၍ သူတို့အား ပူဇော်သူတို့မှာလဲ စိတ်ထားတူမျှက အရိယာသာဝက တို့ကို ပူဇော်တာနှင့်တူမျှတဲ့အကျိုးကို ရနိုင်ပါတယ်။

ဒါ့အပြင် နှစ်ပေါင်းတစ်ရာလုံးလုံး လတိုင်းလတိုင်း ဆွေတစ်ထောင်ကို စွန့်လွှတ်ပြီး လောကီလူအများအား ပေးလှူပူဇော်ခြင်းနှင့် ဝိပဿနာဉာဏ်နဲ့ စိတ်ကို ပွားများပြီးဖြစ်တဲ့ အရိယာပုဂ္ဂိုလ်တစ်ဦးအား ခဏခေတ္တ ဆွမ်းကလေးတစ်ဖွန်း, အဝတ်ကြမ်းကလေး တစ်ပိုင်းမျှ ပေးလှူပူဇော်ခြင်း ၂–မျိုးအနက် အရိယာပုဂ္ဂိုလ်

http://www.dhammadownload.com

တစ်ဦးအား ခဏမျှ ပေးလှူပူဇော်ခြင်းကသာ မြင့်မြတ်လှပါတယ်၊ သာမန်လူသားအား နှစ်ပေါင်းတစ်ရာလုံးလုံး ပေးလှူပူဇော်ခြင်းက မမြင့်မြတ်လှပါ။ [၁]

ဒီပါဠိတော်ကို ထောက်ပါက အပူဇော်ခံပုဂ္ဂိုလ်ရဲ့ ဂုဏ်အဆင့်အတန်းအားလျော်စွာ အကျိုးပေး ကွာခြားနိုင်ကြောင်းကိုလဲ သတိပြုသင့်ပါသေးတယ်။

သုမနပန်းသည် [၂]

ကြည်ညိုစိတ်ထား, ဘုရားအား, လေးစားပန်းဖြင့်သာ၊
ပူဇော်ရင်ငြား, အကျိုးကား, ကြီးမားလှလေပါ၊
ကမ္ဘာသိန်းမျှ, ချမ်းသာရ, ဝဋ်မှကင်းလွတ်ကွာ။

တစ်ခုသော နံနက်ပိုင်းအချိန်မှာ မြတ်စွာဘုရားက ရာဇဂြိုဟ်မြို့တွင်းကို ဆွမ်းခံကြွလာပါတယ်၊ အဲဒီအချိန်မှာပဲ သုမနပန်းသည်က ဗိမ္ဗိသာရမင်းအတွက် ပန်းတွေကို ယူလာနေပါတယ်၊ ၃၂-ပါးသော ယောကျ်ားမြတ်တို့ရဲ့လက္ခဏာကြီး, ၈၀-သော လက္ခဏာငယ်တွေနဲ့ တန်ဆာဆင်ယင်ပြီး ကြည်ညိုဖွယ်ကို ဆောင်နေတဲ့ ဘုရားရှင်ရဲ့ အသရေတော်ဖြင့် ထွန်းလင်းတောက်ပလျက် မြို့တံခါးဝကို ရောက်လာတဲ့ ဘုရားရှင်ကို တွေ့နေရပါတယ်၊ ဘုရားရှင်ကို ဖူးတွေ့ရတယ်-ဆိုရင်ပဲ "ရှင်ဘုရင်က ပန်းတွေကို ယူပြီး တစ်ရာပဲဖြစ်ဖြစ်, တစ်ထောင်ပဲဖြစ်ဖြစ် ပေးမှာပဲ၊ အဲဒီတစ်ရာ တစ်ထောင်သော ဥစ္စာကတော့ ဒီလောကချမ်းသာအတွက်သာ ဖြစ်ပါတယ်၊ မြတ်စွာဘုရားအား ပူဇော်တာကတော့ မနိုင်းယှဉ်, မရေတွက်နိုင်လောက်အောင် အကျိုးရှိပါတယ်၊ ရှည်ကြာလှစွာသော ညဉ့်နေ့ပတ်လုံး စီးပွားချမ်းသာကို ရွှက်ဆောင်နိုင်ပါတယ်၊ အခုပဲ ငါက ဒီပန်းတွေနဲ့ ဗုဒ္ဓမြတ်စွာကို ပူဇော်ရတော့မယ်"လို့ ကြည်ညိုတဲ့စိတ်နဲ့ ပန်းတစ်ဆုပ်ကို ယူပြီး ဗုဒ္ဓမြတ်စွာရဲ့ ရှေ့တည့်တည့်ကို ပစ်လိုက်ပါတယ်၊ ပန်းတွေက ကောင်းကင်ကသွားပြီး ဗုဒ္ဓမြတ်စွာအပေါ်မှာ ပန်းမျက်နှာကြက် ဖြစ်ပြီး တည်နေကြပါတယ်။

ပန်းသည်က အဲဒီအာနုဘော်ကို တွေ့ရတော့ ပိုလွန်ကြည်ညိုတဲ့စိတ်နဲ့ နောက်ထပ် ပန်းတစ်ဆုပ်ကို ပစ်လိုက်ပြန်တယ်၊ ပန်းတွေက သွားပြီး ပန်းသင်တိုင်းဖြစ်ကာ တည်နေကြပါတယ်၊ အဲဒီနည်းအတိုင်းပဲ ပန်း ၈-ဆုပ်လုံးကို ပစ်လိုက်ပါတယ်၊ ပန်းတွေက သွားပြီး အထွတ်တပ်ထားတဲ့ ပန်းကျောင်းဆောင်ပမာ တည်နေကြပါတယ်၊ ဗုဒ္ဓမြတ်စွာက အထွတ်တပ်ထားတဲ့ ပန်းကျောင်းဆောင်အတွင်းမှာလို ဖြစ်နေတော်မူပါတယ်၊ လူတွေက စည်းဝေးရောက်လာကြပါတယ်။

၁။ ခ၊ ၂၉။ ၂။ ခ-၌-၁၊ ၃၀၆။ (ခုဒ္ဒက-၌၊ ၁၀၉။ သုတ္တ-၌-၂။ ၁၄။)

http://www.dhammadownload.com

ဗုဒ္ဓမြတ်စွာက ပန်းသည်ကို ကြည့်ရင်း ပြုံးတော်မူပါတယ်၊ အရှင်အာနန္ဒာက ပြုံးတော်မူခြင်းရဲ့ အကြောင်းကို လျှောက်ထားတဲ့အခါ– ဗုဒ္ဓမြတ်စွာက–

"အာနန္ဒာ ! ဒီပန်းသည်ဟာ ဒီပူဇော်ခြင်းရဲ့ အစွမ်းသတ္တိအာနုဘော်ကြောင့် ကမ္ဘာတစ်သိန်းလုံးလုံး လူ့ဘဝ, နတ်ဘဝတို့မှာ ကျင်လည်ပြီး အဆုံးမှာ သုမနိဿရ–ဆိုတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်လာလိမ့်မယ်"။

ဒီလို မိန့်တော်မူပါတယ်၊ ဒီလိုပဲ ဘုရားအစရှိတဲ့ ပုဂ္ဂိုလ်တို့အား အနည်းငယ်မျှသော ပူဇော်ခြင်းက ရှည်မြင့်စွာသော နေ့ညဥ့်တို့ပတ်လုံး စီးပွားချမ်းသာအလို့ငှာ ဖြစ်နိုင်ပါတယ်။

"ပြောလာခဲ့တဲ့ စကားရပ်တွေက ဘာကို ရည်ညွှန်းဖော်ပြနေတယ်– ဆိုတာကို မသူဇာက ပြောပြစမ်းပါဦး:"။

"သင်္ကော်ထင်ရှား ဘုရားနှင့်, ဘုရားရှင်ရဲ့ ရုပ်ပွားဆင်းတုတော်, စေတီတော်များမှာ ဘုရားဂုဏ်ကို အာရုံပြုလို့ ပန်း–စသည်ကို ပူဇော်မှုဟာ စေတနာတူမျှရင် အကျိုးလဲ ထပ်တူထပ်မျှ ရနိုင်ပါတယ်၊ အကျိုးလဲ အင်မတန်ကြီးပါတယ်၊ ဒါ့အပြင် အကျင့်သိက္ခာမရှိသူကို ပူဇော်တာထက် အကျင့်သိက္ခာရှိသူကို ပူဇော်တာက အပူဇော်ခံရဲ့ အကျင့်သိက္ခာအားလျော်စွာ အကျိုးကြီးနိုင်ပါတယ်၊ ပြောလာခဲ့တဲ့ စကားရပ်တွေက ဒါတွေကို ဖော်ပြနေပါတယ်"။

ပဋိပတ္တိပူဇာ မြတ်လှပါ

အခု ပြောလာခဲ့တာက "အာမိသပူဇာ–ပစ္စည်းဝတ္ထုနဲ့ ပူဇော်ခြင်း, ဓမ္မပူဇာ–ကိုယ်ကျင့်တရားနဲ့ ပူဇော်ခြင်း:"ဆိုတဲ့ ပူဇော်ခြင်း ၂–မျိုး ထဲက အာမိသနဲ့ပူဇော်ခြင်းမျှသာ ဖြစ်ပါတယ်၊ ကိုယ်ကျင့်တရားနဲ့ပူဇော်ရင်တော့ ဒီ့ထက်ပိုပြီး စီးပွားချမ်းသာအလို့ငှာ ဖြစ်နိုင်ပါတယ်။

သရဏဂုံဆောက်တည်ထားခြင်း, သိက္ခာပုဒ်ဆောက်တည်ထားခြင်း, ဥပုသ်အင်္ဂါတွေကို ဆောက်တည်ထားခြင်း စတုပါသုဒ္ဓိသီလကို ဆောက်တည်ထားခြင်း အစရှိတဲ့ ကိုယ့်မှာရှိနေတဲ့ ဂုဏ်တွေနဲ့ ဗုဒ္ဓမြတ်စွာကို ပူဇော်သူတွေရဲ့ ပူဇော်ခြင်းအကျိုးကို ဘယ်ပုဂ္ဂိုလ်ကမှ ဆုံးခန်းတိုင်ရောက်အောင် ချီးကျူးနိုင်စရာ မရှိတော့ပါ၊ ဒီပုဂ္ဂိုလ်တွေကသာ ဗုဒ္ဓမြတ်စွာကို လွန်မြတ်တဲ့ ပူဇော်ခြင်းနဲ့ ပူဇော်ရာရောက်ပါတယ်၊ ဒီအကြောင်းကို မဟာပရိနိဗ္ဗာနသုတ်မှာ မိန့်ဆိုထားတဲ့ ဗုဒ္ဓမြတ်စွာရဲ့ စကားတော်က ထောက်ခံနေပါတယ်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူမဲ့ အချိန်မှာ အလွန်နီးကပ်နေပါတယ်၊ ဗုဒ္ဓမြတ်စွာက အင်ကြင်းပင်ပျိုအစုံတို့ရဲ့အကြား မြောက်အရပ်သို့ ခေါင်းထားကာ ခင်းထားတဲ့ ခုတင်ပေါ်မှာ လက်ယာနံတောင်းနဲ့ လျောင်းစက်နေတော်မူပါတယ်။

http://www.dhammadownload.com

အဲဒီအချိန်မှာ အင်ကြင်းပင်စောင့်နတ်များက ပင်လုံးကျွတ်ပွင့်နေတဲ့ အင်ကြင်းပန်းတွေနဲ့ ဗုဒ္ဓမြတ်စွာရဲ့ ကိုယ်တော်ကို ကြဲဖြန့်ပူဇော်နေကြပါတယ်၊ စကြဝဠာနှုတ်ခမ်းထိအောင် စုဝေးရောက်လာကြတဲ့ နတ်တွေထဲမှ အချို့နတ်တွေက မန္ဒာဝရနတ်ပန်းတွေနဲ့ ကြဲဖြန့်ပူဇော်နေကြပါတယ်၊ အချို့နတ်တွေက နတ်စန္ဒကူးနဲ့သာမှုန့်တွေနဲ့ ကြဲဖြန့်ပူဇော်နေကြပါတယ်၊ အချို့နတ်တွေက နတ်တူရိယာတွေနဲ့ ပူဇော်နေကြပါတယ်၊ အချို့နတ်တွေက ဘုန်းတော်ဘွဲ့နတ်သီချင်းတွေနဲ့ ပူဇော်နေကြပါတယ်၊ ဒါတွေကို တွေ့ရတော့ ဗုဒ္ဓမြတ်စွာက အရှင်အာနန္ဒာကို မိန့်တော်မူပါတယ်။

"အာနန္ဒာ ! ဒီပက်ရာမြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ ဝပ်စင်းပြီး ဆုတောင်းမှုကို ပြုလာခဲ့တဲ့ ငါဘုရားဟာ ဒီပန်း, နံ့သာ, တူရိယာ, ဘုန်းတော်ဘွဲ့တွေနဲ့ ပူဇော်ခံရအောင်လို့ ဆုတောင်းမှုကို ပြုလုပ်လာခဲ့တာ မဟုတ်ပါဘူး၊ ဒါ့ကြောင့် ဒီ (ပန်း, နံ့သာ, တူရိယာ, ဘုန်းတော်ဘွဲ့သီချင်းတွေနဲ့ ပူဇော်ရုံ) မျှလောက်နဲ့ ငါဘုရားကို ပူဇော်ရာမရောက်၊ အလေးပြုရာမရောက်၊ မြတ်နိုးရာမရောက်၊ အရိုအသေပြုရာမရောက်။

မိမိတို့အတွက် ပညတ်ထားတဲ့ သိက္ခာပုဒ်တွေကို အဏုမြူလောက်မျှကျူးလွန်မှုကို မပြုတဲ့ ရဟန်း ရဟန်းမတွေ, သရဏဂုံဆောက်တည်ထားတဲ့ အပြင် ၅-ပါးသီလ ၁၀-ပါးသီလတို့ကို ဖြည့်ကျင့်ခြင်း တစ်လမှာ ၈-ရက် ဥပုသ် စောင့်သုံးမှုကို ပြုခြင်းအစရှိတဲ့ ဂုဏ်တွေနဲ့ ပြည့်စုံတဲ့ ဒကာ ဒကာမတွေကသာ ငါဘုရားကို ပူဇော်ရာရောက်ပါတယ်၊ အလေးပြုရာ ရောက်ပါတယ်၊ မြတ်နိုးရာရောက်ပါတယ်၊ အရိုအသေပြုရာရောက်ပါတယ်"။

ဒီစကားတော်က အာမိသပူဇာထက် ဓမ္မပူဇာက အထက်တန်းကျကြောင်းကို ဖော်ပြနေပါတယ်။

အခြားပါဠိတော်တွေမှာ ဗုဒ္ဓမြတ်စွာက နှမ်းကြတ်ပန်းကလေးတစ်ပွင့်ကို ယူလာပြီး ဘုရားဂုဏ်တော်တွေကို ဆင်ခြင်ကာ ပူဇော်မှုကို ပြုခြင်းရဲ့အကျိုးကို ဘုရားရှင်ရဲ့ ဉာဏ်တော်နဲ့တောင်မှ မပိုင်းဖြတ်နိုင်ဘူး-လို့ ချီးကျူးတော်မူပြီး ဒီပါဠိရပ်ကျတော့မှ ဒီလောက်ကြီးကျယ်များပြားလှတဲ့ ပူဇော်မှုကို ပယ်မြစ်တော်မူထားတာဟာ တပည့်သာဝကတွေရဲ့နောင်ရေးနှင့် သာသနာတော်ရဲ့နောင်ရေးအတွက်ပဲ ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာက ဒီလို မပယ်ခဲ့လိုရှိရင် နောင်အခါ သီလကိုဖြည့်ကျင့်မယ့်လူလဲ ရှိတော့မယ် မဟုတ်၊ သမာဓိကိုဖြည့်ကျင့်မယ့်လူလဲ ရှိတော့မယ် မဟုတ်၊ ဝိပဿနာကို လက်ဆောထောင်အောင် ဆင်ခြင်ရှုမှတ်မယ့်လူလဲ ရှိတော့မယ် မဟုတ်၊ အလုပ်အကျွေးဒကာတွေကို အပူဇော်ခိုင်းကာ အပူဇော်ခံနေကြပေလိမ့်မယ်။

http://www.dhammadownload.com

ဒါ့အပြင်–ဒီအာမိသနဲ့ ပူဇော်မှု–ဆိုတာက သာသနာတော်ကို တစ်နေ့လောက်မျှ, ယာဂုတစ်ကျိုက်သောက်ရုံမျှ မတည်စေနိုင်ပါ၊ မဟာဝိဟာရကျောင်းတိုက်ကြီးလို ကျောင်းတိုက်ကြီးတစ်ထောင်ကလဲ သာသနာတော်ကို မတည်စေနိုင်ပါ၊ မဟာစေတီလို စေတီပေါင်းတစ်ထောင်ကလဲ သာသနာတော်ကို မတည်စေနိုင်ပါ၊ ဒါတွေက ဘုရားတည်သူတွေ, ကျောင်းဆောက်သူတွေအတွက်သာ ဖြစ်ပါတယ်။

ရဟန်းရှင်လူတို့ ကိုယ့်ကျင့်ဝတ်ကို မှန်မှန်ကန်ကန် ကျင့်တာကတော့ ဗုဒ္ဓ မြတ်စွာအား သင့်တော်လျောက်ပတ်တဲ့ ပူဇော်မှုဖြစ်ပါတယ်၊ ဒီပူဇော်မှုမျိုးကသာ ဗုဒ္ဓမြတ်စွာတောင့်တတဲ့ ပူဇော်မှုမျိုးလဲ ဖြစ်ပါတယ်၊ သာသနာတော်ကိုလဲ တည်စေနိုင်ပါတယ်။

ဒါ့ကြောင့် ဒီလောက်ကြီးကျယ်များပြားတဲ့ ပူဇော်မှုကို ပယ်မြစ်တော်မူတာဟာ တပည့်သာဝကတွေရဲ့ နောင်ရေးနှင့် သာသနာတော်ရဲ့ နောင်ရေးအတွက်ပဲ ဖြစ်ပါတယ်–လို့ ဆိုထားခဲ့ရပါတယ်။

"ပြောလာခဲ့တဲ့ စကားရပ်ရဲ့ လိုရင်းသဘောကို မောင်ဝေထွန်းက ပြောပြစမ်းပါဦး"။

"ဘုရားပန်းပူဇော်မှု, သောက်တော်ရေဆက်ကပ်မှု, ဆွမ်းတော်တင်မှု, သံဃာတော်အား ဆွမ်းသင်္ကန်းကျောင်းဆေးလှူဒါန်းမှု အစရှိတဲ့ အာမိသပူဇာထက် သရဏဂုံသီလစောင့်ထိန်းမှု, ဥပုသ်သီတင်းစောင့်သုံးမှု, သမထဝိပဿနာပွားများမှု–ဆိုတဲ့ ပဋိပတ္တိပူဇာကသာ သာသနာတော်မှာ ပိုပြီးအထက်တန်းကျပါတယ်၊ လိုရင်းသဘောက ဒါပဲဖြစ်ပါတယ် အရှင်ဘုရား"။

ဘုရားရိုးမွမ်း ရှင်ရဟန်း [၁]

ဘုရားရှင်အား, ကြည်ညိုငြား, တရားဖြင့်သာ ပူဇော်ပါ။
အားထုတ်တရား, ပူဇော်ငြား, ဘုရားသာခုခေါ်ရပါ။

ဗုဒ္ဓမြတ်စွာက နောက် ၄–လ ကျော်လွန်တဲ့အခါ ငါဘုရား ပရိနိဗ္ဗာန်ပြုတော့မယ်–လို့ ရဟန်းများကို ကြိုတင်ပြီး အသိပေးထားပါတယ်၊ ရဟန္တာရဟန်းတွေက ဓမ္မသံဝေဂဖြစ်ကြပါတယ်၊ ပုထုဇဉ်ရဟန်း ၇၀၀–တို့က ပြင်းစွာထိတ်လန့်နေကြပါတယ်၊ ဘယ်လိုလုပ်ရပါ့မလဲ–လို့ စိုးရိမ်သောက ကြီးမားစွာနဲ့ ဘုရားရှင်ရဲ့ အနားက မခွာနိုင်အောင် ဖြစ်နေကြပါတယ်၊ အတ္တဒတ္ထထေရ်ကတော့ ဘုရားရှင် သက်တော်ထင်ရှားရှိနေတုန်းမှာပဲ ရဟန္တာဖြစ်စေရမယ်–လို့ တရားကိုသာ ကြိုးစားအားထုတ်နေပါတယ်၊ မည်သူ့ထံကိုမှ မသွားပါ။

၁။ ခံ–၄–၂၊ ၁၀၂။

http://www.dhammadownload.com

ရဟန်းတွေက ဒီအကြောင်းကို ဘုရားရှင်အား လျှောက်ထားကြပါတယ်၊ ဘုရားရှင်က အတ္တဒတ္ထထေရ်ကို အခေါ်ခိုင်းပြီး မေးတော်မူပါတယ်၊ အတ္တဒတ္ထထေရ်က ဘုရားရှင်သက်တော်ထင်ရှား ရှိနေတုန်းမှာပဲ အရဟတ္တဖိုလ်ကိုရအောင် တရားအားထုတ်နေကြောင်းကို လျှောက်ထားပါတယ်။

အတ္တဒတ္ထထေရ်ရဲ့ စကားကို ကြားရတဲ့အခါ ဗုဒ္ဓမြတ်စွာက သာဓုခေါ်တော်မူပါတယ်၊ ဆက်လက်ပြီး "ငါဘုရားအပေါ်မှာ ချစ်ခင်မြတ်နိုးမှုရှိသူက အတ္တဒတ္ထထေရ်လိုသာ ဖြစ်သင့်တယ်၊ နံ့သာ, ပန်း-စသည်တို့နဲ့ ပူဇော်သူဟာ ငါဘုရားကို ပူဇော်ရာမရောက်ဘူး၊ အကျင့်နဲ့ ပူဇော်သူကသာ ငါဘုရားကို ပူဇော်ရာရောက်တယ်" လို့လဲ မိန့်တော်မူပါတယ်။

တိသဃထေရ်နှင့် ဓမ္မာရာမထေရ်များလဲ အတ္တဒတ္ထထေရ်လိုပဲ တရားအားထုတ်နေကြပါတယ်၊ အတ္တဒတ္ထထေရ်လိုပဲ ဘုရားရှင်ရဲ့ ချီးမွမ်းမှုကို ခံရသူများ ဖြစ်ကြပါတယ်။

"အခုဆရာမတွေကို တစ်လှည့် မေးကြည့်ပါဦးမယ်၊ ဒီဝတ္ထုက ဘာတွေကို ဖော်ညွှန်းနေတယ်-ဆိုတာကို ဆရာမ-မနီလာစိုးက ပြောပြပါဦး"။

"ဗုဒ္ဓဘာသာဖြစ်သူ ရဟန်းရှင်လူတို့က ဗုဒ္ဓမြတ်စွာအား (ဗုဒ္ဓမြတ်စွာက အလိုလားဆုံးဖြစ်တဲ့) အကျင့်နဲ့ ပူဇော်မှသာ မိမိတို့ရဲ့ ကြီးပွားချမ်းသာရေးလဲ ဖြစ်နိုင်ပါတယ်၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ရဲ့ ကြာရှည်လေးမြင့် တည်တံ့ရေးလဲ ဖြစ်နိုင်ပါတယ်"။

ဒါ့အပြင် အတ္တဒတ္ထထေရ် ကျင့်သုံးပုံကို နည်းယူပြီး မိမိတို့ရဲ့ မိဘဆရာသမားများ အိုမင်းမစွမ်းဖြစ်လာတဲ့အခါ, ရောဂါဝေဒနာစွဲကပ်လာတဲ့အခါ မိဘဆရာသမားတွေရဲ့ သြဝါဒအတိုင်း ကြိုးစားပြီး လိုက်နာကျင့်သုံးနေထိုင်ကြမှသာ မိမိတို့မှာလဲ အကျိုးရှိနိုင်ပါတယ်၊ မိမိဆရာသမားတွေကလဲ စိတ်ချမ်းချမ်းသာသာနဲ့ အသေဖြောင့်နိုင်စရာ ရှိပါတယ်၊ ဒါတွေကိုပဲ ဒီဝတ္ထုက ဖော်ညွှန်းနေပါတယ် အရှင်ဘုရား"။

ဘုရားရှင်အား အကျင့်ဖြင့်ပူဇော်ပုံ [၂]

မြတ်စွာဘုရား, ကျင့်စဉ်များ, လေးစား မှန်းဆကာ၊
ကိုယ်တိုင်ဒါန, ကျင့်သီလ, ပွားကြ ဘာဝနာ။

၁။ ခု-၆-၂၊ ၁၇၃။ ၃၆၇။ ၂။ မဒ-၆-၁၊ ၂၆၃။

http://www.dhammadownload.com

သီဟိုဠ်ကျွန်း ကာဠဝလ္လိမဏ္ဍပ်မှာ သီတင်းသုံးနေတော်မူတဲ့ မဟာနာဂထေရ်က ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်ရင်း ရဟန်းတရား ကြိုးစားအားထုတ်နေပါတယ်၊ အသွားမှာရော, အပြန်မှာရော ကမ္မဋ္ဌာန်း(အမှတ်)မကင်းကွာတဲ့ ခြေလှမ်းနဲ့ ဆွမ်းခံကြွတာကို ဂတပစ္စာဂတဝတ်–လို့ ခေါ်ပါတယ်။

မဟာနာဂထေရ်က ရှေးဦးစွာ ဗုဒ္ဓမြတ်စွာရဲ့ ဒုက္ကရစရိယအကျင့်ကို ပူဇော်မယ်–ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ၇–နှစ်လုံးလုံး ရပ်ခြင်း, သွားခြင်းကိုသာ ဆောက်တည်ထားပါတယ်၊ ထိုင်မှု, လဲလျောင်းမှုကို မပြုပါ၊ အဲဒီနောက်မှာ ၁၆–နှစ်လုံးလုံး ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်ရင်း အရဟတ္တဖိုလ်ကို ရောက်ပါတယ်။

အဲဒီမဟာနာဂထေရ်က ကမ္မဋ္ဌာန်းနှင့်ယှဉ်တဲ့ စိတ်နဲ့သာ ခြေကိုကြွချီပါတယ်၊ ကမ္မဋ္ဌာန်းနှင့်မယှဉ်တဲ့စိတ်နဲ့ ခြေကိုကြွမိခဲ့ပါရင် ရွာနားကို ရောက်နေခဲ့ပေမယ့် ပြန်ကြွလာပါတယ်၊ နွားလား, ရဟန်းလား တွေးတောယုံမှားဖွယ်ရှိလောက်တဲ့ အရပ်မှာ ရပ်ပြီး သင်္ကန်းရုံပါတယ်၊ ရေဗူးမှာပါလာတဲ့ ရေနဲ့ သပိတ်ဆေးပါတယ်၊ ဒါ့အပြင် ဆွမ်းလှူရအောင်, ရှိခိုးရအောင် လာတဲ့လူတွေကို စကားပြောနေရတာနဲ့ ကမ္မဋ္ဌာန်းပြတ်သွားမှာကို စိုးတဲ့အတွက် ရေငုံမှုကို ပြုလုပ်ပါတယ်၊ နေ့ရက်ကိုပဲဖြစ်ဖြစ်, ကျောင်းမှာရှိနေတဲ့ ရဟန်းအရေအတွက်ကိုပဲဖြစ်ဖြစ်, ပြဿနာတစ်စုံတစ်ရာကိုပဲဖြစ်ဖြစ် မေးမြန်းလျှောက်ထားမယ့်လူရှိရင် ရေကိုမျိုချပြီးမှ ပြောဆိုဖြေကြားပါတယ်၊ မေးမြန်းမယ့်လူ မရှိရင် ရွာတံခါးမှာ ရေကို ထွေးထားခဲ့ပြီး လာတုန်းကလို ကမ္မဋ္ဌာန်းကို နှလုံးသွင်းရင်း ပြန်လာပါတယ်။

"ဆရာမ–မစိုးစိုးတင့်က ဒီဝတ္ထုက ဘာသင်ခန်းစာရတယ်–ဆိုတာကို ပြောပြပါဦး"။

"မဟာနာဂထေရ်လို ကိုယ်ကြည်ညိုတဲ့ ဗုဒ္ဓမြတ်စွာရဲ့ ကျင့်စဉ်တစ်ခုခုကို ရည်ညွှန်းအဓိဋ္ဌာန်ပြုလုပ်ပြီး ဥပုသ်သီတင်းဆောင့်သုံးမှု, ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်မှု–စတဲ့ အလုပ်တွေကို လုပ်ကြပါရင် ယခုကာလလူတွေအတွက်လဲ အင်မတန်အကျိုးရှိနိုင်ပါတယ်၊ ဒါဟာ ဒီဝတ္ထုကရတဲ့ သင်ခန်းစာဖြစ်ပါတယ် အရှင်ဘုရား"။

ပစ္စေကဗုဒ္ဓါအား ပူဇော်ရကျိုး [၁]

ပစ္စေကအား, ဆွမ်းလှူထား, လေးပါးဆုကို တောင်းခဲ့ပါ၊
တောင်းသည့်တိုင်းပင်, ပြည့်စုံလင်, ပူပင်ကင်းလွတ်ကွာ။

၁။ သုတ္တနိ–၅–၁၊ ၆၈။

http://www.dhammadownload.com

ကဿပရှင်တော်မြတ်ဘုရား သာသနာတော်မှ ယောဂီရဟန်းတစ်ပါး ပျံလွန်တော်မူတဲ့အခါ ဗာရာဏသီမြို့မှာ သူဌေးသား လာဖြစ်ပါတယ်၊ အဲဒီ သူဌေးသားက ပရဒါရိကကံကို ပြုမှားမိတဲ့အတွက် အဲဒီဘဝက သေဆုံးသွားတဲ့ အခါ ငရဲမှာ ခံနေရပါတယ်၊ ငရဲက လွတ်လာတဲ့အခါ ဗာရာဏသီမြို့မှာပဲ သူဌေးမျိုးမှာ ပဋိသန္ဓေတည်နေလာပါတယ်၊ ဒါပေမယ့် ပရဒါရိကကံရဲ့ အကျိုးကြောင်းအနေနဲ့ မိန်းကလေးဖြစ်လာခဲ့ရပါတယ်။

မွေးဖွားလာသည့်နေ့က စပြီး သူ့ကို မည်သူကမျှ မချစ်ခင်ကြပါ၊ အမေအဖနှင့် ဆွေမျိုးသားချင်းတွေကပါ မုန်းကြပါတယ်၊ အရွယ်ရောက်လို့ လင်နောက်ကို လိုက်သွားရတဲ့အခါမှာလဲ လင်ဖြစ်သူကရော, ယောကျ်ားမတွေကရော မုန်းကြပါတယ်၊ နက္ခတ်ပွဲလမ်းသဘင် ရှိနေတဲ့အခါမှာလဲ သူဌေးသားက ပြည့်တန်ဆာမတစ်ယောက်ကိုသာ ခေါ်ပြီး မြူးတူးပျော်ပါး ကစားပါတယ်။

သူဌေးသမီးကလေးက ဒီအကြောင်းကို အစေခံတွေထံကတစ်ဆင့် ကြားသိရလို့ လင်ဖြစ်သူကို တောင်းပန်ပြောဆိုပါတယ်၊ လွန်ပြီးတာကတော့ ရှိပါစေတော့၊ နက်ဖန်ကျမှ အတူသွားကြတာပေါ့–ဆိုတဲ့ လင်ဖြစ်သူရဲ့ စကားကို ကြားရတော့ အင်မတန်ဝမ်းသာသွားပါတယ်၊ စားစရာ, သောက်စရာ အများအပြားကိုလဲ စီမံထားပါတယ်။

နောက်နေ့ ရောက်လာတဲ့အခါ လင်ဖြစ်သူ သူဌေးသားက မပြောကြားဘဲ တိတ်တဆိတ် ထွက်သွားပါတယ်၊ သူဌေးသမီးက အခုပဲ အခေါ်လွှတ်လိမ့်မယ်၊ အခုပဲ အခေါ်လွှတ်လိမ့်မယ်–ဆိုတဲ့ အထင်နဲ့ လမ်းဘက်ကိုကြည့်ပြီး ထိုင်စောင့်နေခဲ့ပါတယ်၊ နေကသာ မြင့်တက်လာခဲ့ပါတယ်၊ အခေါ်လာသူ တစ်ဦးတစ်ယောက်ကိုမှ မတွေ့ရပါ။

လူလွှတ်ပြီး စုံစမ်းခိုင်းမှ သူဌေးသား ထွက်သွားပြီ–ဆိုတာကို သိရပါတယ်၊ ဒီတော့ကာ သူဌေးသမီးက စီမံချက်ပြုတ်ထားသမျှ အစားအစာတွေကို ယာဉ်ပေါ်မှာ အတင်ခိုင်းပြီး ဥယျာဉ်ဘက်ကို ထွက်လာခဲ့ပါတယ်။

အဲဒီ ခဏမှာပဲ နိရောဓသမာပတ်က ထလာတဲ့ ပစ္စေကဗုဒ္ဓါ တစ်ဆူက ကောင်းကင်ခရီးမှ ကြွလာခဲ့ပါတယ်၊ သူဌေးသမီးလာနေတဲ့ လမ်းမှာပဲ သက်ဆင်းပြီး ဗာရာဏသီမြို့ဘက်ကို ကြွလာနေပါတယ်၊ ပစ္စေကဗုဒ္ဓါကို တွေ့ရတော့ အခိုင်းအစေတွေက သူဌေးသမီးကို ပြောကြပါတယ်။

သူဌေးသမီးက ယာဉ်ပေါ်မှဆင်းပြီး ရိုသေစွာ ရှိခိုးပါတယ်၊ ပစ္စေကဗုဒ္ဓါထံမှ သပိတ်ကိုယူပြီး စားကောင်းသောက်ဖွယ်တွေကို အပြည့်ထည့်ပါတယ်၊ သပိတ်

http://www.dhammadownload.com

အပေါ်မှာ ပဒုမာကြာပန်းတွေနဲ့ ဖုံးအုပ်ထားပါတယ်၊ သပိတ်အောက်မှာလဲ ပဒုမာကြာပန်းတွေကို ခံထားပြီး သပိတ်ကို ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆက်ကပ်ပါတယ်၊ အဲဒီလို ကပ်ပြီးတဲ့နောက် ကြာစည်းတစ်စည်းကို လက် ၂-ဖက်နဲ့ ကိုင်ထားပြီး လက်အုပ်ချီမိုး ရှိခိုးကာ ဆုတောင်းပါတယ်။

"၁။ ဒီပဒုမာကြာပန်းလို ဖြစ်ရာဘဝတိုင်းမှာ လူတိုင်းက ချစ်ခင်မြတ်နိုးသူ ဖြစ်ရပါစေသား။

၂။ အဓိဝမ်းမှာဖြစ်ရတာဟာ ဆင်းရဲလှပါတယ်၊ ပဒုမာကြာပန်းမှာသာ သန္ဓေဟည်နေသူ ဖြစ်ရပါစေသား။

၃။ မိန်းမဘဝက ရွံရှာစရာ ကောင်းလှပါတယ်၊ စကြဝတေးမင်းရဲ့သမီး ဖြစ်ပေမယ့် သူများအလိုသို့သာ လိုက်ပါနေရပါတယ်၊ ဒါ့ကြောင့် မိန်းမ ဘဝက ကင်းလွတ်ပြီး ယောကျ်ားဖြစ်ရပါစေသား။

၄။ ဒီသံသရာဆင်းရဲကို ကျော်လွန်ပြီး အဆုံးမှာ အရှင်ဘုရားတို့ ရရှိထားတဲ့ အမြိုက်နိဗ္ဗာန်သို့ ရောက်ရပါစေသား"။

ဒီလို ဆု ၄-ချက် တောင်းပြီးတဲ့နောက် ပစ္စေကဗုဒ္ဓါအား ပဒုမာကြာစည်းကို ပေးလှူပူဇော်ပြီး ဆုတောင်းပြန်တယ်။

"တပည့်တော်ရဲ့ ကိုယ်အဆင်းရော,အနုံပါ ဒီပဒုမာကြာပန်းရဲ့ အဆင်းနှင့် အနုံလို ဖြစ်ရပါစေသား"။

ပစ္စေကဗုဒ္ဓါအရှင်မြတ်က သပိတ်နှင့်ကြာစည်းကို ယူပြီး ကောင်းကင်မှာရပ်ရင်း အနုမောဒနာပြုတော်မူပါတယ်၊ ပြီးမှ နန္ဒမူလိဏ်ကို ကြွတော်မူပါတယ်၊ အရှင်ပစ္စေကဗုဒ္ဓါ ကြွသွားနေတာကို ကြည့်ရင်း သူဌေးသမီးရဲ့ သန္တာန်မှာ နှစ်သက်မှုပီတိတွေ ထပ်ကာထပ်ကာ ဖြစ်နေပါတော့တယ်။

ဘဝတစ်ပါးက ပြုလုပ်လာခဲ့တဲ့ ပရဒါရိကံက အကျိုးပေးခွင့် မရတော့တဲ့ အနေနဲ့ ကုန်သွားရပါတယ်၊ မန်ကျည်းသီးနဲ့ ပွတ်တိုက်ဆေးကြောထားတဲ့ ကြေးနီခွက်လို စင်ကြယ်သွားပါတယ်။

အဲဒီခဏမှာပဲ သူမရဲ့ဆွေမျိုးတွေ, လင်ဘက်ကဆွေမျိုးတွေ အကုန်လုံးကပဲ ချစ်ဖွယ်သာယာ ပြောဆိုလာကြပါတယ်၊ လက်ဆောင်တွေ ပို့ကြပါတယ်၊ သူဌေးသားကလဲ လူတွေကို စေလွှတ်ပြီး ဥယျာဉ်သို့ အမြန်လိုက်လာရန် အခေါ်ခိုင်းနေပါတယ်။

http://www.dhammadownload.com

အဲဒီအချိန်ကစပြီး သူမကို ရင်မှာလိမ်းထားတဲ့ စန္ဒကူးနဲ့သာကိုလို, လည်မှာ ဆွဲထားတဲ့ ပုလဲသွယ်ကိုလို, ပန်းခိုင်ပန်းကုံးကိုလို ချစ်ခင်မြတ်နိုးနေကြပါတော့ တယ်၊ သူမက အသက်ရှည်သမျှ ကာလပတ်လုံး စည်းစိမ်ချမ်းသာကို ပျော်ရွှင်စွာ ခံစားနေရပါတယ်။

အဲဒီဘဝက စုတေသွားတဲ့အခါ နတ်ပြည်မှာ ရှိနေတဲ့ ပဒုမာကြာပန်းထဲမှာ နတ်သားသွားဖြစ်နေပါတယ်၊ အဲဒီနတ်သားက သွားရင်လဲ ပဒုမာကြာတိုက်မှာပဲ သွားပါတယ်၊ ရပ်ရင်လဲ ပဒုမာကြာတိုက်မှာပဲ ရပ်ပါတယ်၊ ထိုင်ရင်လဲ ပဒုမာ ကြာတိုက်မှာပဲ ထိုင်ပါတယ်၊ အိပ်ရင်လဲ ပဒုမာကြာတိုက်မှာပဲ အိပ်ပါတယ်၊ ဒါ့ကြောင့် သူ့ကို ပဒုမနတ်သား–လို့ အမည်ပေးထားကြပါတယ်၊ ပဒုမနတ်သားက အဲဒီလို တန်ခိုးအာနုဘော်မျိုးနဲ့ နတ်ပြည် ၆–ထပ်မှာ ခုံဆန်လူးလာ ကျင်လည်နေရပါတယ်။

အဲဒီအချိန်မှာ ဗာရာဏသီမင်းရဲ့ မိဖုရား ၂–သောင်းအနက်က တစ်ဦးတစ် ယောက်မှာမှ သားသမီး မထွန်းကားခဲ့ပါ၊ သီလရှိတဲ့ မိဖုရားက သားကို အလိုရှိ နေကြောင်း သိရတဲ့အခါ သိကြားမင်းက လူ့ပြည်မှာ လူဖြစ်ရန် မဟာပဒုမနတ်သားကို သွားရောက်တောင်းပန်ပါတယ်၊ မဟာပဒုမနတ်သားက အဓိဝမ်းတိုက်ဝယ် သန္ဓေ တည်နေရမှာကို ကြောက်တဲ့အတွက် ငြင်းပယ်နေပါတယ်၊ အသင်နတ်သားက ဆုတောင်းလာခဲ့တဲ့အတိုင်း ပဒုမာကြာတိုက်မှာပဲ ဖြစ်ရမှာပါ၊ သွားသာသွားပါ–လို့ အကြိမ်ကြိမ်တောင်းပန်မှ လက်ခံပါတယ်။

မဟာပဒုမနတ်သားက နတ်ပြည်မှ စုတေပြီး ဗာရာဏသီမင်းရဲ့ ဥယျာဉ် အတွင်းမှာရှိနေတဲ့ ရေကန်ထဲက ပဒုမာကြာတိုက်မှာ ဖြစ်လာခဲ့ပါတယ်၊ သံသေဒဇ ပဋိသန္ဓေ တည်နေလာပါတယ်၊ အဲဒီညဉ့် လင်းအားကြီးအချိန်မှာပဲ မိဖုရားကြီးက ဥယျာဉ်အတွင်းမှာရှိနေတဲ့ ရေကန်ထဲက ပဒုမာကြာတိုက်မှ သားကို ရသလို အိပ်မက် မြင်မက်ပါတယ်။

မိဖုရားကြီးက မိုးလင်းတဲ့အခါ ဥယျာဉ်ထဲကို ထွက်လာခဲ့ပါတယ်၊ ရေကန် ကမ်းစပ်နှင့် မနီးမဝေးမှာ ပဒုမာကြာငုံကြီးတစ်ခုကို တွေ့ရပါတယ်၊ အဲဒီကြာငုံ ကြီးကို တွေ့ရတာနဲ့တစ်ပြိုင်နက် သားမှာဖြစ်တဲ့ ချစ်ခင်ခြင်းမျိုး ဖြစ်လာပါတယ်၊ ကိုယ်တိုင် ရေကန်ထဲကိုဆင်းပြီး အဲဒီကြာငုံကြီးကို ကိုင်လိုက်ပါတယ်၊ ကိုင်လိုက် တာနဲ့တစ်ပြိုင်နက် ပွင့်ချပ်တွေက ကားလန်ပွင့်လာပါတယ်၊ အဲဒီကြာပွင့်ကြီးထဲမှာ ကလေးငယ်ကို တွေ့ရပါတယ်၊ ဒါနဲ့ မိဖုရားကြီးက ငါ့မှာ သားကလေးတစ်ယောက် ရပြီ–လို့ ဝမ်းမြောက်ဝမ်းသာကြွေးကြော်လိုက်ပါတယ်၊ လူတွေက ဝမ်းမြောက်ဝမ်းသာ

http://www.dhammadownload.com

သာဓုခေါ်ကြပါတယ်၊ ရှင်ဘုရင်ကိုလဲ မိဖုရားကြီးမှာ သားရတ်ကြောင်းကို သံတော်ဦး တင်ကြပါတယ်။

ဘုရင်မင်းမြတ်က သားရတဲ့ နေရာဌာနကို ကြားသိရတဲ့အခါ ဥယျာဉ်ရော, ရေကန်ရော, ပဒုမာကြာရော ငါ့တို့ရဲ့ခေတ်, ငါတို့ရဲ့ပိုင်နက်ပဲ ဖြစ်ပါတယ်၊ ငါတို့ရဲ့ ခေတ်မှာ ဖြစ်တဲ့အတွက် ဒီသားကလေးဟာ ခေတ္တဇသားမည်ပါတယ်–လို့ ပြောဆိုပြီး မြို့တွင်းကို သွင်းယူလာပါတယ်၊ မိန်းမ ၂–ယောင်းတို့အား နို့ထိန်းခန့်ထားပါတယ်။

မင်းသားကလေးရဲ့ အလိုအကြိုက်ကို သိနားလည်ပြီး အလိုရှိသမျှ အစာကို ကျွေးနှိုင်တဲ့ မိန်းမတိုင်းက ဆုငွေတစ်ထောင်စီ ရကြပါတယ်၊ ဗာရာဏသီတစ်မြို့လုံးက လူပ်လူပ်ရွရွဖြစ်နေပါတယ်၊ လူအကုန်လုံးက မင်းသားကလေးထံ လက်ဆောင် ပို့ကြပါတယ်။

အထိန်းတော်တွေက ဟိုဟာကိုယူလာ ဒီဟာကိုယူလာပြီး ဒါလေးကို စားကြည့်စမ်းပါဦး၊ ဒါလေးကို သုံးဆောင်ကြည့်စမ်းပါဦး–လို့ ကျွေးမွေးကြတာကို ငြီးငွေ့စိတ်ပျက်လှတဲ့အတွက် မင်းသားကလေးက နန်းတော်တံခါးဝကို သွားပြီး ချိတ်ဆော လုံးကလေးနဲ့ ကစားနေပါတယ်။

အဲဒီ အချိန်မှာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ဆူက ဗာရာဏသီမြို့ကို အမှီပြုပြီး ဣသိပတနတောမှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီ ပစ္စေကဗုဒ္ဓါက နံနက်ပိုင်းမှာ လုပ်သင့်တဲ့ကိစ္စတွေကို ပြုလုပ်ပြီးတဲ့နောက် ဒီနေ့ ဘယ်သူ့ကို ချီးမြှောက်ရပါ့မလဲ–လို့ ဆင်ခြင်တော်မူတဲ့အခါ မင်းသားကလေးကို တွေ့ရပါတယ်။

ဒါ့အပြင်– ငါလို ပစ္စေကဗုဒ္ဓါတစ်ဆူအား ဆွမ်းလှူဒါန်းပြီး ဆု ၄–ပါးကို တောင်းလာခဲ့ပါတယ်၊ ဆု ၃–ခုကတော့ ပြည့်စုံသွားပြီ၊ တစ်ခုပဲ ကျန်တော့တယ်၊ သူ့အား ပရိယာယ်နဲ့ အာရုံကို ပြရတော့မယ်၊ ဒီလိုလဲ စဉ်းစားဆင်ခြင်မိပြန်တယ်၊ ဒါနဲ့ ဆွမ်းခံဝတ်အနေနဲ့ မင်းသားကလေးထံကို သွားပါတယ်။

မင်းသားကလေးက အရှင်ပစ္စေကဗုဒ္ဓါကို တွေ့ရတယ်–ဆိုရင်ပဲ "ရဟန်း ! ဒီနားကို မလာပါနှင့်၊ ဒီလူတွေက သင့်ကိုလဲပဲ ဒါလေးကို စားကြည့်စမ်းပါဦး၊ ဒါလေးကို သုံးဆောင်ကြည့်စမ်းပါဦး–လို့ ပြောကြတော့မှာပဲ"လို့ ပြောဆိုလိုက်ပါတယ်၊ ပစ္စေကဗုဒ္ဓါက စကားတစ်ခွန်းတည်းနဲ့ပဲ အဲဒီအနားက လှည့်ပြီး မိမိ ကျောင်းကို ပြန်လာခဲ့ပါတယ်။

မင်းသားကလေးက ဒီရဟန်းဟာ ငါ့ကို စိတ်ဆိုးသွားဟန်တူတယ်၊ သွားရောက် တောင်းပန်ဦးမှပဲ–ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အမေအဖေထံ ခွင့်တောင်းပါတယ်၊ ဆင်စီးပြီး

http://www.dhammadownload.com

ဣသိပတနကို ထွက်လာခဲ့ပါတယ်၊ သားသမင်အုပ်စုကို တွေ့ရတဲ့အခါ နောက်က လိုက်ပါလာသူတွေကို မေးပါတယ်။

"ဒါတွေဟာ ဘာသတ္တဝါတွေလဲ ?"။

"သားသမင်တွေ ဖြစ်ကြပါတယ် အရှင်မင်းသား"။

"သူတို့ကိုလဲ ဒါလေးကို စားကြည့်စမ်းပါဦး၊ ဒါလေးကို သုံးဆောင်ကြည့်စမ်းပါဦး၊ ဒါလေးကို လျက်ကြည့်စမ်းပါဦး–လို့ ပြောဆိုလုပ်ကျွေးသူများ ရှိသေးသလား ?"။

"မရှိပါ အရှင်မင်းသား၊ မြက်တွေ, ရေတွေကို ရလွယ်တဲ့ အရပ်မှာ နေကြတာပါပဲ"။

ဒီစကားကို ကြားရတော့ မင်းသားကလေးက–

"ဒီ သားသမင်တွေက အစောင့်အရှောက် မရှိဘဲ နေလိုရာအရပ်မှာ နေနိုင်ကြပါတယ်၊ ငါလဲ ဒီလို ဘယ်အချိန်မှာ နေရပါ့မလဲ ?"။

ဒီလို အာရုံကိုလဲ ယူပါတယ်။

ပစ္စေကဗုဒ္ဓါကလဲ မင်းသားကလေး လာနေတာကို သိရတော့ ကျောင်းလမ်းနှင့် စကြံ ကို တံမြက်လှည်းပြီး ချောမောပြေပြစ်အောင် လုပ်ပါတယ်၊ တစ်ကြိမ် ၂–ကြိမ် စကြံ သွားပြီး ခြေရာကို ပြထားခဲ့ပါတယ်။

နေ့နေရာအရပ်နှင့် သစ်ရွက်မိုးကျောင်းကိုလဲ တံမြက်လှည်းလို့ ပြေပြစ်အောင် ပြုလုပ်ထားခဲ့ပြီး အဝင်ခြေရာကိုသာ ပြကာ အထွက်ခြေရာကို မပြဘဲ အခြားအရပ်ကို ကြွသွားတော်မူပါတယ်။

မင်းသားကလေးက အဲဒီ အနားကို ရောက်သွားတော့ တံမြက် လှည်းပြီး အပြေအပြစ်ပြုလုပ်ထားတဲ့ အရပ်ကို တွေ့ပါတယ်၊ အဲဒီ ပစ္စေကဗုဒ္ဓါက ဒီမှာပဲ နေဟန်တူတယ်–လို့ လူတွေရဲ့ ပြောသံကို ကြားရတဲ့အခါ မနက်ကလဲ အဲဒီရဟန်းက စိတ်ဆိုးသွားခဲ့တယ်၊ အခု ဆင်တွေ, မြင်းတွေက သူ့နေရာအရပ်ကို နင်းထားတာကို တွေ့ရတော့ ပိုပြီး စိတ်ဆိုးတော့မှာပဲ၊ ခင်ဗျားတို့က ဒီမှာပဲ နေရစ်ကြပါ–လို့ ပြောဆိုထားခဲ့ပါတယ်၊ ဆင်ပေါ်ကဆင်းပြီး တစ်ယောက်တည်းပဲ ကျောင်းထဲကို ဝင်လာခဲ့ပါတယ်။

ဝတ်ကိုအဓိကထားပြီး ကောင်းစွာ တံမြက်လှည်းထားတဲ့အရပ်မှာ ခြေရာကို တွေ့ရတယ်–ဆိုရင်ပဲ ဒီရဟန်းက ဒီနေရာမှာ စကြံ ကြွရင်း ကုန်သွယ်မှုအစရှိတဲ့ လုပ်ငန်းတွေကို ကြဲစည်မှာ မဟုတ်ဘူး၊ တကယ်ပဲ ကိုယ်ကျိုး, ကိုယ်စီးပွားကို

http://www.dhammadownload.com

ကြံစည်နေဟန် တူပါတယ်–လို့ စဉ်းစားပြီး အင်မတန်ကြည်လင်တဲ့ စိတ်နဲ့ စကြီ ပေါ်ကို တက်လာခဲ့ပါတယ်။

ဒါ့အပြင် များပြားလှတဲ့ အကြံအစည်တွေကို ပယ်ခွာထားခဲ့ပြီး ကျောက်ဖျာ ပေါ်ကို သွားကာ ထိုင်နေပါတယ်၊ စိတ်ကလဲ တည်ငြိမ်လာပါတယ်၊ သစ်ရွက်မိုး ကျောင်းထဲကို ဝင်ပြီး ဝိပဿနာရှုမှတ်နေရင်း ပစ္စေကဗောဓိဉာဏ်ကို ရသွားပါတယ်၊ ဒီမှာပဲ ဒီဝတ္ထုကို ရပ်နားလိုက်ပါတယ်။

"ဆရာမ–မကြည်သင်းက ဒီဝတ္ထုက ဘာတွေကိုညွှန်ပြနေတယ်–ဆိုတာကို ပြောပြစမ်းပါဦး"။

"၂–သဒ္ဓေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်လာခဲ့တဲ့ ပစ္စေဗုဒ္ဓါအလောင်း သူတော်ကောင်းကတောင်မှ ပရဒါရိကကံကို ကျူးလွန်မိလို့ ပရဒါရိကကံရဲ့ ဆိုးကျိုးမှ ရှောင်တိမ်းမရပုံကို ကြားနာရတော့ ပုထုဇဉ်အဖြစ်ရဲ့ ဝန်လေး လှကြောင်း, ပစ္စေကဗုဒ္ဓါအရှင်မြတ်အား အစားအသောက်တွေ ကြာပန်းတွေနဲ့ ပူဇော်တဲ့ ကာမာဝစရကုသိုလ်ကံက အဲဒီပရဒါရိက လောဘမူအကုသိုလ်ကံကို သတ်ဖြတ်ပစ်လို့ အကျိုးပေးခွင့် မရတော့ဘဲ ကုန်သွားကြောင်းတွေကို ထောက်ဆ ပါက အခုလို သာသနာတော် ထွန်းလင်းတောက်ပနေချိန်မှာ တစ်မဂ်တစ်ဖိုလ် ရအောင် ကြိုးစားအားထုတ်သင့်ပါတယ်၊ ဒါ့အပြင် အခု မျက်မြင်လောကမှာလဲပဲ ရှေးကလုပ်လာခဲ့တဲ့ အကုသိုလ်ကံက အကျိုးပေးလို့ ဆင်းရဲဒုက္ခကြုံတွေ့ရတဲ့ အခါမျိုးမှာ နတ်မိစ္ဆာတွေကို ကိုးကွယ်ပူဇော်မှု မပြုဘဲ သူတော်ကောင်းတို့အား ပူဇော်မှု, ဥပုသ်သီတင်းစောင့်သုံးမှု အစရှိတဲ့ ကုသိုလ်ကောင်းမှုကိုသာ ကြိုးစား ပြုလုပ်သင့်ပါတယ်၊ ဒါတွေဟာ ဒီဝတ္ထုက ညွှန်ပြနေတာပဲ ဖြစ်ပါတယ်"။

အရိယာသာဝကများအား ပူဇော်ရကျိုး [၁]

အိမ်ဖော်မကား, သံဃာအား, လေးစားလုပ်ကျွေးပါ၊
ကြားနာတရား, အားထုတ်ငြား, ရသွားမဂ်သောတာ။

ဗုဒ္ဓမြတ်စွာက ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ သာဝတ္ထိမြို့သား ဥပါသကာတစ်ယောက်က ကျောင်းကိုသွားပြီး တရားနာပါတယ်၊ သူနှင့်အတူ ဥပါသကာတွေလဲ အများအပြား လိုက်ပါလာကြပါတယ်။

၁။ ဝိမာန–၄၊ ၈၂။

http://www.dhammadownload.com

ပရိသတ်ရှင်းသွားတဲ့အခါ မြတ်စွာဘုရားအနားကို သွားပြီး "ရှင်တော်မြတ်ဘုရား ! ဒီနေ့ကစပြီး တပည့်တော်က သံဃာတော်အား ၄-ခုသော နိစ္စဘတ်ကို လှူလိုပါတယ်"လို့ လျှောက်ထားပါတယ်၊ ဗုဒ္ဓမြတ်စွာက သူ့အား သင့်တော်တဲ့ တရားစကား ဟောပြောပြီး လွှတ်လိုက်ပါတယ်။

အဲဒီ ဥပါသကာက ဆွမ်းညွှန်းရဟန်းအား ဒီအကြောင်းကို လျှောက်ထားခဲ့ပါတယ်၊ အိမ်ကိုပြန်ရောက်လာတဲ့အခါ အိမ်ဖော်မိန်းမအား မင်းက ဒီကိစ္စကို အမြဲတမ်း မမေ့မလျော့ တာဝန်ယူဆောင်ရွက်ရမယ်-လို့လဲ ညွှန်ကြားထားပါတယ်။

အဲဒီမိန်းမက နဂိုကပင် သဒ္ဓါတရားနှင့် ပြည့်စုံပါတယ်၊ ကုသိုလ်ကောင်းမှုကို လိုလားပါတယ်၊ သီလရှိပါတယ်၊ ဒါ့ကြောင့် နေ့တိုင်းနေ့တိုင်း စောစောထပြီး မွန်မြတ်တဲ့ ထမင်း, အဖျော်ကို စီမံချက်ပြုတ်ထားပါတယ်၊ ရဟန်းတော်တွေထိုင်မယ့် အရပ်ကို တံမြက်လှည်းပြီး နေရာခင်းထားပါတယ်၊ ရဟန်းတော်တွေ ရောက်လာတဲ့အခါ ရိုသေစွာ ရှိခိုးပါတယ်၊ နံ့သာ, ပန်း, အခိုးအထုံတွေနဲ့ ပူဇော်ပြီး ရိုသေလေးစားစွာ ဆွမ်းဆက်ကပ်မှုကို ပြုပါတယ်။

တစ်နေ့မှာ ဆွမ်းဘုဉ်းပေးပြီးတဲ့ ရဟန်းတော်တွေထဲ ချဉ်းကပ်ပြီး ဒီပဋိသန္ဓေနေရခြင်း အစရှိတဲ့ ဆင်းရဲဒုက္ခတွေက ဘယ်လိုလွတ်မြောက်နိုင်ပါသလဲဘုရား ?-လို့ လျှောက်ထားပါတယ်၊ ရဟန်းတော်တွေက သူမအား သရဏဂုံနှင့် ၅-ပါး သီလကို ပေးပြီး ကာယဂတာနုဿတိကမ္မဋ္ဌာန်းကို ပွားများအားထုတ်စေကြပါတယ်၊ အချို့ရဟန်းတော်တွေက လက္ခဏာရေး ၃-ပါးနှင့် စပ်ယှဉ်တဲ့ တရားကို ဟောပြောကြပါတယ်။

သူမက ၁၆-နှစ်လုံးလုံး သီလကိုလဲ စောင့်နေပါတယ်၊ အကြားအကြားမှာ တရားလဲ ရှုမှတ်နေပါတယ်၊ တစ်နေ့မှာ သင့်တော်တဲ့တရားကို ကြားနာရတဲ့အတွက် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုသွားပါတယ်၊ သူမက နောက်တစ်ချိန်မှာ စုတေသွားပြီး သိကြားမင်းရဲ့အကျွမ်းဝင်တဲ့ အလုပ်အကျွေးနတ်သမီး ဖြစ်နေပါတယ်။

ပြောလာခဲ့တဲ့အတိုင်း ပစ္စေကဗုဒ္ဓါနှင့် အရိယာသာဝကတို့အား ပူဇော်ခြင်းကလဲ စီးပွားချမ်းသာကို ရွက်ဆောင်နိုင်ကြတဲ့အတွက် ကြီးပွားချမ်းသာရေး မင်္ဂလာပဲ ဖြစ်ပါတယ်။

"ဆရာမ-မစိုးစိုးတင့်က ဒီဝတ္ထုမှ ဘယ်လိုအနှစ်သာရကို ရရှိတယ်-ဆိုတာကို ပြောပြစမ်းပါဦး"။

http://www.dhammadownload.com

"အိမ်ဖော်မိန်းမက သူများရဲ့ပစ္စည်းဥစ္စာနဲ့ သဒ္ဓါတရားထက်သန်စွာ ရဟန်းတော်တွေကို ဆွမ်းလဲ လုပ်ကျွေးပါတယ်၊ ရဟန်းတော်တွေရဲ့ တရားကိုလဲ နာကြားပါတယ်၊ ရဟန်းတော်တွေ ဟောပြောတဲ့အတိုင်းလဲ လိုက်နာကျင့်သုံးပါတယ်၊ ဒါနဲ့ သောတာပတ္တိမဂ်ဖိုလ်ကိုလဲ ရရှိသွားပါတယ်၊ ဘဝကူးပြောင်းသွားတဲ့အခါ တာဝတိံသာနတ်ပြည်မှာလဲ ဖြစ်ရပါတယ်၊ ဒါတွေကို ထောက်တော့ တပည့်တော်တို့ အိမ်ပိုင်ရှင်မတွေက ကိုယ်ပိုင်ပစ္စည်းဥစ္စာနဲ့ ဒီအိမ်ဖော်မိန်းမလို ကြိုးစားအားထုတ်လို့ရှိရင် ပိုပြီးအကျိုးရှိနိုင်မှာ ဖြစ်ပါတယ်၊ ဒါက ဒီဝတ္ထုက ရရှိတဲ့ အနှစ်သာရဖြစ်ပါတယ် အရှင်ဘုရား"။

လူတွေအတွက် ပူဇော်ထိုက်သူများ

အစ်ကို အစ်မ, မိနှင့်ဖ, ယောကျ်မ လင်တစ်ဖြာ၊
လူတွေအမှန်, ပူဇော်ရန်, ဧကန်ထိုက်လှပါ။

ညီနှင့်ညီမများအတွက် အစ်ကိုကြီးနှင့် အစ်မကြီးများလဲ ပူဇော်ထိုက်သူများ ဖြစ်ကြပါတယ်၊ သားသမီးများအတွက် အမေအဖေတို့က ပူဇော်ထိုက်သူများ ဖြစ်ကြပါတယ်၊ ချွေးမအတွက် လင်ယောကျ်ားနှင့် ယောကျ်မများက ပူဇော်ထိုက်သူများ ဖြစ်ကြပါတယ်။

ဒီပုဂ္ဂိုလ်တွေထဲက အစ်ကိုအစ်မ–စသူတို့က မိမိထက် အသက်အရွယ်အနေနဲ့ ကြီးရင့်တဲ့အပြင် မိမိကို ထိန်းသိမ်းယုယ စောင့်ရှောက်လာကြသူ, ပေးကမ်းကျွေးမွေးလာကြသူ, သင်ပြဆုံးလာကြသူတွေ ဖြစ်နေတဲ့အတွက် ကျေးဇူးရှင်များပဲ ဖြစ်ကြပါတယ်၊ မိဘတွေရဲ့ ဂုဏ်ကျေးဇူးကား အထူးပြောဖွယ်မရှိ၊ ကြီးမားလှပါဘိတယ်၊ လင်နှင့် ယောကျ်မများရဲ့ ဂုဏ်ကျေးဇူးလဲ အလားတူပဲ ကြီးမားလှပါတယ်။

အဆိုပါ ပုဂ္ဂိုလ်တွေကို ဝတ္ထုပစ္စည်းနဲ့ ထောက်ပံ့တာ, ပူဇော်တာကို အာမိသပူဇာ–လို့ ခေါ်သင့်ပါတယ်၊ အဲဒီ မိဘ–စသူတွေရဲ့ အပေါ်မှာ လုပ်သင့်တဲ့ ဝတ္တရားတွေကို ဆောင်ရွက်ပေးမှု, မျိုးရိုးစဉ်ဆက် ဆင်းသက်လာတဲ့ ကျင့်ဝတ်ကောင်းတွေကို လေးစားစွာ စောင့်ထိန်းမှု, ဆုံးဩဝါဒကို ရိုသေလေးစားစွာ လိုက်နာမှုတွေကိုတော့ ပဋိပတ္တိပူဇာ–လို့ ခေါ်သင့်ပါတယ်။

မိဘ–စသူတို့ကို ပူဇော်တာကလဲ ကုသိုလ်တရားဖြစ်တဲ့အတွက် အသက်, အဆင်း, ခွန်အား, ချမ်းသာ, ပညာတွေကို တိုးပွားစေတတ်ပါတယ်၊ ဒါ့ကြောင့် ကြီးပွားချမ်းသာရေးအစစ် မဂ်လာဖြစ်ပါတယ်။

http://www.dhammadownload.com

"အမိကို ပူဇော်သူ, အဖကို ပူဇော်သူ, ရဟန်းသူတော်ကောင်းကို ပူဇော်သူ, အမျိုးမှာ ကြီးသူတို့ကို ပူဇော်သူ, ရိုသေလေးစားသူတွေမှာ အသက်, အဆင်း တိုးပွား လာရတယ်"လို့လဲ ဗုဒ္ဓမြတ်စွာက ဟောတော်မူထားပါတယ်။ [၁]

ပူဇော်ထိုက်သူကို ပူဇော်ကြတဲ့ သူတို့ရဲ့ သန္တာန်မှာ မေတ္တာစေတနာပြဋ္ဌာန်းတဲ့ ကုသိုလ်စိတ်တွေက ဆင့်ကာဆင့်ကာ ဖြစ်နေကြပါတယ်၊ အပူဇော်ခံရသူတွေရဲ့ သန္တာန်မှာလဲ မေတ္တာ ကရုဏာပြဋ္ဌာန်းတဲ့ ကုသိုလ်စိတ်တွေ ထပ်ကာထပ်ကာ ဖြစ်နေကြပါတယ်၊ သူတို့ရဲ့သန္တာန်မှာ ဖြစ်နေတဲ့ ကုသိုလ်အအေးဓာတ်က နေလ နက္ခတ်တို့ကို အရှိန်ဟပ်တဲ့အတွက် နေလနက္ခတ်တို့က အနေအထား အသွားအလာ မှန်ကန်လာပါတယ်၊ ဒါ့ကြောင့် မိုးလေဝသမှန်ကန်ပြီး ကောက်ပဲသီးနှံတွေမှာ အဆီသြဇာဓာတ် ပြည့်ဝလာပါတယ်၊ အဲဒီအစာကို စားရတဲ့ လူတွေမှာ အသက် ရှည်ကြပါတယ်၊ အဆင်းလှလာပါတယ်၊ ကိုယ်ရောစိတ်ပါ ချမ်းသာလာပါတယ်၊ ခွန်အားဗလလဲ ပြည့်ဝလာပါတယ်၊ ဉာဏ်ပညာလဲ တိုးပွားလာရပါတယ်။

အမိကို မပူဇော်ခြင်း, အဖကို မပူဇော်ခြင်း, ရဟန်းသူတော်ကောင်းတွေကို မပူဇော်ခြင်း, အမျိုးမှာ ကြီးသူတွေကို မပူဇော်ခြင်း– ဒီတရားဆိုးတွေ တိုးပွားလာလို့ ရှိရင် လူတွေမှာ အသက်လဲ ဆုတ်ယုတ်ရတယ်၊ အဆင်းလဲ ဆုတ်ယုတ်ရတယ်– လို့လဲ ဟောတော်မူထားပါတယ်။ [၂]

လူများရဲ့ သန္တာန်မှာ မေတ္တာ, ကရုဏာ, မုဒိတာ ဗြဟ္မစိုရ်–အအေးဓာတ် ခန်းခြောက်လို့ ဒုစရိုက်–အပူဓာတ်များ အားကြီးလာတဲ့အခါ အဲဒီလူတွေရဲ့ အပူ ဓာတ်က နေလနက္ခတ်တို့ကို အရှိန်ဟပ်တဲ့အတွက် နေလနက္ခတ်တို့လဲ အနေအထား အသွားအလာ မမှန်မကန်ဖြစ်လာရပါတယ်၊ နေလနက္ခတ်တို့က အသွားအလာ မမှန်လို့ရှိရင် မိုးလေဝသ, ရာသီဥတု မကောင်းတဲ့အတွက် ကောက်ပဲသီးနှံများမှာ အဆီသြဇာဓာတ် ညံ့လာရပါတယ်၊ အဲဒီအဆီသြဇာဓာတ် ညံ့တဲ့ အစာအာဟာရကို စားရသူတို့ တစ်ဖြည်းဖြည်း အသက်တိုလို့–တိုလို့ လာကြရပါတယ်။ [ဥတုဘောဇနဝသေန ဟိ အာယု ဟာယတိပိ ဝမုတိပိ။] [၃]

အဖေအား အကျင့်နှင့်ပူဇော်သူ [၄]

ရန်မရှည်လို, မိတ်မတို, ရန်ကိုရန်တုံ့မမူနှင့်၊
ဒီသုံးပါးသာ, ပြုကျင့်ပါ, ဘေးကွာ ရန်လွင့် ဂုဏ်ရည်တင့်။

ဟရာဇာသီပြည့်ရှင် ဗြဟ္မဒတ်မင်းက ကြွယ်ဝချမ်းသာပါတယ်၊ ဇိလ်ပါရဲမက်လဲ အများအပြား ရှိနေပါတယ်၊ ဒီဃီတိ–ဆိုတဲ့ ကောသလမင်းက ဆင်းရဲနွမ်းပါး

၁။ ဒီ–၃၊ ၆၁။ ၂။ ဒီ–၃၊ ၅၉။ ၃။ ဒီ–၆–၂၊ ၇။ ၄။ ဝိနယ–၃၊ ၄၈၇။

http://www.dhammadownload.com

ပါတယ်၊ ဗိုလ်ပါရဲမက်လဲ နည်းလှပါတယ်၊ ဗြဟ္မဒတ်မင်းက မိမိနိုင်ငံသို့ ချီတက်လာကြောင်းကို ကြားသိရတဲ့အခါ ဒီဃီတိကောသလမင်းက မိဖုရားကြီးကို ခေါ်ပြီး မြို့က တိမ်းရှောင်လာခဲ့ပါတယ်၊ ဗြဟ္မဒတ်မင်းက ဒီဃီတိကောသလမင်းရဲ့နိုင်ငံကို အလွယ်တကူ သိမ်းယူပြီး စိုးမိုးအုပ်ချုပ်နေပါတယ်။

ဒီဃီတိကောသလမင်းက ဗာရာဏသီမြို့စွန်မှာ ရှိနေတဲ့ အိုးထိန်းသည်အိမ်မှာ ပရိဗိဇ်ရဟန်းလို ဝတ်ဆင်ပြီး မထင်မရှား နေထိုင်ပါတယ်၊ မကြာမီမှာဘဲ မိဖုရားကြီးမှ သားကလေးတစ်ယောက် မွေးဖွားလာပါတယ်၊ အဲဒီ သားကလေးကို ဒီဃာဝု–လို့ အမည်ပေးထားကြပါတယ်၊ ဒီဃာဝုမင်းသား သိကြားလိမ္မာတဲ့ အရွယ်ကို ရောက်လာတဲ့အခါ ဗြဟ္မဒတ်မင်းရဲ့ ဘေးရန်မှ စိုးရိမ်ရတဲ့အတွက် မြို့ပြင်မှာ နေစေကြပါတယ်၊ ဒီဃာဝုမင်းသားက မြို့ပြင်မှာနေရင်း အတတ်အကုန်လုံးကို သင်ယူထားပါတယ်။

ဗြဟ္မဒတ်မင်းက ဆတ္တာသည်တစ်ယောက်ထံမှ ဒီဃီတိကောသလမင်းရဲ့ နေရာအရပ်ကို သိသွားပါတယ်၊ လင်ရော, မယားပါ ဖမ်းယူပြီး အဆုံးစီရင်ရန် အမိန့်ပေးလိုက်ပါတယ်၊ အာဏာသားတွေက ဒီဃီတိကောသလမင်းကိုရော, မိဖုရားကြီးကိုပါ ကြိုးတွေနဲ့ လက်ပြန်တုပ်နှောင်ကြပါတယ်၊ ခေါင်းတုံးရိတ်ပြီး ထက်စည်တီးကာ ဗာရာဏသီမြို့တွင်းမှာ တစ်လမ်းထွက် တစ်လမ်းဝင် လှည့်လည်ဆောင်ယူလာကြပါတယ်။

အမိအဖတွေကို မတွေ့ရတာ ကြာတာနဲ့ တွေ့ရအောင်လို့လာတဲ့ ဒီဃာဝုမင်းသားက ဗာရာဏသီမြို့တွင်းကို ဝင်လာတဲ့အခါ ဒီအဖြစ်ဆိုးကို တွေ့ရတဲ့အတွက် အမိအဖတို့ရဲ့ အနားကို ချဉ်းကပ်သွားပါတယ်၊ ဒီဃီတိကောသလမင်းက ဒီဃာဝုမင်းသားကို တွေ့ရတဲ့အခါ ဆုံးမသြဝါဒ ပေးထားခဲ့ပါတယ်။

"ချစ်သားဒီဃာဝု ! အရှည်ကိုလဲ မကြည့်နှင့်၊ အတိုကိုလဲ မကြည့်နှင့်၊
ရန်တုံ့မှုလို့ ရန်မငြိမ်းဘူး၊ ရန်တုံ့မမှုမှသာ ရန်ငြိမ်းတယ်"။

အာဏာသားတွေက ဒီဃီတိကောသလမင်းကိုရော, မိဖုရားကြီးကိုပါ တောင်တံခါးက ထုတ်ဆောင်သွားကြပါတယ်၊ မြို့ရဲ့တောင်အရပ်မှာ ၄–ပိုင်း ပိုင်းဖြတ်ပြီး ၄–စု ပြုကာ အရပ်မျက်နှာတွေမှာ ချထားကြပါတယ်၊ ကိစ္စပြီးတဲ့အခါ အစောင့်အရှောက်ထားခဲ့ပြီး ပြန်သွားကြပါတယ်။

အဲဒီအချိန်မှာ ဒီဃာဝုမင်းသားက ဗာရာဏသီမြို့တွင်းကို ဝင်သွားပါတယ်၊ အရက်ဝယ်ယူလာပြီး အစောင့်တွေကို အရက်တိုက်ပါတယ်၊ အစောင့်တွေက အရက်

http://www.dhammadownload.com

မူးလို့ လဲနေတဲ့အချိန်မှာ ထင်းတွေကို စုပုံပြီး အမိအဖတွေရဲ့အလောင်းတွေကို ထင်းပုံပေါ်သို့တင်ပါတယ်၊ ထင်းပုံကိုမီးရှို့ပြီး လက်အုပ်ချီကာ ထင်းပုံကိုလက်ယာရစ် ၃-ပတ် လှည့်လည်ပြီးတဲ့နောက် တောထဲကို ဝင်သွားပြီး အားရပါးရ ငိုပစ်လိုက်ပါတယ်၊ အဲဒီလို ငိုပြီးတဲ့နောက်မှာ ဗာရာဏသီမြို့တွင်းကို ဝင်လာပြန်တယ်၊ ဆင်တင်းကုပ်ကိုသွားပြီး ဆင်ဆရာထံမှာ တပည့်ခံနေပါတယ်၊ နံနက်စောစောထပြီး သာယာတဲ့အသံနဲ့ သီချင်းကိုလဲ ဆိုပါတယ်၊ စောင်းကိုလဲ တီးပါတယ်။

အဲဒီအသံကို ကြားရတော့ ဗြဟ္မဒတ်မင်းက နှစ်သက်သဘောကျတဲ့အတွက် စုံစမ်းခေါ်ယူပြီး မိမိအနားမှာ ခစားရန် ရာထူးပေးအပ် ခန့်ထားလိုက်ပါတယ်၊ တာဝန်ကျေပွန်စွာ လုပ်ကိုင်ဆောင်ရွက်တဲ့အတွက် မကြာလှတဲ့ အချိန်အတွင်းမှာပဲ ဒီဃာဝုမင်းသားကို အတွင်းကျတဲ့, အကျွမ်းဝင်တဲ့အရာမှာ ထားပါတယ်။

တစ်နေ့မှာ ဗြဟ္မဒတ်မင်းက ဒီဃာဝုမင်းသားကို ရထားအမောင်းခိုင်းပြီး တောကစားရအောင် ထွက်လာပါတယ်၊ ဒီဃာဝုမင်းသားက ကိုယ်ရံတော်စစ်တပ်နဲ့ လမ်းလွဲပြီး မောင်းနှင်လာပါတယ်၊ ရထားက အဝေးကြီးကို ရောက်သွားတဲ့အခါ ဗြဟ္မဒတ်မင်းက ရထားကို အရပ်ခိုင်းပြီး ဒီဃာဝုမင်းသားရဲ့ ရင်ခွင်မှာ ခေါင်းထားပြီး ခရီးပန်းလာတာနဲ့ အိပ်ပျော်သွားပါတယ်။

အဲဒီ အချိန်မှာ ဒီဃာဝုမင်းသားက လက်စားချေရန် သံလျက်ကို အိမ်က ဆွဲထုတ်လိုက်, သေခါနီးမှာ အဖေပြောကြားသွားတဲ့ ဩဝါဒကို သတိရတာနဲ့ ပြန်သွင်းထားလိုက်နဲ့ ၃-ကြိမ် ၃-ခါ ပြုလုပ်နေပါတယ်။

အဲဒီခဏမှာပဲ ဗြဟ္မဒတ်မင်းက ကြောက်ကြောက်လန့်လန့်နဲ့ အိပ်ရာက နိုးလာပါတယ်၊ ဒီဃာဝုမင်းသားက မေးတဲ့အခါ အိပ်မက်ထဲမှာ ဒီဃိတိကောသလမင်းရဲ့ သားဖြစ်တဲ့ ဒီဃာဝုမင်းသားက သံလျက်နဲ့ လိုက်တဲ့အတွက် ကြောက်ကြောက်လန့်လန့်နဲ့ အိပ်ရာက နိုးလာရတယ်-ဆိုတဲ့ အကြောင်းကို ပြောပြပါတယ်။

အဲဒီအချိန်မှာ ဒီဃာဝုမင်းသားက လက်ဝဲလက်နဲ့ ဗြဟ္မဒတ်မင်းရဲ့ ဦးခေါင်းကို ကိုင်ပြီး လက်ယာလက်နဲ့ သံလျက်ကို ဆွဲထုတ်ကာ "အရှင်မင်းမြတ် ! ဒီဃိတိကောသလမင်းရဲ့သားဖြစ်တဲ့ ဒီဃာဝု-ဆိုတာဟာ ကျုပ်ပါပဲ၊ သင်မင်းကြီးက အကျွန်ုပ်တို့ရဲ့ အကျိုးမဲ့ကို အများအပြား လုပ်ခဲ့ပါတယ်၊ ကျုပ်ရဲ့ အမေအဖေတွေကိုလဲ သတ်ခဲ့ပါတယ်၊ ဒီအခါဟာ ကျုပ်က လက်စားချေရမယ့် အခါပါပဲ"လို့လဲ ပြောဆိုပါတယ်။

http://www.dhammadownload.com

ဒီတော့ ဗြဟ္မဒတ်မင်းက အသက်ချမ်းသာပေးရန် ခြေကိုဦးခိုက်ပြီး တောင်းပန်ပါတယ်၊ ဒီဃာဝုကလဲ ပြန်ပြီးတောင်းပန်ပါတယ်၊ ဒါ့အပြင် တစ်ဦးနဲ့တစ်ဦး မပြစ်မှားရန် ကတိသစ္စာလဲ ပြုကြပါတယ်၊ အဲဒီနောက်မှာ ရထားစီးပြီး ဗာရာဏသီမြို့တွင်းကို ပြန်လာခဲ့ကြပါတယ်။

နန်းတော်တွင်းကို ရောက်တဲ့အခါ ဗြဟ္မဒတ်မင်းက မေးတဲ့အတွက် သေခါနီးမှာ သူအဖေမှာထားခဲ့တဲ့ စကားများရဲ့ အဓိပ္ပာယ်ကို ဒီဃာဝုမင်းသားက ရှင်းပြပါတယ်။

"အရှည်ကိုလဲ မကြည့်နှင့်ဆိုတာက ရန်ကို ရှည်မြင့်စွာ မပြုနှင့်–လို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။

အတိုကိုလဲ မကြည့်နှင့်ဆိုတာကတော့ အဆွေခင်ပွန်းတွေနှင့် လျင်မြန်စွာ မိတ်မပျက်စေနှင့်–လို့ ဆိုလိုပါတယ်။

ဒါ့အပြင် အရှင်မင်းကြီးက အကျွန်ုပ်ရဲ့ အမိအဖတွေကို သတ်တယ်လို့ အကျွန်ုပ်က အရှင်မင်းကြီးကို သတ်ခဲ့ပါရင် အရှင်မင်းကြီးရဲ့အကျိုးကို လိုလား သူတွေက အကျွန်ုပ်ကို သတ်ကြမှာပဲ၊ ဒီတော့ အကျွန်ုပ်ရဲ့ အကျိုးကို လိုလား သူတွေကလဲ အဲဒီ လူတွေကို ပြန်သတ်ကြဦးမှာပဲ၊ အဲဒီလို သတ်နေကြရင် အဲဒီရန်ဟာ ရန်တုံ့မူတဲ့အတွက် တိုးပွားလို့သာ လာစရာရှိပါတယ်၊ မငြိမ်းအေးနိုင်ပါဘူး။

အခုအခြေအနေမှာတော့ အရှင်မင်းကြီးလဲ အကျွန်ုပ်အား အသက်ကို ပေးပါတယ်၊ အကျွန်ုပ်ကလဲ အရှင်ကြီးအား အသက်ကို ပေးပါတယ်၊ ဒီလို ရန်တုံ့မမူတဲ့အတွက် ရန်ဟာ ငြိမ်းအေးသွားရပါတယ်၊ ဒါကို ရည်ရွယ်လို့ အဖေက 'ရန်တုံ့မူလို့ ရန်မငြိမ်းဘူး၊ ရန်တုံ့မမူမှသာ ရန်ငြိမ်းတယ်'လို့ ပြောဆိုမှာထားခဲ့ပါတယ်"။

ဒီစကားကို ကြားရတဲ့အခါ ဗြဟ္မဒတ်မင်းက ဒီဃာဝုမင်းသားအား တအံ့တသြ ချီးမွမ်းပြောဆိုပြီး အဖရဲ့ဥစ္စာအကုန်လုံးကိုလဲ အပ်နှင်းပါတယ်၊ မိမိရဲ့သမီးနှင့်လဲ ထိမ်းမြားလက်ထပ်ပေးပါတယ်။

"ဆရာမ–မမြင့်မြင့်ဝေက ဒီဝတ္ထုက ဘာသင်ခန်းစာရတယ်–ဆိုတာကို ပြောပြပါဦး"။

"အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်ဝပြီး အမြော်အမြင်ကြီးမားတဲ့ လူကြီးမိဘတွေရဲ့ သြဝါဒကို လိုက်နာပြုကျင့်ခြင်းဟာ ပူဇော်ထိုက်သူတို့အား အကျင့်

http://www.dhammadownload.com

ပဋိပတ်နဲ့ ပူဇော်ရာလဲ ရောက်ပါတယ်၊ အကျိုးလဲ အင်မတန် ကြီးမားလှပါတယ် ဆိုတာဟာ ဒီဝတ္ထုကရရှိတဲ့ သင်ခန်းစာ ဖြစ်ပါတယ်"။

အစ်ကိုအား လုပ်ကျွေးသူများနှင့် အဖေစကား လိုက်နာသူ

အစ်ကိုကြီးအား, ဘ-ရာထား, ကြိုးစားလုပ်ကျွေးကြသည်သာ၊
ဘခင်စကား, မပယ်ရှား, နေသွားတောမှာ သုံးနှစ်ကြာ။

ဗာရာဏသီမြို့မှာ ဒသရထ-ဆိုတဲ့ မင်းက တရားနှင့်အညီ မင်းပြုနေပါတယ်၊ သူရဲ့မိဖုရားကြီးမှ သား ၂-ယောက်, သမီးတစ်ယောက် မွေးဖွားပါတယ်၊ သားကြီးရဲ့ အမည်က ရာမပဏ္ဍိတ ဖြစ်ပါတယ်၊ ဒုတိယသားရဲ့အမည်က လက္ခဏဖြစ်ပါတယ်၊ သမီးရဲ့အမည်က သီတာဒေဝီ ဖြစ်ပါတယ်။

မိဖုရားကြီး ကွယ်လွန်သွားတဲ့အခါ အခြားတစ်ဦးကို မိဖုရားကြီးအရာမှာ ထားပါတယ်၊ အဲဒီ နောက်မိဖုရားကြီးကလဲ သားတစ်ယောက် မွေးဖွားလာပါတယ်၊ အဲဒီသားကိုတော့ ဘရတ-လို့ အမည်ပေးထားပါတယ်၊ မင်းကြီးက သားကို ချစ်ခင်တဲ့ အတွက် မိဖုရားကြီးအား ဆုပေးထားပါတယ်၊ မိဖုရားကြီးကလဲ အဲဒီဆုကို ယူရုံသာ ယူထားခဲ့ပါတယ်၊ မတောင်းသေးပါ။

ဘရတမင်းသား ၇-နှစ် ၈-နှစ်အရွယ် ရှိလာတဲ့အခါ မိဖုရားကြီးက သူ့သား အား မင်းအဖြစ်ကိုပေးရန် တောင်းလာပါတော့တယ်၊ ဒသရထမင်းကြီးက သားကြီး ၂-ယောက် ရှိနေတဲ့အတွက် အငယ်ဖြစ်သူအား မင်းအဖြစ်ကိုပေးရန် မသင့်တော်ဘူး-လို့ ပြောပေမယ့် မရပါ၊ ထပ်ကာထပ်ကာသာ တောင်းနေပါတော့တယ်။

ဒီတော့ ဒသရထမင်းကြီးက သားကြီး ၂-ယောက်တို့ရဲ့ အသက်အန္တရာယ်ကို စိုးရိမ်လာပါတယ်၊ သားကြီး ၂-ယောက်တို့အား အခေါ်ခိုင်းပြီး အခြေအနေ အရပ် ရပ်ကိုလဲ ရှင်းလင်းပြောပြပါတယ်၊ အနီးအနားနိုင်ငံတစ်ခုခုမှာပဲဖြစ်ဖြစ်, တောထဲ မှာပဲဖြစ်ဖြစ် သွားရောက်နေထိုင်ကြပါဦး၊ ပုဏ္ဏားတွေရဲ့ ဟောချက်အရဆိုရင် နောင် ၁၂-နှစ်ကြာတဲ့ အခါမှာ ငါနတ်ရွာစံလိမ့်မယ်၊ အဲဒီအချိန်ကျမှ လာရောက်ပြီး ထီးဖြူအုပ်ချုပ် မင်းလုပ်ကြပါ-လို့လဲ ပြောဆိုပါတယ်။

သားတော် ၂-ယောက်တို့က အဖေစကားကို နားထောင်လျက် အဖေကိုရှိခိုးပြီး ငိုယိုကာ နန်းပေါ်က ဆင်းသွားကြပါတယ်၊ သီတာဒေဝီက ကျမလဲ မောင်တော်တို့နှင့် အတူလိုက်မယ်-လို့ ပြောဆိုလျက် အဖေကို ရှိခိုးပြီး ငိုယိုကာ မောင်တော်တို့ရဲ့ နောက်ကို လိုက်ပါလာပါတယ်၊ မောင်နှမ ၃-ယောက်တို့က ဟိမဝန္တာကို ဝင်လာ

၁။ ဇာတ်-၄-၄၊ ၁၂၆။

http://www.dhammadownload.com

ကြပါတယ်၊ ရေမိုးပြည့်စုံပြီး သစ်သီးရလွယ်တဲ့ တစ်နေရာမှာ သခိမ်းဆောက် လုပ်ပြီး နေထိုင်ကြပါတယ်။

အစ်ကိုကြီးက အကျွန်ုပ်တို့ရဲ့ အဖေအရာမှာ တည်ပါတယ်၊ ဒါ့ကြောင့် သခိမ်း မှာသာ နေတော်မူပါ၊ ကျွန်ုပ်တို့က သစ်သီးကြီးငယ် ရှာဖွေလို့ လုပ်ကျွေးပါရစေ-လို့ လက္ခဏာနှင့် သီတာတို့က ရာမပဏ္ဍိတကို တောင်းပန်ထားကြပါတယ်၊ ရာမ ပဏ္ဍိတကလဲ လက်ခံထားပါတယ်။

အဲဒီအချိန်ကစပြီး ရာမပဏ္ဍိတက သခိမ်းမှာပဲ နေပါတယ်၊ လက္ခဏာနှင့် သီတာ တို့က သစ်သီးကြီးငယ်ကို ရှာဖွေယူလာကြပြီး ရာမပဏ္ဍိတကို ပြုစုလုပ်ကျွေးနေကြ ပါတယ်၊ သူတို့ ၃-ယောက်က အဲဒီလို နေလာလို့ ၉-နှစ်ရှိလာတဲ့ အချိန်မှာပဲ သားတော်, သမီးတော်တို့နှင့် ကွေကွင်းရတဲ့ သောကကြောင့် ဒသရထမင်းကြီးက နတ်ရွာစံ ကဲတော်ကုန်သွားပါတယ်။

စျာပနကိစ္စ ပြီးတဲ့အခါ မိဖုရားကြီးက မိမိရဲ့သား ဘရတကို မင်းမြှောက်ရန် တောင်းဆိုလာပြန်တယ်၊ ထီးနန်းရှင်တွေက တောထဲမှာပဲ ရှိနေသေးတယ်-လို့ အမတ်တွေက ပြောဆိုပယ်မြစ်ကြပါတယ်၊ ဘရတမင်းသားက ငါ့ရဲ့နောင်တော် ဖြစ်တဲ့ ရာမပဏ္ဍိတကို တောမှ ပင့်ဆောင်ပြီး မင်းမြှောက်ရတော့မယ်-ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မင်းမြှောက်တန်ဆာ ၅-ပါးကို ယူပြီး အင်္ဂါ ၄-ပါးရှိတဲ့ စစ်တပ် နှင့်အတူ ရာမပဏ္ဍိတထံ ထွက်လာခဲ့ပါတယ်။

မနီးမဝေးမှာ စစ်တပ်ကို ထားခဲ့ပြီး အမတ်များနှင့်အတူ ရာမပဏ္ဍိတထံ သွားပါတယ်၊ လက္ခဏာနှင့်သီတာတို့ သစ်သီးရှာရာက ပြန်လာလို့ သောကငြိမ်းအေး သွားအောင် စောင့်ဆိုင်းပြီး သောကငြိမ်းအေးလောက်တဲ့ အချိန်ရောက်မှ ဘရတက ရာမပဏ္ဍိတကို ရှိခိုးပြီး ဗာရာဏသီပြည်မှာ မင်းအဖြစ်ကို လက်ခံတော်မူပါ-လို့ တောင်းပန်လျှောက်ထားပါတယ်။

လက္ခဏာနှင့်သီတာတို့ကို ခေါ်သွားပြီး တိုင်းပြည်ကို ဆုံးမကြတာပေါ့လို့ ရာမ ပဏ္ဍိတက အမိန့်ရှိပါတယ်၊ "အရှင်မင်းမြတ်တို့ကော"လို့ မေးတဲ့အခါ "အမောင်တို့ ! အဖေက ၁၂-နှစ်လွန်မှလာပြီး မင်းပြုရမယ်လို့ ငါ့ကိုအမိန့်ရှိခဲ့ပါတယ်၊ ငါက အခုပဲ သွားလို့ရှိရင် အဖေ့စကားကို လိုက်နာရာ မရောက်တော့ပါဘူး၊ နောက် ၃-နှစ်လွန်မှ လာပါ့မယ်"လို့ အမိန့်ရှိပါတယ်။

အဲဒီ ၃-နှစ်အတွင်းမှာ မင်းလုပ်ရန် မိမိရဲ့ မြက်ခြေနင်းအစုံကို ချွတ်ပေး လိုက်ပါတယ်၊ မောင်နှမ ၃-ယောက်တို့က ခြေနင်းအစုံကိုယူကာ ရာမပဏ္ဍိတကို ရှိခိုးပြီး ခြေရံပရိသတ်နှင့်အတူ ဗာရာဏသီမြို့ကို သွားကြပါတယ်။

http://www.dhammadownload.com

၃-နှစ်လုံးလုံး ခြေနှင်းတွေကပဲ မင်းပြုနေကြပါတယ်၊ အမတ်တွေက မြက်ခြေနှင်းတွေကို ရာဇပလ္လင်ပေါ်မှာ တင်ထားပြီး တရားဆုံးဖြတ်ကြပါတယ်၊ မမှန်မကန် ဆုံးဖြတ်မိရင် ခြေနှင်းတွေက အချင်းချင်း ထိခိုက်နေကြပါတယ်၊ အဲဒီအမှတ်သညာနဲ့ နောက်ထပ် ဆုံးဖြတ်ပေးကြရပါတယ်၊ မှန်မှန်ကန်ကန် ဆုံးဖြတ်တဲ့အခါမှာ ခြေနှင်းတွေက ငြိမ်ငြိမ်သက်သက် နေကြပါတယ်။

၃-နှစ်ကျော်လွန်လာတဲ့အခါမှာ ရာမပဏ္ဍိတက တောမှ ထွက်ကြွလာပြီး ဗာရာဏသီမြို့ကို ရောက်တဲ့အခါ ဥယျာဉ်ထဲမှာ နေပါတယ်၊ မင်းသားတွေက အမတ်တွေနှင့်အတူ ဥယျာဉ်ထဲကို ထွက်လာကြပါတယ်၊ သီတာကို မိဖုရားကြီး ပြုလုပ်လျက် ၂-ဦးလုံးကိုပဲ အဘိသိက်သွန်းကြပါတယ်။

အဘိသိက်သွန်းပြီးတဲ့နောက် တန်ဆာဆင်ထားတဲ့ရထား စီးကာ များမြတ်တဲ့ အခြံအရံနဲ့ မြို့တွင်းကိုဝင်ပြီး နှစ်ပေါင်း တစ်သောင်းခြောက်ထောင်(၁၆၀၀၀) ကြာအောင် မင်းပြုနေပါတယ်။

"ဆရာမ-မသန်းဌေးက ပြောပြစမ်းပါဦး ဒီဝတ္ထုက ဘာကို ဖော်ညွှန်းနေတယ်ဆိုတာကို"။

"လက္ခဏာနှင့် သီတာဒေဝီတို့ကို စံထားပြီး ကိုယ်ထက်ကြီးတဲ့ အစ်ကို, အစ်မ-စသူတွေကို ပြုစုလုပ်ကျွေးတဲ့ အနေနဲ့ ပူဇော်သင့်ပါတယ်၊ ရာမပဏ္ဍိတကို စံထားပြီး အမိအဖတွေရဲ့ စကားကို မြေဝယ်မကျ နားထောင်သင့်တယ်၊ မိဘတို့အား သူတို့အလိုရှိနေတဲ့ ကျင့်ဝတ်ပဋိပတ်နဲ့ ပူဇော်သင့်ပါတယ်၊ ဒါတွေကိုပဲ ဒီဝတ္ထုက ဖော်ညွှန်းနေပါတယ်"။

အမိကိုပြစ်မှား ဒုက္ခများ ၁

မိခင်စကား, ပယ်ရှောင်ရှား, ရိုက်သွား သားယုတ်မာ၊
ထိပ်ထက်လည်လျက်, သင်တုန်းစက်, နှိပ်စက်ခံရပါ။

ကဿပရှင်တော်မြတ်ဘုရား လက်ထက်တော်က ဗာရာဏသီမြို့မှာ ကုဋေ-၈၀ ကြွယ်ဝတဲ့ သောတာပန်ဇနီးမောင်နှံတို့ ရှိနေကြပါတယ်၊ သူတို့မှာ သားသမီးလဲ များများစားစား မရှိပါ၊ မိတ္တဝိန္ဒက-ဆိုတဲ့ သားတစ်ယောက်မျှသာ ရှိနေပါတယ်၊ အမိအဖတွေက သောတာပန်အရိယာသူတော်ကောင်းတွေ ဖြစ်နေကြပေမယ့် သားကတော့ ပြောမရ, ဆိုမရ လူအန္တဖြစ်နေပါတယ်၊ သူဌေးကြီး ကွယ်လွန်သွားတဲ့ အခါ သူဌေးကတော်ကပဲ ပစ္စည်းဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်နေပါတယ်။

တစ်နေ့မှာ အမိဖြစ်သူက "တစ်နေ့ဥပုသ်စောင့်ရင် ငွေတစ်ထောင် ပေးမယ်"လို့ ပြောပါတယ်၊ ဒီတော့ မိတ္တဝိန္ဒကက ငွေလိုချင်တာနဲ့ပဲ ဥပုသ်ဆောက်တည်ပြီး

၁။ ဇာတ်-၄-၄၊ ၁။

http://www.dhammadownload.com

တစ်နေ့လုံး တစ်ညဉ့်လုံး ကျောင်းမှာ အိပ်နေခဲ့ပါတယ်၊ မိုးလင်းမှ အိမ်ကို ပြန်လာခဲ့ပါတယ်၊ အမိထံက ရတဲ့ငွေနဲ့ ရောင်းဝယ်မှုကို ပြုရင်း မကြာလှတဲ့ အချိန်အတွင်းမှာပဲ ငွေတစ်သိန်းနှစ်သောင်း(၁၂၀,၀၀၀) ဖြစ်လာပါတယ်။

မိတ္တဝိန္ဒကက အဲဒီငွေတွေနဲ့ သင်္ဘောတစ်စင်း တည်ဆောက်ပါတယ်၊ ကုန်ရောင်းသွားမယ်–လို့ အမိကို ပန်ကြားပါတယ်၊ အမိက အမျိုးမျိုးကြောဆို တားမြစ်ပါတယ်၊ ပါးစပ်နဲ့ကြားလို့ မရတဲ့အခါ မသွားရအောင် လက်ကို ဆွဲထားပါတယ်၊ မိတ္တဝိန္ဒကက အမိလက်က လွတ်အောင်ရုန်းပြီး အမိကို ရိုက်နှက်လို့ အမိလဲသွားတဲ့အခါ အမိကို ကျော်လွှားပြီး လှေဆိပ်ကို ထွက်လာခဲ့ပါတယ်။

လှေက ဆိပ်ကမ်းက ခွာလာလို့ ၇–ရက်ရှိတဲ့ နေ့မှာပဲ သမုဒ္ဒရာအလယ်မှာ မတုန်မလှုပ် ရပ်တည်နေပါတယ်၊ လူယုတ်မာစာရေးတံကို ချတဲ့အခါ မိတ္တဝိန္ဒက လက်မှာချည်း ၃–ကြိမ်ကျပါတယ်၊ သူ့အား ဖောင်ကလေးတစ်ခုကို ပေးပြီး သမုဒ္ဒရာမှာ ချထားခဲ့ကြပါတယ်။

မိတ္တဝိန္ဒကက ဖောင်ပေါ်မှာ အိပ်ပါလာရင်း ကျွန်းကလေးတစ်ကျွန်းကို ရောက်သွားပါတယ်၊ အဲဒီကျွန်းပေါ်မှာ ဖန်ဗိမာန်နဲ့ နေကြတဲ့ ဝေမာနိကပြိတ္တာမ ၄–ယောက်တို့ကို တွေ့ပါတယ်၊ အဲဒီ ပြိတ္တာမတွေက ၇–ရက် ဆင်းရဲဒုက္ခခံကြရပါတယ်၊ ၇–ရက် ချမ်းသာသုခကို ခံစားကြရပါတယ်၊ မိတ္တဝိန္ဒကက ၇–ရက် အဲဒီ ပြိတ္တာမတွေနှင့်အတူ နတ်စည်းစိမ်ချမ်းသာကို ခံစားနေရပါတယ်။

၇–ရက် ကျော်လွန်လာလို့ ဆင်းရဲဒုက္ခခံစားရအောင် သွားခါနီးမှာ ပြိတ္တာမတွေက "မောင်ရေ ! ကျွန်မတို့က ၇–ရက်ကြာတဲ့အခါ ပြန်လာပါ့မယ်၊ ကျမတို့ မပြန်မချင်း မပျင်းမရိ ဒီဗိမာန်မှာပဲ နေရစ်ပါ" လို့ ပြောဆိုမှာထားခဲ့ပြီး ထွက်သွားကြပါတယ်။

မိတ္တဝိန္ဒကက ဖောင်ကလေးပေါ်မှာ အိပ်ပြီး နောက်ထပ်သွားရင်း အခြားကျွန်းကလေးတစ်ကျွန်းကို ရောက်သွားပါတယ်၊ အဲဒီကျွန်းမှာ ငွေဗိမာန်နဲ့ နေကြတဲ့ ဝေမာနိကပြိတ္တာမ ၈–ယောက်တို့ကို တွေ့ပြန်တယ်၊ အလားတူပဲ စည်းစိမ်ချမ်းသာကို ခံစားနေရပြန်တယ်။

အဲဒီကျွန်းကလေးက ထွက်ခွာလာတယ်ဆိုရင်ပဲ အခြားကျွန်းကလေး တစ်ကျွန်းကို တွေ့ပြန်တယ်၊ အဲဒီကျွန်းမှာ ပတ္တမြားဗိမာန်ရှင်ဖြစ်ကြတဲ့ ဝေမာနိကပြိတ္တာမ

http://www.dhammadownload.com

၁၆–ယောက်တို့ကို တွေ့ရပြန်တယ်၊ အလားတူပဲ အဲဒီပြိတ္တာမတွေနှင့်လဲ စည်းစိမ်ချမ်းသာကို ခံစားနေရပြန်တယ်။

အဲဒီကျွန်းကလေးက ထွက်လာတဲ့အခါ အခြားကျွန်းကလေး တစ်ကျွန်းကို တွေ့ရပြန်တယ်၊ အဲဒီကျွန်းမှာ ရွှေဗိမာန်ရှင်ဖြစ်ကြတဲ့ ဝေမာနိကပြိတ္တာမ ၃၂–ယောက်တို့ကို တွေ့ရပြန်တယ်၊ သူတို့နှင့်လဲ ရှေးနည်းပမာ နတ်စည်းစိမ်ချမ်းသာကို ခံစားနေခဲ့ရပါတယ်။ (ဒါတွေကတော့ တစ်နေ့နှင့်တစ်ညဉ့် စောင့်သုံးခဲ့တဲ့ ဥပုသ်ကံရဲ့ အကျိုးပဲ ဖြစ်ပါတယ်။)

အဲဒီကျွန်းက ထွက်လာတဲ့ အခါမှာတော့ တံတိုင်း ကာရံထားပြီး တံခါး ၄–ပေါက်ရှိနေတဲ့ မြို့တစ်မြို့ကို တွေ့နေရပါတယ်၊ သူကသာ မြို့လို့ ထင်နေပါတယ်၊ အမှန်ကတော့ ငရဲသူ, ငရဲသား အများအပြားတွေရဲ့ ညှဉ်းဆဲမှု(ဒုက္ခ)ကို ခံရာဌာန ဥဿဒငရဲငယ် ဖြစ်ပါသတဲ့။

ငါက ဒီမြို့ထဲကို ဝင်းပြီး မင်းပြုရတော့မယ်–ဆိုတဲ့ အကြံနဲ့ မိတ္တဝိန္ဒက မြို့တံခါးနားကို ရောက်သွားပါတယ်၊ ဒီတော့ သင်တုန်းစက်ကို ခေါင်းနဲ့ရွက်ထားတဲ့ ငရဲသားတစ်ယောက်ကို တွေ့ရပါတယ်။

မိတ္တဝိန္ဒကက အဲဒီငရဲသားခေါင်းမှာ ရှိနေတဲ့ သင်တုန်းစက်ကို ပဒုမာကြာပန်းလို့ ထင်နေပါတယ်၊ ရင်မှာ ဖွဲ့ထားတဲ့ အနှောင်အဖွဲ့တွေကိုတော့ ရင်လွှမ်းတန်ဆာလို့ ထင်နေပါတယ်၊ ခေါင်းက ယိုစီးကျလာတဲ့ သွေးတွေကိုတော့ စန္ဒကူးနဲ့သာပျော်းလို့ ထင်နေပါတယ်၊ ငိုယိုမြည်တမ်းနေတဲ့ အသံကိုတော့ အင်မတန် သာယာနာပျော်ဖွယ်ရှိတဲ့ သီချင်းသံ–လို့ မှတ်ထင်နေပါတယ်။

ခင်ဗျားရဲ့ကြာပန်းကို ကျွန်တော့်အား ပေးပါ–လို့ မိတ္တဝိန္ဒကက ငရဲသားထံမှ သင်တုန်းစက်ကို တောင်းနေပါတယ်၊ မိတ်ဆွေ ! ဒါဟာ ကြာပန်း မဟုတ်ဘူး၊ သင်တုန်းစက် ဖြစ်တယ်–လို့ ငရဲသားက ပြောပေမယ့် မိတ္တဝိန္ဒကက မပေးချင်လို့ သူ့ကို ညာနေတယ်–လို့ ထင်နေပါတယ်၊ မရမနေ အတင်းအကြပ် တောင်းနေပါတယ်။

ဒီတော့ ငရဲသားက ငါရဲ့ကံကုန်တာ ဖြစ်ပါလိမ့်မယ်၊ ဒီလူလဲ ငါ့လိုပဲ အမိုက်ရိုက်နှက်လာသူ ဖြစ်မှာပဲ၊ သူ့အား သင်တုန်းစက်ကို ပေးရတော့မယ်–ဆိုတဲ့ အကြံနဲ့ သင်တုန်းစက်ကို သူ့ဦးခေါင်းပေါ် ပစ်တင်ပေးလိုက်ပါတယ်။

အဲဒီခဏမှာပဲ မိတ္တဝိန္ဒကက သင်တုန်းစက်ဖြစ်ကြောင်း သိရပါတော့တယ်၊ ကြီးမားသော ဆင်းရဲဝေဒနာကို ခံစားရတဲ့အတွက် ငိုကြွေးမြည်တမ်းကာ နေရပါ

http://www.dhammadownload.com

တော့တယ်၊ အဲဒီခဏမှာပဲ ယခင်ရှိနေနှင့်တဲ့ ငရဲသားလဲ ကွယ်ပျောက်သွားပါတော့တယ်။

"ဆရာမ–မသန်းတင့်က ဒီဝတ္ထုက ဘာတွေကိုညွှန်ပြနေတယ်–ဆိုတာကို ပြောပြစမ်းပါဦး"။

"ငွေကို အလိုရှိတဲ့အတွက် မိခင်ရဲ့စကားကို နားထောင်လို့ ဝတ်ကျေတန်းကျေ ဥပုသ်ဆောက်တည်မှု–ဆိုတဲ့ အကျင့်နဲ့ အမိကို ပူဇော်တဲ့အတွက် ဝေမာနိကပြိတ္တာမတွေနှင့်အတူ စည်းစိမ်ချမ်းသာ ခံစားရမှု, အမိစကားကို နားမထောင်ဘဲ အမိကို ပြစ်မှားရိုက်နှက် ကျော်လွှားလာခဲ့တဲ့အတွက် သင်တုန်းစက် ငရဲမှာ ခံစားရမှုတွေက မိဘတွေရဲ့ စကားကို ရိုသေစွာ လိုက်နာပြုကျင့်ပြီး မိဘတွေကို ပူဇော်ရန် လမ်းညွှန်နေပါတယ်"။

စံပြ မယား

လင်ကိုလေးမြတ်, လုပ်ကျွေးတတ်, ကင်းလွတ်ဘေးဘယာ၊
သစ္စာစကား, မြွက်ဆိုကြား, လင်သားရောဂါ ပျောက်ကင်းကွာ။

ရှေးအခါက ဗာရာဏသီမြို့မှာ ဗြဟ္မဒတ်မင်း မင်းပြုနေပါတယ်၊ သောတ္ထိသေန–ဆိုတဲ့ သားတော်အား အိမ်ရှေ့အရာကို ပေးထားပါတယ်၊ အိမ်ရှေ့မင်းရဲ့ မိဖုရားက သမ္မုလာ ဖြစ်ပါတယ်၊ ရုပ်ရေကလဲ လှပချောမောပါတယ်၊ ကိုယ်အဆင်းနှင့်လဲ ပြည့်စုံပါတယ်၊ လေငြိမ်ရာမှာ ထွန်းထားတဲ့ ဆီမီးအလျှံလို ထင်ရပါတယ်။

မကြာလှတဲ့ အချိန်အတွင်းမှာပဲ သောတ္ထိသေနမင်းသားရဲ့ကိုယ်ခန္ဓာမှာ ကုဋ္ဌရောဂါ စွဲကပ်လာပါတယ်၊ ဆေးဆရာတွေက မကုသနိုင်ကြတော့ပါ၊ အနာပေါက်ကွဲလာတဲ့အခါမှာ စက်ဆုပ်ရွံရှာဖွယ်ရာ ဖြစ်လာပါတယ်၊ ဒါနဲ့ သောတ္ထိသေနမင်းသားက နန်းတော်တွင်းမှာ နေလိုစိတ် မရှိတော့ပါ၊ ဘခမည်းတော်မင်းကြီးအား ပန်ကြားခိုင်းပြီး ထီးနန်းကို စွန့်လွှာထွက်လာခဲ့ပါတယ်၊ အပြန်ခိုင်းမေမယ့် သမ္မုလာမိဖုရားက မပြန်ဘဲ လင်ကို ပြုစုရအောင် လိုက်လာခဲ့ပါတယ်၊ တောတွင်းကို ရောက်တဲ့အခါ ရေမိုးအရိပ်အာဝါသနှင့် ပြည့်စုံပြီး သစ်သီးရလွယ်တဲ့ နေရာမှာ သစ်ရွက်မိုးတဲ ဆောက်လုပ်ပြီး နေထိုင်ကြပါတယ်။

သမ္မုလာမင်းသမီးက နံနက်စောစောထပြီး တဲနန်းကလေးရဲ့ အတွင်းကိုရော, အပြင်ကိုရော တံမြက်လှည်းပါတယ်၊ သောက်ရေ, သုံးရေတွေကို ဖြည့်ထားပါတယ်၊ မင်းသားအား ဒန်ပူ, မျက်နှာသစ်ရေတို့ကို ဆက်ကပ်ပါတယ်၊ မျက်နှာသစ်ပြီးတဲ့အခါ ဆေးအမျိုးမျိုးကို ကြိတ်ပြီး မင်းသားရဲ့အနာကို လိမ်းကျံပေးပါတယ်၊ ကောင်းနိုး

၁။ ဇာတ်–၄–၅၊ ၉၂။

http://www.dhammadownload.com

ရာရာ သစ်သီးတွေကို ရွေးချယ်ပြီး မင်းသားကို ကျွေးပါတယ်၊ ဒီအတိုင်း နေ့စဉ် နံနက်ပိုင်းအချိန်မှာ ပြုလုပ်ရမယ့် ဝတ္တရားတွေကို ပြုလုပ်ထားခဲ့ပြီးမှ သစ်သီးရှာရအောင် သွားပါတယ်။

သစ်သီးရှာရာက ပြန်ရောက်လာတဲ့အခါမှာ သောတ္ထိသေနမင်းသားကို ရေချိုးပေးပါတယ်၊ ကောင်းတဲ့ သစ်သီးတွေကို ရွေးချယ်ဆက်ကပ်ပါတယ်၊ မင်းသားက သစ်သီးကို သုံးဆောင်ပြီးတဲ့အခါ ပျဉ်အခင်းကို ခင်းပေးပါတယ်၊ အဲဒီပျဉ်အခင်းမှာ လဲလျောင်းနေတဲ့ မင်းသားရဲ့ခြေတွေကို ဆေးကြောပေးပါတယ်၊ ဒါ့အပြင် ကျောကို ဆုပ်နယ်မှု, လက်ခြေတွေကို ဆုပ်နယ်မှု ပြုပြီးမှ အိပ်ရာနားကို ကပ်ဝင်အိပ်ပါတယ်၊ ဒီလိုပဲ နေ့စဉ်နေ့စဉ် လင်ကို လုပ်ကျွေးနေပါတယ်။

တစ်နေ့ကျတော့ သမ္မလာမင်းသမီးက သစ်သီးရှာရာကအပြန်လမ်းမှာ ချောင်းငယ်တစ်ခုကို တွေ့တာနဲ့ ရေမိုးချိုးပြီး လျော်တေအဝတ်ကို ဝတ်လျက် ရပ်နေပါတယ်၊ အဲဒီအချိန်မှာပဲ အစာရှာရအောင်လို့ ထွက်လာတဲ့ ဒါနောဘီလူး တစ်ကောင်က သမ္မလာမင်းသမီးကို တွေ့ပါတယ်၊ ဆွဲတာနဲ့ တစ်ပြိုင်နက် အဲဒီ ဘီလူးမှာ သမ္မလာမင်းသမီးကို တပ်မက်မောတဲ့စိတ် ဖြစ်ပေါ်လာပါတယ်။

ဒါနဲ့ ဒါနောဘီလူးက မိမိအလိုသို့ လိုက်ပါရန် သမ္မလာမင်းသမီးကို မြှောက်လို့လဲ သွေးဆောင်ဖြားယောင်းပြောဆိုပါတယ်၊ ခြောက်လို့လဲ ဖြားယောင်းပြောဆိုပါတယ်၊ ဘယ်လိုပြောလို့မှ မရတဲ့အဆုံးမှာ စားမယ်–ဆိုပြီး လက်မောင်းကို ဆွဲကိုင်ထားပါတယ်၊ သမ္မလာမင်းသမီးက ခိုကိုးရာကို မတွေ့ရတော့တဲ့အတွက် နတ်တွေကိုတိုင်တည်ပြီး ငိုယိုလျက်သာ နေရပါတော့တယ်။

အဲဒီလို ငိုကြွေးမြည်တမ်းနေတဲ့ သမ္မလာမင်းသမီးရဲ့ သီလအာနုဘော်ကြောင့် သိကြားမင်းက ဝရဇိန်လက်နက်ကို စွဲကိုင်ကာ လျင်မြန်စွာ ရောက်လာပြီး ဒါနောဘီးလူးရဲ့ ခေါင်းထက်မှာ ရပ်လျက် ခြိမ်းခြောက်ပြောဆိုပါတယ်။–

> "ဟေ့–ဘီလူး ! ဒီမိန်းမဟာ မိန်းမတကာတွေထက် မြင့်မြတ်တယ်၊ အထက်တန်းကျတယ်၊ များတဲ့အခြံအရံ ရှိတယ်၊ ငြိမ်သက်တဲ့ကျွန်ုပ်ရှင် ဖြစ်တယ်၊ ညီမျှတဲ့အကျင့်လဲ ရှိတယ်၊ မီးပုံကြီးလို ထက်တဲ့တန်ခိုးလဲ ရှိတယ်၊ သင်က ဒီမင်းသမီးကို စားလို့ရှိရင် သင်ရဲ့ဦးခေါင်းဟာ ၇–စိတ် ကွဲရတော့မယ်၊ လင့်ကျင့်ဝတ်နဲ့ ပြည့်စုံတဲ့ မိန်းမကို မစားရဘူး၊ အခုချက်ချင်း လွှတ်ပစ်ရမယ်"။

သိကြားမင်းရဲ့စကားကို ကြားရမှ ဒါနောဘီလူးက သမ္မလာမင်းသမီးကို လွှတ်လိုက်ပါတယ်၊ သိကြားမင်းက ဒါနောဘီလူးကို သံခြေချင်းခတ်ပြီး နောင်ဒီလိုအလုပ်မျိုးကို

http://www.dhammadownload.com

မလုပ်နိုင်အောင် ၃-ခုမြောက် တောင်ကြားမှာ လွှတ်ထားခဲ့ပါတယ်၊ သမ္မုလာမင်းသမီးကိုလဲ အပွမာဒတရားနဲ့ ဆုံးမထားခဲ့ပါတယ်၊ အကုန်လုံး စိတ်ချရမှ တာဝတိံသာ နတ်ပြည်ကို ပြန်သွားပါတယ်။

သမ္မုလာမင်းသမီးကလဲ နေဝင်မိုးချုပ်သွားတဲ့အတွက် လရောင်နဲ့ပဲ ကိုယ့်တဲနန်းကို ပြန်လာခဲ့ပါတယ်၊ တဲနန်းကို ရောက်တဲ့အခါမှာလဲ သောတ္ထိသေနမင်းသားကို မတွေ့ရတဲ့အတွက် တစ်ပူပေါ် ၂-ပူဆင့်ဆိုသလို အမျိုးမျိုး ငိုယိုလှည့်ပတ် ရှာဖွေနေပါတယ်၊ အဲဒီအတောအတွင်းမှာပဲ မင်းသားက တဲနန်းတံခါးဝမှာ လာရောက်ထိုင်နေပါတယ်၊ သမ္မုလာမင်းသမီးက ငိုကြွေးရင်း တဲနန်းတံခါးဝကို လာခဲ့ပါတယ်၊ သောတ္ထိသေနမင်းသားရဲ့ ခြေကို ရှိခိုးပြီး "အရှင့်သား ! အဘယ်ကို ကြွနေပါသလဲ ?" လို့ မေးပါတယ်။

ဒီတော့ သောတ္ထိသေနမင်းသားက "အခြားနေ့တွေလို စောစောပြန်မလာဘဲ သင်က ဒီနေ့ မိုးချုပ်မှ ပြန်လာခဲ့ပါတယ်၊ ဘယ်သူနှင့်များ တွေ့နေခဲ့သလဲ ?၊ သင့်မှာ ငါ့ထက် ပိုပြီးချစ်ရတဲ့သူ ရှိနေပြီလား ?" လို့ ပြောဆိုနေပါတယ်၊ သမ္မုလာမင်းသမီးက တောတွင်းမှာ ကြုံတွေ့ခဲ့ရသမျှကို အမှန်အတိုင်း မခြွင်းမချန် ပြောပြပါတယ်၊ ဒါပေမယ့် သောတ္ထိသေနမင်းသားက မယုံကြည်တဲ့အတွက် အိုးတစ်လုံးမှ ရေအပြည့် ထည့်ထားပါတယ်၊ ထို့နောက် ရေအိုးကို လက်နဲ့သုံးသပ်ပြီး- - - -

> "အရှင်မင်းသား ! အကျွန်ုပ်က အရှင်မင်းသားကိုထက် ပိုလွန်ချစ်ခင်တဲ့ အခြားသူ တစ်ဦးတစ်ယောက်ကိုမျှ မသိစဘူးပါ၊ ကျမရဲ့စကားက မှန်ကန်ခဲ့ပါရင် ကျမကို သစ္စာတရားက ယခုအခါမှာလဲ စောင့်ပါစေ၊ နောင်အခါမှာလဲ စောင့်ပါစေ၊ ဒီမှန်ကန်တဲ့ သစ္စာစကားကို ဆိုရတဲ့အတွက် အရှင်မင်းသားရဲ့ ရောဂါလဲ ကင်းပျောက်ပါစေ"။

ဒီလို သစ္စာဆိုပြီး ရေကို သွန်းလောင်းလိုက်တာနဲ့ တစ်ပြိုင်နက် သောတ္ထိသေနမင်းသားရဲ့ နူနာရောဂါဟာ မန်ကျည်းသီးနဲ့ ချွတ်လိုက်တဲ့ ကြေးနီအညစ်အကြေးလို ကင်းစင်လွင့်ပျောက်သွားပါတော့တယ်။

မင်းသားနှင့် မင်းသမီးတို့က တောထဲမှာ ၂-ရက် ၃-ရက်ခန့် နေပြီးတဲ့နောက် နေပြည်တော်ကို ပြန်လာခဲ့ကြပါတယ်၊ နေပြည်တော်ကို ရောက်တဲ့အခါမှာ နန်းတော်တွင်းကို မသွားဘဲ ဥယျာဉ်ထဲမှာပဲ နေကြပါတယ်။

ဒီအကြောင်းကို ဗြဟ္မဒတ်မင်းကြီးက ကြားသိရတဲ့အခါ ဥယျာဉ်ကို ထွက်လာပြီး ဥယျာဉ်တော်အတွင်းမှာပဲ သားတော်သောတ္ထိသေနမင်းသားအား ထီးဖြူကို ဆောင်နှင်း

http://www.dhammadownload.com

ပါတယ်၊ သမ္မုလာမင်းသမီးကိုလဲ မိဖုရားကြီးအရာမှာ အဘိသိက်သွန်းစေပါတယ်၊ ပြီးမှ မြို့တွင်းကို သွင်းပါတယ်၊ မိမိကိုယ်တိုင်ကတော့ ရသေ့လုပ်ပြီး ဥယျာဉ်ထဲမှာပဲ နေပါတယ်။

"ဆရာမ–မသန်းတင့်က ဒီဝတ္ထုက ဘာသင်ခန်းစာကို ထုတ်ယူရရှိတယ်–ဆိုတာ ပြောပြစမ်းပါဦး"။

"နန်းတော်အတွင်းမှာ ခြေမွေး မီးမလောင်, လက်မွေး မီးမလောင်–ဆိုသလို ချမ်းချမ်းသာသာ ကြီးပြင်းလာရတဲ့ သမ္မုလာမင်းသမီးက အနာကြီးရောဂါ စွဲကပ်နေတဲ့ လင်မင်းသားကို မစွန့်ခွာဘဲ တောထဲကို လိုက်ပါပြီး အဆင်းရဲ အပင်ပန်းခံကာ ပြုစုခြင်းဟာ အင်မတန် အထက်တန်းကျတဲ့ ဝတ်အကျင့်နဲ့ ပူဇော်မှုမျိုး ဖြစ်ပါတယ်၊ အဲဒီပူဇော်မှုရဲ့ တန်ခိုးကြောင့်ပဲ သူတော်ကောင်းကို နတ်ကောင်း–မ ဆိုသလို သိကြားမင်းက ကူညီမ–စတဲ့အတွက် ဒါနောဘီလူးရဲ့ ဘေးရန်ကလဲ လွတ်မြောက်ရပါတယ်၊ ဒါ့အပြင် မိမိရဲ့ သစ္စာစွမ်းအားနဲ့ပဲ လင်ဖြစ်သူ အိမ်ရှေ့မင်းရဲ့ အနာကြီးရောဂါကိုလဲ ကင်းစင်လွင့်ပျောက်စေခဲ့ပါတယ်၊ ရောဂါကင်းပျောက်လို့ ပြည်တော်ကို ပြန်ရောက်လာတဲ့အခါ ၂–ဦး စလုံးပဲ မင်းစည်းစိမ်ကို ခံစားနေကြရပါတယ်၊ ဒါတွေဟာ သမ္မုလာမင်းသမီးက လင်ဖြစ်သူ အိမ်ရှေ့မင်းကို ကျင့်ဝတ်နဲ့ ပူဇော်မှုရဲ့ လက်ငင်းရရှိတဲ့ အကျိုးတွေပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် အခုခေတ်မိန်းမတွေလဲပဲ သမ္မုလာမင်းသမီးကို စံနမူနာထားပြီး မိမိတို့ရဲ့ လင်သားကို ကျင့်ဝတ်နဲ့ ရိုရိုသေသေ လေးလေးစားစား ပူဇော်သင့်ပါတယ်၊ ဒါဟာ ဒီဝတ္ထုက ထုတ်ယူရရှိတဲ့ သင်ခန်းစာဖြစ်ပါတယ် အရှင်ဘုရား"။

မပူဇော်ထိုက်သူကို မပူဇော်ရ

ပူဇော်ထိုက်သူကို ပူဇော်ရမယ်–ဆိုတဲ့ စကားနဲ့ပဲ မပူဇော်ထိုက်သူကို မပူဇော်ရ–ဆိုတဲ့ သဘောကိုလဲ ဖော်ညွှန်းပြီး ဖြစ်နေပါတယ်၊ သို့ဖြစ်၍ ပူဇော်ထိုက်သူကို ပူဇော်ပါက ကြီးပွားချမ်းသာရေးမင်္ဂလာဖြစ်သလို မပူဇော်ထိုက်သူကို ပူဇော်ပါက ဆုတ်ယုတ်ပျက်စီးရေးအမင်္ဂလာသာ ဖြစ်လာရပါတော့တယ်။

ဒါဟာ မှန်ပါတယ်၊ မပူဇော်ထိုက်တဲ့ ဒေဝဒတ်ကို ကိုးကွယ်ပူဇော်မှားတဲ့ အဇာတသတ်မင်းနှင့် ပုရာဏကဿပ–စတဲ့ တိတ္ထိဆရာကြီးတွေကို ကိုးကွယ်ပူဇော်မှားကြတဲ့ သူတွေဟာ ယနေ့တိုင်အောင် ငရဲမှာ ခံနေရတုန်းပဲ ဖြစ်ကြပါတယ်။

http://www.dhammadownload.com

ဒါ့အပြင် ထေရဝါဒဗုဒ္ဓဘာသာဝင်တွေ–ဆိုပြီး နတ်ပူဇော်ပသမှု, ပြည်ပမှဝင်ရောက်လာတဲ့ ကွန်ယင်မယ်တော်–စသည်တို့ကို ပူဇော်ပသမှု, စီးပွားလာဘ်လာဘကို မျှော်ကိုးပြီး မဟာယာနရုပ်ပွားတော်များကို အငှားပင့်ယူ ပူဇော်မှုတွေဟာ လုံးဝမသင့်တော်တဲ့ ကိစ္စတွေသာ ဖြစ်ကြပါတယ်။

အဲဒီနတ်–စသည်တို့ကို တကယ်အားကိုးအားထားရာ အနေနဲ့ ပူဇော်ပသကိုးကွယ်ပါက မိမိတို့ဆောက်တည်ထားတဲ့ သရဏဂုံပင် ပျက်စီးသွားနိုင်ပါတယ်၊ ဗုဒ္ဓဘာသာဝင်အဖြစ်ကလဲ လျှောကျသွားနိုင်ပါတယ်၊ အချို့မှာ သရဏဂုံ မပျက်စီးပေမယ့် ညစ်နွမ်းရန်ကတော့ သေချာလှပါတယ်။

ဒါ့အပြင် သာသနာရေးမှာပဲဖြစ်ဖြစ်, တိုင်းရေးပြည်ရေး ရပ်ရေးရွာရေးမှာပဲဖြစ်ဖြစ် အကျင့်သီလ သိက္ခာသမာဓိ မရှိတဲ့ပုဂ္ဂိုလ်ကို အသက်ကြီးမှု, ပညာတတ်မှု, ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝမှု–မျှကိုသာ ကြည့်ရှုပြီး ခေါင်းဆောင် တင်မြှောက်ကာ ပူဇော်ကြပါရင် သာသနာရေးလဲ တိုးတက်လာမယ် မဟုတ်ပါ၊ တိုင်းရေးပြည်ရေး ရပ်ရေးရွာရေးလဲ တိုးတက်လာမယ် မဟုတ်ပါ၊ ဆုတ်ယုတ် ပျက်စီးလာစရာသာ ရှိပါတယ်။

ဒါ့ကြောင့် ပူဇော်ထိုက်သူကို ပူဇော်ခြင်းဟာ ကြီးပွားချမ်းသာရေး မဂ်လာဖြစ်သလို မပူဇော်ထိုက်သူကို မပူဇော်ခြင်းဟာလဲ ကြီးပွားချမ်းသာရေးမဂ်လာပဲ ဖြစ်ပါတယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

လူဗိုလ်တကာ, ကိုးကွယ်ရာသား, သမ္မာသမ္ဗုဒ္ဓ, ပစ္စေကနှင့်, သာဝက သင်္ဃာ, ဆရာမိဘ, ဂုဏထင်ပေါ်, ပူဇော်ထိုက်ငြား, သူမြတ်များကို, တရား ပစ္စည်း, ဤနှစ်လည်းဖြင့်, သိပ်သည်းကော်ရော်, ပူဇော်ရခြင်း- - - -

ဒီလိုလဲ ပူဇနေယျပူဇော–မဂ်လာ သဘောကို မုံရွေးဆရာတော်က မိန့်ဆိုထားခဲ့ပါတယ်။

အဓိပ္ပာယ် လူအများတို့ ကိုးကွယ်ရာဖြစ်တဲ့ ဘုရား, ပစ္စေကဗုဒ္ဓါ, ဘုရားတပည့်သားသံဃာ, ဆရာ, အမိ, အဘနှင့် ဂုဏ်ကျေးဇူး အထူးထင်ပေါ်ပြီး ပူဇော်ထိုက်တဲ့ သူတော်သူမြတ်များကို ဓမ္မပူဇော, အာမိသပူဇော–ဆိုတဲ့ ၂–မျိုးသော ပူဇော်ခြင်းတွေနှင့် စေ့စပ်ရိုသေစွာ ပူဇော်ခြင်းဟာ ပူဇနေယျပူဇော–မဂ်လာ မည်ပါတယ်။

(A)

http://www.dhammadownload.com

ဒါ့အပြင်–

ငါတို့ဆရာ, သမ္မာသာမဉ္ဇ, အာဒိစ၍, ဓမ္မတရား, ရှစ်ပါးသင်္ဃာ, အရိယာနှင့်, ပူဇာရဟ, ထိုက်ပေလှသည့်, မြတ်လှဆရာ, ပီတာတို့ကို, ကြည်ညိုနှစ်လို့, ပူဇော်တို့လော့။ ၁

မိခင်နှင့်ဘ, သိပ္ပဆရာ, မှန်စွာဖြစ်စေ, ဒက္ခိဏေယျ, ဟုတ်ပေစွတည့်၊ ဇိနစိန္တေ, ဘုန်းဝေသာသနာ, ကွယ်သောခါလည်း, ဘယ်မှာဘုရား, ဘယ်ကားသင်္ဃာ, ရတနာကို, မသိပါကြ၊ မိနှင့်ဘကို, တုပ်ကွရိုးကျိုး, ရှိခိုးဝန္ဒနာ, လုပ်ကျွေးပါသား, သူတို့အားလျှင်, နတ်ပြည်ခွင်သို့, ရောက်ကျင်လေထ, စံလေရ–ဟု, လူ့ဘဘုရား, ဟောခဲ့ထား၏။ ၂

ဘုရားသာသနာ, ယခုမှာကား, သုံးပါးသရဏာ, ကိုးကွယ်ပါ–ဟု, သည်မှာဘုရား, သည်တရားပင်, သည်ကားသံဃာ, သည်မှာမိဘ, ဂုဏ်ကိုပြ၍, သည်ကဆရာ, သိတို့ပါလျက်, နှစ်သက်ကြည်စွာ, မသဒ္ဓါတည့်၊ ရတနာသုံးဦး, မဖူးမသွား, တရားမနာ, လူဒါမပေး, မလုပ်ကျွေးကြ၊ မိနှင့်ဘကို, ညွတ်ခကော်ရော်, မပူဇော်ဘဲ, ရှောင်လွှဲတုံငြား, သားတို့များလည်း, မီးဝါးပူထဲ, လွတ်မည်ခဲ၏။ ၂

ယေ ဂဟဋ္ဌာ, ပုညကရာ, အစဖြာသား, ဂါထာအရ, သင်္ကန်း–စသည်, ဒါနကောင်းမှု, လူဝတ္ထုကို, ပေးပြုတဖြာ, သရဏာဂုံ, မြတ်သုံးစုံကို, ထုံသည်တဝ, ပဉ္ဇ အဋ္ဌ, ဒသင်္ဂ–ဟု, နိစ္စဒိဝသ, နိယမဖြင့်, သီလစောင့်ခြင်း, မကင်းတပါး, တရားညီစွာ, ဓမ္မိယာဖြင့်, အိမ်ရာထောင်ငြား, သားမယားမှု, မွေးပြုဖြောင့်မှန်, ဤလေးတန်နှင့်, ဖောက်ပြန်မသွေ, လူ့ဘုံနေကို, မဟေသက္ကာ, ဒေဝထွတ်ဖျား, သိကြားနတ်ကျော်, မြင်းမိုရ်ပေါ်က, ကော်ရော်ဦးခိုက်, ပူဇော်ထိုက်–ဟု, ကျမ်း၌ထင်ရှား, ဟောမိန့်ထား၏။ ၃

ပူဇနေယျ, ပူဇာစ, ဟောပြမိန့်ခဲ့မှာ၊
ပူဇော်ထိုက်ငြား, သူတို့အား, စိတ်ထား ကြည်သဒ္ဓါ၊
သဒ္ဓါကြည်လင်, ပူဇော်လျှင်, ကိုယ်တွင် ဘေးဒဏ်ကွာ။ ၄

ဒီလိုလဲ မိန့်ဆိုထားကြပါသေးတယ်။

• • • • • • • • • • • • • • • • • •

အခန်း–၁ ပြီးပါပြီ။

၁။ ပုတ္တောဝါဒ–၂၀။ ၂။ ပုတ္တောဝါဒ–၄၃။ ၃။ မဃ–၅၀၇။ ၄။ သုတရတနာ။

http://www.dhammadownload.com



အခန်း-၂

ပတိရူပဒေသဝါသောစ = သင့်တော်တဲ့ အရပ်မှာ နေရခြင်း၊
ပုဗ္ဗေစ ကတပုညတာ = ရှေးက ပြုခဲ့ဘူးသော ကောင်းမှု ရှိခြင်း၊
အတ္တသမ္မာ ပဏိဓိစ = ကိုယ်စိတ် ၂-ပါးကို ကောင်းစွာ ထားခြင်း၊
ဧတေ မင်္ဂလ-မုတ္တမံ = ဒီ ၃-ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာ(ကြီးပွား ချမ်းသာရေး) ဖြစ်ပါတယ်။

၄။ ပတိရူပဒေသဝါသောစ

[ပတိရူပ-သင့်တော်လျောက်ပတ်တဲ့+ဒေသ-အရပ်မှာ+ဝါသ-နေရခြင်း။] သင့်တော်လျောက်ပတ်တဲ့ အရပ်မှာ နေထိုင်တာကိုပဲ ပတိရူပဒေသဝါသ-လို့ ခေါ်ပါတယ်။

ရဟန်းတော်များနှင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေ ရှိနေလို့ ကုသိုလ်ဂေဟာင်းမှု ပြုလုပ်ရလွယ်ကူတဲ့ သာသနာထွန်းလင်းတောက်ပရာ အရပ်ဒေသဟာ ပတိရူပဒေသ (သင့်တော်တဲ့အရပ်) မည်ပါတယ်၊ အဲဒီအရပ်မျိုးမှာ နေထိုင်ရခြင်းဟာ ကုသိုလ် ကောင်းမှု ပြုလုပ်ရခြင်းရဲ့ အကြောင်းအထောက်အပံ့ ဖြစ်တဲ့အတွက် မင်္ဂလာ(ကြီးပွား ချမ်းသာရေး) မည်ပါတယ်။

တံငါသော်မှ မင်္ဂဖိုလ်ရ ၁

သင့်တော်ဌာန, နေရက, များလှအကျိုးမှာ၊
ဖူးရဘုရား, နာတရား, ကြီးပွားချမ်းသာ မင်္ဂရလာ။

ဗုဒ္ဓမြတ်စွာက သာဝတ္ထိပြို့ရဲ့ မြောက်တံခါးနားက ရွာတစ်ရွာမှာ ဆွမ်းခံ လှည့်လည်တော်မူပြီး ရဟန်းသံဃာတွေနှင့်အတူ ကြွလာတော်မူပါတယ်၊ အဲဒီအချိန်

၁။ ခံ-၄-၂၊ ၂၅၀။

http://www.dhammadownload.com

မှာပဲ အရိယာဆိုတဲ့ တံငါတစ်ယောက်က ငါးမျှားနေရင်း ဘုရားအမှူးရှိတဲ့ သံဃာတော်ကို တွေ့ရတဲ့အတွက် ငါးမျှားတဲ့ကို ချထားခဲ့ပြီး ရပ်နေပါတယ်၊ ဗုဒ္ဓမြတ်စွာကလဲ တံငါအနားမှာပဲ ရပ်တော်မူကာ ရဟန်းတွေရဲ့အမည်ကို မေးတော်မူပါတယ်၊ ရဟန်းတွေကလဲ ကိုယ့်နာမည်ကို အသီးအသီး ဖြေဆိုတော်မူကြပါတယ်။

ဘုရားရှင်းက အကုန်သူတွေရဲ့အမည်ကို မေးနေတာပဲ၊ ငါ့အမည်ကိုလဲ မေးလိုဟန်တူတယ်–လို့ တံငါက စဉ်းစားနေပါတယ်၊ သူ့အလိုဆန္ဒအတိုင်းပဲ ဗုဒ္ဓမြတ်စွာက သူ့ကိုလဲ "ဒကာ ! သင့်အမည်က ဘာတဲ့လဲ ?"လို့ မေးတော်မူပါတယ်၊ တပည့်တော်ရဲ့ အမည်က "အရိယာ" ဖြစ်ပါတယ်–လို့ ဖြေဆိုတဲ့အခါ သင်လို သူ့အသက်ကို သတ်နေသူက "အရိယာ" မမည်ပါဘူး၊ "အရိယာ"ဆိုတာဟာ သတ္တဝါတွေကို မညှဉ်းဆဲတတ်ပါဘူး–လို့လဲ မိန့်တော်မူပါတယ်၊ သတ္တဝါတွေကို ညှဉ်းဆဲသူဟာ အရိယာမမည်ပါဘူး၊ သတ္တဝါအကုန်လုံးကို မညှဉ်းဆဲသူကသာ "အရိယာ"မည်တယ်–လို့လဲ တရားဆက်လက်ဟောတော်မူပါတယ်၊ တရားအဆုံးမှာပဲ တံငါက သောတာပန်ဖြစ်သွားပါတယ်။

တံငါရဲ့ သင့်တော်လျောက်ပတ်တဲ့ အရပ်မှာ နေရခြင်းဟာ ဗုဒ္ဓမြတ်စွာကို ဖူးမြင်ရခြင်း, တရားတော်ကို ကြားနာရခြင်း–ဆိုတဲ့ ကုသိုလ်ကောင်းမှုရဲ့ အကြောင်းအထောက်အပံ့ ဖြစ်တဲ့အတွက် မင်္ဂလာ(ကြီးပွားချမ်းသာရေး) မည်ပါတယ်။

တစ်နည်းပြောရပါရင်– ဗုဒ္ဓမြတ်စွာက ဘုရားအဖြစ်သို့ ရောက်တော်မူရာ, သီတင်းသုံးနေထိုင်တော်မူရာဖြစ်တဲ့ ဗောဓိမဏ္ဍိုင်, သာဝတ္ထိ, ရာဇဂြိုဟ် အစရှိတဲ့ အရပ်ဟာ ပတိရူပဒေသ–မည်ပါတယ်၊ အဲဒီ အရပ်မျိုးမှာ နေထိုင်ရတာဟာ–

၁။ ဒဿနာနုတ္တရိယ= အမြတ်ဆုံးကို မြင်ရခြင်း,
၂။ သဝနာနုတ္တရိယ= အမြတ်ဆုံးကို ကြားနာရခြင်း,
၃။ လာဘာနုတ္တရိယ= အမြတ်ဆုံးကို ရခြင်း,
၄။ သိက္ခာနုတ္တရိယ= အမြတ်ဆုံးအကျင့်ကို ကျင့်ရခြင်း,
၅။ ပါရိစရိယာနုတ္တရိယ= အမြတ်ဆုံးကို လုပ်ကျွေးရခြင်း,
၆။ အနုဿတာနုတ္တရိယ= အမြတ်ဆုံးသော အောက်မေ့ရခြင်း–

ဆိုတဲ့ အနုတ္တရိယ ၆–ပါးကို ရခြင်းရဲ့ အကြောင်းအထောက်အပံ့ ဖြစ်တဲ့အတွက် မင်္ဂလာ(ကြီးပွားချမ်းသာရေး) မည်ပါတယ်။

ဝက္ကလိထေရ် [၁]

သာဝတ္ထိမြို့မှာ ပုဏ္ဏားအမျိုးသားတစ်ယောက် ရှိနေပါတယ်၊ သူရဲ့နာမည်က ဝက္ကလိ–ဖြစ်ပါတယ်၊ တစ်နေ့မှာ ဝက္ကလိက ဆွမ်းခံဝင်လာတဲ့ ဗုဒ္ဓမြတ်စွာကို

၁။ ဓံ–၄–၂၊ ၃၈၀။

http://www.dhammadownload.com

တွေ့ရပါတယ်၊ မြတ်စွာဘုရား၏ ကိုယ်အဆင်းတော်ကို ဖူးမြင်ရတာနဲ့ မတင်းတိမ်မရောင့်ရဲနိုင်တဲ့အတွက် ဗုဒ္ဓမြတ်စွာကို အမြဖူးမြော်ခွင့် ရလိမ့်မယ်–ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဗုဒ္ဓမြတ်စွာထံမှာ ရဟန်းပြုပါတယ်၊ မြင်လောက်ရာအရပ်က ရပ်ပြီး ဗုဒ္ဓမြတ်စွာကို ကြည့်ရှုလျက်သာ နေပါတယ်၊ သရဇ္ဈာယ်မှု, ကမ္မဋ္ဌာန်းနှလုံးသွင်းမှု အစရှိတဲ့ အခြားဘာတစ်ခုကိုမျှ မပြုလုပ်ပါ။

သူရဲ့အသိဉာဏ် ရင့်ကျက်လာတဲ့အခါ ဗုဒ္ဓမြတ်စွာက "ဝက္ကလိ ! ဒီအပုပ်ကောင်ကို ရှုမြင်နေလို့ သင့်မှာ ဘာအကျိုးရှိမှာလဲ ?၊ တရားကို မြင်သူကသာ ငါဘုရားကို မြင်တယ်၊ ငါဘုရားကို မြင်သူကလဲ တရားကို မြင်တာပဲ"လို့ ပြောဆိုဆုံးမပါတယ်၊ ဒီလို ပြောဆိုဆုံးမပေမယ့် ဝက္ကလိက ဗုဒ္ဓမြတ်စွာအား ဖူးမြင်ခြင်းကို ပယ်စွန့်ပြီး အခြားဘယ်နေရာကိုမှ မသွားနိုင်ပါ။

ဝါဆိုချိန်နီးကပ်လာလို့ ရာဇဂြိုဟ်မြို့ကို ကြွလာပြီး ဝါဆိုတဲ့နေ့မှာ ဗုဒ္ဓမြတ်စွာက ဝက္ကလိကို အနားမှ နှင်ထုတ်တော်မူပါတယ်၊ ဝက္ကလိက စိတ်အားညှိုးငယ်စွာနဲ့ တောင်ပေါ်က ခုန်ချသေဆုံးရန် ဂိဇ္ဈကူဋ်တောင်ထိပ်ပေါ်ကို တက်သွားပါတယ်၊ ဗုဒ္ဓမြတ်စွာက ဝက္ကလိရဲ့ စိတ်ဆင်းရဲနေကြောင်းကို သိရတဲ့အတွက် ရောင်ခြည်တော်လွှတ်လျက် ကိုယ်တော်ကို ပြပါတယ်။

ဗုဒ္ဓမြတ်စွာကို မြင်ရတဲ့အချိန်ကစပြီး ဝက္ကလိရဲ့ စိတ်ဆင်းရဲပင်ပန်းမှုဟာ ငြိမ်းအေးသွားပါတယ်။

> "ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်မှာ နှစ်သက်မှုများတဲ့ရဟန်း, ကြည်ညိုမှုများတဲ့ရဟန်းဟာ နိဗ္ဗာန်ကို ရနိုင်ပါတယ်၊ အဲဒီ နိဗ္ဗာန်–ဆိုတာဟာလဲပဲ အပူခပ်သိမ်း အေးငြိမ်းလှပါတယ်၊ သခ်ါရတွေရဲ့ချုပ်ငြိမ်းရာ ဖြစ်ပါတယ်၊ အင်မတန်ချမ်းသာလှပါတယ်"။

ဒီလို အားပေးစကား မိန့်ကြားပြီး အားကောင်းတဲ့ နှစ်သက်ဝမ်းမြောက်မှုကို ဖြစ်စေပါတယ်။

ဗုဒ္ဓမြတ်စွာက လက်တော်ကို ဆန့်တန်းပြီး "ဝက္ကလိ ! လာလော့၊ မကြောက်နှင့်၊ ငါဘုရားကို ဖူးမြင်လှည့်"လို့ မိန့်တော်မူပါတယ်၊ ဒီတော့ ဝက္ကလိက "ငါဘုရားရှင်ကိုလဲ ဖူးမြင်ရပြီ၊ ငါ့ကိုလဲ ခေါ်တော်မူနေပြီ"လို့ အားရှိတဲ့ နှစ်သက်မှုကို ဖြစ်စေပြီး သွားမယ့်လမ်းကိုပင် မသိမမြင်တော့ဘဲ ဗုဒ္ဓမြတ်စွာရဲ့ ရှေ့တည့်တည့်ကောင်းကင်ကို ခုန်တက်လိုက်ပါတယ်၊ ကောင်းကင်မှာပဲ ပီတိကို ပယ်ခွာပြီး ပဋိသန္ဓိဒါနှင့်တကွ အရဟတ္တဖိုလ်ကို ဆိုက်ရောက်သွားပါတယ်။

http://www.dhammadownload.com

အနုတ္တရိယ ၆-ပါး ရရှိထားး ဒီဝတ္ထုမှာ ဝက္ကလိမထေရ်ရဲ့ ဘုရားရှင်သီတင်းသုံးရာ အရပ်မှာ နေရခြင်းဟာ မြတ်စွာဘုရားအဆင်းတော်ကို ဖူးမြင်ရခြင်း-ဆိုတဲ့ ဒဿနာနုတ္တရိယ, မြတ်စွာဘုရားရဲ့ တရားတော်ကို ကြားနာရခြင်း-ဆိုတဲ့ သဝနာနုတ္တရိယ, မြတ်စွာဘုရားအပေါ်မှာ ကြည်ညိုမှုကိုရခြင်း-ဆိုတဲ့ လာဘာနုတ္တရိယ, သိက္ခာသုံးပါး ကို ဖြည့်ကျင့်ရခြင်း-ဆိုတဲ့ သိက္ခာနုတ္တရိယ, မြတ်စွာဘုရားကို လုပ်ကျွေးရခြင်း-ဆိုတဲ့ ပါရိစရိယာနုတ္တရိယ, ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့ရခြင်း-ဆိုတဲ့ အနုဿတာနုတ္တရိယ၊ ဒီအနုတ္တရိယ ၆-ပါး ကို ရရှိခြင်းရဲ့ အကြောင်းအထောက်အပံ့ ဖြစ်ပါတယ်။

နောက်တစ်နည်း ပြောရမယ်ဆိုရင် စကြဝတေးမင်း, မဟာသာဝက, ပစ္စေကဗုဒ္ဓါ, ဘုရားရှင်တို့ရဲ့ ဖြစ်ရာ, ပွင့်တော်မူရာဖြစ်တဲ့ မဇ္ဈိမဒေသအရပ်ဟာ ပတိရူပဒေသ-မည်ပါတယ်၊ အဲဒီ မဇ္ဈိမဒေသမှာ နေတဲ့လူတွေဟာ စကြဝတေးမင်းရဲ့ သြဝါဒကို လိုက်နာလို့ ၅-ပါးသီလကို စောင့်ထိန်းကြတဲ့အတွက်. နတ်ပြည်ကို ရောက်ကြရပါတယ်၊ ပစ္စေကဗုဒ္ဓါတို့ရဲ့ သြဝါဒကို လိုက်နာလို့, ပစ္စေကဗုဒ္ဓါတို့အား လှူဒါန်းလို့ အလားတူပဲ နတ်ပြည်ကို ရောက်ကြရပါတယ်။

ဒါ့အပြင် ဘုရားရှင်နှင့် တပည့်သာဝကတွေရဲ့ အဆုံးအမသြဝါဒကို လိုက်နာလို့ လူနတ်နိဗ္ဗာန် ၃-တန်သော ချမ်းသာကို ရရှိကြပါတယ်၊ ဒါ့ကြောင့် မဇ္ဈိမဒေသမှာ နေထိုင်ရခြင်းဟာ ဒီစည်းစိမ်ချမ်းသာတွေကို ရခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာ(ကြီးပွားချမ်းသာရေး) မည်ပါတယ်။

ဒါတွေကတော့ ရှေးရှေးသော ခေတ်အခါက ဗုဒ္ဓဘာသာဝင်တွေအတွက် အကောင်းဆုံး ကြီးပွားချမ်းသာရေးကို ဖြစ်စေနိုင်တဲ့, အဋ္ဌကထာမှာပြဆိုထားတဲ့ ပတိရူပဒေသများ ဖြစ်ကြပါတယ်၊ အဋ္ဌကထာဆရာက ဓမ္မရေးတစ်ခုတည်းကိုသာ အလေးပေးထားပါတယ်။

ခေတ်နှင့် ညီညွတ်သင့်တော်တဲ့အရပ် ယခုလက်ရှိ ခေတ်ကာလအားလျော်စွာ လောကရေး, ဓမ္မရေးနှင့်စပ်လို့ ပတိရူပဒေသ ဖြစ်သင့်တဲ့ အရပ်များကိုတော့ ဘာသာရေး, ပညာရေး, ကျန်းမာရေး, စီးပွားရေး, ငြိမ်ဝပ်ပိပြားရေးတွေနှင့် စပ်လျဉ်းလို့ နှိုင်းယှဉ်လေ့လာ ကြည့်သင့်ပါတယ်။

ဒါကြောင့်-

၁။ ဘာသာရေးနှင့်စပ်လို့ မှန်ကန်စွာ လမ်းညွှန်နိုင်တဲ့ ဆရာသမားကောင်း ရှိခြင်း၊

http://www.dhammadownload.com

၂။ စာသင်ကျောင်းများ အပြည့်အစုံ ရှိနေခြင်း၊
၃။ ရာသီဥတု မျှတတဲ့အပြင် ဆေးဝါး–ဓာတ်စာ လွယ်ကူစွာ ရနိုင်ပြီး ဆေးဆရာနှင့် ဆရာဝန်ကောင်းများ ရှိခြင်း၊
၄။ ကုန်းလမ်း, ရေလမ်း အဆက်အသွယ်ကောင်းပြီး ပစ္စည်းဥစ္စာ ရှာဖွေရ လွယ်ကူခြင်း၊
၅။ လူဆိုးလူမိုက်နည်းတဲ့အပြင် အုပ်ချုပ်ရေးကောင်းတဲ့အတွက် ငြိမ်သက် အေးချမ်းခြင်း။

ဒီအချက် ၅–ချက်နှင့် ပြည့်စုံတဲ့အရပ်ဟာ နေသင့်တဲ့ ပတိရူပအရပ်ဒေသမျိုး ဖြစ်ပါတယ်၊ ဒီအရပ်မျိုးမှာ နေထိုင်ပါက စီးပွားဥစ္စာ တိုးတက်နိုင်တဲ့အပြင် ကုသိုလ်ကောင်းကိုမူလဲ စနစ်တကျ ပြုလုပ်နိုင်တဲ့အတွက် ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာ ဖြစ်ပါတယ်။

ဒီလို သာသနာတော်ထွန်းလင်းပြီး လောကရေးဘက်ကလဲ အဆင်ပြေလှတဲ့ အရပ်မျိုးမှာ နေရပေမယ့် သောက်စားမူးယစ် ဆိုးညစ်ပေတေနေသူ အတွက်မှာမူ မင်္ဂလာ မဖြစ်နိုင်ပါ၊ ဉာဏ်ဝိရိယကို အရင်းတည်ပြီး မှန်မှန်ကန်ကန် အလုပ်လုပ်သူ အတွက်သာ မင်္ဂလာဖြစ်နိုင်ပါတယ်၊ မင်္ဂလာ–ဆိုတာဟာ ကြီးပွားချမ်းသာရေးရဲ့ အမည် ဖြစ်တယ်–ဆိုတာကိုလဲ မမေ့သင့်ပါ။

ပတိရူပဒေသဖြစ်အောင် ပြုပြင်နည်း

မိမိရောက်နေတဲ့ အရပ်ဟာ အဆိုပါအချက်များနှင့် မပြည့်စုံဘဲ ချို့ယွင်းချက် ရှိနေပါက ပြုပြင်ဖြည့်စွက်လို့ ရစကောင်းတဲ့ အရာများကို ပြုပြင်ဖြည့်စွက်လိုက်ပါရင် ပတိရူပဒေသ ဖြစ်လာနိုင်ပါတယ်၊ ဥပမာအနေနဲ့ ဆိုကြပါစို့–

ဘာသာရေးနှင့်စပ်လို့ မှန်ကန်စွာ လမ်းညွှန်နိုင်တဲ့ ဆရာသမားကောင်း မရှိသေးရင် အချင်းချင်း တိုင်ပင်ညှိနှိုင်းပြီး သင့်တော်တဲ့ ပုဂ္ဂိုလ်ကို ပင့်ဆောင်ကိုးကွယ်ထားရုံမျှနဲ့ ပထမအချက်မှာ ပြည့်စုံလာနိုင်စရာ ရှိပါတယ်။

စာသင်ကျောင်းများ မပြည့်မစုံ ဖြစ်နေပါက မိမိနှင့်အတူနေကြတဲ့ ရွာသူရွာသားတွေ, မြို့သူမြို့သားတွေနှင့် ညှိနှိုင်းတိုင်ပင်ပြီး ကြိုးစားအားထုတ် ပြုလုပ်ဆောင်ရွက်ကြပါရင် ဒုတိယအချက်လဲ ပြည့်စုံလာနိုင်စရာ ရှိပါတယ်။

ကျေးရွာလူထု, မြို့နေလူထုအားနဲ့ ရာသီဥတုမျှတလာအောင် အရိပ်ရသစ်ပင်တွေကို စိုက်ပျိုးမှု, တောချုံတွေအုပ်ဆိုင်းနေက လေဝင်လေထွက်ကောင်းအောင် ရှင်းလင်းသုတ်သင်ပေးမှု, ရေကောင်းရေသန့်ရအောင် ရေတွင်းရေကန် စနစ်တကျ တူးဖော်ပြုလုပ်မှု, ရေပုပ်ရေသိုးတွေ ဝပ်မနေအောင် ရေမြောင်းတူးဖော်ပေးမှု, ယင်လုံ

http://www.dhammadownload.com

အိမ်သာများ ဆောက်လုပ်မှု, ဆေးရုံ ဆေးပေးခန်းများ ဆရာ ဆရာမများရအောင် ကြိုးစားဆောင်ရွက်မှုတွေကို စနစ်တကျ စည်းလုံးညီညွတ်စွာ ပြုလုပ်ပါရင် တတိယ အချက်လဲ ပြည့်စုံလာနိုင်စရာ ရှိပါတယ်။

တောကိုရော, မြို့ကိုပါ အသွားအလာလွယ်ကူအောင် အစိုးရရဲ့ အကူအညီ ကိုချည်း အားကိုးမနေဘဲ ကိုယ်ထူကိုယ်ထစနစ်နဲ့ စုပေါင်းညီညာ လမ်းများ တံတား များကို ပြုပြင်လုပ်ကိုင်ကြပါက စတုတ္ထအချက်လဲ ပြည့်စုံလာနိုင်ပါတယ်၊ ဒါပေမယ့် အကုန်အကျများမယ့် တံတား–စသည်များကိုတော့ အစိုးရရဲ့ အကူအညီ မပါဘဲ လုပ်နိုင်ကြမယ် မဟုတ်ပါ။

ခိုးသားဓားပြဘေး, မီးဘေး–စသည်တို့အတွက် ရုပ်ရှာကင်းများ, ရပ်ကွက် ကင်းများ စနစ်တကျဖွဲ့ပြီး ဓောင့်ရှောက်မှု–စသည်တို့ကို ပြုလုပ်ပါရင် ပဉ္စမအချက်လဲ ပြည့်စုံလာနိုင်စရာ ရှိပါတယ်။

ဒီလို ကျေးရွာတိုင်း, ရပ်ကွက်တိုင်း, မြို့တိုင်းမှာ နေသူတွေက ကိုယ့်မြို့ ကိုယ့်ရွာကို ညီညာတက်ကြွစွာနဲ့ ပြုပြင်သွားကြပါရင်, နိုင်ငံတော်အစိုးရများကလဲ သင့်တော်တဲ့ အကူအညီကို ပေးသွားကြပါရင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရှိရှိသမျှ ကျေးရွာတိုင်း, ရပ်ကွက်တိုင်း, မြို့တိုင်းက ပတိရူပဒေသချည်းသာ ဖြစ်လာ ဖွယ်ရာ ရှိပါတော့တယ်။

ဒါ့အပြင် ရွာပဲဖြစ်ဖြစ်, တောပဲဖြစ်ဖြစ် ကိုယ်စိတ်ချမ်းသာရာရတဲ့ အရပ်ဟာ မွေးရပ်မြေလဲ ဟုတ်ပါတယ်၊ ကြီးပွားတိုးတက်ရာအရပ်လဲ ဖြစ်ပါတယ်၊ ကိုယ်အသက် ရှင်မယ့် အရပ်ကို ထွက်သွားသူဟာ နေရာအရပ်ရဲ့ အသတ်ကို မခံရဘူး–လို့ မိန့်ဆိုထားပါသေးတယ်။ [၁]

ပုဂ္ဂိုလ်အလိုက် သင့်တော်သောအရပ်

ဒါ့အပြင်–

၁။ ပညာသင်ကြားလိုသူအတွက် စာသင်ကျောင်း, စက်မှုကျောင်း, လက်မှု ပညာသင်ကျောင်း, တက္ကသိုလ်တွေ ရှိနေတဲ့ အရပ်ဟာ သင့်တော်လျောက် ပတ်တဲ့ ပတိရူပဒေသ ဖြစ်ပါတယ်။

၂။ တရားအားထုတ်လိုသူအတွက် တရားပြသနိုင်တဲ့ ပုဂ္ဂိုလ်များရှိပြီး ဆိတ်ငြိမ် တဲ့ ရိပ်သာများ ရှိနေတဲ့အရပ်ဟာ ပတိရူပဒေသ ဖြစ်ပါတယ်။

၃။ ဒါန–စတဲ့ ကုသိုလ်ကောင်းမှုကို ပြုလုပ်လိုသူအတွက် အလှူခံသူတော် ကောင်းတွေရှိနေတဲ့ အရပ်ဟာ ပတိရူပဒေသ ဖြစ်ပါတယ်။

၁။ ဇာတ်–၄–၂၊ ၇၃။

http://www.dhammadownload.com

၄။ ကုန်သည်တွေ, ဈေးသည်တွေအတွက် ဝယ်အားကောင်းတဲ့ဈေး ရှိပြီး ငွေချေးဘဏ်, ငွေစုဘဏ်ရှိတဲ့ ရပ်ကွက်, မြို့, ရွာဟာ ပတိရူပဒေသ ဖြစ်ပါတယ်။

၅။ အသိပညာရှင်, အတတ်ပညာရှင်တွေအတွက် ပညာတတ်သူနှင့် ပညာမတတ်သူတို့ကို တန်းတူညီမျှ မထားဘဲ အဆင့်အတန်းအလိုက် ချီးမြှောက်တတ်သူတွေရဲ့ နေရာအရပ်ဟာ ပတိရူပဒေသ ဖြစ်ပါတယ်။

၆။ တောင်သူလယ်သမားတွေအတွက် မိုးလေဝသ မှန်ကန်ပြီး မြေဩဇာကောင်းတဲ့ လယ်ယာပေါများတဲ့ အရပ်ဟာ ပတိရူပဒေသ ဖြစ်ပါတယ်။

၇။ လက်လုပ်လက်စား အလုပ်သမားတွေအတွက် အလုပ်အကိုင် ပေါများပြီး လုပ်အားနှင့်အခကို သင့်တော်အောင် ပေးတတ်တဲ့ လူတွေရဲ့ နေရာအရပ်ဟာ ပတိရူပဒေသ ဖြစ်ပါတယ်။

၈။ ဆိပ်ကမ်းအလုပ်သမားတွေအတွက် အသွားအလာများတဲ့ သဘော်ဆိပ်, ရထားဘူတာရှိတဲ့ အရပ်ဟာ ပတိရူပဒေသ ဖြစ်ပါတယ်။

ဤသို့ အစရှိသောအားဖြင့် ပုဂ္ဂိုလ်အလိုက် ပတိရူပဖြစ်သင့်တဲ့ အရပ်များလဲ ရှိနိုင်ပါသေးတယ်။

မနေသင့်သော အရပ်များ

၁။ ရာသီဥတုဆိုးဝါးတဲ့အရပ်, ရေကြီးခြင်း, လေပြင်းတိုက်ခြင်း, ငတ်မွတ်ခြင်း, ငလျင်လှုပ်ခြင်း, ရောဂါထူပြောခြင်းတို့ မကြာခဏ ဖြစ်ပွားလေ့ရှိတဲ့ အရပ်မျိုးမှာ မနေသင့်။

၂။ ရန်သူရှိရာအရပ်မှာ တစ်ရက် ၂-ရက်မျှ မနေသင့်၊ ရန်သူတွေရဲ့ အလယ်မှာ ဆင်းဆင်းရဲရဲသာ နေရတတ်ပါတယ်။ [၁]

၃။ သူတော်ကောင်းတို့အား ရိုသေမြတ်နိုးမှုမရှိတဲ့အပြင် အထင်အမြင်သေးမှုသာ ရှိပြီး ယုတ်မာသူတို့အားသာ ရိုသေမြတ်နိုးမှုကို ပြုလုပ်ရာအရပ်မှာ မနေသင့်။

၄။ ပညာရှိသူ, ပညာမရှိသူ, ရဲရင့်သူ, ကြောက်တတ်သူတို့ကို တန်းတူညီမျှ ချီးမြှောက်ပြီး ခွဲခြားမှုကို မပြုတတ်သူတွေရဲ့ နေရာအရပ်မှာလဲ မနေသင့်။

ရှေးဆရာများ မိန့်စကား

လေးတန်စက္က, ဓမ္မဖြန့်ချိ, [၂] ခေါ်အပ်ဘိသည့်, ပတိရူပ, သင့်လျော်ပတ်, မြင့်မြတ်ဒေသ, နေရခြင်းသည်။

ဒီလို ပတိရူပဒေသဝါသ မင်္ဂလာနှင့်စပ်လို့ မုံရွေးဆရာတော်က မိန့်ဆိုထားပါတယ်။

၁။ ဇာတ်-၄-၁၊ ၄၃၇။ ၂။ ဖြန့်ချိ= ဖြန့်ချိခြင်း၊ ကျယ်ပြန့်စေခြင်း။

http://www.dhammadownload.com

အဓိပ္ပာယ် တရားကို ကျယ်ပြန့်စေတတ်တဲ့ သမ္မတ္တိစက် ၄-ပါးထဲက တစ်ပါး အနေနဲ့ ခေါ်ထိုက်တဲ့ သုဉ်တင့်လျောက်ပတ် မြင့်မြတ်သောအရပ်မှာ နေရခြင်းဟာ ပတိရူပဒေသဝါသမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်-

၈၁။ ဇမ္မူပြင်-အကြင်ရပ်မှာ၊ ဆေးတတ်ကယ်ဝိဇ္ဇာ၊
စာသင်ဆရာနှင့်၊ ဥစ္စာကြွယ်ပြည့်ဖြိုး၊ စိုးရရာဇာ။
ပတ်ဝဲယာ-ခွေရစ်လို့၊ ရေမြစ်ကယ်သီတာ၊ ဘယ်မှာမှရှိဘဲ၊
တစ်ရက်ကယ်မျှသော်လဲ၊ ဌာနထိုမြေခန်းမှာ၊ ပျော်မြွန်း
မနေရာ-ဟု၊ ကျမ်းရွေစာ၊ မှာတော်ရှိ၊ ထားသတိစွဲ။ ။

၈၂။ အကြင်ဂါမနှင့်- ဌာနဲ့ တိုင်းခွင်၊
မြတ်နိုးတနာနှင့်၊ ဆွေမိတ္တာ ပညာပေးသူတို့၊ ဝေးချေခဲ့လျှင်။
ထိုရပ်ခွင်-ကျင်လည်သင့်ဘူး၊
လျော်ရာမှာ-ပျော်ပါရအောင်၊ သွားကြလေဦး။ ။

၈၃။ ညွတ်ကြည်ညို-ရိုကျိုးနှင့်၊ မြတ်နိုးငယ် မထင်၊
မတော်မလျော်နှင့်၊ သူတော်ကို မထေမဲ့၊ များခဲ့သည်ပင်။
သူယုတ်ကယ်ပြင်ပြင်ကို၊ ချစ်ကြင်တဲ့ဌာန၊
ထိုမြေချက်မှာလ၊ တစ်ရက်ကယ်ခိုမအောင်းပါနှင့်၊ ပြောင်း၍ခွာကြ။ ။

၈၄။ ဆင်ပြောင် ခြင်္သေ့နှင့်၊ ဂုဏ်ဟော့မြတ်သူတော်၊
သုံးယောက်ကယ် သည်သူတို့၊ စိတ်ကြည်ဖြူ ကိုယ်မချမ်းချေက၊
တစ်ခန်းရပ်ဒေသ၊ သွားကြပျော်ပျော်။
သမင်သူနုပ်နှင့်၊ ကျီးယုတ်ကယ်တို့မှာသော်၊ မလျော်ပင်ဖြစ်လည်း၊
နေမြဲရပ်ဌာန်သို့၊ တပ်တဏှာ ပိုပွားလို့၊ တစ်ပါးမခွာပစ်၊ ကျိုးနှစ်ကနည်း။ ။

၈၅။ အကြင်ဌာနမှာ၊ ဗာလငယ်ပျက်ချော်၊
ရဲရင့်လိမ္မာနှင့်၊ ကြောက်တတ်ရှာ သည်သူစုကို၊
အမှုတူညီထား၊ များညွတ်ပူဇော်။
မတော်လျော်-သူတော်တို့ စိတ်ကူး၊
အကျိုးဘယ်ထင်-ဟု၊ ထိုရပ်ခွင်ဒေသခန်း၊ မြန်းမွေ့ကြဘူး။

http://www.dhammadownload.com

၈၆။ ပညာရှင် လူစုတို့, အမှုကို မြော်ကာ၊
ပျော်မြဲချက်မြေက, တစ်ဖက်ခြေချီမကြွ, မှန်းဆစာနာ။
သူ့ရပ်ကယ် ခန်းဝါကို, ရမ်းရော်ကာ ရှုဦး၊
မဆင်မခြင်နှင့်, ကိုယ့်ရပ်ခွင်ဒေသဟောင်းက, ပြောင်းခွာသင့်ဘူး။ [၁]

ဒီလိုလဲ မိန့်ဆိုထားကြပါသေးတယ်။

၅။ ပုဗ္ဗေစ ကတပုညတာ

[ပုဗ္ဗေ–ရှေးဘဝက+ကတ–ပြုလုပ်လာခဲ့တဲ့+ပုညတာ–ကုသိုလ်ကောင်းမှုရှိခြင်း။]
ရှေးရှေးဘဝအဆက်ဆက်က ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကောင်းမှု ရှိနေတာကိုပဲ ပုဗ္ဗေကတပုညတာ–လို့ ခေါ်ပါတယ်၊ အဲဒီ ရှေးကုသိုလ်ကောင်းမှု ရှိခြင်းဟာလဲ ကြီးပွားချမ်းသာရေးအစစ် မဂ်လာဖြစ်ပါတယ်။

ကမ္မဝါဒ ပုဗ္ဗေ–အရ လက်ရှိဘဝရဲ့ ရှေ့ပိုင်းကို မယူဘဲ လက်ရှိဘဝကို မရောက်မီ အဆက်မပြတ် ဖြစ်လာခဲ့ရတဲ့ ဘဝတွေကိုသာ ယူရပါတယ်၊ ဒီလို ယူရခြင်းရဲ့ အရေးပါမှုနှင့် ကိုယ်ကျင့်တရားတွေရဲ့ အဓိပ္ပာယ်ပြည့်ဝမှုကို ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေရဲ့ ကမ္မဝါဒမှာသာ တွေ့မြင်နိုင်ပါတယ်။

ဒီကမ္မ–ကံ ဆိုတာကို ကိုယ်နဲ့လဲ ပြုလုပ်နိုင်ပါတယ်၊ နှုတ်နဲ့လဲ ပြုလုပ်နိုင်ပါတယ်၊ စိတ်နဲ့လဲ ပြုလုပ်နိုင်ပါတယ်၊ ကိုယ်နဲ့ပြုလုပ်တာကို ကာယကံ–လို့ ခေါ်ပါတယ်၊ နှုတ်နဲ့ပြုလုပ်တာကို ဝစီကံ–လို့ ခေါ်ပါတယ်၊ စိတ်နဲ့ပြုလုပ်တာကို မနောကံ–လို့ ခေါ်ပါတယ်။

အဲဒီပြုလုပ်မှုကို ကံအနေနဲ့ ပိုင်းခြားလေ့လာ ကြည့်ရတာကတော့ အဲဒီပြုလုပ်မှုမှာ စေ့ဆော်မှု–စေတနာ ပါဝင်နေတဲ့အတွက်ပဲ ဖြစ်ပါတယ်၊ စေ့ဆော်မှု–စေတနာမပါဘဲ လုပ်ရင် အဲဒီပြုလုပ်မှုအတွက် ပြုသူမှာ တာဝန်မရှိပါ၊ ကံမထိုက်ပါ၊ စေ့ဆော်မှု–စေတနာနဲ့ ပြုလုပ်မှသာ တာဝန်ရှိပါတယ်၊ ကံထိုက်ပါတယ်၊ ဒါ့အပြင် စေ့ဆော်မှု–စေတနာက ပျော့ညံ့ရင် ပျော့ညံ့သလောက် အကျိုး,အပြစ် အရနည်းတတ်ပါတယ်၊ စေ့ဆော်မှု–စေတနာ ထက်သန်ရင် ထက်သန်သလောက် အကျိုး,အပြစ် အရကြီးမားတတ်ပါတယ်၊ အဲဒီလို စေ့ဆော်မှု–စေတနာ ပါတဲ့အလုပ်မျိုးကိုသာ ကံ–လို့ ခေါ်ရပါတယ်၊ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာကလဲ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" [၂] ဘိက္ခုတို့ ! စေတနာကိုပဲ ငါဘုရားက ကံလို့ ဟောတော်မူပါတယ်–လို့ မိန့်ဆိုထားရပါတယ်။

၁။ ဓမ္မနီတိချိုး။ ၂။ အံ–၂၊ ၃၆၃။

http://www.dhammadownload.com

သတ္တဝါတွေက ဘဝတာတစ်လျှောက်လုံးမှာ ကံအမျိုးမျိုးကို ပြုလုပ်နေကြပါတယ်၊ အဲဒီပြုလုပ်သမျှကံရဲ့ အကျိုးကို ကိုယ်ကပဲ ခံစားရပါတယ်၊ သူတစ်ပါးက ဝင်ရောက် ခွဲဝေခံစားနိုင်တာမျိုး မဟုတ်ပါ၊ အဲဒီလို ခံစားရတဲ့အခါမှာလဲ အချို့ကံရဲ့ အကျိုးကို ပြုလုပ်တဲ့ဘဝမှာပဲ ခံစားကြရပါတယ်၊ အဲဒီလိုကံမျိုးကို ဒိဋ္ဌဓမ္မဝေဒနီယကံ–လို့ ခေါ်ပါတယ်၊ အချို့ကံရဲ့ အကျိုးကို ပြုလုပ်တဲ့ ဘဝမှာ ရရှိထားတဲ့ ခန္ဓာကို စွန့်လိုက်တာနှင့် တစ်ပြိုင်နက် နောက်ဘဝမှာ ခံစားရပါတယ်၊ အဲဒီကံမျိုးကိုတော့ ဥပပဇ္ဇဝေဒနီယကံ–လို့ ခေါ်ပါတယ်၊ အချို့ကံရဲ့ အကျိုးကိုတော့ ခန္ဓာကင်းပြတ် နိဗ္ဗာနဓာတ်ကို မရမချင်း အခွင့်သာရာဘဝမှာ ခံစားရပါတယ်၊ အဲဒီကံမျိုးကိုတော့ အပရာပရိယဝေဒနီယကံ–လို့ ခေါ်ပါတယ်၊ မိမိ မိမိရဲ့ အကျိုးပေးရမယ့် အချိန်အခါမှာ အကျိုးမပေးလိုက်ရတဲ့ ကံတွေကတော့ အကျိုးလုံးဝ မပေးတော့ပါ၊ အဲဒီကံမျိုးကိုတော့ အဟောသိကံ–လို့ ခေါ်ပါတယ်။

ဒါန, သီလ–စတဲ့ ကုသိုလ်အမှုကို ပြုလုပ်တဲ့အခါမှာပဲဖြစ်ဖြစ် သူ့အသက်ကို သတ်မှု, သူ့ဥစ္စာကို ခိုးယူမှု အစရှိတဲ့ အကုသိုလ်မှုကို ပြုလုပ်တဲ့အခါမှာပဲဖြစ်ဖြစ် ဒီကံအဆင့်အတန်း ၄–မျိုးဟာ ပါဝင်တာချည်းပဲ ဖြစ်ပါတယ်။

ဒီစေတနာ–ဆိုတဲ့ ကံတရားဟာ ချုပ်သွားလို့ ထင်ရှားမရှိပေမယ့် မိမိတို့ဖြစ်ရာ စိတ်အစဉ်မှာ နောင်အကြောင်းပြည့်စုံတဲ့အခါ သက်ဆိုင်ရာအကျိုးကို ဖြစ်ပေါ်လာစေရန် သတ္တိထူးကို ထားခဲ့ပါတယ်၊ အဲဒီသတ္တိထူးရှိနေတဲ့ အတွက်ကြောင့်ပဲ အကြောင်းပြည့်စုံတဲ့အခါ အကျိုးတရားတွေ ပေါ်ပေါက်လို့ လာကြရပါတယ်။

အဲဒီသတ္တိထူးဟာ ဥပါဒ်, ဌိ, ဘင်အနေနဲ့ ထင်ရှားမရှိပေမယ့် အနုသယဓာတ်လို ထင်ရှားရှိနေတာပဲ ဖြစ်ပါတယ်၊ အနုသယဓာတ်ကို ပညတ်–လို့ မဆိုရသလို ဒီစေတနာ–ဆိုတဲ့ ကံကိုလဲ ပညတ်–လို့ မဆိုထိုက်ပါ၊ ပရမတ်တွေရဲ့ သတ္တိထူး–လို့သာ ခိုးကျူးထိုက်ပါတယ်။

ဒီစေတနာ–ဆိုတဲ့ ကံဟာ မကောင်းတဲ့ အမျိုးအစား–အကုသိုလ်ကံ, ကောင်းတဲ့ အမျိုးအစား–ကုသိုလ်ကံလို့ ၂–မျိုးရှိပါတယ်၊ အဲဒီ ၂–မျိုးအနက် အကုသိုလ်ကံက လိုချင်မက်မောမှု–လောဘ, မုန်းတီးမှု စိတ်ဆိုးမှု–ဒေါ, အမြင်မှားမှု တွေဝေမှု–မောဟတို့မှာ အခြေပြုပါတယ်၊ ကုသိုလ်ကံက မလိုချင်မမက်မောမှု–အလောဘ, သူ့အကျိုးကိုလိုလားမှု မေတ္တာထားမှု–အဒေါသ, မတွေဝေမှု အမှန်အကန်သိမှု–အမောဟတို့မှ အခြေပြုပါတယ်။

အကုသိုလ်ကံက အပြစ်ရှိပြီး ဆင်းရဲတဲ့အကျိုးကို ပေးတတ်တဲ့အတွက် ဆုတ်ယုတ်ဆင်းရဲရေး အမင်္ဂလာဖြစ်ပါတယ်၊ မင်္ဂလာမဖြစ်ပါ၊ ကုသိုလ်ကသာ အပြစ်လဲကင်း

http://www.dhammadownload.com

ချမ်းသာသော အကျိုးကိုလဲ ပေးတတ်တဲ့အတွက် ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာ ဖြစ်ပါတယ်၊ အလိုရှိတိုင်း ထုတ်ယူသုံးစွဲလို့ရနိုင်တဲ့ ရွှေအိုးနှင့် တူပါတယ်၊ "ကုသိုလ် ရွှေအိုး, လူမခိုး" လို့လဲ ဆိုရိုးပြုနေကြပါတယ်၊ အဲဒီအကြောင်းနှင့်စပ်လို့ ဗုဒ္ဓမြတ်စွာ ဟောကြားထားတဲ့ နိဓိကဏ္ဍသုတ်ကိုပဲ ဆက်လက်ပြောပြပါဦးမယ်။

နိဓိကဏ္ဍသုတ် ၁

၁။ မိန်းမပဲဖြစ်ဖြစ်, ယောကျ်ားပဲဖြစ်ဖြစ်(မည်သူမဆို) ပေးလှူခြင်း–ဒါန, ကိုယ်နှုတ်စောင့်စည်းမှု–သီလ, စိတ်ကိုစောင့်စည်းမှု–သံယမ, ဣန္ဒြေ တို့ကို ဆုံးမမှု–ဒမဆိုတဲ့ တရားတွေနဲ့ ကုသိုလ်ကောင်းမှု–ဆိုတဲ့ ရွှေအိုးကို ကျကျနန မြှုပ်ထားရမယ်။

၂။ စေတီများမှာပဲဖြစ်ဖြစ်, သံဃာမှာပဲဖြစ်ဖြစ်, ပုဂ္ဂိုလ်မှာပဲဖြစ်ဖြစ်, ဧည့်သည် တို့မှာပဲဖြစ်ဖြစ်, အမိမှာပဲဖြစ်ဖြစ်, အဖမှာပဲဖြစ်ဖြစ်, ဒါ့အပြင် အစ်ကိုကြီး အစ်မကြီးမှာပဲဖြစ်ဖြစ်ကုသိုလ်ကောင်းမှု–ဆိုတဲ့ ရွှေအိုးကို ကျကျနန မြှုပ်ထားရမယ်။

၃။ ကျကျနန မြှုပ်ထားတဲ့ ကုသိုလ်ရွှေအိုးဟာ ရန်သူတွေက အနိုင်ကျင့်လို့ ယူနိုင်တာမျိုးလဲ မဟုတ်ပါ၊ တမလွန်ဘဝကိုလဲ မခွဲမခွာ လိုက်ပါလာ တတ်ပါတယ်၊ ဘဝကူးပြောင်းတဲ့အခါ သက်ရှိသက်မဲ့ ဥစ္စာတွေကို စွန့်လွှတ်ထား ခဲ့ရပေမယ့် ဒီကုသိုလ်ရွှေအိုးကိုတော့ ယူသွားနိုင်ပါတယ်။

၄။ ကုသိုလ်ကောင်းမှုဆိုတဲ့ ရွှေအိုးဟာ သူတစ်ပါးတို့နှင့် မဆက်ဆံပါ၊ ခိုးသူ တွေလဲ မခိုးယူနိုင်ပါ၊ (ဒါ့ကြောင့်) အသိဉာဏ်ရှိသူဟာ ကုသိုလ်ကောင်းမှု တွေကို ပြုလုပ်ရမယ်၊ ကုသိုလ်ကောင်းမှု–ဆိုတဲ့ ရွှေအိုးကသာ သွားရာဘဝကို ထက်ကြပ်မကွာ လိုက်ပါလာတတ်ပါတယ်။

၅။ ကုသိုလ်ကောင်းမှု-ဆိုတဲ့ ရွှေအိုးဟာ နတ်လူတို့အား အလိုရှိသမျှကို ပေးတတ် ပါတယ်၊ နတ်လူတွေက တောင့်တသမျှ အကျိုးအကုန်လုံးကို ဒီကုသိုလ် ကောင်းမှုဆိုတဲ့ ရွှေအိုးက ပေးနိုင်ပါတယ်။

၆။ အဆင်းလှခြင်း, အသံကောင်းခြင်း, တင့်တယ်လှပ လုံးရပ်သဏ္ဌာန် ရှိခြင်း (မမြင့်မနိမ့်, မကြီးမထူ, မဖြူမမဲ)ကိုယ်ရဲ့တင့်တယ်ခြင်း, အကြီး အကဲဖြစ်ခြင်း, အခြံအရံများခြင်း–ဆိုတဲ့ အကျိုးကိုလဲ ဒီကုသိုလ်ရွှေအိုးက ပေးနိုင် ပါတယ်။

---

http://www.dhammadownload.com

၇။ ပဒေသရာဇ်မင်းချမ်းသာ, တစ်ကျွန်းလုံးကို အစိုးရတဲ့ ဧကရာဇ်မင်းချမ်းသာ, နှစ်သက်စရာကောင်းတဲ့ ၄-ကျွန်းလုံးကို အစိုးရသော စကြဝတေးမင်းချမ်းသာ, နတ်ပြည်မှာဖြစ်ရတဲ့ မန္ဓတ်မင်း-စသူတို့ရဲ့ချမ်းသာ, နတ်ပြည်များမှာသိကြားမင်း-စသူတွေရဲ့ချမ်းသာ-ဆိုတဲ့ အကုန်လုံးကိုလဲ ဒီကုသိုလ်ရွှေအိုးက ပေးနိုင်ပါတယ်။

၈။ လူ့စည်းစိမ်းချမ်းသာ, နတ်ပြည်မှာဖြစ်တဲ့ မွေ့လျော်စရာ အမျိုးမျိုး, နိဗ္ဗာန်-ဆိုတဲ့ ပြည့်စုံမှုအကုန်လုံးကိုလဲ ဒီကုသိုလ်ရွှေအိုးက ပေးနိုင်ပါတယ်။

၉။ အဆွေခင်ပွန်းကောင်းကိုရလို့ အသင့်အားဖြင့် အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဝိဇ္ဇာ ၃-ပါး, သမာပတ် ၈-ပါး, နိဗ္ဗာန်-ဆိုတဲ့ ဝိမုတ္တိမှာ အပါးဝစွာလေ့လာခြင်း-ဆိုတဲ့ အကုန်လုံးကိုလဲ ဒီကုသိုလ်ရွှေအိုးက ပေးနိုင်ပါတယ်။

၁၀။ ပဋိသမ္ဘိဒါ ၄-ပါး, ဝိမောက္ခ ၈-ပါး, သာဝကပါရမီဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ်-ဆိုတဲ့ အကုန်ကိုလဲ ဒီကုသိုလ်ရွှေအိုးက ပေးနိုင်ပါတယ်။

၁၁။ ဒီကောင်းမှုတွေရဲ့ ပြည့်စုံခြင်းဟာ ဒီလို များများမြတ်တဲ့အကျိုး ရှိတယ်၊ ဒါ့ကြောင့် ပြုလုပ်ထားတဲ့ ကုသိုလ်ကောင်းမှုရှိခြင်းကို ပညာရှိတွေက ချီးမွမ်းကြပါတယ်။

မင်္ဂလာမည်ပုံ ဒီနိဓိကဏ္ဍပါဠိတော်ရဲ့ အဆိုအမိန့်အရ ယခုဘဝမှာ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝမှု, ပညာတတ်မှု, ရုပ်အဆင်းလှမှု, အစိုးရမှု, အခြွေအရံ ပေါများမှု အစရှိတဲ့ ပြည့်စုံမှု(သမ္ပတ္တိ) အကုန်လုံးဟာ ရှေးကုသိုလ်ကောင်းမှုကြောင့်သာ ဖြစ်လာကြရပါတယ်။

ရှေးရှေးသောဘဝက လွန်လွန်ကဲကဲ ထူးထူးခြားခြား ပြုလုပ်လာခဲ့တဲ့ ပါရမီကုသိုလ်က် အများအပြားရှိတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီကုသိုလ်-ဆိုတဲ့ အကြောင်းကြောင့်ပဲ ဝိပဿနာကို ပွားများအားထုတ်လို့ရှိရင် ရဟန္တာဖြစ်နိုင်ပါတယ်၊ ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာက ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကောင်းမှုရှိတာကိုပဲ ကြီးပွားချမ်းသာရေးအစစ်မင်္ဂလာဖြစ်တယ်-လို့ မိန့်တော်မူထားရပါတယ်။

ကပ္ပိနနှင့်အနောဇ [၁]

ထူးထူးခြားခြား, ကုသိုလ်များ, ပြုထားသူတို့မှာ၊
ချမ်းသာသုခ, ခံစားရ, ဝင်ကြွမြို့ခေမာ။

၁။ ခံ-၄-၁၊ ၃၅၁။

http://www.dhammadownload.com

မဟာကပ္ပိနထေရ်က ပဒုမုတ္တရရှင်တော်မြတ်ဘုရားလက်ထက်တော်မှ စပြီး ကုသိုလ်ကောင်းမှုကို လွန်လွန်ကဲကဲ ထူးထူးခြားခြား ပြုလုပ်လာခဲ့ပါတယ်၊ ဘိက္ခု သြဝါဒကဘွဲ့ထူးကိုလဲ တောင့်လာခဲ့ပါတယ်။

သံသရာမှာ ကျင်လည်ရင်း ဗာရာဏသီမြို့အနီး ရက်ကန်းသည်ရွာမှာ ရက်ကန်းသည် တစ်ထောင်တို့ရဲ့ အကြီးအမှူးဖြစ်လာခဲ့ပါတယ်၊ ရက်ကန်းသည်ကြီးရဲ့ဇနီးက ဗာရာဏသီမြို့ကို သွားရင်း ပစ္စေကဗုဒ္ဓါတစ်ထောင်တို့ကို လမ်းမှာ ဖူးတွေ့ရပါတယ်၊ ရိသေလေးစား ရှိခိုးလျှောက်ထားတဲ့အခါ ဝါဆိုရန်ကျောင်းများ အလိုရှိနေကြောင်းကို ကြားသိရပါတယ်၊ ဒါနဲ့ နောက်နေ့အတွက် ပစ္စေကဗုဒ္ဓါတွေကို ဆွမ်းစားပင့်လာခဲ့ပါတယ်။

ရွာကိုရောက်တဲ့အခါ ရွာသူရွာသားတွေကို ပြောပြပါတယ်၊ ရွာအလယ်မှာ မဏ္ဍပ်ထိုးပြီး နောက်နေ့မှာ ဆွမ်းကျွေးကြပါတယ်၊ ရက်ကန်းသည်တစ်ဦးတစ်ဦးက ပစ္စေကဗုဒ္ဓါတစ်ဆူတစ်ဆူအတွက် ကျောင်းဆောက်ပေးကြပါတယ်၊ ကိုယ့်ကျောင်းမှာ သီတင်းသုံးတဲ့ ပစ္စေကဗုဒ္ဓါကို ဝါတွင်း ၃-လပတ်လုံး လုပ်ကျွေးကြပါတယ်၊ ဝါကျွတ်တဲ့ အခါမှာလဲ တစ်ထောင်တန်သင်္ကန်းကို အသီးအသီး ဆက်ကပ်လှူဒါန်းကြပါတယ်။

အဲဒီဘဝက စုတေသွားတဲ့အခါ အုပ်စုမပြိုကွဲဘဲ တာဝတိံသာ နတ်ပြည်မှာ ဖြစ်ကြရပါတယ်၊ ကဿပရှင်တော်မြတ်ဘုရားလက်ထက်တော် ရောက်တဲ့အခါ သူကြွယ်မျိုးမှာ ဖြစ်လာကြပါတယ်၊ သူတို့အကုန်လုံးက ပစ္စည်းဥစ္စာစုဆောင်းပြီး ကျောင်းတိုက်တစ်ခု ဆောက်လုပ်လှူဒါန်းကြပါတယ်၊ ကျောင်းရေစက်ချပွဲမှာ ဘုရားအမှူးရှိတဲ့ သံဃာတော်အား ၇-ရက်လုံးလုံး ကြီးကျယ်တဲ့ အလှူဒါနကို ပေးလှူပူဇော်ကြပါတယ်၊ ရဟန်း ၂-သောင်းတို့အား သင်္ကန်းလှူဒါန်းမှုကိုလဲ ပြုလုပ်ကြပါတယ်။

သူကြွယ်ကြီးရဲ့ကတော်က သူများနှင့်မတူ တစ်မူထူးကာ ပြုလုပ်လာပါတယ်၊ အနောဇပန်း(လိပ်ဆူးရွေပန်း)အဆင်းရှိတဲ့ တစ်ထောင်တန်သင်္ကန်းနှင့်အတူ အနောဇပန်းကလပ်ကို ယူလာပါတယ်၊ အနုမောဒနာတရား ဟောတော်မူတဲ့ ဘုရားရှင်အား အနောဇပန်းတွေနဲ့ ပူဇော်ပါတယ်၊ ဖြစ်လေရာရာဘဝမှာ အနောဇပန်းအဆင်းနဲ့တူတဲ့ ကိုယ်အဆင်းရှိသူ ဖြစ်ရပါစေသား၊ အနောဇ-ဆိုတဲ့ အမည်ကိုလဲ ရရပါစေသား-လို့လဲ ဆုတောင်းပါတယ်။

အဲဒီဘဝက စုတေတဲ့အခါ သူတို့အကုန်လုံးပဲ နတ်ပြည်မှာ ဖြစ်ကြပါတယ်၊ ငါဘုရဲ့ ဗုဒ္ဓမြတ်စွာလက်ထက်ကို ရောက်လာတော့ သူကြွယ်ကြီးက ကုက္ကုဋဝတီမြို့မှာ ကပ္ပိနမင်း ဖြစ်လာပါတယ်၊ ကြွင်းတဲ့လူတွေက အမတ်မျိုးမှာ ဖြစ်လာကြပါတယ်။

http://www.dhammadownload.com

သူကြွယ်ကြီးကတော်က သာဂလမြို့ မင်းမျိုးမှာ ဖြစ်လာပါတယ်၊ သူ့ရဲ့ကိုယ် အဆင်းက အနောဇပန်းအဆင်းနှင့် တူပါတယ်၊ သူ့ရဲ့အမည်ကလဲ အနောဇာပဲ ဖြစ်ပါတယ်၊ အရွယ်ရောက်လာတဲ့အခါ မဟာကပ္ပိနမင်းက သိမ်းပိုက်ထားပါတယ်၊ ဒါနဲ့ အနောဇာမိဖုရားကြီး ဖြစ်လာပါတယ်၊ ကျန်တဲ့မိန်းမတွေက အမတ်မျိုးမှာပဲ ဖြစ်ကြပါတယ်၊ အရွယ်ရောက်လာတဲ့အခါ အမတ်သားတွေနှင့် အိမ်ထောင်ကျကြ ပါတယ်၊ သူတို့အကုန်လုံးပဲ မင်းစည်းစိမ်နှင့်တူတဲ့ စည်းစိမ်ချမ်းသာကို ခံစားကြရ ပါတယ်။

တစ်နေ့မှာ ကပ္ပိနဘုရင်မင်းမြတ်က အမတ်တွေနှင့်အတူ မြင်းစီးပြီး ဥယျာဉ်ကို သွားရင်း သာဝတ္ထိမြို့သား ကုန်သည်တွေရဲ့အထဲက ရတနာ ၃-ပါး ဖြစ်ပေါ်နေပြီ-ဆိုတဲ့ သတင်းစကားကို ကြားရပါတယ်၊ သတင်းတစ်ခုအတွက် ငွေတစ်သိန်းစီ ၃-ရပ်ပေါင်း ငွေ ၃-သိန်းပေးရန် အနောဇာမိဖုရားထံ စာရေးပေးထားခဲ့ပါတယ်၊ သူကိုယ်တိုင် ကတော့ အမတ်တစ်ထောင်နှင့်အတူ ရဟန်းပြုရအောင် ဘုရားရှင်ကို ရည်မှန်းပြီး ထွက်သွားပါတော့တယ်။

ဗုဒ္ဓမြတ်စွာကလဲ ဒီအကြောင်းကို သိတော်မူ, မြင်တော်မူတဲ့အတွက် ကိုယ်တော် တိုင် သပိတ်သင်္ကန်းကို ယူပြီး စန္ဒဘာဂါမြစ်ကမ်း ပညောင်ပင်ရင်းမှာ ရောင်ခြည်တော် တို့ကို လွှတ်လျက် ထိုင်နေတော်မူပါတယ်။

မဟာကပ္ပိနမင်းကလဲ မြစ် ၃-တန်ကို ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာဂုဏ်တော်တွေကို အာရုံပြုပြီး မြင်းစီးလျက်ပဲ ကူးမြောက်လာခဲ့ပါတယ်၊ နောက်ဆုံး မြစ်ကို လွန်မြောက်လို့ ဘုရားရောင်ခြည်တော်ကို တွေ့ရတဲ့အခါ ရိုသေလေးမြတ်စွာ ချဉ်းကပ်သွားရောက်ပြီး ပရိသတ်နှင့်အတူ ရှိခိုးထိုင်နေပါတယ်၊ ဗုဒ္ဓမြတ်စွာရဲ့ တရား စကားကို ကြားနာရတဲ့အခါ အကုန်လုံး သောတာပတ္တိဖိုလ်ကို ဆိုက်ရောက်ကြ ပါတယ်၊ ရဟန်းအဖြစ်ကို ရလိုပါကြောင်း တောင်းပန်လျှောက်ထားကြတဲ့အခါ ဘုရားရှင်က ဟေ ဘိက္ခု-ခေါ်ပြီး ရဟန်းပြုပေးလိုက်ပါတယ်။

သာဝတ္ထိမြို့သား ကုန်သည်တွေက နန်းတော်ထဲကို သွားပြီး အနောဇာမိဖုရားကို ရှိခိုးထိုင်နေကြပါတယ်၊ မိဖုရားက စုံစမ်းမေးမြန်းတဲ့ အခါမှာလဲ ရတနာ ၃-ပါး ဖြစ်ပေါ်နေတဲ့ အကြောင်းကို ပြောပြကြပြန်ပါတယ်၊ မိဖုရားက ရတနာတစ်ပါး အတွက် ငွေ ၃-သိန်း ၃-သိန်းစီ ပေးပါတယ်၊ ကုန်သည်တွေက စုစုပေါင်း ငွေ တစ်သန်းနှစ်သိန်း(၁,၂၀၀,၀၀၀) ရသွားကြပါတယ်။

မဟာကပ္ပိနမင်းက အမတ်တွေနှင့်အတူ ရဟန်းပြုရအောင် ဘုရားရှင်ထံသို့ ထွက်သွားကြောင်း ကြားသိရတဲ့အခါ အနောဇာ-မိဖုရားကလဲ အမတ်ကတော်

http://www.dhammadownload.com

တစ်ထောင်နှင့်အတူ ရဟန်းပြုရအောင် ဘုရားကို ရည်မှန်းပြီး ရထားစီးကာ ထွက်လာကြပါတယ်၊ ရတနာ ၃-ပါးရဲ့ ဂုဏ်တော်တွေကို အောက်မေ့ဆင်ခြင်ပြီး မြစ် ၃-တန်ကို ကျော်လွန်လာခဲ့ကြပါတယ်။

အဲဒီအချိန်မှာ ဗုဒ္ဓမြတ်စွာက မိမိအနားမှာ ရှိနေကြတဲ့ ရဟန်းတော်တွေကို မတွေ့မမြင်ရအောင် တန်ခိုးနဲ့ကွယ်ဝှက်ထားပါတယ်၊ အနောဇာမိဖုရားကလဲ သွားရင်း သွားရင်း ဘုရားရှင်ရဲ့ရောင်ခြည်တော်ကို တွေ့ရတဲ့အခါ ရိုသေလေးစားစွာ ဘုရားရှင် အနားကို ချဉ်းကပ်ရှိခိုးပြီး သင့်တော်ရာက ရပ်ရင်းပဲ မေးမြန်းလျှောက်ထားပါတယ်။

"ရှင်တော်မြတ်ဘုရား ! မဟာကပ္ပိနမင်းက အရှင်ဘုရားတို့ထံ ထွက်ကြွလာခဲ့ပါတယ်၊ အရှင်ဘုရားတို့ထံ ရောက်နေဟန် တူပါတယ်၊ အခု သူ-ဘယ်မှာ ရှိပါသလဲ ?၊ တပည့်တော်တို့အား ပြတော်မူပါ"။

"ထိုင်ကြသေးတာပေါ့၊ ဒီနေရာမှာပဲ သူ့ကို တွေ့ကြရပါလိမ့်မယ်"။

သူတို့အကုန်လုံးက ကိုယ့်လင်ကိုယ့်သားကို တွေ့ရတော့မယ်ဆိုတဲ့ ရွှင်လန်းတဲ့စိတ်နဲ့ ထိုင်နေကြပါတယ်၊ သူတို့အားလဲ ဗုဒ္ဓမြတ်စွာက တရားဟောတော်မူပါတယ်၊ တရားတော်အဆုံးမှာ အနောဇာမိဖုရားနှင့်တကွ အမျိုးသမီး အကုန်လုံးတို့က သောတာပတ္တိဖိုလ်မှာ တည်ကြပါတယ်။

မဟာကပ္ပိနအမှူးရှိတဲ့ မထေရ်များက ပဋိသမ္ဘိဒါပတ္တရဟန္တာများ ဖြစ်သွားကြပါတယ်၊ အဲဒီခဏမှာပဲ ဘုရားရှင်က အဲဒီရဟန္တာတွေကို သူတို့အား ပြတော်မူပါတယ်။

သူတို့ကလဲ ဘုရားရှင်ကို ရှိခိုးပြီး ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ထားကြပါတယ်၊ ဘုရားရှင်က သာဝတ္ထိမြို့ကို သွားပြီး ဘိက္ခုနီတို့ကျောင်းသခိမ်းမှာ ရဟန်းပြုကြလို့ အမိန့်ရှိတော်မူပါတယ်၊ သူတို့က ယူဇနာ ၁၂၀-ရှိတဲ့ခရီးကို ခြေလျင်သွားကြပါတယ်၊ ဘိက္ခုနီတို့ကျောင်းသခိမ်းမှာ ရဟန်းပြုကြပြီး အရဟတ္တဖိုလ်ကို ရရှိသွားကြပါတယ်။

"ဒီဝတ္ထုက သင်တန်းသူ, သင်တန်းသားတွေအား ဘာကို ညွှန်ကြားနေတယ်-ဆိုတာကို ဆရာမ-မသန်းမြင့်က ပြောပြပါဦး"။

"အုပ်စုလိုက် အလှူဒါနပြုလုပ်လာခဲ့ကြသူတွေက အုပ်စုမပြိုကွဲတဲ့ ချမ်းသာသုခကို ခံစားကြရပါတယ်၊ အဆုံးမှာ ဘဝကင်းပြတ် နိဗ္ဗာနဓာတ်ကိုပင် ရရှိသွားကြပါတယ်၊ သူတို့တစ်တွေက ရှေးကကောင်းလာခဲ့ကြလို့ အခု ကောင်းကြ

http://www.dhammadownload.com

သလို တပည့်တော်တို့ သင်တန်းသူ, သင်တန်းသားတွေကလဲ အခုကောင်းကြပါမှ နောင်ကောင်းနိုင်ကြမှာ ဖြစ်ပါတယ်၊ ဒါဟာ ဒီဝတ္ထုက တပည့်တော်တို့အား ညွှန်ကြားနေတာပဲ ဖြစ်ပါတယ်ဘုရား"။

မြန်မာနိုင်ငံနှင့် ပတိရူပဒေသ

အခုခေတ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်က ဓမ္မရေးရှုထောင့်ကပဲကြည့်ကြည့်, လောကရေးရှုထောင့်ကပဲကြည့်ကြည့် ပတိရူပဒေသအစစ် ဖြစ်နေပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ထေရဝါဒသာသနာ ထွန်းလင်းရာအရပ် ဖြစ်နေတဲ့အတွက် ဓမ္မရေးအရလဲ ပတိရူပဒေသအင်္ဂါနှင့် ညီညွတ်ပါတယ်၊ ရေနံ, သစ်, ဝါး, ဆန်စပါးအစရှိတဲ့ သဘာဝပစ္စည်းအများအပြား ထွက်ရှိတဲ့အပြင် ရာသီဥတု ညီညွတ်ပြီး သဘာဝဘေးရန်များ နည်းပါးလှတဲ့အတွက် လောကရေးအရလဲ ပတိရူပဒေသအင်္ဂါနှင့် ညီညွတ်နေပါတယ်။

သို့ဖြစ်ပါလျက် အခြားဖွံ့ဖြိုးပြီးနိုင်ငံကြီးသားတွေလို မြန်မာတိုင်းရင်းသားတွေ မကြီးပွား မချမ်းသာခြင်း, မြန်မာနိုင်ငံရဲ့ မကြီးပွားမတိုးတက်ခြင်းရဲ့ အကြောင်းကို ရှာသင့်ပါတယ်၊ ဒါ့အပြင် ရှေးရှေးဘဝအဆက်ဆက်က ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကောင်းမှုရှိခြင်းကို ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာဖြစ်တယ်–လို့ ဆိုထားပြန်ရာ မြန်မာတိုင်းရင်းသားတွေက ရှေးရှေးဘဝအဆက်ဆက်က ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကောင်းမှု မရှိသူတွေ ဖြစ်ကြလေရော့သလား ?–ဆိုတာကိုလဲ စဉ်းစားသင့်ပါတယ်။

ကံရှိနေပေမယ့် ဥာဏ်ဝိရိယအကူအညီလို

အစမထင်တဲ့ သံသရာတစ်ခွင်မှာ ကျင်လည်လာခဲ့ကြရတဲ့ လူတွေ–ဆိုတာဟာ လူ့ပြည်နတ်ပြည်တွေမှာ ခြေရာချင်းထပ်အောင် ကျင်လည်လာကြသူများ ဖြစ်ကြပါတယ်၊ အဲဒီလို ကျင်လည်ရင်း ဆည်းပူးပြုလုပ်လာခဲ့တဲ့ အပရာပရိယဝေဒနိယကံ–ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ အများအပြား ရှိနေကြသူများသာ ဖြစ်ကြပါတယ်၊ သို့ဖြစ်ပေမယ့် အားကြီးတဲ့ ဗလဝကံမျိုး မဟုတ်ပါက ဥာဏ်ဝိရိယရဲ့ အကူအညီကို ရမှသာ အကျိုးပေးနိုင်ကြပါတယ်၊ ဒီတော့ကာ မြန်မာတိုင်းရင်းသားများက အများအားဖြင့် စီးပွားရေးအသိဉာဏ်နည်းပါးသူ, အလုပ်ကို ကြိုးကြိုးစားစား မလုပ်သူတွေ ဖြစ်နေကြပါတယ်၊ ဒါ့ကြောင့် ရှေးဘဝအဆက်ဆက်က ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကောင်းမှု ရှိနေသူတွေ ဖြစ်နေကြပေမယ့် ကြီးပွားချမ်းသာရေးမှာ နှေးကွေးနေကြပါတယ်။

http://www.dhammadownload.com

နိုင်ငံခြားသားတွေကတော့ အများအားဖြင့် စီးပွားရေးအသိဉာဏ် ကြွယ်ဝကြပါတယ်၊ အလုပ်ကိုလဲ ကြိုးကြိုးစားစား လုပ်ကိုင်ကြပါတယ်၊ ဒါ့ကြောင့် သူတို့ရဲ့ သန္တာန်မှာရှိနေတဲ့ ရှေးရှေးဘဝအဆက်ဆက်က ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေက အကျိုးပေးခွင့်ကို ရကြတဲ့အတွက် သူတို့တစ်တွေက ကြီးပွားချမ်းသာနေကြပါတယ်။

သို့ဖြစ်သည်အားလျော်စွာ ရှေးဘဝအဆက်ဆက်က ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှု ရှိနေကြတဲ့ မြန်မာတိုင်းရင်းသားတွေကလဲ မိမိတို့နှင့်တကွ မိမိတို့ရဲ့ အမိနိုင်ငံတော်ကိုပါ တိုးတက်ကြီးပွားစေလိုပါက စီးပွားရေးပညာရပ်ကို ထိပ်တန်းရောက်အောင် သင်ယူကြပြီး ကြိုးကြိုးစားစား လုပ်ကိုင်ကြမှသာ မိမိတို့ကိုယ်တိုင်လဲ ကြီးပွားချမ်းသာစရာ ရှိပါတယ်၊ အမိနိုင်ငံတော်လဲ တိုးတက်ကြီးပွားချမ်းသာလာစရာ ရှိပါတယ်၊ အာဘောင်အာရင်းသန်သန်နဲ့ အော်ဟစ်နေရုံမျှဖြင့် ကြီးပွားချမ်းသာလာမယ် မဟုတ်ပါ။

ကံကသာ ကိုယ်ပိုင်ဥစ္စာဖြစ်တယ်

သတ္တဝါအကုန်လုံးဟာ ကံ–ဆိုတဲ့ ကိုယ်ပိုင်ဥစ္စာများ ရှိသူတွေဖြစ်ကြတယ်–ဆိုတဲ့စကားမှာ ရရှိပြီးဘဝ ကြီးပွားချမ်းသာရေးအတွက် ဟောထားတာ မဟုတ်ပါ၊ ဘဝရရှိရေးအတွက် ဟောထားတဲ့ စကားတော်တွေသာ ဖြစ်ပါတယ်။

သတ္တဝါအကုန်လုံးဟာ ကံကြောင့်ပဲ လူဘဝကိုလဲ ရနိုင်ကြပါတယ်၊ နတ်ဘဝကိုလဲ ရနိုင်ကြပါတယ်၊ အဆင်းလှသူလဲ ဖြစ်နိုင်ကြပါတယ်၊ အဆင်းမလှသူလဲ ဖြစ်နိုင်ကြပါတယ်၊ ချမ်းသာတဲ့အမျိုးမှာလဲ ဖြစ်နိုင်ကြပါတယ်၊ ဆင်းရဲတဲ့အမျိုးမှာလဲ ဖြစ်နိုင်ကြပါတယ်၊ လောဘကြီးသူလဲ ဖြစ်နိုင်ကြပါတယ်၊ ဒေါသကြီးသူလဲ ဖြစ်နိုင်ကြပါတယ်၊ ဤသို့အစရှိသည်ဖြင့် လူအမျိုးမျိုး နတ်အစားစားဖြစ်ရန် ရှေးရှေးဘဝအဆက်ဆက်က ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကံက လူဘဝ နတ်ဘဝကို ထူထောင်ပေးရုံမျှသာ ဖြစ်ပါတယ်။

အဲဒီလို ရှေးရှေးဘဝအဆက်ဆက်မှာ လုပ်လာခဲ့တဲ့ကံက ထူထောင်ပေးလို့ ရရှိလာတဲ့ မိမိတို့ရဲ့ ဘဝကို လူချင်းတူအောင်, ဒါမှမဟုတ်ရင် မိမိတို့က သူများထက်သာအောင် ပညာရေး, စီးပွားရေး–စသည်တို့ကို လုပ်ကိုင်ဆောင်ရွက်ရာမှာကား အတိတ်ကံတစ်ခုတည်းနှင့် အောင်မြင်မှုကို မရနိုင်ပါ၊ ဉာဏ်ဝိရိယအကူအညီပါမှသာ အောင်မြင်မှုကို ရနိုင်ပါတယ်။

ဒါ့အပြင် အဆင်းလှသူပဲဖြစ်ဖြစ်, အဆင်းမလှသူပဲဖြစ်ဖြစ်, ချမ်းသာတဲ့ အမျိုးမှာ ဖြစ်လာသူပဲဖြစ်ဖြစ်, ဆင်းရဲတဲ့အမျိုးမှာ ဖြစ်လာသူပဲဖြစ်ဖြစ် လိမ္မာရေးခြားရှိသူ

http://www.dhammadownload.com

ဖြစ်လာအောင်, တန်ခိုးရှိသူ ဖြစ်လာအောင်, ဂုဏ်ကျက်သရေရှိသူ ဖြစ်လာအောင်, စီးပွားဥစ္စာ ချမ်းသာကြွယ်ဝသူ ဖြစ်လာအောင် ပြုလုပ်မှုမှာ ကံတစ်ခုတည်းနှင့် မဖြစ်နိုင်ပါ၊ ဉာဏ်ဝိရိယအကူအညီ ပါမှသာ ဖြစ်နိုင်ပါတယ်၊ လောဘကြီးသူ, ဒေါသကြီးသူတို့ကလဲ အသိဉာဏ်တွဲဖက်လျက် ကြိုးစားပြုပြင်ပါက လောဘနည်းသူ, ဒေါသနည်းသူ ဖြစ်လာနိုင်ပါတယ်။

ပုဂ္ဂိုလ် ၄-မျိုး

၁။ ထက္ကြလုံ့လဝီရိယရဲ့ အကျိုးကို မှီလို့ အသက်မွေးပြီး ကုသိုလ်ကံရဲ့ အကျိုးကို မှီလို့ အသက်မမွေးသူ၊

၂။ ကံရဲ့အကျိုးကိုသာ မှီလို့ အသက်မွေးပြီး ထက္ကြလုံ့လဝီရိယရဲ့ အကျိုးကို မှီလို့ အသက်မမွေးရသူ။ (စတုမဟာရာဇ်–စသော နတ်။)

၃။ ဝီရိယရဲ့အကျိုးကိုရော, ကုသိုလ်ကံရဲ့အကျိုးကိုရော မှီလို့ အသက်မွေးရသူ။ (မင်းနှင့်အမတ်–စသူတို့။)

၄။ ဝီရိယရဲ့အကျိုးကိုရော, ကုသိုလ်ကံရဲ့အကျိုးကိုရော မှီလို့ အသက်မမွေးရသူ။ (ငရဲသူ ငရဲသား သတ္တဝါများ။)

ဒီလို ပုဂ္ဂိုလ် ၄-မျိုး ရှိတယ်။ [၁]

လူဘုံက ကံဘုံမဟုတ် အခု သင်တန်းတက်နေကြတဲ့ သင်တန်းသူသင်တန်းသားတွေကလဲ လွန်ခဲ့တာတွေကိုတော့ ပြုပြင်လို့မရနိုင်တော့တဲ့အတွက် အသာထားပါတော့၊ ယခုအချိန်ကစပြီး ဘဝတာတစ်လျှောက်လုံးမှာ ကြီးပွားချမ်းသာရေးအတွက် ကိုယ်အားဉာဏ်အားကို အသုံးမပြုဘဲ ဖြစ်စေကံလဲ, မဖြစ်ရင်လဲကံ–ဆိုတဲ့ သဘောမျိုးနဲ့ စားကာအိပ်ကာ နေထိုင်ကြပါရင် ကြီးပွားချမ်းသာလာနိုင်ကြမယ် မဟုတ်ပါ၊ အိပ်နေတဲ့ ကောသရာဇာခြင်္သေ့မင်းရဲ့ ခံတွင်းထဲကို ဘယ်သားကောင်ကမှ ဝင်လာမယ် မဟုတ်ပါ၊ ဒါ့အပြင် ကံကိုယုံလို့ ဆူးချုံကို နင်းကလဲ ဆူးမစူးဘဲ နေပါ့မလား ?။

ဒီလူဘုံဟာ ကံတစ်ခုတည်းကိုသာ မှီခိုနေရတဲ့ ဘုံမျိုး မဟုတ်ပါ၊ ဉာဏ်ဝိရိယရဲ့ အကူအညီကို ရမှသာ ကြီးပွားချမ်းသာနိုင်တဲ့ ဘုံမျိုး ဖြစ်ပါတယ်၊ ဒါ့ကြောင့် အတိတ်ကံတစ်ခုတည်းနဲ့ မကြီးပွားမတိုးတက်နိုင်ပါ၊ ဉာဏ်နှင့်ယှဉ်ကာ ကြိုးစားအားထုတ်မှသာ ကြီးပွားတိုးတက်နိုင်ပါတယ်။

၁။ အံ–၁၊ ၄၅၂။

http://www.dhammadownload.com

ဇောတိက, ဇဋိလ, မေဏ္ဍက, ကာကဝဠိယ–တို့လို ကဲကြီးရှင်များကိုတော့ မပြောလိုပါ၊ သူတို့တစ်တွေဟာ ရှေးဘုရားရှင်တွေရဲ့ လက်ထက်မှာ ကုသိုလ်ကောင်းမှုကို သူမတူအောင် ပြုလုပ်လာသူများသာ ဖြစ်ကြပါတယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

ရှေးဝယ်ကာလ, ရှေးဘဝက, ပုညဝတ္ထု, ပြုစုခဲ့ဘူး, အထူးရှိလစ်, ထို အဖြစ်လည်း, စင်စစ်တသွယ်။–

ဒီလို ပုဗ္ဗေစ ကတပုညတာ မဂ်လာသဘောကို မုံရွေးဆရာတော်က မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် ရှေးအခါ, ရှေးဘဝက ပြုခဲ့ဖူးတဲ့ ဒါန–စသော ကုသိုလ်ကောင်းမှု (ပုညကြိယဝတ္ထု) အထူးရှိခြင်းဟာ ပုဗ္ဗေစ ကတပုညတာ မဂ်လာ မည်ပါတယ်။

ဒါ့အပြင်–

လုံ့လပညာ, ကဲလည်းပါ, လိုရာပြည့်စုံကြွေယ်၊
ပြည့်စုံသည့်ခါ, မမေ့ရာ, ရိက္ခာမျိုးထုပ်လွယ်၊
မျိုးထုပ်ပမာ, ဘုန်းသမ္ဘာ, ဖြစ်ရာလွန်ကြီးကျယ်၊
ကြီးကျယ်ဘောဂ, ပြည့်စုံဝ, မှီကြလူကြီးငယ်၊
မှီခိုလောက်မှ, ဤလောက, မှီကြလူပေါယယ်၊
ဂုဏ်ကိုထွေးထောက်, မှီခိုလောက်, အားမြှောက်သေဝနာ၊
မမှီလောက်ဘဲ, မှီခိုတွဲ, ဆင်းရဲရောက်တတ်စွာ၊
မှီခိုလောက်လျက်, ကျိုးမတက်လည်း, မဖက်ရောင်ကြဉ်ခွာ၊ [၁]

ကြွေအန်လောင်းစား, အကျင့်မှား, ပယ်ရှားစွန့်ကြရာ၊
ကိုယ်ကျင့်ယွင်းကွက်, ဥစ္စာပျက်, တက်တက်ကုန်တတ်စွာ၊
ဤကားပုံထုတ်, ကဲမဟုတ်, ယုတ်သည်ကျင့်တွက်တာ၊
ဥစ္စာကဲထိန်း, အကျင့်ယိမ်း, ကဲတိမ်းပျက်မည်သာ၊
ကဲပေးချင်လျက်, အကျင့်ပျက်, ကွဲအက်အိုးပမာ၊
အိုးကွဲအတွင်း, ရေထည့်သွင်း, တျင်းတျင်းကုန်တော့်သာ၊
ကိုယ်ကျင့်လည်းကောင်း, ကဲလည်းကောင်း, နှစ်ကြောင်းစုံလင်မူ၊
အိုးလုံရေတည့်, စည်းစိမ်စည့်, ဆန်းသည် လ–အတူ၊
ဤပုံကိုစွဲ, မူမလွဲ, မြဲမြံစံပြယူ။ [၂]

၁။ သုတရတနာ

http://www.dhammadownload.com

ဥစ္စာကိုလိုသော် အမှီကောင်းကိုရှာ, ကိုယ်အနာလည်း ကင်းလှစေ၊
မပျင်းဝီရိယ, အားထုတ်ကြ, မာနဟူသည့် မှန်ကင်းထွတ်ကိုချ,
ပုညရွေးလည်း ကူမစေ၊ သုံးထွေစရိုက်မျှ, ယစ်သမျှဆင်ခြင်လေ၊
သဘင်ကြည့်ရှု နည်းလှစေ၊ လောင်းထွေကစား, ပျော်မှုဆင်ခြင်လေ။ [၁]

ဒီလိုလဲ မိန့်ဆိုထားကြပါသေးတယ်။

၆။ အတ္တသမ္မာပဏိဓိ

[အတ္တ–စိတ်ကို–(ကိုယ်ကို)+သမ္မာ–ကောင်းစွာ+ ပဏိဓိ–ထားခြင်း။] စိတ်ကို ကောင်းစွာထားတာ, စိတ်သဘောထား ကောင်းအောင်ပြုပြင်တာကိုပဲ အတ္တသမ္မာပဏိဓိ–လို့ ခေါ်ပါတယ်။

စိတ်ကောင်းအောင် ပြုပြင်ပုံ

မိမိမှာ သီလမရှိသေးရင် သီလရှိလာအောင်, ယုံကြည်မှုသဒ္ဓါ မရှိသေးရင် ယုံကြည်မှုသဒ္ဓါရှိလာအောင် ကိုယ့်ဥစ္စာကို မပေးလှူလို ဝန်တိုမှု–မစ္ဆရိယ ရှိနေရင် စွန့်ကြဲပေးကမ်း လှူဒါန်းမှု–စာဂ ဖြစ်လာအောင် ပြုပြင်ပေးခြင်းကိုပဲ အတ္တသမ္မာပဏိဓိ ခေါ်ပါတယ်–လို့ အဋ္ဌကထာဆရာက ဖွင့်ဆိုထားပါတယ်။

ကောင်းတဲ့ အပြုအမူ, အပြောအဆို, အကြံအစည်များ ဖြစ်ပွားလာအောင် မိမိရဲ့စိတ်သဘောကို ပြုပြင်ပေးတာကိုပဲ အတ္တသမ္မာပဏိဓိ–လို့ ခေါ်ပါတယ်။

ကိုယ်ကို ကောင်းစွာထားခြင်း

ဒါ့အပြင် အတ္တသဒ္ဓါက ကိုယ်ကိုလဲ ဟောပါသေးတယ်၊ ဒါ့ကြောင့် အဋ္ဌကထာဆရာက "သကလောဝါ အတ္တ ဘာဝေါ=တစ်ကိုယ်လုံးကိုလဲ အတ္တ–လို့ ဆိုရပါတယ်"လို့ ဖွင့်ဆိုထားပြန်တယ်၊ ဦးစီးခေါင်းဆောင်ဖြစ်တဲ့စိတ်ကို ကောင်းစွာထားလိုက်ပါက ကိုယ်အမူအရာကိုရော, ကိုယ်ကိုမှီလို့ ဖြစ်နေရတဲ့ နှုတ်အမူအရာကိုရော ကောင်းစွာထားပြီး ဖြစ်နိုင်ပါတယ်၊ အထူးပြုပြင်ရန် မလိုတော့ပါ၊ ဒီအကြောင်းကို အနည်းငယ် သိသာရုံ ရှင်းပြပါဦးမယ်။

အတ္တဝါဒ

ဗုဒ္ဓမြတ်စွာပွင့်တော်မူလာတဲ့ အချိန်ဟာ အတ္တဝါဒထွန်းကားနေတဲ့ အချိန် ဖြစ်ပါတယ်၊ အတ္တက သက်ရှိသက်မဲ့ တစ်လောကလုံးကို ဖန်ဆင်းထားတယ်၊ လောကကြီးတစ်ခုလုံးကို အတ္တက စိုးရပိုင်ဆိုင်နေတယ်–လို့လဲ ယူကြပါတယ်၊ ဒီအတ္တကို ပရမအတ္တ–လို့ ခေါ်ကြပါတယ်။

၁။ ကံတော်–မင်းကျောင်း။

http://www.dhammadownload.com

အဲဒီ ပရမအတ္တက ဖန်ဆင်းလိုက်တဲ့ သတ္တဝါတိုင်းမှာ အသက်, ဝိညာဉ်ကောင်, လိပ်ပြာကောင်ခေါ်တဲ့ အာတွန်=ဆိုးလ်(soul)ဆိုတာ ရှိနေတယ်၊ သူက ခန္ဓာရဲ့ အရှင်သခင်ဖြစ်တယ်၊ ကိုယ်ခန္ဓာကို စိုးရပိုင်ဆိုင်တယ်၊ အဲဒီ အသက်, ဝိညာဉ်ကောင်, လိပ်ပြာကောင်က ဘယ်တော့မှ မပျက်စီးဘူး၊ အမြဲတည်ရှိနေတယ်၊ လက်ရှိခန္ဓာ ဟောင်း ပျက်စီးသွားရင် နောက်ခန္ဓာသစ်မှာ ကူးပြောင်းတည်နေတယ်–လို့လဲ ယူကြ ပါတယ်၊ ဒီအတ္တကိုတော့ ဇီဝအတ္တ–လို့ ခေါ်ပါတယ်။

လူသားတွေဟာ အတ္တရဲ့လက်အောက်ခံမျှသာ ဖြစ်ကြတယ်၊ အတ္တက ချယ်လှယ် သမျှကို ခံနေကြရတယ်၊ ဂုဏ်ရှိ–မရှိ, ချမ်းသာ–ဆင်းရဲ–စသည်တို့ကိုလဲ အတ္တကပဲ ပြုပြင်ပေးနေတယ်–လို့ စွဲစွဲမြဲမြဲ ယူဆနေကြပါတယ်၊ ဒီအတ္တ–ဆိုတာဟာ သူတို့ရဲ့ စိတ်ကူးယဉ်မှုမျှသာ ဖြစ်တယ်၊ တကယ်အဟုတ်အမှန် ရှိနေတာမျိုးတော့ မဟုတ်ပါ။

အနတ္တဝါဒ အမှန်ကတော့ လူ–ဆိုတာဟာ ပျက်လိုက်ဖြစ်လိုက်နဲ့ အစဉ်မပြတ် ပျက်နေဖြစ်နေတဲ့ ခန္ဓာ ၅–ပါး ရုပ်နာမ်တရားတွေရဲ့ အစုအဝေး မျှသာ ဖြစ်ပါတယ်၊ တစ်ဦးတစ်ယောက်က ဖန်ဆင်းလို့ ဖြစ်လာရတာ မဟုတ်ပါ၊ ကိုယ့်ကံကြောင့်သာ ဖြစ်လာရပါတယ်၊ လိပ်ပြာကောင်, ဝိညာဉ်ကောင်–ဆိုတာလဲ မရှိပါ၊ အဲဒီ ခန္ဓာ ၅–ပါး–ဆိုတာကလဲ=

၁။ ရူပက္ခန္ဓာ= ဖောက်ပြန်ပျက်စီးတတ်တဲ့ ရုပ်အစု,
၂။ ဝေဒနာက္ခန္ဓာ= ချမ်းသာဆင်းရဲကို ခံစားခြင်းအစု,
၃။ သညာက္ခန္ဓာ= အမှတ်ပြုလို့ သိခြင်းအစု,
၄။ သင်္ခါရက္ခန္ဓာ= ပြုပြင်စီမံခြင်းအစု,
၅။ ဝိညာဏက္ခန္ဓာ= အထူးအားဖြင့် သိခြင်းအစု–

ဒါတွေပဲ ဖြစ်ပါတယ်၊ ဒီခန္ဓာ ၅–ပါးထဲမှာ ပထမအစုက ရုပ်ဖြစ်ပြီး ကျန် ၄–စုက နာမ်တရားတွေ ဖြစ်ကြပါတယ်။

အဲဒီခန္ဓာ ၅–ပါး ရုပ်နာမ်တရားတွေဟာ ဖြစ်လာတာနဲ့တစ်ပြိုင်နက် ပျက်စီး သွားကြရတဲ့အတွက် အမြဲမရှိတဲ့ အနိစ္စတရားတွေသာ ဖြစ်ကြပါတယ်၊ ဖြစ်ကပျက်ရ သဘာဝကြောင့် ဆင်းရဲလှတဲ့ ဒုက္ခတရားတွေသာ ဖြစ်ကြပါတယ်၊ တည်မြဲမှုလဲ မရှိ၊ ဆင်းရဲအတိသာ ဖြစ်ကြတဲ့ တရားတွေဟာ အတ္တမဟုတ်ဘူး၊ အနတ္တတွေသာ ဖြစ်ကြတယ်။

ဒါက ထူးထူးခြားခြား တွေ့မြင်ထားတဲ့ ဗုဒ္ဓမြတ်စွာရဲ့ အနတ္တဝါဒဖြစ်ပါတယ်၊ ဒီအနတ္တဝါဒကို ဘုရားဖြစ်လို့ မကြာလှတဲ့ရက်အတွင်း မိဂဒါယမှာ ပဥ္စဝဂ္ဂီတို့အား တရားရေအေး တိုက်ကျွေးတော်မူရင်း ကြေညာတော်မူခဲ့ပါတယ်။

http://www.dhammadownload.com

စိတ်သာ အဓိက လူ–ဆိုတာဟာ ခန္ဓာ ၅–ပါး ရုပ်နာမ်တရားတွေရဲ့ အစုအဝေး မျှသာ ဖြစ်ကြောင်းကို ပြောပြလာခဲ့ပါတယ်၊ အဲဒီ ခန္ဓာ ၅–ပါး ရုပ်နာမ်တရားတွေမှာလဲ ဝိညာဏက္ခန္ဓာ–ဆိုတဲ့ စိတ်သာ အဓိကဖြစ်ပါတယ်၊ ကျန်တရားတွေက စိတ်ရဲ့ဦးဆောင်ရာကို လိုက်ပါနေကြရပါတယ်၊ ဗုဒ္ဓမြတ်စွာကလဲ–

> "လူအပေါင်းကို စိတ်က ဦးဆောင်နေတယ်၊ စိတ်က ဆွဲငင်နေတယ်၊ တရားအကုန်လုံးက ၎စိတ်–ဆိုတဲ့တရားတစ်ခုရဲ့ အလိုကို လိုက်ပါနေကြရတယ်"။ [၁]

ဒီလို ဟောတော်မူထားပါတယ်၊ ဒါ့ကြောင့် အတ္တသမ္မာပဏိဓိမှာ ပါလာတဲ့အတ္တက တိတ္ထိတွေရဲ့ အတ္တလို လူကိုအုပ်စိုးထားတဲ့အတွက် လူက ပြန်လည်ပြုပြင်လို့ မရစကောင်းတဲ့တရားမျိုး မဟုတ်၊ လူက ပြုပြင်လို့ရစကောင်းတဲ့ တရားမျိုးသာ ဖြစ်တယ်၊ လူက အတ္တ–ဆိုတဲ့ စိတ်ကို ပြုပြင်လိုက်တာနဲ့တစ်ပြိုင်နက် ကိုယ်မှု, နှုတ်မှု, စိတ်မှုတွေပါ ယဉ်နုလာရပါတယ်–ဆိုတဲ့ သဘောကိုလဲ ဆောင်နေပါတယ်။

ဒါ့အပြင်– သတ္တဝါတိုင်းမှာ ကိုယ်မှု, နှုတ်မှု, စိတ်မှု ၃–ခုရှိနေတဲ့အနက် စိတ်မှုကသာ အဓိကဖြစ်တယ်၊ စိတ်မကောင်းရင် ကိုယ်မှု, နှုတ်မှုလဲ မကောင်းနိုင်တော့ပါ၊ စိတ်ကောင်းမှသာ ကိုယ်မှု, နှုတ်မှုတို့ ကောင်းလာနိုင်ပါတယ်၊ ကိုယ်မှု, နှုတ်မှုတို့ ချောမောပြေပြစ်ရန်မှာ စိတ်သာ အဓိက ဖြစ်တယ်၊ ဒါ့ကြောင့်– ဗုဒ္ဓမြတ်စွာက–

> "နာမ်ခန္ဓာတွေကို စိတ်က ခေါင်းဆောင်နေပါတယ်၊ စိတ်က အုပ်ထိန်းထားပါတယ်၊ စိတ်က ဖြစ်စေပါတယ်၊ မကောင်းတဲ့စိတ်နဲ့ ပြောဆိုပြုလုပ်သူရဲ့ နောက်ကို ဆင်းရဲဒုက္ခက အစဉ်တစိုက် လိုက်ပါနေတော့တယ်၊----ကောင်းတဲ့စိတ်နဲ့ ပြောဆိုပြုလုပ်လာသူရဲ့ နောက်ကိုတော့ ချမ်းသာသုခက အစဉ်မကွာ လိုက်နေပါတော့တယ်"။ [၂]

စိတ်ကိုပြုပြင်ရန် အခြေခံ တစ်နည်းအားဖြင့် ပြောရမယ်–ဆိုပါရင် စိတ်ကို ကောင်းစွာ ထားခြင်း–ဆိုတာက အသင့်အတင့် နှလုံးသွင်းမှု–ယောနိသော မနသိကာရပဲ ဖြစ်ပါတယ်၊ အဲဒီ ယောနိသောမနသိကာရ–ဆိုတာက ဒွါရ ၆–ပါးမှာ အာရုံ ၆–ပါး ထင်လာတဲ့အခါ ကုသိုလ်စိတ်တွေရဲ့ အကြောင်းအနေနဲ့ ဘဝင်စိတ်ကို လည်စေပြီး ဖြစ်ပေါ်လာတဲ့ အာဝဇ္ဇန်းစိတ်ပဲ ဖြစ်ပါတယ်။ [၃]

၁။ သံ–၁၊ ၃၆။ ၂။ ဓံ–၁၃။ ၃။ မဏိမဉ္ဇူ–၁၊ ၃၈၂။

http://www.dhammadownload.com

တစ်နည်းအားဖြင့် ပြောရပါရင်–အာဝဇ္ဇန်းစိတ်ရဲ့ ရှေ့မှာ အာဝဇ္ဇန်းရဲ့ အကြောင်းအနေနဲ့ဖြစ်တဲ့ မနောဒွါရိကဇောစိတ်ဟာ ကျိုးဆိုကြောင်းရ (ဖလူပစာရ)အားဖြင့် ယောနိသော မနသိကာရ မည်ပါတယ်။ [၁]

ကုသိုလ်ဖြစ်ရန် အကြောင်းမှန်

ကာမာဝစရကုသိုလ်ဖြစ်ရန် အနီးဆုံးဖြစ်တဲ့ အကြောင်းကတော့ ယောနိသော မနသိကာရပဲ ဖြစ်ပါတယ်၊ ဒါကို အခုပြောပြမယ့် ပါဠိတော်နှင့်အဋ္ဌကထာ စကားရပ်တွေက ထောက်ခံနေပါတယ်။

အသင့်အတင့် နှလုံးသွင်းခြင်းဟာ မဖြစ်သေးတဲ့ ကုသိုလ်ကိုလဲ ဖြစ်စေတတ်ပါတယ်၊ ဖြစ်ပြီးအကုသိုလ်တရားတွေကိုလဲ ဆုတ်ယုတ်စေတတ်ပါတယ်၊ အသင့်အတင့် နှလုံးသွင်းသူမှာ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေလဲ ဖြစ်လာကြရပါတယ်၊ ဖြစ်ပြီးအကုသိုလ်တရားတွေလဲ ဆုတ်ယုတ်ကြရပါတယ်။ [၂]

ဒီကာမာဝစရကုသိုလ်–ဆိုတာဟာ အသင့်အတင့် နှလုံးသွင်းမှု ယောနိသော မနသိကာရ–ဆိုတဲ့ နိးသောအကြောင်းရှိပါတယ်၊ ယောနိသောမနသိကာရကြောင့်ပဲ ကာမာဝစရကုသိုလ် ဖြစ်ရပါတယ်။ [၃]

အသင့်အတင့် နှလုံးသွင်းခြင်းရဲ့အကျိုး

အသင့်အတင့် နှလုံးသွင်းတဲ့ ပုဂ္ဂိုလ်မှာ ဖြစ်ပြီးအကုသိုလ်တရားတွေ ဆုတ်ယုတ်ပျက်စီးတတ်တဲ့အတွက် အဲဒီအကုသိုလ်တရားကြောင့်ဖြစ်ရတဲ့ အကျော်အစောမဲ့ခြင်း, စီးပွားဥစ္စာမတိုးတက်ခြင်း, စီးပွားဥစ္စာဆုတ်ယုတ်ပျက်စီးခြင်း, ရာထူးဌာနန္တရ မရရှိခြင်း, ရာထူးဌာနန္တရမှ လျှောကျခြင်း, မင်းပြစ်မင်းဒဏ်သင့်ခြင်း အစရှိတဲ့ အနိဋ္ဌဖလ ဒုက္ခဝေဒနာအမျိုးမျိုး မဖြစ်ရတော့ပါ။

အသင့်အတင့် နှလုံးသွင်းတဲ့ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ကုသိုလ်တရားတွေ ဖြစ်လာရတဲ့အတွက် အဲဒီ ကုသိုလ်တရားတွေရဲ့ အကျိုးအနေနဲ့ ထင်ပေါ်ကျော်စောခြင်း, ပစ္စည်းဥစ္စာရရှိခြင်း, ပစ္စည်းဥစ္စာတိုးတက်ခြင်း, တည်မြဲခြင်း, ရာထူး ဌာနန္တရရရှိခြင်း, တိုးတက်ခြင်း, တည်မြဲခြင်း, မင်းပြစ်မင်းဒဏ်လွတ်ကင်းခြင်း အစရှိတဲ့ ဣဋ္ဌဖလ သုခဝေဒနာတွေ ဖြစ်ပွားလာကြရပါတယ်။

ဒါကတော့ အောက်တန်းစား အသင့်အတင့် နှလုံးသွင်းခြင်းကြောင့် ရနိုင်တဲ့ အကျိုးတွေ ဖြစ်ပါတယ်၊ အထက်တန်းစား ယောနိသော မနသိကာရရဲ့ အကျိုးကိုတော့ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရသည်အထိ နောက်ပိုင်းမှာ ပြောပြပါ့မယ်။

၁။ ဒီ–၄–၂၊ ၂၃၆။ ၂။ အံ–၁၊ ၁၂။ ၃။ အဘိ–၄–၁၊ ၁၀၅။

http://www.dhammadownload.com

ဟောဖျင်ဖြစ်ရန် အကြောင်းမှန်

ယောနိသောမနသိကာရက မဖြစ်ပေါ်သေးတဲ့ ဟောဖျင်တရား တွေကိုလဲ ဖြစ်ပေါ်စေတတ်ပါတယ်၊ ဖြစ်ပေါ်ပြီး ဟောဖျင်တရား တွေကိုလဲ ပွားများပြည့်စုံစေတတ်ပါတယ်၊ သင့်တင့်လျောက် ပတ်စွာ နှလုံးသွင်းသူမှာ မဖြစ်သေးတဲ့ ဟောဖျင်တရားတွေလဲ ဖြစ်ပေါ်လာရပါတယ်၊ ဖြစ်ပေါ်ပြီး ဟောဖျင်တရားတွေလဲ ပွားများပြည့်စုံလာရပါတယ်။ [၁]

အရဏ်တက်လာခြင်းဟာ နေထွက်ခြင်းရဲ့ ရှေ့ပြေးအကြောင်း (ပုဗ္ဗနိမိတ်) ဖြစ်သလို အသင့်အတင့် နှလုံးသွင်းခြင်းဟာလဲ ဟောဖျင် ၇-ပါး တရားတော်တွေ ဖြစ်ပေါ်လာရခြင်းရဲ့ ရှေ့ပြေးအကြောင်း(ပုဗ္ဗနိမိတ်) ဖြစ်ပါတယ်။ [၂]

ယောနိသော မနသိကာရနှင့် ပြည့်စုံသူဟာ အရှင်ပုဏ္ဏမထေရ်မြတ်လို မိမိကို သတ်သူရဲ့အပေါ်မှာပင် အပြစ်မမြင် ကျေးဇူးတင်မှုကိုသာ ပြုပါလိမ့်မယ်၊ ဒါ့ကြောင့် ယောနိသော မနသိကာရဟာ လူသားတွေအတွက် အလွန်ကျေးဇူးများတဲ့တရား ဖြစ်ပါတယ်။

နှလုံးသား လိမ္မာပါစေ

လောကမှာ ရှိရှိသမျှ သက်ရှိသက်မဲ့ အလိုရှိအပ်, အလို မရှိအပ်တဲ့ အရာဝတ္ထု အစုစုနှင့် အလုံးစုံသော ဖြစ်မှု ပျက်မှုတွေဟာ နှလုံးသားလိမ္မာသူအတွက် ကုသိုလ်ဖြစ်ဖို့ချည်းသာ ဖြစ်ပါတယ်၊ နှလုံးသားမလိမ္မာသူအတွက် အကုသိုလ်ဖြစ်ဖို့ချည်းသာ ဖြစ်ပါတယ်။

အကုသိုလ်လွတ်ဖို့လမ်းက အသင့်အတင့်နှလုံးသွင်းမှု-ယောနိသော မနသိကာရ လမ်းဖြစ်ပါတယ်၊ အကုသိုလ်ဖြစ်ဖို့လမ်းက မသင့်သောအကြောင်းအနေနဲ့ နှလုံး သွင်းမှု-အယောနိသော မနသိကာရလမ်း ဖြစ်ပါတယ်။

သက်တော်ထင်ရှား ဘုရားသခင်နှင့် တွေ့ရမေမယ့် အယောနိသော မနသိကာရ လမ်းသို့ စိတ်ဦးလှည့်ရင် အကုသိုလ်ဖြစ်ဖို့သာ ဖြစ်လာရပါတယ်။

မိမိအလိုသို့ လိုက်ပါလာတဲ့ တာဝတိ်သာနတ်သမီးနှင့်ပဲတွေ့တွေ့, မိမိအသက် ကို သတ်ဖြတ်ဖျက်ဆီးမယ့်သူနှင့်ပဲတွေ့တွေ့ အသင့်အတင့် နှလုံးသွင်းမှု-ယောနိသော မနသိကာရလမ်းသို့ လိုက်ခဲ့ပါရင် ကုသိုလ်ဖြစ်ဖို့သာ ဖြစ်လာရပါတယ်၊ ဒီလမ်း ၂-ခုအနက် ဘယ်လမ်းကို လိုက်သင့်တယ်-ဆိုတာကိုတော့ ကိုယ်တိုင်ပဲ ဆုံးဖြတ် ကြစေလိုပါတယ်။

ကိုယ်စိတ် ၂-ပါး ရောဂါများ

ငါဟာ အနာရောဂါကင်းသူဖြစ်တယ်၊ တစ်နှစ်လုံးလုံး ဘာ ရောဂါမှ မဖြစ်ဘူး၊ ဒီလိုဝန်ခံနိုင်တဲ့လူလဲ ရှိတယ်၊ ၂-နှစ် လုံးလုံး ဘာရောဂါမှ မဖြစ်ဘူး၊ ၃-နှစ်လုံးလုံး ဘာရောဂါမှ မဖြစ်ဘူး၊ ၄-နှစ်လုံးလုံး ဘာရောဂါမှ မဖြစ်ဘူး၊ ၅-နှစ်လုံးလုံး ဘာရောဂါမှ မဖြစ်

၁။ အံ-၁၊ ၁၃။ ၂။ သံ-၃၊ ၇၁။

http://www.dhammadownload.com

ဘူး၊ ၁၀-နှစ်လုံးလုံး ဘာရောဂါမှ မဖြစ်ဘူး၊ အနှစ် ၂၀-လုံးလုံး ဘာရောဂါမှ မဖြစ်ဘူး၊ အနှစ် ၃၀-လုံးလုံး ဘာရောဂါမှ မဖြစ်ဘူး၊ နှစ်ပေါင်း ၄၀-လုံးလုံး ဘာရောဂါမှ မဖြစ်ဘူး၊ နှစ်ပေါင်း ၅၀-လုံးလုံး ဘာရောဂါမှ မဖြစ်ဘူး၊ နှစ်ပေါင်း ၁၀၀-လုံးလုံး ဘာရောဂါမှ မဖြစ်ဘူး၊ နှစ်ပေါင်း ရာကျော်လာတဲ့အထိ ဘာရောဂါမှ မဖြစ်ဘူး၊ ဒီလို ကိုယ်ရောဂါနှင့် စပ်လျဉ်းလို့ ထိုက်သည်အားလျော်စွာ ဝန်ခံနိုင်တဲ့ လူတွေ ရှိနေပါတယ်။

ကိုယ်မှာဖြစ်တဲ့ ရောဂါနှင့်ပတ်သက်လို့ ဒီလို ဒီလိုဝန်ခံနိုင်တဲ့လူတွေ ရှိနေပေမယ့် ငါ့မှာ စိတ်ရောဂါ ခဏကလေးမှ မရှိဘူး-လို့ ရဟန္တာမှတစ်ပါး ဝန်ခံနိုင်တဲ့ ပုဂ္ဂိုလ်က လောကမှာ အင်မတန်ရှားပါတယ်၊ တွေ့ရ မြင်ရဖို့ရန် အင်မတန် ခဲယဉ်းလှပါတယ်။ [၁]

စိတ်ရောဂါအတွက် ဆေးတစ်ခွက်

"အနာမသိ ဆေးမရှိ၊ အနာသိမှ ဆေးရှိရ" ဆိုတဲ့အတိုင်း အနာကိုသိမှ ဆေးကုသနိုင်မှာဖြစ်တဲ့အတွက် ဗုဒ္ဓမြတ်စွာ ဟောထားတဲ့အထဲမှာ ပါလာတဲ့ စိတ်အနာကို ဦးစွာပြောပြပါ့မယ်၊ လောဘ, ဒေါသ, မောဟ အစရှိတဲ့ ကိလေသာတွေဟာ စိတ်ရဲ့ အနာဆိုးကြီး, ရောဂါဆိုးကြီးတွေ ဖြစ်ကြပါတယ်၊ စိတ်အစဉ်မှာ ကိလေသ-ဆိုတဲ့ အနာရောဂါ စွဲကပ်နေလို့ရှိရင် အပါယ်ငရဲမှာ တလူးလဲလဲ ခံနေရတတ်ပါတယ်၊ ဒီစိတ်ရောဂါမျိုးကို အခုကာလလူတွေ စားသုံးနေကြတဲ့ ဘယ်လိုဆေးဝါးမှာတ်စာမျိုးနဲ့မှ ကုသလို့ မရနိုင်ပါ၊ ဗုဒ္ဓမြတ်စွာရဲ့ တရားရေအေး အမြိုက်ဆေးနဲ့ တိုက်ကျွေးကုသမှ ကင်းပျောက်နိုင်ပါတယ်။

ဗုဒ္ဓမြတ်စွာရဲ့ တရားရေအေး အမြိုက်ဆေးတွေအနက် ဒီနေရာမှာ ယောနိသော မနသိကာရ-ဆိုတဲ့ ဆေးကိုပဲ ညွှန်ကြားလိုပါတယ်၊ အဲဒီ ယောနိသော မနသိကာရဟာ-

၁။ အနိစ္စဖြစ်တဲ့ ခန္ဓာ ၅-ပါးကို အနိစ္စ-လို့ နှလုံးသွင်းခြင်း,
၂။ ဒုက္ခဖြစ်တဲ့ ခန္ဓာ ၅-ပါးကို ဒုက္ခ-လို့ နှလုံးသွင်းခြင်း,
၃။ အနတ္တဖြစ်တဲ့ ခန္ဓာ ၅-ပါးကို အနတ္တ-လို့ နှလုံးသွင်းခြင်း,
၄။ အသုဘဖြစ်တဲ့ ခန္ဓာ ၅-ပါးကို အသုဘ-လို့ နှလုံးသွင်းခြင်း,
၅။ သစ္စာ ၄-ပါးကို သိခြင်းအားလျော်စွာ နှလုံးသွင်းခြင်း-
ဒီလို ၅-မျိုးရှိနေပါတယ်။ [၂]

ဒီ ၅-မျိုးထဲက တစ်မျိုးမျိုးနဲ့ ကုသရင်လဲ ကိလေသာ-ဆိုတဲ့ ရောဂါဆိုးကြီး ကင်းပျောက်နိုင်ပါတယ်။

၁။ အံ-၁၊ ၄၆၀။ ၂။ ဒီ-၆-၂၊ ၂၃၆။

http://www.dhammadownload.com

ဒါ့အပြင်– အသင့်အတင့် နှလုံးသွင်းမှုရှိတဲ့ ပုဂ္ဂိုလ်အား အဲဒီ အသင့်အတင့် နှလုံးသွင်းမှုကြောင့်–

ပါမောဇ္ဇ= ဝမ်းမြောက်ခြင်း, ပီတိ= နှစ်သက်ခြင်း,
ပဿဒ္ဓိ= ငြိမ်းအေးခြင်း, သုခ= ချမ်းသာခြင်း,
သမာဓိ= တည်ကြည်ခြင်း, ယထာဘူတဉာဏဒဿန= ဟုတ်မှန်စွာသိခြင်း,
နိဗ္ဗိဒါ= ငြီးငွေ့ခြင်း, ဝိရာဂ= အရိယမဂ်,
ဝိမုတ္တိ= အရိယဖိုလ်– ဒီတရား ၉-မျိုးကို ရနိုင်ပါတယ်။ [၁]

ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ-စသည်က အဆင့်ဆင့်တက်က အရဟတ္တမဂ် အရဟတ္တဖိုလ်အထိ ရနိုင်ပုံကို နိဗ္ဗာနသစ္ဆိကြိယာမင်္ဂလာ(၅၉၄)မှာ ရှုပါ။

ဒါ့အပြင် ယောနိသော မနသိကာရကို ပွားများတဲ့ ပုဂ္ဂိုလ်မှာ ဖိုလ် ၄-ပါးကို ရနိုင်ပါတယ်-လို့လဲ ဟောတော်မူထားပါတယ်။ [၂]

အတ္တသမ္မာပဏိဓိက မင်္ဂလာမည်ပုံ

ဒီလိုလောဘ, ဒေါသ, မောဟ-စတဲ့တရားဆိုးတွေ တွဲယှဉ်ပါဝင်နေတဲ့ အကုသိုလ်စိတ်မျိုး မဖြစ်ရအောင် အလောဘ, အဒေါသ, အမောဟ အစရှိတဲ့ ကောင်းမြတ်တင့်တယ်တဲ့ တရားတွေ တွဲယှဉ်ပါဝင်နေတဲ့ ကုသိုလ်စိတ်မျိုး ဖြစ်လာအောင် ပြုပြင်ပေးတာကိုပဲ စိတ်ကို ကောင်းစွာထားတယ်-လို့ ဆိုရပါတယ်။

ဒီလို စိတ်ကိုကောင်းစွာထားတာဟာ ဒီဘဝမှာရော, နောင်ဘဝသံသရာမှာရော ကြီးပွားချမ်းသာကြောင်းဖြစ်တဲ့အတွက် မင်္ဂလာမည်ပါတယ်။

စိတ်ထားတင့်မှ လူမြင့်ရ

စိတ်-ဆိုတာဟာ ၅-ကာမဂုဏ် များအာရုံမှာ လှုပ်ရှားတတ်ပါတယ်၊ လျှပ်ပေါ်လောလဲလည်ပါတယ်၊ စောင့်ရှောက်တားမြစ်ရ ခက်လှပါတယ်၊ အဲဒီလို သဘောရှိတဲ့ စိတ်ကို လေးသမားက မြားကို ဖြောင့်သလို ပညာရှိက ဖြောင့်အောင်ပြုလုပ်ရမယ်။

စိတ်ဟာ နှိပ်ကွပ်ရန် ခက်ခဲလှပါတယ်၊ အဖြစ်အပျက်လဲ မြန်လှပါတယ်၊ အလိုရှိသမျှ အာရုံမှာ ကျရောက်လေ့ ရှိပါတယ်၊ အဲဒီလို သဘောရှိတဲ့ စိတ်ကို ဆုံးမခြင်းက ကောင်းလှပါတယ်၊ ဆုံးမလို့ ယဉ်ကျေးလာတဲ့ စိတ်ဟာ ချမ်းသာကို ဆောင်နိုင်ပါတယ်။ [စိတ်ယဉ်ကျေးမှ ချမ်းသာရနိုင်တယ်-လို့ ဆိုလိုပါတယ်။]

စိတ်ဟာ တွေ့မြင်ရန် အင်မတန်ခဲယဉ်းပါတယ်၊ အင်မတန်သိမ်မွေ့ပါတယ်၊ အလိုရှိသမျှ အာရုံမှာ ကျရောက်လေ့ ရှိပါတယ်၊ အဲဒီလို သဘောရှိတဲ့ စိတ်ကို

၁။ ဒီ-၁၊ ၂၅၂။ ၂။ သံ-၃၊ ၃၅၉။

http://www.dhammadownload.com

ပညာရှိက စောင့်ရှောက်သင့်ပါတယ်၊ လုံခြုံအောင် စောင့်ရှောက်ထားတဲ့ စိတ်ဟာ ချမ်းသာကို ဆောင်နိုင်ပါတယ်။

စိတ်–ဆိုတာဟာ အဝေးမှာရှိတဲ့ အာရုံသို့လဲ သွားရောက်တတ်ပါတယ်၊ တစ်ပါး အပျက် တစ်ပါးဆက်ကာ ဖြစ်ပေါ်လာတတ်ပါတယ်၊ အထည်ကိုယ်ဒြပ်လဲ မရှိပါ၊ ဟဒယဝတ္ထုကို အမှီပြုကာ ဖြစ်ပေါ်လာရပါတယ်၊ အဲဒီစိတ်ကို စောင့်ရှောက်နိုင်သူတွေဟာ ဝဋ်ဆင်းရဲက လွတ်မြောက်ကြရပါတယ်။

ရန်သူတစ်ယောက်က ရန်ဘက်ဖြစ်သူတစ်ယောက်ကို တွေ့ရင် အကျိုးမဲ့ ပျက်စီးမှုကို ဒီတစ်ဘဝမှာသာ ဖြစ်စေနိုင်ပါတယ်၊ မကောင်းဆိုးဝါး ယုတ်ညံ့တဲ့ စိတ်သဘောထားကတော့ အဲဒီလူကို ဘဝသံသရာတစ်လျှောက်မှာ သာလွန်ဆိုးဝါးအောင် ပြုလုပ်နိုင်ပါတယ်။

လူနတ်နိဗ္ဗာန် ၃–တန်သော ချမ်းသာကို ရခြင်းရဲ့အကြောင်းကို အမိကလဲ လုပ်မပေးနိုင်၊ အဖကလဲ လုပ်မပေးနိုင်၊ အခြားဆွေမျိုးများကလဲ လုပ်မပေးနိုင်ကြပါ၊ ကောင်းစွာစောင့်ရှောက်ထားတဲ့ စိတ်ကသာ အဲဒီလူကို ပိုလွန်လို့ ဘဝတိုင်းမှာ ချမ်းသာရအောင် ပြုပေးနိုင်ပါတယ်။ [ဘဝတိုင်းမှာ ချမ်းသာရလိုက စိတ်ကို ကောင်းအောင် ပြုပြင်ပါ–ဟု ဆိုလိုပါတယ်။]

ဒီလို ဗုဒ္ဓမြတ်စွာက ဓမ္မပဒ စိတ္တဝဂ်မှာ မိန့်တော်မူထားပါတယ်။

စိတ်ကို ဖြောင့်အောင် လုပ်ရမယ်၊ စိတ်ကို ယဉ်ကျေးအောင် ဆုံးမရမယ်၊ ချမ်းသာရလို, ဝဋ်ဆင်းရဲက လွတ်မြောက်လိုရင် စိတ်ကို လုံခြုံအောင် စောင့်ရှောက်ထားရမယ်၊ ကောင်းတဲ့စိတ်ထားက အဲဒီ စိတ်ထားရှိသူကို ပိုလွန်လို့ကောင်းသူဖြစ်အောင် ပြုလုပ်ပေးနိုင်ပါတယ်၊ ဆိုးဝါးယုတ်ညံ့တဲ့ စိတ်ထားကတော့ အဲဒီစိတ်ထားမျိုးရှိသူကို သာလွန်ဆိုးဝါးသူဖြစ်အောင် ပြုလုပ်ပေးနိုင်ပါတယ်။

ဒါကတော့ အဆိုပါ ပါဠိတော်ရဲ့ လိုရင်းသဘော ဖြစ်ပါတယ်၊ ဒီသဘောအားလျော်စွာ မြင့်မြတ်သူ, ဆိုးဝါးယုတ်ညံ့သူဖြစ်အောင် စိတ်ကိုကောင်းစွာထားမှု, မထားမှုက ခွဲခြားသတ်မှတ်ပေးနေကြောင်းမှာ သိသာထင်ရှားလှပါတယ်၊ မိမိရဲ့စိတ်ကို ကောင်းစွာထားရင် မြင့်မြတ်သူ, အထက်တန်းကျသူဖြစ်ပြီး မိမိရဲ့စိတ်ကို ကောင်းစွာမထားရင် ဆိုးဝါးယုတ်ညံ့သူ, အောက်တန်းကျသူ ဖြစ်လာရပါတယ်၊ စိတ်ထားပုပ်က လူယုတ်ဖြစ်ပြီး စိတ်ထား တတ်က လူမြတ်ဖြစ်ပါတယ်၊ လူမြတ်ဖြစ်မှသာ ခုရောနောင်ပါ ချမ်းသာကြီးပွား နိုင်ပါတယ်၊ မင်္ဂလာရှိသူ ဖြစ်နိုင်ပါတယ်၊ ဒါ့ကြောင့် လူမြတ်ဖြစ်အောင် ကိုယ့်စိတ်ဓာတ်ကို အသိးအသီး ပြုပြင်ပြီး မင်္ဂလာမောင်မယ်တွေ ဖြစ်လာနိုင်ကြပါစေ။

http://www.dhammadownload.com

သမ္မတ္တိစက် ၄-ပါး ဒီမင်္ဂလာ ၃-ပါးထဲမှာ သပ္ပုရိသူပနိဿယ-သူတော်ကောင်းကို မှီခိုပေါင်းသင်းရခြင်းကို ထည့်ရင် သမ္မတ္တိစက် ၄-ပါး ဖြစ်လာပါတယ်၊ ပဏ္ဍိတသေဝနမင်္ဂလာမှာ အတွင်းဝင်နိုင်တဲ့အတွက် သပ္ပုရိသူပနိဿယကို မင်္ဂလာတစ်ပါးအနေနဲ့ သီးခြားမဟောတော့ပါ။

၁။ ပတိရူပဒေသဝါသ= သူတော်ကောင်းတရား ထွန်းကားပေလတ် သင့်တင့်လျောက်ပတ်တဲ့ မြို့ရွာအရပ်မှာ နေထိုင်ရခြင်း၊

၂။ ပုဗ္ဗေစ ကတပုညတာ= ရှေးဘဝအဆက်ဆက်က ပြုခဲ့ဖူးသော ဘုန်းကံ ပါရမီ ရှိခြင်း၊

၃။ သပ္ပုရိသူပနိဿယ= သူတော်ကောင်းကို ကြည်ညိုလေးမြတ် ဆည်းကပ်ကိုးကွယ် မှီတွယ်ပေါင်းသင်းရခြင်း၊

၄။ အတ္တသမ္မာပဏိဓိ= စိတ်ထားသဘောထား ကောင်းမြတ်ခြင်း။

ဒီ ၄-ပါးက တစ်ခုသော ဘဝမှာ တစ်စွန်းတစ်စ ထူထောင်မိရင် အဆက်ဆက် အဆင့်ဆင့် အပြန်ပြန်လည်လို့သွားတတ်တဲ့အတွက် စက်မည်ပါတယ်၊ ဒီစက် ၄-ပါးနှင့် ပြည့်စုံသူမှာ စီးပွားဥစ္စာလဲ တိုးတက်နိုင်ပါတယ်၊ အခြံအရံ, အကျော်အစော, ချမ်းသာသုခတို့လဲ တိုးပွားနိုင်ပါတယ်။ [၁]

ဒီ ၄-ပါးထဲက ရှေးဘဝအဆက်ဆက်က ပြုခဲ့ဖူးသော ဘုန်းကံပါရမီရှိခြင်း-ဆိုတဲ့ ပုဗ္ဗေစ ကတပုညတာ သမ္မတ္တိစက်က အခြားသမ္မတ္တိစက်တွေကို ရစေတတ်တဲ့အတွက် လိုရင်းပဓာန အဓိကဖြစ်ပါတယ်၊ ဉာဏသမ္မယုတ်စိတ်နဲ့ ကုသိုလ်ကောင်းမှု ပြုလုပ်လာခဲ့ပါရင် အဲဒီဉာဏသမ္မယုတ် ကုသိုလ်ကောင်းမှုကပဲ ထိုသူ့ကို သင့်တော်တဲ့ အရပ်သို့လဲ ပို့ဆောင်ပေးတတ်ပါတယ်၊ သူတော်ကောင်းကို အမှီရအောင်လဲ စီမံပေးတတ်ပါတယ်၊ မိမိစိတ်အစဉ်ကို ကောင်းစွာထားသူ ဖြစ်အောင်လဲ ပြုပြင်ပေးပါတယ်၊ ရှေးကပြုလုပ်ခဲ့တဲ့ ကုသိုလ်အခြေခံ မပါရှိသူတွေကတော့ မိမိတို့ရဲ့စိတ်အစဉ်ကို ကောင်းစွာမထားနိုင်ကြပါ။

သမ္မတ္တိစက် မပျက်စေသင့် ဒီသမ္မတ္တိစက် ၄-ပါးဟာ ကုသိုလ်စိတ် ဖြစ်ရန် အခြေခံအကြောင်း ဖြစ်ပါတယ်၊ ဒီသမ္မတ္တိစက် ၄-ပါးထဲက ရရှိပြီးဖြစ်တဲ့ ပတိရူပဒေသဝါသနှင့် ပုဗ္ဗေစကတ ပုညတာတို့မှာ အများအားဖြင့် ဖောက်ပြန်ပျက်စီးမှု မရှိနိုင်တော့ပါ၊ သပ္ပုရိသူပနိဿယနှင့် အတ္တသမ္မာပဏိဓိတို့မှာ အကြောင်းအားလျော်စွာ ဖောက်ပြန်ပျက်စီးတတ်ပါတယ်၊ ဒီသမ္မတ္တိစက်

၁။ အံ-၁၊ ၃၄၁။

http://www.dhammadownload.com

တစ်ပါးပဲဖြစ်ဖြစ်, ၂-ပါးပဲဖြစ်ဖြစ် ဖောက်ပြန်ပျက်စီးသွားခဲ့ပါရင် ကျန်တဲ့သမ္မတ္တိစက်တွေလဲ အလည်ရပ်ရပါတော့တယ်၊ ထောက်ပံ့ကူညီမှုကို မရနိုင်တော့ပါ။

ဒေဝဒတ်ဟာ ပတိရူပဒေသမှာလဲ နေထိုင်ရပါတယ်၊ ရှေးကောင်းမှုရှိသူလဲ ဖြစ်ပါတယ်၊ သပ္ပုရိသူပအစစ်ဖြစ်တဲ့ ဘုရားရှင်ကိုလဲ မှီခိုရပါတယ်၊ ဒါပေမယ့် အတ္တသမ္မာပဏိဓိစက်ပျက်ကာ လောဟိတုပ္ပာဒက, သံဃဘေဒကံကံများကို ကျူးလွန်မိတဲ့အတွက် အကြီးအကျယ် ပျက်စီးဆုံးရှုံးရပါတယ်။

အဇာတသတ်လဲ ပတိရူပဒေသမှာ နေရသူလဲ ဖြစ်ပါတယ်၊ ရှေးကုသိုလ်ကောင်းမှုရှိသူလဲ ဖြစ်ပါတယ်၊ ဖခင်သောတာပန်သူတော်ကောင်းကို မှီခိုရသူလဲ ဖြစ်ပါတယ်၊ ဒါပေမယ့် သူတော်မဟုတ် သူယုတ်မာဖြစ်တဲ့ ဒေဝဒတ်ကို ရင်းရင်းနှီးနှီး ပေါင်းသင်းကာ အတ္တသမ္မာပဏိဓိစက်ပါ ပျက်စီးလာတဲ့အတွက် ပိတုဃာတကံကြီးကို ပြုမှားမိလို့ လက်ရှိဘဝမှာ ရရှိနိုင်တဲ့ သောတာပတ္တိမဂ်ဖိုလ်က လွဲခဲ့ရပါတယ်၊ နစ်နာဆုံးရှုံးခဲ့ရပါတယ်။

စိတ်ထားကောင်းပါစေ အခုပြောလာခဲ့တဲ့ စိတ်ကောင်းထားမှု အတ္တသမ္မာပဏိဓိမဂ်လာ, အတ္တသမ္မာပဏိဓိစက်ဟာ လူတစ်ဦးတစ်ယောက်အတွက် အင်မတန်အရေးကြီးပါတယ်၊ ဒီစိတ်ကောင်းထားမှု-ဆိုတဲ့ အတ္တသမ္မာပဏိဓိမဂ်လာ ပျက်လာလို့ရှိရင် ကလေးဘဝကပင် လူကြီးမိဘ ဆရာသမားတွေကို မရိုမသေ လုပ်လာတတ်ပါတယ်၊ လူကြီးမိဘ ဆရာသမားတွေရဲ့ ဆုံးမဩဝါဒကို မနာခံဘဲ ထင်ရာကို လုပ်ကိုင်လာတတ်ပါတယ်၊ ပညာသင်ရမယ့်အချိန်မှာ ပညာသင်မှုကို မပြုတော့ဘဲ အပျော်အပါးကို ဝါသနာပါလာတတ်ပါတယ်၊ ပွဲလမ်းသဘင် ရုပ်ရှင်တို့ကို အကြည့်အရှုများလာတတ်ပါတယ်၊ မြန်မာ့စရိုက်, မြန်မာ့ဟန်နှင့် မကိုက်ညီတဲ့ ဝတ်စားဆင်ယင်မှုတို့ကို ပြုလုပ်လာတတ်ပါတယ်၊ မကောင်းတဲ့လူတွေနှင့် ပေါင်းသင်းလို့ လူမိုက်ကလေး ဖြစ်လာတတ်ပါတယ်၊ အသောက်အစားနှင့် အကစားပါဖက်လာတတ်ပါတယ်၊ ဒီလိုနဲ့ အချိန်ကုန်ပြီး ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်ရတဲ့ အခြေအနေကို ရောက်လာရတတ်ပါတယ်။

အရွယ်ရောက်လာတဲ့ အခါမှာလဲ တရားတဲ့နည်းနဲ့ရော, မတရားတဲ့နည်းနဲ့ရော ပစ္စည်းဥစ္စာကို ရှာဖွေလာတတ်ပါတယ်၊ ပစ္စည်းဥစ္စာရမှုတစ်ခုတည်းကိုသာ ကြည့်ရှုပြီး ဥပဒေဘောင်ပြင်ဘက်က အလုပ်မျိုးကိုလဲ လုပ်ကိုင်လာတတ်ပါတယ်၊ ရမယ်-ဆိုရင် ဘနဖူးမှာ သိုက်တူးမယ့်လူမျိုး ဖြစ်လာပါတော့တယ်၊ သမ္မာအာဇီဝ-ကောင်းရောင်းကောင်းဝယ်-ဆိုတဲ့ အလုပ်မျိုးဟာ သူနှင့်လုံးဝထိုက်တန်တဲ့အလုပ်မျိုး မဟုတ်တော့ပါ၊ စိတ်ကောင်းထားမှုမရှိတဲ့ ပုဂ္ဂိုလ်မျိုးဟာ ကုသိုလ်ကောင်းမှု ပြုလုပ်ရမယ်-ဆိုတာ

A)

http://www.dhammadownload.com

ကိုလဲ နားမလည်တော့ပါ၊ ဒီလို ပုဗ္ဗေစ ကတပုညတာ ချို့ယွင်းယျက်ကွက်လာပါက နောင်ဘဝသံသရာတစ်လျှောက်မှာ သူ့အတွက် ဝိပတ္တိစက် ၄-ပါးသာ အဆက်မပြတ် လည်စရာ ရှိပါတော့တယ်။

ဝိပတ္တိစက် ၄-ပါး

၁။ အပ္ပတိရူပဒေသဝါသ= သူကောင်းတရား ပါးရှားခြောက်ကပ် မလျောက်ပတ်သော အရပ်မှာ နေရခြင်း၊

၂။ အသပ္ပုရိသူပနိဿယ= သူတော်မဟုတ် လူယုတ်မာ လူမိစ္ဆာတို့ကို မှီခိုပေါင်းသင်း အရင်းအချာပြုနေခြင်း၊

၃။ ပုဗ္ဗေစ အကတပုညတာ= ပြုဖူးသော ရှေးဘုန်းရှေးကံ သေးနုတ်ခြင်း၊

၄။ အတ္တအသမ္မာပဏိဓိ= စိတ်သဘောထား ယွင်းမှားတိမ်းစောင်း မကောင်းသော အလေ့အကျင့် ရှိခြင်း။

ဒီဝိပတ္တိစက် ၄-ပါးဟာ အကုသိုလ်စိတ်တွေရဲ့ အကြောင်းဖြစ်ပါတယ်၊ ဒီဝိပတ္တိစက်များ အလည်ရပ်အောင် စိတ်ကောင်းထားပြီး ကုသိုလ်ကောင်းမှု များများပြုလုပ်ပေးသင့်ပါတယ်။

သုဂတိဘဝနှင့် ဒုဂ္ဂတိဘဝ

သမ္ဘတ္တိစက်ထဲမှာပါလာတဲ့ ပုဗ္ဗေစ ကတပုညတာ-ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကံကြောင့် သုဂတိဘုံဘဝမှာ ကုသိုလ်ရဲ့အကျိုးတွေ ဖြစ်လာရပုံ, ဝိပတ္တိစက်ထဲမှာပါလာတဲ့ ပုဗ္ဗေစ အကတပုညတာ-ကုသိုလ်က သေးနုတ်လို့ အကုသိုလ်ကြောင့် ဒုဂ္ဂတိဘုံဘဝမှာ အကုသိုလ်ရဲ့အကျိုးတွေ ဖြစ်လာရပုံကို သမဂ်ိတာ ° ၄-ပါးကို အခြေခံထားကာ ပြောပြပါဦးမယ်။

၁။ စေတနာသမဂ်ိတာ,

၂။ ကမ္မသမဂ်ိတာ,

၃။ ဥပဋ္ဌာနသမဂ်ိတာ,

၄။ ဝိပါကသမဂ်ိတာ-

ဒီလို သမဂ်ိတာ ၄-ပါး ရှိပါတယ်၊ ဒီ ၄-ပါးအနက်-

၁။ ရှေးက ကုသိုလ်က်, အကုသိုလ်က်ကို ပြုစဉ်အခါ ကုသိုလ်စေတနာ, အကုသိုလ်စေတနာတွေရဲ့ ခဏတ္တယနှင့် ပြည့်စုံတဲ့အခိုက်ဟာ စေတနာသမဂ်ိတာ မည်ပါတယ်။

၁။ အဘိ-၄-၂၊ ၄၁၉။

http://www.dhammadownload.com

၂။ အဲဒီခဏတ္တယသမင်္ဂီဖြစ်တဲ့ စေတနာဟာ ချုပ်သွားပေမယ့် လုံးဝဘာမှ မရှိတဲ့ အဘာဝအဖြစ်သို့ရောက်ပြီး ချုပ်သွားတာမျိုး မဟုတ်ဘူး၊ နောင်အခါမှာ အကျိုးဝိပါက်ဖြစ်ပေါ်လာရန် အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံတဲ့ ကြိယာဝိသေသ, အာဟိတဝိသေသ, ဗီဇဘာဝကို စိတ်အစဉ်မှာ မြှုပ်နှံထားခဲ့ပြီးမှ ချုပ်သွားပါတယ်။

အဲဒီ ဗီဇဘာဝဟာ ဝိပါက်ဖြစ်ရန်ကိစ္စ, အာသေဝနကိစ္စ, ဥပနိဿယကိစ္စ, ဝသီဝါသနာကိစ္စ, အနုသယကိစ္စ, စရိုက်ကိစ္စ, အဖျာသယကိစ္စ, အဓိမုတ္တိကိစ္စ, ပါရမီသမ္ဘာရကိစ္စ–ရယ်လို့ ချုပ်သွားလေတဲ့ စေတနာအားလျော်စွာ များလှတဲ့ စွမ်းရည်ကိစ္စတွေကို ဆောင်ထားလျက်သာ ရှိနေပါတယ်။

ဒီကိစ္စစွမ်းရည်တွေကို ဆောင်ထားကာ အဲဒီစိတ်အစဉ်မှာ အစဉ်လိုက် ပါနေပါတယ်၊ အကျိုးပေးခွင့်မရမချင်း ကမ္ဘာအသိန်းအသန်းမက လိုက်ပါပြီးနေပါတယ်၊ အဲဒီကြိယာဝိသေသ, ဗီဇဘာဝဟာ ပရမတ္ထဓမ္မတစ်ခုရယ်လို့လဲ ရေတွက်လောက်တဲ့ တရားမျိုး မဟုတ်ပါ၊ အနုသယဓာတ်များလို ဖြစ်နေပါတယ်၊ ဒီသဘောကိုပဲ ကမ္မသမင်္ဂီတာလို့ ခေါ်ပါတယ်၊ ပဋ္ဌာန်းဒေသနာမှာတော့ နာနာက္ခဏိကကမ္မပစ္စယသတ္တိလို့ ခေါ်ပါတယ်၊ ဒီကမ္မသမင်္ဂီတာကို ရည်ရွယ်ပြီး ဓမ္မပဒပါဠိတော် ယမကဝဂ်မှာ–

> ကောင်းသောစိတ်နဲ့ ပြောဆိုပြုလုပ်သူရဲ့နောက်ကို ချမ်းသာသုခကလူနောက်ကို အရိပ်လိုက်ပါနေသလို လိုက်ပါနေတတ်ပါတယ်။
>
> မကောင်းတဲ့စိတ်နဲ့ ပြောဆိုပြုလုပ်သူရဲ့နောက်ကို ဆင်းရဲဒုက္ခက လှည်းဆွဲနွားရဲ့နောက်ကို ဘီးက လိုက်ပါနေသလို လိုက်ပါနေတတ်တယ်။

ဒီလို ဟောတော်မူထားပါတယ်၊ ဒါ့အပြင်–

> နို့ရည်ဟာ ညှစ်ပြီးလျှင်ညှစ်ပြီးချင်း နို့ချဉ်နို့ဓမ်းသဘောသို့ မပြောင်းသေးဘဲ တဖြည်းဖြည်းသာ ပြောင်းလာသလို, အကုသိုလ်ကံကလဲ လုပ်ပြီးလျှင်လုပ်ပြီးချင်း အကျိုးမပေးသေးဘဲ ပြာဖုံးနေသောမီးလို တဖြည်းဖြည်း ပူလောင်စေကာ လူမိုက်နောက်ကို လိုက်ပါနေတော့တယ်။

ဒီလိုလဲ ဓမ္မပဒပါဠိတော် ဗာလဝဂ်မှာ ဟောတော်မူထားပြန်တယ်။

၃။ အဲဒီကြိယာဝိသေသ ဗီဇဘာဝဟာ အကြောင်းတိုက်ဆိုင်ညီညွတ်လာလို့ ရှိရင် အကျိုးပေးရန်အခွင့်ကို ပြုစီရင်ပါတော့တယ်၊ ဘယ်လိုပြုစီရင်သလဲ–ဆိုတော့ အဲဒီ ကြိယာဝိသေသ ဗီဇဘာဝဟာ သေခါနီးဖြစ်နေတဲ့ သတ္တဝါအား

http://www.dhammadownload.com

မိမိ–ဆိုတဲ့ ကံကိုသော်လဲ ထင်စေပါတယ်၊ ကမ္မနိမိတ်ကိုသော်လဲ ထင်စေပါတယ်၊ ဂတိနိမိတ်ကိုသော်လဲ ထင်စေပါတယ်၊ အဲဒီသတ္တဝါကလဲ အဲဒီထင်လာတဲ့ အာရုံကို ယူခဲ့လို့ရှိရင် အကျိုးပေးခွင့်ကို ရပါ တော့တယ်၊ ဒီလို ထင်စေမှုဟာ ဥပဋ္ဌာနသမင်္ဂီတာ မည်ပါတယ်။

၄။ အဲဒီလိုထင်လာတဲ့ အာရုံကို မလွတ်ဘဲ စုတေလာသူအား စုတိရဲ့အခြားမဲ့ မှာပဲ ရှေးက ပြောလာခဲ့တဲ့ ကံ–ဆိုတဲ့ ကြိယာဝိသေသက သမ္မယုတ် တရားတွေနှင့်အတူ အသီးအခြား ပရမတ္ထတစ်ခုဖြစ်လာပြီး ဘဝတစ်ခုထူထောင်လို့ အကျိုးပေးလာပါတော့တယ်၊ ဒီလို အကျိုးပေးမှုကိုပဲ ဝိပါကသမင်္ဂီတာ ခေါ်ရပါတယ်။

အဲဒီ သမင်္ဂီတာ ၄–ပါးထဲက ရှေးသမင်္ဂီတာ ၃–ပါးဟာ တရားဘာဝတ္ထာ= နတဲ့အခိုက် မည်ပါတယ်၊ နောက်ဆုံးဖြစ်တဲ့ ဝိပါကသမင်္ဂီတာကတော့ ပရိဏာတာ ဝတ္ထာ= ရင့်ကျက်တဲ့အခိုက် မည်ပါတယ်၊ ဒီလို အကျိုးဝိပါက်ဖြစ်လာပုံနှင့်စပ်လို့ သမင်္ဂီတာ ၄–ပါးကို မှတ်သားသင့်ပါတယ်။

ရှေးကပြောလာခဲ့တဲ့ ဗီဇဘာဝဟာ ကုသိုလ်သဘောဖြစ်ခဲ့ရင် သုဂတိဘုံမှာ ပဋိသန္ဓေဝိပါက်, ပဝတ္တိဝိပါက်ဖြစ်ပြီး ပေါ်ထွက်လာပါတယ်၊ အကုသိုလ်သဘော ဖြစ်ခဲ့ပါရင် ဒုဂ္ဂတိဘုံမှာ ပဋိသန္ဓေဝိပါက်, ပဝတ္တိဝိပါက်ဖြစ်ပြီး ပေါ်ထွက်လာပါတယ်။

မြေမှာတည်ရှိနေတဲ့ ဓာတ်ငွေ့တစ်မျိုးက မိုးကျလာတဲ့အခါ မို့အဖြစ်သို့ ရောက်လာသလို, သံမှာရှိနေတဲ့ ဓာတ်ငွေ့တစ်မျိုးက ဆားဓာတ် လေဓာတ်–စသည်တို့နှင့် တွေ့ထိတဲ့အခါ သံချေးအဖြစ်သို့ ရောက်လာရသလိုပဲ ဖြစ်ပါတယ်။

ကုသိုလ်ကောင်းမှုကြောင့် သုဂတိဘုံဘဝကို ရရှိလာတဲ့ ပုဂ္ဂိုလ်မှာ အများအားဖြင့် သမ္မတ္တိစက် ၄–ပါး အဆက်မပြတ် လည်သွားတတ်ပါတယ်၊ အကုသိုလ်ကြောင့် ဒုဂ္ဂတိဘုံဘဝကို ရရှိလာတဲ့ ပုဂ္ဂိုလ်မှာတော့ အများအားဖြင့် ဝိပတ္တိစက် ၄–ပါး အဆက်မပြတ် လည်သွားတတ်ပါတယ်။

ဒါ့ကြောင့် သမ္မတ္တိစက်တွေ အဆက်မပြတ် လည်ပတ်နေအောင် မကောင်းမှု အကုသိုလ်တွေကို ရှောင်ကြဉ်ပြီး ကောင်းမှုကုသိုလ်ကို အများအပြား ပြုလုပ်ထားသင့်ပါတယ်။

ကိုယ့်ကိုကိုယ်သာ ပြုပြင်ပါ

လူသားတွေ–ဆိုတာဟာ မွေးသည်ကစပြီး သေသည်အထိ အမြဲတစေ ပြုပြင်နေရသူတွေသာ ဖြစ်ကြပါတယ်၊ ငယ်ရွယ်စဉ်မှာတော့ မိဘဆရာသမား အစ်ကိုအစ်မ–စသူများရဲ့ ပြုပြင်ထိန်းကွပ်မှုကို ခံယူရင်း အရွယ်ရောက်လာကြပါတယ်၊ အရွယ်ရောက်လာတဲ့အခါ

http://www.dhammadownload.com

မှာတော့ "ကိုယ့်ကိုကိုယ်သာ အားကိုးရာ၊ သူတစ်ပါးမှာ အားကိုးစရာ မဟုတ်ပါ" ဆိုတဲ့ အဆိုအဓိပ္ပာယ်အတိုင်း မိမိကိုပြုပြင်ပေးမယ့်သူမှာ အခြားသူမဟုတ်တော့ပါ၊ မိမိသာ ဖြစ်ပါတော့တယ်၊ ပြုပြင်ရမယ့်အရာတွေကတော့ မိမိရဲ့ ကိုယ်မှု, နှုတ်မှု, စိတ်မှု– ဆိုတဲ့ ၃–ခုမျှသာ ဖြစ်ပါတယ်၊ အဲဒီ ၃–ခုအနက် အဓိကဖြစ်တဲ့ စိတ်ကို ပြုပြင်မှသာ အတ္တသမ္မာပဏိဓိစက်လည်ပတ်ပြီး ကျန်တဲ့စက် ၃–ခုလဲ အရှိန်အဟုန်နဲ့ လည်ပတ်နေမှာ ဖြစ်ပါတယ်။

ရှေးဆရာများရဲ့ အဆိုအဓိပ္ပာယ်

စင်ကြယ်သီလ, အတ္တသမ္မာ, ကိုယ်ကိုသာလျှင်, ကောင်းစွာညစ်ကြေး, ကွာဝေးသန့်ရှင်း, စောင့်စည်းခြင်းတည့်, ယင်းလည်းတစ်သွယ်–။

ဒီလို အတ္တသမ္မာပဏိဓိ–ဆိုတဲ့ မင်္ဂလာရဲ့သဘောကို မုံရွေးဆရာတော်က မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် သီလကို စင်ကြယ်အောင် စောင့်ထိန်းပြီး မိမိကိုယ်ကိုသာ အကုသိုလ်အညစ်အကြေးတို့မှ ကွာဝေးသန့်ရှင်းအောင် ကောင်းစွာစောင့်စည်းခြင်းဟာ အတ္တသမ္မာပဏိဓိမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

သန့်စင်ကြည်ဖြူ, ကိုယ်ကိုမူကား။, ဆဲမြွေခြိမ်းမျှ, ဒေါသမသင့်, အကျင့်သီတင်း, ကောင်းခြင်းသည်လျှင်, တန်ဆာဆင်၏။ [၁]

ရှိသည့်ဥစ္စာ, ရတနာကို, ကောင်းစွာသိုဝှက်, ဥစ္စာထက်လည်း, ကြင်ဘက်မငြီး, ဆွေဖနီးကို, စောင့်စည်းရှုစိန်း, လုံလုံထိန်းလော့၊ မိန်းမထက်ပင်, ကိုယ့်ကိုလျှင်လည်း, ကိုယ်ယှဉ်ကြပ်ကြပ်, စောင်မအပ်၏။ [၂]

အသီးတစ်ရာ, အညာတစ်ခု, ပမာရှုရ၍, စိတ်–ဟုမည်ငြား, ဤတစ်ပါးမျှ, တရားကိုယ်ကြပ်, စောင့်စည်းကွပ်က, လွှဲရပ်နတ်ရွာ, ဗြဟ္မာနိဗ္ဗာန်, ရောက်ကြောင်းမှန်၏။ [၃]

ရေကြောင့်ညွှန်ဖြစ်, ထိုညွှန်ညစ်လည်း, စင်စစ်မထင်, ရေကြောင့်စင်၏၊ ထို့သွင်မှန်စွာ, စိတ်ကြောင့်သာလျှင်, ယုတ်မာညစ်ညူး, အထူးစင်ကြယ်။ [၄]

နေရပ်သင့်ရာ, မကြိုက်ပါသား, မိန္ဓာဟူသည့်, လူတို့ပြည်ကား, သုံးမည်ရတနာ, တည်ရာရာလျှင်, သမာဓိရပ်, ဖြစ်လေအပ်၏၊ အလပ်ထိုမှ, ကြွင်းသမျှကား, နာမခေါ်မှု, မိလက္ခဏာတည့်၊ ပေါင်းရုထိုတွင်, ဖြစ်ချေကျင်မှု, များဖြင့်

၁။ သြဝါဒထူး–၂၉။ ၂။ သားရွှေဆုံးမစာ–၂၃။ ၃။ မဃ–၂၅၂။

http://www.dhammadownload.com

ရှေးက, မြတ်ပုညတိ, ရှိလင့်ကစား, အရပ်အားဖြင့်, ယူမှားယွင်းချွတ်, ဖြစ်လေ တတ်၏။ ၁

ရှေးခါပြုမိ, ကောင်းမှုရှိလျက်, ခုပြီးသန့်ရှင်း, သက်မွေးကင်း၏၊ ကောင်းခြင်းသန့်ရေး, အသက်မွေးလည်း, ဘုန်းရှေးကံမဲ့, လွန်ချို့တဲ့၏၊ ပြုခဲ့ ရှေးက, ပုညမရှိ, ခုပြီးမကောင်း, သက်မွေးကြောင်းတည့်၊ ကံကောင်းရင်းသန်, တော်မှန်ပြုစု, သက်မွေးမှုနှင့်, ပြောထုဗိုလ်ပါ, ပြည့်စုံရာ၏။ ၂

စိတ်မြားကောက်အား, နည်နောက်စင်ကွာ, ကြည်လင်စွာသား, သဒ္ဓါ ဆီဆွတ်, မပြတ်စေရ, လုံ့လမီးကင်, ဉာဏ်မြင်လိမ္မာ, ဝိပဿနာရှဉ်းရှဉ်း, ကိုယ်ဝယ်မျှဉ်း၍, စိုးစဉ်းမခွ, သင်္ခါရကို, နေ့ညမလပ်, သုံးသပ်မြဲသေ, ကြိုးနှယ် ခွေလော့။ ၃

တန်ခိုးတေဇာ, ချမ်းသာဘောဂ, ဣဿရကား, ပုညရှေးပြု, ကောင်းမှု အရင်း, မှန်မယွင်းတည့်၊ ယင်းသည့်ကုသိုလ်, တရားကိုယ်လည်း, အလို မြတ်ကြီး, စိတ်ဖြင့်ပြီးရှင့်၊ အသီးတစ်ရာ, အညာတစ်ခု, (မှတ်ပြုမယွင်း, စိတ် အရင်းတည့်၊ မင်း၌ဥက္ကဋ္ဌ, အမြတ်ဦးကိုင်, ထီးကိုပိုင်က, နန်းထိုင်ရသို့, လောက တန္တု,) ပမာရှု၍, စိတ်–ဟုမည်ငြား, ဤတစ်ပါးမျှ, တရားကိုယ်ကြပ်, စောင့်စည်း ကွပ်က, လူ့ရပ်နတ်ရွာ, ဗြဟ္မာနိဗ္ဗာန်, ရောက်ကြောင်းမှန်၏။ ၄

ဤလူ့ရပ်ရွာ, လူဖြစ်လာလျက်, တော်ရာမနေ, ပျော်ရာနေက, လူလေ လူလွင့်, လူဝင့်လူဝါး, မကြီးပွားတည့်၊ ယောကျ်ားတံထွာ, ဓမ္မတာဖြင့်, ပညာ ဥစ္စာ, ရကြောင်းရှာ၍, ပျော်ရာမနေ, တော်ရာနေမှ, အခြေရပြီး, ခိုင်ပွား ဖြီးလိမ့်။ ၅

ကောင်းစားဆိုးစား, ဤနှစ်ပါးကား, အခြားနတ်လူ, မည်သူမပြု, မိမိ မှုတည့်၊ ယခုဝတ္တမာန်, ပစ္စုပွန်နှင့်, ရှေးလွန်ကြမ္မာ, အကြောင်းသာရှင့်, ကိုယ့်ဟာ ဧကန်, မမှန်မြွေဆိုး, မှန်ရွှေအိုး–ဟု, ဆိုရိုးစကား, ရှိထင်ရှား၏။ ၆

ပုဗ္ဗေကတ, ရှေးဘဝက, ပုညမပါ, ဉာဏ်မဲ့စွာတည့်၊ ကြမ္မာမကောင်း, ထိုလူပေါင်းကား, ဆီးစောင်းတစ်ခွက်, ပျားတစ်စက်သို့, အပျက်သို့သာ, ကြံစည်ပါ၏။ ၇

ရှေးကကံကောင်း, ဖော်ပေါင်းသင့်ထွေ, ရပ်နေကောင်းမြတ်, ကျင့်ဝတ် ကုံငြား, စက်လေးပါးနှင့်, ထင်ရှားစုံမူ, ဖြီးထူကျိုးထင်, စီးပွားဖြင်၏၊ စုံအင်မရှိ, ချို့တဲ့ဘိမူ, သည်းဘိပူပြင်း, ကြောက်မင်းဖွယ်လောက်, အဖြစ်ရောက်၏။ ၈

ဒီလိုလဲ မိန့်ဆိုထားကြပါသေးတယ်။

၁။ ဓမ္မရာသိ–၁၄၂။ ၂။ ဓမ္မရာသိ–၃၂။ ၃။ မုဒုလက္ခဏ–၂၂။
၄။ မဃဒေဝ–၂၅၂။ ၅။ မဃဒေဝ–၂၄၂။ ၆။ ဓမ္မရာသိ–၁၂၂။

http://www.dhammadownload.com



အခန်း-၃

ဗာဟုသစ္စ	= အကြားအမြင်များခြင်း၊
သိပ္ပ	= လက်မှုပညာတတ်မြောက်ခြင်း၊
ဝိနယောစ သုသိက္ခိတော	= ကိုယ်ကျင့်ဝိနည်းကို သင်ခြင်း, ကျင့်ခြင်း၊
သုဘာသိတာစ ယာ ဝါစာ	= စကားကို ကောင်းစွာပြောဆိုခြင်း၊
တေ မင်္ဂလ-မုတ္တမံ	= ဒီ ၄-ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာ (ကြီးပွားချမ်းသာရေး) ဖြစ်ပါတယ်။

၇။ ဗာဟုသစ္စ

[ဗဟုဿုတဿ ဘာဝေါ-ဗာဟုသစ္စံ။] များသော အကြားအမြင်ရှိသောသူ၏ ဖြစ်ကြောင်း= များသောအကြားအမြင်ရှိမှုဟာ ဗာဟုသစ္စမည်ပါတယ်။

စာပေကျမ်းဂန်အများအပြား နာကြားသင်ယူထားသူကို ဗဟုဿုတ-အကြားအမြင်များသူ-လို့ ခေါ်ပါတယ်၊ စာပေကျမ်းဂန်အများအပြား ကြားနာသင်ယူထားခြင်းကိုတော့ ဗာဟုသစ္စ-အကြားအမြင်များခြင်း-လို့ ခေါ်ပါတယ်၊ ဒီတော့ကာ ဗာဟုသစ္စ-အကြားအမြင်များခြင်း-ဆိုတာဟာ စာပေကျမ်းဂန်အများအပြား နာကြားသင်ယူထားမှု, စာပေတတ်ကျွမ်းမှုပဲ ဖြစ်ပါတယ်။

၁။ ဘာသာရေးစာပေကျမ်းဂန်၊

၂။ အပြစ်မရှိတဲ့ လောကီပညာစာပေကျမ်းဂန်။

ဒီလိုပဲ စာပေကျမ်းဂန်ကို ဒီနေရာမှာ ၂-မျိုးခွဲခြား မှတ်သားသင့်ပါတယ်။

၁။ ဒီ ၂-မျိုးထဲက ဘာသာရေးစာပေကျမ်းဂန်က အကုသိုလ်ကို ပယ်စွန့်ပြီး ကုသိုလ်ကောင်းမှုပြုလုပ်ရန် ညွှန်ကြားနေပါတယ်၊ ဒါန, သီလ, ဘာဝနာ နှင့်စပ်လို့ လိုလေသေးမရှိအောင် ညွှန်ပြထားပါတယ်၊ ဒါ့ကြောင့် ဘာသာရေး

http://www.dhammadownload.com

စာပေကျမ်းဂန်က ညွှန်ကြားထားတဲ့အတိုင်း အဆင့်ဆင့် ကြိုးစားအားထုတ်ကြပါရင် ဘာသာရေးကျမ်းဂန် ကျွမ်းကျင်တတ်မြောက်သူဟာ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာများကိုလဲ ရနိုင်ပါတယ်၊ အဆုံးမှာ ပရမတ္ထသစ္စာခေါ်တဲ့ နိဗ္ဗာန်ချမ်းသာကိုလဲ ရနိုင်ပါတယ်၊ ဒါ့ကြောင့် ဘာသာရေးစာပေကျမ်းဂန် ကျွမ်းကျင်တတ်မြောက်မှုဟာ မင်္ဂလာ(ကြီးပွားချမ်းသာရေး) ဖြစ်ပါတယ်။

၂။ အပြစ်မရှိတဲ့ လောကီပညာစာပေကျမ်းဂန်တွေမှာတော့ လိမ္မာယဉ်ကျေးမှုနှင့် သက်ဆိုင်တဲ့ အကြောင်းအရာတွေလဲ ပါရှိနေပါတယ်၊ ကျန်းမာရေးနှင့် ပတ်သက်တဲ့ အကြောင်းအရာတွေလဲ ပါရှိနေပါတယ်၊ ပေါင်းသင်းဆက်ဆံရေးနှင့် ပတ်သက်တဲ့ အကြောင်းအရာတွေလဲ ပါရှိနေပါတယ်၊ ရောင်းရေးဝယ်တာအတွက်အချက်နှင့် ပတ်သက်တဲ့ အကြောင်းအရာတွေလဲ ပါရှိနေပါတယ်၊ စီးပွားရေးနှင့် ပတ်သက်တဲ့ အကြောင်းအရာ, ကြီးပွားရေးနှင့် ပတ်သက်တဲ့ အကြောင်းအရာတွေလဲ ပါရှိနေပါတယ်၊ စဉ်းစားတွေးခေါ်မှုနှင့် ပတ်သက်တဲ့ အကြောင်းအရာတွေလဲ ပါရှိနေပါတယ်၊ စက်မှုလက်မှုနှင့်ဆိုင်တဲ့ အကြောင်းအရာတွေလဲ ပါဝင်နေပါတယ်၊ စိုက်ပျိုးရေးနှင့် သက်ဆိုင်တဲ့ အကြောင်းအရာတွေလဲ ပါဝင်နေပါတယ်၊ ဆေးဝါးကုသမှုနှင့်ဆိုင်တဲ့ အကြောင်းအရာတွေလဲ ပါဝင်နေပါတယ်၊ ချက်မှုပြုတ်မှုဆိုင်ရာ ပညာတွေလဲ ပါဝင်နိုင်ပါတယ်။

ဒါ့ကြောင့် အပြစ်မရှိတဲ့ လောကီပညာစာပေကျမ်းဂန်ကို တတ်မြောက်မှုလဲပဲ ယခုဘဝမှာရော, နောင်ဘဝသံသရာမှာပါ စီးပွားချမ်းသာကို ရွှက်ဆောင်နိုင်တဲ့ အတွက် မင်္ဂလာ(ကြီးပွားချမ်းသာရေး) ဖြစ်ပါတယ်။

ပညာမျက်စိ

ပြောလာခဲ့တဲ့အတိုင်း စာပေကျမ်းဂန်တွေဟာ လက်ရှိဘဝအစီးအပွား, နောင်ဘဝသံသရာအစီးအပွားတွေကို ပြတတ်တဲ့အတွက် သတ္တဝါတွေရဲ့ မျက်စိသဖွယ် ဖြစ်နေပါတယ်၊ ဒါ့ကြောင့် စာပေကျမ်းဂန်ကျွမ်းကျင်တတ်မြောက်သူကသာ လက်ရှိဘဝအကျိုး, နောင်ဘဝသံသရာအကျိုးအမျိုးမျိုးကို သိမြင်နားလည်နိုင်ပါတယ်၊ လောကရေးကိုရော, ဓမ္မရေးကိုရော နည်းမှန်လမ်းကျ ဆောင်ရွက်နိုင်ကြပါတယ်၊ ဒါနဲ့ ဘေးကင်းရန်ကင်း ချမ်းသာခြင်းသို့ ရောက်ကြရပါတယ်။

စာပေကျမ်းဂန် မကျွမ်းကျင် မတတ်မြောက်သူကတော့ ပညာမျက်စိ မရှိတဲ့အတွက် လက်ရှိဘဝ အကျိုးစီးပွားကိုလဲ မသိမမြင်နိုင်ပါ၊ နောင်ဘဝသံသရာအကျိုးစီးပွားကိုလဲ မသိမမြင်နိုင်ပါ၊ စမ်းတဝါးဝါး အကန်းလမ်းသွားသလို မှားတစ်လှည့် မှန်တစ်ခါ ဘဝသံသရာမှာ အထိနာတတ်ပါတယ်။

http://www.dhammadownload.com

မျက်ကန်းနှင့် တစ်ဖက်မြင် ၂-ဖက်မြင်

ဒီဘဝအကျိုးစီးပွား, နောင်ဘဝအကျိုးစီးပွား ၂-ပါး လုံးကို မသိမမြင်သူ, နားမလည်သူကို မျက်ကန်း ပုဂ္ဂိုလ်-လို့ ခေါ်ပါတယ်၊ ဒီဘဝအကျိုးစီးပွားကိုသာ သိမြင်နားလည်ပြီး နောင်ဘဝသံသရာအကျိုးစီးပွားကို မသိမမြင်သူ, နားမလည်သူ မျိုးကိုတော့ ဧကစက္ခုက-တစ်ဖက်မြင်ပုဂ္ဂိုလ်-လို့ ခေါ်ပါတယ်၊ ဒီဘဝအကျိုးစီးပွား, နောင်ဘဝသံသရာအကျိုးစီးပွား ၂-မျိုးလုံးကို သိမြင်နားလည်တဲ့ ပုဂ္ဂိုလ်မျိုးကို တော့ ဒွိစက္ခုက-၂-ဖက်မြင်ပုဂ္ဂိုလ်-လို့ ခေါ်ပါတယ်။

ဒီပုဂ္ဂိုလ် ၃-မျိုးအနက် မျက်ကန်း-အန္ဓပုဂ္ဂိုလ်က ဒီဘဝမှာရော, နောင်ဘဝ သံသရာမှာရော ဆုံးရှုံးရပါတယ်၊ တစ်ဖက်မြင်-ဧကစက္ခုကပုဂ္ဂိုလ်က ဒီဘဝမှာ ချမ်းသာသုခ ရနိုင်ပေမယ့် နောင်ဘဝမှာ အပါယ်ငရဲကို ရောက်ရတဲ့အတွက် နစ်နာ ဆုံးရှုံးရပါတယ်၊ ၂-ဖက်မြင်-ဒွိစက္ခုက ပုဂ္ဂိုလ်ကတော့ ဒီဘဝမှာလဲ ချမ်းသာ, နောင် ဘဝမှာလဲ ကောင်းတဲ့ဘုံဌာနကို ရောက်ရတဲ့အတွက် ချမ်းသာပါတယ်။

မျက်ကန်းပုဂ္ဂိုလ်နှင့် တစ်ဖက်မြင်ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ရမယ်၊ မြင့်မြတ်တဲ့ ၂-ဖက်မြင်ပုဂ္ဂိုလ်ကို မှီခိုပေါင်းသင်းရမယ်-လို့ ဗုဒ္ဓမြတ်စွာက မိန့်မြွက်ညွှန်ကြား တော်မူပါတယ်။

တတ်ထားရုံမျှနဲ့ အကျိုးမရှိ

ဘာသာရေးစာပေကျမ်းဂန်ပဲဖြစ်ဖြစ်, လောကီပညာစာပေ ကျမ်းဂန်ပဲဖြစ်ဖြစ် သင်ထားရုံ, တတ်သိနားလည်ရုံမျှနဲ့ ကြီးပွား ချမ်းသာရေး-မင်္ဂလာ မဖြစ်နိုင်ပါ၊ နာမည်ကြီးရုံ, အဆွေအရုံ ပေါများရုံ, လာဘ်လာဘပေါများရုံမျှသာ ဖြစ်ပါတယ်၊ သိနားလည်ထားတဲ့အတိုင်း လိုက်နာပြုကျင့် လုပ်ကိုင်ဆောင်ရွက်မှသာ ကြီးပွားချမ်းသာရေး မင်္ဂလာ ဖြစ်နိုင် ပါတယ်။

ကပိလရဟန်းဟာ ပိဋကတ် ၃-ပုံဆောင်, စာချပုဂ္ဂိုလ်ကြီး ဖြစ်ပါတယ်၊ တတ်သိထားတဲ့ ပညာကြောင့် နာမည်လဲကြီးပါတယ်၊ အခြံအရုံလဲ များလာပါတယ်၊ လာဘ်လာဘလဲ ပေါများလာပါတယ်၊ ဒါတွေကို အကြောင်းပြုကာ မာန်တက် လာခဲ့ပါတယ်၊ ငါ့ကို အာခံနိုင်တဲ့သူ မရှိဘူး-ဆိုတဲ့ သဘောနဲ့ တရားကို မတရား, မတရားကိုတော့ တရား, အမှားကို အမှန်, အမှန်ကို အမှား ဖောက်ပြားယွင်းချွတ် အလိုရှိသလို ပြောဆိုဆုံးဖြတ်လာခဲ့ပါတယ်၊ ဒါနဲ့ သူတတ်ထားသမျှ ပညာဗဟု သုတများမှာ ကောင်းကျိုးမင်္ဂလာ ဖြစ်မလာဘဲ အဝီစိငရဲကို ရောက်ရန်အတွက်သာ ဖြစ်လာပါတော့တယ်။

၁။ အံ-၁၊ ၁၂၆။

http://www.dhammadownload.com

အသိထက် အကျင့်ကမြတ် ၁ အကြားအမြင်လဲနည်း-(စာပေကျမ်းဂန်လဲ မတတ်ကျွမ်း) ကိုယ်ကျင့်သိလကလဲ မကောင်း သူဟာ အကြားအမြင်နဲ့ရော, သီလနဲ့ရော ၂-ပါးစုံနဲ့ ကဲ့ရဲ့ခံရပါတယ်။

အကြားအမြင်နည်းပေမယ့်(စာပေကျမ်းဂန် မကျွမ်းကျင်မတတ်မြောက်ပေမယ့်) ကိုယ်ကျင့်သီလ ကောင်းသူကတော့ သီလနှင့်စပ်လို့ ချီးမွမ်းခံရပါတယ်၊ အဲဒီပုဂ္ဂိုလ်မှာ အကြား အမြင်(ကိစ္စ)ဟာ ပြည့်စုံပါတယ်။

အကြားအမြင်များနေပေမယ့်(စာပေကျမ်းဂန် ကျွမ်းကျင်တတ်မြောက်ပေမယ့်) ကိုယ်ကျင့်သီလမကောင်းသူကတော့ သီလနှင့်စပ်လို့ ကဲ့ရဲ့ခံရပါတယ်၊ အဲဒီပုဂ္ဂိုလ်မှာ အကြားအမြင်(ကိစ္စ)ဟာ မပြည့်စုံပါဘူး။

အကြားအမြင်ကလဲများ(စာပေကျမ်းဂန်လဲတတ်ကျွမ်း) ကိုယ်ကျင့်သီလကလဲ ကောင်းတဲ့ ပညာရှိကိုတော့ ဓမ္မုရာဇ်ရွေတစ်နိုက္ခကိုလို ကဲ့ရဲ့မယ့်သူ မရှိတော့ပါ၊ အဲဒီပုဂ္ဂိုလ်မျိုးကို နတ်တွေကလဲ ချီးမွမ်းကြပါတယ်၊ ဗြဟ္မာကလဲ ချီးမွမ်းပါတယ်။

ဒီလိုဗုဒ္ဓမြတ်စွာက မိန့်ကြားထားပါတယ်၊ ဒါ့ကြောင့် စာပေကျမ်းဂန် ကျွမ်းကျင်တတ်မြောက်သည်အားလျော်စွာ လိုက်နာပြုကျင့် လုပ်ကိုင်မှသာ ကြီးပွားချမ်းသာရေး အစစ် မင်္ဂလာ ဖြစ်ပါတယ်၊ မလိုက်နာ မပြုကျင့် မလုပ်ကိုင်ပါက မင်္ဂလာမဖြစ်ဘူး-ဆိုတာဟာ ထင်ရှားလှပါတယ်။

ဟန်ဆောင်ဝါကြွား ရသေ့များ ၂

ပရိယတ်က, ကျော်ရုံမျှ, ကျင့်မှ ကျိုးရှိပါ၊
အကျင့်ကင်းလွတ်, ပရိယတ်, ဆောင်တတ် ပါယ်လေးရွာ။

သေတကေတု-ဆိုတဲ့ အမျိုးသားတစ်ယောက်ဟာ ဗာရာဏသီမြို့က တက္ကသိုလ်မြို့ကို ထွက်လာခဲ့ပါတယ်၊ ဒီသာပါမောက္ခဆရာ့အထံမှာ အတတ်အကုန်လုံးကို သင်ယူပါတယ်၊ ဆရာ့ထံက ခွင့်ပြုချက်ရတဲ့အခါ တက္ကသိုလ်မြို့က ထွက်လာခဲ့ပါတယ်၊ အယူဝါဒရေးရာ အတတ်ပညာကို သင်ယူရန် လှည့်လည်နေပါတယ်။

အဲဒီလို လှည့်လည်သွားလာရင်း ကျေးလက်တောရွာတစ်ခုကို ရောက်သွားပါတယ်၊ အဲဒီကျေးလက်တောရွာကို မှီခိုနေထိုင်ကြတဲ့ ရသေ့ ၅၀၀-ကို တွေ့ရတဲ့အခါ သူတို့ထံမှာ ရသေ့လုပ်ပြီး သူတို့ထံက အယူဝါဒရေးရာ ပညာတွေကို သင်ယူပါတယ်၊ နောက်တစ်ချိန်မှာ ရသေ့တွေရဲ့ဆရာ ဖြစ်လာပါတယ်။

၁။ အံ-၁၊ ၃၁၃။ ၂။ ဇာတ်-၆-၃၊ ၂၁၈။

http://www.dhammadownload.com

တစ်ချိန်မှာ သေတကေတုရသေ့က နောက်လိုက်နောက်ပါ ရသေ့ ၅၀၀-နှင့် အတူ ဗာရာဏသီမြို့ကို ရောက်လာပါတယ်၊ ဗာရာဏသီပြည်ရှင် ဘုရင်မြဟ္မဒတ် မင်းက ကြည်ညိုလှတဲ့အတွက် မိမိဥယျာဉ်မှာပဲ နေစေပါတယ်။

တစ်နေ့မှာ သေတကေတုရသေ့က ဘုရင်မင်းမြတ် လာရောက်ဖူးမြော်မယ်-ဆိုတာကို သိရတဲ့အတွက် ရသေ့တွေကို စည်းဝေးစေပြီး စနစ်တကျ သြဝါဒပေးထားပါတယ်၊ ရသေ့တွေကလဲ သူသြဝါဒအတိုင်း အချို့ကသစ်ကိုင်းမှာ တွဲလောင်းခိုပြီး လင်းနို့အကျင့်ကို ကျင့်နေကြပါတယ်၊ အချို့က ဆူးပေါ်မှာ သားရေနွယ်ကို ခင်းပြီး အိပ်နေကြပါတယ်၊ အချို့က ပဉ္စာတပအကျင့်ကို ကျင့်နေကြပါတယ်၊ အချို့က ဆောင့်ကြောင့်ထိုင်မှုကို ကြိုးစားအားထုတ်နေကြပါတယ်၊ အချို့က ရေသို့ ဆင်းမှုကို ပြုနေကြပါတယ်၊ အချို့က မန္တန်တွေကို ရွတ်အံသရဇ္ဈာယ်နေကြပါတယ်။

သူကိုယ်တိုင်ကတော့ ကျောင်းတံခါးနား နောက်မှီကုလားထိုင်ပေါ်မှာ ထိုင်ပြီး တစ်တောင်လောက်ရှည်တဲ့ ရောင်စုံပုရပိုက်ကို ဆန်းကြယ်သောအခင်းရှိတဲ့ ခုံပေါ်မှာ တင်ထားရင်း စနစ်တကျ ကြိုတင်သင်ပြထားတဲ့ ရသေ့ငယ် ၄-ယောက်တို့က ပေးသမျှပုစ္ဆာကို ဖြေဆိုနေပါတယ်။

အဲဒီခဏမှာပဲ ရှင်ဘုရင်က ဥယျာဉ်ကို ကြွရောက်လာပါတယ်၊ အဲဒီလို မှားမှား ယွင်းယွင်း ကျင့်နေတဲ့ ရသေ့တွေကို တွေ့ရတော့ နှစ်သက်ကျေနပ်နေပါတယ်၊ ဒါနဲ့ သေတကေတုရသေ့အနားမှာ ရပ်ပြီး အတူလိုက်ပါလာတဲ့ ပုရောဟိတ်ပုဏ္ဏားကို မေးပါတယ်။

"ဆရာ ! ရသေ့တွေဟာ ခွာပါရှိတဲ့ သစ်နက်ရေကိုလဲ ဆောင်ကြပါတယ်၊ ဆံကျစ်လဲ ထုံးကြပါတယ်၊ အညစ်အကြေးကပ်တဲ့ သွားလဲ ရှိကြပါတယ်၊ ညစ်နွမ်းတဲ့ ကိုယ်အဆင်းလဲ ရှိကြပါတယ်၊ ဗေဒင်တွေကိုလဲ ရွတ်အံပြီး လူတွေ လုပ်ရမယ့် ကြိုးစားအားထုတ်မှုကိုလဲ ပြုလုပ်နေကြပါတယ်၊ ဒီလောက်နဲ့ သူတို့ တစ်တွေဟာ ဒီလောကကို သိမြင်ပြီး အပါယ်ဆင်းရဲက လွတ်မြောက်သူများ ဖြစ်နိုင်ကြပါသလား ?"။

"အရှင်မင်းမြတ် ! စာပေကျမ်းဂန် ကျမ်းကျင်တတ်မြောက်ထားသူက မကောင်းမှုအကုသိုလ်တွေကို ပြုလုပ်ပြီး တရားကို မကျင့်လို့ရှိရင် စာပေကျမ်းဂန်ကို တစ်ဖက်ကမ်းရောက် တတ်မြောက်ထားပေမယ့် စာပေကျမ်းဂန်ကို အကြောင်းပြုပြီး တရားမကျင့်ဘဲ အပါယ်ဆင်းရဲက မလွတ်မြောက်နိုင်ပါ"။

ပုရောဟိတ်ပုဏ္ဏားရဲ့ စကားကို ကြားရတော့ ဘုရင်မင်းမြတ်က ရသေ့တွေအပေါ်မှာ အကြည်ညိုပျက်လာပါတယ်၊ ဒီအကြောင်းကို သိရတော့ သေတကေတုရသေ့က ပုရောဟိတ်ပုဏ္ဏားကို ပြောလိုက်ပါတယ်။

http://www.dhammadownload.com

"စာပေကျမ်းဂန်ကို တစ်ဖက်ကမ်းရောက် တတ်မြောက်ထားပေမယ့် စာပေကျမ်းဂန်ကို အကြောင်းပြုပြီး တရားမကျင့်ဘဲ ဆင်းရဲဒုက္ခက မလွတ်နိုင်ရင်, သီလနှင့် တရားကျင့်မှုကသာ မှန်ကန်ရင် စာပေကျမ်းဂန်တွေဟာ အကျိုးမရှိရာ ရောက်မနေဘူးလား ?"။

"စာပေကျမ်းဂန်တွေဟာ အကျိုးမရှိရာ မရောက်ပါဘူး၊ ဒါပေမယ့် သီလနှင့် တရားကျင့်မှုကသာ မှန်ပါတယ်၊ စာပေကျမ်းဂန်ကို အကြောင်းပြုလို့ ကျော်စောထင်ရှားနိုင်ပါတယ်၊ အကျင့်သီလ စရဏနှင့် ယဉ်ကျေးသူကတော့ နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်"။

ပုရောဟိတ်ပုဏ္ဏားက သေတကေတုရဲ့ ဝါဒကို ချေဖျက်ပြီး ရသေ့အကုန်လုံးကို လူထွက်ခိုင်းပါတယ်၊ ဓားလက်နက် စွဲကိုင်စေပြီး မဟန္တ ရခေါ်တဲ့ မင်းမှထမ်းပြုလုပ်စေပါတယ်။

"ဆရာမ–မလှကြွေက ဒီဝတ္ထုက ဘာကိုညွှန်ပြနေတယ်–ဆိုတာကို ပြောပြစမ်းပါဦး"။

"တကယ်မဟုတ်ဘဲ လူအထင်ကြီးရုံ, လူကြည်ညိုရုံ ဟန်ဆောင်ကျင့်မှုကို ပညာရှိတွေက နားလည်ကြပါတယ်၊ စာပေကျမ်းဂန်ကို တစ်ဖက်ကမ်းရောက် တတ်မြောက်နေပေမယ့် အကျင့်သီလ စရဏမပါက ဒီဘဝမှာ လူအထင်ကြီးရုံမျှသာ ဖြစ်ပါတယ်၊ ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာ မဖြစ်ပါ၊ ဒီအဆိုပြုချက်ကို ထောက်ဆက တပည့်တော်တို့ သင်တန်းသူ သင်တန်းသားတွေက သင်တန်းက ပို့ချပေးသမျှကို ကျေညက်အောင်သင်ယူပြီး ဟန်ပြသဘောမျှသာ မဟုတ်ဘဲ အမှန်အကန် တိတိကျကျ လိုက်နာကျင့်သုံးကြမှသာ တပည့်တော်တို့ အတွက်လဲ ကြီးပွားချမ်းသာရေး မင်္ဂလာ ဖြစ်လာမှာ ဖြစ်ပါတယ်၊ သင်တန်းကို တက်ရောက်သင်ကြားရုံသင်ကြားပြီး လိုက်နာကျင့်သုံးမှု မပြုပါက လူအထင်ကြီးရုံအပြင် ဘာအကျိုးမှ ရှိမယ်မဟုတ်ပါ၊ ဒါက ဒီဝတ္ထုက တပည့်တော်တို့အား ညွှန်ပြနေတာပဲ ဖြစ်ပါတယ်"။

အသက်ကယ်တတ် ကဗျာမြတ် ၁

ပညာအတတ်, ယုတ်လတ်မြတ်, မချွတ်သင်ယူရာ၊
အမြတ်သုံးပြု, ကျန်နှစ်ခု, သုံးပြုသင့်သည့်ခါ။

ဗာရာဏသီမြို့မှာ ဗြဟ္မဒတ်မင်း မင်းပြုနေပါတယ်၊ အဲဒီအချိန်မှာပဲ ဘုရားလောင်းက တက္ကသိုလ်မြို့မှာ ဒီသာပါမောက္ခဆရာ ဖြစ်နေပါတယ်၊ အဲဒီဆရာ့ထံမှာ

၁။ ဇာတ်–၄–၃၊ ၂၀၁။

http://www.dhammadownload.com

ဗြဟ္မဒတ်မင်းရဲ့ သားဖြစ်တဲ့ ယဝမင်းသားက အတတ်ပညာအကုန်လုံးကို သင်ယူထားပါတယ်၊ ဆရာက မေးမြန်းစစ်ဆေးသမျှကို ဖြေဆိုပြီးတဲ့အခါ သွားလိုတဲ့အတွက် ဆရာကို ပန်ပြောပါတယ်။

ဆရာက "ဒီယဝမင်းသားကို မင်းဖြစ်လာတဲ့အခါ သားက အန္တရာယ်ပြုလာလိမ့်မယ်"ဆိုတာကို အင်္ဂါဝိဇ္ဇာအတတ်ပညာနဲ့ပဲ သိနားလည်ပါတယ်၊ ဒါ့ကြောင့် သူရဲ့အန္တရာယ်ကို ပယ်ဖျောက်ပေးမယ်-ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကဗျာ ၃-ပုဒ်ကို ရေးပေးလိုက်ပါတယ်၊ ၂-ပုဒ်ကို မိမိတွေ့မြင်တာကို အခြေခံပြီး ရေးပေးလိုက်ပါတယ်၊ တစ်ပုဒ်ကိုတော့ ကိုယ့်ဉာဏ်စွမ်းနဲ့ ရေးပေးလိုက်ပါတယ်။

သင်က မင်းဖြစ်လာတဲ့အခါ ညနေ ရေချိုးရအောင် ရေကန်ကိုသွားရင်း လှေကားဦးထိ ပထမကဗျာကို ရွတ်ဆိုသွားပါ၊ သင်နေတဲ့ ပြာသာဒ်ကို ဝင်လို့ရှိရင် လှေကားရင်းထိ ဒုတိယကဗျာကို ရွတ်အံသွားပါ၊ အဲဒီနောက် လှေကားထိပ်ထိ တတိယကဗျာကို ရွတ်အံရင်းသွားပါ၊ ဒီလိုလဲပြောဆိုမှာထားပြီးမှ ပြန်သွားရန် ခွင့်ပြု လိုက်ပါတယ်။

အဲဒီမင်းသားက ဗာရာဏသီမြို့ကို ပြန်ရောက်တဲ့အခါ အိမ်ရှေ့မင်းဖြစ်လာပြီး အဖေနတ်ရွာစံ ကံတော်ကုန်တဲ့အခါ မင်းဖြစ်လာပါတယ်၊ သူရဲ့သားက ၁၆-နှစ်သားအရွယ် ရောက်လာတဲ့အခါ အဖေကိုသတ်ပြီး မင်းလုပ်မယ်-လို့ အလုပ်အကျွေးတွေနှင့် တိုင်ပင်ထားပါတယ်၊ အလုပ်အကျွေးတွေကလဲ သဘောတူကြပါတယ်။

မင်းသားက ညနေဘက် ရှင်ဘုရင် ရေချိုးနေကျ ရေကန်နားကို သွားပြီး အဖေကို သတ်ရအောင်လို့ သံလျက်ကိုင်ကာ ရပ်နေပါတယ်၊ ရှင်ဘုရင်က မူသိကာ ဆိုတဲ့ ကျွန်မကို ရေကန်အပြင်ကို သုတ်သင်ရအောင် လွှတ်လိုက်ပါတယ်၊ မူသိကာက ရေကန်အပြင်ကို သုတ်သင်ရင်း မင်းသားကို တွေ့ပါတယ်။

မင်းသားက မိမိရဲ့အကြံအစည် ပေါက်ကြားသွားမှာကို စိုးတဲ့အတွက် မူသိကာကို ၂-ပိုင်းဖြတ်ပြီး ရေကန်ထဲကို ပစ်ချထားလိုက်ပါတယ်၊ ရှင်ဘုရင်က ရေချိုးရအောင် သွားပါတယ်၊ လူတွေက အခုထိ မူသိကာကျွန်မ ပြန်မလာသေးဘူး၊ ဘယ်ချောင်ကြားမှာ ရှိနေပါ့မလဲ ?-လို့ ပြောဆိုနေကြပါတယ်။

** မူသိကာ-ဘယ်ကိုသွားလို့ , ဘယ်ချောင်ကြားမှာ-ရှိနေပါ့၊
ဒီလိုပြောကာ-လူအများက , မသိယောင်ဝါး-မြည်တမ်းလာ။
ခုတ်သတ်ခံရ-မူသိကာ , ရေကန်ထဲမှာ-ရှိထင်ရှား၊
ဒီကြောင်းအရာ-ငါကသာ , သေချာသိထား-မလွဲမှား။

ရှင်ဘုရင်က ဒီပထမကဗျာကို ရွတ်ဆိုရင်း ရေကန်နားကို ရောက်သွားပါတယ်။

http://www.dhammadownload.com

မင်းသားက ငါ့အကြံကို အဖေသိသွားပြီ-လို့ ကြောက်လန့်တကြား ထွက်ပြေးလာခဲ့ပါတယ်၊ ဒီအကြောင်းကို အလုပ်အကျွေးတို့အား ပြောပြပါတယ်၊ အလုပ်အကျွေးတွေက ၇-ရက် ၈-ရက် လွန်တဲ့အခါ အဖေကိုသတ်ရန် တိုက်တွန်းပြောဆိုလာကြပြန်တယ်၊ မင်းသားက တစ်နေ့မှာ သံလျက်ကိုင်ကာ လှေကားရင်းမှာ ရပ်ပြီး ရှင်ဘုရင်လာတဲ့အခါ သတ်ရအောင်လို့ ဟိုဟိုဒီဒီ ကြည့်နေပါတယ်၊ ရှင်ဘုရင်က-

** သင်ကရပ်ကာ-ယဝမင်းကို , ဟိုဒီကြည့်ရင်း-သတ်ခွင့်ရှာ၊
မုယောခင်းမှာ-မြည်းအလားသို့ , ဟိုဒီလှုပ်ရှား-ကြည့်နေပါ။
ရေကန်အတွင်း-မူသိကာ , သတ်ဖြတ်လျက်သာ-ပစ်ချထား၊
ယဝမင်းကို-မှောင်ရိပ်ခို , သတ်လိုစောင့်စား-လှေကားနား။

ဒီဒုတိယကဗျာကို သီဆိုရင်း သွားပါတယ်၊ မင်းသားက ဘခမည်းတော် ငါ့ကို မြင်သွားပြီ-လို့ ကြောက်အားလန့်အားနဲ့ ထွက်ပြေးသွားပါတယ်။

မင်းသားက နောက်တစ်လ ကျော်လွန်လာတဲ့အခါ ရှင်ဘုရင်ကို ရိုက်သတ်မယ်လို့ အရိုးရှည်တဲ့ ယောက်မကြီးတစ်ခုကို ကိုင်ပြီး လှေကားထိပ်မှာ ရပ်နေပါတယ်၊ အဲဒီအချိန်မှာ ရှင်ဘုရင်က-

** ပညာကင်းကွာ-သင်မင်းသားက , မမြောက်လူသား-ငယ်သေးပါ၊
ရှည်လှရိုးတံ-ယောက်မကြီးကို , စွဲကိုင်ထောက်ပြီး-စောင့်နေပါ။
များလှကြိမ်ပေါင်း-သတ်ခွင့်ရှာ , အခုသေချာ-ပြန်လှန်တွေး၊
ဒီအကြိမ်မှာ-သင့်အားငါ , ချမ်းသာမပေး-အသက်သေး။

ဒီတတိယကဗျာကို သီဆိုရင်း လှေကားထိပ်ကို တက်ရောက်လာခဲ့ပါတယ်၊ မင်းသားက အဲဒီနေ့မှာ မပြေးနိုင်တော့တဲ့အတွက် အသက်ချမ်းသာပေးရန် တောင်းပန်ပြီး ရှင်ဘုရင်ရဲ့ ခြေရင်းမှာ ဝပ်နေပါတယ်၊ ရှင်ဘုရင်က မင်းသားကို ခြိမ်းခြောက်ဖမ်းယူပြီး ထောင်သွင်းအကျဉ်းချထားလိုက်ပါတယ်။

အဲဒီနောက် ရာဇပလ္လင်ပေါ်မှာ နေပြီး ဆရာရဲ့ဂုဏ်ကျေးဇူးကို ထုတ်ဖော်ချီးကျူးနေပါတယ်။

"သားက သတ်ခွင့်ရှာနေတဲ့ ငါဟာ ကောင်းကင်ဘုံဗိမာန်မှာ တည်နေတာနဲ့ သေဘေးက လွတ်မြောက်လာရတာ မဟုတ်ပါ၊ သားက နှစ်သက်ကျေနပ်တာနဲ့ လွတ်မြောက်လာရတာလဲ မဟုတ်ပါ၊ ဆရာက ဖွဲ့စီပေးလိုက်တဲ့ ကဗျာတွေနဲ့ပဲ သေဘေးက လွတ်မြောက်လာရပါတယ်။

http://www.dhammadownload.com

အယုတ်အလတ် အမြတ်မရွေး အတတ်ပညာအကုန်လုံးကို သင်ယူရမယ်၊ အတတ်ပညာအကုန်လုံးရဲ့ အကျိုးကို သိမြင်နားလည်ထားရမယ်၊ ဒါပေမယ့် အကုန်လုံးကိုတော့ အသုံးမချရဘူး၊ (အမြတ်ကိုသာ အသုံးချရမယ်၊) သင်ယူထားတဲ့ အတတ်ပညာက တစ်ချိန်ချိန်မှာ အကျိုးစီးပွားကို ရွက်ဆောင်တတ်ပါတယ်"။

"ဒီဝတ္ထုက ဘာကို ညွှန်ကြားတယ်–ဆိုတာကို ဆရာမ–မမြင့်မြင့်သန်းက ပြောပြစမ်းပါဦး"။

"အတတ်ပညာမှန်သမျှဟာ သင်ယူသင့်တာချည်းသာ ဖြစ်ပါတယ်၊ ကြီးငယ်သေးနုတ်, အယုတ်အမြတ် သတ်မှတ်ရွေးချယ်နေစရာ မလိုပါ၊ တတ်ထားတဲ့ ပညာကို အရာဌာနအားလျော်စွာ အသုံးချတတ်ပါက အကျိုးရှိတာချည်းသာ ဖြစ်ပါတယ်၊ ဒါဟာ ဒီဝတ္ထုက ညွှန်ပြနေတာပဲ ဖြစ်ပါတယ်။

ဒါပေမယ့် မတတ်ကောင်းတဲ့ အတတ်ပညာလို့ မရှိ၊ မလုပ်ကောင်းတာသာ ရှိတယ်–ဆိုတဲ့ ရှေးပညာရှိတွေရဲ့ ဆုံးမသြဝါဒကိုတော့ သတိထားလိုက်နာမှသာ သင့်တော်မယ်ထင်ပါတယ်–အရှင်ဘုရား"။

ဗာဟုသစ္စမင်္ဂလာ အရေးပါ

နိုင်ငံရေး, မြို့ပြကျေးရွာအရေး, ဘာသာရေး, ပညာရေး, လူမှုရေး, စီးပွားရေး, ကူးသန်းရောင်းဝယ်ရေး, သယ်ယူပို့ဆောင်ရေး အစရှိတဲ့ အလုပ်တွေကို လုပ်ကိုင်ဆောင်ရွက် ရာမှာ အကြွားအမြင်များမှု–ဆိုတဲ့ ဒီဗာဟုသစ္စမင်္ဂလာဟာ အင်မတန်အရေးပါ အရာရောက်ပါတယ်။

အထူးအားဖြင့် အများစုပေါင်း လုပ်ကိုင်ရတဲ့ နိုင်ငံရေး, မြို့ပြကျေးရွာရေး, ဘာသာရေး အစရှိတဲ့ အလုပ်မျိုးတွေမှာ "ဒီလူဟာ အပြောသာမဟုတ်၊ တကယ် လုပ်မယ့်လူ ဖြစ်တယ်၊ တိုင်းကျိုးပြည်ကျိုး, သာသနာတော်ရဲ့အကျိုးကို ဆောင်ရွက်ရန် အရည်အချင်း ပြည့်ဝသူလဲ ဖြစ်တယ်၊ ကိုယ့်အသက်နဲ့လဲပြီး အများအကျိုးကို ဆောင်ရွက်မယ့်သူလဲ ဖြစ်တယ်၊ ကိုယ့်အကျိုးထက် အများအကျိုးကို ဦးစားပေးသူလဲ ဖြစ်တယ်၊ ပညာရေးရော, လုပ်ရည်ကိုင်ရည်ရော ပြည့်ဝသူလဲ ဖြစ်တယ်၊ ဒါ့ကြောင့် ဒီလူကိုတော့ ဥက္ကဋ္ဌရာထူး ပေးသင့်တယ်၊ ဒီ လူကိုတော့ အတွင်းရေးမှူးရာထူး ပေးသင့်တယ်" အစရှိသည်ဖြင့် လူမှန်နေရာမှန် ရွေးချယ်ရန်မှာ ဗဟုသုတရှိမှ, အမြော်အမြင်ရှိမှသာ ဖြစ်နိုင်ပါတယ်၊ အများက ဗဟုသုတနည်းသူ, အမြော်အမြင်မရှိသူတွေ ဖြစ်နေပါရင် လူမှန်နေရာမှန်ရအောင် ရွေးချယ်နိုင်ကြမယ် မဟုတ်ပါ၊

http://www.dhammadownload.com

လူမှန်နေရာမှန်ရအောင် မရွေးနိုင်ပါက မှန်းတဲ့ အတိုင်း ဖြစ်မလာဘဲ အဖက်ဖက်က ယုတ်လျော့ပျက်စီးလာတတ်ပါတယ်၊ လူမှန် နေရာမှန်ရအောင် ရွေးချယ်နိုင်မှသာ အဖက်ဖက်က တိုးတက်ကြီးပွားလာမှာ ဖြစ်ပါတယ်။

ဒါ့အပြင်– ပညာရေး, လူမှုရေး, စီးပွားရေး, ကူးသန်းရောင်းဝယ်ရေး, သယ်ယူပို့ဆောင်ရေး အစရှိတဲ့ အလုပ်တွေမှာလဲ သက်ဆိုင်ရာဗဟုသုတ ကြွယ်ဝသူတွေကသာ ကြီးပွားတိုးတက်နိုင်ပါတယ်၊ သက်ဆိုင်ရာဗဟုသုတ မပြည့်ဝဘဲ လုပ်ကိုင်ပါက လုပ်ကိုင်သလောက် အရာထင်မယ် မဟုတ်ပါ၊ ဒါ့ကြောင့် လူတိုင်းလူတိုင်းက ကိုယ်လုပ်မယ့် အလုပ်အားလျော်စွာ ဗဟုသုတကြွယ်ဝအောင် ဆည်းပူးထားပြီး ကြိုးစားလုပ်ကိုင်မှသာ ဗာဟုသစ္စမင်္ဂလာရဲ့ အကျိုးကို ခံစားကြရမှာ ဖြစ်ပါတယ်။

ရွေးဆရာများရဲ့ အဆိုအမိန့်

အလွန်ကဲမှု, ဗာဟုသစ္စ, သုတစိန္တာ, ဘာဝနာ–ဟု, များစွာမှတ်သား, အကြားအမြင်, ဉာဏ်အင်တိုးပွား, များသည်တစ်ကြောင်း။

ဒီလို ဗာဟုသစ္စမင်္ဂလာရဲ့ သဘောကို မုံရွေးဆရာတော်က မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် သူတစ်ပါးတို့ထက် လွန်ကဲထူးမြတ်သော အကြားအမြင်များခြင်း– လို့ဆိုရတဲ့ သုတမယ(နာကြားသင်ယူမှုကြောင့် ရရှိတဲ့)ဉာဏ်, စိန္တာမယ(ကြံစည်စဉ်းစားမှုကြောင့် ရရှိတဲ့)ဉာဏ်, ဘာဝနာမယ(ကမ္မဋ္ဌာန်းပွားများမှုကြောင့် ရရှိတဲ့)ဉာဏ်–လို့ ဆိုရတဲ့ များစွာမှတ်သား အကြားအမြင် ဉာဏ်အင်္ဂါတိုးတက်ပွားများခြင်းဟာ ဗာဟုသစ္စမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

သုတစိန္တာ, ဘာဝနာ–ဟု, ပညာ၏အပြား, ထိုသုံးပါးတွင်, ဘုရားတို့မှာ ဘာဝနာ, ဘုရားလောင်းတို့မှာ ဉာဏ်စိန္တာ, ကျင့်ရာသမျှ, သူကငါက, သာမည တို့မှာ, သုတမျှသာ မှတ်လေရာ, ဤသုံးဖြာကို, သိသာအောင် မှတ်ပြီး၍, သုတရှိမှ, ဉာဏရှိရှိ, ပဏ္ဍိတဖြစ်ချိမ့်မည်။ [၁]

ဗဟုသုတ, မရှိကမူ, လျှောကျရေတူ, လူမဟူရ, ရှက်ကြီးရလိမ့်။ [၂]

စာပေသိမြင် မသင်မကြား ဘူးသူတစ်ထွေ, အစာမကြေသူတစ်ယောက်, အရွယ်မရောက်မီက အိမ်ထောင်ကျသူ တစ်သွယ်, ငယ်ရွယ်သူ တခြား, ဤလေးပါးတို့မှာ, စားမိသောအဆိပ်နှင့် တူချေ၏။ [၃]

၁။ မုံရွေးဆရာတော်။ ၂။ ပုတ္တောဝါဒ–၂ ၃။ လုံးတော်ဆရာတော်။

http://www.dhammadownload.com

ရုပ်ဝါရူအီ, မကြီးမိက, ဘယ်ဆီမရွတ်, ကြွင်းမလွတ်အောင်, အတတ်ပညာ, သင်အပ်ရာ၏၊ အုံးဖျာခေါင်းချ, ဆံစလက်တင်, မအိပ်ခင်က, သုံးအင်ရတနာ, ကိုးကွယ်ရာ၏။ [၁]

လုံ့လပင်စည်, အရင်းတည်လျက်, ခက်ရှည်ပညာ, ချမ်းသာအသီး, ကြီးစေရွေ့ရွေ့, မမေ့ မကျန်, သူတော်မွန်ကို, စောင်းမှန် မဲ့ဆုံး, ဖြောင့်ဖြောင့်သုံးလေ့။ [၂]

ဗဟုသုတ, သိပ္ပကထာ, ဆိုသည်မှာလည်း, ကောင်းစွာဆည်းကပ်, အမှတ်အသား, သင်ကြားနေ့ည, လုံ့လကိုထုတ်, စာအုပ်တိုင်းကိုဖတ်, သူမြတ်တရားကိုနာနာ, ဆရာစကားကိုဆည်းပူး, အထူးဆုံးမ, မိဘစကားကိုနာယူ, ချစ်သူ စကားကိုနားထောင်, ရှောင်သင့်လျှင် ရှောင်ရာချေသည်။ [၃]

ဒီလိုလဲ မိန့်ဆိုကြပါသေးတယ်။

၈။ သိပ္ပဋ္ဌ

လက်မှုပညာကို သိပ္ပ–လို့ခေါ်ပါတယ်၊ ဒီသိပ္ပခေါ်တဲ့ အတတ်များမှာ ကျယ်ပြန့်လှပါတယ်၊ များပြားလှပါတယ်၊ အချို့ကို ဗဟုသစ္စခေါ်တဲ့ နှုတ်မှုပညာနှင့် တွဲဖက်သင်ယူရပါတယ်၊ ယခုခေတ် စက်မှုအင်ဂျင်နီယာ, အဆောက်အအုံအင်ဂျင်နီယာ, မြို့ပြအင်ဂျင်နီယာ အစရှိတဲ့ သိပ္ပံပညာမျိုးပဲ ဖြစ်ပါတယ်။

ဆရာဝန်အတတ်ပညာ, ဆေးဝါးဖော်စပ်မှုအတတ်ပညာ,သူနာပြုအတတ်ပညာ, စိုက်ပျိုးရေးအတတ်ပညာ, ချက်ရေးပြုတ်ရေးအတတ်ပညာ, စက်ချုပ်အတတ်ပညာ, ဆံပင်ညှပ်အတတ်ပညာ, ကျောက်သွေးအတတ်ပညာ, ပန်းတိမ်အတတ်ပညာ, ပန်းတဉ်းအတတ်ပညာ, ပန်းပုအတတ်ပညာ, ပန်းပွတ်အတတ်ပညာ–စသည်တို့လဲ သိပ္ပံပညာမျိုးပဲ ဖြစ်ပါတယ်၊ ဒီအတတ်တွေထဲက အချို့အတတ်များဟာ စာတွေ့ရော, လက်တွေ့ရော သင်ယူရတဲ့အတွက် ဗဟုသစ္စထဲမှာလဲ ပါဝင်နိုင်ပါတယ်။

ဒီအတတ်ပညာတွေအနက် အချို့က ဒီဘဝအကျိုးစီးပွားကိုသာ ရွက်ဆောင်နိုင်ပါတယ်၊ အချို့က ဒီဘဝအကျိုးစီးပွားကိုရော, နောင်ဘဝအကျိုးစီးပွားကိုရော ရွက်ဆောင်နိုင်ကြပါတယ်၊ ဒါ့ကြောင့် ကြီးပွားချမ်းသာရေးအစစ် မဂ်လာဖြစ်ပါတယ်။

ဒါ့အပြင်– သူများကို ညှဉ်းဆဲစရာ, သတ်ဖြတ်စရာ ဖြစ်နေတဲ့အတွက် အကုသိုလ်မကင်းတဲ့ လက်နက်လုပ်မှုအတတ်, အဆိပ်ဓာတ်ငွေ့လုပ်တဲ့ အတတ်,

---

၁။ ဩဝါဒထူး–၂၅။ ၂။ သုတမဏ္ဍူသာ–၁၅။ ၃။ ကုလပုတ္တအာစရိယလင်္ကာ။

http://www.dhammadownload.com

ပိုက်ကွန်မြှုံးလုပ်တဲ့အတတ်, ယစ်မျိုးဆေးဝါးဖော်စပ်တဲ့အတတ် အစရှိတဲ့ အတတ်တွေအနက် အချို့အတတ်တွေက ဒီဘဝအကျိုးစီးပွားကိုသာ ရွက်ဆောင်နိုင်ပါတယ်၊ နောင်ဘဝအကျိုးစီးပွားကိုတော့ ပျက်စီးစေတတ်ပါတယ်၊ အချို့အတတ်တွေက ဒီဘဝအကျိုးစီးပွားကိုရော, နောင်ဘဝအကျိုးစီးပွားကိုရော ပျက်စီးစေတတ်ပါတယ်၊ ဒါ့ကြောင့် ကြီးပွားချမ်းသာရေး မင်္ဂလာမဖြစ်ဘဲ ဆုတ်ယုတ်ပျက်စီးရေး အမင်္ဂလာသာ ဖြစ်ပါတော့တယ်။

အတတ်ပညာက ဘဝကို ဖန်တီးပုံ

ဒီလောကမှာ အချို့လူတွေက အောက်လက်ငယ်သားတွေကို ခိုင်းစေပြီး အေးအေးလူလူ အသက်မွေးနေနိုင်ကြရပါတယ်၊ သူတို့မှာ စားရေးအတွက်လဲ မပူရ၊ အလိုရှိရာကို ဝယ်ယူစားသောက်နိုင်ကြပါတယ်၊ ဝတ်ရေးအတွက်လဲ မပူရ၊ နိုင်ငံခြားဖြစ်အထည်မျိုးစုံ, အဝတ်မျိုးစုံကို အလျှံပယ် ဝယ်ယူဝတ်ဆင်နိုင်ကြပါတယ်၊ နေရေးအတွက်လဲ မပူရ၊ ကိုယ်ပိုင်တိုက်ကြီးအိမ်ကြီးတွေမှာ နေကြရပါတယ်၊ ကျန်းမာရေးအတွက်လဲ မပူရ၊ အကောင်းဆုံးသမားတော်ကြီးတွေရဲ့ အထံမှာ အကုအသခံပြီး အကောင်းဆုံးဆေးဝါးဓာတ်စာများကို ဝယ်ယူစားသောက်နိုင်ကြပါတယ်၊ သွားရေးလာရေးအတွက်လဲ မပူရ၊ ယာဉ်အမျိုးမျိုးနဲ့ အလိုရှိရာခရီးကို သွားရောက်နိုင်ကြပါတယ်၊ စိတ်ပျော်ရွှင်မှုအတွက်လဲ အိမ်တွင်းမှာပဲ ရေဒီယိုတွေ, ကက်ဆက်တွေ, ရုပ်မြင်သံကြားတွေကို အလျှံပယ် အသုံးပြု ကြည့်ရှုနားထောင်ပြီး အပြင်ဘက်ပျော်ပွဲရွှင်ပွဲများကိုလဲ အချိန်မရွေးသွားရောက် ကြည့်ရှုနိုင်ကြပါတယ်၊ နောင်ဘဝသံသရာအတွက် ဒါန, သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေကိုလဲ မိမိတို့စိတ်ဆန္ဒရှိတဲ့အတိုင်း အာရုပါးရပြုနိုင်ကြပါတယ်၊ "နတ်တို့ဖန် ရောကန်အသင့် ကြာအသင့်" ဆိုသလို ဘာမှ လိုလေသေးမရှိပါ၊ အဖက်ဖက်က ပြည့်စုံနေသည်ချည်းသာ ဖြစ်နေပါတော့တယ်။

အချို့လူတွေကတော့ နဖူးကချွေး ခြေမကျအောင် နေပူမရှောင် မိုးရွာမရှောင် နေ့ရောညပါ ကိုယ်ခန္ဓာကို အရင်းအနှီးပြုလုပ်ပြီး အလုပ်လုပ်နေကြရပါတယ်၊ သူတို့တစ်တွေဟာ အပြစ်ရှိတာကိုရော, အပြစ်မရှိတာကိုရော ရွေးချယ်မနေနိုင်ကြတော့ပါ၊ တွေ့ရာအလုပ်ကို လုပ်ကိုင်နေကြရပါတယ်၊ ဒါပေမယ့် အစားအစာကိုလဲ ကောင်းကောင်းမွန်မွန် ဝဝလင်လင် မစားကြရပါ၊ "ထမင်းရက်ချန်, ရေရက်မှန်နှင့်" ဆိုသလို တော်ရုံလျော်ရုံ မသေရုံတမယ် စားသောက်နေထိုင်ကြရပါတယ်၊ အဝတ်–ဆိုရင်လဲ အချမ်းအပူကို ကာကွယ်နိုင်အောင် ကောင်းကောင်းမွန်မွန် မဝတ်နိုင်ကြပါ၊ "ဝတ်လဲ တော်မဲ့, ချုပ်စပ်ပြဲ, တဲအပ်နဲ့တွယ်" ဆိုသလို အစုတ်စုတ်အပြတ်ပြတ် ညစ်ပတ်ပေကျံနေတာကိုပဲ ဝတ်နေကြရပါတယ်၊ နေရေးထိုင်ရေးအတွက်–ဆိုပြန်ရင်လဲ အိမ်ခြေ

http://www.dhammadownload.com

ယာခြေ အတည်တကျ မရှိဘဲ သူများအိမ်ဘေးမှာ အဖီချလို့ နေလိုနေရ, မြို့ပြင်ရွာပြင်မှာ နေမြင်လမြင် အကာအကွယ်မရှိတဲ့ တဲကလေးနဲ့ နေလိုနေရ၊ အင်မတန် အတိဒုက္ခ ရောက်ကြရပါတယ်၊ ပြည်သူ့ဆေးရုံတွေ ရှိနေပေမယ့် ဆေးဖိုးဝါးခ မတတ်နိုင်တဲ့အတွက် ကျန်းမာရေးအတွက်လဲ တွေးလိုက်တိုင်း ရင်လေးစရာသာ ဖြစ်နေပါတော့တယ်၊ ကိုယ်ပိုင်ယာဉ်က မရှိလေတော့ ခရီးသွားနှင့်ယာဉ်ဦးရေက မမျှတတဲ့အတွက် သွားရေးလာရေးအတွက်လဲ မလွယ်လှပါ၊ ယာဉ်တွေကိုစောင့်ရင်း အဖိုးတန်အချိန်တွေ အလဟဿကုန်ဆုံးနေရပါတော့တယ်၊ စိတ်ဖြေဖျောက်မှုအတွက် မှာတော့ "လူကြီးကြိုက်, လူကောင်းကြိုက် တို့ကျောမွဲများနဲ့ လားလားမျှမထိုက်" ဆိုသလိုသာ ဖြစ်နေပါတော့တယ်၊ နောင်ဘဝကောင်းစားရေးအတွက် ဒါန, သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေကိုလဲ "အသပြာက နတ္ထိ, အားလပ်ခွင့်ကလဲ မရှိ"တဲ့ အတွက် တွေးလိုက်တိုင်း စိတ်မောစရာတွေသာ ဖြစ်နေပါတော့တယ်။

ဒီလို လူတန်းစား ၂-မျိုး ကွဲပြားလာတာဟာ ယေဘုယျအားဖြင့် ပညာတတ်မှု-မတတ်မှု, အသိအလိမ္မာ ဉာဏ်ပညာရှိမှု-မရှိမှုတွေ အပေါ်မှာ အခြေခံပြီး ကွဲပြားလာတာ ဖြစ်ပါတယ်၊ ပညာတတ်တဲ့ပုဂ္ဂိုလ် အသိအလိမ္မာဉာဏ်ပညာရှိတဲ့ပုဂ္ဂိုလ်က လူ့အဆင့်အတန်းမီအောင် အဖက်ဖက်ကပြည့်စုံပြီး, ပညာမတတ်တဲ့ပုဂ္ဂိုလ် အသိအလိမ္မာ ဉာဏ်ပညာမရှိတဲ့ပုဂ္ဂိုလ်က လူ့အဆင့်အတန်း မမီဘဲ အဖက်ဖက်က ချို့တဲ့လာရပါတယ်။

ဒါ့ကြောင့် ငယ်ငယ်ရွယ်ရွယ်က ပညာသင်ရမယ့်အချိန်မှာ အပျော်အပါးလိုက်စားမှုကို နည်းနိုင်သမျှ နည်းစေလျက် အပျင်းမဖက်ဘဲ ကြိုးကြိုးစားစား သင်ယူကြမှသာ နောင်ကြီးလာတဲ့အခါ လူ့အဆင့်အတန်းမီသူများ ဖြစ်လာနိုင်စရာ ရှိပါတယ်၊ "ငယ်ကပညာ, မသင်ပါ, ကြီးခါခက်မည်မှတ်" ဆိုတဲ့ လူကြီးသူမတွေရဲ့ အဆုံးအမ သြဝါဒကိုလဲ အထူးသတိထားကာ လိုက်နာသင့်ကြပါတယ်။

လက်မှုပညာကြောင့် သေဘေးမှလွတ်ရသူ ၁

ကောကနဒ, ပြာသာဒ်လှ, ဆောက်ရသူမှာ-ဘေးဖြစ်လာ၊
မိမိအတတ်, သုံးပြုလတ်, ကင်းလွတ်ဘေးဘယာ။

ဗောဓိမင်းသားက အခြားသူတွေရဲ့ ပြာသာဒ်နှင့် မတူရအောင် ကောကနဒ-ဆိုတဲ့ ပြာသာဒ်ကို ဆောက်လုပ်ခိုင်းထားပါတယ်၊ အဲဒီ ပြာသာဒ်ဟာ ကောင်းကင်သို့ ပျံတက်ဘနန်း အင်မတန်ဆန်းကြယ်ပါတယ်၊ ပြာသာဒ်ပြီးခါနီးမှာ ဗောဓိမင်းသားက လက်သမားဆရာကို မေးပါတယ်။

၁။ ခံ-၄-၂၊ ၈၅။

http://www.dhammadownload.com

"သင်က အခြားနေရာမှာ ဒီလိုပြာသာဒ်မျိုးကို ပြုလုပ်ဖူးသလား ?၊ ဒါမှ မဟုတ်ရင် ဒါဟာ လက်ဦးဆုံးလက်ရာပဲလား ?"။

"လက်ဦးဆုံးလက်ရာ ဖြစ်ပါတယ် အရှင်မင်းသာ !"။

ဒီလိုပြောလိုက်တဲ့ လက်သမားဆရာရဲ့ စကားကို ကြားရတဲ့အခါ ဗောဓိမင်းသားက အခြားလူများအတွက် ဒီလိုပြာသာဒ်မျိုးကို ပြုလုပ်ပေးလို့ရှိရင် ဒီပြာသာဒ်ဟာ ထူးဆန်းအံ့သြစရာ ကောင်းမှာမဟုတ်တော့ဘူး၊ အခြားလူတွေအတွက် ဒီလိုပြာသာဒ်မျိုးကို ပြုလုပ်လို့မပေးနိုင်အောင် ဒီလက်သမားဆရာအား သတ်ပစ်မှ, လက်ခြေဖြတ်မှ, မျက်လုံးကို ထုတ်ပစ်မှ တစ်ခုခုကို ပြုလုပ်မှ တော်မယ်–ဆိုတဲ့အကြောင်းကို မိမိရဲ့ချစ်မိတ်ဆွေ သဠ္ဌိကာပုတ္တလုလင်အား ပြောပြပါတယ်။

ဒီတော့ သဠ္ဌိကာပုတ္တလုလင်က အင်မတန်တန်ဖိုးရှိတဲ့ အတတ်ပညာရှင်တစ်ဦး မပျက်စီးပါစေနဲ့–ဆိုတဲ့ သဘောနဲ့ ဒီအကြောင်းကို လက်သမားဆရာအား တိုးတိုးတိတ်တိတ် ပြောကြားထားပါတယ်၊ တစ်နေ့မှာ ဗောဓိမင်းသားက လက်သမားဆရာကို မေးပြန်တယ်။

"ကျုပ်ပြာသာဒ်မှာ လုပ်စရာကိစ္စတွေ ပြီးပြီလား ?"။

"မပြီးတတ်သေးပါ အရှင်မင်းသား !၊ အများကြီးပဲ လိုနေပါသေးတယ်"။

"ဘယ်လိုအလုပ်တွေ ကြွင်းကျန်နေသေးသလဲ ?"။

"ဒါကိုတော့ နောက်မှ ပြောပါ့မယ်၊ အရှင်မင်းသားက အခု ခြောက်သွေ့ပြီး အနှစ်မရှိတဲ့ သစ်သားတွေကိုသာ စုဆောင်းပေးထားပါ"။

လက်သမားဆရာကပြောကြားတဲ့ အတိုင်းပဲ ဗောဓိမင်းသားက သစ်သားတွေကို စုဆောင်းပေးထားပါတယ်၊ သစ်သားအလုံအလောက်ရတဲ့အခါ လက်သမားဆရာက ဗောဓိမင်းသားကို ပြောကြားထားပါတယ်။

"အရှင်မင်းသား ! ဒီနေ့ကစပြီး အကျွန်ုပ်ထံကို မလာပါနှင့်၊ အခု လုပ်ရမယ့်အလုပ်ဟာ အင်မတန်သိမ်မွေ့တဲ့အလုပ် ဖြစ်ပါတယ်၊ အခြားလူတွေနှင့် စကားပြောနေရလို့ရှိရင် အလုပ်မှာစိတ်ဝင်စားမှု ပျက်သွားတတ်ပါတယ်၊ ထမင်းစားချိန်မှာတော့ အကျွန်ုပ်ရဲ့မိန်းမက ထမင်းလာပို့ပါလိမ့်မယ်"။

လက်သမားဆရာပြောကြားသမျှ စကားကို ဗောဓိမင်းသားက လက်ခံပါတယ်၊ ဒါနဲ့ လက်သမားဆရာလုပ်နေတာကို သွားမကြည့်တော့ဘဲ စိတ်ချလက်ချ အေးအေးလူလူပဲ နေပါတယ်။

http://www.dhammadownload.com

လက်သမားဆရာက အခန်းတစ်ခန်းမှာနေပြီး စုဆောင်းပေးထားသမျှ သစ်တွေကို ရွေချောပါတယ်၊ အတွင်းမှာ မိမိရဲ့ သားမယားတွေ နေနိုင်လောက်အောင် ဂဠုံငှက်သဏ္ဌာန်ပြုလုပ်ပါတယ်၊ အိမ်မှာရှိသမျှ ပစ္စည်းအကုန်လုံးကို ရောင်းချပြီး ရွှေငွေလောက်ကိုသာ ယူလာခဲ့ရမယ်–လို့ ထမင်းစားရင်း မယားဖြစ်သူကို ပြောထားပါတယ်။

ဗောဓိမင်းသားက လက်သမားဆရာ ထွက်မပြေးနိုင်အောင် ပြာသာဒ်ရဲ့ ပတ်ဝန်းကျင်မှာ အစောင့်အရောက် ထူထပ်စွာချထားပါတယ်၊ လက်သမားဆရာက ငှက်ရုပ်ကြီးပြီးတဲ့အခါ ဒီနေ့ ကလေးတွေကိုပါခေါ်ပြီး အကုန်လုံးလာခဲ့ရမယ်–လို့ ဇနီးဖြစ်သူကို ပြောထားပါတယ်၊ ထမင်းစားပြီးချိန်မှာ ကလေးတွေနှင့် ဇနီးကိုပါ ငှက်ရုပ်ကြီးရဲ့ဝမ်းထဲမှာ နေစေပါတယ်၊ နံရံတစ်ဖက်အပေါက်ကထွက်ပြီး ငှက်ရုပ်ကြီးနဲ့ ပျံသန်းပြေးသွားပါတော့တယ်၊ အစောင့်တွေ အော်နေတုန်းမှာပဲ ပျံသွားပြီး ဟိမဝန္တာတောင်ခြေမှာ သက်ဆင်းခဲ့ပါတယ်၊ မြို့တစ်မြို့တည်ထောင်ပြီး မင်းပြုနေပါတယ်၊ မင်းရဲ့အမည်ကတော့ ကဋ္ဌဝါဟနပါ–တဲ့။

"ဒီဝတ္ထုက ဘာကိုညွှန်ပြနေတယ်-ဆိုတာကို မနိန်စိုးက ပြောပြစမ်းပါဦး"။

"အခုခေတ်မှာ ကျယ်ပြန့်စွာ အသုံးပြုနေကြတဲ့ လေကြောင်းအတတ်ပညာဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂–ထောင်ကျော် ၃–ထောင်နီးပါး ရှင်တော်မြတ်ဘုရားရဲ့ လက်ထက်တော်ကပင် ပေါ်ပေါက်လာခဲ့ပါတယ်၊ ဒါပေမယ့် အဲဒီလေကြောင်းပညာက စက်မဲ့လေကြောင်းပညာမျှသာ ဖြစ်ပါတယ်၊ အဲဒီအတတ်ပညာရှင်က ကိုယ်တတ်ထားတဲ့ အတတ်ပညာကို အသုံးချတတ်တဲ့အတွက်ပဲ သေဘေးက လွတ်မြောက်လာရပါတယ်၊ ဒါဟာ ဒီဝတ္ထုက ညွှန်ပြချက်ပဲ ဖြစ်ပါတယ်"။

အတတ်တစ်မျိုးတည်းကပဲ မင်္ဂလာ, အမင်္ဂလာ ဖြစ်ပုံ [၁]

မိမိအတတ်, သုံးချတတ်, များမြတ်အကျိုးလာ၊
ချမ်းသာအေးမြ, နေထိုင်ရ, မုချမင်္ဂလာ၊
မိမိသင်ထား, အတတ်များ, လွဲမှားသုံးသူမှာ၊
ခုလဲဒုက္ခ, နောင်ဒုက္ခ, ရောက်ရင်ရဲရွာ။

ဒီဝတ္ထုမှာ အပိုင်း ၂–ပိုင်း ပါဝင်နေပါတယ်၊ အခုကပင် မှတ်မှတ်သားသား နားထောင်ထားမှ ဒီကမေးတဲ့အခါ ပြန်ပြောနိုင်ကြမှာ ဖြစ်ပါတယ်၊ အခုပဲ ဝတ္ထုကို စကြစို့ရဲ့။

၁။ ပေတ–၄၊ ၂၆၅။

http://www.dhammadownload.com

ရှေးအခါက ဗာရာဏသီမြို့မှာ ဆွမ်းအသူတစ်ယောက် ရှိနေပါတယ်၊ အဲဒီ ဆွမ်းဟာ လေးပစ်အတတ်မှာ အင်မတန် ကျွမ်းကျင်တတ်မြောက်ပါတယ်၊ မြို့တံခါးနားက ညောင်ပင်အောက်မှာနေပြီး လူတွေကြည့်လိုမြင်လိုတဲ့ ဆင်ရုပ် မြင်းရုပ် –စသည် ညောင်ရွက်မှာထင်လာအောင် ပစ်ခတ်ပြသနိုင်ပါတယ်၊ ကလေးတွေက တစ်ပဲ ပဲဝက်–စသည်ပေးပြီး သူတို့အလိုရှိသလို သူ့အတတ်ကို အပြခိုင်းကြပါတယ်။

တစ်နေ့မှာ ဗာရာဏသီမင်းက မြို့မှထွက်လာပြီး အဲဒီ ညောင်ပင်အောက်ကို ရောက်လာခဲ့ပါတယ်၊ ညောင်ရွက်တွေမှာ ဆင်ရုပ် မြင်းရုပ် အစရှိတဲ့ အမျိုးမျိုး အဖုံဖုံ ထင်နေတာကို တွေ့ရတော့ အနားမှာရှိနေတဲ့ လူတွေကို မေးပါတယ်၊ လူများက ဆွမ်းကိုပဲ ညွှန်ပြကြပါတယ်၊ ဆွမ်းလက်ချက်ဖြစ်ကြောင်း ပြောပြကြပါတယ်။

ရှင်ဘုရင်က ဆွမ်းကို အခေါ်ခိုင်းလိုက်ပါတယ်၊ အနားကို ရောက်လာတဲ့အခါ "သင်က ငါညွှန်ပြတဲ့ လူတစ်ယောက်စကားပြောနေခိုက် သူမသိခင်မှာဘဲ ဝမ်းထဲမှာ ဆိတ်ချေးတွေ ပြည့်သွားအောင် ပစ်သွင်းနိုင်ပါ့မလား ?" လို့ မေးပါတယ်။

ဆွမ်းက "ပစ်သွင်းနိုင်ပါလိမ့်မယ်" လို့ ဝန်ခံပါတယ်၊ ဒါကို သဘောကျတာနဲ့ပဲ ရှင်ဘုရင်က မိမိနန်းတော်သို့ ဆွမ်းကို ခေါ်သွားပါတယ်၊ နန်းတော်တွင်းကို ရောက်တဲ့အခါ ရှင်ဘုရင်ကိုယ်တိုင် ငြီးငွေ့စိတ်ပျက်ရလောက်အောင် စကားများလှတဲ့ ပုရောဟိတ်ပုဏ္ဏားကို အခေါ်ခိုင်းလိုက်ပါတယ်၊ ပုရောဟိတ်ပုဏ္ဏားနှင့်အတူ ၂–ယောက်ချင်း ကုလားကာ ကာထားတဲ့နေရာမှာ ထိုင်နေတိုင်ပင်ရင်း ဆွမ်းကို အခေါ်ခိုင်းလိုက်ပါတယ်။

ဆွမ်းက တစ်စလယ်လောက်ရှိတဲ့ ဆိတ်ချေးတွေကို ယူပြီး လိုက်လာခဲ့ပါတယ်၊ ရှင်ဘုရင်ရဲ့ အရိပ်အကဲကို ကြည့်ပြီး ပုရောဟိတ်ပုဏ္ဏားရဲ့ ရှေ့တည့်တည့်မှာ နေရာယူထားပါတယ်၊ ပုရောဟိတ်ပုဏ္ဏားက စကားပြောမယ်လို့ ပါးစပ်ကို တစ်ခါဟရင် ဆိတ်ချေးတစ်လုံး, နောက်တစ်ခါဟရင် ဆိတ်ချေးတစ်လုံး ကုလားကာအပေါက်က လည်ချောင်းဝရောက်အောင် ပစ်ထည့်နေပါတယ်၊ ပုရောဟိတ်ပုဏ္ဏားက ရုက်တာနဲ့ ထွေးမပစ်ဘဲ အကုန်လုံးကို မျိုချထားပါတယ်။

ဆိတ်ချေးတွေက ဝမ်းမှာပြည့်လာမှ သူ့ကို ရှင်ဘုရင်က "ဆရာ ! သွားတော့၊ စကားများခြင်းရဲ့အကျိုးကို အပြည့်အဝရထားမှပဲ၊ အိမ်ကိုပြန်ပြီး အန်ဆေးလေးသောက်လိုက်ပါဦး" လို့ ပြောဆိုလွှတ်လိုက်ပါတယ်၊ အဲဒီအချိန်ကစပြီး ရှင်ဘုရင်ကလဲ နားငြီးသက်သာသွားပါတယ်။

http://www.dhammadownload.com

ရှင်ဘုရင်က သဘောကျလှတဲ့အတွက် ငဆွံ့အား ရွာ ၁၆–ရွာကို ပေးပါတယ်၊ ငဆွံ့က ရွာတွေကို ရလာတဲ့အခါ မိမိကိုလဲ ချမ်းသာစေပါတယ်၊ အခြေအရံ ပရိသတ်ကိုလဲ ချမ်းသာစေပါတယ်၊ ရဟန်းသူတော်ကောင်း–စသူတို့အား ထိုက်သည့် အားလျော်စွာ ပေးကမ်းလှူဒါန်းရင်း ခုဘဝအကျိုးစီးပွား, နောင်ဘဝအကျိုးစီးပွား တို့ကို မယုတ်လျော့စေဘဲ ချမ်းသာစွာ အသက်မွေးနေနိုင်ပါတယ်၊ မိမိထံချဉ်းကပ်ပြီး အတတ်သင်တဲ့ လူတွေကိုလဲ ထမင်းဖိုး ပေးထားပါတယ်။

အဲဒီအချိန်မှာပဲ လူတစ်ယောက်က ငဆွံ့ထံက အထောက်အပံ့(ထမင်းဖိုး) မယူဘဲ ငဆွံ့ထံ လာရောက်ပြီး အတတ်ပညာ သင်ယူပါတယ်၊ ငဆွံ့ကလဲ သူ့ကို အတတ်ပညာ သင်ပေးထားပါတယ်၊ အဲဒီလူက အတတ်ပညာ သင်ပြီးတဲ့အခါ မိမိအတတ်ကို စမ်းလိုတာနဲ့ ထွက်လာခဲ့ပါတယ်၊ ဂင်္ဂါမြစ်နားမှာ သီတင်းသုံးနေတော်မူတဲ့ သုနေတ္တပစ္စေကဗုဒ္ဓါရဲ့ ဦးခေါင်းကို ကျောက်ခဲ(လောက်စာ)လုံးနဲ့ ပစ်ခွဲလိုက်ပါတယ်၊ ပစ္စေကဗုဒ္ဓါက အဲဒီဂင်္ဂါမြစ်နားမှာပဲ ပရိနိဗ္ဗာန်စံလွန်တော်မူသွားပါတယ်။

လူတွေက ဒီအကြောင်းကို ကြားသိရတဲ့အတွက် အဲဒီလူကို ခဲတွေ တုတ်တွေနဲ့ ရိုက်နှက်ပုတ်ခတ်ပြီး အဲဒီနေရာမှာပဲ အသက်ကုန်ဆုံးစေကြပါတယ်၊ သေပြီးသည့်နောက် အဲဒီလူက အဝီစိငရဲမှာ ဖြစ်ပြီး နှစ်ထောင်ပေါင်းများစွာကြာအောင် ဆင်းရဲခဲကွ ခံနေခဲ့ရပါတယ်။

အဲဒီအကုသိုလ်ကံရဲ့ အကျိုးကြွင်းအနေနဲ့ ဂေါတမဗုဒ္ဓရဲ့ လက်ထက်တော် ရောက်လာတော့ ရာဇဂြိုဟ်မြို့အနီးမှာ ပြိတ္တာဖြစ်နေပါတယ်၊ ကံနှင့်တူတဲ့ အကျိုးအနေနဲ့ နံနက်ပိုင်းအချိန်မှာရော, နေ့လယ်ပိုင်းအချိန်မှာရော, ညနေပိုင်းအချိန်မှာရော သံတူကြီး ၆–သောင်းတို့က ခေါင်းပေါ်မှာ အဆက်မပြတ် ကျရောက်ထုနှက်နေကြပါတယ်။

"ဒီဝတ္ထုက ဘာသင်ခန်းစာကို ပေးနေတယ်–ဆိုတာ မတင့်တင့်ဝေကပြောပြစမ်းပါဦး"။

"အသိပညာ, အတတ်ပညာတစ်မျိုးတည်းကပဲ သင်ယူထားတဲ့ ပုဂ္ဂိုလ်ရဲ့ ဆန္ဒအလိုက် အချို့ပုဂ္ဂိုလ်အတွက် မင်္ဂလာဖြစ်ပြီး၊ အချို့ပုဂ္ဂိုလ်အတွက် အမင်္ဂလာဖြစ်လာတတ်ပါတယ်၊ နည်းမှန်လမ်းမှန် အသုံးချတတ်သူအတွက်သာ ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာဖြစ်ပြီး နည်းမှန်လမ်းမှန် အသုံးမချတတ်သူအတွက် ပျက်စီးဒုက္ခရောက်စရာ အမင်္ဂလာသာ ဖြစ်လာရပါတယ်။

http://www.dhammadownload.com

ဒီဝတ္ထုမှာပါလာတဲ့ လေးပစ်အတတ်ပညာ တစ်ခုတည်းကပဲ နည်းမှန်လမ်းမှန် အသုံးချတတ်တဲ့ ငဆွံ့အတွက် ကိုယ်တတ်ထားတဲ့ပညာက ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာဖြစ်ပြီး နည်းမှန်လမ်းမှန် အသုံးမချဘဲ လွဲလွဲမှားမှား အသုံးချတဲ့ ငဆွံ့ရဲ့တပည့်အတွက် သူသင်ယူထားတဲ့ ပညာက မင်္ဂလာဖြစ်မလာဘဲ အမင်္ဂလာသာ ဖြစ်လာရပါတယ်။

ဒါတွေက အခု ပညာသင်ယူနေကြတဲ့ တပည့်တော်တို့ ကျောင်းသူကျောင်းသားတွေအား မိမိတို့သင်ယူထားတဲ့ အတတ်ပညာကို လွဲလွဲမှားမှား အသုံးမချကြဘဲ မှန်မှန်ကန်ကန်သာ အသုံးချကြရမယ်၊ ဒါမှ မိမိတို့ သင်ယူထားတဲ့ ပညာဟာ ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာဖြစ်မယ်–ဆိုတဲ့ သင်ခန်းစာကို ဒီဝတ္ထုက ပေးနေပါတယ်။

ပညာသင်ရာမှာ ရည်ရွယ်ချက် မှန်ပါစေ

ဒါ့အပြင်– ဝိဇ္ဇာပညာမျိုးကိုပဲဖြစ်ဖြစ်, သိပ္ပံပညာမျိုးကိုပဲဖြစ်ဖြစ် သင်ယူကြတဲ့အခါမှာ ရည်ရွယ်ချက် မှန်ကန်ရန်လဲ လိုပါသေးတယ်၊ တို့ဟာ ပညာတတ်လို့ အရွယ်ရောက်လာတဲ့အခါ ကိုယ်တတ်ထားတဲ့ ပညာနဲ့ မိဘကို လုပ်ကျွေးမယ်၊ သားမယားကို ချီးမြှောက်ထောက်ပံ့မယ်၊ ဆွေမျိုးမိတ်သင်္ဂဟတွေကို ကူညီထောက်ပံ့မယ်၊ တိုင်းပြည်ရဲ့တာဝန်ကို ထမ်းဆောင်မယ်၊ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးတိုးတက်ကြီးပွားအောင် လုပ်မယ်၊ ကုသိုလ်ကောင်းမှု ပြုလုပ်မယ်၊ သာသနာတော်ကို ကူညီထောက်ပံ့မယ်၊ အစရှိသော ကောင်းတဲ့စိတ်ထား, ကောင်းတဲ့ရည်ရွယ်ချက်မျိုးနှင့်သာ သင်ကြားသင့်ပါတယ်၊ ဒီလို သင်ယူသူတွေမှာ ပညာသင်ချိန်ကစပြီး ကုသိုလ်အစု ကောင်းမှုမင်္ဂလာတွေသာ ထပ်ကာထပ်ကာ ဖြစ်နေတတ်ပါတယ်၊ ပညာတတ်မြောက်လာလို့ မိမိတို့ ရည်မှန်းချက်အတိုင်း လုပ်ကိုင်ဆောင်ရွက်နေတဲ့အခါမှာလဲ ကုသိုလ်အစု ကောင်းမှုမင်္ဂလာတွေက အရှိန်အဟုန်နဲ့ ဖြစ်နေပါတော့တယ်။

အဲဒီလိုစိတ်ထားမျိုး မရှိဘဲ ပညာတတ်တဲ့အခါ သူများအပေါ်မှာ ဗိုလ်ကျမယ်၊ ကိုယ်တတ်ထားတဲ့ ပညာနဲ့ ပစ္စည်းဥစ္စာ ရှာဖွေမယ်၊ ပစ္စည်းဥစ္စာရရှိလာတဲ့အခါ အပျော်အပါး လိုက်စားမယ်၊ သောက်စားမယ်၊ မိမိလို ပညာမတတ်သူတွေကို ဖိနှိပ်မယ်–အစရှိတဲ့ စိတ်မျိုးနဲ့ သင်ယူနေပါက ပညာသင်ယူနေတဲ့ တစ်ချိန်လုံးမှာ အကုသိုလ်အစု မကောင်းမှုတွေသာ ဖြစ်နေတတ်ပါတယ်၊ ပညာတတ်ပြီးတဲ့နောက် ရည်ရွယ်ချက်အတိုင်း ပြုမူလုပ်ကိုင်ဆောင်ရွက်နေပါရင် သူရဲ့လုပ်သမျှ ကိုင်သမျှဟာ အကုသိုလ်အစု မကောင်းမှုတွေချည်းသာ ဖြစ်လာစရာ ရှိပါတယ်၊ ဒါ့အပြင်–

http://www.dhammadownload.com

လက်ရှိဘဝမှာပဲ လူမုန်းများခြင်း, ရာထူးလျော်ကျခြင်း, အရှိန်အစော်မဲ့ခြင်း, စီးပွားဥစ္စာ ပျက်စီးခြင်း–အစရှိတဲ့ အကျိုးမဲ့တွေကိုသာ ရရှိမှာ ဖြစ်ပါတယ်။

ဥစ္စာဟူသည် မျက်လှည့်မျိုး

လောကသူလောကသားများဖြစ်ကြတဲ့ လူတွေဆိုတာဟာ ပစ္စည်းဥစ္စာရှိမှသာ လူရာဝင်ကြပါတယ်၊ တင့်တောင့်တင့်တယ် ဝတ်နိုင်စားနိုင် နေထိုင်နိုင်ကြပါတယ်၊ ဒါ့ကြောင့် လောကသူလောကသားတွေဖြစ်ကြတဲ့ လူများက ပစ္စည်းဥစ္စာကို ကျားကုတ်ကျားခဲ မရမနေ ရှာဖွေနေကြရပါတယ်၊ အဲဒီလောကသူလောကသားတွေ ရှာဖွေနေကြတဲ့ ပစ္စည်းဥစ္စာတွေက–

၁။ ဒါန, သီလအစရှိသော ကုသိုလ်ကောင်းမှုဆိုတဲ့ အနုဂါမိကပစ္စည်းဥစ္စာ,
၂။ လယ်ယာကိုင်းကျွန်း, ဥယျာဉ်ခြံမြေအစရှိတဲ့ ထာဝရပစ္စည်းဥစ္စာ,
၃။ ကျွဲ, နွား, ဆင်, မြင်းအစရှိတဲ့ ဓင်္ဂမပစ္စည်းဥစ္စာ,
၄။ ရွှေ, ငွေ, စိန်, ကျောက်အစရှိတဲ့ သံဟာရိမပစ္စည်းဥစ္စာ,
၅။ တတ်သိနားလည်ထားတဲ့ အတတ်ပညာဆိုတဲ့ အင်္ဂသမပစ္စည်းဥစ္စာ–

ဒီလို ၅–မျိုး ရှိနေပါတယ်။ [၁]

ဒီပစ္စည်းဥစ္စာ ၅–မျိုးအနက် ထာဝရပစ္စည်းဥစ္စာ, ဓင်္ဂမပစ္စည်းဥစ္စာ, သံဟာရိမပစ္စည်းဥစ္စာတွေဟာ ရလွယ်ပျက်လွယ် ဖြစ်ပါတယ်၊ စိတ်မချရပါ၊ ရှာလို့ဖွေလို့ ရလွယ်သလောက် အပျက်အစီး မြန်ပါတယ်၊ ရန်သူမျိုး ၅–ပါးနှင့် ဆက်ဆံနေပါတယ်၊ ရေကြောင့်လဲ ပျက်စီးတတ်ပါတယ်၊ မီးကြောင့်လဲ ပျက်စီးတတ်ပါတယ်၊ မင်းကြောင့်လဲ ပျက်စီးတတ်ပါတယ်၊ ခိုးသားဓားပြကြောင့်လဲ ပျက်စီးတတ်ပါတယ်၊ သားဆိုးသမီးဆိုးကြောင့်လဲ ပျက်စီးတတ်ပါတယ်၊ ဒါ့အပြင်– ဥစ္စာရှင်က အသုံးနှင့် အဖြုန်းကို နားမလည်တဲ့အတွက်ကြောင့်လဲ ပျက်စီးတတ်ပါတယ်၊ ဥစ္စာရှင်က အသက်နှင့်ကိုယ် တည်မြဲနေသလောက် ပစ္စည်းဥစ္စာက တည်နေမလား ?၊ ပျက်စီးသွားမလား ? ဆိုတာ ဘယ်သူကမှ မသိမမြင်နိုင်ပါ၊ ဥစ္စာရှင်ကသော်လဲ ပစ္စည်းဥစ္စာကို စွန့်သွားတတ်ပါတယ်၊ ပစ္စည်းဥစ္စာကသော်လဲ ဥစ္စာရှင်ကို စွန့်သွားတတ်ပါတယ်။

ဘယ်လိုမှ စိတ်ချနိုင်စရာ မရှိပါ၊ ဒီနေ့ ကိုယ့်အိမ်ကိုယ်ယာနဲ့ ထည်ထည်ဝါဝါ နေနိုင်ပေမယ့် နက်ဖန်ခါ နေမြင်လမြင်တဲကလေးနဲ့ နေရတဲ့ ဘဝမျိုးကို ရောက်ရတတ်ပါတယ်၊ ဒီနေ့ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝနေပေမယ့် နက်ဖန်ခါ ကုန်းကောက်စရာ မရှိတဲ့ ဘဝမျိုးကို ရောက်ရတတ်ပါတယ်၊ ကိုယ့်ပစ္စည်းဥစ္စာလို့ တကယ်အားကိုး

၁။ သုတ္တနိ–၄–၁၊ ၂၅။

http://www.dhammadownload.com

စရာ ဘာတစ်ခုမှ မရှိပါ၊ မဟုတ်တာကိုပဲ တကယ်အဟုတ်အမှန်ဖြစ်သလို မျက်လှည့်သည်တွေက လူတို့အား လိမ်လည်ပြသ-တဲ့ ဝတ္ထုမျိုးလိုသာ ဖြစ်နေပါတော့တယ်၊ ဒါ့ကြောင့် "ဥစ္စာ–ဟူသည် မျက်လှည့်မျိုး" လို့ ဆိုရိုးပြုလာခဲ့ကြပါတယ်။

ပညာ-ဟူသည် မြတ်ရွေအိုး

မိမိတို့ ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် စတင်သင်ယူလာခဲ့တဲ့ ဝိဇ္ဇာပညာ, သိပ္ပံပညာတွေဟာ မိမိတို့ရဲ့ ခြေလက်အင်္ဂါနှင့်တူတဲ့အတွက် အင်္ဂသမပစ္စည်းဥစ္စာ မည်ပါတယ်၊ အဲဒီအင်္ဂသမပစ္စည်းဥစ္စာ–ဆိုတဲ့ အတတ်ပညာတွေဟာ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုနိုင်တဲ့ အတတ်ပညာချည်းသာ ဖြစ်ပါတယ်၊ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူမပြုနိုင်တဲ့ အတတ်ပညာ–လို့ မရှိပါ၊ မိမိတို့ အသုံးချတတ်မှုကသာ အဓိကဖြစ်ပါတယ်၊ အသိပညာရှင်, အတတ်ပညာရှင်က မိမိတတ်ထားတဲ့ အတတ်ပညာကို အရင်အနှီးပြုပြီး ရောက်ရာအရပ်မှာ ချမ်းသာစွာ လုပ်ကိုင်စားသောက်နိုင်ပါတယ်၊ ပညာရှင်အား နှစ်သက်ကျေနပ်မှုကိုလဲ အပြည့်အဝ ပေးနိုင်ပါတယ်၊ ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာက "ပညာ–ဆိုတာဟာ သတ္တဝါတွေရဲ့ ရတနာအစစ်ဖြစ်တယ်" လို့ မိန့်တော်မူထားပါတယ်။

အဲဒီ အင်္ဂသမပစ္စည်းဥစ္စာဟာ ရခဲပျက်ခဲတဲ့သဘော ရှိပါတယ်၊ တစ်ခါရရှိထားရင် မပျက်စီးနိုင်တော့ပါ၊ ရန်သူမျိုး ၅–ပါးနှင့်လဲ မဆက်ဆံပါ၊ မီးကြောင့်လဲ မပျက်စီးနိုင်၊ ရေကြောင့်လဲ မပျက်စီးနိုင်၊ မင်းကြောင့်လဲ မပျက်စီးနိုင်၊ ခိုးသားဓားပြကြောင့်လဲ မပျက်စီးနိုင်၊ သားဆိုးသမီးဆိုးကြောင့်လဲ မပျက်စီးနိုင်တော့ပါ၊ အသိပညာရှင်, အတတ်ပညာရှင်က စိတ်သဘောထား မှန်ကန်စွာနဲ့ အသက်နှင့်ကိုယ်တည်မြဲနေသမျှ တည်မြဲနေပါတော့တယ်၊ အလိုရှိသလို အသုံးပြုနိုင်ပါတော့တယ်၊ အသုံးပြုလို့လဲ ကုန်သွားရိုး မရှိပါ၊ အသုံးပြုလေလေ တိုးပွားလာလေလေသာ ဖြစ်ပါတယ်၊ အလိုရှိတိုင်း ထုတ်ယူသုံးစွဲလို့ မကုန်နိုင်တဲ့ ဣစ္ဆာသယရွေအိုးကြီးသဖွယ်သာ ဖြစ်နေပါတော့တယ်၊ "ပညာရွေအိုး လူမခိုး၊ ပညာ–ဟူသည် မြတ်ရွေအိုး" ဆိုတဲ့ စကားတွေလဲ ဒါကိုပဲ အကြောင်းပြုလို့ ပေါ်ပေါက်လာရတာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒီအင်္ဂသမပစ္စည်းဥစ္စာမျိုးကို မရမနေ ရှာဖွေစုဆောင်းထားသင့်ပါတယ်။

ဥစ္စာမျိုးစုံ ရနိုင်ပုံ

ဒါ့အပြင် မိမိတို့ တတ်သိနားလည်ထားသော အတတ်ပညာ-ဆိုတဲ့ အင်္ဂသမပစ္စည်းဥစ္စာနဲ့ ရင်းနှီးရှာဖွေပါက ထိုက်သည်အားလျော်စွာ လယ်ယာကိုင်းကျွန်း ဥယျာဉ်ခြံမြေ အစရှိတဲ့ ထာဝရပစ္စည်းဥစ္စာကိုလဲ ရနိုင်ပါတယ်၊ ကျွဲနွားဆင်မြင်း အစရှိတဲ့ ဇင်္ဃမပစ္စည်းဥစ္စာကိုလဲ ရနိုင်ပါတယ်၊ ရွှေငွေစိန်ကျောက် အစရှိတဲ့ သဲဟာရိမပစ္စည်းဥစ္စာကိုလဲ ရနိုင်ပါတယ်၊ နိဗ္ဗာန်ရသည်

http://www.dhammadownload.com

အထိ မိမိနောက်ကို အစဉ်တစိုက် လိုက်ပါလာမယ့် ဒါနသီလ အစရှိသော ကုသိုလ်ကောင်းမှု–ဆိုတဲ့ အနုဂါမိကပစ္စည်းဥစ္စာကိုလဲ ရနိုင်ပါတယ်၊ မရနိုင်တဲ့ ပစ္စည်းဥစ္စာလို့ မရှိပါ၊ မိမိတတ်သိနားလည်းထားတဲ့ အတတ်ပညာကို မှန်မှန်ကန်ကန် အသုံးချတတ်ရန်သာ အရေးကြီးပါတယ်။

အဲဒီလို ရှာဖွေရရှိထားတဲ့ ထာဝရပစ္စည်းဥစ္စာ, ဇင်္ကပစ္စည်းဥစ္စာ, သဲဟာရိမ ပစ္စည်းဥစ္စာတွေက ဘေးရန်တစ်ခုခုကြောင့် ပျက်စီးဆုံးပါးသွားပေမယ့် အသိပညာ, အတတ်ပညာ–ဆိုတဲ့ အင်္ဂသမပစ္စည်းဥစ္စာ ကြွယ်ဝပြီး မိမိတတ်ထားတဲ့ အသိပညာ, အတတ်ပညာကို မှန်ကန်စွာအသုံးချတတ်သူအတွက် ဘဝပျက်စရာ မရှိပါ၊ မကြာလှတဲ့ အချိန်အတွင်းမှာပင် နဂိုအခြေအနေအတိုင်း ပြန်ဖြစ်လာနိုင်ပါတယ်။

အင်္ဂသမပစ္စည်းဥစ္စာ–ဆိုတဲ့ အတတ်ပညာမရှိသူမှာတော့ မိမွေဘမွေရရှိထားတဲ့ ပစ္စည်းဥစ္စာ, ကံအားလျော်စွာ အကြောင်းတစ်စုံတစ်ရာကြောင့် ရရှိထားတဲ့ ပစ္စည်းဥစ္စာတွေ သုံးမကုန် ဖြုန်းမကုန် ထင်ရလောက်အောင် ရှိနေပေမယ့် ဘဝအတွက် ခိုင်မြဲတဲ့ ထောက်တည်ရာ မဖြစ်နိုင်ပါ၊ ဘေးရန်တစ်စုံတစ်ရာကြောင့် ပစ္စည်းဥစ္စာ ဆုံးပါးပျက်စီးသွားတဲ့ တစ်နေ့မှာ ထောက်တည်ရာ မရတော့ဘဲ ဘဝပျက်သွားရပါတယ်။

ဒါ့ကြောင့် ဘဝကို မြတ်နိုးသူတိုင်း ငယ်ငယ်ရွယ်ရွယ်ကစပြီး အသိပညာ, အတတ်ပညာ–ဆိုတဲ့ အင်္ဂသမပစ္စည်းဥစ္စာ ကြွယ်ဝနိုင်သမျှ ကြွယ်ဝအောင် စုဆောင်းထားသင့်ပါတယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

မကောင်းတုံလတ်, ပါပဝင့်မှ, ကင်းလွတ်သမျှ, သိပ္ပကဲမြတ်, အတတ်ထူးလည်, တတ်သည်တစ်ကြောင်း–။

ဒီလို သိပ္ပမင်္ဂလာရဲ့သဘောကို မုံရွေးဆရာတော်က မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် မကောင်းမှု–အကုသိုလ်ဆိုတဲ့ ဝဂယက်မှ လွတ်ကင်းသမျှ (အပြစ်မရှိတဲ့) လွန်ကဲမြင့်မြတ်သော အတတ်ထူးကို တတ်ကျွမ်းခြင်းဟာ သိပ္ပမင်္ဂလာမည်ပါတယ်။

ဒါ့အပြင်–

ပညာလွန်ကျူး, ဂုဏ်အထူးနှင့်, ကျေးဇူးရှိမှု, ထိုသူအား, ခေါင်းပါးဆင်းရဲ, ရှိမည်ခဲ။ [၁]

၁။ တောင်ဖီလာဆရာတော်။

http://www.dhammadownload.com

ဆရာကိုကပ်သဖြင့်လည်း အတတ်ပညာရရာသည် တစ်နည်း၊ ပစ္စည်းဥစ္စာပေးမှသာ ပညာရရာသည်လည်း တစ်ရပ်၊ အတတ်ချင်းလဲလှယ်၍ ရရာသည်လည်း တခြား၊ ဤသုံးပါးသော ပညာရနည်းကို ထောက်လျှင် လေးခုမြောက် မရှိ။ [၁]

ပညာအတတ်, ကျေးဇူးမြတ်နှင့်, ဂုဏ်သတ္တိမှာ, ဘယ်အရာမျှ, နှိုင်းရာမတူ, ခိုးသားမူလည်း, မယူနိုင်ရာ, မြိမြံစွာ၏၊ ပညာမြော်မြင်, အတတ်လျှင်ကား၊ ဆွေခင်ပွန်းစစ်, မှီရာဖြစ်ရှင့်။ [၂]

တင့်ခေါင်ရွယ်လျ, ပထမက, သိပ္ပကြွေ့ကြွေ့, ထိုကောင်းမွေ့ကို, လွေ့လွေ့ကုန်စင်, သင်တုံနေ့ည, ဒုတိယဝယ်, ဓနဥစ္စာ, ရတနာမြို့တော, ရွှေငွေပြည့်လျှံ, ကုံထံပစ္စည်း, ဆည်းတုံလောက်ငါ, တတိယ၌, ပုညတက်တိုး, ကောင်းအောင်ကြိုးလျက်, ကောင်းကျိုးစီးပွား, ထွားထွားပင်စည်, ခက်ညွန့်ရှည်လျက်, လူပြည်နတ်ရွာ, ချမ်းသာစုန်ဆန်, အဆုံးစွန်လည်း, နိဗ္ဗာန်ရောက်လို့, မြစ်နားခိုလော့၊ ရွတ်အိုထိုင်းတွ, စတုတ္ထ–ဟု, မှည့်လှသစ်သီး, ကြွေလုနီး၌, ခရီးမမှား, ဖြောင့်ဖြောင့်သွား၍- - - အများရယ်ဖွယ် ဝေးစေမင်း။ [၃]

ပညာရှိမှ ထင်မြင်သည်၊ အသင်အကြားရှိမှ မှတ်သားမိသည်၊ အတတ်မျိုးစုံမှ ကဲပေးသည်။ [၄]

အဋ္ဌာရသ, သိပ္ပတို့တွင်, တစ်အင်အင်၌, တတ်ချင်မရှု, ဗဟုသုတ, ဆန္ဒမသက်, ကြက်တိုက် အန်လောင်း, မကောင်းကျင့်ဖောက်, သောက်စားရှင်ပျော်, ဆယ်ဖော်ပုည, ကုသလ–ဟု, စာဂအရေး, အလွန်ဝေး၍, အလေးမမူ, ထိုသူတို့သည်, လူဖြစ်ကျိုးနပ်မည်လက္ခဏာသို့ မရောက်ရာ။ [၅]

စေ့ချဉ်းကပ်နီး, ယှဉ်နှောနီး၍, ကြီးသူမြတ်အား, မပြတ်ရိသေ, မထေမပြု, ဗဟုသုလည်း, စုလေ့ရရာ, ရတိုင်းရှာရှင့်, နည်းနားတရား, ကြားမြင်များမှ, ထင်ရှားပညာ, ဖြစ်သည်သာတည်း။ [၆]

လူရေးလိမ္မာ, ငယ်သောခါက, ဝိဇ္ဇာသိပ္ပ, လူ့ကိစ္စကို, လုံ့လကြိုးစာ, မသင်ရှာမူ, ဟာသ်ရွှေရောင်, ရွှေငှက်ဘောင်တွင်, အတောင်ဖြူကာ, ဗျိုင်းပမာလျှင်, မျက်နှာမရှင်, သဘင်မပြု, ခံတွင်းမဲ့သို့, ချို့တဲ့ယုတ်မာ, ညှိုးမူရာဖြင့်, ဖြစ်ရာတတ်လှ, ငယ်စဉ်ကလျင်, လုံ့လမကွာ, ပညာသိပ္ပ, လူ့ကိစ္စကို, နေ့ညမပျက်, တောင်တက်သောနည်း, နိသရည်းယူထွေ, သင်ရစေ–ဟု–။ [၇]

၁။ လုံးတော်ဆရာတော်။ ၂။ သားရွှေ–၁၅။ ၃။ မာတောဝါဒ–၃၈။
၄။ ကျည်းကန်ရှင်ကြီး။ ၅။ ကုလပုတ္တအာစရိယလင်္ကာ။
၆။ မဃဒေဝ–၁၉၈။ ၇။ ဥတိန္ဒ–၁၁။

http://www.dhammadownload.com

ကြီးခိုင်လုံလ, ဥဿာဟဖြင့်, ခြနှင့်ပုံထား, ပျားနှင့်ပုံထောက်, ရေပေါက်နည်းယူ, ထူထူထဲထဲ, သင်ကြားကြ၍, သိပ္ပပြည့်စုံ, ကုံလုံပညာ, တတ်လိမ့်မှာသော်-။ [၁]

လောကရပ်ခွင်, လူတို့တွင်ကား, သိမြင်လိမ့်မှာ, ပညာမရှိ, ဖြစ်တုံဘိမူ, မျက်စိတစ်ထောင်, ဆောင်သည့်သိကြား, မ-စင်ားလည်း, စီးပွားချမ်းသာ, မတည်ရာရှင့်။ [၂]

ဒီလိုလဲ မိန့်ဆိုထားကြပါသေးတယ်။

၉။ ဝိနယောစ သုသိက္ခိတော

[ဝိနယော-ကိုယ်ကျင့်ဝိနည်းကို= အဆုံးအမကို+ သုသိက္ခိတော-ကောင်းစွာသင်ခြင်း, ကျင့်ခြင်း။] သိက္ခိတရဲ့ အဓိပ္ပာယ်က သင်ခြင်းမျှသာ ဖြစ်ပါတယ်၊ ဒါပေမယ့် သင်ရုံမျှနဲ့ မဂ်လာမဖြစ်ပါ၊ သင်ပြီးကျင့်မှသာ မဂ်လာဖြစ်ပါတယ်၊ ဒါ့ကြောင့် ကျင့်ခြင်းကိုပါ ထည့်ဆိုထားရပါတယ်၊ အဆုံးအမကို ကောင်းစွာသင်ယူခြင်း, ဆုံးမတဲ့အတိုင်းပြုလုပ်ပြောဆိုခြင်းကိုပဲ "ဝိနယောစ သုသိက္ခတော"လို့ ဆိုပါတယ်။

ဒီအထဲမှာ ပါလာတဲ့ ဝိနယ-ဆိုတာက ကိုယ်အမူအရာ ယဉ်ကျေးအောင်, နှုတ်အမူအရာ ယဉ်ကျေးအောင်, ဆုံးမပဲ့ပြင်ပေးတတ်တဲ့ စည်းကမ်းတွေပဲ ဖြစ်ပါတယ်၊ အဲဒီဝိနယကိုပဲ ဝိနည်း-လို့လဲ မြန်မာမှု ပြုထားကြပါတယ်။

အဲဒီဝိနည်းက ရဟန်းဝိနည်း, လူဝိနည်း-လို့ ၂-မျိုးရှိရာ အာပတ် ၇-ပုံသို့ မရောက်အောင်ကျင့်ခြင်း, အာပတ်မသင့်ရအောင်ကျင့်ခြင်းဟာ ရဟန်းဝိနည်းမည်ပါတယ်၊ တစ်နည်းအားဖြင့် ပြောရမယ်-ဆိုရင် စတုပါရိသုဒ္ဓိသီလကို ကောင်းစွာစောင့်စည်းခြင်းဟာ ရဟန်းဝိနည်း မည်ပါတယ်၊ ဒီဝိနည်းက အရဟတ္တဖိုလ်ရောက်အောင် ကျင့်ခြင်းဖြင့် လောကီလောကုတ္တရာချမ်းသာကို ရနိုင်တဲ့အတွက် မဂ်လာမည်ပါတယ်။

အကုသလကမ္မပထတရား ၁၀-ပါးမှ ရှောင်ကြဉ်ခြင်းကတော့ လူဝိနည်းမည်ပါတယ်၊ အဲဒီလူဝိနည်းကို ကောင်းစွာသင်ယူခြင်း, ကျင့်ခြင်းဟာ ယခုဘဝစီးပွားချမ်းသာ, နောင်ဘဝစီးပွားချမ်းသာကို ရွက်ဆောင်နိုင်တဲ့အတွက် ကြီးပွားချမ်းသာရေးအစစ် မဂ်လာဖြစ်ပါတယ်။

၁။ ဥတိန္ဒ-၁၃။ ဥတိန္ဒ-၆၈။

http://www.dhammadownload.com

အရိယာလိုလား သီလငါး

ဒီလို အဋ္ဌကထာဆရာက မိန့်ဆိုထားပေမယ့် ဒီနေရာမှာ ဒုစရိုက်ကရှောင်ကြဉ်လို့ သုစရိုက်ကိုကျင့်ပုံ, အကုသလကမ္မပထတရား ၁၀-ပါးကို ရှောင်ကြဉ်လို့ ကုသလကမ္မပထတရားကျင့်ပုံကို မပြောပြသေးဘဲ နောက်ခမ္မစရိယမင်္ဂလာကိုရောက်မှ ပြောပြပါ့မယ်။

ဒီနေရာမှာတော့ ဗုဒ္ဓဘာသာဝင်ဖြစ်က မကျင့်မနေရ ဇကန် ကျင့်ရမယ့်ဟာဖြစ်တဲ့ အခြေခံအရိယကန္တ ၅-ပါးသီလကို သိသာရုံမျှ ပြောပြသွားပါ့မယ်။

၁။ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်မှု,
၂။ သူ့ဥစ္စာကိုခိုးဝှက်လုယူမှုမှ ရှောင်ကြဉ်ခြင်း,
၃။ ကာမဂုဏ်တွေမှာ မှားမှားယွင်းယွင်းပြုကျင့်ခြင်းမှ ရှောင်ကြဉ်မှု,
၄။ မဟုတ်မမှန် လှည့်ပတ်ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု,
၅။ မူးယစ်ဆေးဝါးသောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်မှု-

ဒီ ၅-ပါးကိုတော့ အရိယာတို့ အင်မတန်နှစ်သက်မြတ်နိုးတဲ့ (အရိယကန္တ)သီလလို့ ခေါ်ပါတယ်၊ ဒီလောက်ကိုတော့ အများအားဖြင့် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တိုင်းက သိပြီးဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် သီလလုံခြုံအောင် တိတိကျကျ လိုက်နာကျင့်သုံးလိုပါက ဒီလောက်သိရုံမျှနဲ့ မလုံလောက်သေးပါ။

ကိုယ်တိုင်, တိုက်တွန်းချီးမွမ်း, စိတ်တူ

အဲဒီစောင့်ထိန်းရမယ့် သိက္ခာပုဒ် ၅-ပါးအနက် တစ်ပါးတစ်ပါးမှာ- ကိုယ်တိုင်ပြုလုပ်မှု, စေခိုင်းတိုက်တွန်းမှု, ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုမှု, သဘောတူမှု-လို့ ၄-ပါး ၄-ပါးစီ ကွဲပြားလာတဲ့အတွက် သိက္ခာပုဒ် ၅-ပါးက လွန်ကျူးတဲ့ဘက်မှာ -၂၀+ စောင့်ထိန်းတဲ့ဘက်မှာ-၂၀= ပေါင်း ၄၀-ဖြစ်လာပါတယ်၊ အများအားဖြင့် အကုသိုလ်မှု, ကုသိုလ်မှုတွေမှာ ဒီသဘောကို ရနိုင်ပါတယ်။

ကိုယ်တိုင်-တိုက်တွန်း, ချီးမွမ်း-စိတ်တူ, ပွားပြန်မှု, မှတ်ယူနှစ်ဆယ်သာ။
ဒုစရိုက်ဆယ်ပါး, နည်းတူပွား, မှတ်သားလေးဆယ်ပါ။

ဒီလိုလဲ အကျဉ်းမှတ်သားနိုင်ပါတယ်၊ ဒီ ၂၀-လုံးကို လုံလုံခြုံခြုံ ထိန်းသိမ်းစောင့်ရှောက်သူမျိုးကိုသာ အရိယကန္တ ၅-ပါးသီလနှင့် ပြည့်စုံသူ-လို့ ဆိုသင့်ပါတယ်။

ဒီသဘောများ သိသာထင်ရှားလာအောင် ဘုရားဟော ပါဠိတော်မှာ[၁] ထုတ်ဆောင်ပြောပြပါဦးမယ်။

၁။ ကိုယ်တိုင်သူ့အသက်ကိုသတ်သူ,
၂။ သူ့အသက်ကိုသတ်ရန် သူ့ကိုစေခိုင်းသူ,

၁။ အံ-၁၊ ၅၇၆။

http://www.dhammadownload.com

၃။ သူ့အသက်ကိုသတ်ခြင်းရဲ့ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုသူ,
၄။ သူ့အသက်သတ်မှုမှာ နှစ်သက်သဘောတူသူ-

ဒီလူ ၄-ယောက်တို့က ငရဲကို ရောက်ကြရပါတယ်။

၁။ ကိုယ်တိုင် သူ့အသက်ကိုသတ်မှုမှ ရှောင်ကြဉ်သူ,
၂။ သူ့ကို သူ့အသက်သတ်မှုမှ ရှောင်ကြဉ်စေသူ,
၃။ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်းရဲ့ ဂုဏ်ကျေးဇူးကိုပြောသူ,
၄။ သူ့အသတ်က်ကိုသတ်ခြင်းမှ ရှောင်ကြဉ်မှုကို နှစ်သက်သဘောတူသူ-

ဒီလူ ၄-ယောက်တို့က နတ်ပြည်ကို ရောက်ကြရပါတယ်။

၁။ ကိုယ်တိုင် သူဥစ္စာကို ခိုးယူသူ,
၂။ သူဥစ္စာကို ခိုးယူစေသူ,
၃။ ခိုးယူခြင်းရဲ့ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုသူ,
၄။ ခိုးယူခြင်းကို နှစ်သက်သဘောတူသူ-

ဒီလူ ၄-ယောက်တို့က ငရဲကို ရောက်ကြရပါတယ်။

၁။ သူဥစ္စာကို ခိုးယူခြင်းမှ ကိုယ်တိုင်ရှောင်ကြဉ်သူ,
၂။ သူ့ကို ခိုးယူခြင်းမှ ရှောင်ကြဉ်စေသူ,
၃။ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းရဲ့ ဂုဏ်ကျေးဇူးကို ပြောဆိုသူ,
၄။ ခိုးယူခြင်းမှ ရှောင်ကြဉ်မှုမှာ နှစ်သက်သဘောတူသူ-

ဒီလူ ၄-ယောက်တို့က နတ်ပြည်ကို ရောက်ကြရပါတယ်။

၁။ မိစ္ဆာစာရကို ကိုယ်တိုင်ပြုကျင့်သူ,
၂။ မိစ္ဆာစာရကို သူ့ကို ပြုကျင့်စေသူ,
၃။ မိစ္ဆာစာရကို ပြုကျင့်ခြင်းရဲ့ ဂုဏ်ကျေးဇူးကို ပြောဆိုသူ,
၄။ မိစ္ဆာစာရကို ပြုကျင့်ရာမှာ စိတ်တူသဘောတူ ပါဝင်သူ-

ဒီလူ ၄-ယောက်တို့က ငရဲကို ရောက်ကြရပါတယ်။

၁။ မိစ္ဆာစာရမှ ကိုယ်တိုင်ရှောင်ကြဉ်သူ,
၂။ မိစ္ဆာစာရမှ သူ့ကို ရှောင်ကြဉ်စေသူ,
၃။ မိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်းရဲ့ ဂုဏ်ကျေးဇူးကို ပြောဆိုသူ,
၄။ မိစ္ဆာစာရမှ ရှောင်ကြဉ်မှုမှာ နှစ်သက်သဘောတူသူ-

ဒီလူ ၄-ယောက်တို့က နတ်ပြည်ကို ရောက်ကြရပါတယ်။

http://www.dhammadownload.com

၁။ မဟုတ်မမှန် ကိုယ်တိုင်ပြောဆိုသူ,
၂။ မဟုတ်မမှန် သူ့ကို ပြောဆိုစေသူ,
၃။ မဟုတ်မမှန် ပြောဆိုခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုသူ,
၄။ မဟုတ်မမှန် ပြောဆိုရာမှာ စိတ်တူသဘောတူ ပါဝင်သူ-

ဒီလူ ၄-ယောက်တို့က ငရဲကို ရောက်ကြရပါတယ်။

၁။ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်သူ,
၂။ မဟုတ်မမှန်ပြောဆိုခြင်းမှ သူ့ကို ရှောင်ကြဉ်စေသူ,
၃။ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုသူ,
၄။ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ရာမှာ နှစ်သက်သဘောတူသူ-

ဒီလူ ၄-ယောက်တို့က နတ်ပြည်ကို ရောက်ကြရပါတယ်။

၁။ မူးယစ်ဆေးဝါးကို ကိုယ်တိုင်သုံးစွဲသူ,
၂။ မူးယစ်ဆေးဝါး သူ့ကို သုံးစွဲစေသူ,
၃။ မူးယစ်ဆေးဝါး သုံးစွဲခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုသူ,
၄။ မူးယစ်ဆေးဝါး သုံးစွဲမှုမှာ စိတ်တူသဘောတူ ပါဝင်သူ-

ဒီလူ ၄-ယောက်တို့က ငရဲကို ရောက်ကြရပါတယ်။

၁။ မူးယစ်ဆေးဝါး သုံးစွဲမှုမှ ကိုယ်တိုင် ရှောင်ကြဉ်သူ,
၂။ မူးယစ်ဆေးဝါး သုံးစွဲမှုမှ သူ့ကို ရှောင်ကြဉ်စေသူ,
၃။ မူးယစ်ဆေးဝါး သုံးစွဲမှုမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ပြောသူ,
၄။ မူးယစ်ဆေးဝါး သုံးစွဲမှုမှ ရှောင်ကြဉ်ရာမှာ စိတ်တူသဘောတူ ပါဝင်သူ-

ဒီလူ ၄-ယောက်တို့က နတ်ပြည်ကို ရောက်ကြရပါတယ်၊ ဒုစရိုက် ၁၀-ပါးကိုလဲ အလားတူပဲ ပွားများကြည့်သင့်ပါတယ်။

ပြုမူခြင်းနှင်း လူလေးစား

ဒီနေရာမှာ ယုတ်ညံ့သူ, ယုတ်ညံ့သူထက် ပို၍ယုတ်ညံ့သူ, သူတော်ကောင်း, သူတော်ကောင်းထက် ပို၍ကောင်းသူ-ဆိုတဲ့ ပုဂ္ဂိုလ် ၄-မျိုးကို ဘုရားဟော ပါဠိတော်မှ [၁] ထုတ်နုတ် ပြောပြပါဦးမယ်။

၁။ အံ-၁၊ ၅၃၉။

http://www.dhammadownload.com

၁။ ကိုယ်တိုင် သူ့အသက်ကိုသတ်သူ, သူ့ဥစ္စာကိုခိုးယူသူ, ကာမဂုဏ်မေထုန်မှုမှာ မှားမှားယွင်းယွင်းပြုကျင့်သူ, လိမ်ညာလှည့်ပတ်ပြောဆိုသူ, မူးယစ်ဆေးဝါး သောက်စားသုံးစွဲသူ၊ ဒီလူမျိုးကို လူယုတ်-လူညံ့-လို့ ခေါ်ပါတယ်။

၂။ ကိုယ်တိုင် သူ့အသက်ကိုသတ်တဲ့အပြင် သူ့ကိုလဲ သတ်စေသူ, ကိုယ်တိုင် သူ့ဥစ္စာကို ခိုးယူတဲ့အပြင် သူ့ကိုလဲခိုးယူစေသူ, ကိုယ်တိုင် ကာမမှုတွေမှာ မှားမှားယွင်းယွင်းပြုကျင့်တဲ့အပြင် သူ့ကိုလဲ ပြုကျင့်စေသူ, ကိုယ်တိုင် လိမ်ညာလှည့်ပတ် ပြောဆိုတတ်တဲ့အပြင် သူ့ကိုလဲ ပြောဆိုစေတတ်သူ, ကိုယ်တိုင် မူးယစ်ဆေးဝါး သောက်စားသုံးစွဲတဲ့အပြင် သူ့ကိုလဲ သောက်စားသုံးစွဲစေသူ၊ ဒီလူမျိုးကိုတော့ လူယုတ်လူညံ့ထက် ပို၍ယုတ်ညံ့သူ-လို့ ခေါ်ပါတယ်။

၃။ ကိုယ်တိုင် သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်သူ, သူ့ဥစ္စာကို ခိုးဝှက်လုယူခြင်းမှ ရှောင်ကြဉ်သူ, ကာမမှုတွေမှာ မှားယွင်းစွာပြုကျင့်ခြင်းမှ ရှောင်ကြဉ်သူ, မဟုတ်မမှန် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်သူ, မူးယစ်ဆေးဝါး သောက်စားသုံးစွဲမှုမှ ရှောင်ကြဉ်သူ၊ ဒီပုဂ္ဂိုလ်မျိုးကိုတော့ သူတော်ကောင်း-လို့ ခေါ်ပါတယ်။

၄။ ကိုယ်တိုင် သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်တဲ့အပြင် သူ့ကိုလဲ ရှောင်ကြဉ်စေသူ, ကိုယ်တိုင် သူ့ဥစ္စာကို ခိုးဝှက်လုယူခြင်းမှရှောင်ကြဉ်တဲ့အပြင် သူ့ကိုလဲ ရှောင်ကြဉ်စေသူ, ကိုယ်တိုင် ကာမမှုတွေမှာ မှားမှားယွင်းယွင်းပြုကျင့်ခြင်းမှ ရှောင်ကြဉ်တဲ့အပြင် သူ့ကိုလဲ ရှောင်ကြဉ်စေသူ, ကိုယ်တိုင် မဟုတ်မမှန် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်တဲ့အပြင် သူ့ကိုလဲ ရှောင်ကြဉ်စေသူ, ကိုယ်တိုင် မူးယစ်ဆေးဝါး သောက်စားသုံးစွဲမှုမှ ရှောင်ကြဉ်တဲ့အပြင် သူ့ကိုလဲ ရှောင်ကြဉ်စေသူ၊ ဒီသူမျိုးကိုတော့ သူတော်ကောင်းထက် ပို၍ကောင်းသူ-လို့ ခေါ်ပါတယ်။

ကိုယ်ချင်းစာတရား လက်ကိုင်ထား ဒီလောကမှာ သူတော်ကောင်း-ဆိုတဲ့ ဂုဏ်မျိုးကို ပိုက်ဆံငွေကြေး ပေးဝယ်လို့လဲ မရပါ၊ သူများထံက အသနားခံတောင်းယူလို့လဲ မရပါ၊ ခိုးဝှက်လုယူလို့လဲ မရပါ၊ ကိုယ်တိုင်ကျင့်မှသာ ရနိုင်ပါတယ်၊ အဲဒီလို ကိုယ်တိုင်ကျင့်ရန်လဲ ခဲယဉ်းလှမယ် မဟုတ်ပါ၊ ကိုယ်ချင်းစာတရား လက်ကိုင်ထားရုံနဲ့ပင် ဖြစ်နိုင်ပါတယ်။

၁။ သူများက ငါ့အသက်ကိုသတ်ရင် ငါကမနှစ်သက်သလို ငါကသူ့အသက်ကို သတ်ရင်လဲ သူများက နှစ်သက်ကြမယ် မဟုတ်၊ ကိုယ့်အသက်ကို ကိုယ်ချစ်ခင်မြတ်နိုးကြသူချည်းသာ ဖြစ်ကြပါတယ်၊ ဒီလို ကိုယ်ချင်းစာတရား လက်ကိုင်ထားရုံမျှနဲ့ သူ့အသက်ကို သတ်ခြင်းက ရှောင်ကြဉ်ပြီး ဖြစ်နိုင်ပါတယ်။

http://www.dhammadownload.com

၂။ ငါ့ဥစ္စာကို သူများက တိုက်ခိုက်ခိုးယူရင် ငါက မကြိုက်သလို သူများ ဥစ္စာကို ငါက တိုက်ခိုက်ခိုးယူရင်လဲ သူများက ကြိုက်ကြမယ်မဟုတ်၊ ကိုယ့်ဥစ္စာကို ချစ်ခင်မြတ်နိုးကြသူချည်းသာ ဖြစ်ကြပါတယ်၊ ဒီလို ကိုယ်ချင်းစာတရား လက်ကိုင်ထားရုံမျှနဲ့ သူဥစ္စာကို ခိုးယူခြင်းက ရှောင်ကြဉ်ပြီး ဖြစ်နိုင်ပါတယ်။

၃။ ငါ့မိန်းမနှင့် ငါ့ဆွေမျိုးသားချင်းအမျိုးသမီးတွေအား သူများက ကျူးလွန် စော်ကားတာကို ငါက မကြိုက်သလို ငါက သူများမိန်းမနှင့် သူတို့ရဲ့ ဆွေမျိုးသားချင်းအမျိုးသမီးတွေအား ကျူးလွန်စော်ကားတာကိုလဲ သူများက ကြိုက်ကြမယ် မဟုတ်ဘူး၊ ကိုယ့်မိန်းမနှင့် ကိုယ့်ဆွေမျိုးသားချင်းအမျိုးသမီးတွေကို ချစ်ခင်မြတ်နိုးကြသူချည်းသာ ဖြစ်ကြပါတယ်၊ ဒီလို ကိုယ်ချင်းစာတရား လက်ကိုင်ထားရုံမျှနဲ့ ကာမဂုဏ်တွေမှာ မှားမှားယွင်းယွင်းပြုကျင့်ခြင်းကလဲ ရှောင်ကြဉ်ပြီးဖြစ်နိုင်ပါတယ်။

၄။ ငါက သူများရဲ့ အလိမ်အညာခံရတာကို မကြိုက်သလို သူများကလဲ ငါ့ရဲ့အလိမ်အညာခံရတာကိုလဲ ကြိုက်ကြမယ် မဟုတ်၊ လူတိုင်းလူတိုင်းက အလိမ်အညာမခံလိုသူချည်းသာ ဖြစ်ကြပါတယ်၊ ဒီလိုကိုယ်ချင်းစာတရား လက်ကိုင်ထားရုံမျှနဲ့ သူတစ်ပါးအား မဟုတ်မမှန် လှည့်ပတ်ပြောဆိုမှုက ရှောင်ကြဉ်ပြီး ဖြစ်နိုင်ပါတယ်။

၅။ သူများက သောက်စားမူးယစ်ပြီး ရမ်းကားလာရင် ငါက မကြိုက်သလို ငါက သောက်စားမူးယစ်ပြီး ရမ်းကားလာရင်လဲ သူများက ကြိုက်ကြမယ် မဟုတ်၊ လူတိုင်းလူတိုင်းဟာ အစော်ကား အရမ်းကား မခံလိုသူချည်းသာ ဖြစ်ကြပါတယ်၊ ဒီလိုကိုယ်ချင်းစာတရား လက်ကိုင်ထားရုံမျှနဲ့ မူးယစ်ဆေးဝါး သောက်စားသုံးစွဲမှုက ရှောင်ကြဉ်ပြီး ဖြစ်နိုင်ပါတယ်။

ဒါ့အပြင်– သူများသားသမီးတွေက မူးယစ်ဆေးဝါး သောက်စားသုံးစွဲလို့ ဘဝပျက်သွားတာကို သူတို့ရဲ့ မိဘဆွေမျိုးတွေက မကြိုက်ကြသလို ငါက မူးယစ်ဆေးဝါး သောက်စားသုံးစွဲလို့ ဘဝပျက်သွားမှာကိုလဲ ငါရဲ့မိဘဆွေမျိုးတွေက ကြိုက်နိုင်ကြမယ် မဟုတ်၊ ငါ့ကို တယုတယ ပြုစုစောင့်ရှောက်လာကြတဲ့ မိဘဆွေမျိုးတွေ စိတ်ဆင်းရဲအောင် ငါက မလုပ်သင့်ဘူး၊ အင်မတန် ခဲခဲယဉ်းယဉ်း ရလာတဲ့ လူ့ဘဝကိုလဲ ငါက ဖျက်ဆီးမပစ်သင့်ပါဘူး၊ ဒီလို စဉ်းစားဆင်ခြင်နိုင်ရင်လဲ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းက ရှောင်ကြဉ်ပြီး ဖြစ်နိုင်ပါတယ်။

ဒီလို သီလလုံအောင် စောင့်ထိန်းရုံမျှနဲ့ သူတော်ကောင်း–ဆိုတဲ့ဂုဏ်ကို ရပြီး ဖြစ်ပါတော့တယ်၊ မိမိကိုယ်တိုင်က သီလလုံအောင် စောင့်ရှောက်တဲ့အပြင် သူများ

http://www.dhammadownload.com

ကိုလဲ ထိန်းသိမ်းစောင့်ရှောက်စေပါက သူတော်ကောင်းထက် ပို၍ကောင်းသူ–ဆိုတဲ့ ဂုဏ်ကိုပါ ရနိုင်ပါတယ်၊ "ပါးစပ်ကတော့ ဘုရားဘုရား, လက်ကတော့ ကိုးရိုးကားရား"ဆိုသလို လူအထင်ကြီးအောင် ဟန်ဆောင်နေရုံမျှနဲ့ သူတော်ကောင်းဖြစ်မလာနိုင်ပါ၊ "အပေါ်ယံ ရွှေမှုန်ကြဲ, အထဲက နောက်ချေးခဲ"ဆိုသလို အနှစ်မရှိတဲ့ လူ့အဆန်ချောင် ကြောင်သူတော်သာ ဖြစ်စရာ ရှိပါတယ်။

သီလဆင်က လူတိုင်းလှ

လောကလူသားတွေ ဝတ်ဆင်နေကြတဲ့ အဝတ်တွေမှာ ယောကျ်ားဝတ်, မိန်းမဝတ်–လို့ ခွဲခြားမှု ရှိနေပါတယ်၊ ယောကျ်ားဝတ်ကို ယောကျ်ားက ဝတ်စားဆင်ယင်မှ အဆင်ပြေပါတယ်၊ တင့်တယ်ပါတယ်၊ မိန်းမဝတ်ကို မိန်းမက ဝတ်စားဆင်ယင်မှ တင့်တယ်ပါတယ်၊ အဆင်ပြေ ပါတယ်၊ ယောကျ်ားတွေရဲ့ အဝတ်ကို မိန်းမကဝတ်ရင် မိန်းမတွေရဲ့အဝတ်ကို ယောကျ်ားကဝတ်ရင် အဆင်မပြေ မတင့်တယ်တဲ့အပြင် လူရယ်စရာသာ ဖြစ်လာပါတော့တယ်။

ဒါ့အပြင်– လူငယ်, လူလတ်, လူကြီး–ဆိုတဲ့ အရွယ် ၃–ပါးမှာ ကိုယ့်အရွယ်နှင့် သင့်တော်တဲ့ အဝတ်များကို ဝတ်စားဆင်ယင်မှသာ အဆင်ပြေကာ တင့်တယ်ပါတယ်၊ အမျိုးသမီးကလေးတွေဝတ်တဲ့ အဝတ်မျိုးကို ၇၀–ရွယ် ၈၀–ရွယ် အမယ်အိုတွေ ဝတ်ဆင်ပါက "အမယ်ကြီးနှယ် ဖြစ်မှဖြစ်ရပါပေတယ်၊ သေခါနီးလို့ ရိုက်ခွာယူလိုဟန်တူတယ်–လို့ လူအများကဲ့ရဲ့စရာ ဖြစ်လာတတ်ပါတယ်၊ ကာလသားအဝတ်မျိုးကို အဖိုးအိုများ ဝတ်ဆင်ပြန်ရင်လဲ "အဖိုးကြီးက သူငယ်ပြန်လာဟန်တူတယ်" လို့ သူများကဲ့ရဲ့စရာ ဖြစ်လာပါတယ်။

သီလ–ဆိုတဲ့ အဝတ်ကတော့ မတော်တဲ့သူရယ်လို့ မရှိပါ၊ မိန်းမက ဝတ်ဆင်ရင်လဲ မိန်းမနှင့်တော်တာပဲ၊ ယောကျ်ားက ဝတ်ဆင်ရင်လဲ ယောကျ်ားနှင့်တော်တာပဲ၊ အရွယ် ၃–ပါးမှာလဲ မတော်တဲ့အရွယ်ရယ်လို့ မရှိပါ၊ ကလေးက ဝတ်ဆင်ရင်လဲ "ဒီကလေးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ တယ်တော်တာပဲ"လို့ ချီးကျူးစရာ ဖြစ်လာပါတယ်၊ လူလတ်ပိုင်းက ဝတ်ဆင်ရင်လဲ "ဒီလူက တယ်တော်တယ်၊ ပျော်ပျော်ပါးပါးနေရမယ့် အချိန်မျိုးမှာ သီလစောင့်ထိန်းနိုင်ပါပေတယ်"လို့ ဂုဏ်တက်စရာသာ ဖြစ်လာပါတယ်၊ လူကြီးပိုင်းက ဝတ်ဆင်ပြန်ရင်လဲ "ဒီလူဟာ အရွယ်နှင့်လိုက်ဖက်အောင် တော်ပါပေတယ်၊ ကောင်းပါပေတယ်"လို့ နှစ်သက်ကြမယ်သာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် မိမိတို့ရဲ့ဂုဏ်ရည်တင့်အောင် အလှပြင်လိုသူတိုင်း သီလ–ဆိုတဲ့ အဝတ်ကလေးကို ဝတ်ဆင်ထားစေလိုပါတယ်။

(A)

http://www.dhammadownload.com

နတ်ပြည်တက်ရအောင် လှေကားထောင် နတ်ပြည်တက်လိုသူတွေက သီလ–ဆိုတဲ့ လှေကားကို ထောင်ထားကြရမယ်၊ အခြားလှေကားတွေကတော့ သီလလှေကားလို မစွမ်းဆောင်နိုင်ကြပါ၊ ဒါ့အပြင်– နိဗ္ဗာန်ရွှေမြို့တော်သို့ ဝင်လိုကလဲ သီလတံခါးပေါက်က ဝင်မှသာ ရောက်နိုင်ပါတယ်။

ဒီအဆိုပြုချက်ကို အနည်းငယ် ချဲ့ထွင်ပြောပြပါဦးမယ်၊ သီလဟာ နတ်ပြည်ကို တက်ရန် အာမခံလှေကားကြီး ဖြစ်ပါတယ်၊ အခြားကုသိုလ်ကောင်းမှုတွေ အများအပြား ရှိနေပေမယ့် သီလလှေကားပျက်နေသူအတွက် နတ်ပြည်တက်ရန် မဆိုထားပါနှင့်၊ လူပြည်မှာ လူပြန်ဖြစ်ရန်ပင် မလွယ်လှပါ၊ ဒါ့အပြင်– သီလဟာ နိဗ္ဗာန်မြို့တော်သို့ ဝင်ရောက်ရန် အပိတ်အပင်အတား‌အဆီး မရှိတဲ့ တံခါးပေါက်ကြီးလဲ ဖြစ်ပါတယ်၊ သီလတံခါးပြိုပျက်နေသူအတွက် သမထဝိပဿနာ ဘာဝနာအလုပ်ကို ဘယ်လောက်ပင် ကြိုးစားလုပ်ကိုင်စေကာမူ နိဗ္ဗာန်ဝင်ရောက်ရန်အရေးမှာ ဝေးလှသည်သာ ဖြစ်ရပါတော့တယ်။

သီလစောင့်ရှောက် နိဗ္ဗာန်ရောက်

ငါးပါးသီလ, အကျိုးက, ကြီးလှအံ့ဖွယ်သာ၊
ကမ္ဘာသချေ်ယျ, ချမ်းသာရ, ဆုံးကျ နိဗ္ဗာန်သာ။

မလွှဲနိုင် မတန်းနိုင်, ရဟန်းပြုခွင့်လဲ မရနိုင်ပေမယ့် ၅–ပါးသီလကို စောင့်ထိန်းခဲ့တဲ့အတွက် ၅–နှစ်သားအရွယ်မှာပဲ ရဟန္တာဖြစ်လို့ ရဟန်းပြုခွင့်ရသွားတဲ့ ပုဏ္ဏိလ်ထူးတစ်ဦးရဲ့အကြောင်းကို ပြောပြပါဦးမယ်။–

ပဋ္ဌသီလသမာဒါနိယ [၁] မထေရ်အလောင်း အမျိုးသားဟာ ရှေးဘုရားရှင်တွေလက်ထက်က ပြုလုပ်လာခဲ့တဲ့ ပါရမီကုသိုလ်ရှိသူ ဖြစ်ပါတယ်၊ ဖြစ်ရာဘဝတိုင်းမှာ နိဗ္ဗာန်ကို ဆုတောင်းပြီး ကုသိုလ်ကောင်းမှုကို ပြုလုပ်လာခဲ့ပါတယ်၊ အနောမဒဿီဘုရားရှင်ရဲ့ လက်ထက်ကျတော့ ရှေးက လုပ်လာခဲ့တဲ့ အကုသိုလ်ကံတစ်ခုအားလျော်စွာ ပစ္စည်းဥစ္စာဆင်းရဲတဲ့ အမျိုးမှာ ဖြစ်လာရပါတယ်၊ သူများထံမှာ အခစားလုပ်ပြီး အသက်မွေးနေရပါတယ်၊ ပေးလှူမှာကို အသာထား တစ်ဝမ်းတစ်ခါးဝအောင်လှအောင်ပင် မစားနိုင် မဝတ်နိုင်ပါ။

သံသရာမှာ အပြစ်ကို မြင်တဲ့အတွက် ရဟန်းပြုလိုပေမယ့် ရဟန်းပြုခွင့် မရနိုင်ခဲ့ပါ၊ ဒါနဲ့ နိသဘမထေရ်ထံမှာ ၅–ပါးသီလ ဆောက်တည်လာခဲ့ပါတယ်၊ နှစ်ပေါင်းတစ်သိန်းလုံးလုံး သီလကို မကျိုးမပေါက်ရအောင် စောင့်ထိန်းလာခဲ့

၁။ အပ–၁၊ ၈၅။ ၄–၂၊ ၄၀။

http://www.dhammadownload.com

ပါတယ်၊ အဲဒီကုသိုလ်ကံကြောင့် လူဘဝ, နတ်ဘဝတွေမှာသာ စုန်ဆန်လူးလာ ကျင်လည်နေခဲ့ရပါတယ်။

ဂေါတမရှင်တော်ဘုရား လက်ထက်ကို ရောက်လာတဲ့အခါ ဝေသာလီမြို့မှာ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတဲ့ အမျိုးမှာ ဖြစ်လာခဲ့ရပါတယ်၊ အမိအဖတွေက သီလဆောက်တည်ကြတာကို ကြားရတဲ့အခါ ကိုယ်စောင့်လာခဲ့တဲ့ သီလကို အမှတ်ရ လာခဲ့ပါတယ်၊ ဝိပဿနာကို ရှုမှတ်ပွားများလိုက်တဲ့အခါ တစ်ထိုင်တည်းနဲ့ပဲ အရ ဟတ္တဖိုလ်ကို ရောက်လာခဲ့ပါတယ်၊

ဗုဒ္ဓမြတ်စွာက ၅-နှစ်သားအရွယ်မျှသာ ရှိသေးတဲ့ သူ့ကို ရဟန်းပြုပေးလိုက် ပါတယ်၊ သူရဲ့ဘွဲ့အမည်က ပဥ္စသီလသမာဒါနိယထေရ်ပါတဲ့-။

အဲဒီ ပဥ္စသီလသမာဒါနိယထေရ်က ကိုယ်တိုင်ပြန်လည်ပြောပြတဲ့ သူ့အကြောင်း တစ်စိတ်တစ်ဒေသကို ပြောပြပါဦးမယ်။

"ငါက ၅-ပါးသီလကို ပြည့်စုံစွာ စောင့်ရှောက်လာခဲ့တဲ့အတွက် မရေတွက် နိုင်တဲ့ ကမ္ဘာတို့ပတ်လုံး အပါယ် ၄-ပါးကို မရောက်ခဲ့ရပါ၊ လူစည်းစိမ်ချမ်းသာ, နတ်စည်းစိမ်ချမ်းသာကိုသာ ခံစားလာခဲ့ရပါတယ်၊ အဲဒီစည်းစိမ်ချမ်းသာကို တစ်ကမ္ဘာပတ်လုံး ပြောကြားပေမယ့် တစ်စိတ်တစ်ဒေသမျှကိုသာ ပြောပြနိုင် စရာ ရှိပါတယ်၊ ကုန်ဆုံးနိုင်စရာ မရှိပါ။

ငါဟာ အသက်ရှည်သူ, များသောစည်းစိမ်ဥစ္စာရှိသူ, ထက်မြက်တဲ့ ပညာ ဉာဏ်ရှိသူ ဖြစ်လာခဲ့ပါတယ်၊ သီလဖြည့်ကျင့်ကြတဲ့ ဘုရားတပည့်သားတွေက ဘဝမှာ တပ်မက်နေကြရင် သူတို့အတွက် အကျိုးမရှိလှပါ။

ငါဟာ တစ်ကောင်ကြွက် တစ်မျက်နှာ လက်လုပ်လက်စား အလွန် ဆင်းရဲသူ ဖြစ်ခဲ့ပါတယ်၊ ၅-ပါးသီလကို ကျင့်သုံးခဲ့တဲ့အတွက် အခု အနှောင် အဖွဲ့ အကုန်လုံးက လွတ်လာခဲ့ရပါတယ်"။

ဒါက ပဥ္စသီလသမာဒါနိယထေရ် ပြန်လည်ပြောပြချက် တစ်စိတ်တစ်ဒေသ ဖြစ်ပါတယ်။

"ဒီဝတ္ထုက ဘာသင်ခန်းစာ ရတယ်-ဆိုတာကို မအုန်းမြင့်က ပြောပြ စမ်းပါဦး"။

"မိမိရဲ့ချမ်းသာသုခကို အလိုရှိသူဟာ သီလကို စင်ကြယ်အောင် စောင့်ရှောက် သင့်ပါတယ်၊ အဲဒီလို စောင့်တဲ့အခါမှာလဲ လူ့ဘဝစည်းစိမ်ချမ်းသာ, နတ်ဘဝ စည်းစိမ်ချမ်းသာ, အသက်ရှည်ခြင်း အစရှိတာတွေကို တောင့်တပြီး မစောင့်

http://www.dhammadownload.com

သင့်ပါ၊ ဒါတွေက မတောင်းပေမယ့် ရနိုင်တဲ့ အကျိုးတွေဖြစ်ပါတယ်၊ အလို အလျောက် ရနိုင်တာတွေကို တောင့်တနေပါက အကျိုးယုတ်စရာသာ ရှိပါတယ်၊ အမှန်ကတော့ မတောင်းရင်မရတဲ့ ဘဝကင်းပြတ်ရာ နိဗ္ဗာန်ချမ်းသာကိုသာ တောင်းသင့်ပါတယ်၊ ဒါဟာ ဒီဝတ္ထုကရတဲ့ သင်ခန်းစာ ဖြစ်ပါတယ် အရှင်ဘုရား"။

လူဝိနယ ဖော်ညွှန်းပြ ကာယက် ၃-ပါး, ဝစီက် ၄-ပါး, မနောက် ၃-ပါး လုံးရှိနေသူဟာ အခြားလူစည်းကမ်းများကိုလဲ လိုက်နာပြီး ဖြစ်တော့တယ်-ဆိုတဲ့ သဘောနဲ့ အဋ္ဌကထာဆရာက အကုသလကမ္မပထတရား ၁၀-ပါးက ရောင်ကြဉ်ခြင်းကိုသာ လူဝိနည်းအနေနဲ့ ဖွင့်ပြထားပါတယ်၊ အခြားလူဝိနည်း မရှိတော့တဲ့အတွက် ဖွင့်ပြထားတာ မဟုတ်ပါ။

ဒါကြောင့် ဂိဟိဝိနယသုတ္တန်-ခေါ်တဲ့ သိင်္ဂါလသုတ်မှာလာတဲ့ ရောင်ရမယ့် အကျင့်များ, လိုက်နာပြုကျင့်ရမယ့်အကျင့်များ, ဒီမင်္ဂလသုတ်, ပရာဘဝသုတ်, ဝသလသုတ်-စသည်တို့က ညွှန်ကြားချက်များလဲ လူဝိနည်းတွေပဲ ဖြစ်ကြပါတယ်။

ဒါ့အပြင်- တိုင်းပြည်အလိုက် သတ်မှတ်ထားတဲ့ စည်းကမ်းများ, လူမျိုးအလိုက် သတ်မှတ်ထားတဲ့ စည်းကမ်းများ, ဘာသာရေးအလိုက် သတ်မှတ်ထားတဲ့ စည်းကမ်းများ, မြို့ပြရပ်ကွက် ကျေးရွာအလိုက် သတ်မှတ်ထားတဲ့ စည်းကမ်းများ, ကျောင်းစည်းကမ်းများ, အိမ်စည်းကမ်းများ-စသည်တို့လဲ လူဝိနည်းများပဲ ဖြစ်ကြပါတယ်၊ ဒီစည်းကမ်းများကို နားလည်အောင်လုပ်ပြီး လိုက်နာပြုကျင့်ခြင်းဟာလဲ ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာပဲဖြစ်ပါတယ်။

လိုရင်းမှာ ကိုယ်နှင့်နှုတ်ကို အပြစ်ကင်းအောင် ထိန်းကျောင်းပြုပြင် နေထိုင်သူဟာ ဝိနယောစ သုသိက္ခိတော-ဆိုတဲ့ မင်္ဂလာနှင့်ပြည့်စုံပြီး ဖြစ်ပါတော့တယ်၊ ဒါ့ကြောင့် ကိုယ်အပြစ်ကင်းအောင် စောင့်ထိန်းနေသူ, နှုတ်အပြစ်ကင်းအောင် စောင့်ထိန်းနေသူတွေဟာ ကြီးပွားချမ်းသာရေး လမ်းကြောင်းပေါ်ကို တက်ရောက်လမ်းလျှောက်နေသူများ ဖြစ်ကြပါတယ်။

အပြစ်ကင်းအောင် ကိုယ်နှင့်နှုတ်ကို ထိန်းကျောင်းပြုပြင်နေသူကို သီလရှိသူလို့လဲ ဆိုရပါတယ်၊ အဲဒီသီလရှိသူဟာ ဆွေမျိုးတို့ရဲ့ ချစ်ခင်မြတ်နိုးမှုကိုလဲ ခံရပါတယ်၊ မိတ်ဆွေတွေရဲ့ အလယ်မှာလဲ တင့်တယ်ထင်ရှားပါတယ်၊ ဒီဘဝက အနိစ္စသဘောနဲ့ စုတေရွှေ့လျောသွားရင် သုဂတိဘဝကိုလဲ ရောက်ရပါတယ်၊ ဒီလိုလဲ မိန့်ဆိုထားကြပါတယ်။ [၁]

၁။ ဇာတ်-၄-၂၂ ၃၈၇။

http://www.dhammadownload.com

စည်းကမ်း-ဆိုတာ လူ့တန်ဖိုး

လူတစ်ဦးတစ်ယောက်ရဲ့ အဆင့်အတန်း မြင့်မှု-မမြင့်မှုကို စည်းကမ်းလိုက်နာမှု, မလိုက်နာမှု-ဆိုတဲ့ ပေကြိုး ပေတန်နဲ့သာ တိုင်းတာဆုံးဖြတ်သင့်ပါတယ်၊ ပညာတတ်မှု, မတတ်မှုနဲ့ မတိုင်းတာ မဆုံးဖြတ်သင့်ပါ၊ ပစ္စည်းဥစ္စာရှိမှု, မရှိမှုနဲ့လဲ မတိုင်းတာ မဆုံးဖြတ်သင့်ပါ၊ အမျိုးမြတ်မှု, မမြတ်မှုနဲ့လဲ မတိုင်းတာ မဆုံးဖြတ်သင့်ပါ၊ ရုပ်ဆင်းသဏ္ဌာန်လှပမှု, မလှပမှုနဲ့လဲ မတိုင်းတာ မဆုံးဖြတ်သင့်ပါ၊ ရာထူးကြီးမှု, မကြီးမှုနဲ့လဲ မတိုင်းတာ မဆုံးဖြတ်သင့်ပါ။

ပညာဘယ်လောက်ပဲ တတ်တတ်, ပစ္စည်းဥစ္စာဘယ်လောက်ပဲ ရှိရှိ, အမျိုးဘယ်လောက်ပဲ မြတ်မြတ်, ရုပ်ဆင်းသဏ္ဌာန် ဘယ်လောက်ပဲ လှလှ, ရာထူးဘယ်လောက်ပဲ ကြီးကြီး စည်းလွတ်ကမ်းလွတ် စိတ်ထင်ရာကို ပြုလုပ်တတ်သူဟာ လူအများရဲ့ ရိုသေလေးစားမှုကို မခံရတတ်ပါ၊ မင်းပြစ်မင်းဒဏ်ကိုသာ ခံရတတ်ပါတယ်၊ စီးပွားဥစ္စာတိုးတက်အောင်လဲ မလုပ်နိုင်ပါ၊ လူကြီးလူကောင်းတွေရဲ့ ကဲ့ရဲ့မှုကိုလဲ ခံရတတ်ပါတယ်။

ပညာကလဲ အထက်တန်းကျအောင်မတတ်, ပစ္စည်းဥစ္စာကလဲမရှိ, အမျိုးကလဲ ယုတ်ညံ့, ရုပ်ဆင်းသဏ္ဌာန်ကလဲမလှ, ရာထူးကလဲ မရှိပေမယ့် လူ့စည်းကမ်းကို ရိုရိုသေသေ လေးလေးစားစား လိုက်နာကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်မျိုးကတော့ လူအများရဲ့ ရိုသေလေးစားမှုကို ခံရပါတယ်၊ မင်းပြစ်မင်းဒဏ်ကလဲ လွတ်ကင်းပါတယ်၊ စီးပွားဥစ္စာကိုလဲ တိုးတက်အောင် လုပ်နိုင်ပါတယ်၊ လူကြီးလူကောင်းတွေရဲ့ ချီးမွမ်းမှုကိုလဲ ခံရပါတယ်။

ဒါ့ကြောင့် လူတစ်ဦးတစ်ယောက်ရဲ့ အဆင့်အတန်းမြင့်မှု, မမြင့်မှုကို စည်းကမ်းလိုက်နာမှု, မလိုက်နာမှု-ဆိုတဲ့ ပေကြိုးပေတန်နဲ့ တိုင်းတာဆုံးဖြတ်မှသာ မှန်ကန်ပါတယ်၊ စည်းကမ်းမလိုက်နာတဲ့လူက လူ့အဆင့်အတန်းကလဲ နိမ့်ကျပါတယ်၊ တန်ဖိုးလဲ မရှိပါ၊ စည်းကမ်းလိုက်နာသူကသာ အဆင့်အတန်းလဲ မြင့်ပါတယ်၊ တန်ဖိုးလဲ ရှိပါတယ်၊ ဒါကိုပဲ ရည်ရွယ်ပြီး "စည်းကမ်း-ဆိုတာ လူ့တန်ဖိုး"လို့ မိန့်ဆိုကြပါတယ်၊ အခုသင်တန်းတက်နေကြတဲ့ သင်တန်းသူ, သင်တန်းသားတွေကလဲ တန်ဖိုးရှိသူတွေ ဖြစ်လာအောင် လူ့စည်းကမ်းကို အစွမ်းကုန် ထိန်းသိမ်းစောင့်ရှောက်စေလိုပါတယ်။

ဂန္ဓာရရသေ့နှင့် ဝေဒေဟရသေ့ [၁]

ဉာဏ်-ဆုံးမခြင်း, မရှိကင်း, တောတွင်း-ကျွဲကန်း အလားသာ၊
စမ်းတဝါးဝါး, ရှင်လူများ, အမှားအမှန်မသိပါ။

၁။ ဇာတ်-၄-၃၊ ၃၄၃။

http://www.dhammadownload.com

ဂန္ဓာရတိုင်းက ဂန္ဓာရမင်းနှင့် ဝိဒေဟတိုင်းက ဝေဒေဟမင်းတို့ဟာ ချစ်ကျွမ်းဝင်တဲ့ သူငယ်ချင်းမိတ်ဆွေတွေ ဖြစ်နေကြပါတယ်၊ ဒါပေမယ့် လူချင်းတော့ မတွေ့ဘူး, မမြင်ဘူးကြပါ၊ အဲဒီခေတ်က လူတွေဟာ အနှစ် ၃-သောင်း အသက်ရှည်ကြပါတယ်။

တစ်ချိန်မှာ ဂန္ဓာရမင်းက လကြတ်တာကို အာရုံပြုပြီး တိုင်းပြည်ကို စွန့်ထားခဲ့ပါတယ်၊ ရသေ့လုပ်ကာ ဈာန်အဘိညာဉ်ရအောင် အားထုတ်ပြီး ဟိမဝန္တာမှာ နေပါတယ်။

ဝေဒေဟမင်းကလဲ သူငယ်ချင်း ရသေ့လုပ်သွားကြောင်း ကြားသိရတဲ့အခါ တိုင်းပြည်ကို စွန့်ထားခဲ့ပြီး တောထွက်လာခဲ့ပါတယ်၊ ရသေ့လုပ်ပြီး သစ်သီးရှာဖွေစားသောက်ရင်း ဟိမဝန္တာမှာပဲ လှည့်လည်နေပါတယ်။

နောက်တစ်ချိန်မှာ ရသေ့ ၂-ပါး တို့က လှည့်လည်သွားလာရင်း ပေါင်းဆုံမိကြပါတယ်၊ ဒါပေမယ့် တစ်ဦးကို တစ်ဦးက မည်သူမည်ဝါဖြစ်ကြောင်း မသိကြပါ၊ ဝေဒေဟရသေ့က ဂန္ဓာရရသေ့ကို လုပ်ကျွေးနေပါတယ်။

တစ်ခုသော လပြည့်နေ့အချိန်မှာ ရသေ့ ၂-ပါး တို့က သစ်တစ်ပင်ရင်းမှာ နေရင်း တရားစကား ပြောဆိုဆွေးနွေးနေကြပါတယ်၊ အဲဒီအချိန်မှာပဲ လကြတ်တာကို တွေ့ရတော့ "ငါက ဒီလို လကြတ်တာကိုပဲ အာရုံယူလို့ တိုင်းပြည်ကို စွန့်ထားခဲ့ပြီး ရသေ့လုပ်လာခဲ့တာပဲ" လို့ ဂန္ဓာရရသေ့က ပြောလိုက်ပါတယ်၊ အဲဒီအချိန်ကျမှ သူတို့ ၂-ဦးက မမြင်ဘူးကြတဲ့ သူငယ်ချင်းများဖြစ်နေကြောင်း သိကြရပါတယ်။

သူတို့ ၂-ဦးက တောထဲမှာ ကြာရှည်လေးမြင့် နေကြပြီးတဲ့နောက် လူတို့နေရာဌာနကို သက်ဆင်းကြလာကြပါတယ်၊ ကျေးလက်တောရွာကလေးတစ်ခုရဲ့ အနားကို ရောက်လာကြတဲ့အခါ သူတို့အား လူတွေက ကြည်ညိုလှတဲ့အတွက် ဆွမ်းလဲ ကျွေးကြပါတယ်၊ ဝန်ခံချက်တောင်းပြီး တောထဲမှာ ညဉ့်နေရာ နေ့နေရာ တို့ကိုလဲ ပြုလုပ်ပေးကြပါတယ်၊ လမ်းခရီးအကြား ရေရလွယ်တဲ့ နေရာမှာ ဆွမ်းစားဇရပ်ကိုလဲ ဆောက်လုပ်ပေးထားကြပါတယ်၊ ရသေ့ ၂-ဦးက ရွာထဲမှာ ဆွမ်းခံပြီး ဆွမ်းစားဇရပ်မှာ ဆွမ်းစားပြီးမှ ကိုယ့်နေရာကို သွားကြပါတယ်။

လူတွေက အာဟာရကို ပေးလှူလို့ရှိရင် ရံခါဆားကို သစ်ရွက်မှာထည့်ပြီး ပေးလှူတတ်ကြပါတယ်၊ ရံခါသစ်ရွက်နဲ့ထုပ်လို့ ပေးလှူတတ်ကြပါတယ်၊ ရံခါဆားမပါဘဲ အာဟာရသက်သက်ကိုပဲ ပေးလှူတတ်ကြပါတယ်၊ တစ်နေ့မှာ လူတွေက သစ်ရွက်နဲ့ထုပ်လာတဲ့ ဆားအများကြီးကို ပေးလှူထားခဲ့ပါတယ်၊ ဝေဒေဟရသေ့က

http://www.dhammadownload.com

ဆားကိုယူပြီး ဂန္ဓာရရသေ့ ဆွမ်းစားတဲ့အခါ လောက်ငရုံပေးပါတယ်၊ ကိုယ့်အတွက်လဲ သင့်တော်ရုံ ယူထားပါတယ်၊ ကျန်တာကိုတော့ သစ်ရွက်နဲ့ထုပ်ပြီး မြက်မိုးကြားမှာ ညှပ်ထားခဲ့ပါတယ်။

နောက်တစ်နေ့မှာ ဆားမပါတဲ့ အဟာရကို ရလာပါတယ်၊ ဝေဒေဟရသေ့က ဂန္ဓာရရသေ့အား ဆွမ်းခွက်ကို ပေးပြီးတဲ့နောက် မြက်မိုးကြားက ဆားကိုယူပြီး "ဆရာ ! ဆားယူပါဦး"လို့ ပြောလိုက်ပါတယ်၊ ဒီစကားကို ကြားရတော့ ဂန္ဓာရရသေ့က စစ်ဆေးမေးမြန်းပါတော့တယ်။

"ဒီနေ့ လူတွေက ဆားမလူးဘူး၊ သင်ဘယ်ကရသလဲ ?"။

"ဆရာ ! ရှေ့နေ့က လူတွေ ဆားအများကြီး လူထားခဲ့ပါတယ်၊ ဒါနဲ့ ကျုပ်က ဆားမပါတဲ့နေ့မှာ အသုံးပြုရအောင်လို့ ကျန်တဲ့ဆားကို သိမ်းထားခဲ့ပါတယ်"။

"ဝေဒေဟရသေ့ ! သင်ဟာ လူညံ့လူဖျင်းပဲ၊ ယူဇနာ ၃-ရာရှိတဲ့ ဝိဒေဟရာဇ်တိုင်းကြီးကို ပယ်စွန့်ပြီး ရသေ့လုပ်လာလို့ စိုးရိမ်ကြောင့်ကြ မရှိခြင်းသို့ ရောက်ပြီးမှ အခု ဆားမှာ တပ်မက်မှုတဏှာကို ဖြစ်စေပါဘိတယ်"။

ဒီလိုကဲ့ရဲ့ခံရတဲ့အခါ ဝေဒေဟရသေ့က ကဲ့ရဲ့မှုကို သည်းမခံနိုင်တဲ့အတွက် ပြန်လှန် ပြောဆိုလာပါတယ်။

"ဆရာ ! ဆရာက ကိုယ့်အပြစ်ကို မမြင်ဘဲ ကျုပ်အပြစ်ကိုသာ မြင်ပါဘိတယ်၊ သူတစ်ပါးကို ဆုံးတာနဲ့ ငါ့မှာ ဘာအကျိုးရှိတော့မလဲ ?၊ ကိုယ့်ကိုသာ ဆုံးမရတော့မယ်-ဆိုတဲ့ သဘောနဲ့ ဆရာက ဥစ္စာစပါး ပေါများကြွယ်ဝတဲ့ ဂန္ဓာရတိုင်းမင်းအဖြစ်ကို ပယ်စွန့်ပြီး ရသေ့လုပ်လာခဲ့တယ် မဟုတ်ပါလား ?၊ ဒီလိုဖြစ်ရက်သားနဲ့ အခု ကျုပ်ကို ဘာ့ကြောင့်ဆုံးမနေရပါသလဲ ?"။

"ဝေဒေဟရသေ့ ! ကျုပ်ဟာ တရားသဘောကိုသာ ပြောနေပါတယ်၊ ကျုပ်က တရားသဘောမဟုတ်တာကို မနှစ်သက်ပါဘူး၊ တရားသဘောကိုသာ ပြောကြားနေတဲ့ အကျွန်ုပ်မှာ မကောင်းမှုအကုသိုလ်ဖြစ်စရာ မရှိပါဘူး။

အပြစ်ကို ရှာဖွေကြည့်ရှုပြီး နှိပ်ကွပ်ပြောဆိုတတ်တဲ့ ပညာရှိဟာ ရွှေအိုးကို ညွှန်ပြပြောကြားသူနှင့် တူပါတယ်၊ အဲဒီလိုပညာရှိမျိုးကို မှီခိုဆည်းကပ်သင့်ပါတယ်၊ အဲဒီပညာရှိမျိုးကို မှီခိုဆည်းကပ်တဲ့ ပုဂ္ဂိုလ်ဟာ မြင့်မြတ်အထက်တန်း ကျစရာသာ ရှိပါတယ်၊ ယုတ်ညံ့အောက်ကျစရာ မရှိပါ။

ဒီနှိပ်ကွပ်ပြောဆိုမှု, ဆုံးမသြဝါဒပေးမှု-ဆိုတာဟာ ဘုရား, ပစ္စေကဗုဒ္ဓါ, ဘုရားတပည့်, ဘုရားအလောင်းတော်တွေရဲ့ အစဉ်အလာဖြစ်ပါတယ်၊ သူတို့

http://www.dhammadownload.com

ပေးတဲ့ ဆုံးမသြဝါဒကို သူတော်ကောင်းတွေက ကြိုက်ကြပါတယ်၊ လူညံ့လူယုတ်တွေက မကြိုက်ကြပါဘူး"။

ဒီလို ဂန္ဓာရရသေ့က အကျိုးအကြောင်းကို ရှင်းလင်းပြောပြပေမယ့် ဝေဒေဟရသေ့က ပြန်လှန်ပြောဆိုလာပြန်တယ်။

"ဆရာ ! အကျိုးရှိတဲ့ စကားကို ပြောပေမယ့် တစ်ဖက်သားကို ထိပါး စော်ကားပြီး မပြောကြားသင့်ပါဘူး၊ ဆရာက အကျွန်ုပ်အား ဓားတုံးကြီးနဲ့ ခေါင်းရိတ်ပေးသလို သိပ်ကြမ်းတမ်းတဲ့ စကားကို ပြောဆိုပါဘိတယ်၊ အကျိုးရှိပေမယ့် တစ်ဖက်သား စိတ်ဆိုးစရာ စကားမျိုးကို မပြောသင့်ပါ"။

"မသင့်မတော်ပြုလုပ်သူက အမျက်ထွက်ထွက် မထွက်ထွက်, ဖွဲ့ပြောလိုပဲ လွှင့်သွားသွား, တရားသဘောကိုပြောတဲ့ကျုပ်မှာ မကောင်းမှု-အကုသိုလ် ဖြစ်စရာ မရှိပါဘူး။

မိတ်ဆွေဝေဒေဟရသေ့ ! ကိုယ်ပိုင်အသိဉာဏ်လဲမရှိ၊ ပညာရှိတို့ထံက အဆုံးအမသြဝါဒကိုလဲ မသင်ယူရင် မြက်ခြုံနွယ်-စသည်တို့နဲ့ ရှုပ်ထွေးနေတဲ့ တောထဲမှာ ကျွဲကန်းကြီးက စားကျက်ဟုတ်တဲ့နေရာ မဟုတ်တဲ့နေရာ, ဘေးရန်ရှိတဲ့နေရာ ဘေးရန်မရှိတဲ့နေရာကို မသိမမြင်ဘဲ စမ်းတဝါးဝါး လှည့်ပတ်သွားလာနေရသလို သင်လိုလူအများကလဲ စမ်းတဝါးဝါး ကျင့်နေကြရမှာပါပဲ။

ဒါပေမယ့် ဒီလောကမှာ ကိုယ်ပိုင်ဉာဏ်မရှိတဲ့ အချို့ပုဂ္ဂိုလ်တွေဟာ ဆရာ့ထံက အဆုံးအမကို ကောင်းစွာ သင်ယူကြတဲ့အတွက် ဆရာတွေက သူတို့နှင့် သင့်တော်တဲ့ အဆုံးအမပေးလို့ ကောင်းမွန်တည်ကြည်စွာ ကျင့်နိုင်ကြပါတယ်"။

ဒီလို ပြောလိုက်တဲ့ ဂန္ဓာရရသေ့ရဲ့ စကားအဆုံးမှာပဲ ဝေဒေဟရသေ့က အမြင်မှန် ရလာပါတယ်။

"ဆရာ ! ဒီနေ့ကစပြီး နောက်ထပ်လဲ အကျွန်ုပ်ကို ဆုံးမတော်မူပါ၊ အကျွန်ုပ်ဟာ သည်းခံမှုသဘော မရှိတဲ့အတွက် ဆရာတို့နှင့် ဘက်ပြိုင်ပြောဆိုမိပါတယ်၊ ကျုပ်က ပြောဆိုမိသမျှကို သည်းခံတော်မူပါ"။

ဒီလိုလဲ ပြောဆိုတောင်းပန်ပါတယ်၊ သူတို့ ၂-ဦးက ညီညီညွတ်ညွတ် နေထိုင်ကြပြီး ဟိမဝန္တာကို ပြန်သွားကြပါတယ်၊ ဟိမဝန္တာကိုရောက်လို့ ဂန္ဓာရရသေ့ နည်းပေးတဲ့အတိုင်း အားထုတ်တဲ့အခါ ဝေဒေဟရသေ့လဲ ဈာန်အဘိညာဉ်ကို ရရှိသွားပါတယ်။

"ဒီဝတ္ထုက ဘာသင်ခန်းစာ ရတယ်-ဆိုတာကို မအုန်းပွင့်က ပြောပြစမ်းပါဦး"။

http://www.dhammadownload.com

"ဒီဝတ္ထုမှာ ပါလာတဲ့ ဝေဒေဟရသေ့က မူလအခြေခံပညာလဲ နည်းပုံရပါတယ်၊ ဒါ့အပြင် အကျိုးလိုလို ဆုံးမသြဝါဒပေးတဲ့ အနေနဲ့ ပြောကြားတဲ့ ဂန္ဓာရရသေ့ကိုလဲ ပြန်လှန်ပြောဆိုနေပါတယ်၊ အမြင်မှန်မရဘဲ ဒီလိုချည်းသာ ဆက်လက်ပြောဆိုနေပါရင် သူမှာ အကျိုးယုတ်လာစရာသာ ရှိပါတယ်၊ တိုးတက်စရာ မရှိတော့ပါ၊ အခုမှာမူ အမြင်မှန်ရလို့ တောင်းပန်ကန်တော့ပြီး ဂန္ဓာရရသေ့ရဲ့ အဆုံးအမကို လိုက်နာပြုကျင့်တဲ့အတွက် စျာန်အဘိညာဉ်ကို ရရှိသွားပါတယ်။

ဒါကိုထောက်တော့ သင်တန်းသူ သင်တန်းသားတွေကလဲ မိမိတို့ လူ့အဆင့်အတန်း မီရေးအတွက် လူ့ကျင့်ဝတ်တွေကို သင်ယူထားရမယ်၊ လိုက်နာပြုကျင့်ရမယ်၊ အကျိုးလိုလို ပြောဆိုဆုံးမလာတဲ့ မိဘဆရာသမားတွေရဲ့ စကားကိုလဲ ပယ်လှန်ပြောဆိုမှု မပြုသင့်ပါ၊ ရွှေအိုးကို ညွှန်ကြားပြောဆိုလာသည့်အလား ရိုသေလေးစားစွာ နာယူကြရမယ်၊ လိုက်နာကျင့်သုံးကြရမယ်၊ ဒါမှ နောက်တစ်ချိန်မှာ လူ့အဆင့်အတန်းမီသူတွေ ဖြစ်လာကြမှာ ဖြစ်ပါတယ်၊ ဒါဟာ ဒီဝတ္ထုက ရလာတဲ့ သင်ခန်းစာဖြစ်ပါတယ် အရှင်ဘုရား"။

ရှေးဆရာများရဲ့ အဆိုအမိန့်

ပြော်ပျောင်းနှလုံး,ကိုယ်နှုတ်သုံး၍, ဆုံးမနိုင်သည်, တွင်မည်တစ်ကြောင်း။

ဒီလို မုံရွေးဆရာတော်က ဝိနယသုသိက္ခိတမင်္ဂလာရဲ့ သဘောကို မိန့်ဆိုညွှန်ကြားထားပါတယ်။

အဓိပ္ပာယ် ပြော်ပျောင်းတဲ့ စိတ်နှလုံးနဲ့ ကိုယ်နှုတ်ကို ဆုံးမကျင့်သုံးနိုင်ခြင်းဟာ ဝိနယသုသိက္ခိတမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

သက်ရှည်နွယ်မျိုး, အရိုးအရာ, ကိုယ့်ထက်သာသား, ဂုဏ်ဝါစံမြောက်, သူတို့မှောက်ဝယ်, ရှေ့နောက်စူးစူး, မြင့်ဖြူးလေညာ, နီးစွာဝေးလွန်း, အစွန်းခြောက်ပြစ်, ချုပုဆစ်နှင့်, ကျစ်လစ်လှစေ၊ တင်ပျဉ်ခွေ၍, လက်ခြေကားရား, နံပါးယှဉ်နွဲ့, စောင်းလွဲနောက်ဘီ, အုံးမှီလက်ထောက်, မတ်စောက်ဆောင့်ကြောင့်, ဒူးထောင်လက်ဖွဲ့, မထိမဲ့လျှင်, မနွဲ့မကိုင်း, ခိုင်းတိုင်းကျားတား, မပြားမဝပ်, မနေအပ်ရှင့်။ [၁]

၁။ သုတမဋ္ဌသာ-၄။

http://www.dhammadownload.com

ဘိုးဘွားမိဘ, ဆရာ–စသား, စိုးရသခင်, ကျေးဖူးရှင်တို့, ပြစ်တင်မောင်းမဲ, ရိုက်ပုတ်ဆဲလည်း, ဝမ်းထဲဒေါသ, မထအပ်စွာ, မျက်နှာငုံ့ငုံ့, ယုန်လျှင်ကျဲ့သို့, နှုတ်တုံ့မဝံ့, စောင်းမာန်ညှဉ်၍, ကြောက်ရွံ့ရိသေ, သည်းခံနေလော့။ [၁]

၁။ မကြီးရာသည်, ဆယ်ပါးမည်ကား, ချုပ်ဆည်မဲ့သီး, မာန်စောင်ကြီးက, ဝေးနီးလူသူ, မကြည်ဖြူ၍, တူမပေါင်းဖော်, အိုအောင်မော်လည်း, ညှိုးလျော့ညစ်ပတ်, ဆင်းရဲတတ်၏။

၂။ ငတ်မွတ်စသီး, အစားကြီးက, ဝမ်းမီး လေစာတ်, ပျက်စီးတတ်၏။

၃။ ကတ်သတ်ခဲခက်, ရမ္မက်ပိတ်ဆီး, အလိုကြီးက, ကိုယ်ထီးသာတည်း၊ အရာနည်း၍, လက်ချည်းဆတ်ဆတ်, ဖြစ်တို့တတ်၏။

၄။ ဝန်းပတ်ရံဆီး, အဆောင်ကြီးက, ချည်းနှီးဥစ္စာ, ရှင်းကွာပြတ်သတ်, နည်းပါးတတ်၏။

၅။ ရေရွှတ်တိုးတီး, နှုတ်ခွန်းကြီးက, အနိုးအဆေး, လူဗိုလ်လှေးတို့, မလေးမမြတ်, မုန်းထားတတ်၏။

၆။ မညွတ်မစင်း, မာပြင်းခိုင်ဖြိုး, နှလုံးကြီးက, ဝမ်းမီးလောင်ဆာ, အနာဥပါဒ်, ဘေးတွေ့တတ်၏။

၇။ တောက်ဆတ်စိတ်စက်, စဉ်းမျှထွက်လည်း, ရင်လက်ခတ်တီး, စဉ်းလဲကြီးက, ဖိစီးနာကျင်, ကိုင်ငင်ရိုက်ပုတ်, သားရေစုတ်ပြတ်, ရန်တွေ့တတ်၏။

၈။ ယုတ်မြတ်မဆို, ကိုယ်ကိုမြှောက်ချီး, လက်ခြေကြီးက, ဖမ်းဆီးချည်နှောင်, ခြံလှောင်ထိတ်ခတ်, ခံရတတ်၏။

၉။ လှည့်ပတ်ဝိုက်ဆီး, စကားကြီးက, ရင်းနှီးပစ္စည်း, လျော့နည်းကုန်ပြတ်, ရွေ့ပါးတတ်၏။

၁၀။ စိတ်လွတ်လျော့မေ့, ညဉ်နေ့မသီး, အအိပ်ကြီးက, ခရီးမတ်လတ်, ရန်တွေ့တတ်သည်- - - -မချွတ်မှန်လှ–ဧကန္တ။ [၂]

ရတနာသုံးပါး, ဘိုးဘွားမိဘ, ဆရာ–စသား, လောကအမှတ်, ကိုးရာနတ်ကို, မမြတ်လေးထွေ, မဖြစ်လေနှင့်။ [၃]

ဒီလို–စသည်ဖြင့်လဲ မိန့်ဆိုထားကြပါသေးတယ်။

၁။ သုတမဋ္ဌသာ–၁၄။ ၂။ သြဝါဒထူး–၁၇။ ၃။ သြဝါဒထူး–၁၂။

http://www.dhammadownload.com

၁၀။ သုဘာသိတာစ ယာ ဝါစာ

[သုဘာသိတာ–ကောင်းစွာပြောဆိုအပ်သော+ဝါစာ–စကား။] ဝစီဒုစရိုက်မဖြစ်မှုသာဝါဒ–စတဲ့ အပြစ်လွတ်အောင် ကောင်းစွာပြောဆိုအပ်သော စကားကို သုဘာသိတဝါစာ–လို့ ခေါ်ပါတယ်။

စကားအရာ အင်္ဂါ ၄–တန် ဝ

၁။ သုဘာသိတ= အချင်းချင်းမတည့်အောင် ရန်တိုက်ပေးတဲ့ စကားမျိုးကို မပြောဆိုဘဲ ကွဲပြားနေသူများ ညီညွတ်အောင်, ညီညွတ်သူများ ပိုမိုညီညွတ်အောင် ပြောဆိုခြင်း၊

၂။ ဓမ္မ= အနက်အဓိပ္ပာယ်ကင်းမဲ့တဲ့ စကားဖျင်းကို မပြောဆိုဘဲ အဖြစ်အပျက်, အကြောင်းအရာ သဘောမှန်ကိုသာ ပြောဆိုခြင်း၊

၃။ ပိယ= ဆဲရေးမောင်းမဲ ကျိန်ဆဲခြင်း အစရှိတဲ့ ကြမ်းတမ်းတဲ့ စကားမျိုးကို မပြောဆိုဘဲ သာယာပြေပြစ် နှစ်လိုဖွယ်ဖြစ်တဲ့ စကားမျိုးကိုသာ ပြောဆိုခြင်း၊

၄။ သစ္စ= လိမ်ညာလှည့်ပတ်တဲ့ စကားမျိုးကို မပြောဆိုဘဲ အမှန်အတိုင်း ပြောဆိုခြင်း။

ဒီအင်္ဂါ ၄–ပါးနှင့် ပြည့်စုံတဲ့ စကားဟာ ကောင်းစွာ ပြောကြားအပ်တဲ့ စကား (သုဘာသိတ ဝါစာ) မည်ပါတယ်၊ အပြစ်လဲ ကင်းပါတယ်၊ ပညာရှိတွေရဲ့ ကဲ့ရဲ့မှုကိုလဲ မခံရပါ၊ ဒါကိုပဲ စကားအရာ အင်္ဂါ ၄–တန်–လို့လဲ ခေါ်ပါတယ်။

ဘယ်စကားမျိုးကိုပဲဖြစ်ဖြစ် ဒီအင်္ဂါ ၄–ပါးနှင့် ပြည့်စုံညီညွတ်အောင် ပြောဆိုပါရင် သုဘာသိတဝါစာ ဖြစ်ပါတယ်၊ ဒီအင်္ဂါ ၄–ပါးနှင့် မပြည့်စုံတဲ့ စကားမျိုးသာဖြစ်နေပါရင် ဘယ်လိုပင် နာချင်စဖွယ် သွယ်သွယ်ဝိုက်ဝိုက် ပြောဆိုပေမယ့် သုဘာသိတဝါစာ မဖြစ်ပါ၊ ဒုဗ္ဘာသိတဝါစာသာ ဖြစ်စရာရှိပါတယ်။

စကားကောင်း တစ်မျိုး အခု ပြောလာခဲ့တဲ့ သုဘာသိတဝါစာရဲ့ အရမှာ ဝစီသုစရိုက် ၄–ပါးပဲ ဖြစ်ပါတယ်၊ အဲဒီ ဝစီသုစရိုက် ၄–ပါးက ဝိနယောစ သုသိက္ခိတော–ဝယ် ဝိနယအရမှာ ပါဝင်ပြီး ဖြစ်နေပါတယ်၊ ဒါပေမယ့် ဝိနယအရ ဝစီသုစရိုက်တရား ၄–ပါးကို မယူဘဲ ကျန်နေတဲ့ ကာယသုစရိုက်နှင့် မနောသုစရိုက်တို့ကိုသာ ယူသင့်ပါတယ်၊ ဒါမျိုးကို ဆိုလတ္တံ့သည်မှ အကြွင်းကို ယူရတဲ့ ပါရိသေသနည်း–လို့ ဆိုကြပါတယ်။

၃။ သုတ္တနိ၊ ၃၄၄။

http://www.dhammadownload.com

ဒီလို ဖွင့်ပြပြီးတဲ့နောက် အဋ္ဌကထာဆရာက ဝိနယနှင့် သုဘာသိတဝါစာအရ ဒီလိုပယ်မှု, နုတ်မှု လုပ်နေရတာဟာ အလုပ်ရှုပ်ရုံမျှသာ ဖြစ်နေပါတယ်၊ သူတစ်ပါး တို့အား တရားဟောခြင်း အစရှိတဲ့ စကားမျိုးကိုပဲ သုဘာသိတဝါစာ ခေါ်တယ်–လို့ တစ်မျိုး ဖွင့်ပြထားပြန်တယ်။

ဒီကောင်းတဲ့စကားကို ပြောဆိုခြင်းဟာလဲပဲ ပတိရူပဒေသဝါသ–လို ဒီဘဝ စီးပွားချမ်းသာ, နောင်ဘဝစီးပွားချမ်းသာနှင့် နိဗ္ဗာန်ကိုရခြင်းရဲ့ အကြောင်းဖြစ်တဲ့ အတွက် မင်္ဂလာ(ကြီးပွားချမ်းသာရေး) မည်ပါတယ်။

> ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူတဲ့ တရားစကားဟာ ရန်ဘေးကင်းလွတ် နိဗ္ဗာနဓာတ်ကို ရရန်, ဝင်ဒုက္ခကုန်ဆုံးရန် ဖြစ်ပါတယ်၊ အဲဒီ စကားတော်ကသာ စကားအမျိုးမျိုးတွေထက် မြင့်မြတ်အထက်တန်းကျလှပါတယ်။ [၁]

ဒီလိုလဲ ဗုဒ္ဓမြတ်စွာက ဟောတော်မူထားပါတယ်။

ဘာသာ, လူတန်းစား မခွဲခြား [၂]

ဒီသုဘာသိတဝါစာ–ဆိုတာက ပြောသူအတွက်သာ မင်္ဂလာဖြစ်တာ မဟုတ်ပါ၊ နာကြားရသူအတွက်လဲ မင်္ဂလာဖြစ်ပါတယ်၊ ဒီစကားမျိုးကို ဘယ်ဘာသာစကား နဲ့ပဲပြောပြော, ဘယ်လိုပုဂ္ဂိုလ်မျိုးကပဲပြောပြော လောကုတ္တရာ အကျိုးစီးပွားကို ရွက်ဆောင်နိုင်တဲ့အတွက် သုဘာသိတဝါစာ–လို့ပဲ ခေါ်ရပါတယ်၊ ဒီအဆိုပြုချက် နှင့်စပ်လျဉ်းလို့ သက်သေသာဓက ထုတ်ပြပါဦးမယ်။

သီဟိဠ်ကျွန်းသူ အစေခံမကလေးတစ်ယောက်က လမ်းဘေးမှာ ကောက်စပါးကို စောင့်ရင်း သီဟဠဘာသာစကားနဲ့ ပဋိသန္ဓေနေရခြင်း, အိုရခြင်း, သေရခြင်းနှင့် စပ်ယှဉ်တဲ့ သီချင်းကို သီဆိုနေပါတယ်၊ အဲဒီသီချင်းသံကို ကြားရတာနဲ့ပဲ ဝိပဿနာ ရူမှတ်နေကြတဲ့ ခရီးသွားရဟန်း ၆–ကျိပ်တို့က ရဟန္တာဖြစ်သွားကြပါတယ်။ [ဘာသာစကား။]

ဒါ့အပြင်– တိသ–ဆိုတဲ့ ဝိပဿနာအားထုတ်နေသော ရဟန်းတစ်ပါးက ကြာအိုင်နားက ဖြတ်သွားရင်း–

> နေရောင်ခြည်လာ–ရွှန်းရွှန်းတင့်လို့ , ကားကားလန်းပွင့်–ကြာများစွာ၊
> နေရောင်ဖြင့်ပင်–ပျိုယမင်းရဲ့ , ဆွတ်ခူးယူခြင်း–ခံရပါ။
> အလားတူမျှ–လူ့ရုပ်ရွာ , ရောက်လာကြသူ–လူအများ၊
> အိုခြင်းဇရာ–လွှမ်းဖိလာ , မကြာပျက်ပြား–သေဆုံးသွား။

၁။ သုတ္တနိ၊ ၃၄၅။ ၂။ သုတ္တနိ–၆–၂၊ ၂၄။

http://www.dhammadownload.com

ဒီသီချင်းကို သီဆိုပြီး ကြာပန်းခူးနေတဲ့ အိမ်စေခံမကလေးတစ်ဦးရဲ့ သီချင်းသံကို ကြားရတာနဲ့ပဲ ရဟန္တာဖြစ်သွားပါတယ်။ [လူအမျိုးအစား။]

ဒါ့အပြင်– ဘုရား ၂-ဆူတို့ရဲ့ တစ်ခုသော ကြားကာလမှာ လူတစ်ယောက်က သား ၇-ယောက်တို့နှင့်အတူ ထောက ပြန်လာခဲ့ပါတယ်၊ ဆန်ဖွတ်နေတဲ့ (မောင်းထောင်းနေတဲ့) မိန်းမတစ်ယောက်ရဲ့–

ဒီကိုယ်ခန္ဓာ–ဇရာညှဉ်းလို့ , ညှိုးနွမ်းယိုယွင်း–သားအရေ၊
သေမင်းအစာ–မှန်သည့်တွက်ကြောင့် , သေမင်းလက်ချက်–ပျက်ရပေ။
ပိုးလောက်အများ–ပျော်ပါးနေ , ပုပ်မျိုးထွေထွေ–ပြည့်ထင်ရှား၊
ရုံဖွယ်ချည်းသာ–စုဝေးရာ , ကင်းကွာနှစ်များ–ငှက်ပျောလား။

ဒီသီချင်းသံကို ကြားရပါတယ်၊ ဒါနဲ့ ကိုယ်ခန္ဓာရဲ့ သဘောမှန်ကို ဆင်ခြင်သုံးသပ်လိုက်တဲ့အခါ သားတွေနှင့်အတူ ပစ္စေကဗုဒ္ဓါဖြစ်သွားပါတယ်။

အခု ပြောခဲ့တာတွေက သူများအား တရားဟောတာ မဟုတ်ပါဘူး၊ အလိုအလျောက် သီချင်းဆိုနေတာမျှသာ ဖြစ်ပါတယ်၊ ဒါပေမယ့် တရားသဘောနှင့် စပ်နေတဲ့ ကောင်းသောစကားမျိုး ဖြစ်နေတဲ့အတွက် ဆိုနေတဲ့ သူမှာလဲ သုဘာသိတ ဝါစာ မင်္ဂလာဖြစ်ပါတယ်၊ ကြားရတဲ့သူတွေမှာလဲ သိပ်အကျိုးရှိသွားပါတယ်။

စကားများ အမှားပါ ။

နှိုင်းချိန်ကင်းကွာ စကားများစွာ ပြောတတ်တဲ့ ပုဂ္ဂိုလ်ဟာ–
၁။ လိမ်လည်လှည့်ပတ်တတ်တဲ့ စကားကိုလဲ ပြောဆိုမိတတ်ပါတယ်၊
၂။ အချင်းချင်းရန်တိုက်ပေးတဲ့ စကားကိုလဲ ပြောဆိုမိတတ်ပါတယ်၊
၃။ ဆဲရေးမောင်းမဲ ကျိန်ဆဲခြင်း–စတဲ့ စကားကြမ်းကိုလဲ ပြောဆိုမိတတ်ပါတယ်၊
၄။ အနက်အဓိပ္ပာယ်ကင်းမဲ့တဲ့ စကားမျိုးကိုလဲ ပြောဆိုမိတတ်ပါတယ်၊
၅။ သေသည်မှနောက် အပါယ်ဝရဲ့ကို ရောက်ရတတ်ပါတယ်။

ဒီ ၅-ပါးဟာ စကားများတဲ့ ပုဂ္ဂိုလ်ရဲ့ အပြစ်ပဲ ဖြစ်ပါတယ်။

စကားနည်းလတ် ပြစ်ကင်းလွတ် ။

နှိုင်းချိန်တိုင်းတာ စကားကို သင့်တော်ရုံပြောသူက–
၁။ လိမ်လည်လှည့်ပတ်တဲ့ စကားကိုလဲ မပြောပါ၊
၂။ အချင်းချင်းမတဲ့အောင် ရန်တိုက်ပေးတဲ့ စကားကိုလဲ မပြောပါ၊
၃။ ဆဲဆိုမောင်းမဲ ကျိန်ဆဲခြင်း–စတဲ့ စကားကြမ်းကိုလဲ မပြောပါ၊

http://www.dhammadownload.com

၄။ အနက်အဓိပ္ပာယ်ကင်းမဲ့တဲ့ စကားကိုလဲ မပြောပါ၊
၅။ သေသည်မှနောက် နတ်ပြည်ကို ရောက်ရပါတယ်။

ဒီ ၅-ပါးကတော့ စကားကို နှိုင်းချိန်တိုင်းထွာ ပြောဆိုတတ်တဲ့ ပုဂ္ဂိုလ်ရဲ့ အကျိုးအာနိသင်တွေပဲ ဖြစ်ပါတယ်။

နှိုင်းချိန်တိုင်းတာ ပြောဆိုပါ

စကားကောင်းပင် ဖြစ်ပေမယ့် မသင့်တော်တဲ့အခါမှာ မဆင်မခြင် အတိုင်းအရှည်မရှိဘဲ ငြီးငွေ့ဖွယ်ရာ မပြောသင့်ပါ၊ သင့်တော်တဲ့ အခါမှာသော်မှ နာခံသူတွေရဲ့ အရိပ်အကဲကို ချိန်ဆဆင်ခြင်ပြီး "အိုးနှင့်ဆန် တန်ရုံခတ်" ဆိုသလို သင့်တော်ရုံမျှသာ ပြောသင့်ပါတယ်။

ကောကိလဇာတ် ၁

ချိန်မစောင့်စား, စကားများ, ပျက်ပြားရမည်သာ၊
ပြောသင့်ချိန်ပင်, ထိန်းပြောလျှင်, များဖြင်အကျိုးလာ။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းက ဥယျာဉ်ကိုထွက်လာပြီး မင်္ဂလာကျောက်ဖျာပေါ်မှာ ထိုင်နေပါတယ်၊ အဲဒီကျောက်ဖျာပေါ်က သရက်ပင်မှာ ကျီးသိုက်တစ်ခု ရှိနေပါတယ်၊ အဲဒီကျီးသိုက်မှာ ဥဩမက ဥချသွားပါတယ်၊ ကျီးမက အဲဒီဥကို စောင့်ရောက်ထားပါတယ်၊ နောက်တစ်ချိန်မှာ အဲဒီဥက ဥဩကလေး ပေါက်လာပါတယ်၊ ကျီးမက ကိုယ့်သားဆိုတဲ့အမှတ်နဲ့ အစာရှာကာ ကျွေးမွေးထားပါတယ်၊ အတောင်မပေါက်မီ အချိန်မရောက်ခင်မှာဘဲ ဥဩကလေးက ဥဩသံကို ကျူးရင့်မြည်တွန်ပါတယ်၊ အဲဒီအသံကို ကြားရတော့ ကျီးမက ဒီငှက်ကလေးဟာ အခုပဲ တစ်မျိုးသော အသံကို မြည်တွန်နေပါတယ်၊ ကြီးလာလို့ရှိရင် ဘာလုပ်နိုင်တော့မလဲလို့ နှုတ်သီးနဲ့ထိုးဆိတ်ပြီး အသိုက်ထဲက ပစ်ချလိုက်ပါတယ်၊ အဲဒီဥဩကလေးက ဗြဟ္မမင်းရဲ့ ခြေရင်းမှာ ကျလာပါတယ်၊ ဗြဟ္မဒတ်မင်းက ဒါဟာ ဘယ်လိုဖြစ်တာလဲ ?-ဆိုတဲ့ အကြောင်းကို အတူလိုက်ပါလာတဲ့ အတိုင်ပင်ခံအမတ်ကြီးအား မေးပါတယ်။

"အရှင်မင်းမြတ် ! နှုတ်ကြမ်းပြီး အချိန်အခါကို မစောင့်ဆိုင်းဘဲ စကားများသူတွေဟာ ဒီလိုဆင်းရဲမျိုးကို ရတတ်ပါတယ်၊ မကောင်းဆိုး၀ါး ပြောဆိုတဲ့ စကားဟာ ပြောတဲ့ခဏမှာပဲ သတ်သလို ကောင်းစွာသွေးထားတဲ့ ဓားနှင့် လတ်တလော သေစေတတ်တဲ့ အဆိပ်က မသတ်နိုင်ပါ၊ ဒါ့ကြောင့် ပြောသင့်တဲ့ အချိန်အခါမှာပဲဖြစ်ဖြစ်, မပြောသင့်တဲ့ အချိန်အခါမှာပဲဖြစ်ဖြစ် စကားကို

၁။ ဇာတ်-၄-၂၊ ၉၄

http://www.dhammadownload.com

စောင့်ထိန်းသင့်ပါတယ်၊ မိမိနှင့် တန်းတူလူကိုတောင်မှ အတိုင်းထက်အလွန် မပြောဆိုသင့်ပါ၊ ပြောသင့်တဲ့အခါမှာ နှိုင်းနှိုင်းချိန်ချိန် ပြောဆိုတဲ့ ပညာရှိဟာ ရန်သူအကုန်လုံးတို့ကို မိမိအလိုသို့ လိုက်ပါအောင် ဆွဲဆောင်နိုင်ပါတယ်။

ဒီလို ပြောဆိုလိုက်တဲ့ အတိုင်ပင်ခံအမတ်ရဲ့ စကားကို ကြားရတဲ့အချိန်က စပြီး ရှေးယခင်က စကားအလွန်များတဲ့ ဗြဟ္မဒတ်မင်းဟာ သင့်တော်ရုံမျှသာ ဆင်ခြင် ပြောဆိုပါတော့တယ်၊ အတိုင်ပင်ခံ အမတ်အားလဲ စည်းစိမ်ဥစ္စာ အများအပြား ပေးပါတယ်။

"ဒီဝတ္ထုက ဘာသင်ခန်းစာရတယ်ဆိုတာကို မသူတောက ပြောပြစမ်းပါဦး"။

"ပြောသင့်တဲ့အချိန်မရောက်ခင် စကားများလွန်းရင် ဆင်းရဲဒုက္ခ ရောက်ရ တတ်ပါတယ်၊ ပြောသင့်တဲ့ အချိန်မှာလဲ နှုတ်ကို စောင့်စည်းရမယ်၊ နှိုင်းချိန် တိုင်းတာပြီး ကောင်းတဲ့စကားမျိုးကိုသာ ပြောဆိုရမယ်၊ မကောင်းတဲ့ စကား မျိုးကိုတော့ ဘယ်အချိန်အခါမျိုးမှာပဲဖြစ်ဖြစ် မပြောဆိုသင့်ပါ၊ မကောင်းတဲ့ စကားဟာ ပြောတဲ့ခဏမှာပဲ ပြောသူကို ပြန်သတ်တတ်ပါတယ်၊ ဒါဟာ ဒီဝတ္ထုကရတဲ့ သင်ခန်းစာဖြစ်ပါတယ်"။

နာကြားသူအားလျော်စွာ ဖြစ်ရပါ ၁

ဒါ့အပြင်– ကြားနာတဲ့ ပုဂ္ဂိုလ်အားလျော်စွာ မကောင်းတဲ့စကားမျိုး, ကောင်းတဲ့ စကားမျိုးလဲ ရှိပါသေးတယ်။

၁။ သဒ္ဓါတရားမရှိသူအတွက် သဒ္ဓါတရားနှင့်စပ်တဲ့စကား,
၂။ သီလမရှိသူအတွက် သီလနှင့်စပ်တဲ့စကား,
၃။ အကြားအမြင်နည်းသူအတွက် အကြားအမြင်များမှုနှင့်စပ်တဲ့စကား,
၄။ ဝန်တိုသူအတွက် စွန့်ကြဲပေးကမ်း လှူဒါန်းမှုနှင့်စပ်တဲ့စကား,
၅။ ပညာမရှိသူအတွက် ပညာနှင့်စပ်တဲ့စကား–

ဒီစကား ၅–မျိုးတို့ဟာ မကောင်းတဲ့စကားတွေပဲ ဖြစ်ကြပါတယ်၊ ဘာ့ကြောင့်လဲ ဆိုတော့–

၁။ သဒ္ဓါတရားမရှိသူက သဒ္ဓါတရားနှင့်စပ်တဲ့စကားကို ကြားရလို့ရှိရင် မိမိမှာ သဒ္ဓါတရားမရှိတာကို အကြောင်းပြုပြီး နှစ်သက်ကျေနပ်မှုကို မရဘဲ စိတ်ဆိုးအမျက်ထွက်လာတတ်ပါတယ်၊ ဒါ့ကြောင့် သဒ္ဓါတရားမရှိသူအတွက် သဒ္ဓါတရားနှင့်စပ်တဲ့စကားဟာ မကောင်းတဲ့စကား ဖြစ်လာရပါတယ်။

၁။ အံ–၂၊ ၁၅၉။

http://www.dhammadownload.com

၂။ သီလမရှိသူက သီလနှင့်စပ်တဲ့စကားကို ကြားရလို့ရှိရင် မိမိမှာ သီလမရှိတာကို အကြောင်းပြုပြီး နှစ်သက်ကျေနပ်မှုကို မရဘဲ စိတ်ဆိုးအမျက်ထွက်လာတတ်ပါတယ်၊ ဒါ့ကြောင့် သီလမရှိသူအတွက် သီလနှင့်စပ်တဲ့စကားဟာ မကောင်းတဲ့စကား ဖြစ်လာရပါတယ်။

၃။ အကြားအမြင်နည်းသူက အကြားအမြင်များမှုနှင့်စပ်တဲ့စကားကို ကြားရလို့ရှိရင် မိမိမှာ အကြားအမြင်နည်းမှုကို အကြောင်းပြုပြီး နှစ်သက်ကျေနပ်မှုကို မရဘဲ စိတ်ဆိုးအမျက်ထွက်လာတတ်ပါတယ်၊ ဒါ့ကြောင့် အကြားအမြင်နည်းသူအတွက် အကြားအမြင်များမှုနှင့်စပ်တဲ့ စကားဟာ မကောင်းတဲ့စကား ဖြစ်လာရပါတယ်။

၄။ ကိုယ့်ပစ္စည်းကို မပေးရက်လို သဝန်တိုသူက စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းနှင့်စပ်တဲ့စကားကို ကြားရလို့ရှိရင် မိမိမှာ စွန့်ကြဲပေးကမ်းလှူဒါန်းမှု မရှိတာကို အကြောင်းပြုလို့ နှစ်သက်ကျေနပ်မှုကို မရဘဲ စိတ်ဆိုးအမျက်ထွက်လာတတ်ပါတယ်၊ ဒါ့ကြောင့် သဝန်တိုသူအတွက် စွန့်ကြဲမှုနှင့်စပ်တဲ့ စကားဟာ မကောင်းတဲ့စကား ဖြစ်လာရပါတယ်။

၅။ ပညာမရှိသူက ပညာနှင့်စပ်တဲ့စကားကို ကြားရလို့ရှိရင် မိမိမှာ ပညာမရှိတာကို အကြောင်းပြုပြီး နှစ်သက်ကျေနပ်မှုမရဘဲ စိတ်ဆိုးအမျက်ထွက်လာတတ်ပါတယ်၊ ဒါ့ကြောင့် ပညာမရှိသူအတွက် ပညာနှင့်စပ်တဲ့စကားဟာ မကောင်းတဲ့စကား ဖြစ်လာရပါတယ်။

ဒီလိုပဲ စကား ၅–မျိုးတို့က နဂိုက ကောင်းတဲ့စကားတွေ ဖြစ်နေကြပေမယ့် နာကြားတဲ့ပုဂ္ဂိုလ်အားလျော်စွာ မကောင်းတဲ့စကားတွေ ဖြစ်လာရပါတယ်။

၁။ သဒ္ဓါတရားရှိသူအတွက် သဒ္ဓါတရားနှင့်စပ်တဲ့စကား,
၂။ သီလရှိသူအတွက် သီလနှင့်စပ်တဲ့စကား,
၃။ အကြားအမြင်များသူအတွက် အကြားအမြင်များမှုနှင့်စပ်တဲ့စကား,
၄။ စွန့်ကြဲပေးကမ်းမှုရှိသူအတွက် စွန့်ကြဲပေးကမ်းမှုနှင့်စပ်တဲ့စကား,
၅။ ပညာရှိသူအတွက် ပညာနှင့်စပ်တဲ့စကား–

ဒီစကား ၅–မျိုးကတော့ ကောင်းတဲ့စကားတွေပဲ ဖြစ်ပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့–

၁။ သဒ္ဓါတရားရှိသူက သဒ္ဓါတရားနှင့်စပ်တဲ့ စကားကို ကြားရလို့ရှိရင် မိမိမှာ ရှိနေတဲ့ သဒ္ဓါတရားကို အကြောင်းပြုပြီး ဝမ်းမြောက်ဝမ်းသာ နှစ်သက်ကျေနပ်လာတတ်ပါတယ်၊ ဒါ့ကြောင့် သဒ္ဓါတရားရှိသူအတွက် သဒ္ဓါနှင့်စပ်တဲ့ စကားဟာ ကောင်းတဲ့စကားပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com

၂။ သီလရှိသူက သီလနှင့်စပ်တဲ့စကားကို ကြားရလို့ရှိရင် မိမိမှာ ရှိနေတဲ့ သီလကို အကြောင်းပြုပြီး ဝမ်းမြောက်ဝမ်းသာ နှစ်သက်ကျေနပ်လာတတ်ပါတယ်၊ ဒါ့ကြောင့် သီလရှိသူအတွက် သီလနှင့်စပ်တဲ့စကားဟာ ကောင်းတဲ့စကားပဲ ဖြစ်ပါတယ်။

၃။ အကြားအမြင်များသူက အကြားအမြင်များမှုနှင့်စပ်တဲ့စကားကို ကြားရလို့ ရှိရင် မိမိမှာရှိနေတဲ့ အကြားအမြင်များမှုကို အကြောင်းပြုပြီး ဝမ်းမြောက်ဝမ်းသာ နှစ်သက်ကျေနပ်လာတတ်ပါတယ်၊ ဒါ့ကြောင့် အကြားအမြင်များသူအတွက် အကြားအမြင်များမှုနှင့်စပ်တဲ့ စကားဟာ ကောင်းတဲ့စကားပဲ ဖြစ်ပါတယ်။

၄။ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိသူက စွန့်ကြဲပေးကမ်းလှူဒါန်းမှုနှင့်စပ်တဲ့ စကားကို ကြားရတဲ့အခါ မိမိမှာရှိနေတဲ့ စွန့်ကြဲပေးကမ်းလှူဒါန်းမှုကို အကြောင်းပြုပြီး ဝမ်းမြောက်ဝမ်းသာ နှစ်သက်ကျေနပ်လာတတ်ပါတယ်၊ ဒါ့ကြောင့် စွန့်ကြဲပေးကမ်းလှူဒါန်းမှုရှိသူအတွက် စွန့်ကြဲပေးကမ်းလှူဒါန်းမှုနှင့်စပ်တဲ့ စကားဟာ ကောင်းတဲ့ စကားပဲ ဖြစ်ပါတယ်။

၅။ ပညာရှိသူက ပညာနှင့်စပ်တဲ့စကားကို နာကြားရတဲ့အခါ မိမိမှာ ရှိနေတဲ့ ပညာကို အကြောင်းပြုပြီး ဝမ်းမြောက်ဝမ်းသာ နှစ်သက်ကျေနပ်လာပါတယ်၊ ဒါ့ကြောင့် ပညာရှိသူအတွက် ပညာနှင့်စပ်တဲ့စကားဟာ ကောင်းတဲ့စကားပဲ ဖြစ်ပါတယ်။

ဒီစကား ၅-မျိုးတို့က ပင်ကိုကလဲ ကောင်းတဲ့ အပြင် နာကြားသူတွေနှင့်လဲ လိုက်ဖက်သင့်တော်တဲ့အတွက် အလွန်ကောင်းတဲ့ စကားတွေပဲ ဖြစ်ပါတော့ဟယ်။

စကား ၆-မျိုး ပြောကြရိုး

၁။ မှန်လဲမမှန် အကျိုးလဲမရှိဘဲ သူမနှစ်သက်တဲ့စကား,
၂။ မှန်ပေမယ့် အကျိုးမရှိဘဲ သူမနှစ်သက်တဲ့စကား,
၃။ မှန်ကန်၍ အကျိုးရှိပြီး သူမနှစ်သက်တဲ့စကား,
၄။ မှန်လဲမမှန် အကျိုးလဲမရှိပေမယ့် သူနှစ်သက်တဲ့စကား,
၅။ မှန်ကန်၍ အကျိုးမရှိပေမယ့် သူနှစ်သက်တဲ့စကား,
၆။ မှန်ကန်၍ အကျိုးရှိပြီး သူနှစ်သက်တဲ့စကား-

ဒီစကား ၆-ခွန်းထဲက ၃-နံပါတ်နှင့် ၆-နံပါတ်စကား ၂-ခွန်းကိုသာ ဘုရားရှင်များက ဟောပြောတော်မူကြပါတယ်၊ ဒီစကား ၂-ခွန်းကိုသော်မှ ဘုရားရှင်တို့က

၁။ မဇ္ဈ-၂၊ ၅၅။ ၆-၃၊ ၇၇။

http://www.dhammadownload.com

ပြောသင့်မှ ပြောပါတယ်၊ ပြောလိုက်တဲ့အတွက် အကျိုးရှိမှာကို မြင်ရင် ပြောတော်မူပါတယ်၊ အကျိုးရှိမှာကို မမြင်ရင် ပြောတော်မမူပါ၊ ဒါကိုပဲ ရည်ရွယ်ပြီး ရှေးဆရာများက "စကားခြောက်ခွန်း, လူဥ်ထွန်း, လေးခွန်းကိုပယ်, နှစ်ခွန်းတယ်"လို့ မိန့်ဆိုထားကြပါတယ်။

အခုလူသားတွေအတွက်လဲ ၃-နံပါတ်စကားနှင့် ၆-နံပါတ်စကားမှာ အကောင်းဆုံးပဲ ဖြစ်ပါတယ်၊ ၅-နံပါတ်စကားကို ရံခါပြောမိပေမယ့် အပြစ်မရှိလှပါ၊ ကျန်စကား ၃-ခွန်းကိုတော့ ဘယ်နည်းနဲ့မှ မပြောမိအောင် ရှောင်သင့်ပါတယ်။

၁။ ခိုးသားဓားပြ မဟုတ်သူကို ခိုးသားဓားပြ-လို့ ပြောဆိုတဲ့ စကားမျိုး, ကျွန်-မဟုတ်သူကို ကျွန်-လို့ ပြောဆိုတဲ့စကားမျိုး, မှန်မှန်ကန်ကန်ကျင့်နေသူကို မှားမှားယွင်းယွင်းကျင့်နေသူ-လို့ ပြောတဲ့စကားမျိုးဟာ မှန်လဲမမှန် အကျိုးလဲမရှိတဲ့အပြင် အပြောခံရသူကလဲ မနှစ်သက်တဲ့ စကားမျိုး ဖြစ်ပါတယ်၊ ဒီစကားမျိုးကို မပြောသင့်ပါ။

၂။ ခိုးသူကိုပဲ ဒီအကောင် ခိုးသူပဲ အစရှိသည်ဖြင့် ပြောဆိုတဲ့ စကားမျိုးဟာ မှန်ပေမယ့် အကျိုးမရှိတဲ့အပြင် အပြောခံရသူကလဲ မနှစ်သက်တဲ့ စကားမျိုး ဖြစ်ပါတယ်၊ ဒီစကားမျိုးကိုလဲ မပြောဆိုသင့်ပါ။

၃။ ရှေးဘဝတွေက ကုသိုလ်ကောင်းမှု မလုပ်ခဲ့တဲ့အတွက် မင်းက အခုဆင်းရဲနွမ်းပါးသူ, ရုပ်အဆင်းမလှသူ, တန်ခိုးအာဏာ အရှိန်အဝါမရှိသူ ဖြစ်နေရတယ်၊ အခု ရရှိထားတဲ့ ဒီဘဝမှာလဲ ကုသိုလ်ကောင်းမှုကို မပြုရင် ဘဝပြောင်းသွားတဲ့အခါ ဘယ်လိုလုပ်ပြီး အပါယ်ကလွတ်မြောက်နိုင်ပါ့မလဲ ?၊ ဒီလိုအကျိုးကို လိုလားလို့ ဆုံးမပြောကြားတဲ့ စကားမျိုးဟာ မှန်လဲမှန် အကျိုးလဲရှိပေမယ့် သူမနှစ်သက်တဲ့စကားမျိုး ဖြစ်ပါတယ်၊ ဒီစကားမျိုးကို ဘုရားရှင်က လိုက်နာမယ့်အချိန်အခါကို သိနားလည်ပြီးမှသာ ပြောဆိုတော်မူပါတယ်။

၄။ မှန်လဲမမှန် အကျိုးလဲ မရှိပေမယ့် သူနှစ်သက်တဲ့ စကားမျိုးကိုတော့ အခုပြောပြမယ့် ပုံဝတ္ထုမှာ လာတဲ့အတိုင်းပဲ မှတ်သားသင့်ပါတယ်။

အကြွိပိုင်တဲ့ အဖိုးအို [၁]

ကျေးတောသား အဖိုးအိုတစ်ယောက်က မြို့ကိုရောက်လာပြီး အရက်ဆိုင်မှာ အရက်သောက်နေပါတယ်၊ မြို့သားလူလယ် ၆-ယောက်တို့က "အဖိုးအို့ရဲ့ အဝတ်အရုံနှင့်တကွ ပါလာသမျှ ငွေကြေးအကုန်လုံးကို ညာယူကြရတော့မယ်"ဆိုတဲ့ သဘောနဲ့ အဖိုးအိုနားကိုသွားပြီး အဖိုးအိုနှင့်အတူ အရက်သောက်နေကြပါတယ်။

၁။ မဇ်-၄-၃၊ ၇၈။

http://www.dhammadownload.com

"တို့က ကိုယ်တိုင်တွေ့ဖူး, မြင်ဖူးတဲ့ အကြောင်းအရာတစ်ခုစီ တစ်ခုစီကို ပြောကြစို့ရဲ့၊ 'မဟုတ်'လို့ ပြောတဲ့လူ, ပြောတာကို မယုံတဲ့လူက ကျွန်ခံကြစတမ်း"။

ဒီလို ကတိသစ္စာပြုကြပါတယ်၊ သူတို့က အနားမှာရှိနေတဲ့ အဖိုးအိုကိုလဲ မေးကြပါတယ်။

"အဘရေ! အဘကလဲ ပါဦးမလား?"။

"စိန်လိုက်ပေါ့ ငါတူတို့ရယ်"။

အဖိုးအိုထံက ဝန်ခံချက်ရတဲ့အခါ လူလယ်တစ်ယောက်က စတင်ပြောကြားပါတော့တယ်။

"ကျုပ်ပဋိသန္ဓေတည်နေချိန်မှာပဲ ကျုပ်အမေက သီးသီးစားလိုတဲ့ချင်ခြင်းဖြစ်လာပါတယ်၊ အခြား သီးသီးခူးပေးမယ့်သူ မရှိတဲ့အတွက် ကျုပ်ကိုပဲ ခိုင်းလိုက်ပါတယ်၊ သီးပင်နားကို ရောက်သွားတဲ့အခါ ကျုပ်က သီးပင်ကို မတက်နိုင်တဲ့အတွက် ကိုယ့်ခြေကို ကိုယ့်လက်နဲ့ကိုင်ပြီး ခဲကိုးစ်တင်သလို သီးပင်ပေါ်ကို ပစ်တင်လိုက်ပါတယ်၊ သီးပင်ပေါ်ကို ရောက်သွားတဲ့အခါ ကျုပ်က တစ်ကိုင်းက တစ်ကိုင်းကို ကူးပြောင်းပြီး သီးသီးတွေကို ခူးယူနေပါတယ်။

ခါးပိုက်ပြည့်အောင် ခူးပြီးလို့ သီးပင်ပေါ်က ပြန်မဆင်းနိုင်ဘဲ အခက်တွေ့နေတဲ့အခါမှာ အိမ်ကိုပြန်ပြေးပြီး လှေကားယူလာရပါတယ်၊ လှေကားထောင်ပြီး သစ်ပင်ပေါ်က ဆင်းခဲ့ပါတယ်၊ အမေ့ဆီကိုသွားပြီး သီးသီးတွေကို ပေးပါတယ်၊ အဲဒီအသီးတွေက ရာဝင်အိုးလောက် ကြီးပါတယ်၊ အမေက တစ်ထိုင်တည်းနဲ့ သီးသီးအလုံး ၆၀-ကို စားပစ်လိုက်ပါတယ်။

ကျုပ်ခါးပိုက်ထဲက ကျန်နေတဲ့ သီးသီးတွေကို ရွာထဲမှာရှိနေသမျှ လူကြီး, လူငယ်တွေအား ဝေပေးပါတယ်၊ ဒါ့အပြင် ကျုပ်တို့ရဲ့အိမ်က ၁၆-တောင် မြင့်ပါတယ်၊ အိမ်ထဲမှာရှိသမျှ ပစ္စည်းတွေကို အပြင်သို့ အထုတ်ခိုင်းထားလိုက်ပါတယ်၊ တစ်အိမ်လုံးကို သီးသီးတွေနဲ့ပဲ အမိုးထိအောင် ဖြည့်ထားလိုက်ပါတယ်၊ အဲဒီလိုဖြည့်ထားလို့ ပိုလျှံနေတဲ့ သီးသီးတွေကို ယူပြီး အိမ်တံခါးဝမှာ ပုံထားလိုက်ပါတယ်၊ အဲဒီအပုံက အတောင်-၈၀ မြင့်တဲ့တောင်လို ဖြစ်နေပါတော့တယ်။

မိတ်ဆွေတို့! ဘယ်နယ်လဲ၊ နည်းနည်းလေးမှ ယုံနိုင်ကြသေးရဲ့လား?"။

ဒီနည်းအတိုင်း မဟုတ်မဟတ် တစ်ယောက်ပြီးတစ်ယောက် ပြောဆိုကြပါတယ်၊ ကျေးဇောသားအဖိုးအိုက ဣန္ဒြေမပျက် တိတ်တိတ်ထိုင်နေပါတယ်၊ သူတို့က ယုံ-မယုံ အဖိုးအိုကို မေးကြပါတယ်။

http://www.dhammadownload.com

"ဒီလိုပဲ ဖြစ်ပါလိမ့်မယ် ငါတူတို့ရယ် !၊ တိုင်းနိုင်ငံက အကြီးသားပဲ၊ တိုင်းနိုင်ငံကြီးကျယ်တဲ့အတွက် ယုံကြည်လောက်ပါတယ်"။

အဖိုးအိုက ဒီလိုဝန်ခံပြောဆိုပြီး ဆက်လက်ပြောဆိုပြန်တယ်။

"ကျုပ်စကားကိုလဲ နားထောင်ကြပါဦး တူမောင်တို့ရယ် !၊ မင်းတို့ရဲ့ အမျိုးတွေကသာ ကြီးကျယ်တာ မဟုတ်ပါဘူး၊ တို့အမျိုးကလဲ ကြီးကျယ်တာပါပဲ။

တို့မှာ အခြားယာခင်းတွေထက် ဝါစိုက်ပျိုးထားတဲ့ ယာခင်းတွေက ပိုပြီးကြီးကျယ်ပါတယ်၊ ကေထောင်ပေါင်းများစွာရှိတဲ့ အဲဒီယာခင်းရဲ့အလယ်မှာ ဝါပင်ကြီးတစ်ပင်ဟာ အတောင်-၈၀ မြင့်ပါတယ်၊ အဲဒီဝါပင်မှာ အကိုင်းက ၅-ကိုင်း ရှိနေပါတယ်၊ အဲဒီအကိုင်းတွေထဲက အခြားအကိုင်းတွေမှာ အသီးမသီးပါဘူး၊ အရှေ့ဘက်အကိုင်းတစ်ကိုင်းမှာသာ ရာဝင်အိုးလောက်ရှိတဲ့ အသီးတစ်လုံး သီးနေပါတယ်၊ အဲဒီ အသီးမှာ အမြွှာင့် ၆-မြွှာင့် ရှိနေပါတယ်၊ အမြွှာင့် ၆-ခုက ဝါဂွမ်းဆိုင် ၆-ခု ပွင့်လာကြပါတယ်၊ ကျုပ်က မုတ်ဆိတ်ကျင်စွယ်ကိုပြုပြင် ရေမိုးချိုး ဖီးလိမ်းဝတ်စား ဆင်ယင်ပြီး ဝါခင်းကိုသွားပါတယ်၊ ပွင့်နေတဲ့ ဝါဂွမ်းဆိုင်တွေကို တွေ့ရတော့ ရပ်ရင်းပဲ လက်လှမ်းကိုင်ယူလိုက်ပါတယ်။

အဲဒီဝါဂွမ်းဆိုင်တွေက ခွန်အားဗလနှင့်ပြည့်စုံတဲ့ ကျွန် ၆-ယောက် ဖြစ်လာကြပါတယ်၊ သူတို့အကုန်လုံးက ကျုပ်ကိုပယ်စွန့်ပြီး ထွက်ပြေးသွားကြပါတယ်၊ ဒီမျှလောက်ကာလပတ်လုံး သူတို့ကို မတွေ့ခဲ့ရပါ၊ ဒီနေ့မှပဲ တွေ့ရပါတော့တယ်၊ အဲဒီကျွန် ၆-ယောက်ဆိုတာဟာ အခြားသူတွေ မဟုတ်ပါဘူး၊ ငါ့တူတို့ပါပဲ။

မင်းက နန္ဒ-ဆိုသူဖြစ်တယ်၊ မင်းက ပုဏ္ဏ-ဆိုသူဖြစ်တယ်၊ မင်းက ဝမုမာန-ဆိုသူ ဖြစ်တယ်၊ မင်းက စိတ္တ-ဆိုသူဖြစ်တယ်၊ မင်းက မင်္ဂလ-ဆိုသူဖြစ်တယ်၊ မင်းက ပေါဠိယ-ဆိုသူဖြစ်တယ်"။

ဒီလို ပြောဆိုထလာပြီး ထိုင်နေတဲ့သူတွေရဲ့ ဦးစွန်းပုတ်ကို ကိုင်ကာ ရပ်နေပါတယ်၊ သူတို့က "တို့ဟာ ကျွန်မဟုတ်ပါဘူး"လို့လဲ မပြောနိုင်ကြတော့ပါ၊ အဖိုးအိုက သူတို့ကို ဆွဲကိုင်ပြီး တရားရုံးကို ခေါ်သွားပါတယ်၊ အမှတ်တံဆိပ် ခပ်နှိပ်စေပြီး တစ်သက်လုံးကျွန်လုပ်ပြီး သုံးဆောင်ပါတယ်၊ ဒီလို စကားမျိုးကို ဗုဒ္ဓမြတ်စွာက မပြောဆိုပါဘူး၊ သင်တို့ သင်တန်းသူ, သင်တန်းသားတွေကလဲ မပြောသင့်ပါဘူး။

၅။ ပစ္စည်းဥစ္စာကို လိုလားတဲ့အတွက် ကိုယ့်ကိုနှိမ့်ချလို့ သူ့ကိုမြှောက်ပင့်ပြောဆိုခြင်း-စသည်ဖြင့် အထူးထူး အပြားပြား သူတစ်ပါးတို့အား ချီးမြှောက်ပြောဆိုတဲ့ စကားမျိုး, ခိုးသားဓားပြတို့ရဲ့ အကြောင်းအရာနှင့်ပတ်သက်တဲ့

http://www.dhammadownload.com

စကားမျိုး, သမိုင်းရာဇဝင်အစရှိတဲ့ တိရစ္ဆာန၀ိဇ္ဇာစကားမျိုး– မှန်ကန်ပေမယ့် အကျိုးမရှိတဲ့ နားထောင်ရသူ နှစ်သက်သောစကားမျိုး ဖြစ်ပါတယ်၊ ဒီစကားမျိုးထဲက သမ္မပ္ပလာပကလွတ်မြောက်နိုင်တဲ့ အချို့စကားကို အကြောင်းအားလျော်စွာ ပြောသင့်ပါတယ်၊ ဗုဒ္ဓမြတ်စွာကတော့ ဒီစကားမျိုးကို မပြောပါ။

၆။ ပညာရှိတွေက နှစ်ပေါင်းတစ်ရာလုံးလုံး နားထောင်ရပေမယ့် မတင်းတိမ်မရောင့်ရဲနိုင်တဲ့ အရိယသစ္စာကိုမှီတဲ့ စကားမျိုးဟာ ဟုတ်လဲဟုတ်မှန်အကျိုးလဲရှိပြီး သူနှစ်သက်တဲ့ စကားမျိုး ဖြစ်ပါတယ်၊ ဒီစကားမျိုးကို ဗုဒ္ဓမြတ်စွာက ပြောဆိုရမယ့် အချိန်အခါကို မလွန်စေဘဲ ပြောဆိုတော်မူတတ်ပါတယ်။

အင်္ဂါ ၅-တန် စကားမွန် ။

၁။ သင့်တော်တဲ့အခါမှာ ပြောဆိုသောစကား,
၂။ မှန်ကန်စွာ ပြောဆိုသောစကား,
၃။ သိမ်မွေ့စွာ ပြောဆိုသောစကား,
၄။ အကျိုးစီးပွားနှင့်စပ်သောစကား,
၅။ မေတ္တာစိတ်နှင့် ပြောဆိုသောစကား–

ဒီအင်္ဂါ ၅-ပါးနှင့်ပြည့်စုံတဲ့စကားဟာ ကောင်းစွာပြောဆိုအပ်တဲ့ စကား (သုဘာသိတ ဝါစာ) မည်ပါတယ်၊ အပြစ်လဲကင်းပါတယ်၊ ပညာရှိတို့ ကဲ့ရဲ့ခြင်းကလဲ လွတ်ကင်းပါတယ်။

စကားလျော်စွာ အကျိုးလာ ၂

နှုတ်ချိုသူတိစ်ပါး, အလေးထား, ပြောကြားကြလေပါ၊
ချိုသာစကား, ပြောသူအား, အသားကုန်သာ ပေးခဲ့ပါ၊
ပြောဆိုစကား, လျော်သောအား, အသားပေးခဲ့ပါ။

ဗာရာဏသီမြို့မှာ နေကြတဲ့ သူဌေးသား ၄-ယောက်တို့က မြို့ပြင်ဘက်ကို ထွက်လာကြပြီး လမ်းဘေးမှာ ထိုင်ကာ စကားပြောနေကြပါတယ်၊ အဲဒီအချိန်မှာ မုဆိုးတစ်ယောက်က အသားတွေကို လှည်းမှာတင်ပြီး မြို့ဘက်ကို မောင်းလာခဲ့ပါတယ်။

အဲဒီ အသားလှည်းကို တွေ့ရတော့ သူဌေးသားတစ်ယောက်က ထိုင်ရာက ထသွားပြီး "ဟေ့မုဆိုး ! ကျုပ်အား အမဲသားပေးပါ"လို့ တောင်းပါတယ်၊ ဒီ တော့ မုဆိုးက "မိတ်ဆွေ ! သူများထဲက တစ်စုံတစ်ခုကို တောင်းတဲ့ပုဂ္ဂိုလ်ဟာ ချစ်ဖွယ်သာယာ ပြောဆိုသင့်ပါတယ်၊ အသားတောင်းတဲ့ ခင်ဗျားရဲ့စကားဟာ ကြမ်းတမ်း

၁။ အံ-၂၊ ၂၀၃။ ၂။ ဇာတ်-၅-၃၊ ၄၅။

http://www.dhammadownload.com

ပါဘိတယ်၊ အရွှတ်နှင့်သာ တူပါတော့တယ်၊ ရော့– ခင်ဗျားစကားနဲ့တူတဲ့ အရွှတ်ကို ယူသွားပါ"လို့ ပြောပြီး အရွှတ်ကို ပေးလိုက်ပါတယ်။

ပထမသူဌေးသား ပြန်လာတဲ့အခါ နောက်တစ်ယောက်က "နောင်တော် ကြီးရယ် ! ကျုပ်ကိုလဲ အမဲသား ပေးပါဦး"လို့ သွားတောင်းပြန်တယ်၊ သူစကားကို ကြားရတော့ မုဆိုးက "မိတ်ဆွေ ! အစ်ကို ,အစ်မ–ဆိုတာဟာ လောကမှာ လူတွေရဲ့ ကိုယ်အင်္ဂါတွေလိုပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ခင်ဗျားစကားက ကိုယ်အင်္ဂါနှင့် တူပါတယ်၊ ရော့–ခင်ဗျားက ကိုယ်သားကို ယူသွားပါ"လို့ ပြောဆိုပြီး ကိုယ်သားကိုပဲ ပေးလွှတ်လိုက်ပါတယ်။

ဒုတိယသူဌေးသား ပြန်လာတဲ့အခါ နောက်တစ်ယောက်က ထသွားပြီး "အဖေရယ် ! ကျုပ်ကိုလဲ အမဲသားပေးပါဦး"လို့ တောင်းပါတယ်၊ ဒီတော့ မုဆိုးက "မိတ်ဆွေ ! 'အဖေ'လို့ ပြောလိုက်တဲ့ သားက အဖေရဲ့ နှလုံးသားကို တုန်လှုပ် စေပါတယ်၊ ဒါ့ကြောင့် ခင်ဗျားစကားက နှလုံးသားနှင့် တူပါတယ်"လို့ ပြောပြီး နှလုံးသားနှင့်အတူ အသားကောင်းကို ပေးလိုက်ပါတယ်။

တတိယသူဌေးသား ပြန်လာတဲ့အခါ နောက်တစ်ယောက်က ထသွားပြီး "မိတ်ဆွေ ! ကျုပ်ကိုလဲ အမဲသား ပေးပါဦး"လို့ တောင်းပြန်တယ်၊ ဒီစကားကို ကြားရတော့ မုဆိုးက "မိတ်ဆွေ ! အဆွေခင်ပွန်းမရှိတဲ့ရွာဟာ တောလိုပဲ ဖြစ်ပါတယ်၊ ဒါကြောင့် ခင်ဗျားစကားက တစ်ကိုယ်လုံးနှင့် တူပါတယ်၊ ခင်ဗျားအား အကုန် လုံးကိုပဲ ပေးပါတယ်"လို့ ပြောပြီး အိမ်ကိုရောက်အောင် အမဲသားလှည်းကို မောင်းပို့ ပေးလိုက်ပါတယ်။

သူဌေးသားက မုဆိုးရဲ့ သားမယားကို အခေါ်ခိုင်းပြီး မိမိနှင့်အတူ နေစေ ပါတယ်၊ မုဆိုးအလုပ်ကိုလဲ ပယ်စွန့်စေပါတယ်၊ မိသားစု ၂–ခုတို့ဟာ ညီညီ ညွတ်ညွတ် အသက်ထက်ဆုံး နေသွားကြပါတယ်။

"ဒီ ဝတ္ထုက ဘာသင်ခန်းစာရတယ်ဆိုတာကို မောင်ဝေထွန်းက ပြောပြ စမ်းပါဦး"။

"အကျိုးစီးပွားနှင့် စပ်ယှဉ်ပြီး မေတ္တာစိတ်နှင့် သင့်တော်တဲ့အခါမှာ မှန်ကန်စွာ ပြောတဲ့စကားဖြစ်ပေမယ့် ကြမ်းကြမ်းတမ်းတမ်း မပြောသင့်ပါ၊ ကြမ်းကြမ်းတမ်းတမ်းပြောတဲ့ စကားဟာ နားဝင်မချိုလှပါ၊ အပြစ်ကင်းနေ ပေမယ့် ကြားနာရသူတွေရဲ့ နားမှာ သံတံကျင်လို ဖြစ်နေတတ်ပါတယ်၊ ဒါကြောင့် အကျိုးစီးပွားနှင့်စပ်ယှဉ်ပြီး မေတ္တာစိတ်နဲ့ သင့်တော်တဲ့အခါမှာ မှန်ကန်စွာ ပြောဆိုတဲ့ အပြစ်မရှိသော စကားကောင်းဖြစ်ပေမယ့် အော်ကျယ်

http://www.dhammadownload.com

ဟစ်ကျယ် စူးစူးဝါးဝါး မပြောကြားဘဲ ချိုချိုသာသာ ယဉ်ကျေးသိမ်မွေ့စွာသာ ပြောဆိုသင့်ပါတယ်၊ အဲဒီလို ပြောဆိုတဲ့ စကားမျိုးကိုသာ လူအများက နှစ်သက်ကြပါတယ်၊ ဒါဟာ ဒီဝတ္ထုကရတဲ့ သင်ခန်းစာ ဖြစ်ပါတယ်"။

ရှေးဆရာများရဲ့ အဆိုအမိန့်

လူအပေါင်းတို့, နတ်ဆောင်းတီးလှာ, ထို့ပမာသို့, နားမှာဝင်စေ, အနေသင့်ရာ, ကောင်းစွာပိုင်းခြား, စကားသံချို, ပြောဆိုရခြင်း, အခင်းတစ်ကြောင်း။

ဒီလို မုံရွေးဆရာတော်က သုဘာသိတဝါစာ မင်္ဂလာရဲ့သဘောကို မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် လူတွေရဲ့ နားမှာ နတ်ဆောင်းတီးလာသလို နာခံချင်စရာ အခြေအနေသင့်လျော်ရာကို ကောင်းစွာပိုင်းခြား ချိုသာသောစကားကို ပြောဆိုရခြင်းဟာ သုဘာသိတဝါစာ မင်္ဂလာမည်ပါတယ်။

ဒါ့အပြင်–

နှုတ်မင်္ဂလာ, စကားမှာကား, အသာအချို, သူ–နာလိုအောင်, မိန့်ဆိုခြင်းလျှင်, တန်ဆာဆင်၏။ [၁]

ဆိုထွေစကား, သကာပျားသို့, ကြားသူစုံမက်, နားနှစ်ဖက်၌, ချမ်းမြက်အေးမြ, ပိတိဝအောင်, ပိယဝါစာ, ချစ်ပျူငှာဖြင့်, ချိုသာပျံ့သင်း, နတ်ဆောင်းညှင်းသို့, မပြင်းညဉ့်ပြေ, ဆိုတတ်စေလော့။ [၂]

ဆရာ့အထံ, သဲသဲညံမျှ, စာအံစာဖတ်, အတတ်သင်ဘက်, နှစ်သက်ရွှင်ပျော်, သူငယ်ဘော်တို့, ခေါ်ဝေါ်ကြလျှင်, ဗျာ–ရှင် သြမ္မန်, ကျွန်တော်–ကျွန်ုပ်, ယဉ်နှုတ်ပိထား, ခင်ဘုရား–ဟု, သနားစရာ, နှုတ်ချိုသာက, နာ၍မငြီး, ကိုယ့်ထက်ကြီးမူ, ဦးရီး–အစ်ကို, ငယ်သူကိုလည်း, နား–ချိုသာရေး, မောင်ကလေး–ဟု, ညီထွေး–ညီပု, ခေါ်မှတ်ပြုလော့၊ သူ့ကိုရိုသေ, ကျင့်ဝတ်ကျေက, အထွေမရှိ, အလိုသိ၍, မိမိတို့မျိုး, သူမြတ်နိုးလိမ့်, ပုံရိုးရှေးဆို, နှုတ်လျှင်ချိုငြား, သျှိတစ်ပါး–ဟု, စကားလူတွင်, ပြို့ပြို့ထင်၏။ [၃]

စကားဆိုလျှင်း, မမာတင်းနှင့်, အတင်းကြီးလစ်, ပြက်သည်ဖြစ်၏။ [၄]

မဆမဆီး, ဆိုစသည်းမူ, အပြီးသတ်သတ်, ပျက်စီးတတ်၏။ [၅]

၁။ သြဝါဒထူး–၂၉။ ၂။ မာတောဝါဒ–၄၅။ ၃။ သားရွေ့–၁၃။
၄။ သြဝါဒထူး–၁၁။ ၅။ မာတောဝါဒ–၄၇။

http://www.dhammadownload.com

တံတားအို မှောင်ကိုမလျှောက်နှင့်၊ စကားဆို တောင်လိုမမောက်နှင့်၊ တံတားအို မှောင်ကိုလျှောက်က ကျိုးတတ်သည်၊ စကားဆို တောင်လိုမောက်က ငြိုးတတ်သည်။ [၁]

နှုတ်ချိုလျှင် သူချစ်သည်၊ လက်တိုလျှင် သူပစ်သည်။
နှုတ်ကြီးလျှင် သူခွာသည်၊ လက်ကြီးလျှင် သူလာသည်။ [၂]

ဝါစာသိလိဋ္ဌ, ဝိယဝါစာ, ဆိုရာဆိုချက်, လွန်ခဲခက်၏၊ နှစ်ဘက်သောနား, ချိုပျားသကာ, ကဲ့ပမာသို့, ဝင်ရာဝင်ကြောင်း, နားထောင်ကောင်းအောင်, နာညောင်းဖွယ်ရာ, ရှိစိမ့်ငှာကို, ကောင်းစွာမခြား, သူတစ်ပါးက, ကြားက နာပျော်, လျော်သောစကားကို ပြောတတ်စေ။ [၃]

လူဋ္ဌမခြား, စကားအရာ, အင်္ဂါလေးတန်, ရှိသည်မှန်၏၊ ပေါ့တန်သော စကားကိုဖယ်၊ မနာဖွယ်သောစကားကိုပစ်၊ အနှစ်သာရမရှိသောစကားကိုသွေ၊ အခြေမရှိသောစကားကိုခြွင်း၊ အတင်းစကားမျိုးကိုခွာ၊ သေချာသောစကား မျိုးကိုမှဆို၊ အလိုမရှိသောစကားမျိုးကိုချိုး၊ သူ့အကျိုး ကိုယ့်အကျိုးကို ပြောတတ်စေ။ [၄]

လူတို့ထုံးတမ်း, ကျင့်မြဲလမ်းကား, မေးမြန်းသောစကားကိုပြော၊ မကြော်မဆော်, သူမမေးသော စကားကို မဆိုနှင့်၊ အပိုအမို, မနာလိုသော စကား၊ အပြစ်များသောအကြောင်း၊ နားညောင်းဖွယ်မပါသောအရာ၊ အကျိုး မပါသော အမှု၊ ဗဟုသုတမပါသောအချက်၊ ကပျက်ကချော်များသော စကားတို့သည် အမှားစင်စစ်, ဧကန္တ ဖြစ်ရာချေသည်။ [၅]

ထုံးဟောင်းစံပျက်၍ မျက်ကွယ်ဆိုသောစကား တဝ၊ နှစ်ခွန်းနှစ်ခွဆိုသော စကား တချက်၊ အမျက်ထွက်၍ဆိုသောစကား တရပ်၊ နှစ်ထပ်နှစ်ဆင့်ဆိုသော စကား တခြား၊– ဤလေးပါးတို့ကို စဉ်းစားထောက်ချင့်၍ ယုံသင့်ယုံတန်မှ ယုံရာသည်။ [၆]

ဒီလိုလဲ မိန့်ဆိုကြပါသေးသည်။

• • • • • • • • • • •

၁။ ညောင်ပင်သာ ဦးပုည။ ၂။ ကျည်းကန်ရှင်ကြီး။
၃။ ကုလပုတ္တအာစရိယလင်္ကာ။ ၄။ လုံးတော်ဆရာတော်။

http://www.dhammadownload.com



အခန်း-၄

မာတာပိတုဥပဋ္ဌာနံ	= အမိအဖကို လုပ်ကျွေးခြင်း၊
ပုတ္တ	= သားသမီးကို ချီးမြှောက်ထောက်ပံ့ခြင်း၊
ဒါရဿ သင်္ဂဟော	= မယားကို ချီးမြှောက်ထောက်ပံ့ခြင်း၊
အနာကုလာစ ကမ္မန္တာ	= ရှုပ်ထွေးခြင်းကင်း သန့်ရှင်းအောင်အလုပ်လုပ်ခြင်း၊
ဧတံ မင်္ဂလ-မုတ္တမံ	= ဒီ ၄-ပါးဟာ ကောင်းမြတ်တဲ့မင်္ဂလာ (ကြီးပွား ချမ်းသာရေး) ဖြစ်ပါတယ်။

၁၁။ မာတာပိတုဥပဋ္ဌာနံ

[မာတာပိတု-အမိအဖကို+ဥပဋ္ဌာန်-ပြုစုလုပ်ကျွေးခြင်း။] အမိအဖတို့ကို ပြုစုလုပ်ကျွေးခြင်းကိုပဲ မာတာပိတုဥပဋ္ဌာန-လို့ ခေါ်ပါတယ်။

အမိအဖတွေ-ဆိုတာဟာ သားသမီးတွေအပေါ်မှာ အလွန်ကျေးဇူးကြီးမားတဲ့ ဂုဏ်ကြီးရှင်များ ဖြစ်ကြပါတယ်၊ ဒီလို ကျေးဇူးကြီးကျယ် ဂုဏ်ဝင့်ထယ်တဲ့ မိဘတွေကို ပြုစုလုပ်ကျွေးခြင်းဟာ အလွန်အကျိုးကြီးမြတ်တဲ့အတွက် ကြီးပွားချမ်းသာရေး အစစ် မင်္ဂလာဖြစ်ပါတယ်။

မိဘတွေရဲ့ ကျေးဇူးရှင်များဖြစ်ပုံ, ဂုဏ်ကြီးပုံကို ဗြဟ္မသုတ်[၁] ကို အခြေခံထားပြီး ပြောပြသွားပါ့မယ်။

အမိအဖကို ပူဇော်တဲ့ သားသမီးတွေ, ပြုစုလုပ်ကျွေးတဲ့ သားသမီးတွေဟာ ဗြဟ္မာရှိသူတို့ မည်ကြပါတယ်၊ လက်ဦးဆရာ ရှိသူတို့လဲ မည်ကြပါတယ်၊ အိမ်ဦးနတ်

၁။ အံ-၁၊ ၃၈၁။ ၄-၂၊ ၉၈။

http://www.dhammadownload.com

ရှိသူတို့လဲ မည်ကြပါတယ်၊ (အမျိုးမျိုးအဖုံဖုံ ဆောင်ယူပူဇော်တာကို ခံထိုက်တဲ့) အပူဇော်ခံပုဂ္ဂိုလ်ရှိသူတို့လဲ မည်ကြပါတယ်။

မိဘတွေ–ဆိုတာဟာ သားသမီးတွေအတွက် အလွန်ကျေးဇူးများလှပါတယ်၊ အသက်ရှင်ရေး စောင့်ရှောက်ပေးတတ်ကြပါတယ်၊ ကိုယ်ကာယတိုးပွား, ကြီးထွားလာအောင် ကျွေးမွေးတတ်ကြပါတယ်၊ လောကရေးရာအဖြာဖြာကို သင်ပေးတတ်ကြပါတယ်၊ ဒါကြောင့် မိဘတို့ကို ဗြဟ္မာ–လို့လဲ ဆိုရပါတယ်၊ လက်ဦးဆရာ–လို့လဲ ဆိုရပါတယ်၊ အိမ်ဦးနတ်–လို့လဲ ဆိုရပါတယ်၊ အပူဇော်ခံပုဂ္ဂိုလ်–လို့လဲ ဆိုရပါတယ်၊မိဘတွေ–ဆိုတာဟာ အမြဲပဲ သားသမီးတွေကို စောင့်ရှောက်တတ်ကြပါတယ်။

ဒါ့ကြောင့် ပညာရှိသားသမီးက အမိအဖတို့ကို ရှိလဲခိုးရမယ်၊ စားစရာ, သောက်စရာ, အဝတ်, အိပ်ရာ, နေရာ, အမွေးနဲ့သာလိမ်းကျံပေးခြင်း, ရေချိုးပေးခြင်း, ခြေဆေးပေးခြင်းတွေနဲ့ ရိသေစွာ ပြုစုလုပ်ကျွေးမှုကိုလဲ ပြုရမယ်။

မိဘတွေအား အဲဒီလို ပြုစုလုပ်ကျွေးတဲ့ သားသမီးများကို ယခုဘဝမှာလဲ ပညာရှိတွေက ချီးမွမ်းကြပါတယ်၊ အမိအဖတွေအား ပြုစုလုပ်ကျွေးကြတဲ့ သားသမီးများက တမလွန်ဘဝကျတော့ နတ်ပြည်မှာ မွေ့လျော်ကြရပါတယ်။

ဒီလို အမိအဖတို့ရဲ့ ဂုဏ်ကျေးဇူးနှင့် အမိအဖတို့အား ပြုစုလုပ်ကျွေးခြင်းရဲ့ အကျိုးကို ဗုဒ္ဓမြတ်စွာက ဖော်ညွှန်းပြထားပါတယ်၊ အဲဒီအထဲမှာ ပါလာတာတွေကို သင့်တော်ရုံ ရှင်းလင်းပြောပြပါဦးမယ်၊ ပြီးမှ မိဘတွေကို ကြိုးကြိုးစားစား လုပ်ကျွေးကြတဲ့ ရသေ့ညီနောင်အကြောင်းကို ပြောပြပါ့မယ်။

ဗြဟ္မာခေါ်ဆို မိဘကို

ဂုဏ်ကျေးဇူး ကြီးကျယ်မြင့်မြတ်တဲ့အတွက် မိဘများကို ဗြဟ္မာ–လို့ ဆိုထားပါတယ်၊ ဗြဟ္မာတွေက မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ–ဆိုတဲ့ ဘာဝနာ ၄–မျိုး ပွားများတာနဲ့ပဲ ဗြဟ္မာ့ပြည်မှာ ဖြစ်ကြရတဲ့အတွက် အဲဒီဘာဝနာ ၄–မျိုးကို စွန့်လွှတ်မရှိသလို အမိအဖတွေကလဲ သားသမီးများအပေါ်မှာ အချိန်အခါအားလျော်စွာ အဲဒီဘာဝနာ ၄–မျိုးကို စွန့်လွှတ်မရှိကြပါဘူး။

သားသမီးများ ပဋိသန္ဓေတည်နေတဲ့အချိန်မှာ ကိုယ်လက်အင်္ဂါပြည့်စုံစွာနဲ့ ကျန်းမာချမ်းသာစွာ မွေးဖွားလာတဲ့ တို့သားကလေး, သမီးကလေးကို ဘယ်တော့များတွေ့ရ မြင်ရပါ့မလဲ–လို့ မိဘတွေမှာ မေတ္တာစိတ် ဖြစ်ပေါ်နေတတ်ပါတယ်။ (မေတ္တာ။)

http://www.dhammadownload.com

သားကလေး သမီးကလေးတွေက ပက်လက်အိပ်တတ်ရုံမျှ ငယ်သေးတဲ့အတွက်မှက်, ခြင်, သန်း, ကြမ်းပိုး–စသည်တို့ အကိုက်ခံရလို့ ငိုကြွေးမြည်တမ်းတဲ့ အခါမျိုး, အိပ်ရာနေရာ အဆင်မပြေတဲ့အတွက် ငိုကြွေးမြည်တမ်းတဲ့အခါမျိုးမှာ သားငယ်သမီးငယ်တို့ရဲ့ငိုသံကို ကြားရလို့ရှိရင် မိဘတွေရဲ့ သန္တာန်မှာ ကြင်နာမှု ဖြစ်ပေါ်လာတတ်ပါတယ်။ (ကရဏာ။)

ဟိုဟိုဒီဒီပြေးလွှား ကစားနိုင်တဲ့အခါမျိုး, ပလီပလာ တီတီတာတာပြောတတ်ပြီး ချစ်ခင်စရာအရွယ်သို့ ရောက်လာတဲ့အခါမျိုးတွေမှာ သားကလေး,သမီးကလေးတွေကို ကြည့်ပြီး အမေအဖေတွေရဲ့ စိတ်ဟာ ထောပတ်ကြည်မှာ ထည့်လိုက်တဲ့ အကြိမ်တစ်ရာဖတ်ထားတဲ့ ဝါဂွမ်းစိုင်လို နူးညံ့လာပါတယ်၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်လာပါတယ်၊ အဲဒီအခါမျိုးကျတော့ မိဘတွေရဲ့ သန္တာန်မှာ မုဒိတာဖြစ်နေတယ်–လို့ ဆိုသင့်ပါတယ်။ (မုဒိတာ။)

သားတွေ,သမီးတွေက အိမ်ထောင်ကျလို့ သီးခြား ကိုယ့်အိမ်ကိုယ်ရာနဲ့ နေကြတဲ့အခါမျိုးမှာ အခု တို့သားတွေ,သမီးတွေက ကိုယ့်သဘောကျ နေထိုင်,လုပ်ကိုင်စားသောက်နိုင်ကြပြီ–လို့ မိဘတွေရဲ့ သန္တာန်မှာ လျစ်လျူရှုမှု(ကြောင့်ကြကင်းမှု–စိတ်ချယုံကြည်မှု) ဖြစ်ပေါ်လာတတ်ပါတယ်၊ အဲဒီအခါမျိုးမှာ ဥပေက္ခာကို ရသင့်ပါတယ်။ (ဥပေက္ခာ။)

ဒီလိုအမိအဖတွေရဲ့ သားသမီးတွေအပေါ်မှာ အချိန်အခါအားလျော်စွာ ဗြဟ္မဝိဟာရတရား ၄–ပါးလုံးကိုပဲ ရသင့်တဲ့အတွက် ဗြဟ္မာနှင့် အလားတူစွာ ဖြစ်တတ်သောကြောင့် မိဘတွေကို ဗြဟ္မာ–လို့ ဆိုထားရပါတယ်။

ရှေးဦးဆရာ မည်ကြပါ

မွေးဖွားလို့ အတော်အသင့် နားလည်လာတဲ့ အရွယ်ကစပြီး မိဘများက သားငယ်,သမီးငယ်များကို "ဒီလိုထိုင်ရမယ်၊ ဒီလိုရပ်ရမယ်၊ ဒီလိုသွားရမယ်၊ ဒီလိုအိပ်ရမယ်၊ ဒီလိုစားရမယ်၊ ဒီလိုသောက်ရမယ်၊ ဒီလိုပြောရမယ်၊ ဒီလိုမပြောရဘူး၊ ဒါက သားသား(သမီး)ရဲ့အဖေ၊ ဒါက အစ်ကို၊ ဒါက အစ်မ၊ ဒီလိုလုပ်ရမယ်၊ ဒီလိုမလုပ်ရဘူး၊ ဘယ်သူနှင့် ပေါင်းရမယ်၊ ဘယ်သူနှင့် မပေါင်းရဘူး"စသည်ဖြင့် ရှေးဦးစွာ ပြောဆိုသွန်သင်ပေးကြပါတယ်။

အခြားဆရာများကတော့ နောက်မှသာ စာရေးစာဖတ်အတတ်, အင်ဂျင်နီယာအတတ်, ဆရာဝန်အတတ်–စသည်တို့ကို သင်ပေးကြပါတယ်၊ ဒါ့အပြင် တစ်ဦးသောဆရာက သရဏဂုံကို ပေးပါတယ်၊ တစ်ဦးသောဆရာက သီလကို ဆောက်တည်စေပါတယ်၊ သီလကို စောင့်ထိန်းစေပါတယ်၊ တစ်ဦးသောဆရာက ရှင်ပြုပေးပါတယ်၊ တစ်ဦးသောဆရာက ဘုရားဟော စကားတော်ကို သင်ယူစေပါတယ်၊ တစ်ဦးသော

http://www.dhammadownload.com

ဆရာက ရဟန်းခံပေးပါတယ်၊ တစ်ဦးသောဆရာက မင်္ဂလောက်,ဖိုလ်ပေါက် ကမ္မဋ္ဌာန်း ပေးပါတယ်။

ဒီဆရာအကုန်လုံးပဲ နောက်ဆရာများသာ ဖြစ်ကြပါတယ်၊ အမိအဖတွေကသာ လက်ဦးဆရာများ ဖြစ်ကြပါတယ်၊ ဒီလို အခြားဆရာတွေထက် ရှေးကျတဲ့ဆရာများ ဖြစ်ကြတဲ့အတွက် အမိအဖများကိုသာ လက်ဦးဆရာ–လို့ ဟောတော်မူထားပါတယ်။

စောင်မ–မပြတ် အိမ်ဦးနတ်

ကိုးကွယ်ဆည်းကပ်သင့်သူကို ပါဠိလို ဒေဝ, ဒေဝတာ–လို့ ခေါ်ပြီး မြန်မာလို နတ်–လို့ ဆိုရပါတယ်၊ နတ်ကိုးကွယ်သူများက နတ်တွေက စောင်မတဲ့အတွက် ဘေးရန်ကင်းတယ်၊ စီးပွားဥစ္စာဖြစ်ထွန်းတိုးတက်လာရတယ်–ဆိုတဲ့ အထင်နဲ့ မတွေ့မမြင်ရတဲ့ နတ်ဒေဝါများအား အိမ်ဦးခန်းမှာ နေရာပေးထားကြပါတယ်၊ အစားအသောက်, ပန်း–စတဲ့ ဝတ္ထုတွေနဲ့ အမြဲ ပူဇော်ပသနေကြပါတယ်။

ဒီလို မိမိကို စောင်မတတ်တဲ့အတွက်သာ အိမ်ဦးခန်းမှာထားပြီး ကိုးကွယ်ကြစတမ်း–ဆိုပါရင် အမိအဖတွေကသာ အိမ်ဦးခန်းမှာထားပြီး တကယ်ကိုးကွယ်သင့်သူများ ဖြစ်ကြပါတယ်၊ အမိအဖတွေက ကိုယ်တွေ့မျက်မြင် အထင်အရှားငယ်စဉ်တောင်ကျေး ကလေးဘဝကစပြီး ဘေးရန်ကင်းအောင်, လူရာဝင်အောင်လဲ စောင့်ရှောက်လာကြပါတယ်၊ စီးပွားဥစ္စာဖြစ်ထွန်းအောင်လဲ ညွှန်ကြားကြပါတယ်၊ အရင်းအနှီးလဲ ထုတ်ပေးကြပါတယ်၊ ဒါ့ကြောင့် သူတို့ကသာ အိမ်ဦးခန်းမှာထားပြီး အဝတ်, အစား, ပန်း, နဲ့သာ အစရှိတဲ့ ဝတ္ထုတွေနဲ့ ပူဇော်သင့်သူများ ဖြစ်ကြပါတော့တယ်။

အပူဇော်ခံ မည်ရပြန်

အမိအဖတွေဟာ သားသမီးတွေက ဆောင်ယူပူဇော်အပ်တဲ့ စားဖွယ်သောက်ဖွယ် (အာနိယ ဟုတ်–အာဟုတ်။) တို့ကို ခံယူရန် သင့်တော်လျောက်ပတ်သူများ ဖြစ်ကြပါတယ်၊ အမျိုးမျိုး အဖုံဖုံ ပူဇော်အပ်, ပြုပြင်စီမံအပ်တဲ့ စားဖွယ်သောက်ဖွယ်(ပကာရေဟိ ဟုတ်–ပါဟုတ်။)စသည်တို့ကိုလဲ ခံယူရန် သင့်တော်လျောက်ပတ်သူများ ဖြစ်ကြပါတယ်၊ ဒါ့ကြောင့်ပဲ မိဘတို့ကို အပူဇော်ခံပုဂ္ဂိုလ်–လို့လဲ ဆိုရပါတယ်။

ရှိခိုးပြုစု လုပ်ကျွေးမှု

ညနေတစ်ကြိမ်, နံနက်တစ်ကြိမ် ဆည်းကပ်ခစားရအောင် သွားပြီး ဒီအရာဌာနဟာ ငါတို့ရဲ့ ကုသိုလ်မျိုးကို ကြဲချစိုက်ပျိုးစရာ–လယ်ယာမြေကောင်း ဖြစ်ပါပေတယ်–လို့ နှလုံးသွင်းပြီး မိမိကို လူရာဝင်အောင် ကြည့်ရှုစောင့်ရှောက်လာခဲ့တဲ့ ဂုဏ်တွေကို အာရုံပြုကာ မိဘတို့အား ရှိခိုးပူဇော်မှုကို ပြုလုပ်ကြရမယ်။

http://www.dhammadownload.com

ဒါ့အပြင်– ကျွေးမွေးခြင်း, အမှုကိစ္စကို ပြုလုပ်ပေးခြင်း, အမျိုးအနွယ်ကို တည်စေခြင်း, အမွေဆက်ခံခြင်း, ဘဝပြောင်းသွားတဲ့ မိဘများအတွက်လှူဒါန်း၍ အမျှပေးဝေခြင်း–ဆိုတဲ့ ပြုစုလုပ်ကျွေးခြင်းမျိုးနဲ့ ပြုစုလုပ်ကျွေးရမယ်၊ ဒါတွေက သားသမီးတွေရဲ့ ကျင့်ဝတ်ပဲ ဖြစ်ပါတယ်။

အမိအဖတို့အား ခြေဆေးပေးခြင်း, ခြေလက်ဆုပ်နယ်ပေးခြင်း, နံ့သာမှုန့်–စသည်တို့နဲ့ ကိုယ်ကိုပွတ်တိုက် လိမ်းကျံပေးခြင်း, ရေချိုးပေးခြင်း, အဝတ်အစားနေရာထိုင်ခင်း ဆေးဝါးပေးခြင်းတွေနဲ့ ပြုစုလုပ်ကျွေးရမယ်။ ၄။

ဒါ့အပြင်– အမိအဖတို့ကို ရတနာ ၃–ပါးမှာ ကြည်ညိုလာအောင် ဆွဲဆောင်လုပ်ကျွေးသူ, သီလစောင့်ထိန်းစေပြီး ပြုစုလုပ်ကျွေးသူ, အလှူဒါနပြုလုပ်စေခြင်းနဲ့ ပြုစုလုပ်ကျွေးသူ, ကမ္မဋ္ဌာန်းဘာဝနာ ပွားများအားထုတ်စေခြင်းနဲ့ ပြုစုလုပ်ကျွေးသူ, တရားနာစေခြင်းနဲ့ ပြုစုလုပ်ကျွေးသူ, ရှင်ရဟန်းပြုလုပ်ရန်တိုက်တွန်းခြင်းနဲ့ ပြုစုလုပ်ကျွေးသူတွေကတော့ အမိအဖကို ပြုစုလုပ်ကျွေးသူတို့အထဲမှာ အထက်တန်းအကျဆုံးသူများ ဖြစ်ကြပါတယ်။

တရားကျင့်စေ ကျေးဇူးကျေ[၁] အမိအဖတွေ–ဆိုတာဟာ သားသမီးတွေအတွက် အင်မတန်ဂုဏ်ကျေးဇူးကြီးမားသူတွေ ဖြစ်ကြပါတယ်၊ သားသမီးတွေကြီးပွားအောင် စောင့်ရှောက်လာသူတွေလဲ ဖြစ်ကြပါတယ်၊ ကျွေးမွေးသုတ်သင်လာသူတွေလဲ ဖြစ်ကြပါတယ်၊ အကယ်၍သာ အမေအဖတွေက မွေးတဲ့နေ့မှာပဲ ခြေ ၂–ချောင်းကိုကိုင်ပြီး သားကလေးကို တောထဲမှာပဲဖြစ်ဖြစ်, မြစ်ထဲမှာပဲဖြစ်ဖြစ်, ချောက်ကြားထဲမှာပဲဖြစ်ဖြစ် လွှင့်ပစ်ခဲ့ပါရင် အဲဒီကလေးက ဒီလောကအတွင်းမှာ ရှိနေတဲ့ အကောင်းအဆိုး အာရုံအမျိုးမျိုးကို တွေ့မြင်ရစရာမရှိတော့ပါ၊ အဲဒီလို လွှင့်မပစ်ဘဲ လူလားမြောက်အောင် ကျွေးမွေးသုတ်သင်လာတဲ့အတွက် ဒီလောကအတွင်းမှာရှိနေတဲ့ အကောင်းအဆိုး အာရုံအမျိုးမျိုးကို အမိ, အဖတွေကို အမှီပြုလို့ပဲ တွေ့နေကြ, မြင်နေကြရပါတယ်၊ ဒါ့ကြောင့် အမိအဖတွေ–ဆိုတာဟာ ဒီလောကကို ပြတတ်သူတွေလဲ ဖြစ်ကြပါတယ်။

ဒီလို အင်မတန်ကျေးဇူးကြီးမားတဲ့အတွက် မိခင်ဖခင်တို့ကို ကျေးဇူးတုံ့ပြန်ဆပ်နိုင်ရန်မှာ မလွယ်လှပါ၊ သားသမီးဖြစ်နေသူက အမိကို လက်ယာဘက်ပခုံးပေါ်မှာထား, အဖကို လက်ဝဲဘက်ပခုံးပေါ်မှာထားပြီး နှစ်ပေါင်းတစ်ရာကြာအောင် ဆောင်ယူလုပ်ကျွေးမယ်, အနံ့အသက်ကောင်းအောင် အမွေးအကြိုင်လိမ်းကျံပေးခြင်း

၁။ အံ–၁၊ ၆၃။ ၄–၂၊ ၂၇။

http://www.dhammadownload.com

အညောင်းအညာပြေအောင် နှိပ်နယ်ပေးခြင်း အေးတဲ့ရာသီမှာ ရေနွေးနဲ့ ပူတဲ့ရာသီမှာ ရေအေးနဲ့ ရေချိုးပေးခြင်း ခြေဆုပ်လက်နယ်ပြုပေးခြင်းတွေနဲ့ ပြုစုလုပ်ကျွေးမယ်, အမေအဖေတွေကလဲ သားသမီးတွေရဲ့ ပခုံးပေါ်မှာပဲ ကျင်ကြီးကျင်ငယ်စွန့်မယ်–ဆိုကြစို့ရဲ့။

ဒီလို ပြုစုလုပ်ကျွေးပေမယ့် အမိအဖတို့အား ကျေးဇူးပြုရာလဲ မရောက်သေးပါ၊ ကျေးဇူးကျေအောင်ဆပ်ရာလဲ မရောက်သေးပါ၊ အမိအဖတို့အား စကြဝဠာမင်းစည်းစိမ်ကို ရအောင်လုပ်ပေးပေမယ့် အမိအဖတို့အား ကျေးဇူးပြုရာလဲ မရောက်သေးပါ၊ ကျေးဇူးကျေအောင် ပြန်ဆပ်ရာလဲ မရောက်သေးပါ၊ ဒီလို လောကီမှုနဲ့ ပြုစုလုပ်ကျွေးလို့ အမိအဖတွေရဲ့ကျေးဇူးကို ကျေအောင်မဆပ်နိုင်ပါ။

သဒ္ဓါတရားမရှိတဲ့မိဘကို သဒ္ဓါတရားရှိလာအောင်, သီလမရှိတဲ့မိဘကို သီလပြည့်စုံလာအောင်, မပေးလှူလို သဝန်တိုမှုရှိနေတဲ့မိဘကို စွန့်ကြဲပေးကမ်း လှူဒါန်းမှုနှင့် ပြည့်စုံအောင်, ပညာမရှိတဲ့မိဘကို ပညာနှင့် ပြည့်စုံလာအောင် ပြုစုလုပ်ပေးမှသာ မိဘတွေရဲ့အပေါ်မှာ ကျေးဇူးပြုရာလဲ ရောက်ပါတယ်၊ ကျေးဇူးကျေအောင် ပြန်ဆပ်ရာလဲ ရောက်ပါတယ်။

ဒီလို မိဘကို ပြုစုလုပ်ကျွေးတာဟာ သားသမီးတွေအတွက် ယခုလက်ရှိဘဝချမ်းသာနှင့် နောင်ဘဝချမ်းသာ–ဆိုတဲ့ ၂–ပါးကို ရွှက်ဆောင်နိုင်တဲ့အတွက် မင်္ဂလာ (ကြီးမွားချမ်းသာရေး) ဖြစ်ပါတယ်။

သောဏ–နန္ဒဇာတ် [၁]

သောဏ–နန္ဒ, သရုပ်ပြ, မိဘနှစ်ဖြာ လုပ်ကျွေးရာ၊
အမေဂုဏ်ကား, လွန်ကြီးမား, ထင်ရှားလှတို့ရှာ၊
ကြီးသူတို့အား, မတရား, ပြုမှားသူမှာ ပါယ်လေးရွာ၊
ကျွမ်းကျင်တရား, ကျင့်သူများ, မလားပါယ်လေးရွာ။

ဒီနေရာမှာ မိဘတွေရဲ့ ဂုဏ်ကျေးဇူးနှင့် မိဘကို မလုပ်ကျွေးခြင်းရဲ့အပြစ်, မိဘကို လုပ်ကျွေးခြင်းရဲ့ အကျိုးတွေ သိသာထင်ရှားအောင် သောဏ–နန္ဒဇာတ်ကို ပြောပြပါဦးမယ်။

ရှေးအခါက ဗြဟ္မဝမုနမြို့မှာ မနောဓမင်းက မင်းပြုနေပါတယ်၊ အဲဒီဗြဟ္မဝမုနမြို့–ဆိုတာဟာ အခု ဗာရာဏသီမြို့ရဲ့အမည် ဖြစ်ပါတယ်၊ အဲဒီဗြဟ္မဝမုနမြို့မှာပဲ

၁။ ဇာတ်–၄–၅၊ ၃၃၁။

http://www.dhammadownload.com.

ကုဋေ-၈၀ ကြွယ်ဝတဲ့ ပုဏ္ဏားဇနီးမောင်နံ့တို့ နေထိုင်ကြပါတယ်၊ သူတို့မှာ သောဏနှင့်နန္ဒ-ဆိုတဲ့ သား ၂-ယောက် ရှိနေပါတယ်။

ညီအစ်ကို ၂-ယောက် အတတ်သင်ပြီးလို့ အရွယ်ရောက်လာတဲ့အခါ အိမ်ထောင်ပြုရန် သောဏကို အမေအဖေတို့က ပြောဆိုကြပါတယ်၊ သောဏက လက်မခံပါ၊ ကျွန်တော်က အမေအဖေတွေကို ပြုစုလုပ်ကျွေးပါ့မယ်၊ အမေအဖေမရှိတဲ့နောက် ဟိမဝန္တာကို သွားပြီး ရသေ့လုပ်နေမယ်-လို့ ပြောဆိုခြင်းပယ်ပါတယ်။

ဒါနဲ့ ညီဖြစ်သူနန္ဒကို ပြောပြကြပြန်တယ်၊ နန္ဒလုလင်ကလဲ လက်မခံပါ၊ အစ်ကို စွန့်ပစ်တဲ့ တံတွေးကို ကျွန်တော်က ခေါင်းနဲ့ မခံလိုပါ၊ ကျွန်တော်လဲ အမေအဖေတို့ကို ပြုစုလုပ်ကျွေးပါ့မယ်၊ အမေအဖေတို့မရှိတဲ့နောက် အစ်ကိုနှင့်အတူ တောထွက်ပြီး ရသေ့လုပ်နေမယ်-လို့ ပြောဆိုခြင်းပယ်ပါတယ်။

ဒီတော့ ပုဏ္ဏားဇနီးမောင်နံ့က တို့သားအမိ,သားအဖ အကုန်လုံး အခုပဲ ရသေ့လုပ်ကြစို့ရဲ့-လို့ ပြောပြီး ရှိသမျှပစ္စည်းဥစ္စာအကုန်လုံးကို စွန့်ကြဲပေးကမ်း လျှဒါန်းထားခဲ့ပါတယ်၊ ဗြဟ္မဝဓုနမြို့ကထွက်ပြီး ဟိမဝန္တာမှာ ရသေ့လုပ်နေကြပါတယ်။

ညီအစ်ကို ၂-ယောက်တို့က အမိအဖတို့ကို ပြုစုလုပ်ကျွေးနေကြပါတယ်၊ နံနက်စောစောမှာပဲ အမိအဖတို့အား ဒန်ပူနှင့်မျက်နှာသစ်ရေကို ဆက်ကပ်ကြပါတယ်၊ ကျောင်းဆောင်နှင့် ပတ်ဝန်းကျင်ကိုလဲ တံမြက်လှည်းကြပါတယ်၊ သောက်ရေသုံးရေကိုလဲ တည်ထားကြပါတယ်။

အဲဒီလို ကျောင်းသခ်ိမ်းမှာ လုပ်စရာရှိသမျှကိစ္စကို ပြုလုပ်ပြီးမှ တောထဲကို သစ်သီးရှာရအောင် သွားကြပါတယ်၊ တောထဲက ချိုမြိန်တဲ့သစ်သီးတွေကို ယူလာပြီး အမိအဖတို့ကို ကျွေးမွေးကြပါတယ်၊ ရေနွေးကိုအလိုရှိရင်ရေနွေးနဲ့ ရေအေးကို အလိုရှိရင်ရေအေးနဲ့ ရေချိုးလို့လဲ ပေးကြပါတယ်၊ ဆံကျစ်တွေကို သုတ်သင်လို့လဲ ပေးကြပါတယ်၊ ခြေဆုပ်လက်နယ်မှုကို ပြုလုပ်လို့လဲ ပေးကြပါတယ်။

ဒီလို ပြုစုလုပ်ကျွေးနေကြရင်း အချိန်အတော်ကြာလာတဲ့အခါ နန္ဒရသေ့က ယမန်နေ့က ခူးခဲ့တဲ့ နေရာကရော, တမြန်နေ့က ခူးခဲ့တဲ့ နေရာကရော တော်စွလျော်စွ ရရသမျှသစ်သီးတွေကို ခူးယူလာပြီး အမိအဖတို့ကို ကျွေးနေပါတယ်၊ သောဏရသေ့က ဓေးတဲ့နေရာကို သွားရောက်ရှာဖွေပါတယ်၊ ကောင်းကောင်းမှည့်ပြီး ချိုမြိန်ကောင်းမြတ်တဲ့ သစ်သီးတွေကို ယူလာဆက်ကပ်ပေမယ့် အမေအဖေတွေက မစားကြတော့ပါ။

http://www.dhammadownload.com

တို့ညီအစ်ကို ၂-ယောက် အမေအဖေတို့ကို အတူကျေးရအောင် မင်းက ငါ ပြန်လာတဲ့အထိ စောင့်ပါ-လို့ သောဏရသ္မေက နန္ဒရသ္မေကို ပြောပါတယ်၊ ဒါပေမယ့် နန္ဒရသ္မေက မိမိကုသိုလ်ရရေးကိုသာ မျှော်လင့်တောင့်တတဲ့အတွက် နားမထောင်ပါ၊ လုပ်မြဲတိုင်းသာ လုပ်နေပါတော့တယ်၊ ဒါနဲ့ သောဏရသ္မေက နန္ဒရသ္မေကို "မင်း ဒီမှာ မနေနှင့်တော့" လို့ ပြောဆိုနှင်ထုတ်ပစ်လိုက်ပါတယ်။

နန္ဒရသ္မေက မနေရဲတော့တဲ့အတွက် အစ်ကိုကို ရှိခိုးပြီး ထွက်လာခဲ့ပါတယ်၊ အမေအဖေတို့အားလဲ ဒီအကြောင်းကို ပြောပြထားခဲ့ပါတယ်၊ ကိုယ့်ကျောင်းအတွင်းကို ဝင်ပြီး ကသိဏ်းဝန်းကို ကြည့်ရှုအားထုတ်မှုကိုလဲ ပြုပါတယ်၊ အဲဒီနေ့မှာပဲ အဘိညာဉ် ၅-ပါးနှင့် သမာပတ် ၈-ပါးကို ရသွားပါတယ်။

နန္ဒရသ္မေက ဟိမဝန္တာက ထွက်ကြွလာပြီးတဲ့နောက် ၇-နှစ်, ၇-လ, ၇-ရက် ကြာအောင် မနောဓမင်းအမှူးရှိတဲ့ ၁၀၁-ပါးသော မင်းတို့ကို စျာန်အဘိညာဉ်အစွမ်းနဲ့ စည်းရုံးပါတယ်၊ ၂၄-အက္ခောဘဏီရှိတဲ့ ခြွေရံပရိသတ်နှင့်အတူ ၁၀၁-ပါးသော မင်းများကိုပါ ခေါ်ယူကာ အစ်ကိုဖြစ်သူ သောဏရသ္မေကို ကန်တော့ရအောင် လာနေပါတယ်။

သောဏရသ္မေက ဒီဗွစက္ခုအဘိညာဉ်နဲ့ ဒီအကြောင်းကို သိမြင်နေပါတယ်၊ ၁၀၁-ပါးသော မင်းအများ မရောက်ခင်မှာဘဲ သောက်ရေကိုလဲ တည်ထားပါတယ်၊ ကျောင်းဝင်းကိုလဲ တံမြက်လှည်းထားပါတယ်၊ ကျောင်းတံခါးဝမှာ နေရာခင်းပေးပြီး အဖေကို ထိုင်နေစေပါတယ်၊ အမေဖြစ်သူကတော့ ရသ္မေကြီးရဲ့နောက်နား နိမ့်တဲ့ နေရာမှာ ထိုင်နေပါတယ်။

မနောဓမင်းက ခြွေရံပရိသတ်ကို ကျောင်းသခ်ိမ်းအနားမှာ ထားခဲ့ပြီး မင်းအများ ခြံရံကာ နန္ဒရသ္မေကို ခေါ်ယူလျက် သောဏရသ္မေကို ကန်တော့ရအောင် ကျောင်းသခ်ိမ်း တွင်းကို ဝင်ရောက်လာပါတယ်၊ ရသ္မေတွေကို ရှိခိုးပြီး ပဏ္ဏာလောကဝတ် စကား အစေ့အစပ် ပြုလုပ်ပါတယ်၊ နှုတ်ဆက်စကား ပြောကြားပါတယ်၊ အဲဒီလို ပြောဆို ပြီးတဲ့နောက် "အကျွန်ုပ်တို့က အခြားကိစ္စနဲ့လာတာ မဟုတ်ပါ၊ နန္ဒရသ္မေရဲ့ ပရိသတ် အနေနဲ့ သောဏရသ္မေကို ကန်တော့ရအောင် လာရတာသာ ဖြစ်ပါတယ်"လို့လဲ ပြောပြပါတယ်။

မနောဓမင်းရဲ့စကားအဆုံးမှာပဲ နန္ဒရသ္မေက နေရာမှ ထလာပြီး အမိအဖနှင့် အစ်ကိုတို့ကို လက်အုပ်ချီမိုး ရှိခိုးကာ ပြောဆိုတောင်းပန်ပါတယ်။

http://www.dhammadownload.com

"နောင်တော် ! အစ်ကိုတွေ-ဆိုတာဟာ ကိုယ်အင်္ဂါနှင့် တူကြပါတယ်၊ ဒါ့ကြောင့် ကျွန်တော်က နောင်တော်ရဲ့ကို လက်ယာလက်ရုံး-လို့ အသိအမှတ် ပြုပါတယ်၊ အမေအဖေကို လုပ်ကျွေးလို့ရတဲ့ ကုသိုလ်ကို ကျွန်တော်က အလွန်လိုချင်ပါတယ်၊ မက်မောပါတယ်၊ အမိအဖတို့အား ပြုစုလုပ်ကျွေးခြင်းကို ဘုရားအစရှိတဲ့ သူတော်ကောင်းတွေကလဲ ချီးမွမ်းကြပါတယ်၊ ဒီအမိအဖအား ပြုစုလုပ်ကျွေးခြင်း-ဆိုတဲ့ ကုသိုလ်ကောင်းမှုကို ကျွန်တော့်အား ပေးသနားတော်မူပါ။

နောင်တော်က မိဘတို့အား ကြာရှည်လေးမြင့် ပြုစုလုပ်ကျွေးရပါပြီ၊ အခု ကျွန်တော်က မိဘတွေမှာ ကုသိုလ်ကောင်းမှုကို တစ်လှည့်ပြုလုပ်လိုပါတယ်၊ အကျွန်ုပ်အား နတ်ရွာလောကကို ပေးသနားတော်မူပါ"။

"ညီတော်နန္ဒရဲ့ ပရိသတ်ဖြစ်ကြတဲ့ ၁၀၁-ပါး မင်းအများတို့ ! ကျုပ်စကား ကိုလဲ နားထောင်တော်မူကြပါဦး၊ ရှေးမျိုးရိုးစဉ်လာကို ယုတ်လျော့စေကာ ဝုဏ်ကြီးသူ, အရွယ်ကြီးသူတို့အပေါ်မှာ မရိုမသေပြုခြင်း အစရှိတဲ့ မကောင်းသော အကျင့်ကို ပြုကျင့်သူတွေဟာ ငရဲကို ရောက်ကြရပါတယ်၊ ကြီးသောသူတွေရဲ့ အပေါ်မှာ အရိုအသေပြုခြင်း အစရှိတဲ့ ကုသိုလ်တရားကိုကျင့်သူ, ကိုယ်ကျင့် သီလနှင့်ပြည့်စုံသူတွေကတော့ မကောင်းတဲ့ ဘုံဘဝကို မရောက်ကြရပါဘူး၊ အမိ-အဖ ညီ-ညီမ ဆွေမျိုးသားချင်း-ဆိုတဲ့ အကုန်လုံးဟာ သားကြီးရဲ့ တာဝန်သာ ဖြစ်ပါတယ်၊ အခုအကျွန်ုပ်က မိဘတွေကို ကြိုးကြိုးစားစား ပြုစုလုပ်ကျွေးနေပါတယ်၊ ကြီးတဲ့သူတွေအပေါ်မှာ ကျင့်ရမယ့်တရားကို မမေ့မလျော့တဲ့အပြင် အကျွန်ုပ်ကသာ သားကြီးလဲ ဖြစ်ပါတယ်"။

သောဏရသေ့ ပြောကြားလိုက်တဲ့ စကားကို မင်းအကုန်လုံးတို့က ဝမ်းမြောက်ဝမ်းသာ လက်ခံကြပါတယ်၊ သောဏရသေ့ဘက်ကို လိုက်ပါလာကြပါတယ်၊ ဒီအချိန်မှာပဲ နန္ဒရသေ့က တောင်းပန်စကား ပြောကြားပြန်ပါတယ်။

"နောင်တော် ! ကျွန်တော်က ကန်တော့တောင်းပန်တာကို နောင်တော်တို့က အသိအမှတ်မပြုပါရင် နောင်တော်ကပဲ အမိအဖတွေကို ပြုစုလုပ်ကျွေးတော်မူပါ၊ ကျွန်တော်ကတော့ 'အစ်ကိုကြီး အဖအရာ'ဆိုတဲ့အတိုင်း နောင်တော်ကိုပဲ မပျင်းမရိ ပြုစုလုပ်ကျွေးပါရစေ"။

နန္ဒရသေ့ရဲ့ စကားအဆုံးမှာပဲ သောဏရသေ့က "အခု သင့်အား ငါသည်းခံပါတယ်၊ မယ်တော်ခမည်းတော်တို့အား လုပ်ကျွေးခွင့်ကိုလဲ ရပါလိမ့်မယ်"လို့ နန္ဒရသေ့

http://www.dhammadownload.com

အား ပြောဆိုပြီး အမေအဖေတို့ ၂-ယောက်အနက် နန္ဒရဲ့လုပ်ကျွေးမှုကို အလိုရှိသူ တစ်ယောက်က အမိန့်ရှိတော်မူပါ၊ နန္ဒရဲ့ လုပ်ကျွေးမှုကို ဘယ်သူ ခံယူမလဲ ?" လို့ အမေအဖေတွေကို မေးတော်မူပါတယ်။

ဒီစကားကို ကြားရတော့ မယ်တော်က သောဏထံမှ ခွင့်တောင်းပြီး သားငယ် နန္ဒထံကို သွားပါတယ်၊ ပရိသတ်အလယ်မှာပဲ လည်ပင်းကိုဖက်ပြီး ခေါင်းကို အဖန်ဖန် နမ်းကာ အလွမ်းပြေစေပါတယ်၊ ဒါ့အပြင် "နန္ဒက ငါ့ကို လုပ်ကျွေးပါစေ" လို့လဲ သောဏကို ပြောပါတယ်။

သောဏရသေ့က "မယ်တော်ရဲ့ အလိုအတိုင်းပဲ ဖြစ်ပါစေ" လို့ ခွင့်ပြုဝန်ခံပြီး "နန္ဒ ! မင်းက ကြီးမားတဲ့ဆေစုကို ရသွားပါတယ်၊ အမိဆိုတာဟာ အင်မတန်ကျေးဇူး ကြီးမားပါတယ်၊ မမေ့မလျော့ လုပ်ကျွေးပါ" လို့ ညီတော်နန္ဒကို ဆုံးမပြီး အမိရဲ့ ဂုဏ်ကျေးဇူးကို ဆက်လက်ပြောဆိုပြန်တယ်။

"အမိဆိုတာဟာ သားသမီးတို့အပေါ်မှာ နူးညံ့တဲ့စိတ် ရှိပါတယ်၊ သားသမီး တို့ကို သနားစောင့်ရှောက်တတ်ပါတယ်၊ သားသမီးတွေရဲ့ တည်ရာမှီရာလဲ ဖြစ်ပါတယ်၊ ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် သားသမီးတို့အား နို့ချို တိုက်ကျွေး မွေးလာခဲ့ပါတယ်၊ ကောင်းစွာပြန်လည်ပြုစုတဲ့ သားသမီးတွေ အတွက် နတ်ပြည်ရောက်ခြင်းရဲ့အကြောင်းလဲ ဖြစ်ပါတယ်၊ သားသမီးတွေကို စောင့်ရှောက်တတ်ပါတယ်၊ ကောင်းစွာပြုစုလုပ်ကျွေးတဲ့ သားသမီးတို့အား ကုသိုလ်အမွေကိုလဲ ပေးတတ်ပါတယ်"။

ဒီလို အမေရဲ့ဂုဏ်ကို ပြောပြပြီး အမေက ကိုယ့်နေရာမှာ ပြန်ထိုင်တဲ့အခါ "နန္ဒ ! မင်းက ဆင်းရဲပင်ပန်းခံပြီး ပြုစုလာတဲ့အမေကို ရသွားပါတယ်၊ တို့ ၂-ယောက်ကို အမေက အဆင်းရဲအပင်ပန်းခံပြီး ကျွေးမွေးလာခဲ့ရပါတယ်၊ အခု မင်းက မမေ့ မလျော့ ပြုစုလုပ်ကျွေးပါ၊ မကောင်းတဲ့အသီးတွေကို မကျွေးပါနဲ့" လို့ ပြောဆိုပြီး ပရိသတ်အလယ်မှာပဲ ခဲယဉ်းပင်ပန်းစွာ ကျွေးမွေးပြုစုလာရပုံကို ဆက်လက်ပြောဆို ပြန်တယ်။

"အမိဆိုတာဟာ သားဆိုတဲ့ အသီးအပွင့်ကို အလိုရှိတဲ့အတွက် 'ငါ့မှာ သားသမီး ဖြစ်ထွန်းပါစေလို့ နတ်ကိုလဲ ရှိခိုးဆုတောင်းပါတယ်၊ ဘယ်နက္ခတ်နဲ့ ယှဉ်ပြီး မွေးလာတဲ့သားက အသက်ရှည်ပါသလဲ ?၊ ဘယ်နက္ခတ်နဲ့ယှဉ်ပြီး မွေးလာတဲ့သားက အသက်တိုပါသလဲ ?-လို့ နက္ခတ်ကိုလဲမေးတတ်ပါတယ်၊ ဥတု ၆-ပါးအနက် ဘယ်ဥတုမှာ မွေးလာတဲ့သားက အသက်ရှံ့ည်ပါသလဲ ?၊

http://www.dhammadownload.com

ဘယ်ဥတုမှာ မွေးလာတဲ့သားက အသက်တိုပါသလဲ ?၊ အမိရဲ့အသက် ဘယ်နှစ်နှစ်အရွယ်မှာ မွေးဖွားလာတဲ့သားက အသက်ရှည်ပါသလဲ ?၊ အမိရဲ့အသက် ဘယ်နှစ်နှစ်အရွယ်မှာ မွေးဖွားလာတဲ့သားက အသက်တိုပါသလဲ ?–လို့ ဥတုနှင့် နှစ်တို့ကိုလဲ မေးတတ်ပါတယ်။

အမိရဲ့ ဥတုသွေးသန့်စင်ပြီးရင် ကိုယ်ဝန်တည်လာတတ်ပါတယ်၊ အဲဒီလို ကိုယ်ဝန်တည်လာတဲ့အတွက် ချင်ခြင်းဖြစ်လာတတ်ပါတယ်၊ အမိရဲ့ ကိုယ်ဝန်သူငယ်အပေါ်မှာ ချစ်ခင်ခြင်းလဲ ဖြစ်လာတတ်ပါတယ်၊ ဒါ့ကြောင့် အမိကို (သုဟဒါ)စိတ်နှလုံးကောင်းရှိသူ–လို့ ဆိုရပါတယ်။

အမိက တစ်နှစ်ပဲဖြစ်ဖြစ်, ၁၀–လ, ၇–လပဲဖြစ်ဖြစ် ဝမ်းနဲ့လွယ်ပြီးမှ သားကလေးကို မွေးဖွားလာပါတယ်၊ ဒါ့ကြောင့် အဲဒီအမိကို (ဇနယန္တီ)ဖြစ်စေတတ်သူ–လို့လဲ ခေါ်ရပါတယ်၊ (ဇနေတ္တိ)မွေးဖွားပေးသူ–လို့လဲ ခေါ်ရပါတယ်။

အမိက ငိုနေတဲ့ သားကလေးကို နို့ချိုတိုက်ကျွေးခြင်းနဲ့လဲ နှစ်သက်စေတတ်ပါတယ်၊ သီချင်းဆိုချော့မော့ခြင်းနဲ့လဲ နှစ်သက်စေတတ်ပါတယ်၊ သားမြတ် ၂–ခုတို့ရဲ့ကြားမှာ အိပ်စေပြီး ကိုယ်ငွေ့ကိုနှံ့စေကာ ကိုယ်အင်္ဂါဆိုတဲ့ ခြုံထည်နဲ့လဲ နှစ်သက်စေတတ်ပါတယ်၊ ဒါ့ကြောင့် အဲဒီအမိကို (တောသေန္တီ)နှစ်သက်စေတတ်သူ, ချော့တတ်သူ–လို့လဲ ဆိုရပါတယ်။

ဒါ့အပြင်– အမိက ပြင်းထန်တဲ့ လေ, နေပူ ဖြစ်လာလို့ရှိရင် ငါ့သားလေးအပေါ်မှာ လေတိုက်နေပါလား၊ နေပြောက်ထိုးနေပါလား–လို့ မြတ်နိုးတနာပြုပြီး နူးညံ့တဲ့စိတ်နှလုံးနဲ့ ကြည့်တတ်ပါတယ်၊ သိကြား,လိမ္မာ မရှိသေးတဲ့ကိုယ့်သားကလေးကို ကျွေးမွေးသုတ်သင်တတ်ပါတယ်၊ ဒါ့ကြောင့် အဲဒီအမိကို (ပေါသန္တီ)ကျွေးမွေးတတ်သူ–လို့လဲ ဆိုရပါတယ်။

အမိရဲ့ဥစ္စာ အဖရဲ့ဥစ္စာ–ဆိုတဲ့ ပစ္စည်းဥစ္စာ ၂–မျိုးလုံးကိုပဲ တို့သားကလေးအတွက် ဖြစ်တန်ရာရဲ့–ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သူတစ်ပါးကို မပြဘဲ သားကလေးအတွက် လုံခြုံတဲ့နေရာမှာ အမိက စောင့်ရှောက်ထိန်းသိမ်းထားတတ်ပါတယ်။

သားသားက(မီးမီးက) ဒီလိုစားပါ၊ ဒီလိုသောက်ပါ၊ ဒီလိုဝတ်ပါ၊ ဒီလိုပြောပါ၊ လူကြီးလူကောင်းတွေနှင့် ဒီလိုဆက်ဆံပါ၊ လူကြီးတွေရဲ့ကြားမှာ ခေါင်းငုံ့, ခါးကုန်းပြီး သွားပါ၊ ဒီမကောင်းတဲ့အလုပ်ကို မလုပ်ပါနှင့်၊ လူကြီးတွေကို မထီလေးစား မလုပ်ပါနှင့်၊ သားကလေးကို ဒီလိုသင်ပေးရတာနဲ့ အမိက ပင်ပန်းရပါတယ်။

http://www.dhammadownload.com

သားအရွယ်ရောက်လာလို့ရှိရင် ညဉ့်အချိန်မှာ သားက အခြားအပေါင်းအသင်းတွေနှင့် မေ့လျော့ပျော်ပါးနေတဲ့အတွက် (ညဉ့်အချိန်မှာ အလည်လွန်နေတဲ့အတွက်) ညနေစောင်းမှာ သားပြန်မလာတာကို သိရတော့ မျက်ရည်တစ်စက်စက်နဲ့ လမ်းဘက်ကိုကြည့်ပြီး အမိက ပင်ပန်းနေရပါတယ်။

ဒီလို ခဲခဲယဉ်းယဉ်း မွေးမြူလာရတဲ့သားက အမိကို ပြန်ပြီးမပြုစု မလုပ်ကျွေးလို့ရှိရင် အဲဒီလို အမိကို မပြုစုမလုပ်ကျွေးတဲ့အတွက် ငရဲမှာ ဖြစ်ရတတ်ပါတယ်။

ဥစ္စာကို အလိုရှိသူတွေရဲ့ရပြီးတဲ့ဥစ္စာလဲ အမိကိုမလုပ်ကျွေးတဲ့အတွက် ပျက်စီးဆုံးရှုံးတတ်ပါတယ်၊ အဲဒီ အမိကို မလုပ်ကျွေးတဲ့သားက ဆင်းရဲခြင်းသို့လဲ ရောက်ရတတ်ပါတယ်။

ဥစ္စာကို အလိုရှိသူတွေရဲ့ရပြီးတဲ့ဥစ္စာ အဖကိုမလုပ်ကျွေးတဲ့သားအတွက် ပျက်စီးတတ်ပါတယ်၊ အဲဒီ အဖကို မလုပ်ကျွေးတဲ့သားဟာ ဆင်းရဲဒုက္ခလဲတွေ့ရတတ်ပါတယ်။

အမိကို ရိုသေစွာ လုပ်ကျွေးတဲ့အတွက် အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်ဝသူမှာ နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း, ကြည်သာရွှင်လန်းခြင်း, မြူးထူးပျော်ပါး ကစားခြင်းတွေကို ဒီဘဝမှာရော, နောင်ဘဝမှာရော အခါခပ်သိမ်းရနိုင်ပါတယ်။

အဖကို ရိုသေစွာ လုပ်ကျွေးတဲ့–အတွက် အသိအလိမ္မာ ဉာဏ်ပညာရှိသူမှာ နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း, ကြည်သာရွှင်လန်းခြင်း, မြူးထူးပျော်ပါးကစားခြင်း–ဆိုတဲ့ အကုန်လုံးကို ဒီဘဝမှာရော, နောင်ဘဝမှာပါ အခါခပ်သိမ်းရနိုင်ပါတယ်။

အမိအဖတို့အား ပေးသင့်တာကို ၈ပးရမယ် (ဒါန)၊ ချစ်ဖွယ်သာယာချိုသာတဲ့စကားကို ပြောရမယ် (ပိယဝါစာ)၊ အမိအဖတို့မှာ ဖြစ်ပေါ်လာတဲ့ကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပေးရမယ် (အတ္ထစရိယာ)၊ပရိသတ်အလယ်မှာပဲဖြစ်ဖြစ်, ကွယ်ရာမှာပဲဖြစ်ဖြစ် အမိအဖတို့အား ရှိခိုးမှု–စသည်ကို ပြုရမယ်(သမာနတ္တတာ)၊ ကွယ်ရာမှာပြုလုပ်ပြီး လူရှေ့မှာ မပြုလုပ်ဘဲ မနေရ။

သွားလာနေတဲ့လှည်းကို နားစောင့်က စောင့်ရှောက်ထားသလို လောကသူလောကသားတွေကိုလဲ ဒီသင်္ဂဟတရား ၄–ပါးက စောင့်ရှောက်ထားပါတယ်။

http://www.dhammadownload.com

ဒီသင်္ဂဟတရား ၄-ပါးတို့သာ မရှိခဲ့ပါရင် အမိက သားထံမှ မြတ်နိုး ပူဇော်မှုကို ရနိုင်စရာအကြောင်း မရှိပါ၊ အဖကလဲ သားထံမှ ရိုသေမြတ်နိုးမှု, ပူဇော်မှုကို ရနိုင်စရာအကြောင်း မရှိတော့ပါ။

ဒီသင်္ဂဟတရားတွေကို ပညာရှိများက ကြည့်ရှုဆင်ခြင်ပြုလုပ်ကြပါတယ်၊ ဒါ့ကြောင့် အဲဒီပညာရှင်တွေဟာ မြင့်မြတ်ခြင်းသို့ ရောက်ကြရပါတယ်၊ လူတွေရဲ့ချီးကျူးမှုကိုလဲ ခံကြရပါတယ်။

အမိအဖတွေဟာ သားသမီးတွေအတွက် ဗြဟ္မာနှင့်လဲ တူကြပါတယ်၊ (မြင့်မြတ်အထက်တန်းကျသူတွေ ဖြစ်ကြပါတယ်၊) လက်ဦးဆရာလဲ မည်ကြပါတယ်၊ အဝေးကဆောင်ယူလို့ ပူဇော်တဲ့ ဝတ္ထုကိုလဲ ခံယူထိုက်ကြပါတယ်၊ (အလုံးစုံသော ပူဇော်သက္ကာရကို ခံယူထိုက်ကြပါတယ်၊) သားသမီးတို့ကို သနားစောင့်ရှောက်တတ်သူများ ဖြစ်ကြပါတယ်။

ဒါ့ကြောင့် ပညာရှိသားသမီးက အဲဒီမိဘတွေကို ရှိခိုးရမယ်၊ အရိုအသေ ပြုရမယ်၊ ထမင်း, အဖျော်, အဝတ်, အိပ်ရာ, နေရာ, ခြေဆုပ်လက်နယ်ပြုပေးခြင်း, ရေချိုးပေးခြင်း, ခြေဆေးပေးခြင်း အစရှိတဲ့ အမှုတွေနဲ့ ပြုစုလုပ်ကျွေးရမယ်။

အမိအဖတွေအပေါ်မှာ အဲဒီလို လုပ်ကျွေးတဲ့ဒေတွက် အဲဒီသားသမီးကို ပညာရှိတွေက ဒီဘဝမှာပင် ချီးမွမ်းကြပါတယ်၊ အမိအဖတွေကို လုပ်ကျွေးတဲ့ သားသမီးတွေဟာ နောက်ဘဝကူးတော့ နတ်ပြည်မှာ မွေ့လျော်ပျော်ပါးကြရပါတယ်"။

ဒီလိုပဲ သောဏရသေ့က မြင့်မိုရ်တောင်ကြီးကို လှိမ့်လိုက်သလို တရားဒေသနာကို ပြီးဆုံးစေပါတယ်၊ ဒီတရားကို ကြားနာရတဲ့အတွက် မင်းတွေနှင့်တကွ ပရိသတ် အကုန်လုံးကပဲ ကြည်ညိုလေးစားကြပါတယ်၊ ဒါ့အပြင် သောဏရသေ့က ပရိသတ်ကို ၅-ပါးသီလမှာ တည်စေပါတယ်၊ စွန့်ကြဲပေးကမ်း လှူဒါန်းမှု-စသည်တို့ကို မမေ့ရန်လဲ သြဝါဒပေးပါတယ်၊ ပရိသတ်အကုန်လုံးက သောဏရသေ့ရဲ့ သြဝါဒကို ဦးထိပ်ရွက် ပန်ဆင်ကာ ပြန်လာခဲ့ကြပါတယ်၊ အကုန်လုံးက တရားနှင့်အညီလုပ်ကိုင်ကျင့်သုံး နေထိုင်ကြတဲ့အတွက် ခန္ဓာပျက်ကျေ သေပြီးတဲ့နောက် နတ်ပြည်ကို ရောက်ကြရပါတယ်။

"ဒီဝတ္ထုက ဘာအနှစ်သာရကို ရရှိတယ်-ဆိုတာကို မောင်လှသန်းက ပြောပြစမ်းပါဦး"။

"သောဏရသေ့နှင့် နန္ဒရသေ့တို့ကို အားကျအတုယူပြီး မိဘတွေကို လုပ်ကျွေးသင့်ပါတယ်၊ ဂုဏ်ကြီးသူ, အသက်ကြီးသူတွေကို မရိုမသေပြုလုပ်သူ

http://www.dhammadownload.com

တွေက ငရဲကို ရောက်ကြရပါတယ်၊ ရိုသေလေးစားသူတွေက မရောက်ကြရပါ၊ ဒါ့အပြင်– သားသမီးတွေအပေါ်မှာ ထားရှိတဲ့ အမှေမေတ္တာက ကြီးမားလှပါတယ်၊ အမေဆိုတာဟာ မရသေးခင်မှာလဲ သားသမီးကို အရူးအမူး လိုချင်တတ်ပါတယ်၊ ရလာတဲ့အခါမှာလဲ အနှံ့အတာခံလို့ ကျွေးမွေးပြုစုပါတယ်၊ လူရာဝင်အောင်လဲ သွန်သင်ဆုံးမလာပါတယ်၊ ဒီလို မေတ္တာထားကာ ဒုက္ခခံပြုစုလာတဲ့ အမိကို မလုပ်ကျွေးတဲ့ သားသမီးဟာ ငရဲမှာ ဖြစ်ရတတ်ပါတယ်၊ ဥစ္စာစီးပွား ပျက်စီးဆုံးရှုံးတတ်ပါတယ်၊ ဆင်းရဲဒုက္ခ ရောက်ရတတ်ပါတယ်၊ အဖေကို မလုပ်ကျွေးတဲ့ သားသမီးလဲ အလားတူပဲ ဖြစ်တတ်ပါတယ်၊ လုပ်ကျွေးတဲ့ သားသမီးတွေ ကတော့ ဒီဘဝမှာရော, နောင်ဘဝမှာရော ချမ်းသာသုခ ရနိုင်ပါတယ်၊ သူတော်ကောင်းတွေရဲ့ ချီးကျူးမှုကိုလဲ ခံရပါတယ်၊ ဒါဟာ ဒီဝတ္ထုက ရရှိတဲ့ အနှစ်သာရ ဖြစ်ပါတယ်"။

မိဘမေတ္တာ သားသမီးမှာ

ဒီနေရာမှာ မိခင်, ဖခင်တွေရဲ့ မေတ္တာထင်ရှားလာအောင် ဝိဒေဟရာဇ်မင်းကြီးကို ထီးချက်စောင့် နတ်သမီးကမေးလို့ ဝိဒေဟရာဇ်မင်းကြီးကလဲ မသိနားမလည်, ပညာရှိသုခမိန် ၄–ယောက်တို့ကလဲ မသိနားမလည်တဲ့အတွက် မဟောသေသုခမိန်ကိုမေးမှ အဖြေမှန်ကို သိရတဲ့ ပြဿနာ ၄–ခုထဲက ၂–ခုမျှကို ထုတ်နုတ်ပြပါဦးမယ်။

တစ်ဦးသောသူက တစ်ဦးသောသူကို လက်နဲ့လဲရိုက်ပါတယ်၊ ခြေနဲ့လဲကန်ကျောက်ပါတယ်၊ ပါးကိုလဲရိုက်ပါတယ်၊ ဒါပေမယ့် အရိုက်ခံရသူက ရိုက်သူကို အလွန်ချစ်ခင်ပါတယ်၊ ဒါဟာ ဘယ်သူတွေ ဖြစ်ပါသလဲ ?။

ဒါက မွေးပြီးလို့ ၂–လ, ၃–လအရွယ်ရှိတဲ့ သားကလေးနှင့် မိခင်ဖခင်တွေပဲ ဖြစ်ပါတယ်။

အမှေရင်ခွင်မှာ လဲလျောင်းနေတဲ့ သားကလေးက ရွှင်လန်းနှစ်သက် ကစားရင်း အမေကို လက်နဲ့လဲ ရိုက်နှက်တတ်ပါတယ်၊ ဆံပင်ကိုလဲ ဆွဲနုတ်တတ်ပါတယ်၊ လက်ဆုပ်နဲ့ မျက်နှာကိုလဲ ရိုက်တတ်ပါတယ်၊ အဲဒီအခါမျိုးမှာ သားကလေးကို အမေက "ဟော့–သားဆိုးသားမိုက်ကလေး ! ဘာ့ကြောင့် မင်းက ငါ့ကို ရိုက်နှက်ရသလဲ ?" စတဲ့ စကားမျိုးတွေကို ချစ်ခင်မြတ်နိုးတဲ့အတွက်သာ ပြောဆိုပြီး ချစ်ခင်ခြင်းကို အောင့်မထားနိုင်တဲ့အတွက် ပွေ့ဖက်ပြီး သားမြတ် ၂–ခုတို့ရဲ့ ကြားမှာ လဲလျောင်းစေကာ မျက်နှာကို ပါးစပ်နဲ့လဲ စုပ်ပါတယ်၊ အဲဒီလို အခါမျိုးမှာ အမေက သားကို အချစ်ဆုံးဖြစ်ပါတယ်၊ အဖေကလဲ ထူးမခြားနားပါပဲ။

http://www.dhammadownload.com

တစ်ဦးက တစ်ဦးကို အလိုရှိသလောက် ကျိန်ဆဲပါတယ်၊ ကျိန်ဆဲခံရသူကို လာလဲလာစေချင်ပါတယ်၊ ချစ်လဲချစ်ပါတယ်၊ ဒါဟာ ဘယ်သူတွေဖြစ်ပါသလဲ ?။

ဒါကတော့ ၇-နှစ်, ၈-နှစ် အရွယ်ရှိတဲ့ သားကလေးနှင့် မိခင်ဖခင်တွေပဲ ဖြစ်ပါတယ်၊ အမေက နှုတ်နဲ့စေခိုင်းလို့ရတဲ့ ၇-နှစ်, ၈-နှစ်အရွယ် သားကလေးကို "သားရေ ! လယ်ကို သွားစမ်းပါ၊ ဈေးကို သွားစမ်းပါ" စတဲ့ စကားမျိုးကို ပြောတဲ့အခါ "အမေက ကျွန်တော့်ကို ဒီမုန့်တွေ, ဒီစားစရာတွေကို ပေးလို့ရှိရင် သွားမယ်" လို့ ပြောတဲ့အခါ "ကောင်းပြီ ရော့-ရော့ ယူစမ်းပါ" လို့ ပြောပြီး ပေးတတ်ပါတယ်၊ ကလေးက အမေပေးတာကိုစားပြီး အပြင်ကို ထွက်သွားကာ ကလေးတွေနှင့်အတူ ကစားနေပါတော့တယ်၊ အမေခိုင်းတာကိုတော့ မသွားပါဘူး။

အမေက "သားရေ ! သွားစမ်းပါ" လို့ ပြောတဲ့အခါ အမေက အေးမြတဲ့အရိပ်မှာ ထိုင်နေတာပဲ၊ ကျွန်တော်က အမေခိုင်းတာကို ဘာလုပ်လိမ့်မလဲ၊ ကျွန်တော်က အမေ့ကို ညာနေတာပါ" လို့ ပြောပြီး လက်ဖောက်ပြန်မှု, မျက်နှာဖောက်ပြန်မှုကို ပြုလုပ်ပြောင်လှောင်ကာ ထွက်ပြေးသွားပါတော့တယ်။

အဲဒီလို ပြောင်လှောင်ထွက်ပြေးသွားတာကို တွေ့ရတော့ အမေက စိတ်ဆိုးတာနဲ့ တုတ်ကိုကိုင်ပြီး "ငါခိုင်းတာကို မလုပ်ချင်ဘူး-လို့ ခြိမ်းခြောက်ပြောဆိုကာ ထွက်ပြေးတဲ့သားကလေးရဲ့ နောက်ကို လိုက်နေပါတော့တယ်၊ မမီနိုင်တဲ့အတွက် လူဆိုးလူမိုက်တွေက နင့်ကို အပိုင်းအပိုင်း ဖြတ်ကြပါစေ" လို့ ပြောဆိုပြီး အလိုရှိသလောက် ကျိန်ဆဲ ကြိမ်းမောင်းနေပါတော့တယ်၊ ဒါပေမယ့် ပါးစပ်က ကျိန်ဆဲပြောဆိုသလို ဖြစ်လာမှုကို စိတ်ထဲက နည်းနည်းလေးမှ အလိုမရှိပါဘူး၊ သားကလေးရဲ့ လာခြင်းကိုလဲ အလိုရှိနေပါတယ်။

သားကလေး တစ်နေ့လုံး ကစားပြီး ညနေချမ်းမှာ အိမ်ကို မပြန်ရဲတဲ့အတွက် ဆွေမျိုးတွေဆီကို သွားပါတယ်၊ အမေကလဲ သားကလေးရဲ့ လာမယ့်လမ်းကို ကြည့်ရင်းကြည့်ရင်း မလာတာကိုတွေ့ရတော့ "အိမ်ကို မပြန်ရဲဟန်တူတယ်" လို့ စိုးရိမ်သောကကို ရင်ဝယ်ပိုက်ပြီး မျက်ရည်စွတ်စိုစိုယိုတဲ့ မျက်လုံးတွေနဲ့ ဆွေမျိုးတွေရဲ့အိမ်ကို သွားရှာလို့ သားကို တွေ့ရတဲ့အခါမှာ ပွေ့ဖက်နမ်းစုပ်ပြီး လက်၂-ဖက်ကို မြွှာကိုင်ကာ "အမေ့သားချစ်ကလေး ! အမေ့သားချစ်ကလေး ! အမေ့စကားကို မှတ်မထားပါနှင့်" လို့ ပြောပြီး အတိုင်းထက်အလွန် ချစ်ခင်မြတ်နိုးလာတတ်ပါတယ်။ [၁]

၁။ ဇာတ်-၄-၆၊ ၂၁၉။

http://www.dhammadownload.com

မိဘတွေ–ဆိုတာဟာ ကိုယ့်သားကိုယ့်သမီးတွေကို အရုပ်ဆိုးနေပေမယ့် ရွေရုပ်တု-လို မှတ်ထင်တတ်ကြပါတယ်၊ ပန်းကုံးများကိုလိုလဲ ခေါင်း-စသည်တို့ရဲ့အပေါ်မှာ တင်ထားပြီး, ချီပိုးရင်း သားငယ်သမီးငယ်တို့က ကျင်ကြီးကျင်ငယ်စွန့်ချတာတွေကို နံ့သာပျောင်းတွေ ကျလာသလို, နံ့သာရေတွေ ကျလာသလိုပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါတယ်၊ ဒါ့ကြောင့် သားသမီးနှင့်တူတဲ့ ချစ်ခင်မြတ်နိုးစရာ လောကမှာမရှိ (နတ္ထိ ပုတ္တသမံ ပေမံ)လို့ ဟောတော်မူထားပါတယ်။ [၁]

မိဘကို လုပ်ကျွေးသူထက် မလုပ်ကျွေးသူကများ

လူ့အဖွဲ့အစည်းထဲမှာ ပါဝင်နေကြတဲ့ မိဘတွေနှင့် သားသမီးတွေ–ဆိုတာဟာ ကျေးဇူးခံ, ကျေးဇူးဆပ် အနေနဲ့ အပြန်အလှန် ဆက်စပ်နေကြပါတယ်၊ မိဘတွေက အခြားသူတွေအပေါ်မှာ အနှံ့အတာခံတာထက် သားသမီးတွေရဲ့အပေါ်မှာ ပိုပြီး အနှံ့အတာခံနိုင်ကြပါတယ်၊ သားသမီးတွေကို ယုယပိုက်ထွေး ကျွေးလာခဲ့ကြပါတယ်၊ ချစ်ခင်မြတ်နိုးလာကြပါတယ်၊ အားကိုးအားထားပြုလာကြပါတယ်၊ သားသမီးတွေကလဲ သူများတွေကိုထက် ပိုပြီး မိဘတွေကို အားကိုးလာကြပါတယ်၊ လေးစားလာကြပါတယ်၊ ရိုသေလာကြပါတယ်၊ အခြားအချိန်အခါမျိုးမှာ အမှုမဲ့, အမှတ်မဲ့ နေကြပေမယ့် ပြင်းထန်တဲ့ ရောဂါဝေဒနာတစ်ခုခုရဲ့ နှိပ်စက်ဖိစီးမှုကို ခံရတဲ့အခါမျိုးမှာ "ခလုပ်ထိမှ အမိတ"ဆိုသလို အမေလေး, အမေလေး–စသည်ဖြင့် အမိအဖကို တမ်းတလာတတ်ကြပါတယ်။

အဲဒီလို အမိအဖနှင့် သားသမီးတွေက အပြန်ပြန်အလှန်လှန် ဆက်စပ်လာကြရာ အသက်အရွယ်ကြီးလာတဲ့ မိဘများအား မွေးကျေးဇူးကို ပြန်ဆပ်ရန်မှာ အရွယ်ရောက်လာတဲ့ သားသမီးတွေရဲ့အလုပ် ဖြစ်ပါတယ်၊ မိဘတို့အား ပြုစုလုပ်ကျွေးခြင်းဟာ လူမျိုးတိုင်း, ဘာသာတိုင်းက လက်ခံထားတဲ့ လူ့ကျင့်ဝတ်ကြီးတစ်ခု ဖြစ်နေပါတယ်၊ ဒါပေမယ့် မိဖ ၂-ပါး-တို့အား ပြုစုလုပ်ကျွေးထိုက်တဲ့ လူတန်းစားတစ်ရပ်အနေနဲ့ အသိအမှတ်ပြုထားတဲ့ လူ့အဖွဲ့အစည်းရှိနေသလို မာတာ နတ္ထိ(အမိကို ရိုသေရကျိုး, ပြုစုလုပ်ကျွေးရကျိုး မရှိ၊) ပိတာ နတ္ထိ(အဖကို ရိုသေရကျိုး, ပြုစုလုပ်ကျွေးရကျိုး မရှိ၊) ဒီလို အမိအဖတွေကို မိမိတို့နှင့် တန်းတူလူတန်းစားတစ်မျိုးအနေနဲ့ အသိအမှတ်ပြုထားကြတဲ့ လူ့အဖွဲ့အစည်းမျိုး ရှိနေတယ်–ဆိုတာကိုလဲ စာပေကျမ်းဂန်ထဲမှာ တွေ့ရပါတယ်၊ သူတို့က အမိအဖတို့ကို ဘဝတူလူတန်းစားများလိုသာ အသိအမှတ်ပြုလိုကြပါတယ်။

၁။ သံ–၆–၁၊ ၃၀။

http://www.dhammadownload.com

ဒါ့အပြင်– မိဘ ၂–ပါးတို့အား ပြုစုလုပ်ကျွေးထိုက်တဲ့ လူတန်းစားတစ်ရပ် အနေနဲ့ အသိအမှတ်ပြုထားတဲ့ လူ့အဖွဲ့အစည်းထဲမှာလဲ မိဘ ၂–ယောက်တို့က သားသမီး ၇–ယောက်, ၈–ယောက်တို့ကို မညည်းမညူ လူလားမြောက်အောင် အများ အားဖြင့် ကျွေးမွေးနိုင်ကြပါတယ်၊ ဒါပေမယ့် မိဘများ အိုမင်းမစွမ်းဖြစ်လာလို့ မလုပ်နိုင်, မကိုင်နိုင်တဲ့ အရွယ်ကို ရောက်လာတဲ့အခါမှာတော့ အဲဒီ သားသမီး ၇–ယောက်, ၈–ယောက်တို့က မိမိတို့ကို ယုယပိုက်ထွေး ကျွေးမွေးလာတဲ့ မိဘ ၂–ပါးတို့အား ပြန်လည်မပြုစုနိုင်ကြတော့ပါ၊ ဒါမျိုးတွေလဲ အခုမှသာ မဟုတ်ဘဲ ရှေးကပင် ရှိလာခဲ့ဟန် တူပါတယ်၊ ဒါ့ကြောင့်– ဗုဒ္ဓမြတ်စွာက–

> "အမိအဖကို ပြုစုလုပ်ကျွေးသူနှင့် မပြုစုမလုပ်ကျွေးသူဟာ လက်သည်းဖျားနဲ့ ကော်ယူလိုက်တဲ့မြေနှင့် မြေကြီးပေါ်မှာရှိနေတဲ့မြေလောက် ကွာခြားမှု ရှိနေတယ်၊ မိဘကိုလုပ်ကျွေးသူက အင်မတန်နည်းပြီး မိဘကိုမလုပ်ကျွေးတဲ့ သူတွေကသာ များနေပါတယ်"။ [၁]

ဒီလို ဟောတော်မူထားပါတယ်၊ ဒါ့အပြင် မိဘကို မလုပ်ကျွေးသူရဲ့အပြစ်ကို–

> "အရွယ်လွန်ပြီးဖြစ်တဲ့ မိအိုဖအိုကို စွမ်းနိုင်ပါရက်ကယ်နဲ့ မလုပ်ကျွေး မပြုစု မမွေးမြူတဲ့ သားသမီးတွေဟာ ယုတ်ညံ့သူတွေ ဖြစ်ကြတယ်၊ ပျက်စီး ခြင်းရဲ့ နှုတ်ခမ်းဝကို ရောက်နေသူတွေပဲ ဖြစ်ကြပါတယ်"။ [၂]

ဒီလိုလဲ ဟောတော်မူထားပါတယ်။

မိဘပြစ်မှား သူတွေများ

မိဘတွေကို ပြုစုလုပ်ကျွေးမှု မပြုဘဲ ပစ်ထားရုံမျှသာမက ကိုယ်အမူအရာ နှုတ်အမူအရာတွေနဲ့ ပြစ်မှားတဲ့ သားသမီး တွေကလဲ မနည်းလှပါ၊ အများမျက်မြင် အထင်အရှား အများ အပြားပဲ ဖြစ်ပါတယ်၊ အဲဒီလို ပြစ်မှားမိသူတွေက ပြီးခဲ့တာတွေကိုတော့ နောက်မှာပဲ ထားပြီး ရှေ့မှာ အလားတူကိစ္စမျိုး နောက်ထပ် မဖြစ်ရအောင် ပြုပြင်သွားကြမှသာ လူဖြစ်ရကျိုးနပ်စရာ ရှိပါတယ်၊ "လူမိုက်နောက်မှ နောင်တရ"ဆိုတာမျိုး မဖြစ်စေ သင့်ပါ၊ မိဘတွေ ရှိနေသေးပါက ပြီးခဲ့တဲ့အပြစ်တွေ ပြေပျောက်အောင် မိဘများကို ကန်တော့ပါ။

မိဘများမရှိတဲ့အချိန်ကျမှ နောင်တရနေလို့တော့ အကျိုးမရှိတော့ပါ၊ တွေးလိုက် တိုင်း စိတ်ချမ်းသာမှု မရဘဲ အဇာတသတ်မင်းလို တစ်သက်လုံး စိတ်မချမ်းမသာနဲ့

၁။ သံ–၃၊ ၄၀၅။ ၂။ သုတ္တနိ၊ ၂၉၈၊ ၂၉၅။

http://www.dhammadownload.com

နေသွားရတတ်ပါတယ်၊ အများသိပြီးဖြစ်တဲ့အတွက် အဇာတသတ်မင်းအကြောင်းကို မပြောပြတော့ဘဲ အမိကိုပြစ်မှားသူတစ်ယောက်ရဲ့အကြောင်းကို ပြောပြပါဦးမယ်။

အမိကို ရိုက်သူ ၁

သာဝတ္ထိမြို့အနီးမှာရှိနေတဲ့ ရွာငယ်တစ်ရွာမှာ ကုန်သည်ဇနီးမောင်နှံ ၂-ယောက် ရှိနေကြပါတယ်၊ သူတို့မှာ သားတစ်ယောက် ရှိနေပါတယ်၊ တစ်နေ့မှာ အဲဒီသား ဖြစ်သူက အိမ်ကိုအလည်လာတဲ့ မိတ်ဆွေသူငယ်ချင်းတွေကို ကျွေးမွေးဧည့်ခံမှု မပြုတဲ့ အတွက် စိတ်ဆိုးပြီး အမေ့ဦးခေါင်းကို လှည်းစည်းကုံးသားရေကြိုးနဲ့ ရိုက်ပါတယ်။

အဲဒီလူက သေသွားတဲ့အခါ ဝိဉ္ဇာဋဝီတောမှာ ပြိတ္တာဖြစ်နေပါတယ်၊ အဲဒီ ပြိတ္တာက ကံနှင့်တူတဲ့ အကျိုးအနေနဲ့ ကိုယ်တိုင်ပဲ သံတင်းပုတ်ကြီးနဲ့ ကိုယ့်ခေါင်းကို ရိုက်ခွဲပြီး ကြီးမားသော ဆင်းရဲဝေဒနာကို ခံစားနေရပါတယ်။

မိဘကျေးဇူးကို ကျေအောင်ဆပ်သူ ၂

နှစ်ပါးမိဘ, ညှဉ်းဆဲက, ဆင်းရ ငရဲသာ၊
နှစ်ပါးမိဘ, လုပ်ကျွေးက, ဖြစ်ရ လူ-နတ်မှာ။

ရှေးအခါက ကာသိကရွာငယ်တစ်ရွာမှာ ဇနီးမောင်နှံ ၂-ယောက်တို့ နေထိုင် ကြပါတယ်၊ သူတို့မှာ သားသမီးလဲ များများစားစား မရှိကြပါ၊ သဝိဋ္ဌက-ဆိုတဲ့ သားတစ်ယောက်သာ ရှိပါတယ်၊ သဝိဋ္ဌကက အမိနှင့်အဖကို ပြုစုလုပ်ကျွေးနေ ပါတယ်၊ နောက်ပိုင်းမှာ အမိသေဆုံးသွားတဲ့အတွက် အဖတစ်ယောက်တည်းကိုသာ ပြုစုလုပ်ကျွေးနေရပါတယ်။

တစ်ချိန်မှာ အဖဖြစ်သူက သားဖြစ်သူ အလိုမရှိပေမယ့် ကူဘော်လောင်ဘက် ရအောင်ဆိုပြီး အမျိုးသမီးတစ်ယောက်ကို ဆောင်ယူပေးပါတယ်၊ အဲဒီအမျိုးသမီးက ယောက္ခမကိုရော, လင်ကိုပါ ရိုသေစွာ ပြုစုလုပ်ကျွေးနေပါတယ်၊ လင်ဖြစ်သူက ငါ့အဖေကို ပြုစုလုပ်ကျွေးနေတာပဲဆိုတဲ့ သဘောနဲ့ ရရသမျှပစ္စည်းဥစ္စာကို မယား အားသာ ပေးနေပါတယ်။

ဒါနဲ့ မယားဖြစ်သူက သူ့အဖေကိုထက် ငါ့ကိုချစ်လို့သာ ဥစ္စာအကုန်လုံးကို လွှဲအပ်တာပဲလို့ အထင်ကြီး, ဘဝင်မြင့်လာပါတယ်၊ ယောက္ခမဖြစ်သူကို အမြဲ ရန်ရှာလာပါတော့တယ်၊ ယောက္ခမကို သတ်ပစ်ရန် လင်ဖြစ်သူအား ပြောဆိုပါတယ်၊ အဖေကို ကျုပ်က မသတ်ရဲဘူး၊ ဘယ်လိုလုပ်သတ်မလဲ ?-လို့ ပြောတဲ့အခါ အိပ်ရာ ဝင်ချိန်မှာ လင်ဖြစ်သူအား နည်းပေးညွှန်ကြားနေပါတယ်။

၁။ ပေတ-၅၊ ၁၇၆။ ၂။ ဇာတ်-၅-၄၊ ၄၃။

http://www.dhammadownload.com

"ရှင်က နံနက်စောစော အဖေနားကိုသွားပြီး လူအများကြားလောက်အောင် ကျယ်လောင်တဲ့အသံနဲ့ 'အဖေရေ ! ဘယ်ရွာမှာ ရစရာရှိတဲ့ ကြွေးမြီတွေကို ကျွန်တော်သွားတောင်းပေမယ့် မပေးကြဘူး၊ အဖေမရှိတဲ့ နောက်တစ်ချိန်မှာ လုံးဝပေးကြမယ် မဟုတ်တော့ပါ၊ အဲဒီကြွေးတွေကို တောင်းရအောင် နက်ဖန် စောစောထပြီး လှည်နဲ့သွားကြစို့ရဲ့" လို့ ပြောထားပါ၊ နောက်နေ့နံနက်စော စောမှာ ရှင့်အဖေကို လှည်းနဲ့ သုသာန်သို့ခေါ်သွားပြီး တွင်းအဆင်သင့် တူးထားပြီးမှ ခိုးသူတို့လုယက်ဟန် အသံပြုပြီး ရှင့်အဖေကိုသတ်လို့ တွင်းထဲမှာ မြှုပ်ထားခဲ့ပါ၊ ကိစ္စအကုန်ပြီးမှ ရေမိုးချိုးပြီး ပြန်လာခဲ့တာပေါ့"။

မယားရဲ့ညွှန်ကြားချက်ကို ကြားရတော့ သဝိဋ္ဌကက ဒီအကြံ သိပ်ကောင်းတာပဲလို့ ပြောပြီး လှည်းကို အဆင်သင့် ပြင်ဆင်ထားပါတယ်။

သဝိဋ္ဌကမှာ အသိဉာဏ်ရှိတဲ့ ၇-နှစ်, ၈-နှစ်အရွယ် သားငယ်တစ်ယောက် ရှိနေပါတယ်၊ သူ့အမေ့စကားကို ကြားရတဲ့အခါ "ငါ့အမေဟာ သိပ်ယုတ်မာတာပဲ၊ ငါ့အဖေကို ပိတုဃာတကကံလုပ်အောင် ညွှန်ကြားနေပါတယ်၊ ငါ့အဖေအား ပိတုဃာတကံ ပြုလုပ်ခွင့်မပေးနိုင်ဘူး" ဆိုတဲ့ အကြံနဲ့ နောက်တစ်နေ့မှာ အဖိုးနှင့်အတူ သွားအိပ်နေပါတယ်။

သဝိဋ္ဌကက သူ့မိန်းမညွှန်ကြားထားတဲ့အတိုင်း လှည်းကိုတပ်ပြီး အဖေကို လှည်းပေါ်မှာ ထိုင်နေစေပါတယ်၊ သဝိဋ္ဌကရဲ့သားကလေးက ကြိုတင်ပြီး လှည်းပေါ်မှာ တက်နေခဲ့ပါတယ်၊ သဝိဋ္ဌကက သားကို တားမြစ်လို့မရတဲ့အတွက် သားကိုပါ ခေါ်ဆောင်ပြီး သုသာန်ကို သွားပါတယ်၊ သုသာန်ကို ရောက်တဲ့အခါ အဖေကို သားကလေးနှင့်အတူ တစ်နေရာမှာ ထားခဲ့ပါတယ်၊ သူကိုယ်တိုင်ကတော့ လှည်းပေါ်က ဆင်းပြီး ပေါက်တူးကိုယူကာ ဖုံးကွယ်တဲ့တစ်နေရာမှာ တွင်းတူးနေပါတယ်၊ အဲဒီ အချိန်မှာပဲ သူ့သားကလေးက လှည်းပေါ်ကဆင်းပြီး သူ့အနားကို လာနေပါတယ်၊ အနားကိုရောက်တဲ့အခါ မသိသလိုဟန်ဆောင်ပြီး အဖေကို မေးပါတယ်။

"အဖေရေ ! လူတွေရဲ့ ပျော်မွေ့ရာမဟုတ်တဲ့ ဒီသုသာန်အလယ်မှာ သတ္တဝါတွေလဲ မရှိပါ၊ အာလူးဥတွေလဲ မရှိပါ၊ ပိန်းဥတွေလဲ မရှိပါ၊ မျောက်ဥတွေလဲ မရှိပါ၊ (သို့ဖြစ်ပါလျက်) အဖေက တစ်ယောက်တည်း ဘာအလို့ရှိလို့ တွင်းတူးနေရပါသလဲ ?"။

"သားရေ ! သားရဲ့အဖိုးက သိပ်အားနည်းလာတယ်၊ အနာမျိုးစုံကြောင့် ဖြစ်တဲ့ ဆင်းရဲဒေဒနာကို ခံစားနေရတယ်၊ အခု ငါက မင်းအဖိုးရဲ့ ဆင်းဆင်းရဲရဲ အသက်ရှင်နေတာကို မကြည့်ရက်ဘူး၊ သတ်ပြီး တွင်းမှာ မြှုပ်ထားခဲ့မလို့ပဲ"။

http://www.dhammadownload.com

"အဖေရေ ! အဖေက 'အဖိုးကို ဆင်းရဲကလွတ်စေမယ်'ဆိုတဲ့ ယုတ်ညံ့တဲ့ အကြံအစည်ကို ရလာခဲ့ပါတယ်၊ အဖေက ယခုဘဝစီးပွား, သံသရာစီးပွားကို လွန်တဲ့ ကြမ်းကြုတ်ရက်စက်တဲ့ ပီတုဃာတကကံကို ပြုလိုပါဘိတယ်"။

ဒီစကားအဆုံးမှာပဲ သားငယ်က သူ့အဖေထံက ပေါက်တူးကို ယူပြီး ခပ်လှမ်းလှမ်း တစ်နေရာမှာ တွင်းတူးနေပါတော့တယ်၊ အဲဒီအချိန်မှာ သဝိဋ္ဌကက သားကလေးရဲ့ အနားကိုသွားပြီး "သားရေ ! မင်းက ဘာ့ကြောင့် တွင်းတူးနေရသလဲ ?"လို့ မေးပါတယ်၊ ဒီတော့ သားက အကျိုးအကြောင်းကို ပြန်လည်ပြောပြပါတော့တယ်။

"အဖေရေ ! အဖေလိုပဲ ကျွန်တော်လဲ အိုမင်းလာတဲ့ အဖေကို မြှုပ်သတ်မယ်လို့ တူးနေတာပဲ၊ ကျွန်တော်လဲ အဖေရဲ့အကျင့်ကို အတုလိုက်ကျင့်ပြီး အဖေကို တွင်းထဲမှာ မြှုပ်သတ်ရပါတော့မယ်"။

"လူကလေး ! မင်းက ကြမ်းတမ်းတဲ့ စကားတွေနဲ့ နှိပ်စက် ထိပါးကာ ငါ့ကို ပြောဆိုပါဘိတယ်၊ မင်းက ငါရဲ့ရင်ဝယ်ရသား ဖြစ်ပါရက်ကယ်နှင့် ငါရဲ့အကျိုးစီးပွားကို အလိုမရှိသူ ဖြစ်ပါဘိတယ်"။

"အဖေ ! သားက အဖေ့အကျိုးစီးပွားကို အလိုမရှိသူ မဟုတ်ပါ၊ အဖေ့ အကျိုးစီးပွားကို အလိုရှိသူသာ ဖြစ်ပါတယ်၊ ယုတ်ညံ့တဲ့ အာနန္တရိယကံကို လုပ်နေတဲ့ အဖေကို သားက တားမြစ်သင့်ပါတယ်၊ အဖေကလဲ သားကို တားမြစ်သင့်ပါတယ်"။

"အဖေ ! အမိအဖတွေဆိုတာဟာ မပြစ်မှားထိုက်သူတွေ ဖြစ်ကြပါတယ်၊ အမိကိုပဲဖြစ်ဖြစ်, အဖကိုပဲဖြစ်ဖြစ် ပြစ်မှားညှဉ်းဆဲတဲ့ သားမိုက်ဟာ ဒီဘဝက ကွယ်လွန်သွားတာနှင့်တစ်ပြိုင်နက် နောင်ဘဝမှာ ငရဲကို မလွဲမသွေ ရောက်ရပါတယ်"။

"အဖေ ! အမေကိုပဲဖြစ်ဖြစ်, အဖေကိုပဲဖြစ်ဖြစ် ထမင်း, အဖျော်နဲ့ လုပ်ကျွေးတဲ့ သားတွေကတော့ ဒီဘဝကစုတောသွားတာနဲ့ တစ်ပြိုင်နက် နောက်ဘဝမှာ နတ်ပြည်, လူပြည်–ဆိုတဲ့ သုဂတိဘုံဘဝတစ်ခုခုကို ဇကန်ရောက်ရတတ်ပါတယ်"။

"သားရေ ! မင်းက ငါရဲ့အကျိုးမဲ့ကို အလိုရှိသူ မဟုတ်ပါဘူး၊ အကျိုးစီးပွားကို အလိုရှိသူသာ ဖြစ်ပါတယ်၊ သားရဲ့အမေက တိုက်တွန်းပြော–ဆိုတဲ့ အတွက် အဖေက ဒီလို ကြမ်းကြုတ်ရက်စက်တဲ့ အာနန္တရိယကံကို လုပ်မယ်–လို့ ကြံမိပါတယ်"။

http://www.dhammadownload.com

"အဖေ ! သူတော်မဟုတ် သူယုတ်မာတို့ရဲ့ သဘောရှိနေတဲ့ အဖေ့မယား ဟာ ကျွန်တော်ရဲ့အမိ ဖြစ်ပါတယ်၊ မွေးမေအရင်းလဲ ဟုတ်ပါတယ်၊ အဲဒီ အဖေ့မယားက အခြား ဒီလိုဆင်းရဲမျိုးကိုလဲ ဖြစ်စေဦးမှာပဲ၊ အဲဒီ ကျွန်တော်ရဲ့ မွေးမေရင်းဖြစ်တဲ့ အဖေ့မိန်းမကို အိမ်ကသာ နှင်ထုတ်ပစ်လိုက်ပါတော့"။

ဒီလို ပြောလိုက်တဲ့ ပညာရှိသားကလေးရဲ့ စကားကို ကြားရတဲ့အခါ သဝိဋ္ဌကက ဝမ်းမြောက်ဝမ်းသာစွာနဲ့ သားကလေးနှင့်အတူ အဖေကို လှည်းယာဉ်ပေါ်မှာတင်ပြီး အိမ်ဘက်ကို ပြန်မောင်းလာခဲ့ပါတယ်။

အဲဒီမိန်းမယုတ်ကလဲ အသရေမရှိတဲ့ သက်ကြီးအိုက ငါတို့ရဲ့အိမ်က ထွက်သွား ပြီ–လို့ ဝမ်းမြောက်ဝမ်းသာနဲ့ နို့ဃနာကျိုချက်ပြီး ပြန်လာမယ့်လမ်းကို ကြည့်နေ ပါတယ်၊ ၃–ယောက်လုံးပဲ ပြန်လာတာကို တွေ့ရတော့ လှမ်းပြီးဆဲနေပါတယ်။

သဝိဋ္ဌကက ဘာမှမပြောသေးဘဲ လှည်းကိုဖြုတ်ထားခဲ့ပြီးမှ "ဟေ့–အယုတ်မ ! နင်က ဘာစကားကို ပြောဆိုနေရသေးသလဲ ?"လို့ ပြောဆိုပြီး ခပ်နာနာ ရိုက်ပစ် လိုက်ပါတယ်၊ နောက်ထပ် "ဒီနေ့ကစပြီး ဒီအိမ်ထဲကို မဝင်နှင့်တော့"လို့ ပြောဆိုပြီး ခြေထောက် ၂–ချောင်းကိုကိုင်ကာ အိမ်ထဲက ဆွဲထုတ်ပစ်လိုက်ပါတော့တယ်။

ထို့နောက် အဖေနှင့်သားကို ရေချိုးစေပါတယ်၊ ကိုယ်တိုင်လဲ ရေချိုးပါတယ်၊ ပြီးမှ ၃–ယောက်သား နို့ဃနာ ထမင်းကို စားကြပါတယ်၊ အဲဒီမိန်းမယုတ်ကလဲ ရက်အနည်းငယ်ကြာအောင် သူများ အိမ်မှာ သွားနေပါတယ်၊ အဲဒီအချိန်မှာ သားပညာရှိကလေးက သူ့အဖေအား အကြံပေးစကား ပြောကြားပါတယ်။

"အဖေရေ ! ကျွန်တော့်အမေက ဒီလောက်ကလေးနဲ့ နားလည်မယ် မဟုတ် သေးပါဘူး၊ အမေနလုံး မသာမယာ ဖြစ်လာအောင် အဖေက ဘယ်ရွာမှာ ရှိနေတဲ့ ဦးရီးသမီးက တို့ ၃–ယောက်ကို ရိုသေစွာ လုပ်ကျွေးလိမ့်မယ်၊ အဲဒီ ဦးရီးသမီးကို သွားခေါ်တော့မယ်–လို့ လူတွေကို ပြောထားပါ၊ ပန်းနံ့သာတွေကို ယူပြီး နံနက်စောစော လှည်းနဲ့ထွက်သွားပါ၊ လယ်တောမှာ လှည့်လယ်နေပြီး ညနေကျမှ ပြန်လာခဲ့ပါ"။

သဝိဋ္ဌကက သားကလေး အကြံပေးထားတဲ့အတိုင်း လူတွေကို ပြောထားခဲ့ပြီး နံနက်စောစော ပန်းနံ့သာတွေကို ယူလျက် လှည်းယာဉ်နဲ့ ထွက်သွားပါတယ်၊ "ဟေ့–အကောင်မ ! ညည်းလင်က အခြားမိန်းမကို သွားခေါ်မယ်–လို့ လှည်းယာဉ်နဲ့ ထွက်သွားတယ်ဆိုပါလား"၊ ဒီလိုပြောကြတဲ့ အိမ်နီးချင်းမိန်းမတွေရဲ့ စကားကို ကြားရတဲ့အခါ အဲဒီမိန်းမယုတ်က အူယားဖားယားနဲ့ သားပညာရှိထံ လာရောက် တောင်းပန်ပါတယ်။

http://www.dhammadownload.com

"သားရေ ! သားမှတစ်ပါး အမေရဲ့ ကိုးကွယ်အားထားရာ မရှိတော့ပါ၊ ဒီနေ့ကစပြီး သားကိုရော, သားရဲ့အဖေကိုရော, အဖိုးကိုရော တန်ဆာဆင်ထားတဲ့ စေတီကိုလို ရိုသေစွာ လုပ်ကျွေးပါတော့မယ်၊ စောင့်ရှောက်ပါတော့မယ်၊ ဒါကိုထောက်ထားပြီး အမေ့ကို နောက်ထပ် ဒီအိမ်သို့ဝင်ရအောင် ပြုလုပ်ဆောင်ရွက်ပေးပါ"။

"အမေက ဒီလို ယုတ်မာတဲ့ အလုပ်မျိုးကို နောက်ထပ် မလုပ်ရင်ကောင်းမယ်"။

"သားရေ ! စိတ်ချပါ၊ အမေက ဒီလိုအလုပ်မျိုးကို နောင်ဘယ်တော့မှ မလုပ်တော့ပါ"။

ဒီလို ဝန်ခံချက်ရလာတဲ့အခါ သားကလေးက "အမေရဲ့ကတိသာ တည်ပါစေ"လို့ ပြောဆိုလွှတ်လိုက်ပါတယ်၊ အဖေပြန်လာတဲ့အခါမှာ အဖေကိုလဲ ပြောပြပြန်တယ်။

"အဖေ ! အဖေရဲ့ သူတော်မဟုတ်သူယုတ်တို့ရဲ့အကျင့်ရှိတဲ့ မယားဟာ ကျွန်တော်ရဲ့အမိလဲဟုတ်ပါတယ်၊ မွေးမေရင်းလဲ မှန်ပါတယ်၊ ယုတ်မာသော အကျင့်ရှိခဲ့ဖူးတဲ့ ကျွန်တော့်အမေက ယဉ်ကျေးပြီးတဲ့ဆင်မလို ယဉ်ကျေးလာတဲ့အတွက် ကျွန်တော်တို့ရဲ့အလိုသို့ လိုက်လာပါပြီ၊ အမေ့အား အိမ်ကိုပြန်လည်ဝင်ရောက်ခွင့် ပေးလိုက်ပါတော့"။

သားကလေးက အဖေအား ခွင့်ပန်စကား ပြောကြားပြီး အမေကို သွားခေါ်ပါတယ်၊ အမေဖြစ်သူကလဲ လိုက်လာပြီး လင်နှင့် ယောကျ်ားမတို့ကို ကန်တော့ပါတယ်၊ အဲဒီနေ့ကစပြီး ယဉ်ကျေးငြိမ်သက်တဲ့သဘောနဲ့ ပြည့်စုံလာပါတယ်၊ လင်ကိုရော, ယောကျ်ားမကိုရော, သားကိုရော ရိုသေစွာ လုပ်ကျွေးနေပါတယ်။

"ဒီဝတ္ထုက ဖော်ညွှန်းနေတဲ့ သဘောကို မောင်ထွန်းရွှေက ပြောပြစမ်းပါဦး"။

"ဒီဝတ္ထုမှာပါလာတဲ့ သဝိဋ္ဌကက အဖေအမေကို ပြုစုလုပ်ကျွေးပေမယ့် မွေးကျေးဇူးကျေအောင် ဆပ်နိုင်သူမဟုတ်ပါ၊ သူရဲ့သားကလေးကသာ အဖေကိုရော, အမေကိုရော, ကြီးလေးလှတဲ့ အကုသိုလ်မှုမှ တားမြစ်ပြီး ကုသိုလ်မှုမှာ တည်စေတဲ့အတွက် မွေးကျေးဇူးကို ကျေအောင်ဆပ်နိုင်သူ ဖြစ်ပါတယ်၊ ဒါဟာ ဒီဝတ္ထုက ဖော်ညွှန်းတဲ့သဘော ဖြစ်ပါတယ်"။

မိဘဂုဏ်တွေ သိပါစေ

ဗုဒ္ဓမြတ်စွာက မိခင်ဖခင်တွေရဲ့ ဂုဏ်ကျေးဇူးကို အခွင့်သင့်တိုင်း အတော်များများ အလေးထားကာ ဟောကြားတော်မူပါတယ်၊ မိခင်ဖခင်တို့အား ပြုစုလုပ်ကျွေးတဲ့ သားသမီးများကိုလဲ နှုတ်ဟမြွက်ဖော် ချီးကျူးတော်မူပါတယ်၊ လူဝတ်ကြောင်မျှကိုသာ မဟုတ်ပါ၊ ဆွမ်းခံပြီး

http://www.dhammadownload.com

မိဘများကို လုပ်ကျွေးတဲ့ ရဟန်းတော်များကိုပင် ငါဘုရား၏လမ်းစဉ်ကို လိုက်နာကျင့်သုံးသူများဖြစ်တယ်–လို့ ချီးကျူးဂုဏ်တင်တော်မူပါတယ်၊ ဒါ့အပြင် မိဘကို လုပ်ကျွေးရခြင်း၏ အကျိုးအာနိသင်ကိုလဲ အခွင့်အခါသင့်တိုင်း ဟောကြားတော်မူပါတယ်၊ ရှေးပညာရှိတွေကလဲ "မြင့်မိုရ်တောင်ဦး, မကကျူးသား, ကျေးဇူးအရှင်, မွေးမိခင်နှင့်, ဖခင်တို့အား" လို့ မိဘတွေရဲ့ဂုဏ်ကျေးဇူးကို အထူးထုတ်ဖော် ချီးကျူးတော်မူကြပါတယ်။

သားကြီးပဲဖြစ်ဖြစ်, သားလတ်ပဲဖြစ်ဖြစ်, သားငယ်ပဲဖြစ်ဖြစ် အမိအဖတွေရဲ့ စကားကို နားထောင်တဲ့သား, ဆုံးဩဝါဒကို လိုက်နာတဲ့သားက မြတ်ပါတယ်၊ အခြားသားဆိုး,သားမိုက်တွေက မမြတ်ပါဘူး။ [၁]

မိဘတွေက သားသမီးတွေရဲ့ မပြုစု,မလုပ်ကျွေးကြောင်းကို သိရတဲ့အခါ မိမိတို့ရဲ့ ပစ္စည်းဥစ္စာကို မြေမှာသော်လဲ မြှုပ်ထားတတ်ကြပါတယ်၊ သူတစ်ပါးတို့အားသော်လဲ ပေးကမ်းစွန့်ကြဲတတ်ကြပါတယ်၊ ဒီသူတွေဟာ မိဘများအား မပြုစု,မလုပ်ကျွေးဘူး–လို့ သူများကဲ့ရဲ့မှုလဲ ခံရတတ်ပါတယ်၊ သေပြီးတဲ့နောက် ဘင်ပုပ်ငရဲမှာလဲ ဖြစ်ကြရပါတယ်။

အမိအဖတွေကို ရိုသေစွာ ပြုစုလုပ်ကျွေးသူတွေကတော့ မိဘတို့ရဲ့ဥစ္စာကိုလဲ ရကြပါတယ်၊ လူတွေရဲ့ချီးကျူးဂုဏ်တင်မှုကိုလဲ ခံကြရပါတယ်၊ သေပြီးတဲ့နောက် နတ်ပြည်မှာလဲ ဖြစ်ကြရပါတယ်။ [၂]

ဒီလိုလဲ အဋ္ဌကထာဆရာတွေက မိန့်ဆိုထားကြပါတယ်။

ရှေးခေတ်က နာမ်ဓာတ်ရဲ့အရှိန်အဝါကို အသုံးပြုပြီး မိုးပျံမြေလျှိုး ဈာန်အဘိညာဉ် တန်ခိုးနဲ့ သွားလာနိုင်တဲ့ခေတ်မျိုး ဖြစ်ပါတယ်၊ နာမ်တရား၏ အရှိန်အဝါကို အသိအမှတ် ပြုကြပါတယ်၊ ဗုဒ္ဓမြတ်စွာ ဟောသမျှကိုလဲ ယုံကြည်ကြပါတယ်၊ လက်ခံကြပါတယ်၊ လိုက်နာကြပါတယ်၊ ကျင့်သုံးကြပါတယ်။

အခုခေတ်ကတော့ ရုပ်ဝတ္ထုရဲ့အရှိန်အဝါကို အသုံးပြုပြီး ကုန်းကြောင်းခရီး, ရေကြောင်းခရီး, လေကြောင်းခရီးတွေနဲ့ တစ်နေရာမှတစ်နေရာသို့ အချိန်အနည်းငယ်အတွင်း လျင်မြန်စွာသွားလာနိုင်ကြတဲ့အပြင် လကမ္ဘာမှာပင် လူသားများ ခြေချနိုင်တဲ့ခေတ်မျိုး, လူသတ်လက်နက်ဆန်းအမျိုးမျိုး ပေါ်ထွန်းနေတဲ့ခေတ်မျိုး ဖြစ်ပါတယ်၊ ရုပ်တရား၏အရှိန်အဝါကို အားကိုးတစ်ခု အသိအမှတ်ပြုလာကြပါတယ်။

၁။ မံ–၄–၁၊ ၃၃။ ၂။ မံ–၄–၂၊ ၃၂၆။

http://www.dhammadownload.com

ဒီရုပ်ဝတ္ထုတွေရဲ့ အရှိန်အဝါက နာမ်တရားတွေနဲ့ ကြုံစည်လို့ ပေါ်လာရတယ်၊ နာမ်တရားတွေရဲ့ ဦးဆောင်မှုကို ခံနေရတယ်–ဆိုတဲ့ သဘောကိုတော့ မျက်ကွယ်ပြုထားကြပါတယ်၊ သိမြင်နားလည်သူပင် အင်မတန် နည်းပါးလာပါတယ်၊ ဒါနဲ့ပဲ နာမ်တရားရဲ့ အရှိန်အဝါကို ယုံကြည်မှုလဲနည်းလာကြပါတယ်၊ ကံနှင့်ကံရဲ့အကျိုးကိုပင် ပစ်ပယ်လာချင်ကြပါတယ်။

ရတနာ ၃–ပါး, မိဘ, ဆရာသမားတွေအပေါ်မှာ ထားတဲ့စေတနာကိုပင် စေတနာမျှသာဖြစ်တယ်၊ ဘာအကျိုးမှ မရှိဘူး–ဆိုတဲ့အနေနဲ့ ထင်မြင်ယူဆပြောဆိုလာကြပါတယ်၊ အမိအဖတွေရဲ့ ဂုဏ်ကျေးဇူး–ဆိုတာလဲ အလကားပါ၊ သူတို့အတတ်နဲ့ သူတို့ ပြုစုလာကြရတာပါ၊ စိတ်စေတနာရှိလို့ မဟုတ်ပါဘူး–လို့ ပြောဆိုတဲ့ လူတွေပင် ပေါ်ပေါက်လာကြပါတယ်၊ ဒီတော့ ဂုဏ်–ဆိုတာဟာ ဂုဏ်ကိုနားလည်သူအတွက်သာ ဂုဏ်ဖြစ်ပါတယ်၊ ဂုဏ်ကို မသိနားမလည်သူအတွက်တော့ ဂုဏ်မဟုတ်တော့ဘဲ အပြစ်သာ ဖြစ်လာရပါတယ်–ဆိုတဲ့ သဘောကို အထူးသတိထားသင့်ပါတယ်။

ဒီလို တစ်ဖက်စွန်းကို လွန်မသွားသင့်ပါ၊ မည်သည့်နေရာမှာမဆို မျှမျှတတ ချိန်ဆကြည့်တတ်ရန် လိုပါတယ်၊ အဲဒီလို ကြည့်တဲ့အခါမှာလဲ သဒ္ဓါနှင့်ပညာကို မျှမျှတတထားပြီး ကြည့်ရှုမှသာ အမှန်အတိုင်း မြင်နိုင်ပါတယ်၊ သဒ္ဓါနှင့်ပညာကို ညီညီမျှမျှထားပြီး မကြည့်ပါက ဂုဏ်ကိုအပြစ်, အပြစ်ကိုဂုဏ်ထင်ကာ တလွဲတချော်ဖြစ်လာတတ်ပါတယ်။

ရွှေးဆရာများရဲ့ အဆိုအမိန့်

ယုဂန်တောင်ညို, မြင့်မိုရ်မက, ဂုဏ်ကြီးလှသား, မိဘမည်သာ, မာတာပိတု, ဤနှစ်ခုကို, ဥပဋ္ဌာန, တုပ်ကွဲမြတ်လေး, စားဦးပေး၍,ကျေးမွေးနိုင်စေ။

ဒီလို မုံရွေးဆရာတော်က မာတာပိတုဥပဋ္ဌာနမင်္ဂလာရဲ့သဘောကို မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် ညိုမှိုင်းလှတဲ့ ယုဂန္ဓိရ်တောင်နှင့် မြင့်မိုရ်တောင်မက ဂုဏ်ကျေးဇူးကြီးမားလှတဲ့ အမိအဖ ၂–ပါးကို ညွတ်တွားခယ ရိသေလေးမြတ်စွာ စားဦးစားဖျား ပေးပြီး ပြုစုလုပ်ကျွေး မွေးမြူခြင်းဟာ မာတာပိတုဥပဋ္ဌာန–မင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

မြင့်မိုရ်ဆယ်ပြန်, ကျေးဇူးလွန်သည်, ချစ်ဝှန်ကဲဆ, မိနှင့်ဘအား, သားလှပြာလတ်, ရက်မချုတ်လျှင်, ကျင့်ဝတ်ငါးမည်, အရင်းတည်လျက်, ချစ်ကြည်မကွေ, ညွတ်ပျပ်ထွေဖြင့်, ရိသေလှစွာ, လုပ်ကျွေးရာ၏။ [၁]

၁။ မာတောဝါဒ–၂၄။

http://www.dhammadownload.com

ရှစ်သောင်းလေးထောင်, ရေဖောင်ဖောင်နှင့်, ထဲချောင်သမုဒ္ဒရာ, ရေများစွာလည်း, ပမာမလောက်, မိုးရေပေါက်သို့, အံ့လောက်အရာ, မိမာတာနှင့်, ပိတာအဖ, မြတ်ဂုဏာအား, ဆပ်ငြားပါလို, မိကိုလက်ျာ, ဖမှာလက်ဝဲ, အမြီထမ်းလျက်, ပခုံးထက်တွင်, သို့ပင်နိစ္စ, လုပ်ကျွေးကြလည်း, ရှေးကပြုဖူး, မွေးကျေးဇူးကို, အထူးမြဲခိုင်, မဆပ်နိုင်တည့်။ ၁

မကောင်းမိဘ, ဓမ္မမတည့်, မကြည်မညို, ဝန်တိုမိစ္ဆာ, ပါဏာတိပါတ်, သတ်ခတ်လုယူ, မဖြူနှလုံး, မသုံးသီလ, ဒါနမပွား, မသွားကျောင်းကန်, ဟုတ်လှမှန်သား, မိဘအားကို, တရားစောင့်စောင့်, တော်ဖြောင့်လှစွာ, မိစ္ဆာမဖောက်, မသောက်သေစာ, ပါဏာသူသက်, ခိုးဝှက်ယူမှု, ဤငါးခုကို, မပြုနှင့်ဗျာ, လှူဒါမပြတ်, ပိဏ္ဍာပါတ်လည်း, မလပ်နေ့တိုင်း, မရိုင်းကျောင်းကန်, အမှန်သွားသွား, တရားနာနာ, ရတနာသုံးဦး, မပြတ်ဖူးရှိ, ကြည်နူးလှစေ, ညောင်ရေလည်းသွန်း, ဆီမီးထွန်းလျက်, ဆွမ်းကွမ်းလက်ဖက်, ရေစက်ချချ, လှူဒါနနှင့်, သီလဥပုသ်, ကိုယ်နှုတ်နှလုံး, စောင့်သုံးပါဗျာ, မိမာတာတို့, ဤသို့ဆိုတတ်, ထိုသားမြတ်ကို-ဆပ်ဆပ်ကျေးဇူး မိုးဇါတည်း။ ၂

ဘဝဂ်နှံ့ကျော်, သုံးလူဘော်၏, မိန့်တော်မူထ, သာသနကို, ကြည်လွှာစိတ်သန်, ထွတ်နိဗ္ဗာန်သို့, အမှန်ရောက်လို, မိမိကိုယ်ကို, ကြည်ညိုသမှု, ရှင်ပြုကုန်ကြ, ပဉ္စင်းကကို, ရကြမထေရ်, ထိုသူသည်တို့, ငယ်ကစို့သည်, ရင်နို့ရည်ဖိုး, ကြိုး၍ဆပ်ပေ, ပိုင်လေသသူ, (ဖြစ်သည်ဟူ၏။) ၃

ရိသေအပ်လှ, မိနှင့်ဘကို, ဒေါသပြစ်ဝေး, ချစ်မြတ်လေးက, လုပ်ကျွေးတမူ, မွေးမြူကြည့်ရှု, ပြုစုနိုင်စေ။ ၄

စွဲလာသန္ဓေ, နေသည်ကစ, သားလှချမ်းသာ, ရစိမ့်ငှာ-ဟု, ပူဆာစပ်ခါး, မစားတို့ရ, ထကြွဖြေးဖြေး, ကိုယ်ရေးကိုယ်ထက်, ဆယ်ဆတက်၍, သက်ထက်ကြင်နာ, မောင့်ကိုသာလျှင်, ချမ်းသာမြင်ကြောင်း, လက်ဆယ်ချောင်းကို, ခေါင်းမှာရွက်တင်, မျက်နှာမြင်လည်း, ရွှေစင်အလား, သားယောကျ်ားကို, ငဲ့အားမြင်လို, ဆုတောင်းဆို၍, ညကိုရေချမ်း, နံနက်ဆွမ်းနှင့်, ဖြန့်မွမ်းတုလွတ်, သုံးလူ့နတ်ကို- - - -မိမြတ်ပူဇော် ကုန်၏တည်း။ ၅

ဤသို့သန္ဓေ, စွဲလှာနေ၍, ဆယ်လစေ့သော်, ကြွေကြွေဝမ်းသာ, မောင့်မျက်နှာကို, မာတာမိခင်, မြင်ရသောခါ, ဥပမာမူ, ရတနာမျိုး, ရွှေအိုးပဒေသာ,

---

၁။ ပုတ္တောဝါဒ-၂၆။ ၂။ ပုတ္တောဝါဒ-၂၇။ ၃။ ပုတ္တောဝါဒ-၂၈။
၄။ သြဝါဒထူး-၂၀။ ၅။ ပုတ္တောဝါဒ-၆။

http://www.dhammadownload.com

ပေါက်ပေလာသည်, ပမာမမျှ, မောင်သားလှကြောင့်, ဝသည်ပီတိ, ရှိသည် ရိုးတွင်း, ခြင်ဆီချဉ်းမျှ, ချစ်မောလှလျက်, သန်းပျကြမ်းပိုး, မှက်ခြင်မျိုးက, ဟူသမျှလည်း, ကိုက်ရမဲ့ပါ, မောင့်ကိုသာလျှင်, ချမ်းသာစိမ့်ကြောင်း, သမား ကောင်းနှင့်, ဆေးကောင်းစားစား, ရောင်ရှားအစာ, ဤသာကျန်းတော, ရှိစေ သော-ဟု, စိတ်ဇောကြည်သာ, ဆုတောင်းကာနှင့်, တစ်ဖြာညောင်ရေ, စထွေ နေ့ည, သွန်းချမယွန်း, ဖန်ဖန်ပွန်းသည်----ရွှန်းရွှန်းနေ့တိုင်း စိုစွတ်တည်း။ [၁]

မိဘဆရာ, မေတ္တာမပြား, ဤသုံးပါးကား, မုန်းထားပေါ်တွင်, ချစ်ခင် အထဲ, ရှိလေမြဲတည့်။ [၂]

မိဘတို့အား, ပစ်ပွန့်ထား၍, တရားမရှု, လုပ်ကျွေးမှုကို, မပြုသောထွေ, ကျေးဇူးချေလျက်, ရှိသေမဲ့ပဲ, မျက်နှာလွှဲမူ, ဆင်းရဲကွေကွင်း, ပျက်စီးခြင်းဖြင့်, အိုမင်းခါမှ, နောင်တရလျက်, ဘဝရွတ်ယွင်း, အပါယ်ဆင်းလိမ့်။ [၃]

ဒီလိုအစရှိတဲ့ စကားတွေကိုလဲ မိန့်ဆိုထားကြပါသေးတယ်။

၁၂။ ပုတ္တ သင်္ဂဟ

[ပုတ္တသ-သားသမီးကို+သင်္ဂဟ-ချီးမြှောက်ထောက်ပံ့ခြင်း။] ပုတ္တဒါရသ သင်္ဂဟ-ကို ပုတ္တသ သင်္ဂဟ=သားသမီးအား ချီးမြှောက်ထောက်ပံ့ခြင်း၊ ဒါရသ သင်္ဂဟ=မယားအား ချီးမြှောက်ထောက်ပံ့ခြင်း-လို့ ၂-မျိုးခွဲခြား ပြသွား ပါ့မယ်၊ အဋ္ဌကထာဆရာကလဲ ခွဲလိုကခွဲရန် ညွှန်ပြထားပါတယ်။

သားသမီးများ ချီးမြှောက်ထား

မိမိမှ ဖြစ်ပွားလာသော သားသမီးကို ချီးမြှောက်ခြင်းဟာ ဒီဘဝမှာ ချမ်းသာခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာ (ကြီးပွားချမ်းသာရေး)မည်ပါတယ်၊ ဒီသားသမီးကို ချီးမြှောက် ခြင်း-ဆိုတဲ့ မင်္ဂလာဟာ တိုင်းပြည်နှင့်လူမျိုး တိုးတက်ကြီးပွားရေးမှာ အလွန်အရေး ပါတဲ့ မင်္ဂလာဖြစ်ပါတယ်၊ သားသမီးကို ချီးမြှောက်ခြင်း-ဆိုတာကလဲ မိဘတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခြင်းပဲ ဖြစ်ပါတယ်။

၁။ မကောင်းမှုမှ တားမြစ်ခြင်း,
၂။ ကောင်းရာကို ညွှန်ကြားခြင်း,
၃။ အတတ်ပညာ သင်ပေးခြင်း,
၄။ သင့်တော်တဲ့အခါ ဥစ္စာပေးကမ်းခြင်း,
၅။ အရွယ်ရောက်လာတဲ့အခါ လက်ထပ်ပေးခြင်း-

ဒီ ၅-ပါးဟာ မိဘတွေရဲ့ တာဝန်ဝတ္တရားတွေပဲ ဖြစ်ပါတယ်။

၁။ ပုတ္တောဝါဒ-၇။ ၂။ သားရွှေခဲ-၉။ ၃။ သုတသောမ-၁၈၃။

http://www.dhammadownload.com

မိဘတွေက ကိုယ့်သားကိုယ့်သမီးတွေကို အရိပ်တကြည့်ကြည့်နဲ့ မကောင်းတာကို မလုပ်ရအောင် တားမြစ်ထားမယ်, ကောင်းတာကိုလုပ်အောင် ညွှန်ကြားနေမယ်, အတတ်ပညာကို တတ်မြောက်အောင် သင်ယူစေမယ်–ဆိုပါရင် အဲဒီသားသမီးတွေဟာ သားကောင်း သမီးကောင်းတွေ ဖြစ်လာနိုင်ပါတယ်၊ သားကောင်း သမီးကောင်းတွေ ကြီးပြင်းလာရင် လူတော်လူကောင်းတွေ ဖြစ်လာနိုင်တယ်၊ လူတော်လူကောင်းတွေ များလာရင် တိုင်းပြည်နှင့်လူမျိုးပါ တိုးတက်ကြီးပွားလာနိုင်ပါတယ်။

လူတော်လူကောင်း–ဆိုတာကလဲ အတတ်ပညာ တတ်မြောက်ကျွမ်းကျင်ပြီး မကောင်းတာကိုရှောင်ကာ ကောင်းတာကိုလုပ်တတ်တဲ့ လူမျိုးတွေပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် တိုင်းပြည်နှင့်လူမျိုး တိုးတက်ကြီးပွားရန် လူတော်လူကောင်းတွေ များများရှိဖို့ လိုပါတယ်၊ လူတော်လူကောင်းတွေ များလာအောင် သားကောင်းသမီးကောင်းတွေ များများရှိနေဖို့ လိုပါတယ်၊ သားကောင်း သမီးကောင်းတွေ များများရှိလာအောင် မိဘတွေက ကိုယ့်သားကိုယ့်သမီးတွေကို မကောင်းမှုမှတားမြစ်ခြင်း, ကောင်းရာကိုညွှန်ကြားခြင်း, အတတ်ပညာသင်စေခြင်း–ဆိုတဲ့ တာဝန် ၃–မျိုးနဲ့ ချီးမြှောက်ဖို့ လိုပါတယ်၊ အဲဒီလို ချီးမြှောက်နိုင်ရန်မှာလဲ လူတိုင်းရဲ့ စားဝတ်နေရေး ပူလုံမှုမှာ လိုရင်းသော့ချက် ဖြစ်ပါတယ်။

အဲဒီလို ချီးမြှောက်ပေးမှသာ သားကောင်းသမီးကောင်းတွေ ပေါ်ထွက်လာလို့ လူတော်လူကောင်းတွေ ဖြစ်လာပြီး တိုင်းပြည်နှင့်လူမျိုး တိုးတက်ကြီးပွားရေးကို စွမ်းစွမ်းတမံ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် သားသမီးကို ချီးမြှောက်ခြင်း–ဆိုတဲ့ မင်္ဂလာဟာ တိုင်းပြည်နှင့်လူမျိုး တိုးတက်ကြီးပွားရေးမှာ အလွန်အရေးပါတဲ့ မင်္ဂလာဖြစ်ပါတယ်–လို့ ဆိုခဲ့ရပါတယ်။

သင့်တော်တဲ့အခါမှာ ဥစ္စာပေးကမ်းခြင်း, အရွယ်ရောက်လာတဲ့အခါ လက်ထပ်ပေးခြင်း–ဆိုတဲ့ မိဘတွေရဲ့တာဝန် ၂–ခုကတော့ စီးပွားဥစ္စာဖြစ်ထွန်းရေးနှင့် အမျိုးအနွယ်တည်တံ့ပြန့်ပွားရေးပဲ ဖြစ်ပါတယ်။

ဒီတာဝန် ၂–ပါးနဲ့ ထပ်ဆင့်ချီးမြှောက်ခံရတဲ့ သားကောင်းသမီးကောင်းတွေဟာ နောက်တစ်ချိန်မှာ မိကောင်းဖကောင်းတွေ ဖြစ်လာကြပြန်တယ်၊ ဒီမိကောင်းဖကောင်းတွေက မိမိတို့မှဖြစ်ပွားလာတဲ့ သားသမီးတွေကို သားကောင်းသမီးကောင်းတွေ ဖြစ်လာအောင် ပြောလာခဲ့တဲ့အတိုင်း အဆင့်ဆင့်ချီးမြှောက်သွားကြပါက လူတော်လူကောင်းတွေ ပေါများလာပြီး မိမိတို့ရဲ့ တိုင်းပြည်နှင့်လူမျိုးဟာ ကမ္ဘာ့အလယ်မှာ ဝင့်ထယ်စွာ ရပ်တည်လာနိုင်စရာ ရှိပါတယ်၊ အောက်ကျနောက်ကျဖြစ်စရာ မရှိတော့ပါ။

http://www.dhammadownload.com

သားသမီး ၃-မျိုး[1]

မိကောင်းဖကောင်းတွေက ချီးမွှောက်တိုင်း သားကောင်းသမီးကောင်းတွေချည်း ဖြစ်လာရမယ်-လို့တော့ မပြောလိုပါ၊ အထိုက်အလျောက်သာ ဖြစ်လာစရာရှိပါတယ်။

၁။ အတိဇာတ= မိဘတွေထက် လွန်မြတ်တဲ့ သားသမီး,
၂။ အနုဇာတ= မိဘတွေနှင့် တန်းတူဖြစ်တဲ့ သားသမီး,
၃။ အဝဇာတ= မိဘတွေအောက် ယုတ်ညံ့တဲ့ သားသမီး-

ဒီလို ဗုဒ္ဓမြတ်စွာက သားသမီး ၃-မျိုး ခွဲခြားပြဆိုထားပါတယ်၊ ဒီဗုဒ္ဓမြတ်စွာရဲ့ အဆိုအမိန့်အားလျော်စွာ အမိအဖတွေထက်ကောင်းတဲ့ သားသမီးတွေလဲ ဖြစ်ပေါ်လာတတ်ပါတယ်၊ အမိအဖတွေနှင့် တန်းတူဖြစ်တဲ့ သားသမီးတွေလဲ ဖြစ်လာတတ်ပါတယ်၊ အမိအဖတွေအောက် ယုတ်ညံ့တဲ့ သားသမီးတွေလဲ ဖြစ်လာတတ်ပါတယ်၊ အဲဒီသားသမီး ၃-မျိုးထဲက အမိအဖထက်ကောင်းတဲ့ သားသမီးနှင့် အမိအဖနှင့် တန်းတူဖြစ်တဲ့ သားသမီးတွေကိုသာ မိကောင်းဖကောင်းသားသမီး-လို့ ဆိုသင့်ပါတယ်၊ အမျိုးကိုဖျက်ဆီးတတ်တဲ့ မိဘအောက် ယုတ်ညံ့တဲ့ သားသမီးကိုတော့ မိကောင်းဖကောင်းသားသမီး-လို့ မဆိုသင့်ပါ။

ဒီနေရာမှာ သာမှု,ယုတ်မှုနှင့် စပ်လျဉ်းလို့ ဗုဒ္ဓမြတ်စွာက-

၁။ အမိအဖတွေက သရဏဂုံ, ၅-ပါးသီလ မရှိဘဲ သားသမီးတွေက ရှိနေရင် အတိဇာတသားသမီး,
၂။ မိဘတွေရော, သားသမီးတွေရော သရဏဂုံ, ၅-ပါးသီလ ရှိနေရင် အနုဇာတသားသမီး,
၃။ မိဘတွေက သရဏဂုံ, ၅-ပါးသီလရှိပြီး သားသမီးတွေက မရှိရင် အဝဇာတသားသမီး-

ဒီလို သရဏဂုံ, ၅-ပါးသီလ ရှိမှု,မရှိမှု-ဆိုတဲ့ ဓမ္မရေးရာနှင့်သာ ချိန်ထိုးပြထားပါတယ်၊ လောကရေးရာနှင့် ပြထားတာတော့ မဟုတ်ပါ။

ဒါပေမယ့် ခေတ်ကာလအားလျော်စွာ လောကရေးနှင့် စပ်လျဉ်းလို့လဲ မှတ်သားသင့်ပါတယ်။

၁။ စိတ်ကောင်းရှိမှု, အသိအလိမ္မာ ဉာဏ်ပညာရှိမှု, ပညာတတ်ကျွမ်းမှု, ပြည်သူ့နိုင်ငံကို လိုက်နာကျင့်သုံးမှု, အမျိုးဘာသာ သာသနာကျိုးကို ဆောင်ရွက်မှု အစရှိတဲ့ အရည်အချင်းတွေမှာ မိဘထက်သာတဲ့သားသမီးကို အတိဇာတ-သားကောင်းသမီးကောင်း-လို့ ဆိုသင့်ပါတယ်။

၁။ ဣတိ၊ ၂၃၈။

http://www.dhammadownload.com

အမြိုက်ပုံထဲက စိန်,ကျောက်-ရသလို အောက်တန်းစားမိဘတွေကလဲ ဒီလို သားကောင်းသမီးကောင်းတွေ ပေါ်ထွက်လာနိုင်ပါတယ်၊ ဒါ့ကြောင့် မိဘညံ့ရုံမျှနဲ့ သားသမီးတိုင်းကို အထင်မသေးသင့်ပါ၊ သားသမီးတွေရဲ့အရည်အချင်းကသာ အဓိက ဖြစ်ပါတယ်။

၂။ မိဘတွေရော, သားသမီးတွေရော စိတ်ကောင်းရှိမှု, အသိအလိမ္မာ ဉာဏ်ပညာရှိမှု, ပညာတတ်ကျွမ်းမှု, ပြည်သူနိုတိုကို လိုက်နာကျင့်သုံးမှု, အမျိုးဘာသာ သာသနာကျိုးကို ဆောင်ရွက်မှု အစရှိတဲ့ ဂုဏ်အရည်အချင်းတွေ တူမျှနေပါရင် မိဘခြေရာကို မီအောင်လိုက်နင်းနိုင်တဲ့ အနဇာတသားသမီးမျိုး-လို့ ဆိုသင့်ပါတယ်။

လောကသူလောကသားတွေက လူတစ်ယောက်ရဲ့ချို့ယွင်းချက်, ပျော်ညံ့ချက်ကို တွေ့ရရင် "လူကိုယ်က မည့်ဘဲ နေနိုင်ပါ့မလား၊ သူမိဘကလဲ ဒီလိုအစားထဲကပဲ"လို့ အမျိုးကို ထိခိုက်ပြောဆိုတတ်ကြပါတယ်၊ လူတစ်ယောက်က အချိုးတကျနေတာကို တွေ့ရပြန်ရင်လဲ "ဒီလူက မတော်ဘဲ နေနိုင်ပါ့မလား၊ သူမိဘတွေကိုက မျိုးနှင့်ရိုးနှင့် လာတာကိုး"လို့ မျိုးရိုးကိုပါ မြှင့်တင်ပြောဆိုတတ်ကြပါတယ်၊ မိဘခြေရာကို နင်းတဲ့ အနဇာတသားမျိုး-ဆိုတာဟာ ဒီလိုပဲ လူတွေရဲ့ပြောဆိုချီးမွမ်းမှုကို ခံရတတ်ပါတယ်၊ "ဒီပုတ်ထဲက ဒီပဲပဲ, ဒီအိုးထဲက ဒီဆန်ပဲ"ဆိုတဲ့ စကားမျိုးကလဲ ဒီလို သားမျိုးကို ရည်ညွှန်းပြောဆိုတဲ့ စကားမျိုးပဲ ဖြစ်ပါတယ်။

၃။ စိတ်ကောင်းရှိမှု, အသိအလိမ္မာ ဉာဏ်ပညာရှိမှု, ပညာတတ်ကျွမ်းမှု, ပြည်သူနိုတိုကို လိုက်နာကျင့်သုံးမှု, အမျိုးဘာသာ သာသနာကျိုးကို ဆောင်ရွက်မှု အစရှိတဲ့ ဂုဏ်အရည်အချင်းတွေမှာ မိဘကိုမီအောင်မလိုက်နိုင်တဲ့ သားသမီးမျိုးကို အဝဇာတ-သားယုတ်သားညံ့-လို့ ဆိုရပါတယ်။

အထက်တန်းစား မိဘတွေကရော, အလယ်တန်းစား မိဘတွေကရော ဒီလို သားယုတ်,သားညံ့မျိုးတွေ ပေါ်ထွက်လာနိုင်ပါတယ်၊ ဒါ့ကြောင့် မိဘကောင်းရုံ, မိဘဂုဏ်သိက္ခာရှိရုံ, မိဘအထက်တန်းကျရုံမျှနဲ့ သားသမီးတွေက အကုန်ကောင်းလိမ့်မယ်-လို့ မမှတ်ထင်သင့်ပါ၊ အကောင်းထဲမှ ဘယ်တော့မှပြုတ်မနုံးတဲ့ သားစုန်းပြူး, သမီးစုန်းပြူး-ဆိုတဲ့ အဆိုးအညံ့တွေလဲ ထွက်ပေါ်လာတတ်ပါတယ်။

ပညာအမွေသာ ပေးသင့်ပါ

လူတစ်ဦးတစ်ယောက်အတွက် ပစ္စည်းဥစ္စာရမှုထက် အသိပညာ, အတတ်ပညာရမှုက ပိုပြီးတန်ဖိုးရှိပါတယ်၊ အသုံးဝင်အရာရောက်ပါတယ်၊ အသိပညာ အတတ်ပညာမရှိသူအား ပစ္စည်းဥစ္စာကို ဘယ်လောက်ပဲပေးထားထား တစ်သက်လုံး စားသုံးရမယ်-ဆိုတာကို မည်သူတစ်ဦးတစ်ယောက်မျှ အာမမခံနိုင်ပါ။

http://www.dhammadownload.com

ယခုကာလမှာ ပညာအမြော်အမြင် ရှိကြတဲ့ မိဘတွေက မိမိတို့ရဲ့ သားသမီးများအား ပစ္စည်းဥစ္စာအမွေကိုထက် ပညာအမွေကိုသာ များများစားစား ပေးအပ်လိုကြပါတယ်၊ ဘာ့ကြောင့်လဲ–ဆိုတော့ ပညာအမွေ များများစားစား ရရှိထားတဲ့ သားသမီးများကသာ လောကအလယ်မှာ အောက်ကျနောက်ကျမဖြစ်ဘဲ တင့်တင့်တယ်တယ် ထယ်ထယ်ဝါဝါ နေနိုင်ကြတဲ့အတွက်ကြောင့်ပါပဲ။

ဥစ္စာအမွေက စိတ်မချရ ၁

အတတ်ပညာ, ဟူသည်မှာ, ပမာမြတ်ရွှေအိုး၊
ပစ္စည်းဥစ္စာ, ဟူသည်မှာ, ပမာမျက်လှည့်မျိုး။

မိမိရဲ့ သားသမီးကို ပညာအမွေ မပေးခဲ့ဘဲ ပစ္စည်းဥစ္စာအမွေ တစ်ခုတည်းကိုသာ ပေးထားခဲ့တဲ့အတွက် လူဖြစ်ရုံးကြရတဲ့ မဟာဓနသူဌေးသား ဇနိုးမောင်းနှံ့အကြောင်းကို ပြောပြပါဦးမယ်။

ဘုရားရှင်လက်ထက်တော်က ဗာရာဏသီမြို့မှာ မဟာဓနသူဌေးဇနိုးမောင်နှံတို့ နေထိုင်ကြပါတယ်၊ သူတို့မှာ သားက တစ်ယောက်တည်းသာ ရှိနေပါတယ်၊ ပစ္စည်းဥစ္စာကတော့ ကုဋေ–၈၀ ရှိနေပါတယ်၊ ဒါနဲ့ "တို့မှာရှိနေတဲ့ ပစ္စည်းဥစ္စာတွေကို သားကလေးက တစ်သက်လုံး ဘာမှမလုပ်ဘဲ ထိုင်စားနေပေမယ့် ကုန်နိုင်စရာမရှိပါဘူး၊ ဒါ့ကြောင့် သားကလေးက ပညာတတ်စရာလဲ မလိုတော့ပါဘူး၊ ပညာသင်နေရရင် သားကလေး ပင်ပန်းရုံသာ ရှိတော့မှာပဲ"ဆိုတဲ့ သဘောနဲ့ လိမ္မာရေးခြားရှိအောင် သားကလေးကို ဘာပညာမှ မသင်စေကြပါ၊ အဆိုအက အတီးအမှုတ်မျှကိုသာ သင်စေကြပါတယ်။

ဗာရာဏသီမြို့မှာပဲ အခြားသူဌေးဇနိုးမောင်နှံတို့ ရှိနေကြပါတယ်၊ သူတို့မှာလဲ သမီးတစ်ယောက်သာ ရှိပါတယ်၊ ပစ္စည်းကတော့ ကုဋေ ၈၀–ပဲ ရှိနေကြပါတယ်၊ သူတို့ကလဲ အလားတူပဲ သဘောထားပြီး သမီးကလေးကို လိမ္မာရေးခြားရှိအောင် ဘာပညာကိုမှ မသင်စေကြပါ၊ အဆိုအက အတီးမျှကိုသာ သင်စေကြပါတယ်။

အဲဒီသူဌေးသားကလေးနှင့် သူဌေးသမီးတို့ အရွယ်ရောက်လာတဲ့အခါ ၂–ဖက်သော မိဘတွေက တိုင်ပင်ညှိနှိုင်းပြီး ထိမ်းမြားလက်ထပ်ပေးလိုက်ကြပါတယ်၊ နောက်ပိုင်းမှာ မိဘတွေက ကွယ်လွန်သွားကြပါတယ်၊ ကုဋေ ၁၆၀–သော ပစ္စည်းဥစ္စာဟာ တစ်အိမ်တည်းမှာပဲ တည်ရှိနေပါတော့တယ်။

၁။ ဓံ–၅–၂၊ ၈၁။

http://www.dhammadownload.com

တစ်ချိန်မှာ သူဌေးသားက အကျင့်စာရိတ္တပျက်စီးနေတဲ့ လူဆိုးတွေနှင့် ပေါင်းမိလို့ အရက်သောက်တတ်လာပါတယ်၊ လူဆိုးတွေ, အရက်သမားတွေက သူ့ကို ဝိုင်းအုံခြံရံနေကြပါတော့တယ်၊ သူက အပေါင်းအသင်းတွေနှင့် စားသောက်ပျော်ပါးရင်း ကုဋေ ၁၆၀–သော ပစ္စည်းဥစ္စာကို ဖြုန်းတီးပစ်လိုက်ပါတယ်။

အဲဒီနောက်မှာ အိမ်တွေ, ခြံတွေ, လယ်တွေကိုပါ ပေါင်နှံရောင်းချပြီး ဖြုန်းတီးပစ်လိုက်ပြန်တယ်၊ အဆုံးမှာ အိုးခွက်တွေနှင့် အခင်းအရံတွေကိုပါ တစ်ခုပြီးတစ်ခု ရောင်းချပြီး ဖြုန်းတီးပစ်လိုက်ပါတယ်၊ အဲဒီအခြေအနေမျိုး ရောက်လာတဲ့အခါ သူဌေးသားက မယားကိုခေါ်ပြီး သူများအိမ်နံရံကို မှီခိုနေထိုင်ရပါတယ်၊ အိုးခြမ်းပိုင်းကိုကိုင်ကာ ထမင်းလှည့်လည်တောင်းနေရပါတယ်၊ သူများရဲ့ ထမင်းကျန်, ဟင်းကျန်ကို စားပြီး အသက်မွေးနေရပါတော့တယ်။

အဲဒီမဟာဓနသူဌေးသား ဓနီးမောင်နှံဟာ သာမန်လူတွေ မဟုတ်ပါ၊ အသိအလိမ္မာ ဉာဏ်ပညာရှိအောင် စာပေသင်ကြားလို့ စီးပွားရေးလုပ်ကိုင်မယ်–ဆိုရင် တကယ့်သူဌေးကြီး ဖြစ်နိုင်တယ်၊ ရဟန်းပြုလို့ တရားကျင့်မယ်–ဆိုရင် ယောဂျီးက ရဟန္တာဖြစ်ပြီး မိန်းမက အနာဂါမ်ဖြစ်နိုင်တယ်၊ ဒီလောက်ဘုန်းကံပါရမီရှိသူတွေ ဖြစ်ကြတယ်–ဆိုတဲ့ အကြောင်းကို သူတို့ဓနီးမောင်နှံက ဆွမ်းစားကျောင်းတံခါးနားမှာ ရပ်ပြီး သာမဏေတွေကပေးတဲ့ ထမင်းကျန်,ဟင်းကျန်ကို ခံယူနေတာကို တွေ့ရတော့ ဗုဒ္ဓမြတ်စွာက ရှင်အာနန္ဒာအား မိန့်ကြားတော်မူပါတယ်။

"ဒီဝတ္ထုက ဘာကိုညွှန်ပြနေတယ်–ဆိုတာကို မောင်သိန်းလွင်က ပြောပြစမ်းပါဦး"။

"ရဟန္တာ,အနာဂါမ်ဖြစ်လောက်အောင် ဘုန်းကံပါရမီရှိသူတွေ ဖြစ်နေပေမယ့် မိဘတွေက သားသမီးကို ချစ်တယ်ဆိုပြီး ပင်ပန်းမှာစိုးတဲ့အတွက် အတတ်ပညာမသင်စေဘဲ လွတ်ထားလိုက်တော့ သားသမီးတွေကို ချစ်ရာမရောက်တော့ဘဲ နှစ်ရာရောက်လာပါတော့တယ်၊ ပစ္စည်းဥစ္စာတွေကို ပုံအောပြီး ပေးထားခဲ့ပေမယ့် ပညာအခြေခံမရှိတဲ့ သားသမီးတွေက အရမ်းဖြုန်းပစ်လိုက်တော့ ဥစ္စာကုန်သွားတဲ့အခါ ဘဝကိုအရှုံးပေးပြီး ခွက်လက်စွဲကာ တောင်းစားနေရပါတော့တယ်၊ ဒါ့ကြောင့် တပည့်တော်တို့ လူငယ်တွေကလဲ မိဘတွေရဲ့ ပစ္စည်းဥစ္စာအမွေကို မမျှော်လင့်မတောင့်တဘဲ အချိန်အရွယ်ရှိခိုက်မှာ မရမနေ အပတ်တကုတ် ကြိုးစားအားထုတ်ပြီး ပညာအမွေကို အရအမိယူထားကြမှသာ နောင်အခါမှာ ဘဝကို ရင်ဆိုင်နိုင်ကြမှာ ဖြစ်ပါတယ်–ဆိုတာကို ဒီဝတ္ထုက ညွှန်ပြနေပါတယ်"။

http://www.dhammadownload.com

ဘာသာရေးနှင့်လဲ ချီးမြှောက်သင့်

ဒါ့အပြင် မိမိတို့က ဗုဒ္ဓဘာသာဝင်တွေ ဖြစ်နေသည်အားလျော်စွာ မိမိတို့ရဲ့ သားသမီးတွေကို ငယ်ရွယ်တဲ့အချိန်ကစပြီး သရဏဂုံ, ၅-ပါးသီလ, ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာ့ဂုဏ်တော်ဘုရားရှိခိုး, သီလယူပုံ-စသည်တို့ကို သင်ပေးထားသင့်ပါတယ်၊ သဒ္ဓါတရားမရှိရင် သဒ္ဓါတရားရှိလာအောင်, မလှူချင်ရင် လှူချင်လာအောင်, ရဟန်းသံဃာတွေနဲ့ ပြောဆိုဆက်ဆံတတ်အောင်လဲ သင်ပေးထားသင့်ပါတယ်၊ ဒီလိုသင်ပေးတာကလဲ သားသမီးတွေကို ချီးမြှောက်တာပဲ ဖြစ်ပါတယ်၊ ဒီနေရာမှာ အနာထပိဏ်သူဌေးကြီးက သားဖြစ်သူကာလအား ချီးမြှောက်ပုံကို အတူယူသင့်ပါတယ်။ [၁]

ဘုရားတရား, သံဃာအား, ကြဉ်ထားသားယုတ်မာ၊
ဥစ္စာဖြင့်သာ, ဖြားယောင်းကာ, ကျောင်းမှာ ဥပုသ်စောင့်စေပါ၊
တရားနာရန်, တိုက်တွန်းပြန်, အမှန်တရား ရရှိလာ။

အနာထပိဏ်သူဌေးမှာ ကာလ-ဆိုတဲ့ သားတစ်ယောက် ရှိနေပါတယ်၊ အဖေက ရတနာ ၃-ပါးကို ကြည်ညိုနေသူဖြစ်ပေမယ့် သားကတော့ လူပေလူတေ ဖြစ်နေပါတယ်၊ ရတနာ ၃-ပါးနှင့်စပ်လို့ ဘာကိုမှမလုပ်ချင်ပါ၊ ဘုရားရှင်ထံကိုလဲ သွားလာဆည်းကပ်မှု မပြုချင်ပါ၊ အိမ်ကိုကြွလာတဲ့ ဘုရားရှင်ကိုလဲ မဖူးတွေ့လိုပါ၊ တရားလဲ မနာချင်ပါ၊ သံဃာ့ဝေယျာဝစ္စကိုလဲ မလုပ်ချင်ပါ၊ အဖေက ပြောဆိုဆုံးမပေမယ့် မထူးလှပါ။

တစ်နေ့မှာ သူဌေးကြီးက မိမိကြိုစည်ထားတဲ့အတိုင်း "မင်းက ဥပုသ်ဆောက်တည်ပြီး ကျောင်းကိုသွားပါ၊ တရားနာပြီးမှ ပြန်လာခဲ့ရမယ်၊ ဒီလိုလုပ်နိုင်ရင် ငါက ငွေတစ်ရာ ပေးမယ်"လို့ ကာလကိုခေါ်ပြီး ပြောပါတယ်၊ ကာလက ငွေကိုလိုချင်တာနဲ့ ဥပုသ်ဆောက်တည်ပြီး ကျောင်းကိုသွားပါတယ်၊ တရားတော့ မနာပါ၊ တော်ရာမှာ အိပ်နေပြီး နံနက်မိုးလင်းမှ အိမ်ကို ပြန်လာခဲ့ပါတယ်၊ အစားအစာကျွေးပေမယ့် ကာလက ငွေမရဘဲ မစားပါ၊ ငွေရမှသာ စားသောက်ပါတယ်။

နောက်တစ်နေ့ကျတော့ အနာထပိဏ်သူဌေးကြီးက သားကို ပြောပြန်တယ်။

"မင်းက ဘုရားရှင်ရှေ့မှာ နေရာယူပြီး တရားတစ်ပုဒ်ကို သင်ယူလာရမယ်၊ တရားတစ်ပုဒ်ရမှ အိမ်ကို ပြန်လာရမယ်၊ အဲဒီလိုလုပ်နိုင်ရင် မင်းကို ငါက ငွေတစ်ထောင် ပေးမယ်"။

၁။ ဓ-၆-၂၊ ၁၂၃။

http://www.dhammadownload.com

အဖေစကားကို ကြားရတဲ့အခါ ကာလက ကျောင်းကိုထွက်သွားပြီး ဘုရားရှင်ရှေ့မှာ နေရာယူထားပါတယ်၊ 'တရားတစ်ပုဒ်ကို မှတ်မိစေရမယ်'လို့ စိတ်ပါဝင်စားစွာ တရားနာရင်း သောတာပတ္တိဖိုလ်ကို ရရှိသွားပါတယ်၊ သောတာပန်ဖြစ်သွားပါတယ်။

နောက်နေ့ကျတော့ ကာလက ဘုရားအမှူးရှိတဲ့ သံဃာနှင့်အတူ အိမ်ကိုလိုက်လာပါတယ်၊ အဲဒီ နေ့ကျတော့ ဘုရားအမှူးရှိတဲ့ သံဃာ့ရှေ့မှာ သူ့အား အဖေက ငွေပေးမှာကိုပဲ စိုးရိမ်နေပါတော့တယ်။

"ဒီဝတ္ထုက ဘာသင်ခန်းစာကို ဖော်ညွှန်းနေတယ်–ဆိုတာကို မောင်ဝေထွန်းက ပြောပြစမ်းပါဦး"။

"အခုကာလ မိဘတွေကလဲ မိမိတို့ရဲ့ သားသမီးများကို အနာထပိဏ်သူဌေးက သူ့သားကို ချီးမြှောက်သလို ဓမ္မရေးရာနဲ့ပါ ချီးမြှောက်ထောက်ပံ့သင့်ပါတယ်၊ အဲဒီလို ချီးမြှောက်ထားလို့ အရှိန်ရနေမှသာ နောင်အခါ မိမိတို့ရဲ့ သားသမီးတွေက အမျိုးဘာသာ သာသနာကို ဆက်လက်ထမ်းဆောင်နိုင်ကြမှာ ဖြစ်ပါတယ်၊ အမှုမဲ့, အမှတ်မဲ့သာ ပစ်ထားကြပါက နောင်အခါ မိမိတို့ရဲ့ အမျိုးဘာသာ သာသနာကို ထမ်းဆောင်နိုင်သူတွေပင် ရှိမှာမဟုတ်တော့ပါ၊ ဒီဝတ္ထုက ဒီသင်ခန်းစာကို ဖော်ညွှန်းနေပါတယ်"။

သားသမီးကို မထောက်ပံ့ခြင်းအပြစ်

ဒီလို မိဘတွေက ပညာရေး, သာသနာရေးတွေအပြင် ကျန်းမာရေး, လူမှုဆက်ဆံရေး, ပစ္စည်းဥစ္စာရှာဖွေရေး–စသည်တို့နဲ့လဲ ချီးမြှောက်ထောက်ပံ့သင့်ပါတယ်၊ ဒီလို အဖက်ဖက်က ပြည့်စုံအောင် ချီးမြှောက်ထောက်ပံ့တတ်တဲ့ မိဘတွေကသာ အများအားဖြင့် သားသမီးတွေရဲ့ တုံ့ပြန်ပူဇော်မှုကို ခံရတတ်ပါတယ်။

မွေးလာတဲ့ သားသမီးတွေကို မချီးမြှောက်မထောက်ပံ့ဘဲ စွန့်ပစ်ထားတတ်တဲ့ မိဘတွေကတော့ အများအားဖြင့် သားသမီးတွေရဲ့ တုံ့ပြန်ပြုစုလုပ်ကျွေးမှုကို မခံရတတ်ပါ။

ဒီလို ပုတ္တသင်္ဂဟမင်္ဂလာ ပျက်ကွက်လာပါက မာတာပိတုဥပဋ္ဌာနမင်္ဂလာလဲ ပျက်ကွက်လာတတ်ပါတယ်၊ အဲဒီလို တစ်စတစ်စနဲ့ မိဘတွေကို ပြုစုလုပ်ကျွေးရမှန်း မသိတဲ့ သားသမီးတွေ, မိဘရဲ့ဆုံးမဩဝါဒကို မလိုက်နာတဲ့ သားသမီးတွေ, မိဘကို အာခံတဲ့ သားသမီးတွေ များပြားလာတဲ့အခါ မိဘတွေက သားသမီးဖြစ်ထွန်းလာမှာကိုပင် ထိတ်လန့်လာတတ်ကြပါတယ်၊ ရရှိလာတဲ့ သားသမီးတွေကိုလဲ ချီးမြှောက်ကြမယ် မဟုတ်တော့ပါ။

http://www.dhammadownload.com

အဲဒီလို မိဘတွေက သားသမီးကို မချီးမြှောက်, သားသမီးတွေကလဲ မိဘကို မပြုစု,မလုပ်ကျွေးတဲ့ အခြေအနေမျိုးကို ရောက်ရှိလာပါက လူ့လောကကြီးတစ်ခုလုံးဟာ တိရစ္ဆာန်လောကနှင့်မခြား အလွန်ရှိုင်းစိုင်းတဲ့ဘဝကိုသာ ရောက်ရှိသွားစရာရှိပါတော့တယ်။

ဒါ့ကြောင့် မိဘတွေကလဲ သားသမီးဝတ်ကို မပျက်စေသင့်ပါ၊ သားသမီးတွေကလဲ မိဘဝတ်ကို မပျက်စေသင့်ပါ၊ ဒီလို ကိုယ့်တာဝန်ကို ကိုယ်ကျေအောင် ထမ်းဆောင်သွားကြမှသာ သာယာအေးချမ်းတဲ့ လူ့လောကဖြစ်လာစရာ ရှိပါတယ်။

၁၃။ ဒါရဿ သင်္ဂဟ

[ဒါရဿ–မယားကို+သင်္ဂဟ–ချီးမြှောက်ထောက်ပံ့ခြင်း။] မယားအား ချီးမြှောက်တာကိုပဲ ဒါရဿ သင်္ဂဟ–လို့ ခေါ်ပါတယ်။

ဒါရဿင်္ဂဟ မယားကို ချီးမြှောက်ခြင်း–ဆိုတာက မယားအပေါ်မှာ ပြုကျင့်ရမယ့် လင်ရဲ့တာဝန်ဝတ္တရားကို ကျေပွန်အောင် ထမ်းဆောင်ခြင်းပဲ ဖြစ်ပါတယ်၊ အဲဒီလင့်တာဝန်တွေကို သိသာရုံမျှ ပြောပြပါ့မယ်။

၁။ အမြတ်တနိုးခေါ်ဝေါ်ပြောဆိုရခြင်း,
၂။ နှိမ့်ချပြီးမပြောဆိုရခြင်း,
၃။ မိန်းမတစ်ပါး မလိုက်စားရခြင်း,
၄။ စည်းစိမ်အစိုးရမှုကို အပ်နှင်းရခြင်း,
၅။ ဝတ်စားတန်ဆာဆင်ပေးရခြင်း–

ဒါတွေက မယားအပေါ်မှာ ပြုကျင့်ရမယ့် လင့်တာဝန်တွေပဲ ဖြစ်ပါတယ်။

၁။ အမြတ်တနိုးခေါ်ဝေါ်ပြောဆိုရခြင်း–ဆိုတာက နှမရေ, ခင်ရေ, အချစ်ရေ အစရှိတဲ့ ချစ်ဖွယ်သာယာ စကားမျိုး, သားသမီးတွေ ထွန်းကားလာတဲ့အခါ မောင်ဘရဲ့အမေ, မလှရဲ့အမေ အစရှိတဲ့ ချစ်ဖွယ်သာယာ စကားမျိုးတွေနဲ့ ချီးပဲ့ဂုဏ်တင် မြှောက်စားပြောဆိုခြင်းမျိုးပဲ ဖြစ်ပါတယ်။

၂။ နှိမ့်ချပြီးမပြောဆိုရခြင်း–ဆိုတာက ကျွန်, အလုပ်သမား–စတဲ့သူတွေကို ရိုက်နှက်ကြိမ်းမောင်း ပြောဆိုသလို ကဲ့ရဲ့ရွဲတ်ချ အထင်အမြင်သေးမှုကို ပြုလုပ်ပြီး ဆဲဆိုမောင်းမဲ မပြောဆိုခြင်းမျိုးပဲ ဖြစ်ပါတယ်၊ လင်ရဲ့အထင်အမြင်သေးမှုကို ရရှိတဲ့ မိန်းမကို ခွေရံပရိသတ်အကုန်လုံးနှင့် ဘေးပတ်ဝန်းကျင်ကပါ အထင်အမြင်သေးတတ်ပါတယ်။

http://www.dhammadownload.com

၃။ မိန်းမတစ်ပါး မလိုက်စားရခြင်း–ဆိုတာက တရားဝင်လက်ထပ်ထားတဲ့ မိန်းမကို ပစ်ပယ်ထားပြီး အပြင်အပမှာ အခြားမိန်းမတွေနှင့် ပျော်ပါးပြီး မနေရတာမျိုး, အငယ်အနောင်းမထားရတာမျိုးပဲ ဖြစ်ပါတယ်။

၄။ စည်းစိမ်အစိုးရခြင်းကို အပ်နှင်းရခြင်း–ဆိုတာက မိန်းမတွေ–ဆိုတာဟာ မဟာလတာနှင့်တူတဲ့ အဆင်တန်ဆာကို ရပေမယ့် ထမင်း,ဟင်းစီမံချက်ပြုတ် စီမံခန့်ခွဲမှုကို မရလို့ရှိရင် စိတ်ဆိုးတတ်ပါတယ်၊ ယောက်မကို လက်မှာထည့်ပေးလိုက်ပြီး သင်ကြိုက်သလိုသာ လုပ်ပါတော့–လို့ မီးဖိုချောင်ကို စွန့်လွှတ်အပ်နှင်းလိုက်ရင် စိုးရပိုင်ဆိုင်မှု အကုန်လုံးကို စွန့်လွှတ်အပ်နှင်းရာ ရောက်ပါတယ်၊ အဲဒီလို မီးဖိုချောင်ကို လွှဲအပ်ထားခြင်းမျိုးပဲ ဖြစ်တယ်။

အိမ်ကနေပြီး စီမံခန့်ခွဲရတဲ့ လယ်ထွန်မှု, ကုန်သွယ်မှု အစရှိတဲ့ အလုပ်တွေကတော့ အမျိုးသမီးရဲ့တာဝန် မဟုတ်ပါဘူး၊ လင့်တာဝန်သာ ဖြစ်ပါတယ်၊ အဲဒီလုပ်ငန်းက ရလာတဲ့ ပစ္စည်းဥစ္စာတွေကိုတော့ အမျိုးသမီးကပဲ ထိန်းသိမ်းစောင့်ရှောက်ရပါ့မယ်၊ ဒါက ရှေးထုံးစဉ်လာမျှသာ ဖြစ်ပါတယ်။

၅။ ဝတ်စားတန်ဆာဆင်ပေးရခြင်း–ဆိုတာက မိန်းမတွေဟာ သားရခြင်းနဲ့ မရောင့်ရဲသလို အဖိုးထိုက်တန်ပြီး ကြီးမားတဲ့အဆင်တန်ဆာကို ရခြင်းနဲ့လဲ မရောင့်ရဲတတ်ကြပါဘူး၊ ဒါ့ကြောင့် သူတို့နှစ်သက်ကျေနပ်အောင် မိမိရဲ့ပစ္စည်းအင်အားနှင့် သင့်တော်တဲ့ ဝတ်စားတန်ဆာဆင်ယင်ပေးခြင်းမျိုးပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ဒီကြီးပွားချမ်းသာရေးမင်္ဂလာ တရားတော်-ဆိုတာဟာ ယောကျ်ားတွေအတွက်မျှသာ မဟုတ်ပါ၊ မိန်းမတွေအတွက်လဲ ဖြစ်ပါတယ်၊ မယားဖြစ်သူအား တာဝန်ကျေပွန်အောင် ချီးမြှောက်တတ်သော ယောကျ်ားကောင်းတစ်ယောက် ရရှိထားတဲ့ မိန်းမကလဲ မိမိရဲ့တာဝန်မလစ်ဟင်းရအောင် တုံ့ပြန်မှုကို ပြုမှသာ မယားကောင်းတစ်ယောက် ဖြစ်နိုင်ပါလိမ့်မယ်၊ ဒါနဲ့ မယားရဲ့တာဝန်တွေကိုလဲ ပြောပြပါဦးမယ်။

၁။ အိမ်တွင်းလုပ်ငန်းကိစ္စကို ကောင်းစွာစီမံနိုင်ခြင်း,
၂။ ၂-ဖက်သော ဆွေမျိုးများကို ချီးမြှောက်ခြင်း,
၃။ အခြားယောကျ်ားနှင့် မဖောက်ပြားရခြင်း,
၄။ ပစ္စည်းဥစ္စာကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ခြင်း,
၅။ မိန်းမကိစ္စအကုန်လုံးမှာ ကျွမ်းကျင်ပြီး ပျင်းရိခြင်းကင်းရခြင်း–

ဒါတွေကတော့ လင့်အပေါ်မှာ ပြုကျင့်ရမယ့် မယားရဲ့တာဝန်တွေပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com

၁။ အမျိုးသမီးတွေရဲ့ စိမ်ခန့်ခွဲရမယ့် အလုပ်ဆိုတာဟာ အစာအာဟာရကို ပြည့်စုံအောင် စီမံမှုပဲ ဖြစ်ပါတယ်၊ ဒါက ယေဘုယျအနေနဲ့ သတ်မှတ်ချက်မျှသာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် လက်ဖက်ရည်အိုးတည်ရမယ့်အချိန်, ထမင်းချက်ရမယ့်အချိန်, သန့်ရှင်းရေးပြုလုပ်ရမယ့်အချိန်, ဖွပ်လျှော်မှုပြုလုပ်ရမယ့်အချိန်, ချုပ်လုပ်မှုပြုလုပ်ရမယ့်အချိန်–စသည်တို့ကို မကျော်လွန်စေဘဲ သက်ဆိုင်ရာအလုပ်ကို စနစ်တကျ ပြုလုပ်သောအားဖြင့် လုပ်ငန်းကိစ္စတွေကို ကောင်းစွာစီမံခြင်း, ပြုလုပ်ခြင်းကိုလဲ အိမ်တွင်းမှုလုပ်ငန်းကိစ္စကို ကောင်းစွာစီမံနိုင်ခြင်း–လို့ ဆိုပါတယ်။

၂။ လင့်ဆွေမျိုးနှင့် မိမိရဲ့ဆွေမျိုးတွေကို ၂–ဖက်သော ဆွေမျိုးလို့ ဆိုရပါတယ်၊ အဲဒီ ဆွေမျိုးတွေကို အထိုက်အလျောက် ချစ်ဖွယ်သာယာပြောဆိုခြင်းနဲ့ပဲဖြစ်ဖြစ်, အစာအာဟာရပေးခြင်း–စသည်တွေနဲ့ပဲဖြစ်ဖြစ်, ပွဲလမ်းသဘင်ရှိတဲ့နေ့–စသည်တို့မှာ လက်ဆောင်ပစ္စည်းပေးပို့ခြင်းနဲ့ပဲဖြစ်ဖြစ် ချီးမြှောက်ခြင်းမျိုးကိုပဲ ၂–ဖက်သော ဆွေမျိုးများအား ချီးမြှောက်ခြင်း–လို့ ဆိုရပါတယ်။

၃။ မိမိရဲ့တရားဝင်လက်ထပ်ထားတဲ့ ကာမဝိုင်လင်သားမှတစ်ပါး အခြားယောကျ်ားတွေကို စိတ်နဲ့တောင်မှ မတောင့်တဘဲ လင်သားနှင့်သာ ပျော်ပျော်ပါးပါး ပေါင်းသင်းဆက်ဆံနေထိုင်ခြင်းမျိုးကိုပဲ အခြားယောကျ်ားများနှင့် မဖောက်ပြားရခြင်း–လို့ ဆိုထားပါတယ်။

၄။ လယ်ထွန်မှု, ကုန်သွယ်မှု–စတဲ့ လုပ်ငန်းတွေကို ပြုလုပ်ပြီး လင်ယောကျ်ားဖြစ်သူက အပြင်အပမှ အိမ်တွင်းကို ယူဆောင်ပေးအပ်တဲ့ ပစ္စည်းဥစ္စာကို အကျိုးမဲ့ သုံးဖြုန်းမပစ်ဘဲ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကိုပဲ ပစ္စည်းဥစ္စာကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ထားခြင်း–လို့ ဆိုပါတယ်။

၅။ မိန်းမ–ဆိုတာဟာ ရှေးဦးစွာ အာဟာရကို စီမံချက်ပြုတ်မှုမှာ လိမ္မာကျွမ်းကျင်ရမယ်၊ အာဟာရကိုပြည့်စုံစေမှုမှာ ကြိုးစားအားထုတ်ရမယ်၊ ဒါ့အပြင် လင်ယောကျ်ားရဲ့ မိန်းမနှင့်သက်ဆိုင်တဲ့ ကိစ္စကြီးငယ်တွေမှာ အားထုတ်ရမယ်၊ အဲဒီနောက်မှာ သားသမီးတွေနှင့် ခွေရံပရိသတ်ရဲ့ လုပ်သင့်တဲ့ကိစ္စများမှာ ကြိုးစားအားထုတ်ရမယ်၊ ကော်ဖီဖျော်မှု, ထမင်းဟင်းချက်ပြုတ်မှု–စသည်တို့မှာ လိမ္မာကျွမ်းကျင်ရမယ်၊ ပျင်းရိခြင်းကင်းရမယ်၊ အခြားအပျင်းထူတဲ့ မိန်းမတွေက ထိုင်မိလို့ရှိရင် မထတော့ဘူး၊ ရပ်မိလို့ရှိရင်လဲ မထိုင်တော့ဘူး၊ ဒီလို မဖြစ်စေဘဲ ကျယ်ပြန့်တဲ့ စိတ်ထားနဲ့ (အမြင်ကျယ်ကျယ်နဲ့) ကိစ္စအကုန်လုံးကို ပြီးစီးအောင် ဆောင်ရွက်ခြင်းကိုပဲ မိန်းမကိစ္စအကုန်လုံးမှာ ကျွမ်းကျင်ပြီး ပျင်းရိခြင်းကင်းရခြင်း–လို့ ဆိုထားပါတယ်။

http://www.dhammadownload.com

ဘဝကြင်ဟော် ရွေးလိုသော်

အခုပြောလာခဲ့တဲ့ ဒီဒါရဏဂ်ဟမင်္ဂလာဟာ အိမ်ထောင်ရှင်တွေနှင့်သာ သက်ဆိုင်ပါတယ်၊ အိမ်ထောင်ရှင် မဟုတ်သူတွေနှင့် မသက်ဆိုင်ပါ၊ ဒါပေမယ့် အိမ်ထောင်ရှင်ဘဝကို တာစူနေကြတဲ့ မောင်တို့,မယ်တို့ကလဲ အိမ်ထောင်ဘက် အရွေးမမှားအောင် အထူးသတိထား ရွေးချယ်သင့်ပါတယ်၊ မင်္ဂလာဆောင်အစစ်ဖြစ်အောင် ရွေးချယ်တတ်မှသာ အိမ်ထောင်ရေး သာယာဖြောင့်ဖြူးပြီး တစ်သက်လုံး မင်္ဂလာဖြစ်စရာရှိပါတယ်၊ အိမ်ထောင်ဘက် အရွေးမှားပါက အိမ်ထောင်ရေး မသာယာဘဲ တစ်သက်လုံး အမင်္ဂလာနှင့်သာ တွေ့ကြုံရတတ်ပါတယ်။

ယောကျ်ားဖြစ်သူက မိမိအတွက် ဘဝကြင်ဟော်ကို ရွေးလိုခဲ့ပါရင် စိတ်ကောင်းစေတနာကောင်းရှိသူ, ပညာအခြေခံရှိသူ, ကျန်းမာသန်စွမ်းသူ, မယားတာဝန်ကျေပွန်အောင် လေးလေးစားစား ပြုစုလုပ်ကျွေးမယ့်သူမျိုးကိုသာ စိစစ်ရွေးချယ်သင့်ပါတယ်၊ အိမ်ထောင်ကျဖူး–မကျဘူး, ရုပ်လှမှု–မလှမှု, ပစ္စည်းရှိမှု–မရှိမှုတို့မှာ လိုရင်းပဓာနအဓိက မဟုတ်ပါ။

> အပျိုဘဝက ယူထားတဲ့ မယားပဲဖြစ်ဖြစ်, တစ်ခုလပ် တစ်လင်ကွာကို ယူထားတဲ့မယားပဲဖြစ်ဖြစ်, ရုပ်ဆိုးတဲ့မယားပဲဖြစ်ဖြစ် လင့်စကားကို နားထောင်တဲ့မယား, လင်ကိုပြုစုလုပ်ကျွေးတဲ့ မယားကသာ မြင့်မြတ်အထက်တန်းကျပါတယ်။ [၁]
>
> လင်ဆင်းရဲတဲ့အခါ မစွန့်ခွာဘဲ လင်ချမ်းသာတဲ့အခါ အတူလိုက်ပါကာ ဆင်းရဲချမ်းသာ မစွန့်ခွာတဲ့ မိန်းမဟာ မယားမြတ်ဖြစ်ပါတယ်။ [၂]

ဒီလို အင်္ဂကထာဆရာတွေက မိန့်ဆိုထားကြပါတယ်၊ ဘုရားရှင်ကလဲ သုတသောမဇာတ်မှာ လင်ကို မလေးစားတဲ့ မိန်းမကို မယားမခေါ်သင့်ဘူး–လို့ မိန့်တော်မူထားပါတယ်။

မိန်းမဖြစ်သူက မိမိအတွက် ဘဝကြင်ဟော် ရွေးလိုပါရင် စိတ်ကောင်းရှိသူ, ပညာအခြေခံရှိသူ, လောင်းကစားနှင့် အသောက်အစားကင်းသူ, ကျန်းမာသန်စွမ်းသူ, လင့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ချီးမြှောက်နိုင်မယ့်သူမျိုးကိုသာ အဓိကထားကာ စိစစ်ရွေးချယ်သင့်ပါတယ်၊ အိမ်ထောင်ကျဖူးသူ–မကျဘူးသူ, ရုပ်လှသူ–မလှသူ, ပစ္စည်းဥစ္စာရှိသူ–မရှိသူတို့မှာ လိုရင်းပဓာနအဓိက မဟုတ်ပါ၊ သား-သမီးရှိ-မရှိ, ပတ်ဝန်းကျင်အသိုင်းအဝိုင်း-ကောင်း-မကောင်း–စသည်တို့ကိုတော့ စဉ်းစားဆင်ခြင်သင့်ပါတယ်။

၁။ သံ–၄–၁၊ ၃၃။ ၂။ ဇာတ်၄–၃၊ ၆၄။

http://www.dhammadownload.com

ဒီလို ရုပ်ဝတ္ထုပြည့်စုံမှုကိုထက် နာမ်ဝတ္ထုပြည့်စုံမှုကို အဓိကထားကာ ရွေးချယ်မှသာ အိမ်ထောင်ရေး သာယာဖြောင့်ဖြူးစရာ ရှိပါတယ်၊ အမြဲတမ်း မင်္ဂလာနှင့် ပြည့်စုံပြီး ကြီးပွားချမ်းသာစရာလဲရှိပါတယ်၊ နာမ်ဝတ္ထုပြည့်စုံမှုကိုထက် ရုပ်ဝတ္ထုပြည့်စုံမှုကိုသာ အဓိကထားကာ ရွေးချယ်ပါရင် "လင်ဆိုးမယား တဖားဖား, မယားဆိုးလင်, တနင်နင်" ဆိုသလိုလဲ ဖြစ်တတ်ပါတယ်၊ "စလယ်ဝင်, ဖင်မမဲခင်က ကွဲရချက်နာ" ဆိုသလိုလဲ ဖြစ်ရတတ်ပါတယ်။

မယားကို ချီးမြှောက်ပုံတစ်နည်း

၁။ ဥပုသ်နေ့ စသည်တို့မှာ လက်ဆောင်ပစ္စည်း ပေးကမ်းခြင်း,
၂။ ပွဲလမ်းသဘင်ရှိတဲ့ နေ့တွေမှာ ပွဲလမ်းသဘင် ကြည့်ရှုစေခြင်း,
၃။ မွေးနေ့-စတဲ့ မင်္ဂလာနေ့တွေမှာ မင်္ဂလာပြုလုပ်ပေးခြင်း,
၄။ ဒီဘဝအကျိုးစီးပွား, နောင်ဘဝအကျိုးစီးပွားနှင့် စပ်တဲ့ကိစ္စတွေမှာ နည်းညွှန်လမ်းပြ ဆုံးမသြဝါဒပေးခြင်း-

ဒါတွေကိုလဲ တစ်နည်းအားဖြင့် ဒါရသင်္ဂဟ(မယားကို ချီးမြှောက်ခြင်း)လို့ ယူနိုင်ပါတယ်။

ဒါတွေကလဲပဲ ပြောလာခဲ့တဲ့အတိုင်း ဒီဘဝအကျိုးစီးပွားရဲ့ အကြောင်းလဲဖြစ်ပါတယ်၊ နောင်ဘဝသံသရာအစီးအပွားရဲ့ အကြောင်းလဲ ဖြစ်ပါတယ်၊ နတ်တွေရှိခိုးခံရခြင်းရဲ့ အကြောင်းလဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် မင်္ဂလာ(ကြီးပွားချမ်းသာရေး)လို့ ဆိုရပါတယ်။

အိမ်နေသူ လူဥပါသကာတွေက ကုသိုလ်ကောင်းမှုကိုလဲ ပြုနေကြမယ်၊ သီလကိုလဲ စောင့်ထိန်းနေကြမယ်၊ တရားသဖြင့် သားမယားကိုလဲ လုပ်ကျွေးနေကြမယ်-ဆိုပါရင် အဲဒီပုဂ္ဂိုလ်တွေကို ငါက ရှိခိုးပါတယ်။ [၁]

ဒီလိုသိကြားမင်းက မာတလိကို ပြောဆိုတဲ့စကား ရှိနေပါတယ်၊ ဒါ့ကြောင့် နတ်တွေရှိခိုးခံရခြင်းရဲ့ အကြောင်းဖြစ်တယ်-လို့ ဆိုရပါတယ်။

တာဝန်ကျေက နတ်ကောင်းမ [၂]

လိုရှိမယား, ပတ္တမြား, ဝှက်ထား သူ့လှည်းမှာ၊
ပတ္တမြားခိုးအား, သတ်စေသား, မိန့်ကြား မင်းအာဏာ၊
တရားပြည့်ဝ, သိကြားမ, ဖြစ်ရမင်းရာဇာ။

၁။ သံ-၄၊ ၂၃၆။ ၂။ ဇာတ်-၄-၂၊ ၁၁၀။

http://www.dhammadownload.com

ဗာရာဏသီမြို့မှာ ဗြဟ္မဒတ်မင်း မင်းပြုနေပါတယ်၊ အဲဒီအချိန်မှာ မြို့နှင့် ခပ်လှမ်းလှမ်း ရွာကလေးတစ်ရွာမှာနေတဲ့ သူကြွယ်သားအတွက် အမိအဖတွေက ဗာရာဏသီမြို့သူ သုဇာတာကို ခေါ်ယူလာကြပါတယ်။

အဲဒီ သုဇာတာဟာ အလွန်ချောမောလှပသူ ဖြစ်ပါတယ်၊ ရုပ်ချောသလောက် ကိုယ်ကျင့်တရားလဲ ကောင်းပါတယ်၊ လင်ကို အိမ်ဦးနတ်အရာမှာထားပြီး ပြုစုလုပ်ကျွေးပါတယ်၊ အကျင့်သီလနှင့်လဲ ပြည့်စုံပါတယ်၊ အမြဲတမ်း လင်ရဲ့ဝတ်ကိုရော, ယောကျ်ားမတွေရဲ့ဝတ်ကိုရော ပြုလုပ်နေပါတယ်၊ ဘာတစ်ခုမှ မလစ်ဟင်းစေရပါ၊ သူကြွယ်သားကလဲ သုဇာတာကို ချစ်ခင်မြတ်နိုးပါတယ်၊ သူတို့ ၂-ယောက် ဝမ်းမြောက်ဝမ်းသာ စိတ်တူကိုယ်မျှ နေထိုင်ကြပါတယ်။

တစ်နေ့မှာ ဇနီးမောင်နှံ ၂-ယောက် လှည်းယာဉ်ကလေးနဲ့ သုဇာတာရဲ့ အမေ အဖေ့အိမ်ကို လာခဲ့ကြပါတယ်၊ လှည်းပေါ်မှာ စားစရာ,သောက်စရာတွေကို တင်ယူလာကြပါတယ်၊ မြို့နားကိုရောက်တဲ့အခါ လှည်းကိုချွတ်ပြီး ရေမိုးချိုးကာ စားသောက်ကြပါတယ်။

စားပြီးသောက်ပြီးတဲ့အခါ သူကြွယ်သားက လှည်းကိုပြန်တပ်ပြီး ရှေ့ကထိုင်ကာ မောင်းလာပါတယ်၊ သုဇာတာက အဝတ်လဲတန်ဆာဆင်ပြီး နောက်က ထိုင်လိုက်လာပါတယ်၊ လှည်းယာဉ်ကလေးက မြို့တွင်းကိုဝင်လာတဲ့အခါ ဗာရာဏသီမင်းက ဆင်စီးပြီး မြို့ကိုလှည့်လည်ရင်း လှည်းနားကို ရောက်လာပါတယ်။

အဲဒီအချိန်မှာ သုဇာတာက လှည်းပေါ်ကဆင်းပြီး လှည်းရဲ့နောက်က လမ်းလျှောက်လိုက်လာခဲ့ပါတယ်၊ ရှင်ဘုရင်က သုဇာတာကိုတွေ့ရတယ်-ဆိုရင်ပဲ သူမရဲ့ရုပ်အဆင်းက ဆွဲဆောင်ထားတဲ့အတွက် မခွဲနိုင် မခွာရက် အင်မတန်နှစ်သက် တပ်မက်လာပါတယ်၊ အမတ်တစ်ယောက်ကို စေလွှတ်ပြီး လင်ရှိမရှိကို စုံးစမ်းခိုင်းလိုက်တဲ့အခါ လှည်းပေါ်မှာ ထိုင်နေတဲ့ ယောကျ်ားက သူ့လင်ဖြစ်ကြောင်း သိလာရပါတယ်။

ရှင်ဘုရင်က တပ်မက်တဲ့စိတ်ကို မဖျောက်နိုင်တဲ့အတွက် လင်ကိုသတ်ပြီး မယားကိုယူမယ်-ဆိုတဲ့အကြံနဲ့ လမ်းသွားသလိုလုပ်ရင်း ပတ္တမြားဆံထိုးကို လှည်းမှာထားခဲ့ရမယ်-လို့ပြောပြီး ယောကျ်ားတစ်ယောက်ကို ခိုင်းလိုက်ပါတယ်၊ ခိုင်းလိုက်တဲ့ ယောကျ်ားက ထည့်ထားတဲ့အချိန်မှာပဲ ရှင်ဘုရင်က ပတ္တမြားဆံထိုးပျောက်တယ်-လို့ ကြေညာလိုက်ပါတယ်၊ မြို့တံခါးအကုန်လုံးကို ပိတ်ပြီး ခိုးသူကို ရှာရမယ်-လို့လဲ အမိန့်ထုတ်လိုက်ပါတယ်။

ပတ္တမြားဆံထိုးကို လှည်းပေါ်မှာထားခဲ့သူက လူတွေကိုခေါ်ပြီး သူကြွယ်သားရဲ့ လှည်းကို အရပ်ခိုင်းကာ ရှာဖွေပါတယ်၊ သူထားခဲ့တဲ့ ပတ္တမြားဆံထိုးကို အလွယ်

http://www.dhammadownload.com

တကူပဲ ကောက်ယူလိုက်ပါတယ်၊ ပတ္ထမြားသူခိုးကို မိပြီ–လို့ပြောပြီး သူကြွယ်သားကို ရိုက်ပုတ်ထောင်းထုကာ လက်ပြန်ကြိုးချည်နောင်လျက် ဘုရင့်ရှေ့ကို သွင်းလာကြပါတယ်၊ ဘုရင်က ဒီလူကို ခေါင်းဖြတ်သတ်စေ–လို့ အမိန့်ချမှတ်လိုက်ပါတယ်။

မင်းချင်းယောကျ်ားတွေက သူကြွယ်သားကို ကြိမ်နဲ့ရိုက်နှက်ပြီး ထောင်တံခါးက မြို့ပြင်ကို ထုတ်ဆောင်သွားကြပါတယ်၊ သုဇာတာကလဲ လှည်းယာဉ်ကလေးကို ထားပစ်ခဲ့ပြီး ငိုကြွေးမြည်တမ်းကာ နောက်ကလိုက်သွားပါတယ်၊ မင်းချင်းယောကျ်ား တွေက ခေါင်းဖြတ်သတ်တော့မယ်–လို့ သူကြွယ်သားကို စဉ်းတီတုံးပေါ်မှာ ပက်လက် အိပ်စေကြပါတယ်။

ဒါကိုတွေ့ရတော့ သုဇာတာက မိမိရဲ့သီလဂုဏ်ကို ဆင်ခြင်ပြီး "ဒီလောကမှာ သီလရှိသူတွေကို ညှဉ်းဆဲနှိပ်စက်တတ်တဲ့ ယုတ်မာရက်စက်သူတွေကို တားမြစ်နိုင်တဲ့ နတ်ကောင်းနတ်မြတ်တွေဟာ မရှိကြလေရော့သလား" လို့ နတ်တွေကို တိုင်တယ်လိုက်ပါတယ်။

သိကြားမင်းက ဒီအကြောင်းကို သိရတော့ နတ်ပြည်ကဆင်းသက်လာပြီး မိမိရဲ့တန်ခိုးနဲ့ ဆင်ပေါ်မှာ ထိုင်နေတဲ့ မင်းယုတ်ကို ဆင်ပေါ်ကချပြီး စဉ်းတီတုံးပေါ်မှာ ပက်လက်အိပ်စေပါတယ်၊ သူကြွယ်သားကို မ–ယူလာပြီး တန်ဆာအပြည့် အစုံဆင်ကာ မင်းအသွင်ကို ယူစေလျက် ဆင်ပေါ်မှာ ထိုင်နေစေပါတယ်။

မင်းချင်းယောကျ်ားတွေက ပုဆိန်ကြီးနဲ့ ရှင်ဘုရင်ရဲ့ ခေါင်းကို ဖြတ်ပစ်လိုက်ကြပါတယ်၊ ဖြတ်ပြီးတဲ့အခါကျမှ ဘုရင့်ခေါင်းဖြစ်ကြောင်းကို သိကြရပါတယ်၊ သိကြားမင်းက ကိုယ်ထင်ပြပြီး သူကြွယ်သားဆီကို သွားပါတယ်၊ သူကြွယ်သားကို အဘိသိက်သွန်းပြီး မင်းမြောက်ထားခဲ့ပါတယ်၊ သုဇာတာကိုတော့ မိဖုရားကြီးအရာ ပေးပါတယ်၊ အမတ်တွေနှင့်တကွ သူ့ဌေးသူကြွယ်တွေက သိကြားမင်းပေးတဲ့ မင်းကောင်းမင်းမြတ်ကို ရရှိပါပေတယ်–ဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါတယ်။

"ဒီဝတ္ထုက ဘာကိုညွှန်ပြနေတယ်–ဆိုတာကို ဆရာမ–မကြည်သင်းက ပြောပြစမ်းပါဦး"။

"ဒီဝတ္ထုမှာ သူများမယားကို မတရားသိမ်းပိုက်လိုတဲ့ မင်းဆိုးမင်းညစ်က သေခြင်းဆိုးနဲ့ သေရပြီး ဝတ္ထရာကျေအောင် မယားကို ချိုးမြောက်ထောက်ပံ့တဲ့ လင်နှင့် လင်ကို တာဝန်ကျေအောင် ပြုစုလုပ်ကျွေးလာတဲ့ မယားတို့က လက်ရှိဘဝမှာပဲ မင်း,မိဖုရားဖြစ်လာတာကို တွေ့ရပါတယ်၊ ဒီတော့ကာ အခုကာလ

http://www.dhammadownload.com

မှာလဲပဲ သူများမယားကို မတရားကြိစည်သူများက ဆင်းရဲဒုက္ခတွေ့ကြုံရပြီး ဝတ္တရားကျေပွန်စွာ ကြင်ကြင်နာနာ ပေါင်းသင်းနေထိုင်ကြတဲ့ ဇနီးမောင်နှံတွေက ကြီးပွားချမ်းသာနိုင်တယ်–ဆိုတာကို ဒီဝတ္ထုက ညွှန်ပြနေပါတယ်။

မင်္ဂလာယူဆ ကွဲပြားကြ

မာတာပိတုဥပဋ္ဌာန် , ပုတ္တဒါရဿ သင်္ဂဟော–အရ မာတုဥပဋ္ဌာနမင်္ဂလာ, ပိတုဥပဋ္ဌာနမင်္ဂလာ, ပုတ္တဒါရသင်္ဂဟမင်္ဂလာ–လို့ အများက ၃–မျိုးခွဲကြပါတယ်။

ဒီကျမ်းဆရာကတော့ မာတာပိတုဥပဋ္ဌာနမင်္ဂလာ, ပုတ္တသင်္ဂဟမင်္ဂလာ, ဒါရသင်္ဂဟမင်္ဂလာ–လို့ ၃–မျိုးပဲ ခွဲယူထားပါတယ်။

မုံရွေးဆရာတော်နှင့် စံကျောင်းဆရာစော်တို့က မာတာပိတုဥပဋ္ဌာနမင်္ဂလာ, ပုတ္တဒါရသင်္ဂဟမင်္ဂလာ–လို့ ၂–မျိုးမျှသာယူပြီး နောက်အာရတီ ဝိရတီပါပါ–ကို ပါပအာရတိမင်္ဂလာ, ပါပဝိရတိမင်္ဂလာ–လို့ ၂–မျိုး ခွဲယူကြပါတယ်။

ရွေးဆရာများရဲ့ အဆိုအမိန့်

လူဖြစ်လေမူ, သူတော်တကာ,[၁] ကျင့်ရာမှတ်သား, ဝတ်ငါးပါးဖြင့်, သားမယားကို, ဆဲဆိုစော်ကားရိုပ်, မနှိပ်မစက်, ရိုက်နှက်ပစ္စာ,[၂] ပြစ်မရှာဘဲ, ကောင်းစွာကျင့်လေ။

ဒီလို မုံရွေးဆရာတော်က ပုတ္တဒါရသင်္ဂဟမင်္ဂလာရဲ့သဘောကို ဖွင့်ဆိုညွှန်ပြထားပါတယ်။

အဓိပ္ပာယ် လူဖြစ်လာလို့ရှိရင် သူတော်ကောင်းတိုင်း ပြုကျင့်ရမယ်–လို့ မှတ်သားသင့်တဲ့ ဝတ် ၅–ပါးနဲ့ "သားမယားကို ဆဲဆိုခြင်း, စော်ပါးရိုပ်ခြည်ပြောဆိုခြင်းတွေနဲ့လဲ မနှိပ်စက်, အပြစ်ရှာကာ ရိုက်နှက်မှုမျိုးကိုလဲ မပြုဘဲ" ကောင်းစွာပြုကျင့်ခြင်းဟာ ပုတ္တဒါရသင်္ဂဟမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

သားလှမကောင်း, မိဘခေါင်းတည့်၊ သားကောင်းမိဘ, ခံရမည့်ရေး, အလွန်ဝေးစွ၊ မိဘနှစ်ပါး, ကောင်းသောသားကား, များ၏လူတွင်, ဖြစ်မည်ပင်တည်း၊ မိခင်မွေးဘ, သားထိုမျှကို, ဆုံးမကြပါ၊ တချို့မှာကား, ငါ၏သားသည်, သနားစလှည့်, ဖြစ်ပေ၏–ဟု, ရွှင်ကြည်သာယာ, ကျောင်းမှာမထား, အိမ်တွင်ထားနှင့်, စကားရေးရာ, ရှိသောခါမူ, ငါးမှာလျှာမဲ့, ဟူသကဲ့သို့, ကဲ့ရဲ့စရာ, မျက်နှာမလှ, မိနှင့်ဘသည်- - - -ရွက်ရဇကန်သဘောတည်း။ [၃]

၁။ တကာ=အများ, အလုံးစုံ။ ၂။ ပစ္စာ=အပြစ်, အနှာအဆာ။ ၃။ ပုတ္တောဝါဒ–၃၂။

http://www.dhammadownload.com

အူချာသည်းကြား, မိမိသားနှင့်, ထိမ်းမြားအိမ်ကျ, နှင်းလိုကမူ, ချွေးမပီပီ, မဖြစ်မီက, ချစ်ညီပြို့ပြို့, မိတ်ဆွေဖွဲ့၍, ရှင့်စာနာ, စူးစမ်းရာ၏။ [၁]

ပြစ်ဆာစွန်းငြိ, စိုးတစိမ့်မျှ, မရှိခင်ကြား, သမီးသားကို, ထိမ်းမြားမင်္ဂလာ, ပြုအပ်ရာ၏။ [၁]

မူရာမသန့်ရှင်းသည်လည်းတပါး, သနားကြင်နာခြင်း, ကင်းသည်တချက်, လျှို့ဝှက်သည်တခြား, စကားမမှန်သည်တရပ်, လှည့်ပတ်သည်တထွေ, တွေဝေမိုက်မဲသည်တချက်, အလိုရမ္မက်ကြီးသည်တဝ, မိန်းမတို့မှာ, သူယုတ်လက္ခဏာ, အင်္ဂါခုနစ်ပါးတို့ကို, စဉ်းစားမြော်တင်း၍, ပေါင်းသင်းတန်မှ ပေါင်းသင်းရာသည်။ [၂]

လူသူဘာဝ, ပြုလိုကလည်း, မိန်းမမူနည်, အရည်အရုပ်, အလုပ်အဆောင်, အိမ်ထောင်သိမ်းဆည်း, စောင့်စည်းကိုယ်နှုတ်, မြတ်ယုတ်ကြမ်းနု, သိအောင် ပြုလေ့။ [၃]

သမီးကညာ, ရွယ်ရောက်လာ, အခါမလင့်ပါစေနှင့်၊
အခါလင့်က, အသင့်မရ, ယုတ်သောသူနှင့် ညားတတ်စွ။ [၄]

လင်နှင့်မယား, သူတို့အားမူ, မုန်းထားမလို, ချစ်ကြည်ညိုမှု, လူဗိုလ်တကာ, ရိုသေရာသည်, သစ္စာခိုင်ကြည်, တည်ကြည်ခြင်းလျှင် တန်ဆာဆင်၏။ [၅]

မေတ္တာပြန့်ပွား, သားမယား၌, ထင်ရှားအပြစ်, ရှိသည်ခေတ်တွင်, စိစစ်ကြပ်ကြပ်, ဆုံးမအပ်၏၊ လပ်လမူကား, အပြစ်ပွားလိမ့်၊ ထင်ရှားလှစွာ, ပစ္စာရှိခိုက်, ဆုံးမလိုက်မူ, ထိုက်လျောက်သောအား, ကျေးဇူးများလိမ့်။ [၆]

မပြတ်ပျော်ပါး, ကိုယ့်မယားကို, နည်းရှားဖျင်းသုန်, စည်းစိမ်ကုန်မှ, ကောင်းဂုဏ်ဆိုးရည်, သိရမည်ရှင့်။ [၇]

မိန်းမတို့မှာ, လင်ကိုလုပ်ကျွေး၍, လင်ကိုမွေးမြူခြင်းသည်ပင်အား။ [၈]

သားကားသုံးယောက်, ခုမျက်မှောက်တွင်, ရှိသည်ပင်တည့်၊ မိခင်အဖ, ကျင့်သမျှကို, ကျင့်ကြသမှု, အနဇာတ, မည်ရတွင်မြောက်, သားတစ်ယောက်တည့်၊ တစ်ယောက်မှာကား, မိဘများထက်, ထက်သည်ပညာ, အကျင့်သာသည်, လွန်စွာဖြစ်ဘိ, အတိဇာတ, မည်ရတွင်မြောက်, သားတစ်ယောက်တည့်၊ မိဘ အောက်ဆုတ်, ယုတ်သည့်အကျင့်, ရှိလင့်တန်က, သမုတ်ကြသည်, အဝဇာတ, မည်ရတွင်မြောက်, သားတစ်ယောက်တည့်။ [၉]

၁။ ဩဝါဒထူး-၂၅။ ၂။ လုံးတော်ဆရာတော်။ ၃။ ဩဝါဒထူး-၂၈။
၄။ ကျီးသဲ-၈။ ၅။ ဩဝါဒထူး-၉။ ၆။ သားရွှေ-၂၄။
၇။ သားရွှေ-၂၆။ ၈။ လုံးတော်ဆရာတော်။ ၉။ ပုတ္တောဝါဒ-၃၆။

http://www.dhammadownload.com

သွေးရည်ရင်နှစ်, သားကိုချစ်က, ကျိုးပြစ်ပြဿ, ဆုံးမနိုင်စေ၊ အိမ်နေမယား, ခင်ပွန်းအားကို, ရှုစားကြင်ကျမ်း, ချစ်ရည်လွမ်းက, စုံစမ်းမျော်တင်း, စိုင်းပြင်းနိုင်စေ။ [၁]

ဥစ္စာရွှေငွေ, ဆန်ရေစပါး, စီးပွားချမ်းသာ, အသပြာကုန်ဝ, ရှေးကုသိုလ် ထောက်မ၍, ရှာတိုင်းပင်ရသော်လည်း, အိမ်ကမယား, အသုံးဖွား၍, သိုထား သိမ်းဆည်းခြင်း မရှိက, ရဘိသောဥစ္စာရှင် မခံရရာ။ [၂]

ဘွေမကျွာလာ, လက်ျာသောင်းရပ်, ဘဒ္ဒကပ်မှာ, မိန်းမမြတ်လေးမျိုး, အဖိုးမြခဲ, ပုလဲပြည်တန်, ကျမ်းဂန်မိန့်မှာ, အမရာဒေဝီ, ကိန္နရီနှင့်, မဒ္ဒီသမ္ဘုလ, ယောကျ်ားမျက်ချစ်, ဓမ္မာရာဇ်သို့, အပြစ်နည်းပါး, ရွှေမယား, ငွေမယား, မယားသူတော်, ပေါင်းဖော်သမျှ, သုခဖွားမှု, ယခုဝတ္တမာန်, ပစ္စုပ္ပန်အကျိုးရောက်, မျက်မှောက်လည်းပျော်, နောင်လည်းတော်အောင်, မြင်မြော်ရန်တစ်ဌာန။ [၃]

ဒီလိုလဲ မိန့်ဆိုထားကြပါသေးတယ်။

၁၄။ အနာကုလာစ ကမ္မန္တာ

[အနာကုလ= နာ အာကုလ–ရှုပ်ထွေးခြင်းမရှိသော၊ ကမ္မန္တ–အလုပ်။] ရှုပ်ထွေးခြင်းကင်းသောအလုပ်၊ ရှုပ်ထွေးခြင်းကင်း သန့်ရှင်းအောင် အလုပ်လုပ်ခြင်းကို အနာကုလကမ္မန္တ–လို့ ခေါ်ပါတယ်။

အလုပ်မရှုပ်ထွေးကြောင်း

၁။ ကာလာတိက္ကမန= အချိန်လွန်ခြင်း,
၂။ အပ္ပတိရူပကရဏ= မသင့်လျော်အောင်ပြုခြင်း,
၃။ သိထိလကရဏ= ပေါ့ပေါ့လျော့လျော့လုပ်ခြင်း–

အစရှိတဲ့ အလုပ်ရှုပ်ထွေးကြောင်းမှ ကင်းအောင်–

၁။ ကာလညုတာ= အချိန်ကို သိနားလည်ခြင်း,
၂။ ပတိရူပကာရိတာ= သင့်လျော်အောင်ပြုခြင်း,
၃။ အနလသတာ= မပျင်းရိခြင်း,
၄။ ဥဋ္ဌာနဝီရိယသမ္ပတ္တိ= လုံ့လဝီရိယရှိခြင်း,
၅။ အဗျသနီယတာ= ပျက်စီးအောင် မလုပ်ခြင်း–

ဆိုတဲ့ အလုပ်မရှုပ်ထွေးကြောင်းတွေနဲ့ ပြုလုပ်တဲ့ လုပ်ငန်းတွေဟာ အနာကုလကမ္မန္တ မည်ပါတယ်။

၁။ သြဝါဒထူး–၂၀။ ၂+၃။ ကုလပုတ္တအာစရိယလင်္ကာ။

http://www.dhammadownload.com

မိမိကိုယ်တိုင်ကျွမ်းကျင်မှု, သားမယားတွေရဲ့ကျွမ်းကျင်မှု, ကျွန်အလုပ်သမားတွေရဲ့ကျွမ်းကျင်မှုတွေနဲ့ လုပ်ကိုင်ဆောင်ရွက်တဲ့ အလုပ်တွေကို ဒီဘဝမှာ ဥစ္စာစပါးတိုးပွားမှုကိုရခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာ(ကြီးပွားချမ်းသာရေး)လို့ ဆိုရပါတယ်။ ၄။

အချိန်ကို သိနားလည်ခြင်း အလုပ်လုပ်တယ်–ဆိုပေမယ့် အလုပ်တစ်ခုကို ကိုယ်လုပ်ချင်တဲ့အချိန်မှာ ထလုပ်လို့ဖြစ်နိုင်တာမျိုး မဟုတ်ပါ၊ အလုပ်လုပ်သူအတွက် အလုပ်တိုင်းမှာ သင့်တော်တဲ့ အချိန်အခါ–ဆိုတာ ရှိနေတတ်ပါတယ်၊ ဥပမာ-လယ်သမားအတွက် မိုးကျလာတာနှင့် တစ်ပြိုင်နက် ထွန်သင့်တဲ့အချိန်မှာ ထွန်ရမယ်၊ မျိုးကြဲသင့်တဲ့အချိန်မှာ ကြဲရမယ်၊ ကောက်စိုက်သင့်တဲ့ အချိန်မှာ စိုက်ရမယ်၊ ရေထုတ်သင့်တဲ့အချိန်မှာ ထုတ်ရမယ်၊ ရေသွင်းသင့်တဲ့ အချိန်မှာ သွင်းရမယ်၊ ဒီလို–စသောအားဖြင့် လုပ်သင့်တဲ့အချိန်အခါတွေ အများအပြား ရှိနေပါတယ်။

ဈေးသည်တွေအတွက် မိမိရောင်းကုန်နှင့် သင့်တော်တဲ့အချိန်, ရောင်းစရာကုန်တွေကို ရှာထားရမယ့်အချိန်, ဆိုင်ဖွင့်ချိန်, ဆိုင်သိမ်းချိန်, စားသောက်ချိန်, အနားယူချိန်–စသည်ဖြင့် လုပ်သင့်တဲ့အချိန်အခါတွေ အများအပြားရှိနေပါတယ်။

ရုံးအလုပ်သမားများအတွက် ရုံးတက်ချိန်, ရုံးဆင်းချိန်, အထက်လူကြီးများနှင့်တွေ့ချိန်, အလုပ်နားချိန်, စားသောက်ချိန်–စသည်ဖြင့် လုပ်သင့်တဲ့အချိန်တွေ အများအပြား ရှိနေပါတယ်၊ ဒီလိုပဲ အလုပ်လုပ်သူအတွက် ကိုယ်လုပ်ရမယ့်အလုပ်နှင့် သင့်တော်တဲ့အချိန်က ပြောမကုန်လောက်အောင်ပင် များပြားလှပါတယ်။

သို့ဖြစ်သည်အားလျော်စွာ ကိုယ့်လုပ်ရမယ့်အလုပ်ကို လုပ်သင့်တဲ့အချိန်မှာ လုပ်ကိုင်ဆောင်ရွက်ခြင်းဟာ အကောင်းဆုံးဖြစ်ပါတယ်၊ အချိန်မရောက်ခင် ကြိုတင်ပြုလုပ်မှုမှာ အခါခပ်သိမ်း မမှန်တတ်ပါ၊ "မိုးလွန်မှထွန်ချ၊ နေဝင်မှစပါးလှမ်း" ဆိုသလို အချိန်လွန်မှ လုပ်ပြန်ရင်လဲ အချိန်မီ မပြီးဘဲ တစ်ပိုင်းတစ်စနဲ့သော်လဲ လက်စသိမ်းရတတ်ပါတယ်၊ အချိန်မီပြီးအောင် "ဖုတ်ပူမီးတိုက်" ဆိုသလို အပူတပြင်းအလျင်အမြန်လုပ်ပြန်ရင်လဲ မသေမသပ်သော်လဲ ဖြစ်လာတတ်ပါတယ်။

ဒါ့ကြောင့် အလုပ်တစ်ခုကို လုပ်ရမယ့်အချိန်အခါကို သိနားလည်ပြီး အချိန်မှန်လုပ်ကိုင်ဆောင်ရွက်ခြင်းဟာ ရှုပ်ထွေးမှုကင်း သန့်ရှင်းအောင်လုပ်ရာရောက်ပါတယ်၊ ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာဖြစ်ပါတယ်။

သင့်တော်အောင် ပြုလုပ်ခြင်း အလုပ်တစ်ခုကို လုပ်လိုပါရင် မိမိရဲ့ပစ္စည်းအား, ကိုယ်အား, ဉာဏ်အားနှင့် သင့်တော်တဲ့အပြင်အချိန်ကာလ, အရပ်အေသ–စသည်တို့နှင့်လဲ သင့်တော်တဲ့ အလုပ်မျိုးကို ပြုလုပ်မှသာ

http://www.dhammadownload.com

အထစ်အငေါ့မရှိဘဲ ချောမောအောင်ဖြင့်နိုင်စရာ ရှိပါတယ်၊ ဒီလို မဟုတ်ပါဘဲ ကိုယ့်ပစ္စည်းအင်အားနှင့် မမျှတတဲ့အလုပ်မျိုး, ကိုယ်မနိုင်တဲ့အလုပ်မျိုး, ကိုယ်ဉာဏ် မမီတဲ့ အလုပ်မျိုးကို ပြုလုပ်မိပါရင် မနိုင်မနင်းနဲ့ ယိုယွင်းပျက်စီးစရာသာ ရှိပါတယ်၊ မိမိရဲ့ပစ္စည်းအား, ကိုယ်အားဉာဏ်အားနှင့် သင့်တော်မေမယ့် မသင့်တော်တဲ့အချိန်နှင့် မသင့်တော်တဲ့ အရပ်ဒေသမှာ လုပ်ကိုင်မိပြန်ရင်လဲ ကြီးပွားတိုးတက်နိုင်စရာ မရှိပါ။

ဒါ့ကြောင့် အလုပ်တစ်ခုကို လုပ်လိုပါရင် မိမိရဲ့ပစ္စည်းအင်အား, ကိုယ်အားဉာဏ်အားနှင့် သင့်တော်တဲ့အပြင် အချိန်ကာလ, အရပ်ဒေသတွေနှင့် သင့်တော်အောင် ပြုမူလုပ်ကိုင်ဆောင်ရွက်မှသာ ရွှပ်ထွေးမှုကင်း သန့်ရှင်းအောင်လုပ်ရာရောက်ပြီး ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာဖြစ်နိုင်စရာ ရှိပါတယ်။

မဗျင်းရိခြင်း အေးမှု, ပူမှု, မိုးချုပ်မှု, စောမှု, ဆာမှု, ဝမှုတွေ–ဆိုတာဟာ လူတွေ နိစ္စဓုဝ တွေ့ကြုံနေရတဲ့ ကိစ္စတွေပဲ ဖြစ်ပါတယ်။

ဒီတော့ကာ အေးလို့ရှိရင် သိပ်အေးတာပဲ၊ အရိုးတွေကွဲသွားမလို ဖြစ်နေတယ်၊ အလုပ်လုပ်လို့ မတော်သေးပါဘူး၊ ပူလို့ရှိရင်လဲ သိပ်အပူပြင်းလာပြီ၊ သွေးသားတွေ ခန်းခြောက်သွားမလို ဖြစ်နေတယ်၊ အလုပ်လုပ်လို့ မတော်သေးပါဘူး၊ အနည်းငယ် မိုးချုပ်လာပြန်ရင်လဲ သိပ်မိုးချုပ်နေပြီ၊ မတော်တဆ ခြေတွေ, လက်တွေကို ထိခိုက်မိက ဒုက္ခရောက်နေရော့မယ်၊ အလုပ်လုပ်လို့ မတော်တော့ပါဘူး၊ စောနေရင်လဲ သိပ်စောသေးတယ်၊ အချိန်တွေအများကြီး ရှိနေသေးတာပဲ၊ နောက်မှလုပ်တာပေါ့၊ အခုလုပ်စရာ မလိုသေးပါဘူး၊ ဆာလာရင်လဲ သိပ်ဆာတာပဲ၊ ခြေတွေ, လက်တွေကို မသယ်ချင်, မလှုပ်ချင် ဖြစ်နေတယ်၊ စားပြီးတော့မှ လုပ်တော့မယ်၊ အခုတော့ မလုပ်နိုင်သေးပါဘူး၊ အစာစားပြီး ပြန်ရင်လဲ အစာစားထားလို့ ဗိုက်လေးနေတယ်၊ တစ်ရေးတစ်မောလောက် အိပ်ရင်း အစာနှပ်ပြီးမှ လုပ်တော့မယ်၊ အခုလုပ်လို့ မတော်သေးပါဘူး။

ဒီလို အစရှိတဲ့နည်းတွေနဲ့ ရိုးမယ်ဖွဲ့ကာ ခိုကပ်နေတတ်တဲ့ လူပျင်းတွေက ဘယ်လို အလုပ်မျိုးမှ အထစ်အငေါ့မရှိဘဲ ချောမောပြေပြစ်စွာ ပြီးစီးအောင် မဆောင်ရွက်နိုင်ပါ။

အချမ်း,အပူ–စတဲ့ဟာတွေကို ခြေမှာကပ်ရောက် မြက်မှိုက်လောက်ကိုမျှ အမှု မထားဘဲ အပျင်းဖယ်ရှား ကြိုးစားအားထုတ်သူကသာ အလုပ်ကိစ္စမှန်သမျှကို အဖု အထစ်မရှိဘဲ ချောမောပြေပြစ်စွာ ပြီးစေနိုင်ပါတယ်။

ဒါ့ကြောင့် မိမိလုပ်ရမယ့်အလုပ်ကို ပျင်းရိခြင်းကင်း လုပ်ကိုင်ဆောင်ရွက်ခြင်းဟာ ရွှပ်ထွေးမှုကင်း သန့်ရှင်းအောင် လုပ်ရာရောက်ပါတယ်၊ ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာလဲ ဖြစ်ပါတယ်။

http://www.dhammadownload.com

လုံ့လရှိခြင်း ပျင်းရိခြင်းကင်းရင် လုံ့လရှိခြင်းလဲ ပြီးစီးပြီး ဖြစ်တယ်–လို့ ဆိုသင့်ပါတယ်၊ ဒါပေမယ့် ပျင်းရိခြင်းကင်းတဲ့ ပုဂ္ဂိုလ်ကလဲ ရံခါ မိမိရဲ့ အလုပ်မှာ စိတ်ပါဝင်စားမှုမရှိဘဲ အခြားကိစ္စမှာ စိတ်ပါဝင်စားမှု ရှိနေတတ်ပါတယ်၊ မိမိလုပ်နေတဲ့ အလုပ်မှာ ကျွမ်းကျင်မှုမရှိဘဲလဲ ဖြစ်နေတတ်ပါတယ်၊ ဒါနဲ့ ပေါ့လျော့မှု, အလုပ်လစ်ဟင်းမှုတွေ ဖြစ်ပေါ်လာတတ်ပါတယ်၊ သို့ဖြစ်၍ လုံ့လရှိခြင်းကို သီးသန့် ပြဆိုထားရပါတယ်။

လုံ့လရှိခြင်း–ဆိုပေမယ့် ရိုးရိုးလုံ့လရှိခြင်းမျှကိုသာ မယူဘဲ အလုပ်မှာ စိတ်ပါဝင်စားမှု, အလုပ်ကျွမ်းကျင်မှု–စသည်တို့ တွဲယှဉ်ပါဝင်နေတဲ့ လုံ့လရှိမှုကိုသာ ယူသင့်ပါတယ်၊ အလုပ်ကို အားသွန်ခွန်စိုက် လုပ်နေပေမယ့် အလုပ်မှာ စိတ်ပါဝင်စားမှု မရှိဘဲ အခြားကိစ္စတွေမှာ စိတ်ပါဝင်စားမှု, အလုပ်မကျွမ်းကျင်မှု–စသည်တို့ ရှိနေပါက အလုပ်ရှုပ်ထွေးစရာသာ ရှိပါတယ်၊ အလုပ်မှာ စိတ်ပါဝင်စားမှုရှိပြီး ကျွမ်းကျွမ်းကျင်ကျင်နဲ့ ကြိုးစားပမ်းစားလုပ်မှသာ ရှုပ်ထွေးမှုကင်း၍ ရှင်းလင်းအောင် လုပ်ရာရောက်ပြီး ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာဖြစ်နိုင်ပါတယ်။

ပျက်စီးအောင် မလုပ်ခြင်း အလုပ်သမားတစ်ယောက်က လောင်းကစားကို ဝါသနာပါနေမယ်၊ မိန်းမလိုက်စားမယ်၊ မူးယစ်ဆေးဝါး သောက်စားသုံးစွဲမယ်၊ ပွဲလမ်းသဘင်အကြည့်အရှုများမယ်၊ အလုပ်ချိန်မှာ အိပ်နေမယ်၊ မကောင်းတဲ့သူတွေနဲ့ ပေါင်းသင်းနေမယ်–ဆိုရင် အဲဒီအလုပ်သမားဟာ မိမိလုပ်ရမယ့်အလုပ်ကို လုံးဝမလုပ်ဘဲသော်လဲ နေတတ်ပါတယ်၊ တော်ရိုလျော်ရိုသော်လဲ လုပ်တတ်ပါတယ်၊ အဲဒီလို လုံးဝမလုပ်မှု, တော်ရိုလျော်ရိုလုပ်မှုကိုပဲ အလုပ်ပျက်စီးအောင် လုပ်တယ်–လို့ ဆိုရပါတယ်။

ပြောလာခဲ့တဲ့ လောင်းကစားမှုအစရှိတဲ့ ဒုစရိုက်တွေကို ရှောင်ကြဉ်ကာ အလုပ်ခွင်မှာ အမြဲတမ်းရှိနေပြီး မိမိလုပ်ရမယ့်အလုပ်ကို ကိုယ်ဖိရင်ဖိ တိတိကျကျ လုပ်သူကိုတော့ အလုပ်ပျက်စီးအောင် မလုပ်သူ–လို့ ဆိုရပါတယ်၊ အဲဒီလို ပျက်စီးအောင် မလုပ်ခြင်းကပဲ ရှုပ်ထွေးမှုကင်း သန့်ရှင်းအောင် ပြုလုပ်ရာရောက်ပြီး ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာဖြစ်ပါတယ်။

ဒါ့အပြင် အရောင်းအဝယ်ကိစ္စတွေမှာ မတော်မတရားခေါင်းပုံဖြတ် အမြတ်ကြီးစားတဲ့သဘော, မမှန်မကန် လိမ်ညာတတ်တဲ့သဘော ရှိနေပါက အလုပ်ကိုပျက်စီးအောင် လုပ်ရာသာ ရောက်လာတတ်ပါတယ်၊ ရှုပ်ထွေးမှုကင်း သန့်ရှင်းအောင် လုပ်ရာ မရောက်တော့ပါ၊ ဒါနဲ့ ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာလဲ မဖြစ်နိုင်တော့ပါ။

http://www.dhammadownload.com

သင့်တော်ရုံ အမြတ်အစွန်း ယူပြီး သူ့ဘက်ကိုယ့်ဘက် မျှတအောင် အပေး အယူ လုပ်မှသာ အလုပ်ပျက်စီးအောင် မလုပ်ရာရောက်ပါတယ်၊ ရှုပ်ထွေးမှုကင်း သန့်ရှင်းအောင် လုပ်ရာရောက်ပါတယ်၊ ဒါနဲ့ ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာလဲ ဖြစ်ပါတယ်။

အလိုကြီးက ပျက်စီးရ ၁

လိုဆိုးနှိပ်စက်, သိန်းတန်ခွက်, လွဲချက်နာလှပါ၊
လိုဆိုးမဖက်, သိန်းတန်ခွက်, ဆက်ဆက်ရရှိပါ။

ရှေးအခါက သေရိဝတိုင်းမှာ ရွှံကုန်သည် ၂-ယောက် ရှိနေပါတယ်၊ သူတို့ ၂-ယောက်က လွယ်အိတ်မှာ ကျောက်မျက်ရတနာကို ထည့်ပြီး မြစ်တစ်ဖက်မှာ ရှိနေတဲ့ အရိဋ္ဌပူရမြို့မှာ ရောင်းရအောင် ထွက်လာကြပါတယ်၊ မြို့ကိုရောက်တဲ့အခါ လမ်းကိုဝေဖန်ပြီး ကိုယ့်အတွက် ဝေစုရတဲ့လမ်းကို ဝင်ကာ ရောင်းနေကြပါတယ်၊ ဒါပေမယ့် တစ်ယောက်က ရောင်းသွားပြီးတဲ့ လမ်းမှာ နောက်တစ်ယောက်က ဝင်ရောက်ရောင်းခွင့် ရှိပါတယ်၊ သူတို့ ၂-ဦးအနက် တစ်ဦးက သမာသမတ်ရှိပြီး တစ်ဦးက လောဘကြီးပါတယ်၊ ကောက်ကျစ်စဉ်းလဲတဲ့သဘော ရှိပါတယ်။

လောဘကြီးတဲ့ ရွှံကုန်သည်က တစ်လမ်းဝင်တစ်လမ်းထွက် ရောင်းလာရင်း ပစ္စည်းဥစ္စာပျက်စီးပြီး ဆင်းဆင်းရဲရဲ ရှာဖွေစားသောက်နေရတဲ့ မြေးအဖွား ၂-ဦးရဲ့ အိမ်ရှေ့ကို ရောက်လာပါတယ်၊ ရွှံကုန်သည်ကို တွေ့ရတော့ မြေးမကလေးက အဆင်တန်ဆာတစ်ခု ဝယ်ပေးရန် အဖွားကို ပြောဆိုနေပါတယ်၊ သူတို့မှာ ပိုက်ဆံကလဲ့ တစ်ပြားတစ်ချပ်မှ မရှိပါ၊ အဖွားက လင်သူဌေးကြီး ရှိတုန်းကပင် အိုးခွက်တွေရဲ့ ကြားမှာ ပစ်ထားလို့ ချေးတွေအထပ်ထပ် ငြိကပ်ပေကျံနေတဲ့ ခွက်တစ်ခုကို သွားယူ ပါတယ်၊ ရွှံကုန်သည်ကို ခေါ်ပြီး "သားရေ ! ဒီခွက်ကလေးကို ယူပြီး မင်္ဂလာမကလေး အတွက် ဝတ်စားတန်ဆာ ပေးချင်သလောက် ပေးထားခဲ့ပါ" လို့ ပြောပါတယ်။

အဲဒီရွှံကုန်သည်က ခွက်ကလေးကို ကိုင်ပြီး အပ်နဲ့ ခြစ်ကြည့်လိုက်တော့မှ ရွှေခွက်ဖြစ်နေမှန်း သိသွားပါတယ်၊ ဒါပေမယ့် ခွက်ကို အလကားလိုချင်တဲ့အတွက် ဒီခွက်က ဘာတန်ဖိုးရှိလို့လဲ ?၊ "ပဲဝက်တောင် မတန်ဘူး" လို့ ပြောကာ မြေကြီး ပေါ်မှာ ပစ်ချထားခဲ့ပြီး ထွက်သွားပါတယ်။

သမာသမတ်ရှိတဲ့ ရွှံကုန်သည်က အဲဒီလမ်းကို ဝင်ရောက်လာပြန်တယ်၊ မြေးမ ကလေးက အလားတူပဲ ပြောဆိုပူဆာလို့ ရွှံကုန်သည်ကို ခေါ်ပြီး အဲဒီ ခွက်ကို

၁။ ဇာတ်-၄-၁၊ ၁၂၇။

http://www.dhammadownload.com

ပေးပြန်တယ်၊ ရွှဲကုန်သည်က ခွက်ကို တွေ့တယ်–ဆိုရင်ပဲ "အဒေါ်ရေ ဒီရွှေခွက်ဟာ တစ်သိန်းတန်ပါတယ်၊ ကျွန်တော့်မှာ ဒီလောက်တန်ဖိုးရှိတဲ့ ပစ္စည်း ပါမလာပါဘူး"လို့ ရိုးသားစွာပဲ ပြောပါတယ်။

ဒီတော့ အဖွားအိုက "ဘာဖြစ်ဖြစ်ပေါ့ သားရေ ! မင်းအရင်လာတဲ့ ကုန်သည်က ဒီခွက်ဟာ ပဲဝက်မျှ မတန်ဘူး–လို့ ပြောကာ မြေပေါ်မှာ ပစ်ချထားခဲ့ပြီး ထွက်သွားပါတယ်၊ ဒီတော့ ဒီခွက်ဟာ သားရဲ့ဘုန်းကံကြောင့် ရွှေခွက်ဖြစ်လာတာ ဖြစ်ပါလိမ့်မယ်၊ တို့က ဒီခွက်ကို သားအား ပေးပါတယ်၊ တို့ကို နည်းနည်းပါးပါး ပေးခဲ့ပြီး ဒီခွက်ကို သားကပဲယူသွားပါတော့"လို့ ရိုးသားစွာပဲ ပြောပါတယ်။

ဒီတော့ ရွှဲကုန်သည်က ချိန်ခွင်တစ်ခု, လွယ်အိတ်တစ်လုံး, ငွေ ၈–ကျပ်မျှသာ မိမိအတွက် ချန်ထားပြီး ရောင်းလို့ရတဲ့ ငွေငါးရာကိုရော, ငါးရာတန်ပစ္စည်းတွေကိုရော အကုန်လုံးကို ပေးထားခဲ့ပြီး ရွှေခွက်ကိုယူကာ ထွက်သွားပါတော့တယ်၊ မြစ်ကမ်းနားကို ရောက်တဲ့အခါ ကူးတို့သူကြီးအား ငွေ ၈–ကျပ်ပေးပြီး တစ်ဖက်ကမ်းကို ကူးသွားပါတော့တယ်။

လောဘကြီးတဲ့ ရွှဲကုန်သည်က တစ်ပတ်လှည့်ကာ ပြန်လာခဲ့ပါတယ်၊ "ခုနက ခွက်ကလေးကို ပေးပါ၊ နည်းနည်းပါးပါးတော့ ပေးခဲ့ပါမယ်"လို့ ပြောတော့ "အဲဒီ ခွက်ကို ထိုက်တန်တဲ့ သူတော်ကောင်းက ယူသွားပြီ"လို့ပြောပြီး ကက်ကက်လန်အောင် ရန်တွေ့လွတ်လိုက်ပါတယ်။

လောဘကြီးတဲ့ ကုန်သည်က ရွှေခွက်ပါသွားတာကို သိရတော့ သတိတောင် မထားနိုင်တော့ဘဲ ရောင်းလို့ရတဲ့ ငွေတွေနှင့် ရောင်းမကုန်လို့ ကျန်နေတဲ့ ပစ္စည်းတွေကို အိမ်ရှေ့မှာပဲ ဖြန့်ကြဲထားခဲ့ပါတယ်၊ ဒါ့အပြင် ကိုယ်မှာ ဝတ်ဆင်ထားတဲ့ အဝတ်အရုံတွေကိုပါ ချွတ်ထားခဲ့ပြီး ချိန်ခွင်ရိုးကို ကိုင်ကာ သမာသမတ်ရှိတဲ့ ရွှဲကုန်သည်ကို ရိုက်သတ်မယ်–လို့ လိုက်သွားပါတယ်။

လှေဆိပ်ကိုရောက်လို့ သမာသမတ်ရှိတဲ့ ရွှဲကုန်သည်က တစ်ဖက်ကမ်းကို ကူးနေတာကို တွေ့ရတော့ သောကဖိစီးတဲ့အတွက် နှလုံးသားတွေ ပူလာပါတယ်၊ ဒါနဲ့ သွေးအန်ပြီး အဲဒီနေရာမှာပဲ သေပွဲဝင်သွားရပါတယ်။

"ဒီအကြောင်းအရာက အခုကာလ လူသားတွေအား ဘာကို လမ်းညွှန်နေတယ်–ဆိုတာကို ဆရာမ–မနီလာစိုးက ပြောပြပါဦး"။

"သမာသမတ်ရှိတဲ့ ကုန်သည်က သူရဲ့ရိုးသားတဲ့ဂုဏ်ကြောင့် နောက်မှ တွေ့ရပေမယ့် တစ်သိန်းတန်ရွှေခွက်ကို ရသွားပါတယ်၊ သူမှာ အနာကုလကမ္မန္တ

http://www.dhammadownload.com

မင်္ဂလာလဲ ဖြစ်ပါတယ်၊ လောဘကြီးပြီး ကောက်ကျစ်စဉ်းလဲတဲ့ ရွဲကုန်သည်က တစ်သိန်းတန်ရွေခွက်ကို ရှုးဦးစွာတွေ့ရပေမယ့် သူရဲ့မတော်မတရား အလကား လိုချင်မှုကြောင့် တစ်သိန်းတန်ရွေခွက်နှင့် လွဲခဲ့ရပြီး ရင်ကွဲနာကျကာ သေဆုံးသွား ရပါတယ်၊ သူမှာ အာကုလကမ္မန္တ အမင်္ဂလာကြီးသာ ဖြစ်လာရ ပါတော့တယ်။

ဒီအကြောင်းအရာတွေက အခုကာလ လူသားတွေအား မတော်မတရား လိုချင်တတ်တဲ့ လောဘကို ထိန်းမထားဘဲ ခေါင်းပုံဖြတ် အမြတ်ကြီးစား မတရားတဲ့ အလုပ်ကို လုပ်ကြပါရင် လောဘကြီးတဲ့ ရွဲကုန်သည်လို ပျက်စီးဆုံးရှုံးရတဲတ်တယ်၊ မတော်မတရားလိုချင်တတ်တဲ့ လောဘကို ထိန်းသိမ်းပြီး ကောင်းရောင်းကောင်းဝယ် တရားတဲ့အလုပ်ကို လုပ်တဲ့သူတွေကသာ သမာသမတ်ရှိတဲ့ ရွဲကုန်သည်လို ကြီးပွားတိုးတက်နိုင်တယ်"ဆိုတာကို လမ်းညွှန်နေပါတယ်"။

၄-လတွင်းဝယ် ၂-သိန်းကြွယ်

နည်းလမ်းကမှန်, ဇွဲကသန်, အမြန်ကြီးပွားရာ၊
ရင်းနှီးနည်းပါး, ဉာဏ်ရှိငြား, ကြီးပွားချမ်းသာ ဖြစ်နိုင်ပါ။

ရှေးအခါက ဗာရာဏသီမြို့မှာ စူဠသူဌေး-ဆိုတာ ရှိနေပါတယ်၊ အဲဒီစူဠသူဌေးဟာ ပညာရှိသူဖြစ်ပါတယ်၊ နိမိတ်အကုန်လုံးကို သိနားလည်ပါတယ်၊ တစ်နေ့ကျတော့ မင်းကိုခစားရအောင်သွားရင်း လမ်းပေါ်မှာ ကြွက်သေတစ်ကောင်ကို တွေ့ပါတယ်၊ အဲဒီခဏမှာ နက္ခတ်ယုဉ်ပုံကိုကြည့်ပြီး "ပညာအမြော်အမြင်ရှိတဲ့ အမျိုးသားက ဒီကြွက်သေကောင်ကို အရင်းအနှီးလုပ်ပြီး သားမယားမွေးမူကိုလဲ ပြုနိုင်လောက်ပါတယ်၊ လုပ်ငန်းကိစ္စကိုလဲ ရင်းနှီးလုပ်ကိုင်နိုင်လောက်ပါတယ်"လို့ ပြောလိုက်ပါတယ်။

သူဆင်းရဲတစ်ယောက်က ဒီစကားကို ကြားရတဲ့အခါ ဒီသူဌေးက မသိနားမလည်ဘဲ ပြောမယ်မဟုတ်ဘူး-ဆိုတဲ့ ယုံကြည်ချက်နဲ့ အဲဒီကြွက်သေကောင်ကို ကောက်ယူလာခဲ့ပါတယ်၊ ဈေးကိုသွားပြီး တစ်ချင်ရွေးနဲ့ ကြောင်စာအတွက် ရောင်းထားခဲ့ပါတယ်။

အဲဒီတစ်ချင်ရွေးကို အရင်းအနှီးပြုလုပ်ပြီး ကြိုးကြိုးစားစား လုပ်ကိုင်လာတဲ့ အတွက် ၄-လအတွင်းမှာပဲ ငွေ ၂-သိန်းစုမိပါတယ်၊ ဒါကိုပဲ အကြောင်းပြုပြီး "ကြွက်သေတစ်ခု, အရင်းပြု-လို့, စတုမာသ, လေးလတွင်းဝယ်, နှစ်သိန်းကြွယ်"လို့ မိန့်ဆိုကြပါတယ်။

၁။ ဇာတ်-၄-၁၊ ၁၃၀။

http://www.dhammadownload.com

ဒီတော့ အဲဒီသူဆင်းရဲက ငွေ ၂-သိန်းကို ထက်ဝက်ခွဲပြီး ဆရာစားအနေနဲ့ စူဠသူဌေးကို ငွေတစ်သိန်း သွားပေးပါတယ်၊ စူဠသူဌေးက သူ့အရည်အချင်းကို သဘောကျတာနဲ့ ငွေကို လက်မခံတဲ့အပြင် အရွယ်ရောက်နေတဲ့ သမီးနဲ့ ထိမ်းမြားလက်ထပ်ပေးပြီး မိမိမှာရှိနေတဲ့ ပစ္စည်းရဲ့ ပိုင်ရှင်ဖြစ်အောင်ပင် ပြုလုပ်ထားလိုက်ပါသေးတယ်။

"ဒီဝတ္ထုက ဘာကို ဖော်ညွှန်းနေတယ်-ဆိုတာကို ဆရာမ-မစိုးစိုးတင့်က ပြောပြစမ်းပါဦး"။

"ဒီအလုပ်က အသေးအမွှားပဲ၊ အောက်ကျနောက်ကျ မလုပ်ချင်ပါဘူး၊ ဒီအလုပ်ကတော့ ကြီးကျယ်တယ်၊ ဒါမျိုးကို လုပ်ရမှ ဂုဏ်ရှိတယ်၊ ဒီလို အလုပ်ကို ရွေးချယ်နေစရာ မလိုပါ၊ လုံ့လဝီရိယကို အရင်းခံပြီး မည်သည့် အလုပ်မျိုးကိုမဆို နည်းမှန်လမ်းမှန် လုပ်ကိုင်တတ်ပါက ကြီးပွားနိုင်တာချည်းသာ ဖြစ်ပါတယ်၊ သို့ဖြစ်သည်အားလျော်စွာ အလုပ်ရွေးမနေဘဲ ရရာအလုပ်ကို ခွဲသန်သန်နဲ့ မှန်ကန်စွာ လုပ်ကိုင်ပါက ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာဖြစ်နိုင်ပါတယ်-ဆိုတာကို ဒီဝတ္ထုက ဖော်ညွှန်းနေပါတယ်။

သမ္မဒါတရား ၁

ဒီနေရာမှာ လောကကြီးပွားရေး ၄-ပါး, သံသရာကြီးပွားရေး ၄-ပါး ခွဲခြားဟောထားတဲ့ ဒီဃာဇာနု(ဗျဂ္ဃပဒ္ဓ)သုတ်က သမ္မဒါများကို အကျဉ်းမျှ ပြောပြပါဦးမယ်၊ အကျယ်ကို ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း(၁/ ၃၇၀)မှာ ရှုပါ။

လောကကြီးပွားရေး

၁။ ဥဋ္ဌာနသမ္မဒါ= မိမိရဲ့အလုပ်မှာ ထကြွလုံ့လဝီရိယရှိခြင်း,
၂။ အာရက္ခသမ္မဒါ= ရလာတဲ့ပစ္စည်းကို သိမ်းဆည်းစောင့်ရှောက်ခြင်း,
၃။ ကလျာဏမိတ္တတာ= လမ်းညွှန်မိတ်ဆွေကောင်းရှိခြင်း,
၄။ သမဇီဝိတာ= အဝင်အထွက်မျှအောင် ချွေတာသုံးစွဲခြင်း-

ဒီတရား ၄-ပါးဟာ လူတစ်ဦးတစ်ယောက်အတွက် ဒီဘဝမှာ ကြီးပွားချမ်းသာခြင်းရဲ့ အကြောင်းဖြစ်ပါတယ်၊ ဒီတရား ၄-ပါးကို တကယ်လိုက်နာကျင့်သုံးပါရင် သူဌေးဖြစ်ရန် ကံစာတာ ပါမလာလို့ သူဌေးမဖြစ်တောင်မှ ဆင်းတောင့်ဆင်းရဲတော့ နေရစရာ မရှိပါ၊ အယုတ်ဆုံး ချောင်ချောင်လယ်လယ် စားနိုင်သောက်နိုင် နေရစရာသာ ရှိပါတယ်။

၁။ အံ-၃၊ ၁၀၇။

http://www.dhammadownload.com

ဗုဒ္ဓမြတ်စွာက ဟောကြားထားတဲ့ ဒီသမ္မဒါတရား ၄-ပါးကို အများအားဖြင့် ဗုဒ္ဓဘာသာဝင်တွေက မလိုက်နာ မကျင့်သုံးကြဘဲ နိုင်ငံခြားသားတွေကသာ လိုက်နာ ကျင့်သုံးနေကြတာကို တွေ့မြင်နေရပါတယ်၊ ဒါ့ကြောင့် ဗုဒ္ဓဘာသာဝင်တွေက စီးပွားဥစ္စာ မကြွယ်ဝ မတောင့်တင်းကြဘဲ နိုင်ငံခြားသားတွေကသာ စီးပွားဥစ္စာ ကြွယ်ဝတောင့်တင်းနေကြပါတော့တယ်၊ အချိန်မလွန်ခင် သတိတရား ရရှိကြပြီး တို့ဗုဒ္ဓဘာသာဝင်တွေက ဗုဒ္ဓမြတ်စွာရဲ့ ညွှန်ကြားချက်ကို ရိုသေလေးစားစွာ လိုက်နာ ပြုလုပ်ကြမှသာ မကြာလှသော အချိန်အတွင်းမှာ တိုင်းပြည်နှင့်လူမျိုးပါ တိုးတက် ကြီးပွားလာစရာ ရှိပါတယ်။

ဘဝသံသရာ ကြီးပွားရေး

၁။ သဒ္ဓါသမ္မဒါ= သဒ္ဓါတရားနှင့်ပြည့်စုံခြင်း,
၂။ သီလသမ္မဒါ= သီလနှင့်ပြည့်စုံခြင်း,
၃။ စာဂသမ္မဒါ= စွန့်ကြဲပေးကမ်းခြင်းနှင့်ပြည့်စုံခြင်း,
၄။ ပညာသမ္မဒါ= ပညာနှင့်ပြည့်စုံခြင်း-

ဒီတရား ၄-ပါးကတော့ နောင်ဘဝသံသရာမှာ ကြီးပွားချမ်းသာခြင်းရဲ့ အကြောင်း ဖြစ်ပါတယ်။

ရွေးဆရာများရဲ့ အဆိုအမိန့်

စိတ်နေဖြောင့်ဖြောင့်, သတိစောင့်လျက်, နောင့်ယှက်လေဘွယ်, မှုကြီး ငယ်ကို, လွှဲဖယ်ခွာမှု, ရှောင်ရှားရှုလျက်, ပြုရခြင်းသည်, ကြံစည်မှတ်သား။

ဒီလို မုံရွေးဆရာတော်က အနာကုလကမ္မန္တ မင်္ဂလာရဲ့ သဘောအဓိပ္ပာယ်ကို ဖွင့်ဆို ပြပါတယ်။

အဓိပ္ပာယ် စိတ်နေသဘောထား ဖြောင့်မတ်စွာနဲ့ သတိထားကာ အနှောင့်အယှက် ဖြစ်စရာ အမှုကြီး, အမှုငယ်ကို လွှဲဖယ်ရှောင်ရှားလျက် အနှောင့် အယှက်ကင်းတဲ့ အလုပ်ကိုသာ ပြုလုပ်ခြင်းဟာ အနာကုလကမ္မန္တ မင်္ဂလာ မည်ပါတယ်။

ဒါအပြင်-

လုပ်မှုဆောင်တာ, ပြုရာကာလ, အသက်လည်း, ခွဲဖြိုပုံစု, သိအောင်ပြုလော့၊ ရောင်းမှု-ဝယ်မှု, ပြုစုအရပ်, ဖြစ်အပ်အခါ, ဖြစ်ရာအကြောင်း, ရှေးနောင်း အောက်ထက်, တက်သက်ချိန်ဆုန်း, ဈေးနှုန်းကိုလည်း, မယိုမယွင်း, မဟင်း စေမှု, သိအောင်ပြုလော့၊ မိတ်တု-မိတ်စစ်, ဖြစ်-မဖြစ်လည်း, ဟောင်းသစ် ထဲပြင်, ဆိုးကောင်းထင်အောင်, ဆင်ခြင်သမှု, သိအောင်ပြုလော့။ [၁]

၁။ ဩဝါဒထူး-၂၈။

http://www.dhammadownload.com

လူ၌ဘာဝ, မြတ်ဓနကို, အရဖွေရာ, ကုန်သွယ်ကာနှင့်, တစ်ရွာတစ်ပါး, တစ်ဖန်သွားက, ခစားလုပ်မှု, လိုသောဆုကို, ပြုသောကာလ, ကိစ္စရေတွက်, ဤငါးချက်၌, ကြောက်ရွံစွန့်ရာ။ [၁]

မပြုခင်က, စဉ်းစားကြ, ကိစ္စအသွယ်သွယ်၊
အမှားကိုပစ်, အမှန်ချစ်, စင်စစ်ချမ်းသာဖွယ်၊
အမှားကိုချစ်, အမှန်ပစ်, စင်စစ်ဆင်းရဲမယ်၊
လုံ့လပညာ, ကံလည်းပါ, ရိကွာမျိုးထုပ်လွယ်။ [၂]

ကံသာ ဥစ္စာဓနဖြစ်ချေသည်၊ ဉာဏ်မှာ ဟုတ်ရာသမျှ ဖြစ်ချေသည်။ ကံရှိမှ တတ်သည်၊ ဉာဏ်ရှိမှ မြတ်သည်။ ကံနှိုးဆော်မှ ထင်ပေါ်သည်၊ ဉာဏ်နှိုးဆော်မှ မြင်မြော်သည်။ ကံပင်ရှိသော်လည်း ဝိရိယချွတ်တတ်သည်၊ ဉာဏ်ပင်ရှိသောလည်း သတိလွတ်တတ်သည်။ ကံပင်ရှိသော်လည်း ဝိရိယကူရမည်၊ ဉာဏ်ပင်ရှိသော်လည်း သတိမူရမည်။ ကံရှိမှ ဥစ္စာတင်သည်၊ ဉာဏ်ရှိမှ ဟုတ်ရာမြင်သည်။ ကံပင်ရှိသော်လည်း ဝိရိယမယွင်းစေရာ၊ ဉာဏ်ပင်ရှိသော်လည်း သတိမကင်းစေရာ။ [၃]

ဉာဏ်ရှိမှ ဟုတ်ရာမြင်သည်၊ ကံရှိမှ ဥစ္စာတင်သည်။ စီးပွားဖြစ်တွန်းမှ လူစွမ်းရှိရာရောက်သည်၊ စီးပွားပျောက်တိမ်၍ သိန်မထွန်းလျှင် လူစွမ်းညံ့ရာရောက်ချေသည်။ လောကီ၌ အားထုတ်၍ ဥစ္စာရှာကြဲသည်မှာ ကံရင်းသန်၍ တော်မှန်ဖြောင့်သားလျှင် အများချီးမွမ်းခံရသည်၊ ကြံပါသော်လည်း ကံကြမ္မာနည်းပါး၍ စီးပွားယွင်းယိုလျှင် အလိုကြီးဟန်နှင့် တဖန်လူတို့ ကဲ့ရဲ့ခြင်းပြုတတ်သည်။ [၄]

ဒေဝါမိုးလ, မကျမီခင်, ပုံယင်များစွာ, လူဘာသာဖြင့်, အိမ်ရာတဲအုံ, အလုံးစုံကို, လုံခြုံသေချာ, ပြုလုပ်ရာ၏၊ ပြည်ရွာနဂို, မပြိုမကွဲ, ကရဲကသီ, မဖြစ်မိက, ပညာသီများစွာ, လှူဒါန်းရာ၏၊ စိတ်ဖြာခန့်တွက်, အချက်ချက်လျှင်, သူလက်ခြေဆီ, မဝင်မိက, ရှူအိရှွင်ပြိုး, အမှုမျိုးကို, အားကြိုးပြင်းစွာ, ဆောင်ရွက်ရာ၏၊ မိုးခါနှင်နှင်, မတိုင်ခင်က, လုပ်ခွင်ယာလယ်, ဟောင်းထက်ကျယ်အောင်, ချဲ့နွယ်ဖြတ်ကာ, တည်ထွင်ရာ၏။ [၅]

ဒီလိုလဲ ရှေးဆရာများက မိန့်ဆိုထားကြပါသေးတယ်။

၁။ သားရွေ့–၂၄။ ၂။ သုတရတနာ။ ၃။ ကျည်းကန်ရှင်ကြီး။
၄။ ကျည်းကန်ရှင်ကြီး။ ၅။ ဩဝါဒထူး–၂၅။

http://www.dhammadownload.com



အခန်း-၅

ဒါနဥ္စ = ပေးကမ်းလှူဒါန်းခြင်း,
မေ့စရိယာစ = သုစရိုက်တရားကို ကျင့်ခြင်း,
ဉာတကာနဥ္စ သင်္ဂဟော = ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း,
အနဝဇ္ဇာနိ ကမ္မာနိ = အပြစ်မရှိသော အလုပ်ကို ပြုလုပ်ခြင်း-
ဧတေ မင်္ဂလ-မုတ္တမံ = ဒီ ၄-ပါးဟာ ကောင်းမြတ်တဲ့မင်္ဂလာ (ကြီးပွားချမ်းသာရေး) ဖြစ်ပါတယ်။

၁၅။ ဒါနဥ္စ

[ဒီယတော ဣမိနာတိ-ဒါနံ။] ပေးလှူကြောင်း စေတနာကို ဒါန-လို့ ခေါ်ပါတယ်၊ မိမိရဲ့ လှူဖွယ်ဝတ္ထုကို သူတစ်ပါးအား ပေးလှူလိုသူမှာ ပေးလိုတဲ့ စေတနာရှိမှသာ လှူဖြစ်ပါတယ်၊ စေတနာမရှိရင် မလှူဖြစ်ပါ၊ ဒီလိုပဲစေတနာက ပေးဖြစ်ရန် အခြေခံအကြောင်း ဖြစ်နေပါတယ်၊ ဒါ့ကြောင့် ပေးလှူကြောင်းဖြစ်တဲ့ စေတနာကို ဒါန-လို့ ခေါ်ရပါတယ်။

ဒါ့အပြင်-လှူဖွယ်ဝတ္ထုမှာ တွယ်တာမက်မောမှု-လောဘ ဖြစ်နေပြန်ရင်လဲ မလှူဖြစ်တော့ပါ၊ လှူဖွယ်ဝတ္ထုမှာ တွယ်တာမက်မောမှုမရှိတဲ့ အလောဘဖြစ်ပေါ်လာမှသာ လှူဖြစ်ပါတယ်၊ ဒီလိုပဲ လှူဖွယ်ဝတ္ထုမှာ မလိုချင်,မမက်မောမှု အလောဘကလဲ အလှူဖြစ်ရန် အခြေခံအကြောင်း ဖြစ်နေပြန်တယ်၊ ဒါ့ကြောင့် အလှူဖြစ်မြောက်ကြောင်း အလောဘကိုလဲ ဒါန-လို့ ခေါ်ရပါတယ်။

http://www.dhammadownload.com

ဒီဒါနဟာ လူအများရဲ့ ချစ်ခင်မြတ်နိုးမှုကို ခံရခြင်း အစရှိတဲ့ ဒီဘဝမှာဖြစ်တဲ့ အကျိုးထူး, နောင်ဘဝသံသရာအကျိုးထူးတွေကို ရစေတတ်တဲ့အတွက် မင်္ဂလာ (ကြီးပွားချမ်းသာရေး) မည်ပါတယ်။

အလှူရဲ့အကျိုး ၅-ပါး

၁။ အလှူရှင်ပုဂ္ဂိုလ်ဟာ လူအများရဲ့ ချစ်ခင်မြတ်နိုးမှုကို ခံရပါတယ်၊

၂။ အလှူရှင်သို့ ငြိမ်သက်သောစိတ်နှလုံးရှိကြတဲ့ သူတော်ကောင်းတွေက ချဉ်းကပ်တတ်ကြပါတယ်၊

၃။ အလှူရှင်ပုဂ္ဂိုလ်ရဲ့ ကောင်းသောကျော်စောသံဟာ အရပ်မျက်နှာအကုန်လုံးမှာ ပျံ့နှံ့နေတတ်ပါတယ်၊

၄။ အလှူရှင်ပုဂ္ဂိုလ်ဟာ ဘယ်ပရိသတ်ကိုမဆို ရဲဝံ့ရွင်ပျစွာ ချဉ်းကပ်ရပါတယ်၊ ဒါက ဒီဘဝမှာ ရရှိတဲ့ ကိုယ်တွေ့မျက်မြင် အလှူရှင်ရဲ့အကျိုး ၄-ပါး ဖြစ်ပါတယ်၊

၅။ ဒါ့အပြင်- အလှူရှင်ပုဂ္ဂိုလ်ဟာ ခန္ဓာပျက်ကျေ သေပြီးတဲ့နောက်မှာ နတ်ပြည်ကို ရောက်ရပါတယ်။
ဒါကတော့ နောင်ဘဝမှာဖြစ်တဲ့ အလှူရှင်ရဲ့အကျိုး ဖြစ်ပါတယ်။

ဒီလို ဗုဒ္ဓမြတ်စွာက သီဟစစ်သူကြီးအား မိန့်တော်မူပါတယ်။

စေတနာဒါနနှင့် ဝတ္ထုဒါန

စေတနာဒါန, ဝတ္ထုဒါန-လို့ ဒါန ၂-မျိုး ရှိနေရာ ရှေ့က ပြောလာခဲ့တဲ့ ပေးလှူကြောင်းစေတနာကိုပဲ စေတနာဒါန-လို့ ခေါ်ပါတယ်၊ [ဒီယတောတိ-ဒါနံ။ ဒီယတော-ပေးလှူအပ်၏၊ ကွတိ-ထို့ကြောင့်၊ ဒါနံ-ဒါနမည်၏။] ဆိုတဲ့ စကားအရ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး အစရှိသော ပေးလှူအပ်တဲ့ လှူဖွယ်ဝတ္ထုကိုတော့ ဝတ္ထုဒါန-လို့ ခေါ်ပါတယ်။

ဒါပေမယ့် အလှူဒါနပြုတဲ့အခါမှာ စေတနာဒါနခေါ်တဲ့ အလှူရှင်ပုဂ္ဂိုလ်ရဲ့ အတွင်းသန္တာန်မှာ ဖြစ်နေတဲ့ စေတနာရယ်, ဝတ္ထုဒါန-ဆိုတဲ့ လှူဖွယ်ဝတ္ထုရယ်, အလှူခံပုဂ္ဂိုလ်ရယ်-ဒီ ၃-မျိုးစုံမှ အလှူဒါနမြောက်ပါတယ်၊ စေတနာဒါန, ဝတ္ထုဒါန ၂-မျိုးတည်းနဲ့ အလှူဒါနမမြောက်ပါ။

စေတနာကသာ ကျိုးပေးပါ

အဲဒီအလှူဒါနက အကျိုးပေးတဲ့အခါမှာ ဝတ္ထုဒါန-ဆိုတဲ့ လှူဖွယ်ဝတ္ထုကလဲ အကျိုးမပေးတတ်ပါ၊ အလှူခံပုဂ္ဂိုလ်ကလဲ အကျိုးပေးတာ မဟုတ်ပါ၊ အလှူရှင်ပုဂ္ဂိုလ်တွေရဲ့ အတွင်းသန္တာန်မှာ ဖြစ်နေတဲ့ စေတနာတွေကသာ အကျိုးပေးနိုင်ကြပါတယ်။

၁။ အံ-၂၊ ၁၈။

http://www.dhammadownload.com

လူဖွယ်ဝတ္ထု၊ ဒါနစုနှင့် အလှူခံပုဂ္ဂိုလ်တို့မှာ အဆင့်အတန်းအလိုက် အလှူရှင်ပုဂ္ဂိုလ်တွေရဲ့ အတွင်းသန္တာန်မှာ စေတနာဖြစ်စရာ အာရုံတွေပဲ ဖြစ်ကြပါတယ်၊ စေတနာထက်သန်အောင်လဲ ကူညီပံ့ပိုးနိုင်ကြပါတယ်၊ သာမန်ရိုးရိုးဆွမ်းကို အာရုံပြုလို့ လှူဒါန်းရတဲ့ စေတနာနှင့် အထူးတလည် စီမံချက်ပြုတ်ထားတဲ့ ဆွမ်းကို အာရုံပြုလို့ လှူဒါန်းရတဲ့ စေတနာမှာ တူမျှနိုင်စရာ မရှိပါ၊ သာမန်ရိုးရိုးဆွမ်းကို အာရုံပြုလို့ လှူဒါန်းရတဲ့ စေတနာထက် အထူးတလည်စီမံချက်ပြုတ်ထားတဲ့ ဆွမ်းကို အာရုံပြုလို့ လှူဒါန်းရတဲ့စေတနာက အဆပေါင်းများစွာ ထက်သန်စရာ ရှိပါတယ်၊ အကျိုးလဲ ကြီးစရာ ရှိပါတယ်။

ဒါ့အပြင် တော်စွလျော်စွ အလှူခံပုဂ္ဂိုလ်ကို အာရုံပြုလို့ လှူရတဲ့စေတနာထက် အလွန်မွန်မြတ်တဲ့ ပုဂ္ဂိုလ်ကို အာရုံပြုလို့ လှူရတဲ့စေတနာ, သံဃာအများကြီးကို အာရုံပြုလို့ လှူရတဲ့စေတနာတွေက အဆပေါင်းများစွာ ထက်သန်လာစရာ ရှိပါတယ်၊ အကျိုးလဲ ကြီးနိုင်ပါတယ်၊ ဒါ့ကြောင့် အလှူဒါနပြုလုပ်တဲ့အခါ အလှူခံပုဂ္ဂိုလ်ကောင်းကို ရွေးချယ်လှူဒါန်းရန်မှာ မိမိတို့ရဲ့ ကိုယ်ပိုင်အခွင့်အရေးပဲ ဖြစ်ပါတယ်။

ဒီလိုပဲ လူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့က စေတနာထက်သန်အောင် ကူညီနိုင်ကြပါတယ်၊ ထောက်ပံ့နိုင်ကြပါတယ်။

ဒကာတစ်ယောက်က သံဃာတော်အား ဆွမ်းလှူဒါန်းနေတယ်–ဆိုကြပါစို့၊ အဲဒီဆွမ်းလှူဒါန်းတဲ့ ဒကာရဲ့ အတွင်းသန္တာန်မှာ ဆွမ်းကိုအာရုံပြုလို့ဖြစ်နေတဲ့ စိတ်စေတနာတွေ, သံဃာတော်ကို အာရုံပြုလို့ဖြစ်နေတဲ့ စိတ်စေတနာတွေဟာ မရေတွက်နိုင်လောက်အောင် ဆက်ကာဆက်ကာ ဖြစ်နေကြပါတယ်၊ မျက်စိတစ်မှိတ်ခန့် အချိန်အတွင်းမှာ စိတ်စေတနာပေါင်း ကုဋေတစ်သိန်းမက ဖြစ်ပျက်နိုင်တယ်-ဆိုတော့ ၂-နာရီ, ၃-နာရီကြာအောင် ဆွမ်းအလှူကုသိုလ်ကို ပြုလုပ်နေခိုက်မှာ စိတ်စေတနာဘယ်လောက်များများ ဖြစ်နေမယ်–ဆိုတာကို မှန်းဆလို့သာ ကြည့်ကြပါတော့။

အဲဒီ စိတ်စေတနာတွေဟာ ဖြစ်ပြီးရင် ချုပ်သွားတယ်–ဆိုပေမယ့် တစ်ခါတည်း မျိုးပြုတ်အောင် ချုပ်သွားတာမျိုးတော့ မဟုတ်ပါ၊ နောင်အကျိုးပေးရန် မိမိတို့ရဲ့ သတ္တိကို မြှုပ်နှံထားခဲ့ပြီး ချုပ်သွားတာမျိုးသာ ဖြစ်ကြပါတယ်။

ကုသိုလ်ရဲ့အဆင့်အတန်း ၃-မျိုး

လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ–ဒီတရား ၆-ပါးကို အကျိုး(ပစ္စုပ္ပန်)ကို ဖြစ်စေတတ်တဲ့အတွက် ဟေတု-ဟိတ်လို့ ခေါ်ပါတယ်။

http://www.dhammadownload.com

အဲဒီ ၆-ပါးထဲက လောဘ, ဒေါသ, မောဟ-ဆိုတဲ့ ၃-ပါးကို အကုသိုလ်ဟိတ်-လို့ ခေါ်ပါတယ်၊ အလောဘ, အဒေါသ, အမောဟ-ဆိုတဲ့ ၃-ပါးကိုတော့ ကုသိုလ်ဟိတ်, အဗျာကတ(ဝိပါက်-ကြိယာ)ဟိတ်-လို့ ခေါ်ပါတယ်။

အလှူဒါန အစရှိတဲ့ ကုသိုလ်ကောင်းမှုကို ပြုလုပ်တိုင်း အလောဘ, အဒေါသ-ဆိုတဲ့ ဟိတ် ၂-ပါးမှာ ပါဝင်ကြသည်ချည်းသာ ဖြစ်ကြပါတယ်၊ မပါဝင်တဲ့အခါရယ်လို့ မရှိပါ၊ အမောဟဟိတ်ကတော့ ကုသိုလ်ကောင်းမှု ပြုလုပ်သူရဲ့ သန္တာန်မှာ ကံနှင့်ကံရဲ့အကျိုးကို သိမြင်နားလည်တဲ့ ကမ္မဿကတာဉာဏ် ဖြစ်ပေါ်လာမှသာ ပါဝင်နိုင်ပါတယ်၊ ကမ္မဿကတာဉာဏ်မရှိတဲ့ ကလေးသူငယ်တွေ, ဘာသာရေးအသိဉာဏ်မရှိသူတွေ ပြုလုပ်သလို အမှတ်တမဲ့ ပြုလုပ်တဲ့အခါမျိုးမှာ မဖြစ်နိုင်ပါ။

ဒါ့ကြောင့် ပေးလှူကြောင်း စေတနာကို ဒါနခေါ်တယ်-ဆိုပေမယ့် ကံနှင့်ကံရဲ့အကျိုးကို သိမြင်နားလည်တဲ့ ကမ္မဿကတာဉာဏ်ပါရန် လိုပါသေးတယ်၊ အဲဒီလို အသိဉာဏ်ပါလာမှ အဆင့်မြင့် ဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ် ဖြစ်နိုင်ပါတယ်။

ကလေးသူငယ်များနှင့် ဘာသာရေးအသိဉာဏ်မရှိတဲ့ အချို့အရပ်သူ အရပ်သားများ ပေးလှူသလို ကံနှင့်ကံရဲ့အကျိုးကို သိမြင်နားလည်တဲ့ ကမ္မဿကတာ အသိဉာဏ်မျိုးမပါဘဲ ပုဂ္ဂိုလ်ကိုကြည်ညိုလို့, ချစ်ခင်လို့, သနားလို့ ပေးလှူမှုမျိုးမှာ အဆင့်နိမ့်ဉာဏဝိပ္ပယုတ် ဒွိဟိတ်ကုသိုလ်မျိုးသာ ဖြစ်ပါတယ်။

ဒါ့အပြင်- ကြောက်လို့ပေးလှူရမှု, လာဘ်ကိုမျှော်ကိုးလို့ပေးလှူမှု, ချစ်ကြိုက်လို့ ပိုးကြေးပန်းကြေးအနေနဲ့ ပေးမှု-စသည်တို့မှာ ဒါနရဲ့အဆင့်အတန်းကို မမီတဲ့ အလှူဒါနမခြောက်တဲ့ ပေးမှုမျိုးတွေသာ ဖြစ်ကြပါတယ်။

စေတနာသုံးတန် စေတနာဒါန-လို့ ခေါ်ရတဲ့ ဒါနစေတနာဟာ ပုဗ္ဗစေတနာ, မုဉ္စစေတနာ, အပရစေတနာ-လို့ ၃-မျိုး ရှိပါတယ်၊ အဲဒီ ၃-မျိုးထဲက လှူဖွယ်ဝတ္ထု အဆင့်သင့်ရှိပြီးဖြစ်ရင် လှူဒါန်းပေးကမ်းတော့မယ်-လို့ ကြံစည်တဲ့ အချိန်ကစပြီး မစွန့်လွှတ်, မလှူဒါန်းခင် ရှေ့အဖို့တွင် ဒါနနှင့်ဆက်သွယ်လို့ ဖြစ်နေသမျှ စေတနာတွေဟာ ပုဗ္ဗစေတနာမည်ပါတယ်၊ လှူဖွယ်ဝတ္ထုမရှိသေးရင်လဲ လှူဖွယ်ဝတ္ထုကို ရှာဖွေစုဆောင်းတဲ့အချိန်ကစပြီး မစွန့်လွှတ်, မလှူဒါန်းခင် ရှေ့အဖို့တွင် ဒါနနှင့်ဆက်သွယ်လို့ ဖြစ်နေသမျှ စေတနာတွေလဲ ပုဗ္ဗစေတနာ မည်ပါတယ်၊ လှူဖွယ်ဝတ္ထုကို မစွန့်လွှတ်, မလှူဒါန်း, မပေးကမ်းခင် ရှေ့အဖို့တွင် ဖြစ်ပေမယ့် ပေးလှူမှုကိစ္စနှင့် ဆက်သွယ်မှုမရှိတဲ့ အခြားကိစ္စတွေနှင့်သာ ဆက်သွယ်လို့ဖြစ်နေတဲ့ စေတနာတွေကတော့ ပုဗ္ဗစေတနာ မမည်ပါ။

http://www.dhammadownload.com

သံဃသ ဒေမိ–သံဃာတော်အား လှူဒါန်းပါတယ်–လို့ မြွက်ဆိုပေးကမ်း လှူဒါန်းနေတုန်းမှာ ဖြစ်တဲ့စေတနာကတော့ မုဥ္စစေတနာမည်ပါတယ်၊ ဒီမုဥ္စစေတနာကိုပဲ သန္နိဋ္ဌာနစေတနာ(အလှူကိစ္စအပြီးအဆုံးသို့ရောက်တဲ့ စေတနာ)လို့ ခေါ်ပါတယ်။

လှူဒါန်းပြီးတဲ့နောက်–(အလှူကိစ္စအပြီးအဆုံးသို့ ရောက်ပြီးတဲ့နောက်) မိမိလှူထားတဲ့ အလှူဒါနကို သတိရတိုင်း ဝမ်းမြောက်ဝမ်းသာ နောက်ထပ်ဖြစ်လာသမျှ စေတနာတွေကိုတော့ အပရစေတနာ–လို့ ခေါ်ပါတယ်။

ပုဗ္ဗစေတနာနှင့် အပရစေတနာတွေကလဲ ပဋိသန္ဓေကျိုးကို ပေးနိုင်ပါတယ်၊ ပန်းတစ်ပွင့်ကို လှူခဲ့လို့, ဥပုသ်တစ်ကြိမ်စောင့်ခဲ့လို့ ဘဝများစွာ ဒုဂ္ဂတိဘုံဘဝမှာ မဖြစ်ရဘဲ နိဗ္ဗာန်တိုင်အောင် ရောက်လာရတယ်–ဆိုတဲ့ အကြောင်းတွေကို ထေရထေရီ အပဒါန်မှာ အများအပြားပဲ တွေ့ရပါတယ်။

အဲဒီလို သုဂတိဘုံဘဝမှာ အကြိမ်များစွာဖြစ်ရတာဟာ ပုဗ္ဗစေတနာ, အပရစေတနာတို့က ပဋိသန္ဓေကျိုးကို ပေးတဲ့အတွက်ကြောင့်လဲ ဖြစ်နိုင်ပါတယ်၊ ဒါ့အပြင် အဲဒီပူဇော်မှု, ဥပုသ်စောင့်သုံးမှု–စတဲ့ ကုသိုလ်တွေကြောင့် သုဂတိဘုံဘဝမှာ ဖြစ်ကြရတဲ့အခါ အဲဒီဘုံဘဝမှာ ရှိနေကြတဲ့ သူတော်ကောင်းတွေနှင့် ပေါင်းမိလို့ နောက်ကုသိုလ်အဆင့်ဆင့် ပွားများခွင့်ရတဲ့အတွက်ကြောင့်လဲ ဖြစ်နိုင်ပါတယ်။

အထက်တန်းစားနှင့် အောက်တန်းစားကုသိုလ်

ပြောလာခဲ့တဲ့ တိဟိတ်ကုသိုလ်, ဒွိဟိတ်ကုသိုလ်တွေမှာ အများအားဖြင့် ပုဗ္ဗစေတနာနှင့် အပရစေတနာတို့လဲ ပါဝင်လာတတ်ပါတယ်၊ တစ်ချို့မှာ စွန့်ကြဲပေးကမ်း လှူဒါန်းတော့မယ်–လို့ ကြံစည်တဲ့အချိန်ကစပြီး မလှူခင် ပုဗ္ဗစေတနာအခိုက်တွင် အလွန်ထက်သန်ပါတယ်၊ ကုသိုလ်နှင့်စပ်တဲ့ဇောတွေ အများကြီးဖြစ်နေပါတယ်၊ ကုသိုလ်ပြုပြီးလို့ အထမြောက်ပြီးတဲ့နောက် အပရစေတနာအခိုက်မှာလဲ လွန်စွာအားရနှစ်သက်တတ်ပါတယ်၊ ပြုရပေပြီ–လို့ ဝမ်းမြောက်နေတတ်ပါတယ်။

ဒီကုသိုလ်မျိုးဟာ ရှေ့မှာရော, နောက်မှာရော ကုသိုလ်တွေခြံရံပါလာတဲ့အတွက် အလွန်အားရှိပါတယ်၊ မြင့်မြတ်အထက်တန်းကျတဲ့ ဥက္ကဋ္ဌဖြစ်လာပါတယ်၊ နဂိုက တိဟိတ်ဖြစ်ရင် တိဟိတ်ဥက္ကဋ္ဌ–တိဟိတ်အထက်တန်းစားကုသိုလ်, ဒွိဟိတ်ဖြစ်ရင် ဒွိဟိတ်ဥက္ကဋ္ဌ–ဒွိဟိတ်အထက်တန်းစားကုသိုလ် ဖြစ်လာပါတယ်။

အချို့မှာ ပုဗ္ဗစေတနာအခိုက်တွင် ဝမ်းမြောက်ဝမ်းသာမရှိ၊ နှမြောတွန့်တိုခြင်း, တစ်စုံတစ်ရာအတွက် မကျေမနပ်ဖြစ်ခြင်း, မိမိဂုဏ်သတင်းကြီးစေလိုခြင်း–ထင်ပေါ်

http://www.dhammadownload.com

ကျော်စောလိုခြင်းအစရှိတဲ့ အကုသိုလ်စိတ်တွေ ရှေ့ဆောင်နေတတ်ပါတယ်၊ ကုသိုလ် ပြုပြီးနောက် အပရစေတနာအခိုက်တွင်လဲ ပြုမိတာ မှားလေခြင်း–စသည်ဖြင့် နှလုံး မသာမယာ ဖြစ်လာတတ်ပါတယ်။

ဒီကုသိုလ်မျိုးကတော့ ရှေ့မှာရော နောက်မှာပါ အကုသိုလ်တွေခြုံရံကာ ပါဝင် နေတဲ့အတွက် များစွာအားမရှိလှပါ၊ ယုတ်ညံ့အောက်ကျတဲ့ သြမကသာ ဖြစ်လာရ ပါတယ်၊ နဂိုက တိဟိတ်ဖြစ်ရင် တိဟိတ်သြမက–တိဟိတ်အောက်တန်းစားကုသိုလ်, ဒွိဟိတ်ဖြစ်ရင် ဒွိဟိတ်သြမက–ဒွိဟိတ်အောက်တန်းစားကုသိုလ် ဖြစ်ပါတယ်။

ကုသိုလ် ၄–မျိုးနှင့် ပဋိသန္ဓေ ၃–မျိုး

၁။ တိဟိတ်ဉာက္ကဋ္ဌကုသိုလ် = တိဟိတ်ပဋိသန္ဓေ,
၂။ တိဟိတ်သြမကကုသိုလ်
၃။ ဒွိဟိတ်ဉာက္ကဋ္ဌကုသိုလ် } = ဒွိဟိတ်ပဋိသန္ဓေ,
၄။ ဒွိဟိတ်သြမကကုသိုလ် = အဟိတ်ကုသလဝိပါက်ပဋိသန္ဓေ–

ဒီလို ကုသိုလ် ၄–မျိုးကြောင့် ပဋိသန္ဓေ ၃–မျိုး ဖြစ်လာရပါတယ်။

တိဟိတ်ဉာက္ကဋ္ဌကုသိုလ်ကံကြောင့် လူပြည်နှင့် နတ်ပြည် ၆–ထပ်မှာ မဟာ ဝိပါက်ဉာဏသမ္မယုတ်စိတ် ၄–ပါးထဲက တစ်ပါးပါးနဲ့ ပဋိသန္ဓေနေရတဲ့ တိဟိတ် ပုဂ္ဂိုလ် ဖြစ်ရပါတယ်၊ ဒီလိုတိဟိတ်ပုဂ္ဂိုလ်မျိုးဖြစ်မှသာ ပဋိသန္ဓေကပင် အသိဉာဏ် ပါလာသူဖြစ်တဲ့အတွက် မိတ်ဆွေကောင်းနှင့်တွေ့ရလို့ တရားအားထုတ်ရင် မဂ်, ဖိုလ်ကိုလဲ ရနိုင်ပါတယ်၊ ဈာန်အဘိညာဉ်ကိုလဲ ရနိုင်ပါတယ်၊ ဒါ့ကြောင့် တိဟိတ် ဉာက္ကဋ္ဌကုသိုလ်ဖြစ်အောင် လူတတ်မှသာ အကျိုးရှိပါတယ်။

တိဟိတ်သြမကကုသိုလ်နှင့် ဒွိဟိတ်ဉာက္ကဋ္ဌကုသိုလ်ကံကြောင့် လူပြည်နှင့် နတ်ပြည် ၆–ထပ်မှာ မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄–ပါးထဲက တစ်ပါးပါးနဲ့ ပဋိသန္ဓေနေရတဲ့ ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်ရပါတယ်၊ ဒီဒွိဟိတ်ပုဂ္ဂိုလ်က ပဋိသန္ဓေကပင် အသိဉာဏ်ပါမလာတဲ့အတွက် မိတ်ဆွေကောင်းနှင့်တွေ့ရလို့ တရားအားထုတ်ပေမယ့် မဂ်ဖိုလ်ကိုလဲ မရနိုင်ပါ၊ ဈာန်အဘိညာဉ်ကိုလဲ မရနိုင်ပါ၊ အခြေခံပါရမီကုသိုလ်မျှသာ ဖြစ်နိုင်ပါတယ်၊ အင်မတန်အောက်တန်းကျသွားပါတော့တယ်၊ ဒါ့ကြောင့် ဒီတိဟိတ် သြမကကုသိုလ်နှင့် ဒွိဟိတ်ဉာက္ကဋ္ဌကုသိုလ်ဟာ တကယ်အားကိုးလောက်တဲ့ကုသိုလ် မဟုတ်ပါ။

ဒွိဟိတ်သြမကကုသိုလ်ကံကြောင့် အထက်နတ်ပြည်မှာ မဖြစ်နိုင်တော့ပါ၊ ဘုမ္မစိုး နတ်ကြီးတွေကို မှီခိုကပ်ရပ်နေထိုင်ကြရတဲ့ ဝိနိပါတိကအသုရာခေါ်တဲ့ နတ်သေး

http://www.dhammadownload.com

နတ်မွား နတ်အငယ်စားသာ ဖြစ်နိုင်ပါတယ်၊ လူလဲဖြစ်နိုင်ပါတယ်၊ အဲဒီလို ဖြစ်လာတဲ့အခါမှာ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေရတဲ့ သုဂတိအဟိတ်ပုဂ္ဂိုလ် ဖြစ်လာရပါတယ်၊ ဒီသုဂတိအဟိတ်ပုဂ္ဂိုလ်မျိုးဟာ ပဋိသန္ဓေကပင် မျက်စိကန်းသူ, နားပင်းသူ, ဆွံ့အသူ, လူစင်မမိသူတွေ ဖြစ်လာတတ်ပါတယ်၊ အတိုင်းထက်အလွန် အောက်တန်းကျသွားကြပါတယ်၊ ဒါ့ကြောင့် ကုသိုလ်ပြုတဲ့အခါ ဒီဒွိဟိတ်ဩမကကုသိုလ်မျိုး မဖြစ်ရအောင် အထူးသတိထားသင့်ကြပါတယ်။

ယုတ်လတ်မြတ်ပြား ဒါနများ

ဒီဒါနဟာ ဟီနဒါန-အညံ့စားအလှူ, မဇ္ဈိမဒါန-အလတ်စားအလှူ, ပဏီတဒါန-အထက်တန်းစားအလှူ-လို့ ၃-မျိုး ရှိပါသေးတယ်၊ မိမိ သုံးဆောင်စားသောက်တာလောက်မကောင်းတဲ့ အဝတ်အစား-စသည်ကို လှူရင် ဟီန(ယုတ်ညံ့တဲ့)ဒါန မည်ပါတယ်၊ မိမိ သုံးဆောင်စားသောက်တဲ့ပစ္စည်းနှင့် တန်းတူဖြစ်တဲ့ အဝတ်အစား-စသည်ကို လှူရင် မဇ္ဈိမ(အလတ်စား)ဒါနမည်ပါတယ်၊ မိမိသုံးဆောင်စားသောက်တဲ့ ပစ္စည်းထက်သာတဲ့ အဝတ်အစား-စသည်ကို လှူရင် ပဏီတ(မွန်မြတ်တဲ့)ဒါန မည်ပါတယ်။

ဒီဒါန ၃-မျိုးကိုပဲ ဒါသဒါန, သဟာယဒါန, သာမိဒါန-လို့လဲ ခေါ်ပါတယ်၊ ပြောပြလာခဲ့တဲ့ ဟီနဒါနကိုပဲ ဒါသဒါန-လို့ ခေါ်ပါတယ်၊ ကျွန်အနေမျိုးဖြစ်တဲ့ အောက်တန်းစားအလှူ-လို့ ဆိုလိုပါတယ်၊ ရှေ့က ပြောပြလာခဲ့တဲ့ မဇ္ဈိမဒါနကိုတော့ သဟာယဒါန-လို့ ခေါ်ပါတယ်၊ မိတ်ဆွေသူငယ်ချင်းမျိုးဖြစ်တဲ့ အလတ်စားအလှူ-လို့ ဆိုလိုပါတယ်၊ ပဏီတဒါနကိုတော့ သာမိဒါန-လို့ ခေါ်ပါတယ်၊ အရှင်သခင်မျိုးဖြစ်တဲ့ အထက်တန်းစားအလှူ-လို့ ဆိုလိုပါတယ်။

တစ်နည်းအားဖြင့် ပြောရမယ်-ဆိုပါရင် စေတနာရဲ့ ယုဉ်ဘက်ဖြစ်တဲ့ ဆန္ဒ, စိတ်, ဝီရိယ, ပညာ-တို့က ခပ်ညံ့ညံ့ ဖြစ်နေရင် ဟီနဒါန-မည်ပါတယ်၊ ဆန္ဒ-စသည်တို့က အလတ်စားဖြစ်နေရင် မဇ္ဈိမဒါန-မည်ပါတယ်၊ ဆန္ဒ-စသည်တို့က ထက်ထက်သန်သန်ဖြစ်နေရင် ပဏီတဒါနမည်ပါတယ်။

နောက်တစ်နည်း ပြောရမယ်ဆိုရင်- အခြံအရံအကျော်အစောကို လိုလားလို့ (ကျောင်းဒကာ, ဘုရားဒကာ, အလှူဒကာ-ဆိုတဲ့ ဂုဏ်ကို လိုလားလို့) ပြုလုပ်တဲ့ဒါနက ဟီနဒါနမည်ပါတယ်၊ ကောင်းမှုအကျိုးကို ရလိုလို့ ပြုလုပ်တဲ့ဒါနက မဇ္ဈိမဒါနမည်ပါတယ်၊ အကျိုးကို မမျှော်ဘဲ ဒါန-ဆိုတာဟာ သူတော်ကောင်းတွေရဲ့ အလုပ်ပဲ-ဆိုတဲ့ သဘောနဲ့ ပြုလုပ်တဲ့ဒါနက ပဏီတဒါနမည်ပါတယ်။

http://www.dhammadownload.com

ဒါ့အပြင် မိမိကိုချီးမွှောက်လို့, သူတစ်ပါးကို နှိမ့်ချလိုတဲ့စိတ်မျိုးမကင်းတဲ့ ဒါနဟာ(ကြွားလိုဝါလိုလို့ လှူတဲ့ဒါနဟာ) တိနဒါနမည်ပါတယ်၊ အဆိုပါစိတ်မျိုး မရှိတဲ့ လောကီချမ်းသာကို ဆောင်တလို့လှူတဲ့ဒါနဟာ မဇ္ဈိမဒါနမည်ပါတယ်၊ မင်္ဂိုလ် ချမ်းသာကို ဆောင်တလို့လှူတဲ့ဒါနဟာ ပဏီတဒါနမည်ပါတယ်၊ ဒီလိုလဲ တစ်နည်း ခွဲသင့်ပါသေးတယ်။

ဒါ့အပြင် ဘဝစည်းစိမ်ကို ဆောင်တလို့လှူရင် ဟီနဒါနမည်ပါတယ်၊ မိမိရဲ့ သံသရာမှလွတ်မြောက်ရေးကို မြော်ကိုးလို့လှူရင် မဇ္ဈိမဒါနမည်ပါတယ်၊ သတ္တဝါ တွေရဲ့ လွတ်မြောက်ရေးအတွက် ဘုရားဆုကိုတောင်းလို့ ပါရမီမြှောက်လှူရင် ပဏီတ ဒါနမည်ပါတယ်၊ ဒီလိုလဲ တစ်နည်းခွဲသင့်ပါသေးတယ်။

ဒါတွေကတော့ စိတ်ထားကိုလိုက်လို့ တစ်မျိုးထက်တစ်မျိုး မြတ်တဲ့ဒါနတွေပဲ ဖြစ်ပါတယ်၊ သီလ–စတဲ့ ကုသိုလ်ကောင်းမှုတွေလဲ စိတ်ထားကိုလိုက်ပြီး ဒီလို ကွဲပြားနိုင်ပါတယ်၊ သို့ဖြစ်၍ ကုသိုလ်ကောင်းမှုပြုလုပ်တိုင်း ပဏီတကုသိုလ်မျိုး ဖြစ်အောင် ပြုလုပ်သင့်ပါတယ်။

ဝတ္ထုဒါနအဖြာ

အန္နဒါန= အစာအာဟာရအလှူ, ပါနဒါန= သောက်ဖွယ်အဖျော်အလှူ, ဝတ္ထဒါန= အဝတ်သင်္ကန်းအလှူ, ယာနဒါန= ဖိနပ်–စတဲ့ ယာဉ်အလှူ, မာလာဒါန= ပန်းအလှူ, ဂန္ဓဒါန= နံ့သာတုံးနံ့သာခဲ အလှူ, ဝိလေပနဒါန= နံ့သာရည် နံ့သာပျော်း အရောင်တင်ဆေးအလှူ, သေယျာဒါန= ခုတင် ကုလားထိုင် အိပ်ရာနေရာအလှူ၊, အာဝသက ဒါန= ဓရုပ် တန်ဆောင်း ကျောင်း ပြာသာဒ်အလှူ, ပဒီပေယျဒါန= မီးထွန်းစရာဆီ, ဖယောင်းတိုင် အလှူ–

ဒါတွေက သုတ္တန်ပါဠိတော်နည်း–အားဖြင့် ဒါနဝတ္ထု ၁၀–ခုတို့ပဲ ဖြစ်ကြပါတယ်။ [၁]

ရူပဒါန= အဆင်းအလှူ, သဒ္ဒဒါန= အသံအလှူ, ဂန္ဓဒါန= အနံ့အလှူ, ရသဒါန= အရသာအလှူ, ဖောဋ္ဌဗ္ဗဒါန= အတွေ့အထိ အလှူ, ဓမ္မဒါန= ဓမ္မာရုံအလှူ–

ဒါတွေကတော့ အဘိဓမ္မာဒေသနာတော်နည်း–အားဖြင့် ဒါနဝတ္ထု ၆–ခုတို့ပဲ ဖြစ်ကြပါတယ်။

၁။ ဣတိ၊ ၄၂၀။

http://www.dhammadownload.com

စီဝရဒါန=သင်္ကန်းအလှူ, ပိဏ္ဍပါတဒါန= ဆွမ်းအလှူ, သေနာသနဒါန= ကျောင်းအလှူ, ဘေသဇ္ဇဒါန= ဆေးအလှူ–

ဒါတွေကတော့ ဝိနည်းဒေသနာတော်အလို ဒါနဝတ္ထုတွေပဲ ဖြစ်ကြပါတယ်။

အကျဉ်းအားဖြင့် ဒါန ၃-မျိုး

၁။ အာမိသဒါန= အပေါ်ကပြောလာခဲ့တဲ့ ဆွမ်း–အစရှိတဲ့ လှူဖွယ်ဝတ္ထု အမျိုးမျိုးကို ပေးလှူမှု၊

၂။ ဓမ္မဒါန= ဒီဘဝ, နောင်ဘဝတွေမှာ ဆင်းရဲကင်းပြီး ချမ်းသာခြင်းကို ရွက်ဆောင်နိုင်တဲ့ ဘုရားဟောကြား မြတ်တရားကို သူတစ်ပါးတို့ရဲ့ အကျိုးစီးပွားကို လိုလားတဲ့အတွက် ဟောပြောပို့ချမှု။

လာဘ= လှူဖွယ်ဝတ္ထုပစ္စည်းစု, သက္ကာရ= ဒကာဒကာမတို့ ရိုသေလေးမြတ်မှု, ယသ= ခြွေရံပရိသတ်, သိလောက= ကျော်စောသတင်း နာမည်ကြီးခြင်း–

ဒါတွေကို မတောင့်တဘဲ သတ္တဝါအများရဲ့ စီးပွားချမ်းသာအလို့ငှာ တကယ် ဖြူစင်တဲ့ စိတ်စေတနာနဲ့ ဟောပြောပို့ချခြင်းကိုသာ ဓမ္မဒါန= တရားအလှူ–လို့ ဆိုသင့်ပါတယ်၊ ဒီဓမ္မဒါနက အာမိသဒါနထက် အထက်တန်းကျပါတယ်၊ မွန်မြတ်ပါတယ်၊ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။ [၁]

လှူဖွယ်ဝတ္ထု ပစ္စည်း–စသည်တွေကို တောင့်တပြီး ဟောပြောနေရင်း တစ်ရံတစ်ခါ စိတ်ကောင်းစေတနာကောင်း ပေါ်လာရင် ဓမ္မဒါန= တရားအလှူကုသိုလ် မရဘူး–လို့တော့ မပြောလိုပါ၊ အပြစ်ကင်းတဲ့ လက်မှုပညာ, နှုတ်မှုပညာနှင့် ပိဒုကတ် ကျမ်းစာအကြောင်းအရာတို့ကို ဟောပြောပို့ချမှုကိုလဲ ဓမ္မဒါန= တရားအလှူ–လို့ပဲ ဆိုသင့်ပါတယ်။

ဒီဓမ္မဒါနကတော့ အနက်ကို ထိုးထွင်းသိမြင်ခြင်း အစရှိတဲ့ ဂုဏ်တွေကို ရခြင်းရဲ့ အနီးကပ်ဆုံးအကြောင်း ဖြစ်နေတဲ့အတွက် မဂ်လာ(ကြီးပွားချမ်းသာရေး) မည်ပါတယ်။

မိမိကြားနာသင်ယူထားတဲ့အတိုင်း သူတစ်ပါးတို့အား တရားကို အကျယ် ဟောပြောတဲ့ရဟန်းဟာ အဲဒီလို ဟောပြောရင်းပဲ အဲဒီတရားမှာ အနက်ကိုလဲ ထိုးထွင်းလို့ သိတယ်၊ သဒ္ဒါကိုလဲ ထိုးထွင်းလို့ သိတယ်၊ အဲဒီလို သိလာတဲ့ရဟန်းမှာ ဝမ်းမြောက်မှုဖြစ်လာတယ်၊ ဝမ်းမြောက်လို့ရှိရင် နှစ်သိမ့်မှု ဖြစ်လာတယ်၊ နှစ်သိမ့်လို့ရှိရင် ကိုယ်ငြိမ်းအေးလာတယ်၊ ကိုယ်ငြိမ်းအေးလို့

---

http://www.dhammadownload.com

ရှိရင် ချမ်းသာကို ခံစားရတယ်၊ ချမ်းသာကိုခံစားရလို့ရှိရင် စိတ်တည်ကြည်လာပါတော့တယ်။ [၁]

ဒီလိုလဲ ဗုဒ္ဓမြတ်စွာက ဟောတော်မူထားပါတယ်။

သံဃိကဒါန အလှူခံပုဂ္ဂိုလ်နှင့်စပ်လို့လဲ ဒါနကို သံဃိကဒါန, ပုဂ္ဂလိကဒါန-လို့ ၂-မျိုး ခွဲနိုင်ပါတယ်၊ သံဃာ-ဆိုတဲ့ ပါဠိစကားကို မြန်မာလို "အပေါင်း (အဖွဲ့အစည်း)လို့ ဖွင့်ဆိုကြပါတယ်၊ ဒါပေမယ့် အများအားဖြင့် ဘုရားသားတော်, သမီးတော်များဖြစ်ကြတဲ့ ဘိက္ခု, ဘိက္ခုနီတွေရဲ့ အဖွဲ့အစည်းကိုသာ "သံဃာ" လို့ ခေါ်ပါတယ်၊ သို့ဖြစ်စေကာမူ ယခုခေတ်မှာတော့ ဘိက္ခုနီတွေ မရှိတော့တဲ့အတွက် ဘိက္ခုသံဃာ ရဟန်းအဖွဲ့အစည်းမျှကိုသာ ပြောပြပါတော့မယ်၊ ဘိက္ခုသံဃာ (ရဟန်းအဖွဲ့အစည်း)ကို ရည်မှန်းလို့ လှူဒါန်းတဲ့ ဒါနဟာ သံဃိကဒါနမည်ပါတယ်။

ဆွမ်းတစ်အုပ်ကိုပဲဖြစ်ဖြစ်, သင်္ကန်းတစ်စုံကိုပဲဖြစ်ဖြစ် သာသနာတော်တွင်းမှာ ရှိသမျှ သံဃာ့အဖွဲ့အစည်းကို ရည်မှန်းလှူဒါန်းရင် အထက်တန်းစား ရဟန္တာရော, အောက်တန်းစား ပုထုဇဉ်ရဟန်းရော သာသနာတော်တစ်ရပ်လုံးမှာ ရှိနေသမျှ ရဟန်းအကုန်လုံးနှင့် သက်ဆိုင်ပါတယ်၊ ဒါပေမယ့် အဲဒီသံဃာအကုန်လုံးကို ရည်မှန်းလှူဒါန်းထားတဲ့ ဝတ္ထုပစ္စည်းကို သာသနာတော်တစ်ခုလုံးမှာ ရှိနေသမျှ ရဟန်းတော်များအား ဝေဖန်စရာ မလိုပါ၊ အဲဒီသံဃိကပစ္စည်းကို တွေ့ကြုံနေတဲ့ ရဟန်းတော်များကသာ ဝေဖန်ဂဲ့ သုံးစွဲစားသောက်နိုင်ခွင့် ရှိကြပါတယ်။

သံဃာကိုစိတ်ညွတ်မှ သံဃိကမြောက် သံဃိကဒါနလှူဒါန်းတဲ့အခါမှာ ပုဂ္ဂိုလ်စွဲ, ကျောင်းတိုက်စွဲကို ဖယ်ခွာထားပါ၊ မိမိရဲ့စိတ်ကို သာသနာတွင်းမှာ ရှိနေသမျှ သံဃာအကုန်လုံးသို့ ညွတ်စေပါ၊ ဒီလို သံဃာအကုန်လုံးသို့ ညွတ်စေနိုင်မှသာ သံဃိကအစစ် ဖြစ်နိုင်ပါတယ်။

နှုတ်ကသာ "သံဃသ ဒေမိ-သံဃာတော်အား လှူပါတယ်"လို့ ဆိုနေပေမယ့် စိတ်ကတော့ ကိုယ်ကြည်ညိုနေတဲ့ကျောင်းတိုက်သံဃာ, ကိုယ်ကြည်ညိုနေတဲ့ ရဟန်းကိုသာ ပေးလှူလိုရင် သံဃိကအစစ် မဖြစ်တော့ပါ၊ အဲဒီလို ကျောင်းတိုက်နှင့် ပုဂ္ဂိုလ်ကို ခွဲခြားမှုမပြုဘဲ သံဃာအားလုံးကို တကယ်ရည်စူးနိုင်မှသာ သံဃိကဒါနအစစ် ဖြစ်နိုင်ပါတယ်။

မြန်မာနိုင်ငံမှာ သာသနာတော် ယနေ့အထိ စည်ကားပြန့်ပွားစွာ တည်ရှိနေတာဟာ ဗုဒ္ဓမြတ်စွာ သာသနာကို ကြည်ညိုရင်းစွဲရှိနေကြတဲ့ ဒကာဒကာမတွေက

၁။ အံ-၂။ ၁၈။

http://www.dhammadownload.com

တစ်ပါးတစ်ဖွန်း နေ့စဉ်လောင်းလှူနေတဲ့ ဆွမ်းကို အမှီပြုလို့ တည်ရှိနေတာဖြစ်တယ်လို့ပြောရင် မှားမယ်မထင်ပါ၊ မြန်မာနိုင်ငံတွင်းမှာ ရှိနေသမျှ သံဃာတော်များဟာ ကိုရင်ကလေးကအစ သာသနာ့ဥစ္စာသွောင် ထိပ်ခေါင်တင်ဆရာတော်ဘုရားများအထိ တစ်ပါးတစ်ဖွန်း လောင်းလှူတဲ့ဆွမ်းကို မဘဉ်းပေးဘူးတဲ့ ပုဂ္ဂိုလ်လို့ မရှိနိုင်ပါ။

သာသနာမျိုးဆက် ကိုရင်ကလေးတွေနှင့် ရဟန်းငယ်များက တစ်ပါးတစ်ဖွန်း လောင်းလှူတဲ့ဆွမ်းကို ခံယူဘဉ်းပေးစားသောက်ကာ မိမိတို့စွမ်းအားအလျောက် ပရိယတ်,ပဋိပတ်ကို ကြိုးစားအားထုတ်နေကြပါတယ်၊ သာသနာ့ထိပ်ခေါင်တင် ဆရာတော်ကြီးများနှင့် ကျောင်းထိုင်ဘုန်းတော်ကြီးများ, စာချဘုန်းကြီးများကလဲ အလားတူပဲ ခံယူဘဉ်းပေးစားသောက်အားထုတ်လာကြလို့ ယခုလက်ရှိ အခြေအနေကို ရောက်ရှိလာကြရပါတယ်။

ဒါ့ကြောင့် မြို့တိုင်း, ရွာတိုင်းမှာ သဒ္ဓါတရားထက်သန်စွာနဲ့ နေ့စဉ်ဆွမ်းလောင်းလှူနေကြတဲ့ ဒကာဒကာမတွေဟာ သာသနာတော်စည်ကားပြန့်ပွားအောင် မြေတောင်မြှောက်ပေးသူတွေပဲ ဖြစ်ကြပါတယ်၊ သူတို့မြေတောင်မြှောက်ပေးသလောက်လဲ မြန်မာနိုင်ငံတော်အတွင်းမှာ သာသနာ့ဝန်ထမ်း ရဟန်းကောင်းအဆက်ဆက် ပေါ်ထွက်လို့ သာသနာတော်စည်ပင်ပြန့်ပွားနေသည်မှာ လူတိုင်းမျက်မြင် အထင်အရှားပဲ ဖြစ်ပါတယ်။

သို့ဖြစ်သည်အားလျော်စွာ တစ်ပါးတစ်ဖွန်းလောင်းလှူပြီး သာသနာပြုနေကြတဲ့ ဒကာဒကာမတွေက ဆွမ်းလောင်းဖို့ရာ ပြင်ဆင်တဲ့အခါမှာ ငါ့ကိုရင်, ငါဦးပဉ္စင်းအစရှိတဲ့အစွဲကို ပယ်ရှားပြီး ဒီဆွမ်းနှင့်ဒီဟင်းကို သံဃာတော်အား ပေးလှူပါတယ်–လို့ နှုတ်ကလဲရွတ်, စိတ်ကလဲညွတ်ပါစေ၊ ဒီလို လှူတတ်ရင် ဆွမ်းလောင်းလှူရာမှာလဲ နေ့စဉ်သံယိုက ဖြစ်နိုင်ပါတယ်။

တစ်ပါးတည်းဖြစ်ပေမယ့် ပင့်တတ်က သံယိုက

ဆွမ်းကျွေးလိုရင် နီးရာကျောင်းတိုက်ကိုသွားပြီး နက်ဖြန် တပည့်တော်တို့အိမ်မှာ ဆွမ်းဆက်ကပ်လှူဒါန်းလိုပါတယ်၊ သံဃာတော်ထဲမှ တစ်ပါး (၂–ပါး, ၃–ပါး–စသည် အလိုရှိသလောက်) နံနက်(–)နာရီအချိန် ကြွရောက်ချီးမြှောက်တော်မူပါ–လို့ လျှောက်ထားရမယ်၊ ဆရာတော်နှင့်တကွ, ဘုန်းကြီးနှင့်တကွ–စတဲ့ စကားမျိုးကို ထည့်သွင်းလျှောက်ထားမှု မပြုရ၊ နောက်တစ်နေ့မှာ ဆွမ်းနှင့်ဆွမ်းဟင်းများ ချက်ပြုတ်နေတုန်းကပင် သတိရတိုင်း သံဃာအားလှူပါတယ်, သံဃာအားလှူပါတယ်–လို့ နှုတ်ကလဲရွတ်, စိတ်ကလဲညွတ်နေပါစေ။

http://www.dhammadownload.com

အချိန်ကျလို့ ကြွလာတဲ့ပုဂ္ဂိုလ်က တော်စွလျော်စွ ဟန်မရတဲ့ ပုဂ္ဂိုလ်ဖြစ်နေပေမယ့် စိတ်မပျက်ပါနှင့်၊ ငါက သူ့ကိုလှူတာမဟုတ်၊ သံဃာကိုလှူတာသာဖြစ်တယ်–လို့ သတိထားပြီး ပြုမူဆက်ဆံပါ၊ သံဃာအားရိသေသလို ရိသေလေးစားပါ။

ဆရာတော်ကြွလာရင်လဲ ထူးလို့ဝမ်းမသာပါနှင့်၊ ဆရာတော်အား ဆွမ်းကပ်လှူတာမဟုတ်၊ ဆရာတော်ပါဝင်တဲ့ သံဃာတော်ကို ကပ်လှူတာသာ ဖြစ်တယ်–လို့ သံဃာကိုသာ အာရုံပြုပါ၊ အဲဒီလို သံဃာမှာ စိတ်ညွတ်နိုင်ရင် သံဃာကညွှန်ပြလို့ ရတဲ့ တစ်ပါး, ၂–ပါးကို လှူရာမှာလဲ သံဃိကအစစ် ဖြစ်နိုင်ပါတယ်။

ပုဂ္ဂလိကဒါန အလှူခံတစ်ပါး, ၂–ပါး, ၃–ပါး–စသည်တို့ကို သီးခြားရွေးချယ်လှူဒါန်းတဲ့ အလှူမျိုးဖြစ်ပါက အလှူခံပုဂ္ဂိုလ်က ဘယ်လောက်များများ သံဃာကို မရည်စူးဘဲ ပုဂ္ဂိုလ်ကိုသာ ရည်စူးတဲ့အတွက် သံဃိကဒါန မဖြစ်ပါ၊ ပုဂ္ဂလိကဒါနသာ ဖြစ်ပါတယ်။

ဒါန ၂–မျိုး အကျိုးပေးကွာ သံဃိကလှူဒါန်းရာမှာ ရဟန္တာအရှင်မြတ်များလဲ သံဃာ့အဖွဲ့ထဲမှာ ပါဝင်နိုင်ပါတယ်၊ ပုဂ္ဂလိကဒါန ပြုလုပ်ရာမှာတော့ သံဃိကလှူဒါန်းရာမှာလို ရဟန္တာပုဂ္ဂိုလ် ပါချင်မှပါပါ့မယ်၊ ပါလာပေမယ့် သံဃိကဒါနမှာလောက် အရေအတွက်များနိုင်စရာ မရှိပါ၊ သံဃိကလှူရာမှာ အကျင့်အကောင်းဆုံး ပုဂ္ဂိုလ်များကိုလဲ လှူရာရောက်ပါတယ်၊ ပုဂ္ဂလိကဒါနမှာတော့ အတော်ကြီးရွေးချယ်နိုင်မှသာ သင့်တင့်တဲ့ပုဂ္ဂိုလ်ကို ရနိုင်စရာ ရှိပါတယ်၊ ဒါ့ကြောင့် ဘယ်အခါမှာမဆို ဘုရား, ပစ္စေကဗုဒ္ဓါမဟုတ်တဲ့= ဘုရား, ပစ္စေကဗုဒ္ဓါမပါတဲ့ ပုဂ္ဂလိကဒါနထက် သံဃိကဒါနက အကျိုးပေးသာပါတယ်။

ပစ္စေကဗုဒ္ဓါများရဲ့ ဒါနတရား [၁]

လှူရန်–တန်းရန်, ကြဲစည်ပြန့်, လှူခံကောင်းစွာ ရွေးကြပါ၊
နည်းနည်းများများ, ပေးလှူငြား, အားထားကိုးကွယ်ရာ။

ဒီနေရာမှာ အလှူဒါနနှင့်စပ်လို့ မှတ်သားစရာ ဇာတ်ဝတ္ထုတစ်ခုကို ပြောပြပါဦးမယ်။

ရှေးအခါက ကာသိတိုင်း ရောရုဝမြို့မှာ ရောရုဝမင်းက တရားနှင့်အညီ မင်းပြုနေပါတယ်၊ ပြည်သူတွေရဲ့ မိဘအရာမှာတည်ပြီး ကြီးကျယ်တဲ့ အလှူဒါနကို ပေးလှူနေပါတယ်၊ အဲဒီမင်းရဲ့ သမုဒ္ဒဝိဇယာ–ဆိုတဲ့ မိဖုရားကြီးဟာ အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသူ ဖြစ်ပါတယ်။

၁။ ဇာတ်–၄–၃၊ ၄၄၆။

http://www.dhammadownload.com

ရောရုဝမင်းရဲ့အလှူမဏ္ဍပ်မှာ သီလမရှိတဲ့ လျှပ်ပေါ်လော်လီသူတွေကသာ လာရောက်စားသောက်နေကြပါတယ်၊ ဒါကို သူက မနှစ်သက်လှပါ၊ သူက သီလရှိတဲ့ ပစ္စေကဗုဒ္ဓါတို့ကိုသာ ပေးလှူလိုပါတယ်၊ ဒါပေမယ့် ပစ္စေကဗုဒ္ဓါတို့ကို ဘယ်လိုပင့်ရမယ်ဆိုတာကို သူက မကြဲတတ်အောင် ဖြစ်နေပါတယ်၊ ဒီအကြောင်းကို မိဖုရားကြီးအား ပြောပြပါတယ်။

"အရှင်မင်းမြတ် ! ဘာမှမပူပါနှင့်၊ ကျွန်ုပ်တို့ရဲ့ ပေးလှူမယ့် အလှူစွမ်းအား, သီလစွမ်းအား, သစ္စာစွမ်းအားနဲ့ ပန်းတွေကိုစေလွှတ်ပြီး ပစ္စေကဗုဒ္ဓါတွေကို ပင့်လို့ ပစ္စေကဗုဒ္ဓါတွေ ကြွလာတဲ့အခါ ပရိက္ခရာစုံအလှူကို လှူကြစို့ရဲ့"လို့ မိဖုရားကြီးက အကြံပေးပါတယ်။

ရောရုဝမင်းက သဘောတူလက်ခံပြီး "မြို့သူမြို့သားအကုန်လုံးက သီလဆောက်တည်ကြရမယ်"လို့ မြို့တွင်းကို လှည့်လည်ကြေညာခိုင်းလိုက်ပါတယ်၊ မိမိကိုယ်တိုင်လဲ ခြွေရံပရိသတ်နှင့်အတူ ဥပုသ်ဆောက်တည်ပါတယ်၊ များပြားလှတဲ့ လှူဖွယ်ဝတ္ထုတွေကိုလဲ စီမံထားပါတယ်။

အဲဒီလို အဆင်သင့်စီမံထားပြီးမှ မြတ်လေးပန်းအပြည့်ထည့်ထားတဲ့ ရွှေပန်းကလပ်ကို ယူစေပြီး မင်းရင်ပြင်ကို ဆင်းသွားပါတယ်၊ တည်ခြင်း ၅-ပါးနဲ့ အရှေ့မျက်နှာကို ရှိခိုးပြီး "အရှေ့အရပ်မှာရှိနေတဲ့ ရဟန္တာတွေကို ရှိခိုးပါတယ်၊ အကျွန်ုပ်တို့မှာ ဝဏ်ကျေးဇူးတစ်စုံတစ်ရာ ရှိနေပါရင် တပည့်တော်တို့အား သနားချီးမြှောက်တဲ့အနေနဲ့ တပည့်တော်တို့ရဲ့ဆွမ်းကို ကြွရောက်အလှူခံတော်မူကြပါ"လို့ ပြောဆိုကာ ပန်း ၇-ဆုပ်တို့ကို ပစ်လွှတ်လိုက်ပါတယ်၊ အရှေ့အရပ်မှာ ပစ္စေကဗုဒ္ဓါတွေ မရှိတဲ့အတွက် နောက်တစ်နေ့မှာ တစ်ပါးမျှ ကြွမလာကြပါ။

ဒုတိယနေ့မှာ တောင်မျက်နှာအရပ်ကို ရှိခိုးပါတယ်၊ တောင်မျက်နှာအရပ်ကလဲ ကြွမလာကြပါ၊ တတိယနေ့မှာ အနောက်မျက်နှာကို ရှိခိုးပါတယ်၊ အနောက်မျက်နှာကလဲ ကြွမလာကြပါ၊ စတုတ္ထနေ့ကျတော့ မြောက်အရပ်မျက်နှာကို ရှိခိုးပါတယ်၊ "မြောက်အရပ် ဟိမဝန္တာမှာ နေကြတဲ့ ပစ္စေကဗုဒ္ဓါတွေက တပည့်တော်တို့ရဲ့ဆွမ်းကို ကြွလာခံယူတော်မူကြပါ"လို့ ပန်း ၇-ဆုပ်တို့ကို ပစ်လွှတ်လိုက်ပါတယ်၊ ပန်းတွေက သွားပြီး နန္ဒမူလိုဏ်မှာ သီတင်းသုံးနေထိုင်တော်မူကြတဲ့ ပစ္စေကဗုဒ္ဓါ ငါးရာတို့ရဲ့အပေါ်မှာ ကျပါတယ်။

နောက်တစ်နေ့မှာ အမျှားသဘောအရ ပစ္စေကဗုဒ္ဓါ ၇-ဆူတို့က ကောင်းကင်ခရီးက ကြွလာတော်မူကြပြီး မင်းနန်းတော်တံခါးမှာ သက်ဆင်းကြပါတယ်၊ ပစ္စေက

http://www.dhammadownload.com

ဗုဒ္ဓါတို့ကို တွေ့ရတဲ့အခါ ရှင်ဘုရင်က ဝမ်းမြောက်ဝမ်းသာ ရှိခိုးပြီး နန်းတော်အပေါ်ထပ်ကို ပင့်တင်သွားပါတယ်၊ ကြီးမြတ်သော ပူဇော်သက္ကာရကို ပြုလုပ်ပြီး ဆွမ်းဆက်ကပ်လှူဒါန်းပါတယ်၊ ဆွမ်းကိစ္စပြီးတဲ့အခါ နောက်ထပ် ၆-ရက် ဆက်ကာ ဆက်ကာ ကြွလာချီးမြှောက်ရန်လဲ ပင့်ဖိတ်ထားပါတယ်။

၇-ရက်မြောက်နေ့မှာ ပရိက္ခရာစုံအလှူကို စီမံထားပါတယ်၊ ရတနာ ၇-ပါး စီချယ်ထားတဲ့ ခုတင်,ကုလားထိုင်ကို ခင်းပြီး တိစီဝရိတ်အစရှိတဲ့ သင်္ကန်းအသုံးအဆောင်တို့ကို ပစ္စေကဗုဒ္ဓါ ၇-ဆူတို့ရဲ့ အနားမှာ ထားပြီး တပည့်တော်တို့က ဒီပရိက္ခရာတွေကို အရှင်ဘုရားတို့အား လှူဒါန်းပါတယ်-လို့ လျှောက်ထားလျက် ဆွမ်းကိစ္စအဆုံးမှာ မင်းနှင့်မိဖုရား ၂-ဦးလုံးတို့က လက်အုပ်ချီမိုး ရှိခိုးကာ ရပ်နေကြပါတယ်။

အဲဒီအချိန်မှာ သံဃာ့ထေရ်(အကြီးဆုံးပစ္စေကဗုဒ္ဓါ)က မင်းနှင့်မိဖုရားတို့အား အနုမောဒနာတရား ဟောကြားပါတယ်။-

> ၁။ အိမ်ကိုမီးလောင်ရင် ထုတ်ယူထားတဲ့ ပစ္စည်းဥစ္စာက အိမ်ပိုင်ရှင်အတွက် သုံးစရာဖြစ်ပါတယ်၊ မီးထဲကို ပါသွားတဲ့ ပစ္စည်းဥစ္စာက အိမ်ပိုင်ရှင်အတွက် သုံးစွဲစရာ မဖြစ်တော့ပါ၊ ဒီအတိုင်းပဲ လူအပေါင်းကို အိုခြင်း-ဆိုတဲ့မီး, သေခြင်း-ဆိုတဲ့မီး,(၁၁-ပါးသောမီး)တွေက စွဲလောင်နေကြပါတယ်၊ အဲဒီလို မီးလောင်ခံနေရတဲ့ ကိုယ်ခန္ဓာက အလှူဝတ္ထုကို စွန့်ကြဲပေးကမ်းလှူဒါန်းကြောင်းစေတနာနဲ့ ထုတ်ယူထားရမှာပဲ၊ နည်းနည်းများများ ပေးလှူထားတဲ့ အရာဝတ္ထုကသာ ကိုယ့်အတွက် ကောင်းစွာထုတ်ယူပြီး မည်ပါတယ်။ (အဲဒီပေးလှူထားတဲ့ အရာဝတ္ထုကသာ ကိုယ့်အတွက် အသုံးဝင်ပါတယ်။)

ဒီလိုသံဃာ့ထေရ်က အနုမောဒနာပြုပြီး ကောင်းကင်ခရီးက နန္ဒမူလိဏ်ကို ကြွသွားပါတယ်၊ သူကိုလှူဒါန်းထားတဲ့ ပရိက္ခရာတွေလဲ အတူလိုက်ပါသွားပြီး နန္ဒမူလိဏ်မှာပဲ ကျပါတယ်၊ ဘုရင်နှင့်မိဖုရားတို့ရဲ့ တစ်ကိုယ်လုံးကတော့ ပီတိနဲ့ပြည့်နှက်လို့သာ နေပါတော့တယ်။

မထေရ်ကြီး ကြွသွားပြီးတဲ့အခါ ကျန်တဲ့ ပစ္စေကဗုဒ္ဓါတွေကလဲ အသီးအသီး သြဝါဒပေးကြပါတယ်။

> ၂။ ကြိုးကြိုးစားစား တရားရအောင်အားထုတ်ထားတဲ့ပုဂ္ဂိုလ်, အားထုတ်နေဆဲပုဂ္ဂိုလ်အား ထကြွလှုံ့လဲရိုးယနဲ့ တရားသဖြင့် ရှာဖွေရထားတဲ့ ဥစ္စာကို လှူဒါန်းတဲ့သူဟာ ယမမင်းရဲ့ အာဏာပျံ့နှံ့ရာ ငရဲရွာကို လွန်မြောက်ပြီး နတ်ပြည်နတ်ရွာကို ရောက်ရပါတယ်။

http://www.dhammadownload.com

၃။ ကုန်မှာကြောက်တဲ့ လူက မပေးလှူနိုင်၊ သေမှာကြောက်တဲ့ လူက စစ်မတိုက်နိုင်၊ သေသေကျေကျေ အသက်ကို စွန့်ထားသူကသာ စစ်တိုက်နိုင်ပါတယ်၊ ပစ္စည်းဥစ္စာမှာ တွယ်တာမှုကို စွန့်လွှတ်ထားသူကသာ ပေးလှူနိုင်ပါတယ်၊ ဒါ့ကြောင့်ပဲ အလှူဒါနနှင့် စစ်တိုက်တာကို တူတယ်–လို့ ဆိုကြပါတယ်၊ ရဲစွမ်းသတ္တိ ရှိသူတွေက နည်းပင်နည်းစေကာမူ များသော သူတို့ကို အောင်နိုင်ကြပါတယ်၊ အလားတူပဲ စွန့်ကြဲပေးကမ်း လှူဒါန်းတဲ့ စေတနာက နည်းပင်နည်းစေကာမူ များပြားတဲ့ ဝန်တိုစိတ်နှင့် လောဘ–စတဲ့ ကိလေသာ အရှုပ်အထွေးတွေကို အောင်နိုင်ပါတယ်၊ လှူဖွယ်ဝတ္ထုက နည်းပင်နည်းစေကာမူ ကံနှင့်ကံရဲ့အကျိုးကို ယုံကြည်သူက ပေးလှူနိုင်ပါတယ်၊ အဲဒီလို အနည်းငယ်မျှသော လှူဖွယ်ဝတ္ထုကို စွန့်လွှတ်ပေးကမ်း လှူဒါန်းတဲ့ အတွက် အဲဒီအလှူရှင်ပုဂ္ဂိုလ်က တမလွန်ဘဝမှာ ချမ်းသာသုခကို ရနိုင်ပါတယ်။

၄။ တော်ရိလျော်ရိ အလှူဝတ္ထုမျိုးကို မလှူဒါန်းဘဲ အကောင်းဆုံးကို ရွေးချယ်လှူဒါန်းမှု, တော်စွလျော်စွ ပုဂ္ဂိုလ်အား မလှူဒါန်းဘဲ သီလ–စတဲ့ ဂုဏ်နှင့်ပြည့်စုံတဲ့ ပုဂ္ဂိုလ်အား ရွေးချယ်လှူဒါန်းမှု–ကို ဘုရားရှင်တွေက ချီးမွမ်းကြပါတယ်၊ ဒီလောကမှာ ဘုရားအစရှိသော မြတ်တဲ့အလှူခံပုဂ္ဂိုလ်တို့အား ပေးလှူထားတဲ့ အလှူတွေဟာ လယ်ကောင်းယာကောင်းမှာ စိုက်ပျိုးထားတဲ့ မျိုးစေ့တွေလို ကြီးမားသောအကျိုး ရှိကြပါတယ်။

၅။ သက်ရှိသတ္တဝါကို မညှဉ်းဆဲဘဲ ကျင့်သူဟာ သူတစ်ပါး စွပ်စွဲမှုကို ကြောက်တဲ့အတွက် မကောင်းမှုကို မပြုပါ၊ သူတစ်ပါး စွပ်စွဲမှုကို ကြောက်တဲ့သူကို ပညာရှိတွေက ချီးမွမ်းကြပါတယ်၊ တကယ်ပဲ သူတော်ကောင်းတွေက သူတစ်ပါး စွပ်စွဲမှုကို ကြောက်တဲ့အတွက် မကောင်းမှုကို မပြုကြပါ။

၆။ သီလနှင့်ပြည့်စုံသူရဲ့ နတ်ပြည်တစ်ခုခုကို တောင့်တလို့ကျင့်တဲ့ အကျင့်ဟာ ယုတ်ညံ့တဲ့အကျင့်မည်ပါတယ်၊ အဲဒီယုတ်ညံ့တဲ့အကျင့်ကြောင့် မင်းမျိုးမှာ ဖြစ်ရတတ်ပါတယ်၊ သီလရှိသူရဲ့ စျာန်သမာပတ်ကို ဖြစ်စေခြင်းဟာ အလတ်စားအကျင့် မည်ပါတယ်၊ အဲဒီအလတ်စားအကျင့်ကြောင့် ဗြဟ္မာ့ပြည်ကို ရောက်ရပါတယ်၊ စင်ကြယ်တဲ့သီလရှိသူရဲ့ သီလမှာတည်ကာ ဝိပဿနာကို ပွားများပြီး အရဟတ္တဖိုလ်ကို ရရှိခြင်းဟာ မြတ်တဲ့အကျင့် မည်ပါတယ်၊ အဲဒီမြတ်တဲ့အကျင့်ကြောင့် စင်ကြယ်ရပါတယ်။

http://www.dhammadownload.com

၇။ မဟာရာဇာ ! တကယ်ပဲ ဒါနကို အများအပြား ချီးမွမ်းသင့်ပါတယ်၊ ဒါပေမယ့် သမထဝိပဿနာနှင့် နိဗ္ဗာန်–ဆိုတဲ့ တရားအစုကသာ ပိုလွန်မွန်မြတ်ပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ရွေးရွေးသော ပညာရှိသူတော်ကောင်းတွေဟာ သမထဝိပဿနာကိုပွားများပြီး နိဗ္ဗာန်ကို ရသွားကြတဲ့အတွက်ကြောင့်ပါပဲ။

ဒီလိုပဏ္ဍာကဗုဒ္ဓါအရှင်မြတ်များက အနုမောဒနာတရားနဲ့ သေခြင်းကင်းရာ မြင့်မြတ်တဲ့ နိဗ္ဗာန်ကို ချီးကျူးပြီး မင်းနှင့်မိဖုရားကို အပွမာဒတရားနဲ့ ဆုံးမသြဝါဒ ပေးထားခဲ့ပါတယ်၊ ထို့နောက် သံဃာ့ထေရ်အလား မိမိတို့ရဲ့နေရာဌာနကို အသီးအသီး ကြွသွားကြပါတယ်။

မင်းလဲ မိဖုရားနှင့်အတူ အလှူဒါနကို ပေးလှူနေပါတယ်၊ အဲဒီဘဝက စုတေတဲ့အခါ နတ်ရွာကို ရောက်ကြရပါတယ်။

"ဆရာမ–မမြင့်မြင့်ဝေက ဒီဝတ္ထုရဲ့ အနှစ်သာရကို ထုတ်နုတ်ပြောပြပါဦး"။

"၁။ အိုခြင်း–စတဲ့ မီးတွေက လောင်ကျွမ်းနေတဲ့ ခန္ဓာအိမ်ထဲက စွန့်ကြဲပေးကမ်းလှူဒါန်းမှုနဲ့ ထုတ်ယူထားတဲ့ ဝတ္ထုတွေကသာ ကိုယ့်အတွက် ဖြစ်ပါတယ်။

၂။ တရားအားထုတ်ပြီးပုဂ္ဂိုလ်, အားထုတ်ဆဲပုဂ္ဂိုလ်တွေကို လှူဒါန်းတဲ့ ဒါနက နတ်ပြည်ရောက်ကြောင်း ဖြစ်ပါတယ်။

၃။ စစ်တိုက်ရာမှာ ကိုယ်နှင့် အသက်ကို စွန့်ထားနိုင်သူတွေကသာ နည်းပေမယ့် များတဲ့သူတွေကို နိုင်သလို အလှူဒါနပြုလုပ်ရာမှာလဲ ပစ္စည်းဥစ္စာကို စွန့်လွှတ်နိုင်သူကသာ ပစ္စည်းဥစ္စာနည်းပေမယ့် များပြားလှတဲ့ ဝန်တိုစိတ်နှင့် လောဘ–စတဲ့ ကိလေသာတွေကို အောင်နိုင်ပြီး လှူဒါန်းပေးကမ်းနိုင်ပါတယ်။

၄။ ရွေးချယ်ပြီး အကောင်းဆုံးပုဂ္ဂိုလ်အား အကောင်းဆုံးဝတ္ထုကို ပေးလှူမှုက ကြီးမြတ်တဲ့အကျိုး ရှိပါတယ်။

၅။ တကယ့်သူတော်ကောင်းတွေက သူတစ်ပါးစွပ်စွဲမှုကို ကြောက်ကြတဲ့အတွက် မကောင်းမှုကို မပြုကြပါဘူး။

၆။ သီလပြည့်စုံသူရဲ့ နတ်ပြည်ကိုတောင့်တလို့ကျင့်တဲ့အကျင့်က အောက်တန်းစားအကျင့်, ဈာန်ရအောင်ကျင့်တဲ့အကျင့်က အလတ်တန်းစားအကျင့်ဖြစ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ရအောင်ကျင့်တဲ့အကျင့်က အထက်တန်းစားအကျင့် ဖြစ်တယ်။

http://www.dhammadownload.com

၇။ ဒါနကို ချီးမွမ်းသင့်ပေမယ့် နိဗ္ဗာန်ကိုရစေနိုင်တဲ့အတွက် သမထ ဝိပဿနာကသာ ဒါနထက် ပိုမြတ်ပါတယ်။

ဒါတွေဟာ ဒီဝတ္ထုရဲ့ အနှစ်သာရ ဖြစ်ပါတယ်"။

ရှေးဆရာများရဲ့ အဆိုအမိန့်

အန္နံ ပါနံ ဃရံ ဝတ္ထံ, ယာနံ မာလံ ဝိလေပနံ, ဂန္ဓော သေယ္ယော ပဒီပေါစ, ဒသဝတ္ထု, ကောင်းမှုဟူသည်, အလှူကံကျွေး,[၁] ပေးရခြင်းသည်, တစ်ပါးမည်၏။

ဒီလိုပဲ မုံရွေးဆရာတော်က ဒါနမင်္ဂလာရဲ့ သဘောအဓိပ္ပာယ်ကို မိန့်ဆိုဖွင့်ပြထားပါတယ်။

အဓိပ္ပာယ် ထမင်း, အဖျော်, အိမ်, အဝတ်, ယာဉ်, ပန်း, နံ့သာပျောင်း, နံ့သာ, အိပ်ရာနေရာ, ဆီမီး–ဆိုတဲ့ အလှူဝတ္ထု ၁၀–ခုတို့ကို ကောင်းမှု–ဆိုတဲ့ အလှူကံကျွေး ချပေးခြင်း–(နောင်ဘဝသံသရာအကျိုးအတွက် ရည်ရွယ် ပေးလှူခြင်း)ဟာ ဒါနမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

နောင်သံသရာ, မျိုးရိုးကွာကား, လေးဖြာပုံပြု, ဥစ္စာစုကို, စားမှုသောက်ရန်, သုံးပုံချန်၍, ကျန်တစ်ပုံကို, မဂ်ဖိုလ်ရွယ်ချူ, လှူလတ်တုံ့ရှောင်း။ [၂]

ဥစ္စာလက်ထုတ်, ပေးကမ်းယုတ်က, လဆုတ်နောက်သိမ်, လေတိုက်တိမ်သို့, စည်းစိမ်ခြွေရံ, ကင်းဝေးလံ၍, ကျော်သံ မတက်, သတင်းပျက်၏။ [၃]

ဒါန၏အကျိုးမှာ, ဥစ္စာစီးပွား ပေါများပြည့်စုံလျှံ, ကောင်းကျိုးခံလျက် နိဗ္ဗာန်သို့ ရောက်ရာ၏။ [၄]

ဒါနသီလ, ပြုခွင့်ရ, လုံ့လကြိုးပမ်းခဲရမည်၊
ဒါနပြုခါ, ဒေါသခွာ, မေတ္တာစိတ်ဝင် နုရမည်။ [၅]

[ကံနှင့်အကျိုး, နားလည်ရိုး, ဉာဏ်မျိုးပါရမည်၊
ရှေ့နောက်နှစ်ရပ်, ကုသိုလ်ညှပ်, ကြပ်ကြပ်သတိပြုရမည်။]

၁။ ကံကျွေး= နောင်ဘဝအကျိုးအတွက် ရည်ရွယ်ပြုလုပ်သော ကောင်းမှု။
၂။ သုတမဉ္ဇူသာ–၃၈။ ၃။ ဩဝါဒထူး–၃၀။
၄။ လုံးတော်ဆရာတော်။ ၅။ သုတရတနာ။

http://www.dhammadownload.com

အောက်ထက်ပေါ်ယယ်, ဥစ္စာကြွယ်လျက်, ငြိတွယ်ရမ္မက်, မလျှရက်မှု, ပြက်ပြက်ပျယ်ပျယ်, ကဲ့ရဲ့ဖွယ်တည့်။ [၁]

ပေးကမ်းခြင်းသည်, လူတို့ ပြည်ဝယ်, ချစ်ကြည်စေလို, မျက်ချစ်သျှိုတည့်, ဝန်တိုသမြို့, နှစ်မလို၍, မုန်းဘို့ဆောင်သည်, လက်ဖွဲ့မည်၏၊ ချစ်ကြည်ဘွယ်လို, ပေးကမ်းချိမှု, အသိအထင်, ခုမျက်မြင်နှင့်, နောင်သင်္ဘာ, ဆက်များစွာပင်, ရံကာခြွေရွေ, ပေါတတ်စေ၏၊ မဏ္ဍပိတ်ဆီး, ဝန်တိုကြီးမှု, အထီးကပွနာ, ကြွင်းကျန်ရာလိမ့်။ [၂]

ဥစ္စာရတနာ ကုံထံကြွယ်ဝ ပြည့်စုံသည်မှန်စေ၊ လူဒါန်းပေးကမ်း စွန့်ကြဲခဲသည်။ [၃]

ဒါနသီလအကျိုးအပြစ်ကို အသိအမြင် အသင်အကြားရှိသည်မှန်စေ၊ ကျင့်ဆောင်နိုင်ခဲသည်။ [၄]

အပေးရှိမှ အဖော်ရသည်၊ အရေးရှိမှ အကျော်ရသည်။ [၅]

ဆရာကိုချစ်စေလိုသော် ဆည်းကပ်၊ အရပ်ကိုချစ်စေလိုသော် ပေးကမ်း။ [၆]

နောင်သံသရာ, ရိက္ခာအတူ, ကံကျွေးဟူသည်, အလှူဆိုက, မဆုတ်ကြွနှင့်, ရဲလှပါစေ၊ တံစက်အောက်တွင်, ခံသောက်အိုးတန်, ကျဖန်များက, ပြည့်ငြားသည်သာ, ထုံးဟောင်းစာကို ထောက်ပါလေ။ [၇]

ဖုန်းတောင်းယာစကာ, ခံရောက်လာသော်, သဒ္ဓါသုံးဝ, ထက်လှစေ၊ ပေးစွန့်ကြဲသည်, လူရဲစေ။ [၈]

သဒ္ဓါမရှေး, မပေးမလှူ, မုန်းဆေးဟူ၏၊ ပေးလှူတတ်သော်, ချစ်ဆေးကျော်တည်း၊ လူ့ဘော်ဌာန, ဤလောကဌ်, စိတ်ကကြည်စွာ, စေတနာနှင့်, သဒ္ဓါဝမ်းတွင်း, ပေးကမ်းခြင်းကား, ရခြင်းထက်သာ, ဝမ်းမြောက်စွာသည်, မင်္ဂလာလွန်မြတ်, ဖြစ်သတတ်ရှင့်။ [၁]

ဒီလိုလဲ မိန့်ဆိုကြပါသေးတယ်။

၁၆။ ဓမ္မစရိယာစ

[ဓမ္မ–ကုသလကမ္မပထတရား ၁၀–ပါး+စရိယာ–ကျင့်ခြင်း။] ကုသလကမ္မပထ(သုဂတိသွားလမ်း ကုသိုလ်ကောင်းမှု)တရား ၁၀–ပါးကို ကျင့်ခြင်းပဲ ဓမ္မစရိယမည်ပါတယ်၊ အဲဒီကုသလကမ္မပထတရား ၁၀–ပါးကို ကောင်းတဲ့အကျင့် ဖြစ်တဲ့အတွက် သုစရိုက်တရား ၁၀–ပါးလို့လဲ ခေါ်ပါတယ်။

၁။ ဩဝါဒထူး–၃၄။ ၂။ သားရွေ့–၂၄။ ၃။ ပေါက္ကံမောင်ချို။
၄။ ရှင်မဟာရဋ္ဌသာရ။ ၅။ မဃဒေဝ–၂၅၄။

http://www.dhammadownload.com

ကိုယ်နဲ့ တရားမျှတမှုကို ပြုကျင့်ခြင်း ၃-ပါး၊ နှုတ်နဲ့ တရားမျှတမှုကို ပြောဆိုခြင်း ၄-ပါး၊ စိတ်နဲ့ တရားမျှတမှုကို ကြံစည်ခြင်း ၃-ပါး= ပေါင်း ၁၀-ပါးကိုပဲ ကုသလကမ္မပထတရား ၁၀-ပါးလို့ ခေါ်ပါတယ်။ [၁]

ကိုယ်နဲ့ တရားမျှတမှုကို ပြုကျင့်ခြင်း ၃-ပါး

၁။ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သနားကြင်နာတတ်ခြင်း၊ သတ္တဝါအကုန်လုံးရဲ့ အစီးအပွားကို လိုလားနေထိုင်ခြင်း၊

၂။ ပိုင်ရှင်မပေးတဲ့ဥစ္စာကို ခိုးယူမှုမှ ရှောင်ကြဉ်ခြင်း၊ ဘယ်မှာတွေ့တွေ့ သူ့ဥစ္စာကို ခိုးလိုသောစိတ်နဲ့ မယူခြင်း၊

၃။ ကာမမှုတို့မှာ မှားမှားယွင်းယွင်းကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အစောင့်အရှောက်ရှိတဲ့မိန်းမ, ကာမပိုင်ရှိတဲ့မိန်းမတွေကို မကျူးလွန် မပြစ်မှားခြင်း။

ကိုယ်နဲ့ တရားမျှတမှုကို ပြုကျင့်ခြင်း ၃-ပါးဆိုတာက ဒါတွေပဲ ဖြစ်ပါတယ်။

နှုတ်နဲ့ တရားမျှတမှုကို ပြောဆိုခြင်း ၄-ပါး

၁။ မဟုတ်မမှန်ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် သက်သေအနေနဲ့ ခေါ်ယူမေးမြန်းရင် မသိတာကို မသိ-လို့ ပြောခြင်း၊ သိတာကို သိတယ်-လို့ ပြောဆိုခြင်း၊ မမြင်တာကို မမြင်-လို့ ပြောဆိုခြင်း၊ မြင်တာကို မြင်တယ်-လို့ ပြောဆိုခြင်း၊ ဒီလို ကိုယ့်အတွက်ကြောင့်ပဲဖြစ်ဖြစ်, တံစိုးလက်ဆောင်အတွက်ကြောင့်ပဲဖြစ်ဖြစ် သိလျက် မုသားမပြောခြင်း။

၂။ ရန်တိုက်စကား ပြောကြားခြင်းမှ ရှောင်ကြဉ်ခြင်း၊ အချင်းချင်းကွဲပြားအောင် တစ်ဦးထံက ကြားတဲ့စကားကို အခြားတစ်ဦးအား မပြောကြားခြင်း၊ ညီညွတ်စေ့စပ်ရေးစကားမျိုးကိုသာ ပြောဆိုခြင်း။

၃။ မကြားကောင်း မနာသာ ကြမ်းတမ်းယုတ်မာသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ အပြစ်ကင်းပြီး နှစ်လိုဖွယ်ရှိတဲ့ စကားမျိုးကိုသာ ပြောဆိုခြင်း။

၄။ အသားမပါ သေးနုတ်တဲ့စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ အကျိုးနှင့်စပ်တဲ့စကားကိုသာ ပြောဆိုလေ့ရှိခြင်း၊ တရားနှင့်စပ်တဲ့စကား, အဆုံးအမနှင့်စပ်တဲ့စကားကိုသာ ပြောဆိုလေ့ရှိခြင်း၊ သင့်တော်တဲ့အခါမှာ ကျိုးကြောင်းဆီလျော်တဲ့ မှတ်သားလောက်သော စကားမျိုးကိုသာ ပြောဆိုခြင်း။

နှုတ်နဲ့ တရားမျှတမှုကို ပြောဆိုခြင်း ၄-ပါးဆိုတာက ဒါတွေပဲ ဖြစ်ကြပါတယ်။

၁။ ပဏ်-၁၊ ၁၅၇။

http://www.dhammadownload.com

စိတ်နဲ့ တရားမျှတမှုကို ကြံစည်ခြင်း ၃-ပါး

၁။ သူများဥစ္စာကို ကိုယ့်ဥစ္စာဖြစ်ရန် မကြံစည်ခြင်း၊ ဒီလူဥစ္စာဟာ ငါ့ဥစ္စာ ဖြစ်ရင် ကောင်းမှာပဲ-လို့ ရှေးရှုမကြံစည်ခြင်း၊

၂။ သူ့ကိုပျက်စီးစေလိုတဲ့စိတ် မရှိခြင်း၊ လုံးစုံများစွာ, သတ္တဝါ, ဘေးကွာ ရန်မာန်ကင်းပါစေ၊ ကြောင့်ကြခပ်သိမ်း, အေးငြိမ်းကြပါစေ၊ ဆင်းရဲ ခပ်သိမ်း, အေးငြိမ်းကြပါစေ၊ ချမ်းသာကိုယ်စိတ် မြဲကြပါစေ-လို့ မပျက်စီး စေလိုသော စိတ်အကြံအစည် ရှိခြင်း။

၃။ မှန်သောအယူ ရှိခြင်း၊ ပေးလှူခြင်းရဲ့အကျိုး ရှိတယ်၊ ပူဇော်ခြင်းရဲ့ အကျိုး ရှိတယ်၊ ကောင်းမှု-မကောင်းမှုရဲ့အကျိုး ရှိတယ်၊ ဒီလောက ရှိတယ်၊ တမလွန်လောက ရှိတယ်၊ အမိကျေးဇူး ရှိတယ်၊ အဖကျေးဇူး ရှိတယ်၊ သေလို့တစ်ဖန်ပြန်ဖြစ်တဲ့ သတ္တဝါတွေ ရှိတယ်၊ ဒီလောကကိုရော, တစ်ပါးသောလောကကိုရော ကိုယ်တိုင် ထူးတဲ့ဉာဏ်နဲ့သိပြီး မျက်မှောက် ပြုကာ ဟောပြောနိုင်တဲ့, မှန်ကန်ညီညွတ်သောအကျင့် ရှိကြတဲ့ ရဟန်း သူတော်ကောင်းတွေ လောကမှာ ရှိနေကြတယ်-လို့ မဖောက်ပြန်တဲ့ အမြင်ရှိခြင်း။

စိတ်နဲ့တရားမျှတမှုကို ကြံစည်ခြင်း ၃-ပါးဆိုတာက ဒါတွေပဲဖြစ်ကြပါတယ်။

ဒီတရားမျှတမှုကို ပြုကျင့်ခြင်းကြောင့် ဒီလောကမှာ အချို့သော သတ္တဝါတွေက ခန္ဓာပျက်ကျေ သေပြီးသည်မှနောက် နတ်ပြည်ကို ရောက်ကြရပါတယ်။

ဒီတရားမျှတမှုကို ပြုကျင့်လေ့ရှိသူတွေက အလိုရှိခဲ့ပါရင် သေပြီးသည့်နောက် မင်းမျိုးမှာလဲ ဖြစ်နိုင်ပါတယ်၊ များသောဥစ္စာရှိတဲ့ သူဌေးသူကြွယ်မျိုးမှာလဲ ဖြစ်နိုင် ပါတယ်၊ စာတုမဟာရာဇ်, တာဝတိံသာအစရှိတဲ့ နတ်ပြည် ၆-ထပ်နှင့် ဗြဟ္မာ့ပြည် မှာလဲ ဖြစ်နိုင်ပါတယ်၊ အလိုရှိခဲ့လို့ရှိရင် အာသဝေါကင်းကွာ ရဟန္တာဖြစ်နိုင်စရာ အကြောင်းလဲ ရှိပါတယ်။

ဒီလို ဗုဒ္ဓမြတ်စွာက ဟောတော်မူထားပါတယ်၊ ဒီဘုရားဟော စကားတော်ကိုပဲ အထောက်အထားပြုလို့ အဋ္ဌကထာဆရာက "ကုသလကမ္မပထတရား ၁၀-ပါးကို ကျင့်ခြင်းပဲ ဓမ္မစရိယာ မည်ပါတယ်"လို့ မိန့်ဆိုထားပါတယ်။

ဒီတရားကျင့်ခြင်းဟာ နတ်ပြည်မှာဖြစ်ရခြင်းရဲ့အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာ (ကြီးပွားချမ်းသာရေး) မည်ပါတယ်-လို့လဲ အဋ္ဌကထာဆရာက မိန့်ဆိုထားပြန်တယ်၊ ဒါပေမယ့် အဋ္ဌကထာဆရာကိုယ်တိုင် ကိုးကားထားတဲ့ပါဠိတော်မှာပဲ "အလိုရှိလို့

http://www.dhammadownload.com

ရှိရင် အာသဓေါကင်းကွာ ရဟန္တာဖြစ်နိုင်စရာအကြောင်း ရှိတယ်" ဆိုတဲ့ စကားကို ထောက်ပါက တရားကျင့်ခြင်းဟာ ဒီဘဝကြီးပွားချမ်းသာခြင်းရဲ့ အကြောင်းလဲ ဖြစ်နိုင်ပါတယ်–ဆိုတဲ့ သဘောဟာ ထင်ရှားလှပါတယ်။

တရားစောင့်သူကို တရားကပြန်စောင့် ၁

မျိုးနွယ်သီလ, စောင့်တုံက, ငယ်ကသေရိုး မရှိပါ၊
သုစရိုက်ဆယ်ပါး, မြတ်တရား, စောင့်ထားသက်ရှည်လာ။

ဒီအကြောင်း ထင်ရှားအောင် ဝတ္ထုတစ်ပုဒ် ပြောပြပါဦးမယ်။

ရှေးအခါက ကာသိတိုင်း ဓမ္မပါလရွာမှာ ဓမ္မပါလ–ဆိုတဲ့ ပုဏ္ဏားတစ်ယောက် ရှိနေပါတယ်၊ ကုသလကမ္မပထတရား ၁၀–ပါးကို စောင့်ရှောက်တဲ့အတွက် သူ့ကို ဓမ္မပါလ–လို့ ခေါ်ကြပါတယ်၊ အဲဒီဓမ္မပါလရဲ့ အမျိုးအနွယ်မှာ အစေခံအိမ်ဖော် အလုပ်သမားတွေကတောင်မှ အလှူဒါနပေးလှူကြပါတယ်၊ သီလစောင့်ထိန်းကြပါတယ်၊ ဥပုသ်စောင့်သုံးမှုကိုလဲ ပြုကြပါတယ်။

အဲဒီဓမ္မပါလမှာ သားတစ်ယောက် ရှိပါတယ်၊ သူ့ကို ဓမ္မပါလ–လို့ပဲ အမည်ပေးထားပါတယ်၊ ပညာသင်ချိန်ရောက်တဲ့အခါ ဓမ္မပါလကလေးကို အဖေဖြစ်သူ မဟာဓမ္မပါလက ငွေတစ်ထောင်ပေးပြီး တက္ကသိုလ်မြို့ကို ပညာသင်လွှတ်လိုက်ပါတယ်၊ ဓမ္မပါလက ဒီသာပါမောက္ခဆရာထံမှာ ပညာသင်ရင်း တပည့် ၅၀၀–တို့ရဲ့ ခေါင်းဆောင် တပည့်ကြီးဖြစ်လာပါတယ်။

အဲဒီအချိန်မှာ ဒီသာပါမောက္ခဆရာရဲ့ သားကလေးတစ်ယောက် သေဆုံးသွားပါတယ်၊ ဒီတော့ အကုန်လုံးကပဲ ယူကျုံးမရငိုကြွေးမြည်တမ်းနေကြပါတယ်၊ ဓမ္မပါလကတော့ ငိုကြွေးမြည်တမ်းမှုကိုလဲ မပြုပါ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သေရတယ်–ဆိုတာကိုလဲ မယုံပါ၊ သူတို့အမျိုးမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသူရယ်–လို့ မရှိဘူး–လို့ ပြောပြီး အကျောက်အကန် ငြင်းခုံနေပါတယ်။

ဒီအကြောင်းကို တပည့်တွေက ဆရာအားသွားပြောကြပါတယ်၊ ဆရာကခေါ်ပြီး မေးတော့လဲ ဓမ္မပါလက "ကျွန်တော်တို့အမျိုးမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတယ်–ဆိုတာ မရှိပါဘူး" လို့ပဲ ပြောပြပါတယ်၊ ဒီတော့ ဆရာဖြစ်သူက အတော်အံ့သြသွားပါတယ်၊ ရက်အနည်းငယ်ကြာတဲ့အခါ ဓမ္မပါလအား တပည့်တွေကို လွှဲအပ်ထားခဲ့ပါတယ်၊ သိုးတစ်ကောင်ရဲ့အရိုးကို လွယ်အိတ်ထဲမှာ ထည့်ပြီး နောက်လိုက်

၁။ ဇာတ်–၅–၄၊ ၄၉။

http://www.dhammadownload.com

တပည့်ကလေးတစ်ယောက်နှင့်အတူ တက္ကသိုလ်မြို့က ထွက်လာခဲ့ပါတယ်၊ ဓမ္မပါလရွာကို ရောက်တဲ့အခါ မေးမြန်းစုံစမ်းပြီး မဟာဓမ္မပါလအိမ်ကို သွားပါတယ်။

အိမ်ကို ရောက်တဲ့အခါ အရိုးတွေကို ထုတ်ပြပြီး ခင်ဗျားတို့သား ဓမ္မပါလ သေသွားပြီ–ဆိုတဲ့ အကြောင်းကို ပြောပြတော့ အကုန်လုံးပဲ လက်ခုပ်လက်ဝါးတီးကာ ဝိုင်းအုံရယ်ကြပါတယ်၊ ဘာ့ကြောင့် ရယ်ကြရသလဲ ?–လို့ မေးတော့ ကျွန်တော်တို့ရဲ့ အမျိုးမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတဲ့သူရယ်–လို့ မရှိဘူးပါ၊ ဆရာက ကျွန်တော်တို့ကို ညာနေတာပါ–လို့ ပြန်ပြောကြပါတယ်၊ မည်သူကမှ မယုံပါ။

ခင်ဗျားတို့အမျိုးမှာ ဘာ့ကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြသလဲ ?၊ အဲဒီလို အသက်ရှည်ကြောင်း အကျင့်ကောင်းကို အကျွန်ုပ်အား ပြောပြစမ်းပါ–လို့ တက္ကသိုလ်ဆရာကြီးက မေးတဲ့အခါ မဟာဓမ္မပါလက ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြောင်း အာယုဝဓုနဆေးကောင်းသဖွယ်ဖြစ်တဲ့ ကုသလကမ္မပထတရားတွေကို အကျယ်တဝင့် ရှင်းလင်းပြောပြပါတယ်။

တက္ကသိုလ်ဆရာကြီးကလဲ ဝမ်းမြောက်ဝမ်းသာ စာရွက်ပေါ်မှာ ရေးမှတ်ထားပါတယ်၊ မဟာဓမ္မပါလရဲ့အိမ်မှာ ၂–ရက်, ၃–ရက်နေပြီး တက္ကသိုလ်ကို ပြန်လာခဲ့ပါတယ်၊ တက္ကသိုလ်ကိုရောက်တဲ့အခါ ဓမ္မပါလအား အတတ်အကုန်လုံးကို သင်ပေးပြီး များပြားလှတဲ့ ခြွေရံသင်းပင်းတွေနှင့်အတူ သူ့အဖေထံကို ပြန်လွှတ်လိုက်ပါတယ်။

ကုသလကမ္မပထတရားက ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြောင်း အာယုဝဓုန ဆေးစွမ်းကောင်းသဖွယ် ဖြစ်တယ်–ဆိုတဲ့ စကားကပဲ တရားကျင့်ခြင်းဟာ ဒီဘဝ ချမ်းသာခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာ(ကြီးပွားချမ်းသာရေး) မည်တယ်–ဆိုတဲ့ သဘောကို ထောက်ခံပြီး ဖြစ်နေပါတယ်။

တရားကျင့်ခြင်းအကျိုး ။ ။

သီလပမာ, အားကိုးရာ, လူ့ရွာလွန်ရှားပါး၊
ခဏမျှသာ, သက်စွန့်ကာ, စောင့်ပါချမ်းသာပွား။

ကဿပဘုရားရှင်းရဲ့ သာသနာတော်နောက်ပိုင်းမှာ ယောကျ်ား ငါးရာတို့ ရွာကို လုယက်တိုက်ခိုက် ဖျက်ဆီးမှု အစရှိတဲ့ အလုပ်တွေကို ပြုလုပ်ပြီး အသက်မွေးနေကြပါတယ်၊ ကျေးလက်တောရွာသားတွေက လူစုပြီး သူတို့နောက်ကို လိုက်လာကြပါတယ်၊ သူတို့က ပြေးရင်းလွှားရင်း တောတွင်းတစ်နေရာကို ရောက်လာကြပါတယ်၊ တောတွင်းမှာလဲ အားကိုးအားထားစရာ တစ်စုံတစ်ခုကိုမျှ မတွေ့ကြရပါ၊ ဒါနဲ့ မကြံတတ်တဲ့အဆုံးမှာ တောနေရဟန်းရဟန်းတစ်ပါးကို တွေ့ရတဲ့အတွက်

၁။ ခံ–၄–၂၊ ၃၂၈။

http://www.dhammadownload.com

"အရှင်ဘုရား ! တပည့်တော်တို့ရဲ့ ကိုးကွယ်အားထားရာ ဖြစ်တော်မူပါ"လို့ ရှိခိုးလျှောက်ထားကြပါတယ်။

ဒကာတို့အတွက် သီလနှင့်တူတဲ့ ကိုးကွယ်အားထားရာ မရှိတော့ဘူး၊ အကုန်လုံးပဲ ၅-ပါးသီလကို ဆောက်တည်ကြရမယ်-လို့ ပြောလိုက်တဲ့ မထေရ်ရဲ့စကားကို ကြားရတဲ့အခါ အကုန်လုံးပဲ သဘောတူဝန်ခံပြီး သီလဆောက်တည်ကြပါတယ်၊ သီလဆောက်တည်ပြီးတဲ့အခါ မထေရ်က သူတို့အား ဆုံးမသြဝါဒ ပေးပြန်တယ်။

"ဒကာတို့ဟာ သီလရှိသူတွေ ဖြစ်နေကြပြီ၊ အသက်ဘေးနှင့် တွေ့ကြုံရတောင်မှ သီလကို အပျက်မခံကြနှင့်တော့၊ စိတ်ပြစ်မှားမှုကိုလဲ မပြုကြနှင့်တော့"။

ခိုးသား ၅၀၀-လုံးတို့က မထေရ်ရဲ့သြဝါဒကို လိုက်နာနေထိုင်ကြပါတယ်။

အဲဒီအချိန်မှာပဲ ကျေးလက်တောရွာသားတွေက အဲဒီနေရာကို ရောက်လာကြပါတယ်၊ ဟိုဟိုဒီဒီ လိုက်လံရှာဖွေရင်း ခိုးသူတွေကို တွေ့တယ်ဆိုရင်ပဲ အကုန်လုံးကို သတ်ဖြတ်ထားခဲ့ကြပါတယ်၊ သေသွားတာနှင့်တစ်ပြိုင်နက် နတ်ပြည်မှာ ဖြစ်ကြရပါတယ်၊ ဓားပြဗိုလ်က နတ်သားကြီးဖြစ်နေပါတယ်၊ သူတို့အကုန်လုံးက အစုန်အဆန်အနေနဲ့ ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင်တို့ရဲ့ ကြားကာလ ပတ်လုံး နတ်ပြည်မှာပဲ ကျင်လည်နေခဲ့ရပါတယ်။

ဂေါတမဘုရားရှင်ရဲ့ လက်ထက်ကို ရောက်လာတော့ သူတို့အကုန်လုံးက သာဝတ္ထိမြို့တံခါးအနီး အိမ်ခြေ ၅၀၀-ရှိတဲ့ တံငါရွာကြီးမှာ ဖြစ်လာကြပါတယ်၊ နတ်သားကြီးက တံငါကြီးရဲ့အိမ်မှာ ပဋိသန္ဓေနေပါတယ်၊ ကျန်တဲ့နတ်သားတွေက ကျန်တဲ့ အိမ်တွေမှာ ပဋိသန္ဓေနေကြပါတယ်၊ ဒီလိုပဲ သူတို့အကုန်လုံးက တစ်နေ့တည်းမှာ ပဋိသန္ဓေတည်နေပြီး တစ်နေ့တည်းမှာပဲ မွေးဖွားလာကြပါတယ်။

အရွယ်ရောက်လာလို့ အစဉ်းဆုံး ငါးဖမ်းကြတဲ့နေ့မှာ ထူဆန်းတဲ့ ငါကြီးတစ်ကောင်ကို မိလာကြပါတယ်၊ အဲဒီငါးကို လှေထဲမှာထည့်ပြီး လှေကို မ-ကာကောသလမင်းကြီးထံ ယူသွားကြပါတယ်၊ ကောသလမင်းက ငါးကိုအယူခိုင်းပြီး ဗုဒ္ဓမြတ်စွာထံ သွားပါတယ်၊ အဲဒီငါးကို အကြောင်းပြုပြီး ဗုဒ္ဓမြတ်စွာက တရားဟောတော်မူပါတယ်၊ တရားအဆုံးမှာ တံငါသား ငါးရာလုံး သံဝေဂရလို့ ရဟန်းပြုကြပါတယ်၊ မကြာလှတဲ့ ကာလအတွင်းမှာပဲ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသွားကြပါတယ်။

"ဒီဝတ္ထုက ဘာကို ညွှန်ကြားနေတယ်ဆိုတာကို ဆရာမ-မသန်းဌေးက ပြောပြပါဦး"။

http://www.dhammadownload.com

"နဂိုက ဆိုးညစ်ပေတေနေတဲ့ ခိုးသားဓားပြတွေကတောင်မှ ခေတ္တ ခဏ ၅-ပါးသီလ-ဆိုတဲ့တရားကို ခံယူကျင့်သုံးတဲ့အတွက် သေသွားတာနှင့် တစ်ပြိုင်နက် နတ်ပြည်မှာဖြစ်ပြီး ဘုရား ၂-ဆူတို့ရဲ့ ကြားကာလပတ်လုံး နတ်ပြည်မှာပဲ စုန်ဆန်လူးလာ နတ်စည်းစိမ်ကို ခံစားနေရပါတယ်၊ ဂေါတမ ဘုရားရှင်းရဲ့ လက်ထက်တော်ကို ရောက်လာတော့ လူဖြစ်ပြီး ကျွတ်တန်းဝင် သွားကြပါတယ်။

ဒီတော့ တရားကျင့်တာဟာ ဘယ်လောက်အားရစရာကောင်းသလဲ ?၊ မိမိတို့ရဲ့ ဘဝသံသရာမှာ ကြီးပွားချမ်းသာရေးကို အလိုရှိသူတိုင်း မဖြစ်မနေ တရားကျင့်သင့်ပါတယ်၊ လူတိုင်းလူတိုင်း တရားကျင့်ကြရမယ်-ဆိုတာကို ဒီဝတ္ထုက ညွှန်ပြနေပါတယ်။

သုစရိုက်အကျိုး

ဒါ့အပြင် ကုသလကမ္မပထတရား သို့မဟုတ် သုစရိုက်တရား ၁၀-ပါးကို ပြုကျင့်သူဟာ ကိုယ်နဲ့မရွှေ့ရှား, နှုတ်နဲ့မရွှေ့ရှား, စိတ်နဲ့မရွှေ့ရှား၊ သူရဲ့ကာယကံဟာ ဖြောင့်တယ်၊ ဝစီကံလဲ ဖြောင့်တယ်၊ မနောကံလဲ ဖြောင့်တယ်၊ လားရာဂတိလဲ ဖြောင့်တယ်၊ 'ဘဝမှာ ဖြစ်မှုလဲ ဖြောင့်တယ်။

လားရာဂတိ ဖြောင့်-လို့ ဘဝမှာ ဖြစ်မှုဖြောင့်တဲ့သူဟာ နတ်ပြည်နှင့် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတဲ့ အမျိုးဆိုတဲ့ လာရာဂတိ ၂-မျိုးထဲက တစ်မျိုးမျိုးသော လားရာ ဂတိကို ရောက်ရပါတယ်။

ဒီလို သဘာဝအနေနဲ့ ထင်ရှားရှိတဲ့ကံကြောင့် သတ္တဝါဖြစ်လာရပါတယ်၊ ကိုယ်ပြုတဲ့ ကံကြောင့်ပဲ ဖြစ်လာရပါတယ်၊ အဲဒီလို ဖြစ်လာတဲ့ သတ္တဝါက ကံရဲ့ အကျိုးကို ခံစားရပါတယ်၊ ဒီလိုပဲ သတ္တဝါတွေက ကံရဲ့အမွေခံတွေသာ ဖြစ်ကြရ ပါတယ်။

ဒီလိုလဲ ဗုဒ္ဓမြတ်စွာက ဟောတော်မူထားခဲ့ပါတယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

ငါးမည်သီလ, သုံးဝသုစရိုက်, နှစ်ခြိုက်မှတ်သား, တရားကောင်းမြင့်, ကျင့်ရခြင်းသည်, တစ်ပါးမည်၏။

ဒီလို မုံရွေးဆရာတော်က ဓမ္မစရိယမင်္ဂလာရဲ့ သဘောအဓိပ္ပာယ်ကို ပြဆိုထားပါတယ်။

၁။ အံ-၃၊ ၄၉၆။

http://www.dhammadownload.com

အဓိပ္ပာယ် ၅–ပါး သီလနှင့် ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်– ဆိုတဲ့ သုစရိုက် ၃–ပါး ကောင်းမွန်မြင့်မြတ်တဲ့တရားကို မှတ်သားပြီး နှစ်သက်စွာ ကျင့်ရခြင်းဟာ ဓမ္မစရိယမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

အိပ်ရာဝင်သော်, သုံးအင်္ဂတန္တာ, ဆရာမြတ်လှ, မိနှင့်ဘကို, တုပ်ကွ ရိကျိုး, ရှိခိုးမြောက်ချီ, ပဋ္ဌသီလ, ခံပြီးမှလျှင်, အိပ်ရာဝင်လော့။ [၁]

လင်းစင်မိုးသောက်, နံနက်ရောက်လည်း, လက်မြှောက်ဦးတင်, အိပ်ရာ ဝင်သို့, သန့်စင်အာရုံ, ပြုပြီးတုံမှ, ကိစ္စလိုရာ, ဆောင်ရွက်ရာ၏။ [၁]

ကိုယ်နှင့်လည်းစာ, သတ္တဝါကို, ကြင်နာလှစေ, သူ့အသက်ကို ချစ်ပါလေ။ [၂]

သူ၏ဥစ္စာ, သူ့ဘဏ္ဍာကို, မမေတ္တာမရှေး, သူမပေးက, ဆေးတစ်အိုးမျှ, မယူကြနှင့် ရှောင်ကြလေ။ [၂]

ကာမမိစ္ဆာ, သူ့အိမ်ရာကို, မြင်ခါခဏ, သူသတ်ကြူးသည့်, ဘီလူးမသို့, စိတ်ကမသွေ ထင်မိစေ။ [၂]

သူ့ကိုမမှား, မလှည့်စားနှင့်, စကားစမြည်, မြွက်သည်စစ, ပြောသမျှကို မှန်လှစေ။ [၂]

သေနှင့်အရက်, စီးပွားဖျက်ကို, တစ်စက်ကယ်မှ, မသောက်ကြနှင့်, ရှောင်ကြပါလေ, ရှင်တော်ဟောသည့် အဆိပ်ရေ။ [၂]

အပါယ်လေးပါး, လားမည့်အကြောင်း, မကောင်းမှုမှ, စပ်သမျှကို, ရှောင်ကြ ပါလေ, သေခါထုတ်ချောက်, ငရဲရောက်မည် ရွံ့ကြောက်စေ။ [၂]

ဘုရား–တရား, မြတ်ဖျားသင်္ဃာ, အရိယာကို, မကွာနေ့ည, ဟတ္ထအဠဝီ, မြှောက်ပင့်ချီသည့်, ကိုယ်စီနေ့ည ကိုးကွယ်ကြ။ [၂]

ကိုယ်တွင်ဥစ္စာ, ဝတ်စားဇာမျှ, ရှာကာမရ, ဆင်းရဲလှသော်, အူမ တောင့်မှ, စောင့်လိမ့်သိလ, ဆိုကုန်ကြသို့, ဝမ်းကဝတ်ခါ, မနေသာလျှင်, မိစ္ဆာဇီဝ, ဒုကမ္မကို, ဝမ်းမှဝစေ, ပြုမိချေက, သေလည်းမလွတ်, အပါယ်ဝဋ်တွင်, မချွတ်ဧကန်, ခံရပြန်လိမ့်။

၁။ သုတမဠ္ဍုသာ–၃။ ၂။ ရှင်မဟာရဋ္ဌသာရ။ ၃။ ဥမ္မာဒန္တီ–၈၇။

http://www.dhammadownload.com

ပါဏာတိပါတ်, သက်သတ်ဝင့်ကြွေး, ဆိတ်ငယ်သေးလျက်, အမွေးအမျှ, ခေါင်းပြတ်ရရှင့်၊ အဒိန္နကံ, အနံငယ်နွမ်း, ပုဆိုးကြမ်းကြောင့်, ညစ်ညမ်းစင်စစ်, နတ်ဖြစ်လျက်ကဲ့, အဝတ်မဲ့၏၊ နှုတ်ယွဲ့အလို, မုသားဆိုက, မြေမျိုခွေးစား, ကြီးမားလွန်ကဲ, ဥက္ခောင်းကွဲမျှ, လိမ့်လဲဟိန်းညည်း, လူးလည်းမတည်, ချာချာလည်၏၊ သေရည်သောက်ကြျူး, သည်းခြေဆူးသား, သူရူးအနန္တ, မဆုံးဆနှင့်, စိုးရလူကြီး, မခြီးမြောက်လို, ထင်းမီးတိုသို့, ထိုထိုဘဝ, ဖြစ်မလှဘူး၊ ကာမယုတ်မာ, ကျင့်မိစ္ဆာကား, အင်္ဂါချို့ယုတ်, ပဏ္ဍုက်မိန်းမ, ဘဝည့်ဖျင်း, မိဘရင်းလည်း, ချစ်ခြင်းကွာဝေး, သူမုန်းဆေးတည်း။ [၁]

ဒီလိုလဲ မိန့်ဆိုကြပါသေးတယ်။

၁၇။ ဉာတကာနဥ္စ သင်္ဂဟော

[ဉာတကာနံ–ဆွေမျိုးတို့ကို+သင်္ဂဟော–ချီးမြှောက်ထောက်ပံ့ခြင်း။] မိဘက်ဖဘက် ဆွေ ၇–ဆက်ကို ဆွေမျိုး–လို့ ခေါ်ပါတယ်၊ အဲဒီဆွေမျိုးတွေအား ချီးမြှောက်ထောက်ပံ့မှုကို ဉာတိသင်္ဂဟ–လို့ ခေါ်ပါတယ်။

ဆွေမျိုးတို့ကို ချီးမြှောက်ခြင်း

စီးပွားဥစ္စာပျက်စီ းလို့ပဲဖြစ်ဖြစ်, ရောဂါအနာနှိပ်စက်လို့ပဲဖြစ်ဖြစ် ရပ်ဝေးက ကိုယ့်အနားကို ရောက်လာတဲ့ဆွေမျိုး, ကိုယ့်အနားပတ်ဝန်းကျင်မှာရှိနေတဲ့ဆွေမျိုးတွေကို ကိုယ်တတ်နိုင်သလောက် အဝတ်အစား ဆေးဝါးဓာတ်စာ ဥစ္စာစပါး နေရာထိုင်ခင်း အစရှိတဲ့ ပစ္စည်းတွေနဲ့ပဲဖြစ်ဖြစ်, ချစ်ဖွယ်သာယာ ပြောဆိုခြင်းနဲ့ပဲဖြစ်ဖြစ်, အကျိုးစီးပွားကို ကူညီဆောင်ရွက်ပေးခြင်းနဲ့ပဲဖြစ်ဖြစ်, ကိုယ်နှင့်တန်းတူထားကာ ပေါင်းသင်းဆက်ဆံခြင်းနဲ့ပဲဖြစ်ဖြစ် ကူညီထောက်ပံ့မှုကိုပဲ ဆွေမျိုးတို့အား ကူညီထောက်ပံ့ခြင်း-ဉာတိသင်္ဂဟ–လို့ ဆိုရပါတယ်။

ဒီလို ဆွေမျိုးတွေကို ကူညီထောက်ပံ့တတ်သူဟာ ဆွေမျိုးအသိုင်းအဝိုင်းတွေရဲ့ ချစ်ခင်မြတ်နိုးမှုကိုလဲ ခံရတတ်ပါတယ်၊ ဘေးပတ်ဝန်းကျင်ရဲ့ ချီးမွမ်းမှု, လေးစားမှုကိုလဲ ခံရတတ်ပါတယ်၊ ဒါနဲ့ပဲ အဲဒီလူကို ဆွေမျိုးတွေကရော, ဆွေမျိုးမဟုတ်သူတွေကရော အကုန်လုံးကပဲ လေးစားချစ်ခင်ကြပါတယ်။

ဒီလိုပဲ ဆွေမျိုးတွေကို ကူညီထောက်ပံ့ခြင်းဟာ လူအများရဲ့ လေးစားခင်မင်ချစ်ခင်ခြင်း အစရှိတဲ့ ဒီဘဝအကျိုးစီးပွား, ကောင်းရာသုဂတိသို့ ရောက်ရခြင်း အစရှိတဲ့ နောင်ဘဝအကျိုးစီးပွားတွေကို ရခြင်းရဲ့အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာ (ကြီးပွားချမ်းသာရေး) ဖြစ်ပါတယ်။

၁။ မဃဒေဝ–၂၃၀။

http://www.dhammadownload.com

ဗန္ဓု ၄-မျိုး

ဉာတက, ဉာတိ, ဗန္ဓု, ဗန္ဓဝ-ဆိုတဲ့ ပါဠိသဒ္ဒါတွေကို ဆွေမျိုးအနက်ဟော ပရိယာယ်သဒ္ဒါအနေနဲ့ ပါဠိအဘိဓာန်များမှာ ပြဆိုထားပါတယ်၊ ဒါ့ကြောင့် ကျမ်းဂန်တွေမှာလာတဲ့ ဗန္ဓု ၄-မျိုးကို ပြောပြပါဦးမယ်၊ အဲဒီ ဗန္ဓု ၄-မျိုးဆိုတာဟာလဲ ဆွေမျိုးအပြား ၄-ပါးပဲ ဖြစ်ပါတယ်။

၁။ ဉာတိဗန္ဓု= အမိအဖဆွေမျိုးသားချင်းအပေါင်း,
၂။ ဂေါတ္တဗန္ဓု= မျိုးနွယ်တူသူအပေါင်း,
၃။ မန္တ ဗန္ဓု= ဆရာတူတပည့်အပေါင်းနှင့် နှုတ်မှူပညာ အတူသင်ယူဖူးသူအပေါင်း,
၄။ သိပ္ပဗန္ဓု= စက်မှုလက်မှုပညာသင်ကျောင်းသားကျောင်းသူအပေါင်း-

ဒီလိုပဲ ဗန္ဓု(ဆွေမျိုး) ၄-ပါးကို ခွဲခြားမိန့်ဆိုတော်မူကြပါတယ်။

၁။ အဲဒီထဲမှာပါလာတဲ့ ဉာတိဗန္ဓု-ဆိုတာက ပြောလာခဲ့တဲ့ မိဘက်,ဖဘက် ဆွေ ၇-ဆက်နှင့် အလားတူပဲ ဖြစ်စရာ ရှိပါတယ်၊ ဆွေ ၇-ဆက်မှာလဲ ပါဝင်နိုင်ပါတယ်၊ ဒါ့ကြောင့် အထူးပြောစရာ မလိုတော့ပါ။

၂။ ဂေါတ္တဗန္ဓု-ဆိုတာက ကျယ်ပြန့်လှပါတယ်၊ သွေးသားတော်စပ်နေတဲ့ ကိုယ့်ဆွေမျိုးမျှသာ မဟုတ်ပါဘဲ မျိုးနွယ်တူသူ အကုန်လုံးကိုပဲ ဂေါတ္တဗန္ဓု-လို့ ဆိုသင့်ပါတယ်၊ မျိုးနွယ်တူသူ-ဆိုတာဟာလဲ မြန်မာမျိုးနွယ် တူသူ, တရုပ်မျိုးနွယ် တူသူ, ကုလားမျိုးနွယ် တူသူ-စသောအားဖြင့် ကိုယ့်မျိုးနွယ်တစ်ခုတည်းကိုသာ ကြည့်ရှုခဲ့ကြပါက အလွန်ကျဉ်းမြောင်းရာ ရောက်ပါတယ်၊ လူသားမျိုးနွယ်ချင်းတူသူ လူသားအကုန်လုံးကိုယူမှ ပြည့်ဝစုံလင်စရာ ရှိပါတယ်။

ယခုကာလမှာ ဖွံ့ဖြိုးပြီး တိုင်းကြီးပြည်ကြီးတွေက ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ တိုင်းပြည်တွေကို လူသားချင်း စာနာထောက်ထားတဲ့အနေနဲ့ အကူအညီတွေ ပေးနေကြတာဟာလဲပဲ ဒီဂေါတ္တဗန္ဓုအရ ဆွေမျိုးတွေကို ကူညီထောက်ပံ့ရာ, ဉာတိသင်္ဃမဂ်လာကို လိုက်နာကျင့်သုံးရာ ရောက်ပါတယ်၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက လူသားတွေရဲ့အခွင့်အရေးရအောင်, လူသားတွေ ပညာတတ်အောင်, လူသားတွေ စီးပွားဥစ္စာတိုးတက်အောင်, လူသားတွေ ကျန်းမာသန်စွမ်းအောင် လှုံ့ဆော်ကူညီဆောင်ရွက်ပေးနေတာဟာလဲပဲ ဆွေမျိုးတွေကို ကူညီထောက်ပံ့ရာ, ဉာတိသင်္ဃမဂ်လာကို ပြုလုပ်ရာ ရောက်ပါတယ်။

၁။ မဟာနိ၊ ၉။ ၌၊ ၄၆။

http://www.dhammadownload.com

ဒါ့အပြင် ဒီလောက်ရှည်လျားစွာ ကျင်လည်လာခဲ့ရတဲ့ သံသရာတစ်ခွင်မှာ အမိ-အဖ, ညီ-အစ်ကို, မောင်-နှမ မတော်ဘူးတဲ့သူရယ်လို့ မရှိပါဘူး၊ အားလုံး ဆွေမျိုးတော်စပ်ဖူးသူချည်းသာ ဖြစ်ကြပါတယ်၊[၁] ဒီလို မိန့်ဆိုထားတဲ့ ဘုရားစကား တော်ကို ထောက်ထားပါက သက်ရှိသတ္တဝါ အကုန်လုံးတို့ကို ချီးမြှောက်ထောက်ပံ့တာဟာလဲပဲ ဆွေမျိုးတို့ကို ကူညီထောက်ပံ့ရာ ရောက်တယ်၊ ဉာတိသင်္ဂဟမင်္ဂလာ ဖြစ်တယ်-လို့ ယူပါက အပြည့်စုံဆုံးဖြစ်စရာ ရှိပါတယ်။

၃။ မန္တဇန္တု-ဆိုတာက မြို့မကျောင်းသားဟောင်းများအသင်း, စိန်ပေါ ကျောင်းသားဟောင်းများအသင်း အစရှိတဲ့ ဆရာတူတပည့် အုပ်စုတွေနှင့် ပထဝီကျောင်းသားအသင်း, မြန်မာစာကျောင်းသားအသင်း အစရှိတဲ့ ဝိဇ္ဇာပညာသင်ကျောင်းသားအုပ်စုတွေပဲဖြစ်ပါတယ်၊ ဒီကျောင်းသားအုပ်စုဝင်ချင်း ကူညီထောက်ပံ့တာကိုလဲ ဆွေမျိုးတို့ကို ကူညီထောက်ပံ့တယ်-လို့ပဲ ဆိုသင့်ပါတယ်၊ ဉာတိသင်္ဂဟမင်္ဂလာ ဖြစ်ပါတယ်၊ အသက်အရွယ်ကြီးရင့်လာတဲ့အတွက် ကိုယ်အား ဉာဏ်အားကို အလိုရှိသလို အသုံးမပြုနိုင်တဲ့ စာရေးဆရာကြီးတွေကို ပူဇော်ကန်တော့ ကြတာလဲပဲ ဒီဉာတိသင်္ဂဟမင်္ဂလာမျိုးပဲ ဖြစ်ပါတယ်။

၄။ သိပ္ပဇန္တုဆိုတာက စက်မှုလက်မှုတက္ကသိုလ်ကျောင်းသားအုပ်စုနှင့် အတတ် ပညာရှင်အုပ်စုတွေပဲ ဖြစ်ပါတယ်၊ အဲဒီ ကျောင်းသားကျောင်းသူချင်း, ပညာသည်ချင်း ကူညီထောက်ပံ့တာကိုလဲပဲ ဆွေမျိုးတို့ကို ကူညီထောက်ပံ့တယ်-လို့ပဲ ဆိုသင့်ပါတယ်၊ ကြီးပွားချမ်းသာရေးအစစ် ဉာတိသင်္ဂဟမင်္ဂလာ ဖြစ်ပါတယ်၊ သို့ဖြစ်၍ ဘဝတူသူချင်း ကူညီထောက်ပံ့မှုကို မေ့မထားသင့်ပါ။

ဆွေမျိုးတွေရဲ့အကျိုးငှာကျင့်ခြင်း(ဉာတတ္ထစရိယာ), သတ္တဝါတွေရဲ့အကျိုးငှာ ကျင့်ခြင်း(လောကတ္ထစရိယာ)တွေဟာ ဂေါတ္တဇန္တုအရ ပြောပြလာခဲ့တဲ့ ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း(ဉာတိသင်္ဂဟ)ပဲ ဖြစ်ပါတယ်၊ အဲဒီဉာတိသင်္ဂဟနှင့် စပ်လျဉ်းတဲ့ အကြောင်းအရာကို ပိဋကတ်စာပေထဲမှာ အများအပြားပဲ တွေ့ရပါတယ်၊ ဒီနေရာမှာတော့ ဉာတတ္ထစရိယာ, လောကတ္ထစရိယာ ၂-မျိုးနှင့် သက်ဆိုင်တဲ့ ဆွေမျိုးတို့အား အကောင်းဆုံး ချီးမြှောက်ပုံ တစ်ခုမျှကို ပြောပြပါ့မယ်။

အကောင်းဆုံး ဉာတိသင်္ဂဟ ၂

သက်သတ်နတ်တင်, လူများဖြင့်, ယခင်ပြုလုပ်လာ။
သူသက်သတ်မှု, ပျောက်အောင်ပြု, အတုယူစရာ၊
သီလစောင့်ရှောက်, နတ်ပြည်ရောက်, ဝမ်းမြောက်အကုန်သာ။

၁။ သံ-၁၊ ၃၉၅။ ၂။ ဇာတ်၅-၁၊ ၂၇၈။

http://www.dhammadownload.com

ရှေးအခါက ဘုရားလောင်းဟာ ဗာရာဏသီမြို့မှာ ဖြဟ္မဒတ်မင်းသား ဖြစ်နေပါတယ်၊ အရွယ်ရောက်လာတဲ့အခါ တက္ကသိုလ်မြို့ကိုသွားပြီး ပညာသင်ကြားပါတယ်၊ ပညာစုံလို့ ကိုယ့်တိုင်းပြည်ကို ပြန်ရောက်တဲ့အခါ အိမ်ရှေ့မင်းရာထူးနဲ့ ဖခင်ရဲ့ ချီးမြှောက်မှုကို ခံရပါတယ်။

အဲဒီအချိန်မှာ ဗာရာဏသီမြို့သူ မြို့သားတွေဟာ နတ်ကို ကိုးကွယ်ကြပါတယ်၊ ရှိခိုးကြပါတယ်၊ ဆိတ်, သိုး, ကြက်, ဝက်–စတဲ့ သတ္တဝါတွေကို သတ်ဖြတ်ပြီး အသားနဲ့လဲ ပူဇော် ပ-သမှုကို ပြုကြပါတယ်၊ ပန်းအမျိုးမျိုးနဲ့လဲ ပူဇော် ပ-သမှုကို ပြုကြပါတယ်။

ဒါကို ဖြဟ္မဒတ်မင်းသားက မကြိုက်ပါ၊ အဖေနတ်ရွာစံ ကံတော်ကုန်လို့ ငါမင်းဖြစ်လာရင် ဘယ်သူ့ကိုမှ မပင်ပန်းစေဘဲ နည်းပရိယာယ်နဲ့ပဲ သူ့အသက်ကို သတ်မှုမှ လူအများကို ရှောင်ကြဉ်စေရတော့မယ်–ဆိုတဲ့ အကြံနဲ့ လူအများ ပူဇော် ပ-သနေတဲ့ ညောင်ပင်ကြီးကို ပန်းတွေနဲ့လဲ ပူဇော်ပါတယ်၊ ရေနဲ့လဲ အဘိသိက်သွန်းပါတယ်၊ ညောင်ပင်ကို လက်ယာရစ်လှည့်ပတ်ပြီး ပူဇော်သလိုလုပ်ကာ နတ်ကိုလဲ ရှိခိုးပါတယ်၊ ဒီနည်းအတိုင်း အားလပ်ခွင့်ရတဲ့ အချိန်မှာ ညောင်ပင်နားကိုသွားပြီး နတ်အား ပူဇော် ပ-သသလို လုပ်နေပါတယ်။

နောက်တစ်ချိန်မှာ အဖေဖြစ်သူ ဖြဟ္မဒတ်မင်းကြီးက နတ်ရွာစံ ကံတော်ကုန်သွားပါတယ်၊ ဖြဟ္မဒတ်မင်းသားက မင်းအဖြစ်ကိုရလာပြီး တရားနှင့်အညီ မင်းပြုနေပါတယ်၊ တစ်နေ့မှာ မိမိရဲ့အကြံအစည်ကို အကောင်အထည်ဖော်လိုတဲ့အတွက် မှူးကြီးမတ်ရာ သေနာပတိတွေ, မြို့ပေါ်ရှိ မြို့မိမြို့ဖတွေကို နန်းတော်အတွင်းမှာပဲ စည်းဝေးစေပြီး မိမိရဲ့အလိုဆန္ဒကို ထုတ်ဖော်ပြောပြပါတယ်။

> "ဒီမှာစည်းဝေးနေကြတဲ့ မှူးကြီးမတ်ရာသေနာပတိတွေ, မြို့မိမြို့ဖတွေက ကျွပ်–အိမ်ရှေ့မင်းသားဘဝတုန်းက ညောင်ပင်ကြီးကို ရှိခိုးပူဇော်နေတာကို တွေ့ဖူးကြမှာပါပဲ၊ အဲဒီအချိန်မှာ ကျွပ်က မင်းအဖြစ်ကိုရလို့ရှိရင် အရှင်နတ်မင်းကို ပူဇော် ပ-သပါ့မယ်–လို့ ဝန်ခံကတိ ပြုလာခဲ့ပါတယ်၊ အဲဒီနတ်က မ–စလို့ ကျွပ်က မင်းအဖြစ်ကို ရလာခဲ့ပါတယ်၊ ဒီတော့ အခုပဲ နတ်ကို ပူဇော် ပ–သ ရတော့မယ်၊ ခင်ဗျားတို့က အလျင်အမြန် နတ်ပူဇော် ပ-သစရာကို စီမံပေးကြရမယ်"။
>
> "ဘာကို ယူလာကြရမှာလဲ အရှင်မင်းမြတ် !"။

ဖြဟ္မဒတ်မင်းရဲ့ စကားအဆုံးမှာပဲ ပရိသတ်ထဲက အသံပြိုင်တူ ထွက်လာပါတယ်၊ ဒီတော့ ဖြဟ္မဒတ်မင်းက ဆက်လက်မိန့်ကြားပြန်တယ်။

http://www.dhammadownload.com

ကျုပ်က နတ်ကို တောင်းပန်တုန်းက ငါရဲ့တိုင်းနိုင်ငံမှာ သူ့အသက်ကို သတ်မှု အစရှိတဲ့ ၅-ပါးသီလပျက်စရာ အလုပ်တွေ, အကုသလကမ္မပထတရား ၁၀-ပါးတွေကို ပြုကျင့်နေတဲ့ လူတွေကို သတ်စေပြီး အူသိမ်အူမ, အသားအသွေး အစရှိတဲ့ ဝတ္ထုတွေနဲ့ ပူဇော် ပ-သမ္ဘကို ပြုလုပ်ပါ့မယ်-လို့ တောင်းပန်လာခဲ့ပါတယ်။

ဒါ့ကြောင့် ခင်ဗျားတို့က ငါတို့ရဲ့ဘုရင်မင်းမြတ်ဟာ အိမ်ရှေ့မင်းဖြစ်စဉ် အခါကပဲ ငါမင်းအဖြစ်ကို ရလို့ရှိရင် ငါ့နိုင်ငံအတွင်းမှာ သီလမရှိသူတွေကို သတ်စေပြီး အရှင်နတ်မင်းအား ပူဇော် ပ-သမ္ဘကို ပြုပါ့မယ်-လို့ တောင်းပန်လာခဲ့ပါတယ်၊ ငါတို့ရဲ့ဘုရင်မင်းမြတ်က အခု သီလပျက်စရာ သူ့အသက်သတ်မှု အစရှိတဲ့အလုပ် ၅-မျိုး, အကုသလကမ္မပထတရား ၁၀-ပါးတွေကို ပြုကျင့်နေသူ တစ်ထောင်ကို အသတ်ခိုင်းပြီး သူတို့ရဲ့နှလုံးသား-စတဲ့ အရာဝတ္ထုတွေကို အယူခိုင်းပြီး နတ်အား ပူဇော် ပ-သမ္ဘကို ပြုလုပ်လိုတယ်၊ မြို့သူမြို့သား အကုန်တို့က ဒီအကြောင်းကို သိထားကြရမယ်-လို့ တစ်မြို့လုံးမှာ လိုက်လံပြောပြထားကြပါ"။

ဒီလို ပြောဆိုပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါတယ်၊ အမတ်တွေက ၁၂-ယူဇနာ ရှိတဲ့ ဗာရာဏသီမြို့မှာ အိမ်ပေါက်စေ့ လှည့်လည်ကြေညာခိုင်းထားပါတယ်၊ အဲဒီကြေညာချက်ကို ကြားရတဲ့ အချိန်အခါကစပြီး သီလပျက်စရာ သူ့အသက်သတ်မှု-စတဲ့ အလုပ်တွေကို ပြုလုပ်ဝံ့သူ တစ်ဦးတစ်ယောက်မျှ မရှိတော့ပါ။

ဒီလိုပဲ အလောင်းတော် ဗြဟ္မဒတ်မင်းက တစ်ဦးတစ်ယောက်ကိုမျှ မပင်ပန်းစေဘဲ တိုင်းသူပြည်သား အကုန်လုံးကို သီလစောင့်ထိန်းစေပါတယ်၊ ကိုယ်တိုင်လဲ ဒါနအစရှိတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ပါတယ်၊ ခန္ဓာပျက်ကျေ သေသွားတဲ့အခါ အကုန်လုံး နတ်ပြည်ကို ရောက်ကြရပါတယ်။

"ဒီဝတ္ထုရဲ့ သဘောကို ဆရာမ-မသန်းဝင်းက ဝေဖန်ရှင်းလင်း ပြောပြပါဦး"။

"ဒီဝတ္ထုမှာ တိုင်းသူပြည်သားတွေကို သီလစောင့်ထိန်းအောင် လုပ်ပေးတာက တရား(ဓမ္မ)နဲ့ ချီးမြှောက်ထောက်ပံ့ရာ ရောက်ပါတယ်၊ ဓမ္မနဲ့ချီးမြှောက်တာက ပစ္စည်းဝတ္ထု(အာမိသ)နဲ့ ချီးမြှောက်ထောက်ပံ့တာထက် အထက်တန်းကျပါတယ်၊ သတ္တဝါတွေ အသတ်မခံရအောင် ပြုလုပ်ပေးတာကတော့ အသက်အလှူ(ဇီဝိတဒါန)လဲ ဖြစ်ပါတယ်၊ တရားနဲ့ ချီးမြှောက်ရာလဲ ရောက်ပါတယ်။

http://www.dhammadownload.com

၂–မျိုးလုံးပဲ ထိုက်သည်အားလျော်စွာ ဥာတတ္ထစရိယာ, လောကတ္ထစရိယာနှင့် သက်ဆိုင်တဲ့ ဆွေမျိုးတို့အားခိုးမြှောက်ထောက်ပံ့ခြင်းမျိုး ဖြစ်ပါတယ်၊ ဓမ္မနှင့် ချီးမြှောက်ထောက်ပံ့တာချည်း ဖြစ်တဲ့အတွက် အကောင်းဆုံးဥာတိသင်္ဂဟမျိုး ဖြစ်ပါတယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

မျိုးမည်စပ်လေ, အဆွေရင်းချာ,[၁] ဥာတကာကို, ဥစ္စာနှီးရင်း, ပေးခြင်းထောက်ပင့်, ချီးမြှင့်ခြင်းသည်, တစ်ပါးမည်၏။

ဒီလို မုံရွေးဆရာတော်က ဥာတိသင်္ဂဟမင်္ဂလာကို ဖွင့်ဆိုထားပါတယ်။

အဓိပ္ပာယ် ပိုမိုကျွမ်းဝင် ခင်မင်တဲ့ ဆွေမျိုးတော်စပ်သူတို့အား ရင်းနှီးစရာ ဥစ္စာထောက်ပင့် ပေးကမ်းချီးမြှင့်ခြင်းဟာ ဥာတိသင်္ဂဟမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

ဆွေဥာမျိုးပြား, သူတို့အားမှု, စီးပွားဓေဋ္ဌ, နှုတ်လက် မ–၍, လုံ့လကြီးထု, ကျေးဇူးပြုက, လှလှမကြာ, ကိုယ့်လိုပါ၏။ [၂]

မျိုးဆွေတို့အား, ချစ်ကြည်ငြားက, သွားလာတက်သက်, ပေါင်းဖက်နိုင်စေ။ [၃]

ရေမြေကွဲပြား, ရပ်ဝေးသားကို, ဆွေဝါးအရှည့်, ချစ်အားဖြည့်က, ကြည့်ရှုမြော်ငန်း, ဆက်နွှတ်ခွန်းနှင့်, မေးမြန်းနိုင်စေ။ [၄]

သားချင်းပေါက်ဖော်, တော်နီးစပ်သည် မှန်စေ, ပေးကမ်းခဲသည်။ [၅]

များစွာသော ဆွေမျိုးတို့၏အကျိုးကို မြော်ထောက်၍ တစ်ယောက်ကို စွန့်ရာသည်၊ တစ်ရွာလုံးအကျိုးကြောင့်လည်း အမျိုးကို စွန့်ရာသည်၊ ပြည်သူတို့အကျိုးငှာ ရွာကိုပင်စွန့်သွား၊ ကိုယ်ကျိုးစီးပွားဖြစ်ချေက မြေကိုပင် စွန့်ရာသော သဘော။ [၆]

ဘေးရောက်သောအခါလည်းတစ်ချက်၊ ဥစ္စာပျက်သောအခါလည်းတစ်ဝ၊ ထိုကာလကို မေးမြန်း၍ ပေးကမ်းလာမှသာ ချစ်ဆွေခင်ပွန်းမည်သည်။ [၇]

၁။ ရင်းချာ=ပိုမိုခင်မင် ကျွမ်းဝင်သည်။ ၂။ သြဝါဒထူး–၃၂။
၃။ သြဝါဒထူး–၂၀။ ၄။ ကျည်းကန်ရှင်ကြီး။ ၅။ လုံးတော်ဆရာတော်။

http://www.dhammadownload.com

ဥာတိတို့အား, မေတ္တာပွား, နည်းများပစ္စည်း ထောက်တတ်စေ၊
မေတ္တာမဖြန်း, နှလုံးကြမ်း, ညှိုးနွမ်းရမည် ကြောက်တတ်စေ။ [၁]

ဆွေကောင်းမှ အကြောင်းမျှသည်၊
မျိုးကောင်းမှ အကြောင်းလှသည်။ [၂]

ဆွေစုမျိုးစစ်, ခုနစ်ဝင်ထ, ကိုယ့်လက်မှလျှင်, အဘ-အဘိုး, ခေါ်ရိုးစဉ်ရှေး, အဘေးအဘွဲ့, တစ်ကွဲအဆွေး, တစ်ရေးအဆော်, အောက်သော်တခြား, သားနှင့်မြေးမြစ်, တစ်ဆစ်တီမျှော့, မှတ်လော့ ကျွတ်ဆက်, ကျမ်းဂန်ထွက်။ [၃]

ဤလောကဌ်, ထိုမျှနွယ်ရိုး, ဆွေအမျိုး၏, အကျိုးဖြစ်ငြား, တစ်ယောက်အား‌ကို, စွန့်ယှားအပ်စွာ, မြို့ရွာအကျိုး, အမျိုးစွန့်ထိုက်။ [၄]

နောင်ရင်း ညီရင်း, နွယ်မကင်းသား, သားချင်းမျိုးဘော်, အကျော်ထင်ရှား, ဆွေတော်များကို, တရားမပျက်, မေတ္တာဆက်၍, မဖျက်ဆီးမူ, ခြီးမြှောက်ပြုလော့၊ သူကိုခြီးမြှောက်, ကိုယ့်ဂုဏ်မြှောက်၏၊ ယွင်းဖောက်အလို, ဝန်မတိုနှင့်, သူ့ကိုဂုဏ်နိမ့်, ကိုယ့်ဂုဏ်နိမ့်၏၊ စည်းစိမ့်အရာ, သူ့ချမ်းသာဌ်, ကြံသာမပြု, ဝမ်းမြောက်ရှလော့၊ သူ့ကိုဖောင့်မှ, သူကကိုယ့်ကို, ကြည်ညိုမေတ္တာ, စောင့်နိုင်ရာ၏။ [၅]

မေတ္တာဝေမျှ, ဤလောကဌ်, သတ္တဘဝါး, အတူသွားက, မည်ငြားမိတ်စစ်, ခင်ပွန်းဖြစ်၏၊ ဆဲ့နှစ်လှမ်းသော်, အော်သဟဲ, လခွဲဥာတိ, မည်သိမပျက်, ထိုထက်လွန်စွာ, ရက်ကြာကာလ, ပေါင်းဘက်ကြမူ, အတ္တသမာ, မှန်စွာထိုလူ, ကိုယ်နှင့်တူ၏၊ အယူထွေပြား, ထိုသူများအား, ပြစ်မှားစိတ်မှာ, မရှိရာဘူး။ [၆]

ဒီလိုလဲ မိန့်ဆိုကြပါသေးတယ်။

၁၈။ အနဝဇ္ဇာနိ ကမ္မာနိ

[အနဝဇ္ဇာနိ–ပြောဆိုကဲ့ရဲ့ထိုက်သော အပြစ်မရှိကြတဲ့+ကမ္မာနိ–အလုပ်တွေကို ပြုလုပ်ခြင်း။။] ပြောဆိုကဲ့ရဲ့သင့်သော အပြစ်မရှိတဲ့ အလုပ်တွေကို ပြုလုပ်ခြင်းကိုပဲ အနဝဇ္ဇကမ္မ–လို့ ခေါ်ပါတယ်။

လူတွေဆိုတာဟာ အလုပ်မျိုးစုံကို ပြုလုပ်နေရသူတွေ ဖြစ်ကြပါတယ်၊ သူတို့လုပ်တဲ့အလုပ်ထဲမှာ အပြစ်ရှိတဲ့ အလုပ်တွေ ပါသလို အပြစ်မရှိတဲ့ အလုပ်တွေလဲ ပါလာတတ်ပါတယ်၊ သို့ဖြစ်သည်အားလျော်စွာ အပြစ်ရှိတဲ့အလုပ်, အပြစ်မရှိတဲ့ အလုပ်တွေကို ခွဲခြားပြဆိုပါ့မယ်။

၁။ သုတရတနာ။ ၂။ ပေါက္ကဲ့မောင်ချို။ ၃။ မဃဒေဝ–၃၈၀။
၄။ မဃဒေဝ–၁၅၂။ ၅။ မဃဒေဝ–၁၈၅။ ၆။ မဃဒေဝ–၁၉၇။

http://www.dhammadownload.com

အပြစ်ရှိတဲ့အလုပ်

သာဝဇ္ဇဒုက္ခဝိပါကံလက္ခဏာ အကုသလာ-[၁] ဆိုတဲ့ အဋ္ဌကထာဆရာရဲ့ အလို အရ ပြောဆိုကဲ့ရဲ့သင့်သော အပြစ်ရှိတဲ့အပြင် ဆင်းရဲတဲ့အကျိုးကိုပေးခြင်းသဘော လက္ခဏာရှိတဲ့ တရားမျိုးကို အကုသိုလ်-လို့ ခေါ်ပါတယ်။

အဲဒီအကုသိုလ်ခေါ်တဲ့ သာဝဇ္ဇကမ္မ-အပြစ်ရှိတဲ့အလုပ်တွေကတော့ သူ့အသက်ကို သတ်မှု, ခိုးဝှက်မှု အစရှိတဲ့ အလုပ်တွေပဲ ဖြစ်ပါတယ်၊ အဲဒီ သူ့အသက်သတ်မှု, ခိုးဝှက်မှု အစရှိတဲ့ အလုပ်မျိုးကို ပြုလုပ်သူကို ပညာရှိတွေက မြင်ပြင်းကပ်ကြပါတယ်၊ ရွံရှာကြပါတယ်၊ စက်ဆုပ်ကြပါတယ်၊ ကဲ့ရဲ့ကြပါတယ်။

ဒါ့ကြောင့် သူ့အသက်ကိုသတ်မှု, သူဥစ္စာကိုခိုးမှု-စတဲ့ အလုပ်တွေဟာ ပညာရှိတွေရဲ့ မြင်ပြင်းကပ်စရာ, ရွံရှာစက်ဆုပ်စရာ, အပြစ်ဆိုကဲ့ရဲ့စရာ အပြစ်ရှိနေတဲ့ သာဝဇ္ဇအလုပ်တွေပဲ ဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီအလုပ်မျိုးကို ပြုလုပ်သူတွေဟာ အပါယ် ၄-ပါးမှာ ဖြစ်ပြီး ကြီးမားသော ဆင်းရဲဒုက္ခကိုလဲ ခံစားကြရပါတယ်၊ ဒါ့ကြောင့် အဲဒီအလုပ်တွေကို ဆင်းရဲသောအကျိုးကို ပေးခြင်းသဘော ရှိတယ်-လို့လဲ ဆိုရပါတယ်၊ ဗုဒ္ဓမြတ်စွာကလဲ အပြစ်ရှိတဲ့ကာယကံ, အပြစ်ရှိတဲ့ဝစီကံ, အပြစ်ရှိတဲ့မနောကံနှင့် ပြည့်စုံသူဟာ ငရဲကို ရောက်ရတတ်ပါတယ်-လို့ ဟောတော်မူထားပါတယ်။ [၂]

အပြစ်မရှိတဲ့အလုပ်

အနဝဇ္ဇသုခဝိပါကလက္ခဏာ ကုသလာ-[၃] လို့ လာရှိတဲ့ အဋ္ဌကထာဆရာရဲ့ အဆိုအမိန့်အရ အပြစ်မရှိတဲ့အပြင် ချမ်းသာသောအကျိုးကို ပေးခြင်းသဘောလက္ခဏာ ရှိတဲ့ တရားမျိုးကိုတော့ ကုသိုလ်-လို့ ခေါ်ပါတယ်။

အဲဒီ ကုသိုလ်ခေါ်တဲ့ အနဝဇ္ဇကမ္မ အပြစ်မရှိတဲ့ အလုပ်တွေကတော့ ဒါနဓမ္မစရိယာ-စသည်တို့မှ ကြွင်းကျန်နေတဲ့ ဥပုသ်စောင့်ခြင်း, ဝေယျာဝစ္စပြုလုပ်ခြင်း, အမျှအသုံးပြုရန် ဥယျာဉ်ပြုလုပ်ခြင်း, အရိပ်ရသစ်ပင်စိုက်ပျိုးခြင်း, တံတားဆောက်လုပ်ခြင်း, လမ်းပြင်ခြင်း, ရေတွင်းရေကန်တူးဖော်ခြင်း-စတဲ့ အလုပ်တွေပဲ ဖြစ်ပါတယ်။

အဲဒီ အလုပ်မျိုးကို ပြုလုပ်သူကို လူအများက ချစ်ခင်ကြပါတယ်၊ မြတ်နိုးကြပါတယ်၊ ရိုသေကြပါတယ်၊ လေးစားကြပါတယ်၊ ချီးမွမ်းကြပါတယ်၊ ဒါ့ကြောင့် ဥပုသ်စောင့်မှု, ဝေယျာဝစ္စပြုမှု, အမျှအသုံးရန် ဥယျာဉ်ပြုလုပ်မှု, အရိပ်ရသစ်ပင်စိုက်ပျိုးမှု, တံတားဆောက်လုပ်မှု, လမ်းပြင်မှု, ရေတွင်းရေကန်တူးဖော်မှု-စတဲ့ အလုပ်

၁။ အဘိ-ဋ-၁၊ ၈၂။ ၂။ အံ-၁၊ ၂၉၆။ ၃။ အဘိ-ဋ-၁၊ ၈၂

http://www.dhammadownload.com

တွေဟာ လူအများရဲ့ ရိုသေမြတ်နိုးစရာ, အလေးပြုစရာ, ချီးမွမ်းစရာသာ ဖြစ်နေတဲ့ အတွက် အနဝဇ္ဇကမ္မ–အပြစ်မရှိတဲ့ အလုပ်တွေပဲ ဖြစ်ပါ၏ဟယ်။

ဒါ့အပြင် ဒီအလုပ်တွေကိုပြုလုပ်သူဟာ လူဘုံနတ်ရပ်မှာ ကြီးကျယ်များမြတ်တဲ့ စည်းစိမ်ချမ်းသာကို ခံစားရပါတယ်၊ ဒါ့ကြောင့် အဲဒီ အလုပ်မျိုးကို ချမ်းသာသော အကျိုးကို ပေးခြင်းသဘောလက္ခဏာ ရှိတယ်–လို့ ဆိုရပါတယ်။

အဲဒီ အပြစ်မရှိတဲ့ ကုသိုလ်အလုပ်တွေဟာ အများချမ်းသာရန် အကျိုးပြုလုပ်ငန်းတွေ ဖြစ်နေတဲ့အတွက် ဒီဘဝမှာလဲ လူအများရဲ့ ချစ်ခင်မြတ်နိုးမှုကိုခံရခြင်း, ရိုသေလေးစားမှုကိုခံရခြင်း, ချီးမွမ်းဂုဏ်တင်မှုကိုခံရခြင်း, မိမိလုပ်ထားသောအလုပ်ကို တွေ့တိုင်းမြင်တိုင်း စိတ်ချမ်းသာခြင်း–စတဲ့ စီးပွားချမ်းသာကိုရခြင်းရဲ့ အကြောင်းနှင့် နောင်ဘဝသံသရာမှာ ချမ်းသာသုခကိုရခြင်းရဲ့အကြောင်း ဖြစ်နေတဲ့အတွက် ကြီးပွားချမ်းသာရေးအစစ် ကောင်းမြတ်တဲ့မင်္ဂလာ ဖြစ်ပါတယ်။

ဒါ့အပြင် စီးပွားရေးဆိုင်ရာ လုပ်ငန်းများကိုလည်း ကိုယ်ကျွမ်းကျင်တဲ့အလုပ်, ကိုယ်နားလည်တဲ့ အလုပ်မျိုးကိုသာ လုပ်သင့်ပါတယ်၊ ကိုယ်မကျွမ်းကျင်တဲ့အလုပ်, ကိုယ်နားမလည်တဲ့ အလုပ်မျိုးကို မလုပ်သင့်ပါ။

ကိုယ်ကျွမ်းကျင်တဲ့အလုပ်ပင် ဖြစ်နေစေကာမူ ငါလုပ်မယ့်အလုပ်ဟာ အကျိုးဖြစ်ထွန်းနိုင်မှာလား, အကျိုးမဖြစ်ထွန်းနိုင်ဘူးလား–ဆိုတာကို အလုပ်မလုပ်ခင်က ကြိုတင်စဉ်းစားထားသင့်ပါတယ်၊ မိမိကိုယ်တိုင် မဆုံးဖြတ်နိုင်ပါက မိမိထက် အတွေ့အကြုံများသူတို့နှင့်တိုင်ပင်သင့်ပါတယ်၊ တကယ်အကျိုးဖြစ်ထွန်းနိုင်မှာကို မြင်မှသာ ပြုလုပ်ပြီး အကျိုးဖြစ်ထွန်းနိုင်မှာကို မမြင်က ရှောင်သင့်ပါတယ်။

အလုပ်တစ်ခုကို မလုပ်မိလို့ အကျိုးမဖြစ်ထွန်းတာထက် လုပ်ကိုင်ပါလျက် အကျိုးမဖြစ်ထွန်းတာက ပိုပြီးနစ်နာဆုံးရှုံးတတ်ပါတယ်။

ဒီလို အကျိုးဖြစ်ထွန်းမှာကိုမြင်မှ ကိုယ်ကျွမ်းကျင်တဲ့အလုပ်, ကိုယ်နားလည်တဲ့ အလုပ်မျိုးကို လုပ်ကိုင်ခြင်းဟာလဲ အပြစ်မရှိတဲ့အလုပ်ကို လုပ်ကိုင်ရာရောက်ပါတယ်၊ ဥစ္စာစီးပွား ဖြစ်ထွန်းခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် ကောင်းမြတ်တဲ့–မင်္ဂလာ ဖြစ်ပါတယ်။

ဥပေါသထသုတ် [၁]

ဥပုသ်ဆောင်သုံးခြင်းနှင့် ပတ်သက်လို့ ဝိသာခါကျောင်းအမကြီးအား ဘုရားရှင်က ဟောကြားထားတဲ့ ဥပေါသထသုတ်ကိုပဲ ပြောပြသွားပါ့မယ်။

၁။ အံ–၁၊ ၂၀၆။ ဋ္ဌ–၂၊ ၁၉၃။ ဒီ–၂၊ ၁၇၂။

http://www.dhammadownload.com

ဘုရားရှင် သာဝတ္ထိမြို့ ပုဗ္ဗာရုံကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူပါတယ်၊ ဝိသာခါက ၁၅-ရက်ဥပုသ်နေ့မှာ ဥပုသ်ဆောက်တည်ပါတယ်၊ အဲဒီနောက်မှာ ပန်း, နံ့သာတွေကို ယူကာ ဘုရားရှင်ထံ ဆည်းကပ်ရောက်လာပါတယ်၊ ဘုရားရှင်ကို ရှိခိုးပြီး သင့်တော်ရာက ထိုင်နေပါတယ်၊ အဲဒီအချိန်မှာပဲ ဘုရားရှင်က ဝိသာခါကို အမိန့်ရှိတော်မူပါတယ်။

"အလို- ဝိသာခါ ! မွန်းတည့်အချိန်ကြီးမှာ သင် ဘယ်ကလာခဲ့သလဲ ?"။

"ရှင်တော်မြတ်ဘုရား ! ဒီနေ့ဟာ ၁၅-ရက် ဥပုသ်နေ့ပါ၊ တပည့်တော်က ဥပုသ်စောင့်နေပါတယ်"။

"ဝိသာခါ ! နွားကျောင်းသားနှင့်တူတဲ့ ဥပုသ်မျိုး, နိဂဏ္ဌ(တက္ကတွန်း)တို့ စောင့်သုံးတဲ့ ဥပုသ်မျိုး, အရိယာတို့စောင့်သုံးတဲ့ ဥပုသ်မျိုးရယ်လို့ ဥပုသ် ၃-မျိုးရှိနေတယ်"။

နွားကျောင်းသားဥပုသ်

ဝိသာခါ ! နွားကျောင်းသားက နွားတွေကို တစ်နေ့ကုန် ကျောင်းပြီး ညနေမိုးချုပ်ခါနီးမှာ နွားရှင်ထံ ပြန်အပ်ထားခဲ့ပါတယ်၊ ကိုယ့်အိမ်ကိုပြန်ရောက်လို့ စားသောက်ပြီးတဲ့အချိန်မှာ ခုတင်ပေါ်လဲလျောင်းရင်း ဒီနေ့တော့ နွားတွေက ဘယ်နေရာ ဘယ်နေရာတွေမှာ လှည့်လည်ကျက်စားနေခဲ့ကြတယ်၊ ဘယ်နေရာ ဘယ်နေရာတွေမှာ ရေသောက်ခဲ့ကြတယ်၊ နက်ဖန်ကျတော့ ဘယ်နေရာ ဘယ်နေရာတွေမှာ လှည့်လည်ကျက်စားကြရလိမ့်မယ်၊ ဘယ်နေရာ ဘယ်နေရာတွေမှာ ရေသောက်ကြရလိမ့်မယ်၊ ဒီလို စဉ်းစားနေတတ်ပါတယ်။

ဝိသာခါ ! အလားတူပဲ အချို့ဥပုသ်သည်က ယနေ့ ဒီစားစရာသောက်စရာတွေကို စားသောက်ခဲ့ရတယ်၊ နက်ဖြန်ကျတော့ ဒီစားစရာ, သောက်စရာတွေကို စားရလိမ့်မယ်၊ ဒီလို ဆင်ခြင်နေတတ်တယ်၊ အဲဒီဥပုသ်သည်ဟာ လိုချင်မက်မောတတ်တဲ့ (အဘိဇ္ဈာတွဲယှဉ်နေတဲ့) စိတ်နဲ့ နေ့ကိုကုန်လွန်စေပါတော့တယ်။

ဝိသာခါ ! ဒီဥပုသ်မျိုးကို နွားကျောင်းသားနှင့်တူတဲ့ ဥပုသ်မျိုး-လို့ ဆိုရတာပဲ၊ ဒီလိုစောင့်တဲ့ နွားကျောင်းသားနှင့်တူတဲ့ ဥပုသ်မျိုးဟာ (မနောဒုစရိုက်ဖြစ်တဲ့ သီလပျက်စရာ အကြံအစည်ကြောင့် ညစ်နွမ်းသွားတဲ့အတွက်) အကျိုးပေးလဲ မကြီးကျယ်လှဘူး၊ အာနိသင်(အကျိုးဆက်)လဲ မကြီးကျယ်လှဘူး၊ အကျိုးပေးအနေနဲ့ ကျယ်ပြန့်မှုလဲ မရှိလှဘူး။

နိဂဏ္ဌဥပုသ်

ဝိသာခါ ! နိဂဏ္ဌ-ဆိုတဲ့ တက္ကတွန်းတွေက သူတို့ရဲ့တပည့်သာဝကတွေကို လာကြေငြာ- သီလယူရအောင်ဆိုပြီး အရှေ့ဘက်က ယူဇနာတစ်ရာ, အနောက်ဘက်က ယူဇနာတစ်ရာ, မြောက်ဘက်ကယူဇနာ

http://www.dhammadownload.com

တစ်ရာ, တောင်ဘက်ကယူဇနာတစ်ရာ အပြင်ဘက်မှာ ရှိနေတဲ့ သတ္တဝါတွေကို မည်ဉ်းဆဲ မသတ်ဖြတ်ရ၊ (အတွင်းမှာရှိနေတဲ့ သတ္တဝါတွေကိုတော့ သတ်လိုက သတ်နိုင်တယ်၊) ဒီလို အချို့သတ္တဝါတွေကို သနားစောင့်ရှောက်ရန်, အချို့သတ္တဝါ တွေကို သနားစောင့်ရှောက်မှု မပြုရန် ဆောက်တည်ခိုင်းကြပါတယ်။

သူတို့က ဥပုသ်နေ့မှာ တပည့်သာဝကတွေကို "ဥပုသ်ယူမယ်သူတွေ လာကြဟော့၊ ပါလာသမျှ အဝတ်တွေကို အကုန်လုံး ကိုယ်ကခွာချထားလိုက်ကြ၊ ပြီးကြပလား ?၊ ပြီးရင်လိုက်ဆိုကြ။

နာဟံ ကွစနိ ကဿစိ ကိဉ္စနတသ္မိံ။

ငါဟာ တစ်စုံတစ်ခုသောနေရာ(တစ်စုံတစ်ခုသော အချိန်အခါမှာ) အခြား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကြောင့်ကြမစိုက်တော့ပါ။

နံ စ မေ ကွစနိ ကတ္ထစိ ကိဉ္စနတတ္ထိ။

ငါ့မှာ အတွင်းမှာပဲဖြစ်ဖြစ်, အပြင်မှာပဲဖြစ်ဖြစ် ပရိက္ခရာတစ်စုံတစ်ခုမှာ သော်မှလဲ ကြောင့်ကြစိုက်မှု မရှိတော့ပါ။

ဒီလို ဆောက်တည်ခိုင်းကြတယ်၊ ဥပုသ်သီလပေးကြတယ်၊ ဒီလိုဆောက်တည်ထား ပေမယ့် သူတို့ရဲ့ အမေအဖေတွေက ဒါဟာ တို့သားပဲ–လို့ သိကြတာပဲ၊ သူကလဲ ဒီလူတွေဟာ ငါရဲ့အမေအဖေတွေပဲ–လို့ သိတာပါပဲ၊ သူ့မိန်းမကလဲ ဒီလူဟာ ငါ့လင်–လို့ သိတာပါပဲ၊ သူကလဲ ဒါဟာ ငါ့မိန်းမပဲ–လို့ သိတာပါပဲ၊ သူ့သားသမီး တွေကလဲ ဒါတို့အဖေပဲ–လို့ သိကြတာပါပဲ၊ သူကလဲ ဒါတွေဟာ ငါ့သားသမီးတွေပဲ– လို့ သိတာပါပဲ၊ သူရဲ့ကျွန်အလုပ်သမားတွေကလဲ ဒါဟာ တို့အရှင်သခင်ပဲ–လို့ သိကြတာပါပဲ၊ သူကလဲ ဒါဟာ ငါ့ကျွန်အလုပ်သမားပဲ–လို့ သိတာပါပဲ၊ အမှန် တရားကို ဆောက်တည်ခိုင်းရမယ့် အချိန်အခါမှာပဲ ဒီလို မမှန်မကန် ပြောဆိုဆောက် တည်စေကြတယ်၊ ဒီလို ဆောက်တည်ခြင်းမျိုးကို ထိုသူရဲ့ မုသာဝါဒပြောဆိုခြင်း– လို့ ငါဘုရား ဆိုလိုပေတယ်။

အဲဒီလို ဆောက်တည်ထားသူတစ်ယောက်ဟာ ထိုညဉ့်လွန်သွားတဲ့အခါမှာ ပစ္စည်းဥစ္စာတွေကို မပေးပဲ သုံးဆောင်နေပါတော့တယ်၊ ခုတင်ပေါ်မှာအိပ်တယ်၊ ခုတင်ပေါ်မှာထိုင်တယ်၊ ယာဂုသောက်တယ်၊ ထမင်းစားတယ်၊ အဝတ်ကိုဝတ် ဆင်တယ်၊ ဒီလိုသုံးစွဲတာကို သူတို့ရဲ့ခိုးမှု–လို့ ငါဘုရား ပြောလိုပေတယ်။

ဝိသာခါ ! ဒီလို နိဂဏ္ဌတို့ စောင့်သုံးတဲ့ဥပုသ်မျိုး ဖြစ်ပေတယ်၊ ဒီနိဂဏ္ဌတို့ စောင့်သုံးတဲ့ ဥပုသ်မျိုးကတော့ အကျိုးလုံးဝမရှိဘူး၊ အာနိသင်လဲ လုံးဝမရှိဘူး။

http://www.dhammadownload.com

အရိယဥပုသ် ဝိသာခါ ! ညစ်နွမ်းနေတဲ့ခေါင်းဟာ ခေါင်းလျှော်ရေနဲ့ ကြိုးစားလျှော်ပစ်ရင် သန့်ရှင်းစင်ကြယ်လာသလို ညစ်နွမ်းနေတဲ့စိတ်ဟာလဲပဲ ဗုဒ္ဓါနုဿတိဘာဝနာကို ကြိုးစားပွားများနေရင် ကြည်လင်လာရတယ်၊ ဝမ်းမြောက်လာရတယ်၊ စိတ်ရဲ့အညစ်အကြေး နီဝရဏတရားတွေလဲ ပျောက်ကင်းရတော့တယ်။

[ညစ်နွမ်းနေတဲ့ခေါင်းမှာ အဆင်တန်ဆာတွေကို ဆင်ယင်ပြီး ပွဲလမ်းသဘင်ကို သွားရင် မတင့်တယ်၊ သန့်ရှင်းစင်ကြယ်တဲ့ခေါင်းမှာ အဆင်တန်ဆာတွေကို ဆင်ယင်ပြီးပွဲလမ်းသဘင်ကိုသွားရင် တင့်တယ်သလို ညစ်နွမ်းနေတဲ့စိတ်နဲ့ ဥပုသ်အင်္ဂါတွေကို ဆောက်တည်ပြီး ကျင့်သုံးတဲ့ ဥပုသ်ဟာလဲပဲ အကျိုးမကြီးလှဘူး၊ သန့်ရှင်းစင်ကြယ်တဲ့စိတ်နဲ့ ဥပုသ်အင်္ဂါတွေကို ဆောက်တည်ပြီး ကျင့်သုံးတဲ့ ဥပုသ်ကသာ အကျိုးကြီးလှပေတယ်–လို့ ဥပုသ်စောင့်သူ တပည့်သာဝကများ အကျိုးကြီးမားစေရန် ညွှန်ကြားတော်မူပါတယ်။]

ဝိသာခါ ! ဒီလို ဘုရားရဲ့တပည့်(အရိယာသာဝက)ကို ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနေတဲ့အတွက် ဘုရားဥပုသ်ကိုစောင့်သူ, ဘုရားနှင့်အတူနေရသူ, ဘုရားကို အာရုံပြုတဲ့အတွက် စိတ်ကြည်လင်ဝမ်းမြောက်သူ, စိတ်ရဲ့အညစ်အကြေးပျောက်ကင်းသူ–လို့ ဆိုရတော့တယ်၊ ဝိသာခါ ! ဒီလိုပဲ ညစ်နွမ်းနေတဲ့စိတ်ဟာ ကြိုးစားအားထုတ်လို့ရှိရင် စင်ကြယ်လာရတာပဲ။

ဝိသာခါ ! ညစ်နွမ်းနေတဲ့ကိုယ်ဟာ ဆပ်ပြာတွေ, ရေတွေနဲ့ ကြိုးစားတိုက်ချွတ်ပစ်လိုက်ရင် သန့်ရှင်းစင်ကြယ်လာရသလို ညစ်နွမ်းနေတဲ့စိတ်ဟာလဲပဲ ဓမ္မာနုဿတိဘာဝနာကို ကြိုးစားပွားများနေရင် ကြည်လင်လာရတယ်၊ ဝမ်းမြောက်လာရတယ်၊ စိတ်ရဲ့အညစ်အကြေးတွေလဲ ပျောက်ကင်းသွားရတော့တယ်။

ဝိသာခါ ! ဒီဘုရားရဲ့တပည့်ကို ဓမ္မဥပုသ်ကိုစောင့်သုံးနေသူ, တရားတော်နှင့်အတူနေရသူ, တရားတော်ရဲ့ဂုဏ်ကို အာရုံပြုတဲ့အတွက် စိတ်ကြည်လင်ဝမ်းမြောက်သူ, စိတ်အညစ်အကြေးကင်းပျောက်သူ–လို့ ဆိုရတော့တယ်၊ ဝိသာခါ ! ဒီလိုပဲ ညစ်နွမ်းနေတဲ့စိတ်ဟာ ကြိုးစားအားထုတ်လို့ရှိရင် စင်ကြယ်လာရတယ်။

ဝိသာခါ ! ညစ်နွမ်းနေတဲ့အဝတ်တစ်ခုဟာ ရေနွေးငွေ့, ဆော်ဒါ, ဆပ်ပြာ, ရေတွေနဲ့ ကြိုးစားဖွပ်လျှော်ပစ်လိုက်ရင် သန့်ရှင်းစင်ကြယ်လာရသလို ညစ်နွမ်းနေတဲ့ စိတ်ဟာလဲပဲ သံဃာနုဿတိဘာဝနာကို ကြိုးစားပွားများနေရင် ကြည်လင်လာရတယ်၊ ဝမ်းမြောက်လာရတယ်၊ စိတ်ရဲ့အညစ်အကြေးတွေ ကင်းပျောက်ရတော့တယ်။

(A)

http://www.dhammadownload.com

ဝိသာခါ ! ဒီဘုရားရဲ့တပည့်ကို သံဃဥပုသ်ကိုစောင့်သုံးနေသူ, သံဃာတော်နှင့် အတူနေသူ, သံဃာဂုဏ်ကို အာရုံပြုတဲ့အတွက် စိတ်ကြည်လင်ဝမ်းမြောက်နေသူ, စိတ်အညစ်အကြေး ကင်းပျောက်သူ–လို့ ဆိုရတော့တယ်၊ ဝိသာခါ ! ဒီလိုပဲ ညစ်နွမ်းနေတဲ့စိတ်ဟာ ကြိုးစားအားထုတ်လို့ရှိရင် စင်ကြယ်လာရတာပဲ။

ဝိသာခါ ! ညစ်နွမ်းနေတဲ့မှန်ဟာ ဆီ, ပြာ, သားမွေးဘရပ်တွေနဲ့ ကြိုးစားပြီး ပွတ်တိုက်ပစ်လိုက်ရင် သန့်ရှင်းစင်ကြယ်လာရသလို ညစ်နွမ်းနေတဲ့စိတ်ဟာလဲပဲ မကျိုးမပေါက် မပြောက်မကျားတဲ့အပြင် တဏှာကျွန်အဖြစ်က လွတ်မြောက်တဲ့, ပညာရှိတွေ ချီးမွမ်းထိုက်တဲ့, မှားမှားယွင်းယွင်း မသုံးသပ်သင့်တဲ့ ဥပစာရသမာဓိ, အပ္ပနာသမာဓိကို ဖြစ်စေတတ်တဲ့ ကိုယ့်သီလကို ထပ်ကာထပ်ကာ ဆင်ခြင်ပွားများနေရင် ကြည်လင်လာရတယ်၊ ဝမ်းမြောက်လာရတယ်၊ အညစ်အကြေးတွေလဲ ကင်းပျောက်ရတော့တယ်။

ဝိသာခါ ! ဒီဝါဘုရားရဲ့တပည့်ကို သီလဥပုသ်ကိုစောင့်သုံးသူ, သီလနှင့်အတူ နေသူ, သီလကိုအာရုံပြုတဲ့အတွက် စိတ်ကြည်လင်ဝမ်းမြောက်သူ, စိတ်အညစ်အကြေး ကင်းပျောက်သူ–လို့ ဆိုရတော့တယ်၊ ဝိသာခါ ! ညစ်နွမ်းနေတဲ့စိတ်က ဒီလို ကြိုးစားအားထုတ်လို့ရှိရင် စင်ကြယ်လာရတာပဲ။

ဝိသာခါ ! အညစ်အကြေးရှိနေတဲ့ ရွှေဟာ မိုက်ခွက်, ဆား, ဂွေ.နီမှုန့်, ပြောင်းကောက်, ညှပ်တွေနဲ့ ကြိုးစားပြီးတော့ အညစ်အကြေးတွေကို မှုတ်ထုတ် ပစ်လိုက်ရင် စင်ကြယ်လာရသလို ညစ်နွမ်းနေတဲ့စိတ်ဟာလဲ နတ်တွေကို သက်သေ အရာမှာထားပြီးတော့ မိမိမှာရှိနေတဲ့ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတွေကို ထပ်ကာထပ်ကာ အောက်မေ့ဆင်ခြင်နေမယ်ဆိုရင် ကြည်လင်လာရတယ်၊ ဝမ်းမြောက် လာရတယ်၊ အညစ်အကြေးတွေလဲ ကင်းစင်လွင့်ပျောက်သွားရတော့တယ်။

ဝိသာခါ ! ဒီဝါဘုရားရဲ့တပည့်ကို ဒေဝတာဥပုသ်ကိုစောင့်သုံးသူ, နတ်တွေနှင့် အတူနေရသူ, နတ်တွေကို သက်သေအရာမှာထားပြီး မိမိရဲ့ သဒ္ဓါ–စတဲ့ဂုဏ်ကို အာရုံ ပြုလို့ စိတ်ကြည်လင်ဝမ်းမြောက်သူ, စိတ်အညစ်အကြေး ကင်းပျောက်သူ–လို့ ဆိုသင့်တော့တာပဲ၊ ဝိသာခါ ! ဒီလိုပဲ ညစ်နွမ်းနေတဲ့စိတ်ဟာ ကြိုးစားအားထုတ်လို့ ရှိရင် စင်ကြယ်လာရတော့တယ်။

ဝိသာခါ ! ဝါဘုရားရဲ့တပည့်ဟာ ဒီလိုလဲ ဆင်ခြင်ရဦးမယ်၊ ရဟန္တာပုဂ္ဂိုလ်တွေဟာ အသက်ထက်ဆုံး သူ့အသက်သတ်မှုကို ပယ်ကြတယ်၊ ရှောင်ကြဉ်နေကြတယ်၊ သူများကို ညှဉ်းဆဲရန် တုတ်တွေ, လက်နက်တွေကိုလဲ မဆောင်ကြဘူး၊ မကောင်းမှုပြုရမှာကို ရှက်ကြတယ်၊ သနားကြင်နာတတ်ကြတယ်၊ သတ္တဝါအကုန်

http://www.dhammadownload.com

လုံးရဲ့အကျိုးစီးပွားကို လိုလားနေထိုင်ကြတယ်၊ ငါလဲ ဒီညဉ့်နေ့ပတ်လုံး သူ့အသက်သတ်မှုကို ပယ်ပါတယ်၊ ရှောင်ကြဉ်နေထိုင်ပါ့မယ်၊ သူများကို ညှဉ်းဆဲသတ်ဖြတ်ရန် တုတ်တွေ့, လက်နက်တွေကို မကိုင်ဆောင်ဘဲ နေထိုင်ပါ့မယ်၊ မကောင်းမှုပြုရမှာကို ရွံရှာစက်ဆုပ်တဲ့စိတ်နဲ့ နေပါ့မယ်၊ သနားကြင်နာတတ်တဲ့စိတ်နဲ့ နေပါ့မယ်၊ သတ္တဝါအကုန်လုံးရဲ့ အကျိုးစီးပွားကို လိုလားတဲ့စိတ်နဲ့ နေပါ့မယ်၊ ဒီအကြောင်းတစ်စိတ်နဲ့လဲပဲ ငါက ရဟန္တာတို့ကို အတုလိုက်ပြုကျင့်ရတော့မယ်။

ရဟန္တာပုဂ္ဂိုလ်တွေဟာ အသက်ရှည်သမျှကာလပတ်လုံး ခိုးယူခြင်းကို ပယ်စွန့်ပြီး ခိုးယူခြင်းမှ ရှောင်ကြဉ်နေထိုင်ကြတယ်၊ ပေးတာကိုသာယူ, ပေးတာကိုသာအလိုရှိပြီး မခိုးမဝှက်ဘဲ စင်စင်ကြယ်ကြယ် နေထိုင်ကြတယ်၊ ငါလဲ ဒီနေ့တစ်ညဉ့်လုံး တစ်နေ့လုံးခိုးယူခြင်းကိုပယ်ပြီး ခိုးယူခြင်းက ရှောင်ကြဉ်နေထိုင်ပါ့မယ်၊ ပေးတာကိုသာယူ, ပေးတာကိုသာ အလိုရှိပြီး မခိုးမဝှက်ဘဲ စင်စင်ကြယ်ကြယ်နေထိုင်ပါ့မယ်၊ ဒီအကြောင်း တစ်စိတ်နဲ့လဲပဲ ငါက ရဟန္တာတွေကို အတုလိုက်ပြုကျင့်နေရတော့မယ်၊ ငါ ဥပုသ်စောင့်ပြီးလဲ ဖြစ်လာလိမ့်မယ်။

ရဟန္တာပုဂ္ဂိုလ်တွေဟာ အသက်ရှည်သမျှကာလပတ်လုံး မမြတ်တဲ့အကျင့်ကို ပယ်ပြီး မြတ်တဲ့အကျင့်ကို ကျင့်ကြပါတယ်၊ မမြင့်မြတ်တဲ့အကျင့်မှ ဝေးစွာရှောင်ကြဉ်ကြပါတယ်၊ ရွာသူရွာသားတွေရဲ့ အလေ့အထဖြစ်တဲ့ မေထုန်အကျင့်ကလဲ ရှောင်ကြဉ်ကြပါတယ်၊ ငါလဲ ဒီနေ့တစ်နေ့တစ်ညဉ့်ပတ်လုံး မမြတ်တဲ့အကျင့်ကိုပယ်ပြီး မြတ်တဲ့အကျင့်ကို ကျင့်ပါ့မယ်၊ မမြတ်တဲ့အကျင့်မှ ဝေးစွာရှောင်ကြဉ်ပါ့မယ်၊ ရွာသူရွာသားတွေရဲ့ အလေ့အထဖြစ်တဲ့ မေထုန်အကျင့်ကိုလဲ ရှောင်ကြဉ်ပါ့မယ်၊ ဒီအကြောင်း တစ်စိတ်နဲ့လဲပဲ ငါက ရဟန္တာတွေကို အတုလိုက်ပြုကျင့်ရတော့မယ်၊ ငါ ဥပုသ်စောင့်သုံးပြီးလဲ ဖြစ်လာလိမ့်မယ်။

ရဟန္တာပုဂ္ဂိုလ်တွေဟာ အသက်ရှည်သမျှကာလပတ်လုံး မဟုတ်မမှန်ပြောဆိုခြင်းကို ပယ်ပြီး မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြတယ်၊ အမှန်ကိုသာပြောဆိုကြတယ်၊ မှန်ကန်တဲ့စကားချင်း ဆက်စပ်အောင် ပြောကြတယ်၊ အကြားအကြားမှာ မမှန်မကန် မပြောကြဘူး၊ တည်တဲ့တဲ့စကား ရှိကြတယ်၊ ယုံကြည်ထိုက်တဲ့စကား ရှိကြတယ်၊ လူတွေအကျိုးပျက်စီးအောင် မပြောဆိုကြဘူး၊ ငါလဲ ဒီနေ့တစ်ညဉ့်လုံး တစ်နေ့လုံး မဟုတ်မမှန်ပြောဆိုခြင်းကိုပယ်ပြီး မမှန်မကန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ့မယ်၊ အမှန်ကိုသာ ပြောဆိုနေပါ့မယ်၊ မှန်တဲ့စကားချင်း ဆက်စပ်မိအောင် ပြောဆိုပါ့မယ်၊ တည်တဲ့တဲ့စကားကိုသာ ပြောပါ့မယ်၊ ယုံကြည်ထိုက်တဲ့ စကားမျိုးကိုသာ ပြောပါ့မယ်၊ လူတွေအကျိုးပျက်စီးအောင် မပြောဆိုပါ၊ ဒီအကြောင်းတစ်စိတ်

http://www.dhammadownload.com

နဲ့လဲပဲ ငါက ရဟန္တာတွေကို အတုလိုက်ပြုကျင့်ရတော့မယ်၊ ငါ ဥပုသ်စောင့်သုံးပြီးလဲ ဖြစ်လာလိမ့်မယ်။

ရဟန္တာတွေဆိုတာဟာ အသက်ရှည်သမျှ ကာလပတ်လုံး ယစ်မူးမေ့လျော့စေတတ်တဲ့ သေရည်အရက်, မူးယစ်ဆေးဝါး သောက်စားသုံးစွဲမှုကိုပယ်ပြီး မေ့လျော့စေတတ်တဲ့ သေရည်အရက်, မူးယစ်ဆေးဝါး သောက်စားသုံးစွဲမှုက ရှောင်ကြဉ်ကြပါတယ်၊ ယနေ့ ငါလဲ ယစ်မူးမေ့လျော့စေတတ်တဲ့ သေရည်အရက်, မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းကိုပယ်ပြီး မူးယစ်မေ့လျော့စေတတ်တဲ့ သေရည်အရက်, မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းက ရှောင်ကြဉ်ပါ့မယ်၊ ဒီအကြောင်းတစ်စိတ်နဲ့လဲပဲ ငါက ရဟန္တာတွေကို အတုလိုက်ပြုကျင့်ရတော့မယ်၊ ငါ ဥပုသ်စောင့်ပြီးလဲ ဖြစ်လာလိမ့်မယ်။

ရဟန္တာတွေဟာ အသက်ထက်ဆုံး တစ်ထပ်သာစားနေကြပါတယ်၊ ညအခါစားခြင်းမှ ရှောင်ကြဉ်ကြပါတယ်၊ နေလွဲအခါစားခြင်းမှလဲ ရှောင်ကြဉ်ကြပါတယ်၊ ငါလဲပဲ ဒီနေ့တစ်ညဉ့်လုံးတစ်နေ့လုံး တစ်ထပ်သာ စားပါ့မယ်၊ ညအခါစားခြင်းမှ ရှောင်ကြဉ်ပါ့မယ်၊ နေလွဲတဲ့အခါစားခြင်းမှလဲ ရှောင်ကြဉ်ပါ့မယ်၊ ဒီအကြောင်းတစ်စိတ်နဲ့လဲပဲ ငါက ရဟန္တာတွေကို အတုလိုက်ပြုကျင့်ရတော့မယ်၊ ငါ ဥပုသ်စောင့်သုံးပြီးလဲ ဖြစ်လာလိမ့်မယ်။

ရဟန္တာပုဂ္ဂိုလ်တွေဟာ အသက်ထက်ဆုံး ကိုယ်တိုင်ကခြင်း သူ့ကိုကစေခြင်း, ကိုယ်တိုင်သီချင်းဆိုခြင်း သူ့ကိုအဆိုခိုင်းခြင်း, ကိုယ်တိုင်တီးမှုတ်ခြင်း သူ့ကိုတီးမှုတ်ခိုင်းခြင်း, သာသနာတော်ရဲ့ ဆူးငြောင့်သဖွယ်ဖြစ်တဲ့ ကခုန် သီဆို တီးမှုတ်နေတာကို ကြည့်ရှုနားထောင်ခြင်း, ပန်းပန်ခြင်း, သနပ်ခါးမျက်နှာချေ ပေါင်ဒါလိမ်းကျံခြင်းမှ ရှောင်ကြဉ်ကြတယ်၊ ငါလဲ ဒီနေ့တစ်ညဉ့်လုံး တစ်နေ့လုံး ကိုယ်တိုင်ကခြင်း သူ့ကို အကခိုင်းခြင်း, ကိုယ်တိုင်သီချင်းဆိုခြင်း သူ့ကိုအဆိုခိုင်းခြင်း, ကိုယ်တိုင်တီးမှုတ်ခြင်း သူ့ကိုတီးမှုတ်ခိုင်းခြင်း, သာသနာတော်ရဲ့ ဆူးငြောင့်သဖွယ်ဖြစ်တဲ့ ကခုန်သီဆို တီးမှုတ်နေတာကို ကြည့်ရှုနားထောင်ခြင်း, ပန်းပန်ခြင်း, သနပ်ခါး မျက်နှာချေ ပေါင်ဒါလိမ်းကျံခြင်းမှ ရှောင်ကြဉ်ပါ့မယ်၊ ဒီအကြောင်းတစ်စိတ်နဲ့လဲပဲ ငါက ရဟန္တာတွေကို အတုလိုက်ပြုကျင့်ရတော့မယ်၊ ငါ ဥပုသ်စောင့်သုံးပြီးလဲ ဖြစ်လာလိမ့်မယ်။

ရဟန္တာတွေဟာ အသက်ထက်ဆုံး မြင့်တဲ့နေရာ, မြတ်တဲ့နေရာကို ပယ်ပြီး မြင့်တဲ့နေရာ, မြတ်တဲ့နေရာမှ ရှောင်ကြဉ်ကြပါတယ်၊ ခုတင်ကလေးမှာပဲဖြစ်ဖြစ်, မြက်အခင်းပေါ်မှာပဲဖြစ်ဖြစ် နိမ့်တဲ့နေရာမှာသာ အိပ်ကြပါတယ်၊ ငါလဲ ဒီနေ့

http://www.dhammadownload.com

တစ်နေ့လုံး တစ်ညဉ့်လုံး မြင့်တဲ့နေရာမြတ်တဲ့နေရာမှ ရောင်ကြဉ်ပါ့မယ်၊ ခုတင်ကလေးပေါ်မှာပဲဖြစ်ဖြစ်, မြက်အခင်းပေါ်မှာပဲဖြစ်ဖြစ် နိမ့်တဲ့နေရာမှာသာ အိပ်ပါ့မယ်၊ ဒီအကြောင်းတစ်စိတ်နဲ့လဲပဲ ငါက ရဟန္တာပုဂ္ဂိုလ်တွေကို အတုလိုက်ပြုကျင့်ရတော့မယ်၊ ငါ ဥပုသ်စောင့်သုံးပြီးလဲ ဖြစ်လာပါလိမ့်မယ်။

ဝိသာခါ ! ငါဘုရားရဲ့တပည့်ဟာ ယခုပြောလာခဲ့တဲ့အတိုင်းလဲ ဆင်ခြင်ရဦးမယ်၊ ဒီလိုစောင့်သုံးတဲ့ ဥပုသ်ဟာ အရိယာတို့ဥပုသ်မျိုး ဖြစ်တော့တယ်။

ဝိသာခါ ! ဒီလိုကျင့်သုံးတဲ့ အရိယာဥပုသ်မျိုးဟာ အကျိုးပေးလဲ ကြီးကျယ်တယ်၊ အာနိသင်လဲ ကြီးတယ်၊ အကျိုးပေးအနေနဲ့လဲ အင်မတန်ကျယ်ပြန့်တယ်။

"ဆရာမ–မသန်းတင့်က ဘာမှာရေးထားတာကို တိုင်ပေးလိုက်ပါဦး"။

ဥပုသ်ဆောက်တည်–ပြီးစီးသွားလျှင် , ကိစ္စတစ်ပါး–နည်းပါစေ၊
စိတ်စင်ကြယ်ရန်–ကမ္မဋ္ဌာန်းကို , ပွားများစီးဖြန်း–နေပါလေ၊
ရဟန္တာကို–စံပြထားလို့ , အင်္ဂါရုစ်ပါး–ဆင်ခြင်နေ၊
ကျိုးပေးကြီးကျယ်–ဤဥပုသ်ကို , ရိယာဥပုသ်–ခေါ်ရပေ။

အရိယဥပုသ် အကျိုးပေးကြီးကျယ်ပုံ

များပြားလှတဲ့ တပ်မက်စရာရတနာတွေနဲ့ ပြည့်စုံနေတဲ့ အင်္ဂ, မဂဇေစရှိတဲ့ တိုင်းကြီး ၁၆–တိုင်းတို့မှာ မင်းလုပ်အုပ်ချုပ်ရတာဟာ အင်္ဂါ ၈–ပါးနှင့်ပြည့်စုံတဲ့ ဥပုသ်ရဲ့ ၁၆–ပုံတစ်ပုံ(၂၅၆–ပုံတစ်ပုံ)ကိုမျှ မမီနိုင်ပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ လူ့မင်းစည်းစိမ်ဟာ နတ်စည်းစိမ်နှင့် နှိုင်းစာလိုက်ရင် မပြောလောက်ပ နည်းပါးလှတဲ့အတွက်ကြောင့်ပါပဲ။

ဝိသာခါ ! စာတုမဟာရာဇိနတ်တွေဟာ သူတို့ရဲ့အရေအတွက်နဲ့ နှစ်ပေါင်း ၅–ရာ, လူတွေရဲ့အရေအတွက်နဲ့ နှစ်ပေါင်း ၉–သန်း အသက်ရှည်ကြတယ်။

တာဝတိံသာနတ်တွေဟာ သူတို့ရဲ့အရေအတွက်နဲ့ နှစ်ပေါင်းတစ်ထောင်, လူတွေရဲ့အရေအတွက်နဲ့ နှစ်ပေါင်း ၃–ကုဋေ ၆–သန်း အသက်ရှည်ကြတယ်။

ယာမာနတ်တွေဟာ သူတို့ရဲ့အရေအတွက်နဲ့ နှစ်ပေါင်း ၂–ထောင်, လူတွေရဲ့အရေအတွက်နဲ့ နှစ်ပေါင်း ၁၄–ကုဋေ ၄–သန်း အသက်ရှည်ကြတယ်။

တုသိတာနတ်တွေကတော့ သူတို့ရဲ့အရေအတွက်နဲ့ နှစ်ပေါင်း ၄–ထောင်, လူတွေရဲ့အရေအတွက်နဲ့ နှစ်ပေါင်း ၅၇–ကုဋေ ၆–သန်း အသက်ရှည်ကြတယ်။

http://www.dhammadownload.com

နိမ္မာနရတိနတ်တွေကတော့ သူတို့ရဲ့အရေအတွက်နဲ့ နှစ်ပေါင်း ၈-ထောင်, လူတွေရဲ့အရေအတွက်နဲ့ နှစ်ပေါင်း ၂၃၀-ကုဋေ ၄-သန်း အသက်ရှည်ကြတယ်။

ပရနိမ္မိတဝသဝတ္တိနတ်တွေကတော့ သူတို့ရဲ့အရေအတွက်နဲ့ နှစ်ပေါင်း ၁-သောင်း ၆-ထောင်, လူတို့ရဲ့အရေအတွက်နဲ့ နှစ်ပေါင်း ၉၂၁-ကုဋေ ၆-သန်း အသက်ရှည်ကြတယ်။

ဝိသာခါ ! ဒီလူဘုံက မိန်းမပဲဖြစ်ဖြစ်, ယောကျ်ားပဲဖြစ်ဖြစ် အချို့ပုဂ္ဂိုလ်ဟာ အင်္ဂါ ၈-ပါးနှင့်ပြည့်စုံတဲ့ ဥပုသ်ကို စောင့်သုံးပြီး သေသွားလို့ရှိရင် အဲဒီနတ်ဘုံတွေထဲက တစ်ဘုံဘုံကို ရောက်စရာအကြောင်းရှိတယ်၊ ဒါကိုရည်ရွယ်ပြီး လူမင်းစည်းစိမ်ဟာ နတ်စည်းစိမ်နှင့် နှိုင်းစာလိုက်ရင် မပြောလောက်ပ နည်းပါးလှတယ်-ဆိုတဲ့ စကားကို ငါ(ဘုရား) မိန့်ဆိုခဲ့ရတာပဲ။

ဥပေါသထသုတ် နိဝုံး

ဥပုသ်စောင့်သုံးသူဟာ သူ့အသက်ကို မသတ်ရ၊ ပိုင်ရှင်မပေးတဲ့ ဥစ္စာကို ခိုးဝှက်မယူရ၊ မဟုတ်မမှန်မပြောရ၊ သေရည်အရက် မသောက်ရ၊ မေထုန်မှိုဝဲမှုဆိုတဲ့ မမြတ်သောအကျင့်ကို ရှောင်ကြဉ်ရမယ်၊ နေလွဲညစာမစားရ၊ ပန်းပန်မှု နံ့သာလိမ်းကျံမှုကို မပြုရ၊ ခုတင်ကလေးမှာပဲဖြစ်ဖြစ်, မြေကြီးမှာပဲဖြစ်ဖြစ်, သစ်ရွက်အခင်းမှာပဲဖြစ်ဖြစ် အိပ်ရမယ်၊ ဒီဥပုသ်ကို ဒုက္ခဆုံးရာကို ရောက်ပြီးတဲ့ ဘုရားရှင်က ဟောဖော်ညွှန်ပြတဲ့ အင်္ဂါ ၈-ပါးရှိတဲ့ ဥပုသ်-လို့ ဆိုကြတယ်။

တင့်တယ်တဲ့ လ,နေ ၂-ပါးတို့ရဲ့ မိုက်မှောင်ပယ်ခွင်း လင်းရောင်ဖြာဝေပြီး အရပ်မျက်နှာတို့ကို တင့်တယ်စေလျက် ကောင်းကင်ခရီးနဲ့ လှည့်ပတ်သွားလာထွန်းလင်းတောက်ပြောင်ရာ လောကဓာတ်အတွင်းမှာ ရှိရှိသမျှ ပုလဲ, ပတ္တမြား, ရွှေ, ငွေ, စိန်, ကျောက် အစရှိတဲ့ ရတနာအပေါင်းက အင်္ဂါ ၈-ပါးနှင့်ပြည့်စုံတဲ့ ဥပုသ်ရဲ့ ၁၆-ပုံတစ်ပုံ(၂၅၆-ပုံတစ်ပုံ)ကိုမျှ မမီနိုင်ကြပါ၊ ကြယ်တာရာအကုန်လုံးရဲ့ အရောင်က လရောင်ကို မမီနိုင်သလိုပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် သီလရှိတဲ့ မိန်းမ,ယောကျ်ားက အင်္ဂါ ၈-ပါးရှိတဲ့ ဥပုသ်ကို စောင့်သုံးပြီး ချမ်းသာသုခကိုခံစားဖွယ်ဖြစ်တဲ့ ကုသိုလ်ကိုပြုလုပ်လို့ ဒီဘဝမှာ ကဲ့ရဲ့မခံရဘဲ နောက်ဘဝကျတော့ နတ်ပြည်မှာ ဖြစ်ရပါတော့တယ်။

"ဆရာမ-မသန်းမြင့်က ဘောမှာရေးပြထားတာကို တိုင်ပေးလိုက်ပါဦး"။

**သူသက်မညှာ-သတ်ဖြတ်ကင်းလို့ , လုယက်ခိုးခြင်း-ရှောင်ရမယ်၊
ယုတ်ညံ့မေထုန်-မှိုဝဲမှုနှင့် , လိမ်ညာပြောမှု-ရှောင်ပါကွယ်၊

http://www.dhammadownload.com

ယစ်မျိုးသေရည်–ပယ်ရှောင်ရှားလို့ , ညစာမစား–နေလို့ရယ်၊
ဆိုတီးကခုန်–ပန်းပန်မှုန့် , နံ့သာလိမ်းမှု–ရှောင်ခွာပယ်။

••မြင့်မြတ်နေရာ–ရှောင်ကြဉ်ထားတော့ , အင်္ဂါရုစ်ပါး–ပြည့်စုံကြွယ်၊
ဤဥပုသ်ကို–မြတ်ဘုရားက , သေချာညွှန်ကြား–ဟောခဲ့တယ်၊
လနေညီနောင်–ထွန်းပြောင်လင်းတဲ့ , လောကအတွင်း–ရုပ်တိုင်းဝယ်၊
ရတနာရွှေငွေ–ရှိသမျှထက် , ဤဥပုသ်က–သာလှတယ်။

••ကြယ်တာရာတွေ–ဘယ်လိုတောက်လည်း , လရောင်ရောက်တော့–ပျောက်သည့်နှယ်၊
သီလငါးတန်–ကိုယ်ခံလုပ်လို့ , ရှစ်ပါးဥပုသ်–စောင့်လို့ရယ်၊
စီးပွားချမ်းသာ–အကျိုးပြုတဲ့ , ကုသိုလ်ကောင်းမှု–ပြုပါကွယ်၊
ကဲ့ရဲ့လွတ်ကာ–နတ်ရွာရောက်လို့ , ချမ်းသာဖြိုးမောက်–နေရမယ်၊
- - - -နေမယ်– နေမယ်– တို့နေမယ်။

ဥပုသ်နှင့်စပ်သိမှတ်စရာ

ဒီအင်္ဂါ ၈–ပါးနှင့်ပြည့်စုံတဲ့ ဥပုသ်ကို စောင့်သုံးမယ့်ပုဂ္ဂိုလ်က ငါ နက်ဖြန် ဥပုသ်စောင့်သုံးမယ်–လို့ နှလုံးသွင်းပြီး ဒီနေ့ကပင် အာဟာရ–စသည် စီမံမှုကို ပြုလုပ်ထားရမယ်၊ ဥပုသ်နေ့မှာ နံနက်စောစောကပဲ ရဟန်းထံမှာပဲဖြစ်ဖြစ်, သာမဏေထံမှာပဲဖြစ်ဖြစ်, ဆယ်ပါးသီလ လက္ခဏာကို သိနားလည်တဲ့ ဥပါသကာထံမှာပဲဖြစ်ဖြစ်, ဥပါသိကာမထံမှာပဲဖြစ်ဖြစ် နှုတ်မြွက်ကာ ဥပုသ်အင်္ဂါတို့ကို ဆောက်တည်ရမယ်။

ပါဠိကို နားမလည်ရင် "ဘုရားရှင်ပညတ်ထားသော ဥပုသ်ကို ဆောက်တည်ပါ၏"လို့ မြန်မာလို ဆောက်တည်ရမယ်၊ သီလပေးမယ့်လူ မရှိရင် ကိုယ်တိုင်လဲ ဆောက်တည်ကောင်းပါတယ်၊ သို့သော် နှုတ်မြွက်မှုကိုတော့ ပြုရပါ့မယ်။

ဥပုသ်စောင့်တဲ့ပုဂ္ဂိုလ်က သူတစ်ပါးတို့အား နှိပ်စက်မှုနှင့်စပ်ဆိုင်တဲ့ လုပ်ငန်းကိစ္စများကို မစီမံသင့်၊ ငွေတိုးပေးမှု, ရောင်းဝယ်ဖောက်ကားမှု–စတဲ့ အလုပ်တွေကို ပြုလုပ်ကာ အချိန်ကို မကုန်လွန်စေသင့်၊ ဆွမ်းစားပင့်ထားလို့ အိမ်မှာဆွမ်းစားရတဲ့ ရဟန်းလို စားသောက်ပြီးရင် ကျောင်းကိုသွားပြီး တရားသော်လဲ နာနေရမယ်၊ ကမ္မဋ္ဌာန်း ၄၀–ထဲက တစ်ခုခုကိုသော်လဲ နှလုံးသွင်းနေရမယ်။ ၅။

ပြောလာခဲ့တဲ့အတိုင်း ဥပုသ်ဆောက်တည်မှုကို ပြုတဲ့အခါ ဒီညဉ်ပတ်လုံး လို့ပဲဖြစ်ဖြစ်, ဒီနေ့ပတ်လုံးလို့ပဲဖြစ်ဖြစ် ကာလအပိုင်းအခြားကို ပြုလုပ်ထားပြီးမှ–

"ဥပေါသထအင်္ဂဝေန အဒ္ဓသိက္ခာပဒါနိ သမာဒိယာမိ"။

ဥပုသ်အင်္ဂါ၏အစွမ်းအားဖြင့် သိက္ခာပုဒ် ၈–ခုတို့ကို ဆောက်တည်ပါ၏၊ ဒီလို တပေါင်းတည်းလဲ နှုတ်မြွက်ဆောက်တည်နိုင်ပါတယ်။

http://www.dhammadownload.com

"ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ ။ပ။ ဥစ္စာသယနမဟာ သယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ" ဒီလို နှုတ်မြွက်မှုကိုပြုပြီး အသီးအသီးလဲ ဆောက်တည်နိုင်ပါတယ်။

ပါဠိကို နားမလည်သူဖြစ်ရင် ကိုယ့်ဘာသာစကားနဲ့ ဘုရားပညတ်ထားတဲ့ ဥပုသ်ကို ဆောက်တည်ပါ၏–လို့ တပေါင်းတည်းပဲဖြစ်ဖြစ်, သူအသက်ကို သတ်မှုက ရှောင်ကြဉ်ပါ့မယ်–စသည်ဖြင့် အသီးအသီးပဲဖြစ်ဖြစ် ဆောက်တည်ကောင်းပါတယ်။

ဥပုသ်သီလ–ဆိုတာဟာ ကိုယ်တိုင်ဆောက်တည်ရင်လဲ ဆောက်တည်ပြီးပဲ ဖြစ်ပါတယ်၊ သူတစ်ပါးထံမှာ ဆောက်တည်ရင်လဲ ဆောက်တည်ပြီးပဲ ဖြစ်ပါတယ်၊ တပေါင်းတည်းဆောက်တည်ရင်လဲ ဆောက်တည်ပြီးပဲ ဖြစ်ပါတယ်၊ အသီးအသီး ဆောက်တည်ရင်လဲ ဆောက်တည်ပြီးပဲ ဖြစ်ပါတယ်။

ဒီဥပုသ်သီလကို တပေါင်းတည်းဆောက်တည်သူမှာ ဝိရတိတစ်ခု စေတနာ တစ်ခုသာ ဖြစ်ပါတယ်၊ ဒါပေမယ့် အဲဒီဝိရတိတစ်ခုနှင့် စေတနာတစ်ခုက အလုံးစုံသော ဝိရတိနှင့် စေတနာတွေရဲ့ ကိစ္စကို ဆောင်ရွက်နိုင်ပါတယ်၊ ဒါ့ကြောင့် တပေါင်းတည်းဆောက်တည်ရင်လဲ သိက္ခာပုဒ်အကုန်လုံးကို ဆောက်တည်ပြီးပဲ ဖြစ်တော့တယ်၊ အသီးအသီးဆောက်တည်တဲ့ပုဂ္ဂိုလ်မှာ အသီးအသီးသော ဝိရတိနှင့် အသီးအသီးသော စေတနာတို့က သက်ဆိုင်ရာကိစ္စအားလျော်စွာ ဖြစ်ကြရပါတယ်၊ ဒါပေမယ့် ဆောက်တည်မှုအကုန်လုံးမှာပဲ နှုတ်မြွက်မှုကိုတော့ ပြုရမယ်သာ ဖြစ်ပါတယ်။ ဦ။

ဝေယျာဝစ္စအမှု သူတစ်ပါးရဲ့ကုသိုလ်အလုပ်ကို ကူညီလုပ်ကိုင်ပေးခြင်းကိုပဲ ဝေယျာဝစ္စအမှု–လို့ ခေါ်ပါတယ်၊ ဒါ့ကြောင့် သူများအလှူဒါန ပြုတဲ့အခါ မိမိကိုယ်တိုင်ကလဲ စိတ်ပါလက်ပါနှင့် အလှူရှင်စိတ်ကြည်လင်အောင်, သက်သာအောင်, အလှူမှာတင့်တောင့်တင့်တယ်ဖြစ်အောင် သဘောထားပြီး ကူညီသင့်တယ်၊ ကျန်းမာရေးမကောင်းသူ, အိုမင်းမစွမ်းဖြစ်နေသူ, ကျန်းမာနေပေမယ့် မနိုင်မနင်း ချိုပိုးလုပ်ကိုင် ထမ်းဆောင်နေရသူ, ကျန်းမာနိုင်နင်းပေမယ့် မိဘဆရာသမား ကိုယ်ထက်ကြီးတဲ့ ဆွေမျိုး မိတ်ဆွေတွေရဲ့ အကုသိုလ်မှုကင်းတဲ့ ကိစ္စကြီးငယ်ကို ကူညီဆောင်ရွက်လုပ်ကိုင်ပေးခြင်းလဲပဲ ဝေယျာဝစ္စကုသိုလ်ပဲ ဖြစ်ပါတယ်၊ ဒီဝေယျာဝစ္စကုသိုလ်ဟာ စိတ်ထားဝတ်သူတို့အတွက် အချို့ အလှူရှင်ထက်ပင် အကျိုးများပါသေးတယ်။

၁။ ဒီဃ–၂၊ ၂၈၀။

http://www.dhammadownload.com

ဥတ္တရလုလင်ရဲ့ စေယျာဝစ္ဆကုသိုလ်

ကိုယ်တိုင်ရိုညွတ်, လေးအမြတ်, စွန့်လွှတ်လှူဒါန်းရာ၊
ယင်းသို့လှူထား, အလှူများ, ကြီးမားအကျိုးလာ။

ပါယာသိဘုရင်ခံက အရှင်ကုမာရကဿပရဲ့တရားကို ကြားနာရပြီးတဲ့အချိန်က စပြီး ရဟန်းပုဏ္ဏား, ဆင်းရဲသူဆင်းရဲသား, ခရီးသွား, သူတောင်းစားတို့အား အလှူကို ပေးလှူနေပါတယ်၊ အလှူဝတ္ထုတွေကတော့ ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းအပြင် ထူထဲကြမ်းတမ်းပြီး ရှုပ်ထွေးတဲ့ အမြှိတ်အဆာပါရှိတဲ့ အဝတ်တွေပဲ ဖြစ်ပါတယ်။

အလှူကိုလှူပြီးတဲ့အချိန်မှာ အဲဒီအလှူမှာ အုပ်ချုပ်စီမံခန့်ခွဲသူ အလှူမူးဖြစ်တဲ့ ဥတ္တရလုလင်က "ဒီအလှူကြောင့် အကျွန်ုပ်ဟာ ဒီပါယာသိဘုရင်ခံကို ဒီဘဝမှာသာ ပေါင်းဆုံရပြီး တစ်ပါးသောဘဝမှာ မပေါင်းဆုံရပါစေနှင့်"လို့ ရည်ညွှန်းထိခိုက်ပြောဆိုနေပါတယ်။

ဒီအကြောင်းကို ကြားသိရတော့ ပါယာသိဘုရင်ခံက ဥတ္တရလုလင်ကို ခေါ်ယူပြောဆိုပါတယ်။

"အမောင်ဥတ္တရ ! မင်းက ဘာ့ကြောင့် ငါ့ကို ရည်ညွှန်းထိခိုက်ပြောဆိုနေရပါသလဲ ?၊ တို့ဟာ ကုသိုလ်ကောင်းမှုကို အလိုရှိနေကြတာပဲ မဟုတ်လား ?၊ အလှူရဲ့အကျိုးကို အလိုရှိနေကြတာပဲ မဟုတ်လား ?"။

"အရှင်ရဲ့အလှူမှာ ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းကိုသာ ပေးလှူပါတယ်၊ ဒီစားဖွယ်မျိုးကို အရှင်က ခြေနဲ့တောင်မှ ထိလိုမယ် မဟုတ်ပါ၊ သုံးဆောင်စားသောက်မှာကတော့ ဝေးပါသေးရဲ့၊ ထူထဲကြမ်းတမ်းပြီး ရှုပ်ထွေးတဲ့အမြှိတ်အဆာရှိတဲ့ အဝတ်တွေကိုလဲ ပေးလှူပါတယ်၊ အဲဒီအဝတ်တွေကို အရှင်က ခြေနဲ့ထိရန်ပင် အလိုမရှိတန်ရာ၊ ဝတ်ဆင်ရန်ကတော့ ဝေးလှပါတယ်၊ အရှင့်ကို အကျွန်ုပ်တို့က ချစ်ခင်ကြပါတယ်၊ နှစ်သက်ကြပါတယ်၊ နှစ်သက်တဲ့အရာကို မနှစ်သက်တဲ့အရာနှင့် အကျွန်ုပ်တို့က ဘယ်လိုယှဉ်တွဲ ရောစပ်ရပါ့မယ်လဲ ?"။

"အမောင်ဥတ္တရ ! ဒီလိုဆိုရင် ငါသုံးဆောင်စားသောက်နေတဲ့ အစားအစာမျိုး, ငါဝတ်ဆင်နေတဲ့ အဝတ်အထည်မျိုးကို ပေးလှူတော့"။

ဥတ္တရလုလင်ကလဲ ပါယာသိဘုရင်ခံရဲ့အမိန့်ကိုနာခံပြီး ပါယာသိဘုရင်ခံ သုံးဆောင်စားသောက်တဲ့ အစားအစာမျိုး, ပါယာသဘုရင်ခံဝတ်ဆင်တဲ့ အဝတ်အထည်မျိုးကို ပေးလှူနေပါတော့တယ်။

ဒီအလှူမှာ အလှူရှင်ဖြစ်တဲ့ ပါယာသိဘုရင်ခံက မရိမသေ မလေးမစား လှူဒါန်းမှုကို ပြုပါတယ်၊ ကိုယ့်လက်နဲ့ပေးလှူမှုကို မပြုပါ၊ စိတ်ဝင်စားမှုမရှိဘဲ ပေးလှူပါတယ်၊

http://www.dhammadownload.com

လွှင့်ပစ်သလို ပေးလှူပါတယ်၊ ဒါ့ကြောင့် ခန္ဓာပျက်စီး သေပြီးတဲ့နောက် စာတု မဟာရာဇဓနတ်ပြည်ကို ရောက်ရ ပါတယ်၊ အဲဒီနတ်ပြည်မှာ ခြွေရံပရိသတ်မရှိတဲ့ သေရိသကဗိမာန်မှာ နေရပါတယ်။

အဲဒီပါယာသိဘုရင်ခံရဲ့ အလှူမှာ အလှူမှူးဖြစ်တဲ့ (ဝေယျာဝစ္စမှူကို ဦးဆောင် လုပ်ကိုင်ပေးတဲ့) ဥတ္တရလုလင်ကတော့ ရိုသေစွာလဲ လှူပါတယ်၊ ကိုယ်ထိလက်ရောက်လဲ လှူပါတယ်၊ အလေးအမြတ် စိတ်ပါဝင်စားစွာလဲ လှူပါတယ်၊ အနှားကို ဆည်းကပ်ပြီး ကျကျနန ပေးလှူပါတယ်၊ ဒါ့ကြောင့် ခန္ဓာပျက်စီး သေပြီးသည့်နောက် တာဝတိံသာနတ်ပြည်မှာ ဖြစ်ရပါတော့တယ်။

"ဒီဝတ္ထုက ဘာသင်ခန်းစာကို ပေးနေတယ်ဆိုတာ ဆရာမ-မလှကြွေက ပြောပြစမ်းပါဦး"။

"အလှူအတန်းလုပ်တဲ့အခါမှာ လွှင့်ပစ်သလိုလုပ်ပြီး သူတောင်းစားတို့အား ပေးလှူသလို မပေးလှူဘဲ ရိုသေလေးမြတ် စိတ်ပါဝင်စားစွာ ကိုယ်ထိလက်ရောက် ပေးလှူရမယ်။

ဒီလို ပေးလှူတတ်သူအတွက် သူများအလှူဝတ္ထုကို ကူညီလှူဒါန်းပေးရင်လဲ အကျိုးကြီးတာပဲ၊ ကိုယ့်အလှူဝတ္ထုကို စွန့်လွှတ်လှူဒါန်းရင်လဲ အကျိုးကြီးတာပဲ၊ သို့ဖြစ်၍ ကိုယ့်ပစ္စည်းကို မလှူဒါန်းနိုင်ပေမယ့် သူများအလှူမှာ စနစ်တကျ ကူညီလုပ်ကိုင်ပေးတာဟာ အင်မတန်အကျိုးများတယ်၊ ဒါဟာ ဒီဝတ္ထုက ပေးနေတဲ့ သင်ခန်းစာပဲ ဖြစ်ပါတယ်"။

လူထုအကျိုးပြု လုပ်ငန်းများ

အများအသုံးပြုရန် ဥယျာဉ်စိုက်ပျိုးမှု-စတဲ့ အလုပ်တွေက လူထုအကျိုးပြု လုပ်ငန်းတွေပဲ ဖြစ်ပါတယ်၊ အကျိုးလဲ အင်မတန်များပါတယ်။

အများအတွက် သစ်သီးဥယျာဉ် ပန်းဥယျာဉ်စိုက်ပျိုးသူ, အရိပ်ရသစ်ပင် စိုက်ပျိုးသူ, တံတားခင်းသူ, ရေအိုးစင်တည်ထားသူ, ရေတွင်းရေကန်တူးဖော်လှူဒါန်းသူ, နေရာကျောင်းကန်ဇရပ်ကို လှူဒါန်းသူတွေမှာ ကိုယ်လုပ်ထားတာကို သတိ ရတိုင်း နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကုသိုလ်ကောင်းမှု တိုးပွားပါတယ်၊ တရားမှာတည်ပြီး သီလနှင့်ပြည့်စုံတဲ့ ဒီပုဂ္ဂိုလ်တွေဟာ နတ်ပြည်ကို ရောက်ကြရပါတယ်။ [၁]

ဒီလိုလဲ ဗုဒ္ဓမြတ်စွာက ဟောတော်မူထားပါတယ်၊ ဒီလူထုအကျိုးပြုလုပ်ငန်းတွေကို ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်ကြလို့ လက်ရှိဘဝမှာရော, နောင်ဘဝမှာရော

၁။ သံ-၁၊ ၃၀။

http://www.dhammadownload.com

ကြီးပွားချမ်းသာကြတဲ့ မဃလုလင်ဦးဆောင်တဲ့ပုဂ္ဂိုလ် ၃၃-ယောက်တို့ရဲ့ အကြောင်းကို ပြောပြပါဦးမယ်။

မဃလုလင် ၁

စိုက်ပျိုးသစ်ပင်, ရေအိုးစင်, လမ်းပြင်တံတားဆောက်၊
ရေတွင်းကျောင်းကန်, ပြုလုပ်ဖန်, အမှန်နတ်ပြည်ရောက်။

ရှေးအခါက မဂဓတိုင်း မစလရွာမှာ မဃလုလင်-ဆိုတဲ့ အမျိုးကောင်းသားတစ်ယောက် ရှိပါတယ်၊ အဲဒီ မဃလုလင်ဟာ အမိအဖကိုလဲ လုပ်ကျွေးပါတယ်၊ အသက်အရွယ်ကြီးသူတွေကိုလဲ ရိုသေပါတယ်၊ သိမ်မွေ့နူးညံ့စွာလဲ ပြောဆိုတတ်ပါတယ်၊ ညီညွတ်စေ့စပ်ရေးကိုလဲ ပြောဆိုတတ်ပါတယ်၊ ဝန်တိုခြင်းကင်းပြီး စွန့်ကြဲပေးကမ်း လှူဒါန်းလေ့လဲ ရှိပါတယ်၊ မှန်မှန်ကန်ကန်လဲ ပြောဆိုတတ်ပါတယ်၊ အမျက်ဒေါသလဲ မထွက်တတ်ပါ။

အဲဒီမဃအမျိုးသားဟာ လူအများအတွက် အကျိုးပြုလုပ်ငန်းကို ဆောင်ရွက်ရန်လဲ ဝါသနာပါသူ ဖြစ်ပါတယ်၊ မိုးလင်းတယ်-ဆိုရင်ပဲ ပေါက်တူးတစ်ချောင်းကို ယူပြီး အိမ်ကထွက်လာပါတယ်၊ မည်မည်ဖြစ်နေတဲ့လမ်းတွေကို ညှိပါတယ်၊ လမ်းသွားလမ်းလာ လူတွေအတွက် အနှောင့်အယှက်ဖြစ်နေတဲ့ သစ်ပင်ချုံနွယ် သစ်ကိုင်းတွေကိုလဲ ခုတ်ထွင်ရှင်းလင်းပေးပါတယ်။

ရွာသားတွေကလဲ သူ့အလုပ်ကို သဘောကျတာနဲ့ တစ်ယောက်ပြီးတစ်ယောက် ဆိုသလို သူ့နောက်ကို လိုက်ပါလာကြတယ်၊ သူနှင့် ပူးပေါင်းလာကြပါတယ်၊ ဒါနဲ့ မဃလုလင်ဦးဆောင်တဲ့ အဖွဲ့မှာ လူပေါင်း ၃၃-ယောက် ပါဝင်လာပါတယ်၊ သူတို့အကုန်လုံးပဲ ပေါက်တူးကိုယ်စီနဲ့ အသွားရ,အလာရ လွယ်ကူအောင် လမ်းတွေကိုလဲ ညှိကြပါတယ်၊ လမ်းသစ်တွေကိုလဲ ဖောက်လုပ်ကြပါတယ်။

အဲဒီလို လူတွေက ကောင်းတဲ့အလုပ်ကို လုပ်နေကြတဲ့အတွက် မစလရွာစားမှာ တံစိုးလက်ဆောင် လျော့ပါးလာပါတယ်၊ ဒါနဲ့ သူတို့ကို သူ့အသက်သတ်မှု, အရက်သေစာ သောက်စားမှု-စတဲ့ မကောင်းတဲ့ အလုပ်တွေကို လုပ်ကြရန် ဖြားယောင်းသွေးဆောင်ကြည့်ပါသေးတယ်၊ ဖြားယောင်းသွေးဆောင်-လို့ မရတဲ့ အဆုံးမှာ "ကျွန်တော်တို့ရဲ့ရွာသား ခိုးသားဓားပြ ၃၃-ယောက်တို့ဟာ အုပ်စုဖွဲ့ပြီး လုယူတိုက်ဖျက်နေကြပါတယ်"လို့ ရှင်ဘုရင်ထံ သွားရောက်လျှောက်ထားပါတယ်။

ရှင်ဘုရင့်အမိန့်နဲ့ သူတို့ကို ဖမ်းယူပြီး ဘုရင့်ရှေ့တော်ကို သွင်းကြပါတယ်၊ ရှင်ဘုရင်က မေးမြန်းစစ်ဆေးမှုကို မပြုဘဲ သူတို့အကုန်လုံးကို ဆင်နဲ့နင်းသတ်ရမယ်-

---

၁။ ဇာတ်-၄-၁၊ ၂၁၅။

http://www.dhammadownload.com

လို့ အမိန့်ချမှတ်လိုက်ပါတယ်၊ ဒီတော့ မဃလုလင်က "မိတ်ဆွေတို့ ! သင်တို့က မည်သူ့ကိုမှ အမျက်မထွက်ကြပါနှင့်၊ ရှင်ဘုရင်ရယ်, နင်းသတ်မယ်ဆင်ရယ်, ရွာစားရယ်, မိမိတို့ကိုယ်ရယ်–ဒီအကုန်လုံးတို့ရဲ့အပေါ်မှာ ညီတူညီမျှ မေတ္တာထားကြပါ"လို့ သူလူတွေကို ညွှန်ကြားထားပါတယ်၊ အကုန်လုံးကပဲ မဃလုလင်ရဲ့ ညွှန်ကြားချက် အတိုင်း မေတ္တာတရား ပွားများနေကြပါတယ်။

သူတို့ကို တန်းစီပြီး မင်းရင်ပြင်မှာ ဝမ်းလျားအမောက်ခိုင်းထားပါတယ်၊ နင်းမယ် ဆင်ကိုလဲ ဆင်ဦးစီးက ထုတ်ယူလာပါတယ်၊ သူတို့ရဲ့ မေတ္တာတန်ခိုးကြောင့် နင်းမယ် ဆင်က အနားကိုတောင်မှ မကပ်ရဲပါ၊ ဒီအကြောင်းကို ကြားရတော့ ရှင်ဘုရင်က လူတွေကို ဖျာနဲ့အုပ်ထားပြီးမှ အနင်းခိုင်းကြရမယ်–လို့ အမိန့်ချမှတ်လိုက်ပြန်တယ်၊ အဲဒီလို ဖျာနဲ့အုပ်ပြီး အနင်းခိုင်းကြပေမယ့် မထူးလှပါ၊ ဆင်က အဝေးကပဲ ထွက်ပြေးနေပါတော့တယ်။

ရှင်ဘုရင်က ဒီအကြောင်းကို ကြားသိရတော့ "အကြောင်းထူး တစ်စုံတစ်ခုတော့ ရှိနေရမှာပဲ"ဆိုတဲ့ အထင်နဲ့ သူတို့ကို ခေါ်ယူမေးမြန်းစုံစမ်းစစ်ဆေးပါတယ်။

> "အရှင်မင်းမြတ် ! ဘုရားကျွန်တော်မျိုးတို့က ရွာစားပြောသလို ခိုးသားဓားပြတွေ မဟုတ်ကြပါ၊ အကျွန်ုပ်တို့ဟာ မိမိတို့ရဲ့ နတ်ရွာလမ်းကို သုတ်သင်နေသူတွေသာ ဖြစ်ကြပါတယ်၊ အကျွန်ုပ်တို့က အလှူဒါနပေးလှူမှု, လမ်းတွေကို ပြုပြင်မှု–စတဲ့ အလုပ်တွေကိုသာ လုပ်နေကြပါတယ်၊ ရွာစားက မကောင်းမှုကို ပြုလုပ်ရန် ခိုင်းစေလို့ မရတဲ့အတွက် ကျွန်တော်မျိုးတို့ကို စိတ်ဆိုးပြီး အရှင်မင်းမြတ်အား မမှန်မကန် လျှောက်ထားခြင်းမျှသာ ဖြစ်ပါတယ်"။

သူတို့ရဲ့စကားကို ကြားရတဲ့အခါ ရှင်ဘုရင်က ဝမ်းမြောက်ဝမ်းသာ ဖြစ်လာပါတယ်။

> "အမောင်တို့ ! တိရစ္ဆာန်ဖြစ်တဲ့ ဒီဆင်က အမောင်တို့ရဲ့ ဂုဏ်ကျေးဇူးကို သိနားလည်ပါတယ်၊ အကျွန်ုပ်က လူဖြစ်ရက်သားနဲ့ မသိနားမလည်နိုင်ခဲ့ဘူး၊ သင်တို့က သည်းခံကြပါ"။

ဒီလိုလဲ ပြောဆိုတောင်းပန်ပါတယ်၊ မဃလုလင်ဦးဆောင်တဲ့ သူတို့ ၃၃–ယောက်အား သားမယားနှင့်တကွ ရွာစားကိုလဲ သူတို့ခိုင်းစေရန် ပေးပါတယ်၊ ဆင်ကိုလဲ သူတို့အသုံးပြုရန် ပေးပါတယ်၊ ရွာကိုလဲ အလိုရှိသလို အသုံးပြုရန် ပေးပါတယ်။

အဲဒီအချိန်ကစပြီး သူတို့က "ကုသိုလ်ကံရဲ့အကျိုးကို ဒီဘဝမှာပဲ တွေ့မြင်ကြရပါပေတယ်"ဆိုတဲ့ သဘောနဲ့ ရှေးကထက် ကြိုးကြိုးစားစား ကုသိုလ်ကောင်းမှုကို ပြုလုပ်လာကြပါတယ်၊ လမ်းဆုံမှာ လူတွေ အပန်းဖြေနားနေရန် ဧရပ်တစ်ဆောင်

http://www.dhammadownload.com

ဆောက်လုပ်ကြပါတယ်၊ ဇရပ်ကို ၃-ဖို့ခွဲကာ ကာရံထားကြပါတယ်၊ တစ်ခန်းက အစိုးရတွေအတွက် ဖြစ်ပါတယ်၊ တစ်ခန်းက တိုင်းသူပြည်သားထွေအတွက် ဖြစ်ပါတယ်၊ တစ်ခန်းက လူမမာတွေအတွက် ဖြစ်ပါတယ်။

ဇရပ်နားမှာ ရေကန်တူးဖော်မှု, ပန်းခြံစိုက်ပျိုးမှု, အရိပ်ရသစ်ပင်စိုက်ပျိုးမှု-စသည်တို့ကိုလဲ ပြုလုပ်ကြပါတယ်၊ သူတို့က ဒီလိုကုသိုလ်ကောင်းမှုတွေကို အသက်နှင့်ကိုယ် တည်ရှိသမျှ ပြုလုပ်နေကြပါတယ်၊ စုတေကွယ်လွန်သွားကြတဲ့အခါ မဃလုလင်က တာဝတိ်သာနတ်ပြည်မှာ သိကြားမင်းဖြစ်ပါတယ်၊ ကျန်တဲ့လူတွေကလဲ တာဝတိ်သာနတ်ပြည်မှာ သိကြားမင်းရဲ့ ခြွေရံပရိသတ်အနေနဲ့ ဖြစ်ကြရပါတယ်၊ ဇရပ်ဆောက်လုပ်ပေးတဲ့ လက်သမားက ဝိသုကြိုနတ်သား ဖြစ်လာပါတယ်။

"ဒီဝတ္ထုက ဘာကို ဖော်ညွှန်းတယ်-ဆိုတာကို ဆရာမ-မမြင့်မြင့်သန်းက ပြောပြစမ်းပါဦး"။

"ဒီဝတ္ထုမှာပါတဲ့ ရွာစားက နေ့ချင်းရက်ချင်း သားမယားတွေနှင့်တကွ မဃအဖွဲ့သားများရဲ့ ကျေးကျွန်အဖြစ်ကို ရောက်လာရပါတယ်၊ ဒါက 'သူ့ကို မကောင်းကြံ ကိုယ့်ထံ ဘေးဒဏ်ရောက်' ဆိုတဲ့ သဘောကို ဖော်ညွှန်းနေပါတယ်၊ မဃအဖွဲ့သားတွေကို ဆင်မနင်းတာက 'မေတ္တာတန်ခိုး အကျိုးအနှစ်' ဆိုတာကို ဖော်ညွှန်းနေပါတယ်၊ မဃအဖွဲ့သားတွေရဲ့ ဒီဘဝမှာလဲ ချမ်းသာသုခရရှိမှု, နောင်ဘဝမှာလဲ ချမ်းသာသုခရရှိမှုတွေက 'သူ့အကျိုးဆောင် ကိုယ့်အကျိုးအောင်' ဆိုတဲ့ သဘောကို ဖော်ညွှန်းနေပါတယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

လူပြည်ရပ်ဆစ်,[၁] အပြစ်ရောက်ဖွယ်, ငယ်စေကြီးစေ, နီးဝေးစေတော့, ရှောင်သွေကွာမှု, ဉာဏ်ဖြင့်ရှု၍, ပြုရခြင်းသည်, တစ်ပါးမည်၏။

ဒီလို မုံရွေးဆရာတော်က အနဝဇ္ဇကမ္မမဂ််လာရဲ့ သဘောအဓိပ္ပာယ်ကို မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် လူပြည်ဆိုတဲ့ အရပ်ဌာနမှာ အပြစ်သင့်ရောက်စရာ ဖြစ်နေပါရင် ငယ်တာကိုပဲဖြစ်ဖြစ်, ကြီးတာကိုပဲဖြစ်ဖြစ်, နီးတာကိုပဲဖြစ်ဖြစ်, ဝေးတာကိုပဲဖြစ်ဖြစ် ရှောင်ကြဉ်ပယ်ခွာပြီး ဉာဏ်နဲ့ကြည့်ရှုဆင်ခြင်ကာ အပြစ်ကင်းတဲ့ အလုပ်ကို ပြုလုပ်ရခြင်းဟာ အနဝဇ္ဇကမ္မမဂ််လာမည်ပါတယ်။

၁။ ဆစ်=အဆစ်အပိုင်း။

http://www.dhammadownload.com

ဒါ့အပြင်—

တန်ဆာလက်နက်, အသက်ရှိသူ, သားဆူဟင်းလျာ, ဆိပ်သုရာ–ဟု, မိစ္ဆာမှောက်မှား, ကုန်ငါးပါးကို, စီးပွားလိုစွာ, မသွယ်ရာတည်း။ ၁

ပဋ္ဌသီဥပုသ်, မယုတ်အားကြိုး, ဤကျင့်ရိုးကား, ကောင်းကျိုးကုသိုလ်, မကင်းလိုတည့်၊ နေ့ကိုစောင့်က, နေ့ဘို့ရ၏၊ ညလည်းထို့တူ, မှတ်လေမူလော့၊ ဆယ်ဆူသီလ, နိယမလည်း, ကာလပိုင်းခြား, နေ့ရက်အားဖြင့်, မမှားမှန်လှ, စောင့်အပ်စွရှင့်၊ ရှေးကမင်းများ, ကျင့်တရားတည့်။ ၂

ထိုထိုဌာန, ဒေသရပ်ရွာ, ရှစ်မျက်နှာက, သွားလာပုံယင်, များလူရှင်တို့, ခိုဝင်နေနား, သုံးစားချိုချဉ်, မြဲအစဉ်ဖြင့်, ဥယျာဉ်ရိပ်ကြီး, ကြောင်းပါးနီးဝယ်, သစ်သီးအရံ, ပန်းအရံနှင့်, တင့်စံသာမော, သီးပွင့်တောကို, မနောရွင်ဖြိုး, သဒ္ဓါနှိုး၍, စိုက်ပျိုးကုန်မင်း, ပေါ့မပျင်းလင့်၊ သွားခင်းလာသာ, ခရီးမှာလည်း, သာယာလမ်းပန်း, ဘို့ညှိဖျန်းလျက်, စောင်းရန်းလုလင်, မစင်ညစ်ကြေး, ရွှံ့ညွန်စေးကို, ပယ်ဆေးသန့်ရှင်း, သုတ်သင်လျှင်းလော့၊ ရေတွင်းရေကန်, သောက်ရန်လမ်းတွင်, ရေအိုးစင်က, ထို့ပြင်တခြား, မြဲတည်ထားလျက်, တံတားမဏ္ဍပ်, ဇရပ်တန်ဆောင်း, ကျောင်းအာဝါသာ, ကိန်းဝပ်ရာတည့်၊ သဒါဝမုန, ထာဝရ–ဟု, ပုညခေါ်ရိုး, ကုသိုလ်မျိုးလည်း, အားကြိုးကြရာ။ ၃

မနုဿ–ဟု, ဘဝအိမ်ထောင်, လူတို့ဘောင်တွင်, ညောင်ဗုဒ္ဓဟေ, စိုက်လေတမာ, တစ်ပင်သာနှင့်, မွေးစွာပျံ့ရှား, စကားနှစ်ပင်, ထို့ပြင်ကံ့ကော်, စိုက်သော်မခွ, သုံးပင်မျှနှင့်, ထိုမှတစ်ချက်, သရက်ပဋ္ဌ, သတ္တဥသျှစ်, ထန်းပေရှစ်တည့်၊ စင်စစ်မှန်လှ, ဤရွေ့မျှဖြင့်, စိုက်ရသသူ, ထိုသည့်လူကား, နောင်မူအမြဲ, ဘဝလွဲသော်, ငရဲမုချ, မကျနိုင်ရာ, မချွတ်စွာ–ဟု, ကျမ်းလာအမှန်, ဟောပြညွှန်သည်- - - -ပုရဏ်ဇောတိ သံပိုဏ်းတည်း။ ၄

ဗုဒ္ဓဟောရှင်, ညောင်တစ်ပင်နှင့်, နှစ်ပင်စကား, သုံးကားကံ့ကော်, ရှစ်သော်တာလ, သတ္တဥသျှစ်, အဖြစ်တူမျှ, ပဋ္ဌသရက်, အခက်ဝေဝေ, စိုက်ပျိုးလေသော်, လေးထွေအပါယ်, မငြိတွယ်ဘဲ, သိလွယ်မှတ်သား, ပါယ်မလား–ဟု, ကျမ်းသွားသက္ကဋ္ဌ, ဇောတတ္ထတွင်, ဓာတ်ရသင်ဆဲ။ ၅

ဒီလိုလဲ မိန့်ဆိုထားကြပါသေးတယ်။

၁။ ဩဝါဒထူး–၂၆။ ၂။ မဃဒေဝ–၂၃၁။ ၃။ မဃ–၅၀၄။
၄။ မဃ–၅၀၅။ ၅။ မဟာမြတ်မုနိသမိုင်းပျို့၊ ၁၁၆။

http://www.dhammadownload.com



အခန်း-၆

အာရတီ * ဝိရတီ * ပါပါ = မကောင်းမှုမှ ကိုယ်နှုတ်စိတ်ဖြင့်ရှောင်ကြဉ်ခြင်း၊
မဒ္ဓပါနာစ သံယမော = ယစ်မျိုးသောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း၊
အပ္ပမာဒေါစ မွေသု = ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်း၊
စတေ မင်္ဂလ-မုတ္တမံ = ဒီသုံးပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာ (ကြီးပွားချမ်းသာရေး) ဖြစ်ပါတယ်။

၁၉။ အာရတီ ဝိရတီ ပါပါ

[ပါပါ-မကောင်းမှုမှ+အာရတီ-စိတ်ဖြင့်ရှောင်ကြဉ်ခြင်း+ဝိရတီ-ကိုယ်နှုတ်ဖြင့် ရှောင်ကြဉ်ခြင်း။] အာရတီ ဝိရတီ ပါပါ-ဆိုတာဟာ မကောင်းမှုမှ ကိုယ်နှုတ် စိတ်နဲ့ ရှောင်ကြဉ်မှုပဲ ဖြစ်တယ်။

ဒီအထဲမှာ ပါလာတဲ့ ပါပ-အရ အဋ္ဌကထာဆရာက သိင်္ဂါလသုတ်မှာ ဟောထားတဲ့ သူ့သက်သတ်မှု, ခိုးမှု, ကာမတို့မှာ မှားမှားယွင်းယွင်း ပြုကျင့်မှု, လိမ်ညာပြောဆိုမှု-ဆိုတဲ့ ညစ်နွမ်းကြောင်းတရား ၄-ပါးကိုသာ ယူပြပါတယ်၊ ဒါပေမယ့် "လိမ်ညာပြောဆို တတ်သူအတွက် မလုပ်ရဲတဲ့အကုသိုလ် မရှိတော့ဘူး" [၁] ဆိုတဲ့ ဘုရားဟောစကားတော်-အရ အဲဒီညစ်နွမ်းကြောင်းတရား ၄-ပါးထဲမှာ ပါလာတဲ့ လိမ်ညာပြောမှုနဲ့ပဲ ကျန်တဲ့ဒုစရိုက်အကုန်လုံးကိုလဲ ယူပြီးဖြစ်ပါတယ်။

ပါပါ အာရတိ-မနောဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်မှု, ပါပါ ဝိရတိ-ကာယဒုစရိုက် ၃-ပါးနှင့် ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်မှု၊ ဒီလို အာရတိနှင့်ဝိရတိကို အဓိပ္ပာယ်အရ ကွဲပြားအောင် ကြံပါက ပါပ-အရ ဒုစရိုက် ၁၀-ပါးလုံးပဲ ပါဝင်ပါတယ်။

---

* ဆန်းကြောင့် ဒီဃ။ ၁။ ဓ၊ ၃၉။

http://www.dhammadownload.com

ပါပ အာရတိ

မနောဒုစရိုက် ၃-ပါးကရောင်ကြဉ်မှုကို အာရတိခေါ်တယ်-လို့ ဆိုထားခဲ့ရာ မနောဒုစရိုက် ၃-ပါးဆိုတာက အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ-တို့ပဲ ဖြစ်ပါတယ်၊ အဲဒီအထဲမှာပါလာတဲ့ အဘိဇ္ဈာ-ဆိုတာက သူတစ်ပါးတွေရဲ့ စည်းစိမ်ဥစ္စာ ဘဏ္ဍာ အခန်းအနားတွေကို တွေ့ရမြင်ရရင် သာယာမှု, တပ်မက်မှုအနေလောက်မှာသာ ရပ်တန့်မနေဘဲ "ဒီစည်းစိမ်ဥစ္စာ ဘဏ္ဍာတွေဟာ ငါ့ဥစ္စာဖြစ်ရင် ကောင်းမှာပဲ"လို့ စိတ်နဲ့ ကြံစည်မှုမျိုးပဲ ဖြစ်ပါတယ်၊ အဲဒီလို ကြံစည်လို့ရှိရင် ကမ္မပထမြောက်ပါတယ်။

သူတစ်ပါးဥစ္စာကို တွေ့မြင်ရင် မိမိဆီသို့ စိတ်မညွတ်စေဘဲ သူတစ်ပါးရဲ့ဥစ္စာ အနေနဲ့ပဲ သဘောထားပြီး "ဒီဥစ္စာမျိုးကို ငါရရင်ကောင်းမှာပဲ၊ သူများထံက ခေတ္တ ခဏ ငှားရမ်းပြီး ငါသုံးဆောင်ရရင်ကောင်းမှာပဲ၊ ဝယ်ယူသုံးဆောင်ရရင်ကောင်းမှာပဲ"၊ ဒီလို သာယာမှုမျိုးကတော့ အဘိဇ္ဈာကဲ့မျှသာ ဖြစ်ပါတယ်၊ အဘိဇ္ဈာကမ္မပထ မမြောက်ပါ။

အဘိဇ္ဈာကရောင်ကြဉ်ရင် အနဘိဇ္ဈာဖြစ်ပါတယ်၊ သူ့ပိုင်နက် သူ့ဥစ္စာကို သူ့ပိုင်နက် သူ့ဥစ္စာအနေနဲ့ စိတ်သဘောထားကာ ကြည်ကြည်ဖြူဖြူ ဖြစ်မှုမျိုးပဲ ဖြစ်ပါတယ်၊ အဘိဓမ္မာသဘောနဲ့ ပြောရပါရင် သူများစည်းစိမ်ဥစ္စာကို မလိုချင်မမက်မောတတ်တဲ့ အလောဘပဲ ဖြစ်ပါတယ်။

ဗျာပါဒ-ဆိုတာကတော့ "ဒီသတ္တဝါတွေ သေကျေပျက်စီးကြပါစေ၊ ဒီသတ္တဝါတွေ သေကျေပျက်စီး ပြိုးတီးသွားရင် ကောင်းမှာပဲ၊ နောင်မတိုးပွားရင် ကောင်းမှာပဲ၊ ကြာမြင့်စွာ မတည်ကြရင် ကောင်းမှာပဲ၊ ဒီသတ္တဝါတွေဟာ ဘယ်တော့မျှ သေကျေပျက်စီးပြုန်းတီးကြပါ့မလဲ"စသည်ဖြင့် အခြားသတ္တဝါတွေရဲ့ အသက်ခန္ဓာပျက်စီးမှုဆိုက်ရောက်အောင် ကြံစည်ခြင်းမျိုးပဲ ဖြစ်ပါတယ်၊ ဒီလို ကြံစည်မှုမျိုးက ဗျာပါဒ ကမ္မပထမည်ပါတယ်။

အဲဒီလို အသက်ခန္ဓာပျက်စီးမှုသို့ မရောက်တဲ့ ကြံစည်မှု-စိတ်ဆိုးအမျက်ထွက်မှု သက်သက်ကတော့ ကမ္မပထမမြောက်ပါ၊ ကဲ့မျှသာ ဖြစ်ပါတယ်။

ဗျာပါဒက ရောင်ကြဉ်လိုက်ရင် အဗျာပါဒဖြစ်ပါတယ်၊ အခြားသတ္တဝါကို အသက်ခန္ဓာ ချမ်းသာစည်ကားစေလိုမှုမျိုးပဲ ဖြစ်ပါတယ်၊ အဘိဓမ္မာသဘော အနေနဲ့တော့ သတ္တဝါတွေရဲ့ အကျိုးစီးပွားကို လိုလားသော မေတ္တာ-ခေါ်တဲ့ အဒေါသ စေတသိက်ပဲ ဖြစ်ပါတယ်။

မိစ္ဆာဒိဋ္ဌိ-ဆိုတာကတော့ ကံနှင့်ကံရဲ့အကျိုးကို တားမြစ်တတ်တဲ့ နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကြိယဒိဋ္ဌိ-ဆိုတဲ့ ၃-ပါးတို့ပဲ ဖြစ်ပါတယ်၊ ဒီဒိဋ္ဌိ ၃-ပါးတို့

http://www.dhammadownload.com

ကသာ ကမ္မပထမြောက်ပဲပါတယ်၊ သက္ကာယဒိဋ္ဌိ ၂၀-နှင့် ဗြဟ္မာလသုတ်လာ မိစ္ဆာအယူ ၆၂-ပါးတို့ကတော့ မိစ္ဆာဒိဋ္ဌိကမ္မပထမျိုး မဟုတ်ကြပါ၊ မိစ္ဆာဒိဋ္ဌိက်တွေသာ ဖြစ်ကြပါတယ်။

နောက်ဘဝမှာ အကျိုးမရှိ-လို့ အကျိုးဝိပါက်ကို တားမြစ်တဲ့ အယူကို နတ္ထိကဒိဋ္ဌိ-လို့ ခေါ်ပါတယ်၊ ဒီနတ္ထိကဒိဋ္ဌိ အယူရှိသူကတော့ သတ္တဝါဟာ သေရင် ပြီးတာပဲ၊ ပြတ်တာပဲ-လို့ ဥစ္ဆေဒအယူလဲ ရှိပါတယ်။

အကြောင်းလဲမရှိ၊ အကျိုးလဲမရှိ-လို့ အကြောင်းအကျိုး ၂-ပါးလုံးကို တိုက်ရိုက်ပယ်တဲ့အယူကို အဟေတုကဒိဋ္ဌိ-လို့ ခေါ်ပါတယ်။

ကောင်းမှု,မကောင်းမှုကို ပြုပေမယ့် ပြုရာမရောက်၊ ပြုတာမမည်-လို့ အကြောင်းကံကို တားမြစ်တဲ့ အယူကို အကြိယဒိဋ္ဌိ-လို့ ခေါ်ပါတယ်။

[အကျိုးကိုပယ်ရင် အကြောင်းကံကိုလဲ ပယ်ပြီးဖြစ်ပါတယ်၊ အကြောင်းကို ပယ်ရင် အကျိုးကိုလဲ ပယ်ပြီး ဖြစ်ပါတယ်၊ ကံကိုတားမြစ်ရင် ကံရဲ့အကျိုးကိုလဲ တားမြစ်ရာ ရောက်ပါတယ်။]

မိစ္ဆာဒိဋ္ဌိကို ရှောင်ကြဉ်လိုက်ရင် သမ္မာဒိဋ္ဌိဖြစ်ပါတယ်၊ လူရင်အကျိုးရှိတယ်-စတဲ့ အယူမှန်များပဲ ဖြစ်ပါတယ်၊ အဘိဓမ္မာသဘောအနေနဲ့ ပြောရရင် အမောဟခေါ်တဲ့ ပညိန္ဒြေစေတသိက်ပဲ ဖြစ်ပါတယ်။

ပါပ ဝိရတိ

သတ်ဖြတ်ခြင်း, ခိုးဝှက်ခြင်း, ကာမတို့မှာ မှားမှားယွင်ယွင်းပြုကျင့်ခြင်း-ဆိုတဲ့ ကာယဒုစရိုက် ၃-ပါး, လိမ်ညာပြောဆိုခြင်း, ရန်တိုက်ခြင်း, ကြမ်းတမ်းတဲ့ စကားကို ပြောဆိုခြင်း, သိမ်ဖျင်းသေးနုတ်တဲ့ စကားကို ပြောဆိုခြင်း-ဆိုတဲ့ ဝစီဒုစရိုက် ၄-ပါးက ရှောင်ကြဉ်မှုကို ပါပဝိရတိ-လို့ ခေါ်ပါတယ်။

အဲဒီဝိရတိကို အဋ္ဌကထာဆရာက [၁] သမ္မတ္တဝိရတိ, သမာဒါနဝိရတိ, သမုစ္ဆေဒဝိရတိ-လို့ ၃-မျိုး ခွဲခြားပြဆိုထားပါတယ်။

သမ္မတ္တ ဝိရတိ အဲဒီ အထဲမှာ ပါလာတဲ့ သမ္မတ္တဝိရတိ-ဆိုတာက တိုက်ဆိုင်ကြိုက်ကြိုလာတဲ့ ဝတ္ထုက ရှောင်ကြဉ်တာမျိုးပဲ ဖြစ်ပါတယ်၊ သိက္ခာပုဒ်ဆောက်တည်ထားတာ မဟုတ်ဘဲ လွန်ကျူးစရာအာရုံ တိုက်ဆိုင်ကြိုလာတဲ့ အခါမှာ မိမိရဲ့ အမျိုးအနွယ်, အသက်, ဗဟုသုတ-စတဲ့ ဂုဏ်တွေကို ဆင်ခြင်ပြီး

၁။ အဘိ-၄-၁၊ ၁၄၆။

http://www.dhammadownload.com

"ငါလိုလူမျိုးက ဒီအလုပ်ကို မလုပ်သင့်ပါဘူး"လို့ ရှောင်ကြဉ်ခြင်းမျိုးကို "သမ္မတ္တ ဝိရတိ"လို့ ခေါ်ပါတယ်။ [သမ္မတ္တ–ကြဲကြိုက် တိုင်ဆိုင်လာတဲ့ ဝတ္ထုမှ+ဝိရတိ–ရှောင်ကြဉ်ခြင်း။]

သီဟိုဠ်ကျွန်းမှာ စက္ကနဉ်ပါသကာငယ်စဉ်က မိခင်ကြီး မကျန်းမမာ ဖြစ်နေပါတယ်၊ ဆေးဆရာက ယုန်သားအစိုကိုရမှ ရောဂါပျောက်မယ်–ဆိုလို့ ယုန်ရှာရအောင် လယ်ထောကို ထွက်သွားပါတယ်၊ အဲဒီအခိုက်မှာပဲ ကောက်နုစားရအောင်–လို့ ထွက်လာခဲ့တဲ့ ယုန်တစ်ကောင်က လူသံကြားလို့ ထွက်ပြေးရင်း နွယ်မှာငြိနေတာကို အလွယ်တကူ ဖမ်းယူလိုက်ပါတယ်။

ဒါဃမယ် "မိခင်အသက်ရှင်ရေးအတွက် သူ့အသက်ကို သတ်ရတာဟာ မတော်လှပါ"လို့ ဆင်ခြင်ပြီး ယုန်ကလေးကို လွှတ်ထားခဲ့ပါတယ်၊ အိမ်ကိုရောက်တော့ အစ်ကိုကြီးကြိမ်းမောင်းမာန်မဲတာကို အရေးမစိုက်ဘဲ မိခင်ရှေ့မှာထိုင်ပြီး "ငါဟာ မှတ်မိနားလည်တဲ့ အရွယ်ကစပြီး သူ့အသက်ကို မသတ်ဘူးပါ"လို့ မှန်ကန်တဲ့ သစ္စာစကားကို ဆိုတာနဲ့ပဲ မိခင်ရဲ့ ရောဂါဝေဒနာကို ကင်းပျောက်စေခဲ့ပါတယ်။

စက္ကနဉ်ပါသကာက ဖမ်းမိတဲ့ယုန်ကို မသတ်တော့ဘဲ ရှောင်ကြဉ်လိုက်တာဟာ သိက္ခာပုဒ်ဆောက်တည်ထားတာ မဟုတ်ဘဲ လွန်ကျူးစရာအာရုံတွေ့မှ ရှောင်ကြဉ်လိုက်တဲ့အတွက် သမ္မတ္တဝိရတိ မည်ပါတယ်။

သမာဒါနဝိရတိ သမာဒါနဝိရတိ–ဆိုတာက သိက္ခာပုဒ် ဆောက်တည်ထားတဲ့အတွက် ရှောင်ကြဉ်ခြင်းမျိုးပဲ ဖြစ်ပါတယ်၊ သိက္ခာပုဒ်ကို ဆောက်တည်တုန်းမှာပဲဖြစ်ဖြစ်, ဆောက်တည်ပြီးတဲ့ နောက်မှာပဲဖြစ်ဖြစ် သိက္ခာပုဒ်ဆောက်တည်ထားတဲ့အတွက် လွန်ကျူးစရာအချက်က ရှောင်ကြဉ်ခြင်းဟာ သမာဒါနဝိရတိ မည်ပါတယ်။ [သမာဒါန–သိက္ခာပုဒ်ဆောက်တည်ထားတဲ့အတွက်+ဝိရတိ–ရှောင်ကြဉ်ခြင်း။]

သီဟိုဠ်ကျွန်းသား ဥပါသကာတစ်ယောက်က ဝိဂ်လဗုဒ္ဓရက္ခိတမထေရ်ထံ သီလဆောက်တည်ထားပါတယ်၊ ပျောက်နေတဲ့နွားကိုရှာရင်း ဝနမာနတောင်ပေါ်ကို ရောက်သွားတဲ့အခါ စပါးကြီးမြွေရဲ့ ရစ်ပတ်ဖမ်းယူမှုကို ခံရပါတယ်၊ အသင့်ပါလာတဲ့ ပဲခွပ်နဲ့ ခုတ်သတ်မယ်–လို့ ကြံစည်ပြီးမှ ဆောက်တည်ထားတဲ့ သီလကို သတိရ–လို့ အသက်ကိုသာ အသေခံတော့မယ်၊ သိက္ခာပုဒ်ကိုတော့ မဖျက်တော့ဘူး–လို့ ပဲခွပ်ကို လွှင့်ပစ်လိုက်ပါတယ်၊ မြွေကလဲ လွှတ်ထားခဲ့ပြီး ထွက်သွားပါတော့တယ်။

http://www.dhammadownload.com

ဒီဥပါသကာမှာ သီလဆောက်တည်ချိန်မှ တောင်ပေါ်ကို ရောက်ချိန်အထိ ဝိရတိ–မဖြစ်သေးပါ၊ မြွေကိုမသတ်ဘဲ ရောင်းကြဉ်လိုက်တဲ့ အချိန်ကျမှ သမာဒါန ဝိရတိ ဖြစ်ပါတယ်။

သမုဒ္ဆေဒဝိရတိ သမုဒ္ဆေဒဝိရတိဆိုတာကတော့ အကြွင်းမဲ့ပယ်ဖြတ်ထားတာနှင့် စပ်လို့ ရောင်းကြဉ်ခြင်းမျိုးပဲ ဖြစ်ပါတယ်၊ ဒုစရိုက်ဒုရာဇိဝ အနုသယဓာတ်တွေကို အကြွင်းမဲ့သတ်ဖြတ်တဲ့အနေနဲ့ဖြစ်တဲ့ လောကုတ္တရာဝိရတိ ကိုပဲ သမုဒ္ဆေဒဝိရတိ–လို့ ခေါ်ပါတယ်၊ ဒီဝိရတိဖြစ်ပြီးတဲ့ အရိယာပုဂ္ဂိုလ်တွေမှာ သူ့အသက်ကိုသတ်မယ်၊ သူဥစ္စာကိုခိုးမယ်–စတဲ့စိတ်မျိုးပင် မဖြစ်တော့ပါ၊ သူ့အသက်ကို သတ်မှု–စတဲ့ ဘေးရန် ၅–မျိုး ငြိမ်းပြီးဖြစ်ပါတော့တယ်။

ကုက္ကုဋ္ဌမိတ္တမုဆိုး

ကိုယ်တိုင်–တိုက်တွန်း, ချီးမွမ်း–စိတ်တူ, လေးပါး–ဟူ, မှတ်ယူဒုစရိုက်၊
တစ်ပါးပါးသာ, ငြိစွန်းလာ, ဖြစ်ပါဒုစရိုက်၊
တစ်ပါးပါးမျှ, မငြိက, လွတ်ရဒုစရိုက်။

ရာဇဂြိုဟ်မြို့မှာ သူဋ္ဌေးသမီးကလေးတစ်ယောက်ကို မိဘတွေက ၇–ထပ်ရှိတဲ့ အိမ်ရဲ့ အပေါ်ဆုံးထပ်မှာ အလုပ်အကျွေးမိန်းမတစ်ယောက်နှင့်အတူ ထားပါတယ်၊ တစ်နေ့မှာ ကုက္ကုဋ္ဌမိတ္တ–ဆိုတဲ့မုဆိုးက မြို့ထဲမှာ အသားတွေကိုရောင်းပြီး လှည်းတစ်စီးနဲ့ ပြန်လာပါတယ်၊ သူဋ္ဌေးသမီးကလေးက တိတ်တဆိတ် အိမ်ကထွက်ပြီး အဲဒီမုဆိုးရဲ့နောက်ကို လိုက်ပါသွားပါတယ်၊ မုဆိုးက လှည်းပေါ်တင်ပြီး ခေါ်သွားပါတယ်၊ သူဋ္ဌေးသမီးကလေးက မုဆိုးနဲ့ ပေါင်းဖော်နေထိုင်ပါတယ်၊ တစ်ယောက်ပြီး တစ်ယောက် သား ၇–ယောက် မွေးဖွားပါတယ်၊ အရွယ်ရောက်လာတဲ့အခါ သား ၇–ယောက်တို့ကို အိမ်ထောင်ချပေးထားပါတယ်။

တစ်နေ့မှာ ဗုဒ္ဓမြတ်စွာက သပိတ်သင်္ကန်းကို ယူတော်မူပြီး မုဆိုးရဲ့ကျေးကွင်း ထောင်ထားတဲ့နေရာကို ကြွသွားတော်မူပါတယ်၊ အဲဒီနေ့မှာ သားကောင်တစ်ကောင်မှ ကျေးကွင်းမှာ မမိပါ၊ ဗုဒ္ဓမြတ်စွာက ကျေးကွင်းတစ်ခုအနားမှာ ခြေတော်ရာကို ချထားခဲ့ပြီး ချုံတစ်ချုံရဲ့အောက် အရိပ်မှာ ထိုင်နေတော်မူပါတယ်။

မုဆိုးက နံနက်စောစော လေးကိုယူပြီး ကျေးကွင်းကို သွားကြည့်ပါတယ်၊ ကျေးကွင်းမှာ မိနေတဲ့သားကောင်တစ်ကောင်မျှ မတွေ့ရပါ၊ ကျေးကွင်းအနားမှာ ဗုဒ္ဓမြတ်စွာရဲ့ ခြေတော်ရာကိုသာ တွေ့ရပါတယ်၊ ရှေ့ကိုဆက်လက်သွားရင်း ချုံရဲ့

၁။ ခ–၄–၂၊ ၁၆။

http://www.dhammadownload.com

အောက်မှာ ထိုင်နေတဲ့ ဗုဒ္ဓမြတ်စွာကို တွေ့ရတဲ့အခါ "ဒီလူက ငါ့သားကောင်တွေကို လွတ်ပစ်တာ ဖြစ်မှာပဲ၊ သူ့ကို ပစ်သတ်ရတော့မယ်"လို့ လေးကိုတင်လိုက်ပါတယ်၊ ဘုရားရှင်က လေးကို တင်ခွင့်သာပေးပြီး ပစ်ခွင့်မပေးပါ။

မုဆိုးက မြားကို ပစ်လဲမပစ်နိုင်ပါ၊ ချလဲမချနိုင်ပါ၊ နံရိုးတွေ ကျိုးသွားမတတ် ဖြစ်ပြီး ပါးစပ်က အမြှုပ်တစီစီထွက်ကာ ပင်ပန်းစွာ ရပ်နေရပါတယ်၊ အချိန်တန်လို့ မုဆိုးကြီး ပြန်မရောက်တဲ့အခါ အမေက သား ၇-ယောက်တို့ကို လွှတ်လိုက်ပါတယ်၊ သား ၇-ယောက်တို့ကလဲ လေးတွေကိုယူပြီး အဖေ့နောက်ကို လိုက်သွားကြပါတယ်၊ အဖေရဲ့ အခြေအနေနှင့် ဘုရားရှင်ကို တွေ့မြင်ကြရတဲ့အခါ အဖေရဲ့ရန်သူ-ဆိုတဲ့ အထင်နဲ့ ဘုရားရှင်ကို ပစ်သတ်မယ်လို့ လေးကိုတင်ကြပြန်တယ်၊ သူတို့ ၇-ယောက် လုံးလဲ သူတို့အဖေလိုပဲ ရပ်နေကြရပါတယ်။

ရောက်ချိန်တန်လို့ သားတွေ ပြန်မရောက်တဲ့အခါ အမေဖြစ်သူက ချွေးမ ၇-ယောက်တို့ကိုခေါ်ပြီး လိုက်လာပါတယ်၊ လင်ဖြစ်သူနှင့် သား ၇-ယောက်တို့က လေးကိုတင်ပြီး ဘုရားရှင်အား ချိန်ရွယ်နေတာကိုတွေ့ရတော့ "ငါ့အဖေကို မဖျက်ဆီးကြပါနှင့်၊ ငါ့အဖေကို မဖျက်ဆီးကြပါနှင့်"လို့ အသံကုန်ဟစ်အော်ပြောဆိုလိုက်ပါတယ်။

အဲဒီအသံကို ကြားရတယ်-ဆိုရင်ပဲ မုဆိုးကြီးမှာ "ဒါဟာ ငါ့ယောကျ်ားမပဲ"ဆိုတဲ့ မေတ္တာစိတ်ကို ဖြစ်စေပါတယ်၊ သား ၇-ယောက်တို့ကလဲ "တို့အဖိုးပဲ"ဆိုတဲ့ မေတ္တာစိတ်ကို ဖြစ်စေကြပါတယ်၊ အဲဒီအချိန်မှာ သူတို့ရဲ့အမေဖြစ်တဲ့ သူဌေးသမီးက "လေးတွေကိုချထားပြီး ငါ့အဖေကို ကန်တော့ကြ"လို့ ပြောလိုက်ပါတယ်၊ သူတို့ စိတ်နူးညံ့လာတာကို သိရတဲ့အတွက် ဘုရားရှင်ကလဲ လေးကို ချခွင့်ပြုလိုက်ပါတယ်။

သူတို့အကုန်လုံးက ဘုရားရှင်ကို လက်အုပ်ချီမိုး ရှိခိုးကာ "တပည့်တော်တို့အား သည်းခံတော်မူပါအရှင်ဘုရား"လို့ ကန်တော့ပြီး သင့်တော်ရာက ထိုင်နေကြပါတယ်၊ ဘုရားရှင်က သူတို့အား တရားဟောတော်မူပါတယ်၊ တရားတော်ရဲ့အဆုံးမှာ ကုက္ကုဋမိတ္တမုဆိုးက သား ၇-ယောက်, ချွေးမ ၇-ယောက်တို့နှင့်အတူ သောတာပတ္တိဖိုလ်မှာ တည်ပါတယ်၊ ၁၅-ယောက်လုံး သောတာပန်ဖြစ်သွားကြပါတယ်။

ကျောင်းတော်ကိုပြန်ကြွလာတဲ့အခါ အရှင်အာနန္ဒာက ဗုဒ္ဓမြတ်စွာကို လျှောက်ထားပါတယ်။

"ရှင်တော်မြတ်ဘုရား ! ဘယ်ကို ကြွသွားနေခဲ့ပါသလဲ ?"။
"ကုက္ကုဋမိတ္တမုဆိုးထံကို သွားနေခဲ့တယ် အာနန္ဒာ !"။

http://www.dhammadownload.com

"သူ့အသက်ကို သတ်မှုအလုပ်ကို မလုပ်အောင် အရှင်ဘုရားတို့က ပြုလုပ်ထားခဲ့ပါပြီလား ?"။

"ဟုတ်တယ်အာနန္ဒာ ! ၊ ကုက္ကုဋမိတ္တမုဆိုးဟာ သား ၇-ယောက်, ချွေးမ ၇-ယောက်တို့နှင့်အတူ မတုန်လှုပ်တဲ့သဒ္ဓါမှာ တည်နေခဲ့ပြီ၊ ရတနာ ၃-ပါးမှာ ယုံမှားကင်းသွားပါပြီ၊ သူ့အသက်သတ်မှုကို မပြုလုပ်သူ ဖြစ်လာခဲ့ပါပြီ"။

ဒီ စကားကိုကြားရတဲ့အခါ အနားမှာရှိနေတဲ့ရဟန်းတွေက ဘုရားရှင်အား လျှောက်ထားကြပြန်တယ်။

"ကုက္ကုဋမိတ္တမုဆိုးမှာ မယားတစ်ယောက်လဲ ရှိနေသေးတယ် မဟုတ်ပါလား ဘုရား ?"။

"အေး-ရှိတယ်၊ အဲဒီမုဆိုးရဲ့မယားဟာ မုဆိုးနှင့်အိမ်ထောင်မကျခင် မိဘအိမ်မှာ နေတုန်းကပင် သောတာပန်ဖြစ်လာခဲ့တယ်"။

ဘုရားရှင်ရဲ့စကားကို ကြားရတဲ့အခါ ရဟန်းတွေက ထသွားပြီးမှ တစ်နေရာမှာ ပြောဆိုနေကြပြန်တယ်။

"ကုက္ကုဋမိတ္တမုဆိုးရဲ့မယားဟာ အိမ်ထောင်မကျခင် သောတာပတ္တိဖိုလ်ကို ရပြီးမှ မုဆိုးအိမ်ရောက်ပြီး သား ၇-ယောက် ရခဲ့တယ်ဆိုပဲ၊ ဒီမျှလောက် ကာလပတ်လုံး "လေးကို ယူခဲ့၊ မြားကို ယူခဲ့၊ လှံကိုယူခဲ့၊ ဝိုက်ကို ယူခဲ့"လို့ မုဆိုးက ပြောသမျှကို ယူပေးနေရတာပဲ၊ မုဆိုးကလဲ သူမက ယူပေးလိုက်သမျှ လက်နက် တွေကို ယူသွားပြီး သတ္တဝါတွေကို သတ်ဖြတ်နေတာပဲ၊ ဘယ်လိုလဲ သောတာပန်တွေကလဲ သူ့အသက်ကို သတ်ကြသေးသလား ?"။

ဒီလို ရဟန်းတွေက စုဝေးပြောဆိုနေကြတာကို သိရတော့ ဗုဒ္ဓမြတ်စွာက ကြွလာတော်မူပြီး ရှင်းလင်းမိန့်ကြားတော်မူပါတယ်။

"ဘိက္ခုတို့ ! သောတာပန်တွေ-ဆိုတာဟာ သူ့အသက်ကို မသတ်ကြတော့ပါဘူး၊ အဲဒီအမျိုးသမီးကတော့ လင့်စကားကိုလိုက်နာတဲ့အနေနဲ့ မုဆိုးက ခိုင်းစေသမျှကို လုပ်ပေးနေရတာပဲ ဖြစ်တယ်၊ ဒီလက်နက်ကို ယူသွားပြီး မုဆိုးက သူ့အသက်ကို သတ်ပါစေ-ဆိုတဲ့ စိတ်စေတနာမျိုး သူ့မှာ မရှိတော့ပါဘူး၊ လက်ဝါးမှာ အနာမရှိရင် အဆိပ်ကိုကိုင်တဲ့သူအား အဆိပ်က မလောင်ကျွမ်းစေနိုင်သလို အကုသိုလ်စေတနာ မရှိတဲ့အတွက် မကောင်းမှုကို မပြုလုပ်တဲ့သူမှာ လေးမြား-စတဲ့ လက်နက်တွေကို ယူပေးရပေမယ့် မကောင်းမှု-ဆိုတာ မဖြစ်တော့ပါဘူး"။

http://www.dhammadownload.com

ဗုဒ္ဓမြတ်စွာက ဒီလိုမိန့်တော်မူပြီး တရားလဲ ဆက်လက်ဟောတော်မူပါတယ်၊ တရားအဆုံးမှာ အများအပြားပဲ တရားထူးကို ရသွားကြပါတယ်။

ဒီဝတ္ထုမှာပါတဲ့ သူဌေးသမီးက သောတာပန်ဖြစ်ပြီးမှ မုဆိုးအိမ်ကို ရောက်လာပါတယ်၊ ဒုစရိုက်ဒုရာဇိဝတွေကို သောတာပတ္တိမဂ်နဲ့ ပယ်ပြီးဖြစ်တဲ့အတွက် "ကိုယ်တိုင် တိုက်တွန်း, ချီးမွမ်းစိတ်တူ, လေးပါး-ဟူ, မှတ်ယူ ဒုစရိုက်" လို့ ပြောလာခဲ့တာနှင့်အညီ ကိုယ်တိုင်လုပ်ခြင်း, သူ့ကိုတိုက်တွန်းခြင်း, သူများလုပ်တာကို ချီးမွမ်းခြင်း, သဘောတူခြင်း-ဆိုတဲ့ ဒုစရိုက်ဖြစ်စရာအကြောင်း ၄-ခုအနက် တစ်စုံတစ်ခုကိုမှ မလုပ်တော့ပါ၊ လင်ရဲ့စကားကို နားထောင်တဲ့အနေနဲ့ လင်ခိုင်းသမျှကိုတော့ လုပ်ပေးနေပါတယ်။

ဒီမနောဒုစရိုက် ၃-ပါးမှာရောင်ကြဉ်မှု, ကာယဒုစရိုက် ၃-ပါး ဝစီဒုစရိုက် ၄-ပါးမှာရောင်ကြဉ်မှု-ဆိုတဲ့ အကုန်လုံးဟာ ယခုဘဝမှာဖြစ်တဲ့ဘေးရန်, နောင်ဘဝသံသရာမှာ ဖြစ်ပေါ်လာမယ့်ဘေးရန်တွေကို ပယ်ခြင်း-စတဲ့ အကျိုးထူးကိုရခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာ(ကြီးပွားချမ်းသာရေး) မည်ပါတယ်။

ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်ရဲ့ အလိုမရှိစရာအကျိုး, မနှစ်သက်စရာအကျိုး, မမြတ်နိုးစရာအကျိုး ဖြစ်စရာအကြောင်း မရှိပါဘူး၊ အလိုရှိစရာအကျိုး, နှစ်သက်စရာအကျိုး, မြတ်နိုးစရာအကျိုးသာ ဖြစ်စရာရှိပါတယ်။

ကာယသုစရိုက်နှင့်ပြည့်စုံသူ(ကာယသုစရိတသမင်္ဂီ), ဝစီသုစရိုက်နှင့်ပြည့်စုံသူ(ဝစီသုစရိတသမင်္ဂီ), မနောသုစရိုက်နှင့်ပြည့်စုံသူ (မနောသုစရိတသမင်္ဂီ)ရဲ့ အဲဒီလို သုစရိုက်နှင့်ပြည့်စုံတဲ့အတွက် ခန္ဓာပျက်ကျေ သေပြီးတဲ့နောက် ချမ်းသာကင်းကွာ မကောင်းသောလားရောက်ရာဖြစ်တဲ့ ငရဲမှာ ဖြစ်ရစရာအကြောင်းမရှိ၊ ကောင်းမြတ်သော လားရောက်ရာဖြစ်တဲ့ နတ်ပြည်မှာဖြစ်ရစရာအကြောင်းသာ ရှိတယ်။ [၁]

ဒီလိုလဲ ဗုဒ္ဓမြတ်စွာက ဟောတော်မူထားပါတယ်။

သမင်္ဂီတာ ၅-ပါး အဲဒီပါဠိတော်ထဲမှာပါလာတဲ့ ပြည့်စုံမှု-ဆိုတဲ့ သမင်္ဂီတာဟာ "အာယုဟာနသမင်္ဂီတာ, ဧတနာသမင်္ဂီတာ, ကမ္မ သမင်္ဂီတာ, ဝိပါကသမင်္ဂီတာ, ဥပဋ္ဌာနသမင်္ဂီတာ"လို့ ၅-ပါး ရှိနေပါတယ်၊ အဲဒီ ၅-ပါးတို့ကို တစ်ခုချင်း သိသာရုံ ပြောပြပါဦးမယ်။

၁။ အံ-၁၊ ၃၀။ ၌-၁၊ ၃၆၄။ ဋီ-၁၊ ၂၂၆။

http://www.dhammadownload.com

၁။ အာယူဟနသမဂ်ီတာ–ဆိုတာက ကုသိုလ်ကံ, အကုသိုလ်ကံကို အားထုတ်မှုနှင့် ပြည့်စုံခြင်း(ကံကိုအားမထုတ်မီ ရှေ့အဖို့မှာ အဆောက်အဦတွေကို စုဆောင်းတာကစပြီး အားထုတ်မှုနှင့်ပြည့်စုံခြင်း)ပဲ ဖြစ်တယ်။

၂။ စေတနာသမဂ်ီတာ–ဆိုတာက ကုသိုလ်, အကုသိုလ်ကို အားထုတ်ရာ ခဏမှာ စေတနာနှင့်ပြည့်စုံခြင်း(ဆုံးဖြတ်ကြောင်း သန္နိဋ္ဌာနစေတနာနှင့် ပြည့်စုံခြင်း)ပဲ ဖြစ်တယ်။

၃။ ကမ္မသမဂ်ီတာ-ဆိုတာကပြုလုပ်အားထုတ်ပြီးဖြစ်လို့ အကျိုးမပေးရသေးတဲ့ ကုသိုလ်ကံ, အကုသိုလ်ကံနှင့်ပြည့်စုံခြင်းပဲ ဖြစ်ပါတယ်။

မိမိတို့ ရှေးရှေးက ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကံ,အကုသိုလ်ကံတွေက သွားလေရာရာ(အရိပ်က လိုက်ပါလာသလို, လှည်းမှာတပ်ထားတဲ့နွားရဲ့နောက်ကို လှည်းဘီးက လိုက်ပါနေသလို) လိုက်ပါနေကြတဲ့အတွက် သတ္တဝါမှန်သမျှဟာ ကံနှင့်ပြည့်စုံတဲ့ကမ္မသမဂ်ီတာပုဂ္ဂိုလ်ချည်းသာ ဖြစ်နေကြပါတယ်၊ ဒါပေမယ့် အဲဒီကံအကုန်လုံးက အကျိုးပေးလိမ့်မယ်–လို့ မဆိုလိုပါ၊ ကာလ, ဂတိ, ဥပဓိ, ပယောဂတွေနှင့်ပြည့်စုံမှု, မပြည့်စုံမှုကိုလိုက်ပြီး အကျိုးပေးရအောင် လိုက်ပါနေခြင်းမျှသာ ဖြစ်ပါတယ်။

ဒါ့ကြောင့် အမြော်အမြင်ရှိတဲ့ သူတော်ကောင်းတွေက အကုသိုလ်ကံများ အကျိုးပေးခွင့်မရအောင် ယခုဘဝမှာပဲ ကုသိုလ်ကံတွေကို အများအပြား အားရှိတာထက် အားရှိအောင် ကြိုးစားပြုလုပ်ကြပါတယ်၊ သံဃဂအားကြီးတဲ့ အချို့သူတော်ကောင်းတွေကတော့ ဒီဘဝမှာပဲ ကိစ္စပြီးအောင် ကြိုးစားအားထုတ်ကြပါတယ်။

ဒီလိုကြိုးစားအားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ အားရှိတဲ့ကုသိုလ်ကံတွေက ဆက်ကာဆက်ကာ အကျိုးပေးနေတဲ့အတွက် အကုသိုလ်ကံတွေက အကျိုးပေးခွင့် မရကြတော့ဘဲ အဟောသိကံ ဖြစ်သွားကြရပါတယ်။

၄။ ဝိပါကသမဂ်ီတာ–ဆိုတာက ကံက အကျိုးပေးတဲ့အတွက် အကျိုးဝိပါက်ရဲ့ ဖြစ်ပေါ်လာခြင်းပဲ ဖြစ်ပါတယ်။

၅။ ဥပဋ္ဌာနသမဂ်ီတာ–ဆိုတာက ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ရဲ့ ထင်ခြင်းနှင့် ပြည့်စုံမှုပဲ ဖြစ်ပါတယ်၊ သတ္တဝါတွေဟာ အရဟာတ္တဖိုလ်ကို မရမချင်း ထိုထိုဘဝက(မိမိတို့ရဲ့ ဖြစ်ခဲ့ရာဘဝက) စုတေပြီး ငရဲမှာလဲ ဖြစ်ရတတ်ပါတယ်၊ အမိဝမ်းမှာလဲ ဖြစ်ရတတ်ပါတယ်၊ နတ်ပြည်မှာလဲ ဖြစ်ရတတ်ပါတယ်။

အဲဒီသတ္တဝါတွေထဲက ငရဲမှာဖြစ်ရမယ့် သတ္တဝါရဲ့ သေခါနီးမှာ မီးလျှံ, သံအိုးကြီး အစရှိတဲ့ ငရဲဂတိနိမိတ် ထင်လာတတ်ပါတယ်၊ အမိဝမ်းမှာဖြစ်ရမယ့်

http://www.dhammadownload.com

သတ္တဝါရဲ့ သေခါနီးမှာ အမိဝမ်းရေ–ဆိုတဲ့ ဂတိနိမိတ်ထင်လာတတ်ပါတယ်၊ နတ်ပြည်မှာဖြစ်ရမယ့် သတ္တဝါတွေရဲ့သေခါနီးမှာ ပဒေသာပင်, ဘုံဗိမာန်အစရှိတဲ့ နတ်ပြည်ဂတိနိမိတ် ထင်လာတတ်ပါတယ်၊ ဒီလိုပဋိသန္ဓေနေရခြင်းရဲ့ နိမိတ်ဟာ ထင်လာတတ်ပါတယ်။ [ဒီဂတိနိမိတ်မျှသာ မဟုတ်ပါဘဲ ကံနှင့်ကမ္မနိမိတ်တို့လဲ ထိုက်သည်အားလျော်စွာ ထင်လာတတ်ကြပါသေးတယ်။]

သတ္တဝါတွေမှာ ဒီလို ပဋိသန္ဓေတည်နေရခြင်းရဲ့ အကြောင်းအာရုံ ထင်လာခြင်းက မလွတ်နိုင်တဲ့အတွက် ထင်လာတဲ့အာရုံနှင့် ပြည့်စုံမှုကိုပဲ ဥပဋ္ဌာနသမဂ္ဂီတာ–လို့ ဆိုရပါတယ်။

နိမိတ်ပြောင်းရွေ့ပုံ ဒီဥပဋ္ဌာနသမဂ္ဂီတာက ပြောင်းရွေ့တတ်ပါတယ်၊ ကျန်တဲ့ သမဂ္ဂီတာတွေက မပြောင်းရွေ့တတ်ပါ၊ ငရဲနိမိတ် ထင်လာပေမယ့် နတ်ပြည်နိမိတ် ပြောင်းရွေ့ထင်လာနိုင်ပါတယ်၊ နတ်ပြည်နိမိတ် ထင်လာပေမယ့် ငရဲနိမိတ် ပြောင်းရွေ့ထင်လာနိုင်ပါတယ်၊ လူပြည်နိမိတ်ထင်လာပေမယ့် တိရစ္ဆာန်ဘဝနိမိတ်ပြောင်းရွေ့ထင်လာနိုင်ပါတယ်၊ တိရစ္ဆာန်နိမိတ်ထင်လာပေမယ့် လူ့ပြည်နိမိတ် ပြောင်းရွေ့ထင်လာနိုင်ပါတယ်။

ဒါ့ကြောင့် သေခါနီးကာလမှာ နိမိတ်ကောင်းထင်လာရန် တတ်သိနားလည်သူတို့က ကုသိုလ်အာရုံဖြစ်ပေါ်လာအောင် ကြိုးစားပေးသင့်ပါတယ်၊ ဒီလိုကြိုးစားကရနိုင်တဲ့အကြောင်းကို အခုပြောပြမယ့် ဝတ္ထုက သက်သေခံနေပါတယ်။

သောဏထေရ်ရဲ့အဖေ ဦးပဉ္စင်းကြီး

သေခါနီးတွင်, ဝိုင်းပြုပြင်, ပြောင်းထင်နိမိတ်မှာ၊
ငရဲနိမိတ္တ, ထင်ပြီးမှ, ပြောင်းရနတ်ရွာ နိမိတ်သာ။

သောဏတောင်ခြေက အစလကျောင်းတိုက်မှာ သောဏ–ဆိုတဲ့ ဓမ္မကထိက ရဟန်းတစ်ပါး ရှိနေပါတယ်၊ အဲဒီ သောဏထေရ်ရဲ့အဖေက ခွေးမုဆိုးဖြစ်နေပါတယ်၊ ခွေးတစ်အုပ်နှင့်လှည့်လည်ပြီး သားကောင်တွေကို သတ်ဖြတ်နေပါတယ်၊ သောဏထေရ်က ပြောဆိုဆုံးမပေမယ့် သူ့အလုပ်ကို မစွန့်နိုင်ပါ၊ အသက်အရွယ်ကြီးလာတဲ့အခါ သနားတာနဲ့ သောဏထေရ်က အတင်းသက်ဒန်းဝတ်ပေးထားပါတယ်။

အဲဒီ တောထွက်ရဟန်းကြီးက မကျန်းမာဖြစ်လို့ လဲလျောင်းနေတဲ့အခိုက်မှာပဲ ငရဲနိမိတ်ထင်လာပါတယ်၊ သောဏတောင်ခြေက ခွေးကြီးတွေလာပြီး ကိုက်စားတော့မလို ဝိုင်းရံနေကြပါတယ်၊ ရဟန်းကြီးက ကြောက်အားလန့်အားနဲ့ "ချစ်သား သောဏ ! တားမြစ်ပါဦး၊ ချစ်သားသောဏ ! တားမြစ်ပါဦး" လို့ ပြောနေပါတယ်၊

http://www.dhammadownload.com

"ဘာလဲ ဦးပဉ္စင်းကြီး ?"လို့ မေးတော့ "ခွေးကြီးတွေ ဝိုင်းနေတယ်"ဆိုတဲ့ အကြောင်းကို ပြောပြပါတယ်။

ဒီတော့ သောဏထေရ်က "ငါလိုရဟန်းတစ်ပါး၏ အဖေက ဘာ့ကြောင့် ငရဲမှာဖြစ်ရမှာလဲ ငါက ဦးပဉ္စင်းကြီး၏ ထောက်တည်ရာ ဖြစ်ရတော့မယ်"ဆိုတဲ့ အကြိုနဲ့ သာမဏေတို့အား တွေ့သမျှပန်းတွေကို ခူးလာရန် ခိုင်းလိုက်ပါတယ်၊ သာမဏေတွေ ခူးလာခဲ့သမျှပန်းတွေနဲ့ စေတီရင်ပြင်, ဗောဓိရင်ပြင်တွေမှာ တစ်ပြင်လုံး ခင်းပူဇော်မှုနှင့် နေရာကို ပူဇော်မှုတွေကို အလုပ်ခိုင်းထားခဲ့ပါတယ်။

အဖေဦးပဉ္စင်းကြီးကို ခုတင်နဲ့ စေတီရင်ပြင်ပေါ်ကို ယူလာပါတယ်၊ ဦးပဉ္စင်းကြီးကို ခုတင်ပေါ်မှာပဲ လဲလျောင်းနေစေပြီး "ဦးပဉ္စင်းကြီး ! ဒါဟာ ဦးပဉ္စင်းကြီး အတွက် ပူဇော်ထားတာဖြစ်တယ်၊ 'ရှင်တော်မြတ်ဘုရား တပည့်တော်ရဲ့ ပူဇော်မှုဟာ သူဆင်းရဲရဲ့လက်ဆောင်ဖြစ်ပါတယ်'လို့ နှုတ်ကလဲ မြွက်ဆိုပါ၊ မြတ်စွာဘုရားကို ရှိခိုးပြီး စိတ်ကလဲ ကြည်ညိုစေပါ"လို့ ပြောပါတယ်။

ဦးပဉ္စင်းကြီးကလဲ ပန်းပူဇော်ထားတာကိုကြည့်ရှုပြီး သောဏထေရ်က သင်ပြတဲ့အတိုင်း ပြောဆိုပြုလုပ်ကာ စိတ်ကိုကြည်ညိုစေပါတယ်၊ အဲဒီအခိုက်မှာပဲ ဦးပဉ္စင်းကြီးမှာ နတ်ပြည်နိမိတ် ထင်လာပါတယ်၊ နန္ဒဝန်ဥယျာဉ်, စိတ္တလတာဥယျာဉ်, မိဿကဥယျာဉ်, ဖာရုသကဥယျာဉ်, ဗိမာန်တွေ, နတ်ကချေသည်တွေ ခြံရံလို့ ခြံရံလို့ တည်နေကြသလို ဖြစ်နေကြပါတယ်။

ဒါတွေကို တွေ့ရတော့ ဦးပဉ္စင်းကြီးက "ဖယ်ပေးကြပါ၊ ဖယ်ပေးကြပါ"လို့ ပြောနေပါတယ်၊ "ဒါက ဘာလဲ ဦးပဉ္စင်းကြီး ?"လို့ သောဏထေရ်က မေးတော့ "ဒီသင့်မိထွေးတွေ လာနေတယ်"လို့ ပြောနေပါတော့တယ်၊ ဒါကို ကြားရတော့ သောဏထေရ်က "ဦးပဉ္စင်းကြီးမှာ နတ်ပြည်နိမိတ်ထင်လာပြီ"လို့ စဉ်းစားဆင်ခြင်သိမြင်သွားပါတော့တယ်။

ဒီသမဂ်ိတာ ၅-ပါးထဲက အာယူဟနသမဂ်ိတာ, စေတနာသမဂ်ိတာ, ကမ္မသမဂ်ိတာတွေနှင့်စပ်လို့ ကာယသုစရိုက်နှင့်ပြည့်စုံသူ, ဝစီသုစရိုက်နှင့်ပြည့်စုံသူ, မနောသုစရိုက်နှင့်ပြည့်စုံသူ-ဆိုတဲ့ စကားကို ဗုဒ္ဓမြတ်စွာက မိန့်တော်မူပါတယ်။

ဘဝလမ်းခရီး ဖြောင့်ဖြူးရန်

တို့တစ်တွေဟာ သံသရာခရီးသွားတွေ ဖြစ်နေကြတယ်-ဆိုတာကို မျက်ခြေပြတ် မခံကြဘဲ ယခုရရှိထားတဲ့ လက်ရှိဘဝ သာယာရေးကိုထက် နောင်ဘဝသာယာရေးကို အလေးပေးသင့်ပါတယ်၊ သို့ဖြစ်၍ လူသားအချင်းချင်း အနိုင်ကျင့်မှု, ခေါင်းပုံဖြတ်မှု, မတော်

http://www.dhammadownload.com

မတရားပြုလုပ်မှု–စသည်တို့အတွက် အချိန်ကုန်မခံဘဲ လူအချင်းချင်း ကိုယ်ချင်းစာမှု, သမာသမတ် မျှမျှတတဆက်ဆံမှု, တရားမျှတစွာ ပြုကျင့်မှု–စတဲ့ အလုပ်တွေနဲ့သာ အချိန်ကို ကုန်လွန်စေသင့်ပါတယ်။

သို့ဖြစ်၍ ပြောပြလာခဲ့တဲ့ ပါပအာရတိ–အရ တစ်ဦးတစ်ယောက် သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ကိုယ့်ဥစ္စာဖြစ်အောင် ကြံစည်မှုကို မပြုသင့်ပါ၊ မတော်မတရား လိုချင်မှုကို မပြုသင့်ပါ၊ သတ္တဝါတွေရဲ့ သေကျေပျက်စီးမှုကိုလဲ မကြံသင့်ပါ၊ သတ္တဝါအကုန်လုံးကို ချစ်ခင်ကြင်နာသင့်ပါတယ်၊ သေကျေပျက်စီးအောင် မကြံစည်သင့်ပါ။

ဒါ့အပြင်– ကမ္မသကတာသမ္မာဒိဋ္ဌိ–ကံသာကိုယ်ပိုင်ရှိတယ်–ဆိုတဲ့ အသိအမြင်မှန်နဲ့ ပါပဝိရတိ–အရ သူတစ်ပါးအား သတ်ဖြတ်ညှဉ်းဆဲမှုကိုလဲ မပြုသင့်ပါ၊ သူ့ဥစ္စာကို မတော်မတရား လုယက်ခိုးယူမှုကိုလဲ မပြုသင့်ပါ၊ ကာမဂုဏ်အာရုံတွေရဲ့ နောက်ကို လိုက်ပါပြီး မေထုန်မှုနဲ့စပ်လို့ မှားမှားယွင်းယွင်း ပြုကျင့်မှုကိုလဲ မပြုသင့်ပါ၊ မဟုတ်မမှန် လိမ်ညာပြောဆိုမှုကိုလဲ မပြုသင့်ပါ၊ ချစ်ခင်နေသူချင်း ကွဲပြားအောင် ကြားက ဝင်ပြီး ရန်တိုက်ပေးမှုကိုလဲ မပြုသင့်ပါ၊ နင့်သီးရိုင်းပြစွာ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုမှုကိုလဲ မပြုသင့်ပါ၊ အကျိုးမရှိတဲ့စကားကို ပြောဆိုခြင်းကလဲ ရှောင်ကြဉ်သင့်ပါတယ်။

ဒီလို အာယူဟနသမင်္ဂီတာ, စေတနာသမင်္ဂီတာ, ကမ္မသမင်္ဂီတာတွေနှင့် စပ်လို့ ကာယသုစရိုက်နှင့်ပြည့်စုံသူ, ဝစီသုစရိုက်နှင့်ပြည့်စုံသူ, မနောသုစရိုက်နှင့်ပြည့်စုံသူတွေ ဖြစ်ကြမှသာ နောင်ဘဝသံသရာခရီး ဖြောင့်ဖြူးနိုင်စရာ ရှိပါတယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

ဆယ်တန်ပါပ, သာဝဇ္ဇမှ, ကာယဝစီ, ဤနှစ်ပါးဖြင့်, ရှောင်ရှားခြင်းသည်, တစ်ပါးမည်၏၊ ဆယ်မည်သဘော, ပါပဓောမှ, မနောဒွါရ, ရကို့တဖြင့်, ဝေးစွဖဲကြဉ်, မယဉ်ပါးခြင်း,[၁] ရှောင်ကွင်းကျင့်ရိုး, လုံ့လကြိုးလော့။

ဒီလို မုံရွေးဆရာတော်က ပါပအာရတိဝိရတိ–မင်္ဂလာကို ပါပအာရတိမင်္ဂလာ, ပါပဝိရတိမင်္ဂလာ–လို့ ၂–မျိုးခွဲခြား မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် အပြစ်ရှိတဲ့ မကောင်းမှုဒုစရိုက်တရား ၁၀–ပါးမှ ကိုယ်နှုတ် ၂–ပါးနဲ့ ရှောင်ကြဉ်ခြင်းဟာ ပါပအာရတိမင်္ဂလာ မည်ပါတယ်။

မကောင်းမှုဒုစရိုက် ၁၀–ပါး သဘောတရားကို ပြုလုပ်ဖြစ်ပေါ်လာတတ်တဲ့ အကုသိုလ်ဓောမှ မနောဒွါရနဲ့ ဝေးစွာရှောင်ကြဉ်ခြင်း, မနိးကပ်အောင် ရှောင်ကွင်းလို့ ကျင့်ခြင်းဟာ ပါပဝိရတိမင်္ဂလာ မည်ပါတယ်။

၁။ ယဉ်ပါး=ကျွမ်းဝင်ရင်းနှီးသော။ မယဉ်ပါးခြင်း=အရောမဝင်ခြင်း, မနီးကပ်ခြင်း။

http://www.dhammadownload.com

ဒါ့အပြင်–

ထိုထိုဒုစရိုက်, ပယ်ထိုက်သည်ချည်း, အနည်းနည်းကို, ကိုယ်လည်းမပြု, သူ့ကိုမစေ, သူပြုချေလည်း, ရွှေနုလုံးတော်, ရွှင်ပျော်စုံမက်, နှစ်မသက်ဘဲ, ယွင်းကွက်ကျင့်သူ, လူ၏ကျေးဇူး, ဂုဏ်ထူးမည္မွန်, လေးမည်မှန်သား, လေးတန်ဆယ်လီ, ဒုစာရိမှ, အာရတီမှု, ဆေးကြောင်းပြု၏။ [၁]

ကျင့်စာရိတ္တ, ဝါရိတ္တ–ဟု, သီလရတနာ, မြတ်တန်းဆာလည်း, သတ္တဝါခပင်း, မင်း–ဆင်းရဲသား, မပိုင်းခြားဘူး၊ လေးပါးမျိုးနွယ်, ကြီးငယ်မဆို, ရွယ်ပျိုရွယ်ရင့်, ဆင်တိုင်းတင့်၏။ [၂]

ပြုခြင်းအလို, အကုသိုလ်နှင့်, ကုသိုလ်နှစ်ပါး, ကံတရားကား, မယားပြုရာ, စိတ်မပါလျှင်, လင်မှာမရ, လင်ပြုကလည်း, မိန်းမအိမ်သူ, စိတ်မတူသော်, မှတ်ယူမှန်စွာ, မရရာဘူး၊ သူဇာမာဃ, အသယ္ဟတို့, ရှေးကဝတ္ထု, နှိုင်းယှဉ်ရှု၍, အကုသလ, ကုသလ၏, ကမ္မသကာ, လက္ခဏာကို, မြဲစွာဝမ်းတွင်း, နှလုံးသွင်းလော့။ [၃]

ဒီလိုလဲ မိန့်ဆိုကြပါသေးတယ်။

၂၀။ မဇ္ဈပါနာစ သံယမော

[မဇ္ဈပါနာ–မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ+သံယမော–စောင့်စည်းခြင်း, ရှောင်ကြဉ်ခြင်း။] မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းကိုပဲ မဇ္ဈပါနသံယမ–လို့ ဆိုရပါတယ်။

မူးယစ်ဆေးဝါး သောက်စားသုံးစွဲလေ့ရှိသူဟာ အကျိုးကိုလဲ မသိပါ၊ အကြောင်းကိုလဲ မသိပါ၊ အမိရဲ့အန္တရာယ်ကိုလဲ ပြုတတ်ပါတယ်၊ အဖရဲ့အန္တရာယ်ကိုလဲ ပြုတတ်ပါတယ်၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ဗုဒ္ဓသာဝကတွေရဲ့ အန္တရာယ်ကိုလဲ ပြုတတ်ပါတယ်၊ ဒီဘဝမှာပဲ သူတော်သူမြတ်တွေရဲ့ ကဲ့ရဲ့မှုကိုလဲ ခံရတတ်ပါတယ်၊ နောင်ဘဝမှာ ဒုဂ္ဂတိဘုံ တစ်ဘုံဘုံကို ရောက်ရတတ်ပါတယ်၊ ဒုဂ္ဂတိဘုံဘဝက လွတ်လာပြန်ရင် နောင်ဘဝသံသရာအဆက်ဆက်မှာ ရူးသွပ်ခြင်း, စိတ်မနှံ့ခြင်းသို့ ရောက်ရတတ်ပါတယ်၊ ဒါ့အပြင် အခုခေတ်မှာ မူးယစ်ဆေးဝါးအမျိုးမျိုး ပေါများလာသလောက် မူးယစ်ဆေးဝါး သုံးစွဲသောက်စားလို့ ရူးသွားသူ, ဘဝပျက်သွားသူတွေရဲ့ အရေအတွက်မှာ မနည်းလှပါ၊ လူတိုင်းမျက်မြင် အထင်အရှားပဲ ဖြစ်ပါတယ်။

မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းက ရှောင်ကြဉ်သူ, မူးယစ်ဆေးဝါး သောက်စားသုံးစွဲမှုကို လုံးဝမပြုသူတွေမှာတော့ အဆိုပါအပြစ်တွေ မဖြစ်တဲ့အပြင်

၁။ တိဏ္ဏကု–၉၄။ ၂။ မဃဒေဝ–၂၃၀။ ၃။ မဃဒေဝ–၂၈၉။

http://www.dhammadownload.com

အဆိုပါအပြစ်တွေရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဂုဏ်နှင့်လဲ ပြည့်စုံလာတတ်ပါတယ်၊ ဒါ့ကြောင့် ဒီမူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်မှုကို မင်္ဂလာ (ကြီးပွားချမ်းသာရေး)လို့ သိမှတ်သင့်ပါတယ်။

မူးယစ်ဆေးဝါး သုံးစွဲခြင်းအပြစ် ၆-ပါး

၁။ စီးပွားဥစ္စာပျက်စီးခြင်း,
၂။ ခိုက်ရန်ဖြစ်ပွားခြင်း,
၃။ ရောဂါဖြစ်ပွားခြင်း,
၄။ မကောင်းသတင်းထွက်ပေါ်ခြင်း,
၅။ ဖုံးထားရမယ့်အင်္ဂါကို ဖော်ပြခြင်း,
၆။ ပညာအားနည်းမှုကို ပြုခြင်း-

ဒီလိုဗုဒ္ဓမြတ်စွာက မူးယစ်ဆေးဝါး သုံးစွဲစားသောက်ခြင်းရဲ့ အပြစ် ၆-ပါးကို မိန့်ကြားထားပါတယ်၊ ဒီ ၆-ပါးကို တစ်ခုပြီးတစ်ခု သိသာရုံမျှ ပြောပြသွားပါ့မယ်။

စီးပွားဥစ္စာ ပျက်စီးခြင်း မူးယစ်ဆေးဝါး သုံးစွဲစားသောက်သူတွေဟာ သုံးစွဲစားသောက်တဲ့ အကြိမ်အရေအတွက် များလာတဲ့အခါ မသုံးစွဲမစားသောက်ရရင် မနေနိုင်တဲ့ အခြေအနေမျိုးကို ရောက်လာတတ်ပါတယ်၊ အဲဒီလို မူးယစ်ဆေးဝါးရဲ့ ကျေးကျွန်အဖြစ်ကို ရောက်နေရသူများက တစ်နည်းနည်းနဲ့ မူးယစ်ဆေးဝါး ရရှိရေးကိုသာ အလေးပြုကာ ရှာဖွေလာရပါတော့တယ်၊ ကိုယ့်လက်ထဲမှာ ပိုက်ဆံမရှိပါက သူများထံမှ အသနားခံ ချေးငှားတောင်းယူရန်လဲ ဝန်မလေးပါ၊ သူများထံက ချေးငှားတောင်းယူလို့မရပါက ကိုယ်မှာဝတ်ဆင်ထားတဲ့ အဝတ်အစားများကို ပေါင်နှံရောင်းချရန်လဲ ဝန်မလေးတော့ပါ၊ ကိုယ့်အိမ်မှာရှိနေတဲ့ ပစ္စည်းများကို ရနိုင်တဲ့နည်းနဲ့ ယူဆောင်ရန်လဲ ဝန်မလေးတော့ပါ၊ ဒီလို-စတဲ့ နည်းတွေနဲ့ မူးယစ်ဆေးဝါးရရှိရေး တစ်ခုတည်းကိုသာ အလေးပြုကာ သုံးဖြုန်းပစ်တတ်ပါတယ်၊ အိမ်ထောင်ရေး, နောင်ဘဝရပ်တည်ရေး, သားရေးသမီးရေး-စတဲ့ ကိစ္စတွေကို ထည့်သွင်းစဉ်းစားမှုပင် မပြုနိုင်တော့ပါ၊ ဒါနဲ့ နောက်ထပ် ပစ္စည်းဥစ္စာတိုးပွားအောင် မလုပ်နိုင်တဲ့အပြင် အရင့်အရင်က ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေပါ မကြာလှတဲ့အချိန်အတွင်းမှာ ကုန်ဆုံးပျက်ပြားသွားရပါတော့တယ်။

ခိုက်ရန်ဖြစ်ပွားခြင်း မူးယစ်ဆေးဝါးတွေကို စိတ်ကြွမူးယစ်ဆေးဝါး, စိတ်ငြိမ်မူးယစ်ဆေးဝါး-လို့ ၂-မျိုးခွဲက ရနိုင်မယ်ထင်ပါတယ်၊ သေရည်အရက်-စတဲ့ စိတ်ကြွမူးယစ်ဆေးဝါးကို သောက်ထားလို့ မူးယစ်စပြုလာတဲ့အခါ "အရက်မူးက ကျွဲခိုးပေါ်" ဆိုသလို အာသွက်လျှာသွက်နဲ့ ပြောသင့်တဲ့စကား, မပြော

http://www.dhammadownload.com

သင့်တဲ့စကား မစဉ်းစားနိုင်တော့ဘဲ ပြောလိုရာကို ပြောလာတတ်ပါတယ်၊ သူတစ်ပါးအား ထိခိုက်ပြောဆိုမှု, ဆဲဆိုမှု–ကိုလဲ ပြုလာတတ်ပါတယ်၊ ဒီလို သူတစ်ပါးရဲ့ မသင့်တော်တဲ့အကြောင်းကို ပြောမိတဲ့အတွက်လဲ ရန်ဖြစ်ရတတ်ပါတယ်၊ သူများမခံချင်အောင် ဆဲဆိုမိတဲ့အတွက်လဲ ရန်ဖြစ်ရတတ်ပါတယ်၊ ဒါ့အပြင် အရက်မူးလာသူ တစ်ယောက်မှာ လုပ်သင့်,မလုပ်သင့် စဉ်းစားဆင်ခြင်တတ်တဲ့ အသိဉာဏ်လဲ မရှိတော့ပါ၊ ဒါနဲ့ သူများကို ရိုက်နှက်သတ်ပုတ်မိတဲ့အတွက်လဲ ရန်ပွားလာတတ်ပါတယ်။

ဆေးခြောက်, ဘိန်းဖြူ, ဘိန်း–စတဲ့ စိတ်ငြိမ်မူးယစ်ဆေးဝါးများကို အသုံးပြုသူများမှာ အခြားသူတွေနှင့် ရန်ဖြစ်စရာအကြောင်း မရှိပေမယ့် အိမ်မှာရှိနေတဲ့ ပစ္စည်းဥစ္စာတွေကို ပြောလာခဲ့တဲ့အတိုင်း ရတဲ့နည်းနဲ့ ထုတ်ယူပေါင်နှံရောင်းချ သုံးစွဲမှုကို ပြုလာပါက အိမ်မှာရှိတဲ့ မိဘတွေနှင့်လဲ ရန်ဖြစ်ရတတ်ပါတယ်၊ သားမယား–စတဲ့သူတွေနှင့်လဲ ရန်ဖြစ်ရတတ်ပါတယ်၊ သူများထံက ချေးငှားထားတဲ့ ပစ္စည်းဥစ္စာကို ပြန်မပေးနိုင်တဲ့အတွက်လဲ ရန်ဖြစ်ရတတ်ပါတယ်၊ "ဘိန်းစား ထဘီခိုး"လို့ အများပြောနေကြတဲ့အတိုင်း ပစ္စည်းရရေး တစ်ခုတည်းကိုသာကြည့်ပြီး သူများပစ္စည်းကို မတရားယူတဲ့အတွက်လဲ ရန်ဖြစ်ရတတ်ပါတယ်၊ ဒီလို အစရှိတဲ့ နည်းတွေနဲ့ မူးယစ်ဆေးဝါး သုံးစွဲစားသောက်သူအတွက် ရန်ဖြစ်စရာအကြောင်းတွေမှာ များပြားလှပါတယ်။

ရောဂါဖြစ်ပွားခြင်း မူးယစ်ဆေးဝါး သောက်စားသုံးစွဲမှုကိုပြုရင် ရောဂါအမျိုးမျိုးဖြစ်တတ်ကြောင်းကို ခေတ်သစ်ဆေးပညာရှင်ကြီးများကလဲ ထောက်ခံပြောဆိုနေကြပါတယ်၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးစီမံချက်နှင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုစီမံချက်တို့မှ စီစဉ်ရိုက်နှိပ်ထုတ်ဝေတဲ့ ခုခံအားကျဆင်းမှုကူးစက်ရောဂါ သိမှတ်စရာ အဖြာဖြာ–ဆိုတဲ့ စာအုပ်မှာ- - - -

> ပဏာမ သွေးစစ်ဆေးမှုပြုလုပ်ချက်များအရ မြန်မာနိုင်ငံတွင် HIV–ပိုးတွေ့သူပေါင်း ၃၅၁၀–ယောက် ရှိနေပါသည်၊ (၁၉၉၁–ခုနှစ်ကုန်အထိ)၊ ၄င်း HIV–ပိုးတွေ့နေသော လူအများစုမှာ မူးယစ်ဆေးကို သွေးကြောထဲသွင်းသူများနှင့် ကာလသားရောဂါဖြစ်သူများ ဖြစ်ကြပါသည်၊ ရန်ကုန်နှင့် မန္တလေးသွေးလှူဘဏ်များမှစာရင်းအရ သွေးလှူရှင်တစ်ထောင်လျှင် HIV–ပိုးတွေ့သူ ၃–ဦး ရှိနေပါသည်။

ဒီလို ဖော်ပြထားတာကို တွေ့ရပါတယ်၊ ဒါ့အပြင်လဲ– ဒီကိစ္စနှင့် ပတ်သက်လို့ ၁၈–၄–၉၆–နေ့ထုတ် ကြေးမုံသတင်းစာပါ သတင်းတစ်ပုဒ်ကို ဖော်ပြပါဦးမယ်။

http://www.dhammadownload.com

တရုပ်ပြည်အနောက်တောင်ပိုင်း ယူနန်ပြည်နယ်သည် နယ်စပ်ဒေသများမှ ခုခံအား ကျဆင်းမှုကူးစက်ရောဂါ(အေအိုင်ဒီအက်စ်)နှင့် အခြားကူးစက်ရောဂါများ အလျှင်အမြန်ပျံ့နှံ့လာမှုကို ဟန့်တားရေးအတွက် ဇုံနယ်တစ်ခု ထူထောင်ရန် စီစဉ်လျက်ရှိကြောင်း တရားဝင်သတင်းတစ်ရပ်တွင် အင်္ဂါနေ့က ဖော်ပြ ထားသည်။

ယူနန်ပြည်နယ်၏ မိုင် ၂၅၀၀–ရှည်လျားသော နယ်စပ်ဒေသတစ်လျှောက်တွင် မူးယစ်ဆေးဝါးသုံးစွဲမှုသည် အေအိုင်ဒီအက်စ်ဖြစ်စေသည့် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုအတွက် အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်လာကြောင်း အေပီက ဖော်ပြသည်။

တရုပ်ပြည်ရှိ အေအိုင်ဒီအက်စ်ရောဂါသည်များ၏ ၄–ပုံ ၃–ပုံနီးပါးသည် ယူနန်ပြည်နယ်၌ တစ်စုတစ်စည်းတည်း ရှိနေရာ ယင်းအချက်သည် ပြဿနာ၏ အတိုင်းအတာပမာဏနှင့် ပတ်သက်၍ အလွန်အမင်း စိုးရိမ်ပူပန်ရမှုကို ညွှန်ပြနေသည် ဆို၏။

ယူနန်ပြည်နယ်အစိုးရသည် ဆိပ်ကမ်းများနှင့် နယ်စပ်ဖြတ်ကျော်စခန်းများ၌ ရောဂါမကူးစက်စေရန် သီးသန့်စစ်ဆေးရေးစခန်းများ ထူထောင်ရန် ယွန်သန်း ၅၀၀–ခန့် (ဒေါ်လာ ၅၀–သန်း) သုံးစွဲမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

နယ်စပ်ကုန်သွယ်ရေး တိုးတက်ဖွံ့ဖြိုးမှုသည် အေအိုင်ဒီအက်စ်နှင့် အခြားကူးစက်ရောဂါများဖြစ်သည့် ပလိပ်ရောဂါ, ပိုလီယို, ဝမ်းဖောရောဂါနှင့် အနာကြီးရောဂါများ ကူးစက်ပျံ့နှံ့မှုကို ဖြစ်ပေါ်စေကြောင်း ဆင်ဟွာက ဖော်ပြသည်။

ယူနန်တွင် လူ ၂–ထောင်ခန့် HIV–ဗိုင်းရပ်စ် ကူးစက်လျက် ရှိကြောင်း, သို့မဟုတ် တရုပ်ပြည်ရှိ HIV–ပိုး ကူးစက်နေသူစုစုပေါင်း၏ ၇၀–ရာခိုင်နှုန်းကျော်ရှိကြောင်း၊ အများစုမှာ မသန့်ရှင်းသည့် ဆေးထိုးအပ်များ မျှဝေသုံးစွဲခြင်း, လိင်ဆက်ဆံမှုနှင့် မိခင်မှတစ်ဆင့် ကလေးသို့ကူးစက်ခြင်း–စသည်တို့ကြောင့်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ အမ်အင်အေအေပီ။

ဒါ့အပြင်– လက်တွေ့မျက်မြင်အနေနဲ့ စုံးစမ်းလိုပါက ရန်ကုန်မြို့ တံတားကလေးဆေးရုံကို သွားရောက်လေ့လာကြည့်သင့်ပါတယ်၊ ရိုးရိုးသွေးသားဖောက်ပြန်လို့ ဖြစ်တဲ့ ဝေဒနာရှင်တွေထက် မူးယစ်ဆေးဝါး သောက်စားသုံးစွဲမှုကို အခြေခံလို့

http://www.dhammadownload.com

ဖြစ်လာရတဲ့ ဝေဒနာရှင်က များပြားနေကြောင်းကို ထိတ်လန့်ဖွယ်ရာ တွေ့မြင်ရပါလိမ့်မယ်။

မကောင်းသတင်း ထွက်ပေါ်ခြင်း

မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းဟာ ဒုစရိုက်မျိုးစုံရဲ့ စတင်ဖြစ်ပွားရာပဲ ဖြစ်ပါတယ်၊ မူးယစ်ဆေးဝါး သောက်စားသုံးစွဲနေသူတစ်ယောက်ဟာ မူးယစ်ဆေးဝါးသာ ရမယ်–ဆိုရင် မလုပ်ရဲတဲ့ ဒုစရိုက်မှုလို့ မရှိတော့ပါ၊ သူ့အသက်ကို ရက်ရက်စက်စက် မညှာမတာ သတ်ဖြတ်ရန်လဲ ဝန်မလေးပါ၊ သူ့ဥစ္စာကိုခိုးယူရန်လဲ ဝန်မလေးပါ၊ လိမ်ညာပြောဆိုရန်လဲ ဝန်မလေးပါ၊ မုသာဝါဒကို ရေလဲနဲ့ ပြောဆိုသုံးစွဲလာတတ်ပါတယ်၊ ဒီလိုအစရှိတဲ့ မကောင်းမှု ဒုစရိုက်မျိုးစုံကို ပြုလုပ်လာတတ်ပါတယ်။

ဒါ့အပြင်– စိတ်ကြွမူးယစ်ဆေးဝါးမျိုးဖြစ်တဲ့ အရက်သေစာကို သောက်ထားလို့ မူးယစ်လာတဲ့အခါ အမေကိုလဲ ရိုက်နှက်တတ်ပါတယ်၊ အဖေကိုလဲ ရိုက်နှက်တတ်ပါတယ်၊ မပြောသင့်တဲ့စကား အများအပြားကိုလဲ ပြောမိတတ်ပါတယ်၊ မလုပ်သင့်တာတွေကိုလဲ ပြုလုပ်လာတတ်ပါတယ်၊ ဒါနဲ့ ကဲ့ရဲ့မှုကိုလဲ ခံရတတ်ပါတယ်၊ ဒဏ်တပ်မှုကိုလဲ ခံရတတ်ပါတယ်၊ မင်းပြစ်မင်းဒဏ်အမျိုးမျိုးကိုလဲ ခံရတတ်ပါတယ်၊ ဒီဘဝမှာရော, နောင်ဘဝမှာရော ကျော်စောမဲ့ကိုဖြစ်စေတတ်တဲ့ကံကို တိုးပွားစေတတ်တဲ့အတွက် မကောင်းသတင်း ထွက်ပေါ်လာတတ်ပါတယ်၊ ဒီလိုပဲ မူးယစ်ဆေးဝါး သောက်စားသုံးစွဲမှုက မကောင်းသတင်း ထွက်ပေါ်ခြင်းကို ဖြစ်စေတတ်ပါတယ်။

ဖုံးထားရမယ့်အင်္ဂါကို ဖော်ပြခြင်း

ဒီအချက်မှာ စိတ်ကြွမူးယစ်ဆေးဝါးမျိုးနှင့်သာ ယေဘုယျအားဖြင့် သက်ဆိုင်မယ်ထင်ပါတယ်၊ အရက်မူးနေသူဟာ ရုက်ရမှန်းကိုလဲ မသိတော့ပါ၊ ကြောက်ရမှန်းကိုလဲ မသိတော့ပါ၊ စိတ်နောက်ကိုယ်ပါ လုပ်ချင်ရာ လုပ်လာပါတော့တယ်၊ ပုဆိုးကို စလွယ်သိုင်းပြီး ဒယိမ်းဒယိုင်နဲ့ သိုင်းကွက်နင်းကာ ရွာရိုးမှာ လျှောက်သွားနေတတ်ပါတယ်၊ လူမြင်ကွင်းမှာ ကျင်ကြီးကျင်ငယ်စွန့်ရန်ပင် ဝန်မလေးတော့ပါ၊ အဝတ်မပါ ဗလာကိုယ်တည်း အချည်းစည်း လှည့်လည်သွားလာရန်လဲ ဝန်မလေးတော့ပါ၊ မူလရှိရင်းစွဲ အမှတ်သညာတွေ ပျောက်ကင်းပြီး စိတ်နောက်ကိုယ်ပါ လုပ်ချင်ရာလုပ်နေပါတော့တယ်။

ပညာအားနည်းမှုကို ပြုခြင်း

ပညာ-ဆိုတာဟာ သတိ, သညာတွေနှင့် ယှဉ်တွဲနေတတ်ပါတယ်၊ အမှတ်သညာကင်းပျောက်နေတဲ့ အမူးသမားမှာ သတိလဲ မရှိနိုင်တော့ပါ၊ သတိနှင့်သညာ မရှိပါက ပညာလဲ

http://www.dhammadownload.com

အားနည်းလာရပါတော့တယ်၊ ဒါပေမယ့် ဒီသေရည်အရက်က အားနည်းအောင် ပြုနိုင်တဲ့ ပညာဟာ လောကီပညာမျှသာ ဖြစ်ပါတယ်၊ လောကုတ္တရာပညာကိုတော့ အားနည်းအောင် မလုပ်နိုင်တော့ပါ၊ ဘာ့ကြောင့်လဲဆိုတော့— မင်္ဂရပြီးတဲ့ပုဂ္ဂိုလ်ရဲ့ ခံတွင်းကိုတောင်မှ သေရည်အရက်က မဝင်တဲ့အတွက်ကြောင့်ပါပဲ။

သာဂတထေရ် ၁

တန်ခိုးကြီးမား, လွန်ဆိုးဝါး, နဂါးနိုင်သူပါ၊
အရက်မူးလတ်, ဉာဏ်ကင်းလွတ်, လေးမြတ်ဗုဒ္ဓါ မပြုပါ။

ဒီနေရာမှာ အရက်က လောကီဉာဏ်ပညာကို အားနည်းစေပုံနှင့် စပ်လျဉ်းလို့ သာဂတထေရ်အကြောင်းကို ပြောပြပါဦးမယ်။

ဗုဒ္ဓမြတ်စွာက စေတီယတိုင်းအတွင်းမှာ ဒေသစာရီ လှည့်လည်တော်မူရင်း ဘဒ္ဒဝတိကာရွာကို ကြွနေတော်မူပါတယ်၊ လမ်းမှာ ဘုရားရှင်အား တွေ့သမျှလူတွေက "သရက်ပင်ဆိပ် ရသေ့ကျောင်းသခ်ိမ်းမှာ အင်မတန် တန်ခိုးကြီးပြီး ကြမ်းတမ်းတဲ့ နဂါးတစ်ကောင် ရှိနေပါတယ်၊ အဲဒီသရက်ပင်ဆိပ်ကိုတော့ ကြွတော်မမူပါနှင့် ဘုရား" လို့ ဆီးကြိုလျှောက်ထားကြပါတယ်၊ ဘုရားရှင်က ဘာမျှပြန်လည်မိန့်ကြားတော်မမူဘဲ ဘဒ္ဒဝတိကာရွာကို ကြွလာပြီး ဘဒ္ဒဝတိကာရွာမှာပဲ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီ အချိန်မှာ အရှင်သာဂတက သရက်ပင်ဆိပ် ရသေ့ကျောင်းသခ်ိမ်းကို ကြွသွားပြီး မီးတင်းကုပ်ကို ဝင်ရောက်ကာ တင်ပလ္လင်ခွေထိုင်နေပါတယ်၊ ဒီတော့ မီးတင်းကုပ်မှာနေတဲ့ နဂါးက စိတ်ဆိုးပြီး အခိုးလွှတ်ပါတယ်၊ အရှင်သာဂတကလဲ သူ့ထက်သာအောင် အခိုးလွှတ်ပါတယ်၊ နဂါးက အလျှံလွှတ်ပြန်တယ်၊ အရှင်သာဂတကလဲ သူ့ထက်သာအောင် အလျှံလွှတ်ပြီး နဂါးကို အနိုင်ယူလိုက်ပါတယ်။

နဂါးက အရှင်သာဂတထေရ်ရဲ့ ခြေရင်းမှာ တုပ်ဝပ်ပြီး "အရှင်ဘုရားတို့ကို ကိုးကွယ်ဆည်းကပ်ပါတယ်" လို့ လျှောက်ထားပါတယ်၊ ဒီတော့ အရှင်သာဂတက "ငါ့ကို ကိုးကွယ်ဆည်းကပ်စရာ မလိုဘူး၊ ဘုရားကိုသာ ကိုးကွယ်ဆည်းကပ်ပါ" လို့ ပြောပြီး သရဏဂုံတည်စေပါတယ်၊ အဲဒီအချိန်ကစပြီး နဂါးကြီးက မည်သူတစ်ဦးတစ်ယောက်ကိုမျှ မညှဉ်းဆဲမနှိပ်စက်တော့ပါ။

ဗုဒ္ဓမြတ်စွာက ဘဒ္ဒဝတိကာရွာက ကောသမ္ဗီမြို့ကို ကြွတော်မူပါတယ်၊ ကောသမ္ဗီမြို့သား ဥပါသကာတွေက "သရက်ပင်ဆိပ်မှာနေတဲ့ နဂါးကို အရှင်သာဂတက

၁။ ဝိ-၂၊ ၁၄၄။

http://www.dhammadownload.com

ဆုံးမထားခဲ့တယ်" ဆိုတဲ့ အကြောင်းကို ကြားသိနေကြပါတယ်၊ ဘုရားရှင်က ကောသမ္မီမြို့ကို ဆိုက်ရောက်လာတဲ့အခါ ကောသမ္မီမြို့သား ဥပါသကာတွေက ဘုရားရှင်ကိုလဲ ပူဇော်ကြပါတယ်၊ ဆဗ္ဗဂ္ဂိတွေရဲ့စကားနဲ့ ခိုခြေအဆင်းလို အနီရောင်ရှိပြီး ကြည်လင်တဲ့ အရက်ကိုလဲ အိမ်တိုင်းအိမ်တိုင်းမှာ စီမံထားကြပါတယ်။

နောက်တစ်နေ့မှာ ဆွမ်းခံကြွလာတဲ့ အရှင်သာဂတထေရ်အား အိမ်တိုင်းအိမ်တိုင်းက နည်းနည်းစီ နည်းနည်းစီ ပေးလှူကြပါတယ်၊ အရှင်သာဂတကလဲ သိက္ခာပုဒ်ကို မပညတ်ခင် လူတွေက တောင်းပန်တဲ့အတွက် အိမ်တိုင်းအိမ်တိုင်းမှာ နည်းနည်းစီ သောက်လာခဲ့ပါတယ်၊ ဒီတော့ အစာခံကလဲ မရှိတဲ့အတွက် ယစ်မူးပြီး မြို့တံခါးဝမှာ လဲနေပါတော့တယ်။

ရဟန်းတွေက ဗုဒ္ဓမြတ်စွာရဲ့အမိန့်နဲ့ အရှင်သာဂတကို ကျောင်းသို့ တွဲခေါ်လာခဲ့ကြပါတယ်၊ ဘုရားရှင်ရှိနေတဲ့ဘက်ကို ခေါင်းထားပြီး အိပ်စေကြပါတယ်၊ အရှင်သာဂတက ပြန်လှည့်ပြီး ဘုရားရှင်ရှိနေတဲ့ဘက်ကို ခြေပြုကာ အိပ်နေပါတော့တယ်၊ အဲဒီအချိန်မှာပဲ ဗုဒ္ဓမြတ်စွာက ရဟန်းတွေကို မေးတော်မူပါတယ်။

"ရဟန်းတို့ ! ရှေးအခါက သာဂတဟာ ငါဘုရားအပေါ်မှာ ရိုသေမှု, တုပ်ပျပ်မှု ရှိနေခဲ့တယ် မဟုတ်လား ?"။

"မှန်လှပါ၊ ရှိခဲ့ပါတယ် ရှင်တော်မြတ်ဘုရား !"။

"သာဂတက အခု ငါဘုရားအပေါ်မှာ ရိုသေမှု, တုပ်ပျပ်မှု ရှိသေးရဲ့လား ?"။

"မရှိတော့ပါ ရှင်တော်မြတ်ဘုရား !"။

"ရဟန်းတို့ ! သာဂတဟာ သရက်ပင်ဆိပ်မှာနေတဲ့ နဂါးကြီးကို နှိမ်နင်းခဲ့တယ် မဟုတ်လား ?"။

"မှန်လှပါ၊ နှိမ်နင်းခဲ့ပါတယ် ရှင်တော်မြတ်ဘုရား !"။

"ရဟန်းတို့ ! အခု သာဂတဟာ နှိမ်နင်းနိုင်ပါဦးမလား ?"။

"မနှိမ်နင်းနိုင်တော့ပါ ရှင်တော်မြတ်ဘုရား !"။

"ရဟန်းတို့ ! သောက်လို့ရှိရင် အမှတ်သညာကင်းအောင်, မိန်းမောတွေဝေအောင် မူးယစ်မှုကို ဖြစ်စေတတ်တဲ့ အရက်ကို သောက်သင့်ပါ့မလား ?"။

"မသောက်သင့်ပါ ရှင်တော်မြတ်ဘုရား !"။

ဒီလို ဗုဒ္ဓမြတ်စွာက ရဟန်းတွေရဲ့ဆန္ဒကို အရအမိယူပြီးမှ "သေအရက်ကို သောက်လို့ရှိရင် ပါစိတ်အာပတ်သင့်စေ"လို့ သိက္ခာပုဒ်ကို ပညတ်တော်မူပါတယ်။

A)

http://www.dhammadownload.com

ဘဝပျက်မခံပါနှင့် သေအရက်ဆိုပေမယ့် သေအရက်မျှကိုသာ ပြောလိုတာမဟုတ်ပါ၊ မူးယစ်ဆေးဝါး အကုန်လုံးကိုပဲ ပြောဆိုလိုခြင်း ဖြစ်ပါတယ်၊ သေအရက်–ဆိုတဲ့ စကားထဲမှာ မူးယစ်ဆေးဝါး အကုန်လုံး ပါဝင်ပါတယ်၊ ဒါ့ကြောင့် ရှေးခေတ်မှာရော, အခုခေတ်မှာရော ဘယ်ခေတ်ဘယ်အခါမှာမှ ပညာရှိတွေက မလိုလားမနှစ်သက်တဲ့ မူးယစ်ဆေးဝါးသောက်စားသုံးစွဲမှုကို အခါခပ်သိမ်း ရှောင်ကြဉ်သင့်ပါတယ်။

အထူးအားဖြင့် လူလောကအတွင်းသို့ ချဉ်းနင်းဝင်ရောက်ခါစဖြစ်တဲ့ လူငယ်လူရွယ်တွေ-ဆိုတာဟာ အထူးအဆန်းတွေ့ရင် စမ်းကြည့်ချင်တဲ့သဘော ရှိနေတတ်ကြပါတယ်၊ ဒီတော့ မကောင်းတဲ့ ပတ်ဝန်းကျင်နှင့်တွေ့လို့ သူတို့ သွေးဆောင်ခေါ်ယူတဲ့ နောက်ကို လိုက်ပါပြီး မူးယစ်ဆေးဝါးကို တစ်ကြိမ် ၂-ကြိမ်လောက် မြိုးစမ်းကြည့်ရုံမျှနဲ့ နောင်မသောက်မနေနိုင်, မစားရမနေနိုင်တဲ့ ဘဝမျိုးကို ရောက်သွားတတ်ပါတယ်၊ အဲဒီဘဝမျိုးကို ရောက်သွားလို့ နောက်ပြန်မဆုတ်နိုင်တော့ဘဲ ပျက်စီးသွားရသူတွေလဲ နည်းပါးလှမယ် မထင်ပါ။

ဒါ့ကြောင့် နောင်အခါ တိုင်းပြည်ရဲ့တာဝန်ကို ထမ်းဆောင်ကြရမယ့် တိုင်းပြည်ရဲ့ အညွှန့်အဖူးသဖွယ် ဖြစ်နေကြတဲ့ မောင်မယ်များက မိမိတို့ရဲ့ရှေ့ရေးကို မြော်တွေးပြီး ဘယ်လိုမူးယစ်ဆေးဝါးမျိုးကိုမှ မသောက်စား မသုံးစွဲမိအောင် အထူးသတိထားရှောင်ကြဉ်သင့်ပါတယ်။

အခု အချိန်အခါမှာတော့ အမျိုးသမီးကလေးတွေရော, အမျိုးသားကလေးတွေရော လူရှေ့မရှောင်, သူရှေ့မရှောင် ရဟန်းသံဃာတွေကိုတောင်မှ အားနာရကောင်းမှန်း မသိနိုင်တော့ဘဲ ဘီယာသောက်နေကြတာကို နေရာတိုင်းလိုလိုမှာပဲတွေ့နေရပါတယ်၊ ဘီယာ–ဆိုတာဟာ မူးယစ်ဆေးဝါးအနုစားတစ်မျိုး ဖြစ်လိမ့်မယ်ထင်ပါတယ်၊ အနုစားမှအလတ်စား, အလတ်စားမှအထက်တန်းစားကို တစ်ဆင့်ပြီး တစ်ဆင့် ပြောင်းရွေ့သုံးဆောင်လာကြပါက သူတို့ရဲ့ဘဝမှာ တွေးဝံ့စရာပင် မရှိတော့ပါ။

မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရန်–

ပြောလာခဲ့တဲ့အတိုင်း မူးယစ်ဆေးဝါးပြဿနာမှာ တစ်နေ့ထက်တစ်နေ့ ကြီးထွားလာနေပါတယ်၊ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးကိုပင် ခြိမ်းခြောက်လျက်ရှိနေပါတယ်၊ သိပ္ပံပညာတွေ တိုးတက်လာသလောက် အစွမ်းထက်မြက်လှတဲ့ မူးယစ်ဆေးဝါးများလဲ တစ်မျိုးပြီးတစ်မျိုး တိုးတက်ဖြစ်ပေါ်လာနေပါတယ်။

http://www.dhammadownload.com

ယင်းမူးယစ်ဆေးဝါးများမှာ အစွမ်းထက်မြက်သလောက် သုံးစွဲသူများရဲ့ကျန်းမာရေးနှင့် အသက်ကိုပင် အန္တရာယ်ပြုတတ်ပါတယ်၊ တန်ဖိုးလဲ ကြီးမားလှပါတယ်၊ သုံးစွဲသူများကိုလဲ ဖမ်းစားတတ်ပါတယ်၊ တစ်ခါ ၂-ခါလောက် သုံးစွဲမိပါက မသုံးစွဲရရင် မနေနိုင်တဲ့ဘဝမျိုးကို ရောက်သွားစေတတ်ပါတယ်၊ ဆေးစွဲမှုကို ဖြစ်စေတတ်ပါတယ်၊ မိမိရဲ့ကျေးကျွန်အဖြစ်သို့ ရောက်သွားစေတတ်ပါတယ်။

အဲ့ဒီလို မူးယစ်ဆေးဝါးရဲ့ကျေးကျွန်အဖြစ်သို့ ရောက်သွားသူများဟာ မူးယစ်ဆေးဝါးရရှိရေးမှတစ်ပါး အခြားဘာကိုမျှ မစဉ်းစားနိုင်ဆံတော့ပါ၊ မူးယစ်ဆေးဝါးဖိုးမရှိပါက ရတဲ့နည်းနဲ့ ရှာဖွေလာတတ်ပါတယ်၊ ဘယ်လိုမကောင်းမှု ဒုစရိုက်မျိုးကိုမှ ပြုလုပ်ရန်တာဝန်မလေးတော့ပါ၊ သူ့အတွက် မူးယစ်ဆေးဝါးရရှိရေးသာ အဓိကဖြစ်လာပါတော့တယ်။

အနာရောဂါနှင့်မသင့်တော်သော, မတဲ့သော အစားအစာများကို စားလိုတဲ့လူမမာက မတဲ့သောအစာ ရှိမနေပါရင် စားလိုတဲ့အာသာ မည်မျှပင် ပြင်းထန်နေစေကာမူ စားသောက်ခွင့် မရတော့သလို, မိုးဦးကျစအချိန်မှာ လူအများက ဝမ်းလျှောဓာတ်သက် ဖြစ်နေတဲ့အခါ ဝမ်းနှူးစာကိုရှာမရအောင် တာဝန်ရှိသူများက ပိတ်ပင်ထားလိုက်ရင် ဝမ်းနှူးစာကို စားလိုသူများက စားလိုတဲ့အာသာ ဘယ်လိုပင် ပြင်းထန်နေစေကာမူ စားခွင့်မရတော့သလို, မူးယစ်ဆေးဝါး မရှိပါက မူးယစ်ဆေးဝါးသုံးစွဲသူ, မူးယစ်ဆေးဝါးရဲ့ကျေးကျွန်ဖြစ်နေသူ-လို့ ရှိနိုင်မယ်မဟုတ်တော့ပါ။

သို့ဖြစ်သည်အားလျော်စွာ မိမိတို့နိုင်ငံအတွင်းရှိ မြို့တိုင်းရွာတိုင်းမှာ မူးယစ်ဆေးဝါး မရှိအောင် ပြုလုပ်ထားသင့်ပါတယ်၊ မူးယစ်ဆေးဝါး တိတ်တိတ်ခိုးရောင်းနေသူများကို ဖော်ထုတ်အရေးယူမှု, မူးယစ်ဆေးဝါး ထုတ်လုပ်သူတို့ကို အမြစ်ပြုတ်အောင် ဖော်ထုတ်အရေးယူမှုတွေကို ထိထိရောက်ရောက် လုပ်ကိုင်ပယ်ရှားသင့်ပါတယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

ယစ်မျိုး ဆယ်ပါး, သောက်စားယွင်းလစ်, ထိုကျင့်ညစ်ကို, ပယ်ပစ်ရှောင်ကွင်း, စောင့်ရှောက်ခြင်းကား, တစ်ပါးခေါ်ဆို။

ဒီလို မုံရွေးဆရာတော်က မဇ္ဈပါနသံယမ-မင်္ဂလာရဲ့ သဘောအဓိပ္ပာယ်ကို မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် သုရာ ၅-ပါး, မေရယ ၅-ပါး၊ ဒီယစ်မျိုး ၁၀-ပါးကို သောက်စားခြင်း-ဆိုတဲ့ သတိယိုယွင်း လစ်ဟင်းစေတတ်တဲ့ အကျင့်ဆိုးမှ ဖယ်ကြဉ်ရှောင်ကွင်း စောင့်ရှောက်ခြင်းဟာ မဇ္ဈပါနသံယမမင်္ဂလာ မည်ပါတယ်။

http://www.dhammadownload.com

ဒါ့အပြင်–

သုရာသောက်ဝယ်, ပြစ်ခြောက်သွယ်ကား, လိုမယ် မရ, ရှိမျှဥစ္စာ, ပျောက်တတ်စွာ၏၊ နှုတ်သာ လက်လွန်, ရန်လည်းခိုက်ထိ, ပွားတတ်ဘိ၏၊ မျက်စိသီဆေ, လက်ခြေတုန်ယင်, မဝင်ဝမ်းတွင်း, ထမင်းမစား, ရောဂါများ၏၊ ပြစ်သားစင်စစ်, လူရှင်ကဲ့ရဲ့, သတင်းမဲ့၏၊ ရှက်ဖွဲ့အရာ, ကြောက်ခင်းမှာလည်း, အင်္ဂါကိုယ်လုံး, မဖုံးလွှမ်းနိုင်၊ စွဲကိုင်ကျိုးပြစ်, စီစစ်မမြင်, ဆင်ခြင်မရှိ၊ သတိပညာ, လျော့ညံ့ရာသည်----မကြာလက်ငင်း မျက်မှောက်တွင်း။ [၁]

သေနှင့်အရက်, လူကိုဖျက်, အရှက်ရမည်ကြောက်။ [၂]

အသောက်အစား, အလောင်းများလည်း, စီးပွားပြုံးတတ်သည်။ [၃]

ဝေရ ၅-ပါးတို့တွင် ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ၊ ဤ ၄-ပါးတို့မှ ကြဉ်သည်ကို ပါပဝိရတိမင်္ဂလာတစ်ပါး၊ သေအရက် သောက်စားခြင်းမှ ကြဉ်သည်ကို မဇ္ဇပါနသံယမမင်္ဂလာတစ်ပါး၊ ဤသို့ မင်္ဂလာ ၂-ပါး ကွဲပြားရ၍ အခြားစီ ဟောတော်မူသည်။

ဝေရ ၅-ပါးချင်းတူလျက် အဘယ့်ကြောင့် က ၄-ပါးတို့နှင့် သုရာမေရယကို ကွဲပြားရ၍ အခြားစီ ဟောတော်မူ ရလေသနည်း ? ဟူမူကား– သုရာမေရယက်သည် က ၄-ပါးတို့နှင့်မတူ၊ က ၄-ပါးတို့ထက် သာလွန်၍ မဟာသာဝဇ္ဇဖြစ်၏–ဟု သိစေခြင်းငှာ သုရာမေရယကို က ၄-ပါးတို့မှ ကွဲပြားရ၍ သီးခြားဟောတော်မူသည်–ဟု မှတ်ရာ၏။

ဝေရ ၅-ပါး–ဟူသော်ကား– ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယ၊ ဤ ၅-ပါးတည်း၊ ထို ၅-ပါးတို့သည် ရန်ကို ဖြစ်စေတတ်သောကြောင့် ဝေရမည်၏။ [၄]

သုရာမေရယ, ယစ်ဝသောက်စား, ထိုသူများလျှင်, တစ်ပါးသူ့သက်, ရက်စက်သတ်ရာ, သူဥစ္စာကို, ယူကာလည်းပြု, မိစ္ဆာမှုနှင့်, မုသာဝါဒ, ကြမ်းစွယုတ်ယုတ်, ဖရုသဝါစာ, သမ္ဖပ္ပလာပ, ပိသုနနှင့်, ဣဿအဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ, အတိဘာရိယ, သာဝဇ္ဇ–ဟု, ဒုက္ခလက္ခဏာ, လျင်စွာပြုမူ, မကောင်းသူတို့, အယူမှားမှား, ကျသွားလေရာ, တိရစ္ဆာန, နိရယနှင့်, အသူရကာယ်, အပါယ်လေးပါး, ဖြောင့်ဖြောင့်သွား၏။ [၅]

၁။ ဩဝါဒထူး–၇။ ၂။ တွင်းသင်းမင်းကြီး။ ၃။ မုံရွေးဆရာတော်။
၄။ ပကိဏ္ဏကဝိသဇ္ဇနာ–တ၊ ၃၆/၃၇။ ၅။ ဝရဏပျို့–၅၇။

http://www.dhammadownload.com

သေစာအရက်, လွန်စုံမက်၍, ဆိပ်ဖက်ရောထား, သေခွက်အား‌ကို, သောက်မှား လူရူး, သေသောက်ကြူးသည်, မူးတူးမှိုင်တည့်, သောက်လေဘိက, ကြားသိသမျှ, ကဲ့ရဲ့ကြလျက်, ဘဝနောင်ဖန်, တမလွန်လည်း, အလွန်ဆင်းရဲ, မီးကျီးထဲ၌, အမြဲရှည်ကြာ, ခံရရှာ၏။ [၁]

၂၁။ အပ္ပမာဒေါစ ဓမ္မေသု

[ဓမ္မေသု–ကုသိုလ်တရား‌တို့၌+အပ္ပမာဒေါ–မမေ့လျော့‌ခြင်း။] ကုသိုလ်တရား‌တွေမှာ မမေ့လျော့‌ခြင်း‌ကို အပ္ပမာဒဓမ္မ–လို့ ခေါ်ပါတယ်၊ ဒီအထဲမှာပါလာတဲ့ ကုသိုလ်တရား‌တွေ‌ဆိုတာက အရပ်သုံးအနေနဲ့ပြောရရင် ကောင်းတဲ့အလုပ်တွေပဲ ဖြစ်ပါတယ်၊ မမေ့လျော့‌ခြင်း–အပ္ပမာဒ–ဆိုတာက စိတ်ပါဝင်စား‌ခြင်း, အမှတ်ရနေ‌ခြင်း သတိပဲ ဖြစ်ပါတယ်။

ပမာဒနှင့် အပ္ပမာဒ

ဒီအပ္ပမာဒ–ဆိုတဲ့သတိဟာ ပမာဒရဲ့ဆန့်ကျင်ဘက် ဖြစ်ပါတယ်၊ ဒါ့‌ကြောင့် အပ္ပမာဒသဘော ထင်ရှား‌လာအောင် ပမာဒက‌စပြီး ပြောပြသွား‌ပါ့‌မယ်၊ ပမာဒ–(မေ့လျော့မှု)ဆိုတာကလဲ မကောင်းတဲ့ အကုသိုလ်အလုပ်မှာ စိတ်ပါဝင်စား‌နေမှု, ကောင်းတဲ့ ကုသိုလ်အလုပ်မှာ စိတ်မဝင်စား‌မှုလို့ ၂–မျိုး ရှိနေပါတယ်၊ အဋ္ဌကထာမှာတော့ ကောင်းတဲ့အလုပ်မှာ စိတ်မဝင်စား‌မှုတစ်ခုတည်း‌ကိုသာ ပြထား‌ပါတယ်၊ ဒါပေမယ့် မကောင်းတဲ့အလုပ်မှာ စိတ်ပါဝင်စား‌နေရင်လဲ ကောင်းတဲ့အလုပ်မှာ မေ့လျော့‌ပေါ့‌ဆရာ ရောက်တဲ့အတွက် ၂–မျိုး‌လုံး‌ကိုပဲ ပြောပြသွား‌ပါ့‌မယ်။

သူ့အသက်သတ်မှု, ခိုးဝှက်လုယက်မှု, မူးယစ်ဆေး‌ဝါး သောက်စား‌သုံး‌စွဲမှု, လောင်းကစား‌မှု, ကာမလိုက်စား‌မှု–စတဲ့ မကောင်းတဲ့ အလုပ်တွေမှာ စိတ်ပါဝင်စား‌နေမှု, စိတ်စွဲလမ်း‌နေမှုကို ပမာဒ–ကောင်းတဲ့အလုပ်မှာ မေ့လျော့‌ပေါ့‌ဆမှုလို့ ဆိုရပါတယ်။

ပေးလှူမှု, သီလဆောင်ထိန်း‌မှု, ကိုယ်လုပ်ကိုင်နေတဲ့ ရောင်း‌ဝယ်မှု, စိုက်ပျိုး‌မှု–စတဲ့ ကောင်းတဲ့အလုပ်တွေ တိုးပွား‌အောင် လေး‌လေး‌စား‌စား‌မလုပ်‌ခြင်း, အမြဲမလုပ်‌ခြင်း, မပြတ်မလပ် မလုပ်‌ခြင်း, တွန့်‌ဆုတ်‌ခြင်း, လုပ်လိုတဲ့‌ဆန္ဒ မရှိ‌ခြင်း, မကြိုး‌စား‌ခြင်း, ထပ်ကာထပ်ကာ လေ့လာမှု မပြု‌ခြင်း, စွဲမြဲစွာမလုပ်‌ခြင်း, ထပ်ကာထပ်ကာ အား‌မထုတ်‌ခြင်း‌ကိုလဲ ပမာဒ–ကောင်းတဲ့ အလုပ်မှာ မေ့လျော့‌ပေါ့‌ဆမှု–လို့ပဲ ဆိုရပါတယ်။ [၂]

အပ္ပမာဒ–ဆိုတာဟာ ကုသိုလ်တရား‌တွေ, ကောင်းတဲ့တရား‌တွေမှာ မမေ့လျော့ မပေါ့‌ဆ‌ခြင်းဘဲ ဖြစ်ပါတယ်၊ အဲဒီ အပ္ပမာဒကို ပမာဒရဲ့ ဆန့်ကျင်ဘက်အနေနဲ့

၁။ သုတသောမ–၁၃၀။ ၂။ အဘိ–၄–၂၊ ၃၆၃။

http://www.dhammadownload.com

မှတ်ယူသင့်ပါတယ်၊ တရားသဘောအနေနဲ့ဆော့ သတိမကင်းကွားခြင်းပဲ ဖြစ်ပါတယ်၊ သတိမကင်းကွာခြင်း–ဆိုတာဟာလဲပဲ အာရုံမှာ အမြဲကပ်တည်နေတဲ့ သတိပဲ ဖြစ်ပါတယ်။

ပြောလာခဲ့တဲ့ ပမာဒ–မေ့လျော့ပေါ့ဆမှုရဲ့ ဆန့်ကျင်ဘက်အနေနဲ့ ကောင်းတဲ့ အလုပ်တွေမှာ အမြဲသတိရနေမှု, စိတ်ပါဝင်စားနေမှု, စိတ်စွဲလမ်းမှုကိုပဲ အပွမာဒ–ကောင်းတဲ့အလုပ်မှာ မမေ့လျော့ မပေါ့ဆမှု–လို့ ဆိုရပါတယ်။

ပမာဒရဲ့အပြစ် ပမာဒနှင့်အပွမာဒသဘောကို နားလည်ပြီးတဲ့နောက် ပမာဒရဲ့ အပြစ်နဲ့ အပွမာဒရဲ့အကျိုးကို သိသာရုံမျှ ပြောပြပါဦးမယ်၊ ကောင်းတဲ့အလုပ်မှာ မေ့လျော့ပေါ့ဆမှု–ဆိုတဲ့ ပမာဒဟာ လူမိုက်ဖြစ်ရန် အခြေခံ အကြောင်းဖြစ်ပါတယ်၊ လူမိုက်တွေဟာ ကောင်းတဲ့အလုပ်မှာ မေ့လျော့ပေါ့ဆမှုရဲ့ အပြစ်ကို မသိမမြင်ကြတဲ့အတွက် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ မကောင်းတဲ့ အလုပ်တွေကို လုပ်နေကြပါတယ်၊ မေ့လျော့ပေါ့ဆ မကောင်းတဲ့အလုပ်တွေနဲ့ပဲ အချိန်ကို ကုန်လွန်စေကြပါတယ်၊ အချိန်ရှိသမျှ မကောင်းတဲ့အလုပ်ကိုချည်း လုပ်နေကြပါတယ်။

လူမိုက်တွေဆိုတာဟာ ဒီဘဝအကျိုးကိုလဲ နားမလည်ကြပါ၊ နောင်ဘဝသံသရာ အကျိုးကိုလဲ နားမလည်ကြပါ၊ ကောင်းတဲ့အလုပ်(ကုသိုလ်တရား)ရဲ့ အဆီအနှစ် အမြှေတသဖွယ်ဖြစ်တဲ့ အသိအလိမ္မာ ဉာဏ်ပညာ ကင်းဝေးနေသူတွေသာ ဖြစ်ကြပါတယ်၊ သူတို့တစ်တွေဟာ ကောင်းတဲ့အလုပ်ကို မလုပ်ကြဘဲ မကောင်းတဲ့အလုပ်တွေနဲ့သာ အချိန်ဖြုန်းနေကြပါတယ်။

> မဖြစ်သေးတဲ့ အကုသိုလ်ကို ဖြစ်စေပြီး, ဖြစ်ပြီးတဲ့ ကုသိုလ်တရားကို ဆုတ်ယုတ်စေတဲ့အရာမှာ ပမာဒနှင့်တူတဲ့ အခြားတရား မရှိတော့ဘူး။ [၁]
>
> ပမာဒဟာ ကြီးမားသောအကျိုးမဲ့ကို ဖြစ်စေတတ်တယ်။ [၂]
>
> ပမာဒဟာ ကြီးမားသော အကျိုးမဲ့ကိုဖြစ်စေတတ်တဲ့ ကိုယ်တွင်းအကြောင်းဖြစ်တယ်။ [၃]

ဒီလိုလဲ ဗုဒ္ဓမြတ်စွာက မိန့်တော်မူထားပါတယ်၊ ဒါတွေနှင့်စပ်လို့ ဒီနေရာမှာ ဝတ္ထုတစ်ပုဒ် ပြောပြပါဦးမယ်။

ကိုယ်ကျိုးကိုသာ ကြည့်သူ [၄]

မိမိကိုယ်ကို, မွေးမြူလို, တောကိုဝင်သွားပါ၊
သက်သတ်စားမှု, အမြဲပြု, ဖြစ်မှုလူပြိတ္တာ။

၁။ အံ–၁၊ ၁၀။ ၂။ ၄င်း၊ ၁၄။ ၃။ ၄င်း၊ ၁၈။ ၄။ ဇာတ်–၅–၃၊ ၄၄၃။

http://www.dhammadownload.com

ရှေးအခါက ကာသိတိုင်း ဈေးမြို့ကလေး(နိဂုံး)တစ်ခုမှာ ပုဏ္ဏားအမျိုးသား တစ်ယောက် ရှိပါတယ်၊ အဲဒီ ပုဏ္ဏားအမျိုးသားဟာ ကိုယ်ရေအဆင်းလဲ လှပသူ ဖြစ်တယ်၊ ခွန်အားဗလနှင့်လဲ ပြည့်စုံတယ်၊ ဆင်တစ်စီးအားကို ဆောင်ပါတယ်။

လယ်ထွန်မှု-စတဲ့ အလုပ်တွေကိုလုပ်ပြီး မိဘတွေကို လုပ်ကျွေးနေလို့ အကျိုးမရှိပါဘူး၊ သားမယားတွေကို ကျွေးမွေးနေရတာလဲ အလကားပဲ၊ ဒါန-စတဲ့ ကုသိုလ်တွေကို လုပ်တာလဲ ဘာအကျိုးမှ မရှိပါဘူး၊ အလကားပါပဲ၊ ဘယ်သူ့ကိုမှ မမွေးမြူဘဲ, ကုသိုလ်ကောင်းမှုတစ်စုံတစ်ခုကို မပြုလုပ်ဘဲ တောထဲကို သွားပြီး သားကောင်တွေကိုသတ်စားလို့ ကိုယ့်ကိုပဲ မွေးမြူရတော့မယ်။

ဒီလိုသူ့စိတ်ကူးနှင့်သူ လက်နက်အပြည့်အစုံယူပြီး ဟိမဝန္တာကိုထွက်သွားပါတယ်။

တွေ့သမျှသားကောင်အမျိုးမျိုးကို သတ်ဖြတ်စားသောက်ရင်း ဟိမဝန္တာအတွင်း ဝိဓဝါ-ဆိုတဲ့ မြစ်ကမ်းဘေးမှာ တောင်တွေက ခြံရံထားတဲ့ တောင်ကွန်ယက်ကို ရောက်သွားပါတယ်၊ သားကောင်တွေကို သတ်ဖြတ်စားသောက်ရင်း အဲဒီတောင် ကွန်ယက်မှာပဲ နေပါတယ်။

အခု ခွန်အားရှိနေတဲ့အချိန်က ကြိုတင်လို့ သားကောင်အမျိုးမျိုးကို တောင်ကွန်ယက်အတွင်းသွင်းပြီး တံခါးတပ်ထားလိုက်ရင် အားနည်းလာလို့ တောထဲကို မသွားနိုင်တဲ့အခါ အလိုရှိသလို သားကောင်တွေကို သတ်ဖြတ် စားသောက်ရလိမ့်မယ်။

ဒီလို စိတ်ထဲမှာ အကြံဖြစ်ပေါ်လာတဲ့အတိုင်း နောင်ရေးအတွက် အဆင်သင့် ပြုလုပ် ထားပါတယ်။

အဲဒီနောက် အချိန်အနည်းငယ် ကြာလာတဲ့အခါမှာ အဲဒီအကုသိုလ်ကံက အထွတ်အထိပ်ကို ရောက်လာပြီး အခုဘဝမှာပဲ အကျိုးပေးလာပါတော့တယ်၊ ကိုယ့်လက်ကိုယ့်ခြေနဲ့ သွားလာမှုကိုလဲ မပြုနိုင်တော့ပါ၊ ဟိုဘက်-ဒီဘက်ကိုလဲ မစောင်းလှည့် နိုင်တော့ပါ၊ စားစရာကိုလဲ မတွေ့မမြင်ရတော့ပါ၊ သောက်စရာကိုလဲ မတွေ့မမြင်ရတော့ပါ၊ ကိုယ်ခန္ဓာက ညှိုးနွမ်းပိန်ချုံးလာပါတယ်၊ လူပြိတ္တာကြီး ဖြစ်နေ ပါတော့တယ်၊ နွေအခါ မြေပတ်ကြားအက်သလို ကိုယ်ခန္ဓာမှာ အက်ကွဲကြောင်းတွေ ထင်လာပါတယ်၊ အဲဒီအမျိုးသားဟာ မကောင်းသောအဆင်း, မကောင်းသော ပုံပန်း သဏ္ဌာန် ရှိလာပြီး ကြီးမားသောဆင်းရဲကို ခံစားနေရပါတော့တယ်။

ကောင်းတဲ့ မိဘကိုလုပ်ကျွေးမှု-စတဲ့ အလုပ်တွေမှာ စိတ်ပါဝင်စားမှု မရှိဘဲ မကောင်းတဲ့ သူ့အသက်ကိုသတ်ဖြတ်မှု-စတဲ့ အလုပ်မှာသာ စိတ်ပါဝင်စားမှုရှိ နေတဲ့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေသူရဲ့ ယခုဘဝအပြစ်ပင် ဒီမျှလောက် ကြီးလေးပါက နောင်ဘဝသံသရာအပြစ်မှာ တွေးဝံ့စရာပင် မရှိတော့ပါ။

http://www.dhammadownload.com

အပွမာဒရဲ့အကျိုး

ကုသိုလ်တရားတွေ (ကောင်းတဲ့အလုပ်တွေ)မှာ မမေ့မလျော့ခြင်း–ဆိုတဲ့တရားတစ်မျိုးကိုပွားများရင်, ကြိမ်ဖန်များစွာလေ့လာမှုကိုပြုရင် အခုဘဝအကျိုးစီးပွား, နောင်ဘဝသံသရာအကျိုးစီးပွား–ဆိုတဲ့ အကျိုးစီးပွား ၂–မျိုးကို ရနိုင်တယ်။ [၁]

ဒီလိုဗုဒ္ဓမြတ်စွာက အပွမာဒနှင့်စပ်လို့ ပွားများမှု(ဘာဝနာ)သဘောကို ဟောတော်မူထားပါတယ်၊ ဒါပေမယ့် ဗုဒ္ဓါနုဿတိ–စတဲ့ ဘာဝနာတွေလို အပွမာဒဘာဝနာလို့ သီးခြားပွားများစရာ ဘာဝနာတစ်မျိုး မရှိတော့ပါ၊ ကုသိုလ်ကောင်းမှု (ကောင်းတဲ့အလုပ်) အကုန်လုံးကို နောက်မဆုတ်တမ်း ကြိုးပမ်းအားထုတ်ပြုလုပ်တာကိုပဲ အပွမာဒဘာဝနာလို့ ဆိုသင့်ပါတယ်။

သူ့အသက်သတ်မှု, ခိုးဝှက်မှု, လိမ်ညာမှု, မူးယစ်ဆေးဝါး သောက်စားသုံးစွဲမှု, လောင်းကစားမှု, ကာမလိုက်စားမှု–စတဲ့ မကောင်းတဲ့ အလုပ်တွေမှာ စိတ်ပါဝင်စားနေမှု, စိတ်စွဲလမ်းနေမှု မရှိဘဲ ပေးကမ်းလှူဒါန်းမှု, သီလစောင့်ထိန်းမှု, ကောင်းရောင်းကောင်းဝယ်ပြုလုပ်မှု, စိုက်ပျိုးမှု–စတဲ့ ကောင်းတဲ့အလုပ်တွေ တိုးပွားအောင် လေးလေးစားစားလုပ်မှု, အမြဲမပြတ်လုပ်မှု, တွန့်ဆုတ်ခြင်းမရှိမှု, လုပ်လိုတဲ့ဆန္ဒ ပြင်းထန်မှု, ကြိုးစားမှု, ထပ်ကာထပ်ကာလေ့လာမှု, စွဲမြဲစွာလုပ်ကိုင်မှု, ထပ်ကာထပ်ကာအားထုတ်မှုတွေကိုပဲ အပွမာဒဘာဝနာလို့ ဆိုသင့်ပါတယ်။

ဒီလို အပွမာဒတရားကို ပွားများအားထုတ်နေသူတွေဟာ မိမိတို့ လုပ်နေတဲ့အလုပ်ကိုလဲ ချောချောမောမော ပြီးစီးအောင် ဆောင်ရွက်နိုင်ပါတယ်၊ ပစ္စည်းဥစ္စာလဲ ပေါများကြွယ်ဝနိုင်ပါတယ်၊ ချမ်းသာသုခလဲ ပြည့်ဝလာတတ်ပါတယ်၊ ကျန်းမာရေးအတွက် ကြိုတင်ပြင်ဆင်ပြီးလဲ ဖြစ်နိုင်ပါတယ်။

ဒါ့အပြင်– အပွမာဒတရားကို ပွားများအားထုတ်သူရဲ့နောက်သို့ ကျော်စောသတင်း ထွက်ပေါ်ခြင်း, လူရှင်အများ လေးစားခြင်း, လူချစ်လူခင်ပေါများခြင်း, လူစုအတွင်း ဝင်ဆံ့ခြင်း, ကူညီမယ့်သူပေါများခြင်း–စတဲ့ အကျိုးစီးပွားတွေ လိုက်ပါလာတတ်ပါတယ်၊ နောင်ဘဝသံသရာတစ်လျှောက်မှာလဲ လူ့ပြည်နတ်ပြည်မှာဖြစ်ပြီး စည်းစိမ်ချမ်းသာပြည့်ဝခြင်း–စတဲ့ အကျိုးတွေက မိခင်နွားမကြီးရဲ့နောက်သို့ နွားကလေးက လိုက်ပါနေသလို ထက်ကြပ်မကွာ လိုက်ပါနေတတ်ပါတယ်။

ကြီးမားသော အကျိုးစီးပွားကို ဖြစ်စေရာမှာ အပွမာဒနှင့် တန်းတူလိုက်နိုင်တဲ့တရား မရှိ၊ အပွမာတရားဟာ ကြီးမားတဲ့အကျိုးစီးပွားကို ဖြစ်စေတတ်ပါတယ်။ [၂]

၁။ ဣတိ၊ ၂၀၆။ ၂။ အံ–၁၊ ၁၄။

http://www.dhammadownload.com

ကြီးမားတဲ့ အကျိုးစီးပွားကို ဖြစ်စေရာမှာ အပွမာဒနှင့် တန်းတူညီမျှလိုက်နိုင်တဲ့ အခြားကိုယ်တွင်းအကြောင်း မရှိ၊ အပွမာဒဟာ ကြီးမားသော အကျိုးစီးပွားကို ဖြစ်စေနိုင်တဲ့ ကိုယ်တွင်းအကြောင်းဖြစ်တယ်။ [၁]

ဒီလိုလဲ ဗုဒ္ဓမြတ်စွာက ဟောတော်မူထားပါတယ်။

၁၂အပြင်– ဒီအပွမာဒတရားဟာ သီလဖြည့်ကျင့်မှုမှာလဲ ကျေးဇူးပြုတတ်, တွန်းအားပေးတတ်ပါတယ်၊ ဣန္ဒြေတို့ကို စောင့်ရှောက်မှုမှာလဲ ကျေးဇူးပြုတတ်ပါတယ်၊ အစားအသောက်နှင့်စပ်လို့ အတိုင်းအရှည်ပမာဏကို သိမှုမှာလဲ ကျေးဇူးပြုတတ်ပါတယ်၊ နိုးကြားတက်ကြွ ကြိုးစားအာထုတ်မှုမှာလဲ ကျေးဇူးပြုတတ်ပါတယ်၊ သူတော်ကောင်းတရား ၇–ပါးကို ဖြစ်ပွားစေခြင်းမှာလဲ ကျေးဇူးပြုတတ်ပါတယ်၊ မင်္ဂလာရှေ့အဖို့မှာဖြစ်တဲ့ ဝိပဿနာဉာဏ်ကို ပွားစေခြင်းမှာလဲ ကျေးဇူးပြုတတ်ပါတယ်၊ အတ္ထပဋိသမ္ဘိဒါ–စသည်တို့ကို ရခြင်းမှာလဲ ကျေးဇူးပြုတတ်ပါတယ်၊ သီလကွန္ဓ(သီလအစု)စတဲ့ ၅–ပါးသော တရားအစုမှာလဲ ကျေးဇူးပြုတတ်ပါတယ်၊ အကြောင်းဟုတ်တာ, မဟုတ်တာကို သိမှုမှာလဲ ကျေးဇူးပြုတတ်ပါတယ်၊ မြင့်မြတ်တဲ့ဈာန်သမာပတ်ကို ဝင်စားခြင်းမှာလဲ ကျေးဇူးပြုတတ်ပါတယ်၊ အရိယသစ္စာကို ပွားများခြင်းမှာလဲ ကျေးဇူးပြုတတ်ပါတယ်၊ သတိပဋ္ဌာန်–စတဲ့ ဗောဓိပက္ခိယတရား ၃၇–ပါး ဖြစ်ပွားခြင်းမှာလဲ ကျေးဇူးပြုတတ်ပါတယ်၊ ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်–စသည်တို့မှာလဲ ကျေးဇူးပြုတတ်ပါတယ်၊ (အမွှဋ္ဌ သုတ်လာ) ဝိဇ္ဇာ ၈–ပါးမှာလဲ ကျေးဇူးပြုတတ်ပါတယ်၊ တွန်းအားပေးတတ်ပါတယ်၊ ဒီလိုပဲ အပြစ်ကင်းတဲ့တရားအကုန်လုံးမှာ ကျေးဇူးများလှပါတယ်။ [၂]

ဒီအဆိုအမိန့်အရ အပွမာဒတရားကိုပွားများရင် လူ,နတ်,နိဗ္ဗာန် ၃–တန်သော ချမ်းသာကို ရနိုင်တယ်–ဆိုတာဟာ သိသာထင်ရှားလှပါတယ်။

ဒီလို အပွမာဒတရားက အမျိုးမျိုးသော ကုသိုလ်ကောင်းမှုကို ရခြင်းနှင့် ယခု ဘဝ စီးပွားချမ်းသာကိုရခြင်းရဲ့အကြောင်း, နောင်အခါ လူနတ်နိဗ္ဗာန် ၃–တန်သော ချမ်းသာကို ရခြင်းရဲ့အကြောင်းဖြစ်နေတဲ့အတွက် ကြီးပွားချမ်းသာရေးအစစ်(မင်္ဂလာ) ဖြစ်ပါတယ်။

သာသနာ့ကိစ္စနှင့် အပွမာဒ

အပွမာဒ–ဆိုတဲ့စကားဟာ များပြားလှတဲ့ အနက်သဘောကို ပြနိုင်ပါတယ်၊ များပြားလှတဲ့ အနက်သဘောကို သိမ်းယူတည်နေပါတယ်၊ ဒါဟာ ဆိုသင့်တဲ့

၁။ အံ–၁၊ ၁၆။ ၂။ ဒီဃ–၃–၃၊ ၂၃၉။

http://www.dhammadownload.com

စကားပဲ ဖြစ်ပါတယ်၊ ဘုရားဟောပိဋကတ် ၃-ပုံ အကုန်လုံးကို ဆောင်ယူပြောဆို ပေမယ့် အပွမာဒဆိုတဲ့ စကားတစ်ခွန်းတည်းမှာပဲ သက်ဝင်လာရပါတယ်၊ ဒါ့ကြောင့် ဘုရားဟောစကားတော်ဖြစ်တဲ့ ပိဋကတ် ၃-ပုံ အကုန်လုံးကို ဆောင်ယူပြီး အပွမာဒရဲ့ အနက်သဘောကို ဖွင့်ဖော်ပြောဆိုနေတဲ့ ဓမ္မကထိကကို မဆီမဆိုင်ပြောနေသူ, ရွာလွန်ရွက်တိုက်နေသူ-လို့ မဆိုသင့်ပါ။

သတ္တဝါအကုန်လုံးထက် ဘုရားက မြတ်သလို ကုသိုလ်တရားအကုန်လုံးဟာ အပွမာဒကြောင့် ဖြစ်ရတယ်၊ အပွမာဒမှာ ပေါင်းစုကြရတယ်၊ အပွမာဒတရားက အကုန်လုံးထက် မြတ်တယ်။ [၁]

ဒီလိုပဲ ဗုဒ္ဓမြတ်စွာက ဟောတော်မူထားပါတယ်။

ဒီအပွမာဒဟာ လောကီကာမာဝစရတရားမျှသာ ဖြစ်ပါတယ်၊ ဒါပေမယ့် ဘုံ ၄-ပါးမှာဖြစ်တဲ့ ကုသိုလ်တရားတွေကို ရစေတတ်တဲ့အတွက် ဘုံ ၄-ပါးမှာ ဖြစ်တဲ့ ကုသိုလ်တရားတွေထက် မြတ်ရပါတယ်၊ အပွမာဒကြောင့်သာ လောကီ, လောကုတ္တရာ ကုသိုလ်တရားတွေကို ရကြရပါတယ်၊ ဒါ့ကြောင့် "သဗ္ဗေ တေ အပွမာဒမူလကာ-ကုသိုလ်တရားအကုန်လုံးဟာ အပွမာဒတရားကြောင့် ဖြစ်ရတယ်" လို့ ဟောတော်မူထားပါတယ်။ [၂]

ဒီမမေ့လျော့ခြင်း အပွမာဒတရားဟာ သာသနာတော်ကိုလဲ တိုးတက်စေတတ်ပါတယ်၊ တည်တံ့စေတတ်ပါတယ်၊ စည်ပင်ပြန့်ပွားစေတတ်ပါတယ်၊ သာသနာ့ဝန်ဆောင် ရဟန်းရှင်လူအကုန်လုံးတို့က အပွမာဒသတိတရားနှင့် ပြည့်စုံနေကြရင် ဗုဒ္ဓမြတ်စွာ သာသနာတော်ဟာ အေးရန်ကင်းကွာ တိုးတက်တည်တံ့ပြန့်ပွား စည်ကားလာစရာသာ ရှိပါတော့တယ်၊ ဆုတ်ယုတ်ပျက်ပြား ကွယ်ပျောက်သွားစရာ မရှိတော့ပါ။

ကုသိုလ်တရားတွေမှာ မမေ့လျော့ခြင်း-ဆိုတဲ့ အပွမာဒသတိတရားဟာ သာသနာတော်ကို တည်တံ့စေနိုင်တယ်၊ မပျက်စီး မကွယ်ပျောက်အောင် ဆီးတားနိုင်တယ်။ [၃]

ဒီလိုလဲ ဗုဒ္ဓမြတ်စွာက ဟောဖော်ညွှန်ကြားထားပါတယ်။

ဒါ့အပြင်- ဘုရားရှင်က ရဟန်းတော်များအား "အပွမာဒေန ဘိက္ခဝေ သမ္မာ ဒေထ-ဘိက္ခုတို့ ! သင်တို့တစ်တွေဟာ အပွမာဒသတိတရားနဲ့ သိက္ခာ ၃-ပါးကို

၁။ အံ-၃၊ ၂၇၃။ ၂။ အံ-၆-၃၊ ၂၈၉။ ၃။ အံ-၁၊ ၁၇။

http://www.dhammadownload.com

ပြီးစီးစေကြရမယ်"စတဲ့ သြဝါဒစကားတော်ကို အနည်းဆုံး တစ်နေ့မှာ တစ်ကြိမ် မိန့်တော်မူခဲ့ပါတယ်။

ဒါတင်မကသေးပါ၊ ပရိနိဗ္ဗာန် စံလွန်တော်မူခါနီးမှာလဲ နောက်ဆုံးအနေနဲ့–

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပွမာဒေန အပွမာဒေန သမ္ပာဒေထ။ [၁]

ဘိက္ခုတို့ ! တိုက်တွန်းပါရစေ၊ ရုပ်နာမ်ဓမ္မသင်္ခါရတွေ–ဆိုတာဟာ ပျက်စီးခြင်းသဘော ရှိကြပါတယ်၊ (ဒါ့ကြောင့်) သင်တို့တစ်တွေဟာ သတိနဲ့ သိက္ခာ ၃–ပါးကို ပြီးစေကြရမယ်။

ဒီလို အပွမာဒသတိကိုပဲ အထွတ်တင် မိန့်ကြားတော်မူခဲ့ပါတယ်။

ဒါ့ကြောင့် ရဟန်းသာမဏေလို့ ဖြစ်လာပါက အပွမာဒသတိနှင့် မကင်းကွာ သင့်ပါ၊ သာသနာ့ဝန်ဆောင် ဒကာဒကာမတွေကလဲ အပွမာဒသတိကိုပဲ လက်ကိုင် ထားသင့်ကြပါတယ်၊ ဒါကိုပဲအကြောင်းပြုလို့ သီလခံယူမှု–စတဲ့အလုပ်ကို ပြုလုပ်ကြ တဲ့အခါမှာ သီလပေးတဲ့ ရဟန်းတော်များက "အပွမာဒေန သမ္ပာဒေထ–အပွမာဒ သတိနဲ့ မိမိတို့ရဲ့ သရဏဂုံသီလကို အပြည့်အဝစောင့်ထိန်းကြရမယ်"စသည်ဖြင့် အဆုံးမှာ သတိပေးစကား မိန့်ကြားနေကြရပါတယ်။

ဒါ့အပြင်– နိကြောဓသာမဏေငယ်က "အပွမာဒေါ အမတံ ပဒံ"စတဲ့ အပွမာဒ ဒေသနာတော်နဲ့ပဲ တိတ္ထိတို့ကို ကိုးကွယ်ဆည်းကပ်နေတဲ့ အသောကမဟာရာဇာကို ပရိသတ်နှင့်တကွ သရဏဂုံ ၅–ပါးသီလမှာ တည်စေပြီး ပုထုဇဉ်တွေရဲ့ ဥစ္စာဖြစ်တဲ့ ကြည်ညိုခြင်းနဲ့ မတုန်မလှုပ် မယိမ်းမယိုင်အောင် ကြည်ညိုစေခဲ့ပါတယ်၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို လုပ်ကိုင်နိုင်တဲ့ အဆင့်ရောက်အောင် မြေတောင် မြောက်ပေးခဲ့ပါတယ်။

ဒါ့အပြင်– အရှင်မဟိန္ဒထေရ်က သီဟိုဠ်ကျွန်းကို ကြွရောက်ပြီး သာသနာ ပြုတော်မူတဲ့အခါမှာလဲ ၇–ရက်မြောက်ရောက်တဲ့အခါ နန်းတော်တွင်းမှာ ဒေဝါနံ ပိယတိဿမင်းအား အပွမာဒသုတ်ကို ဟောတော်မူပါတယ်။

ဒါတင်မကသေးပါ၊ အရှင်အရဟံမထေရ်မြတ်က ပုဂံပြည်ကို ကြွရောက်ကာ သာသနာတော်ပြုတဲ့အခါမှာလဲ အရည်းကြီးတွေကို ကိုးကွယ်နေရတဲ့ အနော်ရထာ မင်းအား "အပွမာဒေါ အမတံ ပဒံ"အစရှိတဲ့ တရားတော်နဲ့ပဲ သာသနာ့ဒါယကာ ဖြစ်စေပြီး မြန်မာနိုင်ငံတော်အတွင်း သာသနာတော်ရောင် ထွန်းလင်းတောက်ပြောင် စေခဲ့ပါတယ်။

၁။ ဒီဃ–၂၊ ၁၀၀။

http://www.dhammadownload.com

ဒီလိုပဲ ဒီအပွမာဒတရားဟာ သာသနာတော်အရေးနှင့်ပတ်သက်လို့ အလွန်အရေးပါ အရာရောက်တဲ့တရား ဖြစ်ပါတယ်။

သေရမှာ ကြောက်စရာလား ?

မင်္ဂလာတရားတော်ကို ဒီအထိ လေ့လာထားပြီးတဲ့ ပုဂ္ဂိုလ်တွေဟာ ကမ္မဿကတာဉာဏ် အခြေခံရပြီးသူများ ဖြစ်ကြပါတယ်၊ သို့ဖြစ်၍ ကုသိုလ်တရား တိုးပွားရေးနှင့် အကုသိုလ်တရား ဆုတ်ယုတ်ရေးဟာ မလွဲမသွေပြုလုပ်ရမယ့် ကိစ္စတစ်ရပ် ဖြစ်လာပါတယ်၊ ဒီကိစ္စပြီးစီးအောင်မြင်အောင် အပွမာဒက စွမ်းဆောင်နိုင်ပါတယ်၊ အပွမာဒသတိက တာဝန်ယူနိုင်ပါတယ်၊ သို့ဖြစ်၍ အပွမာဒသတိ အမြဲရှိကြရမယ်၊ အပွမာဒသတိကို အဖော်လုပ်ကြရမယ်၊ အပွမာဒသတိနှင့် မကင်းကွာသင့်။

> အပွမာဒက မဖြစ်သေးတဲ့ ကုသိုလ်ကို ဖြစ်စေတတ်တယ်၊ ဖြစ်ပြီးတဲ့ အကုသိုလ်ကို ဆုတ်ယုတ်စေတတ်တယ်၊ မမေ့လျော့တဲ့ ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ ကုသိုလ်တွေလဲ ဖြစ်ကြရတယ်၊ ဖြစ်ပြီးတဲ့ အကုသိုလ်များလဲ ဆုတ်ယုတ်ကြရတယ်။ [၁]

> ကိုယ်ကျိုးစီးပွားကို အလိုရှိသူဟာ (အတိတ်, ပစ္စုပ္ပန်, အနာဂတ်ဖြစ်တဲ့) ကာမဂုဏ် ၅-ပါး အာရုံတရားတွေမှာ စိတ်ကိုလွှတ်မပေးခြင်း, မမေ့မလျော့ သတိထားခြင်း-ဆိုတဲ့ စိတ်ရဲ့အစောင့်အရှောက်ကို ပြုရမယ်။ [၂]

> ဘုရားကို ရှိသေလေးစား ခိုကိုးအားထားလို့နေရင် အကုသိုလ်ကိုပယ်ပြီး ကုသိုလ်ကို ပွားစေနိုင်တယ်၊ တရားကို ရှိသေလေးစား ခိုကိုးအားထားလို့နေရင် အကုသိုလ်ကိုပယ်ပြီး ကုသိုလ်ကို ပွားစေနိုင်တယ်၊ သံဃာတော်ကို ရှိသေလေးစား ခိုကိုးအားထားလို့နေရင် အကုသိုလ်ကိုပယ်ပြီး ကုသိုလ်ကို ပွားစေနိုင်တယ်၊ ကိုယ်ကျင့်သိက္ခာကို ရှိသေလေးစား ခိုကိုးအားထားလို့နေရင် အကုသိုလ်ကို ပယ်ပြီး ကုသိုလ်ကို ပွားစေနိုင်တယ်၊ စိတ်တည်ငြိမ်မှု (သမာဓိ)ကို ရှိသေလေးစား ခိုကိုးအားထားလို့နေရင် အကုသိုလ်ကိုပယ်ပြီး ကုသိုလ်ကို ပွားစေနိုင်တယ်၊ မမေ့မလျော့ခြင်း(အပွမာဒ)ကို ရှိသေလေးစား ခိုကိုးအားထားလို့နေရင် အကုသိုလ်ကိုပယ်ပြီး ကုသိုလ်ကို ပွားစေနိုင်ပါတယ်၊ အစ့ေအစပ်ပြုမှုကို ရှိသေလေးစား ခိုကိုးအားထားလို့နေရင် အကုသိုလ်ကို ပယ်ပြီး ကုသိုလ်ကို ပွားစေနိုင်ပါတယ်။ [၃]

ဒါတွေဟာ ဘုရားရှင်ရဲ့ ဟောဖော်ညွှန်ပြချက်များ ဖြစ်ပါတယ်၊ ဒီဘုရားရှင်ရဲ့ ညွှန်ပြချက်အတိုင်း ကုသိုလ်တရားကိုပွားကာ အကုသိုလ်တရား ဆုတ်ယုတ်လာတဲ့ အပွမတ္တ (မမေ့မလျော့တဲ့)ပုဂ္ဂိုလ်ဟာ နောင်ဘဝအတွက် စိုးရိမ်ပူပန်စရာ မရှိတော့ပါ၊

၁။ အံ-၁၊ ၁၀။ ၂။ သံ-၂၊ ၃၁၇။ ၃။ အံ-၂၊ ၄၉၀။

http://www.dhammadownload.com

သေမင်းကို ရဲရဲတင်းတင်း ရင်ဆိုင်နိုင်ပါတော့တယ်၊ သေရမှာကို မကြောက်တော့ပါ၊ ဒါ့ကြောင့်ပဲ ဘုရားရှင်က–

၁။ ကာယဒုစရိုက်ကိုပယ်ပြီး ကာယသုစရိုက်ကိုပွားစေခြင်း,
၂။ ဝစီဒုစရိုက်ကိုပယ်ပြီး ဝစီသုစရိုက်ကိုပွားစေခြင်း,
၃။ မနောဒုစရိုက်ဝယ်ပြီး မနောသုစရိုက်ကိုပွားစေခြင်း,
၄။ မိစ္ဆာဒိဋ္ဌိကိုပယ်ပြီး သမ္မာဒိဋ္ဌိကို တိုးပွားစေခြင်း–

ဒီ ၄–ဌာနတို့မှာ မမေ့မလျော့မှု(အပွမာဒ)ကို ပြုရမယ်။

၁။ ကာယဒုစရိုက်ကိုပယ်ပြီး ကာယသုစရိုက်ကိုပွားစေသူ,
၂။ ဝစီဒုစရိုက်ကိုပယ်ပြီး ဝစီသုစရိုက်ပွားစေသူ,
၃။ မနောဒုစရိုက်ကိုပယ်ပြီး မနောသုစရိုက်ကိုပွားစေသူ,
၄။ မိစ္ဆာဒိဋ္ဌိကိုပယ်ပြီး သမ္မာဒိဋ္ဌိကိုပွားစေသူ–

ဒီလူများကတော့ သေရမှာကို မကြောက်ရတော့ပါ–[၁] လို့ မိန့်တော်မူထားပါတယ်။

သတိမှာ လွန်တယ်လို့ မရှိ

သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ–ဆိုတဲ့ ဣန္ဒြေတရား ဗိုလ်တရားတွေမှာ သဒ္ဓါနှင့်ပညာ ဝီရိယနှင့်သမာဓိ တရားတွေဟာ ချိန်ခွင်လျှာညီနေမှသာ သင့်တော်ပါတယ်၊ ချိန်ခွင်လျှာမညီဘဲ တစ်ခုကလျော့နေ တစ်ခုကလွန်နေရင် အကျိုးမပြုဘဲ အပြစ်ပင် ဖြစ်တတ်ပါသေးတယ်။

သဒ္ဓါလျော့နည်းနေလို့ ပညာလွန်နေရင် ဝေဖန်မှုတွေ ဝင်လာတတ်ပါတယ်၊ ပညာလျော့နည်းနေလို့ သဒ္ဓါလွန်နေရင် တဏှာဝင်လာတတ်ပါတယ်၊ ဝီရိယလျော့နည်းနေလို့ သမာဓိလွန်နေရင် ထိနမိဒ္ဓဝင်လာတတ်ပါတယ်၊ သမာဓိလျော့နည်းနေလို့ ဝီရိယလွန်နေရင် ဥဒ္ဓစ္စဝင်လာတတ်ပါတယ်။

ကုသိုလ်တရားတွေမှာ အမှတ်ရနေတဲ့ သတိတရားကတော့ မည်သည့်နေရာမျိုးမှာမှ လွန်နေတယ်လို့ မရှိပါ၊ ဟင်းအကုန်လုံးမှာ ဆားခပ်ရန် လိုသလို နေရာတိုင်း, ကိစ္စတိုင်းမှာ လိုနေသည်ချည်းသာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် "သတိ စ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ [၂]–သတိကို **အရာခပ်သိမ်းမှာ** လိုလားသင့်တယ်" လို့ ဟောတော်မူထားပါတယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

ကုသိုလ်ကမ္မ, ဓမ္မသိမ်မွေ့, မြတ်ဓလေ့၌, မမေ့မလျော့, မပေါ့တုံလျင်း, ယင်းလည်းတခြား။

၁။ အံ–၁၊ ၄၃၄။ ၂။ သံ–၃၊ ၁၀၀။

http://www.dhammadownload.com

ဒီလို မုံရွေးဆရာတော်က ဓမ္မအပွမာဒမင်္ဂလာရဲ့သဘောကို မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် သိမ်မွေ့တဲ့ ကုသိုလ်ကောင်းမှုတရားကို ပြုကျင့်ခြင်း–ဆိုတဲ့ မွန်မြတ်တဲ့ အလေ့အကျင့်မှာ မမေ့မလျော့ မပေါ့ဆခြင်းဟာ ဓမ္မအပွမာဒမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

ကံပင်ရှိသော်လည်း ဝီရိယကူရမည်၊ ဉာဏ်ပင်ရှိသော်လည်း သတိမူရမည်။ [၁]

ပညာရှိလည်း သတိမလျော့စေနှင့်၊ သတိလျော့လျက်, အကြံပျက်သော်, ကိုယ်သက်ခဏ, ယုတ်တတ်စွ။ [၂]

သတိကိုလက်ယာ, ပညာကိုလက်ဝဲ, တကဲလက်သုံး, နှလုံးလုံလောက်, ဝီရိယလှောက်၍, မြွှောထောက်တော်မူပါ။ [၃]

အလုံးစုံသော သားမျိုးအပေါင်းတို့၏ ခြေရာသည် ဆင်၏ခြေရာ၌သာ ဝင်သကဲ့သို့ ကိစ္စအပေါင်း, ကျင့်ဝတ်အပေါင်းတို့သည် မမေ့မလျော့(အပွမာဒ) မည်သော သတိတရား၌ ဝင်သည်ကို ထောက်၍လည်းကောင်း, သတိမည်သော တရားသည် လွန်သည်–ဟု မရှိနိုင်သောကြောင့်လည်းကောင်း သတိကို မလွတ်စေချင်၍ သတိကိုလက်ယာ–ဟု ဆိုပေသည်။ [၄]

ငါးပိကိုမရှောင်လျှင် သွားနာတတ်သည်၊ သတိကိုမဆောင်လျှင် မှားရှာတတ်သည်၊ ငါးပိကိုလည်းရှောင်ရမည်၊ သတိကိုလည်းဆောင်ရမည်၊ ငါးပိစားက သွားကျိုးလွယ်သည်၊ သတိထားမှ ပွားတိုးကြွယ်သည်။ [၅]

ဒါနသီလ, ကုသလ၌, လုံ့လလွတ်လျှော့, လေဘင်ပေါ့၍, မေ့လျော့သောအား, တည်နေငြားက, ပျော်ပါးသောက်ယစ်, ဇောခုနစ်နှင့်, စင်စစ်ထိုလူ, သူသေဟူ၏၊ အလှူသီတင်း, မကင်းဘဝနာ, မချာရက်နေ့, မမေ့လျော့တတ်, ထိုသူမြတ်ကား, လူနတ်ခန္ဓာ, ပြောင်းလဲကာလျှင်, ချမ်းသာသုခ, မပျက်ကြကြောင့်, ဘဝသဘော, ရွှေ့လျောခြင်းဟူ, စုတိမူလည်း, သေသူမမည်, ဟူတုံသည်တည့်။ [၆]

ပုဇွေကမ္မ, ရှေးကအကြောင်း, ကုသိုလ်ဟောင်းကြောင့်, ဆင့်လောင်းမပြယ်, လူဖြစ်တွယ်လည်း, ပို့ရွယ်စဉ်ကြိုက်, အပျော်လိုက်လျက်, မှတ်ပိုက်မရှိ, မေ့လျော့ဘိ၍, သတိမသွင်း, တရားယွင်းသော်, အိုမင်းခါမှ, နောင်တရ၏။ [၇]

ဒီလိုလဲ မိန့်ဆိုထားပါသေးတယ်။

၁။ ကျည်းကန်ရှင်ကြီး။ ၂။ ကျီးသဲလေးထပ်ဆရာတော်။ ၃။ မုံရွေးဆရာတော်။
၄။ ကျည်းကန်ရှင်ကြီး။ ၅။ မဃဒေဝ–၂၉၁။ ၆။ သုတသောမ–၁၉၀။

http://www.dhammadownload.com



အခန်း-၇

ဂါရဝေါစ	= ရိုသေထိုက်သူကို ရိုသေခြင်း,
နိဝါတောစ	= မိမိကိုယ်ကို နှိမ့်ချခြင်း,
သန္တုဋ္ဌိစ	= ရောင့်ရဲတင်းတိမ်ခြင်း,
ကတညုတာ	= ကျေးဇူးသိခြင်,
ကာလေန ဓမ္မသဝဏံ	= သင့်တော်သောအခါ တရားနာခြင်း-
တေ မင်္ဂလ-မုတ္တမံ	= ဒီ ၅-ပါးဟာ ကောင်းမြတ်တဲ့မင်္ဂလာ (ကြီးပွားချမ်းသာရေး) ဖြစ်ပါတယ်။

၂၂။ ဂါရဝေါစ

[ဂရုနံ ဘာဝေါ-ဂါရဝေါ။ ဂရုနံ-အလေးပြုအပ်သူတို့၏၊ ဘာဝေါ-ဖြစ်ကြောင်းတည်း၊ ဂါရဝေါ-အလေးပြုအပ်သူတို့၏ဖြစ်ကြောင်း။] အလေးပြုအပ်သူတို့၏ဖြစ်ကြောင်း-ဆိုတာက အလေးပြုထိုက်သူတွေကို အလေးပြုခြင်းပဲ ဖြစ်ပါတယ်။

အလေးပြုထိုက်သူများမှာ ဘုရား, တရား, သံဃာ, ဆရာ, အမိ, အဘ, အစ်ကိုကြီး, အစ်မကြီး-စတဲ့ ဂုဏ်ကြီးသူ, အသက်ကြီးသူများပဲ ဖြစ်ကြပါတယ်၊ ဒီပုဂ္ဂိုလ်များအား အလေးပြုတာကိုပဲ ဂါရဝ-လို့ ခေါ်ပါတယ်။

အဂါရဝ၏အပြစ်နှင့် ဂါရဝ၏အကျိုး

လောကသူ လောကသား‌တွေမှာ ကိုယ့်ထက်ဂုဏ်ကြီးသူ, အသက်ကြီးသူတွေ-ဆိုတာ ရှိနေကြပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ အထိုက်အလျောက် ရှိခိုးထိုက်သူတွေလဲ ဖြစ်ကြပါတယ်၊ ခရီးဦးကြိုဆိုထိုက်သူတွေလဲ ဖြစ်ကြပါတယ်၊ နေရာပေးထိုက်သူတွေလဲ ဖြစ်ကြပါတယ်၊ လမ်းဖယ်ပေးထိုက်သူတွေလဲ ဖြစ်ကြပါတယ်၊ ကောင်းစွာ

http://www.dhammadownload.com

ပြုစုထိုက်သူတွေလဲ ဖြစ်ကြပါတယ်၊ အလေးပြုထိုက်သူတွေလဲ ဖြစ်ကြပါတယ်၊ မြတ်နိုးထိုက်သူတွေလဲ ဖြစ်ကြပါတယ်၊ ပူဇော်ထိုက်သူတွေလဲ ဖြစ်ကြပါတယ်။

အဲဒီ ရှိခိုးထိုက်သူ----အလေးပြုထိုက်သူ, မြတ်နိုးထိုက်သူတို့ကို မာန်မာန တစ်ခွဲသားနဲ့ ရှိမခိုးသူ----အလေးမပြုသူ, မြတ်နိုးမှု မပြုသူတွေဟာ ဒီဘဝမှာပဲ သူတော်ကောင်းတွေရဲ့ ကဲ့ရဲ့မှုကို ခံရတတ်ပါတယ်၊ လူကြီးလူကောင်းတွေရဲ့ ချစ်ခင် မြတ်နိုးမှု, လေးစားမှု, ကူညီစောင့်ရှောက်မှု–စသည်တို့ကိုလဲ မရနိုင်ပါ၊ ဒီဘဝက စုတ်ရင် ကိုယ့်ကံအလျောက် ငရဲကို ရောက်ရတတ်ပါတယ်၊ ငရဲကို မရောက်ဘဲ လူ့ဘဝကို ရောက်လာခဲ့ပါရင် ယုတ်ညံ့သိမ်ငယ်တဲ့ အမျိုးမှာချည်းသာ ဖြစ်ရတတ်ပါတယ်။

အဲဒီ ရှိခိုးထိုက်သူ----အလေးပြုထိုက်သူ, မြတ်နိုးထိုက်သူတို့ကို မာန်မာန မထားဘဲ ရှိခိုးသူ----အလေးပြုသူ, မြတ်နိုးသူတွေကတော့ ဒီဘဝမှာ သူတော်ကောင်းတွေရဲ့ ချီးမွမ်းမှုကိုလဲ ခံရတတ်ပါတယ်၊ လူကြီးလူကောင်းတွေရဲ့ ချစ်ခင်မြတ်နိုးမှု, လေးစားမှု, ကူညီစောင့်ရှောက်မှု-စသည်တို့ကိုလဲ ခံရတတ်ပါတယ်၊ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာခြင်း, ခွန်အားရှိခြင်းဆိုတဲ့ အကျိုး ၄–ပါး တိုးပွားနိုင်ပါတယ်၊ ဒီဘဝက စုတ်ပြန်ရင် ကိုယ်လုပ်တဲ့ကံကြောင့် နတ်ပြည်မှာ ဖြစ်ရတတ်ပါတယ်၊ နတ်ပြည်မှာ မဖြစ်ဘဲ လူ့ဘဝကို ရောက်လာခဲ့ပါရင် မြင့်မြတ်အထက်တန်းကျတဲ့ အမျိုးမှာချည်းသာ ဖြစ်ရတတ်ပါတယ်။

အလေးပြုရမှာ ရှက်စရာ မဟုတ်ပါ

မာန်မာနနဲ့ယစ်မူးနေသူတွေဟာ အပါယ် ၄–ပါးကို ရောက်ကြရပါတယ်။ [၁]

ဒီလို ဗုဒ္ဓမြတ်စွာက ဟောတော်မူထားပါသေးတယ်၊ ဒါ့ကြောင့် မာန်ထောင်လွှားသူများရဲ့ နောင်ဘဝသံသရာအရေးမှာ ဝန်လေးလှပါတယ်၊ ဒါကို အလေးအနက်ထားပြီး မာန်စွယ်ကို ပယ်နုတ်ကာ အလေးပြုထိုက်သူကို အလေးပြုမှသာ မိမိတို့ နောင်ရေးအတွက် စိတ်အေးစရာ ဖြစ်လာပါလိမ့်မယ်။

အချို့က လူ့ရှေ့သူ့ရှေ့မှာ လေးစားရိုသေမှု ပြုရမှာကို ရှက်တတ်ကြပါတယ်၊ ဒါဟာ ရှက်စရာအလုပ် မဟုတ်ပါ၊ မရှက်သင့်တာကို ရှက်ခြင်းမျှသာ ဖြစ်ပါတယ်၊ အမှန်မှာ အလေးပြုထိုက်သူကို အလေးမပြုဘဲ နေခြင်းကသာ ပညာရှိသူတော်ကောင်းတွေရဲ့ ကဲ့ရဲ့စရာ ဖြစ်နေတဲ့အတွက် ရှက်စရာ ဖြစ်ပါတယ်။

၁။ ဣတိ၊ ၁၉၇။

http://www.dhammadownload.com

ယဉ်ကျေးမှုကောင်း တစ်ခု

ဒီလိုလေးစားထိုက်သူကို လေးစားတဲ့အခါ အလေးပြုသူရဲ့သန္တာန်မှာ အလေးပြုခံရသူကို ချစ်ခင်မှု မေတ္တာတရားတွေ ဖြစ်နေပါတယ်၊ အလေးပြုခံနေရသူမှာလဲ အလေးပြုသူကို ပြန်လည်ချစ်ခင်မှု မေတ္တာတရားတွေ ဖြစ်နေတတ်ပါတယ်၊ ဒါကတော့ မေတ္တာတရားကို ဝမ်းထဲမှာ မျိုသိပ်မထားနိုင်တော့ဘဲ "ကျန်းမာပါစေ, ချမ်းသာပါစေ, ဘေးကင်းပါစေ, ရန်ကင်းပါစေ" စတဲ့ နှုတ်ကအံထွက်လာတဲ့ စကားနဲ့ပဲ သိသာထင်ရှားပါတယ်၊ ဒီလို အလေးပြုသူနှင့် အလေးပြုခံရသူတို့က တစ်ဦးကို တစ်ဦးက မေတ္တာအစေးဓာတ်နဲ့ စေးကပ်စပ်ဟပ်ထားပြီး ဖြစ်ကြပါတယ်။

ဒါနဲ့ပဲ တစ်ဦးမှာ ဆင်းရဲဒုက္ခတွေ့ကြုံလာရင် တစ်ဦးက သနားကြင်နာဖြစ်လာတတ်ပါတယ်၊ ဒါက ကရုဏာသဘော ဖြစ်ပါတယ်၊ တစ်ဦးမှာ ချမ်းသာသုခရရှိပြန်ရင် တစ်ဦးက ဝမ်းမြောက်ဝမ်းသာ ဖြစ်လာတတ်ပါတယ်၊ ဒါကတော့ မုဒိတာသဘော ဖြစ်ပါတယ်၊ တစ်ဦးရဲ့အမှားအယွင်းကို တစ်ဦးက သည်းခံလာတတ်ပါတယ်၊ ဒါက ဥပေက္ခာသဘောပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် အလေးပြုထိုက်သူကို အလေးပြုခြင်းဟာ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ–ဆိုတဲ့ ဗြဟ္မဝိဟာရတရားတွေ တိုးပွားစည်ပင်ကြောင်း, ကျသာ မစ္ဆရိယမာန်မာန–စတဲ့ တရားဆိုးတွေ ဆုတ်ယုတ်ကင်းပျောက်ကြောင်း အလွန်ကောင်းတဲ့ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါတယ်၊ တိုင်းသူပြည်သား အကုန်လုံးကသာ ဒီယဉ်ကျေးမှုကို ကျင့်သုံးနေထိုင်ကြပါရင် အေးချမ်းသာယာ အလွန်နေချင်စရာကောင်းတဲ့ တိုင်းပြည်မျိုး ဖြစ်လာစရာ ရှိပါတယ်။

ဒီလို ဒီဘဝရဲ့အကျိုးစီးပွား, နောင်ဘဝရဲ့အကျိုးစီးပွားကို ရခြင်းရဲ့အကြောင်း ဖြစ်နေတဲ့အတွက် ဒီအလေးပြုထိုက်သူတွေကို အလေးပြုခြင်းဟာ မင်္ဂလာ–ကြီးပွားချမ်းသာရေး ဖြစ်ပါတယ်။

၁၀–ပါး ဂါရဝ အကျဉ်းမျှ

ဒါ့အပြင် အင်္ဂုတ္တရနိကာယ်မှာ [၁] ဟောတော်မူထားတဲ့ ဂါရဝတွေကို သဘောတူရာ ပေါင်းစုပါက– ဗုဒ္ဓဂါရဝ, ဓမ္မဂါရဝ, သံဃဂါရဝ, သိက္ခာဂါရဝ, သမာဓိဂါရဝ, အပ္ပမာဒဂါရဝ, ပဋိသန္ထာရဂါရဝ, ဟီရိဂါရဝ, ဩတ္တပ္ပဂါရဝ, အညမညဂါရဝ–လို့ ၁၀–ပါး ဖြစ်လာပါတယ်၊ အဲဒီ ၁၀–ပါးရဲ့သဘောကို အကျဉ်းမျှ ပြောပြပါဦးမယ်။

၁။ ဗုဒ္ဓဂါရဝ= ယခုလို ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့အချိန်မှာ စေတီတော်ကို ရှိခိုးရအောင်သွားမှု, စေတီတော်နှင့်ဗောဓိပင်ကို ရှိခိုးမှု, စေတီယင်ပြင်

၁။ အံ–၂၊ ၁၃၊ ၂၉၁၊ ၄၁၈၊ ၄၁၉။

http://www.dhammadownload.com

တော်မှာ ဖိနပ်မစီး ထီးမဆောင်းမှု-စသည်တို့ဟာ ဘုရားကို ရိုသေမှု=ဗုဒ္ဓဂါရဝ မည်ပါတယ်။

၂။ ဓမ္မဂါရဝ=စွမ်းနိုင်လို့ရှိရင် တရားနာဖိတ်တဲ့အခါ တရားနာသွားမှု, လေးလေး စားစား စိတ်ပါဝင်စားစွာ တရားနာမှု, မင်္ဂလသုတ်-စတဲ့ မိမိတို့နှင့်သက်ဆိုင်ရာ ဘာသာရေးစာပေကို လေ့လာသင်ကြားမှု-စသည်တို့က တရားကို ရိုသေလေးစားမှု=ဓမ္မဂါရဝ မည်ပါတယ်။

၃။ သံဃဂါရဝ= သံဃာတော်မြတ်တို့ထံ ဆည်းကပ်ရအောင် သွားမှု, သံဃာ့ထံမှောက်သွားတဲ့အခါ ရိုသေစွာ ရှိခိုးထိုင်နေမှု, သံဃာတော်တို့အား ခွင့်ပန်ပြီးမှ လျှောက်ထားမှု-စတဲ့ဟာတွေက သံဃာတော်များကိုရိုသေမှု=သံဃဂါရဝ မည်ပါတယ်။

၄။ သိက္ခာဂါရဝ=ရဟန်းပဲဖြစ်ဖြစ်, လူပဲဖြစ်ဖြစ် မိမိတို့ကျင့်ရမယ့် ကျင့်ဝတ်သိက္ခာကို ကောင်းစွာစောင့်ရှောက်မှုဟာ သိက္ခာဂါရဝ မည်ပါတယ်။

၅။ သမာဓိဂါရဝ=ဆိုတီးကခုန်မှု, ပစ္စည်းအသုံးအဆောင် အဝတ်အစား-စသည်တို့မှာ လျှပ်ပေါ်မှု-စသည်တို့ကို မပြုဘဲ ကျန်ခဲ့ရတဲ့ အမှုကိစ္စတို့ကိုသာ ပြုလုပ်ခြင်း-စသည်တို့က သမာဓိမှာ ရိုသေလေးစားခြင်း မည်ပါတယ်။

၆။ အပ္ပမာဒဂါရဝ=ကုသိုလ်ကောင်းမှုပြုလုပ်မှု-စတဲ့ ကိစ္စမှာ မေ့လျော့မှု မရှိဘဲ ရိုသေလေးစားခြင်းဟာ အပ္ပမာဒမှာ ရိုသေခြင်း မည်ပါတယ်။

၇။ ပဋိသန္ထာရဂါရဝ=တရားသဘောအနေနဲ့ပဲဖြစ်ဖြစ်, အသုံးအဆောင်ပစ္စည်းဝတ္ထုအနေနဲ့ပဲဖြစ်ဖြစ် အပေါက်အကြားမထင်အောင် အစေ့အစပ်ပြုမှုဟာ ပဋိသန္ထာရဂါရဝ မည်ပါတယ်။

၈။ ဟိရီဂါရဝ=မကောင်းမှုကို ပြုလုပ်ရမည်မှ ရှက်ခြင်းမှာ ရိုသေလေးစားခြင်းဟာ ဟိရီဂါရဝ မည်ပါတယ်။

၉။ ဩတ္တပ္ပဂါရဝ=မကောင်းမှုကို ပြုလုပ်ရမည်မှ ကြောက်လန့်ခြင်းမှာ ရိုသေလေးစားခြင်းဟာ ဩတ္တပ္ပဂါရဝ မည်ပါတယ်။

၁၀။ အညမညဂါရဝ= ဆရာနှင့်တပည့်, မိဘနှင့်သားသမီး, ဇနီးမယားနှင့်လင်, အလုပ်ရှင်နှင့်အလုပ်သမား, မိတ်ဆွေသူငယ်ချင်းများ-စသည်တို့က အချင်းချင်း (တစ်ဦးကိုတစ်ဦး) အရိုအသေ အလေးအမြတ်ပြုကြခြင်းဟာ အညမညဂါရဝ မည်ပါတယ်။

http://www.dhammadownload.com

ဒီဘဝအကျိုးစီးပွား, နောင်ဘဝအကျိုးစီးပွားတွေကို ရစေတတ်တဲ့အတွက် ဒီဂါရဝ များလည်း ကြီးပွားချမ်းသာရေးအစစ် မဂ်လာဖြစ်ပါတယ်။

ဝိဇ္ဇာဓရဇာတ် ၁

ရဟန်းသူမြတ်, ကင်းကွာလတ်, ယွင်းချွတ်ပြုမူလာ၊
ရဟန်းသူမြတ်, ခိုဆည်းကပ်, သွားတတ် နတ်တို့ရွာ။

ဗာရာဏသီမြို့မှာ ဗြဟ္မဒတ်မင်း မင်းပြုနေပါတယ်၊ အဲဒီအချိန်မှာ ဝိဇ္ဇာဓိရ် တစ်ယောက်က မန္တန်တန်ခိုးနဲ့ ညဉ့်သန်းခေါင်အချိန်မှာ လာပြီး မိဖုရားကြီးနှင့် မွေ့လျော်ပျော်ပါးနေပါတယ်၊ မိဖုရားကြီးက ဒီအကြောင်းကို ကိုယ်တိုင်ပဲ ဗြဟ္မဒတ် မင်းအား ပြောကြားပါတယ်။

နောက်တစ်နေ့မှာ ဗြဟ္မဒတ်မင်းက ပြောကြားထားတဲ့အတိုင်း မွေ့လျော်ပျော် ပါးပြီး ပြန်တော့မယ်–လို့ လုပ်နေတဲ့ ဝိဇ္ဇာဓိရ်ရဲ့ကျောမှာ မိဖုရားက ဟသ်ပဒါးနဲ့ လက် ၅–ချောင်းရာ သုတ်လိမ်းလွှတ်လိုက်ပါတယ်၊ ဒီအကြောင်းကို နံနက်စောစော သွားပြီး ရှင်ဘုရင်အား ပြောကြားပါတယ်။

"ကျောမှာ ဟသ်ပဒါး လက် ၅–ချောင်းရာရှိနေတဲ့ ယောကျ်ားကို ရှာဖွေ ဖမ်းလာကြရမယ်"ဆိုတဲ့ ရှင်ဘုရင်ရဲ့အမိန့်အရ မင်းချင်းယောကျ်ားတွေက လိုက်လံ ရှာဖွေကြတဲ့အခါ သုသာန်မှာ ခြေတစ်ဖက်နဲ့ ရပ်ပြီး နေကိုရှိခိုးနေတဲ့ ဝိဇ္ဇာဓိရ်ကို တွေ့ကြရပါတယ်၊ လူတွေက ဖမ်းမယ်–လို့ ဝိုင်းရံလာကြတဲ့အခါ ဝိဇ္ဇာဓိရ်က မန္တန်တန်ခိုးနဲ့ မိုးပေါ်ကို ပျံတက်ထွက်ပြေးသွားပါတယ်။

"ကျောမှာ ဟသ်ပဒါး လက် ၅–ချောင်းရာရှိနေတဲ့ လူဟာ ရဟန်းတစ်ပါး ဖြစ်နေပါတယ်၊ အဖမ်းမခံဘဲ မိုးပေါ်ကို ပျံတက်ထွက်ပြေးသွားပါတယ်"လို့ မင်းချင်း ယောကျ်ားတွေရဲ့ လျှောက်ထားတဲ့စကားကို ကြားရတဲ့အခါ ရှင်ဘုရင်က နိုင်ငံတော် အတွင်းမှာ ရှိနေသမျှ ရဟန်းအကုန်လုံးကို အမိန့်အာဏာနဲ့ နှင်ထုတ်ပစ်လိုက် ပါတယ်။

နိုင်ငံတော်အတွင်းမှာ သြဝါဒပေးနိုင်တဲ့ ရဟန်းသူတော်ကောင်း တစ်ပါးမှ မကျန်တော့ပါ၊ ဆုံးမသြဝါဒကို မရရှိတဲ့အတွက် လူတွေက ကြမ်းတမ်းလာကြ ပါတယ်၊ ပေးကမ်းလှူဒါန်းမှု, သီလစောင့်ထိန်းမှုတို့ကို စွန့်ပယ်လာကြပါတယ်၊ ဒါနဲ့ သေသွားသမျှ လူတွေက အများအားဖြင့် အပါယ်ဘုံမှာ ဖြစ်ကြရပါတယ်၊ နတ်ပြည်မှာဖြစ်သူတွေ မရှိတော့ပါ။

၁။ ဇာတ်–၄–၃၊ ၂၈၅။

http://www.dhammadownload.com

ဒီအကြောင်းကို သိကြားမင်းက သိရတော့ နန္ဒမူလိုဏ်မှာ သီတင်းသုံးနေကြတဲ့ ပစ္စေကဗုဒ္ဓါတွေထံ သွားပြီး သံဃာ့ထေရ်ဖြစ်တဲ့ ပစ္စေကဗုဒ္ဓါတစ်ဆူကို ပင့်လာပါတယ်၊ ပစ္စေကဗုဒ္ဓါကို ရှေ့ကတင်ပြီး မိမိကိုယ်တိုင် ပစ္စေကဗုဒ္ဓါရဲ့ သပိတ် သင်္ကန်းကို ယူလျက် လှပတဲ့ လုလင်အသွင်နဲ့ လက်အုပ်ချီမိုး ရှိခိုးကာ နောက်က လိုက်လာခဲ့ပါတယ်၊ မြို့ကို ၃-ပတ် လှည့်ပတ်ပြီးမှ နန်းတော်တံခါးနားကို လာပြီး ကောင်းကင်မှာ ရပ်နေခဲ့ပါတယ်။

ဒီအကြောင်းကို အမတ်တွေထံက ကြားသိရတယ်-ဆိုရင်ပဲ ရှင်ဘုရင်က နေရာမှ ထလာပြီး တံခါးနားမှာရပ်ကာ လုလင်ငယ်ကို မေးပါတယ်။

"လုလင် ! သင်က လှပတဲ့အဆင်းရှိသူ ဖြစ်ပါတယ်၊ ဒီလိုဖြစ်ပါရက်ကယ်နဲ့ အဆင်းမလှတဲ့ ရဟန်းကို ရှေ့ကထားကာ လက်အုပ်ချီမိုး ရှိခိုးနေပါဘိတယ်၊ ဒီရဟန်းက သင့်ထက်မြတ်ပါသလား ?၊ ဒါမှမဟုတ်ရင် သင်နှင့် အတူတူပဲလား ?၊ ရဟန်းရဲ့ အမည်ကိုရော, ကိုယ့်အမည်ကိုရော ပြောပြစမ်းပါ ?"။

"ရဟန်း-ဆိုတာဟာ အလေးဂရုပြုထိုက်သူ ဖြစ်ပါတယ်၊ အလေးပြုထိုက်သူရဲ့ အမည်အနွယ်ကို ထုတ်ဖော်မပြောဆိုသင့်ပါ၊ ကျုပ်အမည်ကိုသာ သင့်အားပြောပြပါ့မယ်၊ ကျုပ်ဟာ တာဝတိ်သာနတ်ပြည်ကို အုပ်စိုးနေတဲ့ သိကြားမင်းဖြစ်တယ်"။

"သိကြားမင်း ! အကျင့်သီလနှင့်ပြည့်စုံတဲ့ ရဟန်းကို လက်အုပ်ချီမိုးရှိခိုးသူဟာ ဒီဘဝကစုတ်သွားရင် ဘယ်လိုချမ်းသာမျိုးကို ရရှိနိုင်ပါသလဲ ?"။

"အကျင့်သီလနှင့်ပြည့်စုံတဲ့ရဟန်းကို လက်အုပ်ချီမိုး ရှိခိုးသူဟာ ဒီဘဝမှာလဲ ချီးမွမ်းခံရပါတယ်၊ ဒီဘဝကစုတ်သွားရင် နတ်တို့ရဲ့စည်းစိမ်ချမ်းသာကို ခံစားရပါတယ်"။

"သိကြားမင်း ! ဒီနေ့ ကျုပ်အတွက်တော့ ကျက်သရေမင်္ဂလာချည်းပါပဲ၊ သိကြားမင်းကိုလဲ တွေ့မြင်ရပါတယ်၊ ရဟန်းကိုလဲ တွေ့မြင်ရပါတယ်၊ ဒါ့ကြောင့် ကျုပ်ဟာ ကုသိုလ်ကောင်းမှု အများအပြားကို ပြုလုပ်ပါတော့မယ်"။

"မင်းမြတ် ! လူတစ်ယောက်က သဒ္ဓါတရားလဲ ရှိမယ်၊ ပညာလဲ ရှိမယ်၊ များတဲ့အကြားအမြင်လဲ ရှိမယ်၊ များပြားတဲ့အကြောင်းအရာကိုလဲ ကြံစည်သိမြင်နိုင်မယ်-ဆိုရင် အဲဒီလူမျိုးကို မှီဝဲဆည်းကပ်သင့်ပါတယ်၊ ရဟန်းကိုရော, ငါ့ကိုရော တွေ့မြင်ရတဲ့အတွက် ကုသိုလ်ကောင်းမှုအများအပြားကို ပြုပါတော့"။

http://www.dhammadownload.com

"အရှင်သိကြားမင်း ! ကောင်းတဲ့စကားကို ကြားရတဲ့အတွက် ကျုပ်ဟာ အမျက်မထွက်တော့ပါ၊ အမြဲကြည်ညိုစိတ်ရှိသူ ဖြစ်ပါတော့မယ်၊ ဧည့်သည် အာဂန္တု အကုန်လုံးတို့ရဲ့ တောင်းခံထိုက်သူ ဖြစ်ပါတော့မယ်၊ မာန်မာနကို နှိမ်ချိုးပြီး ရှိခိုးထိုက်သူကို ရှိခိုးပါတော့မယ်၊ အလေးပြုထိုက်သူကို အလေးပြုပါတော့မယ်"။

ဒီလို ပြောဆိုပြီး နန်းတော်ပေါ်က ဆင်းလာခဲ့ပါတယ်၊ ပစ္စေကဗုဒ္ဓါအား လက်အုပ်ချီးမိုး ရှိခိုးကာ သင့်တော်ရာက ရပ်နေပါတယ်၊ ပစ္စေကဗုဒ္ဓါက ကောင်းကင်မှာပဲ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီး--

"မဟာရာဇာ ! နန်းတော်တွင်းမှာ ပြစ်မှားသူဟာ ဝိစ္ဆာခိုရ်သာ ဖြစ်ပါတယ်၊ ရဟန်း မဟုတ်ပါဘူး၊ သင်က ဒီနေ့မှစပြီး လောကကြီးဟာ အချီးနှိး မဟုတ်ဘူး၊ တရားစောင့်တဲ့ ရဟန်းသူတော်ကောင်းတွေ ရှိနေတယ်--လို့ သိနားလည်ပြီး အလှူပေးပါ၊ သီလဆောက်တည်ပါ၊ ဥပုသ်စောင့်သုံးမှုကို ပြုပါ"။

ဒီလို မင်းကို ဆုံးမပါတယ်၊ သိကြားမင်းကလဲ ကောင်းကင်မှာ ရပ်ရင်းပဲ "ဒီနေ့က စပြီး မမေ့မလျော့ကြစေနှင့်"လို့ မြို့သူမြို့သားတွေကို ဆုံးမပြီး "မြို့ကထွက်သွားတဲ့ ရဟန်းသူတော်ကောင်းတွေကို ပြန်လည်ကြွလာတော်မူကြပါ"လို့ မင်းအား ကြေငြာခိုင်းထားခဲ့ပါတယ်။

အဲဒီနောက် သိကြားမင်းနှင့် ပစ္စေကဗုဒ္ဓါတို့က ကိုယ့်နေရာကို ပြန်သွားကြပါတယ်၊ မင်းက ပစ္စေကဗုဒ္ဓါရဲ့ သြဝါဒမှာတည်ပြီး ဒါန--စတဲ့ ကုသိုလ်ကောင်းမှုကို ပြုလုပ်နေပါတယ်။

"ဒီဝတ္ထုမှာ ဘာတွေကို တွေ့ရတယ်ဆိုတာကို မနီနီစိုးက ပြောပြပါဦး"။

"ဒီဝတ္ထုရဲ့ရှေ့ပိုင်းမှာ ဗြဟ္မဒတ်မင်းက အထင်အမြင်လွဲမှားလို့ အလေးပြုရမယ့် ရဟန်းသူတော်ကောင်းတွေကို တိုင်းပြည်က နှင်ထုတ်လိုက်တဲ့အတွက် ဆုံးမသြဝါဒနှင့် ကင်းကွာသွားတဲ့ တိုင်းသူပြည်သားတွေက သေသေသမျှ အပါယ်ကို ရောက်ကြရပါတယ်။

နောက်ပိုင်းမှာတော့ သိကြားမင်းနှင့် ပစ္စေကဗုဒ္ဓါတို့ရဲ့ အဆုံးအမကို ရလို့ ကုသိုလ်ကောင်းမှုတွေကိုလဲ ပြုလုပ်လာကြပါတယ်၊ ရဟန်းသူတော်ကောင်းတွေကိုလဲ ပြန်ပင့်ကြပါတယ်။

ဒီတော့ ရှေ့ပိုင်းမှာ အလေးပြုထိုက်တဲ့ ရဟန်းသူတော်ကောင်းတွေကို အလေးမပြုကြရတဲ့အတွက် အပါယ် ၄-ပါးကို ရောက်ကြရခြင်း--ဆိုတဲ့

http://www.dhammadownload.com

အပြစ်နှင့် နောက်ပိုင်းမှာ အလေးပြုထိုက်သူတွေကို အလေးပြုကြရတဲ့အတွက် လူပြည်, နတ်ပြည်ရောက်ရခြင်း-ဆိုတဲ့ အကျိုးကို တွေ့ရပါတယ်"။

ပညာကြီးလေ လေးစားလေ

လောကလူသားတွေဟာ မိမိတို့ရဲ့ အသိဉာဏ်အားလျော်စွာ မိဘ, ဆရာသမား-စတဲ့ လေးစားထိုက်သူတို့အား လေးစားကြပါတယ်၊ ရိုသေထိုက်သူတို့အား ရိုသေကြပါတယ်၊ ပညာမရှိသူတွေက တိရစ္ဆာန်အလား ရိုသေလေးစားရမှန်းပင် မသိကြပါ၊ ပညာနည်းနည်းရှိသူက နည်းနည်းရိုသေလေးစားတတ်ပါတယ်၊ ပညာအသင့်အတင့်ရှိသူက အသင့်အတင့် ရိုသေလေးစားတတ်ပါတယ်၊ ပညာများများရှိသူက များများရိုသေလေးစားတတ်ပါတယ်၊ ဒီနေရာမှာ ဘုရားပြီးရင် ပညာအရှိဆုံးဖြစ်တဲ့ ရှင်သာရိပုတ္တရာရဲ့ ဆရာအား ရိုသေလေးစားပုံကို စံထားသင့်ပါတယ်။

ရှင်သာရိပုတ္တရာက ဆရာအား ရိုသေလေးစားပုံ[၁]

ရှင်သာရိပုတ္တရာမထေရ်ဟာ ရှင်အဿဇိထေရ်ထံမှ တရားထူးကို ကြားနာရတဲ့အတွက် သောတာပတ္တိဖိုလ်ကို ရလာခဲ့ပါတယ်၊ အဲဒီအချိန်က အစပြုကာ အရှင်အဿဇိထေရ် သီတင်းသုံးနေတော်မူတဲ့ အရပ်မျက်နှာကို လက်အုပ်ချီမိုး ရှိခိုးပြီးမှ အဲဒီအရပ်မျက်နှာဘက်ကို ပဲ ခေါင်းပြုကာ ကျိန်းစက်တော်မူလေ့ ရှိပါတယ်။

ဒါကိုတွေ့ကြရ, မြင်ကြရတဲ့ ရဟန်းတွေက ရှင်သာရိပုတ္တရာထေရ်အပေါ်မှာ အထင်အမြင် လွဲမှားလာကြပါတယ်၊ ရှင်သာရိပုတ္တရာထေရ်ဟာ မိစ္ဆာအယူကို မစွန့်နိုင်သေးပါဘူး၊ ယခုအချိန်အထိ အရပ်မျက်နှာတွေကို ရှိခိုးလှည့်လည်နေပါတယ်-ဆိုတဲ့ အကြောင်းကို ဘုရားရှင်အား သွားရောက်လျှောက်ထားကြပါတယ်၊ အဲဒီအချိန်မှာ ဘုရားရှင်က ရှင်သာရိပုတ္တရာထေရ်ကိုပါ အခေါ်ခိုင်းပြီး ရဟန်းပရိသတ်အလယ်မှာ မိန့်ကြားဖြေရှင်းတော်မူပါတယ်။

"ဘိက္ခုတို့ ! သာရိပုတ္တရာက အရပ်မျက်နှာတွေကို ရှိခိုးနေတာ မဟုတ်ပါဘူး၊ အဿဇိထေရ်ရဲ့အထံက တရားတော်ကို ကြားနာရလို့ သောတာပတ္တိမဂ်ဖိုလ်ကို ရလာတဲ့အတွက် ကိုယ့်ဆရာကို ရှိခိုးတာသာ ဖြစ်ပါတယ်၊ ဒါက တကယ့်ကို လုပ်ရမယ့် အလုပ်ပဲ ဖြစ်ပါတယ်။

ဆရာတစ်ဦးထံက ဘုရားဟောကြားတဲ့ တရားထူးကို သိနားလည်ရတဲ့သူဟာ အဲဒီဆရာကို 'ရိုသေလေးစားစွာ မီးပူဇော်တဲ့ ပုဏ္ဏားက မီးကို ရှိခိုးသလို' ရှိခိုးသင့်တယ်"။

၁။ ခံ-၄-၂၊ ၄၀၁။

http://www.dhammadownload.com

ဘုရားရှင်ရဲ့ စကားကို ကြားရတဲ့အခါ လာရောက်လျှောက်ထားတဲ့ ရဟန်းတွေမှာလဲ သံသယရှင်းသွားပါတယ်၊ အများအပြားလဲ ဉာဏ်အလင်းကို ရရှိသွားကြပါတယ်။

ကျောင်းသူ, ကျောင်းသားတွေဟာ ဆရာသမားတွေရဲ့ လမ်းညွှန်သင်ကြားမှုကို ရရှိကြတဲ့အတွက် ပညာရေးမှာလဲ တိုးတက်လာကြပါတယ်၊ ကိုယ်လက်အင်္ဂါကြံ့ခိုင်တောင့်တင်းမှုမှာလဲ တိုးတက်လာကြပါတယ်၊ အနေအထိုင်လဲ အချိုးတကျ ပိပိပြားပြား ဖြစ်လာကြပါတယ်၊ အပြောအဆိုလဲ သိမ်မွေ့ပြေပြစ်လာကြပါတယ်၊ လူမှုဆက်ဆံရေးမှာလဲ အဆင်ပြေလာကြပါတယ်၊ အကောင်းအဆိုး အကြောင်းအကျိုးကို ဝေဖန်သိမြင်တတ်တဲ့ အသိဉာဏ်ကိုလဲ ရရှိလာကြပါတယ်၊ အဲဒီလို မိမိတို့ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် မြေတောင်မြှောက်ကာ သင်ပေးလာကြတဲ့ ဆရာ,ဆရာမတွေကို အလေးမပြု ဂရုမစိုက်ဘဲ ပစ်မထားသင့်ပါ၊ ရှင်သာရိပုတ္တရာထုံးကို နှလုံးပြုကာ အမြဲရိုသေလေးစားရမယ်သာ ဖြစ်ပါတယ်။

ရွေးဆရာများရဲ့ အဆိုအမိန့်

ဆုံးစွန်ကျော်ကြား, မြတ်ဘုရားနှင့်, တရားသဲ့ဃာ, ဆရာမိဘ, စိုးရသခင်, အရှင်ဂုဏ်ထူး, ကျေးဇူးရှိပေ, သူမြတ်တွေကို, ရိုသေဂါရဝ, ပြုအပ်လှ၏။

ဒီလို မုံရွေးဆရာတော်က ဂါရဝမင်္ဂလာရဲ့ သရုပ်ကို ဖော်ထုတ်မိန့်ထားခဲ့ပါတယ်။

အဓိပ္ပာယ် အထွတ်အဖျားလို့ ကျော်ကြားတော်မူတဲ့ မြတ်စွာဘုရားနှင့် တရား, သံဃာ, ဆရာသမား, အမိအဘ, အစိုးရမင်း, ဂုဏ်ထူးရှိသူ, ကျေးဇူးရှိသူ, သူတော်သူမြတ်တွေကို ရိုသေလေးစားခြင်းဟာ ဂါရဝမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်—

ရိုသေအပ်စွာ, ဆရာသမား, ဘိုးဘွားမိဘ, နောင်လှတစ်သီး, နှမကြီးနှင့်, ရွယ်နီးသက်ရင့်, ဂုဏ်မြင့်ကြီးမား, မျိုးအားမြတ်မူ, ထိုမျှလူကို, ကြည်ဖြူနှိမ့်ချ, ဂါရဝဖြင့်, ခယချစ်မှု, စရိုက်ပြု၍, ရွယ်နုမျက်ဖြေ, ပြုတတ်စေလော့။ [၁]

လေးခြည်ဝါမြူး, မြင့်မိုရ်ဦးသို့, ကျေးဇူးဆဆ, ကြီးမြတ်လှသား, မိဘ ဘိုးဘွား, သက်ကြီးအားလျှင်, ပြစ်မှားကျူးထွေ, မရှိသေက, သရေမတက်, ဂုဏ်ရည်ပျက်၏။ [၂]

သူမြတ်တို့အား, ခြေရင်းထား, ပလွားမအိပ်နှင့်။ [၃]

သူမြတ်တို့ရှေ့, မသိမ်မွေ့, တိုးတွေ့ မနေနှင့်။ [၃]

၁။ မာတောဝါဒ–၂၇။ ၂။ သြဝါဒထူး–၂၁။ ၃။ သုတရတနာ။

http://www.dhammadownload.com

ရိုင်းစိုင်းနိုးကပ်, မကိုင်းညွတ်ဘဲ, မတ်တတ် တိုး၍မသွားနှင့်။ [၁]

ဆရာနေခင်း, အင်းပျဉ် ညောင်စောင်း, လည်းလျောင်းဘုံလျှို့, ထိုထို ထက်မှာ, မနေရာသည်, မြင့်ရာမသင့်, မထိုင်နှင့်။ [၂]

စားဖွယ်စားရာ, ကပ်သောခါလည်း, ချဉ်းလာနီးစေ, ခြေစုံနေ၍, ရှိသေ ကိုင်းညွတ်, ချဉ်း၍ကပ်။ [၃]

ရှေ့ကစူးစူး, ဒူးလက်ကိုထောင်, ထိုင်ဆောင့်ကြောင်နှင့်, ပေါင်ထောင် လက်ကား, အပါးကြပ်ကြပ်, မနေအပ်။ [၄]

သုံးပါးရတနာ, ဆရာသမား, ဘိုးဘွားမိဘ, စိုးရသခင်, ဂုဏ်အင်ပညိုးထူ, ကိုယ်တူရင့်ရည်, ဖြစ်သည်သူအား, ခြေရင်း–ထား၍, ပေါ့စားလွယ်ကာ, မအိပ်ပါနှင့်။ [၅]

စောမြတ်စွာကို, ဝန္ဒနာသုံးကြိမ်, ဦးနှိမ်မည့်မည့်, စိန်းစိန်းကြည့်၍, မလှည့် မျက်နှာ, နောက်ဆုတ်သာလျှင်, ယို့ကာဝပ်လျက်, ထွက်ခဲ့လေပြီး။ [၆]

ဆရာရှေ့မှောက်, ရောက်လတ်သောခါ, ဝေးစွာအနီး, မမှီးရှေ့နောက်, မြင့်မောက်လေညာ, ခြောက်ပြစ်ခွာလျက်, သင့်ရာနေကြ။ [၇]

ဒီလိုလဲ မိန့်ဆိုထားကြပါသေးတယ်။

၂၃။ နိဝါတောစ

[နိ–နိမ့်ကျတဲ့အနေနဲ့+ဝါတ–ဖြစ်ခြင်း။] နိဝါတ–ဆိုတာဟာ စိတ်ကိုနှိမ့်ချ ထားခြင်း, နှိမ့်ချသောဖြစ်ခြင်းမျိုးပဲ ဖြစ်ပါတယ်။

မာန်ထောင်တဲ့စိတ်မှာ မြင့်မောက်တက်ကြွနေတတ်ပါတယ်၊ အဲဒီမာန်မာနကို နှိမ်ထားမှုကိုပဲ စိတ်ကိုနှိမ့်ချခြင်း–လို့ ဆိုရပါတယ်၊ စိတ်ကိုနှိမ့်ချလိုက်တယ်–ဆိုရင်ပဲ ကိုယ်ရော,နှုတ်ရော နှိမ့်ချပြီး ဖြစ်သွားပါတယ်၊ ဒါ့ကြောင့် နှိမ့်ချသော ဖြစ်ခြင်းမျိုးလို့ ထပ်ဆင့်ဆိုထားရပါတယ်၊ ဒါကို အထောက်အထားပြုပြီး နိဝါတ–မိမိကို နှိမ့်ချ ထားခြင်း–လို့ ဆိုထားခဲ့ရပါတယ်။

နိဝါတကင်းလွတ် မြင်ပြင်းကတ်

ဒီနိဝါတကို နိမ္မာနနှင့်တွဲဖက်ပြီး "နိဝါတနိမ္မာန"လို့ ပြောဆိုသုံးစွဲလေ့ ရှိကြ ပါတယ်၊ နိဝါတနိမ္မာန မရှိတဲ့ လူများဟာ ထွန်တုံးကိုမျိုးထားတဲ့ စပါးကြီးမြွေလို တောင့်တင်းလှပါတယ်၊ မာကျောလှပါတယ်၊ မာန်မာနလဲ အလွန်ကြီးတတ်ပါတယ်၊

၁။ ရှင်သီလဝံသ။ ၂။ ရှင်သီလဝံသ။ ၃။ သုတမဇ္ဈိမသာ–၂။
၄။ ဗုဒ္ဓဝဂ္ဂ–၁၈။ ၅။ သုတသောမ–၃။

http://www.dhammadownload.com

အပြောအဆိုလဲ မောက်မာတတ်ပါတယ်၊ ကိုယ့်ကိုမြှောက်ပင့်ပြီး သူတစ်ပါးကို နှိမ့်ချတတ်ပါတယ်၊ ဆွေဂုဏ်, မျိုးဂုဏ်, ပညာဂုဏ်, ပစ္စည်းဥစ္စာဂုဏ်–တွေနဲ့ သူတစ်ပါးကို မထီလေးစား ပြုတတ်ပါတယ်၊ ကိုယ်အမူအရာကလဲ ဘယ်သူ့ကိုမှ အရေးမစိုက်သလို ဆောင့်ကြွားကြွားနိုင်လှပါတယ်၊ ရဟန်းသံဃာနှင့် လူကြီး လူကောင်းတွေရဲ့ ရှေ့မှာ ခေါင်းငုံ့, ခါးကုန်း–လို့ သွားရကောင်းမှန်းပင် မသိပါ၊ ထိုင်ပြန်ရင်လဲ ဒူးထောင်ပေါင်ကား ကိုးရိုးကားရားနဲ့ မည်သူ့ကိုမှ အရေးမစိုက်သလို ဖြစ်နေတတ်ပါတယ်၊ ရဟန်းသံဃာနှင့် လူကြီးလူကောင်းတွေကို နိမ့်ရာကထားပြီး ကိုယ်ကအပေါ်မှာ ထိုင်ရန်လဲ ဝန်မလေးတတ်ပါ၊ ပြောပြန်ရင်လဲ ယောကျ်ားတွေရဲ့ပေါင်ကြားက ဟာကိုရော, မိန်းမတွေရဲ့ ပေါင်ကြားကဟာကိုရော သူ့ပါးစပ်က ဒလဟော အန်ထုတ်ပြီးမှ အော်ကျယ်ဟစ်ကျယ်နဲ့ မောက်မောက်မာမာ ပြောဆိုတတ်ပါတယ်၊ ဒါတွေဟာ အများအမြင်ကတ်စရာ (မြင်ပြင်းကတ်စရာ) အမင်္ဂလာတွေသာ ဖြစ်ပါတယ်။

နိဝါတရှိသူ အလေးမူ

နိဝါတနိမ္မာနရှိသူတွေကတော့ မိမိကိုယ်ကို နှိမ့်ချထားတတ်ပါတယ်၊ မာန်မာနလဲ ကင်းပါတယ်၊ တောင်လွှားမှုလဲ မရှိပါ၊ ခြေသုတ်ပုဆိုးအလား, ဦးချိုကျိုးနေသော နွားနှင့်သာ အလားတူပါတော့တယ်၊ ကိုယ်အမူအရာရော, နှုတ်အမူအရာပါ သိမ်မွေ့ပြေပြစ်ပါတယ်၊ အလေးပြုရမယ့်သူတွေရဲ့ရှေ့မှာ ခေါင်းငုံ့, ခါးကုန်းကာ သွားလာတတ်ပါတယ်၊ လူကြီးလူကောင်းတွေအား တစ်စုံတစ်ခုကို ပေးတဲ့အခါမှာလဲ ခြေစုံရပ်ပြီး လက် ၂–ဖက်နဲ့ လေးလေးစားစား ပေးတတ်ပါတယ်၊ လူကြီးလူကောင်းတွေက ပေးလို့ လှမ်းယူတဲ့အခါမှာလဲ ခြေစုံရပ်ကာ လက် ၂–ဖက်နဲ့ ရိုရိုသေသေ လေးလေးစားစား လှမ်းယူတတ်ပါတယ်၊ လူကြီးလူကောင်းတွေရဲ့ရှေ့မှာ ထိုင်ပြန်ရင်လဲ ပိပိရိရိ ကျွန်ုပ်ရရ ထိုင်နေတတ်ပါတယ်၊ ပြောတဲ့အခါမှာလဲ နားချမ်းသာစရာ စကားမျိုးကိုသာ ပြောဆိုတတ်ပါတယ်၊ အဘတန်ရင်အဘ, အဖွားတန်ရင်အဖွား, ဦးကြီးတန်ရင်ဦးကြီး, ဦးလေးတန်ရင်ဦးလေး, အဒေါ်တန်ရင်အဒေါ်, အစ်ကိုတန်ရင်အစ်ကို, အစ်မတန်ရင်အစ်မ, ညီလေးတန်ရင်ညီလေး, ညီမလေးတန်ရင် ညီမလေး–စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုတတ်ပါတယ်၊ ဒီကိုယ့်ကို နှိမ့်ချခြင်းဟာ အခြွေအရံ,အကျော်အစော အစရှိတဲ့ဂုဏ်ကို ရခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာ(ကြီးပွားချမ်းသာရေး) ဖြစ်ပါတယ်။

နှိမ့်ချသောဖြစ်ခြင်းရှိပြီး မတောင့်တင်းတဲ့ ပုဂ္ဂိုလ်မျိုးဟာ အခြွေအရံ, အကျော်အစောကို ရရှိတတ်တယ်။

ဒီလိုလဲ ဗုဒ္ဓမြတ်စွာက သိင်္ဂါလသုတ်မှာ ဟောတော်မူထားပါတယ်။

http://www.dhammadownload.com

နိဝါတရှိမှ ဂါရဝဖြစ်

ဒီနိဝါတဟာ ဂါရဝဖြစ်ရန် အခြေခံတရား ဖြစ်ပါတယ်၊ မိမိကိုယ်ကို မနှိမ့်ချဘဲ မာန်မာနထောင်နေသူများက ဘယ်သူ့ကိုမှထီမထင် ကိုယ်လုပ်ချင်ရာကို လုပ်နေတတ်ကြပါတယ်၊ လေးစားထိုက်သူကိုလဲ မလေးစားနိုင်ပါ၊ ရှိသေထိုက်သူကိုလဲ မရှိသေနိုင်ပါ၊ ရှိခိုးထိုက်သူကိုလဲ ရှိမခိုးနိုင်ပါ၊ ရဟန်းသံဃာတွေ, ဂုဏ်သရေရှိ ပုဂ္ဂိုလ်တွေ ကိုယ့်အနားကို လာနေဖေမယ့် နေရာကလဲ ထမပေးနိုင်ပါ၊ ခရီးဦး ကြိုဆိုမှုကိုလဲ မပြုနိုင်ပါ၊ လက်အုပ်ချီမိုး ရှိခိုးမှုကိုလဲ မပြုနိုင်ပါ၊ မတွေ့သလို, မမြင်သလို မျက်နှာလွှဲကာသာ နေတတ်ပါတယ်။

မိမိကိုယ်ကို နှိမ့်ချထားလို့ မာန်မာနကင်းသူကသာ တုပ်ကွကျိုးနွံစွာ လေးစားထိုက်သူကိုလဲ လေးစားတတ်ပါတယ်၊ ရှိသေထိုက်သူကိုလဲ ရှိသေတတ်ပါတယ်၊ ရှိခိုးထိုက်သူကိုလဲ ရှိခိုးတတ်ပါတယ်၊ ရဟန်းသံဃာတွေ, ဂုဏ်သရေရှိ ပုဂ္ဂိုလ်တွေ ကိုယ့်နေရာကို လာလို့ရှိရင် ပျာပျာသလဲ နေရာက ထပေးတတ်ပါတယ်၊ ခရီးဦး ကြိုဆိုတတ်ပါတယ်၊ လက်အုပ်ချီမိုး ရှိခိုးမှုကိုလဲ ပြုတတ်ပါတယ်၊ နေစရာထိုင်စရာတွေ ပြင်ဆင်ပေးပြီး သင့်တော်တဲ့ အစားအသောက်တွေနဲ့ ဧည့်ခံကျေးမွေးမှုကိုလဲ ပြုတတ်ပါတယ်။

အဲဒီလို ကျေးမွေးပြီးတဲ့နောက် လာရောက်ရခြင်းရဲ့အကြောင်းကို မေးမြန်းလျှောက်ထားကာ အလိုရှိတဲ့ကိစ္စကို တတ်နိုင်သမျှ လုပ်ကိုင်ဆောင်ရွက်ပေးတတ်ပါတယ်၊ ဒီလိုပဲ နိဝါတနိမ္မာနရှိသူမှာသာ ဂါရဝမင်္ဂလာ ဖြစ်နိုင်ပါတယ်၊ နိဝါတနိမ္မာန မရှိသူမှာ မဖြစ်နိုင်ပါ။

သာကီဝင်မင်းသားတို့၏ နိဝါတ [၁]

ဘဒ္ဒိယ, အနုရုဒ္ဓါ, အာနန္ဒာ, ဘဂု, ကိမိလ, ဒေဝဒတ္တ၊ သာကီဝင်မင်းသား ၆-ယောက်တို့က ရဟန်းပြုမယ်-လို့ ထွက်လာကြပါတယ်၊ သူတို့ရဲ့နောက်က သူတို့ခိုင်းစေနေကျဖြစ်တဲ့ ဥပါလိဆတ္တာသည်လဲ လိုက်ပါလာပါတယ်၊ ဘုရားရှင်ထံ ရောက်လာတဲ့အခါ ဘုရားရှင်အား သာကီဝင်မင်းသားတို့ လျှောက်ထားပုံမှာ နည်းယူစရာ ကောင်းလှပါတယ်။

"ရှင်တော်မြတ်ဘုရား ! တပည့်တော်တို့ သာကီဝင်မင်းမျိုးတွေဆိုတာဟာ မာန်မာနကြီးကြပါတယ်၊ ဒီဥပါလိဆတ္တာသည်က နေ့ရက်ရှည်ကြာစွာ တပည့်တော်တို့ရဲ့ အမှုကိစ္စကို ဆောင်ရွက်လာသူ ဖြစ်ပါတယ်၊ သူ့ကို ရှေးဦးစွာ

၁။ ဝိနယ-၄၊ ၃၃၆။

http://www.dhammadownload.com

ရဟန်းပြုပေးတော်မူပါ၊ တပည့်တော်တို့က သူ့အား ရှိခိုးမှု, ခရီးဦးကြိုဆိုမှု, လက်အုပ်ချီမှု, အရိုအသေပြုမှုတို့ကို ပြုလုပ်ကြပါ့မယ်၊ ဒီလို လုပ်ရလို့ရှိရင် ဘုရားတပည့်တော်တို့ သာကီဝင်မင်းတွေရဲ့ သာကီယမာနဟာ ကျဆင်းသွားပါလိမ့်မယ်"။

ဘုရားရှင်ကလဲ သူတို့လျှောက်ထားတဲ့အတိုင်းပဲ ဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါတယ်။

ရှင်ရာဟုလာ၏ နိဝါတဝုတ် ။

ဒါ့အပြင်- ရှင်ရာဟုလာလဲ သာကီဝင်မင်းမျိုးမင်းနွယ်ပဲ ဖြစ်ပါတယ်၊ ဘုရားရှင်ရဲ့ သားတော်ဖြစ်တဲ့အပြင် စကြဝတေးမင်းဖြစ်ထိုက်တဲ့ ဘုန်းလက္ခဏာ အပြည့်အစုံပါသူလဲ ဖြစ်ပါတယ်၊ ဒီလို အဖက်ဖက်က အထက်တန်းကျနေသူ ဖြစ်တဲ့အတွက် မာန်ထောင်လိုရင် သူများတကာထက်ပိုပြီး ထောင်နိုင်စရာ ရှိပါတယ်၊ ဒါပေမယ့် ရှင်ရာဟုလာရဲ့ ကိုယ်ကိုနှိမ့်ချပုံမှာ လက်ဖျားခါစရာ ဖြစ်နေပါတော့တယ်။

ဗုဒ္ဓမြတ်စွာက အာဠဝီပြည် အဂ္ဂါဠဝစေတီမှာ သီတင်းသုံးနေစဉ် "လူသာမဏော တွေနှင့်အတူ တစ်မိုးတစ်ရံတည်းမှာ အိပ်တဲ့ရဟန်းအား ပါစိတ်အာပတ်သင့်စေ"လို့ သိက္ခာပုဒ်ကို ပညတ်လာခဲ့ပါတယ်၊ အဲဒီနောက်ပိုင်းမှာ ဗုဒ္ဓမြတ်စွာက ကောသမ္ဗီမြို့ကို ကြွလာပြီး ဗဒရိကာရုံကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူပါတယ်။

ရှေးအခါကတော့ ရဟန်းတွေက ဘုရားရှင်ကိုလဲ လေးစားကြပါတယ်၊ သားတော် ရာဟုလာရဲ့ သိက္ခာလိုလားမှုကိုလဲ နှစ်သက်ကြပါတယ်၊ ဒါ့ကြောင့် မိမိတို့ရဲ့နေရာကို ရှင်ရာဟုလာ ရောက်လာတယ်–ဆိုရင်ပဲ ခုတင်ကလေးကိုပဲဖြစ်ဖြစ်, အခြားရှိနေတဲ့ အရာဝတ္ထုတစ်ခုခုကိုပဲဖြစ်ဖြစ် ခင်းပေးပြီး သင်္ကန်းကိုယ်ရုံတွေကို ခေါင်းအုံးအိပ်ရအောင် ပေးတတ်ကြပါတယ်။

အဲဒီ ဗဒရိကာရုံကျောင်းတိုက်ကို ရောက်လာတဲ့ နေ့မှာတော့ ရဟန်းတွေက ရှင်ရာဟုလာကို ပြောကြပါတယ်။–

"ရာဟုလာ ! ဗုဒ္ဓမြတ်စွာက 'လူသာမဏောနှင့်အတူ တစ်မိုးတစ်ရံတည်း ကျောင်းမှာ မအိပ်ရ'လို့ သိက္ခာပုဒ်ပညတ်ပြီး ဖြစ်တယ်၊ ကိုယ့်အတွက် အိပ်မယ့် နေရာကို ရှာပေတော့"။

ဒီစကားကို ကြားရတော့ ရှင်ရာဟုလာက ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ ရှင်သာရိပုတ္တရာ, သရဏဂုံဆရာဖြစ်တဲ့ ရှင်မောဂ္ဂလ္လာန်, ဦးလေးဖြစ်တဲ့ အရှင်အာနန္ဒာအစရှိတဲ့ ပဂ္ဂိုလ်

၁။ ဝိနယ–၂၊ ၂၆။ ၆–၃။ ၁၈။

http://www.dhammadownload.com

တွေထဲကိုတောင်မှ မသွားတော့ဘဲ ဘုရားရှင်ရဲ့ ဝစ္စကုဋိထဲကို သွားပြီး အိပ်နေလိုက်ပါတော့တယ်။

ဒီအကြောင်းကို ဘုရားရှင်က သိရတော့ သာမဏေတွေကို ချီးမြှောက်လိုတဲ့အတွက် "လူသာမဏေတွေနှင့်အတူ တစ်မိုးတစ်ရံတည်းသော နေရာမှာ ၃-ည အိပ်နိုင်ပါတယ်၊ ဒါထက် ပိုလွန်အိပ်ရင် ပါစိတ်အာပတ်သင့်စေ"လို့ သိက္ခာပုဒ်ကို ပြင်ပြီး ပညတ်တော်မူပါတယ်။

ဒါ့အပြင်- ရှင်ရာဟုလာ အဓေးက လာနေတာကို တွေ့ရတဲ့အခါ ရဟန်းတော်တွေက လက်ဆုပ်တံမြက်စည်းနှင့် အမှိုက်စွန့်တဲ့ တောင်းတွေကို အပြင်မှာ ပစ်ချထားတတ်ကြပါတယ်၊ ရှင်ရာဟုလာ အနားကိုရောက်လာတဲ့အခါ အချို့ရဟန်းတွေက "ဒါတွေကို ဘယ်သူက ပစ်ချထားသလဲ?"လို့ မေးရင် အချို့ရဟန်းတွေက "ဒီအနားမှာ ရှင်ရာဟုလာ သွားလာလှည့်ပတ်နေတာပဲ၊ သူပစ်ချထားတာ ဖြစ်မှာပေါ့" လို့ ပြောတတ်ကြပါတယ်။

ရှင်ရာဟုလာက "ဒါဟာ တပည့်တော် ပစ်ချထားတာ မဟုတ်ပါဘူး"လို့ တစ်နေ့မှ မပြောဆိုဘဲ အဲဒီပစ်ချထားတာတွေကို သိမ်းဆည်းပြီး ရဟန်းတွေကို ကန်တော့သွားတတ်ပါတယ်၊ အသက်အရွယ်နှင့်မမျှအောင် နိဝါတဝုဏ်, သိက္ခာကာမဂုဏ်ကို ဆောင်နိုင်ပါပေတယ်။

သိက္ခာကို လိုလားရာမှာ အမြတ်ဆုံး ရှင်ရာဟုလာရဲ့ သိက္ခာလိုလားမှုမှာ ဒီမျှလောက်သာ မဟုတ်သေးပါ၊ ရှင်ရာဟုလာက နံနက်စောစောကပဲ "ဒီနေ့ မြတ်စွာဘုရားရဲ့အထံတော်နှင့် ငါရဲ့ဥပဇ္ဈာယ်ဆရာဖြစ်တော်မူတဲ့ ရှင်သာရိပုတ္တရာအထံတော်က ဒီမျှလောက်အတိုင်းအရှည်ရှိတဲ့ ဆုံးမသြဝါဒနှင့် ဒီမျှလောက်အတိုင်းအရှည်ရှိတဲ့ မာန်မဲမှု, မြည်တွန်မှုကို ရလိုပါတယ်"လို့ ဆိုပြီး ဂန္ဓကုဋိတိုက်တော်ရဲ့ ပရဝုဏ်အတွင်းမှာ တစ်သပိတ်လောက်ရှိတဲ့ သဲကို ကြဲဖြန့်လေ့ ရှိပါတယ်။ [၁]

ဘုရားရှင်ကလဲ သူ့အား တေဒဂ်ဘွဲ့ထူး ပေးတဲ့အခါ "ရဟန်းတို့ ! သိက္ခာကိုလိုလားတဲ့ ငါဘုရားရဲ့ သားတော်တွေထဲမှာ ရာဟုလာဟာ အထူးချွန်ဆုံးဖြစ်တယ်"လို့ သိက္ခာလိုလားမှုမှာပဲ အထူးချွန်ဆုံးအနေနဲ့ ပေးခဲ့ပါတယ်။

ရှင်သာရိပုတ္တရာ၏ နိဝါတဝုဏ် [၂]

ဒီလောကမှာ အချို့အချို့သော ပုဂ္ဂိုလ်များက သူများကိုသာ ဆုံးမတတ်ကြပါတယ်၊ သူများက ကိုယ့်ကိုဆုံးမလာလို့ရှိရင် စိတ်ဆိုးတတ်ကြပါတယ်၊ ရှင်သာရိ

၁။ မဇ်-၄-၃၊ ၉၄။ ၂။ ဝေရ-၄-၂၊ ၄၀၃။

http://www.dhammadownload.com

ပုတ္တရာထေရ်ကတော့ သူများကိုလဲ ဆုံးမတတ်ပါတယ်၊ ကိုယ့်ကို သူကဆုံးမလာရင်လဲ ဦးခေါင်းနဲ့ ခံယူတတ်ပါတယ်။

တစ်နေ့မှာ ရှင်သာရိပုတ္တရာထေရ်ကို သာမဏေကလေးတစ်ပါးက "အရှင်ဘုရားသာရိပုတ္တရာ ! အရှင်ဘုရားရဲ့ သင်းပိုင်စွန်းဟာ တွဲလျားကျနေပါတယ်"လို့ လျှောက်ထားတယ်–ဆိုပဲ၊ ဒီတော့ ရှင်သာရိပုတ္တရာထေရ်က ဘာမျှပြန်မပြောဘဲ တစ်နေရာကို သွားပြီး သင်းပိုင်ကို အဝန်းညီအောင် ဝတ်လိုက်ပါတယ်၊ ပြန်လာပြီး "ဒီလောက်–ဆိုရင် တော်လောက်ပြီးလား ဆရာလေးရယ် ?"လို့ ပြောဆိုကာ လက်အုပ်ချီကာ ရပ်နေလိုက်ပါတယ်။

"ဒီနေ့မှ ရှင်ပြုလာတဲ့ ၇–နှစ်အရွယ် သာမဏေကလေးကတောင်မှ ငါ့ကို ဆုံးမပါရင် အဲဒီဆုံးမချက်ကို ဦးထိပ်ရွက် ပန်ဆင်လိုပါတယ်"လို့လဲ ပြောဆိုလိုက်ပါသေးတယ်။

ဘုရားရှင်ရဲ့ ပထမအဂ္ဂသာဝက ပညာအရာမှာ ဧတဒဂ်ရထားတဲ့ ရှင်သာရိပုတ္တရာရဲ့ နှိမ့်ချပုံမှာ ကြက်သီးမွေးညင်းထစရာသာ ကောင်းလှပါတော့တယ်။

မထေရ် ၂–ပါးရဲ့ နိဝါတ

သက္ကရာဇ် ၉၉၆–ခုနှစ် အင်းဝမြို့မှာ သာလွန်မင်းတရားကြီးက မင်းဖြစ်လာပါတယ်၊ တောင်ဘီလာပုဂ္ဂိုလ်ကျော်အား မင်းဆရာသာသနာပြုအရာကို အပ်နှင်းထားပါတယ်။

အဲဒီအချိန်မှာ အရှင်ဓမ္မဓေထေရ်က ကူးခန်းကြီးမြို့ ရွှေဥမင်ကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီ ရွှေဥမင်ဆရာတော်ဟာ ပုဂံအရှင်အရဟံရဲ့ အဆက်အနွယ်ဖြစ်တဲ့ အရှင်ဓမ္မနန္ဒရဲ့တပည့် ဖြစ်ပါတယ်၊ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကို အခေါက်ပေါင်းများစွာ လေ့လာထားပါတယ်၊ အနက်မြန်မာပြန်ဆိုမှုမှာ အလွန်ကျွမ်းကျင်နိုင်နင်းတော်မူပါတယ်၊ ဝိနည်း ၅–ကျမ်းပါဠိတော်နိဿယနှင့် အဋ္ဌကထာနိဿယတို့ကို ရေးသားပြုစုတော်မူပါတယ်၊ အဲဒီနိဿယများမှာ အခုခေတ် ထိအောင် စာချစာသင် အရှင်မြတ်တွေရဲ့ မိုဃိအားထားရာ ဖြစ်နေကြပါတယ်။

တစ်ချိန်မှာ တောင်ဘီလာဆရာတော်က မန်းစက်တော်ကို ကြွရောက်ဖူးမြော်ပါတယ်၊ ပြန်ကြွလာတဲ့အခါ ရွှေဥမင်ဆရာတော်ထံ ဝင်ရောက်လာပါတယ်၊ မထေရ် ၂–ပါးက စာပေရေးရာနှင့်ပတ်သက်လို့ ဆွေးနွေးကြပါတယ်၊ သူတော်ချင်းချင်း သီတင်းလွှဲ.လွှဲ. ပေါင်းဖက်တွေ့ကြပါတယ်၊ သဒ္ဒါရေ့ထား မေတ္တာပွားကြပါတယ်။

အရှင် ၂–ပါးတို့မှာ သက်တော်,ဝါတော် တူမျှသူများ ဖြစ်ကြပါတယ်၊ တောင်ဘီလာဆရာတော် ပြန်ကြွတဲ့အခါ ရွှေဥမင်ဆရာတော်က လိုက်ပို့မယ်–

http://www.dhammadownload.com

လို့ နေရာမှထရင်း ငါ့ရှင်တောင်ဘီလာဆရာတော်က ရှေ့ကကြွပါ၊ တပည့်တော်က နောက် ကလိုက်ပါရစေ–လို့ လျှောက်ထားပါတယ်၊ တောင်ဘီလာဆရာတော်ကလဲ ငါ့ရှင်ရွှေမင်ဆရာတော်ကပဲ ရှေ့ကကြွပါ၊ တပည့်တော်က နောက်ကလိုက်ပါ့မယ်–လို့ လျှောက်ထားပါတယ်။

မထေရ် ၂–ပါးက အချင်းချင်းလျှောက်ထားပြောဆိုကြပြီး မည်သူမျှ ရှေ့က မသွားပါ၊ နံဘေးချင်းယှဉ်လျက်သာ ကြွတော်မူကြပါတယ်။

အဲဒီလို မည်သူကမျှ ရှေ့ကမကြွလိုခြင်းမှာ ဝိနည်းနှင့် ဆန့်ကျင်လို့လဲ မဟုတ်ပါ၊ တစ်ပါးက တစ်ပါးအား ခွင့်ပေးပြီးဖြစ်တဲ့အတွက် စိတ်မကျေနပ်မှာစိုးလို့လဲ မဟုတ်ပါ၊ အမှန်မှာ–

ရွှေမင်ဆရာတော်က တောင်ဘီလာဆရာတော်ကို မင်းဆရာဖြစ်နေတဲ့အတွက် အလေးဂရု ပြုလိုပါတယ်၊ မိမိကို နှိမ့်ချထားပါတယ်၊ သို့ဖြစ်၍ ရှေ့ကမကြွလိုဘဲ နံဘေးချင်းယှဉ်လျက်သာ ကြွတော်မူရပါတယ်။

တောင်ဘီလာဆရာတော်ကလဲ ရှေ့ကသွားရင် မင်းဆရာဖြစ်နေလို့ ပလွှားတယ်–လို့ သူများအထင်အမြင်လွဲမှားမှာကို စိုးတဲ့အတွက် မိမိကိုနှိမ့်ချလိုပါတယ်၊ ဒါ့ကြောင့် ရှေ့ကမကြွဘဲ နံဘေးချင်းယှဉ်လျက်သာ ကြွတော်မူရပါတယ်။

မထေရ် ၂–ပါးရဲ့ နိဝါတဂုဏ်ကို အတုယူကာ ခုကာလပုဂ္ဂိုလ်များလဲ နိဝါတတရား များများထားနိုင်ကြပါစေ။

ရှေးဆရာများရဲ့ အဆိုအမိန့်

နှိမ့်ချထိုက်စွာ, နေရာကာလ, အိပ်ရာ–စသည်, ပြောထစကား, အသွားအလာ, အရာရာ၌, နိဝါတဖြင့်, နှိမ့်ချအမြဲ, မာန်ကိုခွဲလော့။

ဒီလို မုံရွေးဆရာတော်က နိဝါတမင်္ဂလာသဘောကို ဖွင့်ပြမိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် နေရာထိုင်ခင်းတွင် နေတဲ့အခါမှာဖြစ်စေ, အိပ်ရာ–စသည်တွင် အိပ်တဲ့အခါမှာဖြစ်စေ, စကားပြောတဲ့အခါမှာဖြစ်စေ, သွားလာတဲ့အခါမှာဖြစ်စေ နှိမ့်ချထိုက်တဲ့ အရာခပ်သိမ်းမှာ နိဝါတ(နှိမ့်ချခြင်း)နဲ့ မာန်မာနကို ဖြိုခွဲဖျက်ဆီးကာ အမြဲနှိမ့်ချခြင်းဟာ နိဝါတမင်္ဂလာ မည်ပါတယ်။

အသက်ကြီးငယ်, ဝါကြီးငယ်ကို, လွှဲဖယ်မသွေ, နှိမ့်ချလေ။ [၁]

ဂုဏ်အင်အထူး, ကျေးဇူးရှိသူ, ထိုထိုလူကို, မပြုဒေါသ, မာန်မထဘဲ, နှိမ့်ချခြင်းလျှင်, တန်ဆာဆင်၏။ [၂]

၁။ ရှင်မဟာသီလဝံသ။ ၂။ သြဝါဒထူး–၂၉။

http://www.dhammadownload.com

ငါသာငါ့ပြင်, ငါမမြင်-ဟု, တုရင်တစ်ဆူ, မြင့်လိုမူကား, ထိုသူလူ့အောက်, နိမ့်ခြင်းရောက်၏။ [၁]

စိုးရသခင်, အရှင်မိဘာ, ရှေ့သို့ကျသော်, ကုန်းကွတုပ်ပျပ်, နှိပ်ဝပ်ညွတ်ထိုင်, နောက်ယိုင်ရှောင်ရှား, သွားမူလာမှု, ယဉ်နှလှစေ, အခြေကြံ့မ်းတမ်း, ရှေ့မသန်းနှင့်။ [၂]

ချုပ်ဆည်းမဲ့သီး, မာန်စောင်ကြီးက, ဝေးနီးလူသူ, မကြည်ဖြူ၍, တူမယောင်းဖော်, အိုအောင်သော်လည်း, ညှိုးလျော့ညစ်ပတ်, ဆင်းရဲတတ်၏။ [၃]

မာနကြီးမူ, စိတ်မာန်ထူ, သူငါပေါ်တက် မောက်တတ်သည်၊
ကျေးကျွန်တို့ကို, နာအောင်ဆို, မလိုသဘော ကောက်တတ်သည်၊
မထေလေးစား, သူတစ်ပါး, စကားနှိပ်မူ မုန်းတတ်သည်၊
ကိုယ့်ကိုနှိမ့်ချ, နိဝါတ, မကြွမာန်ဟုန် နွံရမည်။ [၄]

မဖြစ်ညစ်ကျယ်, လူဝယ်ယုတ်မြတ်, မမှတ်ရှင်းစိုင်း, လူမိုက်ထိုင်းတို့, မကိုင်းညွတ်လို, ထွန်တုံးမျိုသည့်, မြွေ့ကိုယ်အလား, ပုံမခြားအောင်, စိတ်ထားခိုင်မာ, လွန်စွာတောင့်တင်း, အတွင်းမာန, ခက်ထန်ကြ၏၊ နှိမ့်ချမကျိုး, ထိုလူမျိုးကား, မိုးကိုလက်လှမ်း, မျှော်သွေးစမ်းသို့, စွဲလမ်းမရ, တဆဆဖြင့်, မကျအရာ, ယောင်ကာသာလျှင်, ဤမှာကောင်းနိုး, ထိုကောင်းနိုးနှင့်, နိုးနိုးအာရုံ, ကာလဟုံ၍, မကုဉ်စွာ, ဝိဇ္ဇာသိပ္ပ, မဲ့တတ်ကြရှင့်၊ ဓနဥစ္စာ, မဲ့တုံပါသော်, ဥစ္စာမရှိ, ကတိမတည်, လူမမည်ဘဲ, လူရည်မသွင်, ပွဲလယ်ခွင်သို့, မဝင်အပ, သုံးမကျဘူး။ [၅]

ငါ့မြင်းငါစီး, ငါ့ထီးငါဆောင်း, ငါ့ကျောင်းငါထိုင်, ဘယ်သူဆိုင်-ဟု, ကိုယ်ပိုင်လို့စိုး, မာနမိုး၍, ကြောင်းကျိုးမသိ, ပြုမိပြုရာ, မအပ်စွာတည့်။ [၆]

လောကလူတွင်, ငါသာလျှင်တိ, ငါ့ပြင်မရှိ, ထင်ဘိမှတ်ယောင်, မောဟဆောင်၍, အန်ထောင်မာန, မမူရတည့်၊ သုတတရား, မြင်ကြားအသိ, များစွာရှိလည်း, သတိမယှဉ်, သမ္မဇဉ်မမှီး, မာနကြီးက, ခွေးမြီးပမာ, မည်စပါခဲ့၊ ထောင်ကာမတ္တ, သုံးမကျရှင့်၊ သူများကိုသာ, နှိပ်လိုစွာနှင့်, ရန်ရှာထိပါး, အပြစ်များ၏၊ သွားတပြုပြု, သုနခသို့, ဒေါသမောဟ, ခြံရံကြွ၍, မာနမည်ငြား, ဤတရားကို, မလွှားစေအပ်, ကျိုးမနပ်ဘူး။ [၇]

၁။ ဩဝါဒထူး-၃၁။ ၂။ ၄င်း-၄။ ၃။ ၄င်း-၁၇။ ၄။ သုတရတနာ။
၅။ မဃဒေဝ-၂၆၇။ ၆။ ၄င်း-၂၃၄။ ၇။ ၄င်း-၂၀၃။

http://www.dhammadownload.com

အကယ်ရေးက, ကြီးမာနနှင့်, နှိမ့်ချမကျိုး, ရှိခိုးထိုက်စွာ, ဂုဏ်ဝါကြီးမား, သူတို့အားလျှင်, မပြားမဝပ်, မပျပ်မကိုင်း, မိုက်ရိုင်းမထေ, ရိုသေကင်းထ, လူထိုမျှကား, ဟီနမျိုးနွယ်, ညှိုးငယ်ယုတ်မာ, ဖြစ်တတ်စွာ၏၊ သဂါရဝ, သက္ကစ္စဖြင့်, နှိမ့်ချကော်ရော်, ပူဇော်လေးမြတ်, ပြုတတ်တုံက, သေဋ္ဌနွယ်ရိုး, လူမျိုးရိုညွတ်, မျိုးမြတ်ထွတ်၏။ [၁]

ဒီလိုလဲ မိန့်ဆိုကြပါသေးတယ်။

၂၄။ သန္တုဋ္ဌိစ

[သံ–ကိုယ့်မှာရှိနေတဲ့ ဥစ္စာနဲ့+တုဋ္ဌိ–ကျေနပ်နှစ်သက်ခြင်း။] ရှိရှိသမျှ, ရရသမျှနှင့် တင်းတိမ်ရောင့်ရဲမှု, ကျေနပ်နှစ်သက်မှုကို သန္တုဋ္ဌိ–ခေါ်ပါတယ်။

မတရားတဲ့နည်းနဲ့ ပစ္စည်းရမှုကို ပယ်စွန့်ပြီး တရားတဲ့နည်းနဲ့ ပစ္စည်းရမှုကို နှစ်သက်ခြင်း, တရားသဖြင့်ရတဲ့ ပစ္စည်းတွေကို နှစ်သက်ခြင်းကိုလဲ သန္တုဋ္ဌိ–လို့ ခေါ်ပါတယ်။ [၂]

ဒီလိုလဲ အဋ္ဌကထာဆရာက မိန့်ဆိုထားပါတယ်။

လောဘကြီးက ဆင်းရဲရ

လောကသူလောကသားတွေကို ဒုက္ခပေးနေတဲ့ တရားများမှာ ရတာထက်ပိုပြီးလိုချင်မှု, မတော်မတရားလိုချင်မှု, အလိုကြီးမှု–ဆိုတဲ့ လောဘပဲ ဖြစ်ပါတယ်၊ ဒီတရားဆိုးတွေ ရှိနေတဲ့သူများဟာ ကိုယ့်မှာရှိပြီးဖြစ်တဲ့ နေရာထိုင်ခင်း, အသုံးအဆောင်, အဝတ်အစားတွေနဲ့ မကျေနပ်နိုင်ပါ၊ အထက်တန်းလွှာပုဂ္ဂိုလ်တွေရဲ့ နေရာထိုင်ခင်း, အသုံးအဆောင်မျိုး, အဝတ်အစားမျိုးကို တောင့်တလာတတ်ပါတယ်၊ လိုလားလာတတ်ပါတယ်၊ မရမနေ ရှာဖွေလာတတ်ပါတယ်၊ အထက်တန်းလွှာပုဂ္ဂိုလ်များကလဲ အသစ်အဆန်းပေါ်သမျှကို လိုချင်လာတတ်ပါတယ်၊ တောင့်တလာတတ်ပါတယ်၊ မရမနေ ကြိုးစားရှာဖွေလာတတ်ပါတယ်၊ အဲဒီလို မတန်မရာ ရှာဖွေသုံးစွဲမှု, ရဟေလိုလေဖြစ်မှုတွေကြောင့် ကြွေးတင်ကျွန်ဖြစ်ဆိုတဲ့ ဘဝမျိုးကို ရောက်လာတတ်ပါတယ်။

ဒါမှမဟုတ်ရင်လဲ အဲဒီအထက်တန်းကျတဲ့ နေရာထိုင်ခင်း, အဝတ်အစား, အသုံးအဆောင်တွေ, အသစ်အဆန်းဖြစ်တဲ့ ပစ္စည်းတွေကို ဝယ်ယူအသုံးပြုလိုတဲ့အတွက် မတရားတဲ့နည်းတွေနဲ့ ပစ္စည်းဥစ္စာ ရှာဖွေလာတတ်ပါတယ်၊ အဲဒီလို ရှာဖွေလို့ အဆင်ပြေတဲ့ အခါမျိုးမှာတော့ ပြီးနိုင်,ရယ်နိုင်ကြပါတယ်၊ အဆင်မပြေတဲ့ တစ်နေ့မှာ ဂုဏ်သရေပျက် အရှက်တကွဲ အကျိုးနဲ့ ဖြစ်ရတတ်ပါတယ်၊ အဖမ်းအဆီး

၁။ မဃဒေဝ–၃၂၉။ ၂။ ဥဒါန–၄၊ ၂၀၇။

http://www.dhammadownload.com

ခံရလို့ ရုံးရောက်, ဂတ်ရောက်ဖြစ်ရတတ်ပါတယ်၊ ဒါ့ကြောင့် လောဘရဲ့ ကြီးဆွဲရာ နောက်ကို လိုက်ပါနေသူများဟာ ချမ်းသာသုခကို ဘယ်တော့မှ မရနိုင်ပါ။

ရောင့်ရဲတတ်မှ ချမ်းသာရ

ကိုယ့်မှာရှိနေတဲ့ နေရာထိုင်ခင်း, အသုံးအဆောင်, အဝတ်အစားတွေနဲ့ ကျေနပ်နှစ်သက်နေသူ, ဝင်ငွေထွက်ငွေမျှတအောင် အပြစ်ကင်းတဲ့အပြင် တန်ဖိုးနည်းပြီး ရှာလို့ဖွေလို့ ရလွယ်တဲ့ ပစ္စည်းဝတ္ထုတွေနဲ့ ပိပိရိရိ နေထိုင်စားသောက်သူတွေကတော့ ပစ္စည်းဥစ္စာ စုပြီးဆောင်းပြီးလဲ ဖြစ်နိုင်ပါတယ်၊ အမြဲတမ်းကိုယ်ချမ်းသာမှု, စိတ်ချမ်းသာမှုကိုလဲ ရနိုင်ပါတယ်၊ ဒါကိုပဲအကြောင်းပြုပြီး ဗုဒ္ဓမြတ်စွာကလဲ–

> မိမိအသုံးပြုမယ့် ပစ္စည်းဟာ အပြစ်လဲကင်းရမယ်၊ တန်ဖိုးလဲနည်းရမယ်၊ ရှာလို့ဖွေလို့လဲ လွယ်ကူရမယ်၊ ဒီလိုပစ္စည်းမျိုးနှင့် နှစ်သက်ကျေနပ်သူမှာ နေရာထိုင်ခင်း, အသုံးအဆောင်, အဝတ်အစားတွေကို အကြောင်းပြုလို့ စိတ်ပင်ပန်းစရာ, စိတ်ဆင်းရဲစရာ မရှိတော့ပါ။ [၁]

ဒီလိုမိန့်တော်မူထားပါတယ်။

ဒါ့အပြင်–အချို့ပုဂ္ဂိုလ်က ငယ်ရွယ်စဉ်အခါမှာ မိဘတွေရဲ့ အရိပ်ကို ခိုလှုံပြီး ခြေမွေးမီးမလောင်, လက်မွေးမီးမလောင်–ဆိုသလို အေးအေးချမ်းချမ်း သက်သောင့်သက်သာ နေထိုင်စားသောက်လာခဲ့ရပါတယ်၊ အချို့ကတော့ ရှာလို့ဖွေလို့ လွယ်ကူတဲ့ ခေတ်အခါက သက်သောင့်သက်သာ ရှာဖွေစားသောက်လာကြရပါတယ်၊ အချို့ကျပြန်တော့လဲ ပစ္စည်းဥစ္စာပေါများတဲ့ အရပ်ဒေသမျိုးမှာ လွယ်လွယ်ကူကူ ရှာဖွေစားသောက်လာကြရပါတယ်။

အဲဒီပုဂ္ဂိုလ်မျိုးတွေက ရှာမရ,ဖွေမရ အခက်အခဲနှင့် တွေ့ကြုံလာရတဲ့အခါ ရှေးက နေထိုင်စားသောက်လာခဲ့တာကို ပြန်တွေးလို့လဲ စိတ်မချမ်းမသာ ဖြစ်နေတတ်ပါတယ်၊ အခုလုပ်နိုင်ကိုင်နိုင်တဲ့ အရွယ်မှာတောင်မှ ဒီလိုအခက်အခဲမျိုးနှင့် တွေ့ကြုံနေရပါက နောင်–အသက်အရွယ် ကြီးရင့်လာတဲ့အခါ ပိုလို့ဆိုးတော့မှာပဲ–လို့ နောင်ရေးကို မျှော်တွေးလို့လဲ စိတ်မချမ်းမသာ ဖြစ်နေတတ်ပါတယ်၊ ဒါ အင်မတန်မှားတဲ့အလုပ် ဖြစ်ပါတယ်၊ လွန်ခဲ့တာတွေကို ပြန်တွေးနေလို့လဲ အကြောင်းမထူးတော့ပါ၊ နောင်ရေးကို မျှော်တွေးနေလို့လဲ အကြောင်းထူးလာမှာ မဟုတ်ပါ၊ လွန်ခဲ့တာတွေကို အခြေခံပြီး အခုလက်ရှိ ကိုယ်ပိုင်ဆိုင်တဲ့ အချိန်မှာ နောင်အတွက် ကြိုးစားလုပ်ကိုင်တာကသာ နည်းမှန်လမ်းမှန် ဖြစ်ပါတယ်။

၁။ အံ–၁၊ ၃၃၅။

http://www.dhammadownload.com

အဲဒီလို ရှေးအကြောင်းအရာကိုလဲ ပြန်မတွေး, နောင်ရေးကိုလဲ မကြောင့်ကြဘဲ အခု ကိုယ်ပိုင်ဆိုင်တဲ့ အချိန်မှာ ရှာလို့ဖွေလို့ရတာတွေနဲ့ နှစ်သက်ကျေနပ်နေတဲ့ သူကတော့ ဘယ်လိုခေတ်အခါမျိုးနှင့်တွေ့တွေ့ ဘယ်လိုအရပ်မျိုးကိုရောက်ရောက် ချမ်းသာသုခကို ရနိုင်ပါတယ်၊ ဒါ့ကြောင့်–

> လွန်ပြီးကိုလဲ ပြန်မတွေး၊ နောင်ရေးကိုလဲ မတောင့်တ၊ ကိုယ့်မှာရှိတာနဲ့ မျှမျှတတ နေသူကို သန္တုဋ္ဌ(ရောင့်ရဲတင်းတိမ်သူ)လို့ ခေါ်ပါတယ်။ [၁]

> အဲဒီ သန္တုဋ္ဌပုဂ္ဂိုလ်က ရောက်ရာအရပ်မှာ ချမ်းချမ်းသာသာ နေထိုင်ရပါတယ်။ [၂]

ဒီလို မိန့်ဆိုထားပါတယ်။

တင်းတိမ်ရောင့်ရဲမှုဟာ အမြတ်ဆုံးဥစ္စာ

လောဘဦးဆောင်မှုကို ခံနေရသူများဟာ ကိုယ့်မှာ နေရာထိုင်ခင်း, အသုံးအဆောင်တွေ ပြည့်စုံနေပေမယ့် အားရကျေနပ်မှုကို မရနိုင်ကြပါ၊ မတင်းတိမ် မရောင့်ရဲနိုင်ကြပါ၊ အသစ်အဆန်း ပေါ်လာသမျှ ဇိမ်ခံပစ္စည်းတွေ, အိမ်သုံးပစ္စည်းတွေ, အဝတ်အထည်တွေကိုလဲ မရမနေ ရှာဖွေအသုံးပြုတတ်ကြပါတယ်၊ ကားတွေကိုလဲ တစ်မျိုးပြီးတစ်မျိုး ဝယ်ယူပြီး အသုံးပြုတတ်ကြပါတယ်၊ အစားအစာ–ဆိုပြန်ရင်လဲ မုန့်မျိုးစုံ, ယိုမျိုးစုံ, အဖျော်ယမကာမျိုးစုံ, အရက်သေစာမျိုးစုံတို့ကို ဝယ်ယူသုံးစွဲနေတတ်ကြပါတယ်၊ ဒါနဲ့ ရှာဖွေရရှိထားသမျှ ပစ္စည်းဥစ္စာတွေဟာ သုံးရာမရောက်ဘဲ ဖြုန်းရာရောက်ပြီး တစ်နေ့တခြား လုံးပါးပါးလာတတ်ပါတယ်၊ ဒါနဲ့ နောက်ပိုင်းမှာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်လာတတ်ပါတယ်။

ဒီလို လောဘရဲ့နောက်ကို မလိုက်ပါဘဲ ကိုယ်ရှာဖွေလို့ရတာ, ကိုယ့်မှာရှိနေတာနဲ့ နှစ်သက်ကျေနပ်နေတဲ့ပုဂ္ဂိုလ်, တင်းတိမ်အားရနေတဲ့ပုဂ္ဂိုလ်ကတော့ ကိုယ့်မှာ မရှိသေးရင်လဲ ကိုယ့်ပစ္စည်းအင်အားနှင့် သင့်တော်ရုံ ဖိုးနည်းဝန်ပါဆိုတဲ့ ပစ္စည်းမျိုးကို တကယ်အသုံးလိုမှ ဝယ်ယူသုံးစွဲတတ်ပါတယ်၊ ကိုယ်ရှာဖွေရရှိထားတဲ့ ပစ္စည်းဥစ္စာကို အကျိုးမရှိတဲ့ နေရာမှာ သုံးစွဲမှုကို မပြုပါ၊ ဒီလို အဖြုန်းနှင့်အသုံးကို ချင့်ချိန်ကာ မကုန်သင့်တဲ့နေရာမှာ အကုန်အကျမခံဘဲ ကုန်သင့်တဲ့နေရာမျိုးမှာသာ အကုန်အကျခံတဲ့အတွက် တစ်နေ့တခြား ပစ္စည်းဥစ္စာတွေ တိုးပွားပြီး စုဓိလာတတ်ပါတယ်၊ ဒါနဲ့ပဲ ကိုယ်ချမ်းသာစိတ်ချမ်းသာ ဖြစ်လာရပါတယ်၊ ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာကလဲ "ကိုယ့်မှာရှိတာနဲ့ နှစ်သက်ကျေနပ်မှုဟာ အမြတ်ဆုံးဥစ္စာဖြစ်တယ်" [၃] လို့ မိန့်တော်မူထားပါတယ်။

၁။ ထေရ-၅-၂၊ ၂၈၅။ ၂။ အံ-၃၊ ၄၃၉။ ၃။ ဓံ၊ ၄၃။

http://www.dhammadownload.com

မရောင့်ရဲသင့်သော အရာများ

အခု ပြောလာခဲ့တာက ပစ္စည်းဥစ္စာ သုံးစွဲစားသောက်မှုနှင့် ပတ်သက်လို့ ကိုယ့်အခြေအနေအလိုက် ထိုက်သည်အားလျော်စွာ ရှိတာနဲ့ ရောင့်ရဲတင်းတိမ်နေရမယ်၊ မရှိမဖြစ် တကယ်အလိုရှိပြန်ရင်လဲ ကိုယ့်အခြေအနေနှင့် သင့်တော်တဲ့ ပစ္စည်းမျိုးကိုသာ ဝယ်ယူသုံးစွဲရမယ်၊ အသုံးနှင့်အဖြုန်းကို သိနားလည်လို့ မဖြုန်းမိအောင် ရှောင်ကြဉ်နိုင်မှ ပစ္စည်းဥစ္စာ စုမိဆောင်းမိ ဖြစ်နိုင်တယ်–ဆိုတဲ့ အကြောင်းအရာ တွေပဲ ဖြစ်ပါတယ်။

ပညာရေး, ပစ္စည်းဥစ္စာရှာဖွေရေး, ကျန်းမာရေး, ကိုယ်ကျင့်တရား ထိန်းသိမ်းရေး တွေမှာ ဒီလောက်ရှိရင် တော်လောက်ပါပြီ–ဆိုပြီး စိတ်လျှော့အားငယ် တင်းတိမ်ကျေနပ်နေရမယ်–လို့ ဆိုလိုတာမျိုး မဟုတ်ပါ။

လောကမှာ လူသားရယ်လို့ ဖြစ်လာပါက အိမ်ထောင်စုတာဝန်, ဆွေမျိုးမိတ်သင်္ဂဟတွေရဲ့တာဝန်, ဘာသာရေးတာဝန်, အမျိုးသားရေးတာဝန်, မြို့ပြကျေးရွာတာဝန်, နိုင်ငံတော်ရဲ့တာဝန် အစရှိတဲ့ တာဝန်အပ်နှင်းရပ်ကို ရှောင်လွှဲလို့ မရတော့ပါ၊ ကိုယ်တတ်နိုင်သလောက် ထမ်းဆောင်ရမယ်သာ ဖြစ်ပါတယ်။

ဒီတာဝန်တွေကို ထမ်းဆောင်နိုင်ရန် လူတိုင်းလူတိုင်းမှာ ပညာရေးပြည့်စုံဖို့ လိုပါတယ်၊ ပစ္စည်းဥစ္စာရှိဖို့ လိုပါတယ်၊ ကျန်းမာသန်စွမ်းဖို့ လိုပါတယ်၊ ကိုယ်ကျင့်သိက္ခာပြည့်ဝဖို့ လိုပါတယ်။

ဒါ့ကြောင့် ပညာသင်ချိန်မှာ ကိုယ်အားဉာဏ်အား ရှိသလောက် ထိပ်ဆုံးရောက်အောင် ပေါက်ပေါက်မြောက်မြောက် သင်ကြားသင့်ပါတယ်၊ ပညာတစ်ပိုင်းတစ်စနဲ့ ဒီလောက်ဆိုတော်ရော့ပေါ့လို့ အားလျှော့မှုကို မပြုသင့်၊ ဒါမျိုးကို ဝီရိယကင်းတွန့်ဆုတ်ခြင်း–လို့သာ ဆိုသင့်ပါတယ်၊ ကိုယ့်မှာရှိတာနဲ့ နှစ်သက်ကျေနပ်မှု သန္တုဋ္ဌိ–လို့ မဆိုသင့်ပါ၊ ပညာလိုအိုတယ်လို့မရှိ–ဆိုတာကိုလဲ နှလုံးသွင်းသင့်ပါတယ်။

ပညာရေးပြည့်စုံရုံမျှနဲ့ အဆိုပါ တာဝန်တွေကို စွမ်းစွမ်းတမံ ထမ်းဆောင်ရန်မှာ မဖြစ်နိုင်သေးပါ၊ ပစ္စည်းဥစ္စာပြည့်စုံရန်လဲ လိုပါသေးတယ်၊ သို့ဖြစ်သည်အားလျော်စွာ ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းနိုင်တဲ့ အချိန်မှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် တရားတဲ့နည်းနဲ့ ပစ္စည်းဥစ္စာကို ရနိုင်သမျှ ရှာဖွေစုဆောင်းထားသင့်ပါတယ်၊ ကိုယ့်မှာ ပစ္စည်းဥစ္စာ ပြည့်ပြည့်စုံစုံ ရှိနေမှသာ အဆိုပါတာဝန်တွေကို လွယ်ကူချောမောစွာ ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ကိုယ်အားဉာဏ်အား ရှိရက်သားနဲ့ ဒီလောက်စုမိရင် တော်ပါပြီ–လို့ စိတ်ထားညံ့ပျော့ အားလျော့မှုကို မပြုသင့်ပါ၊ ဒါမျိုးကတော့ ဝီရိယကင်း တွန့်တိုဆုတ်နစ်ခြင်းသာ ဖြစ်ပါတယ်၊ သန္တုဋ္ဌိ မဟုတ်ပါ။

http://www.dhammadownload.com

ပညာရေးနှင့်စီးပွားရေး ပြည့်စုံနေပေမယ့် ကျန်းမာရေးချို့တဲ့နေပြန်ရင် အဆိုပါ တာဝန်တွေကို အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်နိုင်မယ် မဟုတ်ပါ၊ ဒါ့ကြောင့် တတ်ကျွမ်းနားလည်တဲ့ သမားတော်တွေရဲ့ ညွှန်ကြားချက်အတိုင်း ဆေးဝါးဓာတ်စာ တွေကို စားသောက်ပြီး လမ်းမှန်မှန်လျှောက်ခြင်း အစရှိတဲ့ ကိုယ်နှင့်သင့်တော်တဲ့ ကျန်းမာရေးလေ့ကျင့်ခန်းများကို အချိန်မှန်မှန် ပြုလုပ်သင့်ပါတယ်၊ ဒီလောက်အသက် အရွယ်နဲ့ ဒီလောက်ကျန်းမာရင် တော်ရော့ပေါ့–လို့ စိတ်လျှော့အားငယ် စက်ဆုပ်ဖွယ် အမူအရာမျိုးကို မပြုလုပ်သင့်ပါ၊ ဒါမျိုးကို သန္တုဋ္ဌိ–လို့ မခေါ်ပါ၊ စိတ်ဓာတ်ညှဉ်းတွန့်တိုဆုတ်နစ်ခြင်း–လို့သာ ခေါ်သင့်ပါတယ်။

ဒါ့အပြင်–အမျိုးသားရေးတာဝန်, မြို့ပြကျေးရွာတာဝန်, နိုင်ငံတော်ရဲ့တာဝန် အစရှိတဲ့ အများအကျိုးကို စုပေါင်းဆောင်ရွက်ရာမှာ အရေးအကြီးဆုံးကတော့ ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံဖို့ပဲ ဖြစ်ပါတယ်၊ ကိုယ်ကျင့်သိက္ခာ ယိုယွင်းပျက်စီးနေသူရဲ့ ပညာတတ်မှု, ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝမှု, ကျန်းမာသန်စွမ်းမှုတွေဟာ အများနှင့် စုပေါင်းလုပ်ကိုင်ရတဲ့ အလုပ်မျိုးမှာ အသုံးမဝင် အရာမရောက်သလို ဖြစ်နေပါတယ်၊ အတတ်ပညာ, ပစ္စည်းဥစ္စာနှင့် ကျန်းမာသန်စွမ်းမှုတို့မှာ ဘယ်ဘက်က လိုနေတယ်လို့ ဆိုစရာ မရှိလောက်အောင် ပြည့်စုံနေပေမယ့် ကိုယ်ကျင့်သိက္ခာ ချို့ယွင်းပျက်စီးနေသူကို လူအများက ယုံကြည်ကြမယ် မဟုတ်ပါ၊ လေးစားကြမယ် မဟုတ်ပါ၊ ပညာဂုဏ်, ဥစ္စာဂုဏ်, သန်စွမ်းတဲ့ဂုဏ်–မျှကိုသာ ကြည့်ပြီး အဲဒီ ပုဂ္ဂိုလ်မျိုးကို ခေါင်းဆောင်တင်ထားမိပါက ဘယ်အလုပ်မှ အောင်မြင်ထမြောက်နိုင်မယ် မဟုတ်ပါ၊ ဘယ်တာဝန်ကို မှ ပြီးစီးအောင် ဆောင်ရွက်နိုင်စရာ မရှိပါ၊ ကိစ္စအကုန်လုံးပင် ကစဉ့်ကရဲ ပြိုကွဲပျက်စီးသွားစရာသာ ရှိပါတယ်၊ သို့ဖြစ်၍ အဆိုပါတာဝန်တွေကို စုပေါင်းထမ်းဆောင်ရာမှာ ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းစောင့်ရှောက်မှုဟာ အလွန်အရေးပါ အရာရောက်ပါတယ်၊ ဒါ့ကြောင့် "လူပဲ ဒီလောက်ဆို တော်ရော့ပေါ့" ဆိုတဲ့ သဘောနဲ့ ကိုယ်ကျင့်သိက္ခာကို ဘယ်တော့မှ လျှော့ပြီးမတွက်သင့်ပါ၊ စောင့်ထိန်းနိုင်လေ ကောင်းလေသာ ဖြစ်ပါတယ်၊ လျှော့တွက်တာကတော့ အောက်တန်းစားပုဂ္ဂိုလ်တွေရဲ့ အလုပ်သာ ဖြစ်ပါတယ်၊ အထက်တန်းစားပုဂ္ဂိုလ်တွေရဲ့ အလုပ်မဟုတ်ပါ၊ ဒါမျိုးကို သန္တုဋ္ဌိ–လို့လဲ မဆိုရပါ။

ဒီလို လူအများက ပညာရေး, စီးပွားရေး, ကျန်းမာရေး, ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းရေးတွေနှင့် ပြည့်စုံကြပါမှ အိမ်ထောင်စုတာဝန်, ဆွေမျိုးမိတ်သင်္ဂဟတာဝန်, ဘာသာရေးတာဝန်, အမျိုးသားရေးတာဝန်, မြို့ပြကျေးရွာတာဝန်, နိုင်ငံတော်ရဲ့ တာဝန် အစရှိတဲ့ ကိစ္စတွေကို စွမ်းစွမ်းတမံ အားသွန်ခွန်စိုက် စိတ်လိုက်မာန်ပါ ဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com

အဲဒီလို လူအများက တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်ကြမှသာ ကမ္ဘာအလယ်မှာ မြန်မာ-ရယ်လို့ ဝင့်ထည်စွာ ရပ်တည်လာနိုင်စရာ ရှိပါတယ်၊ လူတိုင်း လူတိုင်းက ကြိုးစားနိုင်ကြပါစေ-လို့သာ ဆန္ဒပြုရပါတော့တယ်။

လောဘအရှိန်ကို ထိန်းသင့်က ထိန်းပါ

လောကသူလောကသားတွေအတွက် ပစ္စည်းဥစ္စာ ရှာဖွေရာမှာ စိတ်ဓာတ်ညံ့ဖျင်း တွန့်တိုဆုတ်နစ်ခြင်း မဖြစ်စေရ၊ ကိုယ်အားဉာဏ်အား ရှိသမျှ ရှာရမယ်၊ တင်းတိမ်ရောင့်ရဲမှု မရှိစေရ-လို့ ရှေ့က ပြောလာခဲ့ပါတယ်။

အဲဒီ တင်းတိမ်ရောင့်ရဲမှု သန္တုဋ္ဌိ-ဆိုတာဟာ လောဘရဲ့ ဆန့်ကျင်ဘက် အလောဘပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် မလိုချင်မတပ်မက်မှု မဖြစ်စေဘဲ လိုချင်တပ်မက်မှု ရှိနေစေရမယ်-လို့ ဆိုရာ ရောက်နေပါတယ်၊ ဒါပေမယ့် အချို့နေရာမှာ အခြေအနေအားလျော်စွာ လောဘအရှိန်ကို ထိန်းသင့်က ထိန်းရပါတယ်၊ သို့ဖြစ်၍ လောဘအရှိန်ကို ထိန်းနိုင်က ချမ်းသာရပုံ, မထိန်းနိုင်က ပျက်စီးရပုံကို ဆက်လက် ပြောပြပါဦးမယ်။

ဓရူဒပါနဇာတ် [၁]

ရရသမျှ, ရောင့်ရဲက, မုချချမ်းသာ သက်ခန္ဓာ၊
အလွန်တပ်စွဲ, မရောင့်ရဲ, ပြတ်စဲသက်ခန္ဓာ။

သာဝတ္ထိမြို့သား ကုန်သည်တွေက ကုန်တွေကို လှည်းမှာအပြည့် တင်ထားကြပါတယ်၊ ခရီးထွက်ခါနီးမှာ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့ ဘုရားရှင်ကိုပင့်ပြီး သရဏဂုံလဲ ယူကြပါတယ်၊ သီလလဲ ဆောက်တည်ကြပါတယ်၊ ဘုရားရှင်ကို ရှိခိုးပြီး တပည့်တော်တို့က ကုန်ရောင်းရအောင် ခရီးရှည်ထွက်ကြရပါတော့မယ်၊ ကုန်တွေကို ရောင်းချပြီးလို့ အောကင်းရန်ကွာ ပြန်ရောက်လာတဲ့အခါ နောက်ထပ် ရှင်တော်မြတ်တို့ကို ရှိခိုးရပါလိမ့်မယ်-လို့လဲ လျှောက်ထားကြပါတယ်၊ အဲဒီလို ဘုရားရှင်ကို ပင့်ဖိတ်ကာ ကောင်းမှုမင်္ဂလာ ပြုလုပ်ပြီးမှ ခရီးထွက်လာခဲ့ကြပါတယ်။

သူတို့က ကန္တာရခရီးမှာ တွင်းဟောင်းတစ်ခုကို တွေ့ကြပါတယ်၊ "ဒီရေတွင်းမှာ ရေလဲမရှိဘူး၊ တို့ကလဲရေဆာနေကြတယ်၊ တူးကြစို့ရဲ့"လို့ ညှိနှိုင်းတိုင်ပင်ပြီး တူးကြပါတယ်၊ တူးရင်းတူရင်းနဲ့ သလွဲစင်, သလွဲပုပ်, ကြေးပုပ်, ကြေးနီ, ကြောင်မျက်ရွဲတွေကို အထပ်လိုက် အထပ်လိုက် တွေ့ကြပါတယ်၊ သူတို့က တွေ့ရသမျှ ပစ္စည်းတွေနဲ့ပဲ နှစ်သက်ကျေနပ်ကြပါတယ်၊ အဲဒီ ဘဏ္ဍာတွေကို လှည်းနဲ့ တင်ယူလာကြပြီး ချမ်းသာစွာ သာဝတ္ထိမြို့ကို ပြန်ရောက်လာကြပါတယ်။

၁။ ဇာတ်-၄-၂၊ ၂၆၈။

http://www.dhammadownload.com

သူတို့က ယူလာသမျှ ပစ္စည်းတွေကို သိမ်းဆည်းထားကြပြီး ဘုရားရှင်ကို ပင့်လို့ ဆွမ်းလဲ ကျွေးကြပါတယ်၊ မိမိတို့ ပစ္စည်းဥစ္စာရလာပုံကိုလဲ လျှောက်ထားကြပါတယ်၊ အဲဒီလိုလျှောက်ထားတဲ့အခါ ဘုရားရှင်က ဒကာတို့က ရရှိတဲ့ပစ္စည်းဥစ္စာနဲ့ပဲ နှစ်သက် ကျေနပ်ကြပြီး ပမာဏကို သိနားလည်ကြတဲ့အတွက် ပစ္စည်းဥစ္စာကိုလဲ ရခဲ့ကြတယ်၊ အသက်ကိုလဲ ရခဲ့ကြပါတယ်–စသည်ဖြင့် မိန့်ကြားတော်မူပြီး နောက် ကြောင်းကို ပြန်လည်မိန့်ကြားတော်မူပါတယ်။

ဗာရာဏသီမြို့သား လှည်းကုန်သည်ကြီး တစ်ဦးက ဗာရာဏသီမြို့ထွက် ကုန်တွေကို လှည်းမှာအပြည့် တင်ဆောင်ပြီး ကုန်သည်များနှင့်အတူ ကုန်ရောင်း ရအောင် ထွက်လာခဲ့ကြပါတယ်၊ ကန္တာရခရီးလမ်းမှာ ရေမရှိတဲ့ ရေတွင်းဟောင်း တစ်ခုကို တွေ့တာနဲ့ ရေသောက်ရအောင်လို့ တူးကြပါတယ်။

သူတို့က အထပ်အလှာလိုက်နေတဲ့ သလွဲစင်, သလွဲပုပ်, ကြေးပုပ်, ကြေးနီ, ကြောင်မျက်ရွဲတွေကို အဆင့်ဆင့် တွေ့ကြရပါတယ်၊ သူတို့က ရရှိထားတဲ့ရတနာ အများအပြားနဲ့ မရောင့်ရဲ မတင်းတိမ်နိုင်ဘဲ ရလေ–လိုလေ, နက်လာလေအကောင်း တွေ့လာလေ–ဆိုတဲ့သဘောမျိုးနဲ့ မရပ်မဆိုင်းဘဲ အတိုင်းထက်အလွန်သာ တူးနေကြ ပါတော့တယ်၊ "အမောင်တို့ ! လိုချင်မက်မောမှု ဧလာဘ–ဆိုတာဟာ ပျက်စီးခြင်းရဲ့ အကြောင်း ဖြစ်ပါတယ်၊ တို့က ဥစ္စာအများအပြား ရထားကြမှပဲ၊ ဒီလောက်နဲ့ပဲ နှစ်သက်ကျေနပ်ကြပါတော့"လို့ ကုန်သည်ကြီးက ပြောဆိုတားမြစ်ပါတယ်၊ ဒါပေမယ့် မရတော့ပါ၊ တူးမြဲတိုင်းသာ တူးနေကြပါတော့တယ်။

အဲဒီတွင်းဟောင်းကို သိမ်းပိုက်ထားတဲ့ နဂါးက မိမိဗိမာန်ကို ထိခိုက်လာတဲ့ အတွက် အမျက်ထွက်ပြီး ကုန်သည်ကြီးမှတစ်ပါး အကုန်လုံးကို နဂါးအဆိပ်ငွေ့နဲ့ မှုတ်ထုတ်သတ်ပစ်လိုက်ပါတယ်၊ အဲဒီနောက် လှည်းတွေကိုလဲ ပြန်တပ်ခိုင်းပါတယ်၊ ရတနာတွေကိုလဲ လှည်းတွေအပေါ်မှာ အင်ခိုင်းပါတယ်၊ ကုန်သည်ကြီးကိုတော့ လှည်းယဉ်ကလေးပေါ်မှာ အထိုင်ခိုင်းပါတယ်၊ နဂါးလုလင်တွေနှင့်အတူ ဗာရာဏသီ မြို့ကို ရောက်အောင် လှည်းတွေကိုမောင်းပြီး ပို့ပေးလိုက်ပါတယ်။

ဒါကတော့ ဘုရားရှင်က ပြန်လည်ပြီးမိန့်ကြားတော်မူတဲ့ နောက်ကြောင်းပဲ ဖြစ်ပါတယ်။

သာသနာ့ဝန်ထမ်းတွေရဲ့ ရောင့်ရဲမှု

သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေကတော့ အစား, အဝတ်, နေရာထိုင်ခင်းနှင့် ဆေးဝါးဓာတ်စာတွေအတွက် ဒကာဒကာမတွေကိုပဲ မှီခိုနေထိုင်ကြရပါတယ်၊ ဒကာ

http://www.dhammadownload.com

ဒကာမတွေရဲ့ ပေးကမ်းလှူဒါန်းတာနဲ့ပဲ မျှတနေကြရပါတယ်၊ ဒါ့ကြောင့် ခံယူမှု, သုံးဆောင်မှုတွေမှာ အတိုင်းအရှည်ပမာဏကို သိရန် အလွန်အရေးကြီးပါတယ်၊ ကိုယ့်အတွက် မျှတရုံလောက်နဲ့ တင်းတိမ်ရောင့်ရဲရန် လိုပါတယ်၊ ဒါပေမယ့် တရားအားထုတ်တဲ့ နေရာမှာတော့ အရဟတ္တမဂ်ကို မရမချင်း တင်းတိမ်ရောင့်ရဲမှုကို မပြုသင့်ပါ၊ အရဟတ္တမဂ်ကို ရရှိမှသာ သန္တုဋ္ဌိသုခနိဗ္ဗာနဓာတ်ကို ရရှိရန်မှာ သေချာပြီး ဖြစ်တဲ့အတွက် ရောင့်ရဲမှုကို ပြုလိုက ပြုသင့်ပါတယ်။

အလိုကြီးက အရနည်း ၁

ရတာနဲ့ပဲ, မရောင့်ရဲ, လွန်ကဲလိုချင်ပါ၊
ရသင့်သမျှ, ကျိုးဖလ, မုချပျက်စီးရာ။

သာဝတ္ထိမြို့သား ဒကာတစ်ယောက်က ဘိက္ခုနီတွေကို ကြက်သွန်နဲ့ ဖိတ်မံထားပါတယ်၊ ကြက်သွန်ခင်းစောင့်ကိုလဲ ဘိက္ခုနီတစ်ပါးတစ်ပါးအား ကြက်သွန် ၂-စည်း ၃-စည်းလှူရန် မှာထားပါတယ်၊ အဲဒီအချိန်ကစပြီး ကြက်သွန်အလိုရှိတဲ့ ဘိက္ခုနီမတွေက အဲဒီဒကာအိမ်ကိုလဲ သွားတတ်ကြပါတယ်၊ ကြက်သွန်ခင်းကိုလဲ သွားတတ်ကြပါတယ်။

ပွဲလမ်းသဘင်ရှိနေတဲ့ တစ်နေ့မှာ သူ့အိမ်ကိုယူထားတဲ့ ကြက်သွန်တွေ ကုန်သွားပါတယ်၊ ထုလွန်နန္ဒာဘိက္ခုနီက နောက်လိုက်နောက်ပါတွေနှင့်အတူ အိမ်ကိုကြွလာပါတယ်၊ အိမ်မှာကြက်သွန်ကုန်နေပါတယ်၊ ကြက်သွန်ခင်းကို ကြွတော်မူပါ-လို့ လျှောက်ထားလိုက်တယ်-ဆိုရင်ပဲ ကြက်သွန်ခင်းကို ထွက်ကြွလာပါတယ်၊ အတိုင်းအရှည်ကို မသိဘဲ ကြက်သွန်တွေကို နုတ်ယူလာခဲ့ပါတယ်။

ဒါကို တွေ့ရတော့ ကြက်သွန်ခင်းစောင့်က ထုလွန်နန္ဒာဘိက္ခုနီကို ကဲ့ရဲ့ပါတယ်၊ အဲဒီစကားဟာ ဘိက္ခုနီတွေကတစ်ဆင့် ရဟန်းတွေနားကို ရောက်သွားပါတယ်၊ ရဟန်းတော်တွေကတစ်ဆင့် ဘုရားရှင်နားတော်ကို ပေါက်ကြားသွားပါတယ်၊ ဘုရားရှင်က ထုလွန်နန္ဒာဘိက္ခုနီကိုလဲ ကဲ့ရဲ့တော်မူပါတယ်၊ အလိုကြီးမှုဟာ အောက်တန်းကျလှတဲ့အတွက် ရရသမျှနဲ့ နှစ်သက်ကျေနပ်သင့်တယ်၊ ထုလွန်နန္ဒာဘိက္ခုနီမဟာ ရှေးကလဲ အလိုကြီးတဲ့အတွက် ရွှေက ဆုတ်ယုတ်ခဲ့ရပါတယ်၊ အခုလဲ ကြက်သွန်က ဆုတ်ယုတ်ရတော့မှာပဲ-လို့လဲ မိန့်တော်မူပါတယ်၊ တစ်ဆက်တည်းပဲ-

"ဘိက္ခုနီများ ကြက်သွန်မစားရ၊ စားလို့ရှိရင် ပါစိတ်အာပတ်သင့်စေ" လို့လဲ သိက္ခာပုဒ် ပညတ်တော်မူပါတယ်။

၁။ ဝိနယ-၂၊ ၃၃၉။

http://www.dhammadownload.com

ရှေးဆရာများရဲ့ အဆိုအမိန့်

ရောင့်ရဲသိပ်သည်း, ပညာတည်း၍, ပစ္စည်းဥစ္စာ, ရာမရာကို, ထောက်ညာ ဆိုင်တွဲ, ရောင့်ရဲလွယ်ခြင်း, နှလုံးသွင်းလော့။

ဒီလို မုံရွေးဆရာတော်က သန္တုဋ္ဌိမင်္ဂလာရဲ့ သဘောကို မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် သေချာစေ့စပ် သိပ်သည်းကျစ်လစ်စွာ နေထိုင်စားသောက်ခြင်းဆိုတဲ့ ရောင့်ရဲတင်းတိမ်ရမယ့် အရာမှာ ပစ္စည်းဥစ္စာက မိမိနှင့် ရာ,မရာ, လျော်,မလျော် တော်,မတော်, တန်,မတန်-ဆိုတာကို ပညာနဲ့ ထောက်ဆချင့်ချိန် ကြည့်ရှုကာ ရောင့်ရဲလွယ်ခြင်းဟာ သန္တုဋ္ဌိမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်-

ကတ်သတ်ခဲခက်, ရမ္မက်ပိတ်ဆီး, အလိုကြီးက, ကိုယ်ထီးသာတည်း၊ အရုနည်း၍, လက်ချည်းဆတ်ဆတ်, ဖြစ်တို့တတ်၏။ [၁]

ရောင်တိမ်းအပြစ်, ရဟန်းဖြစ်လျက်, နှစ်သက်သောကြောင့်, မရောင့်ရဲနိုင်, လောဘလိုင်မူ, မခိုင်ယွင်းသွေ, ပျက်စီးချေအံ့၊ ရေမြေပိုင်သီး, မင်းဖြစ်ပြီးလျက်, မကြီးမကျယ်, ရောင့်ရဲလွယ်မူ, သိမ်ငယ်ဘုန်းတန်း, ရေသို့ခန်းအံ့။ [၂]

ဥစ္စာမက်မော, လောဘဇော, တောမသတ်က ပျက်တတ်သည်။ [၃]

ဂါရဝေါစ, နိဝါတောစ, သန္တုဋ္ဌိစ, ကတညုတာ ဒီမင်္ဂလာ ၄-ချက်ကို လက်ဖွဲ့နေလေးလုံး မှတ်ရမည်-ဟု သူမြတ်တို့ မိန့်တော်မူကုန်သည်။ [၄]

အတြိစ္ဆာ, မဟိစ္ဆာတိ, အဘိဇ္ဈာမတ်, ဒေါမနသ်ဖြင့်, မပြတ်ဘိစီး, အလိုကြီး၍, ဖြစ်ပြီးကိုတွေး, မဖြစ်သေးကို, ရေးရေးမျော်ဆ, တတောင့်တနှင့်, ကြောင့်ကြစိုးပူ, တတ်သောသူတို့, မီးတူပြောင်ပြောင်, နေ့တိုင်းလောင်လျက်, သားချောင်သွေးခန်း, ကိုယ်မလန်းဘဲ, မကျန်းမမာ, လူသေနာသို့, ရုပ်ဝါမလှ, ဆိုးတတ်ကြ၏၊ ကာလဝတ္တမာန်, ပစ္စုပ္ပန်၌, တော်တန်ရုံစွ, ရသမျှနှင့်, အားရ အမြဲ, ရောင့်ရဲတတ်သူ, ထိုရှင်လူကား, မပူမပင်, လွန်ကြည်လင်ရှင့်။ [၅]

ဒီလိုလဲ မိန့်ဆိုကြပါသေးတယ်။

၂၅။ ကတညုတာ

[ကတ-ပြုဖူးသော သူ့ကျေးဇူးကို+ညူ-သိတတ်သူ၏+တာ-အဖြစ်။] ပြုဖူးသော သူ့ကျေးဇူးကို သိနားလည်မှုဟာ ကတညုတာ မည်ပါတယ်။

၁။ ဩဝါဒထူး-၁၇။ ၂။ သားရွေး-၂၁။ ၃။ သုတရတနာ။
၄။ ကျည်းကန်ရှင်ကြီး။ ၅။ မဃဒေဝ-၄၂၆။

http://www.dhammadownload.com

သူကျေးဇူးကို သိသူ

မိမိအတွက် အကူအညီလိုနေချိန်မှာ ကူညီလုပ်ကိုင်ပေးမှု, ဘေးရန်ကာကွယ်ပေးမှု, အတတ်ပညာသင်ပေးမှု, ဆုံးညြဝါဒပေးမှု, ပစ္စည်းဥစ္စာ ပေးကမ်းထောက်ပံ့မှု-စတဲ့ နည်းတွေနဲ့ ကိုယ်နဲ့ပဲဖြစ်ဖြစ်, နှုတ်နဲ့ပဲဖြစ်ဖြစ်, ပစ္စည်းဝတ္ထုနဲ့ပဲဖြစ်ဖြစ် မိမိအပေါ်မှာ ကူညီထောက်ပံ့ဖူးတဲ့ သူတစ်ပါးတို့ရဲ့ အကျိုးဆောင်မှုကိုပဲ ပြုဖူးတဲ့ သူကျေးဇူး-လို့ ဆိုရပါတယ်။

နည်းများမဟူ သူတစ်ပါးက မိမိအပေါ်မှာ ပြုဖူးတဲ့ ကျေးဇူးကို အောက်မေ့ဆင်ခြင်, သိမြင်ခြင်းကိုတော့ ကတညုတာ-ပြုဖူးတဲ့ သူကျေးဇူးကို သိနားလည်ခြင်း-လို့ ခေါ်ပါတယ်။

ဒါပေမယ့် သိရုံမျှသာ သိနေသူကိုတော့ ကတညူ-သူကျေးဇူးသိသူ-လို့ မဆိုသင့်ပါ၊ သိနားလည်တဲ့အပြင် ကျေးဇူးတုံ့ပြန်တတ်သူမျိုးကိုသာ ကတညူ-သူကျေးဇူးကို သိသူ-လို့ ဆိုသင့်ပါတယ်။

အချို့က မိမိအား အကူအညီပေးဖူးသူ တစ်ယောက်မှာ အကူအညီလိုနေတဲ့အခါ နှုတ်ကသာ ရွှန်းရွှန်းဝေအောင် ပြောဆိုနေပြီး ကိုယ်ထိလက်ရောက် ဘာအကူအညီမျိုးကိုမျှ မပေးဘဲ နေတတ်ပါတယ်၊ အဲဒီလူမျိုးကိုတော့ ကတညူ-သူကျေးဇူးကို သိတတ်သူ-လို့ မဆိုသင့်ပါ၊ အကတညူ-(သူကျေးဇူးကို မသိတတ်သူ) ကျေးဇူးကန်းသူ-လို့သာ ဆိုသင့်ပါတယ်။

အချို့ကတော့ ဒီလို မသိရုံမျှသာ မဟုတ်သေးပါ၊ ကျေးဇူးရှင်ကိုပဲ ဒုက္ခရောက်အောင် လုပ်တတ်ပါသေးတယ်၊ အဲဒီသူမျိုးကိုတော့ ကျေးဇူးရှင်ကို ကျေးစွပ်သူမျိုး, လူဆိုးလူမိုက်-လို့သာ ဆိုသင့်ပါတယ်။

ကျေးဇူးတင် ကျေးဇူးဆပ်[၁]

ရှေးဦးအလျင် ကြိုတင်ကျေးဇူးပြုတတ်သူ, ပြုထားတဲ့ကျေးဇူးကို သိတတ်ထင်ရှားစေတတ် (ပြန်လို့ကျေးဇူးဆပ်တတ်)သူ၊ ဒီပုဂ္ဂိုလ် ၂-မျိုးကို ရဖို့ မလွယ်လှပါ၊ ရဖို့ခဲယဉ်းလှပါတယ်-လို့ ဗုဒ္ဓမြတ်စွာက မိန့်တော်မူထားပါတယ်။

ကြွေးပေးသူ, ကြွေးယူသူ ၂-ဦးအနက် ကြွေးပေးသူက ပေးလိုက်သမျှအကြွေးများမှာ ကြွေးယူသူထံမှာပဲ ကျန်ရှိနေပါတယ်၊ အဲဒါကိုပဲ ကြွေးတင်တယ်-လို့ ဆိုရသလို ကျေးဇူးပြုသူ, ကျေးဇူးအပြုခံရသူ ၂-ဦးအနက် ကျေးဇူးပြုသူက ပြုထားသမျှ

၁။ အံ-၁၊ ၈၆။ ၄-၂၊ ၅၇။ ဇီ-၂၊ ၅၅။

http://www.dhammadownload.com

ကျေးဇူးများမှာ ကျေးဇူးအပြုခံရသူထံမှာပဲ ကျန်ရှိနေပါတယ်၊ ဒါမျိုးကိုပဲ ကျေးဇူးတင်တယ်–လို့ ဆိုရပါတယ်၊ အခုခေတ်မှာ မိမိအကျိုးကို ဆောင်ရွက်ပေးသူအား ကျေးဇူးတင်ပါတယ်ခင်ဗျား–လို့ ပြောဆိုနေကြတာလဲပဲ ဒီသဘောပဲ ဖြစ်ပါတယ်။

ဒါ့အပြင်– ကြွေးယူထားသူက သူယူထားသမျှကြွေးကို ကြွေးရှင်(ကြွေးပေးထားသူ)အား ပြန်ပေးရတာကိုပဲ ကြွေးဆပ်တယ်–လို့ ဆိုရသလို ကျေးဇူးတင်ရှိနေသူက ကျေးဇူးရှင်(ကျေးဇူးပြုထားသူ)အား တုံ့ပြန်ကျေးဇူးပြုတာကိုပဲ ကျေးဇူးဆပ်တယ်–လို့ ဆိုရပါတယ်။

ဒီသဘောကို ရည်ညွှန်းပြီး အဋ္ဌကထာဆရာက ရှေးဦးအလျင် ကြိုတင်ကျေးဇူးပြုသူက ကြွေးပေးမယ်–ဆိုတဲ့ အမှတ်ကို ပြုပါတယ်၊ နောက်ကျေးဇူးတုံ့ပြန် သူက ကြွေးဆပ်မယ်–ဆိုတဲ့ အမှတ်ကိုလဲ ပြုပါတယ်–လို့ မိန့်ဆိုထားပါတယ်။

ဒီရှေးဦးအလျင် ကြိုတင်ကျေးဇူးပြုတတ်သူ, ပြန်လို့ကျေးဇူးဆပ်တတ်သူတို့ကို လူနှင့်ရှင်ရဟန်းလို့ ၂–မျိုးခွဲသင့်ပါတယ်၊ လူတွေမှာ မိဘတွေဟာ ရှေးဦးအလျင် ကြိုတင်ကျေးဇူးပြုသူတွေ ဖြစ်ကြပါတယ်၊ မိဘများကို ပြုစုလုပ်ကျွေးတဲ့ သားသမီးများ, ရှိခိုးမှု–စသည်တို့ကို ပြုလုပ်တဲ့ သားသမီးများကတော့ ပြန်လို့ ကျေးဇူးဆပ်သူတွေ ဖြစ်ကြပါတယ်။

ရှင်ရဟန်းများမှာ ဆရာဥပဇ္ဈာယ်တွေက ရှေးဦးအလျင် ကြိုတင်ကျေးဇူးပြုတတ်သူများ ဖြစ်ကြပါတယ်၊ ဆရာဥပဇ္ဈာယ်တို့ကို ပြုစုလုပ်ကျွေးတဲ့ တပည့်, ရှိခိုးမှု–စသည်တို့ကိုပြုတဲ့ တပည့်တွေကတော့ ပြန်လို့ကျေးဇူးဆပ်သူများ ဖြစ်ကြပါတယ်။

နောက်တစ်မျိုးကတော့ သူများက ကျေးဇူးမပြုခင် ကိုယ့်အပေါ်မှာပြုမယ့်သူများ, ကျေးဇူးကို မမျှော်လင့် မတောင့်တဘဲ ကျေးဇူးပြုတတ်တဲ့ပုဂ္ဂိုလ်က ရှေးဦးအလျင် ကြိုတင်ကျေးဇူးပြုသူ ဖြစ်ပါတယ်၊ ဒီပုဂ္ဂိုလ်မျိုးကို ရခဲပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့– သူများအတွက် ဆောင်ရွက်ပေးရာမှာ ကိုယ့်အတွက် ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲဖြစ်ရတတ်ပါတယ်၊ တဏှာနဲ့ မိမိကို ငဲ့ညှာနေသူက အဲဒီလိုဆင်းရဲမျိုးကို မခံချင်အောင် တဏှာက လွှမ်းမိုးထားတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

သူတစ်ပါးက ပြုဖူးတဲ့ ကျေးဇူးအားလျော်သွာဖြစ်တတ်တဲ့ မိမိအပေါ်မှာ သူတစ်ပါးက ပြုလုပ်ထားတဲ့ ကျေးဇူးကို ကျေးဇူးအနေနဲ့ သိတတ်တဲ့ ပုဂ္ဂိုလ်က ကတညုတကတဝေဒီ–ပြုထားတဲ့ကျေးဇူးကို သိတတ်, ထင်ရှားစေတတ်, ကျေးဇူးဆပ်တတ်သူ

http://www.dhammadownload.com

မည်ပါတယ်၊ ဒီလို ကျေးဇူးပြန်ဆပ်တတ်တဲ့ ပုဂ္ဂိုလ်ကိုလဲ ရခဲပါတယ်၊ ဘာ့ကြောင့်လဲ ဆိုတော့ သတ္တဝါတွေကို အဝိဇ္ဇာက လွှမ်းမိုးထားလို့ အသိဉာဏ်ကွယ်ပျောက်နေတဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

ဒါ့အပြင်– သူက ကိုယ့်အပေါ်မှာ ပြုဖူးတဲ့ကျေးဇူး မရှိပေမယ့် သူ့ကိုချစ်ခင် နေတဲ့အတွက် သူ့စီးပွားကိုလိုလားလို့ သူ့အကျိုးကို ဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်ဟာ ရှေးဦးအလျောင် ကြိုတင်ကျေးဇူးပြုသူ မည်ပါတယ်။

သူပြုဖူးတဲ့ကျေးဇူး ရှိနေတဲ့အတွက် မေတ္တာသက်ဝင် ချစ်ခင်လို့ သူ့အကျိုးကို ပြန်လည်ပြုလုပ်ဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်ကတော့ ကတညုတကတဝေဒီ–ပြန်လို့ ကျေးဇူးဆပ်တတ်သူ မည်ပါတယ်။

ဒါ့အကျိုးကို နောင်အခါ ပြန်လည်ပြုလုပ်ပေးလိမ့်မယ်– အစရှိတာတွေကို မမျှော်လင့် မတောင့်တဘဲ, သူများအကျိုးကို ဆောင်ရွက်ပေးတတ်တဲ့ ပုဂ္ဂိုလ်ဟာ ရှေးဦးအလျောင် ကြိုတင်ကျေးဇူးပြုတတ်သူ ဖြစ်ပါတယ်။

ဒါ့ကျေးဇူးကို ပြန်လည်ပြုလုပ်ပေးလိမ့်မယ်–စတဲ့ဟာတွေကို မျှော်လင့်တောင့် တလို့ ကျေးဇူးပြုတတ်တဲ့ ပုဂ္ဂိုလ်ကတော့ ကတညုတကတဝေဒီပုဂ္ဂိုလ် မည်ပါတယ်။

အမိုက်မှ အလင်းကို သွားမယ့်ပုဂ္ဂိုလ်က ပုဗ္ဗကာရီမည်ပါတယ်၊ အလင်းက အလင်းကို သွားမယ့်ပုဂ္ဂိုလ်က ကတညုတကတဝေဒီ မည်ပါတယ်။

ဟောပြောပို့ချ သင်ပြတတ်တဲ့ပုဂ္ဂိုလ်က ပုဗ္ဗကာရီမည်ပါတယ်၊ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ပုဂ္ဂိုလ်က ကတညုတကတဝေဒီ မည်ပါတယ်။

မြတ်စွာဘုရားက ပုဗ္ဗကာရီ မည်ပါတယ်၊ မြတ်စွာဘုရားရဲ့ တပည့်သာဝကက ကတညုတကတဝေဒီ မည်ပါတယ်။

ဒါတွေက အဘိဓမ္မာအဋ္ဌကထာ(၃၊ ၅၄)မှ ယူပြီး ဋီကာဆရာ ပြဆိုထားချက် တွေပဲ ဖြစ်ပါတယ်။

ဒီပြုဖူးတဲ့သူ့ကျေးဇူးကို သိနားလည်မှုဟာ သူတော်ကောင်းတွေရဲ့ ချီးမွမ်းခံရခြင်း အစရှိတဲ့ အမျိုးမျိုးသော အကျိုးစီးပွားကို ရရှိခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာ မည်ပါတယ်၊ ဒီမျှသာ အဋ္ဌကထာဆရာက မိန့်ဆိုထားပါတယ်။

ပြုဖူးသော သူ့ကျေးဇူးကို မသိသူက ငရဲမှာ ဖြစ်တတ်ပါတယ်၊ ပြုဖူးသော သူ့ကျေးဇူးကို သိတတ်သူက နတ်ပြည်မှာ ဖြစ်တတ်ပါတယ်။ [၁]

၁။ အံ–၁၊ ၅၄၈။

http://www.dhammadownload.com

ဒီဘုရားဟော စကားတော်ကိုထောက်က ပြုဖူးတဲ့ သူ့ကျေးဇူးကို သိမှုဟာ လူပြည်နတ်ပြည်မှာ ဖြစ်ရခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာမည်ပါတယ်–လို့လဲ ဆိုသင့်ပါတယ်။

ကျေးဇူးရှင်ကို ကျေးစွပ်သူ ၁

အသက်ကယ်ထား, ပုဂ္ဂိုလ်အား, ပြစ်မှားမိန်းမ ယုတ်ညံ့လှ၊
သူ့ကိုသတ်စေ, သူမသေ, ကိုယ်သေပါရ ထိုမိန်းမ။

ဗာရာဏသီသူဌေးရဲ့ ဒုဋ္ဌကုမာရီ–ဆိုတဲ့ သမီးတစ်ယောက်ဟာ အမျက်ဒေါသကြီးပါတယ်၊ ကြမ်းကြုတ်ခက်ထန်ပါတယ်၊ အလုပ်သမားတွေကိုလဲ ဆဲရေးရိုက်နှက်တတ်ပါတယ်၊ တစ်နေ့မှာ အခြေအရံတွေက ဂင်္ဂါမြစ်မှာ ရေကစားရအောင် အဲဒီသူဌေးသမီးကို ခေါ်သွားကြပါတယ်။

ရေကစားကြရင်း မိုးကလဲချုပ်လာ, မိုးကလဲရွာလာတဲ့အချိန်မှာ သူဌေးသမီးကို မြစ်ထဲမှာ ထားခဲ့ကြပြီး အဖော်တွေက အပြေးအလွှား ပြန်သွားကြပါတယ်၊ သူဌေးသမီးက အော်ဟစ်မြည်တမ်းကာ ရေစီးကြောင်းမှာ မျောပါလာပါတယ်၊ သန်းခေါင်ယာမ်အချိန်မှာ ဘုရားလောင်းရသေ့ ဈာန်သမာပတ်ဝင်စားနေတဲ့ ကျောင်းနားကို ရောက်လာခဲ့ပါတယ်။

ရသေ့က သူဌေးသမီးကို ဃနားကာနဲ့ ရေထဲက ဆယ်ယူပြီး မီးမွေးပေးထားပါတယ်၊ အချမ်းပြေလာတဲ့အခါ သစ်သီးတွေကို ကျွေးပါတယ်၊ ရသေ့က စုံစမ်းမေးမြန်းကြည့်လို့ အကြောင်းစုံကို သိရတဲ့အခါ သူ့ကို ကျောင်းထဲမှာ ထားခဲ့ပြီး သူကိုယ်တိုင်ကတော့ အပြင်မှာပဲ သွားနေပါတယ်။

၂–ရက် ၃–ရက်ကြာတဲ့အခါ မင်းသွားတော့လို့ ပြန်လွှတ်မေမယ့် သူဌေးသမီးက မသွားတော့ပါ၊ ဒီရသေ့ကို သီလပျက်အောင်လုပ်ပြီး ခေါ်သွားမယ်–ဆိုတဲ့ အကြံနဲ့ ပေကပ်နေပါတယ်၊ ရက်အနည်းငယ်ကြာလာတဲ့အခါ မိန်းမတို့ရဲ့ အမူအရာနှင့် ရသေ့ရဲ့သီလကို ဖျက်ဆီးပစ်လိုက်ပါတယ်၊ ဈာန်အဘိညာဉ်ကိုလဲ ကွယ်ပျောက်စေပါတယ်။

သူဌေးသမီးရဲ့ ပြောစကားနဲ့ပဲ ရသေ့လူထွက်က သူဌေးသမီးကို ခေါ်ပြီး ကျေးလက်တောရွာ တစ်ရွာကို လာခဲ့ပါတယ်၊ ရက်တက်ရောင်းပြီး သူဌေးသမီးကို ကျွေးမွေးနေပါတယ်၊ ဒါနဲ့ပဲ သူ့ကို လူတွေက တက္ကပဏ္ဍိတ–လို့ အမည်ပေးထားကြပါတယ်၊ နောက်တစ်ချိန်မှာ ရွာသူရွာသားတွေက တက္ကပဏ္ဍိတကို ငါတို့အား ကောင်းတဲ့

http://www.dhammadownload.com

သတင်းစကား, မကောင်းတဲ့သတင်းစကားကို ပြောကြားကာ ဒီမှာပဲ နေပါတော့လို့ ပြောဆိုကြပြီး ရွာတံခါးနားက အိမ်ကလေးတစ်ဆောင်မှာ နေစေကြပါတယ်၊ လစာ ရိက္ခာကိုလဲ ပေးထားကြပါတယ်။

အဲဒီအချိန်မှာ ခိုးသားဓားပြတွေက တောင်ပေါ်က ဆင်းလာပြီး ကျေးလက် တောရွာကို လုယူတိုက်ဖျက်ကြပါတယ်၊ ရွာသူရွာသားတွေကိုလဲ ရသမျှဘဏ္ဍာကို လိုက်ပို့ခိုင်းကြပါတယ်၊ ကိုယ့်နေရာကို ရောက်တဲ့အခါ လူတွေကို ပြန်လွှတ်လိုက် ပေမယ့် တက္ကပဏ္ဍိတရဲ့မိန်းမကိုတော့ ခိုးသူကြီးက ရွေးကောက်သိမ်းပိုက်ထားလိုက် ပါတယ်။

အဲဒီကျေးဇူးရှင်ကို ကျေးစွပ်လိုတဲ့ မိန်းမက "အခုရရှိထားတဲ့ချမ်းသာ မပျက်စီး ရအောင် ငါက ချစ်ခင်မြတ်နိုးဟန်ဆောင်ကာ တက္ကပဏ္ဍိတကို ခေါ်ယူပြီး အသတ် ခိုင်းရတော့မယ်" ဆိုတဲ့အကြံနဲ့ လူတစ်ယောက်ကိုခေါ်ပြီး "ငါက ဒီမှာ ဆင်းဆင်း ရဲရဲ နေရတယ်၊ ငါ့ကို လာခေါ်လှည့်ပါ"လို့ တက္ကပဏ္ဍိတထံ သတင်းစကား ပို့လိုက် ပါတယ်။

သတင်းရလို့ လိုက်လာတဲ့ တက္ကပဏ္ဍိတကို "အခု တို့ ၂-ယောက် ထွက်သွားရင် ခိုးသူကြီးရဲ့ လိုက်လံသတ်ဖြတ်မှုကို ခံရလိမ့်မယ်၊ ညဉ့်အချိန်ကျမှ တိတ်တဆိတ် သွားကြစို့ရဲ့-လို့ ပြောပြီး ဂိုဒေါင်ထဲမှာ နေစေပါတယ်၊ ညဉ့်အခါ ခိုးသူကြီး အရက် မူးလာချိန်မှာ သင့်ရန်သူဖြစ်တဲ့ တက္ကပဏ္ဍိတဟာ ဂိုဒေါင်ထဲမှာ ရှိနေတယ်-လို့ ပြောပြလိုက်ပါတယ်။

ခိုးသူကြီးက ဂိုဒေါင်ထဲကို သွားပြီး တက္ကပဏ္ဍိတကို ဖမ်းယူလာပါတယ်၊ အိမ်အလယ်မှာ လှဲပြီး အလိုရှိသလောက် ထုထောင်းရိုက်နှက်ပါတယ်၊ အရိုက်ခံရတိုင်း တက္ကပဏ္ဍိတက အခြားဘာစကားကိုမျှ မပြောဆိုဘဲ "မိန်းမ-ဆိုတာ အမျက်ထွက် တတ်ပါတယ်၊ ပြုဖူးသော သူ့ကျေးဇူးကိုလဲ မသိတတ်ပါ၊ ရန်တိုက်မှုကိုလဲ ပြုတတ် ပါတယ်၊ အဆွေခင်ပွန်းကိုလဲ ပြစ်မှားတတ်ပါတယ်"၊ ဒီစကား ၄-ခွန်းမျှကိုသာ ပြောဆိုနေပါတယ်။

ခိုးသူကြီးက အိပ်ရာက တစ်ရေးနိုးလို့ အရက်မူးပြေလာတဲ့အခါ တက္ကပဏ္ဍိတကို ရိုက်စပြုပြန်တယ်၊ တက္ကပဏ္ဍိတတကလဲ အဲဒီစကား ၄-ခွန်းကိုပဲ ပြောဆိုနေပါတယ်၊ ဒီတော့ ခိုးသူကြီးက ဒီလူဟာ အရိုက်ခံရတိုင်း ဒီစကား ၄-ခွန်းကိုချည်း ပြောဆို နေတယ်၊ သူ့ကို မေးမြန်းကြည့်ဦးမှပဲ-လို့ စဉ်းစားပြီး အဲဒီအမျိုးသမီး အိပ်ပျော်နေ ချိန်မှာ စုံစမ်းမေးမြန်းကြည့်ပါတယ်။

ဒီတော့ နောက်ကြောင်းကို မခြွင်းမချန် ပြန်လှန်ပြောပြတဲ့ တက္ကပဏ္ဍိတရဲ့ စကားကို ကြားရတဲ့အခါ "ဒီမိန်းမဟာ ဒီလိုကျေးဇူးပြုထားတဲ့ ကျေးဇူးရှင်ကိုဆောင်မှ ပြစ်မှားသေးတာပဲ၊ ငါ့ဘေးရန်ကိုလဲ မလွဲသေချာ ပြုလုပ်လာလိမ့်မယ်၊ ဒီအကောင်မ

http://www.dhammadownload.com

ကိုတော့ သတ်ပစ်မှ ဖြစ်တော့မယ်"ဆိုတဲ့အကြံနဲ့ အဲဒီမိန်းမကို အိပ်ရာက နှိုးလိုက်ပါတယ်၊ လာဟော့– ဒီလူကို သတ်ကြရအောင်–လို့ ရွာပြင်ကို ခေါ်ထုတ်သွားပြီး တက္ကပဏ္ဍိတကို မသတ်ဘဲ အဲဒီမိန်းမကိုပဲ သတ်ပစ်ထားခဲ့ပါတယ်။

တက္ကပဏ္ဍိတကို အိမ်သို့ပြန်ခေါ်လာကာ ၂–ရက် ၃–ရက်လောက် ကျွေးမွေးထားပြီး အခု ဘယ်ကိုသွားလိုပါသလဲ?–လို့ မေးပါတယ်၊ ရသေ့ရဟန်းလုပ်ပြီး တောမှာပဲ နေလိုပါတယ်–လို့ ပြောပြပါတယ်၊ ဒီစကားကို ကြားရတော့ ကျုပ်လဲ ရသေ့ရဟန်းပြုလိုပါတယ်–လို့ ခိုးသူကြီးက ပြောပြပါတယ်၊ ၂–ဦးလုံးပဲ ရသေ့ရဟန်းပြုလုပ်ပြီး တက္ကပဏ္ဍိတနေလာခဲ့တဲ့ တောအုပ်ကို သွားကြပါတယ်၊ ဈာန်အဘိညာဉ်ကိုလဲ ရအောင်အားထုတ်ကြပါတယ်၊ စုဆောမနေ သေလွန်သွားတဲ့အခါ ၂–ဦးလုံး ဗြဟ္မာ့ပြည်ကို ရောက်ကြရပါတယ်။

ဒီဝတ္ထုမှာ ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ မိန်းမက ဒီဘဝမှာပဲ သေခြင်းဆိုးနဲ့ သေရတဲ့အပြင် သေပြီးတဲ့နောက်မှာလဲ ဒေါသစိတ်နဲ့ပဲ သေဆုံးသွားရတဲ့အတွက် ငရဲကို မလွဲမသွေ ရောက်ရပါလိမ့်မယ်။

သိကြားမင်း ကျေးဇူးဆပ်ပုံ [၁]

မင်္ဂိုလ်လဲရ, စုတော့က, ဖြစ်ရသိကြားပျို၊
သိကြားမင်းမြတ်, ကျေးဇူးဆပ်, ရွက်လတ် မစင်အိုးတွေကို။

ဗုဒ္ဓမြတ်စွာ အာယုသခ်ၤါရလွတ်ပြီးတဲ့ နောက်ပိုင်းမှာ ဝမ်းသွေးသွန်ရောဂါ ဖြစ်နေပါတယ်၊ ဒီအကြောင်းကို သိရတော့ သိကြားမင်းက မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး ခြေတော်တို့ကို သုံးသပ်ဆုတ်နယ်ပေးနေပါတယ်။

ခြေတော်တို့ကို ဆုပ်နယ်နေသူဟာ သိကြားဖြစ်တယ်–ဆိုတာကို သိရတော့ ဘုရားရှင်က ငါ့မှာ သူနာပြုအလုပ်အကျွေးရဟန်း အရှိသားပဲ၊ ပြန်သွားပါ–လို့ အမိန့်ရှိပေမယ့် သိကြားမင်းက မပြန်ပါ၊ "တပည့်တော်ကလဲ လုပ်ကျွေးပါ့မယ် ရှင်တော်မြတ်ဘုရား–လို့ လျှောက်ထားပြီး ဗုဒ္ဓမြတ်စွာ ကိုယ်လက်သုတ်သင်ထားတဲ့ အညစ်အကြေးအိုးကို "နံ့သာအိုးကို ရွက်သလို" ခေါင်းနဲ့ရွက်ကာ ထုတ်ဆောင်သွားပါတယ်၊ မျက်နှာရှုံ့ခြင်း, တွန့်ခြင်းမျှကိုပင် မပြုပါ၊ ဒီလို မြတ်စွာဘုရားကို လုပ်ကျွေးနေပြီး မြတ်စွာဘုရား သက်သာလာမှ ပြန်သွားပါတယ်။

ဗုဒ္ဓမြတ်စွာက ဣန္ဒသာလလိုဏ်ဂုဟာမှာ သီတင်းသုံးနေတော်မူတဲ့အခါ သေဘေးမှ ကြောက်ရွံ့ထိတ်လန့်တဲ့အတွက် ပဉ္စသိခနတ်သားကို ရှေ့ဆောင်ရှေ့ရွက်လုပ်ကာ

၁။ ဓ–၄–၂၊ ၁၇၅။

http://www.dhammadownload.com

သိကြား မင်းက ဘုရားရှင်ထံကို ဆိုက်ရောက်လာပါတယ်၊ နတ်ပရိသတ်အလယ်မှာ ထိုင်ပြီး ဘုရားရှင်ထံမှ ခွင့်ပြုချက်ရတယ်–ဆိုရင်ပဲ မိမိယုံမှားသံသယရှိနေတာတွေကို လျှောက်ထားပါတယ်၊ ဘုရားရှင်ကလဲ သိကြားမင်းရဲ့ ယုံမှားသံသယကို ပယ်ဖျောက်ကာ တရားဟောတော်မူပါတယ်၊ တရားတော်ရဲ့အဆုံးမှာ သတ္တဝါပေါင်း ၁၄–ကုဋေတို့က သစ္စာ ၄–ပါးတရားကို ထိုးထွင်းသိမြင်ကြပါတယ်၊ သိကြားမင်းကလဲ ထိုင်နေရင်းပဲ သောတာပတ္တိဖိုလ်သို့ ရောက်ပါတယ်၊ သိကြားအိုဘဝက သိကြားပျိုဘဝသို့လဲ ရောက်သွားပါတယ်။

ဒီလို ဘုရားရှင်က သိကြားမင်းအပေါ်မှာ ကျေးဇူးအများကြီး ပြုဖူးပါတယ်၊ ဒါ့ကြောင့် သိကြားမင်းက ဘုရားရှင့်အပေါ်မှာ ချစ်ခင်မြတ်နိုးနေပါတယ်၊ ခြေဆုပ်လက်နယ်ပြုပြီး မစင်အိုးကို ခေါင်းနဲ့ရွက်ကာ ထုတ်ဆောင်ပေးတဲ့အထိ ကျေးဇူးဆပ်မှုကို ပြုရပါတယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

တင်ခြင်းလွန်ကျူး, ထိုကျေးဇူးကို, အထူးသိစေ။

ဒီလို မုံရွေးဆရာတော်က ကတညုတာမင်္ဂလာရဲ့ သဘောကို မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် အလွန်ကျေးဇူး တင်ပေဖူးသော သူတစ်ပါး၏ကျေးဇူးကို ထူးထူးခြားခြား သိနားလည်ခြင်းဟာ ကတညုတမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

သူ့ကျေးဇူးကိုသိမှ စည်းစိမ်တည်သည်၊ လာမည့်ဘေးကို အဝေးကမြင်မှ အသက်ရှည်ရာသည်။ [၁]

တင်ပေဖူးသည့်, ကျေးဇူးရှိလျက်, အဆပ်ခက်။ [၂]

အဝတ်အစား အသုံးအဆောင် အဆောက်အအုံ ပြုစုကျွေးမွေး ပေးကမ်းစားသောက်ရသည် မှန်စေ၊ သူ့ကျေးဇူးကို သိခဲသည်။ [၃]

သူယုတ်တို့သဘောကား များစွာပင်ပေးသော်လည်း ကျေးဇူးကို မသိမထင်ရာ၊ အပြစ်ကိုသာ ရှာပေတတ်ရကား မြွေနဂါးတို့မှာ ဃနာထောပတ် မြိန်မြတ်ရသာ ကျွေးမွေးပါငြားလည်း အဆိပ်ပွားသကဲ့သို့ တရားထုံးပုံ ရှိချေသည်။ [၄]

ရှေးကတင်ဖူး, သူ့ကျေးဇူး, အထူးဆပ်မှသာ၊
ကျေးဇူးသိက, ဖြစ်သမျှ, နှစ်ဝသုခိတာ၊

၁။ ကန်တော်မင်းကျောင်း။ ၂။ တောင်ဘီလာ။
၃။ ပေါက်ကံမောင်ချို။ ၄။ လုံးတော်ဆရာတော်။

http://www.dhammadownload.com

ကျေးဇူးချေပစ်, တရားလစ်, နှမ်းညစ်စည်းစိမ်ဟာ၊
ကျေးဇူးမပစ်, စည်းစိမ်ဖြစ်, ဆန်းသစ်လပမာ၊
တစ်နေ့ထက်ကို, တစ်နေ့ပို, မောက်မိုဘုန်းသမ္ဘာ။ [၁]

အကျင့်သွမ်းက, ဘုန်းတန်းပျောက်သည်၊
သစ္စာမမှန်က, ရန်မာန်မြောက်သည်၊
သူ့ကျေးဇူးကို အထူးသိမှ, စည်းစိမ်တည်သည်၊
လာမည့်ဘေးကို အဝေးကမြင်မှ အသက်ရှည်သည်၊
သူအကျိုးကို လိုမှ, ကိုယ့်မှာ အကျိုးရောက်သည်။ [၂]

သူ့ကျေးဇူးကို အထူးသက်လုံးသိ၊
ကတိကိုလည်း မြဲလှစေ၊
သတိကိုလည်း စွဲနိုင်စေ။ [၂]

မေတ္တာရှေးဦး, ပြုပေဖူးကို, ကျေးဇူးသိမှ, ကတညူတည့်၊ ထိုသူထက်ပင်, ကျေးဇူးအင်ကို, ထင်ထင်မချွတ်, ပြောဆိုတတ်က, သူမြတ်မှန်လှ, ကတဝေဒီ, ဟူတုံပြိုရှင့်၊ လောကီလူစု, မြတ်ဉာဏ်နုတို့, သူပြုအထူး, သူ့ကျေးဇူးကို, ကြည်နူးဝမ်းမြောက်, မခေါက်မရက်, နှစ်သက်အင်ရွဲ, သိတတ်ခဲ၏။ [၃]

ကြောင်းကျိုးမသိ, လူဒိဋ္ဌကား, မိုးရိုလောက်စင်, ပြုပါချင်လျက်, မတင်ကျေးဇူး, ဖျောက်ထိမ်မြှုး၏၊ အထူးကြီးလှ, စကြဝဠား, စည်းစိမ်ပေးလည်း, မိုက်မှေးမောဟ, ကြီးလောဘနှင့်, အားရမယို, ပြစ်မှားဘိ၏။ [၄]

ငှက်ပျောလက်ပံ, နှစ်မဆံသို့, နူတ်သံချိုပျား, စိတ်သံမြားနှင့်, ထွေပြားနှလုံး, လူမိုက်ထုံးကား, မသုံးသစ္စာ, ကျင့်တတ်စွာ၏၊ ရှေ့မှာတစ်သွယ်, ကွယ်သော်တစ်ဝ, တစ်ချို့ကမူ, စားရဝမ်းသာ, စေပါဝမ်းနည်း, ကျော့ကျည်းမူနည်, ကွေ့လည်ကောက်ကျစ်, ကျင့်ညစ်သဘော, ဖြောင့်မချောဘူး၊ ရေမျောထင်းယောင်း, ဆယ်သော်ကောင်း၏၊ အကြောင်းမည်ဟု, ပြုတတ်စွာသည့်, ပညာမဲ့ထ, လူဗာလကို, မ-စကယ်မိ, အပြစ်ရှိခဲ့၊ မသိကျေးဇူး, ထိမ်မြှုးဖျောက်ချေ, ကြက်သောက်ရေသို့, ပျောက်ကျေဆုံးဘိ, ကျိုးမရှိတည့်။ [၅]

ဒီလိုလဲ မိန့်ဆိုထေားကြပါသေးတယ်။

၁။ သုတရတနာ။ ၂။ ကျည်းကန်ရှင်ကြီး။
၃။ မယဒေဝ-၂၅၅။ ၄။ ၄င်း-၂၀၈။ ၅။ ၄င်း-၂၀၉။

http://www.dhammadownload.com

၂၆။ ကာလေန ဓမ္မသဝဏ်

[ကာလေန-သင့်တော်တဲ့အခါ၌+ဓမ္မသဝဏ်-တရားနာခြင်း။]

သင့်တော်တဲ့ အခါမှာ တရားနာခြင်း

စိတ်ပျံ့လွင့်နေတဲ့အခါမျိုး, ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက် ၃-မျိုးထဲက တစ်မျိုးမျိုးရဲ့ လွှမ်းမိုးနှိပ်စက်မှုကို ခံရတဲ့အခါမျိုးမှာ စိတ်ပျံ့လွင့်မှုနှင့် ကာမဝိတက်-စသည်တို့ကို ပယ်ဖျောက်ရအောင် တရားနာခြင်းဟာ သင့်တော်တဲ့ အခါမှာ တရားနာခြင်းမျိုး ဖြစ်ပါတယ်။ ၄။

အဲဒီအထဲမှာပါလာတဲ့ ကာမဝိတက်-ဆိုတာက ကာမနှင့်စပ်ယှဉ်တဲ့ အကြံအစည်မျိုး ဖြစ်ပါတယ်၊ ဗျာပါဒဝိတက်-ဆိုတာက သူတစ်ပါး၏အကျိုးမဲ့နှင့်စပ်ယှဉ်တဲ့ အကြံအစည်မျိုး ဖြစ်ပါတယ်၊ ဝိဟိံသာဝိတက်-ဆိုတာက သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်ခြင်းနှင့် စပ်ယှဉ်တဲ့ အကြံအစည်မျိုး ဖြစ်ပါတယ်။

အဲဒီ ၃-မျိုးထဲက ကာမဝိတက်နှင့် ဗျာပါဒဝိတက်တို့ဟာ သက်ရှိသတ္တဝါတွေမှာလဲ ဖြစ်တတ်ပါတယ်၊ သက်မဲ့အရာဝတ္ထုတွေမှာလဲ ဖြစ်တတ်ပါတယ်၊ ချစ်ခင်စရာ, မြတ်နိုးစရာကောင်းတဲ့ သတ္တဝါနှင့် အရာဝတ္ထုတွေကို ကြဲတဲ့ပုဂ္ဂိုလ်မှာ ကာမဝိတက် ဖြစ်ပါတယ်၊ ချစ်ခင်စရာ, မြတ်နိုးစရာမကောင်းတဲ့ သတ္တဝါနှင့် အရာဝတ္ထုတွေကို အမျက်ထွက်လို့ ကြည့်တဲ့အချိန်ကစပြီး ပျက်စီးတဲ့အချိန်အထိ ဗျာပါဒဝိတက် ဖြစ်ပါတယ်။

ဝိဟိံသာဝိတက်ကတော့ သက်မဲ့အရာဝတ္ထုတွေမှာ မဖြစ်ပါဘူး၊ ဘာ့ကြောင့်လဲ ဆိုတော့- ဆင်းရဲဒုက္ခရောက်စေသင့်တဲ့ သက်မဲ့အရာဝတ္ထုလို့ မရှိတဲ့အတွက်ကြောင့် ပါပဲ၊ အမှန်မှာ ဒီသတ္တဝါတွေဟာ အသတ်အဖြတ် ခံကြရပါစေ၊ ပျက်စီးသေဆုံးကြပါစေ၊ မဖြစ်ကြပါစေနှင့်လို့ ကြံစည်တဲ့အခါ သတ္တဝါတွေမှာသာ ဝိဟိံသာဝိတက် ဖြစ်ပါတယ်။ [၁]

ဘုရားတပည့်တော်တို့က ၅-ရက်တစ်ကြိမ် ၅-ရက်တစ်ကြိမ် ညလုံးပေါက် တရားစကားပြောကြားဆွေးနွေးနေကြပါတယ်-လို့ အရှင်အနုရုဒ္ဓါက မြတ်စွာဘုရားအား လျှောက်ထားတဲ့ စကားကို အထောက်အထားပြုကာ ၅-ရက်တစ်ကြိမ် တရားနာခြင်းဟာ သင့်တော်တဲ့အခါမှာ တရားနားခြင်းဖြစ်တယ်-လို့ အပရေဆရာတို့က မိန့်ဆိုထားကြောင်းကိုလဲ အဋ္ဌကထာဆရာက ပြဆိုထားပါတယ်။

ဓမ္မဒေသနာ အနုညာတာ-ဆိုတဲ့ ပုဒ်ကို တစ်လမှာ ၈-ကြိမ် တရားဟောခြင်းကို ခွင့်ပြုတယ်-လို့ အဋ္ဌကထာဆရာက ဖွင့်ဆိုထားပါတယ်၊ [၂] ဒါကိုပဲ အထောက်

၁။ ဒီဃ-၁-၃၊ ၁၆၈။ ၂။ အံ-၁-၂၊ ၈၉။

http://www.dhammadownload.com

အထား ပြုပြီး ၅-ရက်, ၈-ရက်, ၁၄-ရက်, ၁၅-ရက်-လို့ လဆန်းပက္ခမှာ ၄-ကြိမ်, လဆုတ်ပက္ခမှာ ၄-ကြိမ်အားဖြင့် တစ်လမှာ ၈-ရက် တရားနာခြင်းဟာလဲ သင့်တော်တဲ့ အခါမှာ တရားနာခြင်းမျိုး ဖြစ်တယ်-လို့ မိန့်ဆိုကြပါသေးတယ်။

ဘုရားရှင်ပွင့်တော်မမူမီ ရှေးအခါမှာရော, ဘုရားရှင်ပွင့်တော်မူပြီးတဲ့နောက် ပရိနိဗ္ဗာန်ဝင်စံတော်မမူမီအခါမှာရော ၅-ရက်ကို မဲသတ်မှတ်ခဲ့ကြပါ၊ မည်သည့် ပါဠိတော်မှာမှလဲ မပါရှိပါ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီး နောက်ပိုင်းကို ရောက်လာမှသာ ပိဋကတ် ၃-ပုံကို သံဂါယနာတင်တော်မူကြတဲ့ မထေရ်တွေက တရားကို မကြာမကြာ ကြားနာလိုတဲ့ ဆန္ဒနဲ့ ၅-ရက်ကိုလဲ တရားနာရက်-လို့ သတ်မှတ်ထားကြပါတယ်။ [၁]

အမှန်ကတော့ မိတ်ဆွေကောင်းကို ချဉ်းကပ်ပြီး မိမိရဲ့ယုံမှားကို ပယ်ဖျောက် တတ်တဲ့ တရားစကားကို ကြားနာနိုင်တဲ့ အခါမှာပဲ တရားနာခြင်းဟာ သင့်တော်တဲ့ အခါမှာ တရားနာခြင်း မည်ပါတယ်၊ ဒါ့ကြောင့် ဘုရားရှင်က—

> ဗဟုသုတရှိတဲ့ရဟန်းကို ချဉ်းကပ်ပြီး ဒီပါဠိက ဘယ်လိုပါလဲ ? ဒီပါဠိရဲ့ အနက်က ဘယ်လိုပါလဲ ?-လို့ မေးမြန်းဆွေးနွေးသူအား အဲဒီဗဟုသုတရှိတဲ့ ရဟန်းက မထင်ရှားတာကိုလဲ ထင်ရှားအောင်ပြောပေးပါတယ်၊ မပေါ်လွင်တာကိုလဲ ပေါ်လွင်အောင် လုပ်ပေးပါတယ်၊ များလှတဲ့ ယုံမှားစရာဌာနတွေမှာလဲ ယုံမှားကင်းပျောက်အောင် လုပ်ပေးပါတယ်။ [၂]

ဒီလို ဟောတော်မူထားပါတယ်။

ဒီစကားရပ်က တရားနာရန် ရက်ရွေးနေစရာ မလိုပါ၊ ဘယ်ရက်မှာမဆို တရားနာသင့်ပါတယ်၊ တရားမနာသင့်တဲ့ရက်ရယ်-လို့ မရှိပါ၊ တရားဟောမယ့် ပုဂ္ဂိုလ် အဆင်သင့်ရှိနေပြီး မိမိကိုယ်တိုင်ကလဲ အားလပ်ခွင့်ရတဲ့အချိန်ဟာ တရားနာရန် သင့်တော်တဲ့အခါ ဖြစ်တယ်-ဆိုတာကို ဖော်ညွှန်းနေပါတယ်။

ဒီသင့်တော်တဲ့အခါမှာ တရားနာခြင်းဟာ နိဝရဏတို့ကိုပယ်ခြင်း, ၄-ပါးသော အာနိသင်ကိုရခြင်း, အာသဝက္ခယကိုရခြင်း အစရှိတဲ့ အမျိုးမျိုးသော အကျိုးထူးကို ရခြင်းရဲ့အကြောင်း ဖြစ်တဲ့အတွက် ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာဖြစ်ပါတယ်။

တရားနာခြင်း၏ အာနိသင် ၄-ပါး [၃]

ဒီအထဲမှာပါလာတဲ့ အာနိသင် ၄-ပါး-စသည်တို့ကို သိသာရုံ ပြောပြပါဦးမယ်။

၁။ မဇ်-၅-၁၊ ၁၂၃။ ၂။ အံ-၁၊ ၁၁၅။ ၃။ အံ-၁၊ ၅၀၄။

http://www.dhammadownload.com

၁။ တရားတော်ကို စိတ်ပါဝင်စားစွာ ကြားနာသင်ယူထားတဲ့ သီလရှိသူက ပုထုဇဉ်ဘဝနဲ့ပဲ သေသွားရင် နတ်ပြည်တစ်ခုခုမှာ ဖြစ်ရပါတယ်၊ အဲဒီ ဖြစ်ရာနတ်ပြည်မှာ ချမ်းသာသုခကို ရရှိတဲ့အခါ ရှေးဘဝက ကြားနာလေ့လာထား ခဲ့တဲ့ တရားအစုတွေ ထင်လာတာနဲ့ပဲ အဲဒီပုဂ္ဂိုလ်ဟာ လျင်မြန်စွာ တရားထူးကို ရရှိပါတော့တယ်။

၂။ အဲဒီတရားအစုတွေ မပေါ်လွင်မထင်ရှားရင်လဲ အရဟတ္တဖိုလ်ကို ရပြီးတဲ့ တန်ခိုးကြီးသော နတ်သားတစ်ဦးဦးရဲ့ တရားစကားကို ကြားနာရလို့ မိမိကျင့်လာတဲ့ အကျင့်တွေကို ဆင်ခြင်မိတဲ့အခါ တရားထူးကို ရနိုင်ပါတယ်။

၃။ အရဟတ္တဖိုလ်ကို ရပြီးတဲ့ နတ်သားရဲ့ စကားကို မကြားနာရရင်လဲ ဓမ္မကထိကနတ်သား တစ်ဦးတစ်ယောက်ရဲ့ စကားကို ကြားနာရလို့ မိမိကျင့်လာတဲ့ အကျင့်တွေကို ဆင်ခြင်မိတဲ့အခါ တရားထူးကို ရနိုင်ပါတယ်။

၄။ ဓမ္မကထိကနတ်သားရဲ့ စကားကို မကြားနာရရင်လဲ ရှေးဦးစွာ ဖြစ်နေနှင့်တဲ့ နတ်သားက နောက်မှဖြစ်လာတဲ့ နတ်သားကို ရှေးကကျင့်လာခဲ့တဲ့ အကျင့်ကို အောက်မေ့ခိုင်းလို့ အောက်မေ့သတိရရုံနဲ့ပဲ တရားထူးကို ရနိုင်ပါတယ်။

သင့်လျော်သောအခါ တရားနာရခြင်းအကျိုး ၁

၁။ သေခါနီးမှာ ဘုရားရှင်ရဲ့ တရားစကားကို ကြားနာရလို့ အနာဂါမိဖိုလ်ကို ရရှိခြင်း၊

၂။ သေခါနီးမှာ ဘုရားတပည့်ရဲ့ စကားကို ကြားနာရလို့ အနာဂါမိဖိုလ်ကို ရရှိခြင်း၊

၃။ သေခါနီးမှာ ကြားနာသင်ယူဖူးတာကို စိတ်နဲ့ဆင်ခြင်လို့ အနာဂါမိဖိုလ်ကို ရရှိခြင်း၊

၄။ သေခါနီးမှာ ဘုရားရှင်ရဲ့တရားကိုနာရလို့ အရဟတ္တဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း၊

၅။ သေခါနီးမှာ ဘုရားတပည့်ရဲ့တရားကိုနာရလို့ အရဟတ္တဖိုလ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း၊

၆။ သေခါနီးမှာ ကြားနာသင်ယူဖူးတဲ့တရားကို စိတ်နဲ့ဆင်ခြင်လို့ အရဟတ္တဖိုလ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း။

ဒီပါဠိတော်ကို ထောက်ပါက သင့်တော်တဲ့အခါ–ဆိုတာဟာ ပြောလာခဲ့တဲ့ အခါများနှင့် သေခါနီးအခါပဲ ဖြစ်ပါတယ်။

၁။ အံ–၂၊ ၃၃၅။

http://www.dhammadownload.com

တရားနာခြင်းအကျိုး ၅-ပါး [၁]

၁။ မကြားဘူးသေးသည်ကို ကြားနာရခြင်း,
၂။ ကြားဖူးသည်ကို စင်ကြယ်စေခြင်း,
၃။ ယုံမှားကင်းပျောက်ခြင်း,
၄။ အယူကို ဖြောင့်မတ်စေခြင်း,
၅။ စိတ်ကြည်လင်ခြင်း။

ကာတိယာနီ [၂]

အိမ်မှာခိုးသား, ဝင်ခိုးငြား, တရားအာရုံမဖျက်ပါ၊
သက်ဘေးလွတ်လျက်, ရရှိမင်္ဂ, ခိုးဝှက်ဥစ္စာ ပြန်ရလာ။

ကုရရဃရပြို့သူ ကာတိယာနီဟာ တစ်မြို့တည်းနေသူ ကာဠိရဲ့ ချစ်ကျွမ်းဝင်တဲ့ သူငယ်ချင်း ဖြစ်ပါတယ်၊ အမိသောတာပန်ဖြစ်သူကာဠိက သားဖြစ်သူ ကုဋိကဏ္ဍသောဏထေရ်ကို မြတ်စွာဘုရားအား ဟောပြလာခဲ့တဲ့ နည်းအတိုင်း တရားဟောတော်မူရန် လျှောက်ထားပါတယ်၊ မြို့အလယ်မှာလဲ တင့်တယ်စွာ တန်ဆာဆင်ကာ တရားဟောမယ့်နေရာကို ပြုလုပ်ခိုင်းထားပါတယ်၊ ညဘက်မှာ ကုဋိကဏ္ဍသောဏထေရ်က တရားဟောနေရာမှာထိုင်ပြီး အမိကိုပဓာနပြုကာ တရား စဟောမယ်-လို့ လုပ်နေပါတယ်၊ အဲဒီအချိန်မှာပဲ ကာတိယာနီဥပါသိကာမက ကာဠိနှင့်အတူ တရားနာရအောင် သွားဖြီး ပရိသတ်အစွန်မှာ တရားနာရင်း ရပ်နေပါတယ်။

အဲဒီအချိန်မှာ ခိုးသား ၅၀၀-တို့က မြို့တွင်းမှာ နေ့ဘက်က ပြုလုပ်ထားခဲ့တဲ့ အမှတ်အသားနဲ့ အစွန်ကစပြီး ဥမင်လိုဏ်ခေါင်းတူးလာလို့ ကာတိယာနီရဲ့ အိမ်ကို ရောက်နေကြပါတယ်၊ ခိုးသူကြီးတစ်ယောက်ကတော့ သူတို့နှင့်အတူ မဝင်ဘဲ ဘာ့ကြောင့် စည်းဝေးနေကြရသလဲ?-ဆိုတာကို စုံးစမ်းရအောင် သောဏထေရ် တရားဟောတဲ့နေရာကို သွားပါတယ်၊ ပရိသတ်အစွန်က ကာတိယာနီရဲ့ဘေးမှာပဲ ရပ်နေပါတယ်။

အဲဒီအချိန်မှာ ကာတိယာနီက ကျွန်မတစ်ယောက်ကို ဆီယူရအောင် အိမ်သို့ လွှတ်လိုက်ပါတယ်၊ ကျွန်မက "ဥမင်ထဲမှာ ခိုးသူတွေကို တွေ့ရတဲ့အတွက် ဆီကို မယူဘဲ ကမန်းကတမ်း ပြန်လာခဲ့ပါတယ်"၊ သူ့သခင်မအား အိမ်မှာ ခိုးသူတွေ ဝင်နေတဲ့အကြောင်းကိုလဲ ပြောပြပါတယ်။

အဲဒီ စကားကို ကြားရတော့ ခိုးသူကြီးက ဒီမိန်းမဟာ ကျွန်မရဲ့စကားကို နားထောင်ပြီး အိမ်ကိုသွားမယ်-လို့ လုပ်ရင် သူ့ကို ဒီနေရာမှာပဲ ခုတ်သတ်ပစ်

၁။ အံ-၂၊ ၂၁၆။ ၂။ အံ-၆-၁၊ ၃၄၉။

http://www.dhammadownload.com

လိုက်မှာပဲ၊ ရယူထားတဲ့ အာရုံနဲ့ပဲ တရားကို ဆက်လက်နာယူနေရင် ခိုးသူတွေ ယူထားသမျှ ပစ္စည်းတွေကိုလဲ ပြန်ပေးခိုင်းရမှာပဲ–လို့ စဉ်းစားနေပါတယ်။

ကာတိယာနီကလဲ ကျွန်မရဲ့စကားကို ကြားရတဲ့အခါ "မင်းက တိတ်တိတ်ကလေး နေစမ်းပါ၊ ခိုးသူတွေ–ဆိုတာဟာ သူတို့တွေ့တာလောက်ကိုသာ ယူကြမှာပေါ့၊ ငါက ဒီနေ့ အင်မတန် ကြားနာရခဲတဲ့ တရားကို နာနေပါတယ်၊ နင်က တရားရဲ့အန္တရာယ် မလုပ်စမ်းပါနှင့်"လို့ ကျွန်မကို ပြောဆိုနေပါတယ်။

ဒီစကားကို ကြားရတော့ ခိုးသူကြီးက ဒီလို အလိုအဖျာသယမျိုး ရှိနေသူရဲ့ အိမ်က ပစ္စည်းဥစ္စာကို ခိုးယူလို့ရှိရင် ငါတို့အကုန်လုံး မြေမျိုခံရတော့မှာပဲ–ဆိုတဲ့ သဘောနဲ့ အဲဒီခဏမှာပဲ ထွက်သွားပြီး ခိုးသူတွေ ယူထားသမျှ ပစ္စည်းဥစ္စာတွေကို ပြန်ထားခိုင်းခဲ့ပါတယ်၊ ခိုးသူတွေနှင့်အတူ ပြန်လာပြီး တရားနာရင်း ရပ်နေပါတယ်၊ ကာတိယာနီဒါယိကာမကလဲ တရားအဆုံးမှာ သောတာပတ္တိဖိုလ်မှာ တည်ပါတယ်။

တရားပြီးဆုံးသွားလို့ အရဏ်တက်လာချိန်မှာ ခိုးသူကြီးက ကာတိယာနီရဲ့ခြေဖမိုးပေါ်မှာ တုပ်ဝပ်ပြီး "အမေရယ်! ကျွန်တော်တို့အကုန်လုံးကိုပဲ သည်းခံတော်မူပါ"လို့ ကန်တော့ပါတယ်၊ "မင်းတို့က ငါ့အပေါ်မှာ ဘာလုပ်ထားကြသလဲ?"လို့ မေးတဲ့အခါ ခိုးသူကြီးက သူတို့လုပ်ခဲ့သမျှ အပြစ်အကုန်လုံးကို ပြောပြပါတယ်၊ "ဒါဖြင့်ရင် မင်းတို့ကို ငါက သည်းခံကျေနပ်ပါတယ်ကွာ"လို့ ကာတိယာနီက ပြောဆိုခွင့်လွှတ်လိုက်ပါ။

"အမေရယ်! ဒီလိုသည်းခံရုံလောက်နဲ့တော့ ကျွန်တော်တို့ မကျေနပ်နိုင်သေးပါ၊ ကျွန်တော်တို့အကုန်လုံးကို အမေတို့ရဲ့သား သောဏထေရ်ထံ ခေါ်သွားပြီး ရှင်ရဟန်းပြုပေးစေပါ"လို့ နောက်ထပ် တောင်းပန်နေတဲ့အတွက် ကာတိယာနီက သူတို့အကုန်လုံးကို ခေါ်သွားပြီး ကုဋိကဏ္ဏသောဏထေရ်ထံမှာ ရှင်ရဟန်းပြုစေပါတယ်။

သောဏထေရ်ရဲ့အထံမှာ ရှင်ရဟန်းပြုခွင့် ရသွားကြတဲ့ အဲဒီခိုးသား အကုန်လုံးပဲ အရဟတ္တဖိုလ်ကို ရရှိသွားကြပါတယ်။

ဒီဝတ္ထုမှာ ကာတိယာနီရဲ့ မြတ်စွာဘုရားအား ဟောပြခဲ့တဲ့ နည်းအတိုင်း သားတော်သောဏထေရ်က ဟောပြတဲ့တရားကို နာယူခြင်းဟာ သင့်တော်တဲ့အခါမှာ တရားနာခြင်းပဲ ဖြစ်တယ်၊ အိမ်မှာ ခိုးသူတွေ ဝင်ရောက်ခိုးယူနေကြောင်းကို သိရပေမယ့် တရားအာရုံအပျက်မခံဘဲ ဆက်လက်နာယူနေတဲ့အတွက် သေဘေးကလဲ လွတ်ရပါတယ်၊ သောတာပတ္တိမဂ်ကိုလဲ ရပါတယ်၊ ခိုးသူတွေ ယူထားသမျှ ပစ္စည်းဥစ္စာတွေကိုလဲ ပြန်လည်ရရှိပါတယ်။

http://www.dhammadownload.com

တိဿမဟာရာဇာ [၁]

ညဉ့်သုံးယာမ်တွင်, ရပ်လျက်ပင်, ကြည်လင်နာကြားပါ၊
တစ်ပုဒ်-မကြွင်း, နှလုံးသွင်း, နာခြင်းထူးလှပါ။

ကာဠဗုဒ္ဓရက္ခိတထေရ်က ပိဋကတ် ၃-ပုံကိုလဲ သင်ယူထားပါတယ်၊ ဆရာရဲ့ ဩဝါဒကို လိုက်နာပြီး စေတီယတောင်ကျောင်းကို သွားလို့ ရဟန်းတရားကိုလဲ အားထုတ်ပါတယ်၊ အရဟတ္တဖိုလ်ကို ဆိုက်ရောက်ပြီးတဲ့နောက် များပြားလှတဲ့ သံဃပရိသတ်နှင့်အတူ စေတီယတောင်ကျောင်းမှာပဲ သီတင်းသုံးနေတော်မူပါတယ်၊ ဘုန်းကံကြီးမား မင်းရဲ့ပူဇော်လေးစားမှုကိုလဲ ခံရပါတယ်။

အဲဒီအချိန်မှာ တိဿမဟာရာဇာက ဥပုသ်စောင့်ရင်း စေတီယတောင် ရာဇလိုဏ်မှာ နေပါတယ်၊ မထေရ်မြတ်က ပြဿနာဖြေဆိုတဲ့ အခါမှာပဲဖြစ်ဖြစ်, တရားဟောတဲ့အခါမှာပဲဖြစ်ဖြစ် တပည့်တော်အား အသိပေးတော်မူပါ-လို့ မထေရ်ရဲ့ အလုပ်အကျွေး ရဟန်းကို မှာထားပါတယ်။

မထေရ်ကလဲ တရားနာရာနေ့တစ်နေ့မှာ နောက်လိုက်နောက်ပါ ရဟန်းတွေနှင့်အတူ ကဏ္ဍကစေတီရင်ပြင်ကို တက်ပြီး စေတီတော်ကို ရှိခိုးပြီးတဲ့နောက် ကာဠတိမ္ဗရု(တည်နက်)ပင်ရင်းမှာ ရပ်နေပါတယ်၊ အဲဒီအချိန်မှာပဲ မထေရ်ကို ဝိဇ္ဇာပါတ် ခုတင်ဆောင်မထေရ်တစ်ပါးက ကာဠကာရာမသုတ္တန်မှာ ပြဿနာမေးပါတယ်၊ တရားနာရာနေ့ ဖြစ်တဲ့အတွက် မထေရ်ရဲ့အမိန့်အရ ကုလားထိုင်ကို ယူပြီး သစ်ပင်ရင်းမှာပဲ နေရာကို ခင်းပေးထားကြပါတယ်။

မထေရ်က ရှေးဂါထာကိုရွတ်ဆိုပြီး ကာဠကာရာမသုတ္တန်ကို ဟောစပြုနေပါတယ်၊ မထေရ်ရဲ့ အလုပ်အကျွေး ရဟန်းကလဲ မင်းအား အသိပေးလိုက်ပါတယ်၊ မင်းက ရှေးဂါထာတွေ မပြီးခင်မှာဘဲ ရောက်လာပါတယ်၊ ရောက်လာပြီးတဲ့နောက် မှာလဲ မထင်ရှားတဲ့အသွင်နဲ့ပဲ ညဉ့် ၃-ယာမ်ပတ်လုံး ရပ်ရက်ပဲ တရားနာနေခဲ့ပါတယ်၊ ဘုရားရှင်က ဒီစကားကို မိန့်တော်မူပါတယ်-ဆိုတဲ့ တရားအဆုံးမှာ သာဓုခေါ်ပါတယ်၊ အသံကို မှတ်မိတာနဲ့ မထေရ်က သူ့ကို မေးပါတယ်။-

"ဘယ်တုန်းက ရောက်နေပါသလဲ မဟာရာဇာ?"။

"ရှေးဦးဂါထာကို ရွတ်ဆိုချိန်ကပဲ ရောက်လာခဲ့ပါတယ်ဘုရား"။

"မဟာရာဇာ! သင်က သိပ်ခဲယဉ်းတဲ့ အလုပ်ကို လုပ်တာပဲ"။

၁။ မဖ-၄-၂၊ ၃၉၅။

http://www.dhammadownload.com

"ဒါက မခဲယဉ်းလှပါ အရှင်ဘုရား၊ အရှင်ဘုရားက တရားစတင်ဟော ကြားတဲ့ အချိန်ကစပြီး ပုဒ်ကလေးတစ်ပုဒ်မှာတောင်မှ အခြားကို နှလုံးသွင်းမိလို့ ရှိရင် သီဟိုဠ်ကျွန်းရဲ့ နှင်တံဖျားနဲ့ တွေ့ထိရုံမျှ အရပ်ကလေးမှာတောင်မှ စိုးရပိုင်ဆိုင်သူ–ဆိုတာ မဖြစ်ဘဲ နေရပါစေသား"။

ဒီလိုလဲ ရဲဝံ့စွာ ကျိန်စာဆိုလိုက်ပါသေးတယ်။

အဲဒီသုတ်မှာ ဘုရားဂုဏ်တော်တွေကို ပြထားပါတယ်၊ ဒါ့ကြောင့် ရှင်ဘုရင်က "ဘုရားဂုဏ်တော်တွေဟာ ဒီလောက်သာ ရှိပါသလား ? အခြားကြွင်းကျန်ပါသေး သလား ?"ဆိုတဲ့ ပြဿနာကို မေးပါတယ်၊ မထေရ်ကလဲ သုတ်မှာ ဟောထား တာထက် မဟောဘဲ ကျန်နေတာက အတိုင်းအရှည်မရှိအောင် များပြားတယ်– ဆိုတာကို ဥပမာအမျိုးမျိုးနဲ့ ဖြေရှင်းပြတော်မူပါတယ်။

အဆုံးမှာ "အရှင်ဘုရားက အဆုံးအပိုင်းအခြား မရှိတဲ့ ဘုရားဂုဏ်တော်ကို အဆုံးအပိုင်းအခြား မရှိတဲ့ ကောင်းကင်နှင့်ပဲ နှိုင်းခိုင်းပြတော်မူပါတယ်၊ အရှင်ဘုရား တို့အား ယူဇနာ သုံးရာရှိတဲ့ ဒီ သီဟိုဠ်ကျွန်းမှာ မင်းအဖြစ်ကို ပေးလှူပါတယ်"လို့လဲ လျှောက်ပါတယ်၊ မထေရ်ကလဲ တို့ကို ပေးလှူထားတဲ့ မင်းရဲ့အဖြစ်ကို သင့်အား ပြန်ပေးလှူပါတယ်၊ တရားနှင့်အညီသာ မင်းပြုပါတော့ မဟာရာဇာ–လို့ မိန့်ကြား တော်မူပါတယ်။

ပိဏ္ဍပါတိကတိဿထေရ် [၁]

ဂင်္ဂါမြစ်ရဲ့ သဲပြင်ပေါ်မှာ ရဟန်း ၃–ကျိပ် ဝါကပ်နေကြပါတယ်၊ လခွဲတစ်ကြိမ် ဥပုသ်နေ့တိုင်းမှာ ပစ္စည်း ၄–ပါးနဲ့ ရောင့်ရဲတင်းတိမ်မှု, ဘာဝနာမှာ မွေ့လျော်မှု– ဆိုတဲ့ မြင့်မြတ်သော အရိယာတို့ရဲ့အနွယ်(အရိယာဝံသသုတ္တန်) [၂] ကိုလဲ ဟောပြော နေကြပါတယ်။

ပိဏ္ဍပါတိကတိဿထေရ်က နောက်ဘက်မှလာပြီး ဖုံးကွယ်တဲ့ နေရာမှာ ထိုင်နေပါတယ်၊ သူရဲ့ခြေသလုံးကို ငန်းကျွဲမြွေ [၃] က ကိုက်ထားပါတယ်၊ မထေရ်က တရားနာခြင်းရဲ့ အန္တရာယ်ကို မဖြစ်စေလိုတဲ့အတွက် မြွေကို လက်နဲ့ ဖမ်းယူလိုက် ပါတယ်၊ အိပ်ထဲမှာထည့်ပြီး အိပ်အဝကို စည်းထားပါတယ်၊ အိပ်ကို ခပ်လှမ်းလှမ်းမှာ ချထားကာ ထိုင်ရက်ပဲ တရားနာနေပါတယ်။

၁။ အံ–၄–၂၊ ၁၃၄။ ၂။ သံ–၁၊ ၃၃၆။
၃။ ဂေါနသ–ငန်းကျွဲမြွေ၊ ဓာန်–ဦ။ စပါးအုံး၊ ဓာန်ဂိ–သစ်။
မြွေပွေး၊ တောင်ပေါက်–ဓာန်ဂိ။

http://www.dhammadownload.com

အရဏ်တက်ခြင်း, ကိလေသာအဆိပ်ကို ပယ်ခွာပြီး မထေရ်ရဲ့ ဖိုလ် ၃–ခုသို့ ရောက်ခြင်း, မြွေဆိပ်ရဲ့ ကိုက်တဲ့နေရာမှပဲ လျှာဆင်းပြီး မြေသို့ဝင်ခြင်း, ဓမ္မကထိကရဲ့တရားပြီးဆုံးခြင်း၊ ဒီ ၄–ချက်ဟာ တစ်ပြိုင်နက်ပဲ ဖြစ်လာခဲ့ပါတယ်။

အဲဒီနောက် မထေရ်က ငါ့ရှင်တို့ ! တပည့်တော်က ခိုးသားတစ်ကောင်ကို ဖမ်းယူထားခဲ့ပါတယ်–လို့ ပြောရင်း အိပ်ကိုဖြေကာ ငန်းကျွဲမြွေကို လွှတ်လိုက်ပါတယ်၊ တွေ့ရတဲ့ ရဟန်းတွေက "ဘယ်အချိန်က အကိုက်ခံရပါသလဲဘုရား ?"လို့ ဝိုင်းပြီးမေးကြပါတယ်၊ "မနေ့ညနေအချိန်ကပင် အကိုက်ခံရတယ်"လို့ ပြောပြပါတယ်၊ "အရှင်ဘုရား ! ဘာ့ကြောင့် ဒီလောက် ခဲယဉ်းတဲ့အလုပ်ကို လုပ်ရပါသလဲ ?"လို့ ပြောကြတဲ့အခါ "ငါ့ရှင်တို့ ! ငါ့ကို မြွေကိုက်တယ်–လို့ ပြောခဲ့ရင် ဒီလောက်များပြားတဲ့အကျိုးကို ရနိုင်စရာ မရှိပါဘူး"လို့ မိန့်ကြားတော်မူပါတယ်။

ရဟန်းငယ်တစ်ပါး

ဒီဃဝါပီကျောင်းတိုက်မှာ ဇာတကဘာဏကထေရ်ကြီးတစ်ပါးက ဓေဿန္တရာဇာတ်ကို ဟောမယ်–ဆိုတာကို ကြားရတာနဲ့ တိဿမဟာဂါမရွာ တိဿမဟာဝိဟာရမှာ နေတဲ့ ရဟန်းငယ်တစ်ပါးက ၉–ယူဇနာဝေးတဲ့ခရီးကို နေ့ချင်းပေါက်လာခဲ့ပါတယ်။

ရဟန်းငယ်ရောက်လာတဲ့ ခဏမှာပဲ မထေရ်က တရားစဟောပါတယ်၊ ရဟန်းငယ်က ခရီးဝေးကလာရလို့ ကိုယ်ပင်ပန်းနွမ်းနယ်တဲ့အတွက် အစဂါထာနှင့် အဆုံးဂါထာလောက်ကိုသာ မှတ်မိပါတယ်၊ မထေရ်က တရားပွဲသိမ်းလို့ ထလာတဲ့အခါ ရဟန်းငယ်က "ငါလာရတာ အလကားဖြစ်တာပဲ"လို့ ငိုယိုပြီး ရပ်နေပါတယ်။

ဒကာတစ်ယောက်က အဲဒီအသံကို ကြားရတဲ့အတွက် မထေရ်ကို သွားရောက်လျှောက်ထားပါတယ်။–

> "အရှင်ဘုရားတို့ရဲ့ တရားကို နာမယ်–လို့ ရဟန်းငယ်တစ်ပါးက တိဿမဟာဝိဟာရကျောင်းတိုက်မှ လာခဲ့ပါတယ်၊ သူက ကိုယ်ပင်ပန်းတဲ့အတွက် ငါလာရတာဟာ အလကားဖြစ်သွားတာပဲ–ဆိုပြီး ငိုယိုနေပါတယ်ဘုရား"။
>
> "အေး–အေး– သူ့ကိုသွားပြောထားလိုက်ဦး နောက်ထပ်တစ်ခါ နက်ဖန်မှ ဟောပေးမယ်–ဆိုတာကို"။

မထေရ်က ဒကာကို ပြောလိုက်တဲ့အတိုင်းပဲ နောက်တစ်နေ့မှာ ထပ်ပြီးဟောပေးပါတယ်၊ ရဟန်းငယ်ကလဲ မထေရ်ရဲ့ တရားစကားကို ကြားနာရလို့ အရဟတ္တဖိုလ်ကို ရောက်သွားပါတယ်။

၁။ အံ–၄–၂၊ ၁၃၄။

http://www.dhammadownload.com

ကလေးအမေ

ကဋ္ဌမ္ဗရရွာသူ မိန်းမတစ်ယောက်က သားကလေးကို ချီပြီး တရားနားရအောင် စိတ္တလတောင်ကို သွားပါတယ်၊ သစ်ပင်တစ်ပင်ကိုမှီပြီး ကလေးကို သိပ်ထားပါတယ်၊ သူကိုယ်တိုင်ကတော့ မတ်တတ်ရပ်ရင်းပဲ တရားနာနေပါတယ်၊ ညဉ့်အချိန်မှာ မြွေတစ်ကောင်က သူကြည့်နေတုန်းမှာပဲ အနီးမှာအိပ်နေတဲ့ ကလေးကို ကိုက်သွားပါတယ်။

"ငါ့သားကလေးကို မြွေကိုက်သွားတယ်–လို့ ပြောလိုက်ရင် တရား၏ အန္တရာယ် ဖြစ်တော့မှာပဲ၊ အကြိမ်ပေါင်းများစွာ သံသရာဝဋ်မှာ ကျင်လည်ရတဲ့ အခါ သားကတော့ ရှိခဲ့ဖူးတာပဲ၊ တရားကိုသာ နာတော့မယ်"။

ဒီလိုခိုင်မြဲစွာ အဓိဋ္ဌာန်ထားပြီး မတ်တတ်ရပ်လျက် တရားကို စူးစူးစိုက်စိုက်နာနေရင်း သောတာ ပတ္တိဖိုလ်ကို ဆိုက်ရောက်သွားပါတယ်၊ အရဏ်တက်ချိန်မှာ သစ္စာဆိုတာနဲ့ပဲ သားကလေး၏ မြွေဆိပ်ကို ပြေပျောက်စေပြီး သားကလေးကို ချီပိုးကာ ပြန်သွားပါတယ်။

ဒီပုဂ္ဂိုလ်မျိုးတွေဟာ တရားနာလိုသူတွေမည်ပါတယ်၊ သင့်လျော်တဲ့အခါမှာ တရားနာခြင်း, တရားဆွေးနွေးခြင်း, တရားကိုသုံးသပ်ခြင်း, ဝိပဿနာရှုခြင်း– ဒီတရား ၄–ပါးကို ကောင်းစွာ ပွားများအားထုတ်ရင် အရဟတ္တဖိုလ်ကို ရနိုင်တယ်။ [၂]

ရွှေဆရာများ၏ အဆိုအမိန့်

ခွဲဝေစိတ်ဖြာ, အခါမှတ်သား, သိသောအားဖြင့်, တရားပေစာ, မှတ်နာရခြင်း။

ဒီလို မုံရွေးဆရာတော်ဘုရားက ကာလေန ဓမ္မဿဝနမင်္ဂလာရဲ့ သဘောကို မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် ခွဲစိတ်ဝေဖန် သတ်မှတ်ထားတဲ့ အချိန်အခါကို သိမြင်နားလည်တဲ့ အနေနဲ့ သင့်တော်လျောက်ပတ်တဲ့ အခါမှာ တရားစကား, စာစကားကို နာကြားမှတ်သားမှုဟာ ကာလေန ဓမ္မဿဝနမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

မိဖုရားကပူဆာ တရားနာလို၍ ဟသ်ာညီ နောင်ကို ဆောင်စေသဖြင့်

၁။ အံ–၄–၂၊ ၁၃၅။ ၂။ အံ–၁၊ ၄၇၅။ ၃–၂၊ ၃၃၉

http://www.dhammadownload.com

ရောက်လျှင် ပြည့်ရှင်သေဋ္ဌနင်း မင်းမိဖုရား ပြည်သားပြည်နေ နာမှတ်စေ၍, သေကမကြာ, နတ်ရွာမှာချည်း, တပေါင်းတည်းစံရ။ ၁

သူမြတ်တို့ထံ, နာခံတရား, လျှောက်ထားမေးခြင်း, အပြုပျင်းက, ညံ့ဖျင်းပညာ, နံ့ထိုင်းစွာဏ်၊ ကြားနာခမှု, သုတဆွေစစ်, ကျိုးပြစ်အရေး, လျှောက်မေးတတ်စွာ, သူတကာမှု, ပညာကျယ်နက်, ဉာဏ်ထက်မြက်ဏ်။ ၂

အလွန်ယုတ်ငြား, ဒွန်းစဏ္ဍားဏ်, တရားကိုမျှ, ကျိုးရှိကလျှင်, ခယရှိသေ, နာအပ်ပေဏ်။ ၃

ဖြိုးခိုင်စုံပေါင်း, ဂုဏ်နုံလှောင်းသည့်, သူကောင်းတရား, တစ်ကြိမ်ကြားက, မှတ်သားစိစိ, နားမသိလည်း, ရောက်ဘိနတ်ရွာ။ ၄

အလေအပင်, စကားလွင်ကို, ပျော်ရွှင်ရယ်ဟက်, ပြောသည်ထက်ကား, မထွက်သံခြေ, ဆိတ်ဆိတ်နေမှု, ကုဋေဆပွား, အကျိုးများဏ်၊ စကားမပွက်, နေသည့်ထက်တုံ့, တစ်ချက်ဗုဒ္ဓံ, ဓမ္မံ သံဃာမ်း, သရဏမ်းနှင့်, ထပ်မွမ်းမတ္တာ, ဘာဝနာကမ္မဋ္ဌာန်း, တစ်ခွန်းခွန်းကို, စီးဖြန်းပါမိ, စိတ်မရှိလည်း, မသိနိုင်အောင်, အကျိုးဆောင်ဏ်၊ နားထောင်မိကာ, သံတော်သာကို, ခန္ဓာရုပ်နာမ်, မှတ်ကြဲဝေခွဲ, မသိဘဲလျက်, လွန်ကဲကျိုးရောက်, အုံလောက်ထင်ထင်, ဖြစ်ကျင်လေငြား, လင်းနိုဘားတို့, ပြန့်ပွားဘုန်းစည်, ထက်နတ်ပြည်ဝယ်, ကျင်လည်ပြီးမှ, မင်္ဂဖိုလ်ရ၍, သုခအောင်မြေ, ရောက်ဖူးလေ-ဟု, သက်သေဆတ်ဆတ်, သည်သို့မှတ်လျက်, ကြည်ညွတ်စိတ်ထက်, တရားနက်ကို, စုံမက်မငြီး, သဒ္ဓါဖြိုး၍- - - -ကောင်းခြီးငြာစေကုန်သတည်း။ ၅

ကြမ္မာမကောင်း, အကြောင်းမလှ, လူပါပကား, ဗာလမနော, ပရာဘောကို, မြတ်သောအလား, တရားမင်္ဂလာ, ထင်တတ်စွာဏ်၊ မင်္ဂလာမည်ငြား, ဤတရားလည်း, မကောင်းစားထိုက်, ဒုစရိုက်နှင့်, လူမိုက်တို့မှာ, မုန်းဖို့သာတည်း၊ တောင်ရာမက, မိုးကြိုးချသို့, ဆုံးမတပဲ, ချင်းကြားထဲနှင့်, သောင်သဲပေါ်တွင်, ရေမတင်သို့, အမြင်နည်းပါး, လူမိုက်နားဥ်, တရားဘယ်ခါ, မတည်ရာဘူး၊ မိစ္ဆာဖျင်းသုန်း, တရားမုန်းက, ပျက်ပြုန်းကြောင်းသာ, မချွတ်စွာတည့်၊ သမ္မာစင်စစ်, တရားချစ်မှု, ဆန်းသစ်လန်ယ်, ပွားစီးကယ်ရှင့်။ ၆

ဒီလိုလဲ မိန့်ဆိုကြပါသေးတယ်။

၁။ မုံရွေးဆရာတော် ၂။ မဃဒေဝ-၃၂၉။ ၃။ သုတသောမ-၈၄။
၄။ သုတသောမ-၁၇၃ ၅။ ဓမ္မရာသီ-၃။ ၆။ မဃဒေဝ-၂၅၁။

http://www.dhammadownload.com



အခန်း-၈

ခန္ဓိစ = သည်းခံခြင်း,
သောဝစဿတာ = ဆိုဆုံးမလွယ်ခြင်း,
သမဏာနဉ္စ ဒဿနံ = ရဟန်းတော်တို့ကို ဖူးမြင်ခြင်း,
ကာလေန ဓမ္မသာကစ္ဆာ = သင့်တော်တဲ့အခါ တရားဆွေးနွေးခြင်း-
ဧတံ မင်္ဂလ-မုတ္တမံ = ဒီ ၄-ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာ ကြီးပွားချမ်းသာရေး ဖြစ်ပါတယ်။

၂၇။ ခန္ဓိစ

[ခမနံ-ခန္ဓိ။] သည်းခံမှုကို ခန္ဓိ-လို့ ခေါ်ပါတယ်၊ အဲဒီ သည်းခံမှု-ဆိုတာ ဟာလဲပဲ သူတစ်ပါး:က ရိုက်နှက်မှု, ဆဲရေးမှု-စသည်ကို ပြုလုပ်လာပေမယ့် တုံ့ပြန်မှုကင်း ဖောက်ပြန်ခြင်းမရှိ ပကတိသဘောကို မစွန့်ဘဲ ကျေနပ်စွာ လက်ခံခြင်းမျိုးပဲ ဖြစ်တယ်။

အဓိဝါသနခန္ဓိ

ဒါမျိုးကို အဓိဝါသနခန္ဓိ-လို့ ခေါ်ပါတယ်၊ [အဓိ-မိမိအပေါ်မှာ+ဝါသန-တည်နေစေခြင်း။] သူတစ်ပါး:က ရိုက်နှက်ဆဲရေးမှု-စသည်တို့ကို ပြုလုပ်လာတဲ့အခါ ပြန်လှန်ရိုက်နှက်မှု, ဆဲရေးမှု-စသည်တို့ကို ပြုလုပ်ပါရင် အဲဒီရိုက်နှက်ဆဲရေးမှု-စသည်တို့ဟာ မိမိအပေါ်မှာ တည်နေရာ မရောက်တော့ပါ၊ လက်မခံဘဲ ပယ်လှန်ရာသာ ရောက်ပါတော့တယ်။

အဲဒီလို ပြန်လှန်ဆန့်ကျင်ဘက်မပြု အမှုမထားဘဲ နေလိုက်ပါရင် အဲဒီရိုက်နှက်မှု, ဆဲရေးမှု-စသည်တို့ဟာ မိမိအပေါ်မှာ တည်နေရာ ရောက်ပါတယ်၊ ဒါက အဓိ

http://www.dhammadownload.com

ဝါသနခန္ဓိ ရဲ့သဘော ဖြစ်ပါတယ်၊ အဘိဓမ္မာသဘောအရ ပြောရပါရင် အဒေါသ ပြဋ္ဌာန်းတဲ့ ကုသိုလ်စိတ္တုပ္ပာဒ်ပဲ ဖြစ်ပါတယ်၊ အချို့ဆရာတွေက ပညာ–လို့လဲ ဆိုကြ ပါသေးတယ်။

ဒါ့အပြင်– အချမ်းအပူ–စတဲ့ ရာသီဥတုကို သည်းခံနိုင်ခြင်းဟာလဲ အဓိဝါသန ခန္ဓိ ပဲ ဖြစ်ပါတယ်၊ အချို့သူတွေက အချမ်းအပူကို သည်းမခံနိုင်ကြပါ၊ အေးလွန်း ရင်လဲ အေးနိုင်ရန်ကော–လို့ အေးမှုရာသီဥတုကို အကြောင်းပြုကာ ဒေါသဖြစ်လာ တတ်ကြပါတယ်၊ ပူလွန်းရင်လဲ ပူနိုင်ရန်ကော–လို့ ပူမှုရာသီဥတုကို အကြောင်းပြုကာ ဒေါသဖြစ်လာတတ်ကြပါတယ်။

အချို့သူတွေကတော့ အေးလာတဲ့အချိန်မှာလဲ အေးရမယ့်အချိန်မို့ အေးတာပါ၊ ပူလာတဲ့အခါမှာလဲ ပူရမယ့်အချိန်မို့ ပူတာပါ–လို့ သဘောထားကာ အမျက်မထွက်ဘဲ အေးမှု,ပူမှု ၂–ခုလုံးကို သည်းခံနိုင်ကြပါတယ်၊ အဲဒီလို အေးမှု,ပူမှုကို သည်းခံနိုင် တာဟာလဲ အဓိဝါသနခန္ဓိ ပဲ ဖြစ်ပါတယ်။

ဒီအဓိဝါသနခန္ဓိ နှင့် ပြည့်စုံသူဟာ ခန္ဓိ ဝါဒီရှင်ရသေ့လို ဆဲရေးခြိုင်းမျိုးစုံနဲ့ ဆဲရေးလာသူတွေကိုလဲ မကြားယောင်ပြုကာ မှုမပျက်ဘဲ သည်းခံတတ်ပါတယ်၊ ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်ညှဉ်းဆဲသူတွေကိုလဲ မမြင်ယောင်ပြုကာ ဖောက်ပြန်ခြင်း မရှိဘဲ သည်းခံတတ်ပါတယ်။ [၁]

အဓိဝါသနခန္ဓိ နှင့် ပြည့်စုံသူဟာ ပုဏ္ဏထေရ်လို အကောင်းကိုသာ နှလုံးသွင်း တတ်ပါတယ်၊ အကောင်းကိုသာ ကြံတတ်ပါတယ်၊ အကောင်းကိုသာ ရှုမြင်တတ် ပါတယ်၊ မိမိကိုဆဲရေးလာရင် လက်နဲ့မရိုက်တာ တော်သေးတာပေါ့၊ လက်နဲ့ ရိုက်လာ ပြန်ရင် ခဲနဲ့မပေါက်တာ တော်သေးတာပေါ့၊ ခဲနဲ့ပေါက်ပြန်ရင် တုတ်နဲ့ မရိုက်တာ တော်သေးတာပေါ့၊ တုတ်နဲ့ရိုက်ပြန်ရင် ဓားနဲ့မခုတ်တာ တော်သေးတာပေါ့၊ ဓားနဲ့ ခုတ်ပြန်ရင် ဓားနဲ့ အသေမသတ်တာ တော်သေးတာပေါ့၊ ဒီလို အကောင်းကိုသာ နှလုံးသွင်းတတ်ပါတယ်၊ အကောင်းကိုသာ ရှုမြင်တတ်ပါတယ်။ [၂]

မြင့်မြတ်သော သည်းခံခြင်း

အမျက်ဒေါသကို ပယ်စွန့်ထားရင် ဘယ်တော့မှ မစိုးရိမ်ရ၊ သူတစ်ပါးတို့ရဲ့ ဂုဏ်ကျေးဇူးကို ချေဖျက်မှု(ကျေးဇူးကန်းမှု)ကို ပယ်ခြင်းကို သူတော်ကောင်းတွေက ချီးကျူးကြပါတယ်၊ အောက်တန်းစား ပုဂ္ဂိုလ်တွေရဲ့ ကြမ်းကြမ်းတမ်းတမ်း ပြောဆို လာတဲ့စကား, အလတ်တန်းစား ပုဂ္ဂိုလ်တွေရဲ့ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုလာတဲ့ စကား, အထက်တန်းစားပုဂ္ဂိုလ်တွေရဲ့ ကြမ်းကြမ်းတမ်းတမ်းပြောဆိုလာတဲ့စကားကို

၁။ ဇာတ်–၄–၃၊ ၃၇။ ၂။ မဇ်၊ ၃၁၂။

http://www.dhammadownload.com

၂၇။ ခန္ဓိစ

သည်းခံရမယ်၊ ဒီသည်းခံခြင်းမျိုးကို မြင့်မြတ်တဲ့ သည်းခံခြင်း–လို့ သူတော်ကောင်းတွေက ပြောဆိုကြပါတယ်။

သတိထားကာ သူတစ်ပါး အမျက်ထွက်တာကို သိနားလည်လို့ ငြိမ်ငြိမ်နေခြင်းကိုသာ လူမိုက်ကို ဟန့်တားမှု–လို့ ငါကထင်ပါတယ်၊ ဒီလူက ငါ့ကို ကြောက်လို့ သည်းခံနေတယ်–လို့ ထင်ထင်, မထင်ထင်၊ ကိုယ်ကျိုးရှိဖို့သာ အရေးကြီးပါတယ်၊ သည်းခံမှုထက် သာလွန်တဲ့ ကိုယ်ကျိုး–လို့ မရှိတော့ဘူး။ [၁]

သည်းခံမှုနှင့် ပြည့်စုံသူကို သိကြားမင်းကလဲ ဒီလို ချီးမွမ်းပါတယ်။

ကိုယ်က အားရှိသူဖြစ်ရက်သားနဲ့ အားနည်းသူအား သည်းခံမှုမျိုးကိုသာ မြင့်မြတ်တဲ့ သည်းခံမှု–လို့ ဆိုရပါတယ်၊ အားနည်းသူကတော့ အမြဲတမ်း သည်းခံရမယ်သာ ဖြစ်ပါတယ်။

စိတ်ဆိုးအမျက်ထွက်သူ အပေါ်မှာ ပြန်လို့ စိတ်ဆိုးသူဟာ ယုတ်ညံ့သူသာ ဖြစ်ပါတယ်၊ စိတ်ဆိုးအမျက်ထွက်သူကို ပြန်လို့စိတ်မဆိုးဘဲ သည်းခံသူကသာ အောင်နိုင်ခက်လှတဲ့ စစ်ပွဲကို အောင်နိုင်သူ မည်ပါတယ်။

သူတစ်ပါး အမျက်ထွက်တာကို သိရလို့ သတိထားကာ ငြိမ်နေတဲ့သူကသာ မိမိသူတစ်ပါး ၂–ဦးသားတို့ရဲ့ အကျိုးစီးပွားကို ကျင့်ရာရောက်ပါတယ်။

ဆဲရေးခံရမှု, ရိုက်နှက်ခံရမှု, ချုပ်နှောင်ခံရမှုကို အမျက်မထွက်ဘဲ သည်းခံနေတဲ့ အတွက် သည်းခံခြင်းစွမ်းအား–ဆိုတဲ့ ခံတပ်ရှိသူမျိုးကိုသာ ငါဘုရားက သူတော်ကောင်း–လို့ ခေါ်ပါတယ်။ [၂] ဘုရားရှင်ကလဲ ဒီလို ချီးကျူးတော်မူပါတယ်။

နာကျည်းစရာ လူမိုက်တွေက မကောင်းဆိုးဝါး ပြောဆိုလာတဲ့ စကားကို သည်းခံနိုင်ခြင်းအားနဲ့ ပြည့်စုံတဲ့ ပညာရှိအတွက် သည်းမခံနိုင်တဲ့ဟာ–ဆိုတာ မရှိတော့ပါဘူး။ [၃]

မြေကြီးဟာ မိမိအပေါ်မှာ ပစ်ချလာ, ကျရောက်လာတဲ့ အကောင်းအဆိုး ၂–မျိုးကို အမျက်လဲမထား, ဝမ်းသာမှုလဲမပြု လျစ်လျူရှုကာ သည်းခံသကဲ့သို့ ခန္ဓိပါရမီ ဖြည့်ကျင့်သူလဲပဲ သူတစ်ပါး၏ ကဲ့ရဲ့မှု, ချီးမွမ်းမှု, မြတ်နိုးမှု, မလိုမုန်းထားမှုများကို ရှင်လန်းညှိုးငယ် ၂–သွယ်စပ်ကြား ချိန်အလားသို့ အဒေါသစိတ်ထားနဲ့ သည်းခံနေရမယ်။ [၄]

ဒီသည်းခံခြင်းဟာ အခုပြောလာခဲ့တဲ့ ဂုဏ်ထူးတွေနှင့် အခြားဂုဏ်ထူးတွေကို ရခြင်းရဲ့အကြောင်း ဖြစ်တဲ့အတွက် ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာ ဖြစ်ပါတယ်။

၁။ သံ–၁၊ ၂၂၃။ ၂။ ဓံ၊ ၇၀။ ဥဒါန်း–၄၊ ၂၃၈။ ၄။ ဗုဒ္ဓဝံသ၊ ၃၁၇

http://www.dhammadownload.com

ခန္ဓိဝဏ္ဍဇာတ် [၁]

လောကမှာ အဖက်ဖက်က ပြည့်စုံသူဆိုတာ ရှားလှပါတယ်၊ တစ်ဖက်မှာ ကောင်းတဲ့ဂုဏ်တွေ အများအပြား ရှိနေပေမယ့် အခြားတစ်ဖက်မှာ ချို့ယွင်းချက်တွေ ရှိနေတတ်ပါတယ်၊ သူရဲ့ ကောင်းတဲ့ဂုဏ်ကို ရှုငဲ့ပြီး ချို့ယွင်းချက်ကို သည်းခံသင့်ပါတယ်၊ ဒါကို အခုပြောပြမယ့် ဝတ္ထုက သက်သေခံနေပါတယ်။

အမတ်တစ်ယောက်က ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းရဲ့ နန်းတော်တွင်းမှာ ပြစ်မှားနေပါတယ်၊ အဲဒီအမတ်ရဲ့ အစေအပါး ယောက်ျားတစ်ယောက်ကလဲ သူ့အိမ်တွင်းမှာ ပြစ်မှားနေပါတယ်။

အမတ်က အဲဒီယောက်ျားရဲ့အပြစ်ကို သည်းမခံနိုင်တဲ့အတွက် မင်းထံသွားပြီး လျှောက်ထားတိုင်ကြားပါတယ်။

> "အရှင်မင်းမြတ် ! အကျွန်ုပ်မှာ ကိစ္စအကုန်လုံးကို ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်တတ်တဲ့ ယောက်ျားတစ်ယောက် ရှိနေပါတယ်၊ အဲဒီ ယောက်ျားမှာ ပြစ်မှားတတ်တဲ့ အပြစ်တစ်ခု ရှိနေပါတယ်၊ အဲဒီယောက်ျားအား အပြစ်နှင့် သင့်တော်တဲ့ ဒဏ်ကို ပေးတော်မူပါ"။

> "ငါ့မှာလဲ အဲဒီလို ပြစ်မှားတတ်တဲ့ ယောက်ျားတစ်ယောက် ရှိနေတယ်၊ အခု သူဟာ ဒီမှာပဲ ရှိနေတယ်၊ အလုံးစုံသော ဂုဏ်အဖို့အစုနှင့် ပြည့်စုံတဲ့ သူကို ရခဲလှပါတယ်၊ ဒါ့ကြောင့် သည်းခံခြင်းကိုသာ ငါတို့က သဘောကျပါတယ်"။

ဒီစကားကို ကြားရတဲ့အခါ အမတ်က သူ့ကိုရည်ညွှန်းပြောဆိုကြောင်း သိသွားတဲ့အတွက် အဲဒီအချိန်ကစပြီး နန်းတော်တွင်းမှာ မပြစ်မှားဝံ့တော့ပါ၊ အမတ်ရဲ့ အစေအပါး ယောက်ျားကလဲ အဲဒီအချိန်ကစပြီး အဲဒီအလုပ်မျိုးကို မလုပ်ရဲတော့ပါ။

ခန္ဓိဝါဒီဇာတ် [၂]

ခြေလက်ကစ, ဖြတ်ခံရ, ပို့သမေတ္တာ သည်းခံကာ၊
ကလာဗုမင်း, ရက်စက်ညှဉ်း, ချက်ချင်းမြေမျိုခံရပါ။

ဗာရာဏသီမြို့သား ကုဏ္ဍလလုလင်ဟာ ရသေ့လုပ်ပြီး ဟိမဝန္တာမှာ နေပါတယ်၊ အချိန်ကြာမြင့်မှ ဗာရာဏသီမြို့ကို ပြန်ရောက်လာပြီး မင်းဥယျာဉ်မှာ နေပါတယ်၊ စစ်သူကြီးက မင်းဥယျာဉ်မှာပဲ ဆက်လက်နေထိုင်ရန် ပင့်ထားပါတယ်၊ ပြုစုလုပ်ကျွေးမှုကိုလဲ ပြုနေပါတယ်။

၁။ ဇာတ်-၄-၂၊ ၁၈၉။ ၂။ ဇာတ်-၄-၃၊ ၃၇။

http://www.dhammadownload.com

တစ်နေ့မှာ ကလာဗုမင်းက အရက်မူးပြီး ကချေသည်အပေါင်း ခြံရံကာ ဥယျာဉ်ကို ထွက်လာခဲ့ပါတယ်၊ ဥယျာဉ်ထဲက မင်္ဂလာကျောက်ဖျာပေါ်မှာ အိပ်ရာအခင်းခိုင်း ပါတယ်၊ ချစ်ခင်မြတ်နိုးတဲ့ မိန်းမတစ်ဦးရဲ့ပေါင်ကို ခေါင်းအုံးပြီး အိပ်နေပါတယ်၊ ပါလာတဲ့ ကချေသည်မတွေက ဆိုသူက–ဆို, တီးသူက–တီး, ကသူတွေက–ကလျက် ဖြေဖျော်နေကြပါတယ်။

ရှင်ဘုရင် အိပ်ပျော်သွားတဲ့အခါ ဖြေဖျော်နေကြတဲ့ အမျိုးသမီးတွေက စောင်း အစရှိတဲ့ တူရိယာတွေကို စွန့်ပစ်ထားခဲ့ကြပါတယ်၊ ဥယျာဉ်ထဲမှာ လှည့်ပတ် သွားလာရင်း အင်ကြင်းပင်ရင်းမှာ ထိုင်နေတဲ့ ရှင်ရသေ့ကို တွေ့ကြပါတယ်၊ ဒါနဲ့ ရှင်ရသေ့ထံ ချဉ်းကပ်ပြီး လက်အုပ်ချီမိုး ရှိခိုးခြံရံကာ တရားနာနေကြပါတယ်။

အဲဒီအချိန်မှာ ဘုရင့်အချစ်တော်မိန်းမက ပေါင်ကိုလှုပ်ကာ ရှင်ဘုရင်နိုးအောင် လှုပ်လိုက်ပါတယ်၊ နိုးလာတဲ့အခါ ရှင်ဘုရင်က ကချေသည်မတွေ ရှင်ရသေ့နားမှာ ခြံရံနေကြတာကို တွေ့ရတဲ့အတွက် စိတ်ဆိုးမာန်ဆိုးနဲ့ သံလျက်ကိုကိုင်ကာ ရသေ့ထံကို ပြေးလိုက်လာပါတယ်၊ မင်းကျွမ်းဝင်တဲ့ မိန်းမတစ်ယောက်က ရှင်ဘုရင့် လက်က သံလျက်ကို ဆီးပြီးလုယူထားပါတယ်၊ မင်းက ရှင်ရသေ့အနားမှာ ရပ်ပြီး မေးပါတယ်။–

"ရသေ ! သင်က ဘယ်အယူ(ဝါဒ) ရှိသလဲ ?"။

"သည်းခံခြင်းအယူ(ခန္တီဝါဒ) ရှိပါတယ် မဟာရာဇာ !"။

"အဲဒီသည်းခံခြင်း(ခန္တီ)ဆိုတာဟာ ဘာလဲ !"။

"အဲဒီသည်းခံခြင်း(ခန္တီ)ဆိုတာဟာ သူတစ်ပါးတို့က ဆဲရေးလာတဲ့အခါ မှာပဲဖြစ်ဖြစ်, ကြိမ်းမောင်းလာတဲ့အခါမှာပဲဖြစ်ဖြစ်, ရိုက်နှက်လာတဲ့အခါမှာပဲ ဖြစ်ဖြစ် စိတ်မဆိုးမှု အမျက်မထွက်မှုပဲ ဖြစ်ပါတယ်"။

"အခု သင့်မှာ ခန္တီ ရှိတာကို ကြည့်ရသေးတာပေါ့"။

ဒီလိုမြောပြီး ရှင်ဘုရင်က ခိုးသူသတ်ယောကျ်ားကို အခေါ်ခိုင်းလိုက်ပါတယ်၊ ခိုးသူ သတ်ယောကျ်ားက လက်နက်အပြည့်အစုံယူလာပြီး ရှင်ဘုရင်ကို ရှိခိုးမေးမြန်းပါတယ်။

"ဘာလုပ်ပေးရမှာပါလဲ အရှင်မင်းမြတ် ?"။

"ဒီခိုးသူရသေ့ပျက်ကို ဖမ်းယူကာ မြေမှာဆွဲလဲပြီး အဆူးတပ်ထားတဲ့ ကြိမ်လုံးနဲ့ ရှေ့, နောက်, ဘေး–ဆိုတဲ့ ၄–ဌာနမှာ ရိုက်ချက် ၂–ထောင် ပြည့်အောင် ရိုက်ပေးလိုက်စမ်း"။

http://www.dhammadownload.com

ခိုးသူသတ်ယောကျ်ားက ဘုရင့်အမိန့်တော်အတိုင်း ရိုက်နှက်ပါတယ်၊ ရှင်ရသေ့ရဲ့ အပြင်အရေလဲ ပေါက်ပါတယ်၊ အတွင်းအရေလဲ ပေါက်ပါတယ်၊ အသားလဲ စုတ်ပြတ်ပါတယ်၊ သွေးလဲ ယိုစီးလာပါတယ်၊ ကလာဗုမင်းက ဒီလောက်နဲ့ မကျေနပ်သေးဘဲ နောက်ထပ် မေးပြန်တယ်။

"ရသေ့ ! သင်က ဘယ်အယူ(ဝါဒ) ရှိသလဲ ?"။

"သည်းခံမှုအယူ(ခန္တီဝါဒ) ရှိတယ် မဟာရာဇာ !၊ သင်က ငါရဲ့အရေကြားမှာ ခန္တီရှိတယ်-လို့ ထင်နေဟန် တူပါတယ်၊ ငါရဲ့အရေကြားမှာ ခန္တီ မရှိပါဘူး၊ သင်က မမြင်နိုင်တဲ့ နှလုံးအတွင်းမှာသာ ငါ့ခန္တီက တည်နေပါတယ်"။

ရသေ့ရဲ့စကား ပြီးဆုံးသွားတယ်-ဆိုရင်ပဲ ခိုးသူသတ်ယောကျ်ားက နောက်ထပ် ကလာဗုမင်းကို မေးပြန်တယ်။

"အခု ဘာလုပ်ရဦးမလဲ အရှင်မင်းမြတ် ?"။

"ဒီရသေ့စဉ်းလဲရဲ့ လက် ၂-ဖက်ကို ဖြတ်လိုက်စမ်း"။

ခိုးသူသတ်ယောကျ်ားက ပုဆိန်ကို ယူလာကာ လက် ၂-ဖက်တို့ကို စဉ်းတီတုံးပေါ်မှာ အတင်ခိုင်းထားပြီး တစ်အားခုတ်ပိုင်းလိုက်ပါတယ်၊ လက်တွေကို ဖြတ်ပြီးတဲ့အခါ "ခြေတွေကို ဖြတ်လိုက်ဦး"လို့ အမိန့်ပေးလိုက်ပြန်တယ်၊ ခိုးသူသတ်ယောကျ်ားက ခြေတွေကိုလဲ ဖြတ်ပစ်လိုက်ပါတယ်၊ လက်အစွန်း, ခြေအစွန်းတို့မှ သွေးတွေ ယိုစီးထွက်ကျနေပါတယ်။

ကလာဗုမင်းက ဒီလောက် ညှဉ်းဆဲရက်နဲ့လဲ အခဲမကျေသေးပါ၊ နောက်ထပ် မေးပြန်တယ်။

"ရသေ့ ! သင်က ဘယ်အယူ(ဝါဒ) ရှိသလဲ ?"။

"ငါက သည်းခံမှုအယူ(ခန္တီဝါဒ) ရှိတယ် မဟာရာဇာ !"။

"သင်ကတော့ ငါရဲ့ လက်ဖျားခြေဖျားတွေမှာ ခန္တီရှိနေတယ်-လို့ မှတ်ထင်နေတယ်၊ အဲဒီခန္တီဟာ လက်ဖျား, ခြေဖျားတွေမှာ မရှိပါဘူး၊ ငါရဲ့ ခန္တီက နက်လှတဲ့နေရာမှာ တည်နေပါတယ်"။

ရှင်ရသေ့ရဲ့စကား ဆုံးသွားတာနှင့်တစ်ပြိုင်နက် ကလာဗုမင်းက "ဒီရသေ့ရဲ့ နားရွက်ဖျားနှင့် နှာခေါင်းဖျားကို ဖြတ်လိုက်ဦး"လို့ အမိန့်ချမှတ်လိုက်ပြန်တယ်၊ ခိုးသူသတ်ယောကျ်ားက နားရွက်ဖျားနှင့် နှာခေါင်းဖျားကို ဖြတ်ပစ်လိုက်ပြန်တယ်၊ ရှင်ရသေ့ရဲ့

http://www.dhammadownload.com

တစ်ကိုယ်လုံးမှာ သွေးခြင်းခြင်းနီရဲနေပါတော့တယ်၊ ကလာဗုမင်းက နောက်ထပ် မေးပြန်တယ်။

"ရသေ့ ! သင်က အဘယ်အယူ(ဝါဒ) ရှိသူ မည်သလဲ ?"။

"မဟာရာဇာ ! ငါက သည်းခံခြင်းအယူ(ခန္တီဝါဒ) ရှိသူ မည်ပါတယ်၊ သင်က နားရွက်ဖျားနှင့် နှာခေါင်းဖျားတွေမှာ ခန္တီ ရှိနေတယ်–လို့ မထင်မှတ်ပါနှင့်၊ ခန္တီ ကတော့ နက်လှတဲ့ နှလုံးတွင်းမှာ တည်ရှိနေပါတယ်"။

ရှင်ရသေ့ရဲ့စကားကို ကြားရတဲ့အခါ ကလာဗုမင်းက ကောက်ကျစ်စဉ်းလဲတဲ့ရသေ့ သင့်ခန္တီကို သင်ကပဲ ရွက်ဆောင်လို့ နေတော့–လို့ ပြောဆိုပြီး ရှင်ရသေ့ရဲ့ ရင်ဝကို ခြေနဲ့ ကန်ကျောက်ထားခဲ့ပြီးမှ ထွက်သွားပါတော့တယ်။

ကလာဗုမင်း ထွက်သွားတယ်–ဆိုရင်ပဲ စစ်သူကြီးက ရှင်ရသေ့ရဲ့ကိုယ်က သွေးတွေကိုလဲ သုတ်ပစ်လိုက်ပါတယ်၊ လက်ဖျား, ခြေဖျား, နားရွက်ဖျား, နှာခေါင်းဖျားတွေကိုလဲ ပုဆိုးစွန်မှာတင်ထားပါတယ်၊ ရှင်ရသေ့ကိုလဲ ဖြေးဖြေးနှေးနှေး အထိုင်ခိုင်းပါတယ်၊ ထို့နောက် သင့်တော်ရာကထိုင်ကာ ရှိခိုးတောင်းပန်ပါတယ်။

"အရှင်ရသေ့ရဲ့ လက်ဖျား, ခြေဖျားနှင့် နားရွက်ဖျား, နှာခေါင်းဖျားတို့ကို အဖြတ်ခိုင်းတဲ့ ကလာဗုမင်းကိုသာ အမျက်ထွက်တော်မူပါ၊ ဒီတိုင်းနိုင်ငံကို မဖျက်ဆီးပါနှင့်"။

စစ်သူကြီးရဲ့စကားအဆုံးမှာပဲ ရှင်ရသေ့က ပြန်လည်မိန့်ကြားတော်မူပါတယ်။

"ငါရဲ့လက်ဖျား, ခြေဖျား, နားရွက်ဖျား, နှာခေါင်းဖျားများကို အဖြတ်ခိုင်းတဲ့ ကလာဗုမင်းဟာ ကြာမြင့်စွာ အသက်ရှည်ပါစေ၊ တို့လိုပညာရှိတွေက အမျက်မထွက်ကြပါဘူး"။

ကလာဗုမင်းက ဥယျာဉ်ကထွက်လို့ ရှင်ရသေ့ မမြင်ရတဲ့ ဥယျာဉ်တံခါးဝမှာပဲ မြေမျိုခံရပြီး အဝီစိကို ရောက်သွားပါတယ်၊ ခန္တီဝါဒီရှင်ရသေ့ကလဲ အဲဒီနေ့မှာပဲ သေဆုံးသွားပါတယ်။

ဒါကိုရည်ရွယ်ပြီး ဘုရားရှင်က–

"ရှေးအခါက သည်းခံခြင်းနှင့်ပြည့်စုံတဲ့ ရသေ့တစ်ဦး ရှိခဲ့ဖူးပါတယ်၊ သည်းခံခြင်းမှာပဲ တည်နေတဲ့ အဲဒီရှင်ရသေ့ကို ကာသိ(ကလာဗု)မင်းက လက်ခြေ–စသည်တို့ကို ဖြတ်စေခဲ့ပါတယ်၊ ကာသိ(ကလာဗု)မင်းက သူပြုလုပ်

http://www.dhammadownload.com

လာခဲ့တဲ့ ကြမ်းကြုတ်သော မကောင်းမှုရဲ့ ဆင်းရဲသောအကျိုးကို ရရှိပါတယ်၊ ငရဲမှာ တည်နေပါတယ်"။

ဒီလို မိန့်ဆိုတော်မူထားပါတယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

နှုန်းရန်ပုံချီ, ပထဝီသည်, မညီမညွတ်, ယုတ်မြတ်မကောင်း, သွန်းလောင်းလှာလည်း, ခြင်းရာမခြား, မဖောက်ပြားသို့, တရားခန္တီ, သည်းခံအီ [၁] လော့"။

ဒီလို မုံရွေးဆရာတော်က ခန္တီမင်္ဂလာရဲ့ သဘောကို ဖွင့်ဆိုပြထားပါတယ်။

အဓိပ္ပာယ် နှိုင်းခိုင်းစရာ ပုံပမာပြရပါရင် မြေကြီးဟာ မညီမညွတ် ယုတ်တဲ့အရာဝတ္ထု, မြတ်တဲ့အရာတ္ထေ့, မကောင်းတဲ့အရာဝတ္ထု, ကောင်းတဲ့အရာဝတ္ထုတွေကို သွန်းလောင်းလာပေမယ့် အခြင်းအရာမခြား မဖောက်ပြားသလို သည်းခံခြင်းတရားကို သာယာနှစ်သက်မှုဟာ ခန္တီမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်—

ဖော်ရွေသင်းပင်း, အိမ်နီးချင်းကို, ရောင်းရင်းဆံလှံ, မေတ္တာကျံက, သည်းခံနိုင်စေ၊ ဆွေခင်ပွန်းကို, ချစ်ကြည်ညိုမှု, ယွင်းယိုမရှိ, သတိမြဲစေ၊ မျိုးဆွေတို့အား, ချစ်ကြည်ငြားက, သွားလာတက်သက်, ပေါင်းဖက်နိုင်စေ။ [၂]

မိန်းမတို့မှာ ကောင်းစွာလုပ်ကျွေး၍ လင်ကိုမွေးမြူသည်ပင်အား၊ သူတော်ကောင်းတို့အားမှာ သည်းခံချိ။ [၃]

သူငါထွေပြား, ပြောလာငြားလည်း, အမှားအမှန်ချင့်ရမည်၊
ဆရာမိဘ, ဆိုဆုံးမ, သီသဦးထက်ပန်ရမည်၊
သူမနာလို, ကဲ့ရဲ့ဆို, မှိတ်ချိုသည်းညည်းခံရမည်။ [၄]

ခန္တီရာဇဓမ္မ, အကောဓရာဇဓမ္မ ဤနှစ်ဝကို လုံ့လနှစ်၍ အားသစ်တော်မူပါ၊ ခန္တီကို အားသစ်လျှင် အပြစ်စိုးစည်း ကပ်လာချည်းသော်လည်း, သည်းညည်းခံလေ့, စိတ်တော်မွေ့ကြောင့်, လောက်လေ့ပွားစီး, ဒေါသမီးလည်း, မကြီးနိုင်ပြီ၊ ခန္တီဟန့်ဆီး, ဒေါသမီးလည်း, မကြီးလေက, ရမည်အပြစ်, ကြီးသည်ဖြစ်သော်, အဆစ်သေးသွယ်, သိမ်ငယ်လေရာ, သတ္တဝါတို့, ချမ်းသာရန်များ, နတ်ရှင်အားလည်း, အမှားနည်းရာ, ပါယ်လေးရွာနှင့်, ကင်းကွာမည်အကြောင်း, လမ်းဟောင်းတည့်မတ်ရာပါသည်။ [၅]

၁။ အီ=သာယာသည်၊ ကျန်းမာသည်။ ၂။ ဩဝါဒထူး–၂၀။
၃။ လုံးတော်ဆရာတော်။ ၄။ သုတမဉ္ဇူသာ။ ၅။ မုံရွေးဆရာတော်။

http://www.dhammadownload.com

သည်းခံဖြည်းညင်း, မတင်းနှုတ်ချိုမှ, လူဗိုလ်မေတ္တာလောင်းသည်၊ တစ်ယောက်လိမ္မာလျှင် တရာချမ်းသာ၏။ [၁]

ထုံးလောကီဥပမာ, ဓမ္မတာလမ်းကြောင်းမှာ, အကြီးတွင်တဏှာ, အပူမှာ ကိလေသာ, အမွေးမှာမေတ္တာ, အအေးတွင်မြတ်သီလာ, နုရမည့်ဌာနမှာ အကောဓ မြတ်ခန္တီ၊ ပါရမီဆယ်ဆင့်, အမြင့်မှာနိဗ္ဗာန်, အရောင်မှာ ပညာဉာဏ်။ [၂]

ငယ်ကယောင်းသင်း, ကျွမ်းဝင်ခြင်းဖြင့်, နီးရင်းမှီကပ်, ချစ်အပ်သက်တူ, ဤသူတစ်ဦး၊ ကိုယ့်ကျေးဇူးကို, အထူးမပြတ်, ပြုတတ်တုံမြောက်, ထိုနှစ် ယောက်တို့, ယွင်းဘောက်စိုးစိ, ပြစ်ဆာရှိလည်း, ခံဘီသည်ညည်း, ကျေးဇူး ပည်း၏။ [၃]

လောင်ခြစ်ပွက်ဆူ, မျက်ထွက်သူကို, တုံ့မူအမျက်, ပြန်မထွက်က, အောင်ခက်နိုင်ခဲ, စစ်မြေထဲဝယ်, အောင်ပွဲရသည်, သူ-ဟု မည်ရှင့်၊ မကြည် စိတ်စက်, အမျက်ထွက်သူ, ထိုသည့်လူနှင့်, အတူပြန်လျက်, မျက်မာန် ထွက်သော်, ရှေးထက်နောက်လူ, မိုက်သောဟူ၏။ [၄]

အကြင်သူသည်, သူတစ်ပါးကို, မြှောက်စားကော်ရော်, ပူဇော်ပေးကမ်း, ချီးမွမ်းရွှတ်ချ, နှုတ်မှနက်တံ, ကဲ့ရဲ့သံကို, မခံမူကား, ထိုယောကျ်ားမှ, အစိုး ရနှင့်, သုတပညာ, ဖဲကြဉ်ခွာ၏၊ ပမာအနီး, ထုံးပုံမှီးမူ, မိုးကြီးစပ်ကာ, ပြင်းထန် စွာသည်း, ရွာကတည်းကို, ကုန်းကြည်းမြင့်တွင်, ရေမတင်သို့, အကြင်သူမှ, စိုးရပညာ, မတင်ရာသည်- - - -ရှောင်ခွာရေနှင့် ကုန်းနှယ်တည်း။ [၅]

ပုဂ္ဂိုလ်များဖြင့်, ရှိသည်တွင်၌, အကြင်သူသည်, များထူဖြင့်ပည်း, ခွန်အား သည်းလျက်, နည်းသည့်သူအား, သည်းခံငြားမူ, တရားအထွတ်, အလွန် မြတ်၏၊ မတတ်နိုင်ငြား, ကိုယ်ခွန်အားသည်, နည်းပါး၍သာ, သည်းခံမှာမူ, မြတ်ရာမကဲ့, ခံစမြဲတည်း။ [၆]

ဒီလိုလဲ မိန့်ဆိုတော်မူကြပါသေးတယ်။

၂၈။ သောဝစဿတာ

[သုခံ ဝစော ဇေတသ္မိန္တိ-သုဝစော၊ သုဝစဿ ကမ္မံ-သောဝစဿံ၊ သောဝ စဿဿ ဘာဝေါ-သောဝစဿတာ။] ဇေတသ္မိ'-ထိုသူ၌၊ သုခံ-လွယ်ကူ သော၊ ဝစော-စကားသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ သုဝစော-သုဝစမည်၏။

၁။ ကျည်းကန်ရှင်ကြီး။ ၂။ ကုလပုတ္တအာစရိယလင်္ကာ။ ၃။ မဃဒေဝ-၁၈၁။
၄။ ၄၄း-၂၆၃။ ၅။ ဥမ္မာဒန္တိ-၇၈။ ၆။ သုတသောမ-၁၅၇။

http://www.dhammadownload.com

သုဝစဿ–ဆိုဆုံးမလွယ်သူ၏၊ ကမ္မံ–အမှုတည်း၊ သောဝစဿံ–ဆိုဆုံးမလွယ်သူ၏အမှု။

သောဝစဿဿ–ဆိုဆုံးမလွယ်သူ၏ အမှု၏၊ ဘာဝေါ–ဖြစ်ကြောင်းတည်း၊ သောဝစဿတာ–ဆိုဆုံးမလွယ်သူ့အမှု၏ဖြစ်ကြောင်း၊ ဆိုဆုံးမလွယ်ကူခြင်း။

ကြောင်းကျိုးပြကာ ဆုံးမလာလို့ရှိရင် ပစ်ပယ်ခြင်းကိုလဲမပြု၊ ဆိတ်ဆိတ်လဲမနေ၊ ဝုဏ်အပြစ်ကို ကြဲစည်မှုကိုလဲ မပြုဘဲ အလွန်ရိုသေလေးစားစွာ စိတ်ကို နှိမ့်ချထားလျက် ကောင်းပါပြီ–လို့ လိုက်နာပြုကျင့်ခြင်းကိုပဲ သောဝစဿတာ–လို့ ခေါ်ပါတယ်။ ၄။

အပြောအဆိုရ လွယ်ကူမှု

ဒီသောဝစဿတာကို သုဝစ, သောဝစဿတာ–လို့ ၂–ဆင့်ခွဲကာ ပြောပြသွားပါမယ်၊ ဒါ့အပြင်– သောဝစဿတာရဲ့သဘော ထင်ရှားအောင် ဆန့်ကျင်ဘက်ဖြစ်တဲ့ ဒေါဝစဿတာကိုလဲ ဒုဗ္ဘစ, ဒေါဝစဿတာ–လို့ ၂–ဆင့်ခွဲကာ ပြဆိုသွားပါ့မယ်။

သုဝစ သုဝစ-ဆိုတာက အပြောအဆိုရလွယ်ကူ(ဆိုဆုံးမရလွယ်ကူ, အကြံပေးရလွယ်ကူ, လမ်းညွှန်ရလွယ်ကူ, တင်ပြရလွယ်ကူ)တဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်ပါတယ်၊ ဒီအထဲမှာ ပါလာတဲ့ ဆိုဆုံးမတာ, အကြံပေးတာ, လမ်းညွှန်တာ, တင်ပြတာတွေ–ဆိုတာကလဲ အထက်က အောက်ကို ဆုံးမပြောဆိုတာ, သွန်သင်တာ၊ အောက်က အထက်ကို အကြံပေးတာ, တင်ပြတာ၊ အချင်းချင်း အကြံပေးတာ, လမ်းညွှန်တာ–လို့ ၃–မျိုး ရှိပါတယ်။

မိဘဆရာသမား အထက်လူကြီးများရဲ့ ဆုံးမမှု, လမ်းညွှန်မှု, အမိန့်ပေးမှုကို ရိုသေလေးစားစွာ လိုက်နာနားထောင်တဲ့ သားသမီးများ, တပည့်များ, လက်အောက်ငယ်သားများဟာ သုဝစ–ပုဂ္ဂိုလ်တွေပဲ ဖြစ်ကြပါတယ်။

သားသမီးများ, တပည့်များ, လက်အောက်ငယ်သားများရဲ့ ကြောင်းကျိုးပြကာ ကောင်းသော အကြံပေးတင်ပြလာချက်ကို စဉ်းစားဆင်ခြင်လိုက်နာ ပြုပြင်တတ်တဲ့ မိဘ, ဆရာသမား, အထက်လူကြီးများ, အသင်းဉက္ကဋ္ဌများနှင့် အထက်အရာရှိကြီးများကလဲ သုဝစ–ပုဂ္ဂိုလ်တွေပဲ ဖြစ်ကြပါတယ်။

အချင်းချင်းအကြံပေးမှု, လမ်းညွှန်မှု, ပြုပြင်ပေးမှုကို ခံယူကြတဲ့ မိတ်ဆွေသူငယ်ချင်းများ, စီးပွားရေးလုပ်ဖော်ကိုင်ဘက်များ, ကျောင်းသူကျောင်းသားများ, အသင်းသူအသင်းသားများ, ရွာသူရွာသားများ, ရပ်ကွက်သူရပ်ကွက်သားများ–စတဲ့ ပုဂ္ဂိုလ်တွေကလဲ သုဝစ–ပုဂ္ဂိုလ်တွေပဲ ဖြစ်ကြပါတယ်။

http://www.dhammadownload.com

သောဝစဿတာ သောဝစဿတာ-ဆိုတာက အပြောအဆိုရလွယ်ကူတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာရှိနေတဲ့ ဆိုဆုံးမလွယ်ကူမှုဂုဏ်ပဲ ဖြစ်ပါတယ်၊ အဲဒီ ဆိုဆုံးမလွယ်ကူမှုဂုဏ်-ဆိုတာကလဲပဲ အဘိဓမ္မာသဘောအနေနဲ့ ပြောရရင် ပြောဆို ဆုံးမလွယ်ကူမှုကို ဖြစ်စေတတ်တဲ့ စေတနာပြဋ္ဌာန်းသော မဟာကုသိုလ်တရားစုပဲ ဖြစ်ပါတယ်။

သုဝစပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ ရှိနေတဲ့ ပြောဆိုတာ, ဆုံးမတာ, အကြံပေးတာ, လမ်းညွှန်တာကို ရိုသေလေးစားစွာ လိုက်နာမှု-ဂုဏ်ကတော့ သောဝစဿတာ မည်ပါတယ်၊ ဒီသောဝစဿတာဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေရဲ့ နေထိုင်ရာဖြစ်တဲ့ အိမ်ထောင်စု, မြို့ရွာ, ကျောင်း, အသင်းအဖွဲ့, တိုင်းနိုင်ငံတွေဟာ တိုးတက်ကြီးပွားလာစရာသာ ရှိပါတယ်၊ ဆုတ်ယုတ်ပျက်စီးစရာ မရှိပါ။

ဒုဗ္ဘစ အထက်လူကြီးများရဲ့ ပြောဆိုဆုံးမမှု, လမ်းညွှန်မှု, အမိန့်ပေးမှုကို မလိုက်နာ မနာခံသူ များ, အောက်က ကြောင်းကျိုးပြကာ တင်ပြလာတာကို စဉ်းစား ဆင်ခြင်မှု ကင်းမဲ့စွာနဲ့ မလိုက်နာ မပြုပြင်တတ်တဲ့ အကြီးအကဲများ, အချင်းချင်း အကြံပေးမှု, လမ်းညွှန်မှု, ပြုပြင်ပေးမှုကို မလိုက်နာ မခံယူကြတဲ့ မိတ်ဆွေသူငယ်ချင်းများ, စီးပွားရေးလုပ်ဖော်ကိုင်ဘက်များ, ကျောင်းသူကျောင်းသားများ, အသင်းသူ အသင်းသားများ, ရွာသူရွာသားများ, မြို့သူမြို့သားများ, တိုင်းသူပြည်သားများ ကတော့ ဒုဗ္ဘစ(အပြောအဆိုခက်တဲ့) ပုဂ္ဂိုလ်တွေပဲ ဖြစ်ကြပါတယ်။

ဒေါဝစဿတာ အဲဒီ ဒုဗ္ဘစ-ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ ရှိနေတဲ့ အပြောအဆိုရ ခက်ခဲမှု-ဆိုတဲ့ ဂုဏ်ကတော့ ဒေါဝစဿတာ မည်ပါတယ်၊ အဘိဓမ္မာသဘောအနေနဲ့ ပြောရပါရင် စေတနာ, ဒေါသ, မာန်မာနတွေပြဋ္ဌာန်းတဲ့ အကုသိုလ်တရားစုပဲ ဖြစ်ပါတယ်။

ဒီဒေါဝစဿတာဂုဏ်နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေရဲ့ နေထိုင်ရာဖြစ်တဲ့ မြို့ပြကျေးရွာ, အိမ်, ကျောင်း, အသင်းအဖွဲ့, တိုင်းနိုင်ငံတွေဟာ တိုးတက်ကြီးပွားနိုင်စရာ မရှိပါ၊ ဆုတ်ယုတ်ပျက်စီးစရာသာ ရှိပါတယ်။

နာခံသူကသာ ဩဝါဒကိုရ သုဝစပုဂ္ဂိုလ်-ဆိုတာဟာ အကြံပေးမှုနဲ့ အမှာ ပြင်ပေးမှုတို့ကို စိတ်အားထက်သန်စွာနဲ့ ခံယူ လိုက်နာတတ်သူမျိုးပဲ ဖြစ်ပါတယ်၊ ဒီပုဂ္ဂိုလ်မျိုးဟာ တစ်ကြိမ်ပြောရုံနဲ့ပဲ ရှောင်သင့် တာကို ရှောင်တတ်ပါတယ်၊ လုပ်သင့်တာကို လုပ်တတ်ပါတယ်၊ ပြုပြင်သင့်တာကို ပြုပြင်တတ်ပါတယ်။

http://www.dhammadownload.com

ပြောဆိုဆုံးမတဲ့ပုဂ္ဂိုလ်, အကြံပေးတဲ့ပုဂ္ဂိုလ်တွေကလဲ မိမိစကားကို လိုက်နာတဲ့ ပုဂ္ဂိုလ်မျိုးကိုသာ ပြောဆိုဆုံးမ သြဝါဒပေးတတ်ကြပါတယ်၊ အကြံဉာဏ်ပေးတတ်ကြပါတယ်၊ မိမိစကားကို မလိုက်နာတဲ့ ပုဂ္ဂိုလ်အား ပြောဆိုဆုံးမ သြဝါဒမပေးတတ်ကြပါ၊ အကြံဉာဏ်မပေးတတ်ကြပါ။

သို့ဖြစ်သည်အားလျော်စွာ ပြောစကားကို လိုက်နာမှုဟာ ဆုံးမသြဝါဒကိုရခြင်း, အကြံကောင်းဉာဏ်ကောင်းကို ရခြင်းရဲ့ အကြောင်းလဲ ဖြစ်ပါတယ်၊ အပြစ်ကို ရှောင်ကွင်း, ဂုဏ်ကိုရခြင်းရဲ့ အကြောင်းလဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာဖြစ်ပါတယ်။

ဒုဗ္ဗစသား [၁]

ဖ–ပြောတိုင်းသာ, မလိုက်နာ, လူပါရိုက်ခံရ၊
တီးလို့ရလာ, ငွေတစ်ရာ, လွန်စွာတီးက ဆုံးရှုံးရ။

ရှေးအခါ ဘုရားလောင်းက စည်တီးအမျိုးမှာ ဖြစ်ပါတယ်၊ ဗာရာဏသီမြို့နှင့် ခပ်လှမ်းလှမ်း ရွာတစ်ရွာမှာ နေပါတယ်၊ နက္ခတ်သဘင်ပွဲကျင်းပချိန်မှာ သားကို ခေါ်သွားပြီး ဗာရာဏသီမြို့မှာ စည်တီးပါတယ်၊ ပစ္စည်းဥစ္စာအများအပြား ရလာပါတယ်။

ဥစ္စာကိုယူပြီး ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်လာတဲ့အခါ ခိုးသားတွေ ခိုလှုံနေတဲ့ တောအုပ်ကို ဖြတ်သွားရပါတယ်၊ သားက အဆက်မပြတ် စည်ကို တီးလာပါတယ်၊ မင်းရဲ့စည်သံလို ရံခါရံခါသာတီးရန် အဖေက ပြောဆိုညွှန်ကြားပေမယ့် မရပါ၊ ခိုးသူတွေက မင်းရဲ့စည်သံမဟုတ်ကြောင်းကို သိရတဲ့အခါ သားအဖ ၂–ယောက်ကို ဖမ်းယူရိုက်နှက်ပြီး ဥစ္စာတွေကို လုယူထားလိုက်ပါတယ်။

ဒါက အဖေ့စကားကို နားမထောင်ဘဲ ကိုယ်ထင်ရာ လုပ်တတ်တဲ့အတွက် အရိုက်အနှက်လဲ ခံရ, ဥစ္စာလဲ ဆုံးရှုံးရကြောင်းကို ပြတဲ့ သက်သေသာဓက ဖြစ်ပါတယ်၊

ဆရာ့စကား နားထောင်သူ [၂]

ပညာရှိဆုံးမ, လိုက်နာက, တောင့်တကျိုးမှာ ပြီးစီးလာ၊
တစ်ရာရှိငြား, အစ်ကိုများ, ကျော်လွှားမင်းဖြစ်လာ။

ဂါမဏိမင်းသားဟာ ညီအငယ်ဆုံးဖြစ်ပါတယ်၊ သူ့မှာ အစ်ကို ၁၀၀–ရှိနေပါတယ်၊ ဂါမဏိမင်းသားက ဆရာဖြစ်သူ ဘုရားလောင်းရဲ့ ဆုံးမသြဝါဒကို နာခံ

၁။ ဇာတ်–၄–၁၊ ၃၀၀။ ၂။ ဇာတ်–၄–၁၊ ၁၅၃။

http://www.dhammadownload.com

ပါတယ်၊ လိုက်နာပြုကျင့်ပါတယ်၊ ဒါ့ကြောင့် အစ်ကို ၁၀၀-ကို ကျော်လွန်ပြီး မင်းအဖြစ်ကို ရရှိလာပါတယ်၊ အစ်ကို ၁၀၀-ခြံရံလျက် ထီးဖြူအောက်က ရာဇပလ္လင်ပေါ်မှာ ထိုင်ကာ-

"ပညာရှိတွေရဲ့ အဆုံးအမမှာတည်ပြီး အလျင်စလိုမလုပ်ဘဲ သင့်တော်တဲ့နည်းနဲ့ လုပ်ကိုင်တဲ့ လူတွေမှာ တောင့်တသမျှသော အကျိုးဟာ ပြည့်စုံရတာချည်းပါပဲ၊ ငါဟာ ဆရာ့စကားကို နားထောင်လို့ အစ်ကို ၁၀၀-ကို ကျော်လွန်ပြီး မင်းအဖြစ်ကို ရရှိလာပါပေတယ်"။

ဒီလို ဥဒါန်းစကား ပြောဆိုမြွက်ကြားနေပါတယ်၊ စကာဒသနိပါတ် သံဝရဇာတ်ကိုလဲ ရှုပါ။

တပည့်စကားကို နားမထောင်သောဆရာ

ကွက်ကျော်စီးပွား, လိုရှိငြား, ဆိုးဝါးပျက်စီးရာ၊
ပညာရှိစကား, ပစ်ပယ်ထား, အများပျက်စီးရလေပါ။

ဗာရာဏသီမြို့နားက ရွာကလေးတစ်ရွာမှာ နေထိုင်တဲ့ ပုဏ္ဏားတစ်ယောက်က ဝေဒဗ္ဗ-ဆိုတဲ့ မန္တရားကို တတ်ပါတယ်၊ အဲဒီမန္တရားဟာ အဖိုးအတိုင်းမသိ ထိုက်တန်ပါတယ်၊ မြတ်တဲ့သူတွေနှင့်သာ သင့်တော်ပါတယ်၊ နက္ခတ်ယှဉ်မှုကိုရလို့ အဲဒီမန္တရားကို မန်းမှုတ်ပြီး ကောင်းကင်ကို ကြည့်လိုက်ရင် ကောင်းကင်က ရတနာ ၇-ပါးမိုးကို ရွာစေတတ်ပါတယ်။

အဲဒီအချိန်မှာ ဘုရားလောင်းအမျိုးသားက အဲဒီပုဏ္ဏားထံမှာ အတတ်ပညာကို သင်ယူနေပါတယ်၊ ပုဏ္ဏားက ဘုရားလောင်းကို ခေါ်ပြီး စေတတိုင်းကို သွားပါတယ်၊ လမ်းခရီးအကြား တောအုပ်တစ်ခုမှာ ပြန်ပေးဆွဲသမား ၅၀၀-တို့ နေထိုင်ကြပါတယ်၊ သူတို့က ဝေဒဗ္ဗပုဏ္ဏားကို ဖမ်းယူထားပြီး ဘုရားလောင်းကို ဥစ္စာရှာရအောင် လွှတ်လိုက်ကြပါတယ်။

"ဆရာရယ်! ဒီနေ့ နက္ခတ်ယှဉ်မှုကို ရလာပါလိမ့်မယ်၊ ဆရာက လွှတ်မြောက်လိုတဲ့အတွက် မန္တရားကို မန်းမှုတ်ပြီး ရတနာမိုးရွာအောင် မလုပ်ပါနှင့်၊ ရတနာမိုးရွာအောင်လုပ်လို့ရှိရင် ဆရာရော, ခိုးသားတွေရော အကုန်လုံးပျက်စီးကြမှာပဲ"။

ဒီလိုပဲဘုရားလောင်းက သွားခါနီးမှာ ပုဏ္ဏားကို တိုးတိုးတိတ်တိတ် မှာထားခဲ့ပါတယ်။

၁။ ဇာတ်-၄-၁၊ ၂၇၀။

http://www.dhammadownload.com

မိုးချုပ်လာတဲ့အချိန်မှာ ခိုးသားတွေက ပုဏ္ဍားကို တုတ်နှောင်ပြီး အိပ်စေကြပါတယ်၊ အဲဒီခဏမှာပဲ ပုဏ္ဍားက နက္ခတ်ယှဉ်တာကို တွေ့ရပါတယ်၊ ဒါနဲ့ ဥစ္စာမိုးကို ရွာစေပြီး ခိုးသူတို့အား ဥစ္စာတွေကို ပေးထားခဲ့မယ်၊ ခိုးသူတွေရဲ့လက်ကလွတ်တော့ ငါက သွားလိုရာကို သွားတော့မယ်–ဆိုတဲ့ အကြံနဲ့ ပုဏ္ဍားက ခိုးသူတွေကို ပြောဆိုပါတယ်။

"မင်းတို့က ငါ့ကို ဘာလိုချင်လို့ ဖမ်းထားကြပါသလဲ ?"။

"ဥစ္စာလိုချင်လို့ ဆရာ့ကို ဖမ်းယူထားကြပါတယ်"။

"မင်းတို့က ဥစ္စာကို အလိုရှိရင် ချည်နှောင်ထားတာက ငါ့ကို ခပ်မြန်မြန်လွှတ်ပါ၊ ခေါင်းလျှော်ပေးပါ၊ အဝတ်သစ်များကို လဲလှယ်ဝတ်ဆင်ပေးပါ၊ နံ့သာတွေ လိမ်းကျံပေးပြီး ပန်းလဲ ပန်ဆင်ပေးပါ"။

ခိုးသူတွေက ပုဏ္ဍားပြောတဲ့အတိုင်းပဲ အကုန်လုံးကို လုပ်ပေးကြပါတယ်။

ပုဏ္ဍားက နက္ခတ်ယှဉ်ချိန်မှာ မန္တန်ရားကိုရွတ်ပြီး ရတနာမိုးကို ရွာစေပါတယ်၊ ခိုးသူတွေက ရတနာများကို ကောက်ယူထုတ်ပိုးပြီး ထွက်သွားကြပါတယ်၊ ပုဏ္ဍားကလဲ ခိုးသူတွေရဲ့နောက်ကပဲ လိုက်သွားပါတယ်။

အဲဒီပြန်ပေးဆွဲသမား ၅၀၀–တို့ကို အခြားခိုးသား ၅၀၀–တို့က လမ်းမှဆီးပြီး ဖမ်းယူကြပါတယ်၊ ပြန်ပေးဆွဲသမားတွေက ရတနာမိုး ရွာစေတတ်တဲ့ ပုဏ္ဍားကို ပေးထားခဲ့ကြပြီး ထွက်လာခဲ့ကြပါတယ်။

အဲဒီအချိန်မှာ ရတနာမိုး ရွာပေးရမယ်–လို့ ပုဏ္ဍားကို တောင်းဆိုကြပါတယ်၊ နောက်တစ်နှစ်ကြာလို့ နက္ခတ်ယှဉ်မှုကို ရတဲ့အခါမှာသာ ရတနာမိုးရွာအောင် လုပ်ပေးပါ့မယ်၊ အခုလုပ်မပေးနိုင်သေးပါ–လို့ ပုဏ္ဍားက တောင်းပန်ပြောဆိုပါတယ်။

ဒီတော့ ခိုးသူတွေက စိတ်ဆိုးပြီး ပုဏ္ဍားကို သတ်ထားခဲ့ကြပါတယ်၊ ရှေ့က ထွက်သွားတဲ့ ပြန်ပေးသမား ၅၀၀–တို့ကိုလဲ အမိုလိုက်ကာ သတ်ပစ်လိုက်ကြပါတယ်၊ ထို့နောက် ရတနာတွေကို စုရုံးယူဆောင်လာကြပါတယ်၊ သူတို့ ခိုးသား ၅၀၀–တို့ကလဲ ရတနာတွေကို အကြောင်းပြုပြီး အချင်းချင်းသတ်ဖြတ်ကြတာနဲ့ပဲ အကုန်လုံးသေဆုံးသွားကြရပါတယ်။

ဒီလို ပညာရှိတပည့်စကားကို မလိုက်နာတဲ့ ပုဏ္ဍားတစ်ယောက်ကို အကြောင်းပြုလို့ ပုဏ္ဍားနှင့်တကွ ပြန်ပေးဆွဲသမား ၅၀၀–နှင့် ခိုးသား ၅၀၀–တို့ အသက်ကုန်ဆုံးခြင်းသို့ ရောက်ကြရပါတယ်။

http://www.dhammadownload.com

သို့ဖြစ်၍ ကြီးငယ်မဟူ အကျိုးလိုလို ပြောဆိုသူရဲ့ စကားကို လိုက်နာရမည်သာ ဖြစ်ပါတယ်။

ရှင်မဟာကဿပ၏ တပည့်မိုက်

လူကြီးဆုံးမ, သြဝါဒ, မုချလိုက်နာ ရမည်သာ၊
ဆိုဆုံးမမှု, အပြစ်ရှု, ခုရောနောင်ပါ ပျက်စီးရာ။

တစ်ချိန်မှာ ရှင်မဟာကဿပက ရာဇဂြိုဟ်မြို့အနီး တောကျောင်းကလေး တစ်ဆောင်မှာ တပည့်ရဟန်းကလေး ၂-ပါးနှင့်အတူ နေပါတယ်၊ အဲဒီရဟန်းကလေး ၂-ပါးအနက် တစ်ပါးက စိတ်ကောင်းစေတနာကောင်းရှိသူ ဖြစ်ပါတယ်၊ ဝတ္တရားကို ပြုကျင့်တတ်ပါတယ်၊ ရှင်မဟာကဿပထေရ်ကို ကောင်းစွာပြုစုလုပ်ကျွေးနေပါတယ်၊ တစ်ပါးကတော့ စိတ်ကောင်းစေတနာကောင်း မရှိပါ၊ ဒုဗ္ဘစ(အပြောအဆိုခက်သူ) ဖြစ်ပါတယ်၊ သူများလုပ်ထားတာကို ကိုယ်လုပ်ထားသယောင် ဟန်ဆောင်တတ်ပါတယ်။

တစ်နေ့ကျတော့ ဒုဗ္ဘစရဟန်းက နေ့ဆွမ်းစားပြီး အိပ်နေချိန်မှာ တာဝန်သိတဲ့ ရဟန်းက ရှင်မဟာကဿပအတွက် ချိုးရေကျိုပြီး ရေချိုးရုံနောက်ဖေးမှာ သိမ်းထားခဲ့ပါတယ်၊ အခြားအိုးသစ်တစ်လုံးမှာ ရေတစ်မှုတ်လောက်ထည့်ပြီး ခွင်ပေါ်မှာ ထင်ထားခဲ့ပါတယ်၊ ဒါက ဒုဗ္ဘစရဟန်းကို အကဲစမ်းလိုတဲ့အတွက် တမင်အကွက်ဆင်ထားတာမျှသာ ဖြစ်ပါတယ်။

ဒုဗ္ဘစရဟန်းက အိပ်ရာမှနိုးလာတဲ့အခါ ခွင်ပေါ်မှာတင်ထားတဲ့ အိုးက အငွေ့တထောင်းထောင်းထွက်နေတာကို တွေ့ရပါတယ်၊ ဒါနဲ့ ရေနွေးရောစပ်ပြီး ချိုးရေကို ရေချိုးရုံထဲမှာ အဆင်သင့်တည်ထားပြီး ဖြစ်လိမ့်မယ်-ဆိုတဲ့ အထင်နဲ့ "ရေချိုးရုံထဲမှာ ချိုးရေတည်ထားပြီးပါပြီ၊ ရေချိုးရန်ကြွတော်မူပါ အရှင်ဘုရား !"လို့ ရှင်မဟာကဿပထေရ်ကို သွားရောက်လျှောက်ထားပါတယ်။

ရှင်မဟာကဿပထေရ်က ရေချိုးတော့မယ်-လို့ အဲဒီဒုဗ္ဘစရဟန်းနှင့်အတူပဲ ကြွလိုက်လာပါတယ်၊ ရေချိုးရုံထဲမှာ ရေမတွေ့ရတဲ့အခါ "ရောဘယ်မှာလဲ"လို့ အမိန့်ရှိတော်မူပါတယ်၊ ဒီတော့ ဒုဗ္ဘစကိုယ်တော်က ရေမှုတ်ကြီးကိုကိုင်ကာ အပြေးအလွှား မီးဖိုချောင်ကို သွားပါတယ်၊ ခွင်ပေါ်မှာ တည်ထားတဲ့ အိုးထဲက ရေနွေးကို ခပ်ယူမယ်-လို့ ရေမှုတ်ကြီးကို အိုးဝက ထည့်သွင်းလိုက်ပါတယ်၊ ဒီတော့ အိုးထဲမှာ ရေမရှိတဲ့အတွက် ရေမှုတ်ကြီးက ဒက်ကနဲ အိုးဖင်ကိုသာ သွားထိပါတယ်၊ ရေမှုတ်

၁။ ဇာတ်-၄-၃၊ ၆၅။

http://www.dhammadownload.com

ကြီးထဲမှာ ရေနွေးတစ်စက်တစ်ပေါက်မှ ပါမလာပါ၊ အဲဒီအချိန်ကစပြီး သူဟာ ဥဋ္ဌကံသဒ္ဒ–ဆိုတဲ့အမည်ကို ရရှိထားပါတယ်။ [ဥဋ္ဌကံ–ရေမူတ်+သဒ္ဒ–အသံ။]

အဲဒီအချိန်မှာပဲ ဝတ္တရားကျေပွန်တဲ့ ရဟန်းက ရေချိုးရုံနောက်က ရေကိုယူလာပြီး "ရေချိုးတော်မူပါ အရှင်ဘုရား !" လို့ လျှောက်ထားပါတယ်၊ မထေရ်က ဥဋ္ဌကံသဒ္ဒရဲ့ ဒုဗ္ဗစဖြစ်ကြောင်းကို အဲဒီအချိန်ကစပြီး သိရှိနားလည်သွားပါတယ်၊ ညနေဘက် အချိန်မှာ ဆည်းကပ်ခစားရအောင် အနားကိုရောက်လာတဲ့ ဥဋ္ဌကံသဒ္ဒအား ရှင်မဟာကဿပ မထေရ်မြတ်က–

"ငါ့ရှင် ! ရဟန်း–ဆိုတာဟာ ကိုယ်လုပ်တာကိုသာ လုပ်တယ်-လို့ ပြောသင့်ပါတယ်၊ ကိုယ်မလုပ်ဘဲ လုပ်တယ်–လို့ ပြောရင် မုသားပြောရာ, လိမ်ညာရာ ရောက်တာပဲ၊ ဒီနေ့ကစပြီး ဒီလိုအလုပ်မျိုးကို မလုပ်ပါနှင့်"။

ဒီလိုအသာတကြည် ဆုံးမသြဝါဒပေးပါတယ်၊ ဥဋ္ဌကံသဒ္ဒက မထေရ်ကို စိတ်ဆိုးပြီး နောက်တစ်နေ့မှာ မထေရ်နှင့်အတူ ဆွမ်းခံ မလိုက်တော့ပါ၊ အရှင်မဟာကဿပ ထေရ်ရဲ့ အလုပ်အကျွေးဖြစ်တဲ့ ဒကာဒကာမအိမ်ကို သွားပြီး "ဆရာတော်ကြီးက ဒီနေ့ နေထိုင်မကောင်းဘူး၊ ဒါတွေဒါတွေကို ပေးကြပါဦး"လို့ ပြောဆိုတောင်းယူလာခဲ့ပါတယ်၊ အဲဒီလို တောင်းယူလာခဲ့တဲ့ စားစရာတွေကို ကိုယ်သဘောကျတဲ့ နေရာသို့ သွားရောက်စားသောက်ပြီးမှ ကျောင်းကိုပြန်လာခဲ့ပါတယ်။

နောက်တစ်နေ့မှာ ရှင်မဟာကဿပထေရ်က အဲဒီအိမ်ကို ရောက်သွားလို့ သီတင်းသုံးထိုင်နေတဲ့ အချိန်မှာ လူတွေက မေးမြန်းလျှောက်ထားကြပါတယ်။–

"အရှင်ဘုရားမှာ ဘာရောဂါများ ဖြစ်နေပါသလဲ ?၊ မနေ့က ကျောင်းမှာပဲ နေတယ်ဆိုပါလား ?၊ တပည့်တော်တို့က အရှင်ဘုရားရဲ့တပည့်ရဟန်းကလေးနဲ့ သင့်တော်တဲ့ အစာအာဟာရကို ပေးလှူလိုက်ပါတယ်၊ အရှင်ဘုရားက ဘုဉ်းပေး နိုင်ပါရဲ့လား ?"။

ဒီစကားကို ကြားရတဲ့အခါ ရှင်မဟာကဿပထေရ်က ဟုတ်တာ,မဟုတ်တာ ဘာစကားကိုမျှ ပြန်မပြောခဲ့ပါ၊ ဆွမ်းဘုဉ်းပေးပြီး ကျောင်းကို ပြန်လာခဲ့ပါတယ်၊ ညနေဆည်းကပ်ရောက်လာချိန်မှာ ဥဋ္ဌကံသဒ္ဒကို ပြောဆိုဆုံးမပြန်တယ်။

"ငါ့ရှင် ! ဟိုနားကရွာမှာနေကြတဲ့ ဘယ်သူတွေထံက ဆရာတော်အတွက် ဒါတွေ ဒါတွေ လိုနေတယ်-လို့ တောင်းပြီး ငါရှင်ကစားလာခဲ့တယ်–ဆိုပါလား၊ လူတွေထံမှာ တောင်းတယ်–ဆိုတာ မအပ်ဘူး၊ နောင်ဒီလို မသင့်တော်တဲ့ အကျင့်မျိုးကို မပြုကျင့်ပါနှင့်"။

http://www.dhammadownload.com

ဒီမျှလောက် ပြောဆိုဆုံးမရုံနဲ့ပဲ ဥဋ္ဌကိသဒ္ဒက မထေရ်အပေါ်မှာ ရန်ငြိုးဖွဲ့လာပါတယ်။

"ဒီမထေရ်ဟာ မနေ့က ချိုးရေမျှကို အကြောင်းပြုပြီး ငါ့ကို ရန်ရှာလာခဲ့တာပဲ၊ ဒီနေ့ကျပြန်တော့လဲ သူဒကာဒကာမတွေရဲ့ အိမ်မှာ ငါက ဆွမ်းတစ်ဆုပ်လောက် တောင်းယူစားသောက်ခဲ့တာကို သည်းမခံနိုင်တဲ့အတွက် နောက်ထပ် ရန်ရှာနေပြန်တယ်၊ ငါက ဒီမထေရ် အပေါ်မှာ လုပ်သင့်တာကို လုပ်ရတော့မယ်"။

ဒီလို ရန်ငြိုးဖွဲ့လျက် နောက်တစ်နေ့ ရှင်မဟာကဿပမထေရ် ဆွမ်းခံကြွနေချိန်မှာ တင်းပုတ်ကြီးနဲ့ အသုံးအဆောင် အိုးခွက်အကုန်လုံးကို ရိုက်ခွဲပါတယ်၊ သစ်ရွက်မိုးကျောင်းကိုလဲ မီးရှို့ထားပါတယ်၊ အဲဒီလို အကုန်လုံးကို ဖျက်ဆီးပြီးမှ ထွက်ပြေးသွားပါတယ်။

အဲဒီဥဋ္ဌကိသဒ္ဒဟာ အသက်ရှင်နေတုန်းမှာပဲ လူပြိတ္တာဖြစ်ပြီး ခြောက်ကပ်သေဆုံးသွားတဲ့အခါ အဝီစိငရဲမှာ ဖြစ်နေရပါတော့တယ်။

သင့်တော်သူကိုသာ ဩဝါဒပေးသင့်

ဆုံးမစကား, သူမြတ်များ, လေးစားလိုက်နာပါ၊
ဆုံးမစကား, လူမိုက်နား, ခါးသီးလှလေပါ။

ရှေးအခါ ဗာရာဏသီမြို့မှာ ပုဏ္ဏားအိမ်ထောင်စုတစ်ခု ရှိနေပါတယ်၊ ဘုရားလောင်းက အဲဒီအိမ်ထောင်စုမှာ ဖြစ်လာပါတယ်၊ အရွယ်ရောက်လာတဲ့အခါ တက္ကသိုလ်မြို့ကို သွားရောက်ပြီး အတတ်အကုန်လုံးကို သင်ယူပါတယ်၊ အိမ်ရာတည်ထောင်မှုကို မပြုဘဲ ရသေ့ဝတ်ပြီး ဟိမဝန္တာမှာ ကြာရှည်လေးမြင့် နေလာခဲ့ပါတယ်။

တစ်ချိန်မှာ ဘုရားလောင်းရသေ့က ဟိမဝန္တာမှ ဗာရာဏသီမြို့ကို ကြွရောက်လာပါတယ်၊ ဗြဟ္မဒတ်မင်းက ရသေ့ကို တွေ့မြင်ရတာနဲ့ပဲ ကြည်ညိုနေပါတယ်၊ မင်းဥယျာဉ်မှာ သီတင်းသုံးနေစေပါတယ်၊ တစ်နေ့တစ်ကြိမ် ဆည်းကပ်ခစားရအောင် သွားနေပါတယ်၊ ရသေ့က မင်းအား နေ့စဉ်နေ့တိုင်း ဆုံးဩဝါဒပေးပါတယ်။

"မင်း–ဆိုတာဟာ အဂတိတရား ၄–ပါး၊ကို မလိုက်ပါရပါဘူး၊ မေ့လျော့ခြင်းကင်းရမယ်၊ သည်းခံရမယ်၊ မေတ္တာကရုဏာနှင့် ပြည့်စုံရမယ်၊ ဒါ့အပြင်–

၁။ ဇာတ်–၄–၁၊ ၂၁၄။

http://www.dhammadownload.com

မင်း–ဆိုတာဟာ စကား–ဆိုတဲ့ လက်နက်ကို ပိုင်ဆိုင်ထားသူဖြစ်တယ်၊ ရွာမှာပဲ ဖြစ်ဖြစ်, တောမှာပဲဖြစ်ဖြစ်, ချိုင့်ဝှမ်းရာအရပ်မှာပဲဖြစ်ဖြစ်, ကုန်းမှာပဲဖြစ်ဖြစ် ဘယ်နေရာမျိုးမှာမှ အမျက်မထွက်သင့်၊ အမျက်ထွက်လို့ ပြောဆိုလိုက်တဲ့ မင်းရဲ့စကား တစ်ခွန်းတည်းနဲ့ပဲ အများအပြား သေဆုံးရတတ်ပါတယ်"။

မင်းက ဩဝါဒကို နှစ်သက်လှတဲ့အတွက် အခွန်တစ်သိန်းထွက်တဲ့ ရွာကို ရသေ့အား ပေးပါတယ်၊ ရသေ့က လက်ခံမှုကို မပြုပါ၊ ပယ်မြစ်ထားပါတယ်။

အဲဒီလို နေထိုင်ရင်း ၁၂–နှစ်လောက် ကြာတဲ့အခါမှာ ရသေ့က ကျေးလက် တောရွာကို လှည့်လည်လိုတဲ့အတွက် ဥယျာဉ်စောင့်ကို မှာထားခဲ့ပြီး ထွက်ကြွလာ ခဲ့ပါတယ်၊ ဂင်္ဂါမြစ်ကမ်းမှာ အဝါရိယပိတာ–ဆိုတဲ့ ကူးတို့သူကြီးကို တွေ့ပါတယ်၊ အဲဒီကူးတို့သူကြီးက မိုက်မဲတွေဝေသူ ဖြစ်ပါတယ်၊ ဂုဏ်ရှိသူတွေရဲ့ ဂုဏ်ကျေးဇူး ကိုလဲ မသိတတ်ပါ၊ ဒေါသလဲ ကြီးလှပါတယ်၊ တစ်ဖက်ကမ်းကို အပို့ခိုင်းတဲ့ လူတွေထဲက မပို့ခင် အခမတောင်းဘဲ ပို့ပြီးလို့ တစ်ဖက်ကမ်းကိုရောက်မှ အခတောင်း ပါတယ်၊ အခမပေးလိုသူတွေနှင့် အမြဲရန်ဖြစ်နေရပါတယ်။

ဘုရားလောင်းရသေ့က အဲဒီကူးတို့သူကြီးကို တစ်ဖက်ကမ်းသို့ ပို့ပေးရန် တောင်းပန်ပါတယ်၊ တစ်ဖက်ကမ်းကို ရောက်တဲ့အခါ ကူးတို့သူကြီးက ရသေ့ထံမှာ အခတောင်းပါတယ်၊ ရသေ့က အခငွေကြေးမပေးဘဲ ဩဝါဒသာ ပေးပါတယ်။

"တစ်ဖက်ကမ်းကို ကူးပြီးတဲ့ လူတွေရဲ့စိတ်က တစ်မျိုးဖြစ်ပြီး တစ်ဖက် ကမ်းကို ကူးလိုတဲ့လူတွေရဲ့စိတ်က တစ်မျိုးဖြစ်တတ်ပါတယ်၊ ဒါ့ကြောင့် တစ်ဖက်ကမ်းကို မကူးခင် ကြိုတင်ပြီး အခကို တောင်းယူရမယ်၊ ဒါက သင့်အတွက် ဥစ္စာတိုးပွားကြောင်း ဖြစ်တယ်။

ရွာမှာပဲဖြစ်ဖြစ်, တောမှာပဲဖြစ်ဖြစ်, ချိုင့်ဝှမ်းရာအရပ်မှာပဲဖြစ်ဖြစ်, ကြည်းကုန်းမှာပဲဖြစ်ဖြစ် ဘယ်နေရာမျိုးမှာမှ အမျက်မထွက်ပါနှင့်၊ ဒါကတော့ သင့်အတွက် ကိုယ်ကျင့်တရားတိုးပွားကြောင်း ဖြစ်တယ်။

ဒီဥစ္စာတိုးပွားကြောင်းဩဝါဒနှင့် ကိုယ်ကျင့်တရားတိုးပွားကြောင်း ဩဝါဒ တွေဟာ သင့်အတွက် ကူးတို့ပို့ခပဲ ဖြစ်ပါတယ်၊ ငါ့မှာ ဒါ့အပြင် ကြေးငွေ ပိုက်ဆံ တစ်ပြားတစ်ချပ်မှ ပါမလာဘူး"။

ဒီလိုပြောလိုက်တဲ့ ရှင်ရသေ့ရဲ့ စကားကို ကြားရတဲ့အခါ ကူးတို့သူကြီးက အမျက် ထွက် စိတ်ဆိုးပြီး ဂင်္ဂါမြစ်ကမ်းမှာပဲ ရသေ့ကို တွန်းလဲလိုက်ပါတယ်၊ ရင်ပေါ်မှာ ခွထိုင်ကာ ရသေ့ရဲ့မျက်နှာကိုချည်း ထောင်းထုရိုက်ပုတ်နေပါတော့တယ်။

http://www.dhammadownload.com

ဒီလို ရှင်ရသေ့အား ရိုက်နှက်နေတာကို ထမင်းပို့လာတဲ့ ကူးတို့သူကြီးရဲ့ မယားက တွေ့ရတော့ လင်ဖြစ်သူကို တားမြစ်ပါတယ်၊ လှေသူကြီးက ထလာပြီး သူ့ကို တားရကောင်းလား–ဆိုတဲ့ သဘောနဲ့ မယားကို ရိုက်ပြန်တယ်၊ ဒီတော့ ထမင်းအိုးလဲ ကျကွဲသွားပါတယ်၊ မယားရဲ့ ရင်နေတဲ့ ကိုယ်ဝန်လဲ ပျက်ကျသွားပါတယ်။

အဲဒီအချိန်မှာ လူတွေက ဝိုင်းအုံရောက်လာကြပါတယ်၊ ကူးတို့သူကြီးကို ဖမ်းယူပြီး ဗြဟ္မဒတ်မင်းထံ ပို့ကြပါတယ်၊ လူသတ်မှုနဲ့ တရားစွဲကြပါတယ်၊ ဗြဟ္မဒတ်မင်းက စစ်ဆေးဆုံးဖြတ်ပြီး အပြစ်ဒဏ်ချမှတ်လိုက်ပါတယ်။

ရသေ့က အမျက်ဖြေဩဝါဒကို ဗြဟ္မဒတ်မင်းအား ပေးတဲ့အခါမှာ အခွန်တစ်သိန်းထွက်တဲ့ ရွာကို ရပါတယ်၊ အဲဒီအမျက်ဖြေဩဝါဒကိုပဲ လူမိုက်ကူးတို့သူကြီးအား ပေးတဲ့အခါမှာတော့ ပါးကို အရိုက်ခံရပါတယ်၊ ဒါ့ကြောင့် ဩဝါဒ ပေးတဲ့ ပုဂ္ဂိုလ်ဟာ သင့်တော်သူအားသာ ပေးသင့်ပါတယ်၊ မသင့်တော်သူအား မပေးသင့်ပါ။

လူတော်လူကောင်းနှင့် လူရှော်လူညံ့

လောကမှာ ပညာအရည်အချင်း ပြည့်ဝသူမျိုးကို လူတော်–လို့ ခေါ်ပါတယ်၊ ကိုယ်ကျင့်သိက္ခာ ပြည့်ဝသူမျိုးကိုတော့ လူကောင်း–လို့ ခေါ်ပါတယ်၊ ဒီလို လူကောင်းတစ်ယောက် ဖြစ်လာအောင် ဆုံးမဩဝါဒကို နာခံမှု, လိုက်နာပြုကျင့်မှုဟာ အင်မတန် အရေးပါ အရာရောက်ပါတယ်။

မိဘ, ဆရာသမား–စတဲ့ အကျိုးလိုလားသူတွေရဲ့ ဆုံးမဩဝါဒကို လိုက်နာပြုကျင့်သူတွေကသာ ပညာရေးဘက်မှာလဲ ထူးချွန်နိုင်ကြပါတယ်၊ အကျင့်စာရိတ္တဘက်မှာလဲ ထူးချွန်နိုင်ကြပါတယ်၊ ဒါ့ကြောင့် လူတော်လူကောင်း ဖြစ်လိုသူတိုင်း အကျိုးလိုလားသူတွေရဲ့ ဆုံးမဩဝါဒကို ရိုသေလေးစားစွာ လိုက်နာသင့်ပါတယ်။

အကျိုးလိုလားသူတွေရဲ့ ဆုံးမဩဝါဒကို မလိုက်နာ မပြုကျင့်သူတွေကတော့ ပညာရေးဘက်မှာလဲ မထူးချွန်နိုင်ကြပါ၊ အကျင့်စာရိတ္တဘက်မှာလဲ မထူးချွန်နိုင်ကြပါ၊ ဒါ့ကြောင့် လူတော်လူကောင်း ဖြစ်မလာကြဘဲ လူရှော်လူညံ့တွေသာ ဖြစ်လာကြရပါတော့တယ်။

ဒါ့အပြင်– ပြောဆိုဆုံးမတယ်–ဆိုတာဟာလဲပဲ ပြောဆိုဆုံးမသူရဲ့ ကြီးပွားတိုးတက်ရေးအတွက် မဟုတ်ပါ၊ ပြောဆိုဆုံးမခံရသူရဲ့ ကြီးပွားတိုးတက်ရေးအတွက်သာ ဖြစ်ပါတယ်၊ သို့ဖြစ်သည်အားလျော်စွာ မိမိရဲ့ ပြောဆိုဆုံးမမှုကို မလိုက်နာ

http://www.dhammadownload.com

မပြုကျင့်သူတို့အား မည်သူကမှ ဆုံးမလိုမယ်မဟုတ်ပါ၊ ဒီတော့ အကျိုးလိုလားသူတွေရဲ့ ဆုံးမသြဝါဒကို မရသူတို့ရဲ့ ဘဝဟာ ပျက်စီးဆုံးရှုံးမှုဘက်ကိုသာ ဦးလှည့်နေပါတော့တယ်၊ ဒီနေရာမှာ ကေသီသုတ်ကို ထည့်သွင်းပြောပြသွားပါဦးမယ်။

ကေသီသုတ် ။

တစ်နေ့မှာ ကေသီ–ဆိုတဲ့ မြင်းဆရာတစ်ယောက်က ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်ရောက်လာခဲ့ပါတယ်၊ ဗုဒ္ဓမြတ်စွာကို ရှိခိုးပြီး သင့်တော်ရာက ထိုင်နေပါတယ်၊ အဲဒီအချိန်မှာပဲ ဗုဒ္ဓမြတ်စွာက မေးတော်မူပါတယ်။

"ကေသီ ! သင်ဟာ ထင်ရှားတဲ့ မြင်းဆရာတစ်ဦး ဖြစ်တယ်၊ ဆုံးမလေ့ကျင့်ပေးရတဲ့ မြင်းရိုင်းတွေကို သင်က ဘယ်လိုလေ့ကျင့်ဆုံးမပေးသလဲ ?"။

"တပည့်တော်က ဆုံးမသင့်တဲ့ မြင်းရိုင်းကို အနုနည်းနဲ့လဲ ဆုံးမတာပဲ၊ အကြမ်းနည်းနဲ့လဲ ဆုံးမတာပဲ၊ အနုအကြမ်းနည်းနဲ့လဲ ဆုံးမတာပဲ"။

[သင့်တော်တဲ့ ပြုစုလုပ်ကျွေးမှုကို ပြုလုပ်ပေးခြင်း, ကောင်းတဲ့အစားအစာကို ကျွေးခြင်း, ကောင်းတဲ့ သောက်ဖွယ်တို့ကို တိုက်ကျွေးခြင်း, ချို့ချို့သာသာ ပြောဆိုခြင်းတွေနဲ့ ဆုံးမတာကို အနုနည်းနဲ့ ဆုံးမတယ်–လို့ ခေါ်ပါတယ်။

ဒူးဆစ်တို့ကို နှောင်ဖွဲ့ခြင်း, ဇက်ကြိုးတပ်ခြင်း, နှင်တံနဲ့ထိုးဆွခြင်း, ကြိမ်နဲ့ရိုက်ခြင်း, ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခြင်းတွေနဲ့ ဆုံးမတာကို အကြမ်းနည်းနဲ့ ဆုံးမတယ်–လို့ ခေါ်ပါတယ်။

ရဲခါအနုနည်း, ရဲခါအကြမ်းနည်းနဲ့ ဆုံးမတာကိုပဲ အနုနည်းအကြမ်းနည်းနဲ့ ဆုံးမတယ်–လို့ ခေါ်ပါတယ်။]

"သင်ဆုံးမတဲ့မြင်းက အနုနည်းနဲ့ ဆုံးမလို့လဲ မယဉ်ကျေးဘူး၊ အကြမ်းနည်းနဲ့ ဆုံးမလို့လဲ မယဉ်ကျေးဘူး၊ အနုအကြမ်းနည်းနဲ့ ဆုံးမလို့လဲ မယဉ်ကျေးဘူး–ဆိုရင် သင်က အဲဒီမြင်းကို ဘယ်လိုလုပ်သလဲ ?"။

"တပည့်တော်တို့ရဲ့ မြင်းဆရာအမျိုးဝင် ပျက်မှာစိုးတဲ့အတွက် အဲဒီမြင်းမျိုးကျတော့ သတ်ပစ်လိုက်တာပါပဲ"။

"ရှင်တော်မြတ်ဘုရား ! အရှင်မြတ်တို့ကလဲပဲ ဆုံးမသင့်တဲ့ ပုဂ္ဂိုလ်တွေကို ဆုံးမတတ်တဲ့ အတုမဲ့ပုဂ္ဂိုလ်(အနုတ္တရောပုရိသဒမ္မသာရထိ) ဖြစ်တော်မူပါတယ်၊ အရှင်မြတ်က ဆုံးမသင့်တဲ့ ပုဂ္ဂိုလ်တွေကို ဘယ်လိုဆုံးမပါသလဲ ?"။

၁။ အံ–၁၊ ၄၂၇။

http://www.dhammadownload.com

"ကေသီ ! ငါဘုရားကလဲ ဆုံးမသင့်တဲ့ သတ္တဝါတွေကို အနုနည်းနဲ့လဲ ဆုံးမတယ်၊ အကြမ်းနည်းနဲ့လဲ ဆုံးမတယ်၊ အနုအကြမ်းနည်းနဲ့လဲ ဆုံးမတယ်၊ ငါက ဆုံးမတဲ့အခါ ဒါက ကာယသုစရိုက်ဖြစ်တယ်၊ ဒါက ကာယသုစရိုက်ရဲ့ အကျိုးဖြစ်တယ်၊ ဒါက ဝစီသုစရိုက်ဖြစ်တယ်၊ ဒါက ဝစီသုစရိုက်ရဲ့အကျိုးဖြစ်တယ်၊ ဒါက မနောသုစရိုက်ဖြစ်တယ်၊ ဒါက မနောသုစရိုက်ရဲ့အကျိုးဖြစ်တယ်၊ ဒါက နတ်တွေပဲ၊ ဒါက လူတွေပဲ၊ ဒီလို ဆုံးမတာကိုပဲ အနုနည်းနဲ့ ဆုံးမတယ်–လို့ ဆိုရတယ်။

ဒါက ကာယဒုစရိုက်ဖြစ်တယ်၊ ဒါက ကာယဒုစရိုက်ရဲ့အကျိုးဖြစ်တယ်၊ ဒါက ဝစီဒုစရိုက်ဖြစ်တယ်၊ ဒါက ဝစီဒုစရိုက်ရဲ့အကျိုးဖြစ်တယ်၊ ဒါက မနောဒုစရိုက်ဖြစ်တယ်၊ ဒါက မနောဒုစရိုက်ရဲ့အကျိုးဖြစ်တယ်၊ ဒါက ငရဲပဲ၊ ဒါက တိရစ္ဆာန်ပဲ၊ ဒါက ပြိတ္တာပဲ၊ ဒီလိုဆုံးမတာကိုတော့ အကြမ်းနည်းနဲ့ ဆုံးမတယ်–လို့ ဆိုရတယ်။

ဒါက ကာယသုစရိုက်ဖြစ်တယ်၊ ဒါက ကာယသုစရိုက်ရဲ့ အကျိုးဖြစ်တယ်၊ ဒါက ကာယဒုစရိုက်ဖြစ်တယ်၊ ဒါက ကာယဒုစရိုက်ရဲ့အကျိုးဖြစ်တယ်၊ ဒါက ဝစီသုစရိုက်ဖြစ်တယ်၊ ဒါက ဝစီသုစရိုက်ရဲ့အကျိုး ဖြစ်တယ်၊ ဒါက ဝစီဒုစရိုက်ဖြစ်တယ်၊ ဒါက ဝစီဒုစရိုက်ရဲ့အကျိုးဖြစ်တယ်၊ ဒါက မနောသုစရိုက်ဖြစ်တယ်၊ ဒါက မနောသုစရိုက်ရဲ့အကျိုး ဖြစ်တယ်၊ ဒါက မနောဒုစရိုက်ဖြစ်တယ်၊ ဒါက မနောဒုစရိုက်ရဲ့အကျိုးဖြစ်တယ်၊ ဒါက နတ်တွေပဲ၊ ဒါက လူတွေပဲ၊ ဒါက ငရဲပဲ၊ ဒါက တိရစ္ဆာန်ပဲ၊ ဒါက ပြိတ္တာပဲ၊ ဒီလို ဆုံးမတာကိုပဲ အနုအကြမ်းနည်းနဲ့ ဆုံးမတယ်–လို့ ဆိုရတယ်"။

"ရှင်တော်မြတ်ဘုရား ! ရှင်တော်မြတ်ဘုရားရဲ့ ဆုံးမသင့်တဲ့ သတ္တဝါတစ်ဦးတစ်ယောက်ဟာ အနုနည်းနဲ့ ဆုံးမလို့လဲ မယဉ်ကျေးလာဘူး၊ အကြမ်းနည်းနဲ့ ဆုံးမလို့လဲ မယဉ်ကျေးလာဘူး၊ အနုအကြမ်းနည်းနဲ့ ဆုံးမလို့လဲ မယဉ်ကျေးလာဘူး–ဆိုပါရင် အဲဒီသတ္တဝါကို ရှင်တော်မြတ်ဘုရားက ဘယ်လို လုပ်ပါသလဲ ?"။

"ကေသီ ! အဲဒီသတ္တဝါမျိုးကိုတော့ ငါဘုရားက သတ်ပစ်လိုက်တာပဲ"။

"ရှင်တော်မြတ်ဘုရား ! အရှင်မြတ်ဘုရားအား သူ့အသက်သတ်မှုဟာ မအပ်သည်သာ မဟုတ်ပါလား ?၊ ဒီလို မအပ်ပါဘဲနဲ့ 'ဒီသတ္တဝါမျိုးကျတော့ ငါဘုရားက သတ်ပစ်လိုက်တာပါပဲ–လို့ မိန့်တော်မူပါဘိတယ်"။

http://www.dhammadownload.com

"ကောသီ ! မှန်တယ်၊ ဘုရားရှင်အား သူ့အသက်သတ်မှုဟာ မအပ်ဘူး၊ အမှန်ကတော့ ဆုံးမသင့်တဲ့သတ္တဝါတစ်ဦးတစ်ယောက်ဟာ အနုနည်းနဲ့ ဆုံးမလို့လဲ မယဉ်ကျေးလာဘူး၊ အကြမ်းနည်းနဲ့ ဆုံးမလို့လဲ မယဉ်ကျေးလာဘူး၊ အနုအကြမ်းနည်းနဲ့ ဆုံးမလို့လဲ မယဉ်ကျေးလာဘူး–ဆိုရင် အဲဒီသတ္တဝါမျိုးကို ငါဘုရားက 'ပြောဆိုသင့်တယ်, ဆုံးမသင့်တယ်'လို့ အသိအမှတ်မပြုတော့ဘူး၊ ပညာရှိသီတင်းသုံးဖော်တွေကလဲ 'ပြောဆိုသင့်တယ်, ဆုံးမသင့်တယ်'လို့ အသိအမှတ်မပြုကြတော့ဘူး၊ အဲဒီလို အသိအမှတ်မပြုတော့ဘဲ, ပစ်ပယ်ထားလိုက်တာကိုပဲ ငါဘုရားရဲ့ သာသနာတော်မှာ သတ်ပစ်လိုက်တယ်–လို့ ဆိုရတာပါပဲ"။

"ရှင်တော်မြတ်ဘုရား ! ရှင်တော်မြတ်ဘုရားနှင့် ပညာရှိသီတင်းသုံးဖော်တွေက 'ပြောဆိုသင့်တယ်, ဆုံးမသင့်တယ်'လို့ အသိအမှတ်မပြုတော့ဘဲ, စွန့်ပစ်ထားလိုက်တာပဲ အကယ်စင်စစ် ကောင်းကောင်းသတ်ပစ်လိုက်ရာရောက်ပါတော့တယ်"။

ကောသီက ဘုရားရှင်အား ဒီလိုလျှောက်ထားပြီးတဲ့နောက် တရားတော်ကိုလဲ ချီးကျူးပါတယ်၊ သရဏဂုံလဲ ဆောက်တည်ပြီး ဥပါသကာအဖြစ်ကိုလဲ ခံယူသွားပါတယ်။

လူတိုင်းလူတိုင်းက အကျိုးလိုလို့ ဆုံးမကြတဲ့ မိဘ, ဆရာ–စတဲ့သူတွေရဲ့ အသတ်မခံရအောင် အထူးသတိထားသင့်ပါတယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

ပါရမီရင့်ညောင်း,[1] သူတော်ကောင်းတို့, မကောင်းရာပြင်, ကောင်းရာသင်၍, ယူငင်ပြတတ်, စကားမြတ်ကို, စွဲမှတ်ခံနာ, တည်စေရာ၏။

ဒီလို မုံရွေဆရာတော်က သောဝစဿတာမင်္ဂလာရဲ့ သဘောကို ပြဆိုထားပါတယ်။

အဓိပ္ပာယ် ပါရမီတော်တို့ကို ကြာမြင့်စွာ ဖြည့်ကျင့်ပြီးတဲ့ သူတော်ကောင်းတို့က မကောင်းရာကို ပြုပြင်ကာ, ကောင်းရာကို ယူငင်သင်ပြတဲ့ စကားမြတ်ကို စွဲမြဲစွာ မှတ်သားနားခံခြင်းက သောဝစဿတာမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

ရှက်ရမှန်စွာ, သားပုတ္တာကို, မှန်စွာငယ်က, မဆုံးမမူ, မိဘတလည်, ရန်သူမည်–ဟု, ဆိုသည့်စကား, ထုံးစံများကို, မှတ်သားကုန်ကြ။ [2]

၁။ ရင့်ညောင်း= ရင့်ရော်ကြာရှည်ခြင်း။ ၂။ ပုတ္တောဝါဒ–၃၃။

http://www.dhammadownload.com

ဆုံးမသင့်လျက်, မဆုံးမသဖြင့်, မဆုံးမသူရဲ့ အပြစ်ဖြစ်ရသည်။
မဆုံးမသင့်သည်ကို ဆုံးမသဖြင့်လည်း ဆုံးမသူ၏ အပြစ်ဖြစ်ရသည်။ [၁]

လူတွင်လူမိုက်, လူဒုစ္စရိုက်တို့, မထိုက်ချမ်းသာ, ကံမဲ့စွာကြောင့်, ဆရာမိဘ, ကျိုးကြောင်းပြ၍, ဆုံးမသည်ကို, မနာလိုဘူး၊ မချိုနာမှာ, ခါးကြစွာ၏၊ ရတနာတစ်ဆူ, ဘသည်းအူကား, ရှေးရှုမတွေ့, ကရဏာနှင့်, နာနာကျင်ကျင်, အပြစ်မြင်တိုင်း, ဝမ်းတွင်မသို, ဟုတ်တိုင်းဆို၍, ကျိုးလိုစိတ်က, ဆုံးမတတ်သူ, ဆရာ–ဟူလော့။ [၂]

ပညာရည်စိမ်, ရွှေပန်းထိမ်တို့, ဆယ်ကြိမ်မက, ဉာဏဖြောင့်ဖြောင့်, သတိ စောင့်လျက်, ခပေါင်းအရည်, ကိုးမည်စံကျော်, ရွှေကို လှော်လည်း, နွမ်းယော်လျော့ဆုတ်, ယုတ်အောင်မပြု, ကောင်းစေပြုသို့, ပန်းပုလိမ္မာ, ဆရာဆန်းကြယ်, ပညာကျယ်သို့, လုပ်ဘွယ်ကျင်လည်, အိုးထိန်းသည်တို့, ခုံတည်ရစ်ပတ်, ပျဉ်ရဟတ်ထက်, နတ်စကြာဉာဏ်, သင့်ကြောင်းဘန်မှ, ကြွင်းကျန်နောက်ရေး, သို့လိုသေး–ဟု, မြော်တွေးတောလျက်, ပလာရွက်ဖြင့်, [၃] ရိုက်နှက်စေ့ဆော်, ပုတ်ခတ်သော်လည်း, တော်လျော်ပြီမို့, အိုးအင်တို့ဝယ်, ယွင်းချို့ကွဲအက်, ပျက်စီးလေအောင်, စိတ်နေမလှူ, မာကြောင်းရှူသို့, ငါးခုမမှု, နေ့ညမကွာ, ပညာမချို့, ဆရာတို့လည်း, ပြို့ပြို့အင်ပြည့်, ကျိုးကြောင်းကြည့်လျက်, တပည့်တို့အား, သိနွှာသားကို, ရထားထိန်းနှယ်, ခိုင်းပယ်ရရ, ခြနှင့်ပုံထား, ပျားနှင့်ပုံထောက်, ရေပေါက်ပညောင်, ပုံဆောင်မှတ်ပိုက်, စရိုက်ညီလျော်, ဆုံးမသော်လည်း, နွမ်းယော်စီးပွား, ဆိုးယွားစိမ့်ဌာ, ကရဏာ သွေလှန်, စိတ်မာန်မခ, မေတ္တာစုဇ်။ [၄]

ခဏတဖြုတ်, သူတော်ဟုတ်နှင့်, စက်ခုတ်သော့လား, မြတ်တရားကို, မိန့်ကြားနာပျော်, ပေါင်းဖော်လိုက်ရ, ဖြစ်ပါကမူ, လူမှတထူး, လွန်ယစ်ရူးသည်, ဘီလူးတခု, မကောင်းပြုလည်း, သုတနုလိမ္မာ, ပဋ္ဌာဝုဓ, ပက္ကဝနှင့်, သောမမဟိန်, ဝါနရိန္ဒ, ဇယမင်းသား, ဆုံးမကြားသော်, တရားမြော်ရှု, သိမ်မွေ့နုဇ်။ [၅]

ဒီလိုလဲ မိန့်ဆိုတော်မူကြပါသေးတယ်။

၂၉။ သမဏာနုဿ ဒဿနံ

[ကိလေသေ သမေန္တီတိ–သမဏာ။] ကိလေသေ–ကိလေသာအပူဓာတ်တွေကို၊ သမေန္တီ တိ–ငြိမ်းအေးစေတတ်သောကြောင့်၊ သမဏာ–သမဏာတို့မည်ကြ၏။

၁။ လုံးတော်ဆရာတော်။ ၂။ မဃဒေဝ–၂၃၆။
၃။ ပလာရွက်ဖြင့်=အိုးလက်ခတ်ဖြင့်။ ၄။ ဥတိန္ဒ–၁၁၇။ ၅။ နာရဒ–၁၁၀။

http://www.dhammadownload.com

ကိလေသာအပူဓာတ်ကို ငြိမ်းသတ်ပြီးဖြစ်တဲ့ရဟန္တာပုဂ္ဂိုလ်တွေ, ကိလေသာငြိမ်းအောင် ကြိုးစားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေအကုန်လုံးကိုပဲ သမဏ-လို့ ခေါ်သင့်ပါတယ်။

ဒဿန-မြင်ခြင်း-ဆိုတာဟာ အောက်ထစ်ဆုံးအနေနဲ့ ဟောထားတဲ့ ဒေသနာမျှသာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် အဲဒီ သမဏ-ခေါ်တဲ့ ပုဂ္ဂိုလ်တွေကို မြင်ရခြင်း, ဆည်းကပ်ခြင်း, လုပ်ကျွေးခြင်း, သတိရအောက်မေ့ခြင်း, ကြားနာရခြင်း-ဆိုတဲ့ အကုန်လုံးပဲ ကျေးဇူးများလှတဲ့အတွက် ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာဖြစ်ပါတယ်။

ရဟန်းတွေကို တွေ့မြင်ပုံ

အဲဒီအထဲမှာ ပါလာတဲ့ မြင်ခြင်း-ဆိုတာက ရဟန်းသံဃာကို တွေ့မြင်ရတဲ့အခါ ရဟန်းသံဃာတွေရဲ့ အတွင်းသန္တာန်မှာရှိနေတဲ့ ကိလေသာငြိမ်းအေးမှု, ကိလေသာငြိမ်းအေးအောင် ကျင့်ကြံအားထုတ်မှု, စာပေသင်ကြားမှု, ဝို့ချမှု, သာသနာ့တာဝန်ကို ထမ်းဆောင်မှု-စတဲ့ ဂုဏ်တွေနဲ့ သံဃာ့ဂုဏ်တော်တွေပါ ဉာဏ်မှာထင်လာအောင် အာရုံပြုကြည့်ရှုတာမျိုးပဲ ဖြစ်ပါတယ်၊ အဲဒီလို ပကတိမျက်စိနဲ့ရော, ဉာဏ်မျက်စိနဲ့ပါ ကြည့်ရှုတတ်မှ ရဟန်းသံဃာကို တွေ့မြင်ရာရောက်ပါတယ်၊ အဲဒီလို ရဟန်းသံဃာတွေရဲ့ ကိုယ်တွင်းမှာကိန်းနေတဲ့ ဂုဏ်တွေကို ဉာဏ်မျက်စိနဲ့ မြင်အောင် မကြည့်ဘဲ တို့ဘုန်းကြီး, သူ့ဘုန်းကြီး အစရှိတဲ့ အပြင်အပ ဗဟိဒ္ဓကိုသာ အာရုံပြုကြည့်ရှုပါက ရဟန်းသံဃာတွေကို မြင်ရာမရောက်ပါ၊ ရဟန်းသံဃာကို ဘုန်းကြီးက ကွယ်ထားရာရောက်ပါတယ်၊ သမဏဒဿနမင်္ဂလာ မဖြစ်ပါ၊ ဒါ့ကြောင့် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တိုင်း ရဟန်းသံဃာကို အစစ်အမှန် တွေ့မြင်အောင် သတိထားကာ ဖူးမြင်သင့်ပါတယ်။

ဆည်းကပ်ခြင်း-ဆိုတာက မှီခိုအားထား ရိသေလေးစားစွာ ချဉ်းကပ်တာပဲ ဖြစ်ပါတယ်၊ ဖူးမြော်ထိုက်တဲ့ ရဟန်းသံဃာများကို ဆည်းကပ်ခြင်းက သမဏဒဿန-မင်္ဂလာ ဖြစ်ပါတယ်၊ ပညာရှိသူတော်ကောင်းတို့ကို မှီခိုဆည်းကပ်ရာရောက်တဲ့အတွက် ပဏ္ဍိတသေဝန-မင်္ဂလာလဲ ဖြစ်ပါတယ်၊ ရိသေထိုက်သူတို့ကို ရိသေရာရောက်တဲ့အတွက် ဂါရဝ-မင်္ဂလာလဲ ဖြစ်ပါတယ်၊ နှိမ့်ချထိုက်သူကို နှိမ့်ချရာရောက်တဲ့အတွက် နိဝါတ-မင်္ဂလာလဲ ဖြစ်ပါတယ်၊ ရဟန်းသံဃာကို ဆည်းကပ်တဲ့အတွက် ဒီလို မင်္ဂလာအများအပြား ဖြစ်လာရပါတယ်၊ ဒါ့ကြောင့် ကိုယ်ကျိုးစီးပွားကို အလိုရှိသူက ရံဖန်ရံခါ ရဟန်းသံဃာများထံ သွားရောက်ဆည်းကပ်သင့်ပါတယ်၊ ဒါပေမယ့် လောကရေးအတွက် ဆည်းကပ်မှုကိုတော့ မပြုသင့်ပါ၊ သာသနာတော်ရေးနှင့် မိမိရဲ့ ကုသိုလ်တိုးပွားရေးအတွက်သာ ဆည်းကပ်မှုကို ပြုသင့်ပါတယ်။

http://www.dhammadownload.com

လုပ်ကျွေးခြင်း–ဆိုတာကတော့ ကျွေးမွေးတာ, ကူညီစောင့်ရှောက်တာ ဖြစ်ပါတယ်၊ အဲဒီကျွေးမွေးမှု, ရဟန်းသံဃာရဲ့ အမှုကိစ္စကို ကူညီဆောင်ရွက်မှုဟာလဲ ရဟန်းသံဃာကို ဖူးမြင်ခြင်းတစ်မျိုး ဖြစ်တဲ့အတွက် သမဏဒဿန–မဂ်လာဖြစ်တဲ့အပြင် သံဃာအားကျွေးမွေးစောင့်ရှောက်မှုကို ပြုလုပ်တဲ့အတွက် ဓမ္မစရိယ–မဂ်လာဖြစ်ပါတယ်၊ အပြစ်မရှိတဲ့အလုပ်ကို လုပ်ရာရောက်တဲ့အတွက် အနဝဇ္ဇ–မဂ်လာလဲ ဖြစ်ပါတယ်၊ ရဟန်းသံဃာကို ပြုစုလုပ်ကျွေးတဲ့အတွက် ဒီလို ထိုက်သင့်ရာမဂ်လာတွေလဲ ပြည့်စုံလာရပါတယ်၊ သို့ဖြစ်သည်အား‌လျော်စွာ ကျောင်းကန်ဘုရားကို ရောက်သွားတဲ့ အခါမျိုးမှာ ကိုယ်တတ်နိုင်သလောက် ရဟန်းသံဃာအား ကျွေးမွေးလှူဒါန်းမှု, ဝတ်ကြီးဝတ်ငယ် ပြုလုပ်ပေးမှု, အိပ်ရာနေရာကို သုတ်သင်ရှင်းလင်းပေးမှု, ပေါင်းမြက်သုတ်သင်ရှင်းလင်းပေးမှု–စတဲ့ မဂ်လာဖြစ်စရာအလုပ်တွေကိုသာ ပြုလုပ်သင့်ပါတယ်၊ မိမိအတွက် သစ်သီးခူးမှု, ပန်းခူးမှု–စတဲ့ မဂ်လာမဟုတ်တဲ့ အလုပ်တွေကို ပြုလုပ်ပြီး အကုသိုလ်တွေကို သယ်ပိုးကာ အိမ်ကိုပြန်မလာသင့်ပါ။

သတိရခြင်း–ဆိုတာက အောက်မေ့အမှတ်ရမှုပဲ ဖြစ်ပါတယ်၊ အိမ်မှကိစ္စအဝဝတွေကြောင့် ရဟန်းသံဃာများထံ မဆည်းကပ်မလုပ်ကျွေးနိုင်တဲ့ အခါမျိုးမှာ မိမိတို့ဦးထိပ်ထားကာ ကိုးကွယ်နေတဲ့ ရဟန်းသံဃာကို အမှတ်ရနေခြင်းဟာလဲ ရဟန်းတို့ကို ဖူးမြင်ရခြင်းတစ်မျိုး ဖြစ်တဲ့အတွက် သမဏဒဿန–မဂ်လာ ဖြစ်တဲ့အပြင် မိမိစိတ်ကို ကောင်းစွာစောင့်ရှောက်တဲ့အတွက် အတ္တသမ္မာပဏိဓိ–မဂ်လာလဲ ဖြစ်ပါတယ်၊ ကုသိုလ်တရားတွေမှာ မမေ့လျော့ရာရောက်တဲ့အတွက် အပ္ပမာဒဓမ္မ–မဂ်လာလဲ ဖြစ်ပါတယ်၊ ရဟန်းသံဃာတွေကို အောက်မေ့သတိရနေခြင်းဟာ ဒီလိုပဲ မဂ်လာအများအပြားကို ဖြစ်စေနိုင်ပါတယ်၊ ဒါပေမယ့် တို့ဘုရား, တို့ဘုန်းကြီး–ဆိုကဲ့ ပုဂ္ဂိုလ်စွဲအနေနဲ့ အမှတ်ရနေမှုကတော့ သမဏဒဿန–မဂ်လာ ဖြစ်နိုင်စရာ မရှိပါ။

ကြားနာရခြင်း–ဆိုတာက ဆုံးမသြဝါဒနှင့် တရားစကား ကြားနာရတာပဲ ဖြစ်ပါတယ်၊ မိမိထံသို့ ချဉ်းကပ်ရောက်လာတဲ့ ဒကာဒကာမများ ကုသိုလ်ပွားအောင်, လိမ္မာရေးခြားရှိလာအောင် တရားညွှန်ပြ ဆုံးမသြဝါဒပေးခြင်းဟာ ရဟန်းသံဃာရဲ့ တာဝန်ဝတ္တရားပဲ ဖြစ်ပါတယ်၊ အဲဒီလို ရဟန်းသံဃာက ပေးလိုက်တဲ့ ဆုံးမသြဝါဒဆိုတဲ့ တရားလက်ဆောင်ကို အမြဲတစ်တိုး နာကြားလိုက်နာမှုဟာလဲ ရဟန်းတို့ကို ဖူးမြင်ရခြင်းတစ်မျိုး ဖြစ်တဲ့အတွက် သမဏဒဿန–မဂ်လာ ဖြစ်တဲ့အပြင် တရားတော်ကို ပူဇော်ရာရောက်တဲ့အတွက် ပူဇနီယပူဇာ–မဂ်လာလဲ ဖြစ်ပါတယ်၊ အဆုံးအမကို သင်ယူရာရောက်တဲ့အတွက် ဝိနယသုသိက္ခိတ–မဂ်လာလဲ ဖြစ်ပါတယ်၊ သင့်တော်တဲ့အခါမှာ တရားကိုနာကြားရာရောက်တဲ့အတွက် ကာလေနဓမ္မဿဝန–

http://www.dhammadownload.com

မင်္ဂလာ, ဓမ္မသာကစ္ဆာ–မင်္ဂလာလဲ ဖြစ်ပါတယ်၊ ဆုံးမသွန်သင်တဲ့အတိုင်း လိုက်နာ ပြုကျင့်ရင် သောဝစဿတာ–မင်္ဂလာလဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ရဟန်းသံဃာတော်များကို ဆည်းကပ်ကိုးကွယ်သူတိုင်း ရဟန်းသံဃာတော်များထံက တရားလက်ဆောင်များများရလာမှသာ ရဟန်းသံဃာများကို ဆည်းကပ်ရကျိုး နပ်ပါတယ်၊ ဒါနဲ့ ကျောင်းကိုရောက်သွားတဲ့ အခါမှာ ဆုံးမသြဝါဒခံယူခြင်း, မသိတာ–မရှင်းတာတွေကို မေးမြန်းလျှောက်ထားခြင်း–စတဲ့ ကိစ္စမျိုးနဲ့သာ အချိန်ကိုကုန်လွန်စေသင့်ပါတယ်။

သီလသမ္ပန္နသုတ် [၁]

အခုပြောပြမယ့် သီလသမ္ပန္နသုတ်က အဲဒီအဆိုပြုချက် မှန်ကန်ကြောင်းကို ထောက်ခံနေပါတယ်၊ ဒီလောကမှာ အချို့ရဟန်းတော်တွေက သီလနှင့်လဲ ပြည့်စုံကြပါတယ်၊ သမာဓိနှင့်လဲ ပြည့်စုံကြပါတယ်၊ ပညာနှင့်လဲ ပြည့်စုံကြပါတယ်၊ ဖိုလ်နှင့်လဲ ပြည့်စုံကြပါတယ်၊ ပစ္စဝေက္ခဏာဉာဏ်နှင့်လဲ ပြည့်စုံကြပါတယ်၊ သူတစ်ပါးတို့ကိုလဲ ဆုံးမတတ်ကြပါတယ်၊ ကံနှင့်ကံရဲ့အကျိုးကိုလဲ ဟောပြောတတ်ကြပါတယ်၊ တရားကိုလဲ ထင်စွာပြတတ်ကြပါတယ်၊ သီလ–စသည်တို့ကိုလဲ ဆောက်တည်စေတတ်ကြပါတယ်၊ တရားထူးကိုရရန် စိတ်ထက်သန်စေကြပါတယ်၊ ရရှိပြီးတဲ့ ဂုဏ်ထူး, ရရှိလာမယ့်ဂုဏ်ထူးတွေနဲ့ စိတ်ကို ကောင်းစွာရွှင်လန်းစေတတ်ကြပါတယ်၊ သူတော်ကောင်းတရားကို ကောင်းစွာ ဟောပြောပြသနိုင်ကြပါတယ်။

အဲဒီရဟန်းမျိုးတွေကို မြင်ရတာဟာလဲ ကျေးဇူးများလှပါတယ်၊ ကြားရတာလဲ ကျေးဇူးများလှပါတယ်၊ ချဉ်းကပ်ရတာလဲ ကျေးဇူးများလှပါတယ်၊ မှီဝဲဆည်းကပ်ရတာလဲ ကျေးဇူးများလှပါတယ်၊ အဲဒီရဟန်းတွေရဲ့ဂုဏ်ကို အောက်မေ့ရတာလဲ ကျေးဇူးများလှပါတယ်၊ အဲဒီရဟန်းတွေကို အတုလိုက်လို့ ရဟန်းပြုရခြင်းဟာလဲ ကျေးဇူးများလှပါတယ်။

ဘာကြောင့်လဲဆိုတော့– ဒီလိုရဟန်းမျိုးကို မှီဝဲဆည်းကပ်သူမှာ မပြည့်စုံသေးတဲ့ သီလအစုလဲ ပွားများပြည့်စုံခြင်းသို့ ရောက်လာရပါတယ်၊ မပြည့်စုံသေးတဲ့ သမာဓိအစုလဲ ပွားများပြည့်စုံခြင်းသို့ ရောက်လာရပါတယ်၊ မပြည့်စုံသေးတဲ့ ပညာအစုလဲ ပွားများပြည့်စုံခြင်းသို့ ရောက်လာရပါတယ်၊ မပြည့်စုံသေးတဲ့ ဖိုလ်အစုလဲ ပွားများပြည့်စုံ ခြင်းသို့ ရောက်လာရပါတယ်၊ မပြည့်စုံသေးတဲ့ ပစ္စဝေက္ခဏာဉာဏ်အမြင်အစုလဲ ပွားများပြည့်စုံခြင်းသို့ ရောက်လာရပါတယ်၊ ဒီလို အဖက်ဖက်မှ ပြည့်စုံစေတတ်တဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

၁။ ဣတိ၊ ၂၆၇။

http://www.dhammadownload.com

ရဟန်းတို့ကို တွေ့မြင်ရကျိုး

ကိုယ်ကျိုး,ကိုယ်စီးပွားကို အလိုရှိတဲ့အမျိုးကောင်းသားက သီလရှိတဲ့ ရဟန်းတွေ အိမ်တံခါးသို့ ရောက်လာတာကို တွေ့ရတဲ့အခါ လှူဖွယ်ဝတ္ထုရှိနေရင် စွမ်းအား အလျောက် လှူဖွယ်ဝတ္ထုနဲ့ ပူဇော်မှု, မြတ်နိုးမှုကို ပြုရမယ်၊ လှူဖွယ်ဝတ္ထုမရှိရင် တည်ခြင်း ၅-ပါးနဲ့ ရှိခိုးဝပ်ချရမယ်၊ ရှိခိုးဝပ်ချမှုကိုလဲ ပြုခွင့်မသာရင် လက်အုပ်ချီကာ ရှိခိုးရမယ်၊ လက်အုပ်ချီးမိုး ရှိခိုးမှုကိုလဲ ပြုခွင့်မသာရင် ကြည်လင်ဝမ်းသာ အချစ်ရည်လျှမ်း အေးချမ်းတဲ့ မျက်လုံးတွေနဲ့ ဖူးမြော်ရမယ်။

အဲဒီလိုဖူးမြင်ရတဲ့အတွက် ဖြစ်ပေါ်လာသော ကုသိုလ်ကောင်းမှုကြောင့် ဘဝပေါင်းများစွာ မျက်စိနာရောဂါလဲ မဖြစ်တော့ပါ၊ မျက်စိပူခြင်းလဲ မဖြစ်တော့ပါ၊ မျက်သားတက်ခြင်းလဲမဖြစ်တော့ပါ၊ မျက်စိစွန်ခြင်းလဲမဖြစ်တော့ပါ၊ မျက်စိတွေဟာ သိပ်ကြည်လင်ကြပါတယ်၊ အဆင်း ၅-မျိုးနဲ့ တင့်တယ်လှပ ကျက်သရေ ရှိနေကြပါတယ်၊ ရတနာဗိမာန်မှာ ဖွင့်လှစ်ထားတဲ့ ပတ္တမြားတံခါးရွက်နှင့်သာ တူကြပါတော့တယ်။

အဲဒီကုသိုလ်ကြောင့် ကမ္ဘာတစ်သိန်းမျှ ကာလပတ်လုံး လူပြည်နတ်ရပ်မှာ များမြတ်တဲ့ စည်းစိမ်ချမ်းသာကို ရရှိနိုင်ပါတယ်၊ ပညာရှိတဲ့လူသားပုဂ္ဂိုလ်ရဲ့ ရဟန်းတို့ကို ကောင်းစွာဖူးမြင်ရခြင်း ကုသိုလ်ကောင်းမှုကြောင့် ဒီလိုအကျိုးပြည့်စုံမှုကို ခံစားရတာဟာ အံ့သြစရာမကောင်းသေးပါ၊ တိရစ္ဆာန်တွေရဲ့ ကြည်ညိုရုံမျှနဲ့ ပြုလုပ်တဲ့ ရဟန်းတို့ကို ဖူးမြင်ရခြင်းရဲ့ အကျိုးရဲ့ပြည့်စုံမှုကို အဋ္ဌကထာဆရာတွေက ဒီလိုဖွင့်ဆို ပြကြပါတယ်။

ဘုရားနှင့်ဘိက္ခုသံဃာကို ကြည်ညိုသော ခင်ပုပ်ဌက် ၁

ဘုရားရှင်က ဝေဒိသကတောင် ဣန္ဒသာလလိုဏ်ဂူမှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအချိန်မှာ ခင်ပုပ်ဌက်တစ်ကောင်က မြတ်စွာဘုရား ဆွမ်းခံဝင်လာတဲ့အခါ လမ်းထက်ဝက်ထိ လိုက်ပါလာပါတယ်၊ ဆွမ်းခံရွာက ပြန်ကြွလာတဲ့အခါ လမ်းထက်ဝက်က ဆီးကြိုနေပါတယ်။

အဲဒီခင်ပုပ်ဌက်က ညနေချမ်းအချိန်မှာ ရဟန်းအပေါင်း ခြံရံထိုင်နေတဲ့ မြတ်စွာဘုရားကို ထောင်ပေါက်ဆင်းလာပြီးရှိခိုးပါတယ်၊ အတောင် ၂-ဖက်တို့ကို ညွတ်စေပြီး လက်အုပ်ချီသလို လုပ်ပါတယ်၊ ခေါင်းငုံ့ပြီး မြတ်စွာဘုရားကို ဦးချပါတယ်။

မြတ်စွာဘုရားက အဲဒီခင်ပုပ်ဌက်ကို ကြည့်ပြီး ပြုံးတော်မူပါတယ်၊ အရှင်အာနန္ဒာထေရ်က ပြုံးတော်မူခြင်းရဲ့အကြောင်းကို လျှောက်ထားတဲ့အခါ– ဗုဒ္ဓမြတ်စွာက–

၁။ မဇ်-၄-၁၊ ၃၂၂။

http://www.dhammadownload.com

"အာနန္ဒာ ! ဒီခင်ပုပ်ငှက်ကို ကြည့်စမ်း၊ ငါဘုရားနှင့် ဘိက္ခုသံဃာ အပေါ်မှာ စိတ်ကြည်ညိုတဲ့အတွက် ကမ္ဘာတစ်သိန်းတို့ပတ်လုံး လူ့ဘုံနတ်ရပ်မှာ ကျင်လည်ပြီး သောမနဿ–ဆိုတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်လာလိမ့်မယ်။

ဒီလို ပြန်လည်မိန့်ကြားတော်မူပါတယ်။

မဟာနာဂထေရ်၏ ဂုဏ်သတင်း [၁]

သီလအကျင့်, ဘက်စုံတင့်, ဂုဏ်မြင့်သူကိုသာ၊
ဆည်းကပ်သူများ, အကျိုးကား, ကြီးမားအံ့စရာ။

ပါဋ္ဌလိပုတ်မြို့တံခါးနားမှာ နေထိုင်တဲ့ ပုဏ္ဏား ၂–ယောက်တို့က ကာဋ္ဌဝလ္လိ မဏ္ဍပကျောင်းတိုက်မှာ သီတင်းသုံးနေထိုင်တဲ့ မဟာနာဂထေရ်ရဲ့ ဂုဏ်သတင်းကို ကြားကြပါတယ်၊ မထေရ်ကို ဖူးမြင်လိုတဲ့အတွက် အိမ်ကထွက်လာခဲ့ကြပါတယ်၊ တစ်ယောက်က လမ်းခရီးအကြားမှာပဲ သေဆုံးသွားပါတယ်။

ကျန်တစ်ယောက်က မဟာတိတ္ထဆိပ်ကမ်းက လှေစီးပြီး အနုရာဓမြို့ကို ရောက်လာခဲ့ပါတယ်၊ ကာဋ္ဌဝလ္လိယမဏ္ဍပကျောင်းတိုက် တည်ရှိနေတဲ့ ရောဟန ဇနပုဒ်သို့ သတင်းမေးပြီး လာခဲ့ပါတယ်၊ မထေရ်ရဲ့နေရာအရပ်ကို ရောက်လာတဲ့ အခါ စူဋ္ဌနဂရရွာရဲ့ ရွာဦးအိမ်မှာ တည်းခိုနေထိုင်ပါတယ်၊ မထေရ်အတွက် အစာ အာဟာရကိုစီမံပြီး နံနက်စောစော မထေရ်ရဲ့နေရာဌာနကို သွားပါတယ်၊ ပရိသတ် အစွန်မှာ ရပ်ပြီး အဝေးကကြွလာတဲ့ မထေရ်ကို တွေ့ရတော့ တစ်ကြိမ်ရှိခိုးပါတယ်၊ နောက်ထပ် အနားကိုချဉ်းကပ်ပြီး ခြေဖမျက်တွေကို မြဲစွာကိုင်ကာ ရှိခိုးရင်း "အရှင်ဘုရား ! အရှင်ဘုရားတို့က မြင့်လှပါတယ်"လို့ လျှောက်ထားပါတယ်။

မထေရ်ကတော့ မမြင့်လွန်း, မပုလွန်းပမာဏနှင့် ယှဉ်သူသာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် နောက်ထပ် ပြင်ပြီးလျှောက်ထားပါတယ်။

"အရှင်ဘုရားတို့က မမြင့်လွန်း, မပုလွန်းပါ၊ အရှင်ဘုရားတို့ရဲ့ ဂုဏ်သတင်းကတော့ မိုးတိမ်ညွှိအဆင်းရှိတဲ့ သမုဒ္ဒရာရေပြင်ပေါ်က ဖြတ်သွားပြီး ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို လွှမ်းဖုံးနေပါတော့တယ်၊ ပါဋ္ဌလိပုတ်မြို့တံခါးအနီးမှာ နေတဲ့ တပည့်တော်က အရှင်ဘုရားတို့ရဲ့ ဂုဏ်သတင်းကို ကြားခဲ့ရပါတယ်"။

ဒီလို အားရပါးရလျှောက်ထားပြီး မထေရ်အား ဆွမ်းအာဟာရကို ဆက်ကပ်လှူဒါန်း ပါတယ်၊ မိမိအတွက် သင်္ကန်း ၃–ထည်ကို စီမံပြီး မထေရ်ရဲ့ထံမှာ ရှင်ရဟန်းပြုနေ

၁။ ဓံ–၄–၂၊ ၁၃၂။

http://www.dhammadownload.com

ပါတယ်၊ မထေရ်ရဲ့ဩဝါဒကို လိုက်နာပြုကျင့်တဲ့အတွက် ရက်အနည်းငယ်အတွင်းမှာပဲ အရဟတ္တဖိုလ်ကို ရရှိသွားပါတယ်။

ရဟန်းကို ဖူးမြင်ရခြင်းအကျိုးများ

ရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်က အရှင်အဿဇိထေရ်ကို ဖူးတွေ့ရလို့ အပွမာဒတရားကို ကြားနာရရုံနဲ့ပဲ သောတာပတ္တိဖိုလ်ကို ရလာခဲ့ပါတယ်။

ဓမ္မာသောကမင်းလဲ နိဂ္ဂြောဓသာမဏေရကို ဖူးတွေ့ရလို့ အပွမာဒတရားကို ကြားနာရတဲ့အချိန်ကစပြီး သမ္မာအယူရှိသူ ဖြစ်လာပါတယ်၊ တတိယသံဂါယနာတင် ဒါယကာပြုလုပ်ပြီး သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် အစွမ်းကုန် ရွက်ဆောင်သွားပါတယ်။

မြန်မာနိုင်ငံမှာ အနော်ရထာမင်းစောလဲ ရှင်အရဟံ–ခေါ်တဲ့ ရှင်ဓမ္မဒဿီကို ဖူးတွေ့ရလို့ အပွမာဒတရားကို ကြားနာရတဲ့အချိန်ကစပြီး အရည်းကြီးတွေရဲ့ အယူဝါဒကို စွန့်လွှတ်လိုက်ပါတယ်၊ မြန်မာနိုင်ငံအတွင်းမှာ ထေရဝါဒသာသနာသန့်ရှင်းတည်တံ့ပြန့်ပွားအောင်လဲ ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ ယခုအချိန်အထိ မြန်မာနိုင်ငံအတွင်းမှာ ထွန်းလင်းတောက်ပြောင်နေတဲ့ ထေရဝါဒသာသနာတော်ဟာ အရှင်အရဟံနှင့် အနော်ရထာမင်းစောတို့မှ မြစ်ဖျားခံဆင်းသက်လာတာ ဖြစ်ပါတယ်။

သမဏဒဿန–မင်္ဂလာ နိဂုံး

ရဟန်းသံဃာတွေနှင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေက တစ်ဦးနှင့်တစ်ဦး ကင်းကွာလို့ မရစကောင်းပါ၊ ကိုင်းကိုကျွန်းမို့, ကျွန်းကိုကိုင်းမို့–ဆိုသလို တစ်ဦးကိုတစ်ဦး မှီခိုနေကြရပါတယ်၊ သို့ဖြစ်သည်အားလျော်စွာ နိဂုံးချုပ်အနေနဲ့ သတိပေးစကား အနည်းငယ် ပြောကြားလိုပါသေးတယ်။

ကိလေသာငြိမ်းအေးပြီးတဲ့သမဏ, ကိလေသာငြိမ်းအေးအောင် ကျင့်နေတဲ့ သမဏာတွေကိုပဲ ရဟန်းသံဃာ–လို့ ပြောလာခဲ့ပါတယ်၊ အဲဒီရဟန်းသံဃာအစစ်အမှန်တွေဟာ အခါခပ်သိမ်း ရှိနေတာမျိုး မဟုတ်ပါ၊ အခါခပ်သိမ်းဖူးတွေ့ခွင့်ကိုလဲ မရနိုင်ပါ၊ ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းလင်းနေတဲ့ အခါမျိုးမှာသာ ရှိနိုင်ပါတယ်၊ အဲဒီအခါမျိုးမှာသာ ဖူးတွေ့ခွင့် ရနိုင်ပါတယ်။

ဗုဒ္ဓမြတ်စွာသာသနာတော်–ဆိုတာဟာလဲပဲ မြို့တိုင်း, ရွာတိုင်း, တိုင်းပြည်တိုင်းမှာ ရှိနေတာမျိုး, ထွန်းလင်းနေတာမျိုး မဟုတ်ပါ၊ ပတိရူပဒေသဖြစ်တဲ့ မြို့ရွာနိုင်ငံတွေမှာသာ ရှိနေတတ်ပါတယ်၊ ထွန်းလင်းတောက်ပြောင်နေတတ်ပါတယ်။

မိမိတို့နေထိုင်တဲ့ အရပ်က သာသနာတော်ရှိနေတဲ့, သာသနာတော် ထွန်းလင်းတောက်ပြောင်နေတဲ့ ပတိရူပဒေသဖြစ်လို့ ရဟန်းသံဃာစစ်တွေ ရှိနေပေမယ့် မိမိ

http://www.dhammadownload.com

ကိုယ်တိုင်က သာသနာမှာ နှစ်နှစ်ကာကာ ယုံကြည်နိုင်တဲ့ သဒ္ဓါတရားမရှိသူ ဖြစ်နေပါရင် အဲဒီရဟန်းသံဃာ အစစ်အမှန်ကို ပကတိမျက်စိနဲ့ အပြင်အပ အသွင်အပြင်မျှကို တွေ့မြင်ရရုံသာ ဖြစ်ပါလိမ့်မယ်၊ ဉာဏ်မျက်စိနဲ့ အတွင်းမှာရှိနေတဲ့ ဂုဏ်တွေကို ထွင်းဖောက်မြင်နိုင်မယ် မဟုတ်ပါ။

ဒီလို ရဟန်းသံဃာအား ဖူးမြင်ရခြင်းဟာ အလွန်ရခဲတဲ့အတွက် ဗုဒ္ဓမြတ်စွာက ဒဿနာနုတ္တရိယ(လွန်ကဲသော ဖူးမြင်ရခြင်းမျိုး ဖြစ်တယ်)လို့ ဟောတော်မူထားပါတယ်၊ ဒီတော့ လွန်ကဲတဲ့ ဖူးမြင်ရခြင်းမျိုးကို ဖူးမြင်ရတဲ့အတွက် လွန်ကဲတဲ့အကျိုးသက်ရောက် လာတယ်–ဆိုတာကို ရှေ့မှာပြောလာခဲ့တဲ့ အကြောင်းအရာတွေကပဲ သက်သေခံ နေပါတယ်၊ ဒါ့ကြောင့် အခုလို သာသနာတော်ထွန်းလင်းတောက်ပြောင်ခိုက်မှာ ဒဿနာနုတ္တရိယအကျိုးကို လူတိုင်းလူတိုင်း ခံစားရအောင် အားထုတ်ကြိုးစားနိုင်ကြပါစေ။

ရှုးဆရာများရဲ့ အဆိုအမိန့်

သမဏဖြဟ္မဏာ, ဘိက္ခု–စသည်, နာမခေါ်ညွှန်း, ရဟန်းရသေ့, ဟူသ ရွေ့ကို, ဖူးတွေ့မြော်ရှု, ကြည်ညိုမှုလည်း, တစ်ခုမှတ်လေ။

ဒီလို မုံရွေးဆရာတော်က သမဏဒဿန–မင်္ဂလာရဲ့ သဘောကို မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် ရဟန်းသူတော်ကောင်းနှင့် ရသေ့မုန်သမျှကို ကြည်ညိုလေးစားစွာ ဖူးတွေ့ခြင်းဟာ သမဏဒဿန–မင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

သူမြတ်အများ, ရဟန်းအားမူ, ပြစ်မှားမရှိ, ရိုသေဘိုက, ဖြန့်ချိမေတ္တာ, ကိုယ့်လိုပါ၏။ [၁]

သိမ်မွေ့အာစာ, ခေမာရည်မှန်း, ရဟန်းတို့အား, ရန်ပြုမှားသော်, လေးပါး ပါယ်ငွေ့, ဆင်းရဲတွေ့၏။ [၂]

ဆူးနှင့်ဖက်သွင်, လူနှင့်ရှင်ကား, ဆူးတွင်ဖက်ကျ, ဆူးကျဖက်ပေါက်, အပြစ်ရောက်၏။ [၃]

ထက်မြက်ဝှန်ဆူ, အဆိပ်ဟူသည်, သင့်သူသာမျှ, သေတတ်စွရှင့်၊ သမဏဖြဟ္မဏာ, အရိယာ–ဟု, သဃ်ာရဟန်း, ကျင့်ခန်းမြတ်သူ, အဆိပ်မူကား,

---

၁။ သြဝါဒထူး–၃၂။ ၂။ ၄၄း–၂၃။ ၃။ သားရှေခဲ–၆။

http://www.dhammadownload.com

ရှင်လူနီးရင်း, ရွှေသင်းပင်းနှင့်, မကြွင်းပျက်စီး, လောင်သည့်မီးသို့, သေပြီးဆက်ဆက်, ငရဲကျက်၏။ [၁]

နေလင်္ဂြိဟ်သွား, ဖြောင့်သားတဖြာ, မိုးမှန်စွာနှင့်, ညြောထက်ဖြိုး, သီးမျိုးပေါယယ်, အန္တရာယ်ကင်းငြိမ်း, မုဒိမ်းမထွက်, စစ်မက်လည်းကင်း, ချင်းချင်းညီညွတ်, ဖြောင့်မတ်တရား, သုံးပါးရတနာ, ရှိသေစွာလျက်, သဃ်ာရဟန်း, စောင့်မှန်းအကျင့်, ဤဆယ်ဆင့်ကား, လင်းပွင့်တိုင်းပြည်, သာကြောင်းမည်၏။ [၂]

ဝေးရပ်ရွာက, ရောက်လာစည့်သည်, အတည်တည်တို, မထေရ်ရဟန်း, သင်္ကန်းခြွေဝတ်, ဖန်ရည်စွတ်နှင့်, သူမြတ်တို့ကို, ခရီးဆို၍, ဆီးကြိုဆောင်ပင့်, အသင့်ဌာန, နေရာချလျက်, (တုပ်ကွေကော်ရော်, လက်အုပ်ဘော်၍, မှောက်တော်သြမွှန်, ကျွန်ုပ်ကျွန်–ဟု, ကန်တော့ဦးချ, ပဏာမဖြင့်,) ဖြဖြညည်ညွတ်, ပြုဝတ်ပျူငှာ, မြဲမကွာသည်- - - -လိမ္မာကိုယ့်ဖို့မရိုင်းတည်း။ [၃]

နီးဝေးဒိသာ, ရပ်မျက်နှာ၌, အာဂန္တုက, လာသည်–စသား, ပြည်ပပြည်တွင်း, သိတင်းသုံးနေ, စာပေကျမ်းဂန်, တတ်ပွန်ခေါင်အား, သူမြတ်များကို, လေးပါးပစ္စည်း, ဖြည့်သိမ်းဆည်း၍, အိုးလှဲရေဟန်, စွန့်ကြဲသွန်လျက်, နိဗ္ဗာန်လမ်းကြောင်း, ထွင်အပ်ရှောင်း၏။ [၄]

ကျောင်းနှင့်သင်္ကန်း, ဆွမ်းပန်းမွေးကြူ, ဆေးဝါးဟူသား, အလှူပစ္စည်း, ဆည်းသသူအား, အများချစ်မျို့, သူတို့မိုအပ်, နှံ့စပ်သတင်း, မကင်းတရား, လားလည်းနတ်ဘုံ, အင်ငါးစုံ–ဟု, ယုံကျူံဝမ်းသာ, ဤအခါဝယ်, ဆရာကားမိုး, ကျွန်ုပ်မျိုးတည့်, မည်ရှိုးရအောင်, ရွာသွန်းဆောင်လော့။ [၅]

ဒီလိုလဲ မိန့်ဆိုတော်မူကြပါသေးတယ်။

၃၀။ ကာလေန ဓမ္မသာကစ္ဆာ

[သဟ ကထနံ–သာကစ္ဆာ။ သဟ–အတူတကွ၊ ကထနံ–ပြောဆိုခြင်း၊ သာကစ္ဆာ–အတူတကွပြောဆိုခြင်း၊ ဓမ္မဿ သာကစ္ဆာ–ဓမ္မသာကစ္ဆာ၊ ဓမ္မဿ–တရားကို၊ သာကစ္ဆာ–အတူတကွပြောဆိုခြင်း၊ ဓမ္မသာကစ္ဆာ–တရားကို အတူတကွပြောဆိုခြင်း။] အတူတကွပြောဆိုတာကိုပဲ တိုင်ပင်တယ်, ညှိနှိုင်းတယ်, ဆွေးနွေးတယ်–လို့ ဆိုကြပါတယ်၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မေးကာ,ဖြေကာ ပြောတာ, ဆိုတာကိုလဲ ဆွေးနွေးတယ်–လို့ ဆိုလိုပါတယ်။

၁။ မဃဒေဝ–၁၇၃။ ၂။ ၄င်း–၁၉၁။ ၃။ ၄င်း–၅၀၄။
၄။ ရွှေဟင်္သာမင်း–၉၄။ ၅။ မုဒုလက္ခဏ–၂၅။

http://www.dhammadownload.com

ဆွေးနွေးသင့်ရာ ချိန်အခါ

ညဉ့်ဦးယာမ်အချိန်မှာပဲဖြစ်ဖြစ်, မိုးသောက်ထအချိန်မှာပဲဖြစ်ဖြစ် သုတ္တန်ဆောင်ရဟန်းတွေက အချင်းချင်း သုတ္တန်ကို ဆွေးနွေးကြပါတယ်၊ ဝိနည်းဆောင်ရဟန်းတွေက ဝိနည်းကို ဆွေးနွေးကြပါတယ်၊ အဘိဓမ္မာဆောင်ရဟန်းတွေက အဘိဓမ္မာကို ဆွေးနွေးကြပါတယ်၊ ဇာတ်ကိုဆောင်တဲ့ ရဟန်းတွေက ဇာတ်ကို ဆွေးနွေးကြပါတယ်၊ အဋ္ဌကထာကိုဆောင်တဲ့ရဟန်းတွေက အဋ္ဌကထာကို ဆွေးနွေးကြပါတယ်၊ ဒါဟာ သင့်တော်တဲ့အခါမှာ တရားဆွေးနွေးတာ မည်ပါတယ်။

တစ်နည်းပြောရမယ်ဆိုရင်– စိတ်ဆုတ်နစ်နေတဲ့အခါမျိုး, စိတ်ပျံ့လွင့်နေတဲ့အခါမျိုး, ယုံမှားသံသယဖြစ်နေတဲ့အခါမျိုးတွေမှာ အဲဒီစိတ်ကို ကုစားဖို့ တရားဆွေးနွေးခြင်းဟာ သင့်တော်တဲ့အခါမှာ တရားဆွေးနွေးခြင်း မည်ပါတယ်၊ ဒီလို အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

ဒါ့ကြောင့် အသိအမြင်ချင်း ဖလယ်လိုလို့ ဆွေးနွေးတာမျိုးဖြစ်က အေးဆေးငြိမ်သက်တဲ့ ညဉ့်ဦးယာမ်အချိန်, မိုးသောက်ယာမ်အချိန်ဟာ သင့်တော်တဲ့အခါဖြစ်ပါတယ်၊ ဒါ့အပြင်– စိတ်ဆုတ်နစ်နေလို့, စိတ်ပျံ့လွင့်နေလို့, ယုံမှားသံသယရှိနေလို့ တရားဆွေးနွေးတာမျိုးဖြစ်က ဆွေးနွေးတိုင်ပင်မယ့် ပုဂ္ဂိုလ်ကို တွေ့ရှိနိုင်တဲ့အားလပ်ခွင့်ရတဲ့ စနေနေ့, တနင်္ဂနွေနေ့, ဥပုသ်နေ့–စသည်တို့ဟာ သင့်တော်တဲ့အချိန်အခါ ဖြစ်တယ်၊ ဒီလို ခွဲခြားမှတ်ယူသင့်ပါတယ်။

ဓမ္မအရ ဆွေးနွေးရမယ့်အကြောင်း

လောကုတ္တရာတရား, နိဗ္ဗာန်ရောက်ကြောင်းတရား, အဘိဓမ္မာတရား, ပရလောကနှင့်စပ်တဲ့တရား, ကံ–ကံရဲ့အကျိုးနှင့်စပ်တဲ့တရား, သမထဝိပဿနာတရား–တွေဟာ ဓမ္မ–အရ ဆွေးနွေးရမယ့်အကြောင်းတွေ ဖြစ်ကြပါတယ်။

ဒါ့အပြင်– အပြစ်မရှိတဲ့ စီးပွားရေး, ကြီးပွားရေး, တိုင်းပြည်သာယာစည်ပင်ရေး, မြို့ရွာရပ်ကွက် အိမ်ထောင်စုကြီးပွားတိုးတက်ရေး–စတဲ့ အကြောင်းတွေလဲ ဓမ္မအရ ဆွေးနွေးရမယ့် အကြောင်းတွေပဲ ဖြစ်ကြပါတယ်။

ပုဂ္ဂိုလ်နှင့်အကြောင်းအရာ

ဆွေးနွေးတယ်–ဆိုတာက တစ်ဦးတည်း တစ်ယောက်တည်းနဲ့ ဆွေးနွေးလို့ ဖြစ်တာမျိုး မဟုတ်ပါ၊ အဖော်အပေါင်းရှိမှသာ ဆွေးနွေးလို့ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဆွေးနွေးရမယ့်ပုဂ္ဂိုလ်ကို အကြမ်းဖျင်းအနေနဲ့ ၃–မျိုးခွဲသင့်ပါတယ်။

http://www.dhammadownload.com

၁။ ရဟန်းသံဃာအချင်းချင်းဆွေးနွေးခြင်း,
၂။ လူပုဂ္ဂိုလ်အချင်းချင်းဆွေးနွေးခြင်း,
၃။ ရဟန်းတော်နှင့်လူပုဂ္ဂိုလ်တွေရဲ့ ဆွေးနွေးခြင်း–

ဒီသုံးမျိုးအနက် တစ်မျိုးတစ်မျိုးက ဘာတွေဘာတွေကို ဆွေးနွေးသင့်တယ်–ဆိုတာကိုလဲ ပြောပြပါဦးမယ်။

၁။ ရဟန်းတော်အချင်းချင်းဖြစ်က မိမိတို့သင်ယူထားတဲ့ ဝိနည်း, သုတ္တန်, အဘိဓမ္မာတွေမှာ မသိတာကို သိအောင်, နားမလည်တာကို နားလည်အောင်, မရှင်းတာကို ရှင်းအောင်, ယုံမှားသံသယရှိနေတာကို ယုံမှားသံသယကင်းအောင် ပါဠိအနေနဲ့ရော, အနက်သဘောအနေနဲ့ရော ဆွေးနွေးသင့်ပါတယ်၊ ဒါ့အပြင်– သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး, စာပေပရိယတ်သင်ကြားပို့ချရေး, ရဟန်းတရား ကြီးစားအားထုတ်ရေး, ဒကာဒကာမတို့အား ဆုံးမသြဝါဒပေးရေး–စတဲ့ အကြောင်းအရာတွေကိုလဲ ဆွေးနွေးသင့်ပါတယ်၊ မိမိအတွက်လဲ အကျိုးမရှိ, သူတစ်ပါးအတွက်လဲ အကျိုးမရှိတဲ့ ရပ်ရေးရွာရေး, တိုင်းနိုင်ငံရေးနှင့် ပတ်သက်တဲ့ စကားမျိုးကို မပြောသင့်ပါ။

ဗုဒ္ဓမြတ်စွာက သာဝတ္ထိမြို့မှာ သီတင်းသုံးနေချိန် ဖြစ်ပါတယ်၊ ဆွမ်းခံပြန်လာတဲ့ ရဟန်းတွေက ဓမ္မာရုံမှာ စုဆုံမိကြပါတယ်။

"ဗိမ္မိသာရမင်းနှင့် ပဿေနဒိကောသလမင်း ၂-ဦးအနက် ဘယ်မင်းက ချမ်းသာကြွယ်ဝသလဲ ?၊ ဘယ်မင်းရဲ့တိုင်းနိုင်ငံက ကျယ်ပြန့်သလဲ ?၊ ဘယ်မင်းရဲ့စစ်တပ်က အင်အားကောင်းသလဲ ?၊ ဘယ်မင်းက တန်ခိုးအရှိန်အဝါကြီးမားသလဲ ?"။

ဒီအကြောင်းကို ဆွေးနွေးနေကြပါတယ်၊ ဒီအကြောင်းကို မြတ်စွာဘုရား သိရတဲ့အခါ–

"ရဟန်းတို့ ! သင်တို့တစ်တွေဟာ သဒ္ဓါတရားနဲ့ အိမ်ရာတည်ထောင်လူဘောင်ကထွက်ပြီး ရဟန်းပြုလာသူတွေ ဖြစ်ကြတယ်၊ သင်တို့လိုအမျိုးကောင်းသားတွေအတွက် ဒီလိုစကားမျိုးကို ပြောဆိုခြင်းဟာ မသင့်တော်လှဘူး၊ စည်းဝေးမိကြတဲ့ သင်တို့တစ်တွေဟာ တရားစကား ဆွေးနွေးမှုကိုသော်လဲ ပြုလုပ်ရမယ်၊ မြင့်မြတ်တဲ့ ဆိတ်ဆိတ်နေမှု ကိုသော်လဲ ပြုလုပ်ရမယ်။ [၁]

ဒီလိုလဲ မိန့်ကြားတော်မူပါတယ်။

၁။ ဥဒါန်း၊ ၈၈။

http://www.dhammadownload.com

အဲဒီလို မိန့်ကြားတော်မူပြီးတဲ့နောက်–

ယဉ္စ ကာမသုခံ လောကေ , ယဉ္စိဒံ ဒိဝိယံ သုခံ၊
တဏှက္ခယသုခဿေတေ , ကလံ နာဂ္ဃတိ သောဠသိံ။

သတ္တောကာသ, ဤလောကဝယ်, စက္ကဝတ်မင်းများ, အစထား၍, လူသားချမ်းသာ, အဖြာဖြာပြင်, နတ်ရွာလောက, နတ်သုခ–ဟု, ကာမချမ်းသာ, ပေါင်းများစွာနှင့်, တဖြာရှုပ, အရှုပ–ဟု, စျာနချမ်းသာ, လောကီယာကား, တဏှာကင်းပ, ဖလသမာပတ်, ချမ်းသာမြတ်ကို, စိတ်လတ်ဆယ့်ခြောက်, တစိတ်လောက်မျှ, နှိုင်းထောက်တိုင်းတာ, မမီပါသည်- ---လွန်စွာ ယုတ်ညံ့လှပေ၏။

ဒီဥဒါန်းစကားကိုလဲ ကျူးရင့်တော်မူပါတယ်။

၂။ လူပုဂ္ဂိုလ်အချင်းချင်းဖြစ်က မိမိတို့ ကြားနာသင်ယူဖူးတဲ့ အဘိဓမ္မာသဘောတရားတွေ, ဘာသာရေးသဘောတရားတွေ, သမထဝိပဿနာနှင့်ပတ်သက်တဲ့ သဘောတရားတွေကို ယုံမှားသံသယရှိနေခဲ့ရင် မိမိတို့ဓမ္မမိတ်ဆွေအချင်းချင်းပဲဖြစ်ဖြစ်, စာပေပရိယတ်ကျမ်းကျင်နှံ့စပ်တဲ့ လူပြန်တော်ပညာရှိတွေနှင့်ပဲဖြစ်ဖြစ် မိမိတို့ အယူသန်ရှင်းစင်ကြယ်ရေး, အသိအမြင်ထက်သန်ရေးကို အလေးပေးကာ ဆွေးနွေးသင့်ပါတယ်။

ဒါ့အပြင်– အပြစ်မရှိတဲ့ တိုင်းရေးပြည်ရေး, ရပ်ရွာအေးချမ်းသာယာရေး, ကြီးပွားရေး, စီးပွားရေးတွေကိုလဲ သဘောတူသူချင်း စုပေါင်းလို့ပဲဖြစ်ဖြစ်, ဉာဏ်အမြော်အမြင်ရှိတဲ့ လူကြီးလူကောင်းတွေနှင့်ပဲဖြစ်ဖြစ် တိုင်ပင်ဆွေးနွေးသင့်ပါတယ်။

ဌာနတူသူချင်းဖြစ်က အထက်နှင့်အောက်, အောက်နှင့်အထက် မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေတဲ့လုပ်ငန်းများ တိုးတက်လာအောင်, ဖွံ့ဖြိုးလာအောင် အနည်းဆုံး တစ်လမှာတစ်ကြိမ်လောက် စုရုံးဆွေးနွေးသင့်ပါတယ်၊ အဲဒီအခါမျိုးမှာ အထက်ကလဲ ငါလူကြီးပဲ၊ သူတို့တင်ပြတာကို ဘာအရေးစိုက်ရမှာလဲ–ဆိုတဲ့ သဘောကို ပယ်ဖျောက်ထားသင့်ပါတယ်၊ အောက်ကလဲပဲ ဒါတွေဟာ တို့တာဝန်မဟုတ်ဘူး၊ ခိုင်းတာကို လုပ်ရမှာကသာ တို့တာဝန်ဖြစ်တယ်–ဆိုတဲ့ သဘောမျိုးကို ဘေးဖယ်ထားသင့်ပါတယ်၊ မိမိတို့ဌာနတိုးတက်ရေး, တိုင်းနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုသာ ဦးစားပေးသင့်ပါတယ်၊ ပုဂ္ဂိုလ်ရေးကို ဦးစားမပေးသင့်ပါ၊ အခြားဌာနက အမြော်အမြင်ရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ အကြံဉာဏ်ကိုလဲ ရယူသင့်ပါတယ်။

၃။ ရဟန်းတော်များနှင့်လူပုဂ္ဂိုလ်တွေ ဖြစ်နေပါက စာပေပရိယတ်ကို ပို့ချသင်ကြား အားထုတ်ထားတဲ့ ရဟန်းတော်တွေ, သမထဝိပဿနာဘာဝနာအလုပ်ကို ကြိုးစားအားထုတ်နေတဲ့ ရဟန်းတော်တွေထံ ချဉ်းကပ်သွားရောက်ပြီး

http://www.dhammadownload.com

ဗုဒ္ဓဘာသာဝင်ဖြစ်အောင် လုပ်ကိုင်ရပုံ, ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေရဲ့ကျင့်ဝတ်, အလှူဒါနပြုလုပ်ပုံ, သီလဆောက်တည်ပုံ, သမထဘာဝနာစီးဖြန်းပွားများအားထုတ်ပုံ–စသည်တို့ကို စနစ်တကျလုပ်ကိုင်ဆောင်ရွက်တတ်အောင် ဆွေးနွေးမေးမြန်းသင့်ပါတယ်၊ ရပ်ရေး, ရွာရေး, အိမ်ထောင်ရေး အစရှိတဲ့ ရဟန်းတော်တွေနှင့် မသင့်တော်တဲ့ ကိစ္စမျိုးကိုတော့ မဆွေးနွေးမမေးမြန်းသင့်ပါ။

တရားဆွေးနွေးတယ်–ဆိုပေမယ့် တစ်ဦးကိုတစ်ဦး နိုင်ထက်စီးနင်းလုပ်ပြီး ငါသာတတ်တယ်၊ ငါသာတော်တယ်–ဆိုတဲ့ သဘောနဲ့ ဒေါသမာန်မာနထားကာ ငြင်းခုံခိုက်ရန်ဖြစ်ကြတာကတော့ မင်္ဂလာမဟုတ်တော့ပါ၊ အကျိုးစီးပွားဆုတ်ယုတ်စရာ အမင်္ဂလာသာ ဖြစ်ပါတော့တယ်။

တရားဆွေးနွေးခြင်းအကျိုး ၁

၁။ တရားဟောတဲ့ ပုဂ္ဂိုလ်က မြတ်စွာဘုရားရဲ့ ချစ်ခင်မြတ်နိုးမှု, အလေးပြုမှုကို ခံရပါတယ်,

၂။ အနက်ကိုလဲ သိမြင်နိုင်ပါတယ်၊ ပါဠိကိုလဲ သိမြင်နိုင်ပါတယ်,

၃။ နက်နဲတဲ့ အနက်သဘောကို ပညာနဲ့ ထိုးထွင်းသိမြင်နိုင်ပါတယ်,

၄။ သူတော်ကောင်းတွေရဲ့ ချီးမွမ်းမှုကိုလဲ ခံရပါတယ်,

၅။ တရားစကားကြားနာရသူတို့ရဲ့ မင်္ဂ–ဖိုလ်ရရန်အားထုတ်ခြင်း, အရဟတ္တဖိုလ်ကိုရပြီးသူတွေရဲ့ ဖလသမာပတ်ဝင်စားရန် အားထုတ်ခြင်းကိုလဲ ဖြစ်စေပါတယ်–

ဒီလို အခွင့်ရတဲ့အခါတိုင်း အခါတိုင်းမှာ တရားနာခြင်း, တရားဆွေးနွေးခြင်းရဲ့ အကျိုးသက်ရောက်မှု ၅–မျိုး ရှိပါတယ်။

တရားနာတယ်, တရားဆွေးနွေးတယ်–ဆိုတာဟာ တစ်ဦးတစ်ယောက်တည်းနဲ့ ဖြစ်နိုင်တာမျိုး မဟုတ်ပါ၊ နာယူတဲ့လူ ရှိရသလို ပြောဟောတဲ့သူလဲ ရှိရပါတယ်၊ ဒါ့ကြောင့် ပြောဟောသူအတွက်ကိုရော, ကြားနာသူအတွက်ကိုပါ ပြဆိုထားရပါတယ်။

ဒါကိုပဲ အထောက်အထားပြုပြီး အဋ္ဌကထာဆရာက အခွင့်ရတဲ့အခါတိုင်း အခါတိုင်းမှာ တရားကိုဆွေးနွေးခြင်းဟာ စာပေကျမ်းဂန်အရာ လိမ္မာကျွမ်းကျင်ခြင်း အစရှိတဲ့ ဂုဏ်တို့ကို ရခြင်းရဲ့အကြောင်းဖြစ်တဲ့အတွက် ကြီးပွားချမ်းသာရေးအစစ်မင်္ဂလာဖြစ်တယ်–လို့ မိန့်ဆိုထားပါတယ်။

၁။ အံ–၃၊ ၁၇၁။

http://www.dhammadownload.com

ရွေးဆရာများရဲ့ အဆိုအမိန့်

သိစေအခါ, ပညာရှိထံ, တရားသဲကို, နာခံဆွေးနွေး, မေးမြန်းဟောပြော, နှီးနှောကုန်ရာ။

ဒီလို မုံရွေးဆရာတော်က ကာလေန ဓမ္မသာကစ္ဆာ–မင်္ဂလာရဲ့ သဘောကို မိန့်ဆို ဖွင့်ပြထားပါတယ်။

အဓိပ္ပာယ် အခါကာလကို သိမြင်နားလည်ကာ အဲဒီသင့်တော်လျောက်ပတ်တဲ့အခါမှာ ပညာရှိထံ သွားရောက်ကာ တရားသဲကို နာခံမှတ်သားပြီး ဆွေးနွေးမေးမြန်း ပြောဆိုနှီးနှောခြင်းဟာ ကာလေနဓမ္မသာကစ္ဆာ–မင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

ပညာရှိပေါင်း, သူတော်ကောင်းတို့, ကျိုးကြောင်းပြသ, မြတ်ဓမ္မကို, ထွန်းပစိမ့်ဝှာ, ဟောအပ်စွာ၏၊ သဃ်ာရဟန်း, သုံးလူ့ပန်းလည်း, ညှိထွန်းတန်ဆောင်, တရားဆောင်သည်- - - -မြတ်ခေါင်ခြောက်ထွေ ဂုဏ်ထူးတည်း။ [၁]

အန္နဒါန, ဟာရကြည်ဖြူ, ဆွမ်းအလှူဖြင့်, သက်လှူအာယု, မန္ဓာတုသို့, ရှည်မှုလွှဲ့ပေါ်, သက်တမ်းကျော်၏၊ တကောဆင်မြန်း, ဝတ်သင်္ကန်းကို, လှူဒါန်းသည့်သူ, အဆင်းလှူတည့်၊ နတ်လူတို့ဘောင်, ဖြစ်တိုင်းနောင်ဝယ်, အခေါင်ဦးစွန်း, ကိုယ်ရောင်ထွန်း၍, တုကျွန်းလွတ်ကွာ, မယ်ဥမ္မာနှင့်, ပဘာဝတီ, နတ်တပြိုသို့, အညိန့်ငင်ရှိ, လှခေါင်ထိလိမ့်၊ ဆီမိုးအလှူ, မျက်စိဟူရှင့်၊ ယာဉ်မှူလှူသီး, ချမ်းသာကြီး၍, ခိုမှီးအာဝါ, သာယာရိပ်ချမ်း, ကျောင်းသခ်ိမ်းကား, ဆုံးကမ်းမရှိ, ကြီးဘိကျိုးရပ်, နိဗ္ဗာန်ခပ်အောင်, မဟပ္ဖလ်, ရှုစ်ရဖဲတည့်၊ နက်တံသာရ, နုသာသဖြင့်, ဓမ္မတရား, သူတစ်ပါးအား, ဟောကြားပြသ, ဆုံးမတတ်သူ, အမြိုက်ဟူသည့်, အလှူများမင်း, အခေါင်ချင်း–ဟု, ကျမ်းရင်းဓမ္မစက်, မိန့်တော်ထွက်သည်- - - -တုဘက်မစံမခိုင်းတည်း။ [၂]

ဗာဟုသစ္စ, ဓမ္မကာမော်, ဖြစ်လိုသော်ကား, သူတော်သီလဝါ, ပညာရှိထံ, သက္ကစ္စံတည့်, နည်းခံဆည်းကပ်, အပ်မအပ်ကို, လျော်ဖွယ်စစ်ဆေး, လျောက်မေးပေရာ။ [၃]

တရားဟောခါ, ဥပမာကား, မြည်ကာခြိမ်းမဲ, မသေးဖွဲတည့်၊ ပေါက်ကွဲသောသွင်, ဖျင်ဖျင်ရွာလျက်, သံမထွက်ခဲ့၊ ညံ့သက်ဖြည်းညင်း, မြည်သံကင်းလျက်, ဆီးနှင်းရှိမျှ, မကျတုံလေ, မရွာနေခဲ့၊ မိုးမြေတောင်ကမ်း, ပရမ်းပတာ, ကွဲရှာကွယ်လို, မြည်လစ်ဘိလျက်, မြေကြီးအလုံး, ရေတိုဖုံးမျှ, ပတ်ကုံးပြည်ဖြိုး, ရွာသည့်မိုးသို့, အားကြိုး၍သာ, ဟောပေရာ၏။ [၄]

ဒီလိုလဲမိန့်ဆိုတော်မူကြပါသေးတယ်။

၁။သုတသောမ–၁၉၄။ ၂။မဃဒေဝ–၅၀၇။ ၃။နာရဒ–၁၀၀။ ၄။ဓမ္မရာသီ–၃၁။

http://www.dhammadownload.com



အခန်း-၉

တပေါစ = တပခေါ်တဲ့အကျင့်ကိုကျင့်ခြင်း,
ဖြဟ္မစရိယဋ္ဌ = ဖြဟ္မစရိယအကျင့်ကိုကျင့်ခြင်း,
အရိယသစ္စာနဒဿနံ = အရိယသစ္စာတို့ကို သိမြင်ခြင်း,
နိဗ္ဗာနသစ္ဆိကိရိယာစ = နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း-
စတဲ့ မင်္ဂလ-မုတ္တမံ = ဒီလေးပါဟာ ကောင်းမြတ်တဲ့မင်္ဂလာ (ကြီးပွားချမ်းသာရေး) ဖြစ်တယ်။

၃၁။ တပေါစ

[ပါပကေ ဓမ္မေ တပတီတိ-တပေါ။ ပါပကေ-ယုတ်မာကုန်သော၊ ဓမ္မေ-အကုသိုလ်တရားတို့ကို၊ တပတီတိ-ပူပန်စေတတ်သောကြောင့်၊ တပေါ-တပမည်၏။] အဘိဇ္ဈာဒေါမနဿ အစရှိတဲ့ အကုသိုလ်တရားတွေကို ပူပန်စေတတ်တဲ့ အတွက် ဣန္ဒြိယသံဝရသီလကို တပ-လို့ ခေါ်ပါတယ်။

တစ်နည်းပြောရမယ်-ဆိုပါရင် အကုသိုလ်တရားဆိုးတွေကို ပူပန်စေတတ်တဲ့ အတွက် သမ္မပ္ပဓာန်လုံ့လဝီရိယကိုပဲ တပ-လို့ ခေါ်ပါတယ်။

ဣန္ဒြိယသံဝရ

ဣန္ဒြိယသံဝရသီလ-ဆိုတာဟာ သတိပြဋ္ဌာန်းတဲ့ စောင့်စည်းမှုပဲ ဖြစ်ပါတယ်၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်-ဆိုတဲ့ အကုသိုလ်ဝင်ပေါက်တွေကို အလစ်မခံဘဲ သတိ-ဆိုတဲ့ တံခါးရွက်နဲ့ ပိတ်ဆို့စောင့်စည်းထားရမယ်-လို့ ဆိုလိုပါတယ်။

၁။ အံ-၁၊ ၃၄၈။

http://www.dhammadownload.com

သီလပြည့်စုံပြီးဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က မျက်စိ(စက္ခု)နဲ့ အဆင်း(ရူပါရုံ)ကို မြင်ရင် ကိလေသာဝတ္ထုဖြစ်တဲ့ မိန်းမ, ယောကျ်ား ပုံသဏ္ဌာန်ဖြစ်သော တင့်တယ်လှပတဲ့ သုဘနိမိတ်, အရုပ်ဆိုးအကျည်းတန်တဲ့ ပဋိဃနိမိတ်–စတဲ့ အာရုံတွေကို မမှတ်ယူ၊ မြင်ရရုံမှာသာ တည်ပါတယ်။

ကိလေသာကို အဖန်ဖန်အဆင့်အဆင့် ဖြစ်ပေါ်စေတတ်တဲ့ လက်, ခြေ, ပြုံးဟန်, ရယ်ဟန်, ပြောဆိုပုံ, တည့်တည့်ကြည့်ပုံ, စောင်းငဲ့ကြည့်ပုံ–စတဲ့ အမူအရာကိုလဲ မမှတ်ယူ၊ အဲဒီမြင်ရတဲ့ကိုယ်မှာ ထင်ရှားရှိနေတဲ့ ဆံပင်, မွေးညင်း, ခြေသည်းလက်သည်း–စတဲ့ ရွံရှာဖွယ် အဖို့အစုနှင့် ပရမတ္ထအားဖြင့် ထင်ရှားရှိပြီး စစ်မှန်တဲ့ ဘူတရုပ်, ဥပါဒါရုပ်တွေကိုသာ ယူပါတယ်။

မဟာတိသဆေရ ဒီနေရာမှာ သီဟိုဠ်ကျွန်း စေတိယတောင်မှာ သီတင်းသုံးနေထိုင်တဲ့ မဟာတိသဆေရ်အကြောင်းကို ကြားညှပ်ပြောပြပါဦးမယ်၊ တစ်နေ့မှာ မဟာတိသဆေရ်က အနုရာဓမြို့မှာ ဆွမ်းခံရန် စေတိယတောင်က ကြွလာနေပါတယ်၊ လင်နှင့်ရန်ဖြစ်လို့ မိဘအိမ်ကို လာနေတဲ့ မိန်းမတစ်ယောက်က လမ်းခုလတ် လူပြတ်နေတဲ့နေရာမှာ မဆေရ်ကို တွေ့ပါတယ်၊ အဲဒီမိန်းမက ရာဂနဲ့ ဖောက်ပြန်သောစိတ် ရှိနေတဲ့အတွက် ပြင်းစွာရယ်မောပြီး မဆေရ်ကို မြှူဆွယ်ပါတယ်။

မဟာတိသဆေရ်က ဒါဟာ ဘာပါလိမ့်–လို့ ကြည့်လိုက်တဲ့အခါ အဲဒီအမျိုးသမီးရဲ့ သွား–ဆိုတဲ့ အရိုးမှာ အသုဘသညာကို ရလို့ အရဟတ္တဖိုလ်ကို ရောက်သွားပါတယ်။

> မဟာတိသဆေရ်က အဲဒီအမျိုးသမီးရဲ့သွားကို တွေ့ရတော့ ရှေးက ရခဲ့ဖူးတဲ့ အရိုးစုသညာကို အမှတ်ရလာပါတယ်၊ အဲဒီလမ်းပေါ်မှာ ရုပ်ရင်းပဲ အရဟတ္တဖိုလ်ကို ရောက်ခဲ့ပါတယ်။

အဲဒီလို ရှေးဆရာတွေက မှတ်တမ်းတင်ထားခဲ့ကြပါတယ်၊ အဲဒီအမျိုးသမီးရဲ့ လင်ယောကျ်ားက အမျိုးသမီးရဲ့နောက်ကို လိုက်လာရင်း မဟာတိသဆေရ်ကို တွေ့တဲ့အခါ "အရှင်ဘုရား ! လမ်းမှာ မိန်းမတစ်ယောက် တွေ့မြင်လိုက်ပါသလား ?"လို့ မေးပါတယ်၊ မဆေရ်က "ဒီအနားကသွားသူဟာ မိန်းမဖြစ်တယ်, ယောကျ်ားဖြစ်တယ်–ဆိုတာကို ငါမသိလိုက်ပါ၊ အရိုးစုကြီးတစ်ခုတော့ လမ်းပေါ်မှာ လျှောက်သွားလေရဲ့"လို့ ပြန်ပြောလိုက်ပါတယ်။

စက္ခုန္ဒြေကို မစောင့်ရှောက်တဲ့အတွက် စက္ခုန္ဒြေကို မစောင့်စည်းဘဲ (မျက်စိ–ဆိုတဲ့ တံခါးပေါက်ကို သတိ–ဆိုတဲ့ တံခါးရွက်နဲ့ မပိတ်ဆို့ဘဲ) နေတဲ့ပုဂ္ဂိုလ်ဟာ

http://www.dhammadownload.com

အဘိဇ္ဈာ, ဒေါမနဿ–စတဲ့ အကုသိုလ်တရားတွေရဲ့ ညှဉ်းပန်းနှိပ်စက်မှုကို ခံရပါတယ်၊ အဲဒီစက္ခုန္ဒြေကို ပိတ်ဆို့စောင့်စည်းရအောင် ကျင့်ပါတယ်၊ အဲဒီမျက်စိ–ဆိုတဲ့ တံခါးပေါက်ကို သတိ–ဆိုတဲ့ တံခါးရွက်နဲ့ ပိတ်ဆို့ရအောင် ကျင့်ပါတယ်၊ ဒီလိုကျင့်တဲ့ ပုဂ္ဂိုလ်ကို စက္ခုန္ဒြေကို စောင့်ရှောက်တယ်၊ စက္ခုန္ဒြေကို စောင့်စည်းတယ်–လို့ ဆိုသင့်ပါတယ်။

နား(သောတ)နဲ့ အသံ(သဒ္ဒါရုံ)ကို ကြားရရင်- - - -
နှာခေါင်း(ဃာန)နဲ့ အနံ့(ဂန္ဓာရုံ)ကို နမ်းရှုရရင်- - - -
လျှာ(ဇိဝှါ)နဲ့ အရသာ(ရသာရုံ)ကို လျက်ရရင်- - - -
ကိုယ်(ကာယ)နဲ့ အတွေ့အထိ(ဖောဋ္ဌဗ္ဗာရုံ)ကို တွေ့ထိရရင်- - - -

စိတ်(မနောဝိညာဉ်)နဲ့ သဘောတရား(ဓမ္မာရုံ)ကို သိရရင် ကိလေသာရဲ့ တည်ရာဖြစ်တဲ့ အာရုံကို မမှတ်ယူ၊ ကိလေသာကို အဖန်ဖန်အဆင့်ဆင့် ဖြစ်ပေါ်စေတတ်တဲ့ အခြင်းအရာကိုလဲ မမှတ်ယူ၊ မနောဒွါရ–ဆိုတဲ့ တံခါးပေါက်ကို သတိ–ဆိုတဲ့ တံခါးရွက်နဲ့ မပိတ်ဆို့ဘဲ, မနိန္ဒြေကို မစောင့်ရှောက်ဘဲ နေတဲ့ပုဂ္ဂိုလ်ကို အဘိဇ္ဈာဒေါမနဿ အစရှိတဲ့ အကုသိုလ်တရားတွေက ညှဉ်းပန်း နှိပ်စက်ကြပါတယ်၊ အဲဒီမနိန္ဒြေကို စောင့်စည်းရန်ကျင့်ပါတယ်၊ အဲဒီစိတ်–ဆိုတဲ့ တံခါးပေါက်ကို သတိဆိုတဲ့တံခါးရွက်နဲ့ ပိတ်ဆို့ရအောင် ကျင့်ပါတယ်၊ အဲဒီလိုကျင့်တဲ့ပုဂ္ဂိုလ်ကို မနိန္ဒြေကို စောင့်ရှောက်တယ်၊ မနိန္ဒြေကို စောင့်စည်းတယ်–လို့ ဆိုရပါတယ်။

စက္ခုန္ဒြေကို ဘယ်လိုစောင့်စည်းပါသလဲ?

စက္ခုန္ဒြေကို စောင့်စည်းတယ်–ဆိုတဲ့ စကားရပ်မှာ စက္ခုပသာဒကိုမှီလို့အမှတ်ရမှုသတိနှင့် သတိကင်းလွတ်မှု, မေ့လျော့မှုတို့ မဖြစ်တတ်တဲ့အတွက် စက္ခုန္ဒြေမှာ စောင့်စည်းမှု(သံဝရ)လဲ မရှိနိုင်ပါ၊ မစောင့်စည်းမှု, သတိကင်းလွတ်မှုလဲ မရှိနိုင်ပါ၊ ဒါပေမယ့် အဆင်း(ရူပါရုံ)က မျက်စိ(စက္ခုပသာဒ)မှာ ထင်လာတဲ့အခါ ဘဝင် ၂–ကြိမ်ဖြစ်ပြီး ချုပ်သွားပါတယ်၊ အဲဒီနောက် တစ်ဆက်တည်း ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်က ဆင်ခြင်ခြင်းကိစ္စကို ပြီးစေကာ ချုပ်သွားပါတယ်၊ အဲဒီနောက် စက္ခုဝိညာဉ်စိတ်က မြင်ခြင်းကိစ္စကို ပြီးစေကာ ဖြစ်ပြီး ချုပ်သွားပါတယ်၊ အဲဒီနောက် သမ္ပဋိစ္ဆိန်းစိတ်က လက်ခံခြင်းကိစ္စကို ပြီးစေပြီး ချုပ်သွားပါတယ်၊ အဲဒီနောက် သန္တီရဏစိတ်က စုံစမ်းမှုကိစ္စကို ပြီးစေကာ ဖြစ်ပြီး ချုပ်သွားပါတယ်၊ အဲဒီနောက် မနောဒွါရာဝဇ္ဇန်းစိတ်က ဆုံးဖြတ်ခြင်း(ဝုဋ္ဌော)ကိစ္စကို ပြီးစေကာ ဖြစ်ပြီး ချုပ်သွားပါတယ်၊ အဲဒီဝုဋ္ဌောစိတ်ရဲ့အခြားမဲ့မှာပဲ (ဝုဋ္ဌောစိတ်နှင့်တစ်ဆက်တည်းပဲ) ဇောစိတ်က အရှိန်အဟုန်နဲ့ (၇–ကြိမ်) ဖြစ်ပေါ်လာပါတယ်။

http://www.dhammadownload.com

ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒ္ဓါရာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, ဇော, ဇော, ဇော, ဇော, ဇော, ဇော၊ ဒီလို စိတ်အစဉ် ဖြစ်နေပါတယ်။

ဒီလိုဖြစ်နေတဲ့ စိတ်အစဉ်ထဲက ဘဝင်ဖြစ်ချိန်မှာ စောင့်စည်းမှု(သံဝရ)လဲ မရှိသေးပါ၊ မစောင့်စည်းမှု(အသံဝရ)လဲ မရှိသေးပါ၊ ပဉ္စဒ္ဓါရာဝဇ္ဇန်း–အစ ဝုဋ္ဌော–အဆုံးရှိတဲ့ စိတ်တွေထဲက စိတ်တစ်ခုခုရဲ့ ဖြစ်ခိုက်မှာလဲ သံဝရရော, အသံဝရရော မရှိသေးပါ၊ အမှန်ကတော့ ဇောဖြစ်ခိုက်မှသာ သီလမရှိသူရဲ့ ဖြစ်ကြောင်းဖြစ်ရာ ကာယ,ဝစီဒုစရိုက်–ဆိုတဲ့ ဒုသီလျ, သတိရဲ့ဆန့်ကျင်ဘက်အကုသိုလ်–ဆိုတဲ့ သတိလွတ်ခြင်း, သတိမေ့ခြင်း–မုဋ္ဌသစ္စ, ဉာဏ်ရဲ့ ဆန့်ကျင်ဘက်မောဟ–ဆိုတဲ့ အညာဏ, သည်းခံမှုရဲ့ဆန့်ကျင်ဘက် ဒေါသ–ဆိုတဲ့ အက္ခန္တိ, ပျင်းရိသူရဲ့အဖြစ်–ဆိုတဲ့ ပျင်းရိခြင်း–ကောသဇ္ဇတရားတွေ ဖြစ်လာခဲ့ ပါရင် စောင့်စည်းမှုရဲ့ဆန့်ကျင်ဘက် မစောင့်စည်းမပိတ်ဆို့မှု–ဆိုတဲ့ အသံဝရ ဖြစ်ပါတယ်။

အဲဒီလို မစောင့်စည်းမှု–အသံဝရဟာ စက္ခုနွေ့မှာမရှိဘဲ ဇောခဏမှာသာ ရှိနေပေမယ့် အဲဒီဇောခဏမှာဖြစ်တဲ့ မစောင့်စည်းမှု–အသံဝရကို စက္ခုနွေ့မှာ မစောင့်စည်းခြင်း–အသံဝရ–လို့ ဆိုသင့်ပါတယ်၊ ဘာ့ကြောင့်လဲ–ဆိုတော့ ဇောခဏမှာ မစောင့်စည်းခြင်း–အသံဝရရှိလာရင် ဒွါရလဲမလုံခြုံ၊ ဘဝင်လဲမလုံခြုံ၊ အာဝဇ္ဇန်း အစရှိတဲ့ ဝီထိစိတ်တွေလဲ မလုံခြုံကြတဲ့အတွက်ကြောင့်ပါပဲ။

ဥပမာအနေနဲ့ပြောရပါရင် မြို့တံခါး ၄–ပေါက်တို့ကို ပိတ်မထားရင် မြို့တွင်းမှာ အိမ်တံခါးမုတ်, တိုက်ခန်း–စတဲ့ဟာတွေကို ကောင်းစွာပိတ်ထားပေမယ့် မြို့တွင်းမှာ ရှိနေသမျှ ပစ္စည်းဥစ္စာအကုန်လုံးဟာ စောင့်ရှောက်ရာလဲ မရောက်တော့ပါ၊ လုံလဲ မလုံခြုံတော့ပါ၊ မြို့တံခါးမှ ဝင်ပြီး ခိုးသူတွေက အလိုရှိရာလို ယူသွားနိုင်ကြသလိုပဲ ဇောခဏမှာ ဒုသီလျ–စသည်တို့ ဖြစ်လာခဲ့ပါရင် ဒွါရလဲမလုံခြုံ၊ ဘဝင်လဲမလုံခြုံ၊ အာဝဇ္ဇန်း–အစရှိတဲ့စိတ်တွေလဲ မလုံခြုံတော့ပါ။

ဒါ့အပြင်– ဇောမှာ သီလ–စသည်တို့ ဖြစ်လာကြပါရင် ဒွါရလဲလုံခြုံပါတယ်၊ ဘဝင်လဲလုံခြုံပါတယ်၊ အာဝဇ္ဇန်း–အစရှိတဲ့ စိတ်တွေလဲ လုံခြုံပါတယ်။

ဥပမာအနေနဲ့ပြောရပါရင် မြို့တံခါးတွေကို ကောင်းစွာပိတ်ထားရင် မြို့တွင်းမှာ အိမ်–စသည်တို့ကို ပိတ်မထားပေမယ့် မြို့တွင်းမှာရှိသမျှ ဘဏ္ဍာအကုန်လုံးဟာ ကောင်းစွာစောင့်ရှောက်ပြီး လုံခြုံပြီးပဲ ဖြစ်ပါတယ်၊ မြို့တံခါးတွေကို ပိတ်ထားရင် ခိုးသားဓားပြတွေ မဝင်နိုင်သလိုပဲ ဇောမှာ သီလ–စသည်တို့ ဖြစ်လို့ရှိရင် ဒွါရလဲ လုံခြုံပါတယ်၊ ဘဝင်စိတ်တွေလဲ လုံခြုံပါတယ်၊ အာဝဇ္ဇန်း–စတဲ့ စိတ်တွေလဲ လုံခြုံ

http://www.dhammadownload.com

ပါတယ်၊ ဒါကြောင့် ဓောခဏမှာ ဖြစ်ပေမယ့် အဲဒီစောင့်စည်းမှု–သံဝရကို စက္ခုန္ဒြေမှာ စောင့်စည်းပိတ်ဆို့မှု–သံဝရလို့ ဆိုသင့်ပါတယ်။

နားနဲ့ အသံကို ကြားရရင်–စသည်တို့မှာလဲ ဒီနည်းအတိုင်းပဲ ဖြစ်ပါတယ်၊ ပြောလာခဲ့တဲ့အတိုင်း အကျဉ်းအနေနဲ့ ရူပါရုံ–စသည်တို့မှာ ကိလေသာတွေ အစဉ်လိုက်လာကြောင်းဖြစ်သော ကိလေသာဝတ္ထုဖြစ်တဲ့ မိန်းမ, ယောကျ်ားပုံသဏ္ဌာန် ဖြစ်သော တင့်တယ်လှပတဲ့ သုဘနိမိတ်, အရုပ်ဆိုးအကျည်းတန်တဲ့ ပဋိဃနိမိတ်–စသည်ကို မှတ်ယူခြင်းကိုကြဉ်ခြင်း လက္ခဏာရှိတဲ့ ဒီသီလကို ဣန္ဒြိယသံဝရသီလ–လို့ သိသင့်ပါတယ်။

ဣန္ဒြိယသံဝရသီလပြည့်စုံစေပုံ

ဣန္ဒြိယသံဝရ–ဣန္ဒြေစောင့်စည်းမှုကို အမှတ်ရမှု–သတိနဲ့ ပြီးစီးပြည့်စုံစေသင့်ပါတယ်၊ အမှတ်ရမှု–သတိတရားက ထိန်းချုပ်ကွပ်ကဲထားတဲ့ စက္ခု–စတဲ့ ဣန္ဒြေတွေကို အဘိဇ္ဈာ–စတဲ့ အကုသိုလ်တရားတွေက အစဉ်မလိုက်နိုင်တဲ့အတွက် ဣန္ဒြေတို့ကို စောင့်စည်းမှု–ဣန္ဒြိယသံဝရဟာ အမှတ်ရမှုသတိ–ဆိုတဲ့ ပြီးစီးကြောင်း ရှိပါတယ်။

ဒါ့ကြောင့်–

"ရဟန်းတို့ ! နီရဲအောင် မီးဖူတ်ထားတဲ့ သံချောင်းနဲ့ စက္ခုန္ဒြေခေါ်တဲ့ မျက်စိကို ထက်ဝန်းကျင်က သုံးသပ်ထိုးဖောက်တာဟာ ကောင်းပါသေးတယ်၊ မျက်စိနဲ့ တွေ့မြင်ရတဲ့ ရူပါရုံတွေမှာ လက်, ခြေ, ပြုံးပုံ, ရယ်ပုံ–စတဲ့ အသေးစိတ် အနေနဲ့ မိန်းမ, ယောကျ်ားတင့်တယ်ဟန်–စတဲ့ ပုံသဏ္ဌာန်အာရုံကို ယူခြင်းဟာ မကောင်းပါဘူး"။ [၂]

ဒီလို အစရှိတဲ့နည်းနဲ့ ဟောတော်မူထားတဲ့ အာဒိတ္တဒေသနာတော်ကို အောက်မေ့ဆင်ခြင်ပြီး ရူပါရုံအစရှိတဲ့ အာရုံတွေမှာ စက္ခုဒ္ဒါရ–စသည်တို့မှာဖြစ်တဲ့ ဇောဝိညာဉ်ရဲ့ အဘိဇ္ဈာ–စသည်တို့ အစဉ်တစိုက် အလိုက်ခံရမယ့် နိမိတ်(အာရုံ)စသည်တို့ကို ယူမှုကို အမှတ်ရမှု–သတိနဲ့ တားမြစ်ကာ ဒီဣန္ဒြိယသံဝရကို ကောင်းစွာပြည့်စုံစေသင့်ပါတယ်။

ဆိုခဲ့ပြီးတဲ့နည်းနဲ့ ဣန္ဒြိယသံဝရကို မပြည့်စုံစေခဲ့ပါရင် ပါတိမောက္ခသံဝရသီလလဲ အရှည်မခံတော့ပါ၊ ကြာရှည်လေးမြင့် မတည်တံ့နိုင်တော့ပါ၊ ဥပမာအနေနဲ့ ပြောရပါရင် ကောင်းစွာ စီရင်ပြုလုပ်ထားတဲ့ သစ်ခက်အရံအတားမရှိတဲ့ ကောက်စပါးဟာ အရှည်မခံသလို, ကြာရှည်လေးမြင့် မတည်တံ့သလိုပဲ ဖြစ်ရပါတော့တယ်။

၁။ ဝိသုဒ္ဓိ–၄–၁၊ ၃၅။ ၂။ သံ–၂၊ ၃၇၇

http://www.dhammadownload.com

ဒါ့အပြင်– သူဥစ္စာကို လုယက်ခိုးယူတတ်တဲ့ လူဆိုးတွေက တံခါးဖွင့်ထားတဲ့ ရွာကို နှိပ်စက်ကြသလို စက္ခုန္ဒြေ–စတဲ့ တံခါးကို မပိတ်ဆို့ဘဲ ဖွင့်ထားတဲ့ ပုဂ္ဂိုလ်ကို ကိလေသာခိုးသူတွေက နှိပ်စက်ကြပါတယ်။

ဣန္ဒြေမစောင့်တဲ့ အဲဒီပုဂ္ဂိုလ်ရဲ့စိတ်ကိုလဲ ရာဂက ထက်ဝန်းကျင်မှ ထိုးဖောက်ဝင်ရောက် နှိပ်စက်ပါတယ်၊ ဥပမာအနေနဲ့ ပြောရပါရင် တော်စွလျော်စွ မိုးထားတဲ့ အိမ်ကို မိုးရေမိုးပေါက်က ထက်ဝန်းကျင်မှ ထိုးဖောက် ဝင်ရောက်လာသလိုပဲ ဖြစ်ပါတယ်။

ရူပါရုံကြောင့်ဖြစ်လာမယ့် အကျိုးမဲ့, သဒ္ဒါရုံကြောင့်ဖြစ်လာမယ့် အကျိုးမဲ့, ဂန္ဓာရုံကြောင့်ဖြစ်လာမယ့် အကျိုးမဲ့, ရသာရုံကြောင့်ဖြစ်လာမယ့် အကျိုးမဲ့, ဖောဋ္ဌဗ္ဗာရုံကြောင့်ဖြစ်ပေါ်လာမယ့် အကျိုးမဲ့တွေမှ စက္ခု–စတဲ့ ဣန္ဒြေတွေကို စောင့်ရှောက်ပါ၊ သူများဥစ္စာကို လုယက်ခိုးယူတတ်တဲ့ လူဆိုးတွေက တံခါးပိတ်မထားတဲ့ ရွာကို လုယက်နှိပ်စက်ကြသလို သတိ–ဆိုတဲ့ တံခါးရွက်နဲ့ မပိတ်ဆို့ဘဲ ဟင်းလင်းဖွင့်ထားပြီး အစောင့်အရှောက်ကင်းမဲ့နေတဲ့ ဒီစက္ခု–စတဲ့ ဒွါရတွေဟာ သတိ–ဆိုတဲ့ တံခါးရွက်နဲ့ မပိတ်ဆို့ မစောင့်ရှောက်တဲ့ ပုဂ္ဂိုလ်ကို နှိပ်စက်ကြပါတယ်။

တော်ရိလျော်ရိမိုးထားတဲ့ အိမ်ကို မိုးရေမိုးပေါက်တွေက ထက်ဝန်းကျင်မှ ထိုးဖောက်ဝင်ရောက်သလို တည်ကြည်ငြိမ်သက်အောင် ပွားများမထားတဲ့ စိတ်ကို ရာဂက ထိုးဖောက်ဝင်ရောက် နှိပ်စက်တတ်ပါတယ်။ [၁]

ဒီလိုပဲ ဗုဒ္ဓမြတ်စွာက ဟောတော်မူထားပါတယ်။

ဒီဣန္ဒြေယသံဝရသီလကို ပြီးစီးပြည့်စုံစေရင် ပါတိမောက္ခသံဝရသီလလဲ အရှည်ခံပါတယ်၊ ကြာရှည်လေးမြင့် တည်တံ့ပါတယ်၊ ဥပမာအနေနဲ့ ပြောရပါရင် ကောင်းစွာ စီမံပြုလုပ်ထားတဲ့ ဆူးခက်အရံအတားရှိတဲ့ ကောက်စပါးဟာ အရှည်ခံသလို, ကြာရှည်လေးမြင့်တည်တံ့သလိုပဲ ဖြစ်ပါတယ်။

ဒါ့အပြင်– သူဥစ္စာကို လုယက်ခိုးယူတတ်တဲ့ လူဆိုးတွေက ကောင်းစွာ တံခါးပိတ်ထားတဲ့ ရွာကို မနှိပ်စက် မဖျက်ဆီးနိုင်ကြသလို စက္ခု–စတဲ့ ဣန္ဒြေတွေကို သတိ–ဆိုတဲ့ တံခါးရွက်နဲ့ ပိတ်ဆို့ထားတဲ့ ပုဂ္ဂိုလ်ကိုလဲ ကိလေသာခိုးသူတွေက မနှိပ်စက်နိုင်ကြပါ။

စက္ခု–စတဲ့ တံခါးပေါက်တွေကို သတိ–ဆိုတဲ့ တံခါးရွက်နဲ့ ပိတ်ဆို့ထားတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ကိုလဲ ရာဂက ထက်ဝန်းကျင်မှ မထိုးဖောက် မဝင်ရောက် မနှိပ်

၁။ ခံ၊ ၁၄+၁၅။

http://www.dhammadownload.com

စက်နိုင်ပါ၊ ဥပမာအနေနဲ့ ပြောရပါရင် စနစ်တကျမိုးထားတဲ့ အိမ်ကို မိုးရေမိုးပေါက်က ထက်ဝန်းကျင်မှ မထိုးဖောက် မဝင်ရောက်နိုင်သလိုပဲ ဖြစ်ပါတယ်။

သာဓကအနေနဲ့ ဘုရားဟာ စကားတော်ကိုပဲ ထုတ်ယူပြောပြပါဦးမယ်။–

ရူပါရုံကြောင့် ဖြစ်ပေါ်လာမယ့် အကျိုးမဲ့မှ စက္ခုဇ္ဈေကို စောင့်ရှောက်ရမယ်၊ သဒ္ဒါရုံကြောင့်ဖြစ်ပေါ်လာမယ့် အကျိုးမဲ့မှ သောတဇ္ဈေကို စောင့်ရှောက်ရမယ်၊ ဂန္ဓာရုံကြောင့်ဖြစ်ပေါ်လာမဲ့ အကျိုးမဲ့မှ ဃာနဇ္ဈေကို စောင့်ရှောက်ရမယ်၊ ရသာရုံကြောင့်ဖြစ်ပေါ်လာမယ့် အကျိုးမဲ့မှ ဇိဝှဇ္ဈေကို စောင့်ရှောက်ရမယ်၊ ဖောဋ္ဌဗ္ဗာရုံကြောင့်ဖြစ်ပေါ်လာမယ့် အကျိုးမဲ့မှ ကာယဇ္ဈေကို စောင့်ရှောက်ရမယ်၊ သူဥစ္စာကို လုယက်ခိုးယူတတ်တဲ့ လူဆိုးတွေက တံခါးပိတ်ထားတဲ့ ရွာကို မလုယက် မနှိပ်စက်နိုင်ကြသလို သတိ–ဆိုတဲ့ တံခါးရွက်နဲ့ ပိတ်ဆို့ထားပြီး ကောင်းစွာစောင့်ရှောက်ထားတဲ့ စက္ခု–စတဲ့ ဒွါရတွေက သတိ–ဆိုတဲ့ တံခါးရွက်နဲ့ ပိတ်ဆို့စောင့်ရှောက်နေသူကို မနှိပ်စက်နိုင်ကြပါ။

စနစ်တကျ မိုးထားတဲ့ အိမ်ကို မိုးရေမိုးပေါက်က ထက်ဝန်းကျင်မှ မထိုးဖောက် မဝင်ရောက်နိုင်သလို တည်ကြည်ငြိမ်သက်အောင် ကောင်းစွာ ပွားများထားတဲ့ စိတ်ကို ရာဂက မထိုးဖောက် မဝင်ရောက် မနှိပ်စက်နိုင်ပါ။[၁]

အခု ပြောလာခဲ့တဲ့ တရားတော်ဟာ အလွန်အကဲ ဥက္ကဋ္ဌအနေနဲ့ ဟောကြားထားတဲ့ ဒေသနာဖြစ်ပါတယ်၊ ဒီစိတ်ဆိုတာဟာ အင်မတန် အပြောင်းအလဲ မြန်ပါတယ်၊ ဒါကြောင့် ဖြစ်ပေါ်လာတဲ့ ရာဂကို အသုဘ–လို့ နှလုံးသွင်းလျက် ပယ်ဖျောက်ပြီး ရဟန်းပြုသစ်စ ဝဂ်ိသဆေရ်လို ကျင့်ဖြိုယသံဝရကို ပြီးပြည့်စုံစေရမယ်။

ဝဂ်ိသဆေရ် ဆွမ်းခံကြွနေရင်း မိန်းမတစ်ယောက်ကို မြင်ရတဲ့အတွက် ရဟန်းပြုသစ်စ ဖြစ်တဲ့ ဝဂ်ိသဆေရ်မှာ ရာဂဖြစ်ပေါ်လာပါတယ်၊ ဒါနဲ့–

"အရှင်ဘုရားအာနန္ဒာ ! အကျွန်ုပ်ကို ကာမရာဂမီးလောင်နေပါတယ်၊ အကျွန်ုပ်ရဲ့စိတ်ကို ပြင်းစွာလောင်နေပါတယ်၊ တောင်းပန်ပါရစေ၊ အကျွန်ုပ်ကို သနားသောအားဖြင့် ရာဂမီးငြိမ်းအေးကြောင်း တရားကောင်းကို ဟောပြောတော်မူပါ"။

ဒီလို အရှင်အာနန္ဒာဆေရ်ကို လျှောက်ထားပါတယ်၊ ဒီတော့ အရှင်အာနန္ဒာဆေရ်က–

၁။ ဓံ၊ ၁၄+၁၅။

http://www.dhammadownload.com

"အသုဘမှာ သုဘ–လို့ အမှတ်သညာရဲ့ ဖောက်ပြန်မှုကြောင့် ငါ့ရှင်ရဲ့ စိတ်ကို ရာဂမီးက လောင်နေပါတယ်၊ ရာဂဖြစ်ခြင်းရဲ့ အကြောင်းဖြစ်တဲ့ တင့်တယ်တယ်–လို့ ထင်နေတဲ့ သုဘအာရုံကို ရှောင်ကြဉ်လိုက်ပါ၊ အသုဘအာရုံ တစ်ခုတည်းမှာ ကောင်းစွာတည်တံ့လာအောင် အသုဘဘာဝနာနဲ့ စိတ်ကိုထုံစေ, ပွားများစေပါ။

သခါရတွေကို သူစိမ်းပြင်ပ–လို့ ရှုပါ၊ ဒုက္ခ–လို့လဲ ရှုပါ၊ အတ္တ–လို့တော့ မရှုပါနှင့်၊ ကြီးမားတဲ့ ရာဂမီးကို ငြိမ်းသတ်လိုက်ပါ၊ ထပ်ကာထပ်ကာ အပူ လောင်မခံပါနှင့်"။

ဒီလို မိန့်တော်မူလိုက်ပါတယ်၊ အရှင်ဝဂီသထေရ်က ရာဂကို ပယ်ဖျောက်ကာ ဆက်လက်ပြီး ဆွမ်းခံကြွတော်မူပါတယ်။

ဒါ့အပြင်– ဣန္ဒြိယသံဝရသီလကို ဖြည့်လိုတဲ့ ရဟန်းဟာ ကုရဏ္ဍကလိုဏ်ကြီးမှာ သီတင်းသုံးနေတဲ့ စိတ္တဂုတ္တထေရ်–လို, စောရကကျောင်းတိုက်ကြီးမှာ သီတင်းသုံးနေတဲ့ မဟာမိတ္တထေရ်–လို ဖြစ်သင့်ပါတယ်။

စိတ္တဂုတ္တထေရ် ကုရဏ္ဍကလိုဏ်ကြီးမှာ ဝိပဿီအစရှိတဲ့ ဘုရား ၇–ဆူတို့ရဲ့ တောထွက်ခန်း ပန်းချီကားဟာ နှလုံးမွေ့လျော်ဖွယ် သပ္ပာယ်လှပါတယ်၊ ရဟန်းများက ကျောင်းစဉ်လှည့်လည်လာရင်း အဲဒီပန်းချီကားကို တွေ့ရတဲ့ အခါ "အရှင်ဘုရား ! ပန်းချီဆေးရေးကားဟာ နှလုံးမွေ့လျော်ဖွယ် သပ္ပာယ်လှပါတယ်"လို့ မထေရ်ကို လျှောက်ထားကြပါတယ်၊ မထေရ်က "ငါ့ရှင်တို့ ! တပည့်တော် ဒီလိုဏ်မှာနေတာ နှစ်ပေါင်း ၆၀–ကျော်လာပါပြီ၊ ပန်းချီဆေးရေးကား ရှိတယ်–ဆိုတာကိုတောင်မှ မသိခဲ့ပါ၊ ဒီနေ့ကျမှ မျက်စိကောင်းတဲ့ ငါ့ရှင်တို့ကိုမှီလို့ သိရပါပေတယ်"လို့ မိန့်ဆိုတော်မူပါတယ်။

ဒီမျှလောက် ဝါ ၆၀–ကျော်ကာလပတ်လုံး လိုဏ်မှာနေလာတဲ့ စိတ္တဂုတ္တထေရ်ဟာ မျက်စိကိုဖွင့်လို့ လိုဏ်ကို တစ်ခါမှ မော့မကြည့်ဖူးဘူး–ဆိုပဲ၊ အဲဒီလိုဏ်ဝမှာရှိနေတဲ့ ကဲ့ကော်ပင်ကြီးကိုလဲ စိတ္တဂုတ္တထေရ်က တစ်ခါမှ မော့မကြည့်ဖူးဘူး–ဆိုပဲ၊ နှစ်စဉ်နှစ်တိုင်း မြေမှာကြွေကျနေတဲ့ ပန်းဝတ်ဆံတွေကို တွေ့ရမှသာ အဲဒီကဲ့ကော်ပင် ပွင့်နေတယ်–ဆိုတာကို သိတယ်–ဆိုပဲ။

ကာကဝဏ္ဏတိဿမင်းက မထေရ်ရဲ့ ဂုဏ်သတင်းကို ကြားရတော့ ဖူးမြင်လိုတာနဲ့ ၃–ကြိမ် အပင့်ခိုင်းပါတယ်၊ ဒါပေမယ့် မထေရ်က ကြွမလာတဲ့အတွက် "စိတ္တဂုတ္တထေရ်က နန်းတော်ကို မကြွမချင်း ကလေးသူငယ်တွေကို နို့စို့ခွင့်မပေး

http://www.dhammadownload.com

ရဘူး"လို့ အမိန့်တော်ပြန်ပြီး အဲဒီရွာမှာရှိနေတဲ့ သားသယ်အမေတွေရဲ့ သားမြတ်ကို ရင်လွမ်းနဲ့ ဖွဲ့ချည်ပြီး ချိတ်တံဆိပ် ခပ်နှိပ်ပိတ်ထားလိုက်ပါတယ်။

မထေရ်က ကလေးတွေကို သနားတာနဲ့ မဟာဂါမကို ကြွတော်မူပါတယ်၊ မင်းက မထေရ်ကြွလာကြောင်း ကြားရတယ်–ဆိုရင်ပဲ နန်းတော်တွင်းကို အပင့်ခိုင်းပြီး ဆွမ်းကျွေးပါတယ်၊ ဆွမ်းဘုဉ်းပေးပြီးတဲ့ မထေရ်ရဲ့သပိတ်ကို ယူကာ အနည်းငယ် လိုက်ပို့ပြီးမှ ရှင်ဘုရင်က မိဖုရားနှင့်အတူ ရှိခိုးလျက် ပြန်လာခဲ့ပါတယ်၊ မထေရ်က မင်းကပဲ ရှိခိုးခိုး, မိဖုရားကပဲ ရှိခိုးခိုး "သုခီ ဟောတု မဟာရာဇ–ချမ်းသာပါစေ မဟာရာဇာ"လို့သာ မိန့်တော်မူပါတယ်။

ဒီလို ၇–ရက် ကျော်လွန်လာခဲ့ပါတယ်၊ "အရှင်ဘုရားတို့က မင်းကရှိခိုးတဲ့ အခါမှာပဲဖြစ်ဖြစ်, မိဖုရားကရှိခိုးတဲ့ အခါမှာပဲဖြစ်ဖြစ် "သုခီ ဟောတု မဟာရာဇာ–လို့သာ ဘာ့ကြောင့် မိန့်ဆိုရပါသလဲ"လို့ ရဟန်းတွေက လျှောက်ထားကြပါတယ်၊ ဒီတော့ မထေရ်က "ငါ့ရှင်တို့ ! တပည့်တော်က မင်း–လို့လဲ ပိုင်းခြားမှတ်သားမှုကို မပြုပါ၊ မိဖုရား–လို့လဲ ပိုင်းခြားမှတ်သားမှုကို မပြုပါ"လို့ ပြန်လည်မိန့်ကြားတော်မူပါတယ်။

၇–ရက် ကျော်လွန်လာတဲ့အခါ မထေရ် ဒီမှာသီတင်းသုံးရတာ ဆင်းရဲလှပါတယ်–ဆိုတဲ့ သဘောနဲ့ မင်းက ပြန်ခွင့်ပေးပါတယ်၊ မထေရ်က ကုရဏ္ဍကလိဏ်ကြီးကို ပြန်လာပြီး ညဉ့်အချိန်မှာ စကြံ့ပေါ်ကို တက်လာပါတယ်၊ ကံ့ကော်ပင်စောင့်နတ်က မီးရှူးစွဲကိုင်ပြီး ရပ်နေပါတယ်၊ အဲဒီအချိန်မှာ မထေရ်ရဲ့ကမ္မဋ္ဌာန်းဟာ အလွန်သန့်ရှင်းစင်ကြယ်စွာ ထင်လာပါတယ်၊ မထေရ်က "ဘယ်နယ်လဲ ?၊ ဒီနေ့ ငါ့ကမ္မဋ္ဌာန်းဟာ အတိုင်းထက်အလွန် ထင်ရှားနေပါပေါ့လား"လို့ ဝမ်းမြောက်ဝမ်းသာ သန်းခေါင်ယာမ်ရဲ့ အခြားမဲ့မှာ တစ်လောကလုံးကို ပဲ့တင်ထပ်စေလျက် အရဟတ္တဖိုလ်ကို ဆိုက်ရောက်လာခဲ့ပါတယ်။

ဒါ့ကြောင့် စိတ္တဂုတ္တထေရ်မှတစ်ပါး မိမိအကျိုးကို အလိုရှိတဲ့ အမျိုးကောင်းသားကလဲ–

တောထဲမှာ မျောက်လို့, တောထဲမှာ လှည့်လည်တုန်လှုပ်နေတဲ့ သမင်လို့, မိဘဆွေမျိုး အားကိုးရမယ့်သူမရှိလို့ ကြောက်လန့်နေတဲ့ ကလေးသူငယ်လို လျှပ်ပေါသောမျောက်စိရှိသူ မဖြစ်သင့်။

မျက်လွှာကို အောက်သို့ချထားရမယ်၊ ထမ်းပိုးတစ်ပြန်မျှသာ ကြည့်ရမယ်၊ တောမျောက်လို လျှပ်ပေါလော်လီတဲ့ စိတ်ရဲ့အလိုသို့ မလိုက်ပါသင့်။

http://www.dhammadownload.com

မဟာမိတ္တဆေရ် မဟာမိတ္တဆေရ်ရဲ့ မယ်တော်မှာ သားမြတ်ကင်ဆာရောဂါ (ဝိသကဏ္ဍကရောဂါ) ဖြစ်နေပါတယ်၊ အဲဒီဒါယိကာမကြီးရဲ့ သမီးကလဲ ဘိက္ခုနီလုပ်နေပါတယ်၊ မိခင်ဒါယိကာမကြီးက သမီးဘိက္ခုနီကို "အရှင်မရဲ့မောင်တော်ဆီသွားပြီး တပည့်တော်မရဲ့ မကျန်းမာကြောင်းကိုလဲ ပြောပြပါ၊ ဆေးတွေကိုလဲ တောင်းယူလာခဲ့ပါ" လို့ ပြောဆိုလွှတ်လိုက်ပါတယ်။

ဘိက္ခုနီမက မောင်တော်မဆေရ်ထံသွားပြီး အမေက မှာလိုက်သမျှကို ပြောပြ လျှောက်ထားပါတယ်၊ ဒီတော့ မဟာမိတ္တဆေရ်က–

> ငါဟာ ဆေးမြစ်–စသည်ကို စုဆောင်းပြီး ကျိုချက်ရန် နားမလည်ပါ၊ ဒါပေမယ့် သင့်အား ဆေးကို ပြောကြားလိုက်ပါ့မယ်၊ ငါဟာ ရဟန်းဖြစ်တဲ့ အချိန်ကစပြီး တပ်မက်တဲ့ လောဘစိတ်နဲ့ ဣန္ဒြေတွေကို ဖောက်ဖျက်လို့ မာတုဂါမရဲ့အဆင်းကို မကြည့်ဘူးပါ၊ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် ငါ့မယ်တော်အား ချမ်းသာသည်သာ ဖြစ်ပါစေ၊ သင်သွားတော့၊ ဒီသစ္စာ စကားကိုဆိုပြီး ဥပါသိကာမကြီးရဲ့ကိုယ်ကို သုံးသပ်ဆုပ်နယ်ပေးပါ။

ဒီလို ပြောဆိုပြန်လွှတ်လိုက်ပါတယ်၊ နှမတော်ဘိက္ခုနီမက မယ်တော်ထံ ပြန်လာခဲ့ ပါတယ်၊ ဒီအကြောင်းကိုလဲ ပြောပြပါတယ်၊ မောင်တော်က မှာလိုက်တဲ့အတိုင်း သစ္စာဆိုမှုကိုလဲ ပြုပါတယ်။

ဥပါသိကာမကြီးရဲ့ သားမြတ်ကင်ဆာရောဂါဟာ အဲဒီခဏမှာပဲ ရေမြှုပ်ဆိုင်လို ကြေမွပျောက်ကင်းသွားပါတယ်၊ မယ်တော်ဥပါသိကာမကြီးက အိပ်ရာမှထလာပြီး–

> ဗုဒ္ဓမြတ်စွာကသာ သက်တော်ထင်ရှားရှိနေမယ်ဆိုရင် ငါ့သားလို ရဟန်း တော်ရဲ့ခေါင်းကို ဓာကွန်ယက် လက္ခဏာဖြင့် ဆန်းကြယ်တဲ့ ရွှေလက်တော်နဲ့ ဘယ်မှာမသုံးသပ်ဘဲ ရှိပါတော့မလဲ။

ဒီလို ဝမ်းမြောက်ဝမ်းသာ ပြောကြားမြွက်ဆိုခဲ့ပါတယ်။

> ဒါ့ကြောင့် အခုအခါမှာ မဟာမိတ္တဆေရ်မှတစ်ပါး အခြားအမျိုးကောင်း သားလဲ သာသနာတော်မှာ ရဟန်းပြုပြီး မဟာမိတ္တဆေရ်လိုပဲ မြင့်မြတ်တဲ့ ဣန္ဒြေတို့ကို စောင့်စည်းမှုမှာ တည်နေသင့်ပါတယ်။

ဝိရုပက္ခိုလ်နှင့် ဝိရိယ

အကုသိုလ်တရားဆိုးတွေကို ပူပန်စေတတ်တဲ့အတွက် ဝိရိယကိုလဲ တပ– လို့ ဆိုထားခဲ့ပါတယ်၊ ဘယ်အလုပ်မျိုးမှာမဆို မတွန့်မဆုတ် အဟုတ်ဖွဲ့ရှိသူ, ရဲရင့်သူကို ပါဠိလို ဝီရ–လို့ ခေါ်ပါတယ်၊ အဲဒီဝိရုပက္ခိုလ်မျိုးဟာ ကြီးကျယ်တဲ့ အလုပ်ကို

http://www.dhammadownload.com

တောင်မှ ကြီးကျယ်တယ်–လို့ မထင်ပါ၊ သေးငယ်တယ်–လို့သာ ထင်တတ်ပါတယ်၊ ခက်ခဲတဲ့အလုပ်မျိုးကိုလဲ ခက်ခဲတယ်–လို့ မထင်တတ်ပါ၊ အလွယ်ကလေးလို့သာ ထင်တတ်ပါတယ်၊ လေးတဲ့ဝန်မျိုးကိုလဲ လေးတယ်–လို့ မထင်ပါ၊ ပေါ့တယ်–လို့သာ ထင်တတ်ပါတယ်၊ မိမိဆင်းရဲပင်ပန်းမှာကို အမှတ်မထားဘဲ ကြိုးစားပြုလုပ်ရမယ့် အလုပ်ကိုသာ အမြဲမျှော်လင့်ဆောင့်တနေတတ်ပါတယ်၊ ဒီဝိရုပ္ပဂ္ဂိုလ်မျိုးအတွက် ကြိုးလေးတဲ့တာဝန်, ရှောင်ဖယ်ရမယ့်တာဝန်–လို့ မရှိပါ။

အဲဒီဝိရုပ္ပဂ္ဂိုလ်ရဲ့ သန္တာန်မှာဖြစ်တဲ့ ရဲရင့်မှု, အားထုတ်မှုကိုတော့ ဝိရိယ–လို့ ခေါ်ပါတယ်၊ အဲဒီဝိရိယရှိတဲ့ ဝိရုပ္ပဂ္ဂိုလ်မျိုးဟာ ဘယ်အလုပ်မျိုးမှာမဆို မပြီးမနေရ လုပ်ကိုင်ဆောင်ရွက်တတ်ပါတယ်၊ ဒါ့ကြောင့် "ဝိရိယဝတော ကိ'နာမ ကမ္မံ န သိဇ္ဈတိ–ဝိရိယရှိတဲ့ ပုဂ္ဂိုလ်အတွက် မပြီးနိုင်တဲ့အလုပ်မျိုး မရှိ"လို့ အဆိုရှိနေပါတယ်။

သမ္မပ္ပဓာန်လုံ့လ ဝိရိယ

အဲဒီ ဝိရိယကိုလဲ အရိယသစ္စာနဒဿနမင်္ဂလာ, နိဗ္ဗာနသစ္ဆိကိရိယမင်္ဂလာတွေရဲ့ အခြေခံဖြစ်တဲ့ သမ္မပ္ပဓာန်လုံ့လဝိရိယနှင့် ဝိရိယသမ္မောဇ္ဈင်တို့ကိုသာ ပဓာနအနေနဲ့ ယူသင့်ပါတယ်၊ အပ္ပဓာနအနေနဲ့တော့ ကုသိုလ်ဆိုင်ရာ အချို့လုံ့လဝိရိယကိုယူကလဲ အသင့်ပဲ ဖြစ်ပါတယ်။

သမ္မပ္ပဓာန်–ဆိုတာဟာ မှန်ကန်စွာကြိုးစားနေခြင်း, အကုသိုလ်အလျဉ်မှာ စိတ်မသက်ရောက်စေဘဲ ကုသိုလ်အလျဉ်မှာသာ စိတ်ကို တည်တံ့စေခြင်းပဲ ဖြစ်ပါတယ်။

၁။ မဖြစ်သေးတဲ့အကုသိုလ် မဖြစ်ရအောင် အားထုတ်ခြင်း,
၂။ ဖြစ်ပြီးအကုသိုလ်ကို ပယ်စွန့်ရန် အားထုတ်ခြင်း,
၃။ မဖြစ်သေးတဲ့ကုသိုလ် ဖြစ်ပွားအောင် အားထုတ်ခြင်း,
၄။ ဖြစ်ပြီးကုသိုလ် ပြန့်ပွားစည်ပင်ပြည့်စုံရန် အားထုတ်ခြင်း–

ဒီလို လုပ်ငန်းကိစ္စအနေနဲ့ သမ္မပ္ပဓာန် ၄–ပါး ကွဲပြားနေပါတယ်။

ဒီသမ္မပ္ပဓာနဝိရိယဟာ ဝိရိယိဒ္ဓိပါဒ်, ဝိရိယိန္ဒြေ, ဝိရိယဗိုလ်, ဝိရိယသမ္မောဇ္ဈင်, သမ္မာဝါယာမမဂ္ဂင်အမည်တွေနဲ့လဲ ဗောဓိပက္ခိယတရားထဲမှာ ပါဝင်နေပါတယ်၊ ဒီတော့ ဝိရိယသမ္မောဇ္ဈင်ရဲ့ သဘောကို–

၁။ ဝိဓေကနိဿိတ= ဝိဓေက ၅–ပါးကို မှီရမယ်,
၂။ ဝိရာဂနိဿိတ= ဝိရာဂ ၅–ပါးကို မှီရမယ်,

http://www.dhammadownload.com

၃။ နိရောဓနိဿိတ= နိရောဓ ၅-ပါးကို မှီရမယ်,
၄။ ဝေါဿဂ္ဂပရိနာမိ= ဝိပဿနာခဏမှာ ကိလေသာတွေကို
ပယ်စွန့်ရန် ရင့်ကျက်ဆဲလဲ ဖြစ်ရမယ်၊
မင်္ဂခဏမှာ လွတ်လွတ်ကျွတ်ကျွတ်
ပြေးဝင်ရန် ရင့်ကျက်ပြီးလဲ ဖြစ်ရမယ်-

ဒီလို ၄-မျိုးခွဲဟောထားပါတယ်၊ ဒါ့ကြောင့် သမ္မပ္ပဓာန်-ဆိုတာဟာ အကုသိုလ်ကို မဆိုထားဘိ ကုသိုလ်ကောင်းမှုကိုပင် လူ့စည်းစိမ်ချမ်းသာ, နတ်စည်းစိမ်းချမ်းသာတို့ကို ရည်မှန်းတောင့်တပြီး ဘဝဂါမိက-ထိုထိုဘုံဘဝမှာ ဖြစ်ရန်အလို့ငှာ ကိုယ်နှုတ်စိတ်တွေနဲ့ မလုပ်ကိုင်ခြင်းမျိုးပဲ ဖြစ်ပါတယ်။

သမ္မပ္ပဓာန်-ဆိုတာဟာ မင်္ဂဉာဏ်ရဲ့ အသင်းအပင်းဝင် တရားတစ်မျိုး ဖြစ်ပါတယ်၊ ဒါ့ကြောင့် လူပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်-ဆိုတဲ့ လောက ၃-ပါးမှာ မွေ့လျော်ပျော်ပါးလိုသူတွေနှင့် ထိုက်တန်တဲ့ တရားမျိုးလဲ မဟုတ်ပါ၊ လူပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်ဆိုတဲ့လောက ၃-ပါးမှ လွတ်မြောက်လိုသူတွေနှင့်သာ ထိုက်တန်တဲ့ တရားမျိုး ဖြစ်ပါတယ်

အကုသိုလ်မဖြစ်ရေး

မိမိရဲ့ ကိုယ်, နှုတ်, စိတ် ၃-ပါးမှာ အကုသိုလ်တရားဆိုးတွေ မဖြစ်အောင်, ကြောင့်ကြစိုက်မှုကိုပဲ "မဖြစ်သေးတဲ့အကုသိုလ် မဖြစ်ရအောင် အားထုတ်ခြင်း"လို့ ဆိုရပါတယ်။

အကုသိုလ်တရားဆိုးတွေဟာ ကိုယ်, နှုတ်, စိတ်မှာပဲ ဖြစ်ပွားလာရပါတယ်၊ ကိုယ်မှ အသက်သတ်မှု, ခိုးဝှက်မှု, ကာမဂုဏ်တွေမှာ မှားမှားယွင်းယွင်း ပြုကျင့်မှု၊ ဒီတရား ၃-မျိုး ဖြစ်တတ်ပါတယ်၊ နှုတ်မှ-မုသားပြောမှု, ရန်တိုက်မှု, စကားကြမ်းပြောဆိုမှု, အပြိန်အဖျင်းပြောဆိုမှု၊ ဒီတရား ၄-မျိုး ဖြစ်တတ်ပါတယ်၊ စိတ်မှ သူများဥစ္စာကို ကြံစည်မှု, သူတစ်ပါးပျက်စီးကြောင်းကြံစည်မှု, အယူလွဲမှားမှု၊ ဒီ၃-မျိုး ဖြစ်တတ်ပါတယ်။

ဒီကိုယ်မှာဖြစ်တဲ့ အကျင့်ဆိုး, နှုတ်မှာဖြစ်တဲ့ အကျင့်ဆိုး, စိတ်မှာဖြစ်တဲ့ အကျင့်ဆိုးအကုသိုလ်ဒုစရိုက်တရားမျိုးတွေ ဖြစ်မလာရအောင် စောင့်စည်းရမယ်၊ မိမိသန္တာန်သို့ မရောက်လာအောင်, မပြုကျင့်မိအောင် ကြောင့်ကြစိုက်ရမယ်၊ ပိတ်ပင်ရမယ်၊ တားဆီးရမယ်၊ ကာကွယ်ရမယ်၊ ထိုထိုဒုစရိုက်အပြစ်များ မိမိတို့ရဲ့ ကိုယ်နှုတ်စိတ်မှာ မဖြစ်ပွားအောင် အထူးသတိထား စောင့်ရှောက်ရမယ်။

ဒါ့အပြင်- မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်-ဆိုတဲ့ တံခါး ၆-ပေါက်မှလဲ အကုသိုလ်အမျိုးမျိုး ဝင်ရောက်လာတတ်တဲ့အတွက် အဲဒီတံခါး ၆-ပေါက်

http://www.dhammadownload.com

တို့မှ အကုသိုလ်များ မဝင်နိုင်အောင် သတိ–ဆိုတဲ့ တံခါးရွက်နဲ့ ပိတ်ဆို့ထားရမယ်၊ ဒါနဲ့စပ်လို့ အကျယ်ကို ဣန္ဒြိယသံဝရခန်းက ပြောပြခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင်– ရဟန်းသူတော်ကောင်းတွေအပေါ်မှာ ပြုလုပ်ရမယ့်ဝတ္တရားကို မပြုကျင့်မိတဲ့အတွက်လဲ ဝတ်ပျက်အကုသိုလ်တွေ ဖြစ်တတ်ပါသေးတယ်၊ အလားတူစွာပဲ ဆရာမှာပြုလုပ်ရမယ့်ဝတ်, မိဘမှာပြုလုပ်ရမယ့်ဝတ်, သားသမီးမှာပြုလုပ်ရမယ့်ဝတ်, ကျေးကျွန်မှာပြုလုပ်ရမယ့်ဝတ်, လင်မှာပြုလုပ်ရမယ့်ဝတ်, မယားမှာပြုလုပ်ရမယ့်ဝတ်, အဖိုးအဖွားမှာပြုလုပ်ရမယ့်ဝတ်, မိတ်ဆွေသင်္ဃာမှာ ပြုလုပ်ရမယ့်ဝတ္တရားတွေ လစ်လပ်ပျက်ကွက်တဲ့အတွက်လဲ ဝတ်ပျက်အကုသိုလ်တွေ ဖြစ်တတ်ပါသေးတယ်၊ ဒီအကုသိုလ်တွေနှင့်တကွ အလားတူ အကုသိုလ်မျိုးတွေ မဖြစ်ပွားရန်, မိမိထံသို့ မလာရောက်ရန် သတိထားစောင့်ရှောက်ရမယ်၊ ပိတ်ပင်တားဆီးရမယ်။

အကုသိုလ်–ဆိုတာဟာ အသေးအမွှား–လို့ မရှိပါ၊ ကျောက်တုံးကျောက်ခဲနှင့်သာ ပမာတူပါတယ်၊ ကျောက်တုံးကျောက်ခဲ–ဆိုတာဟာ ကြီးသည်ဖြစ်စေ, သေးသည်ဖြစ်စေ ရေထဲကို ပစ်ချလိုက်က နစ်မြုပ်သွားရသည်သာဖြစ်သလို အကုသိုလ်တရားဆိုးတွေလဲ သေးသည်ဖြစ်စေ, ကြီးသည်ဖြစ်စေ လက်ခံထားတဲ့ပုဂ္ဂိုလ်, ဖြစ်ပွားစေတဲ့ပုဂ္ဂိုလ်ကို အပါယ် ၄–ပါးသို့ ကျရောက်စေတတ်သည်သာ ဖြစ်ပါတယ်၊ ဒီလို အကုသိုလ်ရဲ့အပြစ်ကို မြင်အောင်ရှုပြီး အကုသိုလ်မဖြစ်ပွားအောင် ကြိုးစားအားထုတ်ကြရမယ်။

ဖြစ်ပြီးအကုသိုလ်ကိုပယ် မိမိသန္တာန်မှာ ဖြစ်ပွားနေတဲ့ အကုသိုလ်စိတ်စေတနာမျိုးကို ပယ်စွန့်လိုက်တာကိုပဲ ဖြစ်ပြီးအကုသိုက်ကို ပယ်စွန့်ရန်အားထုတ်ခြင်း–လို့ ဆိုပါတယ်၊ ဘယ်အချိန်အခါ, ဘယ်နေရာမှာ, ဘယ်လို မကောင်းမှုမျိုးကို ငါပြုလုပ်ခဲ့မိတယ်၊ ဒီအကုသိုလ်မျိုး ငါရဲ့သန္တာန်မှာ ဘယ်တော့မှ မဖြစ်စေရဘူး၊ ဒီအကုသိုလ် အကြွေအစည်မျိုးကို ငါဘယ်တော့မှ မကြွေစည်တော့ဘူး၊ ဒီလို မိမိရဲ့စိတ်သဘောထားကို ပြုပြင်ရမယ်။

ညအိပ်ရာဝင်တိုင်း, အိပ်ရာဝင်တိုင်း တစ်နေ့တာအတွက် မိမိများယွင်းပြုလုပ်ခဲ့မိတဲ့ ကိုယ်အမှုအရာဆိုး, နှုတ်အမှုအရာဆိုး, စိတ်အမှုအရာဆိုးတွေကို စိစစ်ရှာဖွေရမယ်၊ သုံးသပ်ဆင်ခြင်ရမယ်၊ တွေ့တွေ့သမျှကို မှတ်သားပြီး ငါက နောင် ဒီလိုအလုပ်မျိုး, ဒီလိုအပြောမျိုး, ဒီလိုအကြွေအစည်မျိုးကို မဖြစ်ရအောင် စောင့်ထိန်းတော့မယ်–လို့ ကိုယ့်အပြစ်ကို ဝန်ခံကာ အဓိဋ္ဌာန်ပြုရမယ်။

အကုသိုလ်အရာမှာ ကိုယ်, နှုတ်, စိတ် ၃–မျိုးအနက် စိတ်ကသာ အဓိက ဖြစ်ပါတယ်၊ စိတ်ကသာ ပြဋ္ဌာန်းပါတယ်၊ စိတ်အစဉ်မှာ အကုသိုလ်မဖြစ်ရင်

http://www.dhammadownload.com

ကိုယ်,နှုတ် ၂-မျိုးမှာလဲ မဖြစ်တော့ပါ၊ ပိတ်ပင်ပြီးပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် မနောက်အကုသိုလ်များကို ရှောင်ဦးစွာ ပိတ်ပင်ရမယ်၊ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ-ဆိုတဲ့ တရား ၃-မျိုး မိမိတို့စိတ်အစဉ်မှာ မဖြစ်ပေါ်အောင် တားမြစ်ထားရမယ်။

အဘိဇ္ဈာ-ဆိုတာက သူများဥစ္စာကို ကိုယ့်ဥစ္စာဖြစ်ရန် လိုလားတောင့်တခြင်းပဲ ဖြစ်ပါတယ်၊ ဒီလို လိုလားခြင်းမျိုးကို ပယ်ဖျောက်ရမယ်၊ မိမိသန္တာန်မှာ မဖြစ်စေသင့်၊ ဗျာပါဒ-ဆိုတာက သူတစ်ပါး ပျက်စီးစေလိုခြင်းပဲ ဖြစ်ပါတယ်၊ ဒီလို စိတ်ဆိုးများကို ပယ်ဖျောက်ရမယ်၊ လောကမှာ မိမိဘက်က ရန်မရှိအောင် ကြိုးစားရမယ်၊ မိစ္ဆာဒိဋ္ဌိ-ဆိုတာက နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကြိယဒိဋ္ဌိ-ဆိုတဲ့ အစွဲများ အယူများ ၃-ပါးပဲ ဖြစ်ပါတယ်၊ ဒါတွေကို ရှေ့က ပြောပြခဲ့ပြီးပါပြီ။

ဒါ့အပြင်- သူ့ကျေးဇူးကို ချေဖျက်ခြင်း-မက္ခ, ဂုဏ်တုဂုဏ်ပြိုင်ပြုလုပ်ခြင်း-ပဠာသ, အမျက်ထွက်ခြင်း-ကောဓ, ရန်ငြိုးဖွဲ့ခြင်း-ဥပနာဟ, မည္သူတ်ကိုင်းနှိုင်ခြင်း-ထမ္ဘ, ချုပ်ချယ်ခြင်း-သာရမ္ဘ, စိတ်ထားမြင့်မောက်ခြင်း-မာန အစရှိတဲ့ တရားဆိုးများ နောင်မဖြစ်အောင် ပယ်စွန့်ထားရမယ်။

အလားတူပဲ ကိုယ်နဲ့ပြုလုပ်သမျှအလုပ်တွေ, နှုတ်နဲ့ပြောဆိုသမျှစကားတွေမှာလဲ အကုသိုလ်မကောင်းမှု တစ်စုံတစ်ခုမျှ နောက်ထပ်မဖြစ်ရအောင် လုံ့လကြိုးကုတ်အားထုတ်ရမယ်၊ အယုတ်ဆုံးအနေနဲ့ အကုသိုလ်မကောင်းမှုတွေမှာ ကပ်ငြိစွဲလမ်းနေတဲ့ အမှတ်သညာကိုတောင်မှ မဖြစ်စေသင့်ပါ။

ဒီလိုစိတ်ဆိုးစိတ်ယုတ်တွေကို စွန့်ပယ်ခြင်းကပဲ ဖြစ်ပြီးအကုသိုလ်ကို ပယ်စွန့်ရန် အားထုတ်ခြင်း မည်ပါတယ်၊ မဖြစ်စေခြင်း မည်ပါတယ်၊ အဲဒီစိတ်ဆိုး စိတ်ယုတ်-လို့ ဆိုရတဲ့ မကောင်းမှုရဲ့ အပြစ်ကတော့ များပြားလှပါတယ်၊ လောကမှာ အိုရခြင်း, နာရခြင်း, သေရခြင်း, မွဲတေရခြင်း, ထောင်တန်းကျရခြင်း, အချုပ်အနှောင် ခံရခြင်း အစရှိတဲ့ မကောင်းဆိုးဝါး ဖြစ်ရခြင်းမှန်သမျှဟာ မကောင်းမှုကြောင့်သာ ဖြစ်လာရပါတယ်၊ တမလွန်ဘဝမှာ ငရဲအစရှိတဲ့ အပါယ် ၄-ပါး သေားရန်များကလဲ မကောင်းမှုကြောင့်သာ ဖြစ်ကြရပါတယ်။

ဒီလို ဖြစ်ကြရတဲ့အခါမှာလဲ ကိုယ့်မကောင်းမှုကြောင့်သာ ကိုယ်မကောင်းတာဖြစ်ရပါတယ်၊ သူ့မကောင်းမှုကြောင့် ကိုယ်မကောင်းဖြစ်ရတာမဟုတ်ပါ၊ ကိုယ့်မကောင်းမှုကြောင့်လဲ သူတစ်ပါး မကောင်းဖြစ်ရတာ မဟုတ်ပါ၊ ဒီလို ကိုယ်လုပ်ကိုယ်ခံအနေနဲ့ ဆင်းရဲအနှစ်ကို ဖြစ်စေတတ်တဲ့အတွက် ကိုယ့်သန္တာန်မှာ ဖြစ်ပြီးတဲ့ ယုတ်မာဆိုးဝါး မကောင်းမှု အကုသိုလ်စိတ်စေတနာမျိုးများ လုံးဝမဖြစ်ပွားရအောင် ကြိုးစားအားထုတ်ကြရမယ်။

http://www.dhammadownload.com

ကုသိုလ်ဖြစ်ပွားရေး

ဝဋ္ဌနိဿိတ–ဝဋ်ဆင်းရဲကိုမှီတဲ့ လူမင်း, နတ်မင်း, ဗြဟ္မာမင်း–စသည်ဖြစ်ရန် တောင့်တပြီး ဘဝဂါမိကဒါန, သီလ, ဘာဝနာ အစရှိတဲ့ ကုသိုလ်ကောင်းမှုမျိုးကို မပြုလုပ်ဘဲ ဝိဝဋ္ဌနိဿိတ–ဝဋ်ကင်းပြတ်ရာ နိဗ္ဗာန်ကိုမှီတဲ့ ဘုံဘဝကုန်ဆုံးရေး, လောဘ, ဒေါသ–စတဲ့ ကိလေသာတွေကင်းပြတ်ချုပ်ငြိမ်းရေး ဒါန, သီလ, ဘာဝနာ–စတဲ့ ကုသိုလ်ကောင်းမှုမျိုးကိုသာကြိုးစားပြုလုပ်တာဟာ မဖြစ်သေးတဲ့ကုသိုလ်ဖြစ်ပွားအောင် ကြိုးစားအားထုတ်ရာရောက်ပါတယ်။

ဒါ့ကြောင့် မိမိသန္တာန်မှာ မဖြစ်ပေါ်သေးတဲ့ မဂ်ကုသိုလ်များ ဖြစ်ပွားလာရန် ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာ့ဂုဏ်တော်များကို ဆင်ခြင်ပါ၊ မိမိစောင့်ရှောက်ထားတဲ့ သီလ, ပေးကမ်းလှူဒါန်းထားတဲ့ ဒါနကို ဆင်ခြင်ပါ၊ အာနာပါနဿတိ, မရဏာဿတိတို့ကို ပွားများပါ၊ သတိပဋ္ဌာန်–စတဲ့ ဗောဓိပက္ခိယတရားတွေကိုလဲ ပွားများအားထုတ်ပါ။

ဒါနကုသိုလ်ကို ပြုလုပ်တဲ့အခါမှာ "ငါရဲ့ ဒီပစ္စည်းဝတ္ထုကို စွန့်ကြဲလှူဒါန်းမှုဟာ ဘုံ ၃-ပါးကို ပယ်စွန့်ရန်ကိစ္စမှာ တစ်စိတ်တစ်ဒေသ ပါဝင်နေပါတယ်၊ ဘုံ ၃-ပါးမှာ တပ်မက်နေတဲ့ ဘဝတဏှာကို ပယ်ခြင်းဖြစ်တဲ့အတွက် ဘုံဘဝကိုရောက်ရေးအားလုံးပဲ လက်စတုံး ကိစ္စပြီးစီးနိုင်ပါတယ်၊ ရှေးရှေးသူတော်ကောင်း ဘုရားလောင်းမှန်သမျှလဲ ဒီလိုဘုံဘဝလားရောက်ရေး ဘဝတဏှာကို စွန့်ပယ်ထားတဲ့ ပေးကမ်းလှူဒါန်းမှုကို အရင်းအနှီးပြုလုပ်လို့ ဘုံ ၃-ပါးမှ လွတ်ကင်းပြီး အသန်ံတဓာတ်နိဗ္ဗာန်ရွေပြည်မြတ်ကို သက်ဝင်ကြရပါတယ်၊ ဒီလို ပွားများလှူဒါန်းကြရမယ်။

သီလစောင့်ရှောက်တဲ့ အခါမှာလဲ ယခု ငါရဲ့ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှု, သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်မှု–စတဲ့ ကာယကံ ဝစီကံတွေက ရှောင်ကြဉ်ခြင်းဟာလဲ ထိုထိုဘုံဘဝမှာ တွေ့ကြုံဖြစ်ပွားရမယ့် ဆင်းရဲဒုက္ခက လွတ်မြောက်လို–လို့ ထိုထိုဘုံဘဝမှာ ဆင်းရဲခြင်းရဲ့အကြောင်းဖြစ်တဲ့ ဘဝတဏှာကို ပယ်စွန့်ရန်အတွက်ပဲ ဖြစ်ပါတယ်၊ ဒီလိုပွားများဆင်ခြင်ရမယ်။

ဘာဝနာပွားများလို့ရှိရင် ငါဟာ ယခု လိုလားခြင်း–ကာမစ္ဆန္ဒ, ပြစ်မှားခြင်း–ဗျာပါဒ, ငိုက်မျည်းခြင်း–ထိနမိဒ္ဓ, ပျံ့လွင့်ခြင်း အလို့အလိုဖြစ်ခြင်း–ဥဒ္ဓစ္စ ကုက္ကုစ္စ, ယုံမှားခြင်း–ဝိစိကိစ္ဆာ, အမှန်မသိခြင်း–အဝိဇ္ဇာ–ဆိုတဲ့ စိတ်ညစ်နွမ်းကြောင်း, ပညာဉာဏ်အားနည်းကြောင်း အပိတ်အပင် နိဝရဏတရားတို့မှ ကင်းပြီး ထိထိုဘုံဘဝမှလွတ်မြောက်ရေးဒါနမှာသာ ကြဲစည်ခြင်း–ဝိတက္က, စိတ်ကူးခြင်း–ဝိစာရ, နှစ်ခြိုက်ခြင်း–ပီတိ, ချမ်းမြေ့ခြင်း–သုခ၊ ဒီတရားတွေမှာသာ စိတ်စွဲထားခြင်း–ဧကဂ္ဂတာ–ဆိုတဲ့

http://www.dhammadownload.com

ပထမစျာန်၊ ဒီလိုဒါနမျိုးမှာသာ နှစ်ခြိုက်ခြင်း, ချမ်းမြခြင်း, စိတ်ခွဲခြင်း–ဆိုတဲ့ ဒုတိယစျာန်၊ ချမ်းမြခြင်း, စိတ်စွဲထားခြင်း–ဆိုတဲ့ တတိယစျာန်၊ လျစ်လျူရှုခြင်း, စိတ်ခွဲခြင်း–ဆိုတဲ့ စတုတ္ထစျာန်၊ ဒီလိုသဘောရှိတဲ့စျာန်တွေကို စိတ်ထား သက်ရောက် ပွားများနေပါတယ်၊ အဲဒီလိုနေတာနဲ့ပဲ ကာမအာရုံအားလုံး ဆိတ်သုဉ်းပါတယ်၊ အကုသိုလ်အားလုံး ချုပ်ငြိမ်းပါတယ်၊ ဒါနမှာ ကြိုစည်စိတ်ကူးရခြင်း–ဆိုတဲ့ ပထမ စျာန်အင်္ဂါများ အသီးသီး ချုပ်ပါတယ်။

ဒီလိုအစရှိတဲ့ နည်းတွေနဲ့ ဆင်းရဲအားလုံး အပြီးချုပ်ဆုံးရခြင်းဆိုတာ ထင်ရှား ရှိတယ်–ဆိုတာကို ဉာဏ်မြင်ထားပြီး ဘုံဘဝကုန်ခန်းရေး အာသဝေါကင်းငြိမ်းသည် အထိ ပွားများနေထိုင်ရမယ်၊ ဒီလို–စတဲ့နည်းနဲ့ မဖြစ်ပေါ်သေးတဲ့ မင်္ဂလာကုသိုလ်များ ဖြစ်ပွားလာအောင် ကြိုးစားအားထုတ်ရမယ်။

ဖြစ်ပြီးကုသိုလ် ပြန့်ပွားစည်ပင်ရေး

ဖြစ်ပြီးကုသိုလ် ပြန့်ပွားစည်ပင်ပြည့်စုံရန်–ဆိုတဲ့ စကား ရပ်မှာ ကုသိုလ်ပြည့်စုံရေး–ဆိုတာဟာ ဗောဓိပက္ခိယတရား များ စိတ်ထားရမယ်–လို့ ဆိုလိုပါတယ်၊ ဘုံဘဝကလွတ် မြောက်ကြောင်းဖြစ်တဲ့အတွက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာပွဋိဝေဓဉာဏ်တို့လဲ ဒီအထဲမှာ ပါဝင်နိုင်ကြပါတယ်၊ ဒါ့ကြောင့်ပဲ ဗုဒ္ဓမြတ်စွာကလဲ "ရဟန်းတို့ ! အရိယာတို့ရဲ့ အမှန်တရား ၄–ပါးတို့ကို လျော်စွာမသိခြင်း, ထိုးထွင်းလို့မသိခြင်းကြောင့် ငါဘုရားနှင့် သင်တို့တစ်တွေဟာ ဒီမျှလောက် ရှည်လျားကြာမြင့်လှစွာ သံသရာမှာ ပြေးသွားကျင် လည်နေခဲ့ကြရတယ်"လို့ ဟောတော်မူထားပါတယ်၊ အရိယာတို့ရဲ့ အမှန်တရား ၄–ပါးဆိုတာဟာလဲပဲ–

၁။ ဒုက္ခသစ္စာ= ဆင်းရဲခြင်းအမှန်တရား,
၂။ သမုဒယသစ္စာ= ဆင်းရဲကြောင်းအမှန်တရား,
၃။ နိရောဓသစ္စာ= ဆင်းရဲချုပ်ငြိမ်းခြင်းအမှန်တရား,
၄။ မဂ္ဂသစ္စာ= ဆင်းရဲချုပ်ငြိမ်းရေးလုပ်ငန်းအမှန်တရား–

ဒီ ၄–ပါးပဲ ဖြစ်ပါတယ်၊ အဲဒီ အရိယာတို့ရဲ့အမှန်တရား ပွားများပုံကို အကျဉ်းမျှ ပြောပြပါဦးမယ်။

ဘုံ ၃–ပါးကိုဖြစ်စေ, ဥပါဒါနက္ခန္ဓာ ၅–မျိုးကိုဖြစ်စေ ဆင်းရဲ–လို့ ရှုဆင်ခြင်ရမယ်၊ ဘုံ ၃–ပါး–ဆိုတာဟာလဲ တဏှာ, မာန, ဒိဋ္ဌိနဲ့ စွဲယူအပ်တဲ့အတွက် ဥပါဒါနက္ခန္ဓာ ၅–ပါးပဲ ဖြစ်ပါတယ်၊ ဥပါဒါနက္ခန္ဓာ–ဆိုတာဟာလဲပဲ တဏှာ, မာန, ဒိဋ္ဌိနဲ့ စွဲအပ်တဲ့တရားဖြစ်တဲ့အတွက် လောက ၃–ပါးပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com

အမှန်မှာ လောက ၃-ပါးဟာ မြဲစွဲခိုင်မာမှု မရှိတဲ့အတွက် အမြဲအစွဲ, အစိုင်အခဲ, တစ်သမတ်တည်း တည်မနေနိုင်ပါ၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဆိုတဲ့ ခန္ဓာ ၅-ပါးအထဲမှာလဲ ဝိညာဉ်ကြောင့် ဝေဒနာ, သညာ, သင်္ခါရတို့ ဖြစ်ကြပါတယ်၊ အဲဒီ ဝိညာဉ်-ဆိုတဲ့စိတ်နှင့် သင်္ခါရ ၂-ပါးကြောင့် ရုပ်အစုဖြစ်ပါတယ်၊ ဝိညာဉ်ချုပ်ပျောက်ရင် ကြွင်းခန္ဓာအားလုံး ချုပ်ပျောက်ပါတယ်၊ ဝိညာဉ်ကလဲ အာရုံမှာသာ တည်နေပါတယ်၊ အာရုံအစွဲအမှီ မရှိရင် တည်မနေနိုင်ပါ။

ဒါ့ကြောင့် ခန္ဓာ ၅-ပါးမှာ အစွဲအာရုံကြောင့်သာ တည်နေရပါတယ်၊ အဲဒီ အစွဲအာရုံ-ဆိုတာလဲ တဏှာ, မာန, ဒိဋ္ဌိ ၃-ပါးပဲ ဖြစ်ပါတယ်၊ တဏှာ-ဆိုတာက ထိုထိုဘုံဘဝမှာ တပ်မက်ခြင်းပဲ ဖြစ်ပါတယ်၊ မာန-ဆိုတာက ငါ,ငါ-လို့ မှတ်ထင်ခြင်းပဲ ဖြစ်ပါတယ်၊ ဒိဋ္ဌိ-ဆိုတာက ပုဂ္ဂိုလ်, သူ, ငါ-လို့ စွဲယူခြင်းပဲ ဖြစ်ပါတယ်၊ အဲဒီလို စွဲယူခြင်းမှာ သညာသာလျှင် အရင်းခံရှိပါတယ်၊ သညာကလဲ ကြားရသမျှ, မြင်ရသမျှ-စတဲ့ဟာတွေကို အာရုံပြုလို့ ထင်မှတ်ခြင်းမျှသာ ဖြစ်ပါတယ်၊ ဒီလို ထင်မှတ်ခြင်းသညာကို စွဲလို့ပဲ ဒီဆင်းရဲအစုအပေါင်း ဖြစ်ပွားနေပါတယ်။

ဒီဆင်းရဲဟာ တပ်မက်ခြင်း-တဏှာကြောင့်သာ ဖြစ်ပါတယ်၊ တပ်မက်ခြင်း မရှိရင် လူ့ဘဝ, နတ်ဘဝ အစရှိတဲ့ ဘုံ, ပုဂ္ဂိုလ်, သတ္တဝါ မဖြစ်နိုင်ပါ၊ ဒါ့ကြောင့် ဆင်းရဲခြင်းရဲ့ အကြောင်းမှာ တပ်မက်ခြင်းတဏှာပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် တပ်မက်ခြင်း-တဏှာ ကင်းကွာအောင် လုပ်ရပါ့မယ်၊ တပ်မက်ခြင်းကဲ့ ဆင်းရဲကြောင်း-လို့ ရှုဆင်ခြင်ရမယ်၊ ရှိရှိသမျှ လူ့ဘဝ, နတ်ဘဝမှာ လိုလားခြင်း, တပ်မက်ခြင်း-တဏှာကို ဖြတ်ရမယ်၊ ဘဝမှာဖြစ်ပွားရေး အာသာဆန္ဒကို ပယ်ရမယ်၊ ဒီလိုနည်းနဲ့ ဘုံဘဝမှာ ဖြစ်ပွားလိုခြင်းကို အကြွင်းမဲ့ ပြတ်စဲစေရမယ်၊ ဘဝဆန္ဒ ပြတ်တယ်-ဆိုတာဟာ အကြွင်းမဲ့ချုပ်သည်အထိ ဖြစ်နိုင်ခွင့်ကို သိရမယ်။

ဒီလို ဆင်းရဲခြင်းကို အမှန်အကန်သိခြင်း, အဲဒီဆင်းရဲရဲ့ အကြောင်းတဏှာကို သိခြင်း, အဲဒီတဏှာရဲ့ လက်စသတ်ချုပ်ငြိမ်းရာကို သိခြင်း, လက်စသတ်ချုပ်ငြိမ်းရေး ကျင့်ဝတ်ကို သိလို့ ကျင့်သုံးခြင်းကဲ့ ကာမဘဝ-စသည် ကုန်ဆုံးခြင်းဖြစ်ပြီး အာသဝက္ခယဉာဏ် ဖြစ်ပါတယ်၊ ဒီလိုပဲ လောကမှာ ဆင်းရဲခြင်း-စတဲ့ တရား ၄-ပါးမှာ အဖန်ဖန်ရှုနေခြင်းကဲ့ သစ္စဉာဏ်ဖြစ်ပြီး အာသဝကုန်ခန်းရေးကို ဖြစ်စေနိုင်ပါတယ်။

ဒါ့ကြောင့် လောကကြီးအပေါ်မှာ, လောကနေသူ လူတွေ နတ်တွေအပေါ်မှာ ဆင်းရဲအတိုဖြစ်တာကို အခါများစွာ ဆင်ခြင်ပါ၊ ပြီးတော့ အဲဒီဆင်းရဲရဲ့ အကြောင်းတဏှာကိုသာ အခါများစွာ ရှုဆင်ခြင်ပါ၊ ဒါ့အပြင် အဲဒီတဏှာပြတ်ပယ်တာကို,

http://www.dhammadownload.com

ပြတ်စဲနေတာကို အခါများစွာ ရှုဆင်ခြင်ပါ၊ အဲဒီလို တဏှာ မိမိသန္တာန်မှာ မရှိတာကို ဆင်ခြင်ပါ၊ ကုန်ခန်းတာကို အခါများစွာ ဆင်ခြင်ပါ။

ဒီ ၄-မျိုးထဲက လောကကြီးရဲ့ ဆင်းရဲခြင်းကို အခါများစွာ ရှုဆင်ခြင်ခြင်းဟာ လောကမှာ တပ်မက်ခြင်း ကင်းငြိမ်းရန် မဂ္ဂင်ကိုပွားများခြင်း ဖြစ်ပါတယ်၊ လောက ဆင်းရဲရဲ့ အကြောင်းရင်းကို အဖန်ဖန်ရှုခြင်းဟာ တဏှာအမြစ်ပြတ်ရန် မဂ်ဖြစ်တယ်၊ အဲဒီ တဏှာကင်းလွတ်ကြောင်း ဥပါယ်က သို့မဟုတ် အဲဒီတဏှာကို အခါမပြတ် ဖြတ်တောက်နေခြင်းက ဧကန်တဏှာပြတ်ကြောင်း မဂ်ဖြစ်ပါတယ်၊ အဲဒီလို ပြုလုပ်တဲ့အတွက် တဏှာပြတ်တယ်-လို့ ဆိုလိုတာပါပဲ။

ဒီလို လောက ၃-ပါးကို လိုလားခြင်း-တဏှာ အာသာဆန္ဒ လက်စသိမ်း ပြတ်ခြင်း, ဖြတ်နိုင်ခြင်းကို အဖန်ဖန်ဆင်ခြင်ခြင်းဟာ ဘဝတဏှာ လုံးလုံးချုပ်ငြိမ်းခြင်း, ပြတ်စဲခြင်း ဖြစ်ပါတယ်၊ ဒီလို အာသဝက္ခယဉာဏ်အထိ ဆိုက်ရောက်ပွားများနေခြင်းဟာ ဖြစ်ပြီးကုသိုလ်တရားကို ပွားများရန် အားထုတ်နေခြင်း မည်ပါတယ်၊ အမှန်အတိုင်းပြောရပါရင် အာသဝက္ခယဉာဏ်ထက် ပိုလွန်လို့ ပွားစီးတဲ့ ကုသိုလ်တရား-ဆိုတာ မရှိတော့ပါဘူး။

ထင်ရှားအောင် ပြောပြရပါရင် အဲဒီပုဂ္ဂိုလ်ဟာ ပဋိသန္ဓေနေခြင်း မရှိ-လို့လဲ သိပါတယ်၊ မြတ်တဲ့မဂ်အကျင့်ကို ကျင့်သုံးပြီးပြီ-လို့လဲ သိပါတယ်၊ လောကမှာ လုပ်ဆောင်ဖွယ်ကိစ္စအားလုံး တုံးပြီ-လို့ သိပါတယ်၊ ဒီထက်အလွန်ပြုလုပ်ဖွယ် လုပ်ငန်းမရှိ-လို့လဲ သိပါတော့တယ်။

ဝိရိယသမ္ဗောဇ္ဈင် ဖြစ်ကြောင်း

ရှေးဦးစွာအားထုတ်မှု-အာရမ္ဘဓာတ်, ပျင်းရိခြင်းမှထွက်မြောက်မှု-နိက္ကမဓာတ်, အဆင့်ဆင့်အားထုတ်မှု-ပရက္ကမဓာတ်တွေမှာ အသင့်အားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းဟာ မဖြစ်သေးတဲ့ ဝိရိယသမ္ဗောဇ္ဈင်ဖြစ်ရန်, ဖြစ်ပြီးဝိရိယသမ္ဗောဇ္ဈင် ပွားများပြည့်စုံရန်အကြောင်း ဖြစ်တယ်။ [၁]

ဒါ့အပြင်-

၁။ အပါယ်ဘေးကို ဆင်ခြင်ခြင်း,
၂။ ဝိရိယသမ္ဗောဇ္ဈင်ရဲ့အကျိုးကို ရှုလေ့ရှိခြင်း,
၃။ သွားရိုးလမ်းစဉ်ကို ဆင်ခြင်ခြင်း,
၄။ ဆွမ်းကိုတုံ့ပြန်ပူဇော်ခြင်း,

၁။ သံ-၃၊ ၉၂။

http://www.dhammadownload.com

၅။ အမွေခံအဖြစ်ရဲ့ မြင့်မြတ်မှုကို ဆင်ခြင်ခြင်း,
၆။ ဆရာဘုရားရဲ့ မြင့်မြတ်မှုကို ဆင်ခြင်ခြင်း,
၇။ အမျိုးဇာတ်မြင့်မြတ်မှုကို ဆင်ခြင်ခြင်း,
၈။ သီတင်းသုံးဖော်တို့ မြင့်မြတ်မှုကို ဆင်ခြင်ခြင်း,
၉။ ပျင်းရိသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း,
၁၀။ အားထုတ်လုံ့လဝီရိယရှိသူကို မှီဝဲဆည်းကပ်ခြင်း,
၁၁။ ဝီရိယသမ္ဗောဇ္ဈင်မှာ စွဲစွဲမြဲမြဲသက်ဝင်ခြင်း-

ဒီ ၁၁-ပါးသော တရားတွေက ဝီရိယသမ္ဗောဇ္ဈင်ကို ဖြစ်စေတတ်ပါတယ်။ [၁]

အပါယ်ဘေးကို ဆင်ခြင်ခြင်း

အဲဒီ ၁၁-မျိုးထဲက ငရဲတွေမှာ, နှောင်ဖွဲ့မှု ၅-မျိုးဆိုတဲ့ ညှဉ်းပန်းနှိပ်စက်ရာအခါကစပြီး ကြီးမားသော ဒုက္ခကို ခံစားရတဲ့ အခါမျိုးမှာ ဝီရိယသမ္ဗောဇ္ဈင်ကို မဖြစ်စေနိုင်ပါ၊ တိရစ္ဆာန်အမျိုးဇာတ်မှာ ကွန်ပစ်ခြင်း, မြှုးထောင်ခြင်း-စတဲ့ နည်းတွေနဲ့ ဖမ်းယူခံရတဲ့ အခါမျိုး, နှင်တဲ, သံဆူး-စတဲ့ဟာတွေနဲ့ ရိုက်နှက်ထိုးဆွခံရတဲ့ သတ္တဝါတွေရဲ့ လှည်း-စသည်ကို ဆွဲဆောင်ရတဲ့ အခါမျိုးတွေမှာလဲ ဝီရိယသမ္ဗောဇ္ဈင်ကို မဖြစ်စေနိုင်ပါ။

ပြိတ္တာဘုံမှာ နှစ်ထောင်ပေါင်းများစွာတို့ကာလပတ်လုံး, သို့မဟုတ် ဘုရား ၂-ဆူတို့ရဲ့ တစ်ခုသော ကြားကာလပတ်လုံး ဆာလောင်မွတ်သိပ်တဲ့အတွက် ဆင်းရဲဒုက္ခရောက်နေတဲ့ အခါမျိုးမှာလဲ ဝီရိယသမ္ဗောဇ္ဈင်ကို မဖြစ်စေနိုင်ပါ။

ကာလကဋ္ဌိကအသုရာတွေမှာ အတောင် ၈၀-မြင့်ပြီး အရိုးအရေမျှသာရှိတဲ့ ကိုယ်နဲ့ လေ, နေပူ-စသည်တို့ကြောင့်ဖြစ်တဲ့ ဆင်းရဲကို ခံစားနေရတဲ့ အခါမျိုးမှာလဲ ဝီရိယသမ္ဗောဇ္ဈင်ကို မဖြစ်စေနိုင်ပါ။

အမောင်ရဟန်း ! သင်ရဲ့ဒီလူသားရဟန်းစင်စစ် ဖြစ်နေတဲ့အချိန်အခါမျိုးကသာ ဒီဝီရိယကို ပြုရမယ့်အချိန်အခါ ဖြစ်ပါတယ်၊ ဒီလို အပါယ်ဘေးကို ဆင်ခြင်တဲ့ ပုဂ္ဂိုလ်မှာလဲ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်နိုင်ပါတယ်။

အကျိုးကို ရှုခြင်း

ပျင်းရိတဲ့ ပုဂ္ဂိုလ်က လောကုတ္တရာတရား ၉-ပါးကို မရနိုင်ပါ၊ အားထုတ်လုံ့လ ဝီရိယရှိတဲ့ပုဂ္ဂိုလ်ကသာ ရနိုင်ပါတယ်၊ ဒီလောကုတ္တရာတရား ၉-ပါးကို ရခြင်းဟာ ဝီရိယရဲ့ အကျိုးသက်ရောက်မှု ဖြစ်ပါတယ်၊ ဒီလို ဝီရိယရဲ့အကျိုးကို ရှုဆင်ခြင်တဲ့ ပုဂ္ဂိုလ်မှာလဲ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ပါတယ်။

၁။ အဘိ-၄-၂၊ ၂၆၅။

A)

http://www.dhammadownload.com

လမ်းစဉ်ကို ဆင်ခြင်ခြင်း ဘုရားရှင်အကုန်လုံး, ပစ္စေကဗုဒ္ဓါအကုန်လုံး, မဟာသာဝက, သာဝကအကုန်းလုံးတို့က သွားပြီးဖြစ်တဲ့ လမ်းကိုပဲ သင်လဲ သွားသင့်တယ်၊ အဲဒီလမ်းကိုလဲ ပျင်းရိသူက မသွားနိုင်ပါ၊ ဒီလို သွားသင့်တဲ့လမ်းကို ဆင်ခြင်တဲ့ ပုဂ္ဂိုလ်မှာလဲ ဝိရိယသမ္မောဏ္ဍ ဖြစ်ပါတယ်။

ဆွမ်းတဲ့ ပူဇော်ခြင်း သင့်ကို ဆွမ်း–စတဲ့ ပစ္စည်း ၄–ပါးတွေနဲ့ ပြုစုလုပ်ကျွေးနေကြတဲ့ ဒီလူတွေဟာ သင်ရဲ့ဆွေမျိုးလဲ မဟုတ်ကြဘူး၊ သင်ရဲ့ ကျွန်အလုပ်သမားတွေလဲ မဟုတ်ကြဘူး၊ သင့်ကိုမှီခိုလို့ အသက်မွေးရတော့မယ်–ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ သင့်အား မွန်မြတ်တဲ့ ဆွမ်း–စသည်တို့ကို ပေးလှူနေကြတာလဲ မဟုတ်ဘူး၊ အမှန်ကတော့ မိမိတို့ ပြုလုပ်ထားတဲ့ ကုသိုလ်ကောင်းမှုရဲ့ အကျိုးကြီးမားမှုကို မျှော်လင့်တောင့်တကြတဲ့အတွက် ပေးလှူနေကြတာပဲ ဖြစ်တယ်၊ ဘုရားရှင်ကလဲ ဒီငါ့သားတော်ဖြစ်တဲ့ ရဟန်းဟာ ဒီပစ္စည်းတွေကို သုံးဆောင်ပြီး ကိုယ်လက်တောင့်တောင့်တင်းတင်းနဲ့ ချမ်းချမ်းသာသာ နေနိုင်လိမ့်မယ်–လို့ ရှုမြင်တော်မူတဲ့အတွက် သင့်အား ပစ္စည်း ၄–ပါးတွေကို ခွင့်ပြုခဲ့တာ မဟုတ်ပါ၊ အမှန်ကတော့ ဒီငါ့သားတော်ဖြစ်တဲ့ ရဟန်းဟာ ဒီပစ္စည်းတွေကို သုံးဆောင်လျက် ရဟန်းတရားကို ပြုကျင့်–လို့ ဝင့်ဆင်းရဲက ထွက်မြောက်နိုင်လိမ့်မယ်–ဆိုတဲ့ အကျိုးကို ကောင်းစွာမြင်တော်မူတဲ့အတွက် သင့်အား ပစ္စည်းတွေကို ခွင့်ပြုထားတာ ဖြစ်တယ်၊ သင်က အခု ပျင်းပျင်းရိရိနေလို့ရှိရင် အဲဒီဆွမ်း(ပစ္စည်း)ကို တုံ့ပြန်ပူဇော်နိုင်မယ် မဟုတ်၊ အားထုတ်လုံ့လဝီရိယရှိတဲ့ ပုဂ္ဂိုလ်မှာသာ ဆွမ်း(ပစ္စည်း)ကို တုံ့ပြန်ပူဇော်မှု–ဆိုတာ ဖြစ်နိုင်ပါတယ်၊ ဒီလို ဆွမ်းကို တုံ့ပြန်ပူဇော်မှုကို ဆင်ခြင်တဲ့ ပုဂ္ဂိုလ်မှာလဲ ဝိရိယသမ္မောဏ္ဍ ဖြစ်နိုင်ပါတယ်။

မဟာမိတ္တဌေရ် ဒီနေရာမှာ အတုခိုးနည်းယူစရာ မဟာမိတ္တဌေရ်အကြောင်းကို ထည့်သွင်းပြောပြပါဦးမယ်၊ မဟာမိတ္တဌေရ်ဟာ ကဿကလိုဏ်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီမဌေရ်ရဲ့ ဂေါစရဂါမ်ရွာမှာနေတဲ့ ဒါယိကာမကြီးတစ်ယောက်က မဌေရ်ကို သားအရာမှာထားပြီး ပြုစုလုပ်ကျွေးနေပါတယ်၊ တစ်နေ့မှာ အဲဒီဒါယိကာမကြီးက တောကိုသွားခါနီး သမီးကို မှာကြားနေပါတယ်။

> "သမီးရေ ! ဆန်ဟောင်းတွေက ဘယ်မှာရှိတယ်၊ နို့ရည်က ဘယ်မှာရှိတယ်၊ ထောပတ်က ဘယ်နေရာမှာ ရှိတယ်၊ တင်လဲက ဘယ်နေရာမှာရှိနေတယ်၊ သမီးရဲ့မောင်ဟော် အရှင်မိတ္တဌေရ် ကြွလာတဲ့အခါ ဆွမ်းချက်ပြီးနို့, ထောပတ်, တင်လဲတွေနဲ့တကွ ပေးလှူလိုက်ပါ၊ သမီးလဲ စားတာပေါ့"။

http://www.dhammadownload.com

"အမေကတော့ ဘာကို စားမလဲ အမေ ?"။

"ငါကတော့ မနေ့ညနေက ချက်ထားခဲ့တဲ့ ထမင်းချမ်းကို ပုန်းရည်နဲ့ စားထားပြီးပြီ"။

"အမေက နေ့လည်မှာ ဘာကို စားမလဲ ?"။

"ဟင်းရွက်ကိုထည့်ပြီး ဆန်ကွဲတွေနဲ့ ပြုန်းစပ်ယာဂုကျိုထားလိုက်တာပေါ့ သမီးရေ !"။

အရှင်မိတ္တဌေရ်သင်္ကန်းရုံပြီး သပိတ်ကို အိတ်ကထုတ်ယူနေတုန်းမှာပဲ အမေနှင့် သမီးတို့ ပြောဆိုနေတာကို ကြားရတဲ့အခါ ကိုယ့်ကိုကိုယ်ပဲ ဆုံးမနေပါတော့တယ်။

"ဒါယိကာမကြီးက ပုန်းရည်နှင့်ထမင်းချမ်းကို စားသတဲ့၊ နေ့အခါမှာလဲ ဆန်ကွဲ, ဟင်းရွက်တွေနဲ့ ကျိုချက်ထားတဲ့ ပြုန်းစပ်ယာဂုကို စားမယ်–ဆိုပဲ၊ သင့်အတွက်ကျတော့ ဆန်ဟောင်း–စသည်တို့ကို ပြောဆိုညွှန်ကြားနေပါတယ်၊ ဒါယိကာမကြီးက သင့်ကိုအမှီပြုလို့ လယ်ကိုတောင့်တတာလဲမဟုတ်၊ ယာကို တောင့်တတာလဲမဟုတ်၊ ထမင်းကို တောင့်တတာလဲမဟုတ်၊ အဝတ်ကို တောင့်တတာလဲမဟုတ်၊ အမှန်ကတော့ လူနတ်နိဗ္ဗာန် ၃–တန်သောချမ်းသာကို တောင့်တလှူဒါန်းနေတာပဲ၊ သင်က အဲဒီ ဒါယိကာမကြီးအား (အခုလက်ရှိ အခြေအနေအတိုင်းသာဆိုရင်) အဲဒီစည်းစိမ်ချမ်းသာတွေကို ပေးနိုင်မယ်မဟုတ်၊ အမှန်ကတော့ သင်က ဒီဆွမ်းကို ရာဂ, ဒေါသ, မောဟမကင်းဘဲ မစား သင့်ဘူး"။

ဒီလို ကိုယ့်ကိုကိုယ် ဆုံးမပြီး သပိတ်ကို အိတ်မှာပြန်ထည့်ပါတယ်၊ အနားပတ်သီးကို ပြန်ဖြေပြီး ကဿကလိုဏ်ကိုပဲ ပြန်လာခဲ့ပါတယ်၊ သပိတ်သင်္ကန်းကို သိမ်းထားပြီး "အရဟတ္တဖိုလ်ကို မရောက်မချင်း ငါမထွက်တော့ဘူး" ဒီလိုဝိရိယကို ဆောက်တည်ပြီး ထိုင်နေပါတယ်၊ ကြာရှည်လေးမြင့် မမေ့မလျော့နေလာခဲ့တဲ့ရဟန်းက ဝိပဿနာကို ပွားစေပြီး နံနက်ပိုင်းအချိန်မှာပဲ အရဟတ္တဖိုလ်ကို ရောက်လာခဲ့ပါတယ်၊ ပွင့်နေတဲ့ ပဒုမာကြာပန်းလို ပြုံးရွှင်စွာ ထိုင်နေခဲ့ပါတယ်၊ လိုဏ်တံခါးအနီးမှာရှိနေတဲ့ သစ်ပင်စောင့်နတ်က–

"အရှင်ဘုရား ! အရှင်ဘုရားမှာ အာသဝေါတရားတွေ ကုန်ပါပြီ၊ အရှင်ဘုရားက မြတ်တဲ့အလှူကို ခံထိုက်ပါတယ်၊ ယောက်ျားအာဇာနည်ပီသတဲ့ အရှင်ဘုရား ! အရှင်ဘုရားအား ရှိခိုးပါတယ်၊ ယောက်ျားမြတ်ဖြစ်တဲ့ အရှင်ဘုရား ! အရှင်ဘုရားအား ရှိခိုးပါတယ်"။

ဒီလိုလဲ ဥဒါန်းကျူးပါတယ်။

http://www.dhammadownload.com

"အရှင်ဘုရား ! ဆွမ်းခံဝင်ကြတဲ့ အရှင်ဘုရားလို ရဟန္တာပုဂ္ဂိုလ်တို့အား ဆွမ်းလောင်းလှူကြတဲ့အတွက် အမျိုးသမီးကြီးတွေဟာ ဆင်းရဲက လွတ်မြောက်ကြရပါလိမ့်မယ်"။

ဒီလိုလဲ လျှောက်ထားပြောဆိုပါတယ်။

အရှင်မိတ္တာထေရ်က နေရာမှထပြီး တံခါးကိုဖွင့်ကာ အချိန်ကိုကြည့်ပါတယ်၊ စောသေးတယ်–ဆိုတာကို သိရတဲ့အတွက် သပိတ်သင်္ကန်းကိုယူပြီး ရွာထဲကို ဆွမ်းခံဝင်လာပါတယ်၊ အမျိုးသမီးကလေးကလဲ ဆွမ်းကို အဆင်သင့်ပြင်ဆင်ထားပြီး– "အခုပဲ ငါ့မောင်တော် ကြွလာလိမ့်မယ်, အခုပဲ ငါ့မောင်တော် ကြွလာလိမ့်မယ်"လို့ တံခါးဖွင့်ကြည့်ကာ ထိုင်နေခဲ့ပါတယ်၊ အမျိုးသမီးကလေးက မထေရ် အိမ်တံခါးကို ရောက်လာတယ်–ဆိုရင်ပဲ သပိတ်ကို လှမ်းယူပြီး ထောပတ်, တင်လဲတွေနဲ့ ရောစပ်ထားတဲ့ နို့ဆွမ်းကို လောင်းလှူဆက်ကပ်လိုက်ပါတယ်၊ မထေရ်က အနုမောဒနာစကားမြွက်ကြားပြီး ထွက်ကြွလာခဲ့ပါတယ်၊ အမျိုးသမီးကလေးကလဲ အရှင်မိတ္တာထေရ်ကို ကြည့်ရှုကာ ရပ်နေခဲ့ပါတယ်။

ဘာ့ကြောင့် ကြည့်နေရသလဲ ?–ဆိုတော့ အဲဒီအချိန်မှာ မထေရ်ရဲ့ အရေအဆင်းဟာ အလွန်စင်ကြယ်နေပါတယ်၊ စက္ခု–စတဲ့ ဣန္ဒြေတွေကလဲ အလွန်ကြည်လင်နေကြပါတယ်၊ မျက်နှာက အညှာမှ ကြွေကျကာစ ထန်းသီးမှည့်လို အတိုင်းထက် အလွန် တင့်တယ်နေပါတယ်။

"ဒါယိကာမကြီးက တောက ပြန်လာတယ်–ဆိုရင်ပဲ "သမီးရေ ! သမီးရဲ့ မောင်တော် ကြွလာရဲ့လား ?"လို့ မေးပါတယ်၊ သမီးကလေးကလဲ ဖူးတွေ့ရပုံအလုံးစုံကို ပြောပြပါတယ်၊ သမီးရဲ့စကားကို ကြားရတော့ ဒါယိကာမကြီးက ဒီနေ့ ငါ့သားတော်ရဲ့ ရဟန်းကိစ္စဟာ အထွတ်အထိပ်သို့ ရောက်သွားပြီ–လို့ သိနားလည်တဲ့အတွက် "သမီးရဲ့မောင်တော်က ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ သိပ်မွေ့လျော်နေတယ်၊ ပျင်းရိငြီးငွေ့စရာ မရှိတော့ဘူး"လို့ ပြောဆိုနေပါတော့တယ်။

အမွေရဲ့ မြင့်မြတ်မှု အရိယာဥစ္စာ ၇–ပါးဆိုတာဟာ မြတ်စွာဘုရားရဲ့ ကြီးကျယ်မြင့်မြတ်တဲ့အမွေ ဖြစ်တော်မူပါတယ်၊ ဒီအရိယာဥစ္စာ ၇–ပါးဆိုတဲ့ ကြီးကျယ်မြင့်မြတ်သော အမွေကို ပျင်းရိသူက မခံယူနိုင်ပါ၊ ဥပမာအနေနဲ့ ပြောရပါရင် ဖောက်ဖောက်ပြန်ပြန်ကျင့်နေတဲ့ သားဆိုးသားမိုက်ကို မိဘတွေက ဒီလူဟာ ငါတို့ရဲ့သား မဟုတ်တော့ဘူး–လို့ အမွေပြတ်ကြေညာထားတတ်ကြပါတယ်၊ အဲဒီလို အမွေပြတ်ကြေညာခံထားရတဲ့ သားဆိုးသားမိုက်က မိဘတွေ

http://www.dhammadownload.com

ကွယ်လွန်သွားတဲ့အခါမှာ အမွေကို မရသလို ပျင်းရိတဲ့ပုဂ္ဂိုလ်ဟာလဲ ဒီအရိယဥစ္စာ ၇–ပါးဆိုတဲ့ အမွေကို မရနိုင်ပါ၊ အားထုတ်လုံ့လဝီရိယရှိသူကသာ ရနိုင်ပါတယ်၊ ဒီလို အမွေရဲ့မြင့်မြတ်မှုကို ဆင်ခြင်တဲ့ပုဂ္ဂိုလ်မှာလဲ ဝီရိယသမ္ဗောဇ္ဈင်ဖြစ်နိုင်ပါတယ်။

ဘုရားရဲ့ မြင့်မြတ်မှု သင်ရဲ့ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားက ကြီးကျယ်မြင့်မြတ်တော်မူပါတယ်၊ တစ်သောင်းအတိုင်းအရှည်ရှိတဲ့ ကမ္ဘာလောကဓာတ်ဟာ သင့်ဆရာဖြစ်တဲ့ ဘုရားရှင်ရဲ့ ပဋိသန္ဓေတည်နေတော်မူတဲ့အခါမှာလဲ တုန်လှုပ်ခဲ့ရပါတယ်၊ တောထွက်တော်မူတဲ့ အခါမှာလဲ တုန်လှုပ်ခဲ့ရပါတယ်၊ ဘုရားဖြစ်တော်မူတဲ့အခါမှာလဲ တုန်လှုပ်ခဲ့ရပါတယ်၊ ဓမ္မစကြာဟောတော်မူတဲ့အခါမှာလဲ တုန်လှုပ်ခဲ့ရပါတယ်၊ ရေမီးအစုံဖြစ်တဲ့ တန်ခိုးပြာဋိဟာကို ပြတော်မူရာအခါမှာလဲ တုန်လှုပ်ခဲ့ရပါတယ်၊ အာယုသင်္ခါရလွှတ်တော်မူ တဲ့အခါမှာလဲ တုန်လှုပ်ခဲ့ရပါတယ်၊ ပရိနိဗ္ဗာန်စံလွန်တော်မူတဲ့အခါမှာလဲ တုန်လှုပ်ခဲ့ရပါတယ်၊ သင်က ဒီလို သဘောရှိတဲ့ ဆရာဘုရားရဲ့ သာသနာတော်မှာ ရှင်ရဟန်းပြုပြီး ပျင်းပျင်းရိရိ ပေါ့ပေါ့ဆဆ နေခြင်းဟာ သင့်တော်ပါ့မလား ?၊ ဒီလို ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားရဲ့ ကြီးကျယ်မြင့်မြတ်မှုကို ဆင်ခြင်တဲ့ပုဂ္ဂိုလ်မှာလဲ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်နိုင်ပါတယ်။

အမျိုးဇာတ် မြင့်မြတ်မှု သင်ဟာ အခု ရဟန်းပြုပြီးတဲ့ အချိန်မှာ အမျိုးဇာတ်အနေနဲ့ ယုတ်ညံ့သောဇာတ်ရှိသူ မဟုတ်တော့ပါ၊ အခြားဇာတ်နှင့် မရောစပ်တဲ့ မဟာသမ္မတမင်းရဲ့ အဆက်အနွယ်ကလာတဲ့ သြက္ကာကရာဇ်မင်းရဲ့အနွယ်မှာဖြစ်တဲ့ သိရိသုဒ္ဓေါဒနမဟာရာဇာနှင့် မဟာမာယာဒေဝီတို့ရဲ့ မြေးတော်ဖြစ်တဲ့ ရာဟုလာမင်းသားရဲ့ ညီတော်ဖြစ်လာပါတယ်၊ ဒီလို ဘုရားရဲ့သားတော်ဖြစ်တဲ့ သင်လိုလူမျိုးက ပျင်းပျင်းရိရိ ပေါ့ပေါ့ဆဆ မနေသင့်ပါဘူး၊ ဒီလို အမျိုးဇာတ် မြင့်မြတ်မှုကို ဆင်ခြင်တဲ့ပုဂ္ဂိုလ်မှာလဲ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်နိုင်ပါတယ်။

သီတင်းသုံးဖော်တို့ မြင့်မြတ်မှု ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလ္လာန်နှင့် ၈–ကျိပ်သော မဟာမဟာသာဝကတွေဟာ ဝီရိယကို အခြေခံထားလို့ပဲ လောကုတ္တရာတရားကို ထိုးထွင်းသိမြင်လာကြပါတယ်၊ သင်က ဒီသီတင်းသုံးဖော်တွေရဲ့လမ်းကို လိုက်မယ်လား ?– မလိုက်ဘူးလား ?၊ ဒီလို သီတင်းသုံးဖော်တွေရဲ့ မြင့်မြတ်မှုကို ဆင်ခြင်တဲ့ ပုဂ္ဂိုလ်မှာလဲ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်နိုင်ပါတယ်။

ပျင်းရိသူကို ရှောင်ခြင်း ဝမ်းပြည့်အောင် မျိုထား–စားထားတဲ့ စပါးကြီးမြွေလိုကိုယ်မှာဖြစ်တဲ့ဝီရိယ, စိတ်မှာဖြစ်တဲ့ဝီရိယကို စွန့်လွှတ်ထားသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်တဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာလဲ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်နိုင်ပါတယ်။

http://www.dhammadownload.com

လုံ့လရှိသူကို ပေါင်းခြင်း အားထုတ်လုံ့လဝီရိယရှိပြီး ကိုယ်နှင့်အသက် မငဲ့ကွက် ဘဲ နိဗ္ဗာန်ရရေး တစ်ခုတည်းကိုသာ ရည်မှန်းကြိုးစား နေတဲ့ ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်တဲ့ ပုဂ္ဂိုလ်မှာလဲ ဝီရိယသမ္မောဇ္ဈင် ဖြစ်နိုင်ပါတယ်။

ဝီရိယသမ္မောဇ္ဈင်မှာ စိတ်ဝင်စားခြင်း ရပ်တဲ့အခါ, ထိုင်တဲ့အခါ, သွားတဲ့အခါ, လဲလျောင်းတဲ့ အခါမျိုးမှာ ဝီရိယဖြစ်စေခြင်းအကျိုးငှာ ညွှတ်ယိမ်း ကိုင်းရှိုင်းသော စိတ်ရှိတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာလဲ ဝီရိယ သမ္မောဇ္ဈင် ဖြစ်နိုင်ပါတယ်၊ ဒီလိုဖြစ်ပေါ်လာတဲ့ ဝီရိယသမ္မောဇ္ဈင်ရဲ့ ဘာဝနာပြည့်စုံ လုံလောက်မှုဟာ အရဟတ္တမဂ်ကြောင့် ဖြစ်ရပါတယ်။

ပျင်းရိကြောင်းနှင့် အားထုတ်ကြောင်း ၁

ဘယ်အလုပ်မျိုးမှာမဆို မတွန့်အဆုတ် အဟုတ်ကြိုးစားသူမျိုးကို ဝီရိယရှိသူ-လို့ ခေါ်ပါတယ်၊ လုပ်ရမယ့်အလုပ်နှင့် တွေ့ကြုံလာရင် တီကောင်ကို ဆားနဲ့ တို့ထိ လိုက်သလို တွန့်ဆုတ်နေတတ်သူမျိုးကိုတော့ ကုသိတ-ပျင်းရိသူ-လို့ ခေါ်ပါတယ်။

၁။ အရေးပေါ်ကိစ္စ ပေါ်ပေါက်လာခြင်း,
၂။ ဖြစ်ပေါ်လာတဲ့ကိစ္စကို လုပ်ပြီးခါစဖြစ်ခြင်း,
၃။ ခရီးသွားစရာ ရှိနေခြင်း,
၄။ ခရီးသွားပြီးခါစဖြစ်ခြင်း,
၅။ အစာမစားရသေးခြင်း,
၆။ အစာစားပြီးခါစဖြစ်ခြင်း,
၇။ အနည်းငယ်မကျန်းမမာဖြစ်လာခြင်း,
၈။ ကျန်းမာလာခါစဖြစ်ခြင်း-

ဒီ ၈-ပါးဟာ ပျင်းရိသူအတွက် ယိုးမယ်ဖွဲ့စရာ အကြောင်းတွေဖြစ်သလို ဝီရိယ ရှိသူအတွက်တော့ အားထုတ်စရာ အကြောင်းတွေပဲ ဖြစ်ပါတယ်၊ ဒါတွေကို သိသာ ရုံမျှ ပြောပြပါဦးမယ်။

၁။ အရေးပေါ် အလုပ်ကိစ္စတစ်ခုခု ပေါ်ပေါက်လာလို့ရှိရင် ပျင်းရိသူက "ငါ့မှာလုပ်စရာ ရှိနေသေးတယ်၊ အဲဒီအလုပ်ကို လုပ်ရတဲ့အခါ ပင်ပန်း လာလိမ့်မယ်၊ အခုနေက ကြိုတင်ပြီး တစ်ရေးတစ်မောလောက် အိပ်ထားလိုက်ဦးမှပဲ ဆိုပြီး လုပ်ရမယ့်အလုပ်ကို ယိုးမယ်ဖွဲ့ကာ အိပ်နေတတ်ပါတယ်။

၁။ အံ-၃၊ ၁၄၇။

http://www.dhammadownload.com

လုံ့လဝီရိယရှိသူကတော့ ငါ့မှာလုပ်စရာကိစ္စ ရှိနေတယ်၊ အဲဒါကို လုပ်ရတဲ့အခါ လက်ရှိအလုပ်တွေကို လုပ်ခွင့်ရမယ် မဟုတ်ဘူး၊ အခုနေက ကြိုတင်ကြိုးစားလုပ်ကိုင်ထားဦးမှပဲ–လို့ လုပ်စရာကိစ္စကို အကြောင်းပြုပြီး ကြိုးစားလုပ်ကိုင်ထားတတ်ပါတယ်၊

၂။ ဖြစ်ပေါ်လာတဲ့ကိစ္စကို လုပ်ပြီးလို့ရှိရင် ပျင်းရိသူက "ငါ အလုပ်လုပ်တုန်းက ပင်ပန်းလာခဲ့တယ်၊ အခု တစ်ရေးတစ်မောလောက် အိပ်ပစ်လိုက်ဦးမှပဲ–လို့ လုပ်ပြီးတဲ့အလုပ်ကို ယိုးမယ်ဖွဲ့ကာ အိပ်နေတတ်ပါတယ်။

လုံ့လဝီရိယရှိသူကတော့ ငါဟာ ဖြစ်ပေါ်လာတဲ့ အလုပ်ကိစ္စကို လုပ်နေခဲ့ရတယ်၊ လက်ရှိအလုပ်ကို မလုပ်နိုင်ဘဲ ရပ်ထားခဲ့ရတယ်၊ အခု ကြိုးစားလုပ်ကိုင်ရတော့မယ်–လို့ လုပ်ပြီးခါစအလုပ်ကို အကြောင်းပြုပြီး ကြိုးစားအားထုတ်နေပါတော့တယ်။

၃။ သွားစရာရှိနေပြန်ရင်လဲ ပျင်းရိသူက "ငါ့မှာ ခရီးသွားစရာ ရှိနေသေးတယ်၊ ခရီးသွားရတဲ့အခါ ပင်ပန်းလာလိမ့်မယ်၊ အခုနေကကြိုတင်ပြီး တစ်ရေးတစ်မောလောက် အိပ်ထားလိုက်ဦးမှပဲ" လို့ ခရီးသွားစရာ ရှိနေတာကို ယိုးမယ်ဖွဲ့ကာ အိပ်နေပါတော့တယ်။

လုံ့လဝီရိယ ရှိသူကတော့ "ငါ့မှာ ခရီးသွားစရာ ရှိနေတယ်၊ ခရီးသွားနေတဲ့အခါ လုပ်နေကျအလုပ်တွေ ပျက်ကွက်လာလိမ့်မယ်၊ အခုနေက ကြိုတင်ပြီး ကြိုးစားလုပ်ကိုင်ထားဦးမှပဲ" လို့ ခရီးသွားစရာ ရှိနေတာကို အကြောင်းပြုပြီး ကြိုးစားအားထုတ်နေပါတော့တယ်။

၄။ ခရီးက ပြန်ရောက်လာပြန်ရင်လဲ ပျင်းရိသူက ငါဟာ ခရီးသွားနေတုန်းက ပင်ပန်းလာခဲ့တယ်၊ အခု တစ်ရေးတစ်မောလောက် အိပ်ပစ်လိုက်ဦးမှပဲ–လို့ ခရီးသွားခဲ့ရတာကို ယိုးမယ်ဖွဲ့ကာ အိပ်နေပါတော့တယ်။

လုံ့လဝီရိယ ရှိသူကတော့ ငါဟာ ခရီးသွားနေတုန်းက လုပ်စရာအလုပ်တွေကို လုပ်ခွင့် မရခဲ့ဘူး၊ အခုအတိုးချကာ ကြိုးစားလုပ်ကိုင်ဦးမှပဲ–လို့ ခရီးသွားခဲ့တာကို အကြောင်းပြုပြီး ကြိုးစားအားထုတ်နေပါတော့တယ်။

၅။ မစားမသောက်ရသေးပြန်ရင်လဲ ပျင်းရိသူက "ငါဟာ အစာ မစားရသေးဘူး၊ ဒါနဲ့ သိပ်ဆာနေတယ်၊ အခုတစ်ရေးတစ်မောလောက် အိပ်ထားလိုက်ဦးမှပဲ–လို့ မစားမသောက်ရသေးတာကိုပဲ ယိုးမယ်ဖွဲ့ကာ အိပ်နေပါတော့တယ်။

http://www.dhammadownload.com

လုံ့လဝီရိယ ရှိသူက မစားမသောက်ရသေးတဲ့အတွက် ကိုယ်ခန္ဓာ ပေါ့ပေါ့ပါးပါးနဲ့ လုပ်လို့ကိုင်လို့ကောင်းတုန်းမှာ လုပ်စရာကိုင်စရာရှိတာတွေကို ကြိုးစားလုပ်ကိုင်ထားဦးမှပဲ–လို့ မစားမသောက်ရသေးတာကိုပဲ အကြောင်းပြုပြီး ကြိုးစားအားထုတ်နေပါတော့တယ်။

၆။ အစာအာဟာရ စားသောက်ပြီးပြန်ရင်လဲ အဝအပြစားထားတယ်၊ ငါရဲ့ ကိုယ်ခန္ဓာဟာ ရေစိမ်ထားတဲ့ ပဲကြီးလို လေးလံနေတယ်၊ လုပ်လို့ကိုင်လို့ မကောင်းသေးဘူး၊ တစ်ရေးတစ်မောလောက် အိပ်ပစ်လိုက်ဦးမှပဲ–လို့ စားသောက်ပြီးတာကိုပဲ ယိုးမယ်ဖွဲ့ကာ အိပ်နေပါတော့တယ်။

လုံ့လဝီရိယ ရှိသူကတော့ "ငါဟာ အစာအာဟာရကို အလိုရှိသလောက် စားသောက်ရတယ်၊ ငါရဲ့ ကိုယ်ခန္ဓာဟာ အင်အားပြည့်ဝလာပြီ၊ လုပ်လို့ကိုင်လို့ကောင်းတုန်းမှာ ကြိုးစားလုပ်ကိုင်ထားဦးမှပဲ–လို့ စားသောက်ပြီးတာကိုပဲ အကြောင်းပြုပြီး ကြိုးစားအားထုတ်နေပါတော့တယ်။

၇။ နာစေးချောင်းဆိုး–စတဲ့ ရောဂါအနည်းငယ်မျှ ဖြစ်လာပြန်ရင်လဲ ပျင်းရိသူက ဒါဟာ အိပ်စရာအခွင့်အရေးပဲ၊ ရလာတဲ့အခွင့်အရေးကို လက်လွတ်ခံလို့ မဖြစ်ဘူး၊ အိပ်ဦးမှပဲ–လို့ အနည်းငယ် မကျန်းမမာ ဖြစ်လာတာကိုပဲ ယိုးမယ်ဖွဲ့ကာ အိပ်နေပါတော့တယ်။

လုံ့လဝီရိယ ရှိသူကတော့ ဒီရောဂါဟာ မဖြစ်စလောက်ဆိုပေမယ့် တိုးပွားမယ့် အခြေအနေ ရှိနေတယ်၊ ရောဂါမတိုးပွားခင် ကြိုတင်ကြိုးစားထားလိုက်ဦးမှပဲလို့ အနည်းငယ် မကျန်းမမာဖြစ်လာတာကို အကြောင်းပြုပြီး ကြိုးစားအားထုတ်နေပါတော့တယ်။

၈။ ကျန်းမာလာပြန်ရင်လဲ ပျင်းရိသူက ငါဟာ နေကောင်းခါစ ရှိသေးတယ်၊ ငါရဲ့ကိုယ်ခန္ဓာက အားမရှိသေးဘူး၊ လုပ်လို့ကိုင်လို့ မကောင်းသေးဘူး၊ အိပ်ဦးမှပဲ၊ ဒီလို ကျန်းမာစပြုတာကို ယိုးမယ်ဖွဲ့ကာ အိပ်နေပါတော့တယ်။

လုံ့လဝီရိယ ရှိသူကတော့ ငါဟာ နေကောင်းလာပြီ၊ ဒီရောဂါဟာ အခွင့်သာရင် ပြန်ဖြစ်လာနိုင်သေးတယ်၊ အခု အလုပ်လုပ်စရာ ကိုင်စရာ ရှိသမျှကို အတိုးချကာ လုပ်ကိုင်ထားဦးမှပဲ၊ ဒီလို ကျန်းမာစပြုလာတာကို အကြောင်းပြုပြီး ကြိုးစားအားထုတ်နေပါတော့တယ်။

ဝီရိယ၏ အဆင့်တန်ဆာ

ပျင်းရိပေါ့ဆခြင်းလဲ ဒီအကြောင်း ၈–ပါးကြောင့်ပဲ ဖြစ်တယ်၊ ကြိုးစားအားထုတ်ခြင်းလဲ ဒီအကြောင်း ၈–ပါးကြောင့်ပဲ ဖြစ်တယ်–ဆိုတော့ ပျင်းရိသူနှင့် ကြိုးစား

http://www.dhammadownload.com

အားထုတ် သူဟာ ဘယ်လို ကွာခြားသလဲ ?–ဆိုတာကို စဉ်းစားကြည့်သင့်ပါတယ်၊ ပျင်းရိသူ–ဆိုတာဟာ ကိုယ်သက်သာမှုကို အလေးပြုပါတယ်၊ စိတ်ဓာတ်ပျော့ညံ့ပါတယ်၊ အရာရာမှာ တွန့်ဆုတ်တဲ့သဘော ရှိပါတယ်၊ ခန္ဓာကိုယ်ကို တသသနဲ့ နေတတ်ပါတယ်။

ဝီရိယရှိသူကတော့ အလုပ်ပြီးမှုကိုသာ အလေးပြုပါတယ်၊ ကိုယ်ပင်ပန်းမှု, ချမ်းမှု, ပူမှု–စတဲ့ ဘာတစ်ခုကိုမှ အလေးမပြုပါ၊ စိတ်အားထက်သန်ပါတယ်၊ အစစအရာရာကို သည်းခံနိုင်ပါတယ်၊ "အရေမျှသာ ကျန်ပါစေ၊ အကြောမျှသာ ကျန်ပါစေ၊ အရိုးမျှသာ ကျန်ပါစေ၊ အသားအသွေးတွေ ခြောက်ခန်းသွားပါစေ၊ ငါရဲ့ လုံ့လဝီရိယကိုတော့ မလျှော့ဘူး" ဆိုတဲ့သဘောနဲ့ ကိုယ်ခန္ဓာကို စွန့်ပယ်ထားတတ်ပါတယ်။

> ဝီရိယကြောင့် သည်းခံမှု ပြီးစီးတဲ့အတွက် ဝီရိရှိသူကသာ သတ္တဝါသခ်ါရတွေက ကပ်ဆောင်အပ်နှင်းသမျှ ဆင်းရဲဒုက္ခကို လွှမ်းမိုးလို့ နေနိုင်ပါတယ်၊ ဒါဟာ အားထုတ်လုံ့လဝီရိယရှိတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်၊ ဝီရိယမှာ သည်းခံမှုအဆင်တန်ဆာ ရှိနေတဲ့အတွက် ဝီရိယရှိသူရဲ့ သည်းခံမှုဟာ တင့်တယ်ပါတယ်။ [၁]

ဒီလို အဋ္ဌကထာဆရာတွေက မိန့်ဆိုထားကြပါတယ်။

လောကသံသရာ မဆုံးရှုံးရေး

ပြောလာခဲ့တဲ့အတိုင်း အေးသေးတယ်, ပူသေးတယ်, လုပ်စရာရှိသေးတယ်–စတဲ့ အကြောင်းအရာတွေကို ယိုးမယ်ဖွဲ့ကာ လုပ်ငန်းကိစ္စတွေကို စွန့်လွှတ်ထားသူမျိုးဟာ အခွင့်အခါကောင်းတွေကို ကျော်လွန်သွားသူများ ဖြစ်ကြပါတယ်၊ ဒီပုဂ္ဂိုလ်မျိုးဟာ အခုလက်ရှိဘဝမှာလဲ မကြီးပွား မတိုးတက်နိုင်ပါ၊ နောင်ဘဝသံသရာမှာလဲ မကြီးပွား မတိုးတက်နိုင်ပါ၊ လက်ရှိဘဝမှာလဲ မကြီးပွား မချမ်းသာသူ, နောင်ဘဝသံသရာမှာလဲ မကြီးပွား မချမ်းသာသူ, လက်ရှိဘဝမှာလဲ ဆုံးရှုံးသူ, ဘဝသံသရာမှာလဲ ဆုံးရှုံးသူမျိုးသာ ဖြစ်ကြရပါတယ်။

အေးတယ်, ပူတယ်, လုပ်စရာရှိနေတယ် အစရှိတဲ့ အကြောင်းတွေကို ဘာမှ အရေးမစိုက်ဘဲ လုပ်ရမယ့်အလုပ်ကို မတွန့်မဆုတ် ပြုလုပ်သူတွေကတော့ လက်ရှိဘဝမှာလဲ အထက်တန်းကျနိုင်ပါတယ်၊ ကြီးပွားတိုးတက်နိုင်ပါတယ်၊ ချမ်းသာသုခရနိုင်ပါတယ်၊ နောင်ဘဝသံသရာမှာလဲ အထက်တန်းကျနိုင်ပါတယ်၊ ကြီးပွားချမ်းသာနိုင်ပါတယ်။

၁။ စရိယ–၄၊ ၂၅၀။

http://www.dhammadownload.com

သိပ်အေးနေတယ်, သိပ်ပူနေတယ်, သိပ်မိုးချုပ်သွားပြီ, သိပ်စောသေးတယ်–လို့ လုပ်ငန်းကိစ္စကို စွန့်လွှတ်ထားသူကို အခွင့်အခါကောင်းတွေက ကျော်လွန်သွားကြပါတယ်။

အအေးအပူကို ခြေမှာကပ်ရောက် မြက်မှိုက်လောက်မျှ မမှတ်ထင်ဘဲ လုံ့လရှိသူတွေ လုပ်ရမယ့်အလုပ်ကို ပြုလုပ်နေသူကတော့ ချမ်းသာက မယုတ်လျော့နိုင်ပါ။ [၁]

ပျင်းရိခြင်းလို ကြီးမားသောအကျိုးမဲ့ကို ဖြစ်စေတတ်တဲ့ အခြားတရား တစ်ခုမျှ မရှိ၊ ပျင်းရိခြင်းဟာ ကြီးမားသောအကျိုးမဲ့ကို ဖြစ်စေတတ်ပါတယ်။

အားထုတ်လုံ့လဝီရိယနှင့်တူတဲ့ ကြီးမားသောအကျိုးစီးပွားကို ဖြစ်စေတတ်တဲ့ အခြားတရား တစ်ခုမျှ မရှိ၊ အားထုတ်လုံ့လဝီရိယက ကြီးမားသောအကျိုးစီးပွားကို ဖြစ်စေတတ်ပါတယ်။ [၂]

ပေါ့တန်ပျင်းရိ လုံ့လမရှိသူရဲ့ နှစ်ပေါင်းတစ်ရာ အသက်ရှည်နေရတာထက် ခိုင်မြဲစွာ ကြိုးစားအားထုတ်နေသူရဲ့ တစ်နေ့, တစ်ရက်, တစ်နံနက်မျှ အသက်ရှင်ရခြင်းက ပိုမြတ်ပါတယ်။ [၃]

ဒီ ဘုရားဟော စကားတော်တွေက အထက်က ပြောလာခဲ့တာတွေကို ထောက်ခံနေပါတယ်။

ပျင်းရိသူနှင့် လုံ့လရှိသူ ကွာခြားချက်

ပျင်းရိသူနှင့် အားထုတ်လုံ့လဝီရိယရှိသူတွေဟာ ကျောချင်းကပ်ပြီး ဦးတည်ရာဘက်ကို သွားနေကြတဲ့ လူ ၂–ယောက်နှင့် တူပါတယ်၊ အဲဒီလူ ၂–ယောက်က ကြာလေ တစ်ဦးနှင့် တစ်ဦး ဝေးလေဖြစ်သလို ပျင်းရိသူနှင့် လုံ့လဝီရိယရှိသူတွေကလဲ ကြာလာလေ အဆင့်အတန်းချင်း ကွာလာလေ ဖြစ်လာတတ်ပါတယ်။

အားထုတ်လုံ့လ ဝီရိယမရှိသူက ကိုယ့်သန္တာန်မှာ ဖြစ်ပွားလာတဲ့ အကုသိုလ်ဝိတက်ဆိုး မကောင်းတဲ့ အကြံမျိုးတွေကို လက်ခံထားတတ်ပါတယ်၊ ပျောက်ကင်းအောင် မလုပ်နိုင်ပါ၊ ဒါ့ကြောင့် အခု လက်ရှိဘဝမှာလဲ ဆင်းရဲရပါတယ်၊ ပူပန်ရပါတယ်၊ နောင်ဘဝသံသရာမှာလဲ ဆင်းရဲရပါတယ်၊ ပူပန်ရပါတယ်၊ ဝဋ်ဆင်းရဲက လွတ်မြောက်မှု–ဆိုတာဟာ အားထုတ်လုံ့လ ဝီရိယမရှိသူအတွက် မဟုတ်ပါ။

အားထုတ်လုံ့လ ဝီရိယရှိသူကတော့ မိမိသန္တာန်မှာ ဖြစ်လာသမျှ အကြံဆိုးတွေ, အကုသိုလ် အညစ်အကြေးတွေကို လက်ခံထားလေ့ မရှိပါ၊ မပျောက်ဘဲ မရှိစေရ၊

၁။ ဒီဃ–၃၊ ၁၅၁။ ၂။ အံ–၁၊ ၁၄။ ၃။ ဓံ၊ ၂၉။

http://www.dhammadownload.com

ပျောက်ကင်းအောင် ကြိုးစားအားထုတ်တတ်ပါတယ်၊ ဒါ့ကြောင့် လုံ့လဝီရိယရှိသူဟာ ယခုလက်ရှိဘဝမှာလဲ ချမ်းသာပါတယ်၊ ပူပန်မှု မရှိပါ၊ နောင်ဘဝသံသရာမှာလဲ ချမ်းသာပါတယ်၊ ပူပန်မှု ကင်းပါတယ်၊ အကြောင်းပြည့်စုံညီညွတ်က သံသရာစက်ကိုပင် အလည်ရပ်စေနိုင်ပါတယ်။

ဒါကိုရည်ရွယ်ပြီး ဗုဒ္ဓမြတ်စွာ ဟောတော်မူထားတာကိုလဲ ဆက်လက်ပြောပြပါဦးမယ်။

> သွားနေတုန်းမှာပဲဖြစ်ဖြစ်, ရပ်နေတုန်းမှာပဲဖြစ်ဖြစ်, ထိုင်နေတုန်းမှာပဲဖြစ်ဖြစ်, လျောင်းနေတုန်းမှာပဲဖြစ်ဖြစ် ဖြစ်ပေါ်လာတဲ့ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိ ံသာဝိတက်ကို လက်ခံထားသူ, မပယ်ထုတ်သူ, ပျောက်ကင်းအောင် မလုပ်သူမျိုးကို အားမထုတ်သူ, မကောင်းမှုမှ မထိတ်လန့်သူ, အမြဲမပြတ် ပျင်းရိနေသူ, ယုတ်လျော့သောဝီရိယရှိသူ–လို့ ဆိုသင့်ပါတယ်။
>
> သွားနေတုန်းမှာပဲဖြစ်ဖြစ်, ရပ်နေတုန်းမှာပဲဖြစ်ဖြစ်, ထိုင်နေတုန်းမှာပဲဖြစ်ဖြစ်, လဲလျောင်းနေတုန်းမှာပဲဖြစ်ဖြစ် ဖြစ်ပေါ်လာတဲ့ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိ ံသာဝိတက်ကို လက်ခံမထားသူ, ပယ်စွန့်သူ, ကင်းပျောက်အောင် လုပ်သူကိုတော့ ကြိုးစားအားထုတ်သူ, မကောင်းမှုမှ ထိတ်လန့်တတ်သူ, မပြတ်မလပ် အားထုတ်လုံ့လဝီရိယရှိသူ, နိဗ္ဗာန်ကိုရည်မှန်းထားသူ–လို့ ဆိုသင့်ပါတယ်။ [၁]

ဒါ့အပြင်– ဝီရိယရှိသူက ပျင်းရိသူထက် ပညာရေးဘက်မှာလဲ သာတတ်ပါတယ်၊ ကျန်းမာရေးဘက်မှာလဲ သာတတ်ပါတယ်၊ ပေါင်းသင်းဆက်ဆံရေးဘက်မှာလဲ သာတတ်ပါတယ်၊ ပစ္စည်းဥစ္စာရှာဖွေစုဆောင်းရေးဘက်မှာလဲ သာတတ်ပါတယ်၊ နေထိုင်စားသောက်ရေးမှာလဲ သာတတ်ပါတယ်၊ ကုသိုလ်ကောင်းမှုပြုလုပ်ရေးမှာလဲ သာတတ်ပါတယ်၊ ဒါ့ကြောင့်–

> အယူဝါဒမျိုးစုံရှိသူအကုန်လုံး, နတ်လူအကုန်လုံးတို့က မိမိတို့နှင့် သက်ဆိုင်ရာမှာ ယောက်ျားတို့ ပြုလုပ်သင့်တဲ့ လုံ့လဝီရိယကို ချီးမွမ်းကြပါတယ်၊ ဝီရိယကို ကဲ့ရဲ့သူ–ဆိုတာ မရှိပါဘူး။ [၂]

ဒီလို အဋ္ဌကထာဆရာတွေက မိန့်ဆိုထားကြပါတယ်။

ဝီရိယအကုန်လုံးကို ချီးမွမ်းသင့်သလား?

ဒါပေမယ့် ဝီရိယကို သမ္မာဝါယာမ, မိစ္ဆာဝါယာမ–ဆိုတဲ့ အမည်နဲ့ မဂ္ဂင်တရားထဲမှာ ၂–မျိုးခွဲ ဟောထားပါသေးတယ်၊ သမ္မာဝါယာမမဂ္ဂင်က– လူ့ဘုံနတ်ရပ်ကို

၁။ အံ–၁၊ ၃၁၉။ ၂။ သံ–၄–၁၊ ၂၀၃။

http://www.dhammadownload.com

သွားရန် ကောင်းတဲ့အစိတ်အပိုင်းတစ်ခု ကုသိုလ်စိတ်မှာယှဉ်တဲ့ ဝီရိယဖြစ်ပါတယ်၊ မိစ္ဆာဝါယာမမဂ္ဂင်က ငရဲတိရစ္ဆာန်ပြိတ္တာအသူရကာယ်–ဆိုတဲ့ အပါယ် ၄–ပါးကို သွားရန် မကောင်းတဲ့အစိတ်အပိုင်း ဖြစ်ပါတယ်၊ အကုသိုလ်စိတ်မှာယှဉ်တဲ့ ဝီရိယ စေတသိက်ကိုပဲ မိစ္ဆာဝါယာမမဂ္ဂင်–လို့ အမည်တပ် ဟောထားပါတယ်။

ဒါ့ကြောင့် မကောင်းတဲ့ဘက်မှာ ကြိုးစားအားထုတ်မှု, ကောင်းတဲ့ဘက်မှာ ကြိုးစားအားထုတ်မှု–လို့ ၂–မျိုးခွဲပြီး စဉ်းစားသင့်ပါတယ်၊ မကောင်းတဲ့ဘက်မှာ ကြိုးစားအားထုတ်ရင် ကြိုးစားအားထုတ်သလောက် ဆင်းရဲဒုက္ခရောက်ရခြင်းရဲ့ အကြောင်းဖြစ်လာတတ်ပါတယ်၊ ကောင်းတဲ့ဘက်မှာ ကြိုးစားအားထုတ်မှုကသာ ကြိုးစားအားထုတ်သလောက် စီးပွားချမ်းသာ တိုးတက်ခြင်းရဲ့အကြောင်း ဖြစ်လာတတ်ပါတယ်။

ဒါ့အပြင်– မမှန်မကန်အားထုတ်မှု, မှန်မှန်ကန်ကန်အားထုတ်မှု–လို့လဲ ၂–မျိုးခွဲခြား စဉ်းစားသင့်ပါသေးတယ်၊ ပညာရေးမှာပဲဖြစ်ဖြစ်, စီးပွားရေးမှာပဲဖြစ်ဖြစ် ဘယ်ကိစ္စမျိုးမှာမဆို မမှန်မကန်ကြိုးစားအားထုတ်မှုကိုပြုရင် ထူးချွန်မြင့်မြတ်သူမျိုး မဖြစ်နိုင်ပါ၊ မှန်မှန်ကန်ကန် ကြိုးစားအားထုတ်မှုကို ပြုလုပ်မှသာ ထူးချွန်မြင့်မြတ်သူမျိုး ဖြစ်နိုင်ပါတယ်။

ဥပမာအနေနဲ့ ပြောရပါရင် ပညာသင်ကြားရာမှာ သင်ရိုးညွှန်းတမ်းကုန်အောင် မသင်ကြားဘဲ မှတ်စုအားကိုးနဲ့ စာမေးပွဲဖြေဆိုခြင်းမျိုး, မတော်သူက တော်သူထံမှ ခိုးယူဖြေဆိုခြင်းမျိုး, အပြင်အပကပုဂ္ဂိုလ်တွေရဲ့အကူအညီနဲ့ ဖြေဆိုခြင်းမျိုး, မတရားတဲ့နည်းနဲ့ မေးခွန်းပုစ္ဆာ ကြိုတင်ရရှိအောင် ကြိုးစားပြုလုပ်ဖြေဆိုခြင်းမျိုး, အဖြေဖျက်သူတွေထံ ချဉ်းကပ်ပြီး အမှတ်ရအောင် ကြိုးစားခြင်းမျိုး၊ ဒီလို အစရှိတဲ့ မတရားနည်းမျိုးတွေနဲ့ စာမေးပွဲအောင်မြင်ရန် ကြိုးစားအားထုတ်မှုမျိုးဟာ နည်းမှန်လမ်းမှန် ကြိုးစားအားထုတ်မှုမျိုး မဟုတ်ပါ၊ ဒီလို ကြိုးစားတဲ့အတွက် စာမေးပွဲအောင်လာပေမယ့် ပညာထူးချွန်သူ ဖြစ်မလာနိုင်ပါ။

ဆရာလုပ်သူတွေကလဲ သင်ရိုးညွှန်းတမ်းကုန်သည်အထိ တပည့်များ နားလည်အောင် ကြိုးစားသင်ပေးမယ်၊ တပည့်တွေကလဲ မှန်မှန်ကန်ကန် နားလည်အောင် ကြိုးစားသင်ယူကြမယ်–ဆိုပါရင် ခိုးယူဖြေဆိုရန်လဲ မလို၊ မတရားတဲ့ ဘယ်လိုအကူအညီမျိုးကိုမှ မလိုဘဲ လွယ်ကူစွာပဲ ဖြေဆိုနိုင်စရာ ရှိပါတယ်၊ ဒီလိုကြိုးစားမှုမျိုးကသာ နည်းမှန်လမ်းမှန် ကြိုးစားအားထုတ်ခြင်းမျိုး ဖြစ်ပါတယ်၊ ဒီလိုကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်မျိုးကသာ စာမေးပွဲအောင်သည်ဖြစ်စေ, မအောင်သည်ဖြစ်စေ ပညာထူးချွန်သူမျိုး ဖြစ်လာနိုင်ပါတယ်။

http://www.dhammadownload.com

ပညာရေးမှာ ဒီလို နည်းမမှန်လမ်းမမှန် ကြိုးစားအားထုတ်မှုတွေ ကင်းပျောက်အောင် သက်ဆိုင်ရာပညာရေးတာဝန်ခံ ပုဂ္ဂိုလ်များ, ဆရာ-ဆရာမများ, ကျောင်းသားမိဘများ, ကျောင်းသူကျောင်းသားများတို့က ၄-ဘက် ၄-တန်မှ ကြိုးစားပြုပြင်ကြမှသာ နောင်အနာဂတ် တိုင်းပြည်တာဝန်ကို ထမ်းဆောင်နိုင်မယ့် လူတော်တွေ ထွက်ပေါ်လာစရာ ရှိပါတယ်၊ မမှန်မကန် ကြိုးစားမှုတွေကို အချိန်မီ မပြုပြင်နိုင်ပါက နောင်တိုင်းပြည်တာဝန်ကို ထမ်းဆောင်နိုင်မယ့် လူတော်လူကောင်းတွေ ထွက်ပေါ်မလာဘဲ လူရော်လူညံ့တွေချည်းသာ ထွက်ပေါ်လာစရာ ရှိပါတယ်။

စီးပွားရေးလုပ်တဲ့ အခါမှာလဲ ချိန်စဉ်းလဲမှု, ချင်အိုးချင်ခွက်စဉ်းလဲမှု-စတဲ့ အလုပ်တွေကို ရှောင်ကြဉ်ပြီး ချိန်မှန်, ချင်အိုးချင်ခွက်မှန်နဲ့သာ ရောင်းဝယ်မှုကို ပြုသင့်ပါတယ်၊ မတော်မတရား အမြတ်ကြိုးစားမှုမျိုးကိုလဲ မလုပ်သင့်ပါ၊ ရောင်းသူဝယ်သူ ၂-ဦး ၂-ဖက် မျှတအောင်သာ လုပ်သင့်ပါတယ်၊ ဒါ့အပြင်- ငွေရလွယ်ကူတယ်-ဆိုပြီး ဥပဒေဘောင်အပြင်က စီးပွားရှာမှုမျိုးကိုလဲ မလုပ်သင့်ပါ၊ ဥပဒေဘောင်အတွင်းကသာ လုပ်သင့်ပါတယ်၊ ဥပဒေဘောင်အတွင်းမှာလုပ်ပါက ကြိုးစားသလောက် အကျိုးရှိနိုင်သလို ဥပဒေဘောင်အပြင်မှ လုပ်ကိုင်ပါက ကြိုးစားသလောက် ဒုက္ခရောက်တတ်ပါတယ်၊ အကျိုးယုတ်လာတတ်ပါတယ်။

ဒီနေရာမှာ အခုပြောပြမယ့် ဗုဒ္ဓမြတ်စွာရဲ့ လမ်းညွှန်ချက်ကိုလဲ နှလုံးသွင်းသင့်ပါတယ်။

> မမှန်မကန် ဆုံးမထားတဲ့အတိုင်း လိုက်နာကြိုးစားသူတွေဟာ ဆင်းဆင်းရဲရဲ နေရတတ်ပါတယ်၊ ဘာ့ကြောင့်လဲ-ဆိုတော့ နည်းမမှန် လမ်းမကျပြောကြား ထားတဲ့အတွက်ကြောင့်ပဲ ဖြစ်တယ်။
>
> မှန်ကန်တိကျစွာ ညွှန်ကြားထားရာမှာ ပျင်းရိသူဟာ ဆင်းဆင်းရဲရဲ နေရတတ်ပါတယ်၊ ဘာ့ကြောင့်လဲ-ဆိုတော့ မှန်မှန်ကန်ကန် လမ်းညွှန်ထားတဲ့အတွက်ကြောင့်ပါပဲ။
>
> မမှန်မကန် ဆုံးမထားရာမှာ ပျင်းရိသူဟာ ချမ်းသာစွာ နေရတတ်ပါတယ်၊ ဘာ့ကြောင့်လဲ-ဆိုတော့ မမှန်မကန် ဆုံးမထားတဲ့အတွက်ကြောင့်ပါပဲ။
>
> မှန်ကန်တိကျစွာ ညွှန်ကြားထားရာမှာ ကြိုးစားအားထုတ်သူတွေဟာ ချမ်းသာစွာ နေရပါတယ်၊ ဘာ့ကြောင့်လဲ-ဆိုတော့ မှန်ကန်တိကျစွာ ညွှန်ကြားထားတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ [၁]

၁။ အံ-၁၊ ၁၆။

http://www.dhammadownload.com

ပစ္စန္တ ရာဇ်မင်း ။ ဝိရိယနှင့်စပ်လို့ အတော်များများ ပြောလာခဲ့ပါတယ်၊ ဒါပေမယ့် ဆင်ကန်းတောတို့ အကျိုးမများလှ ဉာဏ်မပါတဲ့ ဝိရိယကို ပြောလိုတာ မဟုတ်ပါ၊ စဉ်းစားဆင်ခြင်ဉာဏ် တွဲယှဉ်ပါလာတဲ့ ဝိရိယကိုသာ ပြောလိုတာ ဖြစ်ပါတယ်။

၁။ ကံ-ဆိုတဲ့ အလုပ်ကောင်းခြင်း,
၂။ စဉ်းစားတွေးခေါ်ဉာဏ်ရှိခြင်း,
၃။ လုံ့လဝိရိယရှိခြင်း-

ဒီတရား ၃-မျိုးနှင့် ပြည့်စုံသူတစ်ယောက်ဟာ လောကီမှာရော, လောကုတ္တရာမှာရော အထက်တန်းကို ရောက်နိုင်ပါတယ်။

ပစ္စန္တ ရာဇ်မင်းတစ်ပါးမှာ စစ်တပ်အင်အားက သေးငယ်လှပါတယ်၊ စစ်သားသူရဲ တစ်ထောင်မျှသာ ရှိပါတယ်၊ တိုင်းပြည်ကလဲ သေးငယ်လှပါတယ်၊ ဒါပေမယ့် အဲဒီမင်းရဲ့အသိဉာဏ်ကတော့ ကြီးမားလှပါတယ်၊ ဇမ္ဗူဒီပ်တစ်ကျွန်းလုံးကို သိမ်းယူမယ်-ဆိုတဲ့ အကြံနဲ့ နိုင်ငံချင်းနီးစပ်နေတဲ့ မင်းတစ်ဦးထံသို့ တမန်စေလွှတ်လိုက်ပါတယ်၊ အဲဒီနောက်မှာ အမတ်တွေကို အစည်းအဝေးခေါ်ပြီး ပြောပြပါတယ်။

"ငါက သင်တို့ကို မတိုင်ပင်ဘဲ အလျင်စလို လုပ်ခဲ့တယ်၊ နိုင်ငံချင်း စပ်နေတဲ့ မင်းထံကို ၇-ရက်အတွင်း တိုင်းနိုင်ငံကို ပေးအပ်မယ်လား ?, စစ်တိုက်မယ်လား ?-လို့ တမန်စေလွှတ်ခဲ့ပါတယ်၊ အခု ဘာလုပ်သင့်သလဲ ?။

"အဲဒီတမန်ကို ပြန်မခေါ်နိုင်တော့ဘူးလား အရှင်မင်းမြတ် ?"။

"မခေါ်နိုင်တော့ဘူး၊ ဒီလောက်ဆိုရင် ရောက်ပြီးဖြစ်ရော့ပေါ့"။

"ဒါဖြင့်ရင် အကျွန်ုပ်တို့ အကုန်လုံး ပျက်စီးကြရတော့မှာပဲ"။

"သူများလက်နက်နဲ့ သေရတာက ဆင်းရဲလှပါတယ်၊ အချင်းချင်းသတ်သေကြစို့ရဲ့၊ ကိုယ့်ကိုကိုယ် သတ်သေကြစို့ရဲ့၊ ကြိုးဆွဲချသေကြစို့ရဲ့၊ အဆိပ်စား သေကြစို့ရဲ့"။

ဒီလိုအစရှိတဲ့နည်းတွေနဲ့ တစ်ယောက်တစ်မျိုး သေခြင်းကိုသာ ချီးမွမ်းပြောဆိုနေကြတဲ့ အမတ်တွေရဲ့စကားကို ကြားရတဲ့အခါ ရှင်ဘုရင်က နောက်ထပ်ပြောဆိုပြန်တယ်။

"ဒီလိုသေခြင်းမျိုးတွေနဲ့ သေရတာ ဘာအကျိုးရှိမလဲ ?၊ ရဲဘော်တို့ ! ငါရဲ့သူရဲကောင်းတွေ ရှိနေတယ် မဟုတ်လား ?"။

ရှင်ဘုရင်ရဲ့စကား ဆုံးသွားတယ်-ဆိုရင်ပဲ အရှင်မင်းမြတ် ! ကျွပ်ဟာ သူရဲကောင်းပဲ၊ ကျွပ်ကလဲ သူရဲကောင်းပဲ-လို့ အသီးအသီး ပြောဆိုပြီး သူရဲကောင်းတစ်ထောင်

၁။ သုတ္တနိ-၄-၁၊ ၁၀၈။

http://www.dhammadownload.com

ပေါ်ထွက်လာပါတယ်၊ ရှင်ဘုရင်က သူတို့ကို စုံစမ်းလိုတာနဲ့ မီးပုံကြီးတစ်ပုံကို အလုပ်ခိုင်းထားပြီး ပြောပါတယ်။–

"ရဲဘော်တို့ ! အလျင်စလို ငါက ဒီအလုပ်မျိုးကို လုပ်ခဲ့ပါတယ်၊ ဒီအလုပ်ကို အမတ်တွေက ကန့်ကွက်ကြပါတယ်၊ ငါက မီးပုံကြီးထဲကို ဝင်ရတော့မယ်၊ ဘယ်သူတွေက ငါနှင့်အတူ လိုက်ကြမလဲ ?၊ ဘယ်သူတွေက ငါ့အတွက် အသက်စွန့်ကြမလဲ ?"။

ဒီစကားကို ကြားရတဲ့အခါ "ကျုပ်တို့က ဝင်လိုက်မယ်၊ ကျုပ်တို့က ဝင်လိုက်မယ်" ဆိုပြီး စစ်သား ၅၀၀–ပေါ်ထွက်လာပါတယ်၊ အဲဒီအချိန်မှာပဲ ရှင်ဘုရင်က အခြား စစ်သား ၅၀၀–ကို မေးပါတယ်။

"ရဲဘော်တို့ ! သင်တို့တစ်တွေကော အခု ဘာလုပ်ကြမလဲ ?"။

"အရှင်မင်းမြတ် ! ဒီလို မီးပုံကြီးထဲကို ဆင်းသေခြင်း–ဆိုတာဟာ ယောကျ်ားတွေရဲ့အမူအရာ မဟုတ်ပါ၊ မိန်းမတွေရဲ့အမူအရာမျှသာ ဖြစ်ပါတယ်၊ အမှန်ကတော့ အရှင်မင်းမြတ်တို့က တမန်စေလွှတ်ထားတဲ့ ရန်သူမင်းနှင့် ဘက်ပြိုင်စစ်တိုက်ပါ့မယ်၊ တိုက်ရင်းခိုက်ရင်း သေချင်သေ, ရှင်ချင်ရှင်ပေါ့၊ ဒါကသာ ယောကျ်ားတွေရဲ့အလုပ် ဖြစ်ပါတယ်"။

ဒီစကားကို ကြားရတော့ ရှင်ဘုရင်က သင်တို့ကသာ ငါ့အတွက် အသက်ကိုစွန့်ပြီး သူတွေ ဖြစ်ကြတယ်–ဆိုပြီး အင်္ဂါ ၄–ပါးရှိတဲ့ စစ်တပ်ကို စုစည်းလိုက်ပါတယ်၊ စစ်သားတစ်ထောင် ခြံရံကာ နယ်စပ်ကိုသွားရောက် တပ်စွဲနေထိုင်ပါတယ်။

နယ်စပ်မင်းကလဲ အဲဒီသတင်းစကားကို ကြားရတဲ့အခါ "အချင်းတို့ ! အဲဒီ မင်းသိမ်မင်းနုတ်ကလေးဟာ ငါရဲ့ကျွန်နှင့်တောင်မှ မဖက်ပြိုင်နိုင်လောက်ပါဘူး"လို့ အမျက်ထွက်ပြီး ဗိုလ်ပါအပေါင်းကို ခေါ်ယူကာ စစ်တိုက်ထွက်လာခဲ့ပါတယ်။

ပစ္စန္တ ရာဇမင်းကလေးက အဲဒီနယ်စပ်မင်း ချီတက်လာတာကို တွေ့ရတဲ့အခါ သူ့စစ်တပ်ကို အမိန့်ပေးပါတယ်။

"ရဲဘော်တို့ ! သင်တို့တစ်တွေဟာ အရေအတွက် မများလှပါဘူး၊ စုစုစည်းစည်းနဲ့ သံလျက်နှင့်ကာကိုကိုင်ပြီး အဲဒီ ဘက်ပြိုင်လာတဲ့မင်းရဲ့ရှေ့ကို ဖြောင့်ဖြောင့်တန်းတန်း တစ်ရှိန်ထိုး ချီတက်ကြရမယ်"။

ပစ္စန္တ ရာဇမင်းက အမိန့်ပေးတဲ့အတိုင်း သူ့ရဲဘော်တွေက အတင်းဒလကြမ်း တစ်ရှိန်ထိုး ချီတက်ကြပါတယ်၊ အဲဒီလို ချီတက်တဲ့အခါ နယ်စပ်မင်းရဲ့စစ်တပ်က ၂–ဖို့ကွဲပြီး အပေါက်အကြားကို ပေးပါတော့တယ်၊ ပစ္စန္တ ရာဇမင်းရဲ့ ရဲဘော်တွေက နယ်စပ်

http://www.dhammadownload.com

မင်းကို လက်ရဖမ်းယူကြပါတယ်၊ မင်းကိုယ်တိုင် အဖမ်းခံရတယ်–ဆိုရင်ပဲ သူ့ရဲ့ စစ်သားတွေက ထွက်ပြေးသွားကြပါတော့တယ်။

ပစ္စန္တ ရာဇမင်းကလေးက သူ့ကို သတ်မယ်–လို့ ရှေ့ကပြေးလာခဲ့ပါတယ်၊ နယ်စပ်မင်းက သူ့ကို ဘေးမဲ့ပေးရန် တောင်းပန်ပါတယ်၊ ပစ္စန္တ ရာဇမင်းကလေးက ဘေးမဲ့ပေးပြီး သစ္စာရေတိုက်ကာ ကိုယ့်ဘက်သား ပြုလုပ်ထားပါတယ်၊ အဲဒီနယ်စပ်မင်းနှင့်အတူ ချီတက်ပြီး အခြားနိုင်ငံတွေကိုလဲ သိမ်းယူခဲ့ပါတယ်၊ အဆုံးမှာ ဗာရာဏသီမင်းကိုလဲ လက်ရဖမ်းယူခဲ့ပါတယ်။

သူက ၁၀၁–ပါး မင်းအများ ခြံရံကာ ဇမ္ဗူဒီပ်တစ်ကျွန်းလုံးမှာ မင်းပြုနေရင်း စဉ်းစားကြံစည်နေပါတယ်။–

> "ငါဟာ ရှေးတုန်းကတော့ မင်းကလေးမျှသာ ဖြစ်ခဲ့တယ်၊ ဥာဏ်နှင့် ပြည့်စုံတဲ့အတွက် ဇမ္ဗူဒီပ်တစ်ကျွန်းလုံးကို အစိုးရသူဖြစ်လာခဲ့တယ်၊ အမှန်ကတော့ ငါရဲ့အဲဒီဥာဏ်ဟာ လောကီဝိရိယနှင့်ယှဉ်တဲ့ ဥာဏ်မျှသာ ဖြစ်တယ်၊ ငြီးငွေ့ရန်လဲ မဖြစ်ဘူး၊ ရာဂကင်းရန်လဲ မဖြစ်ဘူး၊ ငါဟာ ဒီဥာဏ်နဲ့ လောကုတ္တရာတရားကို ရှာရရင် ကောင်းမှာပဲ"။

ဒီလို ကြံစည်မိတယ်–ဆိုရင်ပဲ ဗာရာဏသီမင်းအား တိုင်းနိုင်ငံကို လွှဲအပ်လိုက်ပါတယ်၊ သားမယားတွေကိုလဲ ကိုယ့်နေရပ်ကိုပဲ ပြန်ပို့ခိုင်းပါတယ်၊ သူကိုယ်တိုင်ကတော့ ရသေ့ရဟန်းပြုလုပ်ပြီး ဝိပဿနာကို ပွားများအားထုတ်တဲ့အခါ ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြုသွားပါတယ်။

အဲဒီပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြုပြီးတဲ့နောက်မှာ မိမိရဲ့ဝိရိယနှင့် ပြည့်စုံပုံကို ထင်ရှားပြလျက်– ဥဒါန်းစကား ကျူးရင့်မြွက်ကြားတော်မူပါတယ်။

> "ငါဟာ နိဗ္ဗာန်သို့ရောက်ရန် အားထုတ်လုံ့လဝိရိယရှိသူ, မတွန့်ဆုတ်တဲ့ စိတ်ရှိသူ, မပျင်းရိသူ, ခိုင်မြဲသောအင်္ဂါ ၄–ပါးနှင့် ပြည့်စုံတဲ့ ဝီရိယရှိသူ, ခိုင်မြဲတဲ့ ကိုယ်အားဉာဏ်အားရှိသူဖြစ်လျက် ကြံ့ချုပမာ တစ်ဦးတည်း လှည့်လည်နေရပါတော့တယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

ညွန်တဏှာဝ, သံသာရမှ, ထွက်ရလွယ်ကြောင်း, ရည်ဆုတောင်း၍, ထိန်းကျောင်းကိုယ်နှတ်, ဥပုသ်သီတင်း, ခြိုးခြံခြင်းဖြင့်, ဖြောင့်စင်းစွဲသုံး, နှလုံးမကျန်း, ကျင့်တန်းမှန်စွာ, ဆောင့်စည်းရာ၏။

ဒီလို မုံရွေးဆရာတော်က တပမင်္ဂလာရဲ့ သဘောအဓိပ္ပာယ်ကို မြွက်ဆိုထားပါတယ်။

http://www.dhammadownload.com

အဓိပ္ပာယ် တဏှာ–ဆိုတဲ့ ညွှန်စေးရဲ့ ဝင်ပေါက်သဖွယ်ဖြစ်တဲ့ ခန္ဓာ, အာယတန, ဓာတ်တွေရဲ့ မပြတ်ဖြစ်ရာ သံသရာမှ ထွက်မြောက်ရရန် ရည်သန်ဆုတောင်းပြီး ကိုယ့်နှုတ်ကို ထိန်းသိမ်းစောင့်ရှောက်ကာ ဥပုသ်သီတင်းကို ခြိုးခြံဖြောင့်မတ်စွာ ကျင့်သုံးမှု, သိမ်မွေ့နူးညံ့တဲ့ စိတ်နှလုံးရှိပြီး မှန်ကန်စွာ ကျင့်သုံးစောင့်စည်းမှုဟာ တပမဂ်လာ မည်ပါတယ်။

ဒု!အပြင်–

အစတည်ဘိ, ပါတိမောက္ခ, သတိမ–လျက်, ဉာဏအညီ, ခန္ဓီဝိရိယ, သံဝရ–ဟု, ဓမ္မအပြား, ထိုင်းပါးတွင်, ရှေ့ဖျားဖော်ထုတ်, ပါတိမုက်ကား, ပေါင်းစုတ်များဝိုလ်, အကုသိုလ်မှ,ကိုယ်နှုတ်နှလုံး, လွတ်အောင်သုံး၏၊ ပေါင်းရုံးခြောက်ခု, စက္ခုဣန္ဒြိယ, စသည်မပြတ်, စောင့်စည်းတတ်၍, မည်မှတ်သတိ, သဘောရှိ၏၊ ကြီးဘိဉာဏ်ပုံ, စိုးမိုးခြိုလျက်, လေးစုံပစ္စည်း, သိမ်းဆည်းသန်လှ, ဉာဏသံဝရ, သဘောပြ၏၊ ချမ်းမြပူဆာ, တွေ့သောခါ၌, နှစ်ဖြာအပြီ, စံချင်းညီ၍, ခန္ဓီ မည်မှတ်, မယွင်းချွတ်တည့်၊ ဖြစ်တတ်ရာရာ, ကာမာဝိတက်, နှစ်သက်မြူးစံ, မကြဲစပါ, သုဒ္ဓါဖီဝ, ဝိရိယ–ဟု, သံဝရငါးပါး, သဘောပြား၏။ [၁]

လူပျင်းတို့သွေး, ကျင့်မှုရေးကား, အေးလည်းအေးဟူ, ပူလည်းပူစွ, ညလည်းညသော, စောလည်း စောစွာ, ဆာလည်းဆာနှင့်, ဝပါတုံလျင်း, ဝမ်းတောင့်တင်းဟု, အပျင်းဖို့သာ, ယိုးမယ်ရှာ၍, လိုရာကိစ္စ, မပြုရဘူး။ [၂]

လုပ်မှု လမ်းသွား, နှစ်ပါးနှင့်စပ်, ပြုအပ်ပြုစ, ဆွမ်းမရနှင့်, ဆွမ်းရနှစ်ကွဲ, နာဆဲပျောက်စ, ကုသိတ–ဟု, အဋ္ဌင်း, ဤရှစ်ကြောင်းကို, ပယ်ရှောင်းစွန့်ထ, အာရဒ္ဓဖြင့်, လုံ့လဝတ္ထု, အားထုတ်မှုတည့်။ [၂]

မရှိလုံ့လ, ပျင်းပိုးထသော်, သုတပညာ, ဘယ်ရပါလိမ့်, ဝိဇ္ဇာသိပ္ပ, တတ်မရမှု, ဓနဥစ္စာ, ဘယ်ကလာခဲ့, ဥစ္စာမရှိ, ဖြစ်တုံဘိက, မိမိမိတ်ဆွေ, ဘယ်ရချေအံ့၊ မရေမရာ, မိတ်မရှာမှု, ချမ်းသာလွေ့လွေ့, ဘယ်မှာတွေ့အံ့၊ မပြေ့သုခ, ပူပန်ကတုံ, ပုညကုသိုလ်, ဘယ်လိုဖြစ်အံ့၊ ကျမ်းဆိုအဟုတ်, ကောင်းမှုယုတ်က, ဝိသုဒ္ဓိမည်, နိဗ္ဗာန်ပြည်သို့, သာကြည်ထုတ်ချောက်, ဘယ်မှာရောက်အံ့၊ ရှေ့နောက်မြော်တင်း, နှလုံးသွင်းလျက်, မပျင်းရိသာ, လုံ့လရာ၏။ [၃]

အနှစ်ဘဏ္ဍာ, ဥစ္စာလိုလျှင်း, မရိပျင်းနှင့်, အပျင်းကြီးလစ်, သူကျွန်ဖြစ်၏။ [၄]

၁။ ဓမ္မရာသိ–၂၅။ ၂။ မဃဒေဝ–၄၃၂။ ၃။ သားရွေဥ–၁၆။ ၄။ ဩဝါဒထူး–၁၁။

http://www.dhammadownload.com

ကြံကြံစည်စည်, လူတို့ပြည်တွင်, ကျင်လည်ရာရာ, ဥစ္စာရှာဆည်း, ရေကြည်း ပတ်လျှောက်, ရောင်းဖောက်ကစား, စီးပွားမြတ်ခြင်း, တင်းတင်းစားစား, သွားလားငြင်ငြိ, ထိုထိုအမှု, ပြုပြုသမျှ, ကံကိစ္စ၌, မိန်းမယောကျ်ား, စိတ်သွား သော့လျှောက်, မရောက်တချို့, ရောက်တချို့နှင့်, ကိုယ့်ဖို့ပြည့်စုံ, မကုံလည်းရှိ, ကုံလည်းရှိ၏၊ မမိလည်းဖမ်း, မိလည်းဖမ်းလျက်, ကိုယ်စွမ်းအားကိုး, ဆော်ပင့် နှိုးက- - - -ကောင်းကျိုးရှိရာစမြဲတည်း။ [၁]

စီးပွား–ဟူက, အားထုတ်မှသာ, ရမြဲရာတည့်၊ ကြံကာ မတွ, မလုံလဘဲ, မရမြဲ–ဟု, ဝမ်းထဲယူငင်, နှလုံးထင်နှင့်----သင်တို့တကာ, မှတ်ကုန်ရာတည်း။ [၂]

ဝိရိယာရမ္ဘ, ပြုကြသင့်စွာ, ရောက်သောခါ၌, ငါကားမုချ, မြတ်လုံလကို, ပြုရလိုက်သော်, အလျော်ထိုက်စွာ, ဆင်းရဲပါလည်း, များစွာခံရ, ထိုဒုက္ခမှ, လွတ်ထလိမ့်မည်, စိတ်ရည်အာသာ, ရှိသင့်စွာ၏၊ ပညာနှင့်ချင့်, ပြုခွင့်တော်မည်, မတော်မည်ကို, ကြဲစည်နိုင်ဘိ, မြတ်ပဏ္ဍိကား, မြတ်ဝိရိယ, ပြုကြသဖြင့်, ကျိုးမြတ်မြင့်ကို, ရခွင့်မထင်, မပြုချင်–ဟု, ဆန့်ကျင်သမှု, စိတ်နုကပ်ကာ, အာသာဖြတ်ခြင်း, မရှိလျှင်းလင့်။ [၃]

လူခွင်ပေါက်ပြ, တောဇရိုက်ချုန်း, ရှေးဘုန်းရှေးကံ, အကြံဝိရိယ, နှစ်ပါးမျှ၍, ယောကျ်ားလက္ခဏာ, ဉာဏ်ပညာဖြင့်, မိုးမှာကြယ်ကို, ဆွတ်သောဆိုစ၏။ [၄]

လုံလမထူ, ဉာဏ်မကူဘဲ, အယူတချောင်း, ကံတကြောင်းမျှ, မကောင်း လည်းကံ, ကောင်းလည်းကံ–ဟု, ကံကိုချည်းသာ, မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်, သင့်မသင့်ကို, အခွင့်ရှု၍, အပြုလုံလ, ရှိအပ်စွတည့်။ [၅]

ကံမွဲဉာဏ်နဲ့, မလုံမလ, နတ်မမာဘူး၊ အလသမျိုး, အကျိုးယွင်းယို, အလို ရော့ရည်း, မကျော့ကျည်းနှင့်၊ ကိုယ်လည်းလုံလ, နတ်လည်းမ၍, တောင့်တ ကြံရာ, မြန်မကြာလျှင်, လွယ်ကာကိစ္စ, ပြီးနိုင်ကြ၏၊ စိတ်ကလျော့လျော့, အားမလျှော့နှင့်။ [၆]

လောကထုံးစံ, လောကဓံကား, မကြဲလည်းဖြစ်, ကြဲမဖြစ်ဘူး၊ အားသစ် ၍သာ, ပြုအပ်စွာကို, ဝါယာမချ, ပြုအပ်လှရှင့်။ [၇]

မကြိုးမကုတ်, အားမထုတ်မူ, လူမလုံလ, နတ်မမတည့်၊ ပယောဂစက်, ပျက်သည်သူအား, လူကိုထား၍, ဘုရားသော်မှ, ကယ်မရဘူး။ [၈]

၁။ ဇနက–၄၁။ ၂။ ၄င်း–၈၇။ ၃။ မဟာသီလဝ–၁၇၀။
၄။ ဥတိန္ဒ–၇၃။ ၅။ မဃဒေဝ–၂၄၅။ ၆။ ၄င်း–၂၄၉။

http://www.dhammadownload.com

လေးပါးမျိုးမည်, လူတို့ပြည်၌, အရှည်စီးပွား, များကြောင်းကြောင်းလျှင်, သူကောင်းမျိုးနွယ်, သူကြွယ်တခြား, ပုဏ္ဏားတသီး, မင်းကြီးတကွဲ, သူဆင်းရဲတို့, အမြဲစဉ်တိုက်, အလိုက်အလိုက်, မိရိုက်ဘရာ, တတ်အပ်စွာသား, လယ်ယာကုန်သွယ်, ကြွေးဆယ်မြီချ, စသည်ထွေပြား, အတတ်များကို, သွေးသားလူလူ, တတ်ချင်မူဖြင့်, ပြင်းထူလုံ့လ, ငယ်သော်ကလျှင်, မထပျင်းပိုး, တတ်အောင်ကြိုး၍, နှံကျိုးသေချာ, သင်ကုန်ရာသည်- - - -တံထွာလူတို့ စရိုက်တည်း။ [၁]

ယောကျ်ားဘွယ်ရာ, စီးပွားရှာသော်, ကမ္မာဆုံးအောင်, များမြောင်အသက်, ဆက်၍စားမည်, စိတ်သန်ရည်လျက်, တည်တည်ပပ, ကြိုးလုံ့လ၍, စီးပွား အရာ, ပြုအပ်စွာရှင့်။ [၂]

လုံ့လပင်စည်, အရင်းတည်လျက်, ခက်ရှည်ပညာ, ချမ်းသာအသီး, ကြီးစေရွေ့ရွေ့။ [၃]

မြတ်ခွင့်ဖော်ပြ, ဤလောကတွင်, လုံ့လဟူသည်, ပင်မစည်လျက်, ချို့ရည်ရသာ, နက်နဲစွာသား, ပညာအသီး, ရှိတပြီးကား, ပွားစီးစည်းစိမ်, ချမ်းသာငြိမ်လိမ့်၊ ဂုဏ်သိရ်တန်ခိုး, နေ့တိုင်းတိုး၍, အကျိုးလုံ့လ, ထကြွမမူ, အပျင်းထူသည်, ညွှန့်လူသိုက်သိုက်, အပင်၌လျှင်, အမိုက်မှန်လှ, မောဟအသီး, ရှိတပြီးကား, နေငြိုးစရာ, ဆင်းရဲစွာ၏၊ ပူဆာကြောက်စိုး, သရေညှိုးလိမ့်, နှည်းခိုးသဖြင့်, ဉာဏ်နှင့်ချင့်၍, ကြီးမြင့်လုံ့လ, ဝီရိယနှင့်, ဗလပညာ, သိစေရာသည်- - - -ရတနာမျက်ရှ သားရွှေ။ [၄]

လုံ့လအပ်စွာ, အရာရာ, ကံသာမရိုးနှင့်၊
လုံ့လနှင့်ကံ, မျှအောင်ကြဲ, ဉာဏ်မလွတ်ကြနှင့်၊
လုံ့လအရာ, ဘယ်အခါ, ပညာမကင်းကြစေနှင့်၊
ပညာဟူသည်, အရင်းတည်, ကြံစည်မကင်းကြစေနှင့်၊
ပညာနှိုင်းညှိ, ကြံခွင့်ရှိ, သတိမလစ်ကြစေနှင့်၊
သတိနှင့်ပြု, အမှုမှု, တစ်ခုမလစ်ဟင်းစေနှင့်။ [၁]

လူမှုရေးရာ, အဖြာဖြာ၌, လိမ္မာသိစေ, တတ်ကြောင်းဖွေ၍, မနေကြိုးကုတ်, အားအန်ထုတ်လျက်, မယုတ်စေထ, ဝီရိယနှင့်, လုံ့လပင်ခိုင်, သံကျောက်တိုင်သို့, ခက်ဆိုင်ပညာ, ချို့မြက်စွာသား, ချမ်းသာသီးပွင့်, ထူးတက်မြင့်တည့်။ [၆]

၁။ ရွှေဟသ်ံမင်း-၇၅။ ၂။ သုတမဋ္ဌသာ-၃၃။ ၃။ ၄င်း-၁၅။
၄။ သားရွှေ-၂၇။ ၅။ သုတရတနာ။ ၆။ မာတောဝါဒ-၁၁

http://www.dhammadownload.com

သံတိုင်ကျောက်တိုင်ကဲ့သို့ခိုင်သော ပင်လုံးပင်စည်နှင့်တူသော လုံ့လကို ခိုင်မြဲစေလျက်, အကိုင်းအခက်နှင့်တူသော ဉာဏ်ပညာနှင့်ယှဉ်၍ပါလျှင် ချိုမြက်သော အသီးအပွင့်နှင့်တူသော စည်းစိမ်ချမ်းသာသည် အထူးဖြစ်ထွန်းတတ်၏။ [၁]

ဒီလိုလဲ မိန့်ဆိုကြပါသေးတယ်။

၃၂။ ဗြဟ္မစရိယဆို

[ဗြဟ္မံ စရိယံ-ဗြဟ္မစရိယံ။ ဗြဟ္မံ-မြတ်သော၊ စရိယံ-အကျင့်တည်း၊ ဗြဟ္မစရိယံ-မြတ်သောအကျင့်။] ဗြဟ္မစရိယ-ဆိုတာ မြတ်သောအကျင့်ပဲ ဖြစ်တယ်၊ အဲဒီ မြတ်တဲ့အကျင့်ကို အဋ္ဌကထာဆရာတွေက--

ဒါန, ဝေယျာဝစ္စ, ပဋ္ဌသီလ, အပ္ပမညာ, မေထုန်မှရှောင်ကြဉ်ခြင်း, မိမိမယားနှင့်ရောင့်ရဲခြင်း, ဝိရိယ, ဥပုသ်အင်္ဂါ, အရိယမဂ်, သာသနာ, သမဏဓမ္မ-ရဟန်းတရား။

ဒီလို ၁၁-ပါး ပြဆိုထားကြပါတယ်၊ အဲဒီ ၁၁-ပါးထဲက ဒါနဟာ ဒါနမင်္ဂလာထဲမှာ ပါပြီးဖြစ်ပါတယ်။

ဝေယျာဝစ္စနှင့်ဥပုသ်တို့က အနဝဇ္ဇမင်္ဂလာမှာ ပါဝင်ပြီးဖြစ်ပါတယ်။

ပဋ္ဌသီလနှင့် မိမိမယားနှင့်ရောင့်ရဲခြင်းတို့က ပါပဝိရတိမင်္ဂလာထဲမှာ ပါဝင်ပြီးဖြစ်ပါတယ်။

ဝိရိယက တပမင်္ဂလာထဲမှာ ပါဝင်ပြီး ဖြစ်ပါတယ်။

အပ္ပမညာက ခန္တီမင်္ဂလာထဲမှာ ပါဝင်ပြီး ဖြစ်ပါတယ်။

ဒါကိုပဲ ရှင်းပြပါဦးမယ်၊ ခန္တီ-ဆိုတာက အဘိဓမ္မာသဘောနဲ့ အဒေါသပဲ ဖြစ်ပါတယ်၊ အဒေါသ-ဆိုတာဟာလဲ မေတ္တာပဲ ဖြစ်ပါတယ်၊ အဲဒီမေတ္တာနဲ့ ကရုဏာ, မုဒိတာ, ဥပေက္ခာ-ဆိုတဲ့ အပ္ပမညာ ၃-ပါးကိုပါ ယူသင့်ပါတယ်၊ မုံရွေးဆရာတော်ဘုရားက ဗြဟ္မစရိယမင်္ဂလာအရ ဗြဟ္မဝိဟာရတရား ၄-ပါးကိုပဲ ယူတော်မူပါတယ်၊ နောက်မှာ တွေ့ရပါလိမ့်မယ်။

အရိယမဂ်က နောက်အရိယသစ္စာနဒဿနမင်္ဂလာထဲမှာ ပါဝင်နိုင်ပါတယ်။

ဒါ့ကြောင့် ဗြဟ္မစရိယ-အရ မေထုန်မှမှရှောင်ကြဉ်ခြင်း, သာသနာ, ရဟန်းတရား-ဆိုတဲ့ ၃-မျိုးကိုသာ ယူရပါတော့တယ်၊ ဒီဗြဟ္မစရိယဟာ အထက်အထက်မှာ

၁။ လုံးတော်ဆရာတော်။

http://www.dhammadownload.com

အမျိုးမျိုးသော တရားထူးကိုရခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် ကြီးပွား ချမ်းသာရေး အစစ် မင်္ဂလာဖြစ်ပါတယ်။

မေထုန်မှုမှ ရှောင်ကြဉ်ခြင်း

ဗြဟ္မစရိယ–အရ ယူရမယ့် ၃–မျိုးထဲက သာသနာနှင့် ရဟန်းတရားတို့ကို မပြဆိုတော့ဘဲ မေထုန်မှုမှရှောင်ကြဉ်ခြင်းတစ်မျိုးကိုသာ ပြဆိုသွားပါတော့မယ်၊ မေထုန်မှု–ဆိုတာက တပ်ခြင်းတူတဲ့ မိန်းမ+ယောကျ်ား ၂–ဦးသားတို့ရဲ့အကျင့်ပဲ ဖြစ်ပါတယ်၊ အဲဒီ မေထုန်မှုကို ဘုရားအစရှိတဲ့ သူတော်ကောင်းတွေက ကဲ့ရဲ့ကြပါတယ်၊ ရွံရှာစက်ဆုပ်ကြပါတယ်။

> ကာမဂုဏ် မေထုန်မှုဟာ ယုတ်ညံ့လှတယ်၊ ရွာသူရွာသား လူအများတွေရဲ့ အကျင့်ဖြစ်တယ်၊ ရဟန်းသူတော်ကောင်းတွေရဲ့အကျင့် မဟုတ်ဘူး၊ ပုထုဇဉ်တွေရဲ့အကျင့်သာ ဖြစ်တယ်၊ အရိယာသူတော်ကောင်းတွေရဲ့အကျင့် မဟုတ်ဘူး၊ ကောင်းတဲ့အကျိုးစီးပွားနှင့် စပ်ယှဉ်တဲ့တရားလဲ မဟုတ်ဘူး။

ဒီလို ဓမ္မစက္ကပဝတ္တနသုတ်မှာ ဟောတော်မူထားပါတယ်၊ ဒါ့အပြင်–

> ကာမဂုဏ်တွေ–ဆိုတာဟာ သာယာဖွယ်နည်းပါး၊ ဆင်းရဲကသာ များလှပါတယ်၊ ပူဆွေးညှိုးမှိန် စိုးရိမ်ပင်ပန်းရခြင်းလဲ များလှပါတယ်၊ ဒီကာမဂုဏ်မှာ အပြစ်အနာအဆာတွေ ပေါများလှပါတယ်၊ ကာမကြောင့် ပူပန်သောက ရောက်ရပါတယ်၊ ကာမကြောင့် ဘေးဖြစ်ရပါတယ်။

ဒီလိုလဲ ဗုဒ္ဓမြတ်စွာက ဟောတော်မူထားပါတယ်၊ ဒီအကျင့်ယုတ်–ဆိုတဲ့ ကာမဂုဏ် မေထုန်မှုက ရှောင်ကြဉ်နိုင်ရင် ဗြဟ္မစရိယ–ဆိုတဲ့ အကျင့်မြတ်ကိုလဲ ကျင့်ပြီးဖြစ်ပါတော့တယ်။

ဒီကာမဂုဏ်ကို အကြောင်းပြုပြီး လူတစ်ယောက်နှင့်တစ်ယောက် မကြည်မသာ ဖြစ်လာတတ်ပါတယ်၊ တစ်အိမ်နှင့်တစ်အိမ် ကိုယ့်ထက်သာ မနာလို ဝန်တိုလာတတ်ပါတယ်၊ တိုင်းပြည်တစ်ခုနှင့်တစ်ခုလဲ ရန်စောင်နေကြပါတယ်၊ ဒါနဲ့ ကမ္ဘာကြီးတစ်ခုလုံးပဲ မငြိမ်မသက် ဖြစ်လာရပါတယ်။

ဒီလို ချမ်းသာနည်းပါး ဆင်းရဲဒုက္ခများလှတဲ့ ကာမဂုဏ်တွေကို တစ်ရက်စွန့်နိုင်ပါက တစ်ရက်ချမ်းသာသုခရနိုင်ပါတယ်၊ ၂–ရက်စွန့်နိုင်ပါက ၂–ရက်ချမ်းသာသုခရနိုင်ပါတယ်၊ တစ်ပတ်စွန့်နိုင်ပါက တစ်ပတ်ချမ်းသာသုခရနိုင်ပါတယ်၊ တစ်လစွန့်နိုင်ပါက တစ်လချမ်းသာသုခရနိုင်ပါတယ်၊ တစ်နှစ်စွန့်နိုင်ပါက တစ်နှစ်ချမ်းသာသုခရနိုင်ပါတယ်၊ တစ်သက်လုံးစွန့်နိုင်ပါက တစ်သက်လုံးချမ်းသာသုခရနိုင်ပါတယ်။

http://www.dhammadownload.com

ပိပ္ပလိနှင့် မယ်ဘဒ္ဒါ [၁]

ဒီနေရာမှာ ပုထုဇဉ်ဘဝနဲ့ ကာမဂုဏ်ကို ပယ်စွန့်ကာ ပန်းကုံးခြား အိပ်လာကြတဲ့ ဒုကူလနှင့်ပါရိကာ, ပိပ္ပလိနှင့်မယ်ဘဒ္ဒါတို့လို မကျင့်နိုင်ကြပေမယ့် သူတို့ကို အားကျကာ အတုခိုးနည်းယူပြီး ရက်အပိုင်းအခြားနဲ့ပဲဖြစ်ဖြစ်, လအပိုင်းအခြားနဲ့ပဲဖြစ်ဖြစ် ကျင့်နိုင်ကြစေရန် ပိပ္ပလိနှင့်မယ်ဘဒ္ဒါအကြောင်းကို ပြောပြပါဦးမယ်။

မဂဓတိုင်း မဟာတိတ္ထရွာသား ကပိလပုဏ္ဏားမှာ ပိပ္ပလိလုလင်–ဆိုတဲ့ သားတစ်ယောက် ရှိတယ်၊ ဘဒ္ဒတိုင်း သာဂလမြို့သား ကောသိယပုဏ္ဏားမှာ ဘဒ္ဒါ–ဆိုတဲ့ သမီးတစ်ယောက် ရှိနေပါတယ်၊ ပိပ္ပလိလုလင်က အသက် ၂၀–အရွယ်, ဘဒ္ဒါက ၁၆–နှစ်အရွယ်ရောက်လာတဲ့အခါ အိမ်ထောင်ပြုရန်အလိုမရှိကြတဲ့ သူတို့ ၂–ဦးကို မိဘတွေက ထိမ်းမြားလက်ထပ်မေးလိုက်ကြပါတယ်။

ထိမ်းမြားလက်ထပ်တဲ့နေ့မှာပဲ ပိပ္ပလိလုလင်က ပန်းကုံးတစ်ခုကို ယူထားပါတယ်၊ ဘဒ္ဒါကလဲ ပန်းကုံးတစ်ခုကို ယူထားပါတယ်၊ အဲဒီပန်းကုံး ၂–ခုကို အိပ်ရာအလယ်မှာ ထားကြပါတယ်၊ ညစာစားပြီးလို့ အိပ်ရာဝင်တဲ့အခါမှာ ပိပ္ပလိလုလင်က လက်ယာဘက်က အိပ်ပါတယ်၊ ဘဒ္ဒါက လက်ဝဲဘက်က အိပ်ပါတယ်၊ ပန်းညှိုးတဲ့ဘက်ကအိပ်သူမှာ ရာဂစိတ်ဖြစ်တယ်–ဆိုတာကို သိကြစို့ရဲ့၊ ပန်းကုံးကို မထိကြစတမ်း–လို့လဲ ကတိကဝတ်ပြုထားကြပါတယ်။

သူတို့ ၂–ဦးက တစ်ဦးရဲ့ကိုယ်ကိုတစ်ဦးက ထိမိမှာကို စိုးရိမ်တဲ့အတွက် တစ်ညလုံး အိပ်မပျော်ခဲ့ကြဘူး၊ နေ့ဘက်မှာလဲ တစ်ဦးနှင့်တစ်ဦး ပြိုးရယ်ရုံမျှကို တောင်မှ မပြုကြပါဘူး၊ သူတို့ ၂–ယောက်ဟာ ကာမဂုဏ်နှင့် မရောယှက်ကြဘဲ မိဘတွေထင်ရှားရှိနေသမျှ နေလာခဲ့ကြပါတယ်၊ မိဘတွေ ကွယ်လွန်သွားတဲ့အခါ သူတို့ ၂–ယောက်လုံးဟာ ရဟန်းပြုလိုတဲ့ စိတ်ဆန္ဒဖြစ်ပေါ်လာကြပါတယ်၊ ဘဝ ၃–ပါးက မီးစွဲလောင်နေတဲ့ မြက်မိုးအိမ်လို ထင်လာပါတယ်။

သူတို့ ၂–ယောက်က ဈေးထဲမှ ဖန်ရည်ဆိုးအဝတ်တွေနှင့် မြေသပိတ်တွေကို ဝယ်ယူခိုင်းထားကြပါတယ်၊ အချင်းချင်းခေါင်းရိတ်မှုကိုလဲ ပြုကြပါတယ်၊ အကုန်လုံး ကိစ္စပြီးတဲ့အခါ "လောကမှာရှိနေတဲ့ ရဟန္တာတွေကို ရည်စူးပြီး ငါတို့က ရဟန်းပြုပါတယ်"လို့ ပြောဆိုလျက် ဖန်ရည်ဆိုးအဝတ်ကို ဝတ်ဆင်ကြပါတယ်၊ သပိတ်ကို အိတ်မှာထည့်ပြီး ပခုံးမှာလွယ်ကြပါတယ်၊ ထို့နောက် ရှေ့ဆင့်နောက်ဆင့် အိမ်ပေါ်က ဆင်းလာကြပါတယ်၊ အိမ်ပေါ်မှာ ရှိနေကြတဲ့ ကျွန်အလုပ်သမားထဲက တစ်ဦးတစ်ယောက်ကမျှ မမှတ်မိလိုက်ကြပါ၊ ပိပ္ပလိက ရှေ့ကသွားနေရင်း နောက်ကို လှည့်ကြည့်မိတယ်-ဆိုရင်ပဲ–

၁။ မံ–၄–၁၊ ၁၃၇။

http://www.dhammadownload.com

ငါ့နောက်က လိုက်ပါနေတဲ့ ဒီဘဒ္ဒါဟာ ဓမ္မဒိပ်တစ်ကျွန်းထိုက်တန်တဲ့ မိန်းမမြတ် ဖြစ်တယ်၊ လူတစ်ဦးတစ်ယောက်က ဒီလူတွေဟာ ရဟန်းပြုပြီး တောင်မှ မခွဲခွာနိုင်ကြဘူး၊ ဒီလူတွေဟာ မသင့်တော်တဲ့အလုပ်ကို လုပ်နေကြတာပဲ-လို့ အထင်လွဲမှားစရာ ဖြစ်နေပါတယ်၊ ဒီလို ငါတို့အပေါ်မှာ အထင်လွဲမှား ပြောဆိုသူဟာ အပါယ်ကို ရောက်စရာ ရှိပါတယ်၊ ငါက ဒီဘဒ္ဒါကို စွန့်ခွာသွားသင့်တယ်။

ဒီလိုစိတ်မျိုး ဖြစ်ပေါ်လာပါတယ်၊ သူကရှေ့ကသွားရင်း ၂-ဖြာခွဲထွက်နေတဲ့ လမ်းဆုံကို တွေ့ရတဲ့အခါ အဲဒီလမ်းဆုံမှာ ရပ်နေပါတယ်၊ ဘဒ္ဒါလဲ နောက်က ရှိခိုးပြီး ရပ်နေပါတယ်၊ အဲဒီခဏမှာပဲ ပိပ္ပလိက ဘဒ္ဒါကို ပြောပါတယ်။-

"ဘဒ္ဒါ ! ငါ့နောက်က လိုက်လာတဲ့ သင်လိုမိန်းမတစ်ယောက်ကို တွေ့ရတဲ့ လူအပေါင်းက 'ဒီလူတွေဟာ ရဟန်းပြုပြီးတောင်မှ မခွဲခွာနိုင်ကြဘူး' လို့ ငါတို့အပေါ်မှာ စိတ်ပြစ်မှားမိရင် အပါယ်မှာဖြစ်စရာ ရှိနေတယ်၊ ဒီလမ်း ၂-ခုထဲက သင်က ကြိုက်ရာလမ်းကို ယူပါ၊ ငါက အခြားလမ်းနဲ့ သွားပါ့မယ်"။

"အရှင် ! ဒါဟာ အမှန်ပဲ ဖြစ်ပါတယ်၊ မာတုဂါမ-ဆိုတာဟာ ရဟန်းတွေရဲ့ အညစ်အကြေးပါပဲ၊ ရဟန်းပြုပြီးတောင်မှ မခွဲခွာနိုင်ကြဘူး-လို့ အကျွန်ုပ်တို့ရဲ့အပြစ်ကို မြင်ကြပါလိမ့်မယ်၊ အရှင်တို့က တစ်လမ်းကို ယူပါ၊ ကျွန်မကလဲ တစ်လမ်းကို ယူပြီး ခွဲကြစို့ရဲ့"။

ဘဒ္ဒါက ဒီလိုပြန်ပြောပြီး ၃-ကြိမ် လက်ယာရစ်လှည့်ပါတယ်၊ ၄-ဌာနတို့မှာ တည်ခြင်း ၅-ပါး၊ နဲ့ ရှိခိုးပါတယ်၊ အဲဒီနောက်မှာ မတ်တပ်ရပ်လက်အုပ်ချီကာ-

"အရှင်တို့ယောကျ်ားတွေ-ဆိုတာဟာ လက်ယာဇာတ်ရှိသူတွေ မည်ကြပါတယ်၊ အရှင်တို့အတွက် လက်ယာလမ်းက သင့်တော်ပါတယ်၊ မာတုဂါမတွေ-ဆိုတာက လက်ဝဲဇာတ်ရှိသူတွေ ဖြစ်ကြပါတယ်၊ ကျွန်မအတွက် လက်ဝဲလမ်းဟာ သင့်တော်ပါတယ်"။

ဒီလို ပြောဆိုရှိခိုးပြီး လက်ဝဲလမ်းကို ထွက်သွားပါတော့တယ်။

သူတို့ ၂-ယောက် လမ်းခွဲထွက်သွားတဲ့ အချိန်မှာပဲ ဒီမြေကြီးက "ငါဟာ စကြဝဠာတောင်, မြင့်မိုရ်တောင်တွေကို ဆောင်ထားနိုင်ပေမယ့် သင်တို့ရဲ့ဂုဏ်ကို ဆောင်မထားနိုင်တော့ပါဘူး"လို့ ပြောသလို အော်မြည်ကာ လှုပ်လာပါတော့တယ်၊ ကောင်းကင်မှာလဲ မိုးချုန်းသံလို ဖြစ်နေပါတယ်၊ စကြဝဠာတောင်လဲ ပဲ့တင်ထပ်သံကို ဖြစ်စေပါတယ်။

http://www.dhammadownload.com

ဗုဒ္ဓမြတ်စွာက ဝေဠုဝန်ကျောင်းတော် ဂန္ဓကုဋိတိုက်မှာ သီတင်းသုံးနေတော်မူရင်း မြေလှူပ်သံကို ကြားရလို့ ဆင်ခြင်တော်မူတဲ့အခါ ပိပ္ပလိလုလင်နှင့် ဘဒ္ဒါကာပိလာနီတို့ဟာ ငါဘုရားကို ရည်မှန်းပြီး အတိုင်းအရှည်မရှိတဲ့ စည်းစိမ်ကို ပယ်စွန့်ကာ ရဟန်းပြုလာခဲ့ကြတယ်၊ သူတို့လမ်းခွဲတဲ့နေရာမှာ သူတို့ ၂-ဦးလုံးရဲ့ ဂုဏ်စွမ်းအင်ကြောင့် ဒီမြေလှူပ်ခဲ့ရတာပဲ-လို့ သိတော်မူတာနှင့်တစ်ပြိုင်နက် ငါဘုရားကလဲ သူတို့ကို ချီးမြှောက်သင့်တယ်-လို့ ကြံစည်တော်မူပြီး သပိတ်သင်္ကန်းကို ကိုယ်တိုင်ယူကာ ဂန္ဓကုဋိတိုက်တော်မှ တစ်ပါးတည်း ထွက်ကြွလာခဲ့ပါတယ်၊ ၃-ဂါဝုတ်တိုင်အောင် ကြွရောက်ကြိုဆိုကာ ရာဇဂြိုဟ်မြို့နှင့် နာလန္ဒာမြို့ရဲ့အကြား ဗဟုပုတ္တကညောင်ပင်ရင်းမှာ ဘုရားအသွင်ကိုယူပြီး ရောင်ခြည်တော်တွေကိုလွှတ်ကာ တင်ပလ္လင်ခွေ ထိုင်နေခဲ့ပါတယ်။

ပိပ္ပလိက လက်ယာလမ်းကို လိုက်လာရင်း ဘုရားရှင်ကို တွေ့တယ်-ဆိုရင်ပဲ "ဒီသူဟာ ငါ့ဆရာဖြစ်လိမ့်မယ်၊ ငါက ဒီပုဂ္ဂိုလ်ကို ရည်စူးပြီး ရဟန်းပြုလာခဲ့တာပဲ"ဆိုတဲ့သဘောနဲ့ မြင်ရာအရပ်ကစပြီး ညွှတ်ကိုင်းလျက်သာ သွားပါတယ်၊ ၃-နေရာ ၃-ဌာနမှာ ရှိခိုးပါတယ်၊ "အရှင်ဘုရား ! အရှင်ဘုရားက အကျွန်ုပ်ရဲ့ဆရာဖြစ်ပါတယ်၊ အကျွန်ုပ်က တပည့်ဖြစ်ပါတယ်"လို့လဲ လျှောက်ထားပါတယ်။

> "ကဿပ ! သင်က ဒီလိုတုပ်ပျံကျိုးနွံမှုမျိုးကို မြေကြီးအား ပြုလုပ်ပါရင် မြေကြီးကတောင်မှ ခံနိုင်မယ် မဟုတ်ပါဘူး၊ ဘုရားရှင်ရဲ့ဂုဏ်တော် ကြီးကျယ်မြင့်မြတ်မှုကို သိနားလည်တဲ့အတွက် သင်ကပြုလုပ်တဲ့ တုပ်ပျံကျိုးနွံမှုဟာ ငါရဲ့မွေးညင်းကိုတောင်မှ မလှုပ်စေနိုင်ပါဘူး၊ ကဿပ ! ထိုင်တော့၊ သင့်အား အမွေကို အပ်နှင်းရတော့မယ်"။

ဗုဒ္ဓမြတ်စွာက ဒီလို အမိန့်ရှိပြီး ဩဝါဒ ၃-ပါးနဲ့ သူ့ကို ရဟန်းပြုပေးလိုက်ပါတယ်၊ အဲဒီလို ရဟန်းပြုပေးပြီးတဲ့အခါ ဘုရားရှင်က ဗဟုပုတ္တကညောင်ပင်အောက်က ထွက်ကြွလာခဲ့ပါတယ်၊ အရှင်ကဿပကလဲ ဘုရားရှင်ရဲ့နောက်တော်က လိုက်ပါလာခဲ့ပါတယ်၊ ဘုရားရှင်က လမ်းခရီးအကြား တစ်နေရာမှာ အရှင်မဟာကဿပနှင့် သင်္ကန်းလဲဝတ်မှုကို ပြုတော်မူပါတယ်။

အရှင်မဟာကဿပက ဘုရားရှင်ထံမှာပဲ ခုတင် ၁၃-ပါးကို ဆောက်တည်ပါတယ်၊ ပုထုဇဉ်ဘဝနဲ့ ၇-ရက်မျှသာ နေခဲ့ရပါတယ်၊ ၈-ရက်မြောက် အရုဏ်တက်ချိန်မှာ ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်ကို ရောက်တော်မူပါတယ်။

ဘဒ္ဒါကာပိလာနီက လက်ဝဲလမ်းကိုယူပြီး သွားတဲ့အခါ မာတုဂါမရဲ့ ရဟန်းအဖြစ်ကို ခွင့်မပြုရသေးတဲ့အတွက် ပရဗိုဇ်ကျောင်းတိုက်ကို ရောက်သွားပါတယ်၊

http://www.dhammadownload.com

မဟာပဇာပတိဂေါတမီက ရှင်ရဟန်းအဖြစ်ကို ရလာတဲ့အချိန်မှာ ဘဒ္ဒါကာပိလာနီက မဟာပဇာပတိဂေါတမီ–ထေရီရဲ့အထံမှာ ရှင်အဖြစ်, ရဟန်းအဖြစ်ကို ရလာခဲ့ပါတယ်၊ နောက်တစ်ချိန်မှာ ဝိပဿနာပွားများရင်း အရဟတ္တဖိုလ်ကို ရောက်လာခဲ့ပါတယ်။

ရွေးဆရာများရဲ့ အဆိုအမိန့်

လေးဖြာဗြဟ္မ, ဝိဟာရကို, သဗ္ဗသတ္တာ, သတ္တဝါပေါင်း, ပို့သွန်းလောင်း၍, လေးကြောင်းဗြဟ္မစိုရ်, ပွားစိမ့်ခိုလော့။

ဒီလို မုရွေးဆရာတော်က ဗြဟ္မစရိယမင်္ဂလာရဲ့ သဘောကို ဖွင့်ဆိုထားပါတယ်။

အဓိပ္ပာယ် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ–ဆိုတဲ့ ဗြဟ္မဝိဟာရတရား ၄–ပါးကို သတ္တဝါအကုန်လုံးတို့ရဲ့ အပေါ်မှာ ပေးပို့သွန်းလောင်းကာ ဗြဟ္မစိုရ်တရား ၄–ပါးကို ပွားများအားထုတ်ခြင်းဟာ ဗြဟ္မစရိယမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

ညီပုတို့မှာ ငယ်နုသောအချိန်, သေးသိမ်သောပညာ, တဏှာကိုလိုက်စားသော အရွယ်ဖြစ်၍, မနုစ်သက်အပ် မမြတ်သောအာရုံ ကာမဂုဏ်ကို စုံမက်သောအာလယ, ဒုက္ခကိုသုခ, အနိစ္စကိုနိစ္စာ, ကမ္ဘာလောင်မီးကိုရေချမ်း, ဟေးဘျမ်းကိုဆုလာဘ်, သူသတ်ကိုမိတ်ဆွေ, တဏှာကိုအဟော်မို့, အဆိပ်သီးကို သုဓာဘုတ်, မစင်ထုပ်ကိုနတ်သြဇာ, ထင်တတ်စွာသောအရွယ်ဖြစ်၍, မနုစ်လိုအပ်, မမြတ်သောအာရုံ, ကာမဂုဏ်ကို ခင်မင်ကြသဖြင့်, မှောက်မှားမည်ကို စိုးလှပါသည်။ [၁]

ပုထုဇဉ်တို့ဓလေ့, မမြတ်မွေ့သောအာရုံ ကာမဂုဏ်ရမ္မက်ကို, နုစ်သက်ယောင်မှားကြ၍, သားကလည်း တကြွက်ကြွက်, မယားကလည်း တကျက်ကျက်, စီးပွားကလည်း မတိုးတက်, စည်းစိမ်ကိုထား၍, အစားမှာလည်း ပုံမမြက်, မင်းများကလည်းနှိပ်စက်, ဒုက္ခကြီးအချက်။ [၂]

သူ့မယားမျက်လှည့်ကောင်က, ပြိုးယောင်နှင့် ရယ်ယောင်ကာ, ဗျာပါဆံကို ခါတဲ့၍, ဆာသလား ပန်းသလား, ချော့စားမော့စား၍, အကြောများ မြူတဲ့လျှင်, အပူကြီးဘေးပျောက်လို့, နတ်ရွာသို့ ရောက်သည့်နယ်, သပေါက်ကြီးတတွေမှာ သည်အနေနှင့်မြင့်ကြာ၍, သံသရာနယ်ကြောမှာ အပေါပေါရှိကြသည်။ [၃]

အညီမင်၍ ပျော်ရွှင်မြူးထူး, ကာမကြူးလျှင် မွဲတတ်သည်၊ သေရည်ကြူးလျှင် ဆဲတတ်သည်၊ အတည်တည်အဝဝ, အနိစ္စမှန်း ဒုက္ခမှန်း ရော်ရမ်း

၁။ ကျည်းကန်ရှင်ကြီး။

http://www.dhammadownload.com

မမြင် ပျော်ရွှင်မြူးထူး သဘင်ကြူးလျှင် အရူးဆိုသည့် ဂုဏ်တံဆိပ်နှင့် ငရဲ ထိပ်ပိတ် အဝီစိသို့ရောက်မှ သိမည် သတိထား။ ၁

ကာမချမ်းသာ, ခံသည်မှာလည်း, စာနာထောက်ဆ, ရှုတ်ချ၍သာ, ခံစား ရာ၏။ ၂

ဤသာတက်ရွန်း, ကိုယ်လက်ကျန်း၍, ပွင့်လန်းမူကား, စီးပွားဖြစ်ကြောင်း, လာဘ်ကောင်းဝင်ကို, ဆိုလတ်သည်ကြောင့်, ရုပ်ရည်ပျက်စီး, ကုတ်ဟီးချောင်းဆိုး, တန်ခိုးတနာ, ပညာခွန်အား, ရွှေ့ရှားလျှော့သက်, ကိုယ်လက်ပူပန်, ကာမညွန်သို့, ကြိမ်ဘန်များစွာ, မသွားရာသည်- - - -ရောဂါလွင့်ကြစေသတည်း။ ၃

မိုက်မြူဖျင်းသုန်, ကာမဂုဏ်၌, မေထုန်ပျော်မြူး, လိုမကြူးနှင့်၊ ကျေးဇူး မဖြိုး, တန်ခိုးယုတ်စွာ, ပညာယုတ်ငြား, ခွန်အားယုတ်ပျက်, ကိုယ်လက် ပူလောင်, ဆင်းရောင်ပျက်စီး, ကုတ်ဟီးချောင်းဆိုး, နာမျိုးတည်ရာ, လွန်ယုတ် မာ၏။ ၄

ဗြဟ္မစရိယ, ဤကိစ္စကား, ဂါမလေ့လာ, ညစ်ညူးစွာသား, ယုတ်မာ ဖျင်းသုန်, ကာမဂုဏ်–ဟု, မေထုန်ပျော်ခြင်း, ကြဉ်ကင်းရုံမျှ, ကျင့်ဟီနဖြင့်, ခတ္တိယဇာစ်, လူမင်းဖြစ်၏၊ ပွားလစ်ပရိကံ, နိယံမဆိတ်, နိမိတ်ပဋိဘာ, ထင်ရုံသာတိ၊ ဥပစာမျှ, မဇျှိမဖြင့်, ဒေဝနတ်စစ်, ဖြစ်၏အမှန်၊ ဈာန်အပွနာ, ရအောင်သာလျှင်, လွန်စွာကျင့်လတ်, အမြတ်စရိယ, ဥတ္တမကား, လောဘ အာသာ, ငတ်မွတ်စွာဖြင့်, တဏှာတောင့်တ, ဆာမဝသည့်, ကာမဒေဝ, ပေတမည်တုံ, နတ်ခြောက်ဘုံ၌, လုံးစုံကြော်ထ, ငါးကာမ၏, ဟီနစာရ, ယုတ်မာစွသား, အမဂန္ဓော်, နံမစော်ဘဲ, မိုးပေါ်တိမ်စွန်, ပြည်နိဗ္ဗာန်၌, အမွန် ဗြဟ္မာ, စင်ကြယ်စွာ၏။ ၅

ဒီလိုလဲ မိန့်ဆိုကြပါသေးတယ်။

၃၃။ အရိယသစ္စာနဒဿနံ

[အရိယ–အရိယာတို့+ပဋိဝိဒ္ဓ–သိအပ်တဲ့+သစ္စာနံ–သစ္စာတို့ကို+ဒဿနံ–သိမြင်ခြင်း။]

အရိယ အရိယသဒ္ဒါဟာ ကောင်းတယ်–ဆိုတဲ့ အနက်ကို ဟောပါတယ်၊ အဲဒီ အရိယာဟာ– အာစာရအရိယာ, ဒဿနအရိယာ, လိင်္ဂအရိယာ, ပဋိဝေဓအရိယာ–လို့ ၄–မျိုး ရှိပါတယ်၊ အဲဒီ ၄–မျိုးအနက်–

၁။ ကုလပုတ္တအာစရိယလင်္ကာ။ ၂။ ဝိဓုရ၊ နှာ–၅၀။ ၃။ ၄င်း နှာ–၅၁။
၄။ မဃဒေဝ–၃၀၁။ ၅။ ၄င်း–၅၁၃။

http://www.dhammadownload.com

၁။ အရိယာဆွေရဲ့ အကျင့်တရားမှာတည်တဲ့သူဟာ လူပဲဖြစ်ဖြစ်, တိရစ္ဆာန်ပဲဖြစ်ဖြစ် အာစာရအရိယာ မည်ပါတယ်။

၂။ ရုပ်ဆင်းသဏ္ဌာန်အနေနဲ့ပဲဖြစ်ဖြစ်, လျောင်း–ထိုင်–ရပ်–သွား ကွရိယာပုဒ် ၄–ပါးအနေနဲ့ပဲဖြစ်ဖြစ်, ကြည်ညိုစဖွယ်ဂုဏ်နှင့် ပြည့်စုံသူဟာ ဒဿန အရိယာ မည်ပါတယ်။

၃။ အဝတ်အရံအသွင်အပြင်အနေနဲ့ ရဟန်းနှင့်တူတဲ့ပုဂ္ဂိုလ်ဟာ သီလမရှိသူပင် ဖြစ်စေကာမူ လိင်္ဂအရိယာ မည်ပါတယ်။

၄။ ဘုရား, ပစ္စေကဗုဒ္ဓါနှင့် အရိယာသာဝကတွေကတော့ ပဋိဝေဓအရိယာ မည်ပါတယ်။ [၁]

အရိယသစ္စာ အဲဒီပဋိဝေဓအရိယာဖြစ်ကြတဲ့ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့က သစ္စာ ၄–ပါးကို ထိုးထွင်းသိပြီးမှသာ အရိယာဖြစ်လာကြရပါတယ်၊ ဒါ့ကြောင့် အရိယာဖြစ်ကြတဲ့ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ သိအပ်တဲ့ သစ္စာကိုပဲ အရိယသစ္စာ–လို့ ဆိုရပါတယ်၊ အရိယပဋိဝိဒ္ဓသစ္စာ–လို့ ဆိုလိုလျက် အလယ်ပဋိဝိဒ္ဓပုဒ်ကို ချေထားပါတယ်။

ဗုဒ္ဓမြတ်စွာက ဆရာမရှိ မိမိဘာသာ သစ္စာ ၄–ပါးကို ထိုးထွင်းသိမြင်လို့ အရိယာအဖြစ်ကို ရောက်လာခဲ့ရပါတယ်၊ မိမိသိမြင်ထားတဲ့ သစ္စာ ၄–ပါးတရားတို့ကို ဓမ္မနေယျတို့အားလဲ ဟောပြောပြသပေးပါတယ်၊ ဘုရားက ဟောတော်မူတဲ့ အတွက်သာ ဓမ္မနေယျတွေက သိကြရပါတယ်၊ ဒါ့ကြောင့် အရိယာဖြစ်တော်မူတဲ့ ဘုရားရဲ့ သစ္စာ–လို့လဲ ဆိုရပါတယ်။

ဒီသစ္စာ ၄–ပါး အမှန်တရားကို သိမှသာ အရိယာဖြစ်ကြရပါတယ်၊ ဒါ့ကြောင့် အရိယာအဖြစ်ကို ပြီးစေတတ်တဲ့ သစ္စာ–လို့လဲ ဆိုရပါတယ်၊ အရိယသာဓကသစ္စာ–လို့ ဆိုလိုလျက် အလယ်သာဓကပုဒ်ကို ချေထားပါတယ်။

ဒါ့အပြင်– အရိယသဒ္ဒါက မချွတ်မယွင်း မှန်ကန်သော–ဆိုတဲ့ အနက်ကိုလဲ ဟောပါသေးတယ်၊ ဒီတော့ မှန်ကန်တဲ့, မမှားတဲ့ သစ္စာ–လို့လဲ ဆိုသင့်ပါတယ်၊ လူ, ယောက်ျား, မိန်းမ– အစရှိတဲ့ သမုတိသစ္စာ ပညတ်တရားများက တကယ် အဟုတ်မရှိဘဲ တကယ်ရှိတယ်–လို့ ထင်ရရဲ့မျှသာ ဖြစ်ကြပါတယ်၊ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ–ဆိုတဲ့ ပရမတ္ထသစ္စာတရားတွေကတော့ ပညာမျက်စိနဲ့ကြည့်ရင် တကယ်အဟုတ်အမှန်ရှိနေတဲ့ တရားများသာ ဖြစ်ကြပါတယ်၊ ဒါ့ကြောင့် မှန်ကန်တဲ့ သစ္စာတရားများ–လို့ ဆိုရပါတယ်။

၁။ ဓာတ်–၄–၂၊ ၅၆။

http://www.dhammadownload.com

အရိယသစ္စ ဒဿန သစ္စာကို မြင်သိရာမှာ အနုဗောဓသိ, ပဋိဝေဓသိ–လို့ ၂–မျိုး ရှိပါတယ်၊ အဲဒီ ၂–မျိုးအနက် ဆရာ့ထံကပဲဖြစ်ဖြစ်, စာပေကျမ်းဂန်ထဲကပဲဖြစ်ဖြစ် တစ်ဆင့်ကြားသိရခြင်း တစ်ဆင့်ကြားကို အမှီပြုကာ ကြဲစည်စဉ်းစား တွေးတောမှုနဲ့ ကြဲသိခြင်း၊ ကြဲစည်တွေးတောမိတဲ့ အချက်ကို ကိုယ်ပိုင်ဉာဏ်နဲ့ နှစ်သက်ဆုံးဖြတ်ခြင်းများကို အနုဗောဓသိ–လို့ ဆိုရပါတယ်။ [အနု–ထပ်ကာထပ်ကာ+ဗောဓ–သိနေရခြင်း။]

ဒီလိုသိမှု မပြီးသေးလို့ ထပ်ကာထပ်ကာသိရခြင်းမျိုး မဟုတ်ဘဲ တစ်ကြိမ်တည်းနဲ့ ထွင်းဖောက်သိရခြင်းမျိုးကို ပဋိဝေဓသိ–လို့ ဆိုရပါတယ်၊ မဂ်ဉာဏ်နဲ့ သိခြင်းမျိုးပဲ ဖြစ်ပါတယ်၊ မဂ်ဉာဏ်က ကိစ္စအားဖြင့် ၄–ပါးကို တစ်ပြိုင်နက် သိပါတယ်၊ ဒုက္ခကို ပိုင်းခြားလို့သိခြင်း, သမုဒယကို ပယ်ခြင်း, နိရောဓကို မျက်မှောက်ပြုခြင်း, မဂ္ဂကို ပွားခြင်း–ဆိုတဲ့ ကိစ္စ ၄–ပါးကို တစ်ပြိုင်နက်ပြုခြင်းဖြင့် မဂ်ဉာဏ်အား သစ္စာ ၄–ပါး ထင်ရှားလာရပါတယ်။

သံခါရကို မလွတ်နိုင်သေးတဲ့ ဉာဏ်များမှာ ဒီကိစ္စ ၄–ချက်ကို တစ်ပြိုင်နက် မပြုနိုင်သေးပါ၊ မဂ်ဉာဏ်ကတော့ သံခါရတွေကို လွတ်ကာ သံခါရတို့ကင်းရာကို အာရုံပြုနိုင်တဲ့အတွက် ကိစ္စ ၄–ချက်ကို တစ်ခါတည်းပြုနိုင်ပါတယ်။

ဒါဟာ မှန်ပါတယ်၊ မဂ်ဉာဏ်ဖြစ်ဖို့ ပုဗ္ဗဘာဂဝိပဿနာမဂ်ကို ပွားများရပါတယ်၊ အဲဒီပုဗ္ဗဘာဂမဂ်က ဒုက္ခကိုသိလျက်, သမုဒယကိုပယ်လျက် ရှိနေပါတယ်၊ ဒါပေမယ့် မိမိမဂ္ဂဘာဝနာကလဲ မပြည့်စုံသေး, အပြီးမသတ်သေးတဲ့အတွက် နိဗ္ဗာန်ကို မမြင်ရသေးပါ၊ ဒုက္ခသိမှု, သမုဒယပယ်မှုကလဲ အပြီးမသတ်သေးတဲ့အတွက် ကိစ္စမပြီးသေးပါ၊ မဂ်ရောက်မှသာ အားလုံးကိစ္စပြီးပါတယ်၊ ဒီလို မဂ်က ကိစ္စပြီးစီးတဲ့အနေနဲ့ အားလုံးကို တစ်ပြိုင်နက် မတွေမဝေ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သိနိုင်ပါတယ်။

ဒီအရိယသစ္စာနဒဿနမှာ ဒဿန–ဆိုတာဟာ အနုဗောဓသိ မဟုတ်ပါ၊ ပဋိဝေဓအသိဖြစ်တဲ့ မဂ်ဉာဏ်နဲ့ ဖောက်ထွင်းသိမြင်ခြင်းသာ ဖြစ်ပါတယ်၊ ဒီအရိယသစ္စာနဒဿနဟာ သံသရာဒုက္ခကို လွန်မြောက်ရခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာဖြစ်ပါတယ်။

သစ္စာ ၄–ပါးကို သိမြင်ပုံကို နိဗ္ဗာနသစ္ဆိကိရိယာမင်္ဂလာနှင့် ပေါင်းပြသွားပါမယ်။

http://www.dhammadownload.com

ရှေးဆရာများရဲ့ အဆိုအမိန့်

ထိုထိုဓမ္မ, ဝင့်သုံးဝကား, ဒုက္ခသစ္စာ, တဏှာလောဘ, သမုဒယသစ္စာ, ခေမာအမတ, နိဗ္ဗာနကား, နိရောဓသစ္စာ, သမ္မာဒိဋ္ဌိ, အစရှိသည့်, ပြားဘိမှန်စွာ, အင်္ဂါခေါ်တွင်, မဂ္ဂင်ရှစ်ပါး, မဂ်လေးပါးကား, တရားအရ, မဂ္ဂသစ္စာ, လေးဖြာဘေဒ, အရိယဖွယ်ရာ,[၁] သစ္စာလေးအင်, သိမြင်ရဟန်, တပါးမှန်၏။

ဒီလို မုံရွေးဆရာတော်က အရိယသစ္စာနဒဿနမင်္ဂလာရဲ့သဘောကို မိန့်ဆိုဖွင့်ပြထားပါတယ်။

အဓိပ္ပာယ် ဝင့် ၃–ပါး(ဘုံ ၃–ပါး)မှာ ဖြစ်သမျှ တဏှာမှတစ်ပါး တရားအကုန်လုံးဟာ ဒုက္ခသစ္စာ၊ တဏှာ–ဆိုတဲ့လောဘက သမုဒယသစ္စာ၊ ခေမာအမတ–ခေါ်တဲ့ နိဗ္ဗာန်က နိရောဓသစ္စာ၊ မဂ် ၄–ပါးမှာရှိသော သမ္မာဒိဋ္ဌိအစရှိတဲ့ မဂ္ဂင် ၈–ပါး တရားများက မဂ္ဂသစ္စာ၊ ဒီလို ၄–မျိုးကွဲပြားနေတဲ့ အရိယာတို့အား သင့်တော်သော သစ္စာ ၄–ပါး တရားကို သိမြင်ခြင်းဟာ အရိယသစ္စာနဒဿနမင်္ဂလာမည်ပါတယ်။

ဒါ့အပြင်–

တပြန်ပြောင်းပြောင်း, ခနောင်းသြဃ, သံသာရကား, ဒုက္ခမည်၏၊ ပင်စည်နိဒါန, တရာ့ရှစ်ဖြာ, တဏှာအစု, သမုဒယ, သဘာဝကား, မူလမည်၏၊ ရွှေပြည်သာလှ, ဒုက္ခချုပ်ရာ, ကျွန်းမော်ညာကား, အောင်ချာသာစည်, နိဗ္ဗာန်မည်၏၊ ချမ်းကြည်ဧကန်, ရပ်မွန်ပြည်သာ, ကူးတတ်ရာသား, အင်္ဂါရှစ်တည်, မဂ္ဂင်မည်၏၊ ကြံစည်ထောက်ကူ, ဉာဏ်တံချူဖြင့်, လှမ်းယူဆွတ်ပြီ။[၂]

နုလုံစရိယ, ယောဂဏ္ဍန္ဒြေ, နုရင့်ထွေဖြင့်, ကေစိအချို့, ရဟန်းတို့ကား, အောင်မြို့မင်္ဂလာ, ဘုံဝတ္ထာသို့, ဖြောင့်စွာရှေးရှု, စူးစူးမူသည့်, ဂေါတြဘူမည်သီး, တံခါးကြီးဖြင့်, ပိတ်ဆီးမဆို့, ဝင်ပြီးမျို့သော်, နှစ်ဖို့မရှိ, သစ္စာသိ၍, ဒိဋ္ဌိကခ်ါ, စင်စစ်ကွာ၍, သေသာကုသလ, ကြွင်းပါပ၌, အပါယဂါမိ, ပယ်သတ္တိနှင့်, ယောနိဓမ္မတာ, ၄က်တံထွာဖြင့်, ကြိုးကြာတို့အား, နှစ်ပါးနို့ရေ, ရောထွေတိုက်က, မျိုကျိုက်နို့သာ, ရေမပါသို့, ပမာထို့တူ, မွေးစဟူသည်, ငယ်မူငယ်ရာ, ငယ်ဘာသာနှင့်, သညာနုန့်နဲ့, အမှတ်မဲ့လည်း, သူငယ့်ခံတွင်း, နို့သေသွင်းသော်, မယွင်းမှန်စွာ, နို့သာဝင်လျက်, သေအန်ထွက်သား, မဂ်၏သတ္တိ, ပြီးသိဒ္ဓိနှင့်, အဘိဌာန, အဘဗ္ဗ–ဟု, အရိယနွယ်, အပါယ်လေးပါး,

---

၁။ ဖွယ်ရာ= သင့်တော်သော။ ၂။ ဥတိန္ဒ–၁၈။

http://www.dhammadownload.com

တံခါးပိတ်ဘိ, မြတ်ဈာတိဖြင့်, အာဒိမဂ္ဂ, လက်ဦးရ၍, ဈာနလာဘီ, ဈာန်ယှဉ်မှီသော်, ဝသီငါးစုံ, ဗြဟ္မာဘုံသို့, ရောက်တုံလတ်က, အောက်နတ်လူရွာ, မသက်လာဘဲ, အနာဂါမိ, မင်္ဂဈာဏ်ရှိသို့, အနိဝတ္တန, သဘာဝသည်----ကာမ မနှောင့် ကုန်ပြီတည်း။ ၁

ဒီလိုလဲ မိန့်ဆိုကြပါသေးတယ်။

၃၄။ နိဗ္ဗာနသစ္ဆိကိရိယာ

အရိယသစ္စာနဒဿနမင်္ဂလာမှာ အရိယသစ္စာ–အရ နိဗ္ဗာန်ကို ယူပြီးဖြစ်တဲ့အတွက် နိဗ္ဗာနသစ္ဆိကိရိယာမင်္ဂလာမှာ နိဗ္ဗာန–အရ အသခ်ံတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို မယူတော့ဘဲ အရဟတ္တမဂ်ကိုသာ ယူရပါတော့တယ်။

အသခ်ံတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို ဝါန–ခေါ်တဲ့ တဏှာမှ ထွက်မြောက်တတ်တဲ့အတွက် နိဗ္ဗာန–လို့ ခေါ်သလို အရဟတ္တဖိုလ်ကိုလဲ တဏှာမရှိတော့တဲ့အတွက် တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန–လို့ပဲ ဆိုရပါတယ်၊ အဲဒီ နိဗ္ဗာနမည်တဲ့ အရဟတ္တဖိုလ်ကိုရခြင်း, ပစ္စဝေက္ခဏာဉာဏ်နဲ့ ဆင်ခြင်ခြင်းများကို နိဗ္ဗာနသစ္ဆိကိရိယာ–လို့ ဆိုပါတယ်။ ၅။

ဒီလို အရဟတ္တဖိုလ်–ဆိုတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟာ ဒီဘဝမှာ ချမ်းချမ်းသာသာ နေထိုင်ရခြင်း အစရှိတဲ့ အကျိုးတွေရဲ့ အကြောင်းဖြစ်တဲ့အတွက် ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာဖြစ်ပါတယ်။

တစ်နည်းပြောရပါရင်– နိဗ္ဗာနသစ္ဆိကိရိယာမှာ နိဗ္ဗာန–အရ အသခ်ံတဓာတ် နိဗ္ဗာန်ကိုပင် ယူလျက် အရိယသစ္စာနဒဿန–အရ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမှာ မဂ်ရဲ့မျက်မှောက်ပြုခြင်းဖြစ်ပြီး နိဗ္ဗာနသစ္ဆိကိရိယာ–အရ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမှာ ဖိုလ်ပစ္စဝေက္ခဏာတို့ရဲ့ မျက်မှောက်ပြုခြင်း–လို့ ယူရင် သင့်ပါတယ်။

ဒီလို ယူရင် အရိယသစ္စာနဒဿနမှာ မဂ် ၄–ပါးလုံးရဲ့ သစ္ဆိကိရိယာကိစ္စ ရသလို နိဗ္ဗာနသစ္ဆိကိရိယာမှာလဲ ဖိုလ် ၄–ပါးလုံးနှင့် ပစ္စဝေက္ခဏာတို့ရဲ့ သစ္ဆိကိရိယာကိစ္စ အကုန်လုံးကိုပဲ ရပါတယ်၊ သို့ဖြစ်တဲ့အတွက် ပိုလို့ပင် အဓိပ္ပာယ်ပြည့်စုံတယ်–လို့လဲ ဆိုနိုင်ပါတယ်၊ သစ္ဆိကိရိယာ–ဆိုတာဟာ အတ္တပစ္စက္ခ–ကိုယ်တွေ့သိဖြစ်တဲ့အတွက် လောကီစျာန်ဉာဏ်များမှာပင် သစ္ဆိကိရိယာအသိ အသုံးရှိနေပါတယ်၊ ဒါ့ကြောင့် ဖိုလ်ရဲ့သစ္ဆိကိရိယာကိစ္စမှာ ယုံမှားစရာပင် မရှိတော့ပါ။ နိ–သစ်ကို မှီ။

၁။ မဃဒေဝ–၅၂၉။

http://www.dhammadownload.com

သီလစင်ကြယ်တဲ့အတွက် ရနိုင်တဲ့ လောကီကောင်းကျိုးတွေက ရှေ့က ပြောပြခဲ့ဖူးပါတယ်၊ အခု သီလစင်ကြယ်တဲ့အတွက် လောကုတ္တရာကောင်းကျိုးတွေကို ပြောပြပါဦးမယ်၊ ဒါပေမယ့် သီလဟာ လောကုတ္တရာအကျိုးကို တိုက်ရိုက်ပေးနိုင်တဲ့ အကြောင်း မဟုတ်ပါ၊ လောကုတ္တရာတရားကိုရရန် အခြေခံအကြောင်းမျှသာ ဖြစ်ပါတယ်၊ သီလကို အခြေခံထားပြီး အရိယသစ္စာနဒဿနမင်္ဂလာ, နိဗ္ဗာနသစ္ဆိကိရိယာမင်္ဂလာတွေ ဖြစ်လာရပုံကို ကိမတ္ထိယသုတ်ကို အခြေခံထားကာ ဖွင့်ပြပြောဆိုပါ့မယ်။

ကိမတ္ထိယသုတ် ၁

ဗုဒ္ဓမြတ်စွာက သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေချိန်ဖြစ်ပါတယ်၊ အရှင်အာနန္ဒာက အပြစ်ကင်းစင်တဲ့ သီလရဲ့ အဆင့်ဆင့်သော အကျိုးကို မေးလျှောက်ပါတယ်၊ ဘုရားရှင်က အပြစ်ကင်းတဲ့ သီလရဲ့ အဆင့်ဆင့်သောအကျိုးကို ဖြေရှင်းဟောကြောတော်မူပါတယ်၊ အဲဒီအထဲက အမေးအဖြေကို ချန်ထားပြီး ဘုရားရှင် နိဂုံးချုပ်မိန့်ကြားတဲ့ သီလရဲ့ အဆင့်ဆင့်သောအကျိုးကို ပြောပြပါ့မယ်။

၁။ အာနန္ဒာ ! အပြစ်မရှိတဲ့ သီလကြောင့် စိတ်ကြည်လင်ရွှင်လန်းခြင်း (အဝိပ္ပဋိသာရ) ဖြစ်တယ်။

၂။ စိတ်ကြည်လင်ရွှင်လန်းခြင်းကြောင့် အားသေးတဲ့ ဝမ်းမြောက်မှု(ပါမောဇ္ဇ) ဖြစ်တယ်။

၃။ အားသေးတဲ့ ဝမ်းမြောက်မှုကြောင့် အားကောင်းတဲ့ နှစ်သက်ဝမ်းမြောက်မှု (ပီတိ) ဖြစ်တယ်။

၄။ အားကောင်းတဲ့ နှစ်သက်ဝမ်းမြောက်မှုကြောင့် ကိုယ်ရောစိတ်ပါ ငြိမ်းအေးမှု (ပဿဒ္ဓိ) ဖြစ်ပါတယ်။ ပဿဒ္ဓိ–ဆိုတာက စိတ်ရဲ့ငြိမ်းအေးမှု(စိတ္တပဿဒ္ဓိ) စေတသိက်ခန္ဓာ ၃–ပါး၊ ရဲ့ ငြိမ်းအေးမှု(ကာယပဿဒ္ဓိ)ဆိုတဲ့ နာမ်ခန္ဓာ ၄–ပါး၊ ရဲ့ ငြိမ်းအေးမှုပဲ ဖြစ်ပါတယ်၊ နှစ်သက်ဝမ်းမြောက်လို့ သမာဓိအားကောင်းနေတဲ့ စိတ်ထဲမှာ လောဘ, ဒေါသအစရှိတဲ့ စိတ်ကိုပူပန်စေတတ်တဲ့ ကိလေသာသဘောတရားတွေကင်းကွာနေပါတယ်၊ ဒါ့ကြောင့် စိတ်လဲ ငြိမ်းအေးနေရပါတယ်၊ စိတ်ငြိမ်းအေးတော့ စိတ်မှာယှဉ်တွဲဖြစ်နေတဲ့ စေတသိက်တွေလဲ ငြိမ်းအေးလာရပါတယ်၊ ဒီလို ပဿဒ္ဓိရဲ့ သဘောက စိတ်ရဲ့ငြိမ်းအေးမှု(စိတ္တပဿဒ္ဓိ) စေတသိက်အပေါင်းရဲ့ ငြိမ်းအေးမှု (ကာယပဿဒ္ဓိ)လို့ ၂–မျိုးသာ ရှိပေမယ့် စိတ်စေတသိက် ငြိမ်းအေးက စိတ်စေတသိက်ကြောင့်ဖြစ်တဲ့ရုပ်များလဲ ငြိမ်းအေးလာရပါတယ်၊ စိတ်စေတသိက်ကြောင့်ဖြစ်တဲ့ ရုပ်များ ငြိမ်းအေးတော့ အတူတကွဖြစ်နေကြတဲ့ ကံကြောင့်ဖြစ်တဲ့(ကမ္မဇ)ရုပ်,

---

၁။ အံ–၃၊ ၂၅၇။ ၆–၃၊ ၂၈၇။

http://www.dhammadownload.com

ဥတုကြောင့်ဖြစ်တဲ့(ဥတုဇရုပ်), အာဟာရကြောင့်ဖြစ်တဲ့(အာဟာရဇ)ရုပ်တို့လဲ ငြိမ်းအေးလာရပါတယ်၊ ဒါ့ကြောင့် ကိုယ်ရောစိတ်ပါ ငြိမ်းအေးလာရတယ်-လို့ ပြောဆို ခဲ့ရပါယ်။

၅။ ကိုယ်ရောစိတ်ပါ ငြိမ်းအေးမှုကြောင့် ကိုယ်စိတ်ချမ်းသာမှု(သုခ) ဖြစ်ပါတယ်။

၆။ ကိုယ်စိတ်ချမ်းသာမှုကြောင့် တရားရှုမှတ်တဲ့အခါ စိတ်တည်ငြိမ်မှု(သမာဓိ) ဖြစ်ပါတယ်။

၇။ စိတ်တည်ငြိမ်မှုကြောင့် ရုပ်နာမ်သဘောကို အမှန်အတိုင်း သိမြင်တတ်တဲ့ (ယထာဘူတဉာဏဒဿန)ဉာဏ်အမြင် ဖြစ်ပါတယ်၊ စိတ်တည်ကြည် လာတော့ မိမိရှုမှတ်နေတဲ့ ရုပ်သဘော, နာမ်သဘောကို အမှန်အတိုင်း, အရှိအတိုင်း သိပါတယ်၊ ဒါကိုပဲ ရည်ရွယ်တော်မူပြီး ဗုဒ္ဓမြတ်စွာက "သမာဟိတော ယထာဘူတံ ပဇာနာတိ"လို့ ဟောတော်မူပါတယ်၊ ရုပ်နာမ်တို့ရဲ့သဘောကို အမှန်အတိုင်းသိ တတ်တဲ့ဉာဏ်-ဆိုတာဟာလဲပဲ နုသေးတဲ့(တရုဏ)ဝိပဿနာပဲ ဖြစ်ပါတယ်၊ အဲဒီတရုဏဝိပဿနာ-ဆိုတာဟာလဲ ရုပ်နာမ်တို့ရဲ့ဖြစ်ပျက်မှုကို သိစ(ဉဒယဗ္ဗယ) ဉာဏ်ရှေ့ပိုင်းမျှသာ ဖြစ်ပါတယ်။

အဲဒီ ဉဒယဗ္ဗယဉာဏ်ရှေ့ပိုင်း-ဆိုတာဟာလဲ ဖြစ်မှု,ပျက်မှုကို သိစအခါမျိုးပဲ ဖြစ်ပါတယ်၊ အဲဒီအခါမျိုးမှာ ဝိပဿနာ သတိ, သမာဓိ, ဉာဏ်အားတွေ အလွန် ကောင်းနေတဲ့အတွက် ရှုမှတ်-လို့ မဝံနိုင်အောင် ဖြစ်နေတတ်ပါတယ်။

အဲဒီအချိန်မှာပဲ အလင်းရောင်(သြဘာသ) နှစ်သက်မှု(ပီတိ) ကိုယ်စိတ်ငြိမ်း အေးမှု(ပဿဒ္ဓိ) အစရှိတဲ့ ဝိပဿနာညစ်ညူးကြောင်းတရားတွေကို တွေ့လာတတ် ပါတယ်၊ ဒါတွေကို သာယာနှစ်သက်လို့ မရှုမှတ်ဘဲနေရင် ဝိပဿနာလမ်းစဉ် မမှန် တော့ပါ၊ ဒါတွေကို ရှုမှတ်ပယ်ရှားနိုင်မှသာ ဝိပဿနာလမ်းစဉ် မှန်ပါတယ်-လို့ သိမြင်တတ်တဲ့ဉာဏ်အမြင်ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ-လို့ ခေါ်ပါတယ်။

ဒါကိုပဲ ရုပ်နာမ်တို့ရဲ့ အရှိသဘောကို သိမြင်တတ်တဲ့ဉာဏ်(ယထာဘူတဉာဏ ဒဿန)လို့လဲ ခေါ်ပါတယ်။

၈။ ဒီဝိပဿနာဉာဏ်ဟာ ဆက်လက်ရှုမှတ်လို့ နုရာက ရင့်လာတော့ ရုပ်တွေ, နာမ်တွေအပေါ်မှာ ငြီးငွေ့တဲ့(နိဗ္ဗိဒါ)ဉာဏ် ဖြစ်ပေါ်လာပါတယ်၊ ဒီ ငြီးငွေ့တဲ့ဉာဏ်-ဆိုတာဟာ အားကောင်းတဲ့ ဝိပဿနာ(ဗလဝဝိပဿနာ)အခိုက် အတန့်မှာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် "နိဗ္ဗိဒါနာမ ဗလဝဝိပဿနာ"လို့ အဋ္ဌကထာ

http://www.dhammadownload.com

ဆရာ မိန့်ဆိုထားပါတယ်၊ အဲဒီ အားကောင်းတဲ့ ဗလဝဝိပဿနာ–ဆိုတာဟာလဲပဲ နိဗ္ဗိဒါနုပဿနာကစပြီး မဂ်စိတ်ရဲ့ရှေ့နားကို ကပ်နေတဲ့ ဝုဋ္ဌာနဂါမိနီဝိပဿနာထိပဲ ဖြစ်ပါတယ်။

၉။ ငြီးငွေ့တဲ့(နိဗ္ဗိဒါ)ဉာဏ် အားကောင်းလာတော့ ရုပ်နာမ်တွေအပေါ်မှာ စွဲလမ်းတပ်မက် နှစ်သက်တတ်တဲ့စိတ်တွေ တင်းပျောက်ခြင်း(ဝိရာဂ) ဖြစ်ပါတယ်၊ အဲဒီ စွဲလမ်းတပ်မက် နှစ်သက်တတ်တဲ့စိတ်တွေ ကင်းပျောက်ခြင်း(ဝိရာဂ)ဆိုတာက အရိယမဂ်ပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် "ဝိရာဂေါနာမ မဂ္ဂေါ"လို့ အဋ္ဌကထာဆရာ မိန့်ဆိုထားပါတယ်။

အဲဒီ ဖြစ်ပေါ်လာတဲ့မဂ်ကို အရိယမဂ်–လို့ ခေါ်ပါတယ်၊ အဲဒီ အရိယမဂ်ဉာဏ်က ရုပ်နာမ်ဓမ္မ သခ်ါရငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့အခါမှာ သစ္စာ ၄–ပါးကို တစ်ပြိုင်နက် သိပါတယ်၊ ဒီလိုသိတဲ့အခါမှာ ဒုက္ခ, သမုဒယ, မဂ္ဂ–ဆိုတဲ့ သစ္စာ ၃–ပါးကို ကိစ္စအားဖြင့် သိပါတယ်၊ နိရောဓသစ္စာကိုတော့ အာရုံပြုတဲ့အနေနဲ့ သိပါတယ်၊ မဂ္ဂေါ–မဂ်က–

(၁) ဒုက္ခသစ္စံ ပရိဇာနန္တော–တဏှာကြဉ်တဲ့ ရုပ်နာမ် ၂–ပါး ဒုက္ခသစ္စာတရားကို ပိုင်းပိုင်းခြားခြား(ပရိညာဘိသမယနဲ့) ထိုးထွင်းသိပါတယ်။

(၂) သမုဒယသစ္စံ ပဇဟန္တော–တဏှာဆိုတဲ့ သမုဒယသစ္စာကို ပယ်စွန့်လျက် (ပဟာနာဘိသမယနဲ့) ထိုးထွင်းသိပါတယ်။

(၃) နိရောဓသစ္စံ သစ္ဆိကရောန္တော–နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာကို မျက်မှောက်ပြုလျက်(သစ္ဆိကြိယာဘိသမယနဲ့) ထိုးထွင်းသိပါတယ်။

(၄) မဂ္ဂသစ္စံ ဘာဝေန္တော–မဂ္ဂင် ၈–ပါးဆိုတဲ့ မဂ္ဂသစ္စာကို ဖြစ်ပွားစေလျက် (ဘာဝနာဘိသမယနဲ့) ထိုးထွင်းသိပါတယ်။

၁၀။ ဒီတပ်နှစ်သက်တဲ့ စိတ်တွေ ကင်းပျောက်လာတဲ့အခါ ကိလေသာတွေ အကုန်လုံး ချုပ်ငြိမ်းသွားတော့ ယောဂီပုဂ္ဂိုလ်ဟာ ကိလေသာတွေက လုံးဝလွတ်မြောက်မှု(ဝိမုတ္တိ)ကို ရရှိပါတော့တယ်၊ ဒီဝိမုတ္တိဆိုတာက အရဟတ္တဖိုလ်ပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် "ဝိမုတ္တိနာမ အရဟတ္တဖလံ"လို့ အဋ္ဌကထာဆရာ မိန့်ဆိုထားပါတယ်။

၁၁။ ဒီလို ကိလေသာတို့က လွတ်မြောက်တယ်ဆိုရင်ပဲ ယောဂီပုဂ္ဂိုလ်မှာ "ငါ့စိတ်ဟာ ကိလေသာက လုံးဝ လွတ်မြောက်သွားပြီ"လို့ သိတတ်တဲ့ဉာဏ်အမြင်(ဝိမုတ္တိဉာဏဒဿန) ဖြစ်ပေါ်လာရပါတယ်၊ ဒီဝိမုတ္တိဉာဏဒဿန

http://www.dhammadownload.com

ဆိုတာဟာ မိမိရထားတဲ့ အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်, ပယ်ပြီးကိလေသာတွေကို ပြန်ပြီးဆင်ခြင်တတ်တဲ့ ပစ္စဝေက္ခဏာဉာဏ်ပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် "ဉာဏဒဿနံနာမ ပစ္စဝေက္ခဏာဉာဏံ"လို့ အဋ္ဌကထာဆရာ မိန့်ဆိုထားပါတယ်။

ပြောလာခဲ့တဲ့အတိုင်း အခြေခံဖြစ်တဲ့ ကိုယ်ကျင့်သီလ စင်ကြယ်တဲ့အတွက် အကျိုးအဆက်ဆက် တိုးတက်ရလာတာဟာ အရိယသစ္စာနဒဿနမဂ်လာ, နိဗ္ဗာန သစ္ဆိကိရိယာမဂ်လာတွေ ဖြစ်လာတဲ့အပြင် အဆုံးမှာ ကိလေသပရိနိဗ္ဗာန်ခေါ်တဲ့ သဥပါဒိသေသနိဗ္ဗာန်ကို ရသည်အထိ ဖြစ်ပါတယ်၊ အဲဒီနောက် ဘဝတာတစ်လျှောက်လုံးမှာ အခြား နောက်အကျိုးဖြစ်တဲ့မဂ်လာ ၄-ပါး-ပါ ဖြစ်ပွားပြီး ရုပ်နာမ်အစဉ် ချုပ်ငြိမ်းကင်းပြတ်သွားတဲ့အခါ အနုပါဒိသေသနိဗ္ဗာန်ကို ရလာပါတော့တယ်၊ ဒါဟာ သီလစင်ကြယ်တဲ့အတွက် ရလာတဲ့အကျိုးအဆက်ဆက် ဖြစ်ပါတယ်။

အမွှခါဒကမဟာတိဿထေရ် ၁

ဒီနေရာမှာ သီလကို အခြေခံပြီး ရဟန္တာဖြစ်သွားတဲ့ အမွှခါဒကမဟာတိဿထေရ်အကြောင်းကို ပြောပြပါဦးမယ်။

စိရဂုမ္ဗအရပ်မှာနေတဲ့ မဟာတိဿထေရ်က အစာရှားပါးတဲ့ အချိန်မှာ ခရီးသွားရင်း ဆွမ်းကလဲ မဘုဉ်းပေးရ၊ ခရီးကလဲ ပန်းလာတဲ့အတွက် ကိုယ်အားနည်းလာပါတယ်၊ ရှေ့ကို ဆက်မသွားနိုင်တော့ပါ၊ ဒါနဲ့ အသီးရှိတဲ့ သရက်ပင်တစ်ပင်အောက်ကို ဝင်ပြီး သားရေနွယ်ခင်းကာ လဲလျောင်းနေရပါတော့တယ်၊ မထေရ်ရဲ့ အနီးအနားမှာ ကြွေကျနေတဲ့ သရက်သီးတွေကလဲ အများအပြားပဲ ဖြစ်ပါတယ်၊ ဒါပေမယ့်- မထေရ်က-

> မြတ်တဲ့ ကိုယ်အင်္ဂါအတွက် ဥစ္စာကို စွန့်ရမယ်၊ အသက်ကို စောင့်လို သူက ကိုယ်အင်္ဂါကို စွန့်ရမယ်၊ သူတော်ကောင်းတရားကို ဆင်ခြင်အောက်မေ့သူ (ထိန်းသိမ်းစောင့်ရှောက်သူ)က ဥစ္စာကိုရော, ကိုယ်အင်္ဂါကိုရော, အသက်ကိုရော အကုန်လုံးကို စွန့်ရမယ်။

ဒီလို သူတော်ကောင်းတွေရဲ့ ကိုယ်ကျင့်တရားနှင့်သက်ဆိုင်တဲ့ ဆင်ခြင်အောက်မေ့မှု (ထိန်းသိမ်းစောင့်ရှောက်မှု)ကို လိုက်နာကာ "ငါ့အသက်ဟာ သေချင်သေသွားပါစေ၊ အကပ်မခံဘဲ မသုံးဆောင်မစားသောက်ရ-ဆိုတဲ့ သိက္ခာပုဒ်တော်ကို လွန်ကျူး

၁။ ဝိသုဒ္ဓိ-မဟာဋီ-၁၊ ၇၀။

http://www.dhammadownload.com

မှုတော့ မပြုလုပ်ပါ"လို့ အဓိဋ္ဌာန်ပြီး သရက်သီးတွေကို ကောက်ယူဘုဉ်းပေးမှုကို မပြုပါ။

အဲဒီအချိန်မှာပဲ အသိဉာဏ်ရှိတဲ့ ဥပါသကာကြီးတစ်ယောက်က မဟာတိဿထေရ်အနားကို ရောက်လာပါတယ်၊ မထေရ်ရဲ့ ပင်ပန်းနေမှုကို သိရတဲ့အတွက် သရက်သီးကို အဖျော်ရည်လုပ်ပြီး နည်းနည်းချင်းကပ်ပါတယ်၊ မထေရ်က အတန်ငယ် အားရှိလာတဲ့အခါ မထေရ်ကို ကျောပိုးပြီး မိမိနေရပ်ကို ပင့်ဆောင်သွားပါတယ်၊ ဒီတော့ မထေရ်က ကျောပေါ်မှာ လိုက်ပါသွားရင်း–

> ဒီဒါယကာကြီးဟာ သင့်အဖေလဲ မဟုတ်၊ အမေလဲ မဟုတ်၊ ဆွေမျိုးလဲ မဟုတ်၊ မိတ်ဆွေလဲ မဟုတ်၊ ဒါပေမယ့် သင်က သီလရှိသူဖြစ်တဲ့အတွက် ဒီလိုအလုပ်မျိုးကို လုပ်ရတာပဲ။

ဒီလို သံဝေဂရပြီး ကိုယ့်သီလကို ပြန်ဆင်ခြင်ကြည့်ပါတယ်၊ ရဟန်းဖြစ်ချိန်ကစပြီး လက်ရှိအချိန်ထိ ကျိုးပေါက်ပျောက်ကျားတာ မတွေ့ရဘူး၊ ပွတ်သစ်စ ခရုသင်းသဖွယ် လုံးဝစင်ကြယ်နေတာကိုသာ တွေ့ရပါတယ်၊ အဲဒီလို တွေ့ရတော့ စိတ်ကြည်လင်ရွှင်လန်းလာပါတယ်၊ ဝမ်းမြောက်လာပါတယ်၊ နှစ်သိမ့်ကျေနပ်လာပါတယ်၊ ကိုယ်စိတ် ငြိမ်းအေးလာပါတယ်၊ ကိုယ်ရောစိတ်ပါ ချမ်းသာလာပါတယ်။

မထေရ်က အဲဒီစိတ်အစဉ်ကိုပဲ လိုက်ပြီး "ကြည်လင်တယ်, ရွှင်လန်းတယ်, ဝမ်းမြောက်တယ်, နှစ်သိမ့်တယ်, ငြိမ်းအေးတယ်, ချမ်းသာတယ်"လို့ နာမ်တရားတွေဖြစ်နေတဲ့ အတိုင်းပဲ ရှုမှတ်နေပါတယ်၊ အဲဒီလို ရှုမှတ်နေရင်း စိတ်တည်ငြိမ်လာပါတယ်၊ အဲဒီပေါ်လာသမျှ နာမ်တရားတွေကို တစ်ခုစီ တစ်ခုစီသိအောင် စူးစူးစိုက်စိုက် ရှုနေရင်း အဲဒီစိတ်တွေက တစ်ခုဖြစ်ပေါ်လာလိုက် ပျောက်သွားလိုက်, နောက်တစ်ခုဖြစ်ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ ဖြစ်ပေါ်လာသမျှ ပျောက်ပျောက်သွားတာတွေကို ဉာဏ်နဲ့ ရှင်းရှင်းကြီး တွေ့မြင်လာရပါတယ်။

အဲဒီလို တွေ့မြင်ရတော့ ဒီနာမ်တရားတွေဟာ ဖြစ်ပြီး,ပျက်နေတာပဲ၊ တစ်ခုမှ မမြဲပါလား၊ တရိပ်ရိပ်ဖြစ်ပြီး တရိပ်ရိပ်ပျက်နေပါလား–လို့ အနိစ္စသဘောတွေ ဉာဏ်ထဲမှာ ထင်မြင်သွားပါတယ်၊ ဒါကိုပဲ အသိမှန်, အမြင်မှန်(ယထာဘူတဉာဏဒဿန)လို့ ခေါ်ပါတယ်။

အဲဒီလို နာမ်တရားတွေရဲ့ ဖြစ်မှု–ပျက်မှု, မတည်မြဲမှုတွေ(အနိစ္စ)၊ မပြတ်ဖြစ်ပျက်နှိပ်စက်ခံနေရတဲ့ ဆင်းရဲတွေ(ဒုက္ခ)၊ တည်မြဲနေတဲ့ အတ္တကောင်, ဝိညာဉ်ကောင်, ပုဂ္ဂိုလ်, သတ္တဝါ–ဆိုတာဟာ ဘာတစ်ခုမှ မရှိပါကလား၊ တကယ်တော့ မပြတ်ဖြစ်ပျက်နေတဲ့ နာမ်ရုပ်အစဉ်မျှပါကလား–လို့ အနတ္တသဘောဉာဏ်နဲ့ ပြက်ပြက်ထင်ထင်

http://www.dhammadownload.com

သိမြင်လာတော့ ဝိပဿနာဉာဏ်တွေ တစ်ဆင့်ထက်တစ်ဆင့် ရင့်ကျက်လာပြီး ဥပါသကာကြီးရဲ့ ကျောပေါ်မှာပဲ မင်္ဂ–ပါးအစဉ်နဲ့ အရဟတ္တဖိုလ်ကို ရောက်သွားပါတော့တယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

နိဗ္ဗာန်ထိမြောက်, လမ်းကောင်းလျှောက်၍, မျက်မှောက်ပြုခြင်း။

ဒီလို မုံရွေးဆရာတော်က နိဗ္ဗာနသစ္ဆိကိရိယမင်္ဂလာရဲ့သဘောကို မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် နိဗ္ဗာန်ထိ ပေါက်မြောက်နိုင်တဲ့ လမ်းကောင်းကိုလျှောက်ပြီး နိဗ္ဗာန်ကို သိမြင် မျက်မှောက်ပြုခြင်း, ကိုယ်တွေ့ မျက်မှောက်ပြုရခြင်းဟာ နိဗ္ဗာနသစ္ဆိကိရိယမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

တစ်သက်တစ်ခါ, သေမည်သာ, စိတ်မှာမပြတ်စွဲ၊
သေသောအခါ, လမ်းငါးဖြာ, ပါယ်ရွာလွတ်အောင်လွှဲ၊
ပါယ်ရွာလွတ်လို့, အကုသိုလ်, တွန်းဖြိုရှောင်ကြဉ်ဖဲ့၊
ဒါနသီလာ, ဘာဝနာ, ကိုယ်မှာကြပ်ကြပ်မြဲ၊
ထွန်းပရောင်ဝါ, သာသနာ, ခုခါမင်္ဂလာပွဲ၊
မိမိကိုယ်ကို, ချမ်းသာလို့, မင်္ဂလာရအောင်ခဲ့။ [၁]

တောင်ကိုင်ဗိမာန်, ပြည်နိဗ္ဗာန်သို့, ရည်သန်နှလုံး, ရောက်လိုဆုံးက, ကျင့်သုံးမသွေ, သီလမြေထက်, ရပ်ခြေဝီရိယာ, လက်သဒ္ဓါဖြင့်, သမာဓိန္ဒြေ, မတ်တင်ညှိလျက်, သတိသွေးဆောင်, အရောင်ချက်ချက်, မြမြထက်သား, သံလျက်ဝရဇိန်, စက်ပုဆိန်ကို, စွဲချိန်ဝင့်တိုင်း, ပိုင်းရိုင်းတိ, ရံသိုင်းမလပ်, ဆယ်ဆင့်ထပ်၍, မြဲကြပ်တည်ခြင်း, ဤကိုယ်တွင်း၌, ရုန့်ရင်းသန်ကျန်း, လွန်ခိုင်ကျန်းသား, သောင်းကျန်းတတ်စွာ, ကိလေသာ–ဟု, ယုတ်မာဆိုးညစ်, သူပုန်စစ်ကို, ခုတ်ထစ်ကုန်စင်, တိုက်အောင်မြင်မှ, ခေမင်္ဂတ, ဘုံသို့ကျ၍, သုခချမ်းသာ, နေရစွာအံ့။ [၂]

ဘဝင်္အထိ, ဝီစိအဆုံး, သုံးပါးဘဝ, သုံးလောကတို့, ဆွဆွဆိတ်ဖဲ့, လောင်စာချဲ့လျက်, တဆဲ့တဖြာ, လှျံဝါညီးညီး, မီးပြင်းပြောင်ပြောင်, လောင်လျက်တကား, မီးပွားငြိမ်းရာ, နိဗ္ဗာန်သာတည့်။ [၃]

ဒီလိုလဲ မိန့်ဆိုတော်မူကြပါသေးတယ်။

၁။ သုတရတနာ။ ၂။ မဃဒေဝ–၄၃၄။ ၃။ ဥတိန္ဒ–၂၇။

http://www.dhammadownload.com



အခန်း-၁၀

ဗုဒ္ဓဿ လောကမ္မေဟိ	= လောကဓံတရားနှင့် တွေ့ကြုံတဲ့ ပုဂ္ဂိုလ်ရဲ့
စိတ္တံ ယဿ န ကမ္ပတိ	= စိတ်မတုန်လှုပ်ခြင်း,
အသောကံ	= စိုးရိမ်ပူ ဆွေးမှု မရှိခြင်း,
ဝိရဇံ	= ရာဂ-စတဲ့မြူ မရှိခြင်း,
ခေမံ	= ဘေးရန်ကင်းခြင်း-
ဧတံ မင်္ဂလ-မုတ္တမံ	= ဒီ ၄-ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာ (ကြီးပွားချမ်းသာရေး) ဖြစ်ပါတယ်။

၃၅။ စိတ္တအကမ္ပန

လောကဓံတရား

လာဘ= လာဘ်ရခြင်း,	အလာဘ= လာဘ်မရခြင်း,
ယသ= အခြွေအရံများခြင်း,	အယသ= အခြွေအရံ မရှိခြင်း,
ပသံသာ= ချီးမွမ်းခံရခြင်း,	နိန္ဒာ= ကဲ့ရဲ့ခံရခြင်း,
သုခ= ချမ်းသာခြင်း,	ဒုက္ခ= ဆင်းရဲခြင်း-

ဒီတရား ၈-ပါးကို လောကသားတွေမှန်သမျှ တွေ့ကြုံကြရမြဲသဘော ဖြစ်တဲ့အတွက် လောကဓံ-လို့ ခေါ်ပါတယ်။

အဆိုးလောကဓံ ၄-ပါးနှင့် အကောင်းလောကဓံ ၄-ပါးတို့မှာ အကြောင်းအား လျော်စွာ တစ်လှည့်စီ ဖြစ်လာတတ်ပါတယ်၊ ဒီလောကဓံစက်ကွင်းက ဘုရားသော်မှ မလွတ်ကင်းနိုင်ပါ၊ ရံခါဘုရားရှင်မှာ မကုန်နိုင်မခန်းနိုင်အောင် ပစ္စည်းလာဘ်လာဘ ပေါများတတ်ပါတယ်၊ ရံခါကျတော့ ရှားပါးတဲ့အဖြစ်နှင့် ကြုံတွေ့ရတတ်ပါတယ်၊ ဝေဇ္ဇာပြည်မှာ ဝါကပ်စဉ်က မုယောဆန်ကြမ်းကို ဘဉ်းပေးသုံးဆောင်လာရပါတယ်၊

http://www.dhammadownload.com

ဧကနာဠပုဏ္ဏားရွာမှာ ဆွမ်းခံဝင်တုန်းကလဲ လူတွေကို မာရ်နတ်က လှည့်စားထား ပါတယ်၊ ဒါနဲ့ လူတွေက ဆွမ်းလောင်းရန် သတိမရတဲ့အတွက် ဆွမ်း-ဟင်းမဖက် ဆေးမြိတိုင်းသောသပိတ်သက်သက်နဲ့ ပြန်လည်ထွက်ကြွလာခဲ့ရပါတယ်။

ဗုဒ္ဓမြတ်စွာက စိတ်ကောင်းရှိသူ နတ်လူဗြဟ္မာတွေရဲ့ ချီးမွမ်းမှုကို ခံရပေမယ့် စိဉ္ဆမာဏဝိကာစွပ်စွဲမှု, သုန္ဒရီပရိဗိဇ်မစွပ်စွဲမှု–စသည်တို့ကို အကြောင်းပြု၍ မလိုလား သူတွေရဲ့ကဲ့ရဲ့မှုကို ခံတော်မူရပါတယ်။

ရှင်တော်မြတ်ဘုရားဟာ ဖလသမာပတ်ချမ်းသာ, နိရောဓသမာပတ်ချမ်းသာ တွေကို အများအပြားခံစားနိုင်ပေမယ့် အဆင်မပြေတဲ့ အခါမျိုးမှာ ခါးနာတော်မူခြင်း, ဒေဝဒတ်က ဂိဇ္ဈကူဋ်တောင်ပေါ်မှ ကျောက်မောင်းဆင်ကာ လှိမ့်ချတဲ့ကျောက်လွှာ ထိလို့ သွေးခြည်ဉခြင်း, ဝမ်းတော်လှားခြင်း–စတဲ့ ဒုက္ခနှင့်တွေ့ကြုံတော်မူရပါ သေးတယ်။

ဘုရားသော်မှ ကြုံတွေ့ရတဲ့ ဒီသဘောတရားတွေမှာ ဂုဏ်ရှိသူရော, ဂုဏ်မဲ့ သူရော, လူမိုက်ရော, ပညာရှိရော အကုန်လုံး တွေ့ကြုံရမယ့်တရားတွေသာ ဖြစ်ကြ ပါတယ်၊ လောကမှာ ရှိသမျှသူထဲက မည်သူ့ကိုမှ ရှောင်ကွင်းသွားမယ် မဟုတ်ပါ၊ လူတိုင်းလူတိုင်း ပြေးမလွတ်တဲ့ တရားတွေသာ ဖြစ်ကြပါတယ်။

ရဟန္တာစိတ်နှင့် အခြားပုဂ္ဂိုလ်စိတ်

ရဟန္တာအရှင်မြတ်တွေဟာ ကောင်းတဲ့အာရုံ, မကောင်းတဲ့အာရုံနှင့် တွေ့ကြုံရတဲ့ အခါ ကောင်းတာကို မကောင်းတဲ့အနေနဲ့လဲ ရှုနိုင်ပါတယ်၊ မကောင်းတာကို ကောင်းတဲ့အနေနဲ့လဲ ရှုနိုင်ပါတယ်၊ ဒီလို စိတ်ကို အစိုးရတဲ့ တာဒိဂုဏ်ရှင်များ ဖြစ်ကြပါတယ်၊ ကျောက်တောင်ကြီးက လေတို့ကြောင့် မတုန်လှုပ်သလို ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းတွေကြောင့် တုန်လှုပ်မှုကင်းတယ်–လို့ ဘုရားရှင်ရဲ့ချီးကျူးမှုကိုလဲ ခံကြ ရပါတယ်၊ ဒါ့ကြောင့် အဋ္ဌကထာဆရာကလဲ လောကဓံကြောင့် မတုန်လှုပ်တဲ့စိတ်ဟာ ရဟန္တာအရှင်မြတ်ရဲ့စိတ်သာ ဖြစ်ပါတယ်၊ အခြားသူတွေရဲ့စိတ် မဟုတ်ဘူး–လို့ မိန့်ဆိုထားပါတယ်၊ ဒါဟာ အကောင်းဆုံး အထက်တန်းအကျဆုံးစိတ်ကို ယူလိုတဲ့ အတွက် ဥက္ကဋ္ဌနည်းနဲ့ မိန့်ဆိုထားခြင်းမျှသာ ဖြစ်ပါတယ်။

ရဟန္တာမှတစ်ပါး အခြားအရိယာများနှင့် ပုထုဇဉ်တို့ရဲ့စိတ်လဲပဲ ထိုက်သည်အား လျော်စွာ တုန်လှုပ်မှုကင်းနိုင်ပါသေးတယ်။ [၁]

ပုထုဇဉ်က ဖြစ်လာတဲ့ လောကဓံရဲ့ မမြဲမှု, ဆင်းရဲမှု, ဖောက်ပြန်ပျက်စီးရတဲ့ သဘောရှိမှုကို မဆင်ခြင်တတ်ပါ၊ ဒါ့ကြောင့် ပုထုဇဉ်တို့ရဲ့စိတ်မှာ လောကဓံရဲ့

၁။ အံ–၃၊ ၈။

http://www.dhammadownload.com

လွမ်းမိုးမှုကို အလူးအလိမ့် ခံရတတ်ပါတယ်၊ အကောင်းလောကခံနှင့် တွေ့ကြုံရတဲ့ အခါ ကောင်းသည်အားလျော်စွာ ခြေတကြွကြွနဲ့ ပျော်တတ်ကြပါတယ်၊ အဆိုး လောကခံနှင့်တွေ့ကြုံရတဲ့ အခါမှာတော့ နှလုံးကြေကွဲ စိတ်ဆင်းရဲ့တတ်ကြပါတယ်။

အရိယာသာဝကတွေကတော့ လောကခံရဲ့မမြဲမှု, ဆင်းရဲမှု, ဖောက်ပြန်ပျက်စီး တတ်တဲ့သဘောရှိမှုတွေကို စဉ်းစားဆင်ခြင်တတ်ပါတယ်၊ ဒါ့ကြောင့် လောကခံ တရားက အရိယာရဲ့စိတ်ကို မလွှမ်းမိုးနိုင်ပါ၊ အကောင်းလောကခံနှင့်ကြုံလဲ ကောင်းသည် အားလျော်စွာ ခြေတကြွကြွနဲ့ မပျော်တတ်ကြပါ၊ အဆိုးနှင့်ကြုံရတဲ့အခါမှာလဲ အဆိုးကိုဆန့်ကျင်ပြီး နှလုံးကြေကွဲ စိတ်ဆင်းရဲမှု မဖြစ်တတ်ကြပါ။

ဒီလို အရိယာသာဝကအကုန်လုံးကိုပဲ လောကခံကြုံ မတုန်လှုပ်သူတွေအဖြစ် ဗုဒ္ဓမြတ်စွာက ဟောထားပါတယ်၊ ပုထုဇဉ်ကိုတော့ လောကခံကြုံ တုန်လှုပ်သူအဖြစ် ဟောထားပါတယ်၊ ဒါပေမယ့် တရားသဘောကို စဉ်းစားဆင်ခြင်တတ်ပြီး အထိုက် အလျောက်လောကခံကို ခံနိုင်ရည်ရှိသူများလဲ ရှိတတ်ပါသေးတယ်၊ တရားသဘောကို မစဉ်းစား မဆင်ခြင်တတ်တဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တွေက လောကခံကြုံ တုန်လှုပ်မယ်သာ ဖြစ်ပါတယ်၊ မြေးမ–သေလို့ ပူဆွေးနေရတဲ့ ဝိသာခါရဲ့အကြောင်းကိုထောက်တော့ အချို့အရိယာတွေကလဲ တရားသဘောကို နှလုံးမသွင်းမိပါက လောကခံကြုံ တုန်လှုပ် ကြရသည်မှာ ထင်ရှားသိသာလှပါတော့တယ်။

လောကခံဖြေပုံ နည်းမျိုးစုံ

ဗုဒ္ဓဘာသာဝင်မှန်သမျှ ကံကိုယုံကြည်သူချည်းသာ ဖြစ်ကြပါတယ်၊ ကံကို မယုံသူ–လို့ ရှိမယ်မထင်ပါ၊ ယခုဘဝတွေ့ကြုံရသမျှ အကောင်းအဆိုး အမျိုးမျိုး တွေဟာ ကံကြောင့်ဖြစ်လာရတာချည်းပဲ–လို့ အများအားဖြင့် ယူဆတတ်ကြပါတယ်၊ သို့ဖြစ်သည်အားလျော်စွာ အဆိုးလောကခံနှင့် တွေ့ကြုံရတဲ့အခါ ကမ္မဿကာပေါ့၊ ကံအတိုင်းပဲ၊ ကံကို ဘယ်သူလွန်ဆန်နိုင်တာမှတ်လို့– အစရှိတဲ့ အတွေးမျိုးနဲ့ စိတ်ကို ဖြေလှော့ရှိကြပါတယ်၊ ဒီလိုဖြေရင်း ကြာလာတဲ့အခါ စိတ်ဓာတ်များ ရင့်ကျက်လာ တတ်ပါတယ်၊ အဆိုးလောကခံနှင့်တွေ့ကြုံလို့ စိတ်ဓာတ် မတုန်လှုပ်သလို အကောင်း လောကခံနှင့် တွေ့ကြုံရတဲ့ အခါမှာလဲ ကုသိုလ်ကံအခွင့်သာတုန်းမို့–လို့ပါ၊ အကုသိုလ် ကံက အခွင့်ရလာရင် ပျက်ဦးမှာပဲ–ဆိုတဲ့သဘောမျိုးနဲ့ စိတ်ကို ထိန်းနိုင်ကြပါတယ်၊ မိုးမမြင် လေမမြင်–ဆိုသလို ပျော်ရွှင်တက်ကြွမှုမျိုး မရှိကြပါ။

အချို့ကတော့ အနိစ္စ–မမြဲတဲ့သဘော, ဒုက္ခ–ဆင်းရဲတဲ့သဘော, အနတ္တ–အစိုးမရတဲ့ သဘောတွေကို တွေးတောစဉ်းစား ဆင်ခြင်သောအားဖြင့်လဲ ဖြေလှော့ ရှိကြပါတယ်၊ သခ်ါရတွေ–ဆိုတာဟာ အကုန်လုံး အနိစ္စတွေချည်းပဲ၊ ဘယ်တည်မြဲ

၁။ အံ–၃၊ ၈။

http://www.dhammadownload.com

နိုင်ကြပါ့မလဲ၊ ကိုယ်က အစိုးရတာမှ မဟုတ်ဘဲ၊ ကိုယ့်သဘောအတိုင်း ဖြစ်နေကြတာပဲ–စတဲ့ အတွေးမျိုးတွေနဲ့ စိတ်ကို ထိန်းကြပါတယ်၊ ထိန်းဖန်များလာတော့ ခံနိုင်ရည်ရှိလာကြပါတယ်၊ နောက်ထပ်အဆိုးလောကခံနှင့် တွေ့ပေမယ့်နှလုံးကြေကွဲဝမ်းနည်းမှု မရှိကြတော့ပါ၊ စိတ်သက်သာရာ ရကြပါတယ်၊ အကောင်းလောကခံနှင့် တွေ့ကြုံရပေမယ့် ပျော်တပြုံးပြုံး မော်မဆုံးအောင် မဖြစ်ကြတော့ပါ။

အချို့ကတော့ လောကခံစက်ကွင်းက ဘုရားရဟန္တာတွေတောင်မှ လွတ်နိုင်ကြတာ မဟုတ်ဘူး၊ တို့တစ်တွေမှာတော့ ဘာပြောစရာ ရှိပါ့မယ်လဲ–ဆိုတဲ့ အတွေးမျိုးနဲ့ အဆိုးလောကခံရဲ့ဒဏ်ကို ရင်ကော့ကာ ကြံ့ကြံ့ခံနိုင်ကြပါတယ်၊ ဒီလို တရားသဘောနဲ့ ဆင်ခြင်ပြီး ပကတိအခြေ ဣန္ဒြေမပျက်ခြင်းဟာ လောကထက် မြင့်မြတ်တဲ့ သဘောကို ရွက်ဆောင်တတ်တဲ့အတွက် မင်္ဂလာဖြစ်ပါတယ်။

ကဲ့ရဲ့ချီးမွမ်း ဗုဒ္ဓမြတ်စွာက မိဂဒါယမှာ ဝါဆိုပြီး ရာဇဂြိုဟ်မြို့ကို ကြွရောက်လာတဲ့ အချိန်မှာ ဥရုဝေလကဿပ, အရှင်သာရိပုတ္တရာ အစရှိတဲ့ အထက်တန်းလွှာ အမျိုးသားအများအပြား ရဟန်းပြုလာကြပါတယ်၊ အဲဒီလို ရဟန်းပြုလာကြတာကိုပဲ အကြောင်းပြုပြီး ဗုဒ္ဓမြတ်စွာကို လူအများက ကဲ့ရဲ့လာကြပါတယ်၊ အဲဒီအကြောင်းကို ရဟန်းတော်များက လျှောက်ထားတဲ့အခါ ဒီလိုကဲ့ရဲ့သံဟာ ကြာရှည်လေးမြင့် တည်နေမှာ မဟုတ်ပါဘူး၊ ၇–ရက်မျှသာ တည်နေပါလိမ့်မယ်–လို့ ဗုဒ္ဓမြတ်စွာက မိန့်တော်မူပါတယ်၊ ဒါကိုအကြောင်းပြုပြီး ကဲ့ရဲ့ခံရတဲ့ အချို့အချို့သော ပုဂ္ဂိုလ်က "အို– ချီးမွမ်း ၇–ရက်, ကဲ့ရဲ့ ၇–ရက်ပေါ့၊ ဘာအရေးစိုက်စရာ ရှိသလဲ" လို့ အမှတ်မထားဘဲ နေတတ်ကြပါတယ်။

အတုလဥပါသကာ [၁]

ဒီကဲ့ရဲ့ချီးမွမ်းမှုနှင့်စပ်လို့ အတုလဥပါသကာအကြောင်းကို အကျဉ်းမျှ ပြောပြပါဦးမယ်၊ သာဝတ္ထိမြို့သား အတုလဥပါသကာက နောက်လိုက်နောက်ပါ ဥပါသကာ ၅၀၀–တို့နှင့်အတူ တရားနာရအောင် ကျောင်းကို သွားပါတယ်၊ အရှင်ရေဝတထေရ်အနားကို ချဉ်းကပ်ပြီး ရှိခိုးထိုင်နေပါတယ်၊ အရှင်ရေဝထေရ်က တစ်ပါးတည်း ကိန်းအောင်းခြင်းမှာ မွေ့လျော်သူ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဘာစကားမျှ မပြောကြားလိုက်ပါ။

ဒါနဲ့ စိတ်ဆိုးထွက်လာပြီး ရှင်သာရိပုတ္တရာထေရ်ထံ သွားပါတယ်၊ ရှင်သာရိပုတ္တရာက အဘိဓမ္မာတရား အများကြီးဟောပါတယ်၊ အဘိဓမ္မာတရား နာရတာကို သဘောမကျတဲ့အတွက် အရှင်အာနန္ဒာထေရ်ထံ သွားပြန်တယ်၊ အရှင်အာနန္ဒာက

၁။ ခံ–၄–၂၊ ၂၀၉။

http://www.dhammadownload.com

သိနားလည်ရဲ့ တရားနည်းနည်းလေး ဟောလွတ်လိုက်ပါတယ်၊ ဒါကိုလဲ စိတ်ဆိုးပြီး ဘုရားရှင်ထံ ထွက်လာခဲ့ပါတယ်။

ဘုရားရှင်ထံရောက်သွားလို့ ဘုရားရှင်က မေးတော်မူတဲ့အခါ အရှင်ရေဝတက တရားမဟောလို့ စိတ်ဆိုးထွက်လာခဲ့ရတဲ့အကြောင်း, ရှင်သာရိပုတ္တရာက အဘိဓမ္မာတရား အများကြီးဟောလို့ စိတ်ဆိုးထွက်လာခဲ့ရတဲ့အကြောင်း, အရှင်အာနန္ဒာက တရားနည်းနည်းကနဲလေး ဟောလို့ စိတ်ဆိုးထွက်လာခဲ့ရတဲ့ အကြောင်းတွေကို လျှောက်ထားပါတယ်၊ ဒီတော့ ဘုရားရှင်က–

"အတုလ ! စကားမပြောတဲ့သူလဲ ကဲ့ရဲ့ခံရတတ်တယ်၊ စကားအများကြီးပြောတဲ့သူလဲ ကဲ့ရဲ့ခံရတတ်တယ်၊ စကားနည်းနည်းပြောတဲ့သူလဲ ကဲ့ရဲ့ခံရတတ်တယ်–ဆိုတာဟာ ရှေးအခါကစပြီး အခုအချိန်ထိဖြစ်နေတဲ့ အလေ့အကျင့်တစ်ခုမျှသာ ဖြစ်တယ်၊ အကယ်စင်စစ် ကဲ့ရဲ့ထိုက်သူလဲမရှိ၊ ချီးမွမ်းထိုက်သူလဲ မရှိဘူး၊ မင်းတွေကိုလဲ အချို့က ကဲ့ရဲ့ကြပါတယ်၊ အချို့က ချီးမွမ်းကြပါတယ်၊ မြေကြီး, လ, နေ, ကောင်းကင်–စသည်တို့ကိုလဲ အချို့က ကဲ့ရဲ့ကြပါတယ်၊ အချို့က ချီးမွမ်းကြပါတယ်၊ ပရိသတ် ၄–ပါးအလယ်မှာထိုင်ပြီး တရားဟောနေတဲ့ မြတ်စွာဘုရားကိုလဲ အချို့က ကဲ့ရဲ့ကြပါတယ်၊ အချို့က ချီးမွမ်းကြပါတယ်၊ လူမိုက်တွေကဲ့ရဲ့မှု, ချီးမွမ်းမှုမှာ လိုရင်းမဟုတ်ပါ၊ ပညာရှိတွေရဲ့ အကဲ့ရဲ့မခံရအောင်, ချီးမွမ်းခံရအောင်သာ ဂရုစိုက်သင့်ပါတယ်။

ဒီလို မိန့်ကြားတော်မူပြီး တရားစကား ဆက်လက်ဟောကြားတော်မူပါတယ်။

ရွေးဆရာများရဲ့ အဆိုအမိန့်

ပြောင်းပြန်ရောနှော, အလာဘောနှင့်, လာဘောတူကွ, အယသနှင့်, ယသမှတ်ကြဲ, သုခံဒုက္ခ, နိန္နပသဿာ, ရူစ်ဖြာလောကဓံ, ဆက်ဆံရစ်ငွေ့,[၁] ကြိုလေတွေ့လည်း, ခါ၍မခုန်, မတုန်မလှုပ်, စောင့်ချုပ်မယိမ်း, မတိမ်းမပြို, ထိုပုဂ္ဂိုလ်၏, နဂိုရ်တည်ကြည်, စိတ်မြတ်သည်လည်း, တမည်မင်္ဂလာ။

ဒီလို မုဆွေးဆရာတော်က စိတ္တအကမ္မနမင်္ဂလာရဲ့ သဘောကို မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် အပြန်အလှန် ရောနှောယှက်တွဲနေတဲ့ လာဘ်မရခြင်း–လာဘ်ပေါခြင်း, အခြံအရံမရှိခြင်း–အခြံအရံပေါများခြင်း, ချမ်းသာခြင်း–ဆင်းရဲခြင်း, ကဲ့ရဲ့ခံရခြင်း–ချီးမွမ်းခံရခြင်း၊ ဒီလောကဓံတရား ၈–ပါးနှင့် ဆက်ဆံယှက်သန်းတွေ့ကြုံနေရပေမယ့် လူပ်ခါရွေ့ရှား ခုန်ဆွတုန်လှုပ်ခြင်းမရှိဘဲ စောင့်ထိန်းချုပ်တည်းမှုနဲ့ မယိမ်းယိုင် မတိမ်းစောင်း မပြိုကွဲသောစိတ်ရှိတဲ့ ပုဂ္ဂိုလ်ရဲ့ ပင်ကိုယ်မူလအတိုင်း တည်ကြည်တဲ့ စိတ်မြတ်ဟာ စိတ္တအကမ္မနမင်္ဂလာ မည်ပါတယ်။

၁။ ရစ်ငွေ့= ရှုပ်သန်းသည်။

http://www.dhammadownload.com

ဒါ့အပြင်–

ဆုတ်တက်ခါရဲ့, လောကဓံကို, မခံနိုင်လျှင်း, ပျက်စီးခြင်းကား, ခပင်းများစွာ, လူတကာကို, စိတ်မှာနှောက်ယှက်, ရှိသေပျက်၏။ [၁]

လောကဓံတရား, တွေ့ကြုံငြား, စိတ်ထားတင်းတင်းမာပါစေ၊
ရဲဘန်ရဲဘန်, လောကဓံ, ဖောက်ပြန်ဖြစ်မြဲပေ၊
ဖောက်ပြန်သဘော, အာသဓါ, လျှောအောင်မင်္ဂဖြင့်ချေ၊
မင်္ဂကိုရမှ, ချေနိုင်ကြ, မင်္ဂရတရားမွေ၊
မင်္ဂကိုရကြောင်း, သူတော်ကောင်း, လမ်းကြောင်းလိုက်ကြလေ၊
သူငါဆက်ဆံ, လောကဓံ, ပူပန်စိုးရိမ် ဖျောက်တတ်စေ။ [၂]

လာဘဓမ္မာ, ကြုံသောခါမူ, ဒီသာရုစ်ပါး, လပ်သပ်များလျက်, သွားလေရာရာ, အသင့်သာတည့်၊ အိမ်မှာအလိုက်, နေသောခိုက်လည်း, စိုက်စိုက်လာဘ, ရောက်လာကြ၍, မိုးလချိန်ခါ, မိုးကြီးရွာသို့, ထားရာ မရ, ပေါများလှ၏၊ ကမ္မဓမ္မာ, ချို့တဲ့ခါတွင်, အလာဘဉ်, ကြုံသည်ခိုက်မူ, စိုက်စိုက်ထိုခါ, လိုက်၍ရှာလည်း, ပန်းကာရုံမျှ, ရှားပါးလှလျက်, နွေလ သန်ထောက်, မိုးရေပေါက်ကို, သောက်ရရုံမျှ, ရှာမရသို့, လောကဓမ္မတာ, သတ္တဝါတို့, ဝိပ္ပလ္လာသ, အလာဘနှင့်, လာဘမသွေ, ဤနှစ်ထွေလည်း- - - -ဒီရေမြောက်သည်နှယ်သာတည်း။ [၃]

ထိုမှရှင်စော, အမှန်ဟောသား, ယသောဓမ္မာ, ကြုံသောခါမူ, ကောင်းစွာမွေ့သိမ်, နတ်စည်းစိမ်သို့, အိမ်တွင်နေငြား, ခြွေရံများလျက်, သွားလည်းညည်း, ဝန်းရွေရံလျက်, ယာဉ်ပျံဆင်မြင်း, နေရာခင်းနှင့်, မနင်းမြေထက်, သော်တာထွက်သော်, ဝန်းလျက်ရံကာ, ကြယ်များပါသို့, နေရာတိုင်းပင်, ခြွေရံခင်၍, မြင်အောင်ခယ, မျက်နှာပြ၏၊ ထိုမှလျှင်ဆော, အယသောနှင့်, သဘောကြုံခါ, ဥာတကာမှ, ဆွေမျိုး–စသည်, ရှေးကအလျင်, ကျေးဇူးတင်သား, အကြင်သူများ, ဝေးရာရွာလျက်, သွားလည်းလွဲအောင်, ကျားကိုရှောင်သို့, လမ်းဆောင်တသီး, ထိုခရီးသို့, မနီးကွာကွာ, ဝေးအောင်ခွာ၍, လွတ်ရာကပင်, နေကြချင်လိမ့်၊ နေဝင်ခါရက်, မြေပြင်ထက်တွင်, ခက်လက်လည်းဖြုတ်, တိုအောင်ခုတ်သား, သစ်ငုတ်ပမာ, ခြံရံကွာ၏၊ ဓမ္မတာဟော, အယသောနှင့်, ယသောဆက်ဆံ, များခြွေရံလည်း- - - -သက်တံရောက်သည်နှယ်သာတည်း။ [၄]

ထိုမှတခါ, ပသံသာနှင့်, ဓမ္မာအရ, သဘာဝ–ဟု, ကုသလနှင့်, အချိန်သင့်မှု, ပွင့်ပွင့်လင်းလင်း, ကျင်းကျင်းပပ, ထလည်းအကောင်း, လျောင်းလည်း

၁။ ဩဝါဒထူး–၃၀။ ၂။ သုတရတနာ။ ၃။ ဓမ္မဓေယျို–၄၄။ ၄၅။

http://www.dhammadownload.com

အတော်, ပျော်လည်းအံ့သြ, ပြောလည်းနာလို, ဆိုလည်းကောင်းလှ, ချီးမွမ်းကြလျက်, လူများအထွတ်, ကောင်းချီးမွှတ်၍, ဒဋ္ဌရတ္တာ, ငှက်များသနင်း, ဟသ်မင်း၏, သည်းတွင်းရင်နှစ်, သမီးချစ်နှင့်, လင်ဖြစ်စိမ့်ကြောင်း, သမက်လောင်းသား, ဥဒေါင်းငှက်ကို, ချီးမွမ်းဆိုသို့, ထိုထိုအသံ, ကောင်းချီးညံလိမ့်၊ နိန္ဒာတရား, ဖောက်ပြန်ငြားမူ, သွားလည်း မတော်, ပျော်လည်း မကောင်း, လျောင်းလည်းငြူစူ, မဖြူသောဘေ, ပြောလည်းမလို, ဆိုလည်းမနာ, လာလည်း မသင့်, မပွင့်မလင်း, မကျင်းမပ, ပြုသမျှကို, အများစိတ်တွင်, မတော်ထင်လျက်, ကြားမြင်သမျှ, တစမကောင်း, ကဲ့ရဲ့ပေါင်း၏၊ ဥဒေါင်းငှက်လှ, ကရုဏာနှင့်, ဟသ်မင်းကြီး, ကဲ့ရဲ့ပြီးလျှင်, သမီးသိမ်းထား, မပေးစားသို့, တရားနှိုင်းရှဲ့, ထင်ပြိုပြိုဖြင့်, ကဲ့ရဲ့တလမ်း, ချီးမွမ်းတတည်, ဤနှစ်မည်လည်း- - - - လျှပ်ခြည် တောက်သည့်နှယ်သာတည်း။ [၁]

ထိုမှတဝ, ကုသလကြောင့်, သုခတရား, ကြိုကြိုက်ငြားမူ, သွားလည်းချမ်းသာ, လာလည်းချမ်းမြေ့, နေ့လည်းချမ်းမြ, ညလည်းချမ်းငြိမ်, နတ်စည်းစိမ်သို့, အိမ်လည်းရိပ်မြို့, မိုးနေလုံလျက်, ဆွေပုံမျိုးနှင့်, ဆယ်ပါးကျင့်သား, မင့်လက်ထက်မှာ, နေရပါသို့, ချမ်းသာခဏာ, ခံစားရ၏၊ ဒုက္ခတရား, ဆိုက်လာငြားမူ, သွားလည်းဘေးရှာ, လာလည်းဘေးတွေ့, နေ့လည်းဘေးရ, ညလည်းဘေးကြိမ်, ကိုယ့်စည်းစိမ်လည်း, မငြိမ်မသက်, ရန်သူဖျက်၍, ပျက်ခဲ့ရှင်းရှင်း, တရားယွင်းသား, မင်းတို့လက်ထက်, နေရချက်သို့, အသက်ခန္ဓာ, တသက်လျှာတွင်, နာနာဘာဝ, ဝိနာ-စသည်, အညထာက, ဘယဘေဒ, ဥပ္ပာဒကို, တွေ့ကြစမြဲ, ဤဆင်းရဲနှင့်, မကွဲမကွာ, ဖောက်ပြန်လှာသား, ချမ်းသာတရံ, ဤသုခံလည်း- - - -ကြယ်ပျံပျောက်သည်နှယ်သာတည်း။ [၂]

ဒီလိုလဲ မိန့်ဆိုတော်မူကြပါသေးတယ်။

၃၆။ အသောကံ

သောက-ဆိုတာဟာ မိဘဆွေမျိုးတွေရဲ့ ပျက်စီးခြင်းနဲ့ ကြုံတွေ့ရသူ, ပစ္စည်းဥစ္စာပျက်စီးခြင်းနှင့် ကြုံတွေ့ရသူ, ဆင်းရဲဒုက္ခအမျိုးမျိုးနဲ့ ကြုံတွေ့ရသူတွေရဲ့ စိတ်ပူပန်ခြင်း, ဝမ်းနည်းခြင်းပဲ ဖြစ်ပါတယ်၊ အဲဒီသောကနှင့် ကြုံတွေ့ရတဲ့အခါ တရားသောကို မဆင်ခြင်မစဉ်းစားနိုင်သူတွေက အတောမသတ် ပူပန်ကြရပါတယ်၊ တရားသောကို စဉ်းစားဆင်ခြင်နိုင်သူတွေကသာ ဖြေဖျောက်နိုင်ကြပါတယ်၊ သောကပရိဒေဝတွေကင်းပျောက်ရန် ဘုရားရှင်က အာမခံထားတဲ့ သတိပဋ္ဌာန်တရားတော်ကို ဆင်ခြင်ပွားများရင် သောကကင်းပျောက်နိုင်ပါတယ်၊ ရဟန္တာပုဂ္ဂိုလ်များမှာတော့ သောကကိုပယ်ပြီး ဖြစ်တဲ့အတွက် အမြဲမင်္ဂလာဖြစ်နေပါတယ်။

၁။ ဓမ္မဓဇပျို့-၄၆၊ ၄၇။

http://www.dhammadownload.com

စစ်သူကြီးကတော် မလ္လိကာ ၁

ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာက အဂ္ဂသာဝက ၂-ပါးနှင့် ရဟန်း ၅၀၀-တို့ကို ဆွမ်းစားပင့်ထားပါတယ်၊ နံနက်စောစောကပင် လင်ဖြစ်သူ ဗန္ဓုလစစ်သူကြီးနှင့် သား ၃၂-ယောက် အသတ်ခံရတယ်-ဆိုတဲ့စာကို မလ္လိကာထံ လာပို့ကြပါတယ်၊ မလ္လိကာက အဲဒီအကြောင်းကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပြောပြပါ၊ စာကို ခါးပိုက်ထဲမှာထားပြီး ရဟန်းသံဃာကိုသာ ဆွမ်းလုပ်ကျွေးနေပါတယ်။

အဲဒီအချိန်မှာ အလုပ်အကျွေး မိန်းကလေးတွေက ချိုမလာတဲ့ ထောပတ်အိုးကြီးကျကွဲသွားပါတယ်၊ ဒါကိုတွေ့ရတော့ ရှင်သာရိပုတ္တရာက "ကွဲပျက်ခြင်းသဘောရှိတဲ့ အရာဝတ္ထုဟာ ကွဲပျက်တာပဲ၊ ဘာမှ စိုးရိမ်ပူပန်မနေနှင့်"လို့ မလ္လိကာကို ပြောလိုက်ပါတယ်၊ ဒီတော့ မလ္လိကာက ခါးပိုက်ထဲကစာကို ထုတ်ပြပြီး "သား ၃၂-ယောက်နှင့် အဖေပါ ခေါင်းဖြတ် အသတ်ခံရတယ်-ဆိုတဲ့ ဒီစာကို တပည့်တော်ထံ လာပို့ကြပါတယ်၊ ဒီအကြောင်းကို ကြားရတာတောင်မှ တပည့်တော်က မစိုးရိမ် မပူပန်ခဲ့ပါ၊ ဒီထောပတ်အိုး ကျကွဲတဲ့အတွက် ဘယ်မှာစိုးရိမ်ပူပန်ပါ့မလဲဘုရား"လို့ လျှောက်ထားလိုက်ပါတယ်။

ဒီလို အဖြစ်ဆိုးကြီးနှင့် ကြုံတွေ့ရပေမယ့် မလ္လိကာရဲ့ မစိုးရိမ် မပူပန်မှုမှာ တရားသဘောကို သိမြင်နေတဲ့အတွက် ရရှိလာတဲ့ စွမ်းအင်သတ္တိပဲ ဖြစ်ပါလိမ့်မယ်၊ ဒါ့ကြောင့် သောကကင်းဝေး အေးဆေးစွာ နေလိုတဲ့ ပုဂ္ဂိုလ်တိုင်း တရားသဘော ပြည့်ဝအောင် ကြိုးစားထူထောင်ထားသင့်ပါတယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

ရောက်ရာရောက်ဆစ်, အေးရန်ဖြစ်လည်း, မညစ်မညှိုး, မစိုးမရိမ်, ချမ်းငြိမ်ပေသူ, စိတ်ကိုမူလည်း, ဖြူသည်မင်္ဂလာ, မှတ်လေရာ၏။

ဒီလို မုံရွေးဆရာတော်က အသောကမင်္ဂလာရဲ့ သဘောကို ဖွင့်ဆိုမိန့်ကြားထားပါတယ်။

အဓိပ္ပာယ် ရောက်ရာရောက်ရာ အရပ်ဒေသ(အပိုင်းအခြား)မှာ အေးရန်ဖြစ်ပေါ်လာပေမယ့် စိတ်ညစ်မှု, စိတ်ညှိုးငယ်မှု, စိုးရိမ်မှု မရှိဘဲ အေးချမ်းငြိမ်သက်သော စိတ်ရှိသူရဲ့ သောကကင်းကွာ ဖြူစင်သောစိတ်ရှိမှုဟာ အသောကမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်-

သားသေတုံလျက်, မထွက်မျက်ရည်, စိတ်ကောင်းတည်သည်, ခိုင်ကျည်

၁။ ခံ-၄-၁၊ ၂၂၄။

http://www.dhammadownload.com

နှလုံး, ငါးယောက်ထုံးကို, * စွဲသုံးမိလျက်, သေမင်းလက်သို့, ဝင်ထွက်ရမည်, ကြောက်မူနည်ဖြင့်, နေ့ရှည်ရက်သွေး, မနှောင့်နှေးတည့်။ [၁]

ဒီလိုလဲ မိန့်ဆိုထားကြပါသေးတယ်။

၃၇။ ဝိရဇံ

ရဇ–သဒ္ဒါက မြူကို ဟောပါတယ်၊ လောကမှာရှိနေတဲ့ မြူမှုန်က ကိုယ်ပေါ်ကို ကျရောက်လာရင် ညစ်ပေစေသလို ရာဂ, ဒေါသ, မောဟ–ဆိုတဲ့ တရားတွေကလဲ သတ္တဝါတွေကို ညစ်နွမ်းစေတတ်ပါတယ်၊ ဒါ့ကြောင့် "ရဇောဝိယာတိ–ရဇောဆိုတဲ့ သဒ္ဒါနည်းအရ ရာဂ, ဒေါသ, မောဟတို့မှာ မြူနှင့်တူ–လို့ ရဇ" ဆိုတဲ့ အမည်ကို ရကြပါတယ်။

ရာဂ–စသည်တို့မှာ ညစ်ပေစေတတ်တဲ့အတွက် အဲဒီရာဂ–စတဲ့တရားတွေကင်းလို့ သန့်ရှင်းစင်ကြယ်တဲ့ စိတ်မှာ မင်္ဂလာဖြစ်ရပါတယ်၊ ဒါဃမယ့် ဆိုင်ရာမင်္ဂနှင့် မပယ်ရသေးသမျှ လုံးဝကင်းနိုင်သည်ကား မဟုတ်ပါ၊ သို့ဖြစ်စေကာမူ သူတော်ကောင်းများက အဲဒီရာဂ–စတဲ့ တရားတွေကို အပြစ်မြင်လို့ ကင်းရှင်းအောင် ပြုလုပ်လေ့ရှိကြပါတယ်၊ အကောင်းဆုံးကတော့ ဝိပဿနာအလုပ် ကြိုးစားအားထုတ်ခြင်းပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ရာဂ–စတဲ့ တရားဆိုးတွေကို ဝိပဿနာဘာဝနာအလုပ်နဲ့ နှင်ထုတ်ကြမှသာ တဖြည်းဖြည်း စိတ်ဓာတ်ကြည်လင်သန့်ရှင်းလာပြီး ရာဂ–စတဲ့ အညစ်အကြေးမှ ကင်းဝေးနိုင်စရာ ရှိပါတယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

တဏှာတပ်မက်, ရမ္မက်ကွာကင်း, ထိုအခြင်းလည်း, သန့်ရှင်းမင်္ဂလာ။

ဒီလို မုံရွေးဆရာတော်က ဝိရဇမင်္ဂလာရဲ့သဘောကို ဖွင့်ဖော်မိန့်ဆိုထားပါတယ်။

အဓိပ္ပာယ် တပ်မက်တတ်တဲ့ တဏှာအလိုရမ္မက်ကင်းကွာတဲ့ အခြင်းအရာလဲပဲ ကိလေသာမြူမှု သန့်ရှင်းတဲ့ ဝိရဇမင်္ဂလာ မည်ပါတယ်။

ဒါ့အပြင်–

ပြည်ခေါင်ထိပ်ဖျား, ရောက်လိုငြားမူ, တရားညီစွာ, ရဉ္စာကို, သဒ္ဓါမနှေး, အလျှုပေးလော့၊ မမှေးစင်ကြယ်, သည့်ပြင်ဝယ်လည်း, အကယ်တည်းဖြောင့်, သီလစောင့်လော့၊ မနှောင့်ရှက်ရာ, ဘာဝနာနှင့်, မေတ္တာကမ္မဋ္ဌာန်း, စီးဖြန်း

၁။ ဥတိန္ဒ–၁၁၀။

* ဗန္ဓုလစစ်သူကြီးကတော်မလ္လိကာ၊ ပဋ္ဌာနိပါတ် ၃၇၈–ဇာတ်၌လာသော သီတင်းသည် ၄–ယောက်။

http://www.dhammadownload.com

တွတ်တွတ်, မပြတ်ရွတ်လော့၊ မချွတ်မလွဲ, သို့ကျင့်မြဲက, အောင်ပွဲနိဗ္ဗာန်, ဘေးရန်ခပ်သိမ်း, ကင်းလွတ်ငြိမ်း၏။ [၁]

ဒီလိုလဲ မိန့်ဆိုထားပါသေးတယ်။

၃၈။ ခေမ

ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂ(လောဘ, ဒိဋ္ဌိ, မောဟ) ဆိုတဲ့ ယောဂ ၄-ပါးတို့မှ ဘေးကုန်ခြင်းသို့ ရောက်တဲ့အတွက် ခေမ-မည်ပါတယ်။ ၅။

ဒီယောဂ-အမည်ရတဲ့ လောဘ, ဒိဋ္ဌိ, မောဟ-တို့မှာ ကိလေသာတရားတွေဖြစ်ကြပါတယ်၊ စိတ်ကို ညစ်နွမ်းစေတတ်, ပူလောင်စေတတ်ကြပါတယ်၊ ဒါ့ကြောင့် အဲဒီ လောဘ, ဒိဋ္ဌိ, မောဟ-မကင်းတဲ့ စိတ်မှာ ဘေးမကင်းပါ၊ မအေးချမ်းပါ၊ အဲဒီတရားတွေ လုံးဝကင်းစင်နေတဲ့ ရဟန္တာပုဂ္ဂိုလ်ရဲ့စိတ်မှာ အစဉ်အေးချမ်းသာယာလျက်သာ ရှိနေပါတယ်။

သို့ဖြစ်စေကာမူ တရားအားထုတ်နေတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တွေရဲ့ စိတ်လဲ သူ့အတိုင်းအတာနှင့်သူ အေးချမ်းသာယာမှုကို ရနိုင်ပါတယ်၊ တရားရှုမှတ်နေတဲ့ အခိုက်မှာ အဲဒီတရားဆိုးတွေ ကင်းရှင်းနေပါတယ်၊ တရားရှုမှတ်မှုကို မပြုဘဲ မေ့လျော့ပေါ့တန်နေသူရဲ့ စိတ်မှာတော့ ဒီတရားဆိုးတွေ စင်ကြယ်ရေးမှာ မျှော်လင့်စရာပင် မရှိတော့ပါ။

အဲဒီလို အခြင်းအရာမျိုးနဲ့ ဖြစ်နေတဲ့ ခဏမှာယူပြီး ပြည့်ကွန်ထားတဲ့ အသောကံ, ဝိရဇံ, ခေမ-ဆိုတဲ့ ရဟန္တာတွေရဲ့စိတ် ၃-မျိုးဟာ ခန္ဓာမဖြစ်ခြင်းအစရှိတဲ့ လောကကို ကျော်လွန်မှုကိုလဲ ရွက်ဆောင်တတ်ပါတယ်၊ အဝေးကဆောင်ယူလို့ ပေးလှူအပ်တဲ့ အလှူကို ခံယူထိုက်တန်ခြင်း-စတဲ့ သဘောကိုလဲ ရွက်ဆောင်တတ်ပါတယ်၊ ဒါ့ကြောင့် မင်္ဂလာမည်ပါတယ်။

ရှေးဆရာများရဲ့ အဆိုအမိန့်

ဘေးမကွာ၍, ချမ်းသာရဟန်, နိဗ္ဗာန်ရသူ, လူနတ်ဗြဟ္မာ, မင်္ဂလာမည်ရ။

ဒီလို မုံရွေးဆရာတော်ဘုရားက ခေမမင်္ဂလာရဲ့သဘောကို ဖွင့်ဆိုမိန့်ကြား ညွှန်ပြထားပါတယ်။

အဓိပ္ပာယ် ဘေးရန်မှ ဝေးကွာလွန်မြောက်လို့ ချမ်းသာလှတဲ့ နိဗ္ဗာန်ကို ရရှိသူ နတ်လူဗြဟ္မာတွေရဲ့ ဘေးရန်ကင်းခြင်းဟာ ခေမမင်္ဂလာ မည်ပါတယ်။

၁။ သာ:ရွေ-၂၁။

http://www.dhammadownload.com



မင်္ဂလသုတ်နိဂုံး

ဧတာဒိသာနိ ကတွာန , သဗ္ဗတ္ထ မပရာဇိတာ၊
သဗ္ဗတ္ထ သောတ္ထိ ဂစ္ဆန္တိ , တံ တေသံ မင်္ဂလမုတ္တမံ။

ဒီ ၃၈-ဖြာ မင်္ဂလာကို ပြုလုပ်ကြပါရင် ရန်သူအကုန်လုံးကို အောင်နိုင်ကြပါတယ်၊ ဘယ်အရပ်မှာမဆို ချမ်းသာခြင်းကို ရနိုင်ကြပါတယ်၊ ဒီ ၃၈-ဖြာ မင်္ဂလာဟာ လိုက်နာပြုကျင့်သူတွေအတွက် ကောင်းမြတ်တဲ့ မင်္ဂလာ(ကြီးပွား ချမ်းသာရေး) ဖြစ်ပါတယ်။

ဒီမင်္ဂလသုတ်ကို ဗုဒ္ဓမြတ်စွာက ညဉ့်သန်းခေါင်ယာမ်အချိန်မှာ လာရောက် လျှောက်ထားတဲ့ နတ်သားကို အမှူထားပြီး နတ်ဗြဟ္မာများအား ဟောကြားတော် မူပါတယ်၊ နောက်တစ်နေ့မှာ အရှင်အာနန္ဒာအား သင်ပေးပါတယ်၊ ရဟန်းများအား ပို့ချပေးရန်လဲ မိန့်တော်မူပါတယ်၊ အမိန့်တော်အတိုင်း အရှင်အာနန္ဒာက မိမိသင်ယူ ထားတဲ့ မင်္ဂလသုတ်ကို ရဟန်းတို့အား သင်ပေးခဲ့ပါတယ်။

အဲဒီအချိန်အခါကစပြီး ဆရာအဆက်ဆက် သင်ကြားဆောင်ရွက် မှတ်သား လာခဲ့တဲ့ မင်္ဂလာတရားတော်ဟာ ယနေ့တိုင် ကမ္ဘာတစ်ဝှန်းလုံးမှာ ပျံ့နှံ့တည်ရှိနေ ပါတယ်၊ ဒီ ၃၈-ဖြာ မင်္ဂလာတရားတော်ဟာ တစ်နေ့ထက်တစ်နေ့ လူရှင်ပရိသတ် တွေရဲ့အလယ်မှာ တိုးတက်ထွန်းကား ပြန့်ပွားစည်ပင်ပါစေသောဝ်။

မင်္ဂလသုတ် ဆိုနှစ်ထုတ်

ဒီ ၃၈-ဖြာ မင်္ဂလာတွေမှာ ဉာဏ်ရင့်ကျက်ထက်မြက်ရန် အစမှစပြီး မင်္ဂလာ တွေကို ယှဉ်စပ်ကြည့်သင့်ပါတယ်၊ ဗုဒ္ဓမြတ်စွာ ဟောတော်မူထားတဲ့အတိုင်း လက်ရှိ

http://www.dhammadownload.com

ဘဝချမ်းသာ, နောင်ဘဝချမ်းသာ, လောကုတ္တရာချမ်းသာကို အလိုရှိနေကြတဲ့ ပုဂ္ဂိုလ်တိုင်းက (၁)လူမိုက်တွေနှင့် ပေါင်းသင်းမှုကို မပြုဘဲ, (၂)ပညာရှိတွေကို မှီခိုဆည်းကပ်လျက်, (၃)ပူဇော်ထိုက်သူကို ပူဇော်ကာ, (၄)သင့်တော်တဲ့ အရပ်မှာနေခြင်း, (၅)ရှေးကပြုလာခဲ့တဲ့ကောင်းမှုရှိခြင်းတွေက တိုက်တွန်းနှိုးဆော်တဲ့အတွက် (၆)မိမိရဲ့ စိတ်ကို ကောင်းစွာထားနိုင်ကြပါတယ်။

(၇)အကြောင်းအမြင်များခြင်း, (၈)အပြစ်မရှိတဲ့ လက်မှုပညာအတတ်, (၉)ကိုယ်နှုတ်စိတ်ကို ဆုံးမခြင်းတွေနဲ့ တစ်ကိုယ်လုံး တန်ဆာဆင်ထားပြီး ဆုံးမထားတဲ့ ကိုယ်နှုတ်စိတ်တွေနှင့် သင့်တော်တဲ့ (၁၀)ကောင်းသော စကားမျိုးကို ပြောဆိုကြလျက်, လူဘဝကို မစွန့်နိုင်သေးသမျှ (၁၁)မိဘတွေကို လုပ်ကျွေးခြင်းနဲ့ ကြွေးမြီဟောင်းကို သုတ်သင်ပေးဆပ်ကာ, (၁၂+၁၃)သားမယားအား ထောက်ပံ့ချီးမြှောက်ခြင်းနဲ့ ကြွေးမြီသစ်ကို ဆောင်နှင်းလျက်, (၁၄)ရွှပ်ထွေးမှုကင်း သန့်ရှင်းတဲ့ တောင်သူလယ်လုပ် ရောင်းဝယ်မှု-စတဲ့ အလုပ်တွေနဲ့ ဥစ္စာစပါး-စသည်တို့ကို ပြည့်စုံအောင် ရှာဖွေစုဆောင်းထားရမယ်။

ဥစ္စာစပါး-စသည်တို့ ပြည့်စုံလာတဲ့အခါ (၁၅)အလှူပေးခြင်းနဲ့ ဥစ္စာရဲ့အနှစ်သာရကို ထုတ်ယူရမယ်၊ (၁၆)တရားကျင့်ခြင်းနဲ့ အသက်ရဲ့အနှစ်သာရကို ထုတ်ယူရမယ်၊ ၁၇-ဆွေမျိုးတို့အား ချီးမြှောက်ထောက်ပံ့ခြင်းနဲ့ မိမိနှင့်ဆက်စပ်နေတဲ့ ပုဂ္ဂိုလ်တွေရဲ့အစီးအပွားကို ပြုလုပ်ရမယ်၊ (၁၈)ဥပုသ်ဆောက်တည်ခြင်း အစရှိတဲ့ အပြစ်မရှိတဲ့အလုပ်နဲ့ အခြားသူတွေရဲ့ အကျိုးကို ပြုကျင့်ရမယ်။

အဲဒီလို ပြုကျင့်ရင်း (၁၉)မကောင်းမှုကရှောင်ကြဉ်ခြင်းနဲ့ သူတစ်ပါးအား ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်လျက်, (၂၀)မူးယစ်ဆေးဝါး သောက်စားခြင်းနဲ့ မိမိအား ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ပြီး, (၂၁)ကုသိုလ်တရားတွေမှာ မမေ့မလျော့ခြင်းနဲ့ ကုသိုလ်အဖို့အစုတို့ကို ပွားစေရမယ်။

(၂၂)ကုသိုလ်ပွားလာတဲ့အတွက် လူအသွင်ကို ပယ်စွန့်ကာ ရဟန်းဖြစ်လာပေမယ့် ဘုရား, ဘုရားတပည့်သာဝက, ဥပဇ္ဈာယ်ဆရာ-စသူတို့မှာ လေးစားရိုသေခြင်း, (၂၃)နှိမ့်ချခြင်းတွေနဲ့ ဝတ်အကျင့်ပြည့်စုံအောင် အားထုတ်ကြိုးစားရမယ်၊ ၂၄-ကိုယ်မှာရှိနေတဲ့ ပစ္စည်းဖြင့် ရောင့်ရဲတင်းတိမ်ခြင်းနဲ့ ပစ္စည်းမှာ တပ်မက်မှုကို ပယ်စွန့်ပြီး, (၂၅)သူ့ကျေးဇူးကိုသိမှုနဲ့ သူတော်ကောင်းတွေရဲ့တရားမှာ တည်လျက်, (၂၆)တရားစကားကိုကြားနာခြင်းနဲ့ စိတ်တွန့်တိုဆုတ်နစ်မှုကို ပယ်ရမယ်။

http://www.dhammadownload.com

(၂၇)သည်းခံခြင်းနဲ့ သေားရန်အကုန်လုံးကို လွှမ်းမိုးပြီး, (၂၈)ဆိုဆုံးမလွယ်တဲ့ စိတ်ဓေတနာရှိခြင်းနဲ့ မိမိကိုကိုးကွယ်ရာရှိအောင် လုပ်လျက်, (၂၉)ကိလေသာငြိမ်းပြီးတဲ့ ရဟန်းတွေကို ဖူးမြင်ခြင်းနဲ့ အကျင့်မှာယှဉ်ခြင်းကို ကောင်းစွာ ရွှေကာ, (၃၀)တရားဆွေးနွေးခြင်းနဲ့ ယုံမှားစရာရှိနေတဲ့ တရားတွေမှာ ယုံမှားမှုကို ပယ်ဖျောက်ထားရမယ်။

ဒါ့အပြင်– (၃၁)ကုန်ဖြတွေကို ကောင်းစွာစောင့်ရှောက်ခြင်းအကျင့်နဲ့ သီလစင်ကြယ်စေရမယ်၊ (၃၂)ရဟန်းတရား–ဆိုတဲ့ မြတ်သောအကျင့်နဲ့ စိတ်စင်ကြယ်စေရမယ်၊ (၃၃)အဲဒီလို စိတ်စင်ကြယ်ပြီးတဲ့နောက် ဖြစ်ပေါ်လာကြတဲ့ စင်ကြယ်မှု (ဝိသုဒ္ဓိ) ၄–ပါးတို့ကို ပြည့်စုံစေကာ ဒီအကျင့်နဲ့ အရိယသစ္စာတရားတွေကိုမြင်ခြင်း, အလှည့်အကြိမ်အနေနဲ့ ဉာဏ်အမြင်စင်ကြယ်ခြင်းသို့ ရောက်ကာ, (၃၄)နိဗ္ဗာန်ဆိုတဲ့ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြရမယ်။

(၃၅)ဒီလို အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလာကြတဲ့ ရဟန္တာပုဂ္ဂိုလ်တွေဟာ လေဒဏ်, မိုးဒဏ်ကြောင့် မြင့်မိုရ်တောင်က မတုန်လှုပ်သလို လောကဓံတရား ၈–ပါးတို့ကြောင့် မတုန်လှုပ်တဲ့စိတ် ရှိလာကြပါတယ်၊ (၃၆)စိုးရိမ်ခြင်းကင်းတဲ့ စိတ်လဲ ရှိကြပါတယ်၊ (၃၇)ရာဂ, ဒေါသ, မောဟဆိုတဲ့ မြူကင်းတဲ့စိတ်လဲ ရှိလာကြပါတယ်၊ (၃၈)သေားကင်းတဲ့စိတ်လဲ ရှိလာကြပါတယ်။

ဒီလို သေားကင်းတဲ့စိတ် ရှိသူတွေဟာ ရန်အကုန်လုံးကို အောင်နိုင်ကြပါတယ်၊ နေရာအကုန်လုံးမှာ ချမ်းသာသုခကို ရနိုင်ကြပါတယ်။

ရွှေဆရာများရဲ့ အဆိုအမိန့်

ပြန်၍တွက်ကျုံး, ပေါင်းကာရုံးမူ, သုံးသုံးနှင့်လေး, သုံးလေးလေးတည့်၊ ငါးလေးလေးနောက်, လေးပါးလှောက်၍, ရှေ့နောက်တွက်ချဲ့, သချှာဖွဲ့သော်, သုံးဆယ့်ရှစ်ဖြာ, မင်္ဂလာကို, ကောင်းစွာပြုရ, ကျင့်ဆောင်ရမူ, ကာလသုံးဖြာ, ရှစ်ဖြာအရပ်, ရန်ခပ်သိမ်းပင်, လွတ်စင်ချမ်းသာ, သေားမျိုးကွာ၍, မဟာသောတ္ထိ, မှန်လှဘိ၏၊ သုခိတစစ်, ဖြစ်ရခြင်းသည်, သုံးမည်ဘုံသူ, နတ်လူဗြဟ္မာ, သတ္တဝါအား, စီးပွားမှန်လှ, ဥတ္တမမင်္ဂလာ, မှတ်လေရာ၏၊ ဧတာဒိသာနိ, ပါဠိအရ, အဋ္ဌတိံသာ, စိတ်ဖြာအပြား, ဤတရားကို, ယုံမှားကင်းလွတ်, စိတ်နေညွတ်လျက်, လွန်မြတ်လှစွာ, မင်္ဂလာ–ဟု, သဒ္ဓါကဲလွန်, နတ်တမန်သည်---မှန်မှန်စွဲမှတ်ရှာလေလော့။

http://www.dhammadownload.com

ဒီလို မုံရွေးဆရာတော်က ဗုဒ္ဓမြတ်စွာ ဟောကြားသမျှ မင်္ဂလာ၏သရုပ်ကို ဖော်ထုတ်စုရုံးကာ နိဂုံးစကား မိန့်ကြားတော်မူပါတယ်။

အဓိပ္ပာယ် ပြန်လို့ရေတွက်သိမ်းကျုံး ပေါင်းရုံးကာပြရပါရင်–

အသေဝနာစဂါထာက ၃–ပါး, ပတိရူပ–စတဲ့ဂါထာက ၃–ပါး, ဗာဟုသစ္စဥ–စတဲ့ဂါထာက ၄–ပါး, မာတာပိတု–စတဲ့ဂါထာက ၃–ပါး, ဒါနဥ–စတဲ့ဂါထာက ၄–ပါး, အာရတီ–စတဲ့ဂါထာက ၄–ပါး, ဂါရဝေါစ–စတဲ့ဂါထာက ၅–ပါး, ခန္တီစ–စတဲ့ဂါထာက ၄–ပါး, တပေါစ–စတဲ့ဂါထာက ၄–ပါး, ဖုဋ္ဌသ–စတဲ့ဂါထာက ၄–ပါးကိုထည့်ကာ ရှေ့နောက်ပေါင်းဖက် သင်္ချာဖွဲ့လို့ ရေတွက်ပါရင်– ၃၈–ပါး ဖြစ်တယ်။

အဲဒီ ၃၈–ဖြာ မင်္ဂလာကို ကောင်းစွာပြုလုပ် ကျင့်ဆောင်လို့ရှိရင်– ကာလ ၃–ပါး, အရပ် ၈–မျက်နှာတို့မှာ ရန်အားလုံး လွတ်ကင်းချမ်းသာပြီး ဘေးအပေါင်းကင်းကွာလို့ ကြီးကျယ်တဲ့ ချမ်းသာကို တကယ်ပဲ ရရှိနိုင်ပါတယ်၊ ဒီလို လိုက်နာပြုကျင့်သူတို့ရဲ့ အစစ်အမှန်ချမ်းသာကို ရရှိခြင်းဟာ ဘုံ ၃–ပါးမှာဖြစ်ကြတဲ့ နတ်လူဗြဟ္မာ သတ္တဝါတွေရဲ့ အကျိုးစီးပွားကို အမှန်တကယ် ဖြစ်စေတတ်တဲ့အတွက် မြင့်မြတ်တဲ့မင်္ဂလာ မည်တယ်–လို့ မှတ်သင့်ပါတယ်။

ဧတာဒိသာနိ(အစရှိတဲ့) ပါဠိအရ ၃၈–ပါးပြားတဲ့ ဒီတရားကို ယုံမှားကင်းလွတ်စိတ်နေညွတ်လျက် အလွန်မြင့်မြတ်တဲ့ မင်္ဂလာ–လို့ သဒ္ဓါကဲလွန် သင်နတ်မွန်ကစွဲမြဲမှတ်ယူသွားပါတော့။

• • • • • • • • • • • • • • • • • •

အရှင်ကုမာရ

၁၃၅၇–ခု၊ နှောင်းတန်ခူးလွှန်း ၁၁–ရက်၊

၂၉–၃–၉၆။